
www.burmeseclassic.com

အတွဲ (၁၄) အမှတ် (၇)
၂၀၁၄ ခုနှစ် ဇူလိုင်လ

# သုဓမ္မာ

မဂ္ဂဇင်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

30 MAY 2014

# သရဏ

မဂ္ဂဇင်း

30 MAY 2014


အတွဲ (၁၄) အမှတ် (၇)
၂၀၁၄ ခုနှစ် ဇူလိုင်လ

www.burmeseclassic.com

www.burmeseclassic.com









## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဘာသာရေးဆောင်းပါးများ


၅ ဆင်မကြောက်သော ခြင်ကျားကြီး
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ လူတစ်ထမ်းရဟန်းတစ်ရွက်(၇)
(မာနဘိက္ခုနပဿနာကထာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ ပိုးနှင့်ခန္ဓသုတ်
**ချောင်းဆုံအုန်းသွင်**

၁၇ မသေသောမြို့တော် သို့မဟုတ်
ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ
**ရွှေချိုအောင်(ပေယီ)**

၂၅ နစ်ကျိပ်ရှစ်ဆူဘုရားများနှင့်
နစ်ကျိပ်ရှစ်ဆူစက်ပရိတ်
ပါဠိဂါထာတော်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၂၈ ပန်းမွှေ့ရာခင်းပူဇော်ပွဲ
**မောင်စိမ်းထွေး(ထားဝယ်)**

၃၀ အစွမ်းထက်ပေ သမ္ဗုဒ္ဓေ
**မင်းမြင့်နိုင်(ဘူးသီးတောင်)**

၃၅ တေဇစက္ကီဆရာတော်ကြီးအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၄၁ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဓမ္မသာမိမထေရ်မြတ်၏အန္တိမပွဲ
**အောင်သာကျော်**

၄၆ အနန္တငါးဖြာ
**မြဝင်း(ဓနုသန)**

၄၈ မြတ်စွာဗုဒ္ဓဂေါတမ၏
ဖွား-ပွင့်-ဟော-စံ သံဝေဇနီယလေးဌာန
**ရဲရဲထွန်း(ဟသ်ာတ)**

၅၁ မြန်မာမှုဗိသုကာလက်ရာမြောက်
ဗုဒ္ဓရုပ်ပွားတော်များ
**ဇေဒသုတေသီ-ဆရာမျိုး**

၆၂ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၀)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၆၇ အင်းဝခေတ်က ယတြာပြုကြသော
စေတီ(၁၂)ဆူ
**ဗိုလ်ရှိတ်(ရတနာပူရ)**

၇၄ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသိရိ**

၇၇ ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့
ကမာပိုကုန်းတန်းမှ
ရှေးဟောင်းသမိုင်းဝင်
ကမာပိုစေတီတော်
**မင်းနန္ဒရိုန်**

၁၀၇ ကရဏာလူမျိုး
**မေတ္တာရှင်(ရွှေပြည်သာ)**

၁၁၁ ဗညားဦး၏ဟံသာဝတီ
**နိုင်ခင်မောင်လေး**

၁၁၅ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၅)
**ကံဝင်း**


### သုတရသဆောင်းပါး


၅၇ ရှေးခေတ်လူတန်းစားသုံးလွှာမှ
ဝတ်ဆင်ထုံးဖွဲ့မှု
**ပန်းချီထူးသာ**
**(ရှေးဟောင်းသုတေသန)**

၈၀ အဘအောင်မင်းခေါင်နှင့်
ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၃)
**အဏ္ဏဝါလှိုင်း**

၈၆ ပထမံဝိဇ္ဇာခရ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင် စစ်ကွင်းဆရာတော်
ဦးစန္ဒောဘာသ (၁၉)
**ပထမံဆရာဦးအေးရွှေ**

၉၅ အနာဂါရိကဓမ္မပါလ(၁၈၆၄-၁၉၃၃
ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့၏ကျေးဇူးရှ
တစ်ဦး
**မောင်ပွင့်ဉာဏ်(မော်ရ)**

၁၀၀ အသုဘမလှေ့သုံး
မရဏာမျက်နှာဖုံးများ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

၁၀၅ ပြဒါးယူထုတ် ဘုရားမဟုတ်
ဂမ္ဘီရဆန်သည့် ညာတင်ကုတ်
**နိုင်မင်းညို**

၁၄၃ ထိပ်တန်းလျှို့ဝှက်အလွန်
**လှမျိုးထက်**

၁၄၇ မြန်မာ့ရေမြေသဘာဝထွက်
အဖိုးတန်ဆေးဖက်ဝင် ကမ်းဇော်ဆီ
**ဦးမင်းဇင်(ရွှေနဝင်း)**

၁၇၉ ကပ္ပိယဘိုမင်းနှင့်
ဂန္ဓာလရာဇ်ဆေးကုထုံးများ(၂)
**ကိုစနေ**

၁၈၂ အဝလွန်ရောဂါကင်းပြီး
သွယ်လျတဲ့ခန္ဓာကိုယ်ဖြစ်စေဖို့
**ရီရီငွေး**

၁၉၂ သက်ကြီးစုထားသိမှတ်စရာများ
သက်ငယ်သုံးစားအကျိုးပွား
**မှဒီတာ(ကျိုက်လတ်)**

၂၀၅ ခဲဆိပ်သင့်ခြင်းနှင့် ခဲကြောင့်ဖြစ်ပ
တတ်သောရောဂါများ
**စွမ်းထက်နောင်**


www.burmeseclassic.com

www.burmeseclassic.com

...ုိင်းအကြောင်းသိကောင်းစရာ
**...ဝိဒ္ဒီ-ဦးမြင့်အောင်**
...ိုယ်နီခေတ်
...အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှုးမောင်မှုး**
...င်းတန်းမင်းလက်ထက်
...ောက်လုပ်ရေးဥပဒေ(၂)
**...ော်ဝင်း(ရန်ကုန်တက္ကသိုလ်)**
...ိန့်ဥန်းကျောင်းက မောင်ရွှေရိုး
**...မိုး(ပညာရေး)**
...မဟာ့ရိုးရာနတ်ယုံကြည်မှုမလေ့(၆၃)
**မောင်သန်းဆွေ(ထားဝယ်)**





## သုတရသ တိုင်းရင်းဆေး

ခဲယိုနှင့်ချောင်းဆိုး
**နေပြည်တော်ကျော်ကျော်စိုး**
ကလေးသူငယ်ခွဲ့အတွက် မလွဲတဲ့ဆေး
**နတ်မောက်မင်းသန့်နိုင်**
အပူလောင်ဒဏ်ရာ
အသားတက် အမြန်ပျောက်စေရန်
**စိုးမင်း(မြောက်စည်း)**
ကလေးငယ်များနာခေါင်းပိတ်ခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**
အပူကြောင့်ဖြစ်တဲ့အကျိတ်တွေ
အမြန်ဆုံးကြေပျက်အောင်
**သဒ္ဓါ(ဥပဓေ)**
ဒန့်ကျွဲစေ့အစွမ်းအံ့မခန်း
**နတ်မောက်မင်းသန့်နိုင်**
ပါးစပ်အာခံတွင်းမှ ကြက်သွန်ဖြူနံ့
အမြန်ဆုံးပျောက်စေနည်း
**နတ်မောက်မင်းချစ်နော်**
ချောင်းဆိုးဝေဒနာနှင့်ကန့်ကလာ
**နေပြည်တော်ကျော်ကျော်စိုး**
ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ
အမြစ်ပါမကျန်စေရ
**နတ်မောက်မင်းသန့်နိုင်**
ဆီးချို၊ သွေးချိုအတွက်
အလွယ်ဆုံးဆေး
**နေပြည်တော်ကျော်ကျော်စိုး**
ချောင်းဆိုးသွေးပါ ဆင်စွယ်လာ
**သဒ္ဓါ(ဥပဓေ)**
သဘော်မညှိုး(ခေါ်) ပန်းကညွတ်ပင်နှင့်
ကုထုံးဆေးချက်များ
**မျိုးတင့်(ညောင်လေးပင်)**
လယ်ယာသုံးခိုင်းနွားများ
အပူအပုပ်ကင်း၍ ကျန်းမာဝဖြိုး
အားအင်တိုးစေနည်း
**နတ်မောက်မင်းသန့်နိုင်**

## သုတရသ ဝတ္ထုတို

၁၂၂ လူဝင်စားရဲ့ကလဲ့စား
**သထုံငယ်ငယ်**
၁၂၆ သေမင်းကိုအန်တု မမှုသောမိခင်
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**
၁၃၂ ယုံရခက်ခက်
**မောင်မောင်ချစ်ဦး(မုံရွာ)**
၁၃၈ သစ္စာပန်းကုံး
**မောင်မောင်ညွန့်(သရက်)**
၁၅၀ ကွတ္တီယသိုက်နှင့်
ထိုက်သူထံသွားသောပတ္တမြား
**ရွှေပြည်စိုး(မိုးကုတ်)**
၁၆၂ ဘိုးညြဘာနှင့်ချောင်းစောင့်ကြီး
**မင်းဟိန်းထိ်**
၁၆၈ လောကီဘုံဝယ်ကြုံလာတွေ့တယ်
**တက္ကသိုလ်ဝင်းမြင့်**
၁၇၄ သိမှုမြင်နိုင်သော
**ပြည်သိန်းကျော်**
၁၈၆ မကောင်းဆိုးဝါးအဖော်
**အလင်္ကာသူရ**
၁၉၄ ကြံတောစက မချောန
**ရောမြေ-ကျော်ဝေ**
၁၉၈ ရိုးသားကြိုးစားသူတို့၏
အောင်မြင်ခြင်းပန်းတိုင်
**အောင်မြင့်ထွန်း(မသုံးလုံး)**
၂၁၀ ကြက်ခေါင်းပြတ်
**ပြေဦး**
၂၂၄ ယွင်းမှားသစ္စာဖောက်မိတာကြောင့်
**ပန်းမြိုင်လယ်-စိန်ဝင်း**
၂၄၆ ပဲခူးရိုးမပေါ်က ပဟေဠိပုစ္ဆာ
**စိုးလင်းအောင်(မြန်အောင်)**
၂၅၄ ဘီလူးမားထမ်းနဲ့ထူးဆန်းတဲ့လေ
**နေအောင်လင်း(စလေ)**
၂၅၇ မြွေဆိုးမှော်အောင် ဓုတင်ဆောင်
**အောင်သိန်းဝင်း(ပွင့်ဖြူ)**
၂၅၈ ကိုပြူးအဘိုးလယ်ထဲက
ဘိုးသူတော်နှစ်ယောက်
**မောင်လှယဉ်(မော်လမြိုင်)**
၂၇၀ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ဝိတာမြဦး**
၂၈၂ စိန်တူတစ်ချက် ဘဝတစ်သက်လုခဲ့ပြီ
**မောင်မောင်တိုးမြင့်(မုံရွာ)**
၂၈၈ ကြောက်၍ရသောဆု
**မနင်းဆီ(ရေဆင်း-နေပြည်တော်)**
၂၉၀ ကြုံရဆုံရ သွေးအုပ်စုများဒုက္ခ
**မောင်မင်းယဉ်(ကူမဲ)**
၂၉၄ ကျွန်ုပ်နှင့်သဘာဝလွန်ဖြစ်ရပ်များ
**မဟာစက်ရှင်(လှိုင်ထင်)**
၃၀၅ ဝဲကျော်
**မြောင်းမြ-မြင့်လှိုင်**
၃၁၆ စွန့်လွှတ်လိုက်ရသောအာရုံများ
**ကောင်းသော်**
၃၂၂ ဝင့်ကြွေးကြမ္မာမရှောင်သာ
**မျိုးသစ်**
၃၂၇ ကိုယ်တွေ့ကြုံမှ ကိုယ်ချင်းစာတတ်
**မြနန်းရှင်**
၃၃၀ အရေခွံအလဲခံလိုက်ရတဲ့စံဘ
**မောင်သင်းထုံ(ကျောက်မဲ)**
၃၃၄ ကျားမှော်ပညာရှင်နှင့်ကျားမျက်ရှင်
**ရီရီဌေး**
၃၄၆ သူ့နောက်တွင်
သူ့ထက်အဆိုးရှိနိုင်သည်
**အောင်မြိမ့်မိုး**
၃၅၈ သူတော်ကောင်းဆိုသည်မှာ
**တင်တင်ဦး(ပေါင်းတည်)**
၃၆၄ အန္တရာယ်တွေကြားမှ
လွတ်မြောက်ခဲ့သူ
**စိုးဝေ**

www.burmeseclassic.com

www.burmeseclassic.com









## သုရဿ ပညာရပ်


၂၁၄ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဖျူဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၁၈ အင်္ဂဝိဇ္ဇာလက်တွေ့ပညာ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)**

၂၂၉ ဘာသာရေး ဝိညာဉ်ဆိုင်ရာတို့နှင့်များစွာပတ်သက်နေသည့် အနောက်တိုင်းအဂ္ဂိရတ်ပညာ(၄၅)
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**

၂၄၁ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း(၂)
**တြိရတနာ-ဆရာဝေယျာလင်း**

၂၉၉ ကိန်းဂဏန်းများနှင့်သင်
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၁၄ ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး(၄)
**မောင်ကျော်ဆက်တိုင်**

၃၄၂ အလွယ်လေ့လာ လက္ခဏာပညာ
**ဆရာမော်**

၃၅၁ နေ၏ထူးခြားချက်၊ နေ၏လျှို့ဝှက်ချက်(၁)
**ဖုန်းချို့အောင်**

၃၅၆ စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ နာဇီဝရမ်းပြေးကိုအမိဖမ်းပြပုံ
**မနောသုတေသီ**

၃၇၈ တားရော့ကားချပ်များအား လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး (တားရော့-သုတေသီ) မိုးကောင်း**

၃၈၂ မပြောင်းလဲသောကိန်းများ
**မင်းမြင့်**

၃၈၆ နိမိတ်များကိုလေ့လာခြင်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)**


## သုရဿလက်တွေ့အသုံးချ


၉၃ ဓမ္မစကြာအခါတော်နေ့နှင့်ထူးထူးခြားခြားကြုံနေသော ကိုးစနေအမိဗ္ဗာန်
**ဘုန်းခေါင်**

၁၆၁ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ အထွက်၊အဝင်၊ခေါ်ဒိနက္ခတ်ဇယား
**ဦးအောင်စောလှိုင်(မုသိစ်)**

၁၇၅ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ မနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ကဏ္ဍိရ)**

၂၀၉ မွေးနေ့ကိုဒီလိုရှာပါ
**စိုးထွန်း(ဥပဒေ)**

၂၃၉ ဘေးကင်းရန်ကွယ်လာဘ်များမယ်
**သုခ(နဝင်းမြို့)**

၃၅၀ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)**

၃၉၁ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၄ ကလေးများအတွက် မျက်ဖြူဆိုက်ခြင်းကင်းဖို့ သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)**

၃၉၉ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၄၀၁ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)**



**ထုတ်ဝေသူ**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလှဲ့လှဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းသန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းတိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ ဝင်းမြ
ရုံးအဖွဲ့
အေးအေးခန်း၊ စုမွန်၊ စုစုမံ၊
ကြူကြူ၊ တင်မိုးနိုင်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး-၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ-၀၁-၂၄၀၆၉၀
**နယ်များ**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**[illegible]**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**[illegible]**-ကျော်ကျော်စာပေ
**[illegible]**-ဂါနေဒီ၊ မီလျံနှာ
**ပဲခူး**-သဇင်စာပေ
**[illegible]**-တာလေးမောင်၊ ရွှေမောင်း
**မကွေး**-ရွှေပြည်စိုး
**[illegible]**-ဦးထွန်း၊ ဦးလှမောင်
**[illegible]**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
[illegible] ( ၂၇၀၀ ) ကျပ်

www.burmeseclassic.com

## ဆင်မကြောက်သော ခြင်ကျားကြီး

- ကိုယ့်ကိုယ်ကိုယ် အထင်ကြီး
ခြင်စီးလို့ဖြင့် တိုင်းခန်းလည်။

- သူလည်းလေ ဆင်စီးလို့
အမြင်သာကြီး ကိုယ့်ဘက်ဦးတည်။

- နှစ်ဖက်ဖြင့် တွေ့ကြပြီ။
ဇော့ကြမည်
ဆင်နဲ့ခြင် ဗိုလ်လုပွဲ…။

- နင်လားဟဲ့ ဆင်
ငါကား ခြင်ပါကွယ့်
ခြင်မှန်လျှင် ပျံနိုင်သူမို့
မပျံနိုင်သူ သွေးစုပ်ခံရမယ်
ဘေးကုပ်လို့ဖြင့် ရှောင်လွှဲ…။

BURMESE CLASSIC

*(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊
ပဋိပတ်တောစခန်း)*

[illegible]





www.burmeseclassic.com

www.burmeseclassic.com

ဤဉာဏ်များ (မုဉ္စိတုကမျတာ မှ သစ္စာနုလောမတိုင်အောင်) များ၌ ချမ်းသာဆင်းရဲ ဘက်မကွဲတော့ခြင်း, ကြောက်နှစ်သက်ခြင်း, တင်းရှင်းနေခြင်း, သမာဓိဝီရိယညီမျှနေခြင်း တူသုံးတူတို့နှင့် ကြာကြာရှုလေ သိမ်မွေ့လေဖြစ်လာခြင်း၊ ကိုယ်ရောစိတ်ပါကြာကြာတည်နေတော့ခြင်း၊ စိတ်တခြားသွား မကစားတော့ခြင်း ထူးသုံးထူး။

ဤတူသုံးပါး၊ ထူးသုံးပါးတို့ အကြား ဥပေက္ခာဝေဒနာတစ်ခုတည်းဖြင့် သွားလာကျက်စားခွင့် လမ်းသာနေတော့ရာ ဉာဏ်၏ဥပေက္ခာလမ်း အလှမ်းကျယ်လွန်းလှ၏။ သင်္ခါရုပေက္ခာဉာဏ်၌ ပိုထင်ရှား၏၊ [illegible]ဉာဏ်တို့၏ နယ်ပယ်ကလည်း နက်ကျယ်လွန်းလှ၏။

သည့်အထဲ နောက်ကလိုက်ပါလာကြသောပီတိအား၊ ပဿဒ္ဓိအားများကလည်း ပွားအားတွင် များအားကြီးကထပ်ပိုးဝင်နေတော့ပြန်ရာ ပီတိသည်လည်း အငယ်စားမှသည် အနုစားဖြစ်သော တစ်ကိုယ်လုံး ဂွမ်းဆီထည့်ဖို့ပမာ စိမ့်ခနဲ သိမ့်ခနဲတို့ဖြင့် အရသာပေါ်လွင်နေ။ ပဿဒ္ဓိကလည်း ကြောင့်ကြဝေး၊ အေးအေးဆေးဆေးဖြင့် အငြိမ်းဓာတ်အရသာထွင်ပေးနေ။

သို့ကြောင့် အာရုံနှင့်ငါသူတစ်ပါး ဥပေက္ခာပြုထားရာအကြားမှ ရလာသော ဤအရသာများသည် အာရုံခံ၍

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# လူတစ်ထမ်း ရဟန်းတစ်ရွက်

## (မာနဘိကျူနုပဿနာကထာ) ၇



www.burmeseclassic.com

www.burmeseclassic.com

ငါသူထားခံစားပေးနေရသော စပ်ပူစပ် လောင်မျိုးထက် ပို၍ပင် ထူးကဲနေပါမည်။

သို့ကြောင့် ဤနေရာ စေ့စပ်အား အကျင့်သီလတစ်ခုကောင်းမှုဖြင့် တက်လာသူများ မင်းပွဲကြား ဆင်းရဲသားပွဲမတိုးရဲပမာ တပ်ခေါက်ပြန်ရတတ်ကြပါသည်။ စေ့စပ်အား၊ စူးစိုက်အား ကျင့်တည် သီလ၊ သမာဓိတစ်ရှဉ်းမှုဖြင့် တက်လာသူများလည်း မခံစားရဘူးသေးသော အရသာပေါ် မေ့းခံစားနေခြင်းကြောင့် လည်းကောင်း၊ ရှေ့ဆက်တက်ရန်အား ဉာဏ်ထားအားနည်းနေသေးခြင်းကြောင့် လည်းကောင်း၊ ပင်လယ်ပြင် အကျယ်ခင်း ပိန်းကောမ လှေတစ်စင်းဖြင့် ကူးခပ်နေသူပမာ လှုပ်လီလှုပ်လက်ဖြင့် အမြင့်လှိမ့်၊ အနိမ့်လျှောဆင်းဆင်းများ အစုန်၊အဆန်ဖြစ်နေကြပါဦးမည်။

ဤ၌ သတိ စသည် ပွားအားများ၏ ထောက်ခံချက်ဖြင့်သာ ဉာဏ်ရှေ့တက်သွားစဉ်ဝယ် ဖြစ်ပျက်ရုပ်စဉ် ပျက်ပြုန်းသွားသော်မှ မသိက မဆုံးသေးရာ အရှုပစျာန်ပမာသော ဈာန်စိတ်များထဲ ဝဲပျံ့နေတတ်ကြပြီး ပွားအားများ လျော့ပါးသွားသည်နှင့် ဒုံရင်းဖြစ်သော ရုပ်စဉ် ဖြစ်ပျက်တွင်း ဒလဟောထိုးဆင်းသွားပါတော့သည်။

ပင်လယ်လှိုင်းလုံးကြီးများအတွင်း လှေလေးတစ်စင်း ချဉ်းမိသွားချိန် လှိုင်းလုံးကြီးနှင့်အတူ လှိမ့်တက်တက်ခဲ့ပြီး လှိုင်းလုံးအားပျော့နှင့် သော့ဆင်းဆင်းခဲ့ရပုံမျိုးနှင့်လည်း ပမာဆင်ပါသည်။ ဤဖြစ်ရပ်များ တက်လိုက်၊ ကျလိုက်တို့ဖြင့် အချိန်ကြာမြင့်စွာ ဤ၌နေရတတ်ကြပါ





www.burmeseclassic.com

www.burmeseclassic.com

သည်။

အကယ်တိတိ တစ်ခါလာ မဲပြာ ပုဆိုးချည်း ဖြစ်နေတော့သဖြင့် သဒ္ဓါအားလျော့ရဲ ဝီရိယကလည်း ပျင်းတွဲတွဲ ဖြစ်သွားခဲ့ပါမူ မထူးဇာတ်ခင်းကျင်းရင်းက အောက်သို့ပင် ပြန်ဆင်းသွားတတ်ပါသေးသည်။

သည်အထဲ သမာဓိက သာလွန်ကဲ၊ အသိအားဘက်က နည်းပါးနေခြင်းကြောင့် ဥပေက္ခာအပြုလွန်ရာမှုဖြစ်သော တစ်ချက်စာအပြတ်၊ ပီတိအားကောင်းလွန်းရာမှုဖြစ်သော တစ်ချက်စာအပြတ်၊ ပဿဒ္ဓိအားကောင်းလွန်းရာမှ တစ်ချက်စာအပြတ်၊ ဝီရိယအားလွန်သွားရာမှုဖြစ်သော တစ်ချက်စာအပြတ်၊ ထိနနှင့် မိဒ္ဓကြားဝင်လာရာမှုဖြစ်သော တစ်ချက်စာအပြတ်၊ ထိုဤအပြတ်များကလည်း မင်ကပ်နေသူအဖို့ မင်ကဲ့သို့ လှည့်ပတ်ပေးနေတတ်ကြပြန်ရာ ဂိုးရှေ့ရောက်ပြီး ဂိုးသွင်းမကျွမ်းသူ ဘောလုံးသမားပမာ ဝေ့ပတ်နေတတ်ပါသေးသည်။ ဉာဏ်ပင်လယ်၏ ပရိယာယ်ပင်။

ထိုတစ်ချက်စာ ပြတ်တောက်မှုလေးများသည် ဉာဏ်ထက်မဖြစ်ခင် အတွင်းရှိ သတိလစ်မှုများချည်းသာ ဖြစ်ပါသည်။

မင်၏ ချုပ်ပြတ်မှုကား မင်နောက် အအေးဓာတ်၊ အငြိမ်းဓာတ် ထူးကဲစွာ ကပ်လိုက်လာပါသည်။ ဤအတုများမှာ မူကား ပြတ်ပြီးနောက် ထိုအအေးဓာတ်များ ပေါက်ချမလာပါ။ ဤသည်မှာ အစစ်နှင့် အတု သတိပြုတတ်ကြရန် ဖြစ်ပါသည်။ အစစ်နှင့် အတု နှစ်ခုချိန်ထိုးတတ်ရန်လည်း ဖြစ်ပါသည်။

ဤ၌ ဝီရိယကား ပျံ့ပျံ့ ကျန်တို့ကား အလစ်ထွက်ဖြစ်ပါသည်။ ဤအဖြစ်မျိုး ကျင့်-တည်-သိ သီလ-သမာဓိ-ပညာ-သိက္ခာသုံးမျိုးတို့ဖြင့် ထိုးတက်လာသူများ မဖြစ်တတ်ကြပါ။

မဖြစ်လာသည့်အပြင် ပင်လယ်ပြင်ဝယ် ပင်လယ်ကူးသင်္ဘော စက်ခုတ်အားကောင်းကြီးတစ်စီးဖြင့် ဖြတ်ခုတ်၊ ခုတ်လက်က တစ်ဖက်ဆိုက်ရောက်နိုင်သူပမာ။ ရက်တစ်ပတ်အတွင်းမှာပင် မင်အရပ် ကပ်မိသွားတတ်ကြပါသေးသည်။ ဤသင်္ခါရုပေက္ခာဉာဏ် အားဝင့်၊ အရင့်ပိုင်းဆုံခါနီးတွင်ကား သစ္စာနုလောမဉာဏ်ဘက် အရိပ်ပြထွက်လာပါမည်။ ယင်းသည် ဤမှာဘက်ကနေ သတိဦးစီးကွပ်ကဲထားသော ဗိုလ်ကြေ စသည် ဗောဓိပက္ခိယအုပ်စုက ဗောဇ္ဈင်၊ မဂ္ဂင်တို့ကို ရှေ့နေအဖြစ်ထား၍ ဗောဓိတွင်း နေနိရောဓမဂ္ဂတို့ကို ချုပ်တော့မလိုသိနေသလိုဖြင့် လက်ပြနှုတ်ဆက်။

တစ်ဖန် ဗောဓိတွင်းနေ ဟိုမှာဘက်က နိရောဓမဂ္ဂတို့ကလည်း ဗောဇ္ဈင် မဂ္ဂင်များကို လက်ယပ်ဖိတ်ခေါ်နေ။ ဤသို့ တစ်ဖက်နှင့်တစ်ဖက် ဂဟေဆက်ပမာ အပြန်အလှန် ကူးလူးဆက်ဆံခွင့်ရဉာဏ်နေရာပင်ဖြစ်ရာ ဤဉာဏ်ကို နိရောဓ၊ မဂ္ဂသစ္စာမ ငံစေပါသည်။ သင်္ခါရုပေက္ခာ၏ အနားသတ်လည်း ဖြစ်ပါသည်။

ဤသစ္စာနုလောမကနေ နောက်ကဆိုခဲ့ပြီးသော မုဉ္စိတုဉာဏ် (လွတ်မြောက်လိုမှုဉာဏ်)တိုင်အောင် အတွင်းရှိ ဉာဏ်အုပ်စုသည် သတိအားကြီး၊ အထွတ်အထိပ်ရောက်လာရာမှ သင်္ခါရတို့အပေါ် ဥပေက္ခာပြုစေသောကြောင့် ဤဉာဏ်များကို ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုသောဘွဲ့ထူးပေးပြီး ဥပေက္ခာတပ်မဟာကြီးတစ်ခု ဖွဲ့စည်းထူထောင်ရန် ခွင့်ပြုထားသော ဥပေက္ခာ၏ရပ်ဝန်း ဖြစ်ပါသည်။

ဤရပ်ဝန်းသည် ခန္ဓာတွင်း၏ မနောအိမ်အတွင်းထိ သတိက ထိုးဖောက်ပေးပြီး အသိသိစေသောရပ်ဝန်းပင်ဖြစ်ရာ သမာဓိက အပ္ပနာ၊ နိမိတ်က ရောင်ပြန်နိမိတ် ဖြစ်ပါသည်။ သို့ကြောင့် အခြားထက် လင်းလက်၊ အခြားထက် နူးညက်နေပါသည်။

ဤ၌ ဗောဇ္ဈင်တို့သဘာဝ ပြန်ဖော်ပြရပါမူ သတိတစ်လုံးထဲက -

(က) ဓေ့စပ်အား၊ စူးစိုက်အားဖြင့် သတိအပွားပို သိုထားမြှုပ်နှံပေးခြင်း၊

(ခ) ပွားသတိ၊ အောက်မေ့သတိ နှစ်မျိုးဖြင့် သတိအပွားပို သိုထားမြှုပ်နှံပေးခြင်း။

သို့ဖြင့် သတိသတိချင်း ဖဝါးထပ်နင်း ချီတက်ခြင်းပြုခဲ့ရာ -

(က) ဓေ့စပ်သတိက သမာဓိထူထောင်၊ စူးစိုက်သတိက ဝိပဿနာအရောင်ပြ၊

(ခ) ပွားသတိက ပညတ်မြှုပ်၊ အောက်မေ့သတိက ပရမတ် ဖော်ထုတ် အလုပ်လုပ်။

တစ်ဖန် ပွားသတိက ကိလေသာတားဆီး၊ အောက်မေ့သတိက သိစရာချပြပေးဖြင့် အပ္ပမာဒသဘာဝ၏ မမေ့မလျော့ မပေါ့ မဆ ဤအလုပ်လေးမျိုးကြီးစားပေးလိုက်ကြရာ သမာဓိဉာဏ်မှ ပညာဉာဏ်ဘက်ထွက်သည်နှင့် ဓမ္မဝိစယဗောဇ္ဈင်တစ်ခုပွား။ သည့်နောက် ကိုယ်ပိုင်သဒ္ဓါပေါက်လာသည်နှင့် ဝီရိယ ပီတိ၊ ပဿဒ္ဓိများတိုးပွား။ သည့်နောက် သတိအလုံးအရင်း ကူထောက်သည်နှင့် သမာဓိဗောဇ္ဈင်တစ်ခုပွား။ နောက်ဆုံး သတိအထွတ်အထိပ်ရောက်သည်နှင့် ဤဥပေက္ခာဗောဇ္ဈင်တစ်ခုပွား။

ဤသို့လျှင် သတိတစ်ခုစဉ်က အမျှင်ခုနစ်မျိုး တိုးပွားလာစေသောကြောင့် ဤအုပ်စုများကို ဗောဇ္ဈင်အမည် အမည်တွင်စေခဲ့သည်။ ဉာဏ်ဗောဓိ၏ အခက်အလက်ထမ်းစခန်းဖြစ်နေခြင်းကြောင့် ဗောဇ္ဈင်အမည်မှန် ထိုက်ထိုက်တန်တန်ကြီး ခံယူခွင့်ရစေခဲ့ပါသည်။

ဗောဇ္ဈင်ခုနစ်စဉ် ဤအမျှင်တန်းကြီးနှင့်အတူ သတိသည် ငါက ဗောဓိပက္ခိယအားလုံးကို ပြဋ္ဌာန်းပေးလိုက်သည်၊ကြေညာချက်ထုတ်ပြန်နေပါသည် ပမာ။ သတိဖြင့်ပင် အရှိန်နှိုးပေးသော တန်ခိုးဣဒ္ဓိပါဒ်များ၊ ဗိုလ်ကြေများ သိက္ခာစဉ်ဉာဏ်စဉ်များကိုပါ တိုးပွားပေးခဲ့ရာ သတိကသာ အလုပ်လုပ်၊ ဗောဓိပက္ခိယသရုပ်ကား အကုန်ပေါ်ပါသည်။ ဗောဓိပက္ခိယတို့ကသာအလုပ်လုပ် ဗောဓိကား တစ်မုဟုတ်ချင်းရောက်နိုင်ပါသည်။

သို့ကြောင့် စိတ်အညစ်အကြေးကင်းဝေးစေရာ၌ သတိသည်သာ အညာ၊ သတိသည်သာ အခရာဆိုသည်ကို မမေ့သင့်ကြပါ။ ပရမတ်၊ ဝိဇ္ဇာ၊ အနတ္တတို့ဘက် စိတ်ခရီးထွက်စေရာ၌ သတိသည် ဦးစီး။ ပညာအဝိဇ္ဇာ အတ္တနယ်ပယ်တွင်း စိတ်ချင်းနင်းစေရာ၌ သညာသည် ဦးစီး။

ထိုကွဲလွဲချက်နှစ်ခု ဤနေရာမှနေ သတိပြုခဲ့ကြပါလေ။ သဘောသိ ဇောဖြည့်ပေး၍ရသည်။ သဘောမသိက ဇောထည့်သလောက် အလှည့်ခံရတတ်ပြန်သည်။

### ရှေ့စစ်လမ်းဖွင့် နောက်သင်တန်းပေး

ဤ၌ သင်္ခါရုပေက္ခာသည် ဉာဏ်ပင်လယ်၊ နိရောဓမဂ္ဂတို့ကား မရောက်ဘူးသေးသောနေရာ။ သို့ဖြစ်ရာ သတိသည် ထောက်ပို့တပ်မထဲက သဒ္ဓါနှင့် ဉာဏ်၊ ရှေ့တန်းတပ်မထဲက သမာဓိနှင့် ဝီရိယ ယင်းတို့ကို (တပ်မကို) ကွပ်ကဲရာ၌ ပူးတွဲပေးမည်။ အစွမ်းပြရာ၌လည်း အားညှိပေးမည်။ ဗိုလ်များသည် ယှဉ်ဖော်ယှဉ်ဖက်၊ လွှမ်းမိုးဖော်လွှမ်းမိုးဖက်များ ဖြစ်နေကြသောကြောင့်ပင်။

ထိုစဉ် သဒ္ဓါက အဆန်းတွေ့ရှုံ့၊ ပညာက ဘာတွေ့တွေ့ စပ်စုမတည့်။ သမာဓိက အအေးပေးပြီး စိတ်ကိုငြိ၊ ဝီရိယက အပူသွင်း၍ ခွဲကြည့်မတည့်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် အောက်အခြေခံတုန်းက သဒ္ဒါနှင့် ဝီရိယတို့က ဦးစီးပြီး အနိုင်ကျင့်။ ဤအထက်ရောက်စဉ်ကာလ သမာဓိ၊ ပညာတို့က ဗိုလ်ကျ မတည့်ကြ။

ထိုမတည့်ဤမတည့်တို့ကြောင့် မင်္ဂပေါက်တောက်လျှောက် မထိုးဖောက်သာမဝင်သာဖြစ်လာသော ဤအချိန်၊ ဥပေက္ခာဉာဏ်ပြင်ကျယ် အီလည်လည်ဖြစ်နေသော ဤအချိန်၊ သတိသည် စကတည်းက ကိုယ်တိုင်ပဋ္ဌာန်အမည်ခံ၊ ဝီရိယကိုလည်း ပဓာန်အမည်ခံ အရံအဖြစ်ဖြင့် တာဝန်ပေးပြီး လက်တွဲတက်လာခဲ့သည့်နည်းတူ ဤ၌လည်း သတိအရှိန်၌ ရှေ့နောက်လှည့်ကြောင့်ကြကြည့်ကြည့်ပေးတတ်သောဝီရိယ၊ စိတ်အလိုက်ကြောင့်ကြစိုက်ကပ်တိုက်ပေးတတ်သောဝီရိယ၊ အာတာပီအမည်ရ ဤစိတ်တွင်းထား ဝီရိယအကူဖြင့်ပင် ဘောလုံးပွဲများ၌ နောက်ခံများတောင့်တင်းပြီး ကွက်ဆင်ထိုးဖောက် ဂိုးပေါက်ရှေ့အထိတည့်ပေးလိုက်သော်မှ ရှေ့တန်းနေ တိုက်စစ်မှူးများ ခြေခွင်ရိုက်၊ ခေါင်းတိုက်အတည့်သွင်း စသည့် နည်းမရိယာယ်များဖြင့် ဂိုးသွင်းမလျှင် မကျွမ်းကျင်ပါက တစ်ဖက်ဂိုးပေါက်ရှေ့ရောက်မှ နောက်ပြန်တပ်ခေါက်ခဲ့ရသည်ပမာ။

ဤ၌လည်း သတိသည် ပြင်ပမှတ်ချက်ယူ ပွားသတိ၏ နောက်မှနေကာ စေ့စပ်ခြင်း၊ စူးစိုက်ခြင်း ခံစစ်၊ ထိုးစစ်နှစ်မျိုးတို့ဖြင့် ဗောဓိရှေ့ ထိုးဖောက်ပေးနေသော်မှ ရှေ့တန်းတိုက်စစ်မှူး ဘယ်တောင်ပံ၊ ညာတောင်ပံအရာဝင်အတွင်း အောက်မေ့သတိနှင့် စိတ်ပြင်းထိုးကြောင့်ကြစိုက်ဝီရိယများ ဤ၌ ပိတ်အား၊ သွင်းအားများ အားပျော့နေကြရာ မွမ်းမံအရာဝင် ပြန်လည်ကာ သင်တန်းဝင်စေခြင်းပင် ဖြစ်ပါသည်။

ထိုစဉ် ဆင်ခြင်အောက်မေ့သတိက သမာဓိကို ထိန်းကူပေးစေ၊ ကြောင့်ကြစိုက် ဝီရိယက သမာဓိတွင်းနေ ဖြစ်ပျက်တို့ကို ဝင်မွှေပေးစေ။ သို့ဖြင့်ပင် သမာဓိနှင့် ဝီရိယအားချင်းညီမျှစွာဖြင့် ဓဝါးတူထား လမ်းတူသွားအဖြစ် လေ့ကျင့်ပေးနေရခြင်း ဖြစ်ပါသည်။

ဤလေ့ကျင့်ခန်း သင်တန်းဝင်အလျှင်ရလာပါက အေးစက်စက်ကြောင့် အသက်လှုပ်ပြရုံမျှသော ရုပ်ဖြစ်စဉ်(နာမ်ဖြစ်စဉ်) များ အအေးကြော မှေးမှောမှောလျက်ကလိုက်ပါနေကြရာမှ ရုတ်တရက် လှုပ်နိုးနိုး သမာဓိခြံအတွင်း ဟိုတိုးသည်တိုး ထတိုးနေကြပါမည်။

ထိုအခါ ပညာဘက်က အလျှင်ဝင် အမြင်ဆန်း ဖမ်း၍ဖမ်း၍အသိပေးနေတော့ရာ သဒ္ဒါဘက်ကလည်း ဒါဆိုငါယုံတယ်ဖြင့် ပညာအား ထောက်ခံချက်ပေးပါမည်။

သည်အချိန် ပညာက ဖြစ်ပျက်စဉ်၊ အလျှင်ပုံ ဂုဏ်ပြု ဖမ်း၍ဖမ်း၍ရှုသိပေးနေ။ သဒ္ဒါကလည်း သူသိပုံ၊ အယုံတိုး ပညာဂုဏ် ပံ့ပိုးပေးနေ။ တစ်ဖက်ဝီရိယ၊ သမာဓိအတွဲကလည်း ဝီရိယကသဒ္ဒါနောက်ထောက်ကြောင့် အယုံထဲအရဲဝင် တွင်တွင်ကြီးမွှေနှောက်ပေး။ သမာဓိကလည်း ရှုကွက်ကို အအေးဓာတ်ဖြင့် ဖွဲ့ချည်တည်မြဲတည်ပေး။ ဤသည်မှာ သတိက ကျန်ဗိုလ်များကို အစိုးတရ ပိုင်နိုင်စွာကိုင်နိုင်ခြင်းကြောင့် ဗိုလ်မှ ကြံခွန်ဘက် အဆင့်တတန်းလှမ်းတက်လိုက်ခြင်းပင် ဖြစ်ပါသည်။

ညီမျှသော ဤဗိုလ်အား၊ ကြံခွန်အားများဖြင့် အောက်မေ့သတိနှင့် ကြောင့်ကြစိုက် ဝီရိယတို့သည် ဗောဓိပေါက်၏ဧရိယာအဝအထိ ဘယ်တောင်ပံ၊ ညာတောင်ပံတို့မှ အပေးအယူလုပ်စိတ်ဘောလုံးလေးကို ဗောဓိထိပ်ပိတ်သွင်းပေးလိုက်သောအခါ အသိစိတ်လေးသည်လည်း ယုန်ဝပ်ကျင်းထ ခုန်ဆွခုန်ဆွ ထပြေးပြလိုက်လာသည်ပမာ သမားရိုးကျသိသိနေရာမှ သွက်လက်သိလေးအဖြစ်ဖြင့် ဗောဓိသို့ ပြေးဝင်ရန်အား ယူလိုက်ပါတော့သည်။

ဤနေရာအရောက် -

(က) ဤနေရာသို့ တလေတစ်ခေါက် ရောက်ဖူးပြီးကြသူများ၊

(ခ) ဤနေရာအကြောင်း စာပေအရ ကောင်းကောင်းသဘောပေါက်ကြသူများ။

ထိုသူများနှစ်ယောက်တို့သည် ဟုတ်ပြီ၊ သေချာပြီဆိုသော အတွေးပြေးဝင်လာတတ်ကြပါသည်။ ထိုအခါ အထက်၏အဝေး အားကုန်သုံး၍တက်ပြေးလာသူကို ရှေ့မှနေ လူနှစ်ယောက်တို့က ရင်ဘတ်ဆီးဆောင့်အတွန်းလိုက်ရပြီပမာ ထိုသွက်လက်စိတ်ကလေး နောက်သို့ပြန် လန်ကျသွားတတ်ကြပါသေးသည်။

ဤသည်မှာ တွေးလုံး၊ တေးလုံးက သမာဓိဗိုလ်ကို ဝင်နပန်းလုံး သူတာဝန်ကျ စည်းလုံးပေးထားခြင်းကိုလည်း ဖြန့်ကျဲအားဖြင့် ဝရုန်းသုန်းကား အလုပ်ခံရခြင်းများပင် ဖြစ်ပါသည်။

တစ်ဖန် အမျှော်အပျော်မှ ဖြစ်သော ဝမ်းသာခြင်း ကာမပီတိကလည်း သမာဓိနောက်မှနေ ထောက်ပို့အားဖြည့်ပေးနေကြသော ဖြစ်မြဲ ဓမ္မပီတိနှင့် အအေးဓာတ်ပေး ပဿဒ္ဓိတပ်မများကို အနောက်ရည်သွင်း အပူချည်းဖြင့် ဝင်နှောက်လေရာ ထိုတပ်မများ ကစဉ့်ကရဲ နံဘေးရှဲပေးလိုက်ရခြင်းများပင် ဖြစ်ပါသည်။

သို့ကြောင့် ကမ္မဋ္ဌာန်းတရား စစ်ထွက်ယောဂီအားအလား ရဲရဲဝံ့ဝံ့ ရှုပ်ရှုပ်ချွံချွံ တံခွန်စိုက်အထိ လိုက်စားလိုသူများသည် အားထုတ်စမှသည် ဤဗောဓိပေါက် ရောက်လုဆဲဆဲအထိ ကာလအတွင်း မတွေးနှင့် တွေး -ဝေးမည်။ မမျှော်နှင့် မျှော် - ချော်မည်။ နံရံကပ် ဤသတိပေးကတ်ပြားလေးဖြင့် မိမိကိုယ်မိမိ ဆင်နားရွက် ဒူးတိုက်ပေးနည်းပမာ အမြဲသတိပေးနေဖို့ လိုအပ်လှပါသည်။

အတွေးသည် ဥဒ္ဓစ္စကိလေသာ၏ အတွင်းရေး၊ အတွင်းဝန်။ အမျှော်သည် ကာမစ္ဆန္ဒကိလေသာ၏ အပါးတော်မြဲ။ အကယ်တိတိ တပ်မကြီးများအဖြစ် နောက်မှနေ ဝိုင်းဝန်းပိတ်ဆို့ပေးနေကြသော ဓမ္မဝိစယသမ္ဗောဇ္ဈင် စသည်များကလည်း အရှိန်ကောင်းပေးနေကြမည်။

သူတို့အတွင်းပါ ဗိုလ်၊ ကြံခွန်များကလည်း အတွန်းအပို့မပျက် ထက်နေကြမည်။ ရှေ့တိုက်ကင်းထား၊ အောက်မေ့သတိ၊ ကြောင့်ကြကြည့် ဝီရိယနှစ်ပါးတို့ကလည်း သိစိတ်ကလေးအား ဘက်ညှပ်ပင်း ဗောဓိဝ အတင်းသွင်းပေးနေကြမည်ဆိုပါက ထိုသိစိတ်ကလေး ပုံမှန်မှထ သွက်လက်ခြင်းကို နှစ်ချီ၊ သုံးချီမျှ စစ်ရေးပြပြီး ဗောဓိတွင်းသို့ တစ်ဟုန်ထိုးထိုးဝင်ပေးကာ ပြတ်ခြားသွားစေပါမည်။

ဤနေရာ ဖြစ်ပျက်မြင် နှစ်ရပ်မှ ဖြစ်ပျက်မစပ်သို့ ဖြတ်ဝင်နေရာ၊ ဤနေရာ အနုတ္တလွင်ပြင်သို့ ဖြတ်ဝင်နေရာ။ သို့ကြောင့် ဤနေရာ အကင်းအညာ အထားပါးမှ သွားခွင့်ရပါမည်။ စိတ်ရှည်ဇွဲရှိအမြဲသိရှိနေစေမှ ဝင်ခွင့်ရနေရာ ဖြစ်ပါသည်။

ထိုသို့ သိစိတ်ကလေး ဗောဓိခွင်ပြေးဝင်လိုက်သည်နှင့် နောက်ခံ ဗောဓိပက္ခိယအားလုံးတို့၏ အားပေးခြင်းကိုခံယူ၍ ဗောဇ္ဈင်ကလည်း ဗောဓိအဖြစ်အလံထူ မဂ္ဂင်ကလည်း မဂ်နေရာဝင်ယူကာ ရုပ်၊ နာမ်များ ချုပ်သုဉ်းခြင်း၊ ချုပ်ဆုံးမှန်းသိခြင်းများ ဖြစ်ပွားလာကြပါမည်။ရုပ်၊နာမ်ချုပ်သုဉ်းခြင်းကား နိရောဓသစ္စာချုပ်သုဉ်းသွားမှန်း အသိလိုက်ခြင်းကား မဂ္ဂသစ္စာ။

ဤသည်မှာ နိရောဓောနာမနိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com

ဆိုရကားအတိုင်း နိဗ္ဗာန်ကို မိမိကိုယ်ခန္ဓာအတွင်းမှနေ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မြင်ကိုယ်တွေ့ ကိုယ်တိုင်တွေ့ သိခွင့်ရလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤ၌ ဗောဇ္ဈင်ပွားများက နိရောဓအဖြစ်ဖြင့် အစွဲကြောင့်ဖြစ်ပေါ်နေသော ရုပ်ဇာတ်၊ နာမ်ဇာတ်များကို အပွားချင်းအားချင်းဖိ အနိုင်ရှိချိန်ဖြတ်ခြားပစ်လိုက်ခြင်းဖြစ်ပြီး မဂ္ဂင်အားများ့ကလည်း မဂ်အဖြစ်ဖြင့် အစွဲရှိနှင့် အစွဲသိများကို တိခနဲဖြတ်တောက်ချလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤ၌ ဗောဇ္ဈင်နှင့် ဗောဓိတခြားစီမဟုတ်။ အစိတ်အပိုင်းများ ထုတ်လုပ်ပေးနေရာမှ အစိတ်ပြည့်နိရောဓ အလှည့်ကျလာခြင်းပင်။ မဂ္ဂင်နှင့် မဂ်လည်း တခြားစီမဟုတ်။ အစိတ်အပိုင်းများအဖြစ် ပုံစံခုတ်ပေးနေရာမှ အစိတ်ပုံစံကျမဂ္ဂဖြစ်လာရခြင်းပင်။ ငါးပြားစေ့ အစေ့ပေါင်း သိန်းနှစ်ဆယ်ပြည့်ရာမှ အလိုလိုပင် တစ်သိန်းအရေအတွက်ထဖြစ်ပုံမျိုးနှင့် အတူတူပင် ဖြစ်ပါသည်။

ထိုသို့ ဗောဓိက လှေဝမ်းဗိုက်အောက်က ရေစိမ့်ဝင်ရာ သံချေး၊ သံရိများကို အသားသေအထိ ထိုးဖောက်။ မဂ်ကလည်း မတ်ထုသံပြား ဝရိန်တို့ အပြီးပိတ်ဆို့ပစ်လိုက်သောအခါ ဒုက္ခသစ္စာကို ပိုင်း၍ခြားနားထားလိုက်ခြင်း၊ သမုဒယသစ္စာကို အစွဲသိနှင့်အထဲသိ ဖလှယ်ပယ်ပစ်လိုက်ခြင်း၊ အထဲသိများက မဂ်စိတ်အဖြစ် ပွားလာခြင်းများကြောင့် ချုပ်သည်နှင့် သစ္စာလေးချက် တစ်ပြိုင်နက် အလင်းထွက် အလက်ဖြင့်ထွန်းပြလိုက်ရာ အစွဲအတေး ကိလေသာဘေးမှကင်းဝေးသွားသောကြောင့် လည်းကောင်း၊ တစ်ခါဖူးမှ အနိုင်မရခဲ့ဘူးသော ရန်သူသည်တစ်ချီ အပြီးအောင်လံထူနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုချုပ်ပြတ်ခြင်း နိရောဓအစွဲရုပ်ချုပ်ပြတ်ရာ၌ အစွဲသိ တိခနဲခုတ်ဖြတ်ချပစ်လိုက်သော မဂ္ဂတို့နှင့် တစ်ဆက်တည်းပင်။ ဘယ်တုံးကမှ မခံစားခဲ့ဘူးသေးသော အငြိမ်းဓာတ်၊ အအေးဓာတ်ကြီးများ အချို့အားကောင်းသူက သုံး၊ လေးကြိမ်အထိ၊ အချို့အားမကောင်းသူက နှစ်ကြိမ်၊ သုံးကြိမ်မျှ ခံစားခွင့်များရလာစေပါသည်။

သည်အချိန်မှစတင်ကာ တဏှာကပ် ဒိဋ္ဌိအငြိ မည်းတူကို အောင်ပွဲခံခွင့်ရရာမှဖြစ်သော အဖြူဆင် အဖြူဝတ်ဆင်ခွင့်ပါရတော့ရာ ငါပိုင်သိမ်းပိုက်လိုမှ ထဖြစ်သော ဒိဋ္ဌိဝင် ကာမရာဂဗျာပါဒများပါ ပြတ်ခြားကင်းစဲသွားပါတော့သည်။

သို့ကြောင့် ငါသူတစ်ပါး အမျှထားရာမှဖြစ်သော မေတ္တာများ စမ်းအဖြစ် ပွားသစ်လာပါမည်။ မေတ္တာရှင်ပေါက်စ အမည်ရပါသည်။

ယင်း၌ မဂ်သီလမှဖြစ်သော အမှန်မြင်၊ မေတ္တာရမှုဖြစ်သော အမှန်ကျင့်များကြောင့် -

(က) ကံဖျက်မည်သည့်ကာလမျှ ငါးပက်မစားတော့ပါ။

(ခ) ရတနာတန်ဖိုးနှင့် ပတ်သက်မည်သည့်ကာလမျှ အယုံမပျက်တော့ပါ။ ဤ၌ သောတာပန် အရိယာဇာတ်သားများ၏ထံဝယ် -

(က) (၁) ငါအမြင်၊ သူအမြင်များ စိတ်နှင့် ပူးယှဉ်သွားခွင့်မရတော့ခြင်း၊

(၂) သစ္စာမမြင် မဂ္ဂင်မပါ အကျင့်ဖြင့် ချမ်းသာမည်အထင်ဝါဒ စိတ်နှင့်ပူးယှဉ်နေခွင့်မရတော့ခြင်း၊

(၃) ကိုယ့်ထက်သာမနာလို တရားစိတ်နှင့် ပူးယှဉ်မထားတော့ခြင်း။

(၄) ကိုယ့်အောက်ကနေ ကောင်းစားမည်ကို သဝန်တိုများပါ စိတ်၌ မနားသာတော့ခြင်း။

ဤလေးပါးတို့ပါ စိတ်နှင့် ကင်းကွာသွားတော့ခြင်းကြောင့် ကံငါးပါးတို့ကို ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးတို့ဖြင့် ဘယ်သောအခါမှ မကျူးမဝင်တော့ပါ။ သို့ကြောင့် ကံဖျက် ငါးမပက်တော့ခြင်း ဖြစ်ပါသည်။

တစ်ဖန် ငါဆိုသည်မှာ အလကား နာမ်၊ ရုပ်နှစ်ပါးသွားလာနေခြင်း၊ သူဆိုသည်မှာ အလကား နာမ်ရုပ်နှစ်ပါးသွားလာနေခြင်း၊ ခန္ဓာချင်းတူမျှနေသော ဤအမြင်စိတ်နှင့်အတူယှဉ်နေခြင်းကြောင့်လည်း ကံဖျက် ငါးမပက်တော့ခြင်း ဖြစ်ပါသည်။ တစ်ဖန်လည်း သူ့အာရုံ ငါဖျက်စား။ ငါတွက်တစ်ပြားသားမှမရ အနတ္တ။ အရည်မရအဖတ်မရ သဘောမျှသော အနတ္တ ဤအမြင်စိတ်နှင့် အမြဲယှဉ်နေခြင်းကြောင့် ကံဖျက် ငါးမပက်တော့ခြင်း ဖြစ်ပါသည်။

နောက်တစ်ခုက -

(ခ) (၁) သမ္မာသမ္ဗောဓိ - သံဗောဓိ ဆောဓိတို့တွင် ဗောဓိအရာဝင်နေခြင်း၊ သစ္စာခံအမှန်တရား ကိုယ်ကိုယ်တိုင် အသိပွားခွင့်ရနေတော့ခြင်း၊ ကောင်းဖြောင့် စသည့်အကျင့် ကိုယ်ကိုယ်တိုင် ကျင့်ခွင့်ရနေတော့ခြင်း။ ဤအကြောင်းများကြောင့် ရတနာများအပေါ်၌ အယုံမပျက်ခြင်း ဖြစ်ပါသည်။

(၂) တစ်ဖန် နိရောဓဖြင့် သစ္စာမြင်ခွင့်ရနေသူ ဆိုခဲ့ပြီးအတိုင်း ကိုယ်ကိုယ်တိုင်ပင် ဘုရား၊ ကိုယ်ကိုယ်တိုင်ပင် တရား၊ ကိုယ်ကိုယ်တိုင်ပင် သံဃာ။ ထိုသုံးနေရာ အမွေခံ အပိုင်စားရနေတော့ရာ မည်သည့်ကာလမှ ဝိစိကိစ္ဆာနှက်သဖြင့် အယုံမပျက်တော့ပါ။

ဤနေရာကိုရည်၍ ကိုယ်ကား ဘုရား၊ ကိုယ်ကား တရားနှင့် ကိုယ်ကား သံဃာ ဖြစ်ထိုက်စွာ၏။ ဤသို့လျှင် လယ်တီဆရာတော်ဘုရားကြီးက မှတ်ချက်ပြုလင်္ကာဖြင့် ရေးမှာပြသွားခြင်း ဖြစ်ပါသည်။ ဤစကား အထက်ဝင်လေ ပိုပီပြင်လေ ဖြစ်လာပါမည်။

ထိုစဉ် သောတာပန်ဝင် ဤမေတ္တာရှင်၌ ဤဆိုခဲ့ပြီးသော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမသ၊ ဣဿာ မစ္ဆရိယ ဤသံယောဇဉ်ငါးချက် စိတ်နှင့်မပတ်သက်တော့ခြင်းကြောင့်ပင် ကံဖျက် ငါးပက်မစား ရတနာတို့အပေါ် အယုံမပျက်ပြားဟု ဆိုလိုပါသည်။

သို့တစေလည်း တစ်ဖန်လည်း ဤမေတ္တာရှင်ပေါက်စ၏ စိတ်နှင့်သန္တာန်တွင်း၌ ကာမရာဂ၊ ဗျာပါဒကြောင့် ဖြစ်ရလေသောအမှု ဘဝရာဂ၊ မာန၊ အဝိဇ္ဇာတို့ကြောင့် ဖြစ်ရလေသောအမှု ဤအကြမ်း၊ အနုများ စုပြုံဝင်နေသေးရာ အပြီးအပိုင် စိတ်မချရသေးပါ။

စမ်းတွင်းထား အားကောင်းလာမည် မဟုတ်သေးပါ။ စမ်း ဆိုသည်မှာ အပူဝေး၊ အအေးဓာတ်အားများ ဖြန့်ကြက် မိုးကာထားခြင်းကြောင့် ကျောက်ထပ်ကျောက်ချပ်တို့ အတွင်းနေမြေနုများ ရေစိုလို့မှ၍ စိမ့်ထွက်စမ်းအဖြစ် အောက်သို့ကျသက်ကြခဲ့ပြီး အိုင်ထွန်းနေချေရာ အချို့ကား အိုင်သေး၊ အချို့ကား အလတ်၊ အချို့ကား ကြီးမား ဤသုံးမျိုးကွဲပြားနေတတ်ကြရာ စမ်းသေးကျ အိုင်ငယ်လေးများအား နွေခေါင်ခေါင် တပေါင်း၊ တန်ခူးသို့သော လမျိုးများကျခန်းတတ်ကြပါသေးသည်။ မခန်းသော်မှ ရေစိုရုံပြ ရေကွက်လေးမျှ ဖြစ်သွားတတ်ကြပါသည်။

တစ်ဖန် စမ်းလတ်ကျရာ အိုင်လတ်များမှာလည်း ရေကလည်းဆုတ်၊



www.burmeseclassic.com

www.burmeseclassic.com

မြေခံအပူခိုများလည်း မှုတ်နေသော တဆုန်၊ နယုန်လမျိုးများကျ ခန်းတတ်ကြပါသည်။ မခန်းသော်မှ စက်စက်ယိုတောက်တောက်ကျ ရေရှိရုံမျှ ဖြစ်ပါမည်။

တစ်ဖန် စမ်းကြီးကျရာ အိုင်ကြီးမားကြီးမှာမူကား ရာသီကိုလည်းမဖြုန်၊ ရေခံမြေခံနှင့်နေထန်တို့၏ဒဏ်ကိုလည်း မဖြုန်ဘဲ ဒလဟော အထွက်ပြ တသောသော သက်ကျလျက်က အမြဲတမ်း စမ်းအိုင်အရာတည်စေပါမည်။

သည်မျှမကသေးပါ။အားကောင်းဤအထွက်သန်နှုန်းများဖြင့်ပင် ကျင်းမှ ဆောင်းထွက်ထွက်။ ချောင်းအဖြစ် ဒလဟောကြီး စီးဆင်းထွက်လာကာ စမ်းချောင်းချင်းဆုံဖြစ်ဖြစ် ဘယ်သောကာလမှ မခန်းရေသို့ ထိုးတက်စေပါဦးမည်။

ယနေ့ နွေခေါင်ခေါင် တောင်ပေါ်က ရေမဆင်း၊ မိုးရွာခြင်းလည်းမရှိပါဘဲလျက်က အရှိန်မပျက် စီးလျက်က ပြနေကြသော ဧရာဝတီ၊ ချင်းတွင်း စသည် မြစ်ကြီးများသည် ဤအိုင်ကြီးများ၏ အစွမ်းပြများ ဖြစ်ကြပါသည်။ အိုင်လတ်များကား မိုးမျှသာ ချောင်းလော့ နွေအိုင်ရုံမျှသာ။ အိုင်ငယ်တို့ကား မိုးသာအိုင်ကျင်း၊ နွေရေအနည်းအကျဉ်းမျှသာ။

သို့ပမာ ရဟန္တာ၊ အနာဂါမ်၊ သောတာပန်တို့၏ မေတ္တာရှင်အောင်ပွဲခံများသည်လည်း မေတ္တာစမ်း၏ ကြီး၊ လတ်၊ သေး အခြေပေးကွာခြားနေချေရာ ဤဆိုခဲ့ပြီးသော မေတ္တာစိတ်ကို ရှေ့တန်းတင် မိမိကျင့်မြဲကျင့်စဉ်ဖြင့် သတိအထွက်တင်ထားသော ဗောဇ္ဈင်အမျှင်ခုနစ်စဉ်တို့ကို စခန်းအဖြစ် ပြင်ဆင်၍ ဗောဓိသို့ လေးချီတက်၊ လေးချီဆင်း။ ဤမျှအထိ စစ်ကစားခြင်းအမှုပြုသင့်ကြပါသည်။

လေးချီတက် လေးချီဆင်း ဤစစ်ကစားခြင်းဖြင့် သောတာပန် မပယ်လှန်ဝံ့သေးသေးသော ကာမရာဂဗျာပါဒဆိုသော လိုလျှင်ကပ်၊ မလိုချင်ပြန်ဖြတ်ရိုပ်စိတ်နှင့်လာမယှဉ်ဝံ့သည့်အထိ လည်းကောင်း၊ တစ်ဖန် ဘဝရာဂ၊မာန၊အဝိဇ္ဇာဆိုသော ဘဝအလံထူ ဘဝချင်းပြိုင်အနိုင်ယူသတိမသွင်းသော အပျင်းထူရိပ်များ စိတ်နှင့်လုံးဝပြတ်ခြားသွားစေပြီး သူတို့နောက်လိုက်များပါ စိတ်နှင့်လွတ်ကင်း။ စိတ်ညစ်များ၊ မည်သို့မျှ ပတ်သက်ခြင်း မရှိတော့ပြီအထိ လည်းကောင်း အောင်ပွဲသဘင် ဆင်ယင်ပြီးမှသာ ငါရဟန်း စမ်းချင်ရာစမ်း၊ ငါ့စမ်း မခန်းစေ့ ကြေညာနိုင်ကြပါမည်။ ငါ အရိယာ လာချင်ရာလာ၊ ငါအဖြူမည်းတူ ပြန်မဖြစ်စေ့ ကြေညာနိုင်ကြပါမည်။

ဤဆိုခဲ့ပြီးသော စကားများသည် စာပေမှတ်တမ်း ဆရာအစဉ်အဆက်တို့ ပြောသော အချက်အလက်တို့ကို မှီငြမ်းထားသော စကားစဉ်များ ဖြစ်ပါသည်။

ဤမျှဆို ရဟန်းများ ရှက်ဆောင် ပြုကြရမြဲဖြစ်သော မေတ္တာစိတ်အခြေခံ အကျင့်သန်သန်ဝင် ဗောဇ္ဈင်အမျှင်တန်း စခန်းဖွင့်၊ ဗောဓိနန်းတန်းဝင်၏ စကားလုံလောက်လောက်ပါသည်။ သို့ကြောင့် ဤမှနေ သတိပေးစကား နောက်ဆုံး မှာကြားလိုသည်မှာ သစ်ပင်တောရိပ်လူကင်းစိတ်ရာအရပ် ခိုကပ်၍ တရားရှာလိုသောအရှင်ကောင်းအရှင်မြတ်များသည် ဦးစွာ မေတ္တာစိတ်ဖြင့် မြေသန့်မင်္ဂလာ ဆင်ယင်ပြီးမှသာ ကျင့်လိုရာတရား ကျင့်ပွားကြရန် ဖြစ်ပါသည်။

အကယ်တိတိ မေတ္တာဖြင့် နေရာမရှင်းမိ၊ တရားချည်း နင်းကြည့်နေပါမူ မိမိ၏ သိက္ခာအရှိန်၊ အပူဒဏ် တစ်ဖက်သူတို့ မခံနိုင်ရာမှ အနှောင့်ထား အတားခံကြရပါမည်။

ထိုသို့ခံကြရပါမူ တရားလည်း ဆုတ်ယုတ်ကောင်း ဆုတ်ယုတ်နိုင်ပါသည်။ ရဟန်းအသွင်ပါ ပုံပျက်ပန်းပျက်ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။ သို့ပါ၍ မေတ္တာကို ဈာန်ဖြင့်ဆောင်၊ တရားကို ဉာဏ်ဖြင့်ဖောင်ဖွဲ့ပြီး မေတ္တာရှင်ဘွဲ့ထူး ဆွတ်ခူးကြရန် ဖြစ်ပါသည်။

※

*ဘိက္ခု ဘန္တေ ဓမ္မေသကော*
*ဟောဟိဝေ မေတ္တံ ဝါ ပုရေ၊*
*နေတံစေ မောဃံ ထောကန္တော*
*ဟာနေယျာပိ ဓမ္မံဝေသိ၊*
*ဓာသ္မာအယျ ဟာရမေတ္တံ ဓာရ*
*တွံ ဓမ္မ မုတ္တမံ။*

**ဓမ္မေသကော** - တရားရှာမှီးနေပါသော၊ **ဘန္တေ ဘိက္ခု** - အရှင်ရဟန်း၊ **ဝေ-** စင်စစ်၊ **တွံ** - သင်သည်၊ **ပုရေဝါ** - တရားမဝင်မီ ရှေးမဆွကပင်၊ **မေတ္တံ** - မေတ္တာစိတ်ကို၊ **ဟောတိ** - ဖြစ်ပွားစေလော့။

**စေ-** အကယ်၍၊ **တံ-** ဤမေတ္တာစိတ်ကို၊ **န** - မဖြစ်စေဘဲ၊ **တံ** - ဤမေတ္တာစိတ်ကို၊ **မောဃံ ထောကန္တော** - အချည်းနှီး အလကားပစ်ပယ်၍ပဲထား ထား၊ မထားသော်မှ စိတ်ဖြင့်မထမ်း၊ နှုတ်လေပန်းဖြင့်သာ ဘာသာထုတ် လှုပ်ရုံလေးမျှ လှုပ်ပြနေချေသော်၊ **ဓမ္မမ္ပိ** - တရားသည်လည်း၊ **ဟာနေယျ** - တွန့်ဆုတ်ကောင်းတွန့်ဆုတ်နိုင်၏။ **ဝေသမ္ပိ-** ရဟန်းအသွင်သော်မှလည်း၊ **ဟာနေယျ-** ပျက်ကောင်းပျက်နိုင်၏။ **တသ္မာ** - ထိုသို့ တရားရဟန်း နှစ်ခန်း တစ်ခန်းခန်းပျက်နိုင်သောကြောင့်၊ **အယျဘိက္ခု** - အရှင်ရဟန်း၊ **တွံပန** - သင့်အဖို့ကား၊ **မေတ္တံ ဝါ** - မေတ္တာစိတ်ကိုလည်း၊ **ဟာရ** - ဈာန်ယာဉ်ဖောင်ဖွဲ့ဆောင်ဖြစ်အောင် ဆောင်ပါလှည့်။ **ဓမ္မ မုတ္တမံ ဝါ** - အမြတ်တရားကိုလည်း၊ **ဓာရ** - ဉာဏ်ယာဉ်ဖောင်ဖွဲ့ ဆောင်ဖြစ်အောင် ဆောင်ပါလှည့်။

သည်မှာတွင် မေတ္တာရှင်ဘွဲ့ခံလိုသော ရဟန်းတော်များအတွက် မေတ္တာဝင် ဗောဇ္ဈင်စခန်းဖွဲ့ပုံစကား အနှာပေးလိုက်သည်။

**လူ့မင်္ဂလာ၊ မေတ္တာရဟန်း**

လူတို့သည် အိမ်ထောင်ချခံဘဝဖြင့် ကံဝေပုံကျ မျှခံပေးနေကြရရာမှ ကိုယ်ပိုင်အတွက် ထောင်တွင်းမှနေ စုခွင့်ရရှာကြ၏။ သို့ကြောင့် မင်္ဂလာခန်းမအဆင့်ဆင့်တစ်ခန်းပြီးတစ်ခန်းဖွင့် အချအပင့်တို့ဖြင့် ဝင်ကြ၊ ထွက်ကြရ၏။ ခရီးတာရှည်၏။

သက်တမ်းနှင့် ခန်းမ ပျမ်းမျှ ကွာနေသောကြောင့်လည်းကောင်း၊ ဝန်ထုပ်ဝန်ပိုးများက တနင့်တပိုးဖြစ်နေသောကြောင့် လည်းကောင်း တာဝေးအပြေးသမားတို့ပမာ အလှမ်းဝေး၊ အနှေးဝင်ဖြစ်နေကြ၏။

မင်္ဂလာရှင်ဘွဲ့ကလည်း တစ်လှည့်မျှ ခံခွင့်ရကြခြင်းကြောင့်လည်း လူပတ်လည်၊ နတ်ပတ်လည်ပွဲ၊ ခုနစ်ပွဲမျှ ကျန်နေသေးကြပြီး ဘွဲ့လက်မှတ်ကလည်း သုံးကြိမ်သင်တန်းအောင်ပြီးမှ ကျောင်းဆင်းလက်မှတ်ရကြမည် ဖြစ်၏။ စစ်သင်တန်းများ၌ အဆင့်တက်ရန်ရှိတိုင်း သင်တန်းသို့ချည်း အပို့ခံနေကြရရာ ရာထူးအဆင့်ကြီးများအထိ ရောက်မှသာသင်တန်းတက်နားရတော့သည်ပမာ ဆင်၏။ သို့ကြောင့်လည်း ခရီးတာရှည်၏။ အလှမ်းဝေး၊ အနှေးဝင်များ ဖြစ်နေကြ၏။

ထိုလူသားတို့ မင်္ဂလာရှင် ဘွဲ့ယူ ခရီးကြားသွားနေကြပုံကို လေ့လာကြည့်ပါကလည်း မင်္ဂလာရိုးကို ထမ်းပိုးအဖြစ် ပခုံးပေါ်တင်ထား ထိုထမ်းပိုး၏ ကျောဘက်နောက်ဖျားထိပ်၌ တဏှာငုတ်လေး စိုက်သွင်းပေး။ ထိုငုတ်အတွင်းရှိ ထမ်းပိုးဖျားထိပ်၌လည်း အိမ်ထောင်ဝန်ထုပ်ကြီးကိုချိတ်၍တစ်ဖန် ပခုံးဝင်ထမ်းပိုး၏။ ရင်ဘက်ရှေ့ဖျားထပ်၌ သဒ္ဓါငုတ်ကလေး ရိုက်နှက်စိုက်သွင်းပေး။

ထိုငုတ်အတွင်းရှိ ထမ်းပိုးများထိပ်ဝယ် ဓမ္မထုပ်ကြီးကိုချိတ်၍ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

တောင်ဆင်း၊ တောင်တက်လမ်းအတိုင်း ထိုလူသားများထမ်းဆောင်ကြရရာ လေးပိအိပက် စိတ်ရှိသလောက် မသွက်လက်ကြပါ။ သို့ကြောင့်လည်း တာလည်းဝေး၊ အနှေးလည်းဝင်၊ ခရီးမတွင်ဖြစ်နေကြရရှာ၏။ သည်အထဲ နောက်ငံ့ခေါ် ရွှေ့အော်အစောင့်ခိုင်းများလည်း ပါနေသေး၏။

ရဟန်းတော်တို့မှာမူကား အိမ်ထောင်လွတ်ဘဝဖြင့်ပင် ထောင်မှလွတ်ရန် ကြိုးစားခွင့်ရရှိကြ၏။ ထောင်ကားအပါယ်ထောင်၊ ကာမထောင်၊ ဘဝထောင်သုံးမျိုး။ ကယ်တိတိ ရဟန်းဖြစ်လျက်သားနှင့် ဘဝရေစုန် မထိုးတက်သေးဖြစ်နေပါက နောက်ဘဝ နောက်ကာလ ထိုသုံးမျိုး တစ်မျိုးမျိုးတွင်း ထည့်သွင်း အကျဉ်းချခံရခြင်းမှ လွတ်မည်မဟုတ်ကြပါ။

တစ်ဖန် ထိုရဟန်းတော်တို့သည် မေတ္တာကို လေးထောင့်ပဝါအဖြစ် ဖြန့်ခင်း သိက္ခာသုံးပါးကို ထိုအတွင်းစုပုံ။ ထို့နောက် လုံခြုံစွာထုပ်လျက် မေတ္တာမြေပြန့်လမ်းအတိုင်းသာ ခေါင်းရွက်သွားရုံမျှ တာဝန်ရှိကြရာ ဝန်ပေါ့၏။

နေ့ကုန်၊ လကုန် အချိန်ပြည့် အားထုတ်ခွင့်ရတော်မူကြသဖြင့်လည်း ခရီးတာတို၏။ တစ်ဘဝစံ တစ်လမ်းသွားရုံမျှရှိ၏။ တာတိုအပြေးသမားနှင့် ပမာဆင်၏။ ဝန်ကလည်း မေတ္တာဝန်တစ်ခု၊ အလုပ်ကလည်း အချိန်ပြည့်လုပ်နိုင်၊ အာရုံကလည်း တစ်ခုစောင့် တစ်ဖြောင့်တည်း။ ယင်းသည် တာတိုခြင်း၏ အကြောင်းပင်။

ထိုရဟန်းတို့ မေတ္တာရှင်ဘွဲ့ယူခရီး ကြားသွားလာနေကြပုံကို လေ့လာကြည့်ပါက လဲမှို့သုံးပိဿာကို စက္ကူဖြင့်ထုပ်၍ ခေါင်းရွက်ခရီးသွားနေသူပမာ ခေါင်းပေါ် ဝန်ပါသည် မထင်ရပါ။ ထိုမှို့သည်များ အဖော်ထားသွားသောအခါ စကားပြောလည်း မပျက်၊ ခြေလှမ်းကလည်း အသွက်၊ ချနားခြင်းများလည်းကင်းလျက် တစ်တာတည်းထွက်ပမာဆင်၏။

သို့ကြောင့် ရဟန်းသည် ရဟန်းအကျင့်ဖြင့် မေတ္တာရှင်ဘွဲ့ခံယူရာ၌ မြေတွင်းလည်းနက်၊ ရေလည်းထွက်ပမာ ဓမ္မ၏ ဂမ္ဘီရနက်နဲခြင်းများလည်း အားလုံးပြီးစီး၊ မေတ္တာရှင်အတွက် မေတ္တာရေစင်လည်းထွက်ပြီးသားပင်။

လူသည်လည်း လူ့အကျင့်၊ ငါးပါးသောသီလဓမ္မဖြင့် မင်္ဂလာရှင်ဘွဲ့ခံယူရာ၌ ယာလည်းညက်၊ ကြက်လည်းမောပမာ အထက်မဂ်များအတွက် လျာထားချက်ဖြစ်သော ပထမမဂ်ခရီးလည်းပြီးစီး။ ဒိဋ္ဌိပူးတကျော၊ မာနပူးတကျော ဤအတက် နှစ်တက်ထွက် စိတ်စွဲ ကြက်သည်လည်း ဒိဋ္ဌိတကျော အတက်ပြုတ် ထိုဒိဋ္ဌိကြောင့်ဖြစ်သော တကျောသွေးများလည်း လုံးဝမလှုပ်ဖြင့် အားယုတ် ဆုတ်ဇော ကြက်မောကြီးဘဝရောက်သွားရ၏။ သို့ကြောင့် ထိုကြက်မော ဇောမထွေ ကျက်သရေဝင် မင်္ဂလာရှင်ဖြစ်လာရခြင်းပင်။

ထိုသို့ လူလူ၊ ရှင်ရှင် မင်္ဂလာသဘင် မေတ္တာပွဲဝင်နွှဲပြီးကြပြီးလျှင် မင်္ဂလာသွားလမ်းကြောင်း ထုံးဖြူလောင်းလျက်က အစက်ချပြုပြီး နောက် နှောင်းသူများလည်း သွားတတ်ကြစေရန်၊ သာသနာ့လမ်းကြောင်းလည်း မင်္ဂလာ မေတ္တာ ထုံးဖြူနှစ်ကြောင်း မျဉ်းပြိုင်လောင်းလျက်က နောက်နှောင်းသားတို့ပါ သွားတတ်ကြစေရန် ဆရာ၊ ဒကာလက်တွဲညီညာစွာဖြင့် ပရဟိတအလုပ်တွဲခုတ်ပေးကြဖို့ အထူးလိုအပ်ပါသည်။

ယနေ့၏မနေ့တုန်းက ရှေ့၊ နောက်ကြောင်း ပြန်ဝေ့ကြည့်ပါလျှင် မဟာစည်ဆရာတော်ဘုရားကြီး ထိုသုံးပါးတို့၏အထား အတိုင်းသားမြင်နိုင်ကြပါသေးသည်။

ထိုစဉ် ဝေဘူဆရာတော်ဘုရားကြီးသည်လည်း သူကိုယ်တိုင် မေတ္တာရှင်ဘွဲ့ခံယူအပြီး သူ့အနီးနေ လူဒကာ၊ ဒကာမများကိုလည်း မင်္ဂလာရှင်အဖြစ် မင်္ဂလာသဘင် ဆင်ယင်ပေးပြီးသည်နှင့် ဆရာ၊ ဒကာ လက်တွဲညီညာစွာဖြင့် သာသနာ့လမ်းကြောင်း မျဉ်းပြိုင်ထုံးဖြူလောင်း လမ်းကြောင်းပြခဲ့သည်မှာ အထင်အရှားပင်။

သည့်အတူ မိုးကုတ်ဆရာတော်ဘုရားကြီးသည် လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီးသည် လည်းကောင်း ၎င်းတို့သည်လည်း သူတို့ကိုယ်တိုင် မေတ္တာရှင်ဘွဲ့ အပြီးအစီး ခံယူ အနီးနေဥပသကာများကိုလည်း မင်္ဂလာရှင်ဘွဲ့မင်္ဂလာသဘင်၏ ပထမလက်မှတ်ဖြတ်ပေးပြီး ဆရာ၊ ဒကာလက်တွဲညီညာစွာဖြင့် သာသနာ့လမ်းကြောင်း မျဉ်းပြိုင်ထုံးဖြူလောင်းပွဲကြီးများ ခြိမ့်ခြိမ့်သဲ ဆင်နွှဲသွားကြပုံ အားလုံးစုံ အကုန်မြင်ပြီးသားပင် ဖြစ်ကြပါသည်။

အခြားအခြားဆရာတော်ဘုရားကြီးများသည်လည်း နည်းတူပင်။ သူတို့လည်း ပြီးစီး အနီးနေဥပသကာများကိုလည်း မင်္ဂလာလမ်းပေါ် တင်ပေးထားတော်မူကြကာ လမ်းကြောင်းဆုံးအထိ ထုံးမှုန်းထားကြပုံများ မနေ့ကလည်းရှိ၊ ယနေ့လည်းရှိနေဆဲပင် ဖြစ်ကြပါမည်။

ဘုရားရှင်လက်ထက်တော်ကာလတုန်းကလည်း သည်နည်းကို ယနေ့နှင့်နက်ဖြန်များ၊ ယနေ့နှင့် မနေ့ကများရှိ နောက်နှောင်းသားတို့သွားတတ်ကြစေရန် မျဉ်းပြိုင်ထုံးကြောင်း သွန်းလောင်းသွားကြပုံ ဤ၌ သာဓကတင်ခွင့်ပြုပါ။ ထိုစဉ်က ဘုရားရှင်၏ ဥပါသကာသည် ဘုရားကျောင်းဒကာကြီး အနာထပိဏ်ပါ။ ဘုရားရှင်၏ ဥပါသိကာမသည် ဘုရားကျောင်းဒကာမကြီး ဝိသာခါပါ။

ဤ၌ ဥပါသကာ ဆိုသော ထိုစကားကိုလည်း နားလည်ထားသင့်ပါသေးသည်။ 'ဥပ' က အနီး၊ 'သက' ကား ကိုယ်ပိုင်ဥစ္စာ။ သို့ကြောင့် ဥပါသကာဆိုသည်မှာ အနီးနေကိုယ်ပိုင်ဥစ္စာပင် ဖြစ်ရာ တောင်ဝှေးဆောင်အဘိုးနှင့် တောင်ဝှေးတွင် အဘိုး၏ဥစ္စာက. ဘာလဲမေး တောင်ဝှေး။ တောင်ဝှေး၏ ပိုင်ရှင်က ဘယ်သူလဲမေး အဘိုးပဲ အဖြေပေးပမာ။

ဘုရားရှင်နှင့်ယင်းနှစ်ဦးတို့သည်လည်း အကျင့်အားဖြင့်လည်း အရိယာအကျင့်ကျင့်ပုံချင်းအတူတူ။ အမြင်အားဖြင့်လည်း အရိယာအမြင်မြင်ပုံချင်း အတူတူပင် ဖြစ်ကြရာ အသွင်တူ အဖွဲ့ဝတ်ချည်း ဖြစ်ကြပါသည်။ အရိယာတို့သွားခရီးပြီးစီးနေသူနှင့် အရိယာတို့ ရေအလျဉ်ဝင်စသူမျှ ကွာကြပါမည်။ သို့ကြောင့် ယင်းတို့နှစ်ဦး ဥပါသကာဘွဲ့ထူးများရကြပါသည်။ ဘုရားရှင်၏ အနီးကပ်ဆုံး၊ အနီးစပ်ဆုံးသော အတွင်းရေး၊ အတွင်းဝန်များဟု ဆိုလိုပါသည်။

အခြားအခြားသော ဗုဒ္ဓဘာသာဝင်များမှာမူကား ဆန္ဒပေးအနေပေးလှူတတ်သော သဒ္ဓါအမြုတေမျှရှိကြခြင်း၊ ဘုရားနှင့်မနီးစပ်ခြင်းများကြောင့် ဒါယကာ၊ ဒါယိကာမ အမည်မျှရကြပါမည်။

ဝိသာခါ၊ အနာထပိဏ်တို့ကား ပေးလှူတတ်သော သဒ္ဓါလည်း အပြည့်၊ သိတတ်သော ပညာကလည်း အတည့်ရှိနေကြတော့ရာ ဒါယကာ၊ ဒါယိကာမကြီးလို့ ခေါ် လိုက်လျှင်လည်း ဘုရားဝင်ထူးနိုင်ကြပါသည်။ ဥပါသကာ၊ ဥပါသိကာမကြီးလို့ ခေါ် လိုက်ပြန်လျှင်လည်း ဘုရားဝင်ထူးနိုင်ကြပါသည်။ ဤသည်မှာ ဥပါသကာနှင့် ဒါယကာတို့ ကွဲပြားနေကြပုံများ ဖြစ်ပါသည်။

ဤ၌ ဘုရားကျောင်းဒကာကြီး၏ သဒ္ဓါထက်မြက် ဣန္ဒြေရင့်ကျက်နေပုံလေး ဖော်ပြလိုပါသေးသည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဒကာကြီးသည် အခြားကိစ္စပြု လုပ်စရာများမရှိပါက တစ်နေ့လျှင် သုံးကြိမ်အထိ ဘုရားကျောင်းတော်သို့ သွားလေ့ရှိတတ်ပြီး သွားတိုင်းသွားတိုင်းလည်း လက်ထဲလှူစရာ ဝတ္ထုတစ်ခုခုပါမှ သာသွားလေ့ရှိသည်ဟု ဆို၏။

ထိုစဉ် နံနက်ဆို နံနက်အလိုက် မုန့်ချမ်းစသည်များ လက်၌မကွာပါသည် ဆို၏။ နေ့ဆို၊ နေ့အလိုက် စတုမဓု စသည်များ လက်၌ မကွာပါသည်ဆို၏။ ညနေဆို ညနေအလိုက် ဆီမီးနံ့သာ စသည်များ လက်၌မကွာပါသည်ဆို၏။ ဘုရားကျောင်းအမလည်း ဤနည်းမခြား၊ တစ်သားတည်းပင် ဖြစ်ပါမည်။

ထိုဘုရားကျောင်းဒကာ သည် လောက်နဲ့လည်း မပြီးသေးပါ။ ကုန်ရောင်းကုန်ဝယ် အခြားကိစ္စ ခရီးသွားခွင့်ကျလေတိုင်းတို့၌လည်း ဘုရားရှင်၏ အဆုံးအမဩဝါဒများနှင့် ပတ်သက်၍ မေးသူရှိကလည်း ဂဃနဏ ရှင်းလင်းပြောပြသေးသည် ဆို၏။ မေးသူမရှိလည်း အခြားစကားမပြောကြားလိုသဖြင့် တရားနှင့်စပ်သော စကားကိုချည်း ပြောပြပေးသည် ဆို၏။

ထိုစဉ် ဘုရားအယူတွင် စိတ်ဝင်စားလာသော ဘာသာခြားများရှိနေပါမူ ဘုရားစကား သူတို့ကိုယ်တိုင် နာကြားခွင့်ရရန် ဘုရားကျောင်းတော် ခေါ်လာသေးသည် ဆို၏။ ဘုရားကျောင်းအမလည်း ဤနည်းမခြား၊ တစ်သားတည်းပင် ရှိ၏။ သို့နှင့် သူတို့က ခေါ်လာလိုက်၊ ဘုရားက ဟောပြလိုက်၊ ဘုရားကဟောပြလိုက်၊ နာကြားသူများ အရိယာဖြစ်သွားလိုက်ကား ဘုရားရှင်၏ သက်တော်ထမ်း သက်တမ်းများနှင့် အမျှဆို၏။

သို့ကြောင့် ဥပါသကာ ဆိုတာ အတွင်းရေး၊ အတွင်းဝန်ပါ ဆိုသော စကား မမှားတော့ပါပြီ။ ဘဂဝါ ဆိုတာ အတွင်းရေး၊ အတွင်းဝန်တို့၏ ဘုန်းရှင်စကားဆိုသည်များ မမှားတော့ပါပြီ။ ဆရာ၊ ဒကာတို့၏ ဤလက်တွဲညီပုံကားသည်မျှနှင့်လည်း မပြီးသေးပါ။

ဘုရားရှင်ကလည်း ထိုအိမ်နှစ်အိမ်တို့သို့ ပင့်မှ၊ ဖိတ်မှမဟုတ်။ အကြောင်းရှိရှိသလို အချိန်မရွေးကြွလေ့ရှိသည်ဆို၏။ သို့ကြောင့် ဝိသာခါသည် သူမအိမ်၏ ထိပ်ဦးတည့်တည့်တွင် အိမ်နှင့်လည်း တစ်စပ်တည်း။ အိမ်ထက်လည်း ခြေတစ်လှမ်းစာမျှ အနည်းဆုံးမြင့်သည့်နေရာတွင် ဘုရားရှင်ကြွလာသောအခါ သီတင်းသုံးရန် သီးခြားဆောင် ဆောက်လုပ်စီမံထားသည်ဟု ဆိုပါသည်။ ထိုနေရာတော် မည်သူမျှ ထိုင်ခွင့်မရ ဆိုပါသည်။ ယင်းထုံးဖြူကြောင်းကိုကြည့်၍ ယနေ့အထိလည်း ဗုဒ္ဓဘာသာဝင်များ၏ အိမ်ဦးခန်းများတွင်လည်း ဘုရားကျောင်းတော်များ ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။

ဘုရားကျောင်းတော်ရှိသောနေရာ သာသနာစောင့်အားလုံးက မပြတ်လှည့်လည်ကြည့်၍ အစောင့်အရှောက်အဖြစ် တာဝန်ယူပေးနေကြရပါသည်။ ဘုရားသီတင်းသုံးထားလျှင် ထိုဂေဟာ၊ ထိုအဆောက်အအုံ မည်သည့်ရန်သူမျိုးမျှ မကျူးမတိုးဝံ့ကြပါ။ ဘုရားကျောင်းအမနည်းတူ ဘုရားကျောင်းဒကာကြီး၏အိမ်မှာလည်း နေရာတော်သီးသန့်ရှိပါမည်။

ဤသည်မှာ ဘုရားရှင်လက်ထက်တော်က ဆရာ၊ ဒကာ လက်တွဲညီညာဖြင့် သာသနာလမ်းကြောင်း မျှဉ်းပြိုင်ထုံးဖြူလိုလောင်းပြသွားကြပုံများ ဖြစ်ပါသည်။

သို့ပါသောကြောင့် အထက်က ပြဆိုခဲ့သော ယနေ့၏မနေ့တို့က ဆရာ၊ ဒကာတို့ ဘွဲ့ရှင်အမည်ခံပုံ၊ တာဝန်ပြန်လည်ထမ်းကြပုံများ၊ ယခုတင်ပြထားသော ဘုရားလက်ထက်တော် ကာလတုန်းက ဘုရားရှင်နှင့် ဝိသာခါ၊ အနာထပိဏ်တို့ လက်တွဲခဲ့ကြပုံများ။

ယင်းတို့ကို ထုံးတောင်း လမ်းဖြူးပုံတူကူးသောအားဖြင့် ယနေ့၏ လူသားများနှင့် ယနေ့ရဟန်းတော်များသည်လည်း နိဒါန်းအစီအမံ ပလ္လင်ခံစကားဖွင့်စဉ်တုန်းက ဖော်ပြခဲ့ဖူးသော တာဝန်နှစ်ခု နှစ်ခုစီတို့ကို ကျေပွန်စွာ ထမ်းဆောင်သောအားဖြင့် ရဟန်းကလည်း ပစ္စည်းခံယူ၊ စိတ်မည်းတူ အဖြူဖြစ်အောင် အပြီးချွတ်။ လူကလည်း ပစ္စည်းလှူဒါန်း၊ ရဟန်းပြန်ကမ်းသည့်အကျင့် နည်းယူ၍ကျင့်။

သို့ဖြင့်ပင် ရဟန်းက မေတ္တာရှင်ဘွဲ့ဖြင့် သာသနာ့ဝန် တစ်ဖက်က ပြန်လည်ထမ်း၊ လူကလည်း မင်္ဂလာရှင်ဘွဲ့ဖြင့် သာသနာ့ဝန်တစ်ဖက်က ပြန်လည်ကူ၊ အသွင်တူ၊ အဖြူဝတ်ဆင်တူဝတ်ပြကြကာ မြန်မာတို့၏ မင်္ဂလာနှင့် မေတ္တာအင်အား ဖြူစင်ကြီးမားကျက်သရေတိုးပွားနေကြပုံများကို ထင်ရှားလက်တွေ့ကမ္ဘာဝှေ၍ မျိုးစေ့ကျချပြနိုင်ကြပါစေ။

✳

(က) မာနုစ မင်္ဂလံ သိကွေ မေတ္တံ
သိကွေယျ ယော ဘိက္ခု၊
တဒု ဘယံ ဗောဇ္ဈင်္ဂဟိ ဘာဝေ
ယျာသိ ခဏေ ခဏေ၊

(ခ) တေနုဟိဒွေ ဧကာယနံ သေသာ
နံ မဂ္ဂုဒ္ဒေသကံ၊
ဓာရေထ ယာဝ ဇီဝကံ ဘာဝေ
ထ ဗုဒ္ဓ သာဝကံ။ ။

**မာနုစ** - လူသည်ကား . . .

(က) **မင်္ဂလံသိကွေ** - မင်္ဂလာအခန်းဖွင့် တစ်ဆင့်ပြီးတစ်ဆင့်ကျင့်လေ၊ **ယောဘိက္ခု** - အကြင်ရဟန်းကား၊ **မေတ္တံစ** - မေတ္တာသုတ်ကလာသော အတိုင်းသာ၊ **သိကွေယျ** - မေတ္တာရေချမ်း မလန်းမချင်း ဖျန်းပေးနေလေ။ **တဒုဘယံ** - ရဟန်းနှင့်လူ ထိုနှစ်သူစလုံးသည်၊ **တဒုဘယံ** - မင်္ဂလာ မေတ္တာလက်ထဲပါ ထိုနှစ်ခုစလုံးကို၊ **ဗောဇ္ဈင်္ဂဟိ** - **ဗောဇ္ဈင်္ဂေ** - ဗောဇ္ဈင်ခုနစ်မျှင် စခန်းစဉ်ဖြင့်ပင်၊ **ခဏေ ခဏေ** - အချိန်တိုင်းအချိန်တိုင်း၊ **ခဏေ ခဏေ** - ဘာကြောင့်ညာကြောင့် ကြောင့်မထိုးပါဘဲ တိုးရတိုးရ ဗောဇ္ဈင်ပွားကွက် စိတ်လက်ကမချ။ **ဘာဝေယျာသိ** - ပွားပါဘိ။

(ခ) **တေနုဟိ** - ထိုပွားခရီး ပြီးစီးကြပါမူ၊ **ဒွေ** - ရဟန်း၊ လူ နှစ်သူစလုံးတို့သည်၊ **သေသာနံ**-မင်္ဂလာလမ်း မေတ္တာလမ်းသို့ မလှမ်းဘူးသေး၊ ကြွင်းနေသေးသူ လူအားလုံးတို့အား၊ **ဧကာယနံ** - တစ်ကြောင်းတည်းသောလမ်းအတိုင်း၊ **မဂ္ဂုဒ္ဒေသကံ** - လမ်းပြောအဖြစ်၊ **ယာဝဇီဝကံ**-သက်ဆုံးတိုင်၊ **ဓာရေထ**- ကိုယ်လိုသူများကောင်းစားစေလိုသဒ္ဓါပိုလ်ဖြင့် ကြိုဆိုလက်ကမ်းထမ်းကြကုန်။ **ဗုဒ္ဓ သာဝကံ** - ဗုဒ္ဓရှင်ချစ် တပည့်သားအဖြစ်သို့၊ **ဘာဝေထ** - လိုက်သလောက်ခေါ်၊ ပျော်သလောက်ထား ပွားထက်ပွားကြကုန်။

ဤတွင် လူတစ်ထမ်း၊ ရဟန်းတစ်ရွက်နှင့် ပတ်သက်သော စကားအပြီး ရပ်နားလိုက်သည်။

[ပြီးပါပြီ]

*၁၃၆၆ ခုနှစ်၊*
*ပြာသိုလဆန်း အင်္ဂါနေ့*
*အကျွတ်အလွတ် ဗုဒ္ဓဝိဟာရ*
*မဟာမြိုင်*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ပိုးနှင့်ခန္ဓသုတ်



ကျွန်တော် ဒဂုံမြို့သစ်ကိုရောက်တော့ မြွေနှင့် မီးကို ကြောက်သဖြင့် ခန္ဓသုတ်နှင့် ဝဋ္ဋသုတ်ကို မနက်၊ နေ့ခင်း၊ ည တစ်နေ့ သုံးကြိမ်သုံးခေါက်စီရွတ်ဆိုပူဇော်ပါသည်။

ကျွန်တော့်ခြေရင်းခြံမှာ အိမ်ရှိပြီး လူမနေသဖြင့် အိမ်ပတ်လည်တွင် ချုံများပိတ်နေပါသည်။ တစ်ခါတစ်ရံ အိမ်ခေါင်မိုးတွင် မြွေသွားနေသည်ကို တွေ့ရပါသည်။ မြွေက မြွေဟောက်များသာ ဖြစ်ပါသည်။သူတို့ကိုသာတွေ့ရများပါသည်။ အခြားမြွေများ တွေ့ရခဲပါသည်။ ကျွန်တော့်ခြံဘက်လည်း မကြာခဏကူးလာတတ်ပါသည်။ အိမ်တွင်းတော့ မြွေဟောက်နှစ်ခါဝင်ဖူးပါသည်။ ကျွန်တော်နှင့် တစ်ခါမှမကြုံပါ။ ကျွန်တော့်သား၊ သမက်နှင့်သာကြုံပြီး သူက ခြောက်လှန့်ထုတ်လိုက်ပါသည်။

ပတ်ဝန်းကျင်အိမ်များတွင်လည်း မကြာခဏဝင်သည်ကို ကြားရပါသည်။ များသောအားဖြင့် ကြွက်ကိုလိုက်ရင်းမှ ဝင်ရောက်လာကြခြင်း ဖြစ်ပါသည်။ စားကြွင်းစာကျန်များကို အိမ်နောက်ဖေးသို့ ပက်ပစ်တတ်သည်မှာ ဓလေ့လိုဖြစ်နေပါသည်။ အားလုံးလိုလိုပင်ပစ်ကြပါသည်။ ထမင်းကိုလည်း ပေါင်းအိုးနှင့်ချက်သည်မှာနည်းသဖြင့် ကြမ်းကြားထဲ ထမင်းရည်ငှဲ့ရာမှ ထမင်းလုံးများကျပြီး ကြွက်မွေးမြူရေးများပြုကြပါသည်။ ကြွက်ကြောင့် မြွေလာခြင်း ဖြစ်ပါသည်။

တစ်နေ့ ကျွန်တော် ရေချိုးနေစဉ် ရေချိုးသည့်နေရာ အမိုးပေါ်သို့ သစ်ပင်ပေါ်မှ ကျပ်လုံးခန့်ရှိ မြွေဟောက်တစ်ကောင် ပြုတ်ကျလာပါသည်။ အမိုးမှ တစ်ဆင့် လျှောကျလာရာ ကျွန်တော့်ခြေထောက်နှင့် တစ်တောင်ခန့်အကွာမှာကျပါသည်။ ကျကျချင်း ပါးပျဉ်း



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပြီး ငြိမ်နေပါသည်။ လှမ်းပေါက်လျှင် ထိနိုင်သည်။ ကျွန်တော် မလှုပ်ဝံ့။ ငြိမ်ပြီး ခန္ဓသုတ်ကို အာရုံပြုလိုက်ပါသည်။ ပြီးတော့ အာရုံကို အတတ်နိုင်ဆုံး စုစည်းပြီး -

'မင်းနဲ့ငါဟာ ရန်သူတွေ မဟုတ်ကြဘူး။ မင်းကို ငါ မညှဉ်းဆဲဘူး၊ ငါ့ကိုလည်း မင်းမညှဉ်းဆဲနဲ့။ ဘေးကင်းရာကို သွား'

ဟု စိတ်ဖြင့် ပြောပါသည်။ ချက်ချင်းဆိုသလိုပင် ပါးပျဉ်းချ၊ ခေါင်းလှည့်ပြီး နောက်ဖေးလမ်းမကြားဘက်ထွက်သွားပါသည်။

## ခန္ဓသုတ်

* သဗ္ဗာ သီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာ ဂဒံဝိယ။ ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာ ပိ ပရိဿယံ။

* အာကာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။ သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

* ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ၊ ဆဗျာပုတ္တေဟိမေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

* အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။ စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

* မာ မံ အပါဒကောဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။ မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗဟုပ္ပဒေါ။

* သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ။
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ မာဂမာ။

* အပ္ပမာဏောဗုဒ္ဓေါ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။ အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူမူသိကာ။

* ကတာ မေ ရက္ခာ၊ ကတာ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ၊ သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

## အသံထွက်

* သပ်ဗာ သီဝိသ ဇာတီနံ၊
ဒိတ်ဗ မန်တာ ဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဂေါရံ၊
သေသင်စာပိ ပရိတ်သယံ။
အာဏာ ခစ်တန်မှိ သပ်ဗထ၊
သပ်ဗ သပ်ဗ ပါနိနံ။
သပ်ဗ သောပိ နိဝါရေတိ
ပရိတ်တံ တံ ဘနာမ ဟေ။

* ဝိရူပက်ခေဟိ မေ မစ်တံ၊
မစ်တံ အေရာပထေဟိ မေ။
ဆံ-ဗျာ ပုတ်တေဟိ မေ မစ်တံ၊
မစ်တံ ကန်ဟာ ဂေါတမကေဟိစ။

* အ-ပါဒကေဟိ မေ မစ်တံ၊
မစ်တံ ဒွိပါဒ ကေဟိမေ။
စတုပ်ပဒေဟိ မေ မစ်တံ။
မစ်တံ ဗဟုပ် ပဒေဟိ မေ။

* မာ, မံ အ-ပါဒကော ဟိန်သိ၊
မာ, မံ ဟိန်သိ ဒွိပါဒကော၊
မာ, မံ စတုပ်ပဒေါ ဟိန်သိ၊
မာ, မံ ဟိန်သိ ဗဟုပ်ပဒေါ။

* သတ်ဗေသတ်တာ သတ်ဗေပါနာ၊
သတ်ဗေ ဘူတာ စ ကေဝလာ။
သတ်ဗေ ဘတ်တရာနိ ပတ်သန်တု၊ မာ ကိန်စိ ပါပ မာဂမာ။

* အပ်-ပမာနော ဗုတ်ဒေါ။
အပ်-ပမာနော ဓမ်မော။
အပ်-ပမာနော သံဃော။
ပမာနဝန်တာနိ သရီသပါနိ။
အဟိဝိတ်ဆိကာ သတပဒီ။
အုန်န နာဘီ သရဗူ မူသိကာ။

* ကတာမေ ရက်ခါ ကတာ မေ ပရိတ်တံ၊
ပတိတ်ကမန်တု ဘူတာနိ။
သောဟံ နမော ဘဂဝတော။
နမော သတ်တန်နံ သမ်မာ သမ်ဗုတ်ဒါနံ။

## အနက်အဓိပ္ပာယ်

* နတ်တို့၏ ဆေးဝါး၊ မန္တရားတို့သည် အဆိပ်ပြင်းသောမြွေအားလုံး၏အဆိပ်မှန်သမျှကို နိုင်နိုင်နင်းနင်း ပယ်ပျောက်နိုင်စွမ်းရှိသကဲ့သို့ ဤခန္ဓသုတ်ပရိတ်တော်သည် မြတ်စွာဘုရား၏ အာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာကုဋေတစ်သိန်းအတွင်း၌ သတ္တဝါအားလုံးတို့၏ ပြင်းထန်သောအဆိပ်တို့ကို ဖယ်ရှားတားမြစ်နိုင်၏။ အို - သူတော်ကောင်းတို့၊ ထိုခန္ဓသုတ်ပရိတ်တော်မြတ်ကို ကျွန်ုပ်တို့ရွတ်ဖတ်ပူဇော်ကြပါကုန်စို့။

* ငါ၏ မေတ္တာသည် ဝိရူပက္ခနတ်နဂါးမင်းမျိုးတို့နှင့်အတူဖြစ်စေသတည်း။ ငါ၏မေတ္တာသည် ဧရာပထနတ်နဂါးမင်းမျိုးတို့နှင့်အတူဖြစ်စေသတည်း။ ငါ၏မေတ္တာသည် ဆဗျာပုတ္တနတ်နဂါးမင်းမျိုးတို့နှင့်အတူဖြစ်စေသတည်း။ ငါ၏ မေတ္တာသည် ကဏှာဂေါတမနတ်နဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း။

* ငါ၏ မေတ္တာသည် အခြေမရှိသော (မြွေအစရှိသည့်) သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း။ ငါ၏မေတ္တာသည် အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်တူဖြစ်စေသတည်း။ ငါ၏ မေတ္တာသည် အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်အတူဖြစ်စေသတည်း။ ငါ၏မေတ္တာသည် အခြေများစွာရှိသောသတ္တဝါတို့နှင့်အတူဖြစ်စေသတည်း။

* အခြေမရှိသော (မြွေအစရှိသော) သတ္တဝါတို့သည် ငါ့အားမညှဉ်းဆဲမနှိပ်စက်ကြပါစေကုန်သတည်း။ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့သည် ငါ့အား မညှဉ်းဆဲမနှိပ်စက်ကြပါစေကုန်သတည်း။ အခြေလေးချောင်းရှိသော သတ္တဝါတို့သည် ငါ့အား မညှဉ်းဆဲမနှိပ်စက်ကြပါစေကုန်သတည်း။ အခြေများစွာရှိသော သတ္တဝါတို့သည် ငါ့အား မညှဉ်းဆဲမနှိပ်စက်ကြပါစေကုန်သတည်း။

* အကြွင်းမရှိ အလုံးစုံကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ အလုံးစုံသော ထွက်သက်၊ ဝင်သက်ရှိသည့် သတ္တဝါတို့သည် လည်းကောင်း၊ အလုံးစုံကုန်သော ခန္ဓာကိုယ်အတ္တဘော ထင်ရှားရှိကုန်သောသတ္တဝါတို့သည် လည်းကောင်း ခပ်သိမ်းသော ကောင်းသောအာရုံများကိုသာ တွေ့ကြုံခံစားကြရပါစေကုန်သတည်း။ တစ်စုံတစ်ယောက်သောသတ္တဝါထံသို့မှ ယုတ်ညံ့သည့် မကောင်းကျိုးများ မရောက်ရှိ မခံစားကြရပါစေကုန်သတည်း။

* မြတ်စွာဘုရား၏ဂုဏ်တော်သည်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းအရှည်မရှိ။ တရားတော်မြတ်၏ ဂုဏ်တော်သည် အတိုင်းအရှည်မရှိ။ သံဃာတော်မြတ်၏ ဂုဏ်တော်သည်လည်း အတိုင်းအရှည်မရှိ။ အလုံးစုံသောမြွေမျိုးတို့သည် လည်းကောင်း၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ တက်တူ၊ ကြွက် စသည့် သတ္တဝါမျိုးတို့သည် (ဂုဏ်အားဖြင့်) အတိုင်းအရှည်ရှိကြ၏။ ငါသည် (ခန္ဓသုတ်ပရိတ်တရားတော်၏) အစောင့်အရှောက်ကိုပြုအပ်ပြီ။ (မြွေ အစရှိသော) သတ္တဝါတို့ ဖဲသွားကြပါစေကုန်သတည်း။ (ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ တည်းဟူသော) ခုနစ်ဆူကုန်သောမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့အား အလွန်ရှိသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(ထိုခုနစ်ဆူကုန်သော မြတ်စွာဘုရားရှင်တို့၏ တန်ခိုးတေဇော်အာနုဘော်၊ မေတ္တာတော်အာနုဘော်တို့ကြောင့် ကျွန်ုပ်နှင့်အတူ သတ္တဝါအားလုံး ချမ်းသာကြပါစေကုန်သတည်း။ ဘေးကင်းကြပါစေကုန်သတည်း။)

ပါဠိစာလုံးများကို ဖတ်ရန် အခက်အခဲရှိသူများအတွက် အသံထွက်ကို မြန်မာစာလုံးဖြင့် ဖော်ပြထားပါသည်။ ပရိတ်ကြီးစာအုပ်များတွင် ဖော်ပြကြပါသည်။ ပရိတ်ကြီးစာအုပ်များတွင် ပါဠိတစ်ကြောင်း၊ အသံထွက်တစ်ကြောင်းပုံစံဖြင့် ဖော်ပြထားပါသည်။ မျက်စိသည် နှစ်ကြောင်းစလုံးကို တစ်ပြိုင်နက်မြင်ရသဖြင့် ပါဠိစာလုံးဖတ်နိုင်သူအတွက် မြန်မာစာလုံးဖြင့်ရေးသားထားသော စာလုံးများက အနှောင့်အယှက်ဖြစ်နိုင်ပါသည်။ အလားတူ မြန်မာစာလုံးအသံထွက်များကိုသာ ဖတ်လိုသူအတွက်လည်း ပါဠိစာလုံးက အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် တစ်ပုဒ်လုံးကို ပါဠိလိုသက်သက်၊ အသံထွက်သက်သက်ဖြင့် သီးခြားဖော်ပြထားပါသည်။

ပါဠိစာလုံးကို ဖတ်ရန် အခက်အခဲရှိသဖြင့် မြန်မာစာလုံးဖြင့် ရွတ်ဖတ်ပူဇော်ရသူများအတွက် မြန်မာအသံထွက်ကို ကြည့်ပြီး ရွတ်ဖတ်ကြိမ်များလာလျှင် ပါဠိစာလုံးကိုကြည့်ပြီး ရွတ်ဖတ်နိုင်လာ



မည် ဖြစ်ပါသည်။ ထိုသို့ ကြိုးစားရန်လည်း တိုက်တွန်းလိုပါသည်။ အသံထွက်မှန်လျှင် နှစ်ခုစလုံးအတူတူဖြစ်သည်ဟု ပြောနိုင်သော်လည်း ပါဠိစာလုံးကို ရွတ်ဖတ်နိုင်လျှင် ပိုကောင်းမည်ဟု ထင်ပါသည်။

အရေးကြီးသည်မှာ အသံထွက်မှန်ရန်နှင့် အဖြတ်အတောက်မှန်ရန် ဖြစ်ပါသည်။ အသံထွက်မမှန်ကန်လျှင် အနက်အဓိပ္ပာယ်လွဲမှားနိုင်သလို အဖြတ်အတောက်မမှန်လျှင်လည်း လွဲမှားနိုင်ပါသည်။ ထို့ကြောင့် အသံထွက်ကိုလည်း သေသေချာချာ ဂရုစိုက်ပြီး ဖော်ပြထားသလို အဖြတ်အတောက်ကိုလည်း ဂရုစိုက်ပြီး ဖော်ပြထားသလို အဖြတ်အတောက်ကိုလည်း ဂရုစိုက်ထားပါသည်။ ခွဲထားသည့်စာလုံးများကို ရောမဖတ်၊ ဆက်မဖတ်ရန် ဖြစ်ပါသည်။

နောက်တစ်ခုသတိပြုရန်မှာ ပါဠိတွင် 'ရှေးဆည်း အောက်မြစ်မပါ' ဟူသောအချက် ဖြစ်ပါသည်။ ကျွန်တော်တို့မှာ 'ရှေးဆည်းသံ' ထည့်သည်မှာ အကျင့်ပါနေသည်။ 'ဂစ်ဆန်တု' ကို 'ဂစ်ဆန်းတု' ဟူ၍ လည်းကောင်း၊ 'သုနန်တု' ကို 'သုနန်းတု' ဟူ၍ လည်းကောင်း စသည်ဖြင့်အသံထွက်လေ့ရှိကြပါသည်။ ဤအချက်ကို သတိပြုရန် ဖြစ်ပါသည်။

နောက်အရေးကြီးသည့်အချက်မှာ အနက်အဓိပ္ပာယ်ကိုသိရန် ဖြစ်ပါသည်။ အနက်အဓိပ္ပာယ်မသိဘဲ ရွတ်လျှင် ကြက်တူးရွေးစာအံသလိုဖြစ်ပြီး ကုသိုလ်ဖြစ်ရုံလောက်မျှသာ ဖြစ်ပါမည်။ လိုအပ်သည့်အာနိသင်ဖြစ်မည်မဟုတ်ပါ။ ထို့ကြောင့် အနက်အဓိပ္ပာယ်ကိုလည်း သိနေအောင် အထပ်ထပ်ဖတ်မှတ်ထားပါ။ ပါဠိ သို့မဟုတ် အသံထွက်ကို ရွတ်ဖတ်ပူဇော်နေစဉ် အနက်အဓိပ္ပာယ်ကိုပါ နှလုံးသွင်းပါ။

အရေးအကြီးဆုံးသောအချက်က အာရုံစူးစိုက်ရန် ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်နေစဉ် စိတ်က အခြားရောက်နေလျှင် မည်သည့်အကျိုးအာနိသင်မျှရမည်မဟုတ်ပါ။ ဤခန္ဓသုတ်ပရိတ်တော်သည် မြွေသာမက မိမိအား ရန်ပြုနိုင်သူ၊ ညှဉ်းဆဲနိုင်သူ၊ အန္တရာယ်ပြုနိုင်သူ သတ္တဝါအားလုံး၏ ရန်ဘေးမှလည်း ကင်းဝေးစေနိုင်သည်။

မည်မျှ ရွတ်ရမည်၊ မည်သို့ရွတ်ရမည်ဆိုသည်ကိုတော့ မိမိအခြေအနေနှင့်မိမိရွတ်ရန်သာ ဖြစ်သည်။ ကျွန်တော်က မနက်၊ နေ့လယ်၊ ညနေ တစ်နေ့သုံးကြိမ် (ယခင်က ဝဋ္ဋသုတ်နှင့်တွဲပြီး ယခုမေတ္တသုတ်နှင့်တွဲပြီး) ရွတ်ပါသည်။ ဦးစံမြကဲ့သို့ စွမ်းလိုလျှင် ဦးစံမြကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ပူဇော်ရန် ဖြစ်ပါသည်။

အာရုံကျကျ နှလုံးသွင်းပြီး ပူဇော်ဖန်များလာလျှင် ပရိတ်တော်၏ အာနိသင်သည် မိမိ၏ ခန္ဓာကိုယ်တွင် (နှလုံးတွင်း) ထုံနေပေလိမ့်မည်။ အကြောင်းရှိ၍ သုတ်တော်ကို ဆင်ခြင်အောက်မေ့လိုက်သည်နှင့် တစ်ပုဒ်လုံးရွတ်ပြီးသကဲ့သို့ အာနိသင်ရှိလာမည်။ ထိုသို့ အာရုံပြုပြီးနောက် မိမိရင်ဆိုင်နေရသော မည်သည့်သတ္တဝါကိုမဆို 'ငါ့မေတ္တာဟာ မင်းနဲ့အတူဖြစ်နေပြီ။ မင်းနဲ့ ငါဟာ ရန်သူမဟုတ်။ ငါလည်း မင်းကို မညှဉ်းဆဲဘူး။ မင်းလည်း ငါ့ကိုမညှဉ်းဆဲနဲ့။ ဘေးကင်းရာကိုသွားတော့။ ချမ်းသာပါစေ၊ ဘေးကင်းပါစေ' ဟု နှုတ်မှ အသံထွက်၍ဖြစ်စေ၊ မထွက်ဘဲဖြစ်စေ စူးနစ်သောစိတ်ဖြင့်ပြောပါ။ ကိန်းသေရှောင်သွားပါလိမ့်မည်။ အရေးကြီးသည်မှာ ယုံကြည်ဖို့ပင် ဖြစ်သည်။

*စာရှုသူများ ချမ်းသာကြပါစေ၊*
*ဘေးကင်းကြပါစေ*

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



တန့်ဆေးတောင်စေတီတော်

ရွှေချီအောင်(ပေလီ)


# မသေသောမြို့တော်

သို့မဟုတ်

# ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ

ကမ္ဘာ့နိုင်ငံများစွာတို့တွင် သမိုင်းသုတေသီတို့၏မှတ်တမ်းမှတ်ရာများအရ ယနေ့တိုင် သက်တမ်းအရှည်ကြာဆုံးမြို့အမည်နာမ ယခုတိုင် မပြောင်းမလဲတည်ရှိနေသည့် မြို့သုံးမြို့ရှိသည်ဟု မှတ်တမ်းတင်ထားကြပါသည်။ ထိုမြို့သုံးမြို့မှာ ဆီးရီးယားနိုင်ငံမှ ဒမတ်စကတ်မြို့၊ အိန္ဒိယနိုင်ငံမှ ဗာရာဏသီမြို့နှင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ဒွါရာဝတီမြို့တို့ ဖြစ်ကြပါသည်။ ရှေးနှစ်ပေါင်းမြောက်မြားစွာကပင် မြို့အဖြစ်တည်ရှိခဲ့ပြီး ခေတ်အဆက်ဆက်၊ ကာလအဆက်ဆက် မြို့အမည်မပျောက်မကွယ်ဘဲ ယနေ့တိုင် မြို့အဖြစ် အမည်နာမတည်ရှိကြသည့်မြို့များ ဖြစ်ကြပါသည်။

သို့ရာတွင် ထိုအမည်နာမ မသေသောမြို့တော်သုံးမြို့တွင် ဒွါရဝတီ ဟူသည့် သံတွဲမြို့သည် အခြားမြို့နှစ်မြို့ထက် ထူးခြားဆန်းကြယ်သည့် မြို့တစ်မြို့အဖြစ် ဂမ္ဘီရဆန်သော မြို့ပျံအဖြစ်လူအများနှင့် သမိုင်းသုတေသီများ၏ နှုတ်ဖျားဝယ် ရေပန်းစားလျက်ရှိနေပေသည်။ စာရေးသူတို့ငယ်စဉ်ဘဝက လူကြီးမိဘဘိုးဘွားများက 'ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ'ဟု ပြောဆိုသုံးနှုန်းသည့်



ရွှေနံ့တော်စေတီ



www.burmeseclassic.com

www.burmeseclassic.com



ရွှေအံတော်စေတီ



လေးမျက်နှာစေတီတော်



အမတသုခတောင်ဘုရားကြီး

ကဗျာလင်္ကာဆန်ဆန် ပြောဆိုချက်ကို ဒဏ္ဍာရီဆန်ဆန် ပုံပြင်သဖွယ်ပြောဆိုခဲ့ကြသည်ဟု အထင်မှတ်မှားခဲ့ပါသည်။

ယခုအခါ အသက်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးကာလတွင် စာပေကျမ်းဂန်များမှ ဖတ်ရှုတွေ့ရှိချက်အရ 'ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ' ကိုစွ သည် ဒဏ္ဍာရီစကားမဟုတ်။ သမိုင်းအထောက်အထား အကိုးအကားရှိနေသည့် အမှန်စင်စစ်မြို့ဖြစ်ကြောင်းကိုသိရှိခွင့်ရရှိခဲ့ပါသည်။ ထိုဒွါရဝတီ မြို့ပျံ့အကြောင်းအရာကို မင်္ဂလာဘုံကျော်ညောင်ကန်ဆရာတော်ဘုရားကြီး ပြန်ဆိုရေးသားတော်မူခဲ့သည့် မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုတွင် တွေ့ရှိရသောကြောင့် ဖြစ်ပါသည်။ ဒွါရာဝတီမြို့ပျံ့အကြောင်းကို ပုံတော်စုံ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုဖြစ်သည့် စာမျက်နှာ( ၇၂၀) ဃဋပဏ္ဍိတဇာတ်တော်တွင် အထင်အလင်းရေးသားပြဆိုထားကြောင်းတွေ့ရှိရသည်။ ထိုအခါ စာရေးသူတို့ ဒွါရာဝတီမြို့ပျံ့ကိုစွသည် သာမန်ဒဏ္ဍာရီမဟုတ်ဘဲ ဘုရားဟောကျမ်းစာပါ တကယ့်အဖြစ်အပျက်အကြောင်းအရာဖြစ်ကြောင်း သက်သေထူ ရေးခွင့်ရရှိခဲ့ပါသည်။

**မြို့ဒွါရာဝတီ**

အင်းစောက်ရာဇဝင်အရ ဆယ်ခုမြောက် အန္တရကပ်ဖြစ်သည့် ကဿပဘုရားရှင်လက်ထက်တော်အခါက မြတ်စွာဘုရားသာသနာတော်တွင် ကောရဗ္ဗမင်းဆက် (၁၂) ဆက် စိုးစံတော်မူတော်မူခဲ့လေသည်။ ထိုမင်းဆက်များအနက် ဘုရင်မင်းစော အမည်ရှိ ကောရဗ္ဗမင်းလက်ထက်တွင် နဂါးညီနောင်တို့ ရေလွှမ်းမိုးဖျက်ဆီးသဖြင့် ကောရဗ္ဗတိုင်းကြီးပျက်စီးသွားလေသည်။ ထိုစဉ်အခါက မေဃဝတီခေါ် မာန်အောင်ကျွန်းမှာမူ တောင်နီတောင်ရှိ ဈာန်ပျံရသေ့တို့က နဂါးတို့ထံ တောင်းပန် အလှူခံကြသဖြင့် ရေလှိုင်းဘေးမှ လွတ်မြောက်ခဲ့ရသည်။ ရသေ့တို့က တောင်ခြေကို တောင်ဝေ့းဖြင့် ဝိုင်းပြကာ စည်းသတ်ပေးခဲ့သဖြင့် ရေဘေးမှ လွတ်မြောက်ခဲ့ရဖူးလေသည်။ ဤသို့ ရသေ့တို့က နဂါးတို့၏ နှစ်မြုပ်မှုဘေးမှ လွတ်မြောက်အောင်မြင်ရာ ဖြစ်၍ ထိုကျွန်းကို ယခုတိုင် မာန်အောင်ကျွန်းဟု ယနေ့တိုင်အမည်တည်ရှိခဲ့ခြင်းဖြစ်လေသည်။

ဘုရင်မင်းစောနှင့် မှူးမတ်ဗိုလ်ပါ



www.burmeseclassic.com

www.burmeseclassic.com

အခြေအရံတို့သည် ကောရပ္ပတိုင်း ပျက်စီးသဖြင့် ရှောင်တိမ်း၍ နယ်ပယ်မြို့ရွာသစ်ကို ရှာဖွေခဲ့ရာ ဒွါရာဝတီမြို့တော်ကောင်းကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဒွါရာဝတီမြို့အမည်ဖြင့်ပင် ဆက်လက် မင်းလုပ်အုပ်ချုပ်ခဲ့လေသည်။ ဒွါရာဝတီမြို့တွင် ဘုရင်မင်းစောသည် မိဖုရားတစ်ပါးတင်မြှောက်ခဲ့ရာ ထိုမိဖုရားမှာ ဘီလူးမဖြစ်လေသည်။ ဘီလူးမက တန်ခိုးဣဒ္ဓိပါဒ်ဖြင့် မင်းသမီးဟန်ဆောင်ခဲ့ရာ ဘုရင်က မသိသဖြင့် မိဖုရားတင်မြှောက်မိခဲ့ခြင်း ဖြစ်လေသည်။ ထိုမိဖုရားမှ သားတော်သုံးပါးနှင့် သမီးတော်တစ်ပါး ဖွားမြင်ခဲ့လေသည်။ ဘုရင်မင်းစောသည် တဖြည်းဖြည်းနှင့် မိဖုရားအား ဘီလူးမမှန်း သိလေသဖြင့် သားတော်ကြီးမှ တစ်ပါး မိဖုရားကြီးနှင့် သားတော်၊ သမီးတော်တို့အား နန်းတော်မှ နှင်ထုတ်လိုက်လေသည်။ သို့ဖြစ်ရာ မိဖုရားကြီးနှင့် သားတော်၊ သမီးတော်တို့သည် ဒွါရဝတီမြို့အရှေ့ဘက်ကမ်းတောင်ခြေကို အမှီပြု၍ နေထိုင်ကြလေသည်။ ပန်းစားဘီလူးမမိဖုရားကြီးနှင့် သားတော်၊ သမီးတော်တို့သည် ဝါသုရတောင် (အံတော်တော်(အံတော်တောင်ကြော)ကြောတစ်လျှောက် နေထိုင်ကျက်စားကြလျက် ဒွါရာဝတီမြို့ကို ၎င်းတို့၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ကူညီစောင့်ရှောက်ပေးကြလေသည်။


နန်းတော်တွင် ဖခမည်းတော်မင်းစောနှင့် ကျန်ရစ်သည့် သားတော်ကြီးမှာ လူစင်စစ်ပင် ဖြစ်သော်ငြားလည်း ဘီလူးမျိုးဖြစ်သဖြင့် အစွယ်ပါရှိလေသည်။ ထို့ကြောင့် ဖခမည်းတော် နတ်ရွာစံ ကံကုန်ပြီးနောက် (၉)ဆက်မြောက် ဘုရင်မင်းစောအဖြစ် ဒွါရာဝတီမြို့ကို ဆက်လက်အုပ်ချုပ် မင်းလုပ်တော်မူခဲ့လေသည်။ ထိုဘုရင်မင်းစောနှင့် ဒွါရဝတီမြို့တော်အား ပန်းစားနတ်ဘီလူးများ ဖြစ်ကြသည့် ညီတော်နှစ်ပါးနှင့် နှမတော်တို့ ဆက်လက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြလေသည်။

## ဒွါရာဝတီမြို့ပျံ

ဒွါရဝတီအမည်နှင့် ပတ်သက်၍ အမည်တူ ဒွါရဝတီမြို့များရှိခဲ့ပါသည်။ ထိုင်းနိုင်ငံတွင်လည်း ဒွါရာဝတီမြို့ရှိပါသည်။ မှန်နန်းရာဇဝင်တွင် တပင်ရွှေထီးသည် ယိုးဒယားသို့ ချီစဉ်ကာလက ဒွါရာဝတီမည်သော ယိုးဒယားမြို့ကို အပိုင်စားရသဖြင့် ပြသာဒိရာဇာက



သမိုင်းဝင် ကျောက်ပန်းတောင်းစေတီတော်



ဗုဒ္ဓ၏ငန်းမြွေမင်းဘဝရုပ်ပုံ



ဗုဒ္ဓ၏ ခါမင်းဘဝရုပ်ပုံ




တောင်စောင့်မယ်တော်နတ်ကွန်း



www.burmeseclassic.com

www.burmeseclassic.com

သာယာချောင်စွာ လျှောက်စာတင်သည်ဟု မှတ်တမ်းတွေ့ရသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် မှန်နန်းရာဇဝင်တော်ကြီးအရ ပင်တွင်းသင်းရာဇဝင်လာအရ သက္ကရာဇ် ၈၅၃ ခု၊ တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ရောင်ဖြူလာတွင် သစ်ရင်းတောအရှေ့တော၌ မင်းကြီးညိုသည် မြို့တည်၍ ဒွါရဝတီဟု သမုတ်တော်မူလေသည်ဟု ပါရှိပါသည်။ ထို့ကြောင့် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ဒွါရာဝတီသည် တောင်ငူစုတွင် ပါဝင်သည့် ဒွါရာဝတီ အခွန်တော်တိုက်နယ် ဖြစ်ခဲ့လေသည်။ ထို့ကြောင့် မဂ္ဂဇင်းတစ်စောင်တွင် ဆရာ(×××)က ဒွါရာဝတီနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီအား အထင်



ရွှေဆံတော်စေတီ



မြို့စောင့်ဘီလူးမသားအမိ



ပန်းစားဘီလူးမယ်တော်ကြီး



မယ်တော်ကြီး၏အနီးကပ်ပုံ




www.burmeseclassic.com

www.burmeseclassic.com



ဒွါရာဝတီမြို့တော်ခန်းမ



ဒွါရာဝတီမြစ်ကူးတံတားကြီး



အံတော်တောင်ပေါ်မှရှုခင်း

များ၍ ခေါင်းပါးရေးခဲ့လေသည်။ ထို့ကြောင့် ဒွါရာဝတီအမည်တူများ ရှိနေသဖြင့် သံတွဲမြို့(ဒွါရာဝတီ)မှာမူ အခြားဒွါရာဝတီများထက်သာလွန်သည့်ထူးခြားသည့် အမှတ်သညာဘွဲ့ထူးတစ်ခုရှိလေသည်။ ယင်းမှာ အခြားမဟုတ်။ ဒွါရာဝတီ(သံတွဲမြို့နယ်)သည် မြို့ရှင်ပျံတစ်ခုဖြစ်ကြောင်း စာရေးသူက အသိပေးရေးသား တင်ပြအပ်ပါသည်။

ဒွါရာဝတီမြို့ရှင်ပျံဟု အမည်ရသည်ကာ အခြားမဟုတ်ပါ။ အစွယ်ခေါ်ခေါ် မင်းစောရာဇာလက်ထက်တော်တွင် ဒွါရာဝတီမြို့တော်ကို အခြားရန်သူများက လာရောက်လုပ်ကြံ၍ မရနိုင်ဘဲရှိလေသည်။ ပန်းစားဘီလူးမမိဖုရားကြီးနှင့် သားတော်၊ သမီးတော်တို့က နတ်ဘီလူးတို့ သိဒ္ဓိတန်ခိုးဖြင့် မြို့ကိုပျံတက်စေအောင် သို့မဟုတ် နတ်ဝှက်သကဲ့သို့ ကွယ်ဝှက်ထားကြသဖြင့် ရန်သူများလာရောက်ခဲ့သော် မြို့သည် ပျံတက်သွားသည်၊ တစ်နည်းအားဖြင့် ပျောက်ကွယ်နေသည်ဟုဆိုပါသည်။

သမိုင်းအထောက်အထားများအရ ဒွါရာဝတီမြို့တော်၏ တစ်နေရာတွင် ရေကန်ကြီးတစ်ခုရှိလေသည်။ ထိုရေကန်တွင် ကျောက်မြည်းရုပ်တုရှိလေသည်။ မြို့စောင့်ဘီလူးမ ပြည်ဝက ရန်သူများကို တိုက်ခိုက်ရန်လာခဲ့သော် ကျောက်မြည်းရုပ်တု၏ကျောကို ပွတ်သပ်ပေးလေသည်။ ထိုအခါ ကျောက်မြည်းရုပ်သည် အော်မြည်သံပေးလေသည်။ ကျောက်မြည်းရုပ်ဟီသံ ကြားသဖြင့် မြို့စောင့်နတ်ဘီလူးတို့က မြို့ကို ပန်းစားနတ်ဘီလူးတို့၏ တန်ခိုးအာနုဘော်ဖြင့် မြို့ကိုပျံတက်စေလေခြင်းဖြစ်သည်။ မြို့ပျံသည်ဟု ဆိုရာတွင်လည်း ရန်သူများသည် တိုက်ခိုက်ရန် ပြင်ဆင်သည်နှင့် တစ်ပြိုင်နက် မြို့ပျောက်ကွယ်သွားကာ ကောင်းကင်ယံမှ လူသံ၊ ခွေးသံ၊ မြို့ရွာသဘာဝ ဆန်ဖွပ်သံ၊ မောင်းထောင်းသံ၊ ဆင်၊ မြင်း၊ စစ်ရထားပြေးလွှားသံ စသည်ဖြင့် အသံမျိုးစုံကို ကောင်းကင်ထက်ဝယ် ကြားနေရသည်ဟု ဆိုပါသည်။ ဤအဆိုကို ထောက်ထား၍ မြို့ပျံဖြစ်နိုင်ကြောင်း သက်သေပြနိုင်ပါသည်။ မြို့စောင့်နတ်ဘီလူးများသည် ဒွါရာဝတီမြို့ကို တန်ခိုးဖြင့်ပျံတက်စေပြီး သမုဒ္ဒရာထဲရှိ ကျွန်းငယ်တစ်ခုတွင် ချထားကာ ရန်သူများပြန်ကာမှ ထိုကျွန်းမှ ချီယူကာ ယခင် ဒွါရာဝတီမြို့နေရာတွင် ပြန်လည်တည်ရှိစေသည်

www.burmeseclassic.com

www.burmeseclassic.com

ဟု သိရှိရပါသည်။ ၎င်းကျွန်းငယ်မှာ မာန်အောင်ကျွန်းဖြစ်သည်ဟု ဆိုပါသည်။

## သံနှင့်ချိတ်တွဲ မြို့သံတွဲ

စွယ်စုံကျော်ထင်ကျမ်း၌ ကျည်းကန်ရှင်ကြီး နန္ဒမေဓာ၏အမေးကို ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက ဖြေဆိုရာတွင် 'အာကာတိမ်ယံ မိုးသို့ပျံ သံနှင့် ချိတ်တွဲ' ဟု အထင်အရှား ရေးသားထားလေသည်။ ကဝိလက္ခဏာသတ်ပုံကျမ်းတွင်လည်း 'ဒွါရာပူရ် မိုးသို့ပျံ သံနှင့် ချိတ်ကာတွဲ' ဟု ဖော်ပြပါရှိလေသည်။

ရန်သူများသည် ဒွါရာဝတီမြို့ပျက်ကို အကြိမ်ကြိမ် လုပ်ကြံ၍ မရနိုင်သဖြင့် လက်လျှော့ကာ ပြန်ရသည်ချည်း ဖြစ်လေသည်။ သို့ရာတွင် ဒွါရာဝတီမြို့ပျံ၏ ဘဝနေဝင်ချိန်သို့ ရောက်ရှိခဲ့ရသည်။ မဇ္ဈိမတိုင်းမှ ဥပကံသအမျိုးနွယ်ဖြစ်သည့် ဝါသုဒေဝ၊ ဗလဒေဝမင်းညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီမြို့ပျံ၏ ကျော်စောသတင်းကြောင့် မရအရယူကြံစည်နိုင်ရန် ရောက်ရှိလာခဲ့ကြသည်။ ရှေးယခင် ရန်သူတော်များနည်းတူပင် အကြိမ်ကြိမ် ဝန်းရံချည်းကပ် လုပ်ကြံကြလေသည်။ လုပ်ကြံတိုင်း မအောင်မြင်သဖြင့် မြို့ရွာအတွင်း စနည်းနာသတင်းထောက်ကြလေသည်။ မြို့တွင်းသို့ လျှို့ဝှက် ဝင်ရောက်၍ ထောက်လှမ်းကြလေရာ သတင်းကြီးသည့် ရသေ့ကြီး ကဏှဒီပါယနထံ ရောက်ရှိသွားကြလေသည်။ ရသေ့ကြီးထံ မေးမြန်းကြရာ ရသေ့ကြီးက ဤမြို့၏ ရေကန်တစ်နေရာတွင် ကျောက်မြည်းရုပ်တုရှိကြောင်း၊ မြို့စောင့်ဘီလူးမက ရန်သူများဝင်ရောက်လုပ်ကြံသော် ကျောက်မြည်းရုပ်၏ ကျောပြင်ကို ပွတ်သပ်ပေးကြောင်း၊ ထိုအခါ ကျောက်မြည်းရုပ်က ဟီကြောင်း၊ မြည်းဟီသံကြားသည်နှင့် မြို့စောင့်နတ်ဘီလူးများက တန်ခိုးဖြင့် မြို့ကို ကောင်းကင်ယံသို့ ချီပျံသွားကြကြောင်း ပြောပြလေသည်။

ဝါသုဒေဝညီနောင်တစ်ကျိပ်တို့က ဒွါရာဝတီမြို့ပျံကို လုပ်ကြံရရှိနိုင်ရန် မည်သို့ ကြံစည်ရမည်နည်းဟု ရသေ့ကြီးထံ အကြံဉာဏ်တောင်းခံလေသော် ရသေ့ကြီးက ဒွါရာဝတီမြို့၏ အရပ်လေးမျက်နှာအရပ်တို့၌ သံတံတင်းတို့ကို မြေ၌စိုက်လေပါ။ မြို့တံခါးလေးမျက်နှာတို့တွင် သံချောင်းများဖြင့် ဖွဲ့အပ်သော သံကွင်းများကို မြို့ပျံမည်ကြံသောအခါ ချိတ်တွဲဖွဲ့အပ်လေသော် အောင်နိုင်ရာ၏ဟု


သွေးကဲ့သို့ နီရဲသည့် ရေတွင်း


သံချောင်းရှိရာ (မ-ရ-က) အရာရှိစခန်း


သံတွဲမြို့ကိုချိတ်တွဲသည့်သံချောင်းတွေ့ရှိရာရေကန် (ဗိုလ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

အကြံဉာဏ်ပေးလိုက်လေသည်။ ဝါသုဒေဝညီနောင်တစ်ကျိပ်တို့သည် ရသေ့ကြီး အကြံဉာဏ်ပေးသည့်အတိုင်း မြို့ကို ဝင်ရောက်လုပ်ကြံရန် ကြိုးပမ်းကြလေ၏။ ထိုအခါ ကျောက်မြည်းရုပ်ဟီသဖြင့် မြို့သည် ပျံတက်မည်ပြုလေသည်။ ထိုအချိန်တွင် မြို့၏ အရပ်လေးမျက်နှာ၌ စောင့်ဆိုင်းနေကြသည့် မင်းသားတို့က လေးခုသောသံချောင်းတို့ကို ကိုင်ဆောင်၍ သံချောင်းတို့ဖြင့်ဖွဲ့အပ်သော သံကွင်းများကို သံတံတင်းတို့၌ ချိတ်ဆွဲတွဲနှောင်ကြလေသည်။ ထို့ကြောင့် ဒွါရာဝတီမြို့သည် ပျံတက်ရန်မစွမ်းနိုင်ဘဲ ဝါသုဒေဝမင်းညီနောင်တစ်ကျိပ်ထံတွင်ကျရှုံးသွားခဲ့လေသည်။ မင်းညီနောင်တစ်ကျိပ်တို့ သံဖြင့် ချိတ်ဆွဲလုပ်ကြံအောင်မြင်ကြသဖြင့် ဒွါရာဝတီမြို့ကို သံတွဲမြို့ဟု ယနေ့တိုင် ခေါ်ဝေါ်လာခဲ့လေတော့သည်။


အချို့က ဒွါရာဝတီမြို့တွင် ငှက်ရုပ်သဏ္ဌာန်တည်ရှိ၍ ဝေဟင်သို့ပျံတက်နိုင်ခဲ့သည်ဟု ဒဏ္ဍာရီဆန်ဆန် ပြောဆိုကြပါသည်။ သိမ်ကုန်းကျောင်းနေရာသည် ဦးခေါင်းနေရာဖြစ်၍ ရန်သူတို့ လုပ်ကြံခံရ၍ လည်ပင်းပြတ်နေကြောင်း ထိုနေရာမှ မိုးရာသီတွင် သွေးပမာ ရေနီများစီးထွက်လာကြောင်း၊ သိမ်ကုန်းကျောင်းအဝင် လက်ယာဘက် ချောက်ထဲ၌ ရေတွင်းနှစ်တွင်းရှိရာ တစ်တွင်းက ရေနီရေသန့်ထွက်ရှိသော်လည်း တစ်တွင်းမှာ သွေးကဲ့သို့ နီမြန်းသော ရေများသာ ထွက်ရှိကြောင်း သိရှိရပါသည်။ ဗိုလ်ကုန်းနေရာသည် ကောင်းကင်မှ ကြည့်လျှင် ငှက်အသွင်ရှိကြောင်းနှင့် ဦးခေါင်းရှိ လည်ပင်းနေရာ ပြန်ဆက်ပါက မြို့သည် ယခင်ရှေးကအတိုင်း ပျံတက်နိုင်စွမ်းရှိမည်ဟုလည်း ပြောဆိုကြပါသည်။

မြို့ကို စောင့်ရှောက်နေကြသည့် ပန်းစားဘီလူးမမိဖုရားကြီးနှင့် ပန်းစားနတ်ဘီလူးမောင်နှမသုံးဦးတို့၏ တန်ခိုးစွမ်းပကားကြောင့် ဒွါရာဝတီမြို့တော်သည် ကောင်းကင်ယံသို့ ပျံတက်ခဲ့ခြင်းမှာ ဗုဒ္ဓ၏ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်အရ ခိုင်မာသည့် ကျမ်းစာသက်သေအထောက်အထားပင် ဖြစ်ပါသည်။ အချို့ မြို့ပျံသည်ဟူသည့်အဆိုနှင့် မြို့ကွယ်ပျောက်သည်၊ နတ်ဘီလူးတို့က ဝှက်ထားသည့် ဒဏ္ဍာရီစကားမျာတွင် ရန်သူများသည် မိုးကောင်းကင်ထက်မှာလူ၊ သတ္တဝါ မြို့သူမြို့သားတို့၏အသံကို ကြားရခြင်း၊ ဆင်၊ မြင်းရထား၊ စစ်ရထား၊ စစ်သည်များ ပြေးလွှားသံကို ကြားရခြင်း၊ ဆန်ဖွပ်သံ၊ မောင်းထောင်းသံ၊ ကလေးသံ၊ ခွေးဟောင်သံများကို မိမိတို့ဦးခေါင်းပေါ်မှ အသံကြားနေရခြင်းကို ထောက်ရှု၍ ဒွါရာဝတီ သံတွဲမြို့ တကယ်ပျံတက်ခဲ့ခြင်းဆိုသည်မှာ မှန်ကန်ပေမည်။

ရွှေအံတော်စေတီရှိ တောင်ပိုင်မယ်တော်ကြီးကိစ္စကို လူအချို့ ယုံမှားသံသယရှိနေကြပေသည်။ အမှန်မှာ သံသယရှိရန်မလိုပါ။ လူယောင်ဖန်ဆင်းထားသည့် ပန်းစားဘီလူးမကြီးကို အဌမမြောက်ဘုရင်မင်းစောက မိဖုရားအရာ မြှောက်စားခဲ့သည်။ပထမသားတော်ကြီး မင်းစောမှာ လူသားစင်စစ်ဖြစ်ပြီး ဘီလူးအနွယ်ဖြစ်၍ အစွယ်ပါရှိလေသည်။ နတ်ဘီလူးမမှန်းသိသွားသည့် ဘုရင်မင်းစောက လူသားဖြစ်သည့် သားတော်ကြီးအား ထီးမွေနန်းလျာချန်ရစ်၍ နတ်ဘီလူးမ မိဖုရားကြီးနှင့် ဘီလူးသားတော်၊ သမီးတော်တို့ကို ဒွါရာဝတီမြစ်အရှေ့ဘက်ကမ်းသို့ နှင်ထုတ်လိုက်ကာ အံတော်တောင်ကြောတစ်ခုလုံးကို အပိုင်စား ပေးသနားတော်မူခဲ့လေသည်။ ပန်းစားဘီလူးမကြီးနှင့် ဘီလူးမောင်နှမများက နဝမမြောက် အစွယ်ခေါ်ခေါ်မင်းစောရာဇာလက်ထက်တွင် မြို့ကို ရန်သူများ အလွယ်တကူ လုပ်ကြံ၍ မအောင်မြင်နိုင်စေရန် ပန်းစားဘီလူတို့တန်ခိုးဖြင့် ကူညီခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် တောင်ပိုင်မယ်တော်ကြီးနတ်နန်းနှင့် တောင်ပိုင်မယ်တော်ကြီးရုပ်တုကို ရွှေအံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်လက်ယာဘက်တွင် ထုလုပ်တည်ဆောက်ပေးထားခြင်း ဖြစ်ပါသည်။ ဒွါရာဝတီပဌာန်းဆက်အရ သံတွဲမြို့မှ ကိုချိုကြီး (ဒွါရာဝတီ-တားဂိတ်ပိုင်ရှင်) အား ထင်ထင်ရှားရှား အိပ်မက်ပေးတိုက်တွန်းခြင်း၊ သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး၏ဇနီး ဒေါ်အေးမြတ်သူအား ထင်ရှားစွာ အိပ်မက်ပေးခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ မင်းဗာထီးတော်တင်အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးချက်ဖွားအား ကိုယ်ထင်ပြသ၍ အကူအညီပေးခြင်း၊ သံတွဲမြို့ ဒွါရာဝတီမြို့သစ်မှ မော်တော်ယာဉ်ပိုင်ရှင် ကိုခိုင်သည် ဒုလ္လဘဝတ်၍ ရွှေအံတော်စေတီတော်ပေါ်တွင် နေထိုင်ခဲ့စဉ် မျက်စိဖြင့် တတ်အပ်သေချာ ထင်ရှားစွာ တွေ့မြင်ခွင့်ရခြင်း၊ မြို့နယ်စည်ပင်မှ ဦးအောင်ကျော်မင်း၊ ဒေါ်နွယ်နီ၊ ဒွါရာဝတီမြို့သစ်မှ ဦးလှဝင်း၊ စကိုင်းဗွီဒီယိုရိုက်ကူးရေးမှ ကိုဂျူးဂျူတို့၏ အတွေ့အကြုံအရ ၎င်းတောင်ပိုင်မယ်တော်ကြီးရုပ်တုတော်ကို နတ်နန်းနှင့်တကွ ထုလုပ်တည်ဆောက်ပေးခြင်း ဖြစ်သည်။ အိပ်မက်များအရ မိဖုရားကြီး ပန်းစားဘီလူးမဘဝမှ ကွယ်လွန်စုတေခဲ့ပြီးနောက် စတုမဟာရာဇ်နတ်မျိုးနွယ် စတုမဟာရာဇ်နတ်သမီးဘဝသို့ ရောက်ရှိပြီးနောက် ယခုအခါတွင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်ရ ရွှေအံတော်စေတီတွင် နတ်သမီးစောင့်ရှောက်လျက်ရှိပါသည်။

သံတွဲမြို့တွင် သမိုင်းဝင်စေတီများအဖြစ် ရွှေအံတော်စေတီ၊ ရွှေဆံတော်



ကျုံးတွင်းရုပ်ကြွက်နေရာ

www.burmeseclassic.com

စေတီ၊ ရွှေနံ့တော်စေတီမြတ်သုံးဆူသည် မြင့်မားသည့် တောင်သုံးလုံးပေါ်တွင် တြိဂံသဖွယ်တည်ရှိပေရာ ဒွါရာဝတီ (သံတွဲ)မြို့မှာ ထိုဘုရားသုံးဆူ၏အလယ်တွင် တည်ရှိနေပေသည်။ သက္ကရာဇ် ၁၂၅ ခုတွင် ဗုဒ္ဓမြတ်စွာသည် စန္ဒာသူရိယဘုရင်မင်းမြတ်၏ ပင့်ဆောင်လျှောက်ထားချက်အရ ဓညဝတီ ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့ကာ ထိုမှတစ်ဆင့် ဒွါရာဝတီ သံတွဲမြို့သို့ရောက်ရှိကာ သံတွဲမြို့အရှေ့တောင်ဘက်အရပ်ရှိ တန့်ဒေးတောင် (မြတ်ဗုဒ္ဓရပ်တန့်သီတင်းသုံးသည့်တောင်)တွင် ရပ်တန့်၍ ဗျာဒိတ်တော် ပေးသနားကာ နောင်တွင် စေတီတော်သုံးဆူ တည်ထားကိုးကွယ်လိမ့်မည်ဟု မိန့်မြွက်မှာကြားခဲ့လေသည်။ ထိုဗျာဒိတ်တော်အရ ဘုရားသုံးဆူသာမက ဒန့်ဒေတောင်စေတီတော်၊ လေးမျက်နှာစေတီတော်၊ ကျောက်ပန်းတောင်းစေတီတော်၊ စန္ဒြားစေတီတော်တို့ကိုလည်း ဖူးမြော်နိုင်ပါသည်။ ငပလီကမ်းခြေတွင် ဂျိတ္တောရွာ လုံးသာကမ်းခြေရှိ အမတာသုခတောင် (မဒေးတောင်)တွင် အလိုတော်ပြည့်ဆရာတော်ဘုရားကြီး တည်ထားသည့် (၅၄) ပေ ညာဏ်တော်အမြင့်ရှိသည့် တိလောကသယမ္ဘူ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလည်း ငပလီကမ်းခြေရှုခင်းများကို တောင်ပေါ်မှ ရှုစားရင်း ဖူးမြော်နိုင်ပါသည်။

ဒွါရာဝတီ သံတွဲမြို့ကို ဒွါရာဝတီ သံတွဲမြစ်ကြီးက သာယာလှပသောလယ်ယာတောတောင်မြို့ရွာရှုခင်းများနှင့် ရစ်ခွေစီးဆင်းနေသည်ကို ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူရှိရာတောင်ပေါ်မှ ရှုမြင်ခံစားနိုင်ကြပါသည်။ သံတွဲမြို့၏ တည်ရှိနေပုံမှာ အရှေ့ဘက်တွင် တောင်တံတိုင်းကြီးအထပ်ထပ်ဖြစ်သည့် ရခိုင်ရိုးမတောင်တန်းကြီးက ကာရံလျက် အနောက်ဘက်တွင် ငပလီကဲ့သို့ သာယာလှပသည့် ကမ္ဘာကျော်ကမ်းခြေများဖြင့် ဖွဲ့စည်းထားသည့် ဘင်္ဂလားပင်လယ်အော်ကြီးရှိပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ငပလီကမ်းခြေမြို့တော် တည်ဆောက်၍ ငပလီကို ဘာလီကျွန်းကဲ့သို့ ခရီးသွားလာရေးနှင့် အပန်းဖြေဟိုတယ်လုပ်ငန်းကို မြှင့်တင်လုပ်ကိုင်နေပြီ ဖြစ်ပါသည်။

ဒွါရာဝတီ သံတွဲမြို့ကို ဓညဝတီပြည့်ရှင် ရခိုင်ဘုရင်များက သားတော်၊ ညီတော်များကို အပိုင်စားပေးသနား၍ သံတွဲဘုရင်အဖြစ် ထီးနန်းစိုးစံခဲ့ကြသည်။ သံတွဲစားဘုရင်များမှာ နရနူ (အလီခင်)၊ ဘစောသီရိ (မင်းပါကြီး)၊ ဥပရာဇာ (မင်းပါကြီး၏ သားတော်)၊ မင်းအောင်လှ (မင်းပါကြီး၏ ညီတော်)၊ စကြဝတေးမင်း (မင်းဖလောင်း၏ ဘထွေးတော်)၊ ဝန္ဒသူ၊ သတိုးအောင်၊ စည်သဘင် စသည့်မင်းများဖြစ်ပါသည်။

သံတွဲစားမင်း နရနူ(အလီခင်)၏ မိဖုရား စောယဉ်မိမှာ ရခိုင်စာဆိုရှင်ဖြစ်၍ သံတွဲမြို့ကို မြို့ရှင်ပျံဖြစ်ကြောင်းကို '*ထီးနန်းတည်ရာ မယ်တို့ရွာလည်း ဒွါရာဝတီ သိင်္ဂီရောင်လျှံ မြို့ရှင်ပျံဝယ်*' ဟု ဂုဏ်တင်ရေးဖွဲ့ခဲ့သည်။ ထို့ကြောင့် သံတွဲမြို့သူမြို့သားတို့က ဒွါရာဝတီ သံတွဲမြို့ကို 'ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ၊ မြို့သံတွဲ' ဟု ဂုဏ်ပြောဆိုခဲ့ကြခြင်း ဖြစ်လေသည်။

သံတွဲမြို့တွင် ရှေးယခင်ဘုရင်များ လက်ထက်က မြို့နန်းတည့်ကာ ကျုံးနေရာဖြစ်သည့် သံတွဲမြို့၏ တောင်ဘက်ခြမ်း ဗိုလ်ကုန်းတောင်ခြေအစပ်ကို ယခုတိုင် ကျုံးတွင်းရပ်ဟု ခေါ်ဆိုနေမြဖြစ်ပါသည်။ သံတွဲမြို့တောင်ဘက်ရှိ ဗြိတိသျှနယ်ပိုင်၊ မြို့ပိုင်များရုံးစိုက်ရာ ဗိုလ်ကုန်းနယ်မြေမှာလည်း ဂမ္ဘီရဆန်လွန်းလှပါသည်။ သံတွဲမြို့တွင် နယ်ချဲ့ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်တွန်းလှန်ခဲ့သည့် ဇော်ဂျီဗိုလ်၊ ကျောက်စိမ်းဗိုလ်၊ မျက်ကန်းဗိုလ်တို့၏ တော်လှန်ရေးသမိုင်းက အထင်အရှား ပြောဆိုနေကြဆဲ ဖြစ်ပါသည်။ လက်လှမ်းမီသူ သံတွဲသားများက ရေးသားဖော်ထုတ် ပြုစုတင်ပြသင့်ပါသည်။

စာရေးသူသည် အလယ်တန်းကျောင်းသားနှင့် အထက်တန်းကျောင်းသားဘဝက သံတွဲမြို့တွင် အစ်မဖြစ်သူ၏ နေအိမ်တွင် စခန်းချကာ ပညာသင်ကြားခဲ့သူဖြစ်သဖြင့် သံတွဲမြို့နေရာဒေသအနှံ့အပြားကို များစွာထိတွေ့ခွင့်ရရှိခဲ့ပါသည်။

သတ္တမတန်းကျောင်းသားအရွယ်က ဗိုလ်ကုန်းနေရာသို့ မကြာခဏရောက်ရှိနေခဲ့ရာ သံတွဲမြို့ကို သံချောင်းများဖြင့် တွဲနှောင်ချိတ်ဆွဲ၍ လုပ်ကြံခဲ့သည့် သံချောင်းများဟု ယူဆရသော ထိပ်ဝတစ်မိုက်ခန့်ကျယ်သည့် သံလုံးသံချောင်းကြီးများကို တွေ့မြင်ခဲ့ရဖူးပါသည်။ ပထမတစ်ခုမှာ သံတွဲမြို့ မီးသတ်တပ်ဖွဲ့အနီး ဗိုလ်ကုန်းတက်လမ်းတစ်ဖက်ရှိ ရေကန်ထဲတွင် ဖြစ်ပါသည်။ ဒုတိယသံတစ်ချောင်းမှာ ယခု မ-ရ-ကနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနေထိုင်သည့် ဗိုလ်ကုန်းပေါ်ရှိ နေအိမ်အဆောက်အအုံရှေ့တွင် ဖြစ်ပါသည်။ ယောက်ျားကြီးပေါင်လုံးခန့်ကြီးမားသည့် ထိုသံချောင်းပိုက်လုံးကြီးသည် အပေါ်သို့ (၁၀) ပေခန့် ရှည်ထွက်နေပါသည်။ မြေထဲတွင် စိုက်ဝင်နေသော်လည်း ခိုင်မာစွာ ရပ်တည်နေမှုမရှိဘဲ မြေအောက်တွင် သံကွင်းဆက်ဖြင့် ချိတ်ဆက်တည်ရှိနေပုံပေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသံပိုက်လုံးကိုကိုင်လှုပ်ပါက အလွယ်တကူယိမ်းယိုင်လှုပ်ရှားနေသော်လည်း အားစိုက်ဆွဲထုတ်ယူရန် ကြိုးပမ်းသော်လည်း မရနိုင်ပါ။ မြေပြင်တွင် စို့ရိုက်သကဲ့သို့ ရိုက်ထားပါက ခိုင်မတ်စွာ စူးဝင်နေသဖြင့် လှုပ်ရှားမည် မဟုတ်ပါ။ ယခုမူ မြေထဲတွင် အလွယ်တကူ ရွေ့လျား ယိမ်းယိုင်နေပုံမှာ သံကွင်းဆက်ရှိနေသဖြင့် ဤသို့ယိမ်းယိုင်သည်ဟု စာရေးသူ သုံးသပ်မိပါသည်။

ဒွါရာဝတီဟု အမည်တွင်ခဲ့သည်မှာလည်း မြို့ဝင်ထွက်လမ်းတံခါးပေါက်များတည်ရှိရာမြို့ဟု ဖွင့်ဆိုကြပါသည်။ သံတွဲမြို့ကို မူတည်၍ အရှေ့ဘက်တွင် သံတွဲ-တောင်ကုတ်လမ်းမကြီး၊ တောင်ဘက်တွင် သံတွဲ - ဂွကားလမ်းမကြီး၊ မြောက်ဘက်တွင် သံတွဲ-ကင်းမော်လမ်းမကြီး၊ အနောက်ဘက်တွင် သံတွဲ-ငပလီလမ်းမကြီးစသည်ဖြင့် မိန်းလမ်းမကြီးအဝင်အထွက်နေရာလေးခုရှိနေပါသည်။ ဤသည်လည်း 'ဒွါရာဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ' ကို လာရောက်လေ့လာလှည့်ပါဟု မိတ်သဟာအပေါင်းတို့အား စိတ်စေတနာကောင်းဖြင့် ရေးသား ဖိတ်ခေါ်လိုက်ရပါတော့သည်။

**ကျမ်းကိုးကားစာရင်း -**


ရွှေအံတော်စေတီသမိုင်း
(ဦးဘိုးဝါ)
ရွှေအံတော်စေတီသမိုင်း
(အရှင်ကောသလ္လ-ဂဝေသီ)
ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု(တတိယတွဲ)
စွယ်စုံကျော်ထင်ကျမ်း
ကဝိလက္ခဏာသတ်ပုံကျမ်း
သိင်္ဂီရောင်လျှံ မြို့ရှင်ပျံ
(မကြန်၊ ခင်မောင်)
ရခိုင်ရာဇဝင်သစ်
(ရမ်းပြည့်တောင်ကျောင်းဆရာတော်)


ရွှေချိုအောင် (ငပလီ)



www.burmeseclassic.com

www.burmeseclassic.com



လှမြင့်

# နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်ပါဠိဂါထာတော်

နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များမှာ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝ၌ နိယတဗျာဒိတ်ကို စတင် ခံယူတော်မူသည့် 'သာရမဏ္ဍကမ္ဘာ' တွင်ပွင့်တော်မူခဲ့သော တဏှင်္ကရာမြတ်စွာဘုရားမှသည် ဂေါတမမြတ်စွာဘုရားတိုင်အောင်ပွင့်တော်မူခဲ့သည့် (၂၈) ဆူသော ဘုရားအပေါင်းကို ရည်စူးပူဇော်ခြင်း ဖြစ်သည်။

ဂေါတမ ဘုရားလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားလေးဆူပွင့်တော်မူသော သာရမဏ္ဍကမ္ဘာ၏ လေးဆူမြောက်ပွင့်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်၌ နိယတဗျာဒိတ်တော်ကိုခံယူတော်မူခဲ့သည်။ ထိုဘုရားလေးဆူပွင့်တော်မူသော သာရမဏ္ဍကမ္ဘာတွင် ပထမဆုံးပွင့်တော်မူသောဘုရားရှင်မှာ တဏှင်္ကရာဘုရားရှင်ဖြစ်သည်။ ဒုတိယမြောက်ပွင့်တော်မူသောဘုရားရှင်မှာ မေဓင်္ကရာဘုရားရှင်ဖြစ်သည်။ တတိယမြောက်ပွင့်တော်မူသောဘုရားရှင်မှာ သရဏင်္ကရာဘုရားရှင်ဖြစ်သည်။ စတုတ္ထမြောက်ပွင့်တော်မူသောဘုရားရှင်မှာ ဒီပင်္ကရာဘုရားရှင်ဖြစ်သည်။ ထို့ကြောင့် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များကို စတင်ပူဇော်ရာတွင် ဒီပင်္ကရာဘုရားရှင်မှ စတင်ရှိခိုးပူဇော်ခြင်းမပြုဘဲ ဘုရားလေးဆူပွင့်တော်မူသော သာရမဏ္ဍကမ္ဘာ၏ ပထမဆုံးပွင့်တော်မူသော တဏှင်္ကရာဘုရားရှင်မှစတင်၍ မျက်မှောက်ကာလ ဘုရားငါးဆူပွင့်သော ဘဒ္ဒကမ္ဘာ၏ စတုတ္ထမြောက်ပွင့်တော်မူသော ဂေါတမဘုရားရှင်တိုင်အောင်ပွင့်တော်မူခဲ့သည့် (၂၈) ဆူသောဘုရားရှင်များကို ရည်စူးပူဇော်ခြင်းပင် ဖြစ်ပါသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ ဗုဒ္ဓဝင်အကျဉ်းချုပ်မှာ -

၁။ တဏှင်္ကရာဘုရား(သာရမဏ္ဍကမ္ဘာ) သည် မောရဝတီတိုင်းပြည်တွင် ခမည်းတော် နရိန္ဒမင်းနှင့် မယ်တော် သီရိစန္ဒာတို့မှ ဖွားမြင်သည်။ ဗုဒ္ဓရစရိယာ ဆယ်လကျင့်ကြံပြီး ကံ့ကော်ပင်တွင် ပွင့်တော်မူ၍ ဉာဏ်တော် (၈၈) တောင်ရှိသည်။ သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၂။ မေဓင်္ကရာဘုရား (သာရမဏ္ဍကမ္ဘာ) သည် ကာသိဝတီတိုင်းပြည်တွင် ခမည်းတော် အဂ္ဂိသေနမင်းနှင့် မယ်တော် သုမာလာတို့မှ ဖွားမြင်သည်။ ဗုဒ္ဓရစရိယာခြောက်လကျင့်ကြံ၍ သရက်ဖြူပင်တွင် ပွင့်တော်မူပြီး ဉာဏ်တော်အတောင် (၈၀) ရှိသည်။ သက်တမ်းကိုးသောင်းဖြစ်သည်။

၃။ သရဏင်္ကရာဘုရား (သာရမဏ္ဍကမ္ဘာ) သည် ခေမာတိုင်းပြည်တွင် ခမည်းတော် သုဘိန္ဒမင်းနှင့် မယ်တော် သီရိမာလာတို့မှဖွားမြင်၍ ဗုဒ္ဓရစရိယာသုံးလကျင့်ကြံပြီး ညောင်ကြတ်ပင်၌ ဘုရားဖြစ်တော်မူသည်။ ဉာဏ်တော်အတောင် (၉၀) ရှိပြီး သက်တမ်းကိုးသောင်းဖြစ်သည်။

၄။ ဒီပင်္ကရာဘုရား (သာရမဏ္ဍကမ္ဘာ) သည် ရမ္မဝတီတိုင်းပြည်တွင် ခမည်းတော် သုဒေဝမင်းနှင့် မယ်တော် သုမေဓာတို့မှ ဖွားမြင်သည်။ မိဖုရားမှာ ပဒုမာဒေဝီနှင့် သားတော် ဥသဘက္ခန္ဓဖြစ်ပြီး ဆင်တော်ကိုစီး၍ တောထွက်တော်မူသည်။ ဗုဒ္ဓရစရိယာ ဆယ်လကျင့်ကြံတော်မူပြီး သံသတ်ပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံသည် သုမင်္ဂလမထေရ်ဖြစ်ပြီး လက်ဝဲရံသည် တိဿမထေရ်ဖြစ်သည်။ ဉာဏ်တော်အတောင် (၈၀) ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၅။ ကောဏ္ဍညဘုရား (သာရကမ္ဘာ) သည် ရမ္မဝတီတိုင်းပြည်တွင် ခမည်းတော် သုနန္ဒမင်းနှင့် မယ်တော် သုဇာတာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ ရုစိဒေဝီဖြစ်ပြီး သားတော်မှာ ဝိဇိတသေနဖြစ်သည်။ မြင်းရထားဖြင့် တောထွက်တော်မူပြီး ဗုဒ္ဓရစရိယာ ဆယ်လကျင့်ကြံ၍ အင်ကြင်းပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံ မဟာထေရ်သည် ဘဒ္ဒမထေရ်၊ လက်ဝဲရံ မဟာထေရ်သည် သုဘဒ္ဒဖြစ်ပြီး ဉာဏ်တော်အတောင် (၈၀) ရှိ၍ သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၆။ မင်္ဂလဘုရား (သာရမဏ္ဍကမ္ဘာ) သည် ဥတ္တရတိုင်းပြည်တွင် ခမည်းတော် ဥတ္တရမင်းနှင့် မယ်တော် ဥတ္တရာမိဖုရားတို့မှ ဖွားမြင်ခဲ့သည်။ မိဖုရားမှာ ယသဝတီဖြစ်ပြီး သားတော်မှာ သီဝလ ဖြစ်သည်။ မြင်းတော်ဖြင့် တောထွက်တော်မူပြီး ဗုဒ္ဓရစရိယာ ရှစ်လကျင့်တော်မူ၍ ကံ့ကော်ပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံ မဟာထေရ်သည် သုဒေဝ၊ လက်ဝဲရံ မဟာထေရ်သည် ဓမ္မသေနဖြစ်ပြီး ဉာဏ်တော် (၈၈) တောင်ရှိ၍ သက်တမ်းမှာ ကိုးသောင်းဖြစ်သည်။

၇။ သုမနဘုရား (သာရမဏ္ဍကမ္ဘာ) သည် မေခလတိုင်းပြည်တွင် ခမည်းတော် သုဒတ္တသူကြွယ်နှင့် မယ်တော် သီရိမာတို့မှ ဖွားမြင်ပြီး မိဖုရားမှာ ဝဋံသိကာဖြစ်သည်။ သားတော်မှာ အနုပမဖြစ်သည်။ ဆင်တော်ဖြင့် တောထွက်တော်မူပြီး ဗုဒ္ဓရစရိယာ ဆယ်လကျင့်ကြံ၍ ကံ့ကော်ပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သရဏ၊ လက်ဝဲရံမဟာထေရ်သည် သာဝိတတ္တ ဖြစ်သည်။ ဉာဏ်တော်အတောင် (၉၀) ရှိ၍ သက်တမ်းမှာ ကိုးသောင်းဖြစ်သည်။

၈။ ရေဝတဘုရား (သာရမဏ္ဍကမ္ဘာ) သည် သုဓညဝတီတိုင်းပြည်တွင် ခမည်းတော် ဝိပုလမင်းနှင့် မယ်တော် ဝိပုလာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ သုဒဿနာဖြစ်ပြီး သားတော်သည် ဝရုဏဖြစ်သည်။ မြင်းရထားဖြင့် တောထွက်တော်မူပြီး ဗုဒ္ဓရစရိယာကို



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်ရက်ကျင့်ကြံတော်မူ၍ ကံ့ကော်ပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံ မဟာထေရ်သည် အသမဖြစ်၍ လက်ဝဲရံမဟာထေရ်သည် သုနေတ္တဖြစ်သည်။ ဉာဏ်တော် (၅၈) တောင်ရှိပြီး သက်တမ်းမှာ ခြောက်သောင်း ဖြစ်သည်။

၉။ သောဘိတဘုရား (သာရမဏ္ဍကမ္ဘာ) သည် သုဓမ္မတိုင်းပြည်တွင် ခမည်းတော် သုဓမ္မမင်းနှင့် မယ်တော် သုဓမ္မာတို့မှ ဖွားမြင်သည်။ မိဖုရားသည် မဏိလာဒေဝီဖြစ်သည်။ သားတော်မှာ သီဟဖြစ်သည်။ ရွှေနန်းတော်မှ တောထွက်တော်မူပြီး ဒုက္ကရစရိယာ လေးလကျင့်ကြံတော်မူ၍ ကံ့ကော်ပင်၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူ၏။ လက်ယာရံမဟာထေရ်သည် အသမဖြစ်ပြီး လက်ဝဲရံမဟာထေရ်သည် သုနေတ္တဖြစ်သည်။ ဉာဏ်တော် (၅၈) တောင်ရှိပြီး သက်တမ်း ကိုးသောင်းဖြစ်သည်။

၁၀။ အနောမဒဿီဘုရား (ဝရကမ္ဘာ) သည် စန္ဒဝတီတိုင်းပြည်တွင် ခမည်းတော် ရသဝါမင်းနှင့် မယ်တော် ယသော်ဓရာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားသည် သိရိမာဖြစ်ပြီး သားတော်သည် ဥပဝါဏဖြစ်သည်။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာ ဆယ်လကျင့်ကြံတော်မူ၍ ထောက်ကြံ့ပင်၌ ဘုရားဖြစ်တော်မူ၏။ လက်ယာရံ မဟာထေရ်သည် နိသတဖြစ်ပြီး လက်ဝဲရံမဟာထေရ်သည် အနောမဖြစ်သည်။ ဉာဏ်တော် (၅၈) တောင်ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၁၁။ ပဒုမဘုရား(ဝရကမ္ဘာ)သည် စမ္ပကတိုင်းပြည်တွင် ခမည်းတော် အသမမင်းနှင့် မယ်တော် အသမာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ ဥတ္တရာဒေဝီဖြစ်ပြီး သားတော်သည် ရမ္မ ဖြစ်သည်။ မြင်းရထားဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို ဆယ့်ငါးရက်ကျင့်ကြံတော်မူ၍ ကြောင်လျှာပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သာလဖြစ်ပြီး လက်ဝဲရံမဟာထေရ်သည် ဥပသာလ ဖြစ်သည်။ ဉာဏ်တော် (၅၈) တောင်ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၁၂။ နာရဒဘုရား (ဝရကမ္ဘာ) သည် ဓညဝတီတိုင်းပြည်၌ ခမည်းတော် သုဒေဝမင်းနှင့် မယ်တော် အနောမာ မိဖုရားတို့မှဖွားမြင်သည်။ မိဖုရားမှာ ဝိဇိတသေနာဖြစ်၍ သားတော်မှာ နန္ဒုတ္တရဖြစ်သည်။ ခြေလျှင်ဖြင့်တောထွက်တော်မူပြီး ဒုက္ကရစရိယာကို ခုနစ်ရက်ကျင့်ကြံတော်မူ၍ ကြောင်လျှာပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် ဘဒ္ဒသာလ၊ လက်ဝဲရံမဟာထေရ်သည် ဇိတမိတ္တ ဖြစ်သည်။ ဉာဏ်တော် (၈၈) တောင်ရှိပြီး သက်တမ်းမှာ ကိုးသောင်းဖြစ်သည်။

၁၃။ ပဒုမုတ္တရာဘုရား (သာရကမ္ဘာ) သည် ဟံသာဝတီတိုင်းပြည်တွင် ခမည်းတော် အာနန္ဒမင်းနှင့် မယ်တော် သုဇာတာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ ဝသုဒတ္တာဖြစ်ပြီး သားတော်သည် ဥတ္တရဖြစ်သည်။ စံနန်းတော်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာ ခုနစ်ရက်ကျင့်ကြံပြီး ထင်းရှူးပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံ မထေရ်သည် ဒေဝီလဖြစ်ပြီး လက်ဝဲရံ မထေရ်သည် သုဇာတ ဖြစ်သည်။ ဉာဏ်တော် (၈၈) တောင်ရှိပြီး သက်တမ်း တစ်သိန်းဖြစ်သည်။

၁၄။ သုမေဓာဘုရား(မဏ္ဍကမ္ဘာ) သည် သုဒဿနတိုင်းပြည်တွင် ခမည်းတော် သုဒတ္တသူကြွယ်နှင့် မယ်တော် သုဒတ္တာတို့မှ ဖွားမြင်သည်။ မိဖုရားမှာ သုမနာဒေဝီဖြစ်၍ သားတော်မှာ ပုနဗ္ဗသုဖြစ်သည်။ ဆင်တော်စီး၍ တောထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာ ရှစ်လကျင့်ကြံ၍ တမာပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သရဏဖြစ်၍ လက်ဝဲရံမဟာထေရ်သည် သဗ္ဗကာမဖြစ်သည်။ ဉာဏ်တော် (၈၈) တောင်ရှိပြီး၊ သက်တမ်း ကိုးသောင်းဖြစ်သည်။

၁၅။သုဇာတာဘုရား (မဏ္ဍကမ္ဘာ) သည် သုမင်္ဂလာတိုင်းပြည်တွင် ခမည်းတော် ဥဂ္ဂတမင်းနှင့် မယ်တော် ပဘာဝတီ မိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ သီရိနန္ဒာဖြစ်ပြီး သားတော်မှာ ဥပသေနဖြစ်သည်။ မြင်းတော်ကိုစီး၍ တောထွက်ခဲ့ပြီး ဒုက္ကရစရိယာ ဆယ်လကျင့်ကြံတော်မူ၍ ကြခတ်ပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ လက်ယာရံ မဟာထေရ်မှာ သုဒဿနဖြစ်၍ လက်ဝဲရံမဟာထေရ်သည် သုဒေဝဖြစ်သည်။ ဉာဏ်တော် အတောင် (၅၀) ရှိ၍ သက်တမ်းသည် ကိုးသောင်းဖြစ်သည်။

၁၆။ ပိယဒဿီဘုရား (ဝရကမ္ဘာ) သည် အနောမတိုင်းပြည်တွင် သုဒတ္တမင်းနှင့် သုစန္ဒာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားမှာ ဝိမလဒေဝီဖြစ်ပြီး သားတော်မှာ ကဥ္စနဝေဠုဖြစ်သည်။ မြင်းရထားဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို တစ်လကျင့်ကြံတော်မူ၍ သျှစ်သျှားပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံမထေရ်မှာ ပါလိတဖြစ်ပြီး လက်ဝဲရံမထေရ်မှာ သဗ္ဗဒဿီဖြစ်သည်။ ဉာဏ်တော် အတောင် (၈၀) ရှိ၍ သက်တမ်း ကိုးသောင်းဖြစ်သည်။

၁၇။ အတ္ထဒဿီဘုရား(ဝရကမ္ဘာ) သည် သောဘဏတိုင်းပြည်၌ ခမည်းတော် သာဂရမင်းနှင့် မယ်တော် သုဒဿနာတို့မှ ဖွားမြင်သည်။ မိဖုရားသည် ဝိသာခါဖြစ်၍ သားတော်သည် သေလဖြစ်သည်။ မြင်းတော်ဖြင့် တောထွက်တော်မူခဲ့ပြီး ဒုက္ကရစရိယာကို ဆယ့်ငါးရက်ကျင့်ကြံ၍ တမာပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ လက်ယာရံမထေရ်မှာ သန္တဖြစ်ပြီး လက်ဝဲရံမထေရ်သည် ဥပသန္တ ဖြစ်သည်။ ဉာဏ်တော် အတောင် (၈၀) ရှိ၍ သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၁၈။ ဓမ္မဒဿီဘုရား (ဝရကမ္ဘာ) သည် သရဏတိုင်းပြည်တွင် သရဏမင်းနှင့် သုနန္ဒာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားသည် ဝိစိကောဠီဖြစ်၍ သားတော်သည် ပုညဝဍ္ဎနဖြစ်သည်။ နန်းပြာသာဒ်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို ခုနစ်ရက်ကျင့်ကြံလျက် သံသတ်ပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် ပဒုမဖြစ်ပြီး လက်ဝဲရံမဟာထေရ်မှာ ဖုဿဒေဝဖြစ်သည်။ ဉာဏ်တော် အတောင် (၈၀) ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၁၉။ သိဒ္ဓတ္ထဘုရား (သာရကမ္ဘာ) သည် သောရတိုင်းပြည်တွင် ဥဒေနမင်းကြီးနှင့် သုဖဿမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားသည် သောမနဿဖြစ်၍ သားတော်သည် အနုပမဖြစ်လေသည်။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာ ဆယ်လကျင့်ကြံတော်မူပြီး မဟာလှေခါးပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သမ္ဗလဖြစ်၍ လက်ဝဲရံမဟာထေရ်သည် သုမိတ္တဖြစ်သည်။ ဉာဏ်တော် အတောင် ခြောက်ဆယ်ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၂၀။ တိဿဘုရား (မဏ္ဍကမ္ဘာ) သည် ခေမကတိုင်းပြည်၌ ဇနသန္ဓမင်းနှင့် ပဒုမာမိဖုရားတို့မှ ဖွားမြင်တော်မူသည်။ မိဖုရားသည် သုဘဒ္ဒါဖြစ်ပြီး သားတော်မှာ အာနန္ဒဖြစ်သည်။ မြင်းတော်ဖြင့် တောထွက်တော်မူ၍ ရှစ်လဒုက္ကရစရိယာကျင့်တော်မူပြီး ပိတောက်ပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံ မဟာထေရ်မှာ ဗြဟ္မဒေဝဖြစ်၍ လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com

ရံမဟာထေရ်မှာ ဥဒယဖြစ်သည်။ ဉာဏ်တော် အတောင်(၆၀)ရှိပြီး သက်တမ်းမှာ တစ်သိန်းဖြစ်သည်။

၂၁။ ဖုဿဘုရား (မဏ္ဍကမ္ဘာ) သည် ကာသိတိုင်းပြည်တွင် ဇယသေနမင်းနှင့် သီရိမာမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားသည် ကိသာဂေါတမီဖြစ်၍ သားတော်သည် အနုပမဖြစ်သည်။ ဆင်တော်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို တစ်လကျင့်တော်မူ၍ သျှစ်သျှားပင်တွင် ဘုရားဖြစ်တော်မူလေသည်။ လက်ဝဲရံမဟာထေရ်သည် သုရက္ခိတဖြစ်၍ လက်ယာရံမဟာထေရ်မှာ ဓမ္မသေနဖြစ်သည်။ ဉာဏ်တော် (၅၈) တောင်ရှိပြီး သက်တမ်းမှာ ကိုးသောင်းဖြစ်သည်။

၂၂။ ဝိပဿီဘုရားရှင် (သာရကမ္ဘာ) သည် ဗန္ဓုဝတီတိုင်းပြည်တွင် ဗန္ဓုမာမင်းနှင့် ဗန္ဓုမတီမိဖုရားကြီးတို့ ဖွားမြင်သည်။ မိဖုရားသည် သုဒဿနာဖြစ်၍ သားတော်သည် သမဝတ္တက္ခန္ဓဖြစ်သည်။ ရထားဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာဆယ့်ငါးရက်ကျင့်ကြံတော်မူ၍ သခွတ်ပင်၌ ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် ခန္ဓဖြစ်၍ လက်ဝဲရံမဟာထေရ်သည် တိဿဖြစ်သည်။ ဉာဏ်တော်အတောင် (၈၀) ရှိပြီး သက်တမ်းမှာ ရှစ်သောင်းဖြစ်သည်။

၂၃။ သိခီဘုရားရှင် (မဏ္ဍကမ္ဘာ) သည် အရုဏဝတီတိုင်းပြည်တွင် အရုဏဝါမင်းနှင့် ပဘာဝတီမိဖုရားတို့မှ ဖွားမြင်သည်။ မိဖုရားသည် သဗ္ဗကာမာဖြစ်၍ သားတော်သည် အတုလဖြစ်သည်။ ဆင်တော်ဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာကို ရှစ်လကျင့်ကြံပြီး သရက်ဖြူပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် အဘိဘူဖြစ်၍ လက်ဝဲရံမဟာထေရ်သည် သမ္ဘဝ ဖြစ်သည်။ ဉာဏ်တော် အတောင် (၇၀) ရှိပြီး သက်တမ်းသည် ခုနစ်သောင်းဖြစ်သည်။

၂၄။ ဝေဿဘူဘုရား (မဏ္ဍကမ္ဘာ) သည် အနောမတိုင်းပြည်၌ သုပ္ပလိကမင်းနှင့် ပဿဝတီမိဖုရားကြီးတို့မှ ဖွားမြင်သည်။ မိဖုရားသည် သုစိတ္တဖြစ်၍ သားတော်သည် သုပ္ပဗုဒ္ဓဖြစ်သည်။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာ ခုနစ်ရက်ကျင့်ကြံ၍ အင်ကြင်းပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သောဏဖြစ်၍ လက်ဝဲရံမဟာထေရ်သည် ဥတ္တရ ဖြစ်သည်။ ဉာဏ်တော် အတောင် (၆၀) ရှိပြီး သက်တမ်းသည် ခြောက်သောင်း ဖြစ်သည်။

၂၅။ ကကုသန်ဘုရား(ဘဒ္ဒကမ္ဘာ) သည် ခေမာတိုင်းပြည်တွင် အဂ္ဂိဒတ္တပုဏ္ဏားနှင့် ဝိသာခါတို့မှ ဖွားမြင်သည်။ မိဖုရားသည် ရောစိနီဖြစ်၍ သားတော်သည် ဥတ္တရဖြစ်သည်။ မြင်းရထားဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာကို ဆယ်ရက်ကျင့်ကြံတော်မူပြီး ကုက္ကိုပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် ဝိဓူရဖြစ်ပြီး လက်ဝဲရံမဟာထေရ်သည် သဉ္ဇိဝ ဖြစ်သည်။ ဉာဏ်တော်အတောင် (၆၀) ရှိ၍ သက်တမ်းမှာ လေးသောင်းဖြစ်သည်။

၂၆။ ကောဏာဂုံဘုရား (ဘဒ္ဒကမ္ဘာ)သည် သောဘဝတီတိုင်းပြည်တွင် ယညဒတ္တပုဏ္ဏားနှင့် ဥတ္တရာတို့မှ ဖွားမြင်သည်။ မိဖုရားသည် ရုစိဂတ္တာဖြစ်၍ သားတော်သည် သတ္တဝါဟဖြစ်သည်။ ဆင်တော်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာ တစ်လကျင့်တော်မူ၍ ရေသဖန်းပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်မှာ ဘိယျောသဖြစ်၍ လက်ဝဲရံမဟာထေရ်သည် ဥတ္တရဖြစ်သည်။ ဉာဏ်တော် အတောင် (၃၀) ရှိ၍ သက်တမ်းမှာ သုံးသောင်း ဖြစ်သည်။

၂၇။ ကဿပဘုရား (ဘဒ္ဒကမ္ဘာ) သည် ဗာရာဏသီတိုင်းပြည်ရှိ ဗြဟ္မဒတ္တပုဏ္ဏားနှင့် ဓနဝတီတို့မှ ဖွားမြင်သည်။ မိဖုရားသည် သုနန္ဒာဖြစ်ပြီး သားတော်သည် ဝိဇိတသေန ဖြစ်သည်။ ပြာသာဒ်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို ခြောက်ရက်ကျင့်ကြံတော်မူ၍ ပညောင်ပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် တိဿဖြစ်၍ လက်ဝဲရံမဟာထေရ်သည် ဘာရဒ္ဒါဇ ဖြစ်သည်။ ဉာဏ်တော်အတောင် (၂၀) ရှိပြီး သက်တမ်းသည် နှစ်သောင်းဖြစ်သည်။

၂၈။ ဂေါတမဘုရား (ဘဒ္ဒကမ္ဘာ) သည် ကပိလဝတ်တိုင်းပြည်တွင် သုဒ္ဓေါဓနမင်းနှင့် မဟာမာယာမိဖုရားကြီးတို့မှ ဖွားမြင်သည်။ မိဖုရားသည် ယသော်ဓရာဖြစ်ပြီး သားတော်သည် ရာဟုလာဖြစ်သည်။ မြင်းတော်ဖြင့် တောထွက်တော်မူပြီး ဒုက္ကရစရိယာကို ခြောက်နှစ်ကျင့်ကြံတော်မူ၍ ဗောဓိပင်တွင် ဘုရားဖြစ်တော်မူသည်။ လက်ယာရံမဟာထေရ်သည် သာရိပုတ္တရာဖြစ်ပြီး လက်ဝဲရံမဟာထေရ်သည် မောဂ္ဂလာန်ဖြစ်သည်။ ဉာဏ်တော်သည် (၁၈) တောင်ရှိပြီး သက်တမ်းသည် တစ်ရာဖြစ်သည်။

ထိုသို့ ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့ကို ရည်စူးလျက် နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်ပါဠိတော်ဂါထာဖြင့် ရွတ်ဆိုပူဇော်ရှိခိုးဦးခိုက်မူပြုခဲ့ကြပါသည်။ နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်ပါဠိဂါထာတော်မှာ -

၁။ တဏှင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကရုဏာ(?) အနန္တဗုဒ္ဓိ -

ဟူ၍ တဏှင်္ကရော‌ဘုရားရှင်မှသည် ဂေါတမဘုရားရှင်တိုင်အောင် (၂၈) ဆူသောဂါထာတော်များဖြင့် ရွတ်ဆိုပူဇော် ရှိခိုးမူပြုရသည်။

ထိုဂါထာ၏အဆုံးတွင် -

ဂေါတမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကရုဏာ(?) အနန္တဗုဒ္ဓိ။

အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တပုညာ အနန္တဂုဏာ အနန္တဉာဏာ အနန္တတေဇာ အနန္တကရုဏာမန္တာ အနန္တဗုဒ္ဓိမန္တာ၊ နမော တေသံ အဋ္ဌဝီသတိယာ ဗုဒ္ဓါနံ ဘဂဝန္တာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

ဟူ၍ ရွတ်ဆိုပူဇော်သည်။

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်ပါဠိဂါထာတော်မြတ်ကို နေ့စဉ်အမြဲဒွာန်ပြု၍ ရွတ်ဆိုရှိခိုးပူဇော်ခြင်းဖြင့် -

ကောင်းကျိုးချမ်းသာ မင်္ဂလာရှိခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း စသော အကျိုးထူးများကို ဖြစ်စေနိုင်သည်ဟူ၍ ရှေးဆရာတော်ကြီးများ အစဉ်အဆက် မိန့်ကြားလမ်းညွှန်ခဲ့သည်။

ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့ကို ရှိခိုးပူဇော်ခြင်း၏ အနှစ်သာရကို ဝိမာနဝတ္ထုပါဠိတော်တွင်-

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊
သမေ စိတ္တေ သမံဖလံ။
စေတော ပဏိဓိဟေတုဟိ၊
သတ္တာဂစ္ဆန္တိ သုဂ္ဂတိံ။

** သက်တော်ထင်ရှားမြတ်ဘုရားကို ကြည်ညိုသကဲ့သို့ ရုပ်ပွားစေတီတော်များကိုကြည်ညိုပူဇော်ကြပါလျှင် အကျိုးပေးတူညီ၍ မိမိတည်ထားပူဇော်သော ရုပ်ပွားတော်များကိုလည်း သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ အာရုံပြု၍ ကြည်ညိုကြပါကုန် -*

ဟူ၍ လမ်းညွှန်ဆုံးမတော်မူခဲ့ပါသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

မောင်စိမ်းထွေး(ထားဝယ်)


# ပန်းမွေ့ရာခင်းပူဇော်ပွဲ



ဘုံအဆင့်ဆင့်ဖြင့်ပူဇော်ထားသော ဘုရားကျောင်းဆောင်ကို ကြည်ညိုရပုံ



အကွက်ဆန်း၊ အဆင်ဆန်း၊ လှပသော ရောင်စုံပန်းမွေ့ရာကြီး




ပန်းမွေ့ရာခင်းပူဇော်ပွဲကျင်းပရာ မရမ်းပင်ဘုန်းကြီးကျောင်းအဝင်မုခ်ဦး

[illegible] ခုနှစ်၊ တပေါင်းလဆန်း [illegible] (၅) နာရီ။

ထားဝယ်မြို့ ဘုရားကြီးဝင်း အနောက်ဘက်တစ်လျှောက် မရမ်းပင် ကျောင်းတိုက်အတွင်း ပန်းမွေ့ရာခင်း ပူဇော်ပွဲကြီးကို ရဟန်းရှင်လူပြည်သူ အများ စုပေါင်း၍ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ဤသို့ ပန်းမွေ့ရာခင်း ပူဇော်ပွဲကို နှစ်စဉ်မပြတ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၀၉) နှစ်ရှိပြီ ဖြစ်သည်။

၁၂၆၇ ခုနှစ်တွင် ပျံလွန်တော်မူသော မရမ်းပင်ကျောင်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တသာဂရအား အမှူးထား၍ မရမ်းပင်ကျောင်းဝင်းအတွင်း၌ ပျံလွန်တော်မူကြကုန်သော ဆရာတော် အဆက်ဆက်တို့ကို ရည်မှန်းသမှု အာရုံပြုလျက် မူလဒါယကာ၊ ဒါယိကာမ အပေါင်းတို့က သံဃာ့ဒါနဆွမ်းကျွေးလှူဒါန်းခြင်းနှင့်အတူ စုပေါင်းပန်းမွေ့ရာခင်း ပူဇော်ကြခြင်း ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တသာဂရသည် ထားဝယ်မြို့ သဘော်ဆိပ်ရပ်ဇာတိ ဖြစ်သည်။ နှစ်စဉ် တပေါင်းလဆန်း ၃ ရက် ဆရာတော် ပျံလွန်တော်မူသည့်နေ့ဖြစ်၍ သဘော်ဆိပ်ရပ်မှ ဆွမ်းဘောဇဉ် ချိုချဉ်များ လှူဒါန်းကုသိုလ်ဒါနပြုလေ့ရှိသည်။ နောက်ပိုင်းနှစ်များ၌ ထားဝယ်တစ်မြို့လုံးနီးပါး မြို့သူမြို့သားများ ပါဝင်ပူဇော်လာကြရာမှ ယခုအခါ ရပ်ကွက်ပေါင်းစုံ အုန်းအုန်းကျွက်ကျွက် အညီအညွတ်ပွဲကြီးဖြစ်လာသည်။

ပန်းခင်းပွဲမတိုင်ခင် တစ်ရက်ကြို တင်၍ မိမိရပ်ကွက်အလိုက် အလှူငွေကောက်ခံပြီး ပန်းမျိုးစုံဝယ်ယူစုဆောင်းရန် ပြင်ဆင်ကြသည်။ တချို့က ပန်းခင်းရှိရာသို့ ကိုယ်တိုင် သွားရောက် မှာယူသည်။ တချို့က နံနက်ဝေလီဝေလင်း ဈေးပန်းသည်တို့ထံမှ အပြတ်ဝယ်ယူသည်။ တချို့က ပန်းခင်းပွဲနေ့ ဘုန်းကြီးကျောင်းအဝင်လမ်း၌ ပန်းသည်တို့ထံမှ ဈေးကြီးပေးဝယ်ယူသည်။ အထူးသဖြင့် စံပယ်၊ နှင်းဆီ၊ ဂန္ဓမာပန်းတို့ကို ရွေးဝယ်ကြသည်။ သစ်ခွ၊ နေကြာ၊ ဇီဇဝါ၊ ကြယ်တာရာပန်းမျိုးစုံသည်။

လူကြီး၊ လူငယ်အားလုံး အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပန်းကိုင်လျက် မရမ်းပင်ကျောင်းမှာရှိ အပေါ်ထပ် ပန်းခင်းနေရာသို့ သွားရောက်ကြသည်။ စနစ်တကျ ပန်းမွေ့ရာခင်းနိုင်ရန် သံဃာတော်တို့က ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးဘဒ္ဒန္တသာဂရနှင့်
ပျံလွန်တော်မူကြကုန်သော ဆရာတော်အဆက်ဆက်တို့၏ ဓာတ်ပုံကို ဖူးတွေ့ရပုံ



အမျိုးတူ အရောင်တူ အရွယ်တူပန်းများ ခွဲထုတ်နေစဉ်



ချက်ပြုတ်ရေးအဖွဲ့

သည်ကို တွေ့ရသည်။ ပန်းခင်းမည့်နေရာအနီးတွင်ရှိသော ပန်းဇလုံ၊ ပန်းခွက်၊ ပန်းခြင်းတို့၌ အသာအယာချထားသော ပန်းအမျိုးအစားတူ၊အရောင်အသွေးတူ ခွဲထုတ်ကာ ပန်းအရွယ်အစားအလိုက် ရွေးချယ် ခင်းကျင်းသည်။ ရိုးတံများကို ပြတ်တောက်သင့်ဖြတ်တောက်ပစ်သည်။ အကွက်ဆန်း၊ အဆင်ဆန်းလှပသော ရောင်စုံပန်းမွေ့ရာကြီးမှာ တကယ့်အစစ်အမှန် မွေ့ရာကြီးတစ်ချပ် ခင်းထားသည့်ပမာရှိပေသည်။

ပန်းမွေ့ရာကြီး အပေါ်တည့်တည့်၌ ဆရာတော်ဘဒ္ဒန္တသာဂရနှင့် ကျောင်းတိုက်မှ ပျံလွန်တော်မူပြီးသော ဆရာတော်တို့၏ ဓာတ်ပုံတို့ကို ချိတ်ဆွဲထားရာ ဆရာတော်ကြီးများ၏ သာသနာပြုလုပ်ငန်းစဉ်များနှင့် တန်ခိုးအာနုဘော်ကို ရည်မှန်းပူဇော်နိုင်သဖြင့် အကျိုးထူးလှပါသည်။ သက်ရှိထင်ရှားစဉ်က ဆရာတော်တို့၏အရိပ်ကို ပြန်ပြောင်းအောက်မေ့ပြီး ဆရာတော်ကြီးများ၏ ကျေးဇူးတရားကို အထပ်ထပ်ဆင်ခြင်ပွားများရပါသည်။

ပန်းခင်းပွဲသို့ ပန်းအလှူကုသိုလ်ရှင်အပေါင်းအား ထားဝယ်မုန့်ဟင်းခါး၊ ထားဝယ်မုန့်ပဲသရေတို့နှင့် နံနက်စာဧည့်ခံကျွေးမွေးသည်။ ရပ်ကွက်အလိုက် စီစဉ်လာကြသောကြောင့် အမျိုးအမည်စုံလင်လှပေသည်။ ဧည့်ခံကျွေးမွေးရေး၊ ချက်ပြုတ်ရေး၊ သန့်ရှင်းရေးမှအစ သိမ်းဆည်းကောက်ငင်ရေးအထိ သဘော်ဆိပ်ရပ်မှ လိုလေသေးမရှိအောင် ဒိုင်ခံတာဝန်ယူ ဆောင်ရွက်သည်။

ထို့နောက် ကြွရောက် ချီးမြှင့်ကြကုန်သော ဧည့်ပရိသတ်တို့က ကျောင်းထိုင်ဆရာတော်ထံမှ တရားဒေသနာယူ၍ (၃၁) ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်တို့ကို ဆွမ်းဒါနပြုသည်။ လာသမျှပရိသတ် အယုတ်၊ အလတ်၊ အမြတ်မရွေး ထမင်းကျွေးတင်းကျွေး လှူဒါန်းကုသိုလ်ပြုသည်။

သက်ထင်ရှားရှိစဉ်က မရမ်းပင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသာဂရ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ပတ်ဝန်းကျင်ရပ်ရွာသံဃာတော်များက ဩဝါဒခံယူလာကြသဖြင့် ထားဝယ်ဒေသတွင် သံဃာအဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာပြီး မရမ်းပင်ဂိုဏ်းဟု ထင်ရှားခဲ့လေသည်။ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနကြီးကျယ် ခမ်းနားသည့် ဘုန်းကြီးပျံပွဲမျိုး ထားဝယ်နယ်တွင် ယနေ့အထိ မပေါ်ပေါက်ခဲ့သေးဟု အဆိုရှိသည်။ ကလိန်အောင်ကျောင်းဝင်းအတွင်း ဆရာတော်ကြီး၏ အရိုးအိုးစေတီ တည်ထားသည်ကို ယနေ့တိုင် တွေ့ရှိဖူးမြော်နိုင်ပါသည်။

၁။ ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်ခြင်း၊
၂။ ရုပ်ရည်အဆင်းသန့်ပြန့်ခြင်း၊
၃။ ခံတွင်းအနံ့အသက်ကောင်းမွန်ခြင်း

တည်းဟူသော ပန်းလှူအကျိုး (၃) ပါးနှင့် ပြည့်စုံမည့် ထားဝယ်မြို့ မရမ်းပင်ကျောင်းမှ ပန်းမွေ့ရာခင်းပူဇော်ပွဲအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်စိမ်းထွေး (ထားဝယ်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော ပရိတ်တော်၊ ဂါထာတော်နှင့် ဂုဏ်တော်များ၏ အစွမ်းထက်မှုများအား ကိုယ်တွေ့ခံစားခဲ့ဖူးကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၏ ရေးသားဖော်ပြချက်များ၊ ကြုံတွေ့ခံစားခဲ့ဖူးကြသူများ၏ တစ်ဆင့်ပြန်လည်ပြောပြချက်များအား ရေးသားခဲ့ကြသည်များကို မဂ္ဂဇင်းစာအုပ်များတွင် များစွာဖတ်ခဲ့ဖူးပါသည်။

သို့သော်လည်း တချို့သော လူပုဂ္ဂိုလ်များမှ ပြောဆိုနေကြသည်မှာ 'ဂါထာတွေ၊ မန္တန်တွေကို ရွတ်ဆိုတိုင်းသာ စီးပွားတက်မယ်၊ အန္တရာယ်ကင်းမယ်ဆိုရင် အလုပ်မလုပ်ဘဲ ဂါထာတွေပဲရွတ်နေမှာပေါ့' ဤကဲ့သို့ ပြောဆိုကြသူများမှာ ဗုဒ္ဓဘာသာဝင်များပင် ဖြစ်ကြပါသည်။ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှု အလွန်ပင်အားနည်းသူများ ဖြစ်ပါသည်။ ဂါထာ၊ မန္တန်များ အစွမ်းထက်မှု၊ မထက်မှု၊ အကျိုးပေးမှု၊ မပေးမှုဆိုသည်မှာ ဂါထာ၊ မန္တန်ရွတ်ဆိုသူအပေါ် မူတည်ပေသည်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှုနှင့် ဂါထာ၊ မန္တန်များအား ယုံကြည်စွာ အမြဲမပြတ် ရွတ်ဆိုပူဇော် ထုံမွမ်းနေသူများမှာ ဂါထာ၊ မန္တန်၊ ဂုဏ်တော်များ၏ အကျိုးကျေးဇူးအစွမ်းများအား အမှန်ခံစားရမည်မှာ မုချဧကန်ပင်ဖြစ်ပေသည်။

ဓားတစ်ချောင်းအား နေ့စဉ် ငါးမိနစ်ခန့် ဓားသွေးကျောက်ဖြင့် သွေးနေမည်ဆိုပါလျှင် ထိုဓားသည် ထက်ရှပြီး ခေါင်းမှဆံပင်ကိုပင် ရိတ်၍ရသည်ထိ ထက်ရှပေလိမ့်မည်။ အလွန်ထက်လှပါသည်ဆိုသော ဘရိတ်ဓားကိုပင်လျှင် ပတ်ထားသော စက္ကူအား ဖြေ၍ ပြင်ပတွင်ထားမည်ဆိုပါက ကြာလျှင် သံချေးတက်၍ တုံးသွားပေမည်။

ထိုကဲ့သို့ပင် ဂါထာ၊ မန္တန်၊ ဂုဏ်တော်များအား နေ့စဉ်ရွတ်ဖတ်ပွားများ ထုံမွမ်းနေလျှင် ဂါထာ၊ မန္တန်၊ ဂုဏ်တော်များ၏အစွမ်းကို မုချခံစားရမည် ဖြစ်ပါသည်။ အထက်ဖော်ပြခဲ့သည့် ဂါထာ၊ မန္တန်တွေ၊ ဂုဏ်တော်တွေ မစွမ်းပါဘူးဟု ပြောကြသူများမှာ မိမိတို့ စားဝတ်နေရေးအလုပ်များကိုသာ လောဘဇောဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြပြီး ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့နေကြသူများသာ ဖြစ်ကြလေ၏။ ထိုသူတို့သည် သဘော်၊ စက်လှေစီး၍ ရေကြောင်းခရီးသွားလာနေစဉ် လမ်းခရီး၌ လေနီကြမ်း၊ လေမုန်တိုင်းမိပြီး သဘော်၊ စက်လှေတိမ်းမှောက်လေမှ အစွမ်းထက်လှပါသည်ဆိုသော သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အမြီးအမောက်မတည့်စွာဖြင့် (သေရမှာကြောက်လွန်း၍) ရွတ်ဆိုကြသော်လည်း သဘော်၊ စက်လှေတိမ်းမှောက်ပြီး အသက်မသေရုံ ခံစားခဲ့ကြဖူးသူတို့၏ ပြောစကားများသာ ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်၏ ဂါထာ၊ မန္တန်၊ ဂုဏ်တော်များထဲမှ သမ္ဗုဒ္ဓေဂါထာတော်ကြီးအကြောင်း ဖတ်ဖူးခဲ့သည်မှာ အများအပြားရှိပါသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ယုံကြည်စွာ နေ့စဉ် ရွတ်ဖတ်ပူဇော်ခဲ့ကြသည့်အတွက် မီးမလောင်ဘဲ မီးကွင်းခဲ့သူများ၊ အမျိုးမျိုးသော အန္တရာယ်များမှ လွတ်မြောက်ခဲ့ကြသူများ၊ အသက်ဘေးမှ လွတ်မြောက်ခဲ့သူများ စသည်ဖြင့် စုံလှပေသည်။

ယခု ကျွန်ုပ် ရေးသားတင်ပြမည့် အကြောင်းမှာလည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးအား အသက် (၁၀) နှစ်အရွယ်မှစ၍ နေ့စဉ်အမြဲရွတ်ဖတ်ပူဇော်ခဲ့သော





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သေဘေးမှ လွတ်ကင်းခဲ့ရသော ယခု အသက် (၇၅) နှစ်အရွယ်ရှိပြီ ဖြစ်သည့် အမေကြီး ဒေါ်မသာနု ပြောပြသော သူ၏ ကိုယ်တွေ့အဖြစ်အပျက်အား စာဖတ်သူများ သိရှိစေရန်အတွက် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

အချိန်ကား ၁၉၇၈ ခုနှစ်ခန့် အချိန်ကာလဖြစ်၏။ ထိုအချိန်ထိုအခါက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တရားမဝင်ရောက်လာသော ပစ္စည်းများအား မြန်မာနိုင်ငံ မြို့တော်ရန်ကုန်မြို့သို့ တရားမဝင်နည်းလမ်း (မှောင်ခိုလမ်း) များဖြင့် သယ်ဆောင်ရောင်းဝယ်ကြသူများမှာ စီးပွားရေးတွက်ခြေကိုက်သောကြောင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများမှ နည်းမျိုးစုံဖြင့် သယ်ဆောင်ရောင်းဝယ်ကြလေ၏။ သယ်ဆောင်ရောင်းဝယ်ကြသော ပစ္စည်းများမှာ အမျိုးစုံလှ၏။ နွားနို့တံဆိပ်နို့မှုန့်ဘူး၊ တိဗက်စနိုး၊ တိဗက်ပေါင်ဒါ၊ ဘီစကစ်မုန့်မျိုးစုံ၊ ဓာတ်ဘူးဆိုဒ်စုံ၊ ပိုးမင်းသမီးခေါ် ပိုးချည်အတု၊ ချည်ခင်များ၊ အမေရိကန်ဒေါ်လာငွေစက္ကူများ၊ ထိုးဆေးမျိုးစုံ စသည်များနှင့် ကိုးသုံးလုံးတံဆိပ် ရွှေချောင်းများ စသည်တို့ဖြစ်ပြီး စီးပွားရေးဖြတ်လမ်းလိုက်သူများအတွက် ဈေးကွက်ဖြစ်လေ၏။

မသာနုမှာ အသက် (၃၀) အရွယ်ရှိပြီး အိမ်ထောင်သည် ကလေး (၃) ယောက်မိခင် ဖြစ်၏။ လင်ယောကျ်ားဖြစ်သူ ကိုကျော်မြမှာ ကြုံရာကျပန်းလုပ်ကိုင်နေသူဖြစ်ပြီး မိသားစု (၅) ယောက်၏ စားဝတ်နေရေးကို ပြေလည်အောင် မတတ်နိုင်ရှာပေ။ မသာနုမှာ ရပ်ကွက်အတွင်း ရခိုင်မုန့်တီရောင်းသော်လည်း ဆင်းရဲသားရပ်ကွက်တွင် ဖြစ်သောကြောင့် ရခိုင်မုန့်တီဆိုင်မှာလည်း ပိတ်ရလေ၏။ လင်သားဖြစ်သူ ကိုကျော်မြ၏ ကျပန်းလုပ်စာဖြင့် မဝရေစာစားရင်း ဘဝကိုကျင်လည်နေခဲ့ရရှာ၏။

တစ်နေ့တွင် နံနက်ပိုင်းဈေးသို့ အသွား ဈေးတွင် သူနှင့် တစ်ရပ်ကွက်တည်း အတူနေခဲ့ဖူးသော လှခင်အေးဆိုသူနှင့် ဈေးအတွင်းဆုံမိကြပြီး တစ်နှစ်ကျော်အချိန်လေးအတွင်း ရွှေတွဲလဲငွေတွဲလဲဖြင့် ဝတ်စားဆင်ယင်ပုံအား မြင်တွေ့ရသော မသာနုသည် အံ့သြ၍ လှခင်အေးအား မေးမြန်းလိုက်လေ၏။

"ဟဲ့လှခင်အေး၊ နင်ငါတို့ရပ်ကွက်က ပြောင်းသွားပြီးတည်းက တစ်ခါမှ မတွေ့ရဘူး၊ တစ်နှစ်ကျော်သွားပြီ။ ခုမှ တစ်ခါတွေ့ရတယ်။ နင်ကကြီးပွားနေလို့ ငါတို့ကို မေ့နေပြီပေါ့လေ ဟုတ်လား"

"မဟုတ်ရပါဘူး မသာနုရယ်။ ကျွန်မ အလုပ်မအားလို့ မသာနုတို့ရပ်ကွက်ကို မရောက်နိုင်တာပါ"

"ဒါနဲ့အခုနင်ဘာတွေလုပ်နေလဲ။ အလုပ်အကိုင်လေးဘာလေးအဆင်ပြေရင် ငါ့ကိုလည်းခေါ်ပါဦး"

"မသာနု တကယ်ပြောတာလား။ အလုပ်လုပ်မယ်ဆိုရင် အလုပ်ကရှိပါတယ်။ ဒါပေမယ့် ခရီးထွက်ရမယ် ဖြစ်ပါ့မလားဟင်"

"သိပ်ဖြစ်တာပေါ့ လှခင်အေးရယ်။ ငါ့အိမ်ကလူကလည်း ကျပန်းအလုပ်လုပ်နေရတာဆိုတော့ အဆင်မပြေဘူးဟာ။ ငါအလုပ်လုပ်ရင် သူ့ကို အိမ်မှာ ကလေးတွေနဲ့ထားပြီး ငါခရီးထွက်ရမှာပေါ့ဟယ်။ အလုပ်အဆင်ပြေဖို့သာလိုတယ်"

"အလုပ်အတွက် စိတ်ချပါ။ ကျွန်မ ညနေကျရင် မသာနုတို့အိမ်ကို လာခဲ့မယ်။ ကျွန်မလာမှ အလုပ်ကိစ္စ အသေးစိတ်ပြောပြမယ်"

"ဟဲ့ - လှခင်အေး၊ နင်လာဖြစ်အောင်လာခဲ့နော်။ ငါကိုကျော်မြကို ပြောပြထားမယ်"

မသာနုသည် လှခင်အေးအား ပြောဆိုပြီး မိမိအိမ်သို့ အမြန်ပြန်ခဲ့လေ၏။ အိမ်သို့ရောက်လျှင် လင်ဖြစ်သူ ကိုကျော်မြအား လှခင်အေးနှင့် တွေ့ခဲ့ကြောင်း၊ အလုပ်ရမည်ဖြစ်ကြောင်းနှင့် တစ်နှစ်ကျော်အချိန်အတွင်း ရွှေတွဲလဲဖြင့် ကြီးပွားနေသော လှခင်အေးအကြောင်းများကိုပြောပြပြီး သူနှင့်အလုပ်အတူလုပ်ရန် ခေါ်ပြီးသည့်နေ့ ညနေ သူအိမ်သို့လာမည့် အကြောင်းများကို ပြောပြလေ၏။

ကိုကျော်မြက -

"အလုပ်လုပ်ဖို့ဆိုရင်လည်း ရိုးရိုးသားသား သမ္မာအာဇီဝကျတဲ့ ကောင်းရောင်းကောင်းဝယ်အလုပ်မျိုးဆိုရင် ငါဘာမှမပြောလိုပါဘူးဟာ။ ငါလုပ်နေတဲ့ ကျပန်းအလုပ်ဆိုတာက အလုပ်လုပ်ရတာကတစ်ရက်၊ မလုပ်ရတာက ငါးရက်ဆိုတော့ မင်းနဲ့ ကလေးတွေ စားရေးသောက်ရေးက အဆင်မပြေဘူးလေ"

"အမလေး စိတ်ချစမ်းပါ ကိုကျော်မြရယ်။ ကျုပ်အကြောင်းလည်း ရှင်အသိဆုံးပါ။ မရိုးသားတဲ့အလုပ်ဆိုရင် ကျုပ်က လုံးဝမလုပ်ရေးချမလုပ်ပါဘူးရှင်"

မသာနုတို့ လင်မယားနှစ်ယောက် ပြောဆိုနေကြခြင်းဖြစ်လေ၏။ မရှိဆင်းရဲသော်လည်းရိုးသားကြသည့်ဇနီးမောင်နှံ နှစ်ယောက်ဖြစ်သောကြောင့် လှခင်အေးနှင့်အတူ လုပ်ရမည့်အလုပ်ကိစ္စအား တိုင်ပင်နေကြခြင်း ဖြစ်သည်။

"ဟဲ့ - မသာနု ကျွန်မလာတယ်။ အိမ်ထဲမှာဘာလုပ်နေကြလဲ"

ညနေပိုင်း (၅) နာရီအချိန်ခန့်တွင် လှခင်အေး မသာနုတို့အိမ်သို့ ရောက်လာပြီး အိမ်ရှေ့မှာ အသံပြုလှမ်းခေါ်လိုက်ခြင်း ဖြစ်၏။

"ရှိတယ် လှခင်အေးရေ။ လာ၊ လာ အိမ်ပေါ်တက်လာခဲ့"

မသာနုက အသံပြန်ပေးပြီး အိမ်ရှေ့သို့ ထွက်လာလေ၏။ လှခင်အေးသည် အိမ်ပေါ်သို့ လှမ်းတက်လာပြီး ခင်းထားသောဖျာပေါ်တွင်ထိုင်လိုက်ပြီးလျှင် -

"ကဲ - မသာနု၊ မနက်က ကျွန်မနဲ့ပြောထားတဲ့ အလုပ်ကိစ္စအကြောင်း မသာနုယောကျ်ား ကိုကျော်မြကို ပြောပြပြီးပြီလား။ သူ့သဘောထားကကော ဘယ်လိုလဲ"

လှခင်အေး၏ စကားသံအဆုံး အိမ်ပေါ်သို့ လှမ်းတက်လာသော ကိုကျော်မြက -

"အလုပ်ကိစ္စက ရိုးရိုးသားသား သမ္မာအာဇီဝအလုပ်ဆိုရင် သဘောမတူနိုင်စရာ ဘာမှမရှိပါဘူးဟာ။ ငါ့အလုပ်ကလည်း အဆင်မှမပြေတာ။ နင်ပြောတဲ့အလုပ်ဆိုတာက ဘာအလုပ်လဲ၊ ပြောပြစမ်းပါဦး"

"ကျွန်မ အခုလုပ်နေတဲ့ အလုပ်ပဲပေါ့။ ဒီက ဘင်္ဂလားပစ္စည်းကို ရန်ကုန်ကို သယ်ပေးတဲ့ (ကယ်ရီ) အလုပ်ပါ။ သူဌေးကလူလိုတယ်ပြောတာနဲ့ မသာနုပြောတာနဲ့ အံကိုက်ဖြစ်နေလို့"

ကိုကျော်မြ၏ မေးခွန်းစကားအား လှခင်အေးမှ ပြန်ဖြေလိုက်ခြင်း ဖြစ်၏။

မသာနုက -

"ပစ္စည်းတစ်ခေါက်သယ်ပေးရင် ရက်ဘယ်လောက်ကြာပြီး ငွေကဘယ်လောက်ရလဲ"

"ဒီစစ်တွေကစထွက်တဲ့နေ့ကစပြီး ထွက်ရင် အသွား၊ အပြန် (၁၂) ရက်လောက်ကြာပြီး လုပ်ခငွေက စရိတ်ငြိမ်း (၄၀၀) လောက်ရတယ်"

(ထိုအချိန်က ရွှေ (၁) ကျပ်သားလျှင် (၁၂၀၀) ကျပ်ဈေး ဖြစ်သည်။)

"လမ်းမှာ အဖမ်းအဆီးမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com

လား။ တကယ်လို့ ပစ္စည်းတွေအဖမ်းခံရရင် ငါတို့က အလျော်ပေးရမှာလား"

"မဖမ်းပါဘူး မသာနုရယ်။ တစ်ပိုင်တစ်နိုင် သယ်ယူခွင့်ပြုထားပါတယ်။ အဲ- ဒါပေမယ့် ဖမ်းမယ်ဆိုရင်လည်း ကြိုတင်ပြီးသတင်းရလို့ ရှောင်နိုင်တိမ်းနိုင်ပါတယ်"

"ဒီလိုဆိုရင်လိုက်မယ် လှခင်အေး၊ ဘယ်နေ့မှာ အလုပ်စမှာလဲ"

နောက် (၂) ရက်လောက်ဆိုရင် မောင်တောက ပစ္စည်းတွေရောက်မယ်။ ပစ္စည်းတွေရောက်ပြီး နောက် (၁) ရက်ဆိုရင် စထွက်ရမယ်။ မသာနု အဆင်သင့်ပြင်ထားပေတော့။ ကဲ- ကျွန်မပြန်ဦးမယ်"

လှခင်အေးသည် ပြောစကားဆုံးသည်နှင့် အိမ်ပေါ်မှဆင်းသွားလေတော့၏။ မသာနုတို့ လင်မယားမှာ လှခင်အေး၏ ကျောပြင်အားကြည့်၍ ကျန်ရစ်ခဲ့ကြလေ၏။

*

မသာနုသည် လှခင်အေးနှင့်အတူ စစ်တွေမြို့မှ အလောင်းဘုရားတစ်ထပ်သင်္ဘောဖြင့် လိုက်ပါလာခဲ့ရာ လမ်းတွင် (၂) ညအိပ်ပြီး တောင်ကုတ်မြို့သို့ ရောက်ရှိလေ၏။ သူတို့ (၂)ယောက်တွင် ပါလာခဲ့ကြသော ပစ္စည်းများအား သယ်ယူပြီး တောင်ကုတ်သင်္ဘောဆိပ်မှ ဆိုက်ကားစီး၍ တောင်ကုတ်မြို့တွင်းသို့လာပြီး ရန်ကုန်ကားဂိတ်တွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးပိုင် တီအီးကားပေါ်သို့ ပစ္စည်းများ တင်ထားခဲ့ကြကာ ညနေစာထမင်းစားရန်အတွက် ကားဂိတ်အနီးရှိ ထမင်းဆိုင်သို့ထွက်လာခဲ့လေ၏။ (ထိုအချိန်က ယခုကဲ့သို့ မှန်လုံလူစီးကားများ ပြေးဆွဲခြင်းမရှိသေးပါ။)

တောင်ကုတ်မြို့မှ ညနေ (၄) နာရီအချိန် ကားထွက်လေ၏။ ကားပေါ်တွင် အောက်ဘက်တွင်ပစ္စည်းများတင်၍ ထိုပစ္စည်းများပေါ်မှ လူများကထိုင်၍ လိုက်ရလေ၏။ ကားတွင် အမိုးအကာမပါချေ။ မသာနုမှာ မိမိတစ်ခါမှမသွားဖူးသည့် ခရီးလမ်းဖြစ်၍ ပတ်ဝန်းကျင်ရှိ တောတောင်ရှုခင်းများအား ကြည့်ရင်း လိုက်ပါလာ၏။ မျက်လုံးများက ကြည့်နေသော်လည်း ပါးစပ်က သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ရွတ်ဖတ်၍နေ၏။ ဤအကျင့်မှာ (၁၀) နှစ် သမီးအရွယ်မှစ၍ မသာနု၏အဘွားမှ သွန်သင်ပေးခဲ့သော အကျင့်ဖြစ်လေသည်။ အလုပ်လုပ်နေသည့်အချိန်၊ အားလပ်သည့်အချိန်များတွင် အမြဲမပြတ်ရွတ်ဆိုပူဇော်နေမြဲ ဖြစ်လေ၏။

တောင်ကုတ်မှ ထွက်လာပြီး အနောက်ရိုးမတောင်ကြီးအား ကျော်ဖြတ်၍ လမ်းတွင် တစ်ညကြာခဲ့ပြီး ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့သို့ ရောက်ရှိကာ ပန်းတောင်းမှ ဇက်ရေယာဉ်ဖြင့် ပြည်မြို့သို့ ကူးရ၏။ (ယခုအခါ ပြည်နှင့် ပန်းတောင်းဘက်ကမ်း ကူးသည့် နဝဒေးတံတားကြီးရှိနေပြီ ဖြစ်သည်။)

ပြည်မှ ဆက်ထွက်လာခဲ့ရာ ရန်ကုန်မြို့သို့ ည (၁၂) နာရီအချိန်ခန့် ရောက်ရှိလေ၏။ ကားဂိတ်တွင် ပစ္စည်းများအား ကိုယ်စားလှယ်ထံ အပ်နှံ၍ ကားဂိတ်တွင်းရှိသည့် တည်းခိုအိမ်တွင် ညအိပ်လေ၏။ ရန်ကုန်တွင် (၁) ရက်နေပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာကြလေ၏။

မသာနုသည် စစ်တွေမှ ရန်ကုန်သို့ ပစ္စည်းများ သယ်ယူ(ကယ်ရီပို့)သော အလုပ်အား လုပ်ကိုင်လာခဲ့သည်မှာ (၁) နှစ်ကျော်ခန့်ရှိလာခဲ့ပြီ ဖြစ်၏။ အိမ်၏ စီးပွားရေးမှာလည်း အသင့်အတင့် အဆင်ပြေလာခဲ့လေသည်။ ယခုတစ်ခေါက် ပစ္စည်းပို့ရန် ရန်ကုန်သို့အလာတွင် မသာနုတစ်ယောက်တည်း ဖြစ်၏။ လှခင်အေးမှာ မိခင်ကြီးဖြစ်သူ နေမကောင်းဖြစ်နေ၍ မလိုက်နိုင်ခြင်း ဖြစ်သည်။ မသာနုမှာ လုပ်ငန်းအတွေ့အကြုံ (၁) နှစ်ကျော်ခဲ့ပြီမို့ သည်လမ်းသည်ခရီးကို အိမ်ဦးနှင့် ကြမ်းပြင်ပမာသွားလာနေနိုင်ပြီ ဖြစ်သည်။ ရန်ကုန်သို့ ရောက်ပြီး ပစ္စည်းများလွှဲပြောင်းပေးအပ်ကာ တီအီးကားကြီးစီး၍ ပြန်လည်ထွက်ခွာလာခဲ့လေ၏။

ရန်ကုန်မြို့မှ ညနေ (၆) နာရီအချိန် ထွက်လာသောကားမှာ ပြည်မြို့အနီးရှိ နွားမယ် (နမယ်) ဇက်ဆိပ်သို့ နံနက် (၄) နာရီအချိန်ခန့် ရောက်ရှိပြီး နံနက် (၈) နာရီအချိန်ရောက်မှ တစ်ဖက်ကမ်း ပန်းတောင်းမြို့သို့ ဇက်ရေယာဉ်ဖြင့် ကူးခဲ့ကြရလေသည်။ ပန်းတောင်းမြို့မှ (၉) နာရီအချိန်ထွက်လာသော တီအီးကားကြီးမှာ ဥဿျစ်ပင်မြို့သို့ ရောက်ရှိခဲ့ပြီး ၎င်းမြို့မှထွက်ပြီဆိုတည်းက အနောက်ရိုးမတောင်ဟု ခေါ်ကြသော (ရခိုင်ရိုးမတောင်) ကြီးအား စတင်တက်ရလေ၏။ တောင်တက်ဖြစ်သည့်အတွက် ကားစက်သံမှာ ဆူညံနေ၏။ မသာနုသည် မျက်လုံးကိုမှိတ်လျက် သမ္ဗုဒ္ဓေဂါထာတော်အား နှုတ်မှရွတ်ဆိုရင်း လိုက်ပါလာလေ၏။ ညောင်ကျိုးစခန်းသို့ နေ့လည် (၁) နာရီခန့် ရောက်ရှိခဲ့ပြီး ခရီးသည်များအား မှတ်ပုံတင်စစ်ဆေးသောဂိတ်တွင် အစစ်ခံပြီး နံနက်စာထမင်းစားကြ၏။ ညောင်ကျိုးစခန်းတွင် နာရီဝက်ခန့် နားနေပြီး ဆက်ထွက်လာရာ မသာနုစီးလာသောကားမှာ ဒုတိယကားဖြစ်ပြီး ထိုကားနောက်မှ ကားတစ်စီးဖြစ်သောကြောင့် စုစုပေါင်းကား (၃) စီး ဖြစ်၏။ ရိုးမတောင်ကြီး၏ ထိပ်ရှိ ရေဘော်ကြီးစခန်းသို့ ရောက်ရှိပြီး ထပ်မံ၍မှတ်ပုံတင်အစစ်ခံရပြီး နာရီဝက်ခန့်အကြာတွင် ဆက်လက် ထွက်လာကြ၏။ မသာနုစီးလာသည့်ကားမှာ ဒုတိယကား ဖြစ်၏။ ရေဘော်ကြီးစခန်းမှ ထွက်ပြီဆိုလျှင် အတက်ခရီးအနည်းငယ်သာရှိပြီး အဆင်းခရီးက များ၏။ မသာနုမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးအား နှုတ်မှရွတ်ဆိုရင်း ကားပေါ်တွင်လိုက်ပါလာ၏။

အဆင်းခရီးဖြစ်သဖြင့် ကားဒရိုင်ဘာမှာ ကားကို နံပါတ် (၂) ဂီယာဖြင့် ဘရိတ်ကို နင်းထိန်းရင်းဆင်းလာရာ ညာချိုးကွေ့တစ်ခုအရောက် ကားမှာ ထိန်းမရတော့ဘဲ လမ်းညာဘက်ချောက်အတွင်း ထိုးကျသွားလေ၏။ အလွန်တရာနက်လှသည့် ချောက်တွင်းသို့ တီအီးကားမှာ ဇောက်ထိုးကျသွားသည်ကို နောက်မှပါလာသည့်ကားမှ မြင်သဖြင့် ၎င်းကားကျသွားသည့်နေရာအနီးတွင် ကားကိုရပ်ပြီး ကားဒရိုင်ဘာနှင့် ကားပေါ်ပါလာသည့် ခရီးသည်များပါ ကားပေါ်မှဆင်းပြီး ကြည့်ကြလေ၏။ ကားဒရိုင်ဘာမှ ကားထိုးကျသွားသည့် နေရာအား သေချာစွာကြည့်ပြီး -

"ကားဘရိတ်ပေါက်လို့လား၊ ဒါမှမဟုတ် တိုက်ရော့ပြုတ်လို့လား။ တစ်ခုခုဖြစ်လို့ ကားကျသွားတာ။ ချောက်ထဲကိုဆင်းပြီး ကြည့်ရအောင်။ ကားပေါ်ပါတဲ့လူတွေကတော့ အသက်ရှင်ဖို့ မလွယ်ဘူး။ ကျုပ်နဲ့ နှစ်ယောက်၊ သုံးယောက်လောက် လိုက်ခဲ့ကြပါ"

ကားဒရိုင်ဘာ၏ ပြောစကားကြောင့် ကားပေါ်တွင် ပါလာသည့် ယောကျ်ား (၃) ယောက်လိုက်မည်ဟု ပြောပြီး ကားဒရိုင်ဘာနှင့်အတူ ချောက်အတွင်းသို့ ဝါးပင်နွယ်ပင်များဆွဲခိုရင်း ဆင်းသွားကြလေ၏။

ကားရှိရာသို့ရောက်လျှင် မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသည့်မြင်ကွင်းက စိတ်မသက်သာဖွယ်ရာ မြင်ကွင်းကို မြင်ကြရလေ၏။ ကားပေါ်တွင်ပါလာသော ထင်းရှူးသေတ္တာများ၊ ပစ္စည်းအိတ်များအောက်တွင် ခရီးသည်များမှာ သွေးသံရဲရဲဖြင့် မြင်တွေ့ရပြီး တချို့လူများမှာ ကားအောက်တွင် ပိလျက် ခြေပြတ်၊ လက်ပြတ်၊ ခေါင်းပြတ်ဖြင့် အသက်ရှင်လျက်ဆို၍ ဝါးရုံခြေရင်းတွင် ညည်းညူလျက် ခြေထောက်တစ်ချောင်းကျိုးကြေနေပြီး ဦးခေါင်းတွင် သွေးများစီးကျနေသူ ယောက်ျားတစ်ယောက်ကိုသာ မြင်တွေ့ကြရလေ၏။ ကားပေါ်ပါသူများ အသက်ရှင်၊ မရှင်လိုက်လံစစ်ဆေးကြည့်ရှုရင်း ကားဒရိုင်ဘာက ပြောလိုက်၏။

"ကားပေါ်မှာ လူဘယ်နှယောက်ပါသွားတယ်ဆိုတာတော့မသိဘူး။ အခုဒီမှာတော့ အသက်ရှင်ရက်ဆိုလို့ ဟိုဝါးရုံပင်ခြေရင်းက လူတစ်ယောက်ပဲရှိတယ်။ အဲသည် ဒဏ်ရာနဲ့လူကို ကျုပ်တို့ထမ်းပြီး ခေါ်သွားကြမယ်။ ရှေ့က မိုက်ကရိုဝေ့(ဖ်) စခန်းရောက်မှ သတင်းပို့ကြမယ်။ လာကြပါဗျာ၊ ကျုပ်ကို ဝိုင်းကူကြပါ"

ကားဒရိုင်ဘာနှင့် ခရီးသည် (၃) ယောက်တို့သည် အသက်မသေဘဲ ဒဏ်ရာရသူအားထမ်း၍ ကားလမ်းရှိရာ တောင်ပေါ်သို့ ခက်ခဲစွာ သယ်ဆောင်ခဲ့ကြလေ၏။ ကားလမ်းပေါ်ရောက်လျှင် ခရီးသည်များမှ အခြေအနေကို မေးမြန်းကြသဖြင့် ဒရိုင်ဘာမှ အကြောင်းစုံ ရှင်းပြပြီး ကားကျသွားခဲ့သည့်နေရာ အနီးပတ်ဝန်းကျင်အား သွား၍ကြည့်ရှုလေ၏။ ကားကျသွားသည့် ချောက်နေရာအနီးရှိ ချုံကြီးတစ်ချုံပေါ်တွင် အမျိုးသမီးတစ်ယောက် ခွေခွေလေးတင်လျက်နေသည်ကို မြင်လိုက်ရသောကြောင့် သူကားရှိရာဘက်သို့လှည့်၍-

"ဒီချုံပေါ်မှာ အမျိုးသမီးတစ်ယောက်တင်နေတယ်ဗျို့၊ လာကြပါဦး။ သူ့ကိုအောက်ကိုချကြရအောင်"

ဒရိုင်ဘာ၏အော်ပြောသံကြောင့် လူများရောက်ရှိလာကြပြီး ချောက်အစွန်းမှ ချုံအနီးသို့သွား၍ ချုံပေါ်တွင် တင်နေသော အမျိုးသမီးအား လှုပ်၍ ခေါ်လိုက်ရာ အမျိုးသမီးက -

"ဟင် - ကျွန်မတို့ကား တောင်ကုတ်ကို ရောက်ပြီလားဟင်"

အမျိုးသမီးက အိပ်ရာမှနိုးလာသည့်ပုံစံဖြင့် ပြောလာသည့် စကားကြောင့် ဒရိုင်ဘာက -

"ဟာ- ဘယ်ကလာတောင်ကုတ်ကို ရောက်ရမှာလဲ။ ခင်ဗျားစီးလာတဲ့ကား တောင်အောက်ချောက်ထဲကို ထိုးကျသွားလို့ ကားပေါ်မှာပါတဲ့သူတစ်ယောက်တည်း အသက်ရှင်တယ်။ ဒါတောင် ဒဏ်ရာတွေအများကြီး ရထားတယ်။ ကျန်တဲ့သူတွေအားလုံး သေကုန်ပြီ။ အခု ခင်ဗျားတစ်ယောက်နဲ့ဆိုမှ (၂) ယောက်ပဲ အသက်ရှင်တယ်"

"ဟင် - ဟုတ်ရဲ့လားရှင်။ ကျွန်မဘာမှမသိလိုက်ဘူး။ ကျွန်မမေ့ခနဲအိပ်ပျော်သွားသလိုဖြစ်သွားတာပဲသိလိုက်ပြီး နောက်ဘာမှမသိတော့ဘူး။ အခုရှင်တို့လာခေါ်မှနိုးလာတာ"

ချုံကြီးပေါ်တင်နေသော အမျိုးသမီးအား ချုံအောက်သို့ ဝိုင်းမချပေးပြီး ကားရပ်ထားသောနေရာသို့ ခေါ်လာခဲ့ကြသည်။ အမျိုးသမီး၏ ခန္ဓာကိုယ်အား စစ်ဆေးကြည့်ရာတွင် ပွန်းရာပဲ့ရာမျှ မထင်မရှိဘဲ အကောင်းပကတိရှိနေသည်ကို အံ့သြဖွယ်ရာ မြင်တွေ့ကြရလေ၏။ ထိုစဉ် နောက်ကားတွင် ပါလာသော မိန်းမကြီးတစ်ယောက်က -

"ဟဲ့ကောင်မလေး၊ နင်စီးလာတဲ့ကား ချောက်ထဲကျတာကိုတောင်မှ မသိရအောင် နင်အိပ်နေလို့လား"

"မအိပ်ပါဘူး အဒေါ်။ ကျွန်မမျက်လုံးမှိတ်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုလာတာပါ။ အမြဲတမ်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်နေတဲ့သူပါ"

"ငါတော့သိပ်ပြီးအံ့သြတယ်ကွယ်။ ကားတစ်စီးလုံး ချောက်ထဲကျသွားပြီး ကားပေါ်ပါတဲ့သူအားလုံး အသက်သေပြီး ဒီမှာ ဒဏ်ရာအပြင်းအထန်နဲ့ တစ်ယောက်ပဲအသက်ရှင်ပြီး ညည်းတစ်ယောက်ပဲ ပွန်းရာပဲ့ရာလေးတစ်ချက်တောင်မှမရဘဲ အသက်ရှင်တယ်ဆိုတာ ညည်းရွတ်ဆိုပူဇော်တဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးရဲ့ တန်ခိုးတော်ကြောင့်ပဲဆိုတာ ငါယုံပြီဟေ့။ ဒါကြောင့် ငါလည်း ဒီနေ့ကစလို့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အမြဲရွတ်ဆိုပူဇော်တော့မယ်ကွယ်"

ခရီးသည် အမျိုးသမီးကြီး၏ ပြောစကားအဆုံး ကားဒရိုင်ဘာက -

"ဒါနဲ့ ငါ့ညီမကို မေးရဦးမယ်၊ ငါ့ညီမတို့ စီးလာတဲ့ကားမှာ လူဘယ်နှယောက်ပါလဲ။ ပြီးတော့ ညီမနာမည်က ဘယ်သူလဲဆိုတာ ပြောပါဦး"

"ကျွန်မနာမည်က မသာနုလို့ခေါ်ပါတယ်။ ကျွန်မစီးလာတဲ့ကားပေါ်မှာ ကျွန်မအပါအဝင် ခရီးသည် (၁၉) ယောက်နဲ့ ဒရိုင်ဘာ၊ စပယ်ယာ (၂) ယောက်နဲ့ဆိုရင် အားလုံးစုစုပေါင်း လူ (၂၁) ယောက် ပါပါတယ်"

"တဲ - ခရီးသည်အားလုံး ကားပေါ်တက်ကြပါ။ ကျွန်တော်တို့ ကားဆက်ထွက်ပြီး ရှေ့က မိုက်ကရိုဝေ့ (ဖ်) စခန်းမှာ သတင်းပို့ပြီး လူနာကိုအပ်ရဦးမယ်။ လူနာကိုကားရှေ့ပိုင်းမှာတင်ကြပါ"

ဒရိုင်ဘာ၏ စကားသံအဆုံး ခရီးသည်များသည် ဒဏ်ရာရသည့် လူနာအား ကားပေါ်ဝိုင်းတင်ကြပြီး ခရီးဆက်ထွက်ခဲ့ကြလေတော့၏။

※

"အမေကြီးရဲ့ ကိုယ်တွေ့အဖြစ်အပျက်ကတော့ အဲဒါပဲကွယ်။ အမေကြီးအသက် (၁၀) နှစ်သမီးအရွယ်ကစလို့ နေ့စဉ်အချိန်ရတိုင်း ရွတ်ဆိုပူဇော်ခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးရဲ့ တန်ခိုးတော်ကြောင့် အသက်ဘေးက လွတ်မြောက်ခဲ့ရတယ်ဆိုတာ မယုံမရှိကြပါနဲ့။ အမေကြီးရဲ့အသက် အခု (၇၅) နှစ်ရှိပြီကွယ်။ အမေကြီး မုသားစကားမပြောပါဘူး။ သည်နေ့သည်အချိန်ထိလည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အချိန်တိုင်း ရွတ်ဆိုပူဇော်နေလျက်ပါကွယ်။ သားတို့လည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုပူဇော်ကြပါလို့ တိုက်တွန်းပါရစေကွယ်"

ကိုယ်တိုင် အသက်ဘေးမှ လွတ်ကင်းခဲ့ရသော အမေကြီးဒေါ်မသာနု၏ ပြောပြသော ကိုယ်တွေ့ဖြစ်ရပ်မှန်အား စာစီရေးသားလိုက်ရပေသည်။

**သမ္ဗုဒ္ဓေဂါထာတော်ကြီး**

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ
သဟဿကေ၊ ပဉ္စသတ သဟ
ဿာနိ၊ နမာမိ သိရသာမဟံ။
၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ
နိဗ္ဗုတာ ဇိနာ။ တေသံ ဓမ္မဉ္စ
သံဃဉ္စ၊ အာဒရေန၊ နမာမဟံ။
၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ
သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တ
ရာယာပိ၊ ဝိနဿန္တု အသေ
သတော။

စာဖတ်သူအပေါင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ယုံကြည်စွာဖြင့် ရွတ်ဖတ်ပူဇော်ကြပါကုန်။

မင်းမြင့်နိုင် (ဘူးသီးတောင်)



www.burmeseclassic.com

www.burmeseclassic.com

၂၇-၃-၂၀၁၄ နေ့၊ ကြာသပတေးနေ့၊ ညနေ (၆) နာရီ။

ကျွန်တော်သည် ရွှေသံလွင်ဘုရား (ပါရမီလမ်းနှင့် ဘုရင့်နောင်လမ်းဆုံရှိ) တွင် တရားအားထုတ်ပြီးနောက် အိမ်ပြန်လာရာ လမ်းတွင် တေဇစက္ကီဆရာတော်ကြီးအကြောင်းကိုတွေးမိလာသည်။ (၃၃၃) ဘတ်(စ်)ကားကိုစီးပြီး ရဲဘော်ဟောင်းမှတ်တိုင်တွင် ဆင်းကာ မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်ရှိ ဇေယျာခေမာလမ်းအတိုင်း တေဇစက္ကီဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ ကမ္မဋ္ဌာန်းရိပ်သာသို့လာခဲ့သည်။

ရေးရန်တိုက်တွန်းပြီး ဆရာတော်ကြီးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်တို့ကို မိန့်ကြားလေသည်။ ထို့ပြင် ဆရာတော်ကြီးအကြောင်း တစေ့တစောင်းကို ဆရာ မောင်ပန်းမွှေးက ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ သာသနာ့အလင်း ဂျာနယ်တွင် ရေးခဲ့ကြောင်း ပြောလေသည်။ ကျွန်တော်သည် ကြာအင်းဆရာတော်ကို ဝတ်ဖြည့်ပြီးပြန်လာရာ ည (၉) နာရီရှိလေပြီ။ အပြန်တွင် ထီးတင်ပွဲအတွက် ငွေ (၅၀၀၀) ကျပ်လှူခဲ့သည်။

နောက်နေ့တွင် ဆရာမောင်ပန်းမွှေးကို ရှာပုံတော်ဖွင့်ရာ ရန်ကင်းရှိ Street View ဂျာနယ်တိုက်သို့ ရောက်သည်။ ထိုမှတစ်ဆင့် မရမ်းကုန်းမြို့နယ်၊ နဝဒေးရုပ်ရှင်ရုံအနီး တံတားကလေးလမ်းဝ ဇမ္ဗူသီရိဗိမာန်တော်ကိုရောက်ခဲ့ပြန်သည်။ ယင်းတွင် ဆရာမောင်ပန်းမွှေးနှင့်တွေ့ရပြီး တေဇစက္ကီဆရာတော်ကြီး၏အကြောင်း တစေ့တစောင်းကို သိခဲ့ရသည်။ ကျွန်တော် တက္ကသိုလ်တက်စဉ်က မြန်မာစာဆရာ မောင်ပန်းမွှေးမှာ ဖြူဖြူ ပိန်ပိန်ကလေးဖြစ်သော်လည်း ယခုအခါ အတော်ဝနေသည်။ ဆရာမောင်ပန်းမွှေးရေးခဲ့သော နုနုလှလှကဗျာလေးများသည် ထိုစဉ်က Post

တင်အောင်(စက်မှုတက္ကသိုလ်)

# တေဇစက္ကီဆရာတော်ကြီး

## အမှတ်တရ

ဤရိပ်သာသို့ ကျွန်တော်မရောက်ဖြစ်သည်မှာ (၄) နှစ်ရှိပြီ ဖြစ်သည်။ ကျွန်တော် တက္ကသိုလ်တက်စဉ် (၁၉၇၄ မှ ၈၀ ပြည့်နှစ်အထိ) က နှစ်တိုင်း ကျောင်းပိတ်ရက်များတွင် ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်လေ့ရှိသည်။ ရိပ်သာအပေါက်ဝသို့ ကျွန်တော်ရောက်သောအခါ ဘုန်းကြီးဦးသီလ (ဆရာတော် ဦးဓမ္မိကဝရ၏တပည့်) ကို တွေ့ရလေသည်။ ဦးသီလက တေဇစက္ကီဆရာတော်ကြီးမိန့်တော်မူခဲ့သည့်အတိုင်း ကျောင်းဝိုင်းထဲ၌ စေတီတစ်ဆူတည်ထားပြီး၍ ၄-၃-၂၀၁၄ နံနက် (၉) နာရီတွင် ထီးတော်တင်လှူမည်ဖြစ်သောကြောင့် လာရောက်ရန် ဖိတ်ကြားလေသည်။

ထို့နောက် ကျွန်တော်သည် ဓမ္မမိတ်ဆွေ ဒေါ်ခင်ညွန့်နှင့်တွေ့ပြီး ကြာအင်းဆရာတော် ဦးဇောတိကထံလာခဲ့သည်။ ဦးဇောတိကနှင့်တွေ့သောအခါ တိုက်တိုက်ဆိုင်ဆိုင်ပင် ၂၀၀၇ ခုနှစ်က ကျွန်တော် ဒုလ္လဘဝတ်စဉ်မှာ လှူဒါန်းခဲ့သော ကျွန်တော် ရေးသားသည့် 'အဖေဦးရန်အောင်နှင့် စာပေလောကရုပ်ပုံလွှာများ' စာအုပ်ဖတ်နေချိန်နှင့် ကြုံရလေသည်။ ဦးဇောတိကမှာ ကျွန်တော်ရေးသော ဆောင်းပါးများကို သူရဇ္ဇမဂ္ဂဇင်းတွင်တွေ့ရကြောင်း၊ တေဇစက္ကီဆရာတော်ကြီး၏ ထူးခြားအံ့သြဖွယ်များကို



အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တေဇစက္ကီဆရာတော်ဘုရားကြီး၊
(သက်တော် ၉၂ နှစ်၊ ဝါတော် ၇၃ ဝါရှိစဉ်က ပုံတော်)



www.burmeseclassic.com

www.burmeseclassic.com

Card များအပေါ်တွင် နေရာယူခဲ့သည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က ဆရာမောင်ပန်းမွှေးရဲ့ကဗျာတွေက သူ့အရေးအသားတွေထက်တောင် ပိုပြီးနုလှနေသည်ဟု မကြာခဏ ပြောလေ့ရှိခဲ့သည်။ အပြန်ခရီးတွင် တေဇစက္ကီဆရာတော်ကြီးအကြောင်းများ တရိပ်ရိပ်ပြန်ပေါ်လာလေသည်။

ကျွန်တော် တက္ကသိုလ်ပထမနှစ်တက်ပြီး ဦးသန့်အရေးအခင်းကြောင့် ကျောင်း (၆) လ ပိတ်သည်။ ထိုစဉ်အဖေ့ကို ကျွန်တော်က ရိပ်သာတစ်ခုတွင် ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်ချင်ကြောင်း ပြောပြသည်။ အဖေက ကျွန်တော့်ကို ဉာဏစာဂီရိပ်သာ (နောင် တေဇစက္ကီရိပ်သာ) သို့ ခေါ်လာသည်။ ကျွန်တော်တို့ ဆရာတော်ကြီးကို ကန်တော့ရန် ဆရာတော်ကြီး သီတင်းသုံးရာကျောင်းတော်သို့ လာခဲ့ကြသည်။ ဆရာတော်ကြီးသည် ဘုရားခန်းတွင် ငြိမ်သက်စွာ ထိုင်နေရင်းက အဖေ့ကို တွေ့သောအခါ ရွှင်လန်းအားရစွာဖြင့်-

"ဟာ - သူငယ်ချင်း၊ မင်းကို ခုမှပဲ ပြန်တွေ့ရတော့တယ်။ မင်းရေးတဲ့စာတွေကိုတော့ မဂ္ဂဇင်းတွေထဲမှာ ဖတ်နေရတယ်။ မတွေ့တာ နှစ် (၅၀) လောက်ရှိသွားပြီနော်"

ဟု ဆိုပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြလေသည်။

ဆရာတော်ကြီးနှင့် အဖေသည် ငယ်စဉ်က ကိုရင်အတူဝတ်ခဲ့ကြသည်။ အဖေသည် ကိုရင် ဝါ (၆) ဝါအရတွင် လူထွက်ရပြီး ဈေးလိုက်ရောင်းရလေသည်။ ဆရာတော်ကြီးသည် ထိုစဉ်ကတည်းက သင်္ကန်းဝတ်ခဲ့သည်မှာ ခန္ဓာဝန်ချသည်အထိ ဖြစ်သည်။

ဉာဏစာဂီဆရာတော်ကြီးသည် တဘောင်နှင့်ပေါ်လာသော ဆရာတော်ဘုရားဖြစ်သည်။ တဘောင်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*အင်းခမ်းလို့ လယ်ပေါ်၊*
*ငှက်တော်နှင့် ကြောင်မြအင်း၊*
*သစ်ခိုင်စေတီမိုးငယ်နှင့်*
*မင်းစွန်းစာဂီကိုးရတယ်ကွယ်*
*မျိုးသကျလင်း။*

အထက်ပါတဘောင်အရ -

**အင်းခမ်း**မှာ အင်းခမ်းတိုက်ဆရာတော် မဟာဝိသုဒ္ဓါရာမဆရာတော်ကို ဆိုလိုသည်။

**လယ်**မှာ လယ်တီဆရာတော်



တေဇစက္ကီနာယကဆရာတော် ဘဒ္ဒန္တဇောတိက (ဓမ္မကထိက) ဂမိုင်

ဘုရားကြီး၏ တရားဌာနများကို ဆိုသည်။

**ငှက်**မှာ ငှက်တွင်းဆရာတော်၏ တရားဌာနများကို ဆိုလိုသည်။

**ကြောင်**မှာ ကြောင်ပန်းဆရာတော်၏တရားဌာနများကို ဆိုလိုသည်။

**မြ**မှာ မြဝတီဆရာတော်၏တရားဌာနများကို ဆိုလိုသည်။

**အင်း**မှာ အင်းမဆရာတော်ဘုရားကြီး၏တရားဌာနများကိုဆိုလိုသည်။

**သစ်**မှာ သေက္ခတောင်ဆရာတော်၏တရားဌာနများကို ဆိုလိုသည်။

**ခိုင်**မှာ ရခိုင်ဆရာတော် ဦးတိက္ခိန္ဒြိယ၏တရားဌာနများကို ဆိုလိုသည်။

**စေတီ**မှာ ဓမ္မစေတီဆရာတော်၏ တရားဌာနများကို ဆိုလိုသည်။

**မိုး**မှာ မိုးညှင်းဆရာတော်၏ တရားဌာနများကို ဆိုလိုသည်။

**မင်း**မှာ မင်းကွန်းဆရာတော်ဘုရားကြီး၏ တရားဌာနများကို ဆိုလိုသည်။

**စွန်း**မှာ မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရားကြီး၏ တရားဌာနများကို ဆိုလိုသည်။

**စာဂီ**မှာ ဉာဏစာဂီဆရာတော်ကြီး၏တရားဌာနများကို ဆိုလိုသည်။

ဉာဏစာဂီဆရာတော် (နောင် တေဇစက္ကီ) လောင်းလျာကို သရက်ခရိုင် အောင်လံမြို့နယ် စမ်းအိုင (စအိုင့်) ရွာ (ပလို့ပြောင်းဖူးထွက်သော ပြလို့ရွာနှင့်ကပ်လျက်) တွင် ခမည်းတော် ဦးဖိုးထောင်၊ မယ်တော် ဒေါ်ရွှေပွင့်တို့မှ ၁၂၆၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်၊ စနေနေ့ (၄-၁-၁၉၀၁) နံနက်



www.burmeseclassic.com

www.burmeseclassic.com

(၄) နာရီ (၂၀) မိနစ်၌ ဖွားမြင်တော်မူသည်။ ငယ်နာမည်မှာ မောင်သိုက်တင်ဖြစ်ပါသည်။ တစ်ဦးတည်းသောသားဖြစ်သည်။ ဒေါ်ရွှေပွင့်မှာ (၅၁) နှစ်ရှိမှ ကိုယ်ဝန်ရသည်။ ရွာသူရွာသားများ အံ့သြကြသည်။ သွေးဆုံးနေပြီ၊ ကိုယ်ဝန်တော့မဖြစ်နိုင်။ သွေးဖျဉ်း၊ ရေဖျဉ်းသာဖြစ်ရမည်ဟု တစ်ရွာလုံးက ပြောကြသည်။

တချို့ကလည်း -

"မယ်တော်မာယာတောင်မှ (၅၀) ကျော်မှ ဘုရားအလောင်းကို ပဋိသန္ဓေရသေးတာပဲ၊ ယခုလည်း ဒေါ်ရွှေပွင့်မှာ ဘာအလောင်းမှန်းတော့ တပ်အပ်မပြောနိုင်ဘူး။ အလောင်းတစ်ပါးတော့ရောက်လို့နေမှာပေါ့"

ဟု ချီးမွမ်းကြသည်။

ဒီလိုနှင့်နေကြရင်း ပဋိသန္ဓေရင့်လာသဖြင့် အနီးအနားရှိ ရွာပေါင်း (၂၇) ရွာမှ လူများကဝင် -

"စအိုင်ရွာမှာ မယ်တော်မာယာကဲ့သို့ မိန်းမတစ်ယောက် ထူးထူးဆန်းဆန်းရှိနေတယ်။ (၅၀) ကျော်မှ ပဋိသန္ဓေရသတဲ့"

ဟု ကျော်စောစကားခေတ်စား၍ နေကြသည်။ ဆယ်လစေ့မြောက်၍လာသော်လည်း သူငယ်ကို မဖွားသေးဘဲ နိမိတ်စကားပေါ် လာပြန်သည်။

'ဆင်အောက်ဝင်မှ ဖွားမှာကွယ့်'

ဟူ၏။

ထိုစကားဖြင့် အပြောအဆိုများနေတုန်း၌ ဆင်မတစ်ကောင်ကို ငှားရမ်းရသည်။ ဈေးတည့်လျှင် ဆင်မကို အောက်တည့်တည့်က လုံ (၄) ခုဖြင့် ထောက်ထား၍ ဆင်ထိန်းများက ဝိုင်းဝန်းပြီး ထိန်းသိမ်းထားရသည်။ ဒေါ်ရွှေပွင့်ကို လူသန်သန်မာမာနှစ်ယောက်က အတင်းပွေ့ယူ၍ ဆင်မအောက်သို့ ပြေးဝင်ရသည်။ ဆင်မလည်း အလွန်အမင်း အောင်ဟစ်လျက် တုန်လှုပ်ယိမ်းယိုင် ခံစားရသည်။ ဆင်မ ဆုံးပါး၍ ငွေနှစ်သောင်းလျော်ပေးရသည်။ ထိုမျှဖြင့် မဖွားသေး၍ ဆင်မတစ်ကောင်ကို ထပ်ငှားရမ်းကာ ဆင်မအောက်သို့ ဒုတိယအကြိမ်ဝင်ရပြန်သည်။ ထိုအခါကျမှ တေဇစက္ကီလောင်းလျာကို ဖွားမြင်လာသည်။ ဒုတိယဆင်မမှာလည်း အနာရောဂါ ရရှိသဖြင့် ရောဂါပျောက်အောင် ငွေငါးထောင်ပေးပြီး ကုသရသည်။ တေဇစက္ကီလောင်းလျာကို ဖွားသောအခါ ဟိုက လာကြည့်ဒီကလာကြည့်နှင့် ကြည့်ကြလေရာ ကြည့်ကြသူတိုင်း၏ နှုတ်ဖျားမှ ထူးမှာပေါ့၊ ဆန်းမှာပေါ့ဟု ဆိုကြသည်။ သူငယ်၏ ခြေနှစ်ဖက်တွင် လက်ယာရစ်စက်များပါလာသည်။

"ယင်းစက်အရစ်တစ်ရာကို သန်လျက်ကစောင့်၍ ပါလာတယ်ကွယ့်၊ ထူးပါပေ့ကွယ်၊ ဆန်းပါပေ့ကွယ်"

ကလေး၏ အကြောင်းက ခေတ်စားနေသည်။ ဒီကလေးမှာ ခြေတင်က မယ်မထင်ဘူး။ လက်များ၌ကောဟု ကြည့်ကြရာ လက်နှစ်ဖက်တွင် လုံအသွားနှင့် လုံအရိုးပါလာသည်။

"လက်သန်းအောက်တည့်တည့်က ပန်ကာစက်က သီလစက်ကွယ့်၊ လက်သူကြွယ် အောက်တည့်တည့်က ပန်ကာစက်က သမာဓိစက်ကွယ့်။ လက်ခလယ်အောက်တည့်တည်က ပန်ကာစက်က ပညာစက်ကွယ့်။ အကြောင်းအရေးနှစ်ခုရဲ့ အလယ်တည့်တည့်က ပန်ကာစက်က ဥစ္စာစက်ကွယ့်။ လက်ညှိုးအောက်တည့်တည့်က ပန်ကာစက်က ဓမ္မစက်ကွယ့်။ ၎င်းစက်ငါးပါးကို လုံကစောင့်ရှောက်နေရတယ်။ လက်နှစ်ဖက်စလုံးမှာ စက်ငါးလုံးနဲ့ လုံပါရှိ၍ နေတယ်ကွယ့်"

ဟု ကျော်ဇော်ခေတ်စား၍ လာပြန်တော့သည်။ ဟိုးဟိုးကျော်နေသည်။

ဆရာတော်လောင်းလျာ မောင်သိုက်တင်သည် အသက် (၇) နှစ်၌ အုပ်ထိန်းသူမိခင်က စမ်းအိုင်ရွာ ဆူးပုတ်ကုန်းကျောင်းဆရာတော် ဦးပဏ္ဍဝထံ၌ ရှင်ပြုပေး၏။ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေအဖြစ် ချီးမြှင့်ခြင်းခံရစဉ်တစ၍ မထွက်ဘဲ သက်န်းဝတ်ဖြင့် ပျော်ရွှင်နေခဲ့သည်။ ဘွဲ့တော်မှာ ရှင်တေဇာလင်္ကာရ ဖြစ်ပါသည်။ လောကုတ္တရာစာပေကျမ်းဂန်များကို သင်အံလေ့ကျင့်ဆည်းပူးခဲ့သည်။ (၁၂) နှစ်ရောက်သော် တစ်ဝမ်းကွဲညီများနှင့် ရော၍ ဒုတိယအကြိမ် ရှင်ပြုပြန်သည်။ (၁၃) နှစ်အရွယ်တွင် တစ်ရွာပြောင်းမှ သူကောင်းဖြစ်မည်ဟု ရည်ရွယ်၍ ရန်ကုန်မြို့ ဘုန်းကြီးလမ်း ဟံသာဝတီ ပိဋကတ်တိုက်၌လည်းကောင်း၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်တိုက်၌ လည်းကောင်း၊ ပါဠိဆရာ၊ စာပြင်ဆရာ (ပါဠိဆရာကြီး ဦးဖြေ) ကလေး၏ အဘိုးထံသို့ ပို့ထားရသည်။

ဆရာတော်ငယ်စဉ်က အဘိုးဆရာကြီး ဦးဖြေ၏ဆုံးမသြဝါဒပေးပုံမှာ မှတ်သားဖွယ်ကောင်းလှသည်။

"ကိုရင်၊ စာတတ်အောင်သင်ပါ။ စာမေးပွဲအောင်အောင်မသင်ပါနဲ့။ စာသင်သားဘဝမှာ ပွဲလမ်းတွေသွားသွားပြီးမကြည့်ပါနဲ့။ ဟိုသွားဒီသွားမပြုပါနဲ့။ လမ်းများတတ်သောသူတို့နဲ့ မပေါင်းပါနဲ့။ ရိုးရိုးသားသားနေပါ။ သိပ်သိပ်သည်းသည်းနေပါ။ မမော်နဲ့မကြွားနဲ့၊ ကုပ်နိုင်သမျှ ခပ်ကုပ်ကုပ်နေပါ။ သူ့အချိန်ကျတော့ အရှိန်တကြွကြွနဲ့ ထထလာပါလိမ့်မယ်။ အောက်ကလူတွေဟာ အထက်သို့ပါပါလာပါစေ"

ဟူသတည်း။

ထိုမှတစ်ဆင့် (၅) ထပ်ကြီးတိုက် ဆရာတော် ဦးတိသာသနထံ၌ ပညာသင်ကြားစေသည်။ အခြေခံဗုဒ္ဓဘာသာစာပေကျမ်းဂန်များ နှုတ်တိုက်ချပေးသဖြင့် အရများနေသည်။ ဦးဖြေက မန္တလေးမြို့ အရှေ့ပြင်တိုက်တော်ကျောက်ပန်းတောင်းဆရာတော်ထံအပ်၍ ဦးတိလောကမှ ကြည့်ရှုရသည်။ (၁၃) နှစ်သားတွင် အခြေခံမူလတန်း စာပေ စတုတ္ထတန်း အောင်မြင်ခဲ့သည်။ ညမှာလည်း ဆရာတော်ဦးပဏ္ဍဝက ပါဠိသဒ္ဒါသင်ပေးခြင်းကြောင့် ဂဏန်းသင်္ချာရော ပါဠိပါ တတ်မြောက်၍နေသည်။ ရသမျှစာပေကို မေ့ပစ်ခြင်းမရှိဘဲ အခြေမိသဖြင့် စာကြီးပေကြီးများအတွက် အားပေးကူညီလျက် ပါဠိသဒ္ဒါကြောင့် ကျမ်းကြီးများကို သင်ကြားဆည်းပူးနိုင်သည်။

အသက်တော် (၁၉) နှစ် (၆) လတွင် မိဘများက ပင့်ခေါ်၍ စမ်းအိုင်ရွာ ဆူးပုတ်ကုန်းကျောင်း ခဏ္ဍသိမ်၌ မိဘနှစ်ပါးနှင့် ညီမတစ်ဝမ်းကွဲတော်စပ်သူ ဒေါ်ငွေခိုင်၊ ဦးဘိုးမှင်တို့မှ ရဟန်းဒါယိကာပြုပြီး သိမ်ဝင်ကြစေသည်။ ဥပဇ္ဈာယ်ဆရာကား သရက်မြို့ မောင်းထောင်းတိုက်မှ မောင်းထောင်းဆရာတော်ကြီး ဖြစ်သည်။ သက်တော် (၁၉) နှစ်တွင် စာချပုဂ္ဂိုလ်ဟု တွင်လာတော့သည်။ ကိုရင်ဘဝမှ စာချလာရာ ဝါ(၂၀) ပြည့်မှ ရပ်တော်မူသည်။ ၁၃၀၀ ပြည့်နှစ်၊ ဝါတော် (၂၀) ပြည့်ခါနီး တော်သလင်းလပြည့်နေ့အထိ ပရိယတ္တိစာပေကျမ်းဂန်များကို သဒ္ဒါနည်းပေါက်ဆန်းနည်း၊ လင်္ကာနည်းတို့ကို တတ်မြောက်ခဲ့သည်။ နိကာယ်ငါးရပ်ထဲက ပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများကို ဆည်းပူးတတ်မြောက်ခဲ့သည်။ သာသနာ့ဝန်ထမ်းပီပီ မနေမနား ကြိုးစားအားထုတ်ခဲ့သည်။ ဆရာတော်သည် ပဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com

အုတ်ဖိုဆရာတော်ကြီး ဦးဥက္ကံသမာလာ၏ တပည့်ရင်းလည်း ဖြစ်သည်။

ပရိယတ္တိဘဝမှ ပဋိပတ္တိဘဝသို့ ကူးပြောင်းလာပုံမှာ မအူလေးရွာ၌ တေဇစက္ကိဆရာတော်အလောင်းလျာ ရဟန်း တော်သည် နိကာယ်ငါးရပ်ကို ဖောက်စဉ်က ချင်းတွင်းမြစ်ကို ကူးပြီး ဘုန်းတော်ကြီး ဦးစန္ဒောဘာသကို ကန်တော့သည်။ ဘုန်းတော်ကြီးက တေဇစက္ကိကို ငေါက်ငမ်းဆဲဆိုသည်။ တေဇစက္ကိက မတုန်မလှုပ်ဘဲနေတော့ ဘုန်းတော်ကြီးက -

"ငါဒီလိုငေါက်ငမ်းဆဲဆိုတာကို စိတ်ဆိုးသလား"

"စိတ်ဆိုးပါတယ်ဘုရား"

"စိတ်ဆိုးမှ ငရဲကလွတ်မှာကွယ့်။ ငါဆဲတာက မင်းတို့ကို ငရဲမကျအောင် ကယ်ဆယ်တာနော်။ မင်းတို့စာသင်သား တွေဟာ စာတတ်ဖို့၊ စာချနိုင်ဖို့လောက် သာ ရည်စူးပြီး စာသင်ကြတယ်။ ဝိပဿနာအားထုတ်ဖို့ကိုတော့ အိပ်မက် တောင်မှ မမက်ခဲ့ဘူး။ ဘုရားက ဂန္ထဓူရ၊ ဝိပဿနာဓူရဟူ၍ (၂) မျိုးထားခဲ့တယ် ကွယ့်။ ဝိပဿနာဓူရသာသနာကို မင်းတို့ က ကွယ်ကွယ်ပစ်တယ်"

ဉာဏစာရီခေါ် တေဇစက္ကိဆရာ တော်လောင်းလျာ ရဟန်းတော်သည် ဝါတော် (၂၀) ပြည့်လျှင် ဝိပဿနာ ဘက်သို့ ကူးပြောင်းမည်ဟု ရည်သန် လာခဲ့သည့်အတိုင်း စာချဘဝတည်းက ဝိပဿနာစာအုပ်များ ရသမျှ ကြည့်ရှု မှတ်သား၍ လိုရင်းကို ထုတ်နုတ်ထား လေသည်။ မော်လမြိုင်မြို့က သီလမာမ ကအသင်းမှာရှိနေသော စာအုပ်များကို အလဲအလှယ်နှင့် ကုန်အောင်ဖတ်၍ မှတ်စုထုတ်ထားသည်။ (၅၄) ဝါလုံး ရှာဖွေစုဆောင်းခဲ့သည်။

ဆရာတော် တရားထူးရပုံမှာ လည်း ထူးခြားလှသည်။ ၁၃၀၀ ပြည့်နှစ် တော်သလင်းလပြည့်နေ့ နံနက်တွင် ကျောင်းဒကာကြီး ဦးဘိုးလုံး ယူဆောင် လာသော အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာ အားထုတ်နည်းစာအုပ်ကို တောင်းယူကြည့်ရာမှ -

'ဒါဟာ စာသိမဟုတ်ဘူး၊ ကိုယ် တိုင်သိပဲ။ အားထုတ်ကြည့်မယ်'

ဟု အကြံရသွားသည်။ ဗီရိုထဲက တရားစာပေများကို ရှိခိုးပြီးနောက် ချက် ချင်းပင် ငယ်ထိပ်၌ သတိကပ်အားထုတ် တော်မူပါသည်။ ခန္ဓာကိုယ်ထဲမှ တလှုပ် လှုပ်၊ တရွရွ၊ တမွမွ၊ တကြွကြွ၊ တရှိန်း ရှိန်း၊ ဖျိုးဖျိုးဖျဉ်းဖျဉ်းဖြင့် ဖောက်ပြန်နေ သောရုပ်များကို နာမ်က သိသိလာ၍ ဉာဏ်စဉ်တက်လာသည်။ နာမရူပ ပရိစ္ဆေအခြေခံဉာဏ်ကို (၁၀) မိနစ်အတွင်း ရတော်မူသည်။ ရသည်နှင့် ချက်ချင်း ကလတက်ခေါက်၍ စာသင်သားအား လုံးကို (၇) ရက်တိတိ ကမ္မဋ္ဌာန်းပြခဲ့ သည်။ (၇) ရက်ပြည့်မှ နေ့စာသင်၊ ည တရားအားထုတ်စေခဲ့ရာ သက်တော် (၉၂) အရွယ်အထိ ကမ္မဋ္ဌာန်းတရားပြ နေတော်မူဆဲ ဖြစ်သည်။

မိမိတွေ့ရသောတရားကို ရဟန္တာ ဟု ကျော်စောသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး (သထုံမြို့) ထံ သွားရောက်ပြီး အလုံးစုံလျှောက်ထားခဲ့ သည်။ ထိုစဉ်က အလွန်ကျော်ကြား တော်မူသော မိုးညှင်းသမ္ဗုဒ္ဓေဆရာ တော်ကြီး (ရွှေတိဂုံစေတီတော်အလယ် ပစ္စယံ၌ သီတင်းသုံးနေတော်မူစဉ်) ထံ သွားရောက်၍ အားထုတ်ပုံ၊ တွေ့ရပုံများ ကိုလျှောက်ထားတော်မူခဲ့သည်။ ဆရာ တော်ကြီး တရားထူးရသော ဘီလူး ကျွန်း ချောင်းဆုံမြို့အပိုင်း ကွမ်သဲကျေး ရွာရှိ ဉာဏစာရီဆရာတော် တရားထူး ရရာ ဉာဏစာရီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက် ဥပစာရှိ ပန်းပင်တစ်ပင် တည်းမှ ထူးခြားစွာ သဖန်းသီး၊ သပြေ သီး၊ ညောင်သီးနှင့် ဖန်ခါးသီး အသီး (၄) မျိုးသီးနေသည်။ ၁၃၁၂ ခုနှစ်မှ (၄) နှစ်ဆက်တိုက် တွေ့ရှိရသည်။ ထို့ပြင် ဖန်ခါးသီးတစ်ပင်တည်းမှလည်း ညောင် ကိုင်း၊ ညောင်ရွက်၊ ညောင်ပွင့်၊ ညောင် သီး (၄) မျိုးပြပါသည်။ (ခာတ်ကြီး (၄) ပါးနိမိတ်) ဖန်ခါးသီးတစ်မင်တည်းမှပင် သပြေကိုင်း၊ သပြေရွက်၊ သပြေပွင့်၊ သပြေသီး (၄) မျိုးပြပါသည်။ (မဂ်လေး ပါးနိမိတ်) ဖန်ခါးသီးတစ်ပင်တည်းမှ ပင် သဖန်းကိုင်း၊ သဖန်းရွက်၊ သဖန်းပွင့်၊ သဖန်းသီး (၄) မျိုးပြပါသည်။ (ဖိုလ်လေး ပါးပေါ်မည့်နိမိတ်)

ဆရာတော်သည် ဉာဏစာရီ အမည်တွင်ခဲ့ရသည်မှာ တရားထူးစတင် ရသောနေရာ၊ တရားစတင်ပြသခဲ့ရာ ကျောင်းတိုက်အမည်အရ အမည်တွင်ခဲ့ ရခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်မှာ-

"တရားပွဲမှာ လူနည်းတာ၊ များ တာကို ပဓာနမထားရဘူး။ ငါ့တရားပွဲ လူတယ်နည်းပါလားလို့ စိတ်အားမငယ်ရ ဘူး။ ဒါပတာသနကိစ္စပဲ။ တို့ဘုရားရှင် ကြီးဟာ ယူဇနာပေါင်းများစွာ ခရီးသွား ပြီးချွတ်ခဲ့တာ။ တစ်ခါတစ်ရံ တစ် ယောက်၊ တစ်ခါတစ်ရံနှစ်ယောက်။ ဒါ တွေဟာ ပိဋကတ်တော်ထဲမှာ အများ ကြီးပဲ။ ကျွတ်ထိုက်သူကျွတ်ဖို့ပဲ အဓိက ထားတယ်"

အလုပ်မလုပ်ဘဲ အသက်ရှည်၍ မနေလို၊ အသက်ရှည်နေသရွေ့ အလုပ် လုပ်မည်ဟု (ပေါ်သိ၊ ပေါ်သိ၊ နိဗ္ဗာန် အထိ)ဟူသောဆောင်ပုဒ်ဖြင့် ဝိပဿနာ ဖြင့် ဝိပဿနာဓူရကို ဆရာတော်ကြီး သာသနာပြုခဲ့ရာ အိန္ဒိယပြည်၌ ဆရာ ကြီး ဦးဂိုအင်ကာနှင့်တွဲ၍ ရိပ်သာပေါင်း (၃၃) ခု၊ သီရိလင်္ကာနိုင်ငံ၌ ဒေါက်တာ မာလာဆေကရနှင့် တွဲဖက်၍ ရိပ်သာ ပေါင်း (၄၀) ခု၊ ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဖို့ဒ် ကုမ္ပဏီသူဌေးနှင့် ပူးပေါင်းပြီး ရိပ်သာ ပေါင်း (၈၇) ခုတို့ကို တည်ထောင်ခဲ့၍ ဝိပဿနာကျမ်းစာအုပ်ပေါင်း ရှစ်ရာ ကျော်ကို ရေးသားခဲ့သည်။ ဆရာတော် ကြီး၏မူလဘွဲ့တော်မှာ ဉာဏစာရီဖြစ် ပြီး ၁၉၇၈ ခုနှစ်တွင် အကြောင်းတစ်ခု ကြောင့် တေဇစက္ကိဟု ပြောင်းလိုက်ရ သည်။

ကျွန်တော်သည် ၁၉၇၄ ခုမှ ၁၉၈၀ ပြည့်အထိ နှစ်စဉ်ကျောင်းပိတ် ရက်တိုင်း ဆရာတော်ကြီးကျောင်းတွင် ရဟန်းဝတ်ပြီး တရားအားထုတ်ခဲ့သည်။ ညနေချမ်းတွင် ကျွန်တော်တို့သည် ဆရာ တော်ကြီးသီတင်းသုံးရာ ကျောင်းဆောင် သို့သွားပြီး ဆရာတော်ကြီးကို ခြေဆုပ် လက်နယ်ပြုရသည်။ ထိုအခါ ဆရာ တော်ကြီးသည် သူ၏ဘဝအတွေ့အကြုံ ကို မိန့်ကြားသည်။ ဆရာတော်ကြီးနှင့် ပဲခူးမြို့ဆရာတော်ကြီး ဦးကုဏ္ဍာစာရတို့ သည် မော်လမြိုင်တောင်ကိုးလုံးကျောင်း တိုက်တွင် စာသင်ဖက်များ ဖြစ်ခဲ့ကြ သည်။

အောက်ပါစာသားသည် တရား ထူးရတော်မူသော ဆရာတော်ကြီးကိုယ် တိုင် မိန့်တော်မူခဲ့သော စည်းချနည်း ဖြစ်သည်။ တရားအားထုတ်သူများအ တွက် အထူးအကျိုးရှိသည်ဟု ဆရာ တော်ကြီးက သိစေလိုသော ဆန္ဒရှိတော် မူသည်။ ဆရာတော်ကြီးသစ္စာပြုပုံပြု နည်းမှာ -

"မဟာနိဗ္ဗာန်သို့ ဝင်စံတော်မူကြ ကုန်သော ဘုရားရှင်အနန္တ၊ သံဃာတော် အနန္တ၊ ပစ္စေကဗုဒ္ဓါအနန္တ၊ ဓာတ်တော် မွေတော်အနန္တ၊ စေတီတော်၊ ပုထိုးတော် အနန္တ၊ ကုဋေကိုးထောင်ကျော်သော



www.burmeseclassic.com

www.burmeseclassic.com


သိက္ခာပုဒ်တော်အားလုံး၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်အား ဖြင့် တစ်ဆယ့်သုံးဌာနအားလုံးတို့သည် တပည့်တော်၏ခန္ဓာကိုယ်၌ ယနေ့က စပြီး နိဗ္ဗာန်သို့ဝင်သည့်တိုင်အောင် ကြွ ရောက်တည်နေတော်မူကြကုန်၍ အရှင် ဘုရားတို့၏ တန်ခိုးတေဇော်အာနုဘော် တော်ကြောင့် ဝင်ဝင်သမျှ၊ လာလာသမျှ သော အကုသိုလ်နှင့် ကိလေသာတို့ကို တုန်ခန်းချုပ်ငြိမ်းကင်းဝေးစေ၍ မြတ်စွာ ဘုရား စသော တစ်ဆယ့်သုံးဌာနအား လုံးတို့ဖြင့် ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး၊ စည်းရိုးကြီး၊ သီတာ (၇) တန်၊ တောင်စဉ် (၇) ထပ်၊ အသေခံ့ချိ၊ အနန္တစကြာဆီး၍ စည်းချပါ၏။ ဤစည်း များအတွင်းသို့ ဘုရားမကြိုက်၊ တရား မကြိုက်၊ သံဃာမကြိုက်၊ မဂ်မကြိုက်၊ ဖိုလ်မကြိုက်၊ နိဗ္ဗာန်မကြိုက်သော အကုသိုလ် ကိလေသာဝိပါက်မှန်သမျှ အနန္တတို့သည် ဝင်ခွင့်မရ၊ လာခွင့်မရ၊ နှိပ်စက်ခွင့်မရကြဘဲ ရှိသမျှတို့ကိုပါ ဈာပနဖြင့် ပြာကျပါစေသတည်း။ ရုပ်၊ နာမ်ဓမ္မသင်္ခါရတို့ကို ဘုရားရှင်တိုင်း မြင်သလိုမြင်ရပါစေသတည်း။ အရိယာ တိုင်းမြင်သလို မြင်ရပါစေသတည်း။ ပစ္စေကဗုဒ္ဓါတိုင်း မြင်သလိုမြင်ရပါစေ သတည်း။ တွေ့ရပါစေသတည်း။ မျက် မှောက်ပြုရပါစေသတည်း အရှင်မြတ် ကြီးတို့ဘုရား"

အထက်ပါ စည်းချဂါထာတော် ကြီးကို ဉာဏစာရီဆရာတော်ကြီးသည် ရေးယခင်က ရေး၍မထားဘူးပါ။ ရလည်း မရဘူးပါ။ အလိုလိုရလာခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ၁၃၀၀ ပြည့် နှစ်၊ တော်သလင်းလပြည့်နေ့၊ နံနက် (၉) နာရီအချိန်၌ တရားထူးစတင်တွေ့ ပြီး တရားပြသ၍ တစ်နှစ်ခန့်အကြာ တွင် ကံအားလျော်စွာ အရေးကြုံ၍ တွေးတောပြီး စည်းချခဲ့ခြင်း ဖြစ်သည်။ ယနေ့အထိ လက်သုံးပြုနေတော်မူပါ သည်။

ထိုစဉ်က ဘီလူးကျွန်း ကွမ်းသဲရွာ ကြီးတွင် ဆရာတော် တရားပြနေသည် ကို မလိုလားသောပုဂ္ဂိုလ်တစ်ဦးက ရွာ သူတစ်ယောက်ကို ပူးကပ်စေပြီး -

"ဉာဏစာရီကို ငါဆုံးမပြမယ်။ လာကြည့်ကြ"

ဟု ရွာရိုးလှည့် လူခေါ်ပြီး လူသုံး ထောင်ခန့်နှင့်အတူ ဆရာတော်ထံ ရောက်လာသည်။ ဆရာတော်ရှေ့ သုံး



တောင်ခန့်အကွာ တင်းမာစွာရပ်လျက် နေခဲ့သည်။ ဆရာတော်မေးသည်ကို လည်း မဖြေဘဲနေသည်။ ဆရာတော် မှာ ကြုံရာမရ ပါဠိတော်များ ရွတ်လည်း မသွားဘဲ ပေကတ်ကတ်လုပ်နေသည်။ နောက်ဆုံး၌ အကြံရပြီး အထက်ပါ စည်းချဂါထာတော်ကြီးကို စဉ်းစားရင်း ဖြည်းဖြည်းချင်းရွတ်ဆို၍ရေမန်းသောက် ခိုင်းမှ ပြန်လှည့်သွားပါတော့သည်။ ထို နည်းတူအတိုင်း သုံးရက်သုံးကြိမ်လာပြီး ပြန်သွားသောညတွင် ကျောင်းပေါ် သို့ သုံးပိဿာမျှလေးသော ဂဝံကျောက်တုံး လေးလုံး အရပ်လေးမျက်နှာမှကျလာ သည်။ ကျောင်းခေါင်မိုးဖောက်၍ ကြမ်း ပေါ်ကျလာသည်။ ထိုညတွင် ပူးကပ်စေ သော အာဂန္တုပုဂ္ဂိုလ် ဝမ်းရောဂါဖြင့် လွန်ရှာသည်။ ထိုပုဂ္ဂိုလ်မှာ အသက် (၉၃) နှစ်အရွယ် အရပ် (၇) ပေမြင့် ၏။ ဖြူဖြူတုတ်တုတ်ခိုင်ခိုင်၊ ထမင်းစား လျှင် ကြက်၊ ဘဲ တစ်ကောင်ချက်ကုန် သော ဟူ၏။

ထိုအချိန်မှစ၍ ဆရာတော်ကြီး က ကမ္မဋ္ဌာန်းတရားအားမထုတ်မီ ယောဂီပုဂ္ဂိုလ်တိုင်း အထက်ပါ စည်းချ ဂါထာတော်ကို ရွတ်ဆိုစေ၏။ စည်းချ ဂါထာတော်ကြီးကျေးဇူးကြောင့် အန္တ ရာယ်အမျိုးမျိုးမှ လွတ်ကင်းခဲ့ရသူများ အကြောင်းကို ဆရာတော်ကိုယ်တိုင် ဉာဏစာရီ၏သာသနာ့ဝင်ကျောက်တိုင် ကြီးသမိုင်းစာအုပ်တွင် မှတ်တမ်းတင်ခဲ့ ၏။ အံ့ဖွယ်ဖြစ်ရပ်များပါပေ။ ဆရာ တော်ကြီးသည် ဝိပဿနာတရားကို မြန်မာနိုင်ငံလုံးအနှံ့ နှစ်ပေါင်း (၅၀) ကျော် ပြသခဲ့သော ပုဂ္ဂိုလ်ထူးဖြစ်ပြီး ဆရာတော်ကြီး တရားပြသခဲ့သော ယောဂီဦးရေ (၆) သိန်းကျော်ရှိပါသည်။ ရန်ကုန်မြို့ (၈) မိုင်၊ စစ်ကိုင်း ဘီလူး ကျွန်း၊ ကွမ်းသဲနှင့် သရက်မြို့တို့၌ တေဇ စက္ကီကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီး (၄) တိုက်ကို ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ဆရာတော်ကြီး၏ ဆုံးမစကားမှာ -

'သာသနာပြုလျှင် မိမိရဲ့မာနကို ခွေးအောက်အတောင်တစ်ရာနှိမ့်ချထား ပါ။ အရှဲ့မတိုက်ချင်နှင့်။ မိမိသာနစ်မွန်း လိမ့်မည်။ ဘာမှမတုံ့ပြန်နှင့်။ အလုပ်နှင့် သာ လက်တွေ့ပြပါ။ ဇကန်အောင်မြင်ရ မည်'

ဟူသတည်း။

ဆရာတော်ကြီးသည် ပျံလွန်တော် မူသောအခါ တရားဟော၊ တရားပြသ နေခဲ့သည်။ သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါအရောက် ၁၃၅၃ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်နေ့တွင် စုတိကမ္မဇရုပ်ငြိမ်းတော်မူသည်။

၄-၄-၂၀၁၄ နေ့၊ နံနက် (၆) နာရီ တွင် ကျွန်တော်သည် တေဇမုနိဓာတု စေတီတော်မြတ်၏ ရွှေထီးတော်တင် မင်္ဂလာရှိရာ မရမ်းကုန်းမြို့နယ် အမှတ် (၆) ရပ်ကွက် ဇေယျခေမာလမ်းအတိုင်း တေဇစက္ကီကမ္မဋ္ဌာန်းကျောင်းတိုက်သို့ လာခဲ့သည်။ လမ်းတစ်လျှောက် လုံချို ရေးများချထား၍ အရေးကြီးပုဂ္ဂိုလ်လာ မည့်နိမိတ် ဖြစ်သည်။ နံနက် (၉) နာရီ တွင် ဆရာတော်ကြီး ဘဒ္ဒန္တအာစရအား ဦးထိပ်ထား၍ ဦးသန်းထွန်းဦး၊ ဒေါ်ထိုက်ထိုက်ဦး (သိန်းသန်းစက်မှု လက်မှု) (၇၇၇ ခြေတု၊လက်တုလုပ်ငန်း) မိသားစုတို့၏ အလှူတော်မင်္ဂလာလက် ဆောင် ယပ်တောင်ကိုရ၏။ အကျွေးအ မွေးကို ဆရာစံရပ်ကွက် ငွေလရောင် လမ်း ဘင်္ဂလားကျောင်းမှ ဆရာတော် ဦးဥတ္တမမှ တာဝန်ယူသည်။ စေတီတော် ၏ ဉာဏ်တော်မှာ (၆၀) ပေ ရှိသည်။ ဦးဇော်လတ်၊ ဒေါ်လွင်လွင်မော်တို့မှ ဓမ္မ စာအုပ်များ ဝေငှရာ ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ၏ 'အားပေး စကား' စာအုပ် ရခဲ့၏။

*ဤဆောင်းပါးဖြင့် တေဇစက္ကီ ဆရာတော်ကြီး ဘဒ္ဒန္တတေဇာလင်္ကာရ နှင့် ဖခင် ဦးရန်အောင်ကို ဦးခိုက်လျက်။*

တင်အောင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ရဲယိုနှင့် ချောင်းဆိုး

လူရယ်လို့ဖြစ်လာရင် မွေးဖွားပြီး သည်မှ သေဆုံးသည့်တိုင်အောင် ခန္ဓာကိုယ်ရဲ့ အနူစားရောဂါဖြစ်တဲ့ နှာစေး၊ ချောင်းဆိုးဆိုတဲ့ရောဂါကို အလျဉ်းမသင့်ရင် ခံစားကြရတတ်ပါတယ်။

နှာစေး၊ ချောင်းဆိုးတာ လူကိုသေစေနိုင်တဲ့ရောဂါမဟုတ်တော့ ခပ်ပေါ့ပေါ့နေတတ်သူများတယ်။ မခံသာမှ ဆေးလေးဘာလေးဝယ်သောက်ကြတာ ထုံးစံပါ။ ဆေးဆိုတာကလည်း ပဋိဇီဝဆေး၊ တိုင်းရင်းဆေးဆိုပြီး ဆေးဆိုင်တွေမှာ ပေါမှပေါပါ။

လူဆိုတာ ကလေးငယ်နဲ့ သက်ကြီးရွယ်အိုဆိုတာ အများမခံပါဘူး၊ မှားလိုက်တာနဲ့ အနည်းဆုံး နှာစေး၊ ချောင်းဆိုးတော့ ဖြစ်တတ်ပါတယ်။ ကျွန်တော်လည်း ၂၀၁၃ ရဲ့နှောင်းပိုင်းမှာ နှာစေးရာကနေ ချောင်းဆိုးဝေဒနာကြာရှည်စွာခံစားနေရတာကြောင့် ကောင်းနိုးရာရာ ဆေးတွေမတိုးနိုင်အောင်ရှိနေရပါတယ်။ ဒါနဲ့ ဒီလို ခပ်ပေါ့ပေါ့နေလို့ မဖြစ်တော့ဘူးဆိုပြီး ကစော့ခါးသီးဟင်းရည်ချက်သောက်မှ ပျောက်ရပါတယ်။

၂၂ - ၁၂ -၂၀၁၃ မှာ ရန်ကုန်မြောက်ဒဂုံရှိ စာရေးဆရာ ဇနီးမောင်နှံဖြစ်တဲ့ ဦးမောင်မောင်အေး (ခတ်ပုံ)၊ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) တို့ အိမ်ရောက်တော့ ဆရာတို့ ဇနီးမောင်နှံနဲ့ ကျန်းမာရေးကိစ္စလေးတွေပြောဖြစ်ကြပါတယ်။ ဆရာမောင်မောင်အေးက (၈၀) နား နီးပေမယ့် (၇၀) နီးတဲ့ ကျွန်တော်နဲ့ မတိမ်းမယိမ်းလို့ဆိုနိုင်ပါတယ်။ (၄၀) ကျော် သူ့ဇနီး ဒေါ်တင်တင်နွဲ့ကို ရုပ်ရည်နဲ့စိတ်က ထိုင်စောင့်နေခြင်းပါ။ အဲဒီအခါ ဦးမောင်မောင်အေး အရွယ်တင်ကာ ဒေါ်တင်တင်နွဲ့က ဦးမောင်မောင်အေးကို အမီလိုက်ရတတ်ပါတယ်။

ဒါက လူ့သဘာဝဆန်းကြယ်တဲ့ စိတ်နဲ့ရုပ်ပါ။ ကျွန်တော်တို့ ဦးလေး ဦးတင်ညွန့်ဟာ သူ့အသက် (၂၀)အရွယ်လောက်မှာ ကျောင်းသူတစ်ဦးကိုပိုးပါတယ်။ ဖြစ်ချင်တော့ သမီးနဲ့မရဘဲ အသက် (၄၀) ကျော် (၅၀) ဝန်းကျင် မိခင်မုဆိုးမနဲ့နေရပါတယ်။ ထူးထူးဆန်းဆန်းပါ။ ဒီအခါ ဘာဖြစ်လဲဆိုတော့ အဘွားကြီးက မအိုဘဲ ရွှေ့ကထိုင်စောင့်နေတာပါ။ အသက်သာကြီးတယ် အရွယ်ကနုနေပါတယ်။ ကျွန်တော်တို့ ဦးလေး မီးသတ်ဗိုလ် ဦးတင်ညွန့်က သူ့ဇနီးကို အရွယ်ညီအောင် အမီလိုက်သွားတာ မျက်စိနဲ့မြင်တွေ့ခဲ့ဖူးပါတယ်။ နောင်နေပြည်တော်ပျဉ်းမနားကနေ ပျော်ဘွယ်မှာ ပြောင်းရွှေ့တာဝန်ထမ်းရင်း ဆွေမျိုးတွေဆီ အရောက်နည်းသွားခြင်းပါ။ ကွယ်လွန်ကုန်ကြတာ ကြာပါပြီ။ ရန်ကုန်စမ်းချောင်းမှာရှိတဲ့ ဦးတင်ညွန့်ရဲ့အစ်ကို မီးသတ်ဗိုလ် ဦးထွန်းကြည်သာ ကျန်းမာစွာရှိနေဆဲပါ။ အသက် (၈၀) ကျော်ပါပြီ။

အဲဒီလိုအဖြစ်မျိုး မိုးကုတ်ကျောက်ဖျာမှာလည်း ကြုံးဖူးပါတယ်။ အိမ်ရှင်အဘွားကြီးနဲ့ တွင်းသားတစ်ဦး အိမ်ထောင်ကျကြပါတယ်။ အဘွားကြီးနဲ့ တွင်းသားနှစ် (၃၀) လောက် ကွာပါတယ်။ ဒီအခါ အဘွားကြီးက မျက်စိမမှုန်၊ သွားမကျိုး၊ အရွယ်မအိုဘဲ ရွှေ့ကထိုင်စောင့်နေခြင်းပါ။ တွင်းသားက ငယ်ပေမယ့် အရွယ်အိုစာကာ ဆံပင်တွေမုတ်ဆိတ်တွေဖြူကုန်ပြီး အဘွားကြီးနဲ့ အရွယ်ညီသွားတာ ကြုံတွေ့ဖူးပါတယ်။ ကြီးကြီးနဲ့ ငယ်ငယ်ရကြရင် ကြီးသူက ထိုင်စောင့်နေတတ်ကြောင်း ဆရာတို့ ဇနီးမောင်နှံကိုမြင်တော့ အထက်ပါအဖြစ်တွေကို သတိရမိတာနဲ့ ကြားညှပ်တင်ပြခြင်းပါ။

ဆရာတို့ ဇနီးမောင်နှံအိမ်ကို ကျွန်တော် ဒုတိယအကြိမ် ရောက်ခြင်းပါ။ ကျွန်တော်နဲ့ ဆရာတို့က ညီအစ်ကိုမောင်နှမအရင်းတမျှ ချစ်ခင်ကြပါတယ်။ ဒီတော့ ကျန်းမာရေးကိစ္စပြောကြရာမှာ ကျွန်တော် ရက်ရှည်ချောင်းဆိုးတဲ့အခါ ကစော့ခါးသီးဟင်းရည်ချက်သောက်မှ ပျောက်ကြောင်း ပြောပြတော့ ဒေါ်တင်တင်နွဲ့ကရယ်ရယ်မောမောပြောပါတယ်။

"ဆရာရယ်၊ ချောင်းဆိုးတာများ အပင်ပန်းခံလို့ ကဆော့ခါးသီးဟင်းရည်ချက်သောက်နေရသေးတယ်။ ကျွန်မကတော့ ချောင်းဆိုးရင် ရဲယိုရွက်သုံး၊ လေးရွက်ခူးပြီး ထောင်းထုပြီး အရည်ညှစ်၊ ဆားနည်းနည်းခတ်သောက်လိုက်တာပဲ။ ပျောက်ပါတယ် ဆရာရယ်။ ချောင်းဆိုးများ မခက်ပါဘူး။ ကျွန်မတို့ ခြံထဲမှာ ရဲယိုပင်ရှိနေတော့ ချောင်းဆိုးရင် အခက်အခဲမရှိပါဘူး"

လို့ ဆိုပါတယ်။

ရဲယိုပင်ဆေး အသုံးဝင်ကြောင်း အများလည်းသိပြီး ဖြစ်ကြပါတယ်။ အဲဒီလို ဆေးအသုံးဝင်မှုကြောင့် ရဲယိုကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူတွေ တောင်ရှိနေကြပါပြီ။ ရဲယိုဆိုတာ နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းတဲ့အပင်မျိုးပါ။

ရဲယိုရွက်နဲ့ ငါးနဲ့ထုပ်ပြီး ငါးပေါင်းလုပ်စားကြသလို ရဲယိုရွက်နုကို အတို့အမြှုပ်လည်း လုပ်စားနိုင်ကြပါတယ်။ ကျွန်တော်တို့ငယ်ငယ်က အဘိုးဗိန္ဒောဆရာကြီး ဦးရွှေမင်းတို့ အိမ်ဝိုင်းထဲမှာ ရဲယိုပင်ရှိတယ်။ ရဲယိုသီးမှည့်တွေခူးပြီး ထန်းလျက်နဲ့ခြေပြီး အမြဲကျွေးတယ်။ ချိုပြီးစပ်ရှိန်းရှိန်းနေတော့ ကျွန်တော်က များများမစားဘူး။

အဲဒီအခါ အဘိုးက -

"များများစားကွယ့် မြေးရဲ့။ ရင်ချောင်တယ်၊ ဘေးကင်းတယ်"

လို့ ပြောလေ့ရှိပါတယ်။

ဒေါ်တင်တင်နွဲ့ရဲ့ ချောင်းဆိုးပျောက်ဆေးကို ကြားရတဲ့အခါ ချက်ချင်းပဲ အဘိုးမျက်နှာ ပြေးမြင်ယောင်မိပါတယ်။ ကျွန်တော့်အိမ်ဝိုင်းထဲမှာလည်း ရဲယိုပင်ရှိနေလေတော့ နောက်တစ်ခါများ ချောင်းဆိုးခဲ့ရင် ဆရာမ ဒေါ်တင်တင်နွဲ့ရဲ့ လက်တွေ့ချောင်းဆိုးပျောက်ဆေးကို အသုံးပြုရတော့မှာပေါ့လေ။ သူက ပိုလွယ်တာကိုး။ အနာနဲ့ဆေးတည့်ရင် အလွယ်နဲ့ ပျောက်ကင်းတတ်ပါကြောင်း တင်ပြလိုက်ပါတယ်။

(ဆရာနဲ့ဆရာမခင်ဗျား၊ အမှားပါရင် ခွင့်လွှတ်ပါရန်နှင့် ကျေးဇူးတင်ကြောင်း အမှတ်တရ)

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာမိမထေရ်မြတ်၏အန္တိမပွဲ

အောင်သာကျော်

ဖွံ့ဖြိုးဝေစည်တိုးတက်နေမှုအရှိန်ရလာသည့် ယနေ့ခေတ်အခါ ခရီးသွားရသည်မှာ အဆင်ပြေချောမွေ့လွန်းလှသည်။ ၂၇-၁-၂၀၁၄ ခုနှစ်၊ တနင်္လာနေ့တွင် ရန်ကုန်မြေမှ စတင်ထွက်ဖြစ်သည်။ ဦးတည်ထွက်လာမိခဲ့သည်က ရွှေဝယ်မြေသို့ပင် ဖြစ်သည်။ ရွှေဝယ်မြေသို့ စာရေးသူ အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်ကာလများက ဦးစီးအရာရှိတာဝန်ထမ်းဆောင်နေဆဲကာလများပင်ဖြစ်လေရာ ဌာနဆိုင်ရာတာဝန်ဖြင့်ရောက်ဖြစ်ခဲ့ခြင်းများသာ ဖြစ်သည်။ စိတ်လွတ်လက်လွတ်သွားလာလှုပ်ရှားခွင့် နည်းပါးကာ ဌာနဆိုင်ရာတာဝန်ကိုသာ အဓိကထားဆောင်ရွက်နေခဲ့ရခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရလေ့ရှိပါသည်။ ယခုမူ ဌာနဆိုင်ရာမှ အငြိမ်းစားယူခဲ့ပြီးဖြစ်လေရာ မကြာခဏဆိုသလို မြန်မာပြည်တစ်နံတစ်လျားရှိဒေသများတို့ ကြုံလျှင်ကြုံသလို ခရီးထွက်ကာ စိတ်လွတ်လက်လွတ်ဘုရားဖူးခြင်း ဒေသန္တရဗဟုသုတများရှာမှီးခြင်းတို့ကိုပြုနေမိခဲ့သည်မှာ ကြာပြီပင် ဖြစ်သည်။

လွန်ခဲ့သော တစ်ရက်၊ နှစ်ရက်ကမူ စာရေးသူနှင့် လွန်စွာရင်းနှီးရသော ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းဖြစ်သူ ဦးခင်မောင်အေး (စာရေးဆရာသားစိန်ဒိုင်) က ထားဝယ်သို့လိုက်ခဲ့ပါရန် ကမ်းလှမ်းလာသဖြင့် ခရီးထွက်လာမိဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။

မွန်ပြည်နယ်အတွင်း ဖြတ်သန်းသွားလာရသော လမ်းပန်းခရီးကလည်း ချောမွေ့လွန်းလှသည်။မုတ္တမသို့ရောက်လျှင် မော်လမြိုင်သို့ ကူးသန်းသွားလာရန်အတွက် အဟန့်အတားသဖွယ် ပိုင်းခြားထားလျက်ရှိသော ရေစီးသန်လွန်း



အဝင်မုခ်ဦး





အလောင်းတော်ပြင်ထားသည့်အသွင်အပြင်




ဆရာတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ပြင်ထားသည့်အလှင်အပြင်



မှုသာင်ဆင်ယင်ရာ



အလောင်းတော်အပြင်အဆင်

လှသည့် သံလွင်မြစ်သည် ခံ့ညားထည်ဝါလွန်းလှသည်။ တံတားကြီးအောက်ဝယ် ပြားပြားဝပ် ဝပ်စင်းလျက်ရှိနေရှာသည်။ တံတားပေါ်မှဖြတ်သန်းသွားစဉ် တစ်ချိန်က သင်္ဘောပေါ်မှငေးကြည့်ဖြစ်ရသည့် ခေါင်းဆေးကျွန်းကို လှမ်းမြင်ရသည်။ ခေါင်းဆေးကျွန်းတွင်လည်း သာသနိက အဆောက်အအုံများဖြင့် စည်ပင်ဝေဆာလျက်ရှိနေပြီပင် ဖြစ်သည်။ မြားတစ်စင်းလေထုကို ခွင်းဖောက်သွားနေသည့်အလား သွက်လက်လွန်းလှသည့် မှန်လုံကားကြီးသည် မွန်ပြည်နယ်ကိုဖြတ်သန်းလျက်ရှိနေစဉ် တိုးတက်ပြောင်းလဲဖွံ့ဖြိုးဝေစည်နေသည့်မြင်ကွင်းများက စာရေးသူ၏ နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနေသည့်အလားပင်။ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနေသောဖြစ်စဉ်များက အစားထိုးနေရာယူထားကြသည်ကို မြင်တွေ့ခံစားလိုက်ရသောကြောင့်ပင်ဖြစ်သည်။

ပတ်ဝန်းကျင်ရှုခင်းများဆွဲဆောင်ရာသို့ လွင့်မျောနေမိစဉ်မှာပင် ဆရာသားစိန်ဒိုင်က -

"ဆရာရေ၊ တနင်္သာရီတိုင်းဒေသကြီးထဲရောက်နေပြီ။ ဟိုးရှေ့မှာ ကလိန်အောင်တံတား"

ဟု ဆိုလာတော့မှ ရွှေဝယ်မြေသို့ရောက်တော့မည်ကို သတိပြုမိဖြစ်တော့သည်။

ကလိန်အောင်တံတားဟုဆိုလိုက်သည်နှင့် ထားဝယ်နှင့် ပတ်သက်ဆက်နွယ်နေသည့် အတိတ်သမိုင်း တစ်စိတ်တစ်ဒေသက ရင်ထဲမှာ နေရာယူလာသည်။ ဂေါတမမြတ်စွာရှင်တော်မြတ်ကြီး (၁၁) ဝါမြောက်တွင် ချွတ်ထိုက်သော ဝေနေယျတို့ကို ဉာဏ်စက္ခုတော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူရာ ဝေမိသာကတောင် (ယခု ကျောက်ထောင့်ရွာအနီး ကနန်းတောင်) ၌ ကျင့်ကြံပွားများအားထုတ်နေသော ဂဝံပတေ့ရသေ့ကိုလည်းကောင်း၊ ဒူရကနတ်သားကို လည်းကောင်း၊ ကုမ္ဘဏ္ဍာနတ်ဘီလူးကို လည်းကောင်း ဗျာဒိတ်ထားအပ်သော အကြောင်းကို မြင်တော်မူသဖြင့် မြသပိတ်တော်ကိုဆောင်တော်မူပြီး မြောက်ဥတ္တရကုရုသို့ ဆွမ်းခံကြွကာ အမြန်စျာန်ယာဉ်ခရီးဖြင့် ကြွလာသည်ကို နတ်ဘီလူးမြင်တွေ့ကာ ထက်ကြပ်မကွာလိုက်လာပြီး ဝေမိသာကတောင်တွင် ဖူးတွေ့စဉ် ဂဝံပတေ့ရသေ့သည် သစ်သီးရှာရာမှ ပြန်ဒူရကနတ်သားလည်း သစ်သီးလာလှူ



www.burmeseclassic.com

www.burmeseclassic.com

ခိုက် သုံးဦးအတူ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ဖူးခွင့်ရကြသည်။


သုံးဦးသား သစ်သီးများဆက်ကပ် လှူဒါန်ကြပြီးသည်နှင့် ဂဝံပတေ့ရသေ့က -

"အရှင်ဘုရား၊ ဤတောဤပြည် ဤနေရာသည် အဘယ်ဘုရားလက်ထက် တော်ကပင်ရှိခဲ့ပါသနည်း။ နောင်သောအခါ ဤနေရာ၌ အဘယ်သို့ဖြစ်ပါအံ့နည်း"

ဟု လျှောက်ထားသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဂဝံပတေ့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူရာ တရားအဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒူရကနတ်သားအား ဆံတော်မြတ်သုံးဆူ ချီးမြှင့်ကာ ဝေမိဿကတောင်မှ မြောက်ဘက်သို့ လက်ညှိုးညွှန်တော်မူ၍ ကုမ္ဘဏ္ဍာနတ်ဘီလူး၏ နေရာအနီးရှိ ဝေဿဝဏ္ဏတော်ကုန်း၌ ဌာပနာ၍ စေတီတော်မြတ်တစ်ဆူ တည်တော်မူစေခဲ့သည်။ ထိုတောင်ကုန်း၌ ကောဏာဂုံ၊ ကကုသန်၊ ကဿပ တည်းဟူသော နောင်တော်ဘုရားရှင်တို့၏ ဆံတော်မြတ်တို့ ဌာပနာလျက်ရှိနေသည်။ ကုမ္ဘဏ္ဍာနတ်ဘီလူးသည် မြတ်စွာဘုရားသခင်အား ကြည်ညိုရခြင်း၊ ဆံတော်မြတ်တို့ကို ကြည်ညိုရခြင်းတို့အတွက် ငါဘုရားနိဗ္ဗာန်စံဝင်တော်မမူမီ သုဝဏ္ဏဘူမိတိုင်း သထုံပြည်ဝယ် သီဟရာဇာမင်း၏သားတော် ဘာနုရာဇာအမည်ရှိသောမင်းဖြစ်၍ ထီးနန်းစည်းစိမ်စံတော်မူပြီးလျှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီး တစ်နှစ်အကြာ ဒူရကနတ်သားသည် သုဝဏ္ဏမဟေသီဝမ်း၌ သန္ဓေတည်ကာ ဖွားမြင်သမူပြုပြီး နတ်သား၏အမည်ကိုအစွဲပြုကာ ဒူရကတိုင်းအောင်သာဝတီ ကလိန်အောင်မြို့ကို တည်ကာ ဒူရကနတ်သားဘဝမှ လူ့ဘဝကူးလာသူ နရုတ်မင်းအဖြစ်ဖြင့် စိုးစံရလတ္တံ့ ဟူသော ဗျာဒိတ်စကားမှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး မိန့်တော်မူခဲ့သည့်စကားပင် ဖြစ်သည်။


ထိုဖြစ်စဉ်တွင် ဒူရကနတ်သားဆက်ကပ်လှူဒါန်းသည့် နတ်သစ်သီး၏ မျိုးစေ့ကို လူတို့စိုက်ပျိုးကြရာ ထိုအသီးကို ဒူရကသီးဟု ခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျားလာသောအခါ ယနေ့တိုင်ခေါ်



အလောင်းတော်ပြင်ထားသည့်အသွင်အပြင်



ရိုးရာအကကတင်ဆက်စဉ်



ရိုးရာအကကတင်ဆက်စဉ်




www.burmeseclassic.com


www.burmeseclassic.com



အလောင်းကစားရန် စုဝေးစဉ်



အလောင်းကစားစဉ်



ဝေါ်နေသည့် ဒူရင်းသီးအဖြစ် အခေါ် ပြောင်းခဲ့သည်။ကမ္ဘာ့ဘီလူး ဆက်ကပ် လှူဒါန်းသည့် နတ်သုဒ္ဓါ ပိန္နဲသီးကို စုမ္ပိ ယသီးဟု ခေါ်ဆိုခဲ့ရာက ယခုအခါ စုမ္ပဒ သီးဟုတွင်လျက်ရှိနေလေရာ ဒူရင်းစုမ္ပဒ ထားဝယ်အစ ဟူသောစကားတွင်လျက် ရှိနေသည်။

ထိုအကြောင်းများ ရင်ထဲလှုပ်ခတ် နေမိစဉ်မှာပင် မှန်လုံကား ကလိန်အောင် တံတားကိုပင် ဖြတ်နေပြီဖြစ်သည်။ ထား ဝယ် သို့မဟုတ် ရွှေဝယ်မြေသို့ ရောက် လာမှန်းမသိရောက်ရှိခဲ့ပြီပင် ဖြစ်သည်။ ကလိန်အောင်ဆံတော်ရှင်စေတီတော် မြတ်ကို လှမ်းမျှော်ရင်း လက်အုပ်ချီမိ လိုက်သည်။ ညို့မှိုင်းမှိုင်းတောင်တန်းများ ကို လမ်းတစ်လျှောက် မြင်တွေ့ရရာ တောင်များမှာ စိမ်းစိမ်းစိုစိုအသွင်နှင့် ငှက်ခါးတောင်အသွင်ဆောင်ကာ လွမ်း မောဖွယ်ရာ ရှုခင်းများအလား ထင်မှတ် နေမိရသည်။ ယခုလာဖြစ်ခဲ့သောခရီး မှာလည်း အပျော်ခရီးထွက်လာခဲ့ခြင်း မဟုတ်ပေ။ အန္တိမစျာပနအခမ်းအနား သို့ လာဖြစ်ခဲ့ခြင်းသာ ဖြစ်သည်။ ထား ဝယ်ကားဂိတ်ရောက်သည်နှင့် လာ ရောက် ကြိုဆိုနေမည့် ဆိုင်ကယ်ဖြင့် လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာ အုပ်စုတွင် ပါဝင်သည့် ဝပြောရွာသို့ ခရီး ဆက်ရမည်ပင် ဖြစ်သည်။

ဝပြောရွာအထိသွားကြရမည်မှာ ဆရာသားစိန်ဒိုင်၏ ဘကြီးတော်စပ်သူ ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူ သွားသောကြောင့်ပင် ဖြစ်သည်။ ပျံလွန် တော်မူသည့် ဆရာတော်ဘုရားကြီးမှာ လောင်းလုံမြို့နယ်၊ မူလသုမမ္မာဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဓမ္မသာမိ မဟာထေရ်မြတ်ကြီးပင်ဖြစ်သည်။ ဆရာ တော်ဘုရားကြီးမှာ သက်တော် (၉၆) နှစ်ပြည့်ပြီး ဝါတော် (၇၆) ဝါ ရရှိထား သည့် ဆရာတော်ဘုရားကြီးပင် ဖြစ် သည်။ ဆရာတော်ဘုရားကြီးသည် ၁-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ ရာ ၂၉-၁-၂၀၁၄ နေ့တွင် မီးသဂြိုဟ်မှု ပြုကာ ဆရာတော်ကြီး၏အရိုးအိုးနှင့်ပြာ တို့ကို ၃၀-၁-၂၀၁၄ တွင် ရေမျှောပူဇော် သမှုပြုရန် စီစဉ်ထားကြသည်ဟု သိရ သည်။

ဝပြောရွာ ဝပြောတိုက်ကျောင်း တည်ရာဝင်းအတွင်းသို့ ရောက်သည်နှင့် လွန်စွာအံ့အားသင့်မိရပါသည်။ အနယ် နယ်အရပ်ရပ်နှင့် ရွာနီးချုပ်စပ်မှ လာ

www.burmeseclassic.com

ရောက် ဦးခိုက် ဂါရဝပြုနေကြသည့် ဧည့်ပရိသတ်များ များပြားနေလွန်းသောကြောင့်ပင် ဖြစ်သည်။ တစ်နေ့လျှင် လာရောက် ဂါရဝပြုကြသူ လေးရာထက်မနည်းရှိနေသည်ဟု သိရသည်။ ကျောင်းဝန်းကျင်တွင် အမြို့မြို့အနယ်နယ်မှ လာရောက် ရောင်းချနေသော ဈေးဆိုင်များ၊ ဇာတ်သဘင်ပွဲများ ကံစမ်းမဲဝိုင်းများဖြင့် လူများကြိတ်ကြိတ်တိုးစည်ကားလျှက်ရှိနေသည်။ ဆရာတော်ကြီးရုပ်ကလာပ်အား ပူဇော်ထားရာ ဗိမာန်ကလည်း ခမ်းနားထည်ဝါလွန်းလှသည်။ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရာ မဏ္ဍပ်ကြီးမှာလည်း ကြီးမားကျယ်ပြန့်လှကာ အနယ်နယ်အရပ်ရပ်မှ လာရောက် ဂါရဝပြုကြသူများဖြင့် ပြည့်နှက်လျှက်ရှိနေပြီး ကြက်သား၊ ဝက်သား၊ ငါးစသည့် ဟင်းမျိုးစုံဖြင့် ကျွေးမွေးဧည့်ခံလျှက်ရှိနေသည်ကို တွေ့ရသည်။

ဘုန်းတန်ခိုးကြီးမားလွန်းလှသော ဆရာတော်ဘုရားကြီးမှာ လောင်းလုံမြို့နယ် သုဓမ္မာဂိုဏ်းချုပ်ဖြစ်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ဆက်ခံကပ်ပူဇော်ထားခြင်းခံရသည့် ဆရာတော်ကြီးပင် ဖြစ်သည်။ဆရာတော်ကြီးအား တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်ရှိ ညင်းမော်ရွာ၌ ခမည်းတော် ဦးအန်ဒိုင်၊ မယ်တော် ဒေါ်ဖွားရင်တို့က ၁၂၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ငယ်နာမည် မောင်ကြည်ဟန်ဟုတွင်ခဲ့ပြီး မောင်နှမ (၉) ယောက်ရှိသည့်အနက် အထွေးဆုံးသားဖြစ်ခဲ့သည်။

မောင်ကြည်ဟန် (၇) နှစ်သားအရွယ်သို့ ရောက်လာသည်တွင် ခမည်းတော်၊ မယ်တော်တို့က ဆရာတော်ဦးပဏ္ဍဝထံ အပ်နှံကာ စာပေပညာများကို သင်ကြားစေခဲ့သည်။ အသက် (၁၀) နှစ်အရွယ်ရောက်လာသည်တွင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော်ဦးပဏ္ဍဝထံတွင် ရှင်သာမဏေအဖြစ် ရောက်ရှိတော်မူခဲ့သည်။ ထိုမှစ၍ ရှင်ဓမ္မသာမိဘွဲ့အမည်တွင်ခဲ့သည်။ အသက်(၂၀) ပြည့်မြောက်၍ ရဟန်းဘောင်သို့တက်ရာတွင် လည်း မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် ဆရာရင်းဖြစ်သူ ဦးပဏ္ဍဝထံတော်၌ပင် တက်ရောက်ခဲ့လေသည်။ ညင်းမော်ကျောင်း ဆရာတော် ဦးနန္ဒိမာကျောင်းတွင် ရဟန်းတစ်ဝါရသည်အထိ သီတင်းသုံးနေတော်မူခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာကျောင်းဆရာတော်ထံ၌ စာဝါများတက်ခဲ့ရာ အစိုးရပထမပြန်စာမေးပွဲတွင် ပထမငယ်တန်းနှင့် ပထမလတ်တန်း အောင်မြင်ခဲ့သည်အထိ ဖြေဆိုတော်မူခဲ့သည်။

(၆) နှစ်တာမျှ စာပေများ သင်ကြားသမှုပြုတော်မူပြီးနောက် ထားဝယ်မြို့ ယောနိကာရာမကျောင်းတိုက်သို့ ပြန်လည် ကြွရောက်ကာ သီတင်းသုံးခဲ့သည်။ ထို့နောက် ဝပြောကျောင်းတိုက်၏ ပဓာနနာယကဆရာတော်အဖြစ်သို့ ရောက်ရှိခဲ့သည်။ သို့ဖြင့် ဝပြောကျောင်းတိုက်၏ပဓာနနာယကဆရာတော်အဖြစ် ရပ်တည်နေခဲ့ခြင်းပင် ဖြစ်သည်။ လုံးလုံးလျားလျား ကျောင်းထိုင်ဆရာတော်အဖြစ် ရပ်တည်နေစဉ်မှာပင် လောင်းလုံမြို့နယ် သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို လက်ခံဆောင်ရွက်တော်မူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ လွတ်လပ်ရေးနေ့ (၅၅) ကြိမ်မြောက်တွင် နိုင်ငံတော်မှ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။

ယခုမူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဓမ္မသာမိ ဘဝနတ်ထံပျံလွန်တော်မူပြီပင် ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာအုပ်စု ဝပြောရွာ ဝပြောကျောင်းတိုက်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၁-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီတွင် ဘဝချုပ်ငြိမ်းကာ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူချိန်တွင် သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆)ဝါ ရှိနေပြီ ဖြစ်သည်။ ထားဝယ်ခရိုင်အတွင်း အလေးထား ကြည်ညိုလျက် ဒကာ၊ ဒကာမများ များပြားလျက်ရှိနေလေရာ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနသဘင်မှာ စည်ကားလွန်းလှသည်။ ရွာနီးချုပ်စပ်မှ လာရောက် ကြည်ညိုလျက် နောက်ဆုံး ဂါရဝပြုနေကြသူများဖြင့် အထူးတလည် စည်ကားနေခြင်းပင် ဖြစ်သည်။

မှောင်ရီသန်းနေပြီ ဖြစ်သည့် အချိန်တွင် ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနသဘင် ဆင်ယင်ထားရာ ကျောင်းဝင်းဆီသို့ ရောက်သွားဖြစ်သည်။ ရောင်စုံမီးများထွန်းညှိထားသည့် မုခ်ဦးဝယ် သာသနာ့အလံများက တလူလူလွင့်လျက်သားရှိနေသည်ကို တွေ့ရသည်။ မုခ်ဦးအဝင်မှ လှမ်းမြင်နေရသည်မှာ မီးများ ထိန်ထိန်လင်းလက်လျက်ရှိနေသည့် ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာလျောင်းစက်ရာ မဏ္ဍပ်ကြီးပင် ဖြစ်သည်။

ကျောင်းဝင်အတွင်း ပြင်ဆင်ထားသည့် အသွင်အပြင်များက ခမ်းနားထည်ဝါလွန်းလှသည်။ ရောင်စုံမီးများ၊ ဇာပဝါခန်းဆီးများ၊ ဆရာတော်ဘုရားကြီး၏ ရုပ်ပုံလွှာကို ခံ့ညားထည်ဝါစွာ ရွှေပေါင်ကြီးဖြင့် တင်ထားခြင်းများကို တွေ့ရသည်။ ရပ်နီး၊ ရပ်ဝေးမှ လာရောက် ကြည်ညိုနေကြသည့် ဧည့်ပရိသတ်များအား တည်ခင်းဧည့်ခံကျွေးမွေးသမှုပြုနေသည့်မဏ္ဍပ်ကြီးကလည်း ကြီးကျယ်ခမ်းနားလွန်းလှသည်။ နေ့စဉ်ဆိုသလို ရွာအသီးသီးမှလာရောက်ကြသော ဒကာများက ဆရာတော်၏ ရုပ်ကလာပ်တော်ပုံတူပြုကာ အလောင်းတော်ကစားကြခြင်း၊ ထားဝယ်ရိုးရာ ဒုံးအကများဖြင့် ကပြပူဇော်သမှုပြုခြင်းများဖြင့် စည်ကားလှသည်ကို တွေ့ရသည်။ ကျောင်းတော်ကြီးပေါ်တွင်လည်း ညစဉ်ဆိုသလို ဓမ္မကထိကဆရာတော်ကြီးများက တရားရေအေး တိုက်ကျွေးသမှုပြုလျက်ရှိနေခဲ့သည်။

၂၉-၁-၂၀၁၄ နေ့တွင် မီးပူဇော်သဂြိုဟ်ကာ ၃၀-၁-၂၀၁၄ နေ့တွင် ဆရာတော်ကြီး၏ အရိုးအိုးနှင့် ပြာတို့ကို ရေတွင်မျှော၍ပူဇော်ခဲ့ကြသည်။ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန စည်ကားရခြင်းမှာ ဆရာတော်ကြီးသည် မိမိကယ်ဆယ်ထိုက်သည့် ဒကာ၊ ဒကာမများအား မိမိအာရုံကျလာသမျှ၊ အာရုံတွင် ထင်သလာသမျှ အကြောင်းအကောင်း၊ အဆိုးနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို တင်ကြိုမိန့်သမျှ မှန်ကန်လွန်းအားကြီးလှသောကြောင့် အားကိုးအားထားပြုကြသူ ဒကာ၊ ဒကာမများ များပြားနေခဲ့သောကြောင့်ပင် ဖြစ်ကြောင်း သိခွင့်ရခဲ့ပါသည်။

အပြန်လမ်းတွင်ကား တောင်တန်းပြာပြာ ညို့ညို့မှိုင်းမှိုင်းများကို ဖြတ်သန်းနေရင်း ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကံရိပ်ကြီးမားလွန်းကာ ခံ့ညားထည်ဝါစွာဖြင့် ဘဝနတ်ထံပျံလွန်တော်မူရာ အခမ်းအနားပုံရိပ်များကို ဆင်ခြင်နေမိဖြစ်ခဲ့ရပါတော့သည်။

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com



# မြဝင်း

(ဒဿန)

## အနန္တငါးဖြာ

တစ်ခုသော နံနက်ခင်းတွင် အိမ်ရှေ့ဝါးရုံရိပ်၌ရှိသော တန်းလျား၌ ထိုင်လျက် ကျွန်တော် စာဖတ်နေစဉ် ပဋ္ဌာန်းအလှူခံမဏ္ဍပ်တစ်ခုဆီမှ သီချင်းသံလွင့်ပျံ့လာပါသည်။ ဘာသီချင်းများ ပါလိမ့်။သီချင်းသံကို ကျွန်တော် နားစိုက်ထောင်မိသည်။

'အဆိုတော်ကြီး ဒေါ်မာမာအေး' သီဆိုထားသော 'အနန္တငါးဖြာ' သီချင်းပါလား။ ထိုသီချင်းသည် လွန်စွာကျော်ကြား လူသိများခဲ့သော ခေတ်ဟောင်းသီချင်းတစ်ပုဒ် ဖြစ်သည်။ တေးပြုစာဆို 'အေဝမ်းဆရာညွှာ' ရေးသားခဲ့၍ ခေတ်ဟောင်းအဆိုတော်ကြီး (ဒေါ်) မေစိန် သီဆိုခဲ့သောသီချင်း ဖြစ်ပါသည်။ ထိုသီချင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*(တို့ဗမာ အနန္တောအနန္တငါးပါးကို ကိုယ်ရေတင် ရှိသေလျှင် ဆင်းရဲခြင်းကင်းကွာ)၊ (ဘုရားနဲ့ တရားတော်၊ ရဟန်းသံဃာ၊ မိဘနှစ်ပါးနဲ့ သင်ကြားတဲ့ဆရာ)၊ (ယုံကြည်စွာ ပြုစုကြပါ။ ပူပူရှုရှု သတိပေးချင်တာ)၊ (နေ့တိုင်းမှာ၊ညတိုင်းမှာ လက်ဆယ်ဖြာ ဦးထိပ်တင်မိုးကာ)၊ ရှိခိုးလို့ ဝန္ဒနာ ပူဇော်ကြဖို့ အမျိုးသားတို့မြန်မာ။*

*သံပြိုင်။ ။ (ဂါရဝတရား ဟာဝရထား မမှားဖို့ရာ စွဲမြဲကြ မလွဲအောင်သာ မျိုးရိုးဇာတိပါ)၊ မသွေတမ်း မှတ်သားစရာ ရွှေကျမ်းမြတ်ဘုရားမှာ မှန်ပေတာ။ အနန္တငါးဖြာမှာ ထင်လင်းစွာ ရှိရင်း ဒေသနာ။*

*(ရဟန်းတော်တွေ့ရင် ဝပ်ချပါ။ ဖိနပ်ကိုချွတ်ကာ လူရှေ့မှာ စိတ်မမှားပေ။ အရိပ်အဖျားတွေ့ ခြေနင်းမိ ရှောင်ကွင်းပါ)၊ (ကိုယ်ကျင့်တရားဖြင့် လူတိုင်းရှိတာ အမှန်ပါ)၊ (ဗိုလ်စိတ်ပေါက်ကာ နဂိုစိတ်ပျောက်လာ စဉ်းစားကြဖို့ အမျိုးသားဗမာ)၊ (အဖေ အမေ နှစ်ဖြာ ဆုံးမရင်ပယ်တာ။ တို့ရောသူသူငါ မှားယွင်းချက်တွေပြင်ကြပေတာ)၊ စေတနာထားတဲ့သူပါ။ နှိုးဆော်ကြဖို့ မျိုးနွယ်စစ်တွေပါ။*

ကျွန်တော်သည် ထိုသီချင်းကို လွန်စွာနှစ်သက်ပါသည်။ အထူးသဖြင့် ထိုသီချင်း၌ပါသော 'ကိုယ်ကျင့်တရားဖြင့် လူတိုင်းရှိတာ အမှန်ပါ။ ဗိုလ်စိတ်ပေါက်ကာ နဂိုစိတ်ပျောက်လာ စဉ်းစားကြဖို့ အမျိုးသားဗမာ'ဟူသော အပိုဒ်ကို နှစ်သက်ပါသည်။ နှစ်သက်သဖြင့်လည်း မကြာမကြာဆိုတတ်ပါသည်။ ထိုနေ့ကလည်း သီချင်းဆုံးသွားသော်လည်း ထိုအပိုဒ်ကို ကျွန်တော်ဆိုနေမိပါသည်။

ထိုသို့ ဆိုနေစဉ် ဓမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ဓမ္မမိတ်ဆွေသည် ရောက်လာသည်နှင့် ဤသို့စကားစပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပဋ္ဌာန်းအလျှုခံမဏ္ဍပ်က ဆရာနှစ်သက်တဲ့ အနန္တငါးပါးဖြာသီချင်းဖွင့်နေပါလား"

"ဟုတ်တယ်ဗျ။ ဒါကြောင့်မို့ ဖတ်လက်စစာအုပ်ကိုချပြီး အဲဒီသီချင်းကို လိုက်ဆိုနေတာ"

"ကျွန်တော်လည်း အဲဒီသီချင်းကို သဘောကျတယ်။ ကျွန်တော်တို့တစ်တွေကို အနန္တငါးပါးကိုမမေ့ဖို့ သတိပေးထားတဲ့သီချင်းဗျ။ ခုနေအခါမှာ အဲဒီသီချင်းကို များများဖွင့်ပေးဖို့ လိုပါတယ်ဗျာ"

"ဖွင့်ပေးတာကတော့ ဟုတ်ပါရဲ့ဗျာ။ နားထောင်ကြဦးမှကိုး"

"ဖွင့်ဖန်များတော့ နားဝင်လာကြမှာပါ။ ဆရာတို့ကလည်း ရေးပေး၊ ပြောပေးဖို့တော့လိုမှာပေါ့"

"ကျွန်တော်ကတော့ အခြေအနေပေးရင်ပေးသလို ပြောပေးနေပါတယ်။ တစ်နေ့က ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲတစ်ခုမှာ သတို့သားရဲ့ မိဘနှစ်ပါးက ဝန္ဒာခန်းကိုထည့်ပေးပါလို့ မေတ္တာရပ်လို့ အနန္တောအနန္တငါးပါးကန်တော့ခန်းကို ပီပီပြင်ပြင်လုပ်ပေးခဲ့ပါတယ်"

"အဲဒီမင်္ဂလာပွဲ ကျွန်တော်လည်း ရောက်ပါတယ်။ အဲဒီမင်္ဂလာပွဲမှာ ဆရာပြောသွားတဲ့ 'အနန္တငါးပါး နှုတ်ပယ်ထား၊ သင်ကား သက်မဲ့ပမာတည်း။ အနန္တငါးပေါင်းသင်ခြား သင်ကား သက်ရှိလူသားတည်း' ဆိုတဲ့ ကဗျာကို ကျွန်တော်သိပ်သဘောကျပါတယ်"

"အဲဒါ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးသားထားတာပါ"

"အနန္တငါးပါးအကြောင်းကိုတော့ အခြေအနေပေးရင်ပေးသလို ပြောပြပါဆရာ။ ခုအခါမှာ အနန္တငါးပါး ပျောက်တော့မလိုလိုဖြစ်နေပါတယ်။ အနန္တငါးပါးပျောက်ရင် ယဉ်ကျေးမှုလည်းပျောက်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ယဉ်ကျေးမှုက အနန္တငါးပါးအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာခဲ့တာကိုး"

"ဟုတ်တာပေါ့ဗျာ။ ဗုဒ္ဓပူဇနီယပွဲတော်တို့၊ သံဃာ့ဒါနဆွမ်းလောင်းပွဲတို့ဟာ အနန္တောအနန္တငါးပါးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မြန်မာ့ယဉ်ကျေးမှုတွေ မဟုတ်လား"

"ဆရာ့ကို ပြောရဦးမယ်။ အခုတစ်လော ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကိုတော့ ပြစ်မှားချင်တဲ့အသံတွေတော့ ထွက်မလာသေးပါဘူး။ ဒါပေမယ့် မိဘနဲ့ ဆရာကိုတော့ ပြစ်မှားချင်အသံတွေကိုတော့ ကြားနေရပြီ။ အင်မတန်ကြောက်စရာကောင်းပါတယ်"

"ဟုတ်ပါတယ်။ မိဘတန်ဖိုး၊ ဆရာ့တန်ဖိုးတွေ လျော့ပါးလာကြပါတယ်။ ဟိုတုန်းကလို မိဘနဲ့ဆရာတို့ကို တန်ဖိုးမထားချင်ကြတော့ဘူး။ ဒါပေမယ့် ဆရာကန်တော့ပွဲတွေကိုတော့ အနယ်နယ်အရပ်ရပ်မှာ စဉ်ဆက်မပြတ်လုပ်နေကြတာကို ဖတ်ရ၊ ကြားရလို့ တော်သေးရဲ့လို့ အောက်မေ့မိပါတယ်။ အကြောင်းတိုက်ဆိုင်တုန်း အခုနှစ်မတ်လထုတ် သူရဇ္ဇမဂ္ဂဇင်းမှာပါတဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'လူတစ်ထမ်း၊ ရဟန်းတစ်ရွက်' ဆိုတဲ့ ဆောင်းပါးမှာပါတဲ့ ရေးသားချက်ကို ဖတ်ပြပါဦးမယ်။ နေပါဦးဗျာ၊ သူရဇ္ဇမဂ္ဂဇင်းသွားယူလိုက်ဦးမယ်"

ကျွန်တော်သည် စာကြည့်ခန်းသို့သွား၍ သူရဇ္ဇမဂ္ဂဇင်း (၃/၂၀၁၄) ကိုယူပါသည်။ ထို့နောက် မိဘ၊ ဆရာတို့နှင့်စပ်လျဉ်းသော ရေးသားချက်ကို ဖတ်ပြပါသည်။

** သည့်အတူ မိဘသည် သားသမီးအပေါ် မေတ္တာထားရာ၌ ဘုရားနှင့် တစ်ထပ်တည်းတူပါ။ ထိုမိဘများက အများနှင့်ဆို အမိက ပြည့်တန်ဆာဖြစ်ကောင်း ဖြစ်နေမှာပါ။ အဖကလည်း လူဆိုးလူမိုက် ဒုစရိုက်ခေါင်းညွှန်း ဖြစ်ကောင်းဖြစ်နေမှာပါ။ သို့တိုင်လည်း ထိုမိတို့၊ ဖတို့သည် သားသမီးများအပေါ်၌ကား ဘုရားမေတ္တာတော်၏ အတိုင်းအဆမှ တစ်ပြားသားမျှ မလျော့ပါ။ သို့ကြောင့် ဘုရားတန်းဝင် မိဘများကိုလည်း ဘုရားတိုက်သော ဦးခေါင်းဖြင့်ပင် ဘုရား၌ အသုံးချနည်းအတိုင်း ဦးသုံးကြိမ်ချ ဂါရဝပြုကြရတာပါ။*

*ဆရာသည်လည်း သူ့အိမ်ရောက် သူ့သားမယားနှင့် မှားခန်းလျှောက်ချင် လျှောက်နေမှာပါ။ အပေါင်းအသင်းများနှင့်တွေ့ အလေလိုက်ချင်လိုက်နေဦးမှာပါ။ သို့တိုင်လည်း ကျောင်းသခ်မ်းထဲဝင် ဆရာစိတ်ဝင်လာသောအခါတွင်မူကား တပည့်များအပေါ် တော်စေချင်၊ တတ်စေချင်ကြသည်မှာ အမှန်ပါ။ အခြားအခြားသူတစ်ပါး တပည့်များနှင့်ယှဉ် မိမိတပည့်ကသာ အောင်ပန်းတံဆိပ်ထိပ်ပန်ဆင်နေသည်ကိုပင် အမြင်ချင်ဆုံးပါ။ သို့ဖြစ်ရာ ထိုဆရာများကိုလည်း ဘုရားကို အရိုအသေပြုသော ဦးခေါင်းဖြင့်ပင် ဦးသုံးကြိမ်ချ ဂါရဝပြုကြရခြင်းပါ-တဲ့။*

"ကောင်းလိုက်တာဆရာ။ အဲဒီစာကို လူငယ်တွေဖတ်ဖြစ်အောင် စီစဉ်ပေးဖို့လိုပါတယ်။ ဖတ်ဖြစ်အောင် တိုက်တွန်းပေးဖို့လိုပါတယ်။ လူငယ်တွေအနေနဲ့ ဒီစာကိုဖတ်ခွင့်ရရင် မိဘ၊ ဆရာတို့ကို တန်ဖိုးထားလာတတ်ကြလိမ့်မယ်ထင်ပါတယ်"

"ကျွန်တော်လည်း အဲဒီစာပိုဒ်ကို အမှတ်မထင်တွေ့တာပါ။ တွေ့လိုက်ရတော့ စိတ်ထဲမှာ အတော့်ကို ကျေနပ်သွားတယ်။ ဟောပြောပွဲတွေမှာ အဲဒီအကြောင်းကို ထည့်ဟောမယ်လို့လည်း စဉ်းစားထားပါတယ်"

"ကောင်းပါတယ် ဆရာ။ အနန္တငါးပါးကို တန်ဖိုးထားလာတတ်ကြရင် ကျွန်တော်တို့ ရင်အေးကြရပြီပေါ့ဗျာ"

"အခွင့်ကြုံတုန်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ 'သင်နှင့်အနန္တငါးပါး' ကဗျာလာ စာပိုဒ်တစ်ပိုဒ်ကို ရွတ်ပြပါဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

** ထိုသည့်ငါးပါး၊ တစ်ပါးပါးမှ၊ တရားတစ်ခွန်း၊ ဖော်ညွှန်းဆုံးမ၊ ထုတ်ဖော်ပြကို၊ မှတ်ရနာရ၊ ကျင့်ခွင့်ရသော်၊ ဘဝဘဝါ၊ မြားမြောင်စွာတွင်၊ ချမ်းသာသုခ၊ ဆတိုးရ၍၊ လူမှုနတ်လာ၊ ပြဟ္မာလားနှင့်၊ မဂ်လားဖိုလ်လား၊ နိဗ္ဗာန်လားထိ၊ လာပေါင်းမိမို့၊ ကျယ်ဘိရပ်လုံး၊ ကိန်းမဆုံးပြီ၊ မှတ်ရာအနန္တသဘောတည်း - တဲ့။*

"ကောင်းလိုက်တာ ဆရာ။ အနန္တငါးပါး တစ်ပါးပါးထံမှ တရားတစ်ခွန်းနာရ၊ မှတ်ရ၊ ကျင့်ခွင့်ရလို့ရှိရင် နိဗ္ဗာန်ထိအောင် ရောက်နိုင်သတဲ့။ ဒါထက် 'သင်နှင့်အနန္တငါးပါး' ကဗျာက ဘယ်မှာပါတာတုံး ဆရာ"

"ဆရာတော်ဘုရားကြီး ရေးတဲ့ 'ကဝိဗန္ဓနကထာ' မှာ ပါပါတယ်"

"အဲဒီစာအုပ် စာအုပ်ဆိုင်မှာရနိုင်မှာပေါ့နော်"

"ရပါတယ်ဗျ။ ရပါတယ်၊ ရပါတယ်"

"ကျွန်တော် ဆရာ့ဆီက အပြန် စာအုပ်ဆိုင်ကိုဝင်ပြီး ပူဇော်လိုက်ပါ့မယ်"

ထိုသို့ပြောပြီးနောက် ဓမ္မမိတ်ဆွေသည် စာအုပ်ဆိုင်သို့ ထွက်ခွာသွားပါသတည်း။

မြဝင်း (ဒသန)





www.burmeseclassic.com


www.burmeseclassic.com

# မြတ်စွာဗုဒ္ဓဂေါတမ၏ ဖွား-ပွင့်-ဟော-စံ သံဝေဇနိယလေးဌာန

ရဲရဲထွန်း(ဟသာ်ာတ)







[illegible]နိုင်ငံသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကား အပြန့်ပွားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် ဗုဒ်ဓေတ်မှ စတင်၍ ရှင်အရဟံရဟန္တာမထေရ်မြတ်၏ ကျေးဇူးတော်ကြောင့် မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့ရာ နှစ်ပေါင်းထောင်နှင့်ချီ၍ ရှိခဲ့ပေပြီ။

ဗုဒ္ဓရှင်တော်မြတ်သည် ရှေးဘုရင်များနည်းတူ မဇ္ဈိမဒေသတွင် ပွင့်တော်မူပြီး ထိုဒေသတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးအမြတ်ထား ဦးခိုက်ပူဇော်ရမည့် သံဝေဇနိယလေးဌာန တည်ရှိလေသည်။ ယခင်က ထိုဒေသသို့ သွားရောက်ရန် အခက်အခဲရှိသော်လည်း ယခုအခါ နိုင်ငံတော်မှ ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးလျက်ရှိသဖြင့် လွယ်ကူစွာ ဘုရားဖူးသွားလာနိုင်ကြပြီ ဖြစ်သည်။

သံဝေဇနိယ လေးဌာနမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဗုဒ္ဓမြတ်စွာ ဖွားမြင်တော်မူရာ လုမ္ဗိနီ၊
၂။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊
၃။ ဗုဒ္ဓမြတ်စွာ တရားဦးဓမ္မစကြာ ဟောတော်မူရာ မိဂဒါဝုန်၊
၄။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံ။

ထို ဖွား၊ ပွင့်၊ ဟော၊ စံ တည်ရာမှန်သည့် နေရာဒေသကြီး လေးခုသို့ သွားရောက် သံဝေဂယူကာ သခ်ါရတရားတို့ကို ငြီးငွေ့ဖွယ်ဟု သိမြင်သော နိဗ္ဗိန္ဒဉာဏ်ပွားများကြပါလျှင် အပါယ်တံခါးပိတ်ကာ နတ်ရွာသုဂတိသို့ လားကြမည် ဧကန်အမှန် ဖြစ်ပါသည်။

သို့ဖြစ်၍ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနတို့၏ အနှစ်သာရ အကျဉ်းမျှကို ပူဇော်ရေးသား တင်ပြအပ်ပါသည်။

## ဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်တော် (ဖွား)

မယ်တော်မဟာမာယာဒေဝီသည် လုမ္ဗိနီဥယျာဉ်တော်၌ မင်္ဂလာအင်ကြင်းခက်ကို ညာလက်ဖြင့် ကိုင်စွဲလျက် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ဥတုဂိမှာန် ကဆုန်လပြည့် သောကြာနေ့နံနက် တစ်ချက်တီးအချိန် ဘုရားအလောင်းကို မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ ထိုနောက် ဘုရားအလောင်းတော်သည် ခြောက်



www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ ခြေလှမ်းခုနစ်ဖဝါး ကြွချီကာ-

**က။ အဂ္ဂေါ ဟ မသ္မိ လောကဿ** - ငါသည် လူသုံးပါးတွင် အမြတ်ဆုံး ဖြစ်၏။

**ခ။ ဇေဋ္ဌော ဟ မသ္မိ လောကဿ** - ငါသည် လူသုံးပါးတွင် အကြီးအကဲဆုံး ဖြစ်၏။

**ဂ။ သေဋ္ဌော ဟ မသ္မိ လောကဿ**- ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။

**ဃ။ အယ မန္တိမာ ဇာတိ။** ဤယခု ပဋိသန္ဓေတည်နေရခြင်းကား ငါ့အဖို့ နောက်ဆုံး ပဋိသန္ဓေတည်နေရခြင်း ဖြစ်၏။

**င။ နတ္ထိ ဒါနိ ပုနဗ္ဘ ဝေါ** - ယခုအခါ၌ ငါ့အဖို့ တစ်ဖန်ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ -

ဟု ကြုံးဝါးတော်မူသောနေရာ ဖြစ်၏။

**ဘုရားအဖြစ်သို့ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင် (ပွင့်)**

အလောင်းတော်မြတ်သည် မဟာဗောဓိပင်ခြေရင်း အပရာဇိတပလ္လင်တော်၌ ဖွဲ့ခွေကာ အရှေ့အရပ်သို့ မျက်နှာပြုထိုင်နေတော်မူစဉ် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဦးယံတွင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုလည်းကောင်း၊ သန်းခေါင်ယံအချိန်တွင် ဒိဗ္ဗစက္ခုဉာဏ်ကို လည်းကောင်း၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်ကို လည်းကောင်း (ပု၊ ဒိ၊ အာ) ခေါ် ဝိဇ္ဇာဉာဏ်သုံးပါးကို အစဉ်အတိုင်းရတော်မူပြီး ဘုရားစင်စစ် ဧကန်ဖြစ်ကာ သဗ္ဗညုတဉာဏ်ရတော်မူခဲ့သည်။

* *ခန္ဓာအိမ်ကို ဆောက်သောဟယ်-တဏှာလက်သမား၊ ငါသည် သင့်ကို ယခု (ပညာမျက်စိ) ဖြင့် မြင်လေပြီ။ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင်ဆောက်လုပ်ရမည် မဟုတ်ပေ။ သင်၏ ကိလေသာ တည်းဟူသော အိမ်အခြင်းအရာ အားလုံးတို့ကို ချိုးဖျက်အပ်ပြီ။ အဝိဇ္ဇာ တည်းဟူသော အိမ်ခေါင်ထွတ်ကိုလည်း ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းသော 'နိဗ္ဗာန်' သို့ ရောက်ပြီး တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်ကို ရပေပြီ'*

ဟု ဥဒါန်းကျူးရင့်တော်မူခဲ့သည်။

**တရားဦးဓမ္မစကြာတရားဟောကြားတော်မူရာ မိဂဒါဝုန် (ဟော)**

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် စနေနေ့တွင် ဗာရာဏသီပြည်သို့ ခြေလျင် ကြွလှမ်းတော်မူပြီး ထိုနေ့ညချမ်းအချိန်တွင် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးအား 'ဒွေ မေ ဘိက္ခဝေအန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ' အစဖြာသော ဓမ္မစကြာတရားကို ဟောတော်မူလေသည်။ အရှင်ကောဏ္ဍညလည်း ဦးစွာ သောတာပန် ဖြစ်တော်မူလေသည်။ လပြည့်ကျော်တစ်ရက်နေ့မှစ၍ အရှင်ကောဏ္ဍညမှ ကြွင်းသော ပဉ္စဝဂ္ဂီလေးဦးတို့ကို မြတ်စွာဘုရားက တရားတော်ကို ဟောကြားရာ အရှင်ဝပ္ပမှ အစဉ်အတိုင်း သောတာပန် ဖြစ်လေသည်။ ထို့နောက်မှ မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးတို့ကို တစ်ပေါင်းတည်းထား၏။ အနတ္တလက္ခဏာသုတ်ကို ဟောကြားလေရာ ပဉ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာဖြစ်ကုန်၏။

**ပရိနိဗ္ဗာန်စံတော်မူရာ၌ တည်ထားသော မဟာပရိနိဗ္ဗာန်ရစေတီတော်နှင့် ပရိနိဗ္ဗာနရုပ်ပွားတော် (စံ)**

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာရုံမြို့ဝင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် မြောက်အရပ်သို့ ဦးခေါင်းပြုလျက် ညောင်စောင်းပေါ်တွင် သတိရှိစွာဖြင့် လက်ယာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကို ပြုတော်မူပြီး အရှင်အာနန္ဒာနှင့်တပည့်သားသံဃာတော်တို့အား ခေါ်တော်မူလျက် ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်ဦးတွင် ပစ္ဆိမဗုဒ္ဓဝေနေယျဖြစ်သော နောက်ဆုံးဩဝါဒကို ဤသို့ လေးနက်စွာ မိန့်ကြားတော်မူလေသည်။

*'ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန၊ သမ္ပာဒေထ။*

**ဘိက္ခဝေ** - ရဟန်းတို့၊ ယခုအခါ အကျဉ်းအားဖြင့် ငါ၏ အလိုတော်ရင်းဖြင့် သင်တို့ကို ငါဘုရားသည် မှာတော်မူ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းလေးပါးအစုတို့သည် ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့သည်၊ **အပ္ပမာဒေန** - မမေ့မလျော့ မပေါ့ဆသော သတိဖြင့်၊ **သမ္ပာဒေထ** - ပြည့်စုံစေကုန်လော့'

ယခုအခါ အဆိုပါ သံဝေဇနီယလေးဌာနပုံစံတူ အဆောက်အအုံများကို နေပြည်တော်တွင် အသေးစိတ် တည်ဆောက်လျက်ရှိပါသည်။ သူတော်ကောင်းအပေါင်းတို့သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ မသွားနိုင်ပါကလည်း စိတ်ပူပင်ရန် အကြောင်းမရှိပါ။ မည်သည့်နေရာတွင် ဖြစ်စေကာမူ မိမိတို့၏ စိတ်သန္တာန်၌ သံဝေဂတရားများ ပွားများအားထုတ်နိုင်ပြီး အပါယ်တံခါးပိတ်ရန်သာ အရေးကြီးပါသည်။

**ဩကာသ အစချီသည့် ဘုရားရှိခိုးခက်ဆစ် အဓိပ္ပာယ်များ**

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် နေ့စဉ် ဘုရားဝတ်ပြုရှိခိုးရာတွင် 'ဩကာသ' အစချီသော ကန်တော့ပန်းဖြင့် ရွတ်ဆိုပူဇော်လေ့ရှိကြသည်။ ထိုသို့ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးနေသော်လည်း မိမိရွတ်ဆိုနေသော ဩကာသ ကန်တော့ခန်းတွင်ပါရှိသော ခက်ဆစ်တို့၏အနက်အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

များအားလုံးကို သိရှိထားပါက ပိုမိုလေးနက် အဓိပ္ပာယ်ရှိလာမည် ဖြစ်ပါသည်။ သို့ဖြစ်၍ သမီးဖြစ်သူ သင်တန်းတက်နေသော ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းမှ ဓမ္မဗျူဟာထုတ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ယဉ်ကျေးမှုကျင့်ဝတ်ဘာသာစာအုပ်မှ ထပ်ဆင့်ဖော်ပြပေးလိုက်ပါသည်။

**ဩကာသ**

ရှိခိုးပါရစေ၊ ကန်တော့ပါရစေဟု ခွင့်တောင်းခြင်းကို ဩကာသဟု ခေါ်သည်။ (လေးနက် ထင်ရှား ပံ့နှံ့စေလိုသောကြောင့် ဩကာသကို သုံးကြိမ်ဆိုရပါသည်။)

**ကံသုံးပါး**

ကိုယ်ဖြင့်ပြုသောအမှုကို ကာယကံ၊ နှုတ်ဖြင့်ပြောသောအမှုကို ဝစီကံ၊ စိတ်ဖြင့်ကြံသောအမှုကို မနောကံဟု ခေါ်သည်။

**ရတနာ**

နှစ်သက်မြတ်နိုးအပ်သောကြောင့် ရတနာဟု ခေါ်သည်။

**ဘုရား**

တရားဥဿုံအလုံးစုံကို အကုန်အစင်သိမြင်တော်မူသောကြောင့် ဘုရားဟု ခေါ်သည်။

**တရား**

အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲသို့ မကျရောက်အောင် ညွှန်ပြဆွဲဆောင်တတ်သောကြောင့် တရားဟု ခေါ်ပါသည်။

**သံဃာ**

အယူသီလ တူမျှခြင်းဖြင့် ပေါင်းစုဖွဲ့စည်းထားသောကြောင့် သံဃာဟု ခေါ်ပါသည်။

**အရိုအသေ**

ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် ညွတ်တွားကိုင်းရှိုင်းခြင်း။

**အလေးအမြတ်**

လေးနက်တည်ကြည်စွာ လေးစားမြတ်နိုးခြင်း။

**ရှိခိုး**

ရှိခိုးခြင်းမှာ ကိုယ်ဖြင့်ရှိခိုးခြင်း၊ နှုတ်ဖြင့်ရှိခိုးခြင်း၊ စိတ်ဖြင့်ရှိခိုးခြင်းဟူ၍ သုံးမျိုးရှိသည်။

**ပူဇော်**

ပစ္စည်းဖြင့်ပူဇော်ခြင်း၊ တရားဖြင့်ပူဇော်ခြင်း နှစ်မျိုးရှိသည်။

**ဖူးမြော်**

ပကတိမျက်စိဖြင့် ဖူးမြော်ခြင်း၊ အသိဉာဏ်ဖြင့် ပူဇော်ခြင်း။

**မာန်လျှော့**

မိမိသန္တာန်၌ရှိသော မာန်မာနတရားများကို လျှော့ချဖယ်ရှားခြင်း။ (ရတနာသုံးပါးကို မြင့်မြတ်ရာ၌ ထားခြင်း။)

**ကန်တော့**

အပြစ်ရှိက ခွင့်လွှတ်တော်မူပါဟု ဝန်ချတောင်းပန်ခြင်း။

**အပါယ် (၄) ပါး**

ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ်ကို အပါယ်ဟု ခေါ်သည်။ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရာကာယ်ဘုံတို့ကို အပါယ် (၄)ပါးဟု ခေါ်သည်။)

**ကပ် (၃) ပါး**

ဓားလက်နက်မှတ်ဘေး (ဒုဗ္ဘိက္ခန္တရ)၊ လက်နက်ဘေး (သတ္ထန္တရ)၊ ရောဂါဘေး (ရောဂန္တရ) တို့ကြောင့် ပျက်စီးခြင်း။

**ရပ်ပြစ်(၈)ပါး**

မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်သည်ကိုစွဲ၍ မကောင်းသောအရပ်၊ မနေအပ်သောအရပ်ကို အပြစ်ရှိသောအရပ် (ရပ်ပြစ်) ဟု ခေါ်သည်။

ထိုရပ်ပြစ် (၈) ပါးမှာ -

(၁) ငရဲ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ အသူရကာယ်၊ (၄) ရုပ်သာရှိ၍ နာမ်မရှိသော (အသညသတ်) ဗြဟ္မာ၊ နာမ်သာရှိ၍ ရုပ်မရှိသော (အရူပ) ဗြဟ္မာများဖြစ်ရခြင်း၊ (၅) ပစ္စန္တရာဇ်အရပ်၊ (၆) မိစ္ဆာဒိဋ္ဌိအယူမှားခြင်း၊ (၇) တရားတော်ကို နားလည်နိုင်သောဉာဏ်မရှိခြင်းနှင့် (၈) ဘုရားမပွင့်သောအခါ လူဖြစ်ရခြင်းတို့ ဖြစ်ပါသည်။

**ရန်သူမျိုး (၅) ပါး**

ရေ၊ မီး၊ မင်း (မင်းဆိုး၊ မင်းယုတ်)၊ ခိုးသူနှင့် အမွေခံသားဆိုး၊ သမီးဆိုး။

**ဝိပတ္တိ (၄) ပါး**

ဖောက်ပြန်ချွတ်ယွင်းခြင်းကို ဝိပတ္တိဟု ခေါ်သည်။ (ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ)

**ဗျသန (၅) ပါး**

ဆွေမျိုး၊ ဥစ္စာ၊ ရောဂါ၊ အယူ၊ အကျင့်ပျက်စီးဆုံးရှုံးခြင်း။ (ဉာတိ၊ ဘောဂ၊ ရောဂ၊ ဒိဋ္ဌိ၊ သီလ)

**မဂ်**

နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားလမ်းကို မဂ်ဟု ခေါ်သည်။

**ဖိုလ်**

မဂ်၏ အကျိုးတရားကို ဖိုလ်ဟု ခေါ်သည်။

**နိဗ္ဗာန်**

ရာဂ၊ ဒေါသ၊ မောဟတို့၏ ကင်းရာ ဒုက္ခအားလုံး ချုပ်ငြိမ်းအေးမှုဓာတ်သဘောကို နိဗ္ဗာန်ဟု ခေါ်သည်။

**သီလတောင်းခံခြင်း**

သီလတရား ဟူသည် ကိုယ်တိုင်ကျင့်ကြံမှ ရရှိသောတရား ဖြစ်သည်။ တောင်းယူ၍ရသောတရား မဟုတ်။ သို့သော် ရိုသေလေးစားသောအားဖြင့် ရတနာမြတ်သုံးပါးတို့ကို 'အဟံ ဘန္တေ တိသရဏေန' စသည်ဖြင့် သီလတောင်းခံခြင်း ဖြစ်သည်။

**ဘုရားရှိခိုးခြင်း**

သီလမဆောက်တည်မီ မြတ်စွာဘုရားကို ဦးထိပ်ထား၍ နမောတဿဖြင့် ရှိခိုးကန်တော့ခြင်း ဖြစ်သည်။ ထိုနမောတဿ ဘုရားရှိခိုးခြင်းသည် တိုတိုနှင့် အဓိပ္ပာယ်ပြည့်ဝ၍ ဗုဒ္ဓဘာသာ အစဉ်အလာ၌ အများဆုံး ရွတ်ဆိုပူဇော်ကြသည်။ (သတိရတိုင်း ရွတ်ဆိုနေပါက အန္တရာယ်ကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံစေ၏။)

**သရဏဂုံ (၃) ပါး**

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့သည် ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာခြင်းကို ရောက်စေတတ်သောကြောင့် 'သရဏ' မည်၏။ ထိုကိုးကွယ်ရာမည်သော သရဏဂုံစိတ်ဖြင့် 'ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟု နှုတ်မြွက်ဆောက်တည်သောသူကို (သရဏဂုံတည်သူ) ဟု ခေါ်၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် နေ့စဉ်ဘုရားရှိခိုးနေကြသော်လည်း မိမိရွတ်ဆိုနေသော ပါဠိခက်ဆစ်တို့၏ အဓိပ္ပာယ်ကို သိတာလည်းရှိမည်၊ မသိတာတွေလည်းရှိမည်။ သိသလို၊ မသိသလိုလည်းရှိမည်။ နှုတ်မှရွတ်ဆိုသံများ၏ သံစဉ်များ ဆိုကောင်းနေရုံမျှဖြင့် အကျိုးမရှိနိုင်ပါ။ အသံကျယ်ကျယ်ဖြင့် ရှိခိုးနေရုံမျှဖြင့်လည်း အနှစ်သာရမရရှိနိုင်ပါ။ ဆက်လက် လေ့လာအားထုတ်နိုင်ပါရန် ထပ်ဆင့် တင်ပြအပ်ပါသည်။

ရဲရဲထွန်း (ဗလသိဘတ)



www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်စံကျောင်းတော်အတွင်းမှ လက်ရာမြောက်ရုပ်ပွားတော်


ကိုစိုးမိုးလက်ရာ နှာသီးချွန်းနီးဘုရား


မဟာသွဲ့သာရုပ်ပုံစံတော်

# မြန်မာမှုဗိသုကာလက်ရာမြောက် ဗုဒ္ဓရုပ်ပွားတော်များ

ဇေဒလုတေသီ-ဆရာမျိုး

အခန်း(၁)

ကျွန်ုပ်သည် တစ်နေ့သ၌ အောင်ပန်းမြို့သို့ရောက်ရှိစဉ် ရေးဖော်ရေးဖက်တစ်ဦးလည်းဖြစ်၊ စာဖတ်ပရိသတ်တစ်ဦးလည်းဖြစ်သူ ကျော်မော်သက်ဖက်ရည်ဆိုင်ရှင် ကိုဇော်ဝင်းမောင် (ကလောမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး) မှ လည်းရိုးရုပ်နေ မြန်မာမှုဗိသုကာလက်ရာစစ်စစ်ဖြစ်ပေသော ဘုရားတစ်ဆူကို အချိုးကျ စကေးကိုက် တည်ဆောက်ပုံစနစ်အား လက်တွေ့သရုပ်ပြ ရှင်းလင်း ပြောကြားပေးခဲ့ပါလေ၏။

"ကျွန်တော့်အဖေရဲ့မျိုးရိုးကတော့ သီပေါမင်းလက်ထက်တော်က ရှေးနန်းတွင်းပန်းပုပညာရှင်မျိုးရိုးပါပဲ။ ကျွန်တော့်အဖေ ဦးလှတူရဲ့အဘိုးက ဦးလှသာတဲ့။ မြန်မာမှုဗိသုကာပညာရှင်ကြီးပေါ့။ ပန်းပု


သည်ရိုးကျောင်းရုပ်ပွားတော်မြတ်ကြီးအကြောင်း ကိုစိုးမိုးမှ ရှင်းပြစဉ်



ဘေးတိုက်ဖူးမြင်ရပုံ


ဦးမြမောင်အိမ်ဘုရားခန်းမှ နှာသီးချွန်းပုံစံတော်

www.burmeseclassic.com



နဂါးသီးချိုရုပ်ပွားတော်



ကိုစိုးမိုးလက်ရာ
မျက်မှောင်ချိုးကျောက်ဆင်းတု



ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမှ
ခွင်တူခြက်တုရုပ်ပွားတော်



လွှယ်မယ်ဆုတောင်းပြည့်ဘုရားကြီး

လောကခေတ်ပြိုင်ဆရာကြီးများကတော့ ဦးလှသာ၊ ဦးဘခင်၊ ဆရာစိုင် ဆိုတဲ့ ဆရာကြီး(၃)ဦးပေါ့။ ကျွန်တော်ရဲ့ အဘေးတော်တဲ့ ဦးလှသာရဲ့အဖေက လည်း ပအို့ဝ်မြန်မာဗိသုကာပညာရှင် တစ်ဦးပါ။ ကလောနီးဘုရားပလ္လင်ထုတဲ့ သစ်သားပန်ပုပညာရှင် ဦးအောင်မြင့်က လည်း ကျွန်တော့်ဦးလေးပါ။ အမေဘက် ကတော့ တောင်သူမျိုးရိုးပါပဲ။

ကျွန်တော်တို့ရဲ့ဗုဒ္ဓမြတ်စွာဘုရား သခင်ဟာ သာမန်လူသားအဖြစ်ကနေ ပြီးတော့ ပွင့်ထွန်းပေါ်ပေါက်တော်မူတာ ဖြစ်တဲ့အတွက် သာမန်လူသားတွေရဲ့ အရွယ်အစား အချိုးအဆစ်အတိုင်း တည်ရှိရပါမယ်။ လူတိုင်းလူတိုင်းဟာ မိမိရဲ့လက်ဖနောင့်ကနေ လက်ချောင်း ထိပ်ဆုံးအကွာအဝေးဟာ ခြေဖနောင့်က နေ ခြေသန်းထိပ်အကွာအဝေးနဲ့ ညီမျှ ပါတယ်။ လက်ဝါးနှစ်ဖက်နဲ့ မျက်နှာပြင် ကိုအုပ်လို့ရှိရင် မျက်နှာတစ်ပြင်လုံးအုပ် မိပါတယ်။ မိမိရဲ့မျက်ခုံး၊ နှုတ်ခမ်း၊ နဖူး ပြင်တို့ရဲ့ အကျယ်အဝန်းဟာလည်း မိမိ ရဲ့လက်လေးသစ်အကျယ်အဝန်းနဲ့ ညီမျှ ပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရား ရှင်နဲ့ အချိုးတော်တွေဟာလည်း ဒီပုံစံ အတိုင်းရှိနေရပါမယ်"

ဘုရားရုပ်ပွားတော်မြတ်တစ်ဆူကို အစအဆုံး အသေးစိတ်တည်ဆောက် ရန်အတွက် -

**၁။ သစ်သားမှန်သမျှကို ဆောက်နှင့်ထွင်း၍ ရုပ်လုံးဖော်ရခြင်းတည်းဟူသော 'ပန်းပု ပညာ'**

ဤပညာရပ်တွင် (က) ရုပ်တုထု သော ပန်းပုပညာ၊ (ခ) ကနုတ်ပန်းထု သော ပန်းပုပညာ၊ (ဂ) တိရစ္ဆာန်ထု သော ပန်းပုပညာ ဟူ၍ ပညာရပ်သုံး ပိုင်း ထပ်မံကွဲပြားပြီးလျှင် (ဂ) တိရစ္ဆာန် ထုသော ပန်းပုပညာတွင် ဗုဒ္ဓဝင် တိရစ္ဆာန်နှင့် သဘာဝတိရစ္ဆာန် ဟူ၍ ထပ်မံကွဲပြားပါသည်။ အထက်ပါ ပန်းပု ပညာတွင် အမာထည်ပညာရပ်နှင့် အပျော့ထည်ပညာရပ်ဟူ၍ ထပ်မံခွဲခြား နိုင်ပါသည်။

**၂။ အချိုးအစားများကို သင်္ချာနည်းအရ တွက်ချက်ခြင်း တည်းဟူသော 'ဗိသုကာ ပညာ'**

ဤပညာရပ်တွင် (က) သဘာဝရဲ့ အနေအထားကို ခန့်မှန်းခြင်းအပိုင်း၊ (ခ) ထူးဆန်းနက်နဲ ခက်ခဲသော အဆောက် အအုံ၊ ရုပ်တုတို့ကို ခန့်မှန်းအပိုင်း ဟူ၍ နှစ်ပိုင်းကွဲပြားသည်။ တစ်နည်းအားဖြင့် ဗိသုကာဟူသောဝေါဟာရသည် အတတ် ပညာတစ်ရပ်ခုကို ကျွမ်းကျင်နိုင်နင်းခြင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

**၃။ ကျောက်ဆစ်ပညာ တည်းဟူသော 'ပန်းတမော့ပညာ'**

**၄။ အင်္ဂတေကို ကနုတ်ပန်းထိုးခြင်း တည်း ဟူသော 'ပန်းတော့ပညာ'**


**၅။ စစ်စေးနှင့် သားကောင်များ၏ အရိုးကို ပြာချ၍ သရိုးကိုင်ခြင်း တည်းဟူသော 'ပန်းယွန်းပညာ'**

**၆။ ပုံစံချခြင်း။ ဆေးခြယ်ခြင်း။ သရုပ်ဖော် ရေးဆွဲခြင်း တည်းဟူသော 'ပန်းချီပညာ'**


အစရှိပေထသော အတတ်ပညာ (၆) မျိုး ပေါင်းစပ်ပါဝင်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com




ဘုရားတစ်ဆူ၏အသေးစိတ်အချိုးများ




မျက်နှာတော်အချိုးအသေးစိတ်

ကိုစိုးမိုးသည် ပန်းပုပညာရပ်မှ သစ်သားကနုတ်ပန်း၊ သုံးထပ်ပန်း၊ သစ်သားရုပ်ပွားတော်ထုလုပ်သည့်နေရာတွင် ကျွမ်းကျင်ခြင်း၊ ပန်းတော့ပညာရပ်မှ ရွှေနည်းအတိုင်း သံဆုံထဲတွင် သရိုးကို ထောင်းထု၍ အင်္ဂတေကနုတ်သရိုးပန်းနှင့် ရုပ်ပွားတော်များကို ထွင်းထုနိုင်သကဲ့သို့ မိုလောင်းပြီး ထွင်းထုနိုင်သော အတတ်ပညာတွင် ကျွမ်းကျင်ခြင်း၊ ပန်းယွန်းပညာရပ်မှ စစ်ဆေးသုတ်၍ ရွှေချခြင်း၊ နှီးပညာတွင် နှီးချောကလေးများကို အကြောပြားလေးချည်းထိုးသော ပညာရပ်နှင့် ဝါး၏အကာသားပါသော နန်းဆွဲပြီး အလုံးထိုးသောပညာရပ်ဟူ၍ နှစ်မျိုးရှိသည့်အနက် အကြောပြားထိုး ပညာရပ်တွင် ကျွမ်းကျင်ခြင်း၊ ပန်းချီ ပညာရပ်မှ အောက်လိုင်းအချိုးချစကေးတွင် ဘုရား၊ ရဟန္တာ၊ နတ်နှင့် ကနုတ်စကေးကျွမ်းကျင်ခြင်းအစရှိသောအဆင့်လေးဆင့်အား တစ်ဦးတည်း အစအဆုံး ရှမ်းဆောင်နိုင်ပေသော ရှားပါးဗိသုကာ ပညာရှင်တစ်ဦးဖြစ်ပေသည်။ ခေတ်သစ်သိပ္ပံပညာရပ်ကို အသုံးမချဘဲ မြန်မာမှု အနုပညာစစ်စစ်ကို အမွေဆက်ခံထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ပေသည်။

ဘုရားတစ်ဆူကို စကေးကိုက်အချိုးကျ တည်ဆောက်ရာတွင် ပုံစံတော်သည် ပျော့ပျောင်း ညင်သာစွာဖြင့် ဝိပဿနာထိုင်ဟန် ဖြစ်ရမည်။

'ဒူးခွင်အကျယ်သည် စံပြုအချိုးဖြစ်သည်။'

ဒူးခွင်ကိုနမူနာထား၍ (က)နှာသီးချိုး၊ (ခ) မျက်မှောက်ချိုး၊ (ဂ) ခွင်တူဖြက်တူချိုးဟူ၍ ရှေးဆရာကြီးများမှ ဖော်ထုတ်ခဲ့သည်။

**(က) နှာသီးချိုး**

ဒူးခွင်အကျယ်နှင့် ပလ္လင်စမ္ဗခဏ်ထိပ်မှ နှာခေါင်းထိပ်အထိ အချိုးညီရမည်။

နမူနာပုံစံသည် မဟာသံ့သာရှ်ပုံတော်ဖြစ်ပြီး မင်းသူကြွယ် ကိုးကွယ်သောဘုရား ဟူ၍ သုံးသပ်သည်။

**(ခ) မျက်မှောင်ချိုး**

ဒူးခွင်အကျယ်အချိုးနှင့် ပလ္လင်စမ္ဗခဏ်ထိပ်မှမျက်ခုံးနှစ်ခုကြားမျက်မှောက်ထိပ်အထိ အချိုးညီရမည်။

မျက်မှောင်ချိုးသည် အမရပူရခေတ်လယ်လောက်မှစ၍ ယနေ့ခေတ်အထိ ပညာရှင်ကြီးများသာ အများဆုံး ထုလုပ်သည်ကို တွေ့ရသည်။

ရသေ့ကြီးဦးခန္တီတည်ထားခဲ့သော ဘုရားများသည် မျက်မှောက်ချိုး ဖြစ်သည်။ သူဌေးသူကြွယ်ကိုးကွယ်သောဟန်ဟူ၍ ရှေးပညာရှိကြီးများ အဆိုရှိသည်။

**(ဂ) ခွင်တူဖြက်တူချိုး**

ဒူးခွင်အကျယ်အချိုးနှင့် ပလ္လင်စမ္ဗခဏ်ထိပ်မှ ဆံတော်ထိပ်အထိ အချိုးညီရမည်။

နမူနာပုံစံသည် ဇလွန်ပြည်တော်ပြန်ဘုရားပုံတော်ဖြစ်ပြီး လူ၊ နတ်၊ သိကြား၊ ဗြဟ္မာ ကိုးကွယ်သောဟန် ဖြစ်ပေသည်။

**(ဃ) အထက်ပါ အချိုးသုံးချိုးမှ ကင်းလွတ်သောဟန်သည် ဆင်းရဲသားကိုးကွယ်ဟန် ဖြစ်သည်ဟု ပညာရှင်များက ဆိုမိန့်ကြသည်။**

**ဘုရားတစ်ဆူ၏အသေးစိတ်အချိုးများ**

ပင်မမျဉ်းကြိုးလေးကြိုးညီအောင် တည်ရမည်။

**၁။ ရှေ့ခြမ်းဗဟိုကြိုး** - နဖူးထိပ် နှာခေါင်းအလယ်တည့်တည့်မှ စမ္ဗခဏ်သို့ဆင်းသောကြိုး။



www.burmeseclassic.com

www.burmeseclassic.com

၂။ **နောက်ခြမ်းဗဟိုကြိုး** - နောက်စေ့အလည်တည့်တည့်မှ ခါးလယ်ရိုးကိုဖြတ်၍ စမ္ပခက်သို့ဆင်းသောကြိုး။

**၃+၄။ ဘယ်ခြမ်းဘေးမျဉ်းကြိုးနှင့် ညာခြမ်းဘေးမျဉ်းကြိုး** - နားရင်းပါးချိတ်တည့်တည့်မှ လက်တံတောင်ကွေးထိပ်ကိုဖြတ်၍ စမ္ပခက်အထိသွားသောကြိုး။

**၅+၆။ မျက်နှာတော်တွင် နားရွက်တော်အရင်းမှ နားထင်စပ်နှင့် ပါးပြင်ပေါ်ဖြတ်သန်း၍ ဘယ်၊ ညာ မျဉ်းနှစ်ကြောင်း။**

**စံပြစကေး (ကကး ခခ ၅၊ ၆)**

မျက်နှာတော်အလျားအနံသည် စတုရန်းချိုးဖြစ်ရမည်။ (ဆံတော်မပါ)

၎င်းစတုရန်းချိုးအတိုင်း ကိုယ်လုံးတော်၏ပင်မဗဟိုကြိုးမှ ဝဲ၊ ယာ အလျားလိုက်နှစ်ကွက်စီအညီဆွဲရမည်။ (A.B. C.D) ထိုအချိုးအတိုင်း အောက်ခြေစမ္ပခက်အထိ အနံလိုက်သုံးပိုင်းခွဲရမည်။ (E.F.G.H.I.J.K.L) ထပ်မံ၍ အနုစိတ်ပိုင်းလိုက် သုံးပိုင်းခွဲရမည်။

**ထပ်မံ၍အနုစိတ်ပိုင်းခြားခြင်း**

- ထိုမှတစ်ဖန် ကိုယ်လုံးတော်ထောင့်စွန်းနှစ်ဖက်တွင်ရှိသော စတုရန်းကွက်များကို တစ်ဝက်ထပ်မံပိုင်းရမည်။ ဗုဒ္ဓ၏လက်မောင်းတော်သည် အတွင်းတစ်ဝက်စည်းအတွင်းအကိုက်ဖြစ်ရမည်။ အပြင်တစ်ဝက်စည်းသည် ဗုဒ္ဓ၏ဒူးတော်အဝန်းထိပ် အတွင်းသားကို ဖြတ်သန်းသည်။ ဒူးတော်အဝန်းသည် မျဉ်း၏ (အပြင်ဘက်တွင် လခြမ်းကွေးသဏ္ဌာန်ကျန်ရှိသည်။)

- မျက်နှာတော်စံပြစကေးအတိုင်း သင်းကျစ်ဆံစမှာ အထက်ရောင်လျှံတော် မကိုဋ်ထိပ်အထိ စတုရန်းတစ်ချိုးရှိသည်။ (ဂဂ)

- မျက်နှာတော် စတုရန်းကွက်အောင်ဘက်တွင် နှုတ်ခမ်းတော်နှင့် မေးစေ့ထိပ်အကွာအဝေး၏ အလယ်ဗဟိုမှ ရေညီမျဉ်းတစ်ကြောင်းဆွဲပါ။ (ဃဃ)

- အထက်ဘက်တွင် ဥဏ္ဏာလုံမွေးရှင်တော်နေရာလောက်တွင် ရေညီမျဉ်းတစ်ကြောင်းဆွဲပါ။ (ငင)

အဆိုပါ ရေညီမျဉ်းနှစ်ကြောင်းအတွင်း၌ အချိုးညီသုံးပိုင်းထပ်စိတ်ရမည်။ ထိုအခါ တစ်ပိုင်းသော မျဉ်းကြောင်းသည် နှာသီးအထက်မှ ဖြတ်သန်းသွားပြီလျှင် (စစ) ကျန်တစ်ပိုင်းသောမျဉ်းကြောင်းသည် မျက်ခုံးအပေါ်တည့်တည့်မှ ဖြတ်သန်းသည်။ (ဆဆ)

- ၎င်းအချိုးအကွာအဝေးအတိုင်း အထက် ဥဏ္ဏာလုံရေညီမျဉ်းမှ အထက်ဆံတော်ဘက်သို့ မျဉ်းတစ်ကြောင်းထပ်ဆွဲပါ။ အဆိုပါမျဉ်း၏ အောက်ဘက်အခြမ်းသည် မြတ်စွာဘုရား၏ ဦးခေါင်းတော်အဆုံးနေရာအဖြစ်တည်ရှိ၍ အထက်ဘက်အခြမ်းသည် ဆံထုံးတော်အဆုံးနေရာဖြစ်ရမည်။ (ဇဇ)

- ထိုမှ အထက်မှုလစတုရန်းမျဉ်းအနားသတ်ထိရှိသော အကွက်အတွင်း၌ မကိုဋ်တည်ရှိမည် ဖြစ်သည်။

- အချိုးညီသုံးပိုင်းတွင် အလယ်ပိုင်းဖြစ်သော (စစ) နှာသီးအထက်မှ မျက်ခုံးပေါ်အထိအပိုင်း (ဆဆ) အားထပ်မံ၍ ခေါက်ချိုးမျဉ်းရေးဆွဲပါ။ (ဈဈ)

- ထိုခေါက်ချိုးညီမျဉ်း (ဈဈ) မှ တစ်ဖန် ယခင်အချိုးမျက်ခုံးအထိ မျဉ်း (ဆဆ) ၏ ကြားအကွာအဝေးကို ထပ်ဆင့် ခေါက်ချိုးမျဉ်းတစ်ကြောင်း ထပ်ဆွဲပါ။ (ညည) ထို့နောက် အောက်အကွက်၏အတွင်းပိုင်း၌ မျက်သားတော်နှင့် မျက်လုံးတော်ကို ရေးဆွဲရပေမည်။

- မျက်နှာတော် စတုရန်းချိုး၏ အောက်တွင် သုံးနားညီအချိုးအတိုင်း တစ်ချိုးထပ်ချ၍ အဆိုပါအပိုင်းသည် လည်ပင်းတော်အရစ်သုံးရစ်ဝင်သော အပိုင်း ဖြစ်ပေသည်။ (ဋဋ)

"ဒီလိုအချိုးတူ၊ စကေးတူတွေကို အသေးစိတ်ဖန်တီးထားနိုင်ခြင်းအားဖြင့် နှစ်ကာလရှည်ကြာလို့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးအချို့ယွင်းသွားသော်လည်း ကျန်ရှိနေတဲ့အစိတ်အပိုင်းကလေးတစ်ခုခုကို တွေ့ရှိတာနဲ့ မြတ်စွာဘုရား၏ ရုပ်ပွားတော်တစ်ဆူလုံးကို အစ၊ အဆုံး မူလလက်ရာအတိုင်းပြန်လည်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်"

ထို့နောက် ကိုစိုးမိုးမှ စာရေးသူအား မျက်နှာတော်အချိုး အသေးစိတ်ကို ထပ်မံပြသပေးပါသည်။

**မျက်နှာတော်အချိုးအသေးစိတ်**

- ပင်မဗဟိုဘေးမျဉ်းနှင့် စတုရန်းအလယ်မျဉ်းတို့၏အကြားတွင် နားရွက်တော် အချိုးကျတည်ရှိရမည်။

- ဥဏ္ဏာလုံနေရာမှ အချိုးညီသုံးပိုင်း ဒုတိယမျဉ်း (စစ) ပေါ်သို့ ဘယ်၊ ညာမျဉ်းစောင်းဆွဲခြင်းဖြင့် နှစ်နားညီတြိဂံဖြစ်အောင် ဖန်တီးပါ။ (M.N)

- ၎င်းနှစ်နားညီတြိဂံအချိုးအတိုင်း အချိုးညီသုံးပိုင်း ပထမမျဉ်း (ဆဆ) မှ အောက်သို့ နှစ်နားညီတြိဂံပုံ နောက်ထပ်ဖန်တီးပါ။ (O.P)

- ပထမမျဉ်းနှင့် ဒုတိယမျဉ်းအတွင်း တြိဂံနှစ်ခု ဖြတ်သန်းသွားသော ဘယ်၊ ညာဆုံမှတ်သည် မျက်လုံး၏အစွန်ဖြစ်ရမည်။

- အောက်ဘက်သို့ကျသွားသော နှစ်နားညီတြိဂံထိပ်စွန်းသည် ပင်မအလယ်ဗဟိုကြိုး(၁)ပေါ်တွင်ဆုံမိသည်။ ထိုဆုံမှတ်တွင် မရပ်ဘဲ နှစ်နားညီမျဉ်းနှစ်ကြောင်းကို အချိုးသုံးပိုင်း၏အောက်ဆုံးမျဉ်း (ဃဃ) ပေါ်ရောက်အောင်ဆွဲချပါ။ ထိုမှတစ်ဆင့်မှ အောက်ဆုံးမျဉ်းပေါ်ရောက်သော ဆုံမှတ်နှစ်နေရာမှ ဥဏ္ဏာလုံအမှတ်ပေါ်သို့ နောက်ထပ်နှစ်နားညီထောင့်ကျဉ်းတြိဂံတစ်ခုထပ်ဆွဲပါ။ (Q.R)

- ထိုအခါ အသီးသီးသော ဆုံမှတ်များ၏အတွင်း၌ မျက်လုံးတော်၊ နှာခေါင်းတော်၊ ပါးစပ်တော်တို့သည် ဆုံမှတ်မျဉ်းများအပြင်ကို မကျော်လွန်စေဘဲ ကွက်တိရေးဆွဲနိုင်ရမည် ဖြစ်ပေသည်။

- နားရွက်တော်သည် အချိုးညီသုံးပိုင်း၏ ဒုတိယပိုင်းနှင့် တတိယပိုင်းအတွင်း၌ အောက်ခြေနားဖျားတော်သည်အထိရှိနေရမည်ဖြစ်ပြီး အထက်နားရင်းတော်သည် မျဉ်းကိုကျော်လွန်၍ အတန်ငယ်မြင့်ရမည်။

**အခန်း(၂)**

**ကိုးကားစာအုပ်စာတမ်းမှတ်တမ်းများ၏ ဖွင့်ဆိုချက်**

၁။ ပြည်ခရိုင် ပေါင်းတည်မြို့ မန်ကျည်းပင်ရွာကျောင်းတိုက် ဘဒ္ဒန္တမေဓာဝီ စီရင်တော်မူသော 'စေတိယပဏာသနီကျမ်း' **ဘုရားဆင်းတုထုနည်းအခန်း** (စာမျက်နှာ ၄၂၅-၄၆၆)

မျက်မှောက်တော်သည် လဆန်း ငါးရက်နေ့လကဲ့သို့ရှိစေ တိတိဝန်းဝန်းမချွန်းသောမေးတော်လည်းရှိစေ၊ မေးတော်သည် နားရင်းသို့တိုင်အောင် လဆန်း ၁၅ ရက်လကဲ့သို့ တိတိဖြိုးဖြိုးရှိစေရမည်။ လည်တော်သည် ရင်ရစ်ရင်တိုင်အောင် ခြင်္သေ့မင်း၏ရင်ပုံကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ပေါင်တော်နှစ်ဖက်လည်း ဖြောင့်စင်းမရှိစေနှင့်။ ဖြိုးဖြိုးရှိစေရမည်။ လက်မောင်းတော်နှစ်ဖက်လည်း လက်ကောက်ဝတ်တိုင်အောင် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးဖြိုးဖြိုးရှိစေ



www.burmeseclassic.com

www.burmeseclassic.com

ရမည်။ ပခုံးတော်နှစ်ဖက်လည်း ရွှေလိပ်ခုံးကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။

၂။ 'သုခမှတ်စု'၊ ဒဂုန်ဦးထွန်းမြင့်၊ နောက်ဆက်တွဲအခန်း **လက္ခဏာငယ် - ၈၀** (စာမျက်နှာ ၃၂၄ - ၃၂၅)

အကြားမထင် စေ့စပ်သော ခြေချောင်း၊ လက်ချောင်း၊ လုံးလျောင်းချောမွေ့သော ခြေချောင်း၊ လက်ချောင်း၊ ပြေပြစ်ကောင်းမွန်သောဖမျက်၊ တိတိညီညီရှိသော ခြေထက်ဝန်းကျင်လုံးချောသော ပုဆစ်၊ ဒူးဝန်း၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းချောပြေသောပေါင်၊ လက်ရုံးရှိုင်းသင့်ရာ၌ရှိုင်း၍ ဖြိုးသင့်ရာ၌ဖြိုး၊ အမျိုးမျိုးတင့်တယ်သော ရှုချင့်ဖွယ်ကောင်းသောကိုယ်၊ နီမြန်းသော နှုတ်ခမ်း၊ ပြည့်ဖြိုးဖောင်းကြွသောပါးပြင်၊ ဝါထည်ခံ့ညားသောမျက်လုံး၊ တင့်တယ်နထွား ရှည်လျားသပ္ပာယ်ပြန့်ကျယ်သောနားရွက်၊ ဖုထစ်မရှိ ပကတိချောမွေ့သောဦးခေါင်း၊ အပြင်ညီသော ဦးခေါင်း၊ ရွှေပြားအလား နံလျားကျယ်ပြန့်သော နဖူးသင်းကျစ်၊ သုံးရက်လကွေး သက်တံရေးပမာ တင့်တယ်စွာသောမျက်ခုံး၊ ပိတုန်းကောင်ကဲ့သို့ ညိုမောင်းမည်းနက်သော ဆံပင်၊ လက်ယာရစ်ခွေ ဦးထိပ်ဗွေ၌တည်နေသော ဆံပင်။

၃။ အရှင်ဇနကာဘိဝံသ၏ 'ရတနာ့ဂုဏ်ရည်'၊ **လက္ခဏာတော်ကြီးဘုရားရှိခိုးအခန်း** (စာမျက်နှာ ၃၅၇ မှ ၄၀၇)

**ဖနောင့်တော်ရှည်ပုံ** - ပါဏာတိပါတကို ပြုသူတို့သည် ချောင်း၍သူတစ်ပါးကိုသတ်သောအခါ ခြေသံကြားမည်စိုးသောကြောင့် ခြေဖျားထောက်၍ သွားရတတ်၏။ ထိုသို့ ခြေဖျားထောက်အခါ ခြေတို့သည် ကောက်၍သော်လည်းနေတတ်၏။ ဖနောင့်တို့၍သော်လည်းနေတတ်၏။ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ထိုကဲ့သို့ ခြေဖျားထောက်၍သွားလျက် သူတစ်ပါးကိုမသတ်ခဲ့ကြောင်း ထင်ရှားအောင် ခြေဖနောင့်တော်သည် ရှည်တော်မူ၏။

**လက်ချောင်းများရှည်သွယ်ပုံ** - ပါဏာတိပါတကိုပြုသောအခါ လက်နက်ကို ဆုပ်ကိုင်ရ၏။ ထိုသို့ဆုပ်ကိုင်ရသဖြင့် လက်ချောင်းတို့သည် တိုသကဲ့သို့ဖြစ်ကုန်၏။ ဗုဒ္ဓမြတ်စွာအလောင်းတော်ကား ထိုကဲ့သို့ လက်နက်ကို ဆုပ်ကိုင်၍မသတ်ခဲ့ကြောင်းထင်ရှားအောင် လက်ချောင်းတို့သည် အများလူတို့၏ လက်ချောင်းတို့ထက် ရှည်လည်းရှည်၍ အရင်းမှ အဖျားတိုင်အောင် သွယ်လည်းသွယ်တော်မူသည်။

**ဖြောင့်မတ်သောကိုယ်တော်ရှိပုံ** - ပါဏာတိပါတပြုဖို့ရန် သွားသောအခါ သူတစ်ပါးမြင်မည်စိုးသောကြောင့် ကိုယ်ကို မတ်မတ်မထားဘဲ ပုအောင်၊ နိမ့်အောင်လုပ်၍ ကောက်လျက်ကွေးလျက် သွားရ၏။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်ကား ထိုကဲ့သို့ ပုအောင်၊နိမ့်အောင်လုပ်၍မသွားခဲ့ရကြောင်း ထင်ရှားဖို့ရာ ကိုယ်အရပ်တော်သည် ကောက်ကွေး၍မနေဘဲ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်ဖြောင့်စင်းစင်း မားမားမတ်မတ် ထောင်ထောင်ထောင်မောင်းမောင်းရှိတော်မူ၏။

၄။ ရွှေဥမင်ဆရာတော်ကြီးနှင့် တောင်ဖီလာဆရာတော်ကြီးတို့ စီရင်ရေးသားတော်မူ၍ မင်းကွန်းဆရာတော်ကြီးတည်းဖြတ်တော်မူသော 'ဌာပနာပုံကျမ်း' **မံဘုရားအစီအရင်** (စာမျက်နှာ ၁၈-၁၉)

၁။ ဆင်းတုတော်ကို ထက်ဝယ်အတိုင်း နှုတ်ခမ်းတော်ထိမူ သူဆင်းရဲ ကိုးကွယ်ရာ၏။
၂။ ထက်ဝယ်နှာခေါင်းတော်ထိမူ အမျိုးအမတ်တို့ ကိုးကွယ်ရာ၏။
၃။ မျက်ကြားတော်ရောက်သော် အိမ်ရှေ့မင်းတို့ ကိုးကွယ်ရာ၏။
၄။ နဖူးတော်ရောက်သော် ရေမြေ့ရှင်တို့ကိုးကွယ်ရာ၏။
၅။ ထက်ဝယ်ကို ဘုရားအရပ်နှင့်တိုင်းသော်နှုတ်ခမ်းကျသော် သူဆင်းရဲ။
၆။ နှာခေါင်းမျက်ကြားနဖူး လူကိုလိုက်၍စီရင်ရမည်။ ထိုမှာသောအတိုင်း ပညာဖြင့် ကိုးကွယ်သင့်သည်ကို ဆိုလိုပါသည်။

## အခန်း(၃)

## လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ

### ၁။ ရွာငံစုမှနှာသီးချိုးရုပ်ပွားတော်

ထို့နောက် ကျွန်ုပ်နှင့် ကိုစိုးမိုးသည် ဦးစွာပထမ အောင်ပန်းမြို့ ရွာငံစုရပ်နေ ဦးမြမောင်၊ ဒေါ်သန်းတင်တို့၏ နေအိမ်ဘုရားခန်းတွင်ပူဇော်ထားရှိသော ရှေးရှားပါးယွန်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို စတင်ဖူးမြော်လေ့လာကြပါလေ၏။

"ယွန်းလက်ရာဆိုတာက ယွန်းဘုရားလို့ဆိုလိုတာမဟုတ်ပါဘူး ဆရာ။ ရှေးရှမ်းယွမ်းလူမျိုးတွေရဲ့ တောင်ပေါ်သားအင်းယွမ်းပညာရှင်လက်ရာစစ်စစ်လို့ ဆိုလိုတာပါ။ အပူကို ငြိမ်းအေးစေသော မုဒြာဟန်ပန်ဖြစ်ပြီး နှာသီးချိုးပုံစံတော်ဖြစ်လို့ မင်းကိုးကွယ်တဲ့ ပုံစံတော်ဖြစ်ပါတယ်။ မိဘဘိုးဘွားတွေလက်ထက်ကတည်းက ဆွေစဉ်မျိုးဆက်လက်ဆင့်ကမ်းကိုးကွယ်ခဲ့တာပါ။

လက်ဝဲ အသီးကလေးက ငရဲမီးကို ကိုယ်စားပြုပြီးတော့ ဒါန၊ သီလ၊ ဘာဝနာပွားများသော သူ့ရဲ့လက်ထဲကို ရောက်သွားရင် ငရဲမီးတောင်မှ အပူကို ငြိမ်းအေးစေတယ်လို့ ဆိုလိုပါတယ်။ အပူငြိမ်းအေးဖို့အတွက် ဒါန သီလဘာဝနာကို လက်ကိုင်ထားဖို့ သတိပေးတဲ့ဟန်ပါ။

ပညာရှင်အဆင့်အနေနဲ့ ကြည့်မယ်ဆိုရင် ဖမျက်တော်တစ်ချက် အားနည်းသော်လည်း ပါးလွှာသောနှုတ်ခမ်းတော်ရှိတာရယ်၊ ပါးလွှာသော သင်္ကန်းတော်ရှိတာရယ် တွေ့မြင်ရပါမယ်။ အထက်ရောင်လျှံတော်ဟာလည်း ပညာရှင်လက်ရာအင်္ဂါရပ်နဲ့ ညီညွတ်ပါတယ်။ နောက်ပြီး ဦးခေါင်းတော်မှာခရုသဏ္ဌာန်ဖြစ်နေတာကလည်း ကိလေသာနွံမှ ဖောက်ထွက်နိုင်သောဘုရားလို့ အဓိပ္ပာယ်ရပါတယ်။ ကနုတ်ပန်းဖော်ဆောင်ထားတာမှာ သမင်ရိုးကို ပြာချပြီး စစ်စေးသရိုးကိုင်ထားတဲ့အသားနဲ့ ပုံဖော်ထားတာပါ"

ဟုတ်ပါသည်။ ကျမ်းဂန်ထဲမှာ လေ့လာရတဲ့အတိုင်း လုံးဝန်းသော ပုဆစ်ဒူးဝန်း၊ လုံးဝန်းပြည့်ဖြိုးသောလက်မောင်းတော်၊ ပြည့်ဖြိုးဖောင်းကြွသော ပါးပြင်တော် အစရှိသည်တို့ကို ဖူးမြော်နိုင်ပါသည်။ ကိုစိုးမိုးပြောပြထားခဲ့သော စကားကိုက် နမူနာပုံစံတော်အတိုင်း လက်လေးသစ် လက်ချောင်းတော်အလျားဟာ မျက်လုံးတော်အလျား၊ နှုတ်ခမ်းအလျားတို့နှင့် တစ်ထပ်တည်းကျရောက်ကြောင်း ဖူးမြော်ရပါသည်။

### ၂။ လှည်းရိုးကျောင်းမှ နှာသီးချိုးရုပ်ပွားတော်

နောက်တစ်နေ့မနက်တွင် ကိုစိုးမိုးမှ လှည်းရိုးပရိယတ္တိစာသင်တိုက်အတွင်း တည်ထား ကိုးကွယ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လေ့လာဖူးမြော်စေပါသည်။

"ဒီရုပ်ပွားတော်မြတ်ကြီးကို လွန်ခဲ့တဲ့ (၁၆)နှစ်က ပညာရှင်ဦးတင်အောင်က ထုလုပ်ထားခြင်းဖြစ်ပြီး သုံးဆင့်ပုံ

www.burmeseclassic.com

သုံးထပ်မြင့်ဘုရားဖြစ်ပါတယ်။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကျမ်းနဲ့ညီတဲ့ ဖမျက်တော်ပါရှိတာကို ဆရာ ဖူးမြော်နိုင်ပါတယ်။ သွယ်ပျောင်းတဲ့ လက်ချောင်းတော်တွေကိုလည်း တွေ့မြင်နိုင်ပါတယ်။ မြတ်စွာဘုရားရဲ့လက်တော်လေးသစ်ဟာ ဆံတော်နဲ့အချိုးညီမျှပါတယ်။ ပရိသတ်ကိုဧည့်ခံဟန်မုဒြာပုံစံတော်ဖြစ်ပြီးတော့ မင်းသူဌေးသူကြွယ်ကိုးကွယ်တဲ့ဘုရားဟန်ဖြစ်ပါတယ်။ ဒူးခွင်အကျယ်နဲ့ စမ္မခက်မှ နှာခေါင်းတော်အထိ အကျယ်ညီမျှသော နှာသီးချိုးပုံစံတော် ဖြစ်ပါတယ်။ နောက်ပြီးတော့ ဆရာ ဘေးတိုက်အနေအထားနဲ့ ဖူးမြော်ကြည့်ပါ။ ကျမ်းဂန်နဲ့ညီညွတ်တဲ့ နားတော်၊ မျက်နှာတော်၊ ကိုယ်လုံးတော်တွေကို ဖူးမြော်နိုင်ပါတယ်။ ဒီရုပ်ပွားတော်ကြီးဟာ ပညာရှင်တွေကြောက်ရတဲ့ လက်ရာမြောက် ရုပ်ပွားတော်ကြီးပါပဲ"

ကိုစိုးမိုးမှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စကေးကိုက်အချိုးကျပုံစံတော်ကို လက်တွေ့တိုင်းထွာရှင်းလင်းပြပါသည်။

**၃။ လွယ်မယ်ကျောင်းမှ မျက်မှောက်ချိုးရုပ်ပွားတော်**

ထို့နောက် စာရေးသူတို့နှစ်ဦးသည် ဆိုင်ကယ်ဖြင့် အောင်ပန်းဘူတာ အထက်ဘက် လွယ်မယ်တောင်တန်းပေါ်သို့ သွားရောက်ကြပါသည်။ အမိဋ္ဌာန်အောင် ဆုတောင်းပြည့် လွယ်မယ်ဘုရားကြီးကို ဆက်လက် လေ့လာ ဖူးမြော်ကြပါသည်။

"ဒါကတော့ မင်းသူဌေးသူကြွယ်ကိုးကွယ်တဲ့ မျက်မှောင်ချိုးပုံစံတော်ဘုရား ဖြစ်ပါတယ်။ အင်္ဂတေမပါဘဲ ထုတဲ့ ထောင်းသရိုးနည်းပညာကို အသုံးချထားပြီးတော့ တောင်ပေါ်သားလက်ရာဖြစ်ပါတယ်။ သင်္ကန်းတော်၊လက်တော်၊ နဖူးတော်၊ နားတော်၊ တံကဲတော်အစရှိတာတွေဟာ မူရင်းလက်ရာတွေပါပဲ။ နောက်ခံတံကဲဟာ ဘိလပ်မြေမပါဝင်တဲ့ မူရင်းလက်ရာပါ။ မျက်နှာတော်ကိုတော့ ပြုပြင်ထားပါတယ်။ မကိုဋ်တော်က ဂုဏ်တော်ကိုးပါးကို ရည်ညွှန်းပါတယ်။ ကြာဖူးဟာ ကိလေသာနွံမှထွက်သောမကိုဋ် ဖြစ်ပါတယ်။ မူရင်းနှုတ်ခမ်းတော်က ပျက်စီးသွားပေမယ့်လည်း ယောကျ်ားကောင်းတို့ရဲ့ ပါးလွှာသော နှုတ်ခမ်းတော်ပါရှိပါတယ်။ မကိုဋ်တော်က ဝေသာလီခေတ်ဟန်ပန်ပါ။နိုင်ငံခြားဟန်(ဝေသာလီဟန်)ကို မြန်မာမှုပြုထားတာပါ"

**၄။ ဓမ္မဝိဟာရနှာသီးချိုးဆင်းတုတော်**

ထို့နောက် စာရေးသူတို့သည် လွယ်မယ်ဆရာတော်ကြီးအား သွားရောက် ဖူးမြော်ကြပြီးလျှင် ကိုစိုးမိုးမှ ဆရာတော်ကြီး စံကျောင်းတော်ဘုရားခန်းတွင် ကိုးကွယ်ပူဇော်ထားသော ဓမ္မဝိဟာရဆင်းတုတော်ကြီးကို ဆက်လက် လေ့လာ ဖူးမြော်စေပါသည်။

"တရားဓမ္မနဲ့ ပြည့်စုံကြွယ်ဝတဲ့ ပန်းတောင်းဆရာတော်ကြီးအတွက် ရည်ရွယ်ပြီး ဓမ္မဝိဟာရလို့ မှည့်ခေါ်ပါတယ်။ သူဌေးသူကြွယ်ကိုးကွယ်တဲ့ဟန်ပန်တော်ဖြစ်ပြီး မဟာသမ္မတရုပ်ပွားတော်နဲ့ ပုံစံတူပါတယ်။ နှာသီးချိုးရုပ်ပွားတော်ပါ။ ဒီဘုရားကို ချမ်းသာကြွယ်ဝကြစေရန် ရည်ရွယ်ချက်နဲ့ တည်ဆောက်ထားခဲ့တာပါ။ သက်တမ်း နှစ်ပေါင်း (၃၀၀) ရှိပါပြီ။ သစ်သားဆင်းတုတော်ပါ။ ပလ္လင်ကြာဆူးများ၊ အံချိုးတူပုံစံဖြစ်သော ဗိသုကာလက်ရာပါ။ ရှေးပန်းပေါင်း ယွန်းသရိုးလက်ရာပါ။ လက်လေးသစ်ရှိသော ဆံတော်ရှင်နဲ့ ဆံပင်အစုပုံစံတော်ပါ ဗိသုကာပညာ၊ ယွန်းသရိုးပညာ၊ သစ်သားပန်းပုပညာ သုံးမျိုးပေါင်းစပ်ထားပါတယ်"

နိဂုံး

ထို့နောက် အိမ်ပြန်ရောက်သောအခါ ကိုစိုးမိုးမှ ဗုဒ္ဓနှင့် ပတ်သက်သော ၎င်း၏ အယူအဆကို ရှင်းလင်းပြောဆိုပါသည်။

"ဗုဒ္ဓဆိုတာ မကောင်းမှုမှန်သမျှနဲ့ ကောင်းမှုမှန်သမျှကို သိသူကို ခေါ်ပါတယ်။ ဗုဒ္ဓခေတ်ကတည်းက ဒီမိုကရေစီဆိုတာ ရှိပါတယ်။ ဒါတွေကတော့ မကောင်းဘူးလို့ဟောတယ်။ ဒါတွေကတော့ ကောင်းတယ်လို့ ဟောတယ်။ ကောင်းတယ်၊ မကောင်းဘူးလို့ဟောတာ လုပ်ပါလို့မဆိုလိုဘူး။ လုပ်ချင်လုပ်၊ မလုပ်ချင်နေ။ လိုက်နာချင်လို့ လိုက်နာ၊ မလိုက်နာချင်နေ။ ဒါဒီမိုကရေစီပါပဲ။

ကျွန်တော်တို့နိုင်ငံမှာ မြန်မာ့ရိုးရာ ပညာရှင်စစ်စစ်တွေ ရှားပါးနေပါတယ်။ နောက် ပညာရှင်တွေဟာ မိရိုးဖလာအစဉ်အလာတွေကို ပစ်ပယ်ပြီး ခေတ်မီ ဓာတုဗေဒပစ္စည်းတွေနဲ့ သိပ္ပံပညာရပ်တွေကို ပေါင်းစပ်တီထွင်လာကြပါတယ်။ ဘုရားတစ်ဆူရဲ့ ရှိသင့်ရှိထိုက်သော အချိုးကျစကေးတိုက်ပုံစံတော်တွေကို ကျော်လွန်ပြီး အလျှုရှင်စိတ်ကြိုက် တီထွင်ဖန်တီးလာကြပါတယ်။ ဒီအခါမှာ စကေးလွဲတာတွေ၊ အချိုးမကျတာတွေ၊ ရေရှည်ခိုင်မာမှုမရှိဘဲ ပျက်စီးလွယ်တာတွေ၊ သဘာဝအန္တရာယ်ဒဏ်ကိုမခံနိုင်တော့တာတွေဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ စစ်မှန်စကေးကိုက် အချိုးကျ သွန်းထုရတဲ့ ရှေးမြန်မာရိုးရာ ဗိသုကာပညာရပ်တွေကို မတိမ်ကော မပျောက်ပြယ်ရလေအောင် ဝိုင်းဝန်း ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြဖို့ရာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံခြားသားတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကို လာရောက် လေ့လာကြတဲ့အခါမှာ နောက်ပိုင်း အသစ်တည်ထားကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို အဓိကထား မလေ့လာကြဘဲနဲ့ ရှေးဟောင်းစေတီ ဗုဒ္ဓရုပ်ပွားတော်တွေကိုသာ အဓိကထားပြီး လာရောက် လေ့လာကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ရှေးဟောင်း မြန်မာ့ရိုးရာဗိသုကာပညာရပ်တွေကို အဓိကအလေးထားပြီး လေ့လာကြတဲ့ သဘောပါပဲ။ အဲဒါကြောင့်မို့လို့ အသေးစိတ်လာရောက် လေ့လာပြီး အပင်ပန်းခံ ရေးသားပြုစု ဖော်ထုတ်ပေးဖို့ ကြိုးစားလာတဲ့ ဆရာ့ကို မြန်မာမှုဗိသုကာ အနုပညာရှင်များကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါတယ်"

*စစ်မှန်သော*
*မြန်မာမှုဗိသုကာအနုပညာများ*
*ကမ္ဘာတည်သရွေ့ခိုင်မြဲပါစေ*

ဗေဒသုတေသီဆရာမျိုး

**ကျမ်းကိုး -**

၁။ စေတီယပကာသနီကျမ်း (ဘဒ္ဒန္တမေဓာဝီ)
၂။ သုခမှတ်စု (ဒဂုန်ဦးထွန်းမြင့်)
၃။ လက္ခဏာတော်ကြီးဘုရားရှိခိုး (အရှင်ဇနကာဘိဝံသ)
၄။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမုဒြာများ (စစ်ထွန်းမှတ်ဝင်း)
၅။ ဌာပနာပုံကျမ်း (မင်းကွန်းဆရာတော်)
၆။ ဗိသုကာပညာရှင် ကိုစိုးမိုး၏ ရှင်းလင်းချက်များ
၇။ ကိုယ်တိုင်လေ့လာမှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁)

ပန်းချီထူးလှ

# ရှေးခေတ်လူတန်းစားသုံးလွှာမှ ဝတ်ဆင်ထုံးဖွဲ့ပုံ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုရှိသောနိုင်ငံများကို လေ့လာလိုက် ကြည့်လိုက်လျှင် ထင်ရှားကျော်ကြားသောနိုင်ငံများကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာတွေ့ရှိရမည် ဖြစ်ပါသည်။ ကမ္ဘာ့အလယ်တွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဟန်ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရန် အခြေခံကောင်းများ၊ သမိုင်းရုပ်ကြွင်းအထောက်အထားများ ရခိုင်တိုင်းရင်းသားတို့တွင် အများကြီး တွေ့ရှိနိုင်ပါသေးသည်။ ထိုသမိုင်းရုပ်ကြွင်းအထောက်အထားများထဲမှ အဆင့်အတန်းသုံးလွှာမှ ရခိုင်ရိုးရာယဉ်ကျေးမှု ဝတ်ဆင်ထုံးဖွဲ့ပုံတချို့ကို လေ့လာ သုံးသပ်မိပါသည်။

အဆင့်အတန်းသုံးလွှာဆိုသည်မှာ မင်း၊ မိဖုရား၊ ဝတ်ဆင်ထုံးဖွဲ့မှု၊ မင်းမှုထမ်းဝတ်ဆင်ထုံးဖွဲ့မှုနှင့် အဆိုအက (ကချေသည်) တို့၏ ဝတ်ဆင်ထုံးဖွဲ့တချို့ကိုဆိုလိုခြင်း ဖြစ်ပါသည်။ ထိုလူတန်းစားသုံးလွှာ ဝတ်ဆင်ထုံးဖွဲ့ပုံကို ဤဆောင်းပါးတွင် ရေးသား ဖော်ပြပါမည်။

မိမိတို့ ရခိုင်တိုင်းရင်းသားတို့တွင် ကိုယ်ပိုင်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုရှိပါလျက်နှင့် မိမိကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဝတ်ဆင်ထုံးဖွဲ့ပုံကို ဘေးချိတ်ထားပြီး တခြားလူမျိုးတို့၏ ဝတ်ဆင်ထုံးဖွဲ့ပုံများကို ရခိုင်မင်္ဂလာအခမ်းအနားများ၊ ရခိုင်ရာဇဝင်ဗွီဒီယိုဇာတ်လမ်းများ၊ တေးသရုပ်ဖော်များ၊ ရှင်ပြု၊ မင်္ဂလာဆောင်အခမ်းအနားများတွင် ဝတ်ဆင်နေကြသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါသည်။ မိမိတို့ ရိုးရာယဉ်ကျေးမှု ဝတ်ဆင်ထုံးဖွဲ့ပုံများကို မိမိတို့လူမျိုးက မဖော်ထုတ်၊ မဝတ်ဆင်၊ မထိန်းသိမ်းပါက အရိုးကိုအရွက်ဖုံးပြီး လူမျိုးပါ ပျောက်ကွယ်သွားမည်မှာ သေချာလှပါသည်။

ထို့ကြောင့် မိမိတို့ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဝတ်ဆင်ထုံးဖွဲ့မှုကို သိရှိနားလည်နိုင်ကြစေရန် ရေးရှုပြီး ဤဆောင်းပါးတွင် အဆိုအက (ကချေသည်)တို့၏ ဝတ်ဆင်ထုံးဖွဲ့ပုံ၊ မင်းမှုထမ်းတို့၏ ဝတ်ဆင်ထုံးဖွဲ့ပုံနှင့် မင်း၊ မိဖုရားတို့ ဝတ်ဆင်ထုံးဖွဲ့ပုံတချို့ကို ပုံနှင့်တကွ ရေးသား ဖော်ပြသွားပါမည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဝတ်ဆင်ထုံးဖွဲ့ပုံကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်စေလိုပါသည်။ အမြဲတမ်း မဝတ်ဆင်နိုင်သည့်တိုင်အောင် ဂျပန်လူမျိုးများကဲ့သို့ ကျက်သရေ မင်္ဂလာအခမ်းအနားများတွင် ဝတ်ဆင်စေလိုပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကို အခြေခံပြီး ဝတ်ဆင်နိုင်ပါက ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ပါသည်။

ပုံ (၁) ဒီဇိုင်းလက်ရာမှာ ရခိုင်ရိုးရာယဉ်ကျေးမှု ဝတ်ဆင်ထုံးဖွဲ့ပုံဖြင့် တွေ့ရှိရသော မြောက်ဦးခေတ်လယ် ကချေသည်ယောကျာ်းပုံစံ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို သျှစ်သောင်းပုထိုးတော်ကြီး စတုတ္ထလိုဏ်ပတ်အရှေ့မြောက်ထောင့်အရှေ့ဘက်ခြမ်းတွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၉၁) cm ခန့်၊ အကျယ် (၄၀) cm ခန့်နှင့် ရုပ်ကြွအထု (၅) cm ခန့် ရှိပါသည်။ ကချေသည်ယောကျာ်း ကနေသည့်ဟန်မှာ ညာခြေ၊ ညာလက်၊ ဘယ်ခြေ၊ ဘယ်လက် ကနေသည့်ဟန်မျိုး တွေ့ရှိရပါသည်။ ဓောင်းတော်(မကိုဋ်တော်)ပေါင်းထားသည့်ပုံသဏ္ဌာန်မှာ လက်ရာမြောက်ပြီး ထူးခြားနေသည်ကို တွေ့ရှိရပါသည်။ ဓောင်းတော်မှာ ခပ်လုံးလုံး၊ ခပ်ချွန်းချွန်း တွေ့ရှိရပြီး အောက်နားဖောင်းလုံးတစ်ဆင့်ခံကာ ဖောင်းလုံးအပေါ်တွင် ရွက်ချပ်ကလေးများသဏ္ဌာန် အဆင့်အဆင့် အကြောများဖော်ထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံ(၂)



မျက်နှာအနေအထား လုံးသွယ်စွာ တွေ့ရှိရပါ၏။ အင်္ကျီကို မောင်းပိုင်းအမျိုးအစား ဝတ်ဆင်ထားပါသည်။ လိုင်ဖင်းနှင့် တံတောင်ဆစ်အထက်ပိုင်းတွင် လိုင်ပတ်၊ လက်မောင်းပတ် ဖောင်းရစ်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအဆင်တန်ဆာများအဖြစ် ရပ်စောက်အစင်းအကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရသည်။ တဘက်(ပုဆိုးပိုင်း)တစ်ထည်ကို ဘယ်ဘက်ပခုံးပေါ်တင်ကာ ရစ်သိုင်းထားပြီး ပုဆိုးပိုင်းစနှစ်ဖက်ကို လက်ဝဲ၊ လက်ယာတွင်ပြန့်ကားစွာချထားပါသည်။ ခါးတွင် ခါးပတ်ကြိုးကို သုံးဆင့်ပတ်ကာ ကျွန်ကြွေကာကို ရှေ့တွင် အပြားလိုက်ချထားပါသည်။ကျွန်ကြွေကာပြားတွင် အရစ်အဆင့်များဖြင့် အလှဆင်ထားပါသည်။ တဘက်စများတွင်လည်း အမြိတ်လေးအစင်းအကြောင်းများဖြင့် အလှဆင်ထားပါသည်။ ပုဆိုး(ဒယော)ကို လောတဲ (ခါးတောင်း) ကျိုက်ထားပြီး ဒယောအဆင်တန်ဆာကို အရစ်ရစ်အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို မင်းဗာဘုရင်တည်ဆောက်လှူဒါန်းခဲ့စဉ်က စဉ့်ရောင်စုံများဖြင့် အလှဆင်ခဲ့ပါလိမ့်မည်။ ယခုလည်း စဉ့်ရောင်အနည်းငယ်ကို သျှစ်သောင်းရုပ်ကြွများတွင် တွေ့ရှိနိုင်ပါသေးသည်။

ပုံ (၂) ဒီဇိုင်းလက်ရာသည်လည်း ရခိုင်းရိုးရာဆီမီးခွက်အကစတင်ဖြစ်ပွားခဲ့သောလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဤဆီမီးခွက်အက မူရင်းအမျိုးသမီးကျောက်ဆစ်ရုပ်ကြွကို သျှစ်သောင်းပုထိုးတော်ကြီးစတုတ္ထလိုဏ်ထပ် အနောက်တောင်ထောင့် အနောက်ဘက်ခြမ်းတွင် လေ့လာ တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၈) cm ခန့်၊ အကျယ် (၁၉) cm ခန့်နှင့် ရုပ်ကြွအထူ (၃) cm ခန့်ရှိပါသည်။ ဆီမီးခွက်တစ်ဖက်တစ်ခွက်ဖြင့်ကနေသည့် ကချေသည်အမျိုးသမီးဆံထုံးထုံးပုံမှာ တစ်ဆင့်သာ တွေ့ရှိရပြီး ဆံဖျားကို ညာဘက်တွင် နားချထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ ခပ်လုံးလုံး၊ ခပ်ပုပုအနေအထားတွေ့ရှိရပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို ကား၍ လက်ဖျားနှစ်ဖက်ကိုမြှောက်ကာ လက်ဝါးပြင်တစ်ဖက်တစ်ခုတွင် ဆီမီးခွက်တစ်ဖက်တစ်ခွက်တင်၍ကနေသည်ကို တွေ့ရှိရပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဆီမီးတိုင်ပုံစံမပါရှိ။ ပုဆိုးပိုင်း(တဘက်)တစ်ခုကို ဘယ်ဘက်ပခုံးနှင့် ညာဘက်ခါးအထက်ကို ရင်ဘတ်ကာ တဘက်စနှစ်ဖက်ကို လက်ဝဲ၊ လက်ယာ ဖြန့်ချထားသည် တွေ့ရှိရပါသည်။ တဘက်အလယ်ပေါက်တွင် အလျားလိုက်အစင်းကြောင်းအထက်နှစ်ကြောင်း၊ အောက်နှစ်ကြောင်းပါရှိပြီး တဘက်စအဖျားပိုင်းနှစ်ဖက်တွင် ဖောင်းလုံးနှစ်ဆင့်ကြား၌ ရွှေလုံးဝန်းလေးများဖြင့်တန်ဆာဆင်ထားပါသည်။ ရွှေလုံးတန်းအပြင်ဘက်တွင် အစင်းအကြောင်းကလေးများဖြင့် ဆံမြိတ်ကလေးအဖြစ်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင် ထဘီ (လုံချည်) ဝတ်ထားသည့်အနေအထား ခါးရစ်နှင့် ခြေချင်းဝတ်နေရာတွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ မူလက ထဘီ(လုံချည်)တွင် အဆင်တန်ဆာများဖြင့် ထုဆစ်ခဲ့ပါလိမ့်မည်။ ယခုမိုးရေတိုက်စားမှုကြောင့် ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ အင်္ကျီလည်း ထိုနည်းတူစွာပင် ချောမွတ်သွားပေပြီ။ ဤကျောက်ဆစ်ဒီဇိုင်းလက်ရာကို အခြေခံ၍ ဖန်တီးခဲ့သော ရခိုင်ရိုးရာယဉ်ကျေးမှုဆီမီးခွက်အကမှာ တစ်မူထူးခြားစွာဖြင့် လက်ရှိအခြေအနေ၌ နိုင်ငံနှင့်အဝန်း၊ ကမ္ဘာနှင့်အဝန်း ကိုယ်ပိုင်ဟန်ဖြင့် တင့်ဆန်းနေသည်ကို လူတိုင်းတွေ့ရှိနေရပြီ မဟုတ်ပါလား။ နဂိုရှိလျှင်နကိုင်းထွက်သည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ပုံ (၃) ဒီဇိုင်းလက်ရာမှာ မြောက်ဦးခေတ် မင်းမှုထမ်းဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ အမျိုးသားယောကျ်ားဝတ်ဆင်ထုံးဖွဲ့မှု နမူနာလက်ရာတစ်ခုလည်း ဖြစ်သည်ဟု သိရှိရပါသည်။ ဤဒီဇိုင်းလက်ရာဝတ်ဆင်ထုံး



ပုံ (၃)



www.burmeseclassic.com

ဖွဲ့မှုမှာ သူငယ်တော်စိုးအမတ်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာ ဖြစ်သည်ဟု သိရှိရပါသည်။ နဂိုမူရင်းကျောက်ဆစ်လက်ရာကို ထုကြာန်သိမ်ပုထိုးတော်လိုဏ်ပတ်ဝင်းလမ်း လက်ယာဘက်မှ နံပါတ် (၇) ကျောက်ဆစ်လက်ရာတွင် လေ့လာတွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၆၅) cm ခန့်၊ အကျယ် (၄၅) cm ခန့်နှင့် ရုပ်ကြွအထူ (၁၀) cm ခန့်ရှိပါသည်။ ဤမင်းမှုထမ်းသူငယ်တော်စိုးအမတ် ဗောင်းတော်မကိုဋ်တော်မှာ လက်ရာမြောက်လှသည်ကို ဆန်းပြားစွာ တွေ့ရှိရပါသည်။ ဗောင်းတော်အောက်ခြေနဖူးပတ်ကို ဖောင်းနှစ်လုံးကြားတွင် ပန်းပွင့်လေးများဖြင့် အစီအရီတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းပွင့်တစ်ပွင့်တွင် ဝတ်ဆံတစ်ခု၊ ပွင့်ဖတ်လေးဖတ်စီဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ နဖူးပတ်ပြားအပေါ်တွင် ပွင့်ဖတ်ဝန်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်ဝန်းများအဆင့်ဆင့်တွင် ရွှဲလုံးတန်းများနှင့် ပွင့်ဖတ်များအဆင့်ဆင့်ဖြင့် အလှတန်ဆာဆင်ထားသည်မှာ အနုပညာလက်ရာမြောက်လှပါသည်။

မျက်နှာမှာ လုံးသွယ်စွာ တွေ့ရှိရပြီး နားနှစ်ဖက်တွင် နားတောင်းလုံးကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ပခုံးနှင့်ညာဘက်ချိုင်းအောက်တွင် ပုဆိုးပိုင်း (တဘက်)တစ်ခုကို ရစ်ပတ်ထားပါသည်။ တဘက်စနှစ်ဖက်စလုံးကို လက်ဝဲ၊ လက်ယာတွင် ဖြန့်ချထားပါသည်။ ပုဆိုးပိုင်းတွင် အစင်းကြောင်းကလေးများ ဒေါင်လိုက်လှိုင်းတွန့်များ၊ ဆံမြိတ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးဖြင့် ပူဇော်နေသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ကြိုးသုံးဆင့်တွေ့ရှိရပြီး ခါးပတ်ကြိုးပေါ်မှ ဣန္ဒြေကာကို ရှေ့တွင် အပြားလိုက်ချထားပါသည်။ ခါးပတ်ကြိုးအတွင်းဘက်မှ ခါးပတ်ကြိုးစဖျားတစ်ဖက်ကို အောက်သို့ ဖြန့်ချထားပါသည်။ ခါးပတ်ကြိုးစဖျားကိုလည်း အစင်းကြောင်းများ၊ လှိုင်းတွန့်များ၊ ဆံမြိတ်အစင်းကြောင်းများဖြင့် တန်ဆာဆင်ထားသည်။ ပုဆိုး(ဒယော)စ အောက်နားကိုလည်း ဖောင်းသုံးဆင့်နှင့် လှိုင်းတွန့်အဆင့်ဆင်များဖြင့် အလှဆင်ထားပါသည်။ထုကြာန်သိမ်ပုထိုးတော်မှ ကျောက်ဆစ်ရုပ်ကြွလက်ရာများတွင်လည်း မူလက စဉ့်ရောင်စုံများဖြင့်အလှဆင့်ခဲ့ပါလိမ့်မည်။ ယခုလည်း စဉ့်ရောင်အနည်းငယ်လက်ကျန်များ တွေ့ရှိရပါသေးသည်။ ဤပုံ (၃) သူငယ်တော်စိုးအမတ် ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာမှာ မြောက်ဦးခေတ်လယ်လက်ရာပင် ဖြစ်ပါသည်။



ပုံ (၄)

ပုံ (၄) ဒီဖိုင်းလက်ရာမှာ ထုကြာန်သိမ်ပုထိုးတော်အဝင် လိုဏ်ပတ်လမ်း လက်ယာဘက်နံရံမှ နံပါတ် (၇၂) ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော မင်းမှုထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၆) cm ခန့်၊ အကျယ် (၃၃) cm ခန့်နှင့် ရုပ်ကြွအထူ (၁၀) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မင်းမှုထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာ၏ ဆံထုံးထုံးပုံမှာ ကြာဝတ်ဆံ ဆံထုံးထုံးပုံဟု သိရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံမှာ အငယ်တစ်ဆင့်ပေါ်၌ အကြီးနှစ်ဆင့်ဆင့်ကာ ပွင့်ဖတ်များဖြင့်အာနေသည့်သဏ္ဍာန် တွေ့ရှိရပါသည်။ မျက်နှာအနေအထားမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်ကို ဖုံးအောင် တဘက်စဖြင့် ခြုံထားသည်ကို တွေ့ရှိရပါသည်။ ပခုံးခြုံထားသည့် တဘက်ဒီဖိုင်းမှာ ရာဇမတ်ကွက်၊ ဆန္ဒင်းမကင်းကွက်ထဲများဖြင့် အလှဆင်ထားပါသည်။ တဘက်စအနားကို ဖောင်းနှစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ လက်နှစ်ဖက်အောက်တွင် တဘက်စတစ်ခုကို ဖြန့်ကားစွာ ချထားပါသည်။ လက်နှစ်ဖက်ဖြင့် ကြာဖူးတစ်ဖူး ပူဇော်နေသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်လက်ကောက်ဝတ်၌ ကြိုးလိမ်လက်ကောက် တစ်ဖက်သုံးကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကိုလည်း တင်ပါးဖုံးသည်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီရင်ဖုံးဒီဖိုင်းကို အဆင့်နှစ်ဆင့်ဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရသည်။ ရင်ဖုံးနှစ်ဆင့်စလုံး၌ ဖောင်းတွန့်နှစ်ခုပူးကြားတွင် ရာဇမတ်ကွက်၊ ဆန္ဒင်းမကင်းကွက်များထဲတွင် စပွက်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်ပိုင်းအဆင်တန်ဆာကို ဖောင်းနှစ်လုံးပူးကြားများတွင် ကန့်လန့်ဖြတ်အစင်းကြောင်း၊ ဒေါင်လိုက်အစင်းကြောင်းများဖြင့် ဝါးထရံရက်ထားသကဲ့သို့ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက် ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကို ပန်းဖွားကလေးများဖြင့် အလှဆင်ထားပါသည်။ ထဘီမှာ အပေါ်ပိုင်းအချောသာ တွေ့ရှိရပြီး အောက်နားတွင်သာ ဖောင်းနှစ်ဆင့်ပူးကြားတွင် ရာဇမတ်ကွက်၊ ဆန္ဒင်းမကင်းကွက်အလယ်များတွင် စပွက်များဖြင့် ဖန်တီးထားသော အကွက်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤမင်းမှုထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှုဒီဖိုင်းလက်ရာမှာ အနုပညာလက်ရာမြောက်လှပြီး မြောက်ဦးခေတ်လယ် မင်းမှုထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှုဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

ပုံ (၅) ဒီဖိုင်းလက်ရာမှာ မြောက်

www.burmeseclassic.com

ပုံ(၇)



ဦးခေတ်လယ်တွင် တိုးတက်အောင် ထူထောင်ခဲ့သော မင်းဗာဘုရင်ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ တချို့က လက်ခြောက်ချောင်းဖြင့် တွေ့ရှိရ၍ နတ်၊ ဗြဟ္မာဒီဇိုင်းလက်ရာ ဖြစ်သည်ဟု ဆင်ခြေပေးကြပါသည်။ အမှန်မှာ မင်းဗာဘုရင်ပုံတူမဟုတ်ဘဲ မင်းဗာဘုရင်၏ဘုန်းလက်ရုံးကို ချီးကျူးသရုပ်ဖော်ထားသော မင်းဗာဘုရင်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာတစ်ခု ဖြစ်သည်ဟု ရခိုင်သမိုင်းများ အထောက်အထားအရ သိရှိရပါသည်။ ဤဒီဇိုင်းလက်ရာမူရင်းကျောက်ဆစ်ရုပ်ကြွကို သျှစ်သောင်းပုထိုးတော် စတုတ္ထလိုဏ်ထပ်အနောက်တောင်ဘက် စနေထောင့်တွင် တွေ့ရှိနိုင်ပါသည်။မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၉) cm ခန့်၊ အကျယ် (၃၅) cm ခန့်နှင့် ရုပ်ကြွအထူ (၂၀) cm ခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

မင်းဗာဘုရင် ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာ၏မကိုဋ်တော်အညွန့်မှာ (ချရားသီး) ခရေသီးပုံသဏ္ဌာန်တွေ့ရှိရပြီး ခရေသီးအောက်တွင် စံကားပွင့်မှောက်ထားသည့်သဏ္ဌာန် တွေ့ရှိရပါသည်။ ၎င်းအောက်တွင် နှစ်ထပ်ပွင့်ဖတ်များ၊ ရွဲတန်းများ တွေ့ရှိရပါသည်။ ရွဲတန်းဖောင်းများအောက်တွင် ခပ်စောင်းစောင်း ဖောင်းများကြား၌ နှစ်ထပ်ပွင့်ဖတ်များဖြင့် အစီအရီတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။မကိုဋ်အောက်ဆုံးအနားသတ်ကို ဖောင်းနှစ်ဆင့်ကွပ်ထားပါ၏။ နားအထက်တွင် နားကာလိပ်နှင့် နားနောက်တွင် နားကာပန်းခက်များဖြင့် ပတ်လည်အလှဆင်ထားပါသည်။ နားတွင် ပန်ဆင်ထားသည့် နားတောင်းမှာ ပန်းပွင့်ကြီးသဏ္ဌာန်ကား၍ ပန်ဆင်ထားပါသည်။ နားတောင်းပုံသဏ္ဌာန်မှာ အလယ်ကျောက်မျက်ရတနာဝတ်ဆံကို ဗဟိုပြု၍ နှစ်ထပ်ပွင့်ဖတ်ရှည်ကြီးလေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ငယ်လေးဖတ်ဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ လက်များတွင် တဘက် (ပုဆိုးပိုင်း)များ၊ စိပ်ပုတီး၊ ခရုသင်းတို့ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။

လက်ကောက်ဝတ်တွင် ဝတ်ဆင်ထားသည့် လက်ကောက်များတွင် ဖောင်းနှစ်ဆင့်ကြား၌ ရတနာမျိုးစုံစီခြယ်ထားသောလက်ကောက်ကိုလည်း ဝတ်ဆင်ထားသည့်ဟန် တွေ့ရှိရသည်။ လက်မောင်းပတ်များကိုလည်း လက်ကောက်များကဲ့သို့ ဖန်တီးဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်ဖျားလက်ပြင်နောက်ကျောတွင်လည်း နားတောင်းပန်းပွင့်ကြီးသဏ္ဌာန် ဝတ်ထားပြီး ပန်းပွင့်ကြီးကို လက်စွပ်များဖြင့် ဆက်သွယ်ထားသည်ကို တွေ့ရှိရပါသည်။ လက်ပုံမှာ ဆန်းနေပါသည်။ အခြားလူမျိုးဘုရင်စလွယ်တော်ကဲ့သို့ ကြက်ခြေမခတ်ဘဲ အဆင့်နှစ်ဆင့် သွယ်ဝိုက်ချကာ အောက်ဆင့်ကို ကြိုးဖြင့်နောက်ကျောသို့သိုင်းထားသည်ကို တွေ့ရှိရပါသည်။ စလွယ်ပြားအောက်ဖောင်းအောက်တွင် ပန်းလိပ်ပန်းညွန့်များဖြင့်အားဖြည့်အလှဆင်ထားပါသည်။စလွယ်ပြားအောက်ဆင့်အလယ်တွင် ပန်းပွင့်ကြီးတစ်ပွင့်ဖြင့်ကား၍အလှဆင်ထားပါသည်။

ခါးတွင် ခါးပတ်ကြိုးနှစ်ဆင့်တွေ့ရှိရပြီး ခါးပတ်ကြိုးအောက်မှ ဣန္ဒြေကာအပြားကြီးကို ရှေ့တွင်ချထားပါသည်။ ဣန္ဒြေကာပြားကြီးကို အဆင့်သုံးဆင့်ဖြင့် အလှဆင်ဖန်တီးထားပါသည်။ အပေါ်အဆင့်ကို အနားတွင် ဖောင်းနှစ်လုံးကြား၌ ရွဲတန်းကျောက်မျက်ရတနာလုံးလေးများဖြင့် အလှဆင်ထားပြီး အလယ်တွင် ပန်းလိပ်ပန်းညွန့်များဖြင့် အလှဆင်ထားပါသည်။ အလယ်ဆင့်တွင်လည်း အနားကို ဖောင်းနှစ်လုံးကြားထဲတွင် ရွဲလုံးတန်းရတနာကလေးများဖြင့်အလှဆင်ထားသည်။ ဖောင်းအပြင်ဘက် အောက်နှစ်ထပ်ပွင့်ဖတ်ရှည်လေး,များဖြင့် အားဖြည့်ထားပါသည်။အလယ်တွင် ပန်းပွင့်ကြီးတစ်ပွင့်ခံ၍ ပန်းပွင့်ကြီးလက်ဝဲ၊ လက်ယာတွင် ဣန္ဒြေကာပြားကြီးကို ထိန်းသည့်အနေဖြင့် အပြားငယ်တစ်ဖက်တစ်ပြား နောက်သို့ပတ်သွားသည်ကို တွေ့ရှိရပါသည်။ ပန်းပွင့်ကြီးကို အလယ်ဗဟို၌ ဝတ်ဆံဝန်းတစ်ခုခံကာ သုံးထပ်ပွင့်ဖတ်ကြီးလေးဖတ်ဖြင့် ဖန်တီးထားပါသည်။ လက်ဝဲ၊ လက်ယာအပြားတွင်လည်း အနားသတ်ဖောင်းလုံးနှစ်ခုကြားတွင် အနားကွပ်ကျောက်မျက်ရတနာလုံးလေးများ စီခြယ်ထားသည်ကို တွေ့ရှိရပါသည်။ လက်ဝဲ၊ လက်ယာအပြားငယ်အောက်တွင်လည်း ပန်းလိပ်ညွန့် တစ်ဖက်တစ်ညွန့် ကားထွက်နေသည်ကို တွေ့ရှိရပါသည်။ အောက်ဆုံးအဆင့်တွင် အလယ်ကားပြီး အဖျားချွန်နေသည်ကို တွေ့ရှိရပါသည်။

အောက်ဆင့်အပေါ်သို့ ပွင့်ဖတ်ရှည်များဖြင့် အလှဆင်ပြီး ပွင့်ဖတ်ရှည်များအောက်၌ ဖောင်းနှစ်ဆင့်ကြားတွင်



ပုံ(၈)

www.burmeseclassic.com

www.burmeseclassic.com

ရတနာရွဲလုံးကလေးများ အနားကွပ်စီခြယ်ထားသည်ကို တွေ့ရှိရပါသည်။ ထိုအဆင့်အောက်တွင် ပွင့်ဖတ်များဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်များအောက်တွင် ဖောင်းနှစ်ဆင့်ခံကာ ဖောင်းနှစ်ဆင့်အောက်မှ အဖျားချွန်သွားသည်ကို တွေ့ရှိရပါသည်။ ဣန္ဒြေကာကို လက်ရာအနုစိတ်စွာဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။

ဝတ်ထားသည့်ပုဆိုး(ဒယော)ကိုလည်း အပေါ်ပိုင်းတွင် နှစ်ထပ်ပွင့်ဖတ်ဝန်းများ၊ ဖောင်းဆင့်များဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်ဝန်းနှင့်ဖောင်းအောက်တွင် ပန်းလိပ်ညွန့်တစ်ဆင့်ခံထားသည်ကိုလည်း တွေ့ရှိရပါသည်။ ပန်းလိပ်ညွန့်များအောက်တွင် ဖောင်းနှစ်ဆင့်ခံကာ ဒယောအလယ်ပိုင်းကို နှစ်ထပ်ပွင့်ဖတ်ရှည်များ၊ နှစ်ဆင့်ဖောင်းများဖြင့် အဆင့်ဆင့်တန်ဆာဆင်ထားပြီး ပုဆိုး (ဒယော) အောက်နားကို ဖောင်းလုံးနှစ်ဆင့်ပူးကြားတွင် ပန်းခက်များဖြင့် အလှဆင်အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ နောက်ကျောတွင်လည်း ကိုယ်ရုံခြုံလွှာလွှားထားသည်ကို တွေ့ရှိရပါသည်။ ဘုရင်ဝတ်ဆင်မှုဒီဇိုင်းလက်ရာမှာ အနုစိတ်လက်ရာမြောက်လှပြီး ရိုးရာယဉ်ကျေးမှု ဝတ်ဆင်မှုအတွက် စံထားထိုက်သော လက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၆) ဒီဇိုင်းလက်ရာမှာ မိဖုရားဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်သည်။မူရင်းလက်ရာကို သျှစ်သောင်းပုထိုးတော်ကြီးအနောက်တောင်ထောင့်အနောက်ဘက်ခြမ်းတွင် တွေ့ရှိနိုင်ပါ၏။ မင်းဗာဘုရင်ရုပ်ကြွ၏ လက်ယာဘက်၌ကပ်လျက်တွေ့ရှိနိုင်ပါ၏။မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၇)cm ခန့်၊ အကျယ် (၃၇)cm နှင့် ရုပ်ကြွအထု (၁၀) cmခန့်ရှိပါသည်။ မိဖုရားဒီဇိုင်းလက်ရာ၏ဆံထုံးပုံစံမှာ အဆင့်သုံးဆင့် တွေ့ရှိရပြီး ဆံခေါက်ကို ညာဘက်ကချ၍ ဆံဖျားကို ဘယ်ဘက်ကချထားသည်ကို တွေ့ရှိရပါသည်။ (မုတ္တာရွေး) ဆံထုံးထုံးပုံနှင့် (မိတ်ခေါက်)ဆံထုံးထုံးပုံနှစ်မျိုးကို ပေါင်းစပ်ထုံးထားသောဆံထုံးထုံးပုံဖြစ်ကြောင်း သိရှိရပါသည်။ ဆံထုံးအဆင့်သုံးဆင့်၏ အောက်ဆင့်တွင် ဝတ်ဆံတစ်ခုကို ဗဟိုပြု၍ နှစ်ထပ်ပွင့်ဖတ်ငါးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ငယ်ကလေးများဖြင့် ဖန်တီးထားသော ပန်းပွင့်ကြီးတစ်ပွင့် ပန်ဆင်ထားပါသည်။ ပန်းပွင့်ကြီးကို ရတနာကျောက်စီတန်းကြိုးဖြင့် ဆံထုံးကို သိုင်းပတ်ထားသည့်ဟန် တွေ့ရှိရပါသည်။ နဖူးပြင်တွင်လည်း နဖူးပတ်အနေဖြင့် ဖောင်းနှစ်လုံးကြားတွင် ရတနာကျောက်ကလေးရွဲတန်းဖြင့် အလှဆင်ဖန်တီးထားပါသည်။ နဖူးပတ်အောက်ဖောင်းဆင့်အောက်တွင်လည်း ပွင့်ဖတ်ငယ်ကလေးများဖြင့် အစီအရီ အလှဆင်ထားပါသည်။

မျက်နှာအနေအထား လုံးသွယ်စွာ တွေ့ရှိရပါ၏။ နားနှစ်ဖက်တွင် နားတောင်းပန်းပွင့်ကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ နားတောင်းပန်းပွင့်တစ်ပွင့်ကို ဝတ်ဆံတစ်ခုကို ဗဟိုပြု၍ ပွင့်ဖတ်ခုနစ်ဖတ်ဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ပခုံးတွင် (ပုဆိုးပိုင်း) တဘက်ကို ခေါက်တင်ထားပြီး တဘက်စနှစ်စကို လက်ဝဲ၊ လက်ယာဖြန့်ကားချထားသည်။ တဘက်အလယ်ဖောင်းနှစ်လုံးကြား၌ ပန်းပွင့်များဖြင့် အလှဆင်ထားပြီး တဘက်အဖျားနှစ်ဖက်ကို ရပ်စောက်အစင်းကြောင်းများနှင့် ကန့်လန့်ဖြတ်ဖောင်းနှစ်ဆင့်ကြားတွင် ရွဲလုံးကလေးများဖြင့် အလှဆင်ကာ တံဘက်အဖျားဆုံးကို ဆံမြိတ်အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ဘယ်ဘက်လက်တွင် ယပ်တောင်ကလေးတစ်ခု ကိုင်ထားပါသည်။ ညာဘက်လက်တွင် ကြာဖူးနှင့် တဘက်ရောကိုင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်ကွင်းကြီး တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားပါသည်။လက်ကောက်ကွင်းကြီးကို ဖောင်းနှစ်လုံးကြား၌ ရတနာကျောက်များစီခြယ်ကာ ဖန်တီးထားသည့်ဟန် တွေ့ရှိရပါသည်။

အင်္ကျီကို ရင်စည်းဖြင့် တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားပါသည်။ အင်္ကျီရင်စည်းကို ဖောင်းနှစ်ဆင့်ကြားတွင် ပန်းပွင့်များဖြင့် အစီအရီအလှဆင်ထားပါ၏။ အင်္ကျီအလယ်ပိုင်းကို ခပ်စောင်းစောင်းအစင်းကြောင်းကလေးများဖြင့် တွေ့ရှိရပါသည်။ အင်္ကျီအောက်နားကို ဖောင်းနှစ်ဆင့်ကြားတွင်နှစ်ထပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီ အလှဆင်ထားပါသည်။ အင်္ကျီအပြင်မှအင်္ကျီကို သိုင်းထားရစ်ပတ်ထားသည့် အဆင့်နှစ်ဆင့် တွေ့ရှိရသည်။ ထိုအဆင့်များကို ဖောင်းနှစ်လုံးကြားတွင် ရွဲကုံးတန်းကလေးများ၊ ကျောက်မျက်ရတနာများဖြင့် စီခြယ်အလှဆင်ထားပါသည်။ ထဘီ (လုံချည်)ကိုလည်း အဆင့်နှစ်ဆင့်ဖြင့် အပြင်မှသိုင်း၍ဝတ်ဆင်ထားပါသည်။ အဆင့်နှစ်ဆင့်စလုံးအလယ်တွင် ပန်းပွင့်ကြီးတစ်ပွင့်စီဖြင့် တွေ့ရှိရပါသည်။ ပန်းပွင့်ကြီးနှစ်ပွင့်စလုံးကို အလယ်ဝတ်ဆံတစ်ခုပေါ်တွင် နှစ်ထပ်ပွင့်ဖတ်လေးဖတ်ဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ထဘီ(လုံချည်)တစ်ခုလုံးကို ရွှေတစ်ဆုပ်ပန်းပွင့်ကလေးများသဏ္ဌာန်ဖြင့် အလှဆင်ထားပါသည်။ မိဖုရားဆင်ယင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာသည်လည်း အနုစိတ်လက်ရာမြောက်စွာ ဖန်တီးဝတ်ဆင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ ဖော်ပြပါ ဝတ်ဆင်ထုံးဖွဲ့ပုံ လူတန်းစားသုံးလွှာမှ ဒီဇိုင်းလက်ရာများသည် အေဒီ ၁၆ ရာစု မြောက်ဦးခေတ်လယ်ဝတ်ဆင်ထုံးဖွဲ့ပုံစံနမူနာယူထိုက်သောလက်ရာများပင် ဖြစ်ပါသည်။ ဖော်ပြပါ ရိုးရာယဉ်ကျေးမှုဒီဇိုင်းလက်ရာများကို အခြေခံ၍ မိမိယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းဖော်ထုတ်ဖန်တီးနိုင်ကြစေချင်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက် -**


၁။ ဦးသာထွန်း၊ ဦး (ရခိုင်မြန်မာ ပဏ္ဍိတ်) ရခိုင်ဆင်ယင်ထုံးဖွဲ့မှု။ ၅/၁၉၆၇ ခုနှစ်။
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ မြောက်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများမှတ်တမ်း၊ (၂၀၁၂) ခုနှစ်။
၃။ တက်ထွန်းနီ (မြောက်ဦး)၊ မြောက်ဦးမြို့ရှိ ထင်ရှားသော ဘုရားများ သမိုင်းအကျဉ်းနှင့် ဘုရားဖူးလမ်းညွှန်အမှတ်စဉ် (၁)။
၄။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု။
၅။ နှင်းဦး၊ မ - မြောက်ဦးခေတ် ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများ၏ဝတ်ဆင်ထုံးဖွဲ့မှုလေ့လာချက်။ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာကျမ်းငယ် (၂၀၁၃)။




www.burmeseclassic.com

www.burmeseclassic.com

ရဟန်းနှင့်အသုဘ

မြို့ထဲမှ နာရီသံချောင်းခေါက်သံ (၁၁) ချက်တိတိ ကြားလိုက်ရသည်။ ဒုကုဋ်နှစ်ထပ်သင်္ကန်းကြီးကို တစ်ကိုယ်လုံး ဦးခေါင်းပါ လွှမ်းခြုံထားလျက် ချမ်းစိမ့်စိမ့်ခံစားရ၏။ အိပ်ချင်စိတ်၊ ပျို့လွင့်စိတ်၊ ထိုင်းမှိုင်းပျင်းရိစိတ်တွေ ခေါင်းပါးနေသည်။ ညမိုက်အမှောင်မှာ သုသာန်၌ တစ်ကိုယ်တည်း တရားထိုင်ဖြစ်သော အကျိုးတရားတွေကို ရှာဖွေသုံးသပ်ကြည့်မိ၏။ မိုးဖွဲဖွဲလေးတွေကျလာပြန်သည်။ ကြယ်ရောင်၊ လရောင်များ ပျောက်ကွယ်သွား၏။ ကောင်းကင်မှာ တိမ်ညိုတိမ်မည်းများဖြင့် မည်းမှောင်၍ နေသည်။

အရှင်ဝိဝေက မျက်စိကိုဖွင့်ကြည့်၏။ ကိုယ့်လက်ကို မမြင်ရလောက်အောင် အမှောင်ထုကကြီးစိုးလာသည်။ တိတ်ဆိတ်မှုကလည်း တဖြည်းဖြည်း နက်ရှိုင်းလာသည်။ ဖွင့်ထားသောမျက်စိကျင့်သားရလာမှ ဘေးပတ်ဝန်းကျင်ကို မှုန်ဝါးဝါးမှန်းဆ၍မြင်ရ၏။ တစ်နေ့ဆီက ခြေထောက်နှင့်ကော်၍ စုပုံထားသော လူသေဦးခေါင်းခွံများ၊ အရိုးစုများကို ဖွေးညစ်ညစ်တွေ့လိုက်ရသည်။ သူ့ရှေ့တည့်တည့်မှာ သွားအဖြီးသားနှင့် လူသေခေါင်းခွံတစ်ခုက မှုန်မွှားမွှားညအမှောင်မှာ ခြောက်လှန့်ပြနေ၏။ အရှင်ဝိဝေက၏ တည်ငြိမ်နေသောစိတ်တွေ လှုပ်ရှားသွားပြီး ကျောရိုးထဲမှာ စိမ့်ခနဲဖြစ်သွား၏။ ပခုံးတစ်ချက်တွန့်လိုက်ပြီး မျက်လုံးကိုစုံမှိတ်ကာ ကာယဂတာသတိကို ပွားများလိုက်သည်။

ထိုစဉ် အုတ်ဂူရှေ့နားမှာ ဝါးရုံပင်များ လေမတိုးဘဲ တရှဲရှဲမြည်ကာ လှုပ်ခါနေ၏။ ဝါးရုံတောသည် တသိမ့်သိမ့်လှုပ်ရှားနေ၏။ ရွက်ချင်းခတ်သံ တဖျတ်ဖျတ်တရှဲရှဲမြည်လာသည်။ ဝါးပင်ချင်းဝါးကိုင်းချင်းပွတ်သံ တကျွိကျွိ တဖြောင်းဖြောင်းနှင့် မြည်သည်။ ဘေးပတ်ဝန်းကျင်မှသစ်ပင်များ လှုပ်ရှားသံ မကြားရဘဲ ဝါးရုံကြီးတစ်ရုံတည်းကွက်၍ လှုပ်ရှားနေသည်။ ညောင်ပင်ထက်မှ ငှက်ဆိုးတစ်ကောင် ကျယ်လောင်စွာ အော်မြည်ပြီး ဦးခေါင်းအပေါ်မှ ဖြတ်ပျံသွားသည်။


အရှင်ဝိဝေက သင်္ကန်းကြီးကို မျက်နှာကိုပါလုံအောင်အုပ်ပြီးထိုင်နေလိုက်သည်။ စောစောပိုင်းကဖြစ်ပေါ်နေသော ဆီးသွားချင်စိတ်တွေ ဘယ်ကိုပျောက်သွားပြီလဲမပြောတတ်တော့ပေ။ ကြောက်ရွံ့စိတ်ကို သတိကပ်ပြီး ခန္ဓာမှာဖြစ်ပျက်သမျှကို မလွတ်တမ်း ရှုမှတ်ပြီး စောင့်ကြည့်၏။ ဦးခေါင်းပေါ်မှ သင်္ကန်းစကို တစ်စုံတစ်ယောက် ဆွဲလှန်လိုက်သလို ခံစားလိုက်ရ၏။ မျက်လုံးကို ဖွင့်ကြည့်မည့်ဆဲဆဲမှာ မိမိ၏ဘေး၌ တစ်စုံတစ်ယောက်ဝင်ထိုင်လိုက်သလို ထိတွေ့မိပြန်သည်။ ကြောက်ရွံ့စိတ်တွေ ပြောမပြနိုင်တော့ပေ။

အရှင်ဝိဝေက ဖြစ်ပေါ်လာသမျှ ခံစားမှုအာရုံတွေကို ကြိုးစား၍ မလွတ်တမ်းရှုမှတ်နေသော်လည်း ကြောက်စိတ်က အလျှင်းပျောက်ကွယ်သွားခြင်း မရှိသေးပေ။ အချိန်အနည်းငယ်ကြာပြီး စိတ်ငြိမ်စပြုလာသည်နှင့် အသက်နှင့်ခန္ဓာကို မြတ်စွာဘုရားရှင်အား ပေးလှူပြီး ပြတ်ပြတ်သားသား ရှုမှတ်ဆင်ခြင်၏။ ကိုယ်တွင်း၊ ကိုယ်ပ ကြောင်းကျိုးတရားများ သူ့သဘောသူဆောင်ပြီး ဖြစ်ခြင်း၊ ပျက်ခြင်းပါတကားဟု ဆင်ခြင်သုံးသပ်၏။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်

(ကြော်ငြာ)

## ထုံးတောင်-အရှင်ဓမ္မပိယ

တရားအားထုတ်သူတစ်ယောက်အကြောင်း -၁၀



www.burmeseclassic.com

ကို နိုင်အောင်လုပ်နိုင်ဖို့ ကြိုးစား၏။ သက်နှန်းခြုံအတွင်းက ရုပ်ခန္ဓာမှာ ချွေးသီးချွေးပေါက်တွေရွဲရွဲနစ်နေသည်။ ချမ်းစိမ့်စိမ့်ဖြစ်နေသော အအေးဓာတ်တွေ ဘယ်ကိုရောက်သွားမှန်း မသိတော့ပေ။ ခန္ဓာကိုယ်ကြီး၏ ချက်ချင်းလက်ငင်း ဖောက်ပြန်တတ်သောသဘောသဘာဝ တရားများကို ရင်ဆိုင်ရှုမြင်ရ၏။ အလုံးစုံသော ဖြစ်ပျက်ခြင်းပြောင်းလဲမှု သင်္ခါရတရားများ၏ မမြဲသော၊ အစိုးမရသော၊ ဆင်းရဲသော သဘောသဘာဝတွေဟု ရှုမှတ်စိတ်မှာ ထင်မြင်လာပြီး မတုန်လှုပ်သောစိတ်၊ ဖောက်ပြန်မှုကင်းသော ဥပေက္ခာသဘောဖြင့် အားလုံးကို ရှုမြင်လာခဲ့ကြသည်။

သေခြင်းသဘောတရားကို ရှုမြင်





www.burmeseclassic.com

www.burmeseclassic.com

သုံးသပ်လို၍ သုသာန်ကိုလာပြီးတရားထိုင်ခါမှ အကြောက်တရားများကြောင့် လက်မြှောက်အရှုံးမပေးလို။ မိမိကိုယ်ကို သေသူတစ်ယောက်လို သဘောထားပြီး မရဏာနုဿတိကို အဖန်ဖန်ပွား၏။ မရဏာနုဿတိဘာဝနာပွားလို့ စိတ်တည်ငြိမ်လာပါက ခန္ဓာမှာ သတိကပ်ပြီး ဉာဏ်နှင့်ရှု၏။ ခန္ဓာမှာ ရှုမှတ်မှုများလို့ ငြီးငွေ့လာပါက ရှေ့မှာရှိသော လူသေခေါင်းခွံကြီးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီး အသုဘဘာဝနာကိုပွား၏။ ဦးခေါင်းခွံကြီးကို ရှုလို့ စိတ်တည်ငြိမ်ပါက သုသာန်ဇရပ်ပေါ်မှ သူဌေးကြီး၏ ပုပ်ပွစရုပ်အလောင်းကြီးကို အာရုံယူပြီး ရှုပွား၏။

သို့ဖြင့် အရှင်ဝိဝေက၏ သုသာန်ခုတင်ပထမဆုံးညခရီးမှာ မရဏာနုဿတိဘာဝနာနှင့် အသုဘဘာဝနာတို့ကို အလဲအလှယ်ရှုပွားပြီး သတိပဋ္ဌာန်တရားများကို ဉာဏ်အမြင်ရှင်းရှင်းနှင့် ရှုမှတ်အားထုတ်နိုင်ခဲ့လေသည်။

တကယ်တော့ မရဏာနုဿတိဘာဝနာနှင့် အသုဘကမ္မဋ္ဌာန်းတို့မှာ ရဟန်းရှင်လူ တရားအားထုတ်သူမှန်သမျှ လေ့လာပွားများသင့်သောတရားများ ဖြစ်သည်။ အထူးသဖြင့် အသုဘကမ္မဋ္ဌာန်းမှာ လေ့လာပွားများပါက အလွယ်တကူထင်မြင်ပြီး လက်တွေ့အကျိုးများသောကမ္မဋ္ဌာန်းနည်းလည်းဖြစ်သည်။ အိမ်ရာမထောင်၊ သာသနာ့ဘောင်မှာ တစ်ကိုယ်တည်းနေသော ရဟန်းပုဂ္ဂိုလ်များအဖို့ အသုဘဘာဝနာကဲ့သို့ ဘာဝနာတစ်မျိုးမျိုး လက်ကိုင်မရှိပါက သက်တော်၊ ဝါတော်မည်မျှကြီးစေကာမူ လောကီအာရုံကာမဂုဏ်များကို စိတ်ရောက်လျက်ရှိတတ်ချေ၏။ အသုဘဘာဝနာကို အစဉ်အမြဲ ပွားများအားထုတ်ကြမှသာ စိတ်ထားဖြူစင်သန့်ရှင်းစွာဖြင့် သာသနာ့အလုပ်ကို အကျိုးအမြတ်ရှိအောင် လုပ်ဆောင်နိုင်ကြမည် ဖြစ်၏။

**အသုဘဘာဝနာ ပွားများအားထုတ်နည်း**

'အသုဘ' ဟူသည် ပါဠိစကားဖြစ်၏။ မြန်မာလိုဆိုက 'မတင့်မတယ်၊ စက်ဆုပ်ရွံရှာဖွယ်' ဟု အဓိပ္ပာယ်ထွက်၏။ ထို့ကြောင့် လူသေပြီဆိုပါက ပါဠိလို အသုဘကို မြန်မာစကားနှင့် တွဲစပ်ပြီး 'မသာအသုဘ' ဟု ခေါ်လေ့ရှိကြသည်။

တကယ်တမ်းဆိုရလျှင်မူ သူသေကောင်မှာ မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်သဘော ထင်ရှားရှိသောကြောင့် အသုဘဟု သမုတ်သော်လည်း သက်ရှိထင်ရှားရှိသော ခန္ဓာကိုယ်မှာလည်း ပညာမျက်စိ ဖြင့်ကြည့်ပါက မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်သဘောကိုတွေ့ရမည်ဖြစ်၏။ သို့ဖြစ်ရာ အသုဘကို အသေအသုဘနှင့် အရှင်အသုဘ ဟူ၍ နှစ်မျိုးခွဲမှတ်သားသင့်လေသည်။

ဘာဝနာဆိုသည်မှာ အကြိမ်ကြိမ်အထပ်ထပ် နှလုံးသွင်းဆင်ခြင်ခြင်း (ဝါ) ပွားများခြင်း ဖြစ်၏။ ထို့ကြောင့် အသုဘဘာဝနာကို ပွားများအားထုတ်မည့် ပုဂ္ဂိုလ်သည် အသေအသုဘ (အဝိညာဏကအသုဘ)ကိုဖြစ်စေ၊ အရှင်အသုဘ (သဝိညာဏကအသုဘ)ကိုဖြစ်စေ အာရုံပြုပြီး ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်ပွားများ အားထုတ်ရ၏။

ထိုအသုဘနှစ်မျိုးတွင် ကမ္မဋ္ဌာန်းရှုပွားရမည့် အသေအသုဘ (၁၀) မျိုးရှိ၏။

၁။ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ်သူသေကောင်(ဥဒ္ဓုမာတက)
၂။ ညိုမည်းရောင်ကိုင်းနေသော စက်ဆုပ်ဖွယ်သူသေကောင် (ဝိနီလက)
၃။ ပြည်တစိုစိုယိုထွက်နေသောစက်ဆုပ်ဖွယ်သူသေကောင် (ဝိပုဗ္ဗက)
၄။ နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ်သူကောင် (ဝိစ္ဆိဒ္ဒက)
၅။ ခွေးတိရစ္ဆာန်တို့ ကိုက်စားထားသော စက်ဆုပ်ဖွယ်သူသေကောင် (ဝိက္ခာယိတက)
၆။ အရိုးတခြား၊ အသားတခြား စွန့်ပစ်ထားသော စက်ဆုပ်ဖွယ် သူသေကောင် (ဝိက္ခိတ္တက)
၇။ ဓားဖြင့်ခုတ်ဖြတ်၍ ဟိုဟိုဒီဒီစွန့်ပစ်ထားသောစက်ဆုပ်ဖွယ်သူသေကောင် (ဟတဝိက္ခိတ္တက)
၈။ သွေးတစက်စက် ယိုထွက်နေသော စက်ဆုပ်ဖွယ်လူသေကောင်(လောဟိတက)
၉။ ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသောစက်ဆုပ်ဖွယ်သူသေကောင် (ပုဠုဝက)
၁၀။ အရိုးစုသာရှိသော စက်ဆုပ်ဖွယ်သူသေကောင် (အဋ္ဌိက) တို့ ဖြစ်၏။

**ရာဂစရိုက်ရှိသောသူများအတွက်သင့်တော်သောကမ္မဋ္ဌာန်း**

ရာဂစရိုက်၊လောဘထူပြောသော ပုဂ္ဂိုလ်များမှာ အသုဘကမ္မဋ္ဌာန်းကို အားထုတ်ခြင်းဖြင့် ရာဂတရားတဖြည်းဖြည်း ခေါင်းပါးသွားနိုင်သည်။

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်တို့မှာ မိမိတို့၏သိသာထင်ရှားပေါ်လွင်သော စရိုက်လက္ခဏာအလိုက် အားထုတ်နိုင်ကြရန် အသုဘကမ္မဋ္ဌာန်းကို ဆယ်မျိုးခွဲ၍ ဟောကြားထားတော်မူခဲ့သည်။ မိမိတို့၏စရိုက်အလိုက် ရှုပွားကြရမည့် အသေအသုဘကမ္မဋ္ဌာန်းတို့မှာ -

၁။ ရုပ်ပုံသဏ္ဌာန်၌ တပ်မက်မှု ပိုမိုကြီးသူများ ဥဒ္ဓုမာတကအသုဘကို ရာဂငြိမ်ဆေးအဖြစ် ရှုပွားသင့်၏။
၂။ သားအရေဖြူဖြူဝင်းဝင်းမှာ တပ်မက်မှုစရိုက် ကြီးမားသူအတွက် ဝိနီလကအသုဘ ရှုပွားသင့်၏။
၃။ မွှေးနံ့သာစသော အနံ့၌တပ်မက်မှုစရိုက်ရှိသူအတွက် ဝိပုဗ္ဗကအသုဘရှုပွားသင့်၏။
၄။ လုံးလုံးကျစ်ကျစ် တောင့်တောင့်တင်းတင်းကိုမှ နှစ်သက်သော စရိုက်လွန်ကဲသူအတွက် ဝိစ္ဆိဒ္ဒကအသုဘရှုပွားသင့်၏။
၅။ အိစက်ချောညက်သော အသားစိုင်မှာတပ်မက်မှုလွန်ကဲသူအတွက် ဝိက္ခာယိတကအသုဘ ရှုပွားသင့်၏။
၆။ ရှိုက်ဖွယ်အင်္ဂါကြီး၊ငယ်အသွယ်သွယ်ကို တပ်မက်မှုလွန်ကဲသူအတွက် ဝိက္ခိတ္တကအသုဘရှုပွားသင့်၏။
၇။ ချောမော ပြေပြစ်သောကိုယ်၌ တပ်မက်မှုစရိုက်ရှိသူတို့အတွက် ဟတဝိက္ခိတ္တက အသုဘရှုပွားသင့်၏။
၈။ အဆင်းတန်ဆာ ပြောင်ပြောင်လက်လက်၌ တပ်မက်မှုလွန်ကဲသောစရိုက်ရှိသူအတွက် လောဟိတကအသုဘ ရှုပွားသင့်၏။
၉။ ငါ့ပစ္စည်း၊ ငါ့ဟာ၊ ငါပိုင်ဟု အတ္တစိုးမိုးစရိုက်မျိုးလွန်ကဲသူအတွက် ပုဠုဝကအသုဘရှုပွားသင့်၏။
၁၀။ ပုလဲသွယ်ပမာညီညာသော သွားလေးတွေမှ တပ်မက်မှုလွန်ကဲသူအတွက် အဋ္ဌိကအသုဘ ရှုပွားသင့်၏။

ဤသို့ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပါက ပထမဈာန်အထိ ရနိုင်လေသည်။ ပထမဈာန်မှ အထက်ဈာန်များ



www.burmeseclassic.com

www.burmeseclassic.com

သို့ တက်၍မရနိုင်ခြင်းမှာ အသုဘအာရုံ များ စက်ဆုပ်ရွံရှာဖွယ်၊ မနှစ်သက်စရာ အာရုံမျိုးဖြစ်၍ ထိုအာရုံမျိုးမှာ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးတတ်သည့် ဝိတက်အစွမ်းမပါဘဲ စိတ်မတည်နိုင်သောကြောင့် ဖြစ်၏။ ဝိတက်အစွမ်းပါရှိနေမှသာ ထိုသို့ စက်ဆုပ်ဖွယ်အာရုံ၌ စိတ်တည်ကြည်နိုင်သည့်အတွက်ကြောင့် ဝိတက်ကင်းသော ဒုတိယဈာန်စသည် တို့သို့မရောက်နိုင်ခြင်းပင် ဖြစ်သည်။

**ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းနှင့် ရှေးဦးမှတ်ဖွယ်**

ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင် (ဥဒ္ဓုမာတက) ၌ အသုဘကမ္မဋ္ဌာန်း ရှုပွားမည့်သူသည် မိမိထိုင်သင့်သောနေရာကိုအရင်ရွေးချယ်ရမည်။ စိတ်တည်ငြိမ်ပြီး အသုဘအာရုံ ထင်ရှားပေါ်ရာအရပ်၌ထိုင်အပ်၏။ အသုဘ၏ လေအောက်အရပ်မှာ မထိုင်အပ်။ အသုဘ၏ခြေရင်း၊ ခေါင်းရင်းမဟုတ်သော လေညာအရပ်မှာ အနည်းငယ်တိမ်း၍ မဝေးလွန်း၊ မနီးလွန်းသောအရပ်မှာထိုင်ပါ။

(ဝေးလွန်းသော အရပ်ကား အာရုံ မထင်ရှား၊ နီးသောအရပ်မှာ ကြောက်စိတ်ပေါ်တတ်၏။ ခြေရင်းခေါင်းရင်း ဆိုရင်လည်း အသုဘတစ်ကောင်လုံး မထင်ရှား။ သို့အတွက် ကြည့်ရှုပွားများရန်လွယ်ကူသော လူသေကောင်အလယ် လောက်မှပွားများသင့်၏။)

ထို့ပြင် အသုဘကမ္မဋ္ဌာန်း ရှုပွားခါစပုဂ္ဂိုလ်မှာ လိင်မတူပုဂ္ဂိုလ်ကိုလည်း မရှုအပ်ပေ။ ယောကျာ်းသည် မိန်းမ အသုဘကို၊ မိန်းမသည် ယောကျာ်း အသုဘကို မရှုအပ်သေးပေ။

မရင့်ကျက်သေးသော ယောဂီ ပုဂ္ဂိုလ်အတွက် လောလောလတ်လတ် သေပြီးစ ရုပ်အလောင်းကို တင့်တယ်သည့်အနေဖြင့် ဖောက်ပြန်တတ်၏။ ထိုသို့ဖြစ်ပါက သီလညှိုးနွမ်းနိုင်၏။ ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေသော်လည်း ယောကျာ်းသည် မိန်းမအတွက်၊ မိန်းမသည် ယောကျာ်းအတွက် စိတ်အာရုံ ဆွဲငင်ယူတတ်သော သဘာဝရှိရကား လိင်ချင်းတူရာ လူသေကောင်၌သာ အသုဘကမ္မဋ္ဌာန်းကို ရှုပွားသင့်သည်။

ထိုသို့ ရှေးဦးပြုဖွယ်ကိစ္စများ ကောင်းစွာလိုက်နာပြီးလျှင် ဥဒ္ဓုမာတက အသုဘကောင်ရှေ့၌ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ 'ဖူးရောင်နေသော စက်ဆုပ်ဖွယ် လူသေကောင်၊ ဖူးရောင်နေသော စက်ဆုပ်ဖွယ် လူသေကောင်' ဟု စိတ်မှာနှလုံးသွင်းပြီး မပျင်းမရိ ကြိမ်ဖန်များစွာ ပွားများအားထုတ်ရမည်။ ထိုအသုဘအာရုံမှာ ကြည့်ရမြင်ရခဲသော ရတနာတစ်ပါးကို တွေ့ရမြင်ရဘိသကဲ့သို့ ရိုသေလေးစားစွာ အမှတ်သတိဖြင့် ကြည့်ရှုစောင့်ရှောက်ရမည်။ နေ့နေ့ညည 'စက်ဆုပ်ဖွယ် ဖူးရောင်နေသော လူသေကောင်' ဟု စိတ်ကို အဖန်ဖန်ကပ် ဖွဲ့ချည်နှောင်ထားရမည်။ အရပ်တစ်ပါး စိတ်မသွားစေဘဲ ငြိမ်အောင်ပြုရမည်။ ထိုနိမိတ်ကို အကြိမ်ကြိမ်ဆင်ခြင်ရမည်။ နှလုံးသွင်းရမည်။ ကောင်းစွာ ကြံစည်မှု တည်းဟူသော သမ္မာသင်္ကပ္ပ အာရုံ၏ နှလုံးသွင်းမှု၊ အထူးကြံစည်မှုဖြင့် အဖန်ဖန်အထပ်ထပ် နှလုံးသွင်းရမည်။

ဤသို့ အကြိမ်အကြိမ်အထပ်ထပ် နှလုံးသွင်းဆင်ခြင်နေပါက မိမိတို့ ပါရမီအားလျော်စွာ ဥဂ္ဂဟနိမိတ်ကို ရ၏။ ဥဂ္ဂဟနိမိတ်ဆိုသည်မှာ မျက်လုံးဖွင့်ပြီး ကြည့်ထားစဉ်ကကဲ့သို့ မျက်လုံးမှိတ်ပြီး ဆင်ခြင်ကြည့်ပါကလည်း တစ်ထပ်တည်းတူစွာ အသုဘနိမိတ်အာရုံ ပေါ်လွင်ထင်ရှားနေခြင်းပင်တည်း။ ဥဂ္ဂဟနိမိတ်သည် ပြင်ပအာရုံအတိုင်း ဖောက်ပြန်သောအဆင်းရှိ၏။ အရုပ်ဆိုး၏။ ကြောက်မက်ဖွယ်ပုံစံလည်းရှိ၏။

ထိုမှဆက်၍ အဖန်ဖန်အထပ်ထပ် ဆက်လက်ပွားများအားထုတ်သွားပါက ပဋိဘာဂနိမိတ် ထင်ရှားဖြစ်ပေါ်လာသည်။ ပဋိဘာဂနိမိတ်မှာ ဥဒ္ဓုမာတက အသုဘကောင်သည် ပြည့်ဖြိုးသော၊ ကိုယ်အင်္ဂါကြီးငယ်ရှိသောသူတစ်ယောက် ဝဝလင်လင် စားသောက်ပြီး အိပ်ပျော်နေသည့်ပမာ ထင်လာတတ်လေသည်။

ထိုသို့ ပဋိဘာဂနိမိတ်အာရုံကိုရသည်နှင့် ယောဂီပုဂ္ဂိုလ်မှာ ပြင်ပအာရုံ ကာမဂုဏ်တို့ကို ကြံစည်ခြင်း (ကာမစ္ဆန္ဒနီဝရဏ)၊ သူတစ်ပါးကို ဖျက်လိုဖျက်ဆီးကြံစည်ခြင်း(ဗျာပါဒနီဝရဏ)တို့ကင်း၏။ ပြင်းစွာအားထုတ်ခြင်း လုံ့လဝီရိယကြောင့် ထိုင်းမှိုင်းပျင်းရိခြင်း (ထိနမိဒ္ဓနီဝရဏ) ကင်းပျောက်၏။ စိတ်နှလုံးကို ချမ်းမြေ့ငြိမ်းချမ်းစေသော ပီတိ၊ ပဿဒ္ဓိ တရားတို့ ဖြစ်ပေါ်လာခြင်းကြောင့် စိတ်ပျံ့လွင့်မှု၊ နောင်တတစ်ဖန် ပူလောင်မှု ဟူသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စတရားတို့ ကင်းပျောက်၏။ ဈာန်အနီးအနားကပ်နေပြီဖြစ်သော သမာဓိ၏ အစွမ်းကြောင့် အကျင့်တရားနှင့် နည်းလမ်းညွှန်ပြပေးသော ဆရာသမားတို့အပေါ်မှာ ယုံမှားသံသယ (ဝိစိကိစ္ဆာ၊ နီဝရဏ) တို့ ကင်းပျောက်နေလေသည်။

ထိုသို့ ပဋိဘာဂနိမိတ်အာရုံ၌ တည်နေသောယောဂီပုဂ္ဂိုလ်မှာ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းလက္ခဏာရှိသော ကြံစည်မှုဝိတက်တရား ထင်ရှားဖြစ်ပေါ်လာသည်။

ထိုနိမိတ်၊ ထိုအာရုံကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်မှု ဝိစာရ ထင်ရှားဖြစ်ပေါ်၏။

အထူးတည်ငြိမ်သောသမာဓိကိုရပြီဟု သိခြင်းကြောင့် နှစ်သက်အားရမှု ပီတိလည်းဖြစ်ပေါ်၏။

ပီတိနှင့်ယှဉ်ပြီး ဖြစ်ပေါ်စိတ်ရှိသူအား ငြိမ်းအေးမှု ပဿဒ္ဓိတရားများ ထင်ရှားဖြစ်ပြီး စိတ်အထူးချမ်းသာမှု သုခလည်း ဖြစ်၏။

စိတ်ချမ်းသာမှုနှင့် ပြည့်စုံသူအား စိတ်၏ တည်ကြည်မှု သမာဓိဖြစ်ရိုးရှိသောကြောင့် သုခလျှင် အကြောင်းရင်းရှိသော အာရုံတစ်ခုတည်းရှိသည့်အဖြစ် 'ဧကဂ္ဂတာ' လည်း ထင်ရှားဖြစ်ပေါ်လာလေသည်။ ငါးပါးသော ဈာန်အင်္ဂါတို့ ထင်ရှားဖြစ်ပေါ်လာ၏။

ထိုသို့ ပဋိဘာဂနိမိတ်ကို ထင်ရှားရပြီး ဥပစာရဈာန်ကို ဆက်လက်ရှုပွားနေသော ယောဂီပုဂ္ဂိုလ်မှာ မိမိရရှိထားသော ဈာန်နိမိတ် မပျောက်ပျက်အောင် လေးလေးစားစား မမေ့မလျော့ စောင့်ရှောက်ပြီး ဆက်လက်ပွားများအားထုတ်ရမည်။ ထိုအခါ စိတ်သည် တဖြည်းဖြည်း ရင့်သန်ကြီးထွားလျက် အားကောင်းငြိမ်သက်ပြီး အာရုံကို ခိုင်မြဲစွာ တွယ်၍ အာရုံထဲမှာ စူးနစ်ဝင်ရောက်သကဲ့သို့ဖြစ်ကာ အာရုံကိုစူးစိုက်၍၊ ငြိမ်၍၊ မှိန်း၍ ခံစားဖြစ်ပေါ်နေလေသည်။

ထိုစိတ်ကို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စသည့် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်ဟု ခေါ်လေသည်။

ဤကား ဥဒ္ဓုမာတက ကမ္မဋ္ဌာန်း (ဖူးရောင်နေသောစက်ဆုပ်ဖွယ်အသုဘ) ၌ ပထမဈာန်ရသည်ထိ ပွားများအားထုတ်ပုံ ဖြစ်၏။

ထို့အတူ ကျန်အသုဘကမ္မဋ္ဌာန်းများကိုလည်း မိမိတို့စရိုက်နှင့် လျော်ညီရာ ရွေးချယ်ပြီး ဥဒ္ဓုမာတကအသုဘကမ္မဋ္ဌာန်းစီးဖြန်းနည်းအတိုင်း ပွားများအားထုတ်ကြပါက ပထမဈာန်ရသည့်အထိ အကျိုးခံစားနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

### အရှင်အသုဘဍ္ဍဘာဝနာစီးဖြန်းပုံ

အသေကောင်အသုဘမှာ ကမ္မဋ္ဌာန်းရှုကွက် ဆယ်မျိုးရှိသော်လည်း လက္ခဏာအားဖြင့်သော်ကား 'မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်ကောင်းခြင်း' လက္ခဏာ တစ်မျိုးတည်းသာ ရှိ၏။ သို့သော် ထိုလက္ခဏာမှာ လူသေအသုဘကို ရှုမှမဟုတ်။ အသက်ရှင်နေသော သူများမှာလည်း ထိုလက္ခဏာရှိသည်။ သေသူ၏ကိုယ်မှာကဲ့သို့ပင် ရှင်ဆဲလူ၏ ကိုယ်သည်လည်း မတင့်မတယ်စက်ဆုပ်ရွံရှာဖွယ်အသုဘသဘောရှိ၏။

သို့သော်ငြား ရှင်ဆဲခန္ဓာ၌ မတင့်မတယ် မဖွယ်မရာ ရွံရှာစရာများကို သုတ်သင်ဖန်တီး ပြုပြင်သန့်ရှင်းနိုင်ကြ၍သာ စက်ဆုပ်ဖွယ်လက္ခဏာအဖြစ် လူအများက မထင်မှတ်နိုင်ကြဘဲရှိနေကြခြင်း ဖြစ်၏။

အမျိုးမျိုးသော အဝတ်အထည်များဖြင့် ရှက်ဖွယ်ကိုယ်အင်္ဂါများကို ဖုံးသင့်တာဖုံး၊ လွှမ်းသင့်တာလွှမ်းထားရ၏။ အမွှေးနံ့သာများ လိမ်းခြယ်၍ အပုပ်နံ့ကို ကာကွယ်၏။ မိမိကိုယ်ကို ပြင်ဆင်ပြီး အပုပ်ကောင်ကို အထင်ကြီးနှစ်သက်အောင်လုပ်နေကြ၏။ ထိုသို့ စက်ဆုပ်ဖွယ် ပင်ကိုသဘောလက္ခဏာအမှန်ကို ဟုတ်တိုင်းမှန်ရာ မသိမြင်နိုင်ကြ၍သာ တစ်ဦးနှင့်တစ်ဦး ကြည်နူးနှစ်သက် တပ်မက်နေကြခြင်း ဖြစ်၏။

အမှန်စင်စစ် ပရမတ်သဘောအားဖြင့်မူ နှစ်သက်စရာဟူ၍ မြူမျှပင်မရှိ။ စက်ဆုပ်ဖွယ်အသွယ်သွယ်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ ဤမျှစက်ဆုပ်ရွံရှာဖွယ်ကောင်းသောသက်ရှိခန္ဓာ၏ပကတိသဘောလက္ခဏာကို ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်နိုင်ကြရန် မြတ်စွာဘုရားရှင်က သုတ္တနိပါတ် မဟာဝိဇယသုတ္တန်မှာ ဟောတော်မူထားသည်။

ဒေသနာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လူနေအိမ်များမှာ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားအမာခံများကို ရွေ့လျားမသွားရအောင် ကြိမ်နွယ်ကြိုးများဖြင့် ချည်တုပ် ဖွဲ့နှောင်ထားရသကဲ့သို့ လူ၏ကိုယ်မှ အမာခံဖြစ်သော အရိုးပေါင်း (၃၆၀) တို့ကို မရွေ့လျားအောင် ကြိမ်နွယ်နှင့်တူသော အကြောပေါင်း(၉၀၀)တို့နှင့် တုပ်နှောင်ထား၏။ ထိုအပေါ်မှာ အိမ်နံရံဘောင်ကာတို့ကို ဘိလပ်မြေ၊ မြေညက်၊ နွားချေးသရိုးတို့ဖြင့် မွမ်းမံလိမ်းကျံရသကဲ့သို့ အသားတစ်အသားစိုင်ပေါင်း



(၉၀၀) တို့ဖြင့် ဖြည့်ဆည်းဖုံးအုပ်ထားရသည်။ ထို့နောက် ဘိလပ်မြေ၊ မြေညက်၊ နွားချေးတို့ဖြင့် အချောကိုင်မွမ်းမံရသကဲ့သို့ ဆိုခဲ့ပြီးသော အရိုး၊ အကြော၊ အသားတစ်အသားစိုင်တို့ကို အရေထူနှင့် ဖုံးအုပ်ထားရ၏။ သို့သော် အရိုး၊ အကြော၊ အသားတစ်အသားစိုင်၊ အရေထူတို့၏ ပင်ကိုသဘောကား အမြင်မတင့်တယ်အောင် ရနံ့ပုပ်လှောင်စက်ဆုပ်ရွံရှာဖွယ်ကောင်း၏။

သို့အတွက် အိမ်နံရံကို ကြည့်ရှုကောင်းအောင် သုတ်ဆေးရောင်အမျိုးမျိုးနှင့် ပေါလစ်တိုက် ပြုပြင်အလှဆင်သကဲ့သို့ အရိုး၊ အကြော၊ အသား၊ အရေထူတို့ကို ဆိုးဆေးနှင့်တူသည့် အဖြူအညို၊ အမည်း၊ ရွှေအဆင်းနှင့်တူသော ဝင်းဝါသော သိမ်မွေ့နူးညံ့သည့် အရေပါးပါးတို့က ဖုံးအုပ်ကာရံပေးထားလေသည်။ သို့ဖြစ်၍သာ ပညာမျက်စိမရှိသူတို့မှာ စက်ဆုပ်ဖွယ် အသုဘအခြင်းရာသဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာမမြင်နိုင်ကြခြင်း ဖြစ်သည်။

ထိုသို့ အရေပါးဖြင့် ဖုံးအုပ်ထား၍ မထင်မရှားဖြစ်နေသော စက်ဆုပ်ရွံရှာဖွယ် မစင်မကြယ်အတွင်းအသုဘသဘောကို ပညာမျက်စိဖြင့် ထိုးဖောက်၍ ဆင်ခြင်သုံးသပ်ရမည်ဟု ဟောတော်မူထားလေသည်။

အမှန်စင်စစ် ဤရုပ်ကိုယ်ကြီးအတွင်းမှာလည်း အမွှေးနံ့သာတို့ဖြင့် ပြည့်နှက်နေသည်မဟုတ်။ ယောက်ျားဖြစ်လျှင် အရှည် (၃၂) ပေ ရှိသော အူမကြီးဖြင့် ရွံဖွယ်လိလိပြည့်နှက်နေ၏။ မိန်းမဖြစ်လျှင်လည်း (၂၈) ပေရှည်သော အူမကြီးဖြင့် ဝမ်းဗိုက်တွင်းမှာ ရွံဖွယ်လိလိ ပြည့်နှက်နေသည်သာ ဖြစ်၏။

ထို့ပြင် အစာသစ်၊ အစာဟောင်းတို့ဖြင့် ပြည့်လျက်ရှိ၏။

အသည်းစိုင်ဖြင့် ပြည့်လျက်ရှိ၏။

ကျင်ငယ်ရည်များ ပြည့်လျက်ရှိ၏။

သားမြတ်လယ်ဗွေ၊ ရင်မှာနေသော နှလုံးသားဖြင့် ရွံဖွယ်လိလိရှိ၏။

အသည်းနှလုံးကို အုပ်ဖုံးကပ်တွယ်ထားသည့် နွားဝါးဖတ်နှင့်တူသော အဆုတ်များဖြင့် ပြည့်လျက်ရှိ၏။

သရက်ရွက်နှစ်မြွာ၊ အညို့နှစ်ခုတို့ဖြင့် ပြည့်လျက်ရှိ၏။

နှပ်၊ တံတွေး၊ ချွေး၊ အဆီကြည် အဆီခဲ၊ သွေး၊ ပြည်၊ အစေးပုပ်တို့ဖြင့်လည်း ရွံဖွယ်လိလိပြည့်လျက်ရှိ၏။

အဆုတ်နှင့် နှလုံးကြား၊ အသည်းနားမှာ သည်းခြေအိတ်ဖြင့် ပြည့်လျက်ရှိ၏။

လက်၊ ခြေ၊ နှာခေါင်းစွန်း၊ နဖူးပြင်၊ ပခုံးစွန်းများမှာလည်း ရွံဖွယ်လိလိ ဆီကြည်တို့ဖြင့် ပြည့်နေ၏။

ဤကိုယ်ကြီးထဲမှာ မြတ်နိုးချစ်ခင်နှစ်သက်ခုံမင်စရာ ဟူ၍ ယူလောက်သည့်ပစ္စည်း ဘာမှမရှိ။ အမှန်စင်စစ် မစင်မကြယ် ရွံရှာဖွယ်တို့ဖြင့်သာ ပြည့်နှက်လျက်ရှိ၏။ ထို့ပြင် ဒွါရကိုးပေါက်မှ နေ့နေ့ညည မစင်မကြယ် ရွံရှာဖွယ်ခပ်သိမ်းတို့ တားမရဆီးမရ အချိန်မရွေး ယိုစီးကျနေသေး၏။

နားနှစ်ဖက်မှ နားဖာချေးအညစ်အကြေးတို့ တားဆီးမရ ယိုစီးကျ၏။ နှာခေါင်းနှစ်ပေါက်မှ နှပ်ရည်၊ နှပ်ချေးတို့ တားဆီးမရယိုစီးကျ၏။ ပါးစပ်ခံတွင်းမှာလည်း တစိစိတပွက်ပွက် တစ်ခါတစ်ရံ ပျို့အန်ထွက်၏။ သည်းခြေ၊ သလိပ်၊ တံတွေးစက်တို့ ခံတွင်းမှပျို့အန်ထွက်၏။ ကိုယ်အလုံးမှ ချွေး၊ ဆား၊ အရေကွာ၊ မြူ ဖောက်၊ အညစ်အကြေးတို့ ခါရံမလပ် ယိုစီးထွက်၏။

ဤသို့ ရွံဖွယ်လိလိ သက်ရှိခန္ဓာ၌ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအား ထုတ်တတ်ရန်အတွက် ဝိဇယသုတ္တန်မှာ ဟောတော်မူထား၏။

*(ဆက်ရန်)*

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com



## ပိုလ်ရိုက်(ရတနာပူရ)

# အင်းဝခေတ်က ယတြာပြုကြသော စေတီ(၁၂)ဆူ

မြန်မာလူမျိုး အများစုတို့သည် ယတြာပြုခြင်းဓလေ့ကို ယုံကြည်စွာပြုလုပ်လေ့ရှိကြပါသည်။ အတိတ်နိမိတ်မကောင်းသောအခါများ၊ ကျန်းမာရေးမကောင်းသောအခါတွင် တတ်သိနားလည်သော ဗေဒပညာရှင်များထံ မေးမြန်း၍ ယတြာပြုလေ့ရှိကြပါသည်။ စေတီတိုင်းတွင်ရှိသော ဂြိုဟ်ပြေ၊ နံပြေဘုရားများ၌ ယတြာပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို နေ့စဉ်နှင့်အမျှ တွေ့မြင်နိုင်ပါသည်။

### ညောင်ရမ်းခေတ်နှင့်ယတြာ

ယတြာပြုခြင်းဓလေ့ကို ယခုခေတ်တွင်သာမဟုတ်၊ ရှေးခေတ် မြန်မာရှင်ဘုရင်များ လက်ထက်ကတည်းကလည်း ပြုလုပ်လေ့ရှိကြပါသည်။ တိုင်းပြည်အတိတ်နိမိတ်မကောင်းသောအခါများတွင်လည်းကောင်း၊ စစ်တိုက်ရာတွင်လည်းကောင်း၊ ထီးနန်းခိုင်မြဲရေးအတွက်လည်းကောင်း ယုံကြည်စွာဖြင့် ယတြာပြုလုပ်လေ့ရှိကြပါသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်ပါက ယတြာပြုခြင်းကို အခြားခေတ်များထက်ပို၍ ယုံကြည်စွာပြုလုပ်သောခေတ်မှာ ညောင်ရမ်းခေတ်ဟုခေါ်သော ဒုတိယအင်းဝခေတ် ဖြစ်သည်။ ညောင်ရမ်းခေတ်ကို စတင်တည်ထောင်ခဲ့သော ညောင်ရမ်းမင်းတရားကြီးလက်ထက်မှစ၍ နောက်ဆုံး ဟံသာဝတီပါမင်းတရားလက်ထက်ထိ အစဉ်အပြတ် ယတြာပြုကြသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် ဟံသာဝတီပါ မင်းတရားကြီးလက်ထက်တွင် စစ်တောင်းသို့ မင်းတရားကြီးရောက်ကိန်းရှိသည်ဟု ဗေဒပညာရှင်များက ဟောကြားသောကြောင့် စစ်တောင်းမှမြေကိုယူ၍ စစ်တောင်းနှင့်နံတူ အင်းဝမြို့အနောက်တောင်ယွန်းယွန်းရှိ ဆင်တဲအရပ်၌ ယာယီနန်းဆောက်၍ စံတော်မူကာ ယတြာပြုခဲ့ပါသည်။

### ယတြာပြုကြသော စေတီ (၁၂) ဆူ

ယတြာပြုမှုကို ကြိမ်ဖန်များစွာတွေ့ရသော ညောင်ရမ်းခေတ်ကို အထူးထား၍ဆိုသော်လည်း အခြားသောအင်းဝမင်းများလက်ထက်တွင်လည်း ယတြာပြုခြင်းများရှိပါသည်။ အင်းဝမြို့ကြီး အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်စသည်တို့ မသင့်မတင့်ရှိလာက ယတြာပြုကြသောစေတီ(၁၂)ဆူကို မုံရွေးဆရာတော်ဘုရားကြီး စီရင်သည့် စေတီယကထာ၌ တွေ့ရှိရပါသည်။ အင်းဝမင်းအဆက်ဆက် အထူးအလေးထား၍ ယတြာပြုသောစေတီများ ဖြစ်ခြင်းကြောင့်သာ စာပေ၌ အရေးတယူ မှတ်တမ်းတင်ထားခြင်း ဖြစ်နိုင်ပါသည်။ ထိုစေတီ (၁၂) ဆူ၏ ဘွဲ့တော်များမှာ ရွှေရင်းရဲ၊ ထီးလှိုင်ရှင်၊ ဂူတော်သစ်၊ ရွှေစည်းခုံ၊ ရာဇမဏိစူဠာ၊ စွယ်တော်စင်၊ ရွှေအုံးပေါက်၊ ရွှေမုဋ္ဌောမြို့တွင်းများတွင် ယတြာပြုသောအခါ၌ တံခွန် (၁၂) တိုင်၊ ဆွမ်း (၁၂) ကလပ်၊ ရေချမ်း (၁၂) လုံး၊ ရွှေပြား (၁၂) ပြား စသဖြင့် တစ်မျိုးလျှင် (၁၂) ခုနှစ်နှုန်း၊ လှူဒါန်းပူဇော်၍ ယတြာပြုကြပါသည်။

ထိုသို့ အင်းဝမင်းအဆက်ဆက်




www.burmeseclassic.com

www.burmeseclassic.com




ရွှေရင်းရဲစေတီအား ဖူးတွေ့ရစဉ်



ထီးလှိုင်ရှင်စေတီကြီးကို ဖူးတွေ့ရစဉ်



ကျန်စစ်သားမင်းကောင်းမှု ထီးလှိုင်ရှင်စေတီအောင်မြေဟု ကမ္ပည်းထိုးထားသောနေရာ



ပင်းယမင်းသီဟသူကောင်းမှု ဂူတော်သစ်စေတီ

ယတြာပြုခဲ့သော စေတီ (၁၂) ဆူကို ယခုအခါ၌ သိသူနည်းပါးလျက်ရှိပါသည်။ အချို့စေတီများကို ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်သူများရှိခဲ့ခြင်းကြောင့် ယခုထိတိုင် ထင်ရှားစွာ တွေ့နိုင်ပါသည်။ သို့သော် ယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာအနေနှင့်ကား တန်ဖိုးလျော့သွားပါသည်။ အချို့စေတီများမှာ အုတ်ပုံဘဝရောက်နေပြီး ကုန်းမို့မို့အနေဖြင့်သာ မြင်တွေ့ရပါသည်။ အချို့စေတီမှာ မည်သည့်နေရာတွင်ရှိမှန်းပင်မသိတော့ဘဲ လုံးဝပျောက်ကွယ်နေပါသည်။

ထို့ကြောင့် အဆိုပါစေတီများဆက်၍ ပျောက်ကွယ်မသွားစေရန်အတွက် စေတီများတည်ရှိရာနေရာနှင့် တကွ တည်ခဲ့သူ ဒကာအမည်များကိုပါ တက်အားသရွေ့ရှာဖွေ၍ မှတ်တမ်းတင်ဖော်ပြလိုပါသည်။ ထိုသို့ မဖော်ပြမီ ယတြာပြုရခြင်း၏ အဓိကအကြောင်းရင်းကြီးများဖြစ်သော အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်ဟူသော စကားများ၏ အဓိပ္ပာယ်ကို ဦးစွာရှင်းပြလိုပါသည်။

**အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်**

နိမိတ်ဟူသောစကား၏အဓိပ္ပာယ်ကို ဆရာကြီး မင်းသုဝဏ်က နိမိတ္တ ဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး ဖြစ်လတ္တံ့သော အကောင်း၊ အဆိုးတို့ကို ကြိုတင်ညွှန်ပြသည်ဟု ယူမှတ်ကြသော အကြောင်းအချက်ဟူ၍ ဖွင့်ဆိုထားပါသည်။ မန္တလေး သူရိယ အယ်ဒီတာ ဆရာနိုင်ကလည်း နိမိတ်ဟူသောစကား၏ အဓိပ္ပာယ်ကို အ ကျိုးမဖြစ်ပေါ်မီ အကြောင်း၏ ရှေးဦးစွာ ဖြစ်ပေါ်လာသည်ကို နိမိတ်ဟု ခေါ်ကြောင်း ဖွင့်ဆိုထားပါသည်။ ထိုနိမိတ်တွင်လည်း မဝေးလွန်း၊ မနီးလွန်းသောကာလအတွင်း ဖြစ်ပေါ်လာသောနိမိတ်ကို ဥပ္ပါဒနိမိတ်ဟူ၍ နှစ်မျိုးရှိပါသည်။

စနည်း၏ အဓိပ္ပာယ်ကို အမတ်ကြီး မဟာဓမ္မသင်္ကြံ စီရင်သော နေမိတ္တကဝိဇ္ဇာကျမ်း၌ ဤအမှု ဤသို့ဖြစ်မည်၊ မဖြစ်မည်ကို ထင်ရှားသိသာပါစေ ရည်စေလျက် သူတစ်ထူးထံ မထင်မရှားစကားကို နားခံလျှင် နတ်တို့ပံ့ပြင်သဖြင့် ကြားသိရသောစကားကို စနည်းဟုခေါ်ကြောင်း ဖွင့်ဆိုထားပါသည်။ မန္တလေး သူရိယအယ်ဒီတာဆရာနိုင်က စနည်းကို ရှေးက စကားနည်းဟု ခေါ်ကြောင်း၊ နောက်မှ 'ကား' ပျောက်၍ စနည်း ဖြစ်



www.burmeseclassic.com


www.burmeseclassic.com

သာကြောင်း။ ထို့ပြင် စနည်း၏အဓိပ္ပာယ် ကိုလည်း လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူကောင်းဖြစ်စေ၊ လူရူးဖြစ်စေ၊ သဘင်သည်ဖြစ်စေ၊ သဘင်သည်မဟုတ်သော သူဖြစ်စေ အလုံးစုံသောသူတို့၏ပါးစပ် ထွက်သော နည်းပြုမှတ်သားဖွယ် ရှိသော တစ်စုံတစ်ခုသောစကားကို ဆိုကြောင်း ဖွင့်ဆိုထားပါသည်။

တဘောင် ဟူသော စကားကို လည်း နေမိတ္တကဝိဇ္ဇာကျမ်း၌ သူငယ်တို့ ပြောတမ်း ကြွေးကြော်ကြသော စကား ကိုဆိုကြောင်း ဖွင့်ပြထားပါသည်။ ဆရာနိုင်က တဘောင် ဟူသည်မှာ ယံဥပ္ပဇ္ဇိဿတိ၊ တံပဋိစ္စဘဝတီတိ - တဘောင်။ ။ ယာဂီတိ - အကြင်သီချင်းသည် ယံ - အကြင်အမှုကိစ္စ တစ်စုံတစ်ခုသည်၊ ဝါ - အကျိုးတစ်စုံတစ်ခုသည်၊ ဥပ္ပဇ္ဇိဿတိ - နောင်၌တွေ့ကြုံရလတ္တံ့။ တံ - ထိုတွေ့ကြုံရလတ္တံ့ဖြစ်သော အမှုကိစ္စတစ်စုံတစ်ခုကို၊ ဝါ - အကျိုးတစ်စုံတစ်ခုကို၊ ပဋိစ္စ - စွဲ၍၊ ဘဝတိ - ဖြစ်ပေါ် လာ၏။ ဣတိတသ္မ - ထို့ကြောင့်၊ တဘောင် - တဘောင် မည်၏။ ဤဝစနတွေအားလျော်စွာ တွေ့ကြုံစံစားရလတ္တံ့ ဖြစ်သော တစ်စုံတစ်ခုသောအကျိုးကို စွဲ၍ သီချင်းကို တဘောင် ခေါ် သည်ဟု ဆိုထားပါသည်။ ထို့ကြောင့် တဘောင် ဟူသည် သီချင်းတေးကဗျာကိုသာယူရ ပါမည်။




ရွှေ်တော်စင်စေတီ သရက်ကင်းလေ့ကားမှ ပန်းတော့လက်ရာများ



မင်းကြီးစွာစော်ကဲကောင်းမှု ရွှေစည်းခုံစေတီ



သာလွန်မင်းတရားကြီးကောင်းမှု ရာဇမဏိစူဠာစေတီ



ပြိုပျက်နေသော စွယ်တော်စင်စေတီအား တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

အတိတ် ဆိုသည်မှာလည်း အထွေအထူး အဓိပ္ပာယ်ဖွင့်ဆိုစရာမရှိပါ။ ထိုတဘောင်၊ စနည်းများကိုပင် အတိတ်ဟု ဆိုပါသည်။ ရှေးက စနည်းနှင့် တဘောင်နာစေရာတွင် စနည်းကို တောင်၊ တဘောင်ကို မြောက် ဟူ၍ ခွဲခြားကြပါသည်။ စနည်းနာလိုလျှင် တောင်အရပ်သို့သွားရသည်။ တဘောင်နာလိုလျှင် မြောက်အရပ်သို့ သွားရပါသည်။

### မဃဒေဝလင်္ကာသစ်

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မသိတာမရှိဟု ကျော်ကြားတော်မူသော မန်လည်ဆရာတော်ဘုရားကြီး စီရင်သည့် မဃဒေဝလင်္ကာသစ်၌ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်များအကြောင်းကို ထံည့်သွင်းဖွဲ့ဆိုထားပါသည်။ လင်္ကာဖြင့်ရေးဖွဲ့ထားသောကြောင့် ကျက်မှတ်ရလွယ်သဖြင့် ထုတ်နုတ်ဖော်ပြပါဦးမည်။

မဃဒေဝလင်္ကာသစ် ပိုဒ်ရေ (၁၉၃) ၌ -

*'တိုင်းပြည်အခင်း၊ မင်း၏အတွက်၊ ထိုနှစ်ချက်တို့ ဖြစ်ပျက်ခါနီး လူ့နှုတ်သီး၌ ကပ်မီးရောယောင်၊ နတ်တို့ပေါင်း၍ တဘောင်နိမိတ် ကောင်းဟိတ်ဆိုးမှုပြလာပြုလျက်၊ ပြည်သူ့လေ့လာ များတတ်စွာ၏။ လူ့ရွာစဉ်ရေး မှတ်တရေးလည်း ကလေးတမည် သဘင်သည်တစ်ဦး အရူးခေါ်ရိုး ဤသုံးမျိုးတို့ ကောင်း-ဆိုးတဘောင်၊ နိမိတ်ကောင်းတည်၊ ပြောင်လှောင်ပျက်ပြယ်၊ ဆန်းကြယ်ဆိုမည် သဘင်သည်နှင့် တမည်သူရူး၊ ဤနှစ်ဦးကား အထူးမည်မှည့်၊ ပြည်၏စနည်း ပြည်ဆည်းလည်းတည့်၊ ကြည်းကြည်းရှင်ပျော်၊ တကြော်ကြော်ဖြင့်၊ ဟစ်အော်မြူးရယ်၊ လူသူငယ်မူ၊ လူဝယ်ခေါ်နည်း၊ အိမ့်ဆည်းလည်းတည့်၊ မှတ်တည်းရှေးသူ၊ နိမိတ်မူ၏'*

ဟု ဖွဲ့ဆိုထားပါသည်။




တောင်ကုန်းသဖွယ်ဖြစ်နေသော ရွှေအုံးပေါက်စေတီ

### ရွှေရင်းရဲစေတီ

အတိတ်၊နိမိတ်၊စနည်း၊တဘောင် ဟူသော စကားများ၏ အဓိပ္ပာယ်ကို သိသာလောက်ပါပြီ။ ဆက်၍ စေတီ (၁၂) ဆူ တည်ရှိရာနေရာနှင့်တကွ နောက်ခံသမိုင်းအကျဉ်းတို့ကိုပါ တွဲ၍ သုတေသနအမြင်ဖြင့် တင်ပြပါဦးမည်။

ရွှေရင်းရဲစေတီသည် အင်းဝမြို့ မြောက်မျက်နှာစည်တိုပုံ ဒုတိယမြို့ရိုး



ရွှေမုဋ္ဌောစေတီအနောက်မျက်နှာမြင်ကွင်း

www.burmeseclassic.com


www.burmeseclassic.com



ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းနေသော မြို့တွင်းဟူမြူစေတီ



အင်းဝမြို့မြောက်မျက်နှာ၌ရှိသော မြတ်သိန်းတန်စေတီကို ဖူးတွေ့ရစဉ်



ရွှေတန်ဆာစေတီ

အတွင်း လေသာယင်းရဲတံခါးအနီး၌ တည်ရှိသည်။ သိရိမင်္ဂလာသောကမင်း တောင်းမူဟု သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားပါသည်။ မူလက မြို့ရိုး အပြင်ဘက် ဧရာဝတီမြစ်ကမ်းဘေး ယင်းရဲကျောက်ဆောင်ပေါ်၌ တည်ရှိပါသည်။ မြစ်ရေတိုက်စား၍ ပြိုသောအခါ တွင် အင်းဝမြို့ ဒုတိယနန်းစံမင်းကြီး စွာစော်ကဲက မြို့ရိုးအတွင်းသို့ ပြောင်းရွှေ့တည်ထားခဲ့ခြင်း ဖြစ်သည်။ စေတီတွင် လေးမျက်နှာမုခ်များပါရှိ၍ မုခ်များ အတွင်း၌ ရုပ်ပွားတော်တစ်ဆူစီ ကိန်းဝပ် စံပယ်လျက်ရှိပါသည်။ ယခုမြင်တွေ့ရသော စေတီကြီး၏ အနေအထားမှာ မူလယဉ်ကျေးမှုလက်ရာ ဟူ၍ သိပ်မတွေ့ရတော့ပါ။ နောက်လူတို့ ပြုပြင်မွမ်းမံထားသော မျက်မှောက်ခေတ်လက်ရာအနေနှင့်သာ တွေ့ရပါသည်။

## ထီးလှိုင်ရှင်စေတီ

ထီးလှိုင်ရှင်စေတီသည် စည်တိုပုံ ဒုတိယမြို့ရိုးအတွင်း နန်းတော်ရာ၏ အရှေ့မြောက်အရပ် နန်းမတော်မယ်နု ကျောင်းကြီးအနီး၌ တည်ရှိပါသည်။ အင်းဝမြို့တွင် အမြင့်ဆုံးကုန်းမြေဖြစ်သည့် မင်းဝံတောင်စွန်းပေါ်၌ တည်ရှိ၍ ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကောင်းမှုဟု ရာဇဝင်များ၌ ဖော်ပြကြပါသည်။ ကျန်စစ်သားသည် ထီးလှိုင်ရှင်စေတီ တည်မည့် မင်းဝံတောင်ကုန်း၌ တပ်ကြီးစု၍ ငရမန်ကန်း၏စစ်တပ်ကိုနိုင်အောင် တိုက်နိုင်ခဲ့သောကြောင့် မင်းဝံတောင် ကုန်းကို အောင်မြေအဖြစ် သတ်မှတ်ကာ ထီးလှိုင်ရှင်စေတီကို တည်ထားခဲ့ခြင်း ဖြစ်သည်။ ပုဂံခေတ်ကစေတီဖြစ်သော်လည်း ယခုမြင်တွေ့ရသော စေတီကြီး၏ပုံစံမှာ ပုဂံယဉ်ကျေးမှုလက်ရာဟူ၍ တစ်ခုမှမတွေ့ရတော့ပါ။ ထို့အတူ ပုဂံ ခေတ်နောက်ပိုင်းကာလများဖြစ်သည့် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်လက်ရာများလည်း မတွေ့ရပါ။ ယခု မျက်မှောက်ခေတ်တွင် ပြန်ပြင်ထားသောခေတ်လက်ရာအနေဖြင့်သာ တွေ့ရပါသည်။ စေတီကြီးကို ပြန်လည်ပြုပြင်သူများသည် သဒ္ဓါတရားကို ရှေ့ထား၍ ပြုပြင်ခဲ့ခြင်းကြောင်း ခေတ်လက်ရာတန်ဖိုးကို ဂရုမပြုမိဘဲ စေတီတော်ကြီးပြီးစီးရေးကိုသာ ဂရုစိုက်ခဲ့သဖြင့် ခေတ်ဟောင်းယဉ်ကျေးမှုလက်ရာများကွယ်ပျောက်ခဲ့ခြင်း ဖြစ်ပါသည်။

## ဂူတော်သစ်စေတီ

ဂူတော်သစ်စေတီသည် စည်တိုပုံ ဒုတိယမြို့ရိုးအတွင်း ကျော်ဘုံတံခါးဝင်ဝင်ချင်း အနောက်ဘက်၌ ကပ်လျက် တည်ရှိသည်။ မြန်မာနှစ် ၆၇၁ နှစ်တွင် ပင်းယမင်း တစ်စီးရှင်သီဟသူတည်ထားခဲ့ခြင်း ဖြစ်သည်။ သီဟသူမင်းသည် ပင်လယ်မြို့၌စံနေစဉ်ကပင် အင်းဝမြို့နေရာကို ပထမဆုံးမြို့တည်ရန်ကြံဖူးသူဖြစ်သည်။ သို့သော် မြို့ဖြစ်အောင် မတည်နိုင်သဖြင့် အင်းဝမြို့နေရာမှ တောင်အရပ်သို့ပြောင်း၍ ပင်းယမြို့ကို တည်ခဲ့ခြင်း ဖြစ်သည်။ ဂူတော်သစ်စေတီကို သီဟသူမင်းသည် အင်းဝမြို့နေရာ၌ မြို့သစ်တည်ရန် ကြံစည်စဉ်ကပင် တည်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဂူတော်သစ်စေတီသည် အင်းဝမြို့ထက် နှစ်ပေါင်း (၅၀) ကျော်စော၍ တည်ခဲ့သည့် ပင်းယမြို့ထက်ပင် သုံးနှစ်စောပေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂူတော်သစ်စေတီသည် လိုဏ်ပါသောစေတီမျိုးဖြစ်ပြီး ပန္နက်ပုံစံမှာ ပုဂံမြို့ရှိ အာနန္ဒာစေတီကြီးနှင့် တူပါသည်။ သို့သော် အာနန္ဒာစေတီကဲ့သို့ အတွင်း၌ လှည့်ပတ်ကြည့်ရှုနိုင်သော စင်္ကြံလမ်းများ မပါရှိပါ။ ခေတ်လက်ရာအနေဖြင့်လည်း ဂူတော်သစ်စေတီသည် အင်းဝတစ်မြို့လုံးတွင် အစောဆုံး ဖြစ်သည်။ ပုဂံခေတ်နှောင်းလက်ရာဟု ဆိုရပါမည်။ စေတီကြီး၏မုခ်တံကဲများ၊ စိုပေါင်များ၊ ရာမလက်ညှိုးများ၊ ငှက်ပျောဖူးများသည် ပုဂံယဉ်ကျေးမှုအငွေ့အသက်များစွာပါဝင်သောလက်ရာများ ဖြစ်သည်။ စေတီလိုဏ်ပေါ်၌ အထွတ်စေတီငယ်တင်ထားသည်ကို တွေ့ရပါသည်။ အထွတ်စေတီမှာ အောက်လိုဏ်ကဲ့သို့ ရှေးကျသောလက်ရာများမရှိပါ။ နောက်လူတို့ ပြန်လည် ပြင်ဆင်ထားသောကြောင့် ယခုခေတ်လက်ရာအနေဖြင့်သာ တွေ့ရပါသည်။ နဂိုမူလ အထွတ်စေတီပြိုကျနေသောကြောင့် နောက်အလှူရှင်များက ပြန်ပြင်ထားခြင်း ဖြစ်နိုင်ပါသည်။

**ရွှေစည်းခုံစေတီ**

ရွှေစည်းခုံစေတီကြီးမှာ စည်တိုပုံ ဒုတိယမြို့ရိုး၏အနောက်တောင်ထောင့်၌ တည်ရှိသည်။ မြန်မာနှစ် ၇၄၅ ခုနှစ်၌ အင်းဝဘုရင်မင်းကြီးစွာစောကဲ တည်ထားခဲ့သည်။ ပစ္စယံသုံးဆင့်ပါ၍ မကန်းရုပ်နတ်လှေကားများ၊ စေတီရံများနှင့် တင့်တယ်စွာ တည်ထားပါသည်။ အင်းဝတစ်မြို့လုံးရှိ ထုထည်ကြီးမားသောစေတီများတွင် တစ်ဆူအပါအဝင် ဖြစ်သည်။ စေတီကြီးတွင် ရှေ့မျက်နှာနှင့် မြောက်မျက်နှာတံတိုင်းများ၌ အုတ်လှေကားများရှိသော်လည်း တောင်မျက်နှာနှင့် နောက်မျက်နှာများ၌ တံတိုင်းနှင့် လှေကားမရှိပါ။ စည်တိုပုံ ဒုတိယမြို့ရိုးကြီးက ဘုရားတံတိုင်းများသဖွယ် ကာရံထားသောကြောင့် လှေကားများမလုပ်ဘဲ ချန်ထားခဲ့ခြင်း ဖြစ်နိုင်ပါသည်။ စေတီတော်ကြီး၏ရင်ပြင်တော်မှာလည်း မြို့ရိုးနှင့် တစ်ပြေးညီစွာတည်ရှိနေသောကြောင့် အဝေးကလှမ်းကြည့်လျှင် ထင်ရှားစွာဖြင့် ဖူးမြင်နိုင်သော စေတီကြီးဖြစ်သည်။

**ရာဇမဏိစူဠာ**

ရာဇမဏိစူဠာ စေတီတော်ကြီးသည် စစ်ကိုင်းမြို့အနောက်မြောက် (၆) မိုင်အကွာ မုံရွာ-စစ်ကိုင်းကားလမ်း၏ မြောက်ဘက်၌ ကပ်လျက်တည်ရှိသည်။ မြန်မာနှစ် ၉၉၈ ခု၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့၌ အင်းဝဘုရင် သာလွန်မင်းတရားကြီး တည်ထားခဲ့သည့်စေတီတော်ကြီး၏ ပုံစံမှာ ပစ္စယံသုံးဆင့်ရှိ၍ သပိတ်မှောက်ပုံသဏ္ဌာန်တည်ထားခြင်း ဖြစ်သည်။ စပါးများစုပုံထားသည့်ပုံစံနှင့်တူသောကြောင့် စပါးပုံသဏ္ဌာန်စေတီဟု အချို့ဆိုကြပါသည်။

ရာဇဝင်များတွင်ဖော်ပြထားသည်မှာ သာလွန်မင်းတရားကြီးသည် ပြည်မြို့၌ ခေတ္တစံနေတော်မူစဉ် ဒွတ္တဘောင်မင်းကြီးကောင်းမှု သရဘာစေတီကို မြင်၍ ထိုစေတီပုံသဏ္ဌာန်အတိုင်း ရာဇမဏိစူဠာစေတီကို တည်ထားခဲ့သည်ဟု ဆိုကြပါသည်။ စေတီကြီး၏ဉာဏ်တော်အမြင့်မှာ အတောင် (၁၀၁)၊ လုံးပတ် (၅၀၂) တောင်၊ (၂) မိုက်၊ (၄) သစ်ရှိပါသည်။ ရာဇမဏိစူဠာစေတီတည်ရာတွင် အုတ်ပေါင်း (၉၉၅၆၅၅၅)၊ သရွတ်ပေါင်း (၅၃၂၆၅၅၅)၊ အင်္ဂတေပေါင်း (၅၅၆၄၈) တင်းရှိသည်ဟု မုံရွေးဆရာတော်ဘုရားမှတ်စု၌ ဖော်ပြထားပါသည်။ ရာဇမဏိစူဠာစေတီသည် 'ကောင်းမှုတော်' ဟူသော ဘွဲ့အမည်တစ်မျိုးဖြင့်လည်း ထင်ရှားပါသည်။ ယခုအခါ၌ မူရင်းရာဇမဏိစူဠာဘွဲ့အမည်ထက် ကောင်းမှုတော် ဟူသော ဘွဲ့အမည်တော်က ပိုထင်ရှား၍ လူသိများပါသည်။

**စွယ်တော်စင်စေတီ**

အင်းဝမြို့အတွင်းဘက်ဆုံး ပထမမြို့ရိုးရှေ့မျက်နှာတံခါးဝင်ဝင် ဘယ်ဘက်၌ စွယ်တော်ဝင်စေတီ ရှိပါသည်။ စွယ်တော်ဝင်မြောက်ဘက်၌ ပဟိုရ်စင်နေရာရှိ၏။ ပဟိုရ်စင်အနောက်မြောက်နားကပ်လျက်တွင် လွှတ်တော်နေရာရှိပါသည်။ ယခုမြင်တွေ့နေရသော စွယ်တော်စင်၏အနေအထားမှာ တော်တော်ပျက်စီးနေပြီဖြစ်သည်။ အပျက်အစီးများကြား၌တွေ့ရသော ပန်းတော့လက်ရာများမှာ ကောင်းမွန်လှပါသည်။ နရားရုပ်ပန်းတော့များ၊ စိန်ထောင်များမှ ပန်းတော့များ၊ သရက်ကင်းလှေကားများမှ ကနုတ်ပန်းတော့လက်ရာများသည် စတုတ္ထအင်းဝခေတ်လက်ရာများဖြစ်ပါသည်။ မယ်နုအုတ်ကျောင်းနှင့်တစ်ခေတ်တည်းပင် ဖြစ်သည်။ သို့သော် စွယ်တော်စင်စေတီသရက်ကင်းလှေကား ကနုတ်ပန်းတော့လက်ရာများသည် မယ်နုအုတ်ကျောင်းသရက်ကင်းလှေကားမှ ကနုတ်ပန်းတော့များထက် ပို၍အနုစိတ် ပို၍လှပါသည်။ စွယ်တော်စင်မှ ပန်းတော့လက်ရာများသည် စတုတ္ထအင်းဝခေတ်လက်ရာများဖြစ်သောကြောင့် စွယ်တော်စင်စေတီကို ဘကြီးတော်ဘုရားတည်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အင်းဝမြို့၌ စွယ်တော်စင် တည်ထား ကိုးကွယ်သည့်ဓလေ့သည် ပထမအင်းဝခေတ်ကရှိခဲ့ဟန်မတူပါ။ ဒုတိယအင်းဝခေတ်ဟုခေါ်သော ညောင်ရမ်းခေတ်ရောက်မှ စတင်ခဲ့သည်ဟု ထင်ပါသည်။ မြန်မာဘုရင်များတွင် နန်းတော်ဦး၌ စွယ်တော်စင် တည်ထား ကိုးကွယ်သည့်ဓလေ့ကို ပထမဆုံးစတင်ခဲ့သောမင်းမှာ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး ဖြစ်သည်။ အင်းဝမြို့ကို ဒုတိယမြောက် ပြန်လည် တည်ထောင်ခဲ့သော ညောင်ရမ်းမင်းတရားကြီးသည် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သားတော်တစ်ပါးဖြစ်ခြင်းကြောင့် နန်းတော်ဦး၌ စွယ်တော်စင် တည်ထား ကိုးကွယ်သည့် ဓလေ့ကို ဖခင်ထံမှ အမွေဆက်ခံ၍ အင်းဝသို့ သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်ဟု ထင်ပါသည်။

**ရွှေအုံးပေါက်စေတီ**

ရွှေအုံးပေါက်စေတီသည် ပထမမြို့ရိုး၏ နောက်ဘက်၊ ဒုတိယမြို့ရိုးအတွင်း မိုက်စုရပ်ကွက်အတွင်း၌ တည်ရှိပါသည်။ ရွှေအုံးပေါက်စေတီ တည်ခဲ့သော ဒကာ၏ အမည်ကို မသိရပါ။ သတိုးမင်းဖျား အင်းဝမြို့ကို ပထမဆုံးစတည်စဉ်အချိန်က စေတီအချို့ကို ပြန်လည်ပြုပြင်ရာတွင် ရွှေအုံးပေါက်စေတီလည်း ပါဝင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရွှေအုံးပေါက်စေတီသည် ပထမအင်းဝမြို့မတည်ခင်ကတည်းက ရှိခဲ့ပြီးသော စေတီတစ်ဆူဟု ဆိုနိုင်ပါသည်။ ယခုမြင်တွေ့ရသော ရွှေအုံးပေါက်စေတီတော်၏ အနေအထားမှာလည်း စေတီ ဟူ၍ ပီပီပြင်ပြင်တစ်ခုမှ မတွေ့ရတော့ပါ။ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေသော ကုန်းမို့မို့အသွင်ဖြင့်သာ တွေ့ရပါသည်။ မို့နေသောမြေများနှင့် ချုံများကို ရှင်းကြည့်မည်ဆိုလျှင် စေတီတော်ကြီး၏ ဖိနပ်တော်ပတ်လည်နှင့် ပစ္စယံများလောက်တော့ တွေ့မြင်နိုင်သေးသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ရွှေမုဋ္ဌောစေတီ**

ရွှေမုဋ္ဌောစေတီသည် ဒုတိယမြို့ မြို့အတွင်း ကျော်ဘုံတံခါးရှေ့ဘက် အချုပ်တန်းရွာဦး၌တည်ရှိသည်။ စေတီတော်ကြီး၏ဖိနပ်တော်သည် ဒုတိယမြို့ မြို့အမြင့်နှင့် တညီတည်းတည်ရှိပါသည်။ စေတီကြီး၏ မြောက်ဘက်ဘေး၌ ကပ်လျက် ရွှေမုဋ္ဌောကျောင်းတိုက်ရှိပါသည်။ စေတီတော်ကြီးကို အင်္ဂါရပ်စုံလင်စွာဖြင့်ဖူးတွေ့ရပါသည်။ ဤစေတီတည်ခဲ့သော ဒကာ၏ အမည်ကို မသိရပါ။ မုံရွေးဆရာတော်ဘုရားကြီး စီရင်သော ရာဇဝင်ချုပ်တွင် ကျောက်စာရှိသော စေတီများကို မှတ်တမ်းတင်ပြရာ၌ ရွှေမုဋ္ဌောစေတီသည် ကျောက်စာရှိသည်ဟု တွေ့ရပါသည်။ သို့သော် ယခုအခါ ထိုကျောက်စာသည် ပျောက်နေပါသည်။ အကယ်၍ ပျောက်နေသော ကျောက်စာပြန်တွေ့မည်ဆိုပါက စေတီတည်သူဒကာ၏အမည်ကို သိနိုင်မည်ဟု ထင်ပါသည်။

**မြို့တွင်းဂူဖြူစေတီ**

မြို့တွင်းဂူဖြူစေတီမှာ ဂူတော်စေတီတော်ကြီး၏ မြောက်ဘက်၌ကပ်လျက်တည်ရှိပါသည်။ စေတီကြီး၏လုံးပတ်မှာ ပြိုကျနေပြီး ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်နေပါသည်။ ခေတ်လက်ရာခွဲခြားရန်အတွက် စေတီတော်ကြီး၏အနားသို့သွားရန်ပင် မလွယ်ကူပါ။ ပြိုကျနေသော စေတီကုန်းမို့မို့ကြီးနှင့် ရင်ပြင်တော်ပေါ်၌ ချုံနွယ်များပိတ်ခနေသောကြောင့် စေတီကြီး၏ တံတိုင်းအပြင်ဘက်ကသာ ကြည့်ခဲ့ရပါသည်။ ပိတ်ဖုံးနေသော ချုံနွယ်များကို ရှင်း၍ကြည့်မည်ဆိုပါက စေတီကြီး၏ ပန်းတော့လက်ရာများကိုကြည့်၍ ခေတ်ကာလကို ခန့်မှန်းနိုင်မည်ဟု ထင်ပါသည်။

**ရွှေတန်ဆာစေတီ**

ရွှေတန်ဆာစေတီတော်ကြီးသည် တတိယမြို့ရိုးကြီးအတွင်း ဟံသာဝတီတံခါးမြောက်ဘက်၊ အနောက်ဘက် မဲထီးကျောင်းဦး၌တည်ရှိပါသည်။ စေတီတော်မှာ ပန်းတင်ခုံပါရှိ၍ စေတီ၏ရှေ့မျက်နှာ၌ မုခ်နှစ်ထပ်လိုဏ်တစ်ခုပါရှိပါသည်။ မုခ်များရှိ တုရင်များ၊ ကျေးကွေးများမှာ ကုန်းဘောင်ခေတ်နှောင်းလက်ရာများ ဖြစ်ပါသည်။ စေတီတော်ကြီး၏အချို့နေရာများကို အနည်းငယ်ပြန်လည်ပြုပြင်ထားသည်မှအပ ကုန်းဘောင်ခေတ်နှောင်း လက်ရာအတိုင်း တွေ့မြင်ရပါသည်။ ကုန်းဘောင်ခေတ်ဘုရင်များ ပြန်လည်ပြုပြင်ထားသည်ဟု ထင်ရပါသည်။ ရွှေတန်ဆာစေတီကို အချို့မှတ်တမ်းငယ်များ၌ မင်းကြီးရန်နောင် မကွရာသို့ တောမထွက်မီ လက်ဝတ်ရွှေတန်ဆာများကို ဌာပနာထည့်ကာ တည်ထားခဲ့သောစေတီဖြစ်သည်ဟု ဖော်ပြကြပါသည်။ ရာဇဝင်ကြီး၊ ရာဇဝင်သစ်၊ မှန်နန်းရာဇဝင်တော်ကြီးများ၌ မပါရှိခြင်းကြောင့် အစဉ်အဆက်ပြောလာသော ပါးစပ်ရာဇဝင်တစ်ခုအနေဖြင့်သာ မှတ်သားထားရမည် ဖြစ်သည်။

**မြတ်သိန်းတန်စေတီ**

မြတ်သိန်းတန်စေတီဟူသော ဘွဲ့အမည်ဖြင့် အင်းဝမြို့အတွင်း၌ နှစ်ဆူရှိပါသည်။ နှစ်ဆူလုံးအပြင် မြို့ကြီးအတွင်း၌ရှိပါသည်။ တစ်ဆူမှာ အပြင်မြို့ကြီးမြောက်မျက်နှာ၊ တနင်္သာရီတံခါး၏နောက်ဘက် ကပ်လျက်ရှိပါသည်။ တောင်မျက်နှာ၌ရှိသော မြတ်သိန်းတန်စေတီမှာ နဂိုမူလလက်ရာအတိုင်းရှိသော်လည်း စေတီမှာ ပြိုကျနေပါသည်။ မူလလက်ရာဟု ဆိုသော်လည်း ကုန်းဘောင်ခေတ်ထက်မစောသောလက်ရာများ ဖြစ်ပါသည်။ မြောက်မျက်နှာ၌ရှိသော မြတ်သိန်းတန်စေတီမှာ နဂိုမူလလက်ရာ မရှိတော့ပါ။ ယခုခေတ် ပြန်လည်ပြုပြင်ထားသောအနေအထားဖြင့်သာ ဖူးတွေ့ရပါသည်။ မြတ်သိန်းတန်ဘွဲ့အမည်စေတီနှစ်ဆူတွင် မြောက်မျက်နှာ၌ရှိသော မြတ်သိန်းတန်စေတီသာလျှင် ရှေးက ယတြာပြုကြသော စေတီဖြစ်ပါသည်။ ဤစေတီနှစ်ဆူကို တည်ခဲ့သော ဒကာ၏ အမည်ကိုလည်း သမိုင်းမှတ်တမ်းများ၌ မတွေ့မိပါ။

**ရတနာထီးအုပ်စေတီ**

ရတနာထီးအုပ်စေတီကို စာပေမှတ်တမ်းများတွင်သာ တွေ့ရသော်လည်း မည်သည့်နေရာ၌ရှိမှန်းမသိရပါ။ စာပေများတွင်လည်း စေတီတော်၏ ဘွဲ့အမည်ကိုသာ တွေ့ရပြီး တည်ခဲ့သူဒကာ၏ အမည်ကို ဖော်ပြမထားပါ။ စေတီကြီးတည်ရှိရာနေရာကို အင်းဝမြို့တွင်းရှိ သက်ကြီးဝါကြီးပုဂ္ဂိုလ်ကြီးများကို မေးမြန်းသော်လည်း ရတနာထီးအုပ်စေတီတော်ကြီး၏ သဲလွန်စကိုရှာမတွေ့ပါ။ အချို့ဆို ရတနာထီးအုပ် ဟူသောဘွဲ့အမည်ကိုပင် မကြားဘူးဟု ဖြေကြပါသည်။ ဤသို့ဆိုလျှင် ရတနာထီးအုပ်စေတီသည် အစပျောက်နေပါသည်။ နှစ်ရှည်လများ တည်ရှိခဲ့ခြင်းကြောင့် သဘာဝဘေးအန္တရာယ်များနှင့် လူတို့၏ လုံ့လပယောဂကြောင့် ပျက်စီးခြင်းများထဲတွင် ရတနာထီးအုပ်စေတီပါသွားခဲ့သည်ဟု ထင်ပါသည်။ စေတီရှိသော်လည်း အမည်နှင့်တွဲ၍ မသိခြင်းကြောင့်လည်း ပျောက်ကွယ်နေသည်ဟုလည်း ထင်ရပါသည်။

ဤတွင် ရှေးက ယတြာပြုကြသော စေတီ (၁၂) ဆူပြည့်စုံပါပြီ။ စေတီ (၁၂) ဆူလုံး ခြုံငုံမိအောင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် စေတီများ၏သမိုင်းကို စုံလင်စွာ မဖော်ပြနိုင်ပါ။ တည်ခဲ့သူဒကာနှင့် ခေတ်လောက်ကိုသာ ဖော်ပြနိုင်ခဲ့ပါသည်။ စေတီ (၁၂) ဆူယတြာပြုခြင်းဓလေ့ကို လေ့လာ ဆန်းစစ်ကြည့်လျှင် ပထမအင်းဝခေတ်က ဤဓလေ့ရှိခဲ့ဟန်မတူပါ။ ဒုတိယအင်းဝခေတ်ဟုဆိုသော် ညောင်ရမ်းခေတ်ကျမှ စတင်ခဲ့သည်ဟု ထင်ပါသည်။ ထိုသို့ဆိုရခြင်းမှာလည်း စေတီ (၁၂) ဆူတွင် ညောင်ရမ်းခေတ်က တည်ခဲ့သော ရာဇမဏိစူဠာစေတီနှင့် စွယ်တော်စင်စေတီတို့ ပါဝင်နေသောကြောင့် ဖြစ်သည်။

စေတီ (၁၂) ဆူတွင် ငါးဆူမှာ စေတီတည်ခဲ့သူ ဒကာ၏ အမည်ကို သိရသော်လည်း ခြောက်ဆူမှာ တည်ရှိရာနေရာလောက်ကိုသာ သိရပါသည်။ ရတနာထီးအုပ်စေတီမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပျောက်ကွယ်ခဲ့ပါသည်။ ထို့ကြောင့် အင်းဝခေတ်က ယတြာပြုကြသော စေတီ(၁၂)ဆူ ဆက်၍ ပျောက်ကွယ်မသွားစေရန်အတွက် စေတီများ တည်ရှိရာနေရာနှင့်တကွ ယခုကဲ့သို့ မှတ်တမ်းပြုတင်ပြရခြင်း ဖြစ်ပါသည်။

ဗိုလ်ရှိတ် (ရတနာပူရ)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် ဒသကနိပါတ် ဗိဓူရကောသိယဇာတ်တော်တွင် ပဉ္စသီခနတ်သားအဖြစ်ဖြင့် အလွန်တရာကပ်စေးနှဲသည့် ဗိဓူရကောသိယသူဌေးကို ချေချွတ်ရာတွင် သိကြားမင်းနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ရပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။ သူသည် ယခင်ဘဝတုန်းက ဗာရာဏသီမြို့တော်၌ သူဌေးတစ်ယောက်ဖြစ်၍ အလှူပေးခြင်း၊ ကုသိုလ်ကောင်းမှုကို ရာသက်ပန်ပြုလုပ်ခဲ့၏။ ကွယ်လွန်ခါနီးသောအခါ မိမိ၏ ဒါနကောင်းမှုကို မိမိနည်းတူဆက်လက်၍ပြုလုပ်ရန် သားဖြစ်သူအား မှာကြားထားခဲ့၏။ ထိုသားဖြစ်သူသည် အရှင်သာရိပုတ္တရာအလောင်းအလျာဖြစ်၍ ဖခင်သူဌေးကြီး မှာကြားခဲ့သည့်အတိုင်း ဒါနကောင်းမှုကို ဆက်လက်၍ ပြုလုပ်လာခဲ့၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ စန္ဒနမည်သောနတ်သားဖြစ်လာ၏။ ထိုသူဌေး၏ သားဖြစ်သူ အရှင်မဟာမောဂ္ဂလာန်အလောင်းလျာသည်လည်း ဖခင်နည်းတူပင် ပြုလုပ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ သူရိယမည်သော နတ်သားဖြစ်လာ၏။ ထိုသူဌေး၏ သားဖြစ်သူ အရှင်မဟာကဿပအလောင်းလျာသည်လည်း ထို့အတူပင် ပြုလုပ်လာခဲ့၍ တာဝတိံသာနတ်ပြည်၌ မာတလိမည်သောနတ်သား ဖြစ်လာ၏။ ထိုသူဌေး၏သားဖြစ်သူ ညီတော်အာနန္ဒာအလောင်းလျာသည်လည်း ဖခင်နည်းတူပင် ပြုလုပ်လာခဲ့၍ တာဝတိံသာနတ်ပြည်၌ ပဉ္စသီခအမည်ရသော နတ်သားဖြစ်လာ၏။ ပဉ္စသီခနတ်သား၏ လူ့ဘဝတုန်းက သားဖြစ်သူသည်ကား ဗိဓူရကောသိယအမည်ရလေသည်။

ဘုရားအလောင်း သူဌေးဘဝမှစတင်၍ ရေတွက်သော် ခြောက်ခုမြောက်သောမျိုးဆက်ဖြစ်၏။ ထိုသူဌေးသား၏မျက်စိမှာ ကြောင်တို့၏မျက်စိနှင့်တူကာ ပြူးပြူးကြောင်ကြောင်ရှိနေ၍ ဗိဓူရကောသိယဟုအမည်တွင်လာ၏။ ဗိဓူရကောသိယသည် ကောင်းမှုရှင်၊ အလှူရှင်မိဘဘိုးဘွားတို့ထားရစ်ခဲ့သော ပစ္စည်းဥစ္စာမွေများကိုတော့ တစ်ခုမကျန်လက်ခံသိမ်းပိုက်ပါ၏။ သို့ရာတွင် မိဘဘိုးဘွားတို့ ကုသိုလ်ကောင်းမှုအမွေကိုတော့ လုံးဝ လက်မခံပါချေ။

ဖခင်သူဌေးကြီးကွယ်လွန်သွား၍ ဈာပနကိစ္စပြီးစီးသွားသည်နှင့် တစ်ပြိုင်နက် ဗိဓူရကောသိယသည် မိဘဘိုးဘွားများလက်ထက်က ရှိလာခဲ့သော အလှူပေးဇရပ်ကြီးကို အလုပ်သမားတို့အား ဖျက်ဆီးစေ၊ မီးပုံရှို့စေ၏။ ထို့နောက် ဇွတ်အတင်းကို တိုး၍ရောက်လာကြသော အလှူခံတို့ကိုလည်း ရိုက်ထုတ်နှင်ထုတ်စေ၏။ သို့ဖြင့် ဘုရားအလောင်းတော်သူဌေးကြီးလက်ထက်ကစတင်လာခဲ့သော မျိုးဆက်ငါးဆက်တိုင်တိုင် တည်မြဲလာခဲ့သည့် အလှူပေးခြင်းအစဉ်အလာသည် ဗိဓူရကောသိယလက်ထက်တွင် ပြတ်တောက်သွားပါတော့သည်။

အလောင်းတော် သိကြားမင်းသည် လူတို့၏ မျက်စိထက် အဆတစ်ထောင်သာလွန်၍ မြင်နိုင်စွမ်းရှိသော သိကြားမျက်စိဖြင့် လူ့ပြည်သို့ လှမ်းမျှော်ကြည့်ရှုရာ ထိုအကြောင်းအရာကို မြင်လိုက်ရ၏။ ဤတွင် စိတ်နှလုံးမချမ်းမသာဖြစ်ကာ ထိုအမွေခံသူဌေးအား သနားလှသဖြင့် ဒါနကောင်းမှု၏အကျိုးကျေးဇူးကြီးမားပုံကို ဟောပြောဆုံးမရန်အကြံရလာ၏။ သို့ဖြစ်၍ အလောင်းတော် သိကြားမင်းသည် စန္ဒနနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သားနှင့် ဂန္ဓဗ္ဗနွယ်ဖွား ပဉ္စသီခနတ်သားတို့ကိုပါ အဖော်ခေါ်၍ တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာခဲ့လေသည်။

ထိုအချိန် ဗိဓူရကောသိယသူဌေးသည် ကိစ္စတစ်ခုဖြင့် တိုက်အိမ်ကြီးမှထွက်လာခဲ့ပြီးလျှင် အမြင့်ဆုံးအုတ်တံတိုင်းတံခါးမုခ်ကို ကျော်လွန်လာခဲ့၏။ ထိုအနက်မှာပင် သိကြားမင်းသည် အလှူခံပုဏ္ဏားအယောင်ဆောင်ပြီးလျှင် ဗိဓူရကောသိယသူဌေး၏ ရှေ့မှောက်မှာရပ်၍ -

"အောင်ပါစေ သူဌေးကြီး၊ ကျွန်ုပ်က ခရီးသည်အလှူခံပုဏ္ဏားတစ်ယောက်ဖြစ်ပါတယ်။ ရောက်လေရာရွာက တွေ့ကရာ အိမ်အပေါက်ဝမှာရပ်ပြီး ထမင်းတောင်းစားနေကျ ဖြစ်ပါတယ်။ အဲဒါကြောင့် အသင်သူဌေးကြီးအိမ်ပေါက်ဝမှာလည်း ထမင်းတောင်းဖို့ ရပ်လာပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြရာ -

"ဘော့ပုဏ္ဏား၊ ဒီအိမ်ကတော့ မှာမဟုတ်ဘူး။ တခြားအိမ်တွေ ကောင်းချေ"

ဟု မချေမင်တုံ့ပြန်သဖြင့် -

"အသင်သူဌေးကြီး၊ သူများတွေ ကိုယ့်အိမ်မှာထမင်းမချက်ရသေးဘဲ ကောင်းမှု အလှူခံမြင်လိုက်ရင် လှူချင် စေးချင်စိတ်ကလေးပေါ် လာတတ် တယ်။ သင့်အိမ်မှာ ထမင်းတွေ ချက်ထားတာ အပြည့်အစုံရှိနေ၊ လှူ ရာတွေ အပြည့်အစုံရှိနေပါလျက်နဲ့ ကြဲနေတာကောင်းပါ့မလား။

အသင်သူဌေးကြီး၊ အလှူဆိုတာ ကုသိုလ်ကောင်းမှုပဲ ဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှုဟာ မပေးရက်လို စိတ်ကြောင့်လည်း ပျက်ကွက် ပါတယ်။ မေ့မေ့လျော့လျော့ ပေါ့ တန်တန်နေမိလို့လည်း ပျက်ကွက် ပါတယ်။ ဒါကြောင့်မို့ ပညာရှိသူ တော်ကောင်းများက ဒီအဖျက်တရား တွေကို ဖယ်ရှားပြီးတော့ ကုသိုလ် ကောင်းမှုကို ကြိုးစားပြီးပြုကြပါတယ်"

ဤကဲ့သို့ အလှူခံပုဏ္ဏားသိကြား မင်းက တရားသဘောကို ပြောပြသဖြင့် ရကောသိယသူဌေးမှာ ပစ်ပစ်ခါခါ မထုတ်ရက်တော့၍ -

"ကဲ - ဒီလိုဆို အိမ်ဝင်းထဲဝင်လာ ။ သင့်အတွက် ထမင်းတစ်လုတ်တစ် လောက်တော့ ရကောင်းရပါလိမ့် မယ်"

ဟု ဖိတ်ခေါ်လိုက်ရ၏။

ပထမဆုံး အလှူခံပုဏ္ဏား အိမ်ဝင်းထဲအရောက်တွင် စန္ဒနနတ်သား အလှူခံပုဏ္ဏားကလည်း သူဌေးကြီးရှေ့ မှောက်မှာရပ်လာ၍ -

"အို - သူဌေးကြီး၊ လူတွေမပေး ရက်ကြတာ၊ မလှူရက်ကြတာက ကိုယ့်မှာ ငတ်ပြတ်သွားမှာကြောက်လို့ဖြစ်ပါတယ်။ ဒီအကြောက်တရားရဲ့ နှိပ်စက်တာကို သူတို့ခံနေကြရပါတယ်။ အဲဒီလို ငတ်မှာပြတ်မှာကြောက်ပြီးတော့ မလှူဘဲနေလိုက်တာကြောင့်ပဲ မျက်မှောက်ဘဝမှာရော နောင်တမလွန်ဘဝမှာပါ ငတ်ငတ်ပြတ်ပြတ်ဖြစ်ကြရပါတယ်။

အို - သူဌေးကြီး၊ အဲဒီသဘောကြောင့် ပညာရှိသူတော်ကောင်းတို့ဟာ မပေးရက်လို ဝန်တိုတတ်တဲ့ စိတ်ယုတ် စိတ်ရိုင်းကို ပယ်ဖျောက်ပြီးတော့ မိမိစိတ်ကို အညစ်အကြေးမတင်အောင် စောင့်ရှောက်ပြီးတော့ ဒါန၊သီလစသည့် ပေါင်းစုံ မြတ်ကောင်းမှုကိုပြုကြပါတယ်။ သူတို့ပြုခဲ့ကြတဲ့ ကုသိုလ်ကြောင့်ပဲ သူတို့ဟာ သံသရာခရီးရှည်တစ်လျှောက်မှာ ထောက်ရာတည်ရာကိုရနိုင်ကြပါတယ်"

ဤသို့သော တရားစကားကို ပြောကြားနိုင်သဖြင့် စန္ဒနနတ်သား အလှူခံပုဏ္ဏားသည်လည်း အိမ်ဝင်း အတွင်းသို့ ဝင်ခွင့်ရသွား၏။ ဤတွင် သူရိယနတ်သား အလှူခံပုဏ္ဏားရောက် လာ၍ -

"အို - သူဌေးကြီး၊ အလှူပေးခြင်း ဆိုတဲ့ ကုသိုလ်ကောင်းမှုဟာ ပြုနိုင်ခဲတဲ့ အမှုဖြစ်ပါတယ်။ ပြုနိုင်ခဲတဲ့ ကုသိုလ် ကောင်းမှုကို ပညာရှိသူတော်ကောင်းတို့က မဖြစ်ဖြစ်အောင် ကြိုးစားပြီးပြုခဲ့ကြပါတယ်။ ဒါပေမယ့် သူတော်သူမြတ် မဟုတ်တဲ့သူတွေကတော့ ပညာရှိသူ တော်ကောင်းတို့ရဲ့အပြုအမူကို အတု မယူကြပါဘူး။

အို - သူဌေးကြီး၊ အဲဒီလို အတု မယူကြလို့လည်း ဒီမျက်မှောက်ဘဝမှာ လားရာဂတိမတူကြပါ။ မပေးရက်လို ဝန်တိုစေးနှဲတဲ့သူဟာ သေတော့ ငရဲအိုးမှာ ဇောက်ထိုးကျရတယ်။ ပေးလှူခြင်းမှာ မွေ့လျော်နေကြတဲ့ သူတော်ကောင်းများကတော့ သေတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်"

ဤပြောကြားချက်၏အဆုံးတွင်လည်း သူရိယနတ်သားအလှူခံပုဏ္ဏားသည် အိမ်ဝင်းအတွင်းသို့ ဝင်ခွင့်ရပြန်၏။ ထိုအချိန်မှာပင် မာတလိနတ်သားအလှူခံပုဏ္ဏားရောက်လာပြန်၍ -

"အို - သူဌေးကြီး၊ အလှူပေးခြင်း ဆိုတာ ဆင်းရဲတာ၊ ချမ်းသာတာနဲ့မဆိုင်ပါဘူး။ ပစ္စည်းဥစ္စာရှားပါးတဲ့သူကလည်း သဒ္ဓါတရားထက်သန်ရင် မရှိရှိရာရှာကြံပြီး လှူဖြစ်ပါတယ်။ အလှုံပယ် ကြွယ်ဝချမ်းသာနေသူကလည်း သဒ္ဓါတရားမရှိရင် လှူစရာရှာမတွေ့တော့ပါဘူး။ ဒါကြောင့် ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်ကိုးစားပြီး ပေးလှူလိုက်တဲ့ တစ်ကျပ်ဖိုး



## ညီတော်အာနန္ဒာ၏ပါရမီတော်လမ်းများ

# ဝဏ္ဏသိရီ

### သူဌေးကြီး ဦးပြူးကြောင်

www.burmeseclassic.com

အလှူဟာ လူကြားကောင်းရုံပေးလှူလိုက်တဲ့ တစ်ထောင်တန်အလှူနဲ့ တန်းတူဖြစ်နေပါတယ်"

မာတလိနတ်သား အလှူခံပုဏ္ဏားသည်လည်း ဤသို့သော ဒါနကထာစကားအဆုံးတွင် အိမ်ဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ရပြန်၏။ ထိုအချိန်မှာပင် ဗိဠာရကောသိယသူဌေးကြီးရှေ့မှောက်သို့ ပဉ္စသိခနတ်သား အလှူခံပုဏ္ဏား ရောက်လာပြန်၍ -

"အို-သူဌေးကြီး၊ ကုသိုလ်ကောင်းမှုပြုတဲ့သူတွေ အမျိုးမျိုးရှိကြပါတယ်။ သုစရိုက်တရား ဆယ်ပါးကို ကြိုးစားပြီး ကျင့်သုံးသူတွေရှိကြပါတယ်။ ရသေ့ရဟန်းအဖြစ်နဲ့ တရားကျင့်သုံးနေသူများ ရှိကြပါတယ်။ တရားသဖြင့် စီးပွားရှာပြီးတော့ သားမယားကို ကျွေးမွေးထောက်ပံ့နေကြတာလည်း ရှိပါတယ်။ မတရားသောနည်းနဲ့ ကြီးပွားချမ်းသာနေကြတဲ့ သူဌေးကြီးတစ်သိန်းက ကိုယ်စီကိုယ်င တစ်ထောင်တန်အလှူကြီးတွေ ပေးပြီ ဆိုပါတော့။ အဲဒီတစ်ထောင်တန်အလှူကြီးတစ်သိန်းဟာ စောစောက အလှူကလေးနဲ့ တန်းတူဖို့နေနေသာသာ တစ်ဆယ်နဲ့ခြောက်စိတ်စိတ်လို့ တစ်စိတ်ကလေးတောင်မှ မမီသေးပါဘူး"

"အသင်ပုဏ္ဏား၊ အဲဒီလိုဘာကြောင့်ဖြစ်ရတာပါလဲ"

ယခင် အလှူခံပုဏ္ဏားများပြောကြားခဲ့သည့် တရားစကားများထက် ဤစကားက ထူးထူးခြားခြားဖြစ်နေ၍ သူဌေးကြီးက မေးခွန်းထုတ်လိုက်သဖြင့်-

"အို-သူဌေးကြီး၊ လှူဖွယ်ဝတ္ထုက မစင်ကြယ်လို့ ဖြစ်ပါတယ်။ အဲဒီသူဌေးကြီးတွေ သူဌေးဖြစ်လာတာက တရားနဲ့မညီဘူး။ သူတို့ဟာ ပစ္စည်းဥစ္စာရဖို့ဆိုရင် သူများကို နှိပ်စက်ရမှာ ဝန်မလေးဘူး။ သတ်ရဖြတ်ရမှာလက်မတွန့်ဘူး။ ဒုစရိုက်သောဘာသောညာသောရှောင်မနေကြဘူး။ စည်းစိမ်ချမ်းသာရဖို့ဆိုရင် ဘယ်လိုမကောင်းမှုကိုမှပြုဖို့ဝန်မလေးဘူး။ ပြီးတော့ သူတို့တစ်တွေအလှူပေးတယ်ဆိုတာကလည်း စေတနာသန့်သန့်နဲ့မဟုတ်ဘူး။ ကျူးလွန်ထားခဲ့တဲ့ဒုစရိုက်မှုတွေကို ဖုံးနိုင်ဖိနိုင်အောင်လို့ ဟန်ဆောင်ကြတာပါ။ ဒါကြောင့် သူတို့အလှူဟာ ဘယ်လောက်တန်ကြီးဖြစ်နေနေ ကုသိုလ်ကောင်းမှုလို့ မခေါ်နိုင်ပါဘူး"

ပဉ္စသိခနတ်သား အလှူခံပုဏ္ဏားက ဤသို့ ရှင်းပြလိုက်သဖြင့် သူဌေးကြီးက သူ့ကိုလည်း အိမ်အတွင်းသို့ ဖိတ်ခေါ်လာခဲ့၏။

ထို့နောက် ဗိဠာရကောသိယသူဌေးကြီးသည် အိမ်စေအလုပ်သမတစ်ယောက်ကိုခေါ်ပြီးလျှင် အလှူခံပုဏ္ဏားတို့အား တစ်ပြည်သားခန့် စပါးစေ့များရနိုင်သောစပါးနှံများကို ပေးစေ၏။ အလှူခံပုဏ္ဏားများက စပါးနှံကို လက်မခံ ပယ်လှန်လိုက်သည်တွင် ဆန်အနည်းငယ်ကိုပေးစေပြန်၏။ ထိုဆန်တို့ကိုလည်း အလှူမခံကြသဖြင့် -

"အေး- သူတို့ရဲ့ရုပ်ရည်လေးတွေက သားသားနားနား အထက်တန်းစားထဲကပဲ။ ဒါပေမယ့် သူတို့က နယ်တကာရပ်တကာလှည့်ပြီး အလှူခံစားနေကြတာဆိုတော့ ငါတို့အတွက် ချက်ထားတဲ့ သလေးထမင်းနဲ့ မထိုက်တန်ဘူး။ နွားတွေစားဖို့ ချက်ထားတဲ့ ဆန်ကြမ်းထမင်းနဲ့သာ ထိုက်တန်တယ်။ ဒါကြောင့် သူတို့ကို နွားစာထမင်းအကြမ်းတွေ ကျွေးလိုက်ကြ"

ဤသို့ အမိန့်ပေးလိုက်သည့်အတွက် အိမ်စေအလုပ်သမက နွားစာထမင်းများနှင့် အလှူခံပုဏ္ဏားတို့အား တည်ခင်းကျွေးမွေး၏။ အလှူခံပုဏ္ဏားတို့ကလည်း ငြင်းပယ်ခြင်းပြုမနေကြဘဲ နွားစာထမင်းတို့ကို အားပါးတရနှိုက်၍ နှိုက်၍စားလိုက်ကြရာ ထမင်းစားနေတုန်းမှာပင် စားပိုးနင့်၍ အတုံးအရုံးလဲကျကုန်တော့၏။

ဤတွင်မှ အိမ်စေအလုပ်သမက အထိတ်တလန့်နှင့် သူဌေးကြီးထံ အမြန်ပြေး၍ ပြောပြရ၏။ ဤတွင် သူဌေးကြီးသည် အလှူခံပုဏ္ဏားတို့အား ကျွေးမွေးထားသည့် နွားစာထမင်းတို့ကို အလျင်အမြန်ဖယ်ရှားစေပြီးလျှင် မိမိတို့အတွက် ချက်ပြုတ်ထားသော သလေးထမင်းနှင့် ဟင်းမျိုးစုံကို အစားထိုး၍ ပြင်ဆင်ထားစေ၏။ ထို့နောက် ဗိဠာရကောသိယသူဌေးကြီးသည် လမ်းသွားလမ်းလာများနှင့်တကွ အိမ်နီးချင်းတို့ကိုခေါ်၍ ထမင်းပွဲကိုပြပြီးလျှင် -

"မိတ်ဆွေတို့၊ ထမင်းပွဲကိုသာ သေသေချာချာကြည့်ကြပါတော့။ ကိုယ့်အိမ်ရှေ့မှောက်ရောက်လာကြတဲ့ အလှူခံပုဏ္ဏားတွေကို ကျွန်ုပ်တို့စားဖို့ချက်ထားတဲ့ သလေးထမင်းကိုကျွေးတာပါ။ ဒါကို သူတို့က အငမ်းမရစားကြမျိုကြလေတော့ စားပိုးနင့်ပြီးသေကုန်ကြတာပေါ့"

ဤစကားအဆုံးတွင် အတုံးအရုံးလဲနေကြသော အလှူခံပုဏ္ဏားများ ငုတ်တုတ်ထလာကြ၏။ အလှူခံပုဏ္ဏားအားလုံးကိုယ်စား အလောင်းတော် သိကြားမင်းက ရောက်လာသူတို့ကို ရှင်းပြလို၍ -

"အို-အဆွေတို့၊ ဒီသူဌေးကြီးနှုတ်ကပြောတာနဲ့ လက်ကကျွေးတာ တစ်ခြားစီပါ။ သူက ငါတို့တစ်တွေသေကုန်ပြီထင်လို့ အရင်ကျွေးထားတဲ့ နွားစာထမင်းတွေ အဖယ်ခိုင်းတယ်။ ပြီးတော့ သလေးထမင်းတွေနဲ့ အစားထိုးထားတယ်။ ငါတို့ပြောတာမမှန်ရင် ငါတို့စားထားသမျှ ပြန်ပြီးတော့ အန်ထုတ်ပြမယ်။ ကိုင်း - ကြည့်ကြပေတော့"

ဤသို့ စားထားသည့် နွားစာထမင်းများကိုမြင်ရခါမှ ရောက်လာကြသည့်လူအပေါင်းက ကပ်စေးနှဲသူဌေးကြီးကို ဝိုင်း၍ကဲ့ရဲ့ကြတော့၏။

ဤတွင်မှ သိကြားမင်းသည် နတ်သားလေးပါးနှင့်အတူ ပကတိအသွင်ဖြင့် ထင်လင်းစွာရပ်တည်လျက် -

"အချင်းတို့၊ ငါက တာဝတိံသာဘုံက သိကြားမင်းဖြစ်တယ်။ သူက စန္ဒနနတ်သား၊ သူက သူရိယနတ်သား၊ သူက မာတလိနတ်သား၊ သူက ပဉ္စသိခနတ်သား ဖြစ်တယ်။ ငါတို့ဟာ ငါကစပြီးတော့ သားစဉ်မြေးဆက်ငါးဆက်တိုင်တိုင် သားအဖအဖြစ် ဆက်ခံခဲ့ကြရတယ်။ ဒီအိမ်ဒီနေရာမှာပဲနေခဲ့ကြတယ်။ အလှူရေစက် လက်နဲ့မကွာ လှူလာခဲ့ကြတယ်။ ဒါကြောင့်လည်း လူ့ဘဝက ကွယ်လွန်တဲ့အခါ တာဝတိံသာဘုံ ရောက်လာခဲ့ကြတယ်။ အခု ငါတို့အမျိုးအနွယ်ရဲ့ နောက်ဆုံးလူ သူယုတ်မာလက်ထက်မှာတော့ အလှူပေးရာဇရပ်ကြီးလည်း ပြာကျသွားပြီး အလှူခံပုဂ္ဂိုလ်တွေလည်း တစ်ယောက်မှ မလာရဲကြတော့ဘူး။ ဒီတော့ အဲဒီနောက်ဆုံးလူသေတော့ ဘယ်ရောက်မလဲ။ ငရဲအိုးဖောက်ထိုးကျဖို့ သေချာနေတာပေါ့။ ဒါကြောင့် သူ့ကိုသနားလို့ သူ့ကိုကယ်ဖို့ ငါတို့နတ်ပြည်ကဆင်းလာခဲ့ကြတာပါ"


ဤသို့ ရှင်းပြသည့်စကားကို ကြားနာရခါမှ ဗိဠာရကောသိယသူဌေးသည် သိကြားမင်း၏ခြေရင်း၌ ဦးခိုက်ကာ မိဘဘိုးဘွားတို့၏ ကောင်းမှုအမွေကို ဆက်ခံပါတော့မည်ဟု ဝန်ခံစကား မြွက်ကြားလိုက်လေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



မင်းနန္ဒရှိန်

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ကမာပိုကုန်းတန်းမှ ရွှေဟောင်း ၀ သိမ်ိုင်းဝင် ခ

# ကမာပိုစေတီတော်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နှင့် ကျုံကဒွန်းကားလမ်းနံဘေး ကမာပိုကုန်းတန်းတွင် စေတီတော်ကြီးတစ်ဆူရှိပါသည်။ ထိုစေတီတော်ကြီးသည် ရွှေဟောင်း သမိုင်းဝင် ကမာပို သို့မဟုတ် ထမင်းကန်စေတီတော်ကြီးဟု ထင်ရှားပါသည်။

စေတီတော်ကြီးသည် ရွှေရောင်တဝင်းဝင်း ဆည်းလည်းသံတချွင်ချွင်နှင့် ဆိတ်ငြိမ်အေးချမ်းသောအရပ် ဖြစ်သည့်အတွက် တောရတည်ဆောက်လိုသော ရဟန်းသံဃာများ၊ သူတော်စင်ပုဂ္ဂိုလ်များ အဓိဋ္ဌာန်ကျင့်စဉ်ထူးပေါက်မြောက်ရာအရပ်လည်း ဖြစ်ပေသည်။


ရွှေဟောင်း သမိုင်းဝင် ကမာပိုစေတီခေါ် ထမင်းကန်စေတီသည် မူလပထမ ကောင်းမှုရှင်ဖြစ်သူမှာ သက္ကရာဇ် ၉၁၂ ခုနှစ်တွင် ဟံသာဝတီနေပြည်တော်ကြီးကို ထီးနန်းအုပ်ချုပ်သွားခဲ့သော မွန်ဘုရင် သုရှင်တကာရွတ်ပိ၏ မိဖုရားတစ်ပါးဖြစ်သူ မွန်မင်းသမီး တလဖြဲသီ (ခ) တလပရော်သွီသည် ပဲခူးရွှေမော်ဓောဘုရားတွင် တပင်ရွှေထီးနားထွင်းမင်္ဂလာပြုရာမှ နောက်ဆုံးတွင် စစ်မီးတောက်များဖြင့်အဆုံးသတ်ခဲ့ပြီး ဟံသာဝတီးထီးနန်းအား လက်လွှတ်ခဲ့ရပြီးနောက် တွံတေးလက်ခိုက် ဒလနယ်ကိုဖြတ်၍ ဖျာပုံဘက်တွင် သမိန္ဒောရာမမင်းသားအကူအညီဖြင့် စစ်ကိုပုန်းရှောင်လာခဲ့သည်။ ဘာသာရေးအခြေခံမနည်းသူ၊ ဓမ္မအသိအမြင်နက်ရှိုင်းသူအဖြစ် စခန်းချရာအရပ်တိုင်းတွင် စေတီတော်များ တည်ထားကိုးကွယ်ခဲ့သည်။ ကမာပို (ခ) ထမင်းကန်စေတီတော်ကြီးသည် မွန်မိဖုရားကြီး တည်ထားခဲ့သည့် စေတီတော်များအနက် တစ်ဆူအပါအဝင်လည်း ဖြစ်ပါသည်။ နှစ်တွေကြာခဲ့ချေပြီ။ ကောင်းမှုရှင် မိဖုရားကြီးလည်း မရှိတော့ပြီ။ သမိုင်းဝင်ဖြစ်ရပ်များကလည်း အထင်ကရရှိခဲ့၍ ကမာပို (ခ) ထမင်းကန်စေတီတော်ကြီးသည် ရွှေဟောင်းလည်းကျ၊ သမိုင်းလည်းဝင်စေတီတော်ကြီးအဖြစ် ယနေ့တိုင် ဖျာပုံနှင့် ကျုံကဒွန်းကားလမ်းနံဘေးတွင်ရှိနေပါသည်။

လွန်ခဲ့သောရှေးနှစ်ပေါင်းများစွာက စေတီတော်ကြီးအားတည်ထားမှုကိုကြည့်လျှင် လာလို သွားလမ်းလာလမ်း [illegible] ပေါင်း၊ လျှိုမြောင်စိမ့်စမ်းထူထပ်ပေမည်။ အခက်အခဲအမျိုးမျိုးကြားမှ ဓမ္မအမြင်နက်ရှိုင်းစွာနှင့် ကြိုးပမ်းအားစိုက်ခဲ့ကြ၍သာ ပေါ်ပေါက်လာခဲ့ရသော စေတီတော်ကြီးတည်ထားသူ လက်ရာစွမ်းပကားများက ရှေးကျလှသည်။ အနုစိတ်လှသည်။ ကနုတ်များ၊ ပန်းတဉ်းလက်ရာများက ချီးမွမ်းလောက်သည်။ ရှေးဟောင်းဗိသုကာအတတ်ပညာရှင်တို့၏ လက်ရာများကို အစဉ်အဆက်ဆရာတော်နှင့် ရွာခံလူကြီးများ၏ အထိန်းအသိမ်းအစီအမံကြောင့် ယခုကဲ့သို့ စေတီတော်ကြီးဖူးတွေ့နေရသလို သာသနာ့ အဆောက်အအုံများလည်း အရှည်တည်တံ့နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ မိဖုရားကြီး တလပရော်သွီသည် ကိုယ်ပိုင်ထီးရိုပ်ပျောက်ခဲ့၍ လောကဓံအလှည့်အပြောင်းကို ဓမ္မအေးရိပ်ဖြင့် ဘဝကိုကြံ့ကြံ့ခံရင်ဆိုင်ရင်း နောက်ဆုံးမှီခိုအားထားရာအစစ်ကို တွေ့ရှိသွားသည့်အခါ ဗုဒ္ဓအမြုတေစေတီတော်ကြီးများ တစ်ဆူပြီးတစ်ဆူ တည်ထား ကိုးကွယ်ခဲ့လေသည်။ တပင်ရွှေထီးလွှန်သော် ဘုရင့်နောင်က ဟံသာဝတီထီးနန်းကို သမိန္ဒောရာမဆီမှ သိမ်းယူသဖြင့် ထီးရိပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



**မိဖုရားကြီးရုပ်တုရှိသော အဂ်ါထောင့်မှမြို့ပတ်တိုင်ဘုရား**

မျှော်လင့်ချက်မဲ့ရလေသော် မိဖုရားကြီး တလပ်ရော်သို့သည် ဖျာပုံသမိန္တောကုန်း တန်းမှ နောက်ပါဆွေတော်မျိုးတော် အခြွေအရံများစွာတို့အတွက် လုံခြုံရာ ဌာနကို ရှာဖွေစီမံလေတော့သည်။

ထိုအခါ ကမာပိုင်ကုန်းတန်း ဟူသောနေရာတွင် မွန်တိုင်းရင်းသားအခြွေအရံများသည် လယ်သမားများအသွင်ပြောင်းလျက် မိဖုရားကြီးနှင့် မျိုးမတ်နွယ်ဝင် မဟာမျိုးဆွေများအတွက် စာရေရိက္ခာများ စုပေါင်း၍ ထောက်ပံ့စေသည်။ ထို့ကြောင့် စားရေရိက္ခာများကို လာရောက် ခပ်ယူသယ်ယူရာနေရာ အဖြစ် ကမာပို (မြန်မာအခေါ် ထမင်းကန်) အဖြစ် ခေါ်ဝေါ်ခဲ့ကြလေသည်။ စေတီတော်တည်ရာတွင်လည်း ထိုကုန်းကို အစွဲပြု၍ မွန်လို ကမာပုံ၊ ကမာပိုင် ခေါ်ပြီး မြန်မာဘာသာအားဖြင့် ထမင်းကန်၊ ထမင်းကုန်းဖြစ်သည်။

(မိဖုရားကြီး တည်ထားခဲ့သော မရမ်းကုန်း၊ သမိန္တော၊ ကျိုက်ကမ္မမ်၊ ကမာပိုစေတီတော်များသည် အားလုံး ဉာဏ်တော်တူ၊ ဖိနပ်တော် (သံတောင်) တူ၊ လုံးပတ်တော်အားလုံး တူညီကြသည်)

နောက်ဆုံးတွင် မိဖုရားကြီးသည် ပင်လယ်ပိုင်း မြို့ကုန်းနန်းတော်ရာအရပ်တွင် ခပ်ကုပ်ကုပ်ဖြင့်ဇာတ်မြှုပ်ပြီး နတ်ရွာစံသောအခါ မွန်မျိုးမတ်အခြွေအရံများတို့သည်လည်း တပ်ဖျောက်၍ မုတ္တမအရပ်သို့ ပြောင်းရွှေ့ ထွက်ခွာသွားကြလေသည်။

ကမာပို (ထမင်းကန်) စေတီတော်နှင့် ထူးခြားဖြစ်စဉ်များရှိသည့်အနက် စေတီတော်ကြီးသည် နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ်ကြောင့် တောရုံစေတီအဖြစ် ချုံနွယ်ပိတ်ပေါင်းခ ပျက်စီးယိုယွင်းလာခဲ့ပါသည်။ သို့သော် မြန်မာနှစ် ၁၂၇၂ တွင် စေတီတော်ကြီးအား ပြုပြင်ရန် ရဟန်းတော်ကြီးတစ်ပါး ရောက်ရှိလာပါသည်။



**မြန်မာနှစ် ဂဂဂ ခုနှစ်တွင် ဟံသာဝတီထီးနန်းကို အုပ်ချုပ်သွားသော မွန်ဘုရင် သုရှင်တကာရွတ်ပိ၏ မိဖုရားကြီး ကမာပို (ထမင်းကန်) စေတီတော်၏ မူလပထမကောင်းမှုရှင်**

ရဟန်းတော်ကြီးသည် ဖျာပုံနယ်တစ်ဝှမ်းက မဟုတ်သလို မည်သည့်အရပ်ကကြွလာသည်ဟုလည်း အတိအကျ မပြောနိုင်ကြ။ တစ်ပါးတည်းကြွလာပြီး ကွဲအက်ပြိုပျက်တော့မည့် စေတီတော်ကြီးကို ပြုပြင်မွမ်းမံရန်အတွက် ကမာပိုစေတီတော်ကြီးအနီး၌ သင့်တင့်ရုံမျှသောတောရကျောင်းလေးဆောက်တည်ခဲ့သည်။

ခေါင်အုံးတစ်လုံး၊ သင်ဖြူးဖျာတစ်ချပ်၊ သောက်ရေအိုး၊ သပိတ်၊ သင်္ကန်းသုံးထည်မျှသာပါရှိသည်။ သို့ရာတွင် အုတ်၊ သဲ၊ ထုံး၊ ဘိလပ်မြေတို့ ပြည့်စုံအောင်စီစဉ်၍ ပြုပြင်ခဲ့ရာ ထိုခေတ်ငွေ (၃၅၀၀) ကျပ်မှ (၅၀၀၀) ကျပ်ခန့် ကုန်ကျခဲ့သည်။ အနည်းငယ်မျှသော ခရီးသွားဝေနေယျတို့ ထည့်ဝင်လှူဒါန်းငွေဖြင့်သာ စေတီတော်ကြီးကို ပြုပြင်မွမ်းမံခဲ့သည်။ တစ်ရပ်တစ်ပါးသို့ အလှူခံစေလွှတ်ခြင်းမရှိခဲ့ချေ။

မြန်မာနှစ် ၁၂၇၄ တွင် ပြီးစီး၍ ထီးတော်တင်ပွဲကို တစ်ဆက်တည်း ကျင်းပရာတွင် လာသမျှပရိသတ်လူထုကို စတုဒိသာကျွေးမွေးပြီး ရုပ်သေးဇာတ်ပွဲများနှင့် ဘုရားကြီးထီးတင်ပွဲတော်ကို ကျင်းပသည်။

ဆရာတော်ကြီးနှင့် ပတ်သက်သော ထူးခြားမှုများမှာ ကမာပို (ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ကန်) စေတီတော်ကြီးထီးတင်ပွဲအတွက် ငြိမ်းဆင်ရန် ဝါးများကို ဖျာပုံမြို့မှ ဝါးဒိုင် ပိုင်ရှင်ကြီး ဦးရွှေဒိုင်ထံသို့ ဆရာတော် ကြီး ကိုယ်တိုင်ကြွရောက်ဝယ်ယူလေ သည်။

ထိုခေတ်က. ငွေ(၆၀)ကျပ်ဖိုး ဝါး များ အကြွေးဝယ်ယူလေရာ နောင်တွင် ဦးရွှေဒိုင်မှ ဝါးဖိုးအကြွေးလာတောင်းရာ တစ်ခေါက် (၁၅) ကျပ်၊ (၂၀) ကျပ် လောက်သာ ပေးသဖြင့် (၄) ခေါက် လောက်ကျမှ အပြေအကျေပေးဆပ် လေသည်။

ဤသို့ ဝါးဖိုးငွေပေးရာတွင် ဆရာ တော်၏ထူးခြားမှုအား ကိုယ်တွေ့ကြုံသူ ဦးရွှေဒိုင်၏ ပြောပြချက်မှာ -

ဆရာတော်ကြီးသည် စေတီတော် အနီး အလုပ်သမားတွေနှင့် စကားပြော နေစဉ် ဦးရွှေဒိုင်သည် ကျောင်းပေါ်မှာ ကွမ်းစားချင်တာနှင့် ကွမ်းအစ်ကို ဖွင့် ကြည့်ရာ .ကွမ်းမရှိတာနှင့် ထားခဲ့ပြီး ဆရာတော်ကြီးရှိရာသို့ လာခဲ့သည်။

ဦးရွှေဒိုင်ကို တွေ့သဖြင့်-

"ဒကာ ရွှေဒိုင်၊ လာပြန်ပြီလား ကွယ့်။ ဒကာငွေတချို့တစ်ဝက်တော့ရ နိုင်ကောင်းရဲ့။ ကိုင်း - ဒကာ ကွမ်းစား ရအောင် ကျောင်းပေါ်က ကွမ်းအစ်ကို သွားယူချေလှည့်"

ဦးရွှေဒိုင် ကျောင်းပေါ်သွားပြီး ကွမ်းအစ်ကိုဖွင့်ကြည့်တော့လည်း ကွမ်း က မရှိ။ ဒီအတိုင်းပဲယူလာပြီး ကျောင်း အောက်တွင် ဆရာတော်ကိုကပ်သော် ဆရာတော်မှ အကပ်ခံ၍ ကွမ်းအစ်ကို ဖွင့်လိုက်သောအခါ ကွမ်းအပြည့်နှင့် တွေ့ရသည်။

"ဒကာရွှေဒိုင်၊ ကွမ်းစားလေ"

.ဟု ပေးသဖြင့် ဒိဋ္ဌစားရလေ သည်။

ထို့နောက် ဆရာတော်မှ -

"ဒကာရွှေဒိုင်၊ ငွေတော့အကုန်ရ မှာမဟုတ်သေးဘူး။ (၂၀)ကျပ်လောက် တော့ရလိမ့်မယ်။ ငါ့အိပ်တဲ့ဖျာအောက် မှာ သွားယူချေ"

ဆိုသဖြင့် ငွေ(၁၀)ကျပ်တန် (၂) ချပ်ရလာသည်။ ထိုအချိန် ထုံးဖိုးတောင်း သူ ရောက်လာ၍ ဆရာတော်မှ -

"မင်းထုံးဖိုးများများတော့ကျန်နေ တယ်။ (၂၅၀) ကျပ်လောက်တော့ ရ စရာရှိနိုင်တယ်၊ ခဏနေဦး"

ဆိုပြီး ဦးရွှေဒိုင် စသည့် ဒါယကာ များနှင့် ပြောဆိုနေပြီးမှ -

"ဟေ့-ထုံးဒကာ၊ ကျောင်းပေါ်က ငါ့အိပ်ရာလှန်ကြည့်ပြီး တွေ့သမျှ ယူခဲ့"

ဟု စေခိုင်းရာ ဦးရွှေဒိုင်မှ 'ငါယူ ခဲ့စဉ်က ငွေ (၂၀) ကျပ်သာ တွေ့သဖြင့် အကုန်ယူလာခဲ့သည်။ ယခု တစ်ဦးကို ခိုင်းလေပြီ။ ငွေလည်းများသည်' ဟု စဉ်းစားကြည့်နေစဉ် ထုံးဒကာဆိုသူမှ ငွေစက္ကူတွေကိုင်ပြီး ထွက်လာသည်ကို မြင်ရသည်။ ဆရာတော်ကြီးထံ ရောက် သဖြင့် ရေတွက်ရာ ငွေ (၂၀၀) ကျပ်ရှိ နေသည်ကို တွေ့ရသဖြင့် ဦးရွှေဒိုင် အံ့အားသင့်နေတော့သည်။

ဤတွင် ဆရာတော်ကြီးမှ -

"ဒါပဲလား ဒကာ၊ နောက်ထပ် (၅၀) ကျပ်လောက်ရှိဦးမယ်"

ပြောသဖြင့် ထုံးဒကာမှ -

"ဒါပဲ ဘုရား"

ဟု ပြောရာ -

"သွားကြည့်ချေစမ်းပါ"

ဟု ထပ်မံအမိန့်ရှိ၍ နောက်တစ် ခေါက်သွားယူလေရာ ငွေ (၅၀) ကျပ် ရလာကြောင်း တွေ့ရှိရသဖြင့် ဝါးဒိုင် ဒကာ ဦးရွှေဒိုင်မှာ များစွာအံ့ဩသွား ပြီးလျှင် ဆရာတော်ကြီးဟာ ဖျာကိုလှန် ပြီး စေတီတော်ကြီးပြီးအောင်တည်တာ ပဲဟု မှတ်ချက်ချလိုက်လေသည်။ ထို အကြောင်းအရာမှာ ယခုတိုင် ကမာပို စေတီတော်ကြီးနှင့်ပတ်သက်၍ သက် ကြီးစကား သက်ငယ်ကြားအရ သိရှိနေ ရပါသည်။

ဆရာတော်ကြီးသည် ဥပမိရုပ် ကောင်းပြီး ကရင်တိုင်းရင်းသားဟု လည်းကောင်း၊ ဆရာတော်ကြီးထံသို့ လူစိမ်း နှစ်ဦး၊ သုံးဦး ရောက်လာပြီး စေတီတော်ကြီး အရှည်တည့်တံ့ရန် လှူ ဒါန်းကြသည်ကို ထိုခေတ် အင်္ဂလိပ် အစိုးရက သာသနာပြုပုဂ္ဂိုလ်ဆရာတော် ကြီးအား စိုးရိမ်မကင်းဖြစ်ကြကာ ဖျာပုံ မြို့ ဒိစတြိတ်အရေးပိုင် မစ္စတာကယ်လီ အိုင်စီအက်စ်ကလည်း လိုက်လံ စုံစမ်း ကြသည်။ ထိုခေတ်က နာမည်ကြီးသော ရသေ့ကြီး ဦးခန္တီနောက်သို့ အင်္ဂလိပ် အစိုးရစုံထောက်များလိုက်သလို ဆရာ တော်ကြီးကို စုံစမ်းကြသည်။ သို့သော် ဆရာတော်ကြီးက သာသနာပြုလုပ်ငန်း ကို ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။

ထူးခြားသည်မှာ စေတီတော်ကြီး ထီးတော်တင်အပြီးတွင် ဆရာတော်ကြီး မှာ မည်သည့်အရပ်သို့ကြွသွားကြောင်း မသိရချေ။ ထမင်းကန်စေတီ (ခ) ကမာ ပိုစေတီကြီးတွင် ရှေးယခင်က ငွေယား သိုက်၊ ပန်းကန်သိုက်များရှိခဲ့ဖူးသည်ဟု သိခဲ့ရပြီး လူအများက ငှားပြီး ကတိပျက် ကွက်သောကြောင့် နောင်တွင် ပန်းကန် သိုက်၊ ငွေယားသိုက်များ အပြီးတိုင် ပိတ် သွားသည်ဟု ပုံပြင်လိုလို ဒဏ္ဍာရီဆန် သောအဖြစ်များလည်းရှိခဲ့သည်ဟု.သိရ ပါသည်။

၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် စေတီတော်ကြီး၏ ဒုတိယသာသနာပွင့် ချိန်ဟု ခေါ်ရမလောက်အောင် ရွှေ သင်္ကန်းကပ်၍ ဘုရားဒါယိကာ၊ ဒါယိ ကာမများ၊ ဘုရားဖူးဝေနေယျများက မြိုင်ကြီးငူဆရာတော်ကြီး ဦးသုဇန ဦးဆောင်၍ ထီးတော်တင်ဌာပနာပိတ် ပွဲကြီးကိုလည်း ထပ်မံ ကျင်းပနိုင်ခဲ့ပါ သည်။

သို့ပါ၍ ထူးခြားသော ဆုတောင်း ပြည့်စေတီတော်ကြီး၏ အရှေ့တောင် အရပ်တွင်လည်း ကောင်းမှုရှင် မွန်မိဖုရား ကြီး၏ ရုပ်တုတော်မှလည်း ပွဲတော်ရက် များတွင် တစ်မူထူးစွာ နာမ်ဓာတ်ကိန်း အောင်းပြီး သက်ဝင်လာသကဲ့သို့ရှိသည် ဖြစ်၍ မထိရ မကိုင်ရ သတိပေးစာတန်း နှင့် ကမ္ပည်းထိုးထားသည်ကို တွေ့ရပါ သည်။

ထို့ကြောင့် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကမာပို (ထမင်းကန်) စေတီတော်ကြီးအား ဖူးမြော်ကြည်ညို နိုင်ရန်အတွက် လမ်းညွှန်အဖြစ် ဖျာပုံမြို့ နှင့် ကျိုက်လတ်ခွန်းကားလမ်းဝဲဘက်တွင်ရှိပါ ကြောင်း တင်ပြလိုက်ရပါသည်။

(**စာကြွင်း** - *သုရှင်တကာရွတ်ပိ သည် သက္ကရာဇ် ၈၈၈ တွင် ဟံသာဝတီ ထီးနန်းစံပြီး (၁၂) နှစ်အကြာ သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် နန်းကျပြီး မြန်မာ ဘုရင် တပင်ရွှေထီး ထိုနှစ်တွင် နန်း တက် (၁၂) နှစ်နန်းစံ၍ သက္ကရာဇ် ၉၁၂ တွင် နန်းကျသဖြင့် မိဖုရားကြီးက အောင်နိုင်သည့် အထိမ်းအမှတ်ဖြင့် ဖျာပုံ သမိန္ဒောကုန်းတန်းတွင် အောင် တော်မူစေတီကို တည်သည်။ သက္ကရာဇ် ၉၁၂ တွင် သမိန်စတ္တဝေါဘွဲ့ခံ သမိန် စောထွတ် နန်းတက်ပြီး (၅) လအကြာ နန်းကျ။ သမိန္ဒောရာမ ၉၁၂ တွင် နန်း တက်။ သက္ကရာဇ် ၉၁၄ ခုနှစ် (၂) နှစ် နန်းစံပြီး နန်းကျသည့်အတွက် ကမာပို စေတီတော်တည်ခဲ့သည့်ခုနှစ်မှာ သက္က ရာဇ် ၉၁၄ ဖြစ်ရန် နီးစပ်သည်။ ကမာပို စေတီတည်ပြီးနောက် မိဖုရား တလပ ရော်သမီးသည် မြို့ကုန်းအရပ်သို့ ပြောင်း ရွှေ့ထီးနန်းစိုက်သည်ဟုသိရှိရပါသည်။*)

မင်းသိန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

**မိတ္ထီလာမြို့တွင်**
**သာသနာပြုလုပ်ငန်းဆောင်ရွက်ခြင်း**

မိတ္ထီလာမြို့တွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည်။ မိတ္ထီလာကန်တော်ကြီး၏သာယာပုံ၊ မိတ္ထီလာမြို့ လုပ်ပုံများကို ကိုယ်တိုင်ကိုယ်ကျ ခံစားရပါတော့သည်။ မိတ္ထီလာမြို့၏အရှေ့ဘက်ကန်ပေါင်ထိပ်တွင် ရုပ်ရှင်ရုံတစ်ရုံရှိပါသည်။ ထိုရုပ်ရှင်ရုံမှာ 'ဇွဲ' ရုပ်ရှင်ရုံ ဖြစ်ပါသည်။ မိတ္ထီလာမီးလောင်သောအခါ မီးထဲပါသွားပြီး ယခုအချိန်အထိ ရုပ်ရှင်ရုံ ပြန်မဆောက်တော့ပါ။ မြေကွက်လပ်ကြီးဖြစ်နေပါသည်။ ၎င်းရုပ်ရှင်ရုံနှင့် ရှေ့ဇီးကွက်မုန့်တိုက်ရှိသည်။ ရှေ့ဇီးကွက်မုန့်တိုက်နှင့် ခြံစည်းရိုးခြားလျက် ဘုရားတစ်ဆူရှိပါသည်။ ဘုရား၏ ဘွဲ့အမည်မှာ 'အောင်ဆုပြည့်ဘုရား' ဖြစ်ပါသည်။ အောင်ဆုပြည့်ဘွဲ့အမည်နှင့် ကျွန်ုပ်မူရင်းအမည် (အောင်စိုးမြင့်) မှာ နေ့နံ (၃) လုံး တူညီနေသဖြင့် ကျွန်ုပ် များစွာ စိတ်ဝင်စားပါသည်။

ဘုရားကြီးမှာ နှစ်ကာလ အတော်ကြာသဖြင့် ဆွေး၍လာသည်။ ရာသီဥတုဒဏ်ကြောင့် ကွဲအက်လာသည်။ တစ်ဖက်သို့ တိမ်းစောင်းလာသည်။ ပြုပြင်မည့်သူမရှိ။ ထုံးသင်္ကန်းကပ်မည့်သူမရှိ။ ရေညှိတို့ဖြင့် တွယ်ကပ်နေသည့်အပြင် မြက်ပင်များပေါက်နေလေသည်။ ဘုရား၏အထွတ်အမြတ် စိန်ဖူးတော်မှာ လေဒဏ်ကြောင့် မြေခပြီးမရှိတော့။ ရွှေရောင်ရှိသော ထီးတော်မှာ ယခုအခါ သံချေးရောင်ထသော ထီးတော်ဘဝသို့ ပြောင်းသွားလေသည်။ ကျွန်ုပ်ရင်ထဲဝယ် ဘုရားပြင်ချင်သော စိတ်၊ ထီးတော်အသစ်တင်ချင်သော စိတ်ပေါက်လာပြီး ဘုရားတွင် အဓိဋ္ဌာန်

# အဏ္ဏဝါလှိုင်း ၇

## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာဂန္ဓာရီခရီးစဉ်






www.burmeseclassic.com

www.burmeseclassic.com

ဝင်သည်။ ပုတီးစိပ်သည်။ ဆုတောင်းသည်။ ဘုရားပြင်မည့်သူ ပေါ်ပါစေ၊ ဘုရားဒကာပေါ်ပါစေ။ ဘုရားအစောင့်များ၊ သမ္မာဒေဝနတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့အားလည်း အကူအညီတောင်းခံရလေသည်။

များမကြာမီတွင် မိတ္ထီလာမြို့မှ ဦးမောင်မောင်ဆိုသောသူက ဘုရားပြင်ရန် လာပြောသဖြင့် လမ်းစပေါ်လာလေသည်။ ဘုရားပြင်ရန် မခက်ပါ။ ကုန်ကျ



www.burmeseclassic.com

www.burmeseclassic.com

စရိတ်အားလုံး တာဝန်ယူသည်။ ဘုရားတည်လို့ ခိုက်တာ၊ သေတာကို ကြောက်စရာမလိုကြောင်း ပြောလေသည်။ ထိုအခါ ကျွန်ုပ်မှ ဘုရားတည်လို့ မခိုက်နိုင်ကြောင်း၊ ကျွန်ုပ်ပြောသလို နောက်ကလိုက်လျှင် တာဝန်ယူကြောင်း၊ ခိုက်လို့သေစရာရှိလျှင် ကျွန်ုပ်သာ ရှေ့က အသေခံမည်ဖြစ်ကြောင်း ရဲရဲတောက် ပြောလိုက်လေသည်။

မြန်မာလူမျိုးများသည် ရှေ့က ဦးဆောင်မှုကောင်းပါက နောက်ကလိုက်တာ ဝန်မလေးပါ။ ဦးမောင်မောင်သည် ဆောက်လုပ်ရေးမှ ဝန်ထမ်းဖြစ်သည်။ သူ၏စည်းရုံးမှုဖြင့် ဘုရားပြင်ခြင်း၊ ထီးတင်ခြင်းအမှုကိစ္စကို မပင်မပန်း လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ပါသည်။ ထီးတင်ပွဲကို ကျင်းပပြုလုပ်နိုင်သည်အထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဘုရားပြင်ခြင်း၊ ထီးတင်ခြင်းအမှုကိစ္စက သာမန်ကိစ္စ ဖြစ်သော်လည်း ဘုရားနှင့်တပ်လျက် ခဏ္ဍသိမ်ကိုမြင်လိုက်တာက ထူးဆန်းမှုတွေဖြစ်ပါတော့သည်။ သိမ်မှာ 'ရှင်အရဟံ' သမုတ်ခဲ့သောသိမ် ဖြစ်လေသည်။ မိတ္ထီလာတွင် ရှင်အရဟံသမုတ်ခဲ့သော သိမ် (၉) သိမ် ရှိပါသည်။ ထိုသိမ် (၉) သိမ်မှာ သမိုင်းအထောက်ထားများရှိကြောင်း သိရသည်။ ယခု အောင်ဆုပြည့်ဘုရားထဲမှ သိမ်မှာ သီးခြားဖြစ်ပါသည်။

မိတ္ထီလာမှ ဘုရားပြင်သော ဦးမောင်မောင်အဖွဲ့သည် သဒ္ဓါတရားပြည့်ဝသောပုဂ္ဂိုလ်များ ဖြစ်သည်နှင့်အညီ ဘုရားပြင်ခြင်းကိစ္စပြီးနောက် ဘုရားနှင့်တပ်လျက် ခဏ္ဍသိမ်ကို အမြင်မသင့်လျော်သဖြင့် ဆက်လက်ပြုပြင်လေသည်။ သိမ်ကိုပြုပြင်၍ ဆေးသုတ်လိုက်သောအခါ အသစ်ဖြစ်သွားလေသည်။ သိမ်အဆောက်အအုံပြုပြင်တာ ဘာမှမဖြစ်ပါ။ သို့သော် သိမ်ထဲတွင် ကျောက်ဆင်းတုတစ်ဆူရှိပါသည်။ ရှင်အရဟံလက်ထက်မှ ကိုးကွယ်ခဲ့သော ဘုရား ဖြစ်ပါသည်။ နှစ်ကာလကြာညောင်းသောအခါ ဘုရားလည်ပင်းမှာ ပြတ်ထွက်သွားပြီး ကိုယ်တခြား၊ ခေါင်းတခြား ဖြစ်နေလေသည်။ လူတွေအမြင်မှာ မတင့်တယ်တော့ပါ။ ညောင်ရေအိုးကွဲလို ဘယ်မှာစွန့်ရမှာလဲ။ ဘိုးတော်ရုပ်တွေ၊ နတ်ရုပ်တွေ ဟောင်းလာပြီ၊ ဆွေးလာပြီဆိုလျှင် ဘယ်မှာစွန့်ရမှာလဲ။

ဘိုးတော်အရုပ်၊ နတ်ရုပ်အသစ်များကို တည်ထားကိုးကွယ်ကန်တော့ကြသော မြန်မာများ ဟောင်းနွမ်းဆွေးမြည့်လာသောအခါ ထိုအဟောင်းကို စွန့်မည့်နေရာမရှိဖြစ်နေတတ်ပါသည်။

မိတ္ထီလာမှာတော့ ရွှေမြင်တင်ဘုရားကို လူတွေမသိအောင် ယူလာတယ်။ ဘုရားဖူးသလိုလို၊ ယတြာချေသလိုလိုဖြင့် မိမိစွန့်လိုသော ဘုရားဆင်းတု၊ ဘိုးတော်ဆင်းတု၊ နတ်ရုပ်များကို ဘုရားပေါ်သို့တင်၍ လူမသိအောင် ပစ်ထားခဲ့လေတော့သည်။ ဘုရားဂေါပကမှ ထိုစွန့်ပစ်သော ဘုရားရုပ်ပွားတော်များ၊ ဘိုးတော်ရုပ်များ၊ နတ်ရုပ်များကို အုတ်ကန်ကြီးတစ်ခု ပြုလုပ်ပြီး စုပြုံပစ်ထားပါတော့သည်။

အောင်ဆုပြည့်ခဏ္ဍသိမ်မှကျောက်ဆင်းတုကြီးမှာ (၄) ပေကျော်ရှိသဖြင့် ရွှေမြင်တင်ဘုရားသို့ မသိမသာစွန့်ဖို့ ခက်ခဲလေသည်။ ဦးမောင်မောင်တို့အဖွဲ့သည် မန္တလေးမှ ကြေးဆင်းတုတော်ကြီးတစ်ဆူ အသစ်ဝယ်လာပြီး ပလ္လင်ပြုလုပ်ပြီး တည်ထား ကိုးကွယ်ကြလေသည်။ ထိုကျောက်ဆင်းတုကြီးကို အသစ်ပြုလုပ်သောပလ္လင်ထဲတွင် ဌာပနာသွင်း၍ထားခဲ့ကြသည်။

ထိုအချိန်က ကျွန်ုပ်မှာ တာဝန်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသည်။ မာတ်သဘောအရ သင့်၊ မသင့် မေးမြန်းရန်လူမရှိဖြစ်နေလေသည်။မိတ္ထီလာတွင် ပြုလုပ်နေသောကိစ္စ ကျွန်ုပ် ဘာမှမသိပါ။ အောင်ဆုပြည့်ဘုရားပြင်တာကိုပဲ တာဝန်ယူခဲ့တာ ဖြစ်သည်။

သို့သော် ညက အိပ်မက်မက်လေသည်။ ကျွန်ုပ်သည် မိတ္ထီလာကန်ပေါင်မှ လမ်းလျှောက်လာ၏။ ဇွဲရုံအနီး အောင်ဆုပြည့်ဘုရားတွင် လူအများဝိုင်းအုံနေကြသည်။ လူစုလူဝေးကြီးတွေ့လိုက်သောအခါ ထူးဆန်းတာတစ်ခုခုပဲဟု သိလိုက်သည်။ ဘာလဲ၊ ဘာဖြစ်တာလဲ စသဖြင့် ကျွန်ုပ်လည်း သိချင်ဇောဖြင့် လူကြားထဲသို့တိုးဝင်သွားသည်။ ဘုရားပွင့်တော်မူကြောင်း လူတစ်ယောက်ပြောသံကြားသဖြင့် ကြားသို့တိုးဝင်သွား၏။လူစုကြီးကျော်လွန်သောအခါ ဘုရားကျောင်းဆောင်ကြီးတစ်ခု တွေ့လိုက်ရ၏။ ဘုရားကျောင်းဆောင်ထဲသို့ ဝင်လိုက်သောအခါ လူတစ်ယောက်မှ မရှိ။ သို့သော် ဘုရားတရားဟောသံ ကြားလိုက်ရ၏။ လူတွေကလည်း သာဓုခေါ်သံကြားရ၏။ ဘယ်ကထွက်လာတဲ့အသံလဲ။ အားပါးပါး - အံ့ဩစရာ ကျွန်ုပ်အောက်တည့်တည့် မြေတိုက်ခန်းထဲတွင် ဘုရားရှင်ကို ဖူးလိုက်ရသည်။

ငါတော့ ဘုရားအပေါ်ရောက်နေတယ်။ အမြန်ထွက်ပြီး ဘုရားရှင်ရှိရာ မြေတိုက်ခန်းထဲသို့ဆင်းသွားလေသည်။ ကျွန်ုပ်သည် ဘုရားကို အပြင်မှာ ရုပ်တုသာ ဖူးတွေ့ရ၏။ အခုလို သက်ရှိထင်ရှား စကားပြောသောဘုရားကို ဖူးလိုက်ရသောအခါ များစွာအံ့ဩနေလေသည်။ ဘုရားရှင်၏ရူပကာယတင့်တယ်မှု၊ လှပ ရှားမှုကို ကြည့်မဝ၊ ဖူးမဝဖြစ်နေလေတော့သည်။ ငါအိပ်မက်မက်နေတာလား။ ဘုရားသက်ရှိထင်ရှား ဖူးရတာ ငါ့လောက် ကံကောင်းတဲ့သူ မရှိဘူးစသည်အသိကြောင့် ဘုရားရှင်ရှေ့သို့ ဖွတ်တိုးသွားလေသည်။ ဘုရားရှင်ရှေ့တည့်တည့်ရောက်သောအခါ ဘုရားရှင်၏ ရူပကာယကို အနီးကပ်ဖူးမြော်နေစဉ် ဘုရားမှ ပါးစပ်ပွင့်လာပြီး ကိုယ်တိုင်ကြားလိုက်ရသောအခါ လန့်ပြီး နောက်သို့ (၃) လှမ်းဆုတ်မိသလိုဖြစ်သွားသည်။ ကျွန်ုပ်၏ ကိုယ်စောင့်နတ်က ဘုရားတွေ့တာတောင် နောက်ဆုတ်ရသလားဆိုပြီး ခြေထောက်နှင့်ကန်လိုက်ရာ ဘုရားရှေ့အနီးဆုံးသို့ ထိုက်လျက်သား ရောက်ရှိသွားလေသည်။ လူလည်း လန့်နိုးလေတော့သည်။

တော်တော်ထူးဆန်းတဲ့ အိပ်မက်ပဲ။ အိပ်မက်ထဲမှာ ဘုရားရှင်ကို ဖူးတွေ့လိုက်ရသည်။ တရားဟောသောဘုရား၊ အသက်ရှိဘုရားကို ဖူးတွေ့လိုက်ရတာ ငါလောက်ကံကောင်းတာ မရှိဘူး။ ဒီလိုမျိုးအိပ်မက် အခါ(၁၀)မက်ပါစေဟု ဆုတောင်းသော်လည်း တစ်ခါမှ ပြန်မမက်တော့ပါ။

ထူးဆန်းသော အိပ်မက်ကို အဓိပ္ပာယ်ကောက်ကြည့်သောအခါတွင် အောင်ဆုပြည့်ခဏ္ဍသိမ်၌ ဘုရားဆင်းတုတော်တစ်ဆူ မြေအောက်ခန်းထဲတွင် လှောင်ပိတ်နေကြောင်း သိလိုက်ရ၏။

ကျွန်ုပ် မိတ္ထီလာပြန်ရောက်သောအခါ အောင်ဆုပြည့်ဘုရားသို့ သွားသည်။ ခဏ္ဍသိမ်ထဲသို့ဝင်၍ ယခင်ကျောက်ဆင်းတုဘုရားကို ရှာသောအခါ မတွေ့တော့။ ဆရာတော်ဘုရားကို မေးလျှောက်ကြည့်သောအခါ မတင့်တယ်သော ကျောက်ဆင်းတုကို ဒီဘုရားပလ္လင်မှာ ဌာပနာလိုက်ပြီဟု ပြောလေသည်။

"ဒီဘုရားအစောင့်က ပြောတယ်။ ခု ကျောက်ဆင်းတုဘုရားကြီးကို ဌာပနာထားတာ နေရာမှားနေကြောင်း သူ ပြောတယ်"

ကျွန်ုပ် ညက အိပ်မက်ကိုပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com

ပြလိုက်သည်။

"အေးကွာ၊ ငါတို့က ဒီကျောက်ဆင်းတုတော်ကြီးက မတင့်တယ်ဘူးဆိုပြီး ဒီပလ္လင်ထဲဌာပနာလိုက်တာ။ ငါတို့လည်း မေးရမယ့်သူ မရှိဘူးလေ"

"ဘုရားကတော့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် အစောင့်ကမကြိုက်ဘူး"

"ဟုတ်ပြီ၊ ဒါဆိုရင် ငါတို့ နေရာပြောင်းကြတာပေါ့။ ဘယ်မှာထားရမှာလဲ"

"ဘုရားအသစ်တည်တဲ့ ဌာပနာတိုက်မှာ ဌာပနာကြရအောင်။ ဒီပလ္လင်အောက်ကတော့ သူ့နေရာမဟုတ်ဘူး။ မကြိုက်ဘူး"

"ကံကောင်းလို့ ငါတို့က လူ့စိတ်နဲ့ ရမ်းလုပ်ကြတာ၊ မှားတော့မလို့"

ဤသို့ဖြင့် ပလ္လင်ထဲမှ ကျောက်ဆင်းတုကိုယ်တော်ကြီးကို ပြန်ပင့်ပြီး ဘုရားအသစ်ရှိ ဌာပနာတိုက်တွင် ပြောင်းရွှေ့ ဌာပနာလိုက်ကြပါသည်။ မိတ္ထီလာမြို့တွင် စတင်၍ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရင်း ထူးဆန်းသော အဖြစ်အပျက်ကို တင်ပြလိုက်ပါသည်။

လူတွေအတော်များများ ဘုရားအဟောင်းကို မပြင်ချင်ကြပါ။ ခိုက်တတ်တယ်ဟု အယူသီးကြသည်။ အမှန်မှာ ဘုရားအစောင့်တွေ၊ နတ်တွေက သူတို့ဆန္ဒကို လူတွေမသိလို့ နားမလည်လို့ပါ။ သူတို့ဆန္ဒနှင့် ဆန့်ကျင်၍ လုပ်မိပါက သူတို့မကြိုက်ပါ။ မဟာကရုဏာရှင် ဘုရားက လူတွေကို ဘာမှမလုပ်ပါ။ လူတွေခိုက်အောင် မပြုလုပ်ပါ။ အဓိကသော့ချက်ကို သိဖို့လိုပါသည်။

**ပုပ္ပားသို့သွား၍အဓိဋ္ဌာန်ဝင်ခြင်း**

အဘအောင်မင်းခေါင်၏ တပည့်သား ကျွန်ုပ်သည် မိတ္ထီလာသို့ ဘာလို့ပြောင်းရတာလဲဟု စဉ်းစားကြည့်သည်။ လားရှိုးကိုပြောင်းစဉ်က အဘကပြောင်းခိုင်းတာ။ လားရှိုးမှာ ဘုရားတည်ရအောင်ပြောင်းခြင်း ဖြစ်၏။ ကြိုသိ၏။ ယခု မိတ္ထီလာသို့ ပြောင်းရခြင်းကို ကြိုမသိပါ။ ဘာတာဝန်တွေပေးမှာလဲ။ ဘာလုပ်မှာလဲ။ မသိပါ။ သိချင်လျှင်တော့ အဓိဋ္ဌာန်ဝင်ရမည်။ မိတ္ထီလာသည် ပုပ္ပားနှင့်နီးသည်။ ပုပ္ပားအဘအောင်မင်းခေါင်ရှိရာသို့ (၇) ရက်အဓိဋ္ဌာန်ဖြင့် သွားခဲ့ပါသည်။

တောင်ကလပ်သို့ တက်၏။ တစ်နေကုန် (၉) ချိန်ပုတီးစိပ်၏။ သက်သတ်လွတ်စား၏။ (၉) ပါးသီလခံယူဆောက်တည်၏။ နာမ်လောကနှင့်တွေ့ရသော အဘနှင့် မီခဲ့သူနှစ်ဦးရှိပါသည်။ တစ်ဦးမှာ တောင်ကလပ်အခြေတွင် ခြေတံရှည်နှစ်ထပ်အိမ်နှင့် ဓာတ်ခန်းရှိသော ဦးစံဖေ ဖြစ်ပါသည်။ အဘ တောင်ကလပ်တွင်ရှိစဉ်က ကလေးငယ်လေး အရွယ်တွင် ဆုံခဲ့ခြင်း ဖြစ်သည်။ အဘက မွေးစားခဲ့သောသားအရင်းဖြစ်သည်။

ငယ်စဉ်က ဦးစံဖေကို အဘက -

'မျောက်မကြီးက မွေးတာ။ မျောက်မွေးမသား'

ဟု စ,ခဲ့သည်။

ဦးစံဖေကို မေးကြည့်သောအခါ အဘ၏ဘဝအစကို မပြောနိုင်ပါ။ မိဘများက ဘယ်သူလဲ၊ ဘယ်အရပ်ကလဲ၊ မွေးချင်းတာတွေက ဘယ်သူတွေလဲ စသည်ဖြင့် မေးမြန်းစုံစမ်းသော်လည်း မပြောပြနိုင်ပါ။ အဘအောင်မင်းခေါင်ဟု ထင်ပေါ်ကျော်ကြားပြီးမှ သိခဲ့ရ၍ ပုပ္ပားအောင်မင်းခေါင်မဖြစ်မီ ဘဝဖြစ်စဉ်ကို မပြောနိုင်ချေ။ အဘနှင့်ပတ်သက်သော သိသမျှ၊ မီသမျှကို ပြောနိုင်သည်။ အဘထားခဲ့သော အဘ၏ ပစ္စည်းလေးများကို ပြသနိုင်လေသည်။

အဘနှင့်ပတ်သက်၍ သိမီသော နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးမှာ ဦးသိဒ္ဓိအောင် ဖြစ်ပါသည်။ တောင်ကလပ်အခြေမှာ ဓာတ်ခန်းဖွင့်ထားပါသည်။ သူလည်း အဘအောင်မင်းခေါင်၏ သားအရင်းဖြစ်လေသည်။ သူသည်လည်း ငယ်စဉ်က အဘကျွေးမွေးပြုစုခဲ့ရသော ကလေးငယ်ဖြစ်သည်။ အဘနှင့်ရုပ်ချင်းအတော်တူသောပုဂ္ဂိုလ် ဖြစ်ပါသည်။ ဦးသိဒ္ဓိအောင်နှင့် ပတ်သက်၍ သီးခြားစာတစ်ပုဒ်ရေးပါဦးမည်။ နောက်ထပ်ခြေရာ ကောက်မိတာက အဘအောင်မင်းခေါင်သည် တောင်ဦးကြက်ပြစ်နားက စင်မြင့်ရွာဇာတိဟု သိလိုက်၏။ မြန်မာပြည်မှ ပုဂ္ဂိုလ်ထူးများသည် မြန်မာအစစ်များ ဖြစ်ကြသည်။ သို့သော် မှတ်တမ်းမှတ်ရာ တိတိကျကျမရှိပါ။ ပါးစပ်ရာဇဝင်ဖြင့် တစ်ဆင့်စကားတစ်ဆင့်နားဖြင့်သာ ကြားလိုက်ရပါသည်။ အဘကို ကြည်ညိုသော ကျွန်ုပ်သည် အဘ၏ အတ္ထုပ္ပတ္တိကို ဖော်ထုတ်ချင်သောဆန္ဒများ တဖွားဖွားဖြစ်ပေါ်လာပါသည်။

ပုပ္ပားတောင်ကလပ် အဘဓာတ်ခန်းထဲတွင် နောက်ဆုံးရက်အဓိဋ္ဌာန်ဝင်ခဲ့သည်။ ထူးခြားမှုတစ်ခု ကြုံတွေ့ရပါသည်။ အဘရှေ့တွင်ထိုင်ပြီး ပုတီးစိပ်မနေစဉ် ကျွန်ုပ်အား ရေနှင့်ပက်လိုက်ခြင်းကို ခံစားလိုက်ရသည်။ အာရုံထဲမှာ ရေပက်ခံလိုက်ရတာလား၊ အပြင်မှာ တကယ်ပက်တာလားသိအောင် မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်ကိုရေပက်တာ အမှန်တကယ်ဖြစ်လေသည်။ ကျွန်ုပ်အကျီများ ရေတွေစိုကုန်သည်။ ကျွန်ုပ်ကဲ့သို့ ရေပက်ခံရသောသူမှာ ကျွန်ုပ်၏အဖော် ဦးကျော်ရှိန် ဖြစ်သည်။ သူလည်း ရေတွေစိုကုန်သည်။ ရေတွေကို ဘယ်သူပက်တာလဲ။ မျောက်စာရောင်းသောကလေးတွေ လက်ဆော့တာလား။ ကျွန်ုပ်ထပြီးအပြင်သို့လိုက်ကြည့်သည်။ ကလေးလည်း မတွေ့ရပါ။ မျောက်စာရောင်းသောဈေးသည်လည်း မတွေ့ရပါ။ ရေပက်မည့်သူ သက်ရှိသတ္တဝါ တစ်စုံတစ်ယောက်မျှ ရှာမတွေ့ပါ။

ဒါဆိုလျှင် ရေပက်တာ ဘယ်သူလဲ။ ကျွန်ုပ်ရှေ့တည့်တည့်၌ မတ်တတ်ရပ်နေသော အဘအောင်မင်းခေါင်ရုပ်တုကြီးကို တွေ့မြင်ရသည်။ ရေပက်တာ ဒီရုပ်တုကြီးကလား။

"ဆရာ အဋ္ဌဝါလိုင်း၊ ဘာရှာနေတာလဲ"

"ရေပက်တာ ဘယ်သူလဲလို့ ရှာနေတာ"

"ရေပက်တာ ခင်ဗျားအဘက ပက်တာပဲ။ ဘာလို့ မယုံသင်္ကာနဲ့ရှာနေတာလဲ"

"ရုပ်တုကြီးက ရေပက်တာဆိုတာ မဖြစ်နိုင်ဘူးဗျ။ သေချာအောင် အပြင်ဘယ်သူရှိသလဲလို့ ရှာနေတာ။ အပြင်မှာ ဘယ်သူမှမရှိဘူးဗျ"

"ခင်ဗျားနဲ့ ကျွန်တော့်ကို အဘက ရေပက်တာဟာ အဘနဲ့ရေစက်နီးပြီလို့ ယူဆရမယ်ဗျ"

"ဒါဆိုရင် ကျွန်ုပ်တို့ သက်ရှိထင်ရှား အဘနဲ့တွေ့ရမှာပေါ့"

"သိပ်သေချာတာပေါ့"

"အေးဗျ၊ ရုပ်ရှိမှနာမ်စီးလို့ရမယ်။ ဒီရုပ်ကြီးကိုမှီပြီး အဘနာမ်ဝင်စီးတာ ဖြစ်မယ်။ ကျွန်တော်တို့ ရှာနေတာသိလို့ အတိတ်ပေးတာလည်း ဖြစ်မယ်"

"အေးဗျာ၊ ဒီအဘအောင်မင်းခေါင်ရဲ့ မတ်တတ်ရပ်ရုပ်တုကြီးက ကျွန်တော်တို့နှစ်ယောက်ကို ရေနဲ့ပက်လိုက်တာ လူတွေပြောရင် ယုံမှာမဟုတ်ဘူး"

"အေးဗျ၊ ဒါတကယ့်ဖြစ်ရပ်ဆန်းပဲ"

ကျွန်ုပ်တို့သည် အဓိဋ္ဌာန်အောင်မြင်သဖြင့် မိတ္ထီလာသို့ ပြန်လာခဲ့ကြသည်။ အပြန်တွင် တောင်ကလပ်အခြေက အဘအောင်မင်းခေါင်ရုပ်ကလပ်



www.burmeseclassic.com

www.burmeseclassic.com

ကို မြှုပ်နှံထားသော ဓာတ်ခန်းနေရာသို့ ရောက်ခဲ့သည်။ တစ်ချိန်က ပုပ္ပားအောင်မင်းခေါင်ဟု ထင်ရှားကျော်ဇောသော ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်သည် လူ့ဘဝမှ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ သေဆုံးခဲ့သည်။ ဘုရား၊ ရဟန္တာတွေတောင် မလွန်ဆန်နိုင်သော သေခြင်းတရားကို မလွန်ဆန်နိုင်ခဲ့ပါ။ လူ့လောကီ လူ့သဘာဝ၏ နောက်ဆုံးနိဂုံးချုပ်ခဲ့သည်။ ပုပ္ပားအောင်မင်းခေါင်သည် လူတွေအမြင်မှာ ပြည်ဖုံးကားချသွားခဲ့ပြီ မဟုတ်ပါလား။

အဘကို ရည်မှန်း၍ ပူဇော်ကန်တော့လေသည်။ လူတွေအနေဖြင့် သေဆုံးသွားပြီ။ ဝိဇ္ဇာလိုတော့ ထုံကူးသွားပြီဟု ပြောကြသည်။ ထုံကူးသွားသောအဘကို ဦးချကန်တော့ခဲ့ရသည်။ အဘနှင့် ပတ်သက်၍ သတင်းအစအနများ စုံစမ်းကြည့်မိသောအခါ တချို့က ပြောကြ၏။

ဝိဇ္ဇာတွေဟာ လူတွေလို မဟုတ်။ အသေထွက်၊ အရှင်ထွက်ဆိုတာ ရှိကြောင်း၊ အရှင်ထွက်ဆိုတာ ရုပ်ရော နာမ်ပါပျောက်သွားတာကိုခေါ်ကြောင်း၊ အသေထွက်ဆိုတာ ရုပ်ခန္ဓာအသေပြပြီး နာမ်ခန္ဓာက ဝိဇ္ဇာဖြစ်သွားကြောင်း ပြောကြပြန်သည်။ ဒါဆိုလျှင် အဘက အသေထွက်ပေါ့ဟုမေးကြည့်သောအခါ အဘအောင်မင်းခေါင်က အရှင်ထွက်ဟု ပြောကြပြန်သည်။ အဘသေဆုံးစဉ်က အဘရုပ်ကလာပ်ထည့်ရာခေါင်းကြီးကိုထမ်းကြရာ လမ်းတစ်ဝက်တွင် ပေါ့၍သွားကြောင်း၊ အခွံကြီးထမ်းရသလိုခံစားမိကြောင်း ပြောကြပြန်သည်။ ရန်ကုန်မှ အဘတပည့် တရုတ်တစ်ယောက် အဘခန္ဓာဝန်ချတာ သိလိုက်ရသဖြင့် ပုပ္ပားသို့ လိုက်လာသည်။ ပုပ္ပားရောက်သောအခါ သင်္ဂြိုဟ်ခြင်းကိစ္စပြီးစီးသွားသဖြင့် ဝမ်းနည်းမဆုံးဖြစ်နေမိသည်။ အဘ၏ နောက်ဆုံးမျက်နှာလေးကို မဖူးလိုက်ရသဖြင့် ဝမ်းနည်းနေသည်။ ညသန်းခေါင်ကျော်သောအခါ စိတ်က ဘယ်လိုမှမထိန်းနိုင်သဖြင့် အဘဂူသွင်းသင်္ဂြိုဟ်ရာ ဂူဗိမာန်သို့ ထလာပြီး ဂူဖောက်၍ ခေါင်းကို ဖွင့်ကြည့်သောအခါ ခေါင်းထဲတွင် ဘာမှမရှိကြောင်း၊ ရုပ်ကလပ်တော် ပျောက်နေကြောင်း တွေ့ရလေသည်။ ငါတို့အဘသေတာ မဟုတ်ဘူး။ အရှင်ထွက်ထွက်သွားတာဟု သိလိုက်ရပြီး အဘကိုရှိခိုးကန်တော့ကာ ဂူဗိမာန်ကိုခြေဟန်လက်ဟန်မပျက် ပြန်ပြုပြင်ထားခဲ့လေသည်။

အထက်ပါ အဖြစ်အပျက်များမှာ တိတိကျကျ မှတ်တမ်းတင်ထားခြင်းမရှိ၊ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြောဆိုခဲ့သော ပါးစပ်ရာဇဝင်များပင် ဖြစ်နေပါသည်။ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ အတိအကျမပြောနိုင်ပါ။

အဘ၏ အုတ်ဂူဘေးတွင် အဘကို ကန်တော့၍ ခေါင်းထဲသို့ဝင်လာသော အတွေးပုံရိပ်တို့ကို ဖြတ်ကာ ကားလမ်းမပေါ် သို့ ပြန်ထလာမိပါတော့သည်။ ကားလမ်းမပေါ်တွင် ရပ်ထားသော ကားဖြင့် အဘစံမြန်းရာ ပုပ္ပားတောင်ကလပ်မှ အမိဌာန်ခရီးပြီးဆုံး၍ မိတ္ထီလာသို့ ပြန်လာခဲ့ပါတော့သည်။

**အဘအောင်မင်းခေါင်၏**
**သတင်းစကားစတင်ကြားသိရခြင်း**

ပုပ္ပားအောင်မြေမြတ်၊ အဘအောင်မင်းခေါင်၏ အငြိမ်းဓာတ်များ ကိန်းဝပ်ရာဒေသကို နှုတ်ဆက်၍ ပြန်လာပါသည်။ မိတ္ထီလာသို့ရောက်သောအခါ ကုလားကျော်စိုးနှင့် ဆုံတွေ့ရသည်။ ကျွန်တော်တို့ အပေါင်းအသင်းများတွင် ကျော်စိုး (၂) ယောက်ရှိသည်။ တစ်ယောက်က ဟိန္ဒူကုလားဖြစ်၍ ကုလားကျော်စိုးဟုခေါ်၏။ ကျန်တစ်ယောက်မှာ မြန်မာဖြစ်၍ မြန်မာကျော်စိုးဟု မခေါ်ဘဲ ကျော်စိုးဟုသာ ခေါ်သည်။ ကုလားကျော်စိုးသည် လျှပ်စစ်မီးရိုက်ခြင်း၊ မီးဆက်ခြင်း စသည့် ပညာကို တတ်မြောက်သဖြင့် မိတ္ထီလာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံးတွင် တာဝန်ထမ်းဆောင်သည်။ ဝန်ထမ်းလုပ်ရာမှထွက်ပြီး ဆောက်လုပ်ရေးတပ်တွင် မီး/ရေလုပ်ငန်းကို ကန်ထရိုက်စနစ်တွင် ဆောင်ရွက်သည်။ ပြင်ပပုဂ္ဂလိက မီး/ရေလုပ်ငန်းများကိုလည်း လက်ခံဆောင်ရွက်သည်။

ကုလားကျော်စိုးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည်။ ဗေဒင်လက္ခဏာကို ဟောနိုင်သည်။ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်တွင် ဇရပ်ကုန်းဆိုသော ရွာတစ်ရွာရှိသည်။ ထိုရွာတွင် ဦးဘိုကံသည် ရွာလူကြီး ဖြစ်၏။ ဦးဘိုကံတို့လင်မယားသည် အဘအောင်မင်းခေါင်ကို အိမ်တွင် ပင့်ဖိတ်၍ ကိုးကွယ်ကြလေသည်။ အဘက ၎င်းအိမ်ခေါင်းရင်းတွင် ဓာတ်ခန်းတစ်ခုဆောက်၍ သီးသန့်ကိုးကွယ်ပါက လာရောက်သီတင်းသုံးမည်ဟု မိန့်ကြားသဖြင့် ဓာတ်ခန်းတစ်ခုဆောက်လုပ်လေသည်။ အဆောက်အအုံနှင့်တွဲ၍ လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်လိုသဖြင့် မိတ္ထီလာမှ ကုလားကျော်စိုးကိုခေါ်၍ လုပ်ငန်းအပ်နှံလေသည်။

အဘသီတင်းသုံးရာ ဇရပ်ကုန်းဓာတ်ခန်းလေးကို ဘုရားမီး၊ အပြင်မီး၊ အတွင်းမီး အအေးခန်း၊ အိပ်ခန်းများကို မီးဆက်သွယ်ဆောင်ရွက်ရင်း အဘအောင်မင်းခေါင်၏ သတင်းစကားကို ကြားသိရလေသည်။ အဘအောင်မင်းခေါင် လာမည့် တန်ဆောင်မုန်းလပြည့်နေ့တွင်လာမည်။ ဇရပ်ကုန်းဓာတ်ခန်းတွင်အိပ်မည်၊ နားမည်။ ဇရပ်ကုန်းဓာတ်ခန်းမှ ၎င်းချက်မြှုပ် စင်မြင့်သို့ ကြွမည်။ စင်မြင့်တွင် မိဘကျေးဇူးကိုဆပ်မည်။ စင်မြင့်သွားရာလမ်းပေါ်ရှိ တောင်လုံးလုံဘုန်းကြီးကျောင်းသို့ ဝင်မည် စသည့် သတင်းကို သိရှိထားပါသည်။

"ကိုကျော်စိုးဘယ်ကပြန်လာတာလဲ"

"ဇရပ်ကုန်းကပြန်လာတာ"

"အလုပ်အကိုင်ကော အဆင်ပြေလား"

"အဆင်ပြေပါတယ်၊ ခင်ဗျားတို့ (၂) ယောက်ကော ဘယ်ကပြန်လာတာလဲ"

"ကျွန်တော်တို့က အဘအောင်မင်းခေါင်ရဲ့ သားတွေလေ။ ပုပ္ပားမှာ အဓိဌာန်ဝင်ပြီးပြန်လာတာ"

"ဘာတွေထူးခြားလဲ"

"ထူးခြားတာတော့ ပြောရင်ယုံမှာမဟုတ်ဘူး။ ကျုပ်တို့နှစ်ယောက် အဘဓာတ်ခန်းမှာ ပုတီးစိပ်ပြီး အဓိဌာန်ဝင်နေတာ။ နှစ်ယောက်လုံးကို အဘက ရေနဲ့ပက်လိုက်တာ ရေတွေစိုကုန်တယ်"

"ဟုတ်တယ် ကိုကျော်စိုးရေ၊ ဒီအဏ္ဏဝါလှိုင်းက ရေပက်တာဘယ်သူလဲဆိုပြီး ထထွက်ကြည့်တယ်။ ပတ်ဝန်းကျင်မှာလည်း ဘယ်သူမှမတွေ့ရလို့ ဓာတ်ခန်းထဲ ပြန်ဝင်လာတယ်"

"ဟုတ်တယ်ဗျ၊ ကျုပ်လည်း မျောက်စာရောင်းတဲ့ကလေးတွေများ လက်ဆော့တာလားဆိုပြီး ထထွက်ကြည့်တယ်။ ပတ်ဝန်းကျင်မှာလည်း ဘယ်သူမှမတွေ့ရလို့ ဓာတ်ခန်းထဲပြန်ဝင်လာတယ်"

"ဒီလူ၊ အဘအောင်မင်းခေါင်က ရေနဲ့ပက်တာကို သိလျက်နဲ့ မယုံသင်္ကာဖြစ်ပြီးအပြင်ထွက်လိုက်ကြည့်သေးတာ"

"ခင်ဗျားတို့နှစ်ယောက်ပြောတာ ကျွန်တော်ယုံပါပြီဗျာ။ ခင်ဗျားတို့ နှစ်ယောက် တကယ်ပဲ ထူးဆန်းတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

# ကလေးသူငယ်ချွဲအတွက် မလွဲတဲ့ဆေး

ရက်သားမှ လသား အခါလည် တစ်နှစ်သားအထိ ကလေးသူငယ်များ တွင် မိခင်ဖြစ်သူမှ အစားမှား၍သော် လည်းကောင်း၊ ထောပတ်ပါသောအစား အစာများစားမိလျှင်သော်လည်းကောင်း ညှော်နံ့ဆိုးများ ဥပမာ ဆီညှော်အမျိုး မျိုး အမှိုက်သရိုက်၊ သစ်ရွက်ဆွေးများ စသည့်အညှော်နံ့များ ရှူမိလျှင်သော်လည်း ကောင်း၊ ကလေးသူငယ်၏ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း၊ လေပြွန်တို့တွင် အနီအချွဲ၊ သလိပ်များထပြီး ကလေး သည် အသက်ရှူမမှန်ခြင်း၊ အသက်ရှူ မဝခြင်း၊ အသက်ရှူမဝကာ ပါးစပ်ဟပြ လေးနှင့် ခက်ခဲပင်ပန်းစွာ လေ (အောက် ဆီဂျင်)ကို ရှူနေရပါသည်။

ချွဲထ၍အသက်ရှူမမှန်သောအခါ နှလုံးခုန်မမှန်ဘဲ ရင်ဘတ်မောက်တက် လာပြီး ကြက်ညှာချောင်းဆိုးပါ ဖြစ်လာ တတ်သည်ကိုလည်း တွေ့ကြုံရဖူးပါ သည်။

မိခင်ဖြစ်သူထံမှ နို့ရည်သည် ကလေးသူငယ်အတွက် တိုက်ရိုက်အာ ဟာရအဖြစ် ကောင်းကျိုးဖြစ်စေနိုင် သလို တိုက်ရိုက်ဆိုးကျိုး ရောဂါအမျိုးမျိုး လည်းပေးနိုင်သည်ကို မိခင်တိုင်းသတိပြု ဖို့လိုပါသည်။ မိခင်ဖြစ်သူမှ အစားအ သောက်၊ အနေအထိုင်၊ သန့်ရှင်းမှုမရှိ ဆင်ခြင်မှုကင်းမဲ့လျှင် ထိုကလေးသည် ကျန်းမာရေးချူချာပြီး ကောင်းစွာ ဖွံ့ဖြိုး ကြီးထွားမှုမရှိတော့ဘဲ ဉာဏ်ရည်နိမ့်ပါး လူစဉ်မမီဖြစ်ရတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကလေးသူငယ် မကျန်းမာလျှင် မိခင်ရော ဖခင်ပါ စိတ် မချမ်းမမြေ့ ဖြစ်ရပါသည်။ သို့အတွက် ကလေးသူငယ်ချွဲထခြင်းအတွက် မလွဲ သော အံမြတစေမှန်ကန်သော ရှေး အတီတေ ဘိုးဘွားစဉ်မိကြီးဖကြီးများ အသုံးပြုခဲ့သည့် ရပ်သုံးရွာသုံး ဆေး နည်းလေး မပျောက်ပျက်စေရန် တင်ပြ ရေးသားလိုက်ပါသည်။

စိမ်းဆိုလတ်ဆတ်သော ကွမ်း ရွက်တစ်ရွက်ကို ယူပါ။ ထို့နောက် ကွမ်း ရွက်၏ မျက်နှာပြင်တွင် မီးဖိုချောင်သုံး ဆားကို သုတ်လိမ်းပါ။

ကွမ်းယာထဲထည့်ဝါးသော လေး ညှင်းပွင့်တစ်ပွင့်ကို ဆားသုတ်ထားသော ကွမ်းရွက်တွင်ထည့်ထုပ်ပြီး မိခင်မှ ညက် စွာဝါး၍ အရည်ရောအဖတ်ပါ စားပေး ပါ။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် ထိုသို့ပြုလုပ် ၍ မိခင်မှစားပေးပါ။

မိခင်ထံမှ ထိုဆေးဓာတ်သည် မိခင်၏နို့ရည်မှ ကလေးသူငယ်ကို တိုက် ရိုက်ရရှိစေသဖြင့် ချွဲ၊ သလိပ်များ ကြေပျက်ကာ ကလေးကျန်းမာသွားပါ မည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိ သောဆေးနည်း ဖြစ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

---

အဘနဲ့ ရေစက်နီးတယ်"

"ဟုတ်တယ်ဗျ။ ကျုပ်တို့နှစ် ယောက်ကလည်း အဘနဲ့ မကြာမီ ဆုံရ တော့မယ်လို့ အတိတ်ကောက်နေကြ တာ"

"ခင်ဗျားတို့အဘအောင်မင်းခေါင် ကို တကယ်တွေ့ချင်တာလား"

"ဟာ - ဘယ့်နှယ်ပြောလိုက်တာ လဲ၊ တွေ့ချင်တာပေါ့ဗျာ"

"ခင်ဗျားတို့တွေ့ချင်တဲ့အဘ လာ မယ့် တန်ဆောင်မုန်းလပြည့်နေ့ ဇရပ် ကုန်းကြွလာလိမ့်မယ်"

"ပြောလို့သာကြားလိုက်ရတယ်။ မယုံဘူးဗျ"

"အေး - အဘက ပြည်တော်ပြန် ဝင်လာတာလို့လည်းပြောတယ်။ သေ သေချာချာ ဂဃနဏသိချင်ရင်တော့ တန်ဆောင်မုန်းလပြည့်နေ့ကျတော့သွား တွေ့ကြတာပေါ့"

"ဘာပဲပြောပြော အဘအောင် မင်းခေါင်ရဲ့ သတင်းအစအနရရင် လက် မလွှတ်စတမ်း ရှာဖွေနေတာ။ ခုလည်း ခင်ဗျားပြောတဲ့ သတင်းစကားက မဂ် လာသတင်းပါပဲ။ ကျုပ်တို့လိုက်ခဲ့မယ် ဗျာ"

"ခင်ဗျားတို့က အဘရဲ့သားတွေမို့ တွေ့စေချင်တဲ့ဆန္ဒနဲ့ ဒီသတင်းကိုပြော တာပါ။ လူတိုင်းလက်ခံနိုင်တဲ့ ကိစ္စ မဟုတ်ဘူးဗျ"

"ခင်ဗျားက ဘယ်လိုလုပ်သိတာ လဲ"

"ကျွန်တော်က မီးသမားလေ။ ဇရပ်ကုန်းက ကိုဘိုကံက သူ့အိမ်ရှေ့မှာ အဘအောင်မင်းခေါင်ဓာတ်ခန်းလေး ဆောက်ပြီး အဘကို ကိုးကွယ်နေကြ တာ။ အဘနေဖို့၊ အိပ်ဖို့၊ အိမ်သာ၊ ရေ ချိုးခန်းတွေပါတဲ့ ဓာတ်ခန်းကို မီးဆင် ပေးရတာ။ သူတို့ပြောလို့သိရတာ"

"ဒါနဲ့ အဘအောင်မင်းခေါင်ဆို တာ သူ့နာမ်စီးပြီး သူ့ဝင်ပူးပြီးမှလာတဲ့ အခြားတစ်ယောက်လား"

"ခင်ဗျားပြောတာ ကျွန်တော်နား မရှင်းဘူး"

"ဒီလိုဗျ ကိုကျော်စိုးရ။ မောင်ဖြူ က အဘအောင်မင်းခေါင်နာမ်စီးတယ်၊ မောင်နီက အဘအောင်မင်းခေါင် နာမ် စီးတယ်။ ခုလာတဲ့ ဘိုးတော်က မောင် ဖြူလား၊ မောင်နီလား"

"အင်း- ခုလာတဲ့ ဘိုးတော်က အဘအောင်မင်းခေါင်ကိုယ်တိုင်ပဲဗျ။ ဘယ်သူ့ခန္ဓာကိုယ်ကိုမှဓာတ်စီးလာတာ မဟုတ်ဘူး။ သူ့ရုပ်နဲ့ သူ့နာမ်နဲ့ သူ့ကိုယ် တိုင်ပြန်ဝင်လာတာ"

"အေးဗျာ-အံ့သြစရာပဲ၊ တကယ် တော့ မယုံကြည်နိုင်စရာဘဲ။ လူတွေကို လျှောက်ပြောမနေနဲ့။ မယုံကြည်တဲ့သူ ဆိုရင် အဘအပေါ် ပြစ်မှားနေဦးမယ်။ အပြစ်ရှိရင် သူ့အတွက်မကောင်းဘူး"

"ဟုတ်ကဲ့ - ကျွန်တော်လည်း မတွေ့ဖူးသေးဘူးဗျ။ သူတို့ပြောတဲ့ သတင်းကို ခင်ဗျားတို့ နှစ်ယောက်ကို ဖောက်သည်ချတာ"

"ဟုတ်တာ၊မဟုတ်တာအပ,ထား။ ကျုပ်တို့ လက်တွေ့ဖူးကြည့်မှ အဖြေမှန် ပေါ်မယ်ဗျ။ကျုပ်တို့နှစ်ယောက်ကို အဘ က ရေနဲ့ပက်လိုက်တာ ဒီအတိတ်နိမိတ် နဲ့ ခင်ဗျားပြောတဲ့သတင်းနဲ့ဆိုရင်တော့ ဟုတ်ပြီလို့ ပြောရမလိုဖြစ်နေပြီဗျ"

"ကဲ - သတင်းပေးတဲ့ ကိုကျော်စိုး ရေ၊ ခင်ဗျားကို ဂုဏ်ပြုတဲ့အနေနဲ့ လက် ဖက်ရည်တိုက်မယ်ဗျာ။ လက်ဖက်ရည် ဆိုင်သွားကြရအောင်"

ဤသို့ဖြင့် ကျွန်တော်တို့ သူငယ် ချင်း (၃) ယောက် လက်ဖက်ရည်ဆိုင် သွားပြီး အဘနှင့်ပတ်သက်သောသတင်း စကားများကို ဆက်လက် ဆွေးနွေးကြပါ သည်။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

**လူကိုမရသဖြင့် ပယောဂပညာဖြင့် နှိပ်စက်ခြင်း**

လူတစ်ယောက်သည် မိမိ၏အလို ဆန္ဒအတိုင်း အခြားသူတစ်ဦးကလိုက်ပါ စေလို၏။ ထို့ကြောင့် မိမိအလိုအတိုင်း ဖြစ်စေရန် ကြိုးစား၏၊ အားထုတ်၏။ သို့သော် မိမိမျှော်လင့်သည့်အတိုင်း ဖြစ်မလာတော့သည့်အခါတွင်မူ ထိုသူသည် ဒေါသဖြစ်ခြင်းသော် လည်းကောင်း၊ မကျေနပ်မှုသော် လည်းကောင်း၊ စိတ်ဆင်းရဲမှုသော်လည်းကောင်း၊ စိတ်ဓာတ်ကျမှုသော် လည်းကောင်း စသည့် ခံစားချက်တစ်ရပ်ရပ်သည် ဖြစ်ပေါ်လာတတ်၏။ ထိုအခြေအနေမျိုးတွင် အချို့သည် အသာတကြည်လက်လျှော့နောက်ဆုတ်သွားတတ်ပြီး အချို့သည်ကား ထိုသို့ အသာတကြည်မဖြေသိမ့်နိုင်ဘဲ မိမိအား ငြင်းရပါမည်လား၊ ပစ်ပယ်ရကောင်းလား ဟူသည့် ကြိတ်မနိုင်ခဲမရဖြစ်ကာ ဒေါသ၊ အာဃာတစိတ်တို့ဖြင့် လက်တုံ့ပြန်တတ်သူမျိုးလည်းရှိပါသည်။ ထိုသို့ လက်တုံ့ပြန်ရာတွင်လည်း ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း ပြန်လည် ပြုမူသူများရှိသလို ထိုသို့သော ထင်ရှားသည့် အကြောင်းခြင်းရာမျိုးဖြင့် ပြုခြင်းမဟုတ်ဘဲ လူမသိသောနည်း၊ ထင်ရှားပေါ်လွင်သောနည်းလမ်းများကို အသုံးမပြုဘဲ အခြားနည်းများကိုသုံး၍ တုံ့ပြန်ကြသည်လည်းရှိ၏။

ဤနေရာ၌ အခြားနည်းဆိုသည်မှာ လောကဓမ္မတာနည်းများကို အသုံးပြုခြင်းမျိုးမဟုတ်ဘဲ လောကဓမ္မလွန်နည်းများဖြစ်သည့် အောက်လမ်းပညာကို အသုံးပြုခြင်းပင် ဖြစ်၏။ ထိုအခါ ပြုသူအတွက်ရော အပြုခံရသူအတွက်ပါ ဆိုးဝါးသောအကျိုးဆက်များကိုခံစားကြရပါတော့၏။ မည်သူအတွက်မျှ မကောင်းသောလုပ်ရပ် ဖြစ်၏။ ပြုလုပ်သူသည် ဤဘဝအတွက်ရော သံသရာအတွက်ပါ ဆိုးရွားသည့်ဒဏ် ပြန်သက်ရောက်မှုများကို ခံစားရမည်ဖြစ်ပြီး အပြုခံရသူအဖို့မှာလည်း ဤဘဝတွင်ပင် ငယ်ငယ်ရွယ်ရွယ်ဖြင့် သွက်သွက်ခါအောင် ရူးသွပ်သည့်အဖြစ်ဆိုးနှင့် ကြုံတွေ့ရပါတော့၏။



**ရွှေပေါ်မြတင်ကညာစင်**

သူမ၏ အမည်ကား မသန်းစိန်ဖြစ်၏။ သူမသည် အတိတ်ကပြုခဲ့ဖူးသော ပုဗ္ဗေစကံကောင်းခြင်းမျိုးနှင့် ပြည့်စုံသူဟု ဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ရုပ်ဆင်းအင်္ဂါကလည်း အလွန်ပင် ချောမောလှပပြေပြစ်လှပါသည်။ အသားကလည်း ဖြူပြီးဝါဝင်းနေ၏။ နှာတံကလည်းပေါ် ၏။ မျက်လုံး၊ မျက်ခုံးကလည်း ကောင်း၏။ အဆိုပါအလှများပေါ်တွင် ပိတုန်းရောင်သန်စွမ်းလှသည့် ဆံကေသာက ထပ်လောင်းအားဖြည့်ထား၏။ ထို့အပြင် သူမသည် မပိန်လွန်းဘဲ အချိုးအဆစ်ကျသောခန္ဓာကိုယ်ကိုလည်း ပိုင်ဆိုင်ထား၏။ ကိုယ်ဟန်ပန်အမူအရာကလည်း သွက်လက်ဖျတ်လတ်၏။ ထို့ကြောင့် မသန်းစိန်၏အလှသည် အခြားတစ်ပါးသော အမျိုးသမီးများ၏ အလှနှင့်မတူဘဲ တစ်မူကွဲပြားခြားနားသည့် အလှဟု ဆိုရပါမည်။ သို့ဖြစ်ပါသောကြောင့် မသန်းစိန်ကို တွေ့မြင်ရသူများသည် သမင်လည်ပြန်ပြန်၍ လှည့်မကြည့်ဘဲမနေနိုင်အောင် လှသည့်အလှမျိုးဖြစ်ပါသည်။ သို့သော် မသန်းစိန်၏ အလှသည် ကိလေသာကာမဂုဏ်ဆိုင်ရာအလှမျိုးမဟုတ်ဘဲ ယဉ်ကျေးသိမ်မွေ့သည့် အလှမျိုး ဖြစ်ပါသည်။

ဤကဲ့သို့ မသန်းစိန်သည် 'ဣတ္ထိရုပ်ဓန်' ဟူသကဲ့သို့သော ဂုဏ်အရည်အချင်းကို ပိုင်ဆိုင်ထားသကဲ့သို့ စည်းစိမ်ဥစ္စာချမ်းသာအပေါင်းနှင့်လည်း ပြည့်စုံသူဟု ဆိုရပါမည်။ မသန်းစိန်၏မိဘများကား ရွှေကျီးနိုင်လွန်အထည်စက်ပိုင်ရှင်များ ဖြစ်ကြ၏။ အဆိုပါ ရွှေကျီးနိုင်လွန်စက်မှာ နှယ်နှယ်ရရမဟုတ်။ သွပ်လပ်



www.burmeseclassic.com

www.burmeseclassic.com

နေးရပြီးခေတ် ဦးနုအစိုးရလက်ထက်က မြန်မာပြည်တစ်နံတစ်လျား မသိသူမရှိလောက်အောင်ပင် ထင်ပေါ်ကျော်ကြားသည့်နိုင်လွန်စက် ဖြစ်ပါသည်။ ထိုစက်ရုံမှထွက်သည့် ပစ္စည်းများသည် မြန်မာပြည်အတွင်း၌သာမက နိုင်ငံခြားတိုင်းပြည်များသို့တိုင် တင်ပို့ရောင်းချရပါသည်။ ထို့ကြောင့် မသန်းစိန်၏ မိဘများဖြစ်သော ရွှေကျီးနိုင်လွန်စက်ပိုင်ရှင်များသည် မည်မျှချမ်းသာကြွယ်ဝကြမည်ကို မှန်းဆကြည့်ရုံဖြင့် သိနိုင်ပါသည်။

ထို့ကြောင့် မသန်းစိန်၏ မိဘများသည် သမီးလေးကို အရမ်းချစ်ကြ၏။ အရိပ်တကြည့်ကြည့်ဖြင့် ရွှေပေါ်မြတင်ထား၏။ လက်ဝတ်လက်စား ရတနာပစ္စည်း၊ အသုံးအဆောင်၊ အခြွေအရံများမှအစ လိုလေသေးမရှိအောင်ထား၏။ သမီးမျက်နှာတစ်ချက်အငြိုမခံပေ။ လိုအပ်သမျှ ပြည့်စုံစွာပင်ထား၏။ အလွန်ပင် အလိုလိုက်ကြ၏။

ဤကဲ့သို့ လိုလေသေးမရှိအောင် မိဘများက အလိုလိုက်ထားသော်လည်း မသန်းစိန်က လိမ္မာရေးခြားရှိ၏။ အရာရာတိုင်းကို သင့်-မသင့်၊ တော်-မတော် ချိန်ဆနိုင်စွမ်းရှိသူ ဖြစ်၏။

**အေးချမ်းသာယာသောမိသားစုဘဝသို့ အဖျက်မုန်တိုင်းဝင်ရောက်ခြင်း**

မသန်းစိန်သည် ဥစ္စာပေါ၊ ရုပ်ချောပြီး စည်းစိမ်ချမ်းသာဖြင့် ပြည့်စုံသော်လည်း ခပ်ပေါ့ပေါ့တန်တန်နေသူမျိုး မဟုတ်ပေ။ ထို့ကြောင့် ကျောင်းစာပေများကိုလည်း အပတ်တကုတ်ကြိုးစားခဲ့၏။

သို့သော် တစ်နေ့တွင် မသန်းစိန်၏ လှပသော ရုပ်ဆင်းအင်္ဂါကြောင့်လည်းကောင်း၊ ပြည့်စုံကြွယ်ဝသော စည်းစိမ်ချမ်းသာကြောင့် လည်းကောင်း တပ်မက်မောပြီး အမျိုးသားတစ်ဦးသည် ချစ်ရေးဆိုလာ၏။ ၎င်း၏ ချစ်ရေးဆိုမှုသည် သာမန်ချစ်ရေးဆိုမှုမျိုးမဟုတ်ပေ။ မရအရယူမည့် အားထုတ်မှုမျိုးဖြင့် ချဉ်းကပ်လာခြင်း ဖြစ်၏။ မသန်းစိန်ကား ထိုသူအပေါ် ပြန်လည်စိတ်ဝင်စားရန်ဝေးစွ။ မည်သည့်တုံ့ပြန်မှုမျိုးမျှမရှိခဲ့ပေ။ သူမသည် အရွယ်ကလည်းငယ်သေး၏။ ကျောင်းစာကို စိတ်ဝင်စား၏။ အချစ်ရေးကိစ္စကိုလုံးဝစိတ်မဝင်စားပေ။ အဆိုပါ အချစ်ရေးကိစ္စနှင့် ပတ်သက်၍မူ ထိုအမျိုးသားသာမက အခြားသော အမျိုးသားများကလည်း ဝိုင်းဝိုင်းလည်နေသူဖြစ်၏။ ပန်းဝတ်ရည်ကို စုပ်ယူလိုသော ပျား၊ ပိတုန်းများပမာ ဝိုင်းအုံနေသကဲ့သို့ဖြစ်နေ၏။

သူမအနေဖြင့်မူ ဤကဲ့သို့ ဝိုင်းဝိုင်းလည်နေသော်လည်း အချစ်ရေးကိစ္စကိုမူကား မည်သို့မျှစိတ်လှုပ်ရှားမှုမရှိခဲ့ပေ။

## ပထမံမိစ္ဆာဧရု ထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးရှုံးရှင်စစ်ကျွင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

ထို့ကြောင့်လည်း အထက်ပါအမျိုးသားသည် မသန်းစိန်ကို အမျိုးမျိုးအဖုံဖုံ စိတ်လှုပ်ရှားစေရန်၊ သူ့အား တစ်ဖန်ပြန်ပြီး စိတ်ဝင်စားစေရန် ကြိုးပမ်းအားထုတ်ခဲ့၏။ သို့သော် သူ့အားပြန်ချစ်လာစေရန်ကိစ္စသည် မဖြစ်နိုင်မှန်း တဖြည်းဖြည်း ရိပ်စားမိလာ၏။ နောက်ဆုံးတွင် ထိုသူသည် သူ့အား မသန်းစိန်ကပြန်ပြီးချစ်ကြိုက်လာစေရန် မည်သို့မျှပြု၍ မရနိုင်မှန်းသိသောအခါ အကောက်ကြံရန် ကြံစည်လေတော့၏။ မစားရသည့်အမဲ သဲနှင့်ပက်ပစ်မည့်သဘောပင် ဖြစ်၏။

ထိုအကြံအစည်ကား အောက်လမ်းပညာသည်တစ်ဦးထံ ချဉ်းကပ်အကူအညီကို ရယူလေတော့၏။ ထို့နောက် ထိုသူသည် အောက်လမ်းပညာဖြင့် မသန်းစိန်အား တိုက်လေတော့၏။ ထိုသူသုံးသောအောက်လမ်းပညာသည် ခပ်ပေါ့ပေါ့လုပ်သည့်ပညာမျိုး မဟုတ်ပေ။ အပေါ်ယံမျှသာ ပညာပေးရုံ၊ ခြိမ်းခြောက်ရုံမျှပြုသည့် အောက်လမ်းပညာမျိုး မဟုတ်။ အပြတ်ရှင်းသည့် အောက်လမ်းပညာမျိုးကိုသုံးခြင်းဖြစ်၏။ အဆိုပါ အပြတ်ရှင်းခြင်းဆိုသည်မှာ မသန်းစိန်ကို သွက်သွက်ခါရူးစေ၍ မည်သည့်ဆရာမျိုးကမျှ ပြန်၍မဖြေနိုင်အောင်ဖြစ်ပြီး နောက်ဆုံး တဖြည်းဖြည်းနှင့် လုံးပါးပါးကာ လမ်းဆုံးရောက်အောင်လုပ်သည့် ပညာမျိုးကိုသုံးခြင်း ဖြစ်၏။ အလွန်ပင် ရက်စက်လွန်းသည့်ပညာမျိုး ဖြစ်၏။

ဤသို့ဖြင့် မသန်းစိန်ခမျာ ထိုသူ၏ အောက်လမ်းပညာ၏ တိုက်ခိုက်မှုအောက်တွင် မည်သို့မျှ မတတ်နိုင်ရှာဘဲ ရေစုန်မျောရရှာတော့၏။

မသန်းစိန်၏အဖြစ်သည် အလွန်ပင် ဆိုးဝါးလှပါသည်။ ငယ်ရွယ်နုနယ်ပျိုမျစ်သောအရွယ်၊ ချောချောလှလှလေးဖြင့် သွက်သွက်ခါအောင်ပင် ရူးသွပ်သွားပါတော့၏။ အမိအဖတို့ကိုပင် အမိမှန်းအဖမှန်းမသိတော့။ အဆွေအမျိုးတို့ကိုလည်း အဆွေအမျိုးမှန်းပင် မသိတော့ပေ။ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း သိရန်ကား ဝေလာဝေးတော့၏။ ယုတ်စွအဆုံးဆိုရလျှင် အရှက်ကိုအရှက်မှန်းပင် မသိတော့။ အဝတ်အစားပင် လိုက်ကပ်ပေးရသည့်ဘဝမျိုးဖြစ်သွား၏။ ချက်ချင်းပင် အလွန်ဆိုးဝါးသည့်ဘဝသို့ ရောက်ခြင်းမလှရောက်သွားတော့၏။

မသန်းစိန်၏ မိဘများအဖို့ကား အလွန်ပင်ထိခိုက်ကြေကွဲရတော့၏။ မိမိတို့အနေဖြင့် ချစ်မြတ်နိုးလွန်းကာ ရွှေပေါ်မြတင်ထားခဲ့သည့် သမီးလေးတွင်မှ ဤအဖြစ်ဆိုးမျိုး ကြုံတွေ့ရခြင်းသည် ကမ္ဘာပျက်သည့်အလား အိုးထိန်းစက်ပမာ ချာချာလည်သည့်အဖြစ်မျိုး ကြုံတွေ့ကြရတော့၏။ ထို့ကြောင့် မိမိတို့၏ ရင်နှစ်သည်းချာသမီးလေးအတွက် ဘယ်လောက်ကုန်ကုန်၊ ဘာပဲလုပ်ပေးရလုပ်ပေးရလုပ်တော့မည်ဟု သန္နိဋ္ဌာန်ချကာ ထိုကိစ္စများနှင့် ပတ်သက်ပြီး နားလည်ကျွမ်းကျင်သူများနှင့်ပြကာ ဆေးကုသမှု ခံယူစေ၏။ သို့သော် မည်သို့မျှ အကြောင်းမထူးပေ။ အချည်းအနှီးသာဖြစ်ခဲ့ကြရ၏။ ဤသို့ဖြင့် တဖြည်းဖြည်း ဆရာပေါင်းသာစုံလာခဲ့၏။ ထူးခြားမှုကားဖြစ်မလာခဲ့ပေ။ မသန်းစိန်၏အခြေအနေကသာ ပို၍ဆိုးသထက်ဆိုးလာခဲ့တော့၏။မိဘများအနေဖြင့်မူ သူတို့သမီးလေး၏အခြေအနေကား မျှော်လင့်ချက်ဝေးပြီလော ဟူသည့် စိုးရိမ်စိတ်၊ ပူပန်ကြောင့်ကြသောစိတ်တို့ကား အထွတ်အထိပ်သို့ရောက်ခဲ့ရတော့၏။

**အတိတ်ဘဝပဋ္ဌာန်းဆက်**

မသန်းစိန်၏ အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာနေ၏။ ထို့ကြောင့် သူမ၏ မိဘတို့သည် အစွမ်းကုန် ကုသစေသော်လည်း အချည်းနှီးသာဖြစ်နေသဖြင့် လက်မှိုင်ချကာနေကြရ၏။ ထိုအချိန်တွင် မိဘများထံသို့ သူတို့၏ မိတ်ဆွေရင်းချာတစ်ဦး မမျှော်လင့်ဘဲ ရောက်လာခဲ့၏။ ထိုမိတ်ဆွေသည် မသန်းစိန်ကို အလွန်ပင်ချစ်ခင်သူဖြစ်၏။ ထိုအခါတွင်မှ အဆိုပါမိတ်ဆွေသည် မသန်းစိန်ဘဝ သွက်သွက်ခါအောင်ရူးပြီး ကျောင်းမတက်နိုင်၊ စာမသင်နိုင်၊ မစားနိုင်၊ မအိပ်နိုင်ဖြစ်နေရသည့်အဖြစ်ဆိုးကို သိသွားသောအခါ အလွန်ပင်စိတ်မကောင်းဖြစ်သွားတော့၏။

ထိုအခါတွင်မှ အဆိုပါမိတ်ဆွေသည် သူ့မိဘများအား သူသည် ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီးနှင့် လွန်စွာရင်းနှီးကျွမ်းဝင်ကြောင်း၊ ဆရာတော်ကြီးသည် သိဒ္ဓိရှင်မဟိဒ္ဓိရှင်ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ ဤကိစ္စနှင့်ပတ်သက်ပြီး အကူအညီတောင်းခံလျှင် ဖြစ်နိုင်မည်ထင်ကြောင်း ပြောရာ မသန်းစိန်၏ မိဘများသည် အားတက်လာပြီး ထိုမိတ်ဆွေအား ဤကိစ္စနှင့်ပတ်သက်ပြီး သမီးလေးအတွက် ဆရာတော်ကြီးထံ မဖြစ်မနေအကူအညီတောင်းပေးပါရန် အပူကပ်ကြလေတော့၏။ ထိုအခါတွင် မိတ်ဆွေဖြစ်သူလည်း အကူအညီပေးလိုရင်းစွဲလည်းရှိသဖြင့် အစွမ်းကုန်မဖြစ်ဖြစ်အောင်ဆောင်ရွက်ပေးပါမည်ဟု ကတိပြုလိုက်၏။

ထို့ကြောင့် အဆိုပါ မိတ်ဆွေနှင့် မသန်းစိန်၏မိဘများလည်း ဆရာတော်ကြီး သီတင်းသုံးသည့် ကျွန်းတောသုသာန်ကျောင်းသို့ မသန်းစိန်အား ခေါ်ပြီးသွားကြရန် အနီးဆုံးရက်တစ်ရက်ကို သတ်မှတ်လိုက်ကြ၏။

✻

ထိုသို့ ရန်ကုန်မှ မသန်းစိန်ကို စစ်ကွင်းသို့ သွားရောက် ဆေးကုသရန် ရက်မှတ်ပြီးသည်နှင့်တစ်ပြိုင်နက် မရှေးမနှောင်းတွင်ပင် စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးနေသည့် စစ်ကွင်းကျွန်းတောသုသာန်ကျောင်းသို့ စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ ခမည်းတော် အဘဘိုးသာအေးသည် ရောက်ရှိလာခဲ့၏။ အဘဘိုးသာအေးသည် ထွက်ရပ်ပေါက်ပြီးသော ဝိဇ္ဇာဓိုရ်တစ်ဦး ဖြစ်၏။ အဘဘိုးသာအေး စစ်ကွင်းဆရာတော်ထံ ရောက်ရှိလာခြင်းသည် အကြောင်းထူးကိစ္စထူးရှိ၍သာ ဖြစ်၏။ ခရီးရောက်မဆိုက်ပင် အဘဘိုးသာအေးက -

"မောင်စန္ဒော၊ မနက်ဖြန်ကျရင် မိန်းကလေးတစ်ယောက် ဆေးလာကုလိမ့်မယ်"

"ဘယ်ကမိန်းကလေးလဲ ဒကာကြီး"

"အဲဒီမိန်းကလေးက ရန်ကုန်ကလာရမှာ"

"အဲဒီကလေးမလေးက ဘာရောဂါဖြစ်လို့လဲ"

"ရောဂါကတော့ သွက်သွက်ခါအောင်ရူးနေတဲ့ ကလေးမလေးပဲ။ အခြေအနေကအတော်ဆိုးတယ်။ အဝတ်အစားတောင်မကပ်ဘူး ကိုယ်တော်"

"ဟင် - အဝတ်အစားတောင်မကပ်ဘူးဟုတ်လား ဒကာကြီး။ အဲဒီလိုအခြေမျိုးတော့မကုချင်ဘူး"

"ဒီမယ် မောင်စန္ဒော၊ မကုဘဲနေလို့ကတော့မရဘူး။ ကုကိုကုပေးရမယ်"

"ဘာဖြစ်လို့လဲ ဒကာကြီးရဲ့"

"အဲဒီကလေးမလေးက မင်းရဲ့အတိတ်ဘဝက ညီမလေးဖြစ်ခဲ့ဖူးတယ်ကွယ့်။ အင်မတန်မှလည်း သနားဖို့ကောင်းပါတယ်ကွယ်။ ခုအချိန်ထိ ဆရာမတွေ့၊ ဆေးမတွေ့ဖြစ်နေတယ်"

"ဪ - အဲဒီလိုလား ဒကာကြီး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါဆို ကျုပ်အတတ်နိုင်ဆုံးကုပေးပါမယ်"

ဟု စစ်ကွင်းဆရာတော်ကြီးက ပြန်ပြီးကတိပေးလိုက်ရ၏။

**ဆိုးရွားသောပယောဂအား ဝိဇ္ဇာရေပညာဖြင့် ကုသခြင်း**

ဤသို့ဖြင့် နောက်တစ်နေ့တွင် စစ်ကွင်းမြို့ ကျွန်းတောသုသာန်ကျောင်းသို့ မသန်းစိန်၏မိဘများ၊ ဆွေမျိုးများ၊ စစ်ကွင်းဆရာတော်ကြီး၏ ရင်းနှီးသော တပည့်ဖြစ်သူတို့သည် မသန်းစိန်ကို ဂရုတစိုက် ကြပ်မတ်ပြီး ခေါ်ဆောင်လာခဲ့ကြ၏။

ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ရောက်သည်နှင့်တစ်ပြိုင်နက် ဆရာတော်ကြီးအား ဝတ်ဖြည့်ပြီးနောက် မသန်းစိန်၏မိဘများ၊ မသန်းစိန်တို့နှင့် မိတ်ဆက်လျှောက်ထားပြီး ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားကာ ဆရာတော်ကြီးအနေဖြင့် မေတ္တာရှေ့ထား ကုသပေးပါရန်လည်း လျှောက်ထားလိုက်၏။

ဆရာတော်ကြီးသည် မသန်းစိန်၏ အခြေအနေကို တစ်ချက်မျှကဲကြည့်လိုက်၏။ သူမ၏ ပယောဂသည် အလွန်ပင်ပြင်းထန်ကြောင်း၊ ကုသရန်ခက်ခဲနိုင်ကြောင်းတို့ကိုလည်း တစ်ခဏချင်းပင် သုံးသပ်မိလိုက်၏။ သို့သော် မသန်းစိန်နှင့်ပတ်သက်၍ အတိတ်ပဋ္ဌာန်းဆက်တလည်းရှိနေသဖြင့် မြင်လျှင်မြင်ချင်းပင် သနားကရုဏာဖြစ်မိခြင်း၊ ခမည်းတော်ဖြစ်သူ အဘဘိုးသာအေးကလည်း ကြိုတင်ပြောထားသဖြင့် မသန်းစိန်၏ ပယောဂအား ကုသပေးရန် တာဝန်ယူလိုက်တော့၏။

ထို့နောက် ဆရာတော်ကြီးလည်း သန်းစိန်၏ ပယောဂအား ကုသမှုလုပ်ငန်းကို စတင်လေ၏။ ထိုသို့ ပယောဂကုသမှုစတင်သည်နှင့်ပင် မသန်းစိန်အား တိုက်ထားသည့် ပယောဂအောက်လမ်းဆရာသည် ပညာအလွန်မြင့်ကြောင်း တွေ့ရတော့၏။ ဆရာတော်ကြီးက ပယောဂကုသရန် အင်းတိုက်မည်၊ ဆေးတိုက်မည် ကြံကာရှိသေးသည်။ ပယောဂက 'ဘယ်အင်းတိုက်မလို့မဟုတ်လား၊ ဘယ်ဆေးတိုက်မလို့မဟုတ်လား၊ ဘာလုပ်မလို့ မဟုတ်လား' စသည်ဖြင့် ကြိုတင်ပြီးပင် သိနှင့်နေပြီး ဖြစ်၏။

ထိုကဲ့သို့ ဆရာတော်ကြီးပယောဂကုသပေးရာတွင် အခက်အခဲများစွာ တွေ့ကြုံနေရလေ၏။ ထို့ကြောင့် ဆရာတော်ကြီးလည်း မတတ်သာတော့ဘဲ သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပင့်ဖိတ်ရတော့၏။ ထိုအခါ သက်ဆိုင်ရာပုဂ္ဂိုလ်များ ကြွရောက်လာ၏။

ပုဂ္ဂိုလ်များ ကြွရောက်လာသောအခါ ဆရာတော်ဦးစန္ဒောဘာသက အခြေအနေအရပ်ရပ်ကို မေးမြန်းပြီး ကုသရမည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ပြောလိုက်၏။ ထိုအခါတွင် ထူးထူးခြားခြားပင် လေထဲ၌ စာလုံးများပေါ်လာတော့၏။

ထိုလေထဲမှ စာလုံးများတွင် ရေးသားထားသည့် အကြောင်းအရာများမှာလည်း ပြည့်စုံလှ၏။ မသန်းစိန်အား ကုလျှင်မည်သို့ကုရမည်၊ မည်သည့်ပညာကိုသုံးရမည် စသည့် အသေးစိတ်ညွှန်ကြားချက်များ ဖြစ်နေ၏။ ထို့နောက်တွင် အဆိုပါ လေထဲ၌ပေါ်လာသော စာလုံးများပျောက်သွားတော့၏။

ဦးစန္ဒောဘာသသည် ထိုလေထဲမှ ပေါ်လာသည့်စာများအတိုင်း မသန်းစိန်အား ကုသပေးလိုက်၏။ ထိုအခါတွင်မှ ကုသရလွယ်ကူသွားတော့၏။ ထိုသို့ ကုပေးပြီးသည်နှင့်တစ်ပြိုင်နက် မသန်းစိန်သည် အန်ပါတော့၏။ ထိုသို့ အန်ထွက်လာသည့်အရာများမှာ လူဆံပင်ခြည်ထွေးများ၊ သံချောင်းများ ဖြစ်၏။ ထိုအဖြစ်အပျက်ကို အစမှအဆုံးတိုင်မြင်တွေ့လိုက်ကြရသော မသန်းစိန်၏မိဘများနှင့် မိတ်ဆွေဖြစ်သူတို့သည် အလွန်ပင် အထူးအဆန်း တအံ့တသြဖြစ်ကြ၏။ ဤအဖြစ်အပျက်မျိုး ယခင်ကကြားသာကြားဖူးခဲ့သော်လည်း ယခုအခါတွင်မှ မျက်မြင်ကိုယ်တွေ့ဖြစ်တော့၏။

ထို့နောက် မသန်းစိန်၏ မိဘများသည် မသန်းစိန်၏ ဝမ်းထဲမှရရှိလာသော ပစ္စည်းများကို သိမ်းလိုက်၏။ အဆိုပါပစ္စည်းများကို နောင်လာနောက်သားများ ကြည့်ရှုလေ့လာနိုင်စေရန် ရွှေတိဂုံဘုရားသို့ လှူမည်ဟုဆိုကြ၏။ (နောင်သောအခါတွင် မသန်းစိန်၏ မိဘများသည် မသန်းစိန်၏ ဝမ်းထဲမှရသောပစ္စည်းများကို ရွှေတိဂုံဘုရား၌ လှူဒါန်းထားခဲ့၏)

ထိုသို့ ဝမ်းထဲမှပစ္စည်းများကို အန်ပြီးနောက် မရှေးမနှောင်းတွင်ပင် မသန်းစိန်၏ သွက်သွက်ခါအောင် ရူးသွပ်နေသောရောဂါလည်း ပျောက်သွားတော့၏။ လူပုံစံကလည်း ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်လာတော့၏။

ထိုအခါတွင်ကား မသန်းစိန်ရော မသန်းစိန်၏မိဘများပါ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာခြင်းဖြစ်ပြီး စစ်ကွင်းဆရာတော်ကြီးကိုလည်း အထူးပင်ကျေးဇူးဥပကာရတင်ကာ အကြိမ်ကြိမ်အခါခါပင် ရှိခိုးကန်တော့လှူဒါန်းကြ၏။ ထို့နောက် မသန်းစိန်တို့ မိသားစုသည် ဝမ်းမြောက် ရွှင်လန်းစွာဖြင့် ရန်ကုန်သို့ ပြန်ကြရန် ပြင်ဆင်ကြလေ၏။

မသန်းစိန်တို့ ပြန်ခါနီးတွင် ဆရာတော်ကြီးက အရေးတကြီးသတိပေးလိုသည့်သဘောဖြင့် မသန်းစိန်၏မိဘများအား ခေါ်ယူလိုက်ပြီး နောက်လာမည့် မည်သည့်နေ့၊ မည်သည့်ရက်တွင် ရန်ကုန်မြို့သို့ ဂျပန်လေယာဉ်များ လာရောက်ဗုံးကြဲမည်ဖြစ်ကြောင်း နေ့ရက်အတိအကျကို ကြိုပြောလိုက်၏။ ထို့နောက်ပိုင်းတွင် ရန်ကုန်မြို့သည် စစ်ဘေးစစ်ဒဏ်သင့်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့တွင် နေထိုင်သောသမီးတို့မိသားစုအနေဖြင့် ဤစစ်ဘေးစစ်ဒဏ်ကို တိမ်းရှောင်ရန်အတွက် ဤစစ်ကွင်းမြို့ ကျွန်းတောသုသာန်ကျောင်းသို့ အရောက်လာခဲ့ကြရန် မှာကြားလိုက်၏။

**စစ်ရှောင်လာသောမသန်းစိန်တို့မိသားစု**

စစ်ကွင်းဆရာတော်ကြီး မှာကြားပြီး ကြိုတင်အမိန့်ရှိလိုက်သည့် နေ့ရက်တွင်ပင် ဂျပန်လေတပ်က ရန်ကုန်မြို့သို့ ဗုံးလာကြဲတော့၏။ ဂျပန်တို့ ဗုံးကြဲသည်မှာ အကြီးအကျယ်ကြဲခြင်း ဖြစ်၏။ ထိုအခါ မသန်းစိန်နှင့် သူ့မိဘများ၊ မိသားစုများသည် ဆရာတော်ကြီး မှာကြားလိုက်သည့်အတိုင်း စစ်ကွင်းမြို့ ကျွန်းတောသုသာန်ကျောင်းသို့ စစ်ရှောင်ရန်အတွက် ရောက်ရှိလာကြတော့၏။

စစ်ကွင်းမြို့သည် မြို့နာမည်နှင့် လိုက်လျောညီစွာပင် စစ်ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့၏။ ထို့ကြောင့် အတော်ပင် ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ပြီး စစ်ဘေးခိုလှုံနိုင်ခဲ့ပါသည်။ သို့သော် ထိုသို့အေးအေးချမ်းချမ်းနေထိုင်မှုသည် သိပ်ကြာကြာမခံလိုက်ပါ။ နောက်ထပ် ပြဿနာတစ်ခုကား ပေါ်လာပါတော့၏။ ထိုပြဿနာကား တိုင်းပြည်မငြိမ်မသက်ဖြစ်လျှင် ဖြစ်လေ့ဖြစ်ထရှိသော 'တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ်' ဆိုသကဲ့သို့ စစ်ကွင်းနှင့် ရွာနီးချုပ်စပ်များတွင် လူဆိုးလူမိုက်တောကြောင်များ ထကြွသောင်းကျန်းတော့၏။

ဤသို့ဖြင့် တစ်နေ့တွင် မသန်းစိန်တို့မိသားစု စစ်ကွင်းကျွန်းတောသုသာန်ကျောင်း၌ရှိနေစဉ်တွင် ဓားပြတစ်စုသည်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးထံ ရောက်ရှိလာတော့၏။ ရောက်လျှင်ရောက်ချင်းပင် ဓားပြတို့က ဆရာတော်ကြီးအား -

"ဒီမယ် ဆရာတော်၊ ဒီကျောင်းမှာ ရန်ကုန်ကသူဌေးတွေရောက်နေတယ်လို့ ကြားတယ်။ အဲဒီလူတွေဘယ်မှာလဲ".

ဟု မေးလေ၏။

ထိုအခါ ဆရာတော်က -

"မင်းတို့ကဘယ်သူတွေလဲ။ ဘာလုပ်မလို့လဲ"

ဟု ပြန်မေးလိုက်၏။

ထိုအခါ ဓားပြတို့က မကျေမချမ်းအမူအရာမျိုးဖြင့် -

"ကျုပ်တို့ဘယ်သူဘယ်ဝါဆိုတာ ပြောစရာအကြောင်းမရှိဘူး။ အဲဒီလူတွေဘယ်မှာလဲဆိုတာသာပြောပါ"

ဟု ခပ်ငေါက်ငေါက်ပြန်ပြောလေ၏။

ထိုအခါ ဆရာတော်ကလည်း ခပ်ထန်ထန်လေသံမျိုးဖြင့် -

"ဟေ့ - မင်းတို့ဘယ်သူဘယ်ဝါတွေမှန်းမသိဘဲနဲ့ ငါကပြောလို့ဘယ်ဖြစ်မလဲ"

ဟု ပြန်ဆိုလိုက်၏။

ထိုအခါတွင် ဓားပြတို့သည် စိတ်ဆိုးဒေါသဖြစ်လာပြီး -

"ကျုပ်တို့ဘယ်သူတွေဖြစ်ရမှာလဲဗျ။ ဓားပြတွေ၊ ဓားပြတွေဗျ။ ဒီတော့ အဲဒီရန်ကုန်က သူဌေးတွေကို ထုတ်ပေးပါ"

ဟု ခပ်ပြတ်ပြတ်ပြောပြီး တောင်းဆိုလာတော့၏။

ထိုအခါ စစ်ကွင်းဆရာတော်ကြီးလည်း ဓားပြများမေးသည်ကို ဘာမှပြန်မဖြေဘဲ ခပ်တည်တည်ဖြင့် စိုက်ကြည့်နေလိုက်၏။

ထိုတွင် ဓားပြတို့သည် စိတ်မရှည်တော့ဘဲ -

"ကဲ - ဒီမယ်ဘုန်းကြီး၊ အချိန်မရှိဘူး။ မြန်မြန်လုပ်ပါ။ အဲဒီလူတွေကို ထုတ်ပေးမလား၊ မထုတ်ပေးဘူးလား ဒါပဲပြော"

ဟု ကျိန်းလေ၏။

ထိုအချိန်တွင် မသန်းစိန်နှင့်သူ၏ မိသားစုတို့သည် ဆရာတော်ကြီးရှိနေသည့် အခန်း၏နောက်ခန်းတွင်ပင် ပုန်းပြီးနေကြခြင်းဖြစ်၏။ ထို့ကြောင့် အချင်းဖြစ်နေသည့်နေရာနှင့် နီးနီးလေးတွင်ပင် ရှိနေကြခြင်းဖြစ်သောကြောင့် ဓားပြများနှင့် နီးနီးလေးတွင်ပင် ရှိနေကြခြင်းဖြစ်သောကြောင့် ဓားပြများနှင့် ဆရာတော်တို့ အချီအချပြောဆိုနေကြသည်ကို အတိုင်းသားကြားနေရသဖြင့် အလွန်ပင်ကြောက်ရွံ့ကာ တထိတ်ထိတ်ဖြစ်လျက် အခြေအနေကို နားစွင့်နေကြရ၏။

မရှေးမနှောင်းပင် စစ်ကွင်းဆရာတော်ကြီးသည် တစ်စုံတစ်ခုကိုလုပ်ရန် စိတ်ပိုင်းဖြတ်ပြီးသောအမူအရာမျိုးသို့ ပြောင်းသွား၏။ ဆရာတော်ကြီး၏ အနီးတွင် မူလကတည်းက ဓားလွတ်တစ်ချောင်းကို ချထား၏။ ဆရာတော်သည် ထိုဓားကို ကောက်ယူလိုက်ပြီး သင်းပိုင်ကိုလှုပ်လိုက်ကာ ခြေသလုံးမွေးများကို ထိုဓားဖြင့် အသာအယာရိတ်ချလိုက်ရာ ကြမ်းပေါ်သို့ ခြေသလုံးမွေးများ အထွေးလိုက်ကျသွားသဖြင့် ဓားသည်ထက်ပြီး မြည့်နေကြောင်း ထင်ရှား၏။

ပြီးလျှင် ဆရာတော်ကြီးသည် သက်န်းကို ထပ်ပြီးလှန်လိုက်၏။ ဆရာတော်သည် ပေါင်များပေါ်သည်အထိ သက်န်းကိုလှန်လိုက်ခြင်း ဖြစ်၏။ ထို့နောက် ဆရာတော်သည် ပေါင်ကိုအဆိုပါဓားဖြင့် လှီးလေတော့၏။ ထိုကဲ့သို့ ဆရာတော်သည် ရှေ့၊ နောက် လေး၊ ငါး၊ ဆယ်ကြိမ် လှီးပြလိုက်သောအခါ ဓားပြများသည် လန့်ဖျပ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် လွန်စွာထက်သည့်ဓားဖြင့် လှီးသော်လည်း မပြတ်မရှသဖြင့် ဆရာတော်သည် ကာယသိဒ္ဓိပြီးကြောင်း ဓားပြများလည်း ရိပ်စားမိသွားကြသဖြင့် သူတို့အားလုံးလည်း ဆရာတော်ကြီးကို ကပျာကယာဦးကုန်းချကြပြီးနောက် လာလမ်းအတိုင်း ထွက်ပြေးသွားကြလေတော့၏။

ထို့နောက် စစ်ဘေးစစ်ဒဏ်များ ငြိမ်းအေးသွားသဖြင့် မသန်းစိန်၏ မိဘဖြစ်သူတို့လည်း ရန်ကုန်သို့ပြန်ရန် ပြင်ဆင်ကြလေ၏။ ထိုအခါ မသန်းစိန်က သူ့မိဘများအား သူမသည် ရန်ကုန်သို့ ပြန်မလိုက်လိုကြောင်း၊ စစ်ကွင်းတွင်ပင် နေလိုကြောင်းပြောရာ မိဘများကလည်း သမီးဖြစ်သူ စိတ်ချမ်းသာသည်ကိုသာ တွေ့လိုသဖြင့် ခွင့်ပြုလိုက်၏။

ပြီးလျှင် စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းကြီး၏ အနောက်ဘက်၌ မသန်းစိန်နေရန် ကျောင်းငယ်တစ်ဆောင်ကို သီးသန့်ဆောက်လုပ်ပေးပါရန် မိဘများကို ပြောရာ မိဘတို့ကလည်း မသန်းစိန်စိတ်တိုင်းကျ ဆောက်လုပ်ပေးလေ၏။ ထို့နောက် မသန်းစိန်သည်လည်း စစ်ကွင်းဆရာတော်ကြီး၏ မွေးစားသမီးအဖြစ် ခံယူလိုက်တော့၏။ မသန်းစိန်သည် ဆရာတော်ကြီးညွှန်ကြားသည့်အတိုင်း တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည့် တရားအလုပ်များကိုသာ ပြုလုပ်နေခဲ့၏။ ဤသို့ဖြင့် မသန်းစိန်သည် အေးချမ်းသော ဘဝနေနည်းဖြင့် နေထိုင်ခဲ့၏။

**ရွှေကျွန်းတောသိုက်အတွင်းသို့ အလည်သွားခြင်း**

စစ်ကွင်းဆရာတော်ဘုရားကြီးသည် မသန်းစိန်အား အတိတ်ဘဝမှ ပဋ္ဌာန်းဆက်ကြောင့်လောမသိ အလွန်ချစ်ခင်၏။ အလိုလည်းလိုက်၏။ မသန်းစိန်ကလည်း သိလိုသည်များကို မေးလေ့မေးထရှိ၏။ဆရာတော်ကလည်း မသန်းစိန်မေးသမျှကို ဖြေပေး၏။ ဤသို့ဖြင့် မေးရင်းဖြေရင်း 'သိုက်' အကြောင်း ရောက်သွား၏။ မသန်းစိန်ကလည်း သိုက်အကြောင်းကို စစ်စစ်ပေါက်ပေါက် မေး၏။ ဆရာတော်ကလည်း သေသေချာချာရှင်းပြပေး၏။

ဤသို့ဖြင့် မသန်းစိန်သည် သိုက်အကြောင်းကို အတော်ပင်သိသွားသောအခါ ထိုသိုက်များထဲသို့ သွားရောက်ကြည့်လိုကြောင်း ဆရာတော်ကြီးအား ပူဆာလေတော့၏။ ဆရာတော်ကြီးက အမျိုးမျိုး ဖျောင်းဖျပြောဆိုသော်လည်း မရပေ။ အလွန်ပင်သွားလိုကြောင်း၊ တွေ့လိုကြောင်း အမျိုးမျိုးပြောပြီး ပူဆာချည်းသာနေသဖြင့် နောက်ဆုံးတွင် မတတ်သာတော့ဘဲ မသန်းစိန်ကို သိုက်ထဲသို့ လိုက်ပို့ပေးရန် ကတိပြုလိုက်ရ၏။

ဤသို့ဖြင့် တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီးသည် မသန်းစိန်အား ရွှေကျွန်းကောသိုက်အထဲသို့ ခေါ်သွားခဲ့၏။ သိုက်အဝင်ဝတွင် အမျိုးသားအစောင့်တစ်ဦးကို တွေ့ရ၏။ သိုက်ထဲသို့ရောက်သောအခါ သိုက်ချုပ်ဘိုးတော်ကြီး ဦးပန်းဘူးကို တွေ့ရ၏။ ဦးပန်းဘူး၏ အနီးတွင် သိုက်နန်းရှင် အခြားအမျိုးသမီးငယ်များကို တွေ့ရ၏။ ထိုအထဲတွင် သိုက်နန်းရှင် ပန်းမြတ်လေးနှင့် ၎င်း၏ ညီမ ပန်းမြတ်ထွေးတို့ ပါဝင်ကြ၏။

အဆိုပါ သိုက်နန်းရှင်ညီအစ်မများကလည်း မသန်းစိန်ကို ကွဲကွာနေသည့် ညီအစ်မတစ်ဦးကဲ့သို့ ခင်ခင်မင်မင်ရင်းရင်းနှီးနှီးရှိကြ၏။ ထို့ပြင် ပျူပျူငှာငှာလည်းရှိပြီး ဖော်ဖော်ရွေရွေလည်း ကြိုဆိုဧည့်ခံကြ၏။ ထို့ကြောင့်လည်း မသန်းစိန်က သူမတို့အပေါ်တွင် ညီ



www.burmeseclassic.com

www.burmeseclassic.com

အစ်မအရင်းကဲ့သို့ ပြန်လည်ခင်မင်သွားလေ၏။ ထို့အပြင် သိုက်နန်းရှင်များကလည်း မသန်းစိန်အား ပျင်းလျှင် သူတို့သိုက်ထဲလာလည်ပါရန် ဖိတ်မန္တကပြုလေ၏။

ထို့နောက် မသန်းစိန်သည် သိုက်ထဲသို့ လှည့်ပတ်လျှောက်ကြည့်လေ၏။ တစ်နေရာတွင် ရေညှိစိမ်းရောင်ရှိသည့် အတုံးချောင်းကြီးများပုံထားသည့် အပုံကြီးကို တွေ့ရှိရ၏။ ထိုအခါ မသန်းစိန်က စူးစမ်းလိုသည့်သဘောဖြင့် အဆိုပါ ရေညှိစိမ်းရောင်ရှိသည့် အရာများကို လက်သည်းဖြင့် ကုတ်ခြစ်ကြည့်လိုက်သောအခါ အဆိုပါရေညှိစိမ်းရောင်များ ကွာသွားသောနေရာအောက်တွင် အဝါရောင်ဝင်းဝင်းများကို တွေ့ရသဖြင့် အသေအချာ စူးစမ်းလိုက်သောအခါ ထိုအရာများသည် ရွှေချောင်းအပုံကြီးဖြစ်ကြောင်း သိရတော့၏။ ထို့ကြောင့် မသန်းစိန်က သိလိုသဖြင့် သိုက်နန်းရှင်တို့အား-

"ဒါတွေက ရွှေချောင်းတွေနော်"

"ဟုတ်ပါတယ်"

"အဲဒီရွှေချောင်းတွေကို သိမ်းထားတာအတော်ကြာပြီထင်တယ်နော်။ အရောင်တွေတောင်ပြောင်းနေတယ်"

"ဟုတ်တယ် မသန်းစိန်၊ သိမ်းဆည်းထားတာတော့ အလွန်ကိုပဲ ကြာနေပါပြီ"

"ဒါဆို ဒီရွှေတွေက ဘယ်တုံးကရွှေတွေလဲဟင်"

"အင်း - ညီမလေးရေ ပြောရမယ်ဆိုရင်တော့အရှည်ကြီးပဲ။ စခဲ့တာတော့ တကောင်းခေတ်ကတည်းကပဲ။ နောက်ပိုင်းခေတ်တွေမှာလည်း ထပ်ဖြည့်ခဲ့တယ်။ အရေးကြီးတာ အဲဒါတွေကို မပျောက်ပျက်အောင် စောင့်ရှောက်ဖို့ပဲကွယ့်"

"အဲဒါတွေကို စောင့်ရှောက်နေရတယ်ဟုတ်လား။ ဘာလုပ်ဖို့ စောင့်ရှောက်နေရတာလဲဟင်"

"ညီမလေးနားလည်အောင်တော့ နည်းနည်းရှင်းပြမယ်။ ဟောဒီဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်မယ်။ ခုအချိန်ထိတော့ ဘုရားလေးဆူပွင့်ပြီးသွားပြီကွယ့်။ ဒါကြောင့် နောက်ဘုရားတစ်ဆူပွင့်ဖို့ ကျန်နေသေးတယ်။ အဲဒီဘုရားရှင်ကတော့ အရိမေတ္တေယျမြတ်စွာဘုရားပဲ။ အခုဒီမှာ အစ်မတော်တို့ စောင့်ရှောက်နေရတဲ့ပစ္စည်းတွေဟာ အရိမေတ္တေယျဘုရားရှင်နဲ့သက်ဆိုင်တဲ့ ပစ္စည်းတွေပဲဖြစ်တယ်ကွယ့်။ ဒါကြောင့် အဲဒီဘုရားရှင်ပွင့်တော်မူလာရင် ကျောင်းဆောက်လှူဒါန်းဖို့အတွက်ပဲ ညီမလေးရဲ့။ ဒီအတွက်ကြောင့် မပျောက်ပျက်အောင်၊ မပြိုကွဲမပျက်စီးရလေအောင် အစ်မတော်တို့က စောင့်ရှောက်နေရတာ"

ဟု သိုက်နန်းရှင်အမျိုးသမီးက ရှင်းပြလေ၏။

ဤသို့ဖြင့် မသန်းစိန်နှင့် သိုက်နန်းထဲရှိအမျိုးသမီးများ ရင်းနှီးကျွမ်းဝင်သွားကြတော့၏။ ထိုသိုက်နန်းရှင်အမျိုးသမီးများ၏ ပျင်းလျှင် လာလည်ပါရန် ဖိတ်ကြားချက်ကိုလည်း စိတ်ဝင်စားမိ၏။ ထိုကဲ့သို့ မသန်းစိန်သည် သိုက်နန်းထဲရှိ စိတ်ဝင်စားဖွယ်ရာများကြည့်ရှုပြီးနောက် ပြန်လာခဲ့ကြတော့၏။

သို့ဖြင့် မသန်းစိန်သည် သိုက်ထဲမှ ပြန်လာပြီး နောက်တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီး ကျောင်းတွင်မရှိခိုက် မသန်းစိန်သည် သိုက်ထဲသို့သွားရောက်ပြီး ထပ်မံလည်ပတ်ပြန်တော့၏။ ထို့နောက် ဆရာတော်ကြီး ပြန်မရောက်မီ မသန်းစိန်က အရင်ရောက်အောင် ပြန်လာခဲ့၏။ သို့သော် စစ်ကွင်းဆရာတော်ကြီး ကျောင်းသို့ပြန်ရောက်သောအခါ ချက်ချင်းပင် မသန်းစိန်သိုက်ထဲသွားလည်ကြောင်းကို သိသွားလေ၏။

ထို့ကြောင့် ဆရာတော်ကြီးက-

"မသန်းစိန်၊ ညည်းဘာဖြစ်လို့ငါမရှိတုန်း သိုက်ထဲကိုတစ်ယောက်တည်းသွားရလဲ။ အရဲကိုးလှချေလား။ ညည်းသိုက်ကို ဘာများမှတ်နေလဲ။ အဲဒီသိုက်ထဲကနေပြီး တကယ်လို့များ ပြန်ထွက်လို့မရနိုင်ရင် သိုက်စောင့်ဖြစ်သွားမယ်။ အဲဒီသိုက်ထဲကပုဂ္ဂိုလ်တွေက ငါ့ကိုကြောက်လို့သာ ခေါ်မထားလိုက်တာ ဘာမှတ်လဲ။ နောက်ကို သိုက်ထဲကိုသွားမလည်နဲ့"

ဟု ပြောဆိုဆူပူလေတော့၏။

ဤသို့ဖြင့် မသန်းစိန်သိုက်ထဲသို့ သွားမလည်သောအခါ သိုက်ထဲမှ အမျိုးသမီးများက ခင်မင်ရင်းစွဲရှိသဖြင့် သိုက်ထဲမှအမျိုးသမီးများက တစ်နေ့တွင်-

"မသန်းစိန်၊ ကျွန်းပင်ကြီးအောက်ကိုလာခဲ့ပါ။ အဲဒီမှာ မသန်းစိန်အတွက် လက်စွပ်နှစ်ကွင်းထားထားတယ် လာယူပါ"

ဟု ဆက်သွယ်လာခဲ့၏။

ထို့ကြောင့် မသန်းစိန်လည်း သိုက်ထဲမှအမျိုးသမီးများပြောသည့်အတိုင်း ကျွန်းပင်ကြီး၏အပင်အောက်ခြေကို သွားကြည့်သောအခါ အမှန်တကယ်ပင် လက်စွပ်နှစ်ကွင်းကိုတွေ့သဖြင့် ယူလာခဲ့၏။ တစ်ကွင်းမှာ ပုလဲလက်စွပ်ဖြစ်ပြီး ကျန်တစ်ကွင်းမှာ ပတ္တမြားလက်စွပ်ဖြစ်၏။ လက်စွပ်၏အတွင်းသားတွင် 'ပု' ဆိုသည့် စာလုံးလေးထွင်းထားသည်ကို တွေ့ရ၏။ ဖြစ်နိုင်သည်မှာ လက်စွပ်များကို အများအားဖြင့် စီရင်လေ့ရှိသည်မှာ 'ပု၊ ဒိ၊ အာ' ဟူသော ဉာဏ်တော် (၃) ပါး၏ အတိုကောက်စာလုံးများကို ရေးသားထားခြင်းလည်း ဖြစ်နိုင်ပါသည်။

**ဆံရှည်ဆရာတော်၊ အမေစပါယ်တို့နှင့် တွေ့ရခြင်း**

စစ်ကွင်း ကျွန်းတောကျောင်းရှိ ဦးစန္ဒောဘာသထံသို့ ဆံရှည်ဆရာတော် ဦးကောဏ္ဍညနှင့် အမေစပါယ်ဖြစ်သူတို့ မကြာခဏကြွလာလေ့ရှိ၏။ ထို့အပြင် အခြားသောဝိဇ္ဇာများလည်း ကြွလာတတ်၏။

ထူးခြားသည်မှာ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍညသည် ဆွမ်းခံထွက်လျှင် အခြားသော ဘုန်းကြီးများကဲ့သို့ သပိတ်ဖြင့် ဆွမ်းခံထွက်လေ့မရှိဘဲ သပိတ်အဖုံးဖြင့်သာ ဆွမ်းခံထွက်လေ့ရှိခြင်း ဖြစ်၏။ ဆံရှည်ကိုယ်တော်ဆွမ်းခံသည့်အချိန်တွင် မိုးများမည်မျှပင်သည်း ထန်စွာရွာနေစေကာမူ ဆံရှည်ကိုယ်တော်အားမိုးမစိုသည်ကို တွေ့ရခြင်းပင်ဖြစ်၏။ ဆံရှည်ကိုယ်တော်အား အချို့က ဆံရှည်ဖြင့်တွေ့ကြရပြီး အချို့ကဦးပြည်းခေါင်းတုံးအဖြစ် တွေ့ကြရခြင်းပင် ဖြစ်၏။

တစ်နေ့တွင် ဆံရှည်ဆရာတော် ဦးကောဏ္ဍည သပိတ်အဖုံးဖြင့် ဆွမ်းခံကြွနေသည်ကို မသန်းစိန် တွေ့သွား၏။ ထို့ကြောင့် မသန်းစိန်က ဆရာတော်အား -

"အရှင်ဘုရား ဆွမ်းခံဖို့သပိတ်မရှိရင် တပည့်တော်မ သပိတ်လှူပါမယ်ဘုရား"

ဟု လျှောက်ထားလိုက်ရာ ဆရာတော်ဦးကောဏ္ဍညက-

"ဒီမယ် သမီး၊ သမီးက ငယ်သေးတော့ ဘာမှနားလည်မှာ မဟုတ်သေးဘူး။ ဒီတော့ သမီးနားလည်အောင် အတိုဆုံးရှင်းပြရရင် 'သပိတ်' ဆိုတဲ့နာမပညတ်ဟာ 'ပိတ်တယ်' လို့ အလွယ်မှတ်သားထားကွယ့်။ ဒါကြောင့် ငါ့အတွက် သပိတ်မလိုဘူး"

ဟု ပြောဆိုရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် မသန်းစိန်အား ရွှေစက်တော်ဘုရားတွင် တရားအားထုတ်ရန်ဆိုပြီး စစ်ကွင်းဆရာတော်ကြီးက ကောင်းကင်ခရီးဖြင့် ခေါ်သွားခဲ့၏။ ကောင်းကင်ခရီးသွားနည်းမှာ မသန်းစိန်သည် ဆရာတော်၏ သင်္ကန်းကိုလက်ဖြင့် အသာကိုင်ပြီး လိုက်သွားခြင်းဖြစ်၏။ တစ်ချက်ငြိမ့်ခနဲဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ရွှေစက်တော်ဘုရားသို့ ရောက်ရှိသွားသည်ကို တွေ့ရလေတော့၏။ ထို့နောက် ဆရာတော်ကြီးက မသန်းစိန်အား တရားအားထုတ်နေရန်မှာကြားခဲ့ပြီးနောက် ဆရာတော်ကြီးလည်း ပြန်ကြွသွားတော့၏။

ဤသို့ဖြင့် မသန်းစိန်သည် ဆရာတော်ကြီးမှာထားခဲ့သည့်အတိုင်း တရားအားထုတ်ကာ နှစ်ပတ်မျှနေလေ၏။ သို့သော် ဆရာတော်ကြီးက မသန်းစိန်အား စားသောက်ရန်အတွက်မူ ငွေတစ်ပြားမျှ ပေးထားခဲ့ခြင်း မရှိခဲ့ပေ။ သို့ပါသော်လည်း အချိန်တန်သည့်အခါတွင် စားဖို့သောက်ဖို့အတွက် လာရောက်ပို့ဆောင်သူများရှိနေသဖြင့် မသန်းစိန်သည် နှစ်ပတ်လုံးလုံး စားရေးသောက်ရေး အဆင်ပြေသွားခဲ့၏။

ထိုသို့ တရားအားထုတ်ပြီး၍ ပြန်ရန်ရက်သို့ ရောက်ရှိလာသောအခါ မသန်းစိန်သည် ရွှေစက်တော်ဘုရား၏ တောင်ခြေသို့ ဆင်းလာခဲ့၏။ သို့သော် ပြန်ရန်လမ်းစရိတ်ကလည်း မရှိသဖြင့် အခက်အခဲဖြစ်နေတော့၏။ ထိုအချိန် မသန်းစိန်၏အနီးသို့ အဘိုးကြီးတစ်ဦး ရောက်ရှိလာပြီး မသန်းစိန်ကို အသေအချာကြည့်ကာ -

"သမီး ဘာများအခက်အခဲရှိလဲကွယ့်"

ဟု မေးလိုက်၏။

ထိုအခါ မသန်းစိန်က -

"ပြန်စရာလမ်းစရိတ် မရှိလို့ပါအဘ"

"သမီးဘယ်ကိုပြန်မှာလဲ"

"စစ်ကွင်းကိုပြန်မှာပါ"

ဟု ပြန်ဖြေလိုက်၏။

ထိုအခါ အဆိုပါ အဘိုးကြီးသည် မသန်းစိန်အား လမ်းစရိတ်စကနှင့်တကွ လမ်းခရီးတွင် စားသောက်ရန်စရိတ်တို့ကိုပေးပြီးသည့်အပြင် ကားပေါ် အထိပါ လိုက်တင်ပေးလိုက်၏။ ဤသို့ဖြင့် မသန်းစိန်သည် မတောင့်မတ မကြောင့်မကြဖြင့် စစ်ကွင်းမြို့သို့ အေးချမ်းသက်သာစွာ ပြန်လည် ရောက်ရှိခဲ့ပါတော့၏။

ထို့နောက် မျှားမကြာမီတွင် စစ်ကွင်းကျွန်းတောကျောင်းသို့ အမေစပါယ် ရောက်ရှိလာလေ၏။ အမေစပါယ်လည်း မကြာခဏပင် ရောက်ရှိလာတတ်၏။ အမေစပါယ်က မသန်းစိန် ဘုရားများသွားဖူးရန်အတွက် ဆရာတော်ကြီးထံခွင့်တောင်းပြီး အမေစပါယ်က မသန်းစိန်အား ညဘက်တွင် ကောင်းကင်ခရီးဖြင့် ဘုရားဖူးလိုက်ပို့လေ့ရှိ၏။ မသန်းစိန်က အမေစပါယ်၏ ယောဂီတဘက်ကလေးကိုကိုင်ပြီးလိုက်သွားရခြင်း ဖြစ်၏။

ထိုကဲ့သို့ ခရီးသွားအတွေ့အကြုံနှင့်ပတ်သက်ပြီး မသန်းစိန်က ပြောကြားရာ၌ -

"အဲဒီလိုသွားရတာ လေယာဉ်ပျံထက်တောင်မြန်သေးတယ်။ သူ့ဟာက ငြိမ့်ခနဲဆို တစ်ခါထဲသွားလိုတဲ့နေရာကို ရောက်သွားပြီ"

ဟု ဆိုပါသည်။

စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးသောကျောင်းကြီး၏အနောက်ဘက်တွင် ချောင်းငယ်လေးတစ်ချောင်းရှိ၏။ အဆိုပါချောင်းသည် ရေစီးရေလာအားကောင်း၏။ တစ်နေ့တွင် ချောင်း၏ အောက်ဘက် အတော်လှမ်းလှမ်းနေရာ၌ လူတစ်စု ရောက်လာပြီး ငါးဖမ်းရန် လုပ်ကိုင်ကြ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်ကြီးလည်း အင်းတစ်ချပ်ကို ကောက်ချလိုက်၏။ အင်းချပြီးသွားသောအခါ ဆရာတော်ကြီးလည်း မသန်းစိန်ကိုခေါ်ပြီး ထိုချောင်းကလေးဆီသို့ သွားခဲ့ကြ၏။ ချောင်းသို့ရောက်သောအခါ ချထားသည့်အင်းကို ထိုချောင်းထဲသို့ ပစ်ချလိုက်တော့၏။

ထိုအင်း ပစ်ချလိုက်သည်နှင့် ချောင်းထဲမှငါးတို့သည် အင်းကိုကျော်၍ ကူးခပ်မသွားဘဲ အင်း၏အထက်ပိုင်းတွင်သာ ကူးခပ်နေတော့၏။ အလွန်ထူးခြားသောအဖြစ်အပျက်ဖြစ်၏။ ထိုအခါတွင် ချောင်းအောက်ဘက်မှ ငါးဖမ်းနေသူများသည် လုံးဝငါးဖမ်းမရဘဲဖြစ်သွားတော့၏။ အတန်ကြာသောအခါ ထိုလူသိုက်လည်း စိတ်ပျက်ပြီး ငါးဖမ်းခြင်းကို ရပ်ဆိုင်းကာ ပြန်သွားကြလေတော့၏။

**အာကာသသိဒ္ဓိပြခြင်း**

မသန်းစိန်နှင့် သူ့မိဘများသည် စစ်ကွင်းဆရာတော်ကြီးအပေါ်၌ အကြွင်းမဲ့ယုံကြည်ကြသူများဖြစ်၏။ သူတို့သည် မကြာခဏပင် စစ်ကွင်းဆရာတော်ကြီး၏ အစွမ်းအစများကို ကြာလေ ပိုတွေ့မြင်ရလေ၊ ပိုပိုပြီး ကြည်ညိုလာလေ ဖြစ်တော့၏။

ထို့ကြောင့်လည်း ထိုမိသားစုတို့သည် ဆရာတော်ကြီးအတွက် လိုအပ်သမျှကို တာဝန်ယူသည့် ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူပြီး လိုအပ်သမျှ ဆွမ်းကွမ်းကိစ္စပါမကျန် တာဝန်ယူကာ ဆရာတော်ကြီး၏အနားတွင်သာ အရိပ်ခိုခဲ့ကြပါသည်။

မသန်းစိန်၏မိဘတို့သည် သူတို့သမီး၏ သွက်သွက်ခါအောင် ရှုံးသွပ်နေသည့် အောက်လမ်းပညာဖြင့် အတိုက်ခံရမှုကို ကောင်းစွာ ပျောက်ကင်းအောင် ကုသပေးခဲ့သည့်အပြင် ပြန်ကောင်းပြီးနောက်ပိုင်းတွင် ဂရုတစိုက်စောင့်ရှောက်ပေးမှုကိုလည်း အလွန်ပင်ကြည်ညိုကြ၏။

တစ်နေ့တွင် မသန်းစိန်၏မိဘတို့က ဝိဇ္ဇာဓရပညာဖြင့် ကောင်းကင်ခရီးသွားပြခြင်းမျိုးကို အလွန်ပင် တွေ့ဖူးမြင်ဖူးချင်ကြောင်း ဆရာတော်ကြီးအား လျှောက်ထားကြ၏။ သို့သော် ဆရာတော်ကြီးက လုပ်မပြပေ။ လုပ်ပြရန်လည်း ငြင်း၏။

သို့သော်လည်း မသန်းစိန်၏မိဘများသည် ဤကိစ္စနှင့်ပတ်သက်ပြီး နေ့ရှိသရွေ့ ဆရာတော်ကြီးအား ပူဆာကြတော့၏။ ထိုအခါ ဆရာတော်ကြီးလည်း မလွှဲသာတော့ဘဲ လုပ်ပြရတော့မည့်အခြေအနေမျိုး ဖြစ်လာ၏။ ထိုအခါ ဆရာတော်ကြီးက ပြန်ပြီးကတိကဝတ်တောင်းသည့်အနေဖြင့် ယခုလုပ်ပြ၍ မြင်တွေ့ရသမျှကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောပြရဟု ဆိုလေ၏။ ထိုအခါ မသန်းစိန်၏ မိဘများကလည်း ကတိပြုကြလေ၏။

ထိုအခါ ဆရာတော်ကြီးလည်း ကျောင်းအပေါ် ထပ်ကိုတက်ကာ ပြတင်းများ၊ တံခါးများအားလုံးကို ပိတ်လိုက်၏။ ထိုသို့ စိတ်ချရသည့်အခြေအနေသို့ ရောက်သောအခါ ဝိဇ္ဇာဓရပညာဖြင့် ကောင်းကင်ပျံသွားသည့် အာကာသသိဒ္ဓိအစွမ်းကို ပြလေ၏။

ထိုအခြင်းအရာကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်လိုက်ရသော မသန်းစိန်၏ မိဘများတွင် အလွန်ပင်အံ့သြဘနန်းဖြစ်သွားပြီး ဆရာတော်ကြီးအပေါ်၌ ယခင်ကထက် ဆတက်ထမ်းပိုး ပိုမိုကြည်ညိုခြင်းဖြစ်သွားပါလေတော့သတည်း။

*(ရှေ့လဆက်ဖော်ပါရန်)*

**ပထမံဆရာဦးအေးရွှေ**



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခေါင်

## ဓမ္မစကြာအခါတော်နေ့နှင့်ထူးထူးခြားခြားကြုံနေသော

# ကိုးစနေအမိဌာန်

၂၀၁၃ ခုနှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလ၏ လဆန်းရက် ဖြစ်ပါသည်။ ကျွန်တော်၏ မိတ်ဆွေများ ကျွန်တော့်ထံရောက်ရှိလာခဲ့ကြပါသည်။ ကျွန်တော် သွေးဝမ်းသွားနေတာကို သတင်းကြား၍ ရောက်လာကြခြင်း ဖြစ်ပါသည်။ ကျွန်တော်ရော မိတ်ဆွေများပါ တအံ့တဩဖြစ်ကြပါသည်။ ကျွန်တော်မှာ နာလန်ထရုံတွင်မကတော့ ကျန်းမာနေပြီဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

ခင်မင်ရင်းနှီးကြသူများဖြစ်ကြ၍ သတင်းကြားသည့်အချိန်တွင် အရောက်လာကြသည့်အတွက် မိတ်ဆွေများ၏ မေတ္တာကို ခံယူပြီး လွန်စွာဝမ်းမြောက်ရပါသည်။

ထိုအချိန်မှာပင် ကျောင်းနေဖက် သူငယ်ချင်းနှစ်ယောက်နှင့် ဇနီးသည်တစ်ယောက်တို့ ရောက်လာခဲ့ကြပြန်ပါသည်။ ငယ်ပေါင်းသူငယ်ချင်းများက သူရဇ္ဇမဂ္ဂဇင်းစာအုပ်များကို လက်ထဲမှာကိုင်၍ ရောက်လာကြခြင်း ဖြစ်ပါသည်။

အရွယ်ငယ်စဉ်ကာလက အလုပ်ခွင်တွင်နစ်နေခဲ့ကြသူများဖြစ်သည့်အလျောက် ယခုအနားယူကြပြီဖြစ်၍ မိမိတို့ဆန္ဒအတိုင်း စာဖတ်ခြင်းနှင့် အကျင့်စရဏတို့ကို လုပ်ကိုင်နေကြသူများ ဖြစ်ပါသည်။ တစ်ယောက်က လွန်စွာ စိတ်ဆတ်သူဖြစ်သည်။တစ်ယောက်ကတော့ စိတ်ထားပျော့ပျောင်းသူဖြစ်ကြပါသည်။

စိတ်ဆတ်သူ သူငယ်ချင်းက သူရဇ္ဇမဂ္ဂဇင်း၏ နှစ်ပတ်လည် ဒီဇင်ဘာလတွင် အမိဌာန်ဆောင်းပါးပါတော့ သူရဇ္ဇမဂ္ဂဇင်း (အထူးထုတ်) ဒီဇင်ဘာလနှင့် ကျွန်တော့်ကို သိလိုသမျှ မေးမြန်းပါတော့သည်။ ကျွန်တော့်မှာလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဖြေကြားပေးခဲ့ရပါတော့သည်။

တစ်ယောက်ကတော့ ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်ထုတ် သူရဇ္ဇမဂ္ဂဇင်းကိုပြပြီး အန္တောစရေဂြိုဟ်ရှစ်ခွင်မေတ္တာကျင့်စဉ်ဆောင်းပါးကို သိချင်သမျှ မေးမြန်းပါတော့သည်။ ကျွန်တော့်မှာလည်း စိတ်ဝင်တစား ဆောင်ရွက်နေကြသူများဖြစ်နေကြ၍ လွန်စွာ ဝမ်းမြောက်စွာဖြင့် ရှင်းလင်းပြောပြခဲ့ရပါတော့သည်။

မေတ္တာကျင့်စဉ်ဆောင်းပါးကိုမေးမြန်းသူ သူငယ်ချင်းမှ -

"သူငယ်ချင်း၊ ဒီနှစ်ပေါ့ကွာ။ ၁၃၇၆ ခုနှစ် (ခရစ်နှစ် ၂၀၁၄) မှာ ကိုးစနေအမိဌာန်မရေးတော့ဘူးလား။ မင်းတပည့်တစ်ယောက်က ကိုးစနေအမိဌာန်ကို (၁၈) ကြိမ်ဝင်ချင်လို့ တောင်းဆိုထားတာ ကြုံခဲ့ဖူးလို့ အခုမေးကြည့်တာပါ".

ဟု စကားစလေတော့သည်။

ကျွန်တော်က 'ဝါဆိုလမှာ ကြုံတဲ့ ကိုးစနေ'ကို အမိဌာန်ကျင့်စဉ်ဆောင်းပါး တစ်ပုဒ်ရေးရန် ရည်ရွယ်ထားကြောင်းကို ပြန်ပြောဖြစ်ခဲ့ပါသည်။

မိတ်ဆွေများအားလုံးက -

"ဘာတွေထူးနေမြန်ပြီလဲ"

ဟု မေးကြပါတော့သည်။

ကျွန်တော့်အယူအဆကို ပြောပြရမည်ဆိုလျှင်ဟု အစချီပြီး အောက်ပါအတိုင်း ပြောပြဖြစ်ခဲ့ပါတော့သည်။

"ခရစ်နှစ်အလိုကတော့ ၂၀၁၄ ခုနှစ်ပေါ့ဗျာ။ ကောဇာနှစ်ကတော့ ၁၃၇၆ ခုနှစ်ရောက်နေချိန်ဗျ။ ကျွန်တော်က ဂမ္ဘီရသမားဆိုတော့ ကောဇာနှစ်ကို ဦးစွာ သတိထားလိုက်မိတာဗျ"

၁၃၇၆ ဆိုတဲ့ သင်္ချာရေကို မြင်ရတော့ နံသင့်သင်္ချာနဲ့ အက္ခရာအရာကောက်လိုက်တာပေါ့ဗျာ။ ၁၃၇၆ ကို အရကောက်တဲ့အခါမှာ -

၁ = တနင်္ဂနွေ = အက္ခရာ - အ
၂ = အင်္ဂါ = အက္ခရာ - စ
၇ = စနေ = အက္ခရာ - ထ
၆ = သောကြာ = အက္ခရာ - သ

လို့ ယူလိုက်တယ်။ နောက်ဆက်ပြီး ထိုဗျည်းအက္ခရာလေးလုံးကို သီတံထိုးပြီး စာစီလိုက်တော့ အစွမ်းထက်သူလို့ တွေ့ရတော့တာမို့ ဆောင်းပါးတစ်ပုဒ်ရေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

နောက်ဆက်ပြီး တွန်းအားပေးနေတဲ့အကြောင်းကဆိုရင် ထိုစနေရက်က ဝါဆိုလဆန်း (၉)ရက်ဆိုတော့ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) နဲ့လည်း အကျုံးဝင်သွားပြန်တာတွေ့တော့ လွန်စွာကိုပဲ ဝမ်းမြောက်ရပြန်တယ်ဗျာ။

စဉ်းစားကြည့်လေ။ ကဆုန်လမှာ ဘုရားအဖြစ်ကို ရောက်ခဲ့သော်လည်း ဘုရားရတနာသာ ရှိနေသေးတာလေ။ တရားရတာနဲ့ သံဃာရတနာမပေါ်သေးဘူးလေဗျာ။ ဝါဆိုလပြည့်နေ့ ဓမ္မစကြာနေ့ရောက်တော့မှ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဖြစ်သော ဓမ္မစက္ကဒေသနာတော်ကို ဟောကြားလိုက်တော့မှ သံဃာရတနာ ပေါ်လာလို့ ဘုရား၊ တရား၊ သံဃာဆိုတော့ သရဏဂုံသုံးရပ်အမြတ်တို့ကို လောကအတွက် ပေါ်ပေါက်လာခဲ့ရတာကို ပြန်လည်ကြည်ညိုရပြီး လွန်စွာဝမ်းသာပြီး ဆောင်းပါးရေးဖို့ အားစိုက်ခဲ့တာပါ"

ဟု ရှင်းလင်း ပြောပြလိုက်ရပါတော့သည်။

ယခုအခါတွင် လူတိုင်းနီးပါး လောကမှာ ကောင်းမွန်၍ လျောက်ပတ်သောအစားအစာကို စားနိုင်ရန်အတွက် နေ့စဉ်စားမှုဖြစ်သော စားရေး၊ နောက်တစ်ခု အိုးပိုင်အိမ်ပိုင်အဖြစ်ဖြင့် ကောင်းစွာနေနိုင်ရေးဖြစ်သောနေရေး၊ နောက်ဆက်တွဲက မိမိတို့၏ ရင်နှစ်သည်းချာသားရတနာ၊ သမီးရတနာတို့၏ ပညာရေး၊ မိသားစု၏ ကျန်းမာရေး၊ လူအဖွဲ့အစည်းအတွင်းနေကြရသူများဖြစ်နေ၍ လူမှုရေး စသော အရေးအရာတို့ကို

www.burmeseclassic.com

အလုံးစုံပြည့်စုံနိုင်အောင် အစွမ်းထက်သူဖြစ်ရန် လိုအပ်လှပါတော့သည်။

၁၃၇၆ ခုနှစ်ပြက္ခဒိန်အရ လဆန်း ၉ ရက်မှာ စနေနေ့ဖြစ်နေပြီး လဆုတ် ၉ ရက်နေ့မှာ တနင်္ဂနွေ ဖြစ်နေသည်တို့မှာလည်း ဝိဇ္ဇာဓရဂမ္ဘီရနယ်အနေဖြင့် ကြည့်မည်ဆိုလျှင် အန္တောဖြစ်တည်နေပြန်သည်။ ကောဇာနှစ်တွင် သင်္ချာရေသည် ၁၊ ၃၊ ၇၊ ၆ တွေ့ရသလို ကိုးစနေအဓိဋ္ဌာန်အဝင်နှင့် အဆုံးရက်တို့တွင်မူ '၇၊ ၆၊ ၁' ဟူသော သင်္ချာကို တွေ့နေပြန်ပါသည်။ ထိုအဓိဋ္ဌာန်သင်္ချာကို သီတံထိုးမည်ဆိုပါလျှင် 'ထွန်းပေါက်သူတို့အောင်ပွဲ" ပင် ဖြစ်နေပါတော့သည်။

အဓိဋ္ဌာန်ကာလမှာ ဝါဆိုလဆန်း ၉ ရက်၊ စနေနေ့မှ ဝါဆိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့အထိ ရက်ချင့်တွက်လိုက်ပါမူ (၁၆) ရက် ဖြစ်ပါသည်။ ထိုကာလရက်ကို ဝိဂြိုဟ်ပြုမည်ဆိုပါက တနင်္ဂနွေနှင့် သောကြာတို့ ဖြစ်နေကြပြန်သဖြင့် 'အောင်နိုင်သူ' ဟု မှချကောက်ယူလိုပါသည်။

အဓိဋ္ဌာန်ကာလတွင် ရွတ်ဖတ်ပူဇော်ကြရမည်မှာ 'ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်နှင့် အနတ္တလက္ခဏသုတ်' တို့ကို အဓိဋ္ဌာန်၍ ရွတ်ဖတ် ပူဇော်ကြရန်ပင် ဖြစ်ပါသည်။ လွန်စွာရိုးစင်းပြီး မခန့်မှန်းနိုင်သောအစွမ်းသိဒ္ဓိတို့ဖြင့် ပြီးမြောက်စေနိုင်သောကျင့်စဉ်လည်း ဖြစ်နေပါသည်။

အဓိဋ္ဌာန်ဝင်ရောက်ကြမည့်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ သီလ၊ ဝီရိယ၊ သမာဓိအပေါ် မူတည်ပြီး လက်ငင်းဒိဋ္ဌအကျိုးပေးမည်ဖြစ်ကြောင်းကို ထပ်လောင်း တင်ပြလိုက်ရပါတော့သည်။

အဓိဋ္ဌာန်ကျင့်စဉ်၏ နည်းလမ်းစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

## ထူးထူးခြားခြား
## ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်

**၁။ အဓိဋ္ဌာန်စတင်ရမည့်ရက်နှင့် ကာလ**

(က) ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ စနေနေ့မှ စတင်ရမည်။

ခရစ် နှစ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်။

(ခ) ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် အထိ ဖြစ်သည်။

* အဓိဋ္ဌာန်ကာလသည် (၁၆) ရက် ဖြစ်ပါသည်။

**၂။ ဦးစွာပြုဖွယ်များ**

(က) သာသနာတော်စောင့်နတ်မင်းကြီးများ။

(ခ) စတုလောကပါလနတ်မင်းကြီးများ။

(ဂ) စကြဝဠာတိုက်အပေါင်းမှ တန်ခိုးထန်ပြင်းသောနတ်မင်းကြီးများ။

(ဃ) သိကြားမင်း၊ ဗြဟ္မာမင်းများ။

(င) ကာယကံရှင်၏ ပါရမီဖြည့်ဖက်များ၊ အမြဲတမ်းကူညီစောင့်ရှောက်နေကြသူ ပုဂ္ဂိုလ်များတို့ကို ပင့်ဖိတ်ထားပါ။

**၃။ ကန်တော့ခန်းနှင့်ပြုဖွယ်များ**

ဘုရားရှိခိုးကန်တော့ခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့သခြင်း။

**၄။ ဒါနခန်း**

မိမိတို့၏ အလိုဆန္ဒအတိုင်း ဆောင်ရွက်နိုင်ကြပါသည်။

**၅။ အဓိဋ္ဌာန်ဝင်ရောက်ရန်မှာ**

**ပထမပိုင်း**

ဝါဆိုလဆန်း ၉ ရက်၊ စနေနေ့မှ စတင်ပြီး ဝါဆိုလဆုတ် ၂ ရက်နေ့အထိ (၉) ရက်တွင် 'ဓမ္မစက္ကပ္ပဝတ္တနသုတ်' ကို ပါဠိတော်မှန်ကန်အောင် ဖြည်းဖြည်းနှင့် မှန်မှန် ရွတ်ဖတ်ပူဇော်ပေးပါရန်။

**ဒုတိယပိုင်း**

ဝါဆိုလဆုတ် ၃ ရက်မှ လဆုတ် ၈ ရက်အထိ (၆) ရက်တိုင် အနတ္တလက္ခဏသုတ်ကို ပါဠိတော် အမှားအယွင်းမရှိစေဘဲ ဖြည်းဖြည်းနှင့်မှန်မှန် ရွတ်ဖတ်ပူဇော်ပါရန်။

ဝါဆိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့ရောက်သောအခါတွင် -

* ဓမ္မစက္ကပ္ပဝတ္တနသုတ်နှင့်

* အနတ္တလက္ခဏသုတ်တော်တို့ကို ရွတ်ဖတ် ပူဇော်ကြရန်ပင် ဖြစ်ပါသည်။

* * အဓိဋ္ဌာန်ကာလအတွင်း သုတ်များကို တစ်ခေါက်သာ ရွတ်ဖတ်ပူဇော်ကြရန် ဖြစ်ပါသည်။

**၆။ နောက်ပြုဖွယ်များ**

နေ့စဉ် အဓိဋ္ဌာန်ကျင့်စဉ် ဆောင်ရွက်ပြီးတိုင်း သစ္စာပြုပြီး -

(က) ဆုတောင်းခံခြင်း၊

(ခ) မေတ္တာပို့သခြင်း၊

(ဂ) ကုသိုလ်အမျှပေးဝေခြင်းတို့ ပြုလုပ်ပါ။

(ဃ) မူလက ပင့်ဖိတ်ထားခဲ့သည့် ပုဂ္ဂိုလ်အားလုံးကို နေရပ်ဌာနသို့ ပြန်လည်ပို့ပါ။

**မှတ်ချက် -**

(၁) သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်သူများအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာထုတ်လတွင် မေတ္တာလက်ဆောင်အဖြစ် 'ဓမ္မစက္ကသုတ်နှင့် အနတ္တလက္ခဏသုတ်' စာအုပ်ရရှိကြပြီး ဖြစ်ပါသည်။

(၂) စာချစ်သူမိတ်ဆွေများအနေဖြင့်လည်း ဓမ္မစက္ကပ္ပဝတ္တသုတ်နှင့်အနတ္တလက္ခဏသုတ်ကို လွယ်လင့်တကူ ရရှိနိုင်မည်ဟု ယုံကြည်ပါသဖြင့် ထိုသုတ်တော်များကို ရေးသား ဖော်ပြခြင်း မပြုတော့ပါ။

(စာရေးသူ)

ကျွန်တော်တစ်ခုမေတ္တာရပ်ခံလိုပါသည်။ ယခုရေးသားတင်ပြအပ်သော ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်ကို ကြုံနိုင်ရန်အတွက် အနည်းဆုံး (၁၀) စုနှစ်တစ်ပြန်လောက် စောင့်ကြရမည် ဖြစ်ပါသည်။ အခွင့်ကောင်းကြီးကို ကြုံတုန်းမှာ လက်လွှတ်မခံသင့်ကြောင်း ထပ်လောင်းတင်ပြလိုက်ပါသည်။

ကျွန်တော်၏ မိတ်ဆွေများအားလုံးလည်း မနော်ပီတိ ဂွမ်းဆီထိကဲ့သို့ အပျော်ရင်ဝယ်ပိုက်ပြီး ပြန်သွားကြပါသည်။

သူရဇ္ဇမဂ္ဂဇင်းကြီးကို မလွတ်တမ်းဖတ်ရှုနေကြသော စာချစ်သူ မိတ်ဆွေများ၊ ကျွန်တော့်ဆောင်းပါးကိုစောင့်၍ ဖတ်နေကြသောမိတ်ဆွေများ၊ အဓိဋ္ဌာန်ကျင့်စဉ်ကိုဝါသနာကြီးသူများ၊ သုတေသီများ၊ လေ့လာသူများ၊ ယနေ့မှမဟာဂန္ဓာရီလမ်းကို စတင်လျှောက်နေကြသည့် ညီငယ်များအနေဖြင့် လက်လွှတ်မခံသင့်သောအဓိဋ္ဌာန်ပင် ဖြစ်ပါသည်။

ပါရမီဆယ်ပါးတွင် တစ်ပါးပါဝင်နေသော အဓိဋ္ဌာန်ပါရမီကို သူတော်ကောင်းများ၏ အလုပ်တစ်ခုအနေဖြင့် မပင်မပန်း ဝမ်းပန်းတသာ ကျင့်ကြံအားထုတ်ပြီး မိမိတို့ဆန္ဒအတိုင်း ခရီးရောက်ကြပါစေဟု။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

ဘုန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

# အနာဂါရိကဓမ္မပါလ


## ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့၏ကျေးဇူးရှင်တစ်ဦး

မောင်ပွင့်ဉာဏ်(မောရ)


### မဟာဗောဓိအသင်းတိုက်(အိန္ဒိယ)

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလလယ်မှာ ကျွန်တော် ဗုဒ္ဓဂယာဘုရားဖူးခရီး သွားခဲ့ပါတယ်။ မပြန်ခင်တစ်ရက်မှာ အချိန်ရတာနဲ့ ကိုယ့်တစ်ယောက်တည်း လှည့်လည် ကြည့်ရှုရင်း မဟာဗောဓိစေတီရဲ့ လမ်းတစ်ဖက်မှာရှိတဲ့ မဟာဗောဓိအသင်းတိုက်ကို ရောက်သွားခဲ့ပါတယ်။ မဟာဗောဓိအသင်း (Maha Bodhi Society) ဆိုတာ ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့ အသင်းကြီး ဆိုတာသိထားလို့ အသင်းတိုက်ထဲ ဝင်ကြည့်ခဲ့ပါတယ်။

ထိုင်တော်မူ ဆင်းတုတော်ကြီး တစ်ဆူရဲ့ဘေးမှာ အရှိမေတ္တေယျဘုရားလောင်းရုပ်တုလို့ထင်ရတဲ့ ရုပ်တုတစ်ခု ရှိပြီး သူ့ရှေ့မှာတော့ လူကိုယ်အရွယ်အတိုင်း ပုဂ္ဂိုလ်တစ်ဦးရဲ့ရုပ်တုကို မြင်ရပါတယ်။ ဥပမိရုပ်ကောင်းပြီး သန့်ပြန့်တည်ကြည်တဲ့ မျက်နှာထားနဲ့ လက်ပိုက်ပြီး ရပ်နေတဲ့ပုံပါ။ ဘုရားဝေယျာဝစ္စ ဆောင်ရွက်နေတဲ့ အိန္ဒိယလူမျိုးဘုန်းကြီး တစ်ပါးကို မေးလျှောက်ကြည့်တော့ အနာဂါရိကဓမ္မပါလရဲ့ရုပ်တုလို့ ပြောပါတယ်။ မဟာဗောဓိအသင်းကြီးကို ထူထောင်သွားတဲ့ပုဂ္ဂိုလ်လို့ သိထားတဲ့အတွက် အလွန်ဝမ်းသာသွားပါတယ်။



မဟာဗောဓိအသင်းတိုက် (ဗုဒ္ဓဂယာ) အတွင်းရှိ ဗုဒ္ဓဆင်းတုတော်



ဗုဒ္ဓဂယာရှိ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းတိုက်

အသင်းတိုက်အတွင်း နံရံပတ်လည်မှာ ဗုဒ္ဓဝင်ပန်းချီကားတွေအပြည့် ရေးဆွဲထားပါတယ်။ အသင်းတိုက်ကပြန်အထွက်မှာ အဝင်တုန်းက သတိမထားလိုက်မိတဲ့ အနာဂါရိကဓမ္မပါလရဲ့ ကိုယ်တစ်ပိုင်းပုံရုပ်တုကို ကမ္ပည်းကျောက်စာနဲ့အတူ တွေ့ရပါတယ်။ မဟာဗောဓိအသင်းတိုက်ကြီးရဲ့ နှစ်တစ်ရာပြည့် (၁၈၉၁-၁၉၉၁) အထိမ်းအမှတ်အဖြစ် စိုက်ထူထားတာ ဖြစ်ပါ၏။ ဒီရုပ်တုရဲ့ အလှူရှင်က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့ သမ္မတကြီး Mr. Ranasingh Premadasa ဖြစ်ပြီး သီရိလင်္ကာနိုင်ငံဝန်ကြီး




အနာဂါရိကဓမ္မပါလ၏ကြေးရုပ်တု


www.burmeseclassic.com





မူလဂန္ဓကုဋိတိုက်အတွင်းရှိ ရုပ်ပွားတော်







ချုပ် Mr.D.B. Wijetunga က (၂၃-၉-၉၁) ရက်နေ့မှာ လာရောက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ (အခုအချိန်မှာတော့ မဟာဗောဓိအသင်းကြီးရဲ့ သက်တမ်းဟာ နှစ် ၁၂၀ ကျော်ခဲ့ပါပြီ။)

ကျောက်စာရဲ့ အောက်ပိုင်းမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ စာတန်းတွေ ဖတ်လိုက်ရပါတယ်။ လက်ရာမြောက်ပြီး အံသက်ဝင်နေတဲ့ ဒီရုပ်တုကို ထုလုပ်သူက အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းကြီးရဲ့ လက်ရှိအထွေထွေအတွင်းရေးမှူး ဆရာတော် ဝိပုလ္လသာရမဟာထေရ် (Ven. Mapalagama Vipulasara Mahathera) ဖြစ်နေတာ တွေ့လိုက်ရတယ်။ (သီဟိုဠ်ဘုန်းကြီးတွေရဲ့ ဘွဲ့အမည်မှာ ဇာတိရပ်ရွာကိုပါ ဖော်ပြလေ့ရှိကြတယ်။ ဂါမ (gama) ဆိုတာ 'ရွာ'လို့ အဓိပ္ပာယ်ရတဲ့အတွက် ဒီဆရာတော်ဟာ မပါလရွာသားဖြစ်မယ်လို့ ခန့်မှန်းကြည့်ပါတယ်။)

အသင်းတိုက်မျက်နှာစာမှာ ကပ်ထားတဲ့ ကျောက်ပြားမှာလည်း မြန်မာနိုင်ငံသားတွေ ဂုဏ်ယူစရာ စာသားကို အခုလို ဖတ်ရှုခဲ့ပါတယ်။

"ဤနားနေဆောင်ကို အထူးအားဖြင့် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်သို့ ဘုရားဖူးလာရောက်ကြသော ဗုဒ္ဓဘာသာဝင် ဧည့်သည်များအတွက် ၁၉၀၁ ခုနှစ် (သာသနာနှစ် ၂၄၄၅)တွင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဆောက်လုပ်ရန် အလှူငွေ ရူပီး (၁၅,၀၀၀) ကို သီဟိုဠ်နှင့် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များက မဟာဗောဓိအသင်းကြီး၏ အထွေထွေအတွင်းရေးမှူး အနာဂါရိက ဓမ္မပါလမှတစ်ဆင့် ပေးအပ် လှူဒါန်းခဲ့





www.burmeseclassic.com

www.burmeseclassic.com









ကြသည်။ ဤကဲ့သို့ လျှုဒါန်းမှုကို ကျေးဇူးတင်ဂုဏ်ပြုသောအားဖြင့် ဤကမ္ပည်းစာကို မဟာဗောဓိအသင်းကြီးမှ ရေးထိုးမှတ်တမ်းတင်အပ်ပါသည်'။

**အနာဂါရိကဓမ္မပါလ (၁၈၆၄-၁၉၃၃)**

အနာဂါရိကဓမ္မပါလဟာ သီဟိုဠ်(ယခု-သီရိလင်္ကာ)နိုင်ငံသားဖြစ်ပြီး ကိုလံဘိုမြို့မှာ ၁၈၆၄ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်မှာ ဗုဒ္ဓဘာသာမိဘနှစ်ပါးက မွေးဖွားခဲ့တယ်။ ငယ်စဉ်က ကက်သလစ်မစ်ရှင်ကျောင်းမှာနေခဲ့ပြီး သူ့ရဲ့ ခရစ်ယာန်နာမည်က ဒွန်ဒေးဗစ် ဖြစ်တယ်။ ဗုဒ္ဓဘာသာစာပေတွေကိုတော့ မဟာထေရ်ကြီးများထံမှာ သင်ယူခဲ့ပါတယ်။ ၁၈၈၃ ခုနှစ်မှာ ကျောင်းကထွက်ပြီး အစိုးရပညာရေးဌာနမှာ အောက်တန်းစာရေးအဖြစ် လုပ်ကိုင်ပါတယ်။ ၁၈၈၆ ခု နှစ်ဆန်းပိုင်းမှာ အစိုးရအလုပ်က ထွက်ပြီး ကာနယ်အောလ်ကော့ (Colonel Henry Steel Olcott) ဆီမှာ အလုပ်ဝင်လုပ်ရာက ဗုဒ္ဓဘာသာလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ခြင်းဖြင့် ဒွန်ဒေးဗစ်ရဲ့ ဘဝလမ်းကြောင်းဟာ အပြောင်းကြီး ပြောင်းလဲသွားပါတော့တယ်။

**ဗုဒ္ဓသာသနာ့အလံတော်ကိုတီထွင်သူ**


မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာဝင်တွေ အသုံးပြုနေတဲ့ ဗုဒ္ဓသာသနာ့အလံတော်ဟာ ရောင်ခြည်တော်ခြောက်သွယ်ကို ဖော်ကျူးထားလို့ အလွန် တင့်တယ်လှပါတယ်။ ဒီအလံတော်ကို တီထွင်သွားသူကတော့ အမေရိကန်လူမျိုး ဗိုလ်မှူးကြီးဟောင်း အော်(လ်)ကော့ (၁၈၃၂-၁၉၀၇) ပဲ ဖြစ်တယ်။ သူဟာ ၁၈၈၀ ပြည့်နှစ်မှာ သီဟိုဠ်နိုင်ငံကိုသွားပြီး သီဟိုဠ်ဗုဒ္ဓဘာသာရဟန်းတော်တွေရှေ့မှာ လက်အုပ်ချီလျက် သရဏဂုံသုံးပါးကို ဆောက်တည်ကာ ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့တယ်။

အဲဒီအချိန်က သီဟိုဠ်ကျွန်းမှာ နယ်ချဲ့တွေနဲ့အတူပါလာတဲ့ ခရစ်ယာန်သာသနာပြုတွေရဲ့ဩဇာထက်ချိန် ဖြစ်တယ်။ အော်(လ်)ကော့ဟာ အဖိနှိပ်ခံ သီဟိုဠ်နိုင်ငံသားတွေဘက်က ရပ်တည်ပြီး ဗုဒ္ဓသာသနာပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ သီဟိုဠ်တစ်ကျွန်းလုံးအနှံ့ ကားတစ်တန်၊ လှည်းတစ်တန်နဲ့ ခရီးလှည့်လည်ပြီး ဗုဒ္ဓတရားများကို လှည့်လည် ဟောပြောခဲ့တယ်။ အဲဒီအချိန်မှာ လူငယ်အရွယ်ပဲရှိသေးတဲ့ ဒွန်



www.burmeseclassic.com

www.burmeseclassic.com




**မဟာဗောဓိအသင်းတိုက်ရှေ့ရှိ ကမ္ပည်းကျောက်စာ**



**ဗုဒ္ဓသာသနာ့အလံတော်ကိုတီထွင်သူ ကာနယ်အော်(လ်)ကော့**



**မဟာဗောဓိအသင်းကြီးကိုတည်ထောင်ပေးသော အနာဂါရိကဓမ္မပါလအား ဘုန်းကြီးဝတ်နှင့် တွေ့ရပုံ**



**အနာဂါရိကဓမ္မပါလကို ချီကာဂိုမြို့၌ပြုလုပ်သော ကမ္ဘာ့ဘာသာပေါင်းစုံညီလာခံ(ပါလီမန်)တွင် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖြစ်တွေ့ရပုံ**

ဒေးဗစ်က အော(လ်)ကော့သွားရာကို လိုက်ပါပြီး စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့တယ်။

**ဓမ္မပါလအမည်ခံယူခြင်း**

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာက မဟာဗောဓိကျောင်းဟာ ဝမ်းနည်းစရာ ပျက်စီးယိုယွင်းနေတာကို ဆာအက်ဒဝင်အာနိုး(လ်) (Sir Edwin Arnold) ရဲ့ ဆောင်းပါးတွေကနေ သိလိုက်ရတဲ့အခါ ဒွန်ဒေးဗစ်ဟာ အင်မတန်မှ စိတ်မကောင်းဖြစ်သွားပြီး သူ့နာမည် ဒွန်ဒေးဗစ်ကိုစွန့်ပြီး 'ဓမ္မပါလ'အမည်ကို ခံယူလိုက်တယ်။ (ဓမ္မ-တရား၊ ပါလ-စောင့်ရှောက်သူ)

*(အင်္ဂလိပ်လူမျိုး ကဗျာဆရာ၊ သတင်းစာဆရာ ဆာအက်ဒဝင်အာနိုး(လ်) (၁၈၃၂-၁၉၀၄)ဟာ 'အာရှတိုက်၏ အလင်းရောင်' (The Light of Asia) (၁၈၇၉) အမည်နဲ့ ကမ္ဘာကျော် ဗုဒ္ဓဝင်ကဗျာရှည်ကြီးကို ရေးစပ်သီကုံးခဲ့သူ ဖြစ်တယ်။ သူဟာ အစ္စလာမ်ဘာသာအကြောင်း အခြေခံတဲ့ 'ယုံကြည်မှု၏ပုလဲလုံးများ' (Pearls of the Faith) ကဗျာ (၁၈၈၃)နဲ့ခရစ်ယာန်ဘာသာအကြောင်း အခြေခံတဲ့ 'ကမ္ဘာ့အလင်းရောင်' (The Light of the World) ကဗျာ (၁၈၉၁) တွေကို ရေးခဲ့ပေမယ့် အဲဒီကဗျာတွေဟာ 'အာရှတိုက်ရဲ့အလင်းရောင်' ကို မမီဘူးလို့ ကမ္ဘာ့ပညာရှင်တွေအားလုံး လက်ခံထားကြတယ်။)*

၁၈၉၀ ပြည့်နှစ်မှာ ဓမ္မပါလဟာ အိန္ဒိယနိုင်ငံမှာပြုလုပ်တဲ့ ဗုဒ္ဓဘာသာညီလာခံကိုတက်ရင်း ဗုဒ္ဓဂယာကို သွားဖူးပါတယ်။ သူဟာ ဗုဒ္ဓဘုရားပွင့်တဲ့ နေရာကို မြင်ရတဲ့အခါ စိတ်ထိခိုက်သွားပြီး အဲဒီနေရာကို ပြန်ပြီးမွမ်းမံပြင်ဆင်ချင်တဲ့စိတ်ဖြစ်လာတာကို သူ့နေ့စဉ်မှတ်တမ်းမှာ အခုလိုရေးခဲ့တယ်။

"ဝဇီရာသနပလ္လင်(Vajrasana)နဲ့ ကျွန်ုပ်ရဲ့နဖူးကိုထိပြီး ဦးခိုက်လိုက်တဲ့ အချိန်မှာ အလွန်မှမြင့်မြတ်တဲ့ ဒီနေရာကို စောင့်ရှောက်လိုစိတ် တဖွားဖွားဖြစ်ပေါ်လာပါတယ်။ ဒီနေရာဟာ သိဒ္ဓတ္ထဂေါတမဘုရားဖြစ်တဲ့နေရာ၊ ဗောဓိပင်အောက်မှာ သဗ္ဗညုတဉာဏ်ရတဲ့နေရာ၊ ကမ္ဘာပေါ်မှာ ဘယ်နေရာနဲ့မှမတူတဲ့နေရာလို့သိမှတ်လိုက်ပြီး ဒီနေရာမှာ ကျွန်ုပ်ရဲ့ဘဝကို မြှုပ်နှံလိုက်တော့မယ်လို့ သန္နိဋ္ဌာန်ချလိုက်မိပါတယ်"

ကာလကတ္တားကို ဗဟိုထားပြီး ဗုဒ္ဓဂယာကို ပြန်ပြုပြင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် မြန်မာနိုင်ငံ ရန်ကုန်မြို့ကိုလာကာမဟာဗောဓိနဲ့ ဗုဒ္ဓဂယာအကြောင်း အသိပေးပြောကြားခဲ့တယ်။

၁၈၉၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ ဗုဒ္ဓဂယာ မဟာဗောဓိအသင်းကြီးကို စတင်ထူထောင်တယ်။ ကာနယ်အော်(လ်)ကော့က ဒါရိုက်တာနဲ့ အကြံပေးဖြစ်ပြီး ဓမ္မပါလက အထွေထွေအတွင်းရေးမှူး ဖြစ်တယ်။ ထိုင်း၊ ဂျပန်၊ သီဟိုဠ်(သီရိလင်္ကာ)၊ မြန်မာ၊ စစ်တကောင်း (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ)၊ ကာလကတ္တားနဲ့ ရခိုင်ကကိုယ်စားလှယ်တွေလည်း ပါကြတယ်။

၁၈၉၁ ခုနှစ်၊ အောက်တိုဘာလမှာ ဂျပန်၊ သီဟိုဠ်(သီရိလင်္ကာ)၊ တရုတ်၊ မြန်မာ၊ စစ်တကောင်း၊ အိန္ဒိယကကိုယ်စားလှယ်တွေတက်ရောက်တဲ့ နိုင်ငံတကာ(ကမ္ဘာ့)ဗုဒ္ဓဘာသာကွန်ဖရင့်ကို ဗုဒ္ဓဂယာမှာ ကျင်းပတယ်။

၁၈၉၂ ခုနှစ်၊ မေလမှာ ဓမ္မပါလဦးစီးပြီး မဟာဗောဓိဂျာနယ်ကို စတင်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေတယ်။ အဲဒီ ဂျာနယ်အတွက် စာမူတောင်းခံလို့ မြန်မာပြည်က စာရေးဆရာတွေလည်း ဝင်ရေးခဲ့ကြတယ်လို့ ဖတ်ဖူးပါတယ်။

၁၈၉၃ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့မှာလုပ်တဲ့ ကမ္ဘာ့ဘာသာပေါင်းစုံပါလီမန်(World Parliament of Religions) ကို ဓမ္မပါလဟာ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့တယ်။ အဲဒီမှာ သူက 'ဗုဒ္ဓအပေါ် ကမ္ဘာကြီးကတင်ရှိနေတဲ့အကြွေး' (World's debt to Buddha) ခေါင်းစဉ်နဲ့ ဟောပြောတာကို တက်ရောက်လာသူတွေက နှစ်ခြိုက်သဘောကျကြတယ်။

၁၈၉၃ - ၉၄ မှာ ဓမ္မပါလဟာ လန်ဒန်၊ နယူးယောက်၊ ဂျပန်၊ တရုတ်ပြည်၊ ရန်ကုန်နဲ့ ဘန်ကောက်တို့ကို သွားရောက်ပြီး ဗုဒ္ဓဘာသာအကြောင်း ဟောပြောရင်း ဗုဒ္ဓဂယာအခြေအနေကိုလည်း တင်ပြစည်းရုံး အကူအညီတောင်းခံခဲ့တယ်။ လန်ဒန်မှာ ဆာအက်ဒဝင်အာနိုး(လ်)နဲ့ တွေ့ခဲ့ပြီး ဂျပန်ရောက်တော့ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ လက်ခံရရှိခဲ့တယ်။ ဒီရုပ်ပွားတော်ကို ဗုဒ္ဓဂယာဘုရားကျောင်းမှာထားတာ အဲဒီအချိန်က ဗုဒ္ဓဂယာကို သိမ်းပိုက်ထားတဲ့ ဟိန္ဒူခေါင်းဆောင် မဟန္တ(Mahant)ရဲ့တပည့်တွေက ယူပြီးလွှတ်ပစ်ခဲ့တယ်။

၁၈၉၅ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာဝင်တွေ ထိန်းသိမ်းခွင့်ရှိရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ၁၈၉၆ မှ ၁၉၀၁ ခုနှစ်အတွင်း ဓမ္မပါလဟာ အမေရိကန်နိုင်ငံနဲ့ တခြားနိုင်ငံတွေကိုပါ သွားရောက်ပြီး ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာဝင်များ ပိုင်ဆိုင်ခွင့်ရရေးအတွက် စည်းရုံးဆော်သြပြီး အကူအညီတောင်းခံခဲ့တယ်။ (ခုနှစ်တွေ တန်းစီပြထားတာကိုကြည့်ရင် အနာဂါရိကဓမ္မပါလဟာ သူ့သန္နိဋ္ဌာန်အတိုင်း မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါမယ်။) ၁၉၄၉ ခုနှစ်မှ ဗုဒ္ဓဂယာအုပ်ချုပ်ရေးမှာ ဗုဒ္ဓဘာသာဝင်တွေ ပါဝင်ခွင့်ရခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ဗုဒ္ဓဘာသာဝင်တွေက ဦးစီးခွင့်ရခဲ့တယ်။

ဘုရားရှင် ဓမ္မစကြာဟောတော်မူရာ ဗာရာဏသီ (Benares) (ယခုအခေါ် ဆာရ်နသ်(ဝါ)သာရနာထ-Sarnath) ဟာလည်း ပျက်စီးယိုယွင်းနေလို့ ဓမ္မပါလက မိဂဒါဝုန်မြေကိုပိုင်တဲ့ ဗာရာဏသီအရေးပိုင်ဆီ အခုလို စာရေးသားခဲ့တယ်။

*'ယခုအခါ ဆာရ်နသ်ဟာ ပျက်စီးနေပြီး ဝက်ခြံဖြစ်နေပါတယ်။ ဂျေရုစလင်မြို့ဟာ ခရစ်ယာန်တွေအတွက် မြင့်မြတ်သလို မိဂဒါဝုန် ဆာရ်နသ်ဟာလည်း (၄၇၅) သန်းရှိသော ဗုဒ္ဓဘာသာဝင်တွေအတွက် မြင့်မြတ်တဲ့မြေဖြစ်တယ်။ ဒီနေရာကို မဟာဗောဓိအသင်းအား ပြုပြင်ထိန်းသိမ်းရန်ပေးပါက (၄၇၅) သန်းမျှသော ဗုဒ္ဓဘာသာဝင်တွေက သင့်အားကျေးဇူးတင်ကြမှာဖြစ်သလို သင့်အမည်ဟာလည်း ဗုဒ္ဓဘာသာသမိုင်းမှာ ထင်ရှားနေပါမယ်'*

ဓမ္မပါလဟာ ဗုဒ္ဓဂယာဒေသဖွံ့ဖြိုးရေးအတွက် ကမ္ဘာပတ်ပြီးလုပ်ဆောင်နေစဉ်မှာပဲ အမိမြေကိုလည်း ပစ်မထားခဲ့ပါ။ အဲဒီအချိန်က ဗြိတိသျှလက်အောက်ခံဖြစ်တဲ့ သီဟိုဠ်မှာ ကိုလိုနီစနစ်ဆန့်ကျင်ရေးကိုပါ ပူးတွဲဆောင်ရွက်ခဲ့လို့ သူ့ကို သီဟိုဠ်နိုင်ငံရဲ့ခြင်္သေ့ကြီးလို့လည်း ခေါ်ကြတယ်။ မြို့တော် ကိုလံဘိုမှာ Foster Robinson ဆေးရုံနဲ့ မဟာဗောဓိကောလိပ်ကျောင်း (Maha Bodhi College) တို့ကို တည်ထောင်ခဲ့တယ်။

၁၉၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့မှာ ဗာရာဏသီ (ဆာရ်နသ်) မှာ ဘုရားရှင် ဝါဆိုတော်မူခြင်း အထိမ်းအမှတ် မူလဂန္ဓကုဋီဝိဟာရကို ဆောက်လုပ်တော့ အစိုးရက မြေဧက (၂၀) ပေးတယ်။ ၁၉၃၁ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့မှာ ဓမ္မပါလဟာ ကိုရင်ဝတ်ခဲ့တယ်။ အဲဒီနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ မူလဂန္ဓကုဋီဝိဟာရဖွင့်ပွဲလုပ်တော့ ဓမ္မပါလဟာ လူနာလှည်းပေါ်ကနေကြည့်ပြီး သာဓုခေါ်ခဲ့တယ်။ ဖွင့်ပွဲကို အရှေ့တောင်အာရှနိုင်ငံစုံကလည်း တက်ရောက်ခဲ့ပါတယ်။

မူလဂန္ဓကုဋီကျောင်းဆောက်တဲ့ဆီမှာ မြန်မာနိုင်ငံက အလှူရှင်တွေလည်း အများကြီး ပါဝင်ခဲ့ကြတယ်။ စုလစ်မွမ်းချွန် အထွတ်တင်ထားတဲ့ ပြာသာဒ်ဆောင်ကြီးက ပေ (၁၁၀) မြင့်ပါတယ်။ ဂန္ဓကုဋီတိုက်ထဲက ရုပ်ပွားတော်ရဲ့အောက်မှာ ဓာတ်တော်တိုက်ရှိတယ်။ ဒီဓာတ်တော်တိုက်ထဲမှာ တက္ကသီလာကရတဲ့ ဗုဒ္ဓရဲ့ ဓာတ်တော်မွေတော်များကိုဌာပနာထားပြီး ဓာတ်တော်ကြုတ်ကို မြန်မာနိုင်ငံက ဒေါ်ဂွမ်းကဲလှူထားတာဖြစ်တယ်။နှစ်တိုင်း ကျောင်းတော်နှစ်ပတ်လည်အထိမ်းအမှတ်နေ့ဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ ဓာတ်တော်ဖွင့်ပွဲ ပြုလုပ်တယ်။ ဒီနေရာမှာလည်း နိုင်ငံတကာက ဘုရားဖူးတွေနဲ့ စည်ကားလို့နေပါတယ်။

၁၉၃၃ ခုနှစ်မှာ ဒုတိယအကြိမ်ဖွင့်ပွဲလုပ်တဲ့အခါကျမှ ဓမ္မပါလဟာ ရဟန်းဝတ်ခွင့်ရခဲ့တယ်။ ရဟန်းဖြစ်ပြီး မကြာခင်မှာပဲ သူ့ကျန်းမာရေးအခြေအနေကဆိုးလာပြီး ၁၉၃၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၊ မနက် (၃) နာရီအချိန်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဗုဒ္ဓဂယာဒေသ ဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် ကမ္ဘာပတ်ပြီး စည်းရုံးဆောင်ရွက်ခဲ့တဲ့၊ လူပင်သေသော်လည်း နာမည်မသေတဲ့ ဗုဒ္ဓဘာသာဝင်အာဇာနည်အရှင် သီဟိုဠ်နိုင်ငံသား အနာဂါရိကဓမ္မပါလကို ဂုဏ်ပြုတဲ့အနေနဲ့ သီဟိုဠ်နိုင်ငံက ဗုဒ္ဓဂယာမှာ အနာဂါရိကဓမ္မပါလရုပ်တုနဲ့ ကမ္ပည်းကျောက်စာ ရေးထိုးထားသလို ဘုရားရှင် ဖွားတော်မူရာ လုမ္ဗိနီဒေသကို ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တွေရဲ့လက်ထဲ ပြန်ရောက်ပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် လုမ္ဗိနီစီမံကိန်း (Lumbini Project) ကို ကုလသမဂ္ဂမှာ အတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ရုပ်တုကိုလည်း လုမ္ဗိနီမှာ စိုက်ထူနိုင်ရင် ကောင်းမှာပဲ ဆိုတဲ့ ဆန္ဒတစ်ခု ကျွန်တော့်ရင်ထဲမှာ အလေးအနက်ဖြစ်မိပါတယ်။

*(ဦးသန့်ဟာ သံဝေဇနီယလေးဌာနအပြင် ဗုဒ္ဓဝင်မှာပါတဲ့ သမိုင်းဝင်နေရာတွေကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာ (World Heritage Site) အဖြစ် သတ်မှတ်ပေးခဲ့တယ်။)*

မောင်ပွင့်ညာဏ်(မော်ရ)


ရည်ညွှန်းစာ

၁။ နိုင်ငံခြားသားဗုဒ္ဓဘာသာရဟန်းတော်များနှင့်ယောဂီများ
မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့က စီစဉ်သည်
၁၉၉၀ အောက်တိုဘာလ၊ ပထမအကြိမ်

၂။ ကျွန်ုပ်နှင့်ဗုဒ္ဓဘာသာ
ဒေါက်တာမောင်မောင်ညို၊
ဂုဏ်ထူးစာပေ၊
၂၀၁၃ ဇူလိုင်၊ ပထမအကြိမ်။

၃။ Encyclopaedia Britannica 2013: Ultimate Edition.




www.burmeseclassic.com

www.burmeseclassic.com

# အသုဘဓလေ့သုံး မရဏာမျက်နှာဖုံးများ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေးသု)




ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြောင်းလဲလာတဲ့ လူ့ယဉ်ကျေးမှုတွေမှာ သေဆုံးတဲ့အခါ မြှုပ်နှံမှုဓလေ့များဟာလည်းအရေးပါလှရဲ့။ တိုင်းပြည်အလိုက်၊ လူမျိုးအလိုက်၊ ခေတ်အလိုက်၊ ဘာသာဓလေ့တွေအလိုက် ကွဲပြားသွားမှုတွေဟာ စိတ်ဝင်စားစရာလည်း ကောင်းလှပါတယ်။ ခေတ်ကာလတွေကြာမြင့်လာတော့ တိုးတက်မှုဖြစ်စဉ်တွေနဲ့အတူ အချို့အလေ့အထတွေဟာလည်းပြောင်းလဲသွားခဲ့ပါပြီ။ တချို့လည်း ပျောက်ကွယ်သွားခဲ့ပါတယ်။


**အသုဘဓလေ့သုံး မရဏာမျက်နှာဖုံးများ**

အသုဘချတဲ့အခါ သေသူမှာ မျက်နှာဖုံး တပ်ဆင်အသုံးပြုခဲ့တယ်ဆိုဒီခေတ်မှာ ကြားတောင်မကြားဘူးကြလို့ ဟုတ်မှဟုတ်ရဲ့လားလို့ထင်စရာပါ။ လူ့သမိုင်းတစ်ခေတ်မှာ တစ်ချိန်တစ်ခါတုန်းက အသုဘမျက်နှာဖုံးတွေကို မကြာခဏဆိုသလိုပဲ သေသူ့မျက်နှာမှာဖုံးဖို့ လုပ်ခဲ့ကြပါတယ်။ မရဏာမျက်နှာဖုံးတွေ သုံးရတာဟာ ယေဘုယျအားဖြင့် သေသူကို ဂုဏ်ပြုဖို့ရယ်၊ သေသူရဲ့ဒီမျက်နှာဖုံးနဲ့ ဝိညာဉ်လောက ပတ်သက်ဆက်နွယ်မှုကို တည်ဆောက်ဖို့ရယ် ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ပါ။ တချို့ကတော့ ဒီလိုမျက်နှာဖုံးတွေကိုသုံးခြင်းဟာ လောလောလတ်လတ်သေထားသူရဲ့ဝိညာဉ်ကို ဝိညာဉ်ကမ္ဘာဆီ နှင်ပေးလိုက်တဲ့ သဘောလည်း ဖြစ်ပါတယ်။ မရဏာမျက်နှာဖုံးတွေကို မလိုလားအပ်တဲ့ ဝိညာဉ်တွေကိုခြောက်လှန့်ရင်း သေသူကို ကာကွယ်ဖို့လည်း သုံးကြပါသေးတယ်။ ဒါကြောင့်လည်း သေသူရဲ့လက္ခဏာတွေကို မျက်နှာဖုံးမှာ အသေအချာကို ပြန်လည် ဖော်ပြခဲ့ကြတာပါ။






အီဂျစ်နိုင်ငံက ၁၈ ဆက်မြောက် ဖာရိုဘုရင်လေး တူတန်ခမန်ရဲ့ ၁၄ ရာစုက အသုဘရွှေမျက်နှာဖုံး



(Mixtec culture) ယဉ်ကျေးမှုလက်ရာ (Mask of Xipe Totec) ရွှေမျက်နှာဖုံး



မိုင်ဆီးနီးယမ်းသင်္ချိုင်းဂူအမှတ်(၅)မှ ၁၆ရာစု အုပ်ချုပ်သူတစ်ဦးရဲ့အသုဘရွှေမျက်နှာဖုံး

**ပြန်လည်တွေ့ရှိရသော အသုဘဓလေ့သုံး မရဏာမျက်နှာဖုံးများ**

ရှေးဟောင်းအီဂျစ်လူမျိုးတွေဟာ အလယ်မင်းဆက် (၂၀၄၀-၁၇၈၆ ဘီစီအီး) မှ ပထမရာစုအတွင်းက သေသူတွေရဲ့မျက်နှာပေါ်မှာ ပုံပန်းကျနပြီး ထိုသူရဲ့ ယေဘုယျလက္ခဏာတွေ အပြည့်အစုံပါတဲ့မျက်နှာဖုံးတွေကိုတင်ထားနိုင်ခဲ့ကြတယ်။ ဒီအသုဘမျက်နှာဖုံးတွေဟာ သေသူရဲ့ဝိညာဉ်က သူ့ရဲ့ခန္ဓာကိုယ်ထဲက နောက်ဆုံးသော သူ့ရဲ့နေရာဆီကို ပြန်လာတဲ့အခါ တိတိကျကျ မလွဲမမှား ပြန်လည် ရောက်ရှိလာအောင် လမ်းညွှန်ပေးနိုင်ဖို့တာဝန်ယူကြရတယ်။ နှစ်ပေါင်းကြာလို့ အလောင်းကောင် ပုပ်သိုးဆွေးမြည့်သွားရင်တောင် မျက်နှာဖုံးက မျက်နှာကိုတော့ မှတ်မိကြမှာပါ။

ဒီမရဏာမျက်နှာဖုံးတွေကို အများအားဖြင့် အဝတ်နဲ့လုပ်ကြတယ်။ သေသူရဲ့မျက်နှာပေါ်မှာ အဝတ်နဲ့အုပ်၊ အဲဒီအပေါ်ကမှ အင်္ဂတေ-ပလတ်စတာတွေနဲ့ ဖုံးအုပ်ကြပြီး မျက်နှာပုံကို လုပ်ယူတယ်။ အဲဒီနောက်မှာ အပေါ်ကနေ ဆေးခြယ်ကြတယ်။

အရေးပါတဲ့ပုဂ္ဂိုလ်တွေ၊ ကြီးကျယ်မြင့်မြတ်တဲ့သူတွေအတွက်တော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပီရူးနိုင်ငံက ရွှေနဲ့ငွေသတ္တုရော အသုဘအလွှင်းမျက်နှာဖုံး၊
(မျက်လုံးနဲ့နှာရွက်ကိုတော့ ကြေးနဲ့လုပ်ထားပါတယ်)



ဗြိတိသျှပြတိုက်က လူခေါင်းခွံကို
သားရေနှာကွပ်ပြီး
စိမ်းပြာရောင်ကျောက်စီခြယ်ထားတဲ့
အေဒီ ၁၄၀၀ ခေတ် မျက်နှာဖုံး၊



ပီရူး-လစန္ဒာပိရမစ်မှာ တွေ့ရှိရတဲ့ ၄၀၀
အေဒီလက်ရာ ကြေးနီနဲ့ရွှေအရော
အသုဘာမျက်နှာဖုံး၊
(နှာရွက်တွေကိုလှုပ်လို့ရတယ်)

ဖုံးကို ရွှေနဲ့ငွေတွေသုံးပြီးလုပ်ကြတယ်။ မြုပ်နှံမှုရုပ်ပုံလွှာတွေမှာ အထင်ရှားဆုံးနဲ့ အခမ်းနား အကြီးကျယ်ဆုံး မျက်နှာဖုံးကတော့ ၁၃၅၀ ပြည့်နှစ် ဘီစီအီးက အီဂျစ်နိုင်ငံက ဖာရိုးဘုရင်လေး တူတန်ခမန်အတွက် ပြုလုပ်ခဲ့တဲ့ ရွှေသားမျက်နှာဖုံးတစ်ခုပဲ ဖြစ်ပါတယ်။ အီဂျစ်နိုင်ငံ၊ ရှေးဟောင်းမြို့ဖြစ်တဲ့ သဘီး (Thebes) မြို့ ပိရမစ်တစ်ခုအတွင်းက ပြန်လည်ရှာဖွေတွေ့ရှိခဲ့တဲ့ (၁၈) ဆက်မြောက် အီဂျစ် ဖာရိုးဘုရင်လေး (King Tutankhamen) ရဲ့ ၁၄ ရာစု (၁၃၂၅ ခုနှစ်) ဘီစီအီးက အဲဒီ အသုဘသုံး မရဏရွှေမျက်နှာဖုံး (Gold funerary mask)ဟာ ကမ္ဘာကျော် အနုလက်ရာမြောက်ပစ္စည်းတစ်ခုလည်း ဖြစ်နေပါတယ်။ ရွှေသားအစစ်အပေါ်မှာ ကြည်ပြာရောင်(Lapis lazuli) ကျောက်နဲ့ ဖန်ရောင်စုံတွေပါ မြုပ်နှံပြီးလည်း အလှဆင်ပုံဖော်ထားလို့ အလွန်ဆွဲဆောင်မှုရှိလှတယ်။ ဒီမျက်နှာဖုံးဟာ အမြင့် (၅၃. ၃) စင်တီမီတာရှိပါတယ်။ အခုအခါ ကိုင်ရိုမြို့တော် အီဂျစ်ပြတိုက်(The Egyptian Museum)မှာ ဂုဏ်ယူစွာ ပြသထားပါတယ်။ ရှာဖွေတွေ့ရှိလာတဲ့ တူတန်ခမန်သင်္ချိုင်းဂူကို ၁၉၂၂ ခုမှာဖွင့်ကြည့်လေ့လာခဲ့ကြတော့ မျက်စိအာရုံကို အဆွဲဆောင်ဆုံးပစ္စည်းဟာလည်း ဘုရင်လေးရဲ့ မံမီရုပ်အလောင်းဦးခေါင်းကို ဖုံးအုပ်ထားတဲ့ ဒီရွှေမျက်နှာဖုံးပဲပေါ့။

၁၄၀၀ ဘီစီအီးခေတ် မိုင်ဆီနေရီယန်သင်္ချိုင်းဂူတွေမှာလည်း ရွှေပြားခတ်ပြုလုပ်ထားတဲ့ မရဏမျက်နှာဖုံးတွေကို တွေ့ရှိခဲ့ကြရတယ်။

အင်ကာ (Inca) မင်းမျိုးတွေရဲ့ မံမီရုပ်အလောင်းတွေမှာလည်း မရဏရွှေမျက်နှာဖုံးတွေ တပ်ထားကြတယ်။ အရေးမပါလှတဲ့ သာမန်လူရဲ့ ရုပ်အလောင်းတွေမှာတော့ အသုဘမျက်နှာဖုံးတွေကို အဖိုးနည်းဝန်ပါ သစ်သားတွေ၊ ရွှံ့တွေနဲ့ လုပ်ထားကြတာလည်း မကြာခဏဆိုသလို တူးဖော် တွေ့မြင်ခဲ့ကြရတယ်။ အချို့သော ရှေးဟောင်း (Andean) မရဏမျက်နှာဖုံးတွေမှာ လှုပ်ရှားလို့ရတဲ့အပိုင်းတွေလည်း ပါနေတယ်။ ပီရူးနိုင်ငံ (Moche valley) မြစ်ဝှမ်းက လစန္ဒာပိရမစ် (The Moon Pyramid) မှာတွေ့ရတဲ့ ကြေးနီနဲ့ရွှေအရော သတ္တုမရဏမျက်နှာဖုံးမှာ လှုပ်လို့ရတဲ့နှာရွက်အရှင်တွေပါရှိတယ်။ မျက်လုံးတွေကိုတော့ ခရုခွံတွေနဲ့လုပ်ထားပါတယ်။အဲဒီ မရဏမျက်နှာဖုံးကို ၄၀၀ ဘီစီအီး - အေဒီ ၆၀၀ ကြား သို့မဟုတ် အေဒီ ၃-၈ ရာစုက လက်ရာလို့ ခန့်မှန်းကြပါတယ်။ ခုတော့ ဂျာမနီနိုင်ငံ စတော့ဂတ် (Stuttgart) မြို့က (The Linden-Museum) ပြတိုက်မှာပြသထားတယ်။ ပီရူးက ကိုယ်ပိုင်စုဆောင်းထားသူတစ်ဦးရဲ့ ရွှေနဲ့ငွေသတ္တုရော အသုဘသုံးအလွှင်းမျက်နှာဖုံးတစ်ခုမှာတော့ မျက်လုံးနဲ့ နှာရွက်တွေကို ကြေးနဲ့လုပ်ထားပါတယ်။ အေဒီ ၁၀၀၀-၁၄၆၅ ခုနှစ်အတွင်းက (Chimú Culture) ယဉ်ကျေးမှုလက်ရာပစ္စည်းပါ။

Oaxaca က နယ်မြေပြတိုက်(The Regional Museum)မှာ ပြသထားတဲ့ (Mixtec culture)ယဉ်ကျေးမှုလက်ရာ မရဏမျက်နှာဖုံးတစ်ခုကလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဖယောင်းနဲ့ ပုံသွင်းပြီးမှ ဖယောင်းကိုအရည်ဖျော်ပစ်တဲ့နည်း (lost-wax method) နဲ့ ပုံသွန်းထားတဲ့ (Mask of Xipe Totec) ရွှေမျက်နှာဖုံးပါ။ ၉၀၀ - ၁၄၉၄ ခုနှစ်က လက်ရာရှေးဟောင်းပစ္စည်းဖြစ်ပြီး အမြင့် (၇) စင်တီမီတာခန့် ရှိပါတယ်။

ရှေးဟောင်း မက္ကစီကင်တွေရဲ့ မြုပ်နှံမှုမှာတွေ့ရတဲ့ မရဏမျက်နှာဖုံးတွေမှာတော့ သေသူလူတစ်ဦးချင်းစီရဲ့ ပုံတူအရုပ်ကို ဖော်ပြတာထက် ယေဘုယျသဘောတင်ပြမှုကိုသာ ပိုလုပ်တယ်လို့မြင်ရတယ်။

ရှေးဟောင်းရောမမြုပ်နှံသင်္ဂြိုဟ်မှုတွေမှာလည်း သေသူနဲ့ဆင်တူအောင် လုပ်ထားတဲ့မျက်နှာဖုံးကို အမြဲတမ်း သူ့မျက်နှာပေါ်မှာ တင်ထားတယ်။ ဒါမှ



www.burmeseclassic.com


www.burmeseclassic.com



ဝက်(စ်)မင်နစ်စတာဘုရားကျောင်းမှ
အင်္ဂလန်က သတ္တမမြောက် ဟင်နရီဘုရင်ရဲ့
အသုဘမျက်နှာဖုံး



၁၇၃၅ ခုနှစ်က ဘာကင်ဟန်မြို့စား
အက်ဒမန်ရှဖီး(လ်)ရဲ့ ဆံပင်အစစ်တွေနဲ့
အသုဘမျက်နှာဖုံး



နပိုလီယန်ရဲ့ အသုဘမျက်နှာဖုံး



နယူးဂီနီမှမျိုးနွယ်စုများရဲ့ ဝဦးခေါ
ဘိုးဘွားမိဘမျက်နှာဖုံး

မဟုတ် သုသာန်ကိုသွားနေတဲ့ အသုဘ ပို့လူတန်းကြီးထဲက အသုဘအတွက် အခကြေးငွေနဲ့ငှားထားတဲ့ သရုပ်ဆောင်က တပ်ဆင်ထားတယ်။ ဂုဏ်မြင့်သူအလွှာက မိသားစုတွေမှာတော့ ဒီမျက်နှာဖုံးမျိုးတွေ ဒါမှမဟုတ် စိတ်ကူးပုံဖော်ထားတဲ့မျက်နှာဖုံးတွေကို ဘိုးဘွားရုပ်ပုံလွှာတွေအဖြစ်ထိန်းသိမ်းထားပြီး မကြာခဏဆိုသလို အခမ်းအနားတွေ ကျင်းပရင်း ပြန်လည်ပြသကြတယ်။ မရဏမျက်နှာဖုံးတွေကို များသောအားဖြင့် သေသူ့မျက်နှာပေါ်မှာ ဖယောင်းနဲ့အုပ်ပြီး ပုံထုတ်ယူကာ ပုံသွန်းထားကြတာပါ။

ဒီလို အသုဘ မရဏမျက်နှာဖုံး လုပ်တဲ့ နည်းပညာဟာ အလယ်ခေတ်နောက်ပိုင်းကနေ ၁၈ ရာစုအတွင်း ဥရောပက ထီးရိုးနန်းဆက်တွေနဲ့ ဂုဏ်သရေရှိ အသိုင်းအဝန်းကြားမှာ ပုံစံတူရုပ်မျက်နှာဖုံး (Effigy mask) ပြုလုပ်ခြင်းအဖြစ် ပြန်လည် ဆန်းသစ်လာပြန်တယ်။ မျက်နှာဖုံးပုံသွင်းပြီးတဲ့အခါ အပေါ်ကနေ ဆေးရောင်တွေသုတ်၊ လူ့ဆံပင်အစစ်တွေတပ်၊ ပြီးတော့ အဝတ်အစားတွေ ဆင်ယင်လိုက်တဲ့အခါမှာ အလွန်တူတဲ့မျက်နှာဖုံးတွေ ဖြစ်လာပါတော့ တယ်။

## အထိမ်းအမှတ်ပွဲသုံးမရဏမျက်နှာဖုံးများ

ဒီမရဏမျက်နှာဖုံးတွေကို မျက်နှာဖုံးရှင် ဂုဏ်သရေရှိပုဂ္ဂိုလ်ရဲ့ အသုံးအဆောင် မင်းမြောက်တန်ဆာ (Regalia) အဆင်အယင်အပြည့်အစုံနဲ့အတူ ဘာသာရေးအခမ်းအနား စီတန်းလှည့်လည်ပွဲတွေ၊ အထိမ်းအမှတ် အမှတ်တရပွဲတွေမှာ ပြသနိုင်တဲ့အထိ အသုံးတည့်သွားကြတယ်။ ၁၇ ရာစုကနေ ၂၀ ရာစုအတွင်းမှာတော့ ထင်ရှားကျော်ကြားသူတွေရဲ့ အသုဘသုံး မရဏမျက်နှာဖုံးတွေအသုံးပြုခြင်းအလေ့ဟာ ဥရောပသားတွေကြားမှာ ပျံ့နှံ့သွားပါတော့တယ်။ ဖယောင်း ဒါမှမဟုတ် ကျောက်ပတ်တီးရည်နဲ့ လူသားမျက်နှာရဲ့ ပြောင်းပြန်ပုံကို ပုံသွန်းယူပြီး အဲဒီကမှတစ်ဖန်ပြန်ပြီး အတည့်ပုံကိုလည်း ကြေးနဲ့ပုံသွန်းပြီး လုပ်ယူနိုင်ကြတယ်။ ၁၉ ရာစုမှာတော့ အဲဒီနည်းအတိုင်းလုပ်ယူတဲ့ သက်ရှိမျက်နှာဖုံး (life mask) တွေလည်း ခေတ်စားလာပြန်တယ်။ ပထမနဲ့ ဒုတိယ စီအီးကာလအတွင်းရောက်တော့ သက်ရှိမျက်နှာဖုံးရဲ့ အခြားပုံစံတစ်မျိုးကို အီဂျစ် (Fayyum) ဒေသမှာ ထုတ်လုပ်ခဲ့ကြတယ်။ ဒါဟာ တကယ့်ပုံတူလိုသူ အသက်ရှင်နေစဉ်ကာလအတွင်း သစ်သားနဲ့လုပ်ယူပြီး ဆေးခြယ်ထားတာပါ။ အဲဒီလူသေသွားတဲ့အချိန်မှာ မံမီရုပ်အလောင်းလုပ်အဝတ်စနဲ့ပတ်ပြီး အဲဒါကို မျက်နှာဧရိယာနေရာမှာ တပ်ဆင်လိုက်ကြတယ်။ သေပြီး ဘဝတစ်ပါးပြောင်းသွားတဲ့အခါ အသုဘအခမ်းအနားတွေလုပ်တော့ နတ်တွေကို လူသားလို့ပဲ သဘောထားတဲ့မျက်နှာဖုံး (anthropomorphic mask) တွေလည်း သုံးတတ်ကြတယ်။

## ဦးခေါင်းခွံမျက်နှာဖုံး

ဦးခေါင်းခွံမျက်နှာဖုံး (The skull mask) ကတော့ အသုဘဓလေ့တွေမှာ တစ်ခါတစ်ရံသုံးတဲ့ အခြားမျက်နှာဖုံးပုံစံတစ်ခုပါ။ အက်(ဇ်)တက် (Aztecs) လူမျိုးတွေရဲ့ ဦးခေါင်းခွံမျက်နှာဖုံးမှာ အခြားသစ်သားမျက်နှာဖုံးတွေလိုပဲ စိမ်းပြာရောင် (Turquoise) ကျောက်တွေ၊ ကျောက်မီးသွေးညို(Lignite)တွေနဲ့ မှန်စီရွှေချသလို အကွက်လေးတွေလုပ်ပြီး ကပ်ကာ အလှဆင်ယင်တယ်။ မျက်လုံးရာအချိုင့်တွေကိုတော့ ဗဟန်းကျောက် (pyrites) နဲ့ဖြည့်တယ်။ နောက်တက်မှာ အပေါက်တွေရအောင် ရိုးရှင်းနည်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ယူကြတယ်။ ဒါကြောင့် မျက်နှာဖုံးကို ချိတ်ဆွဲနိုင်၊ ဝတ်ဆင်နိုင်ဖို့ လွယ်ကူသွားတယ်။ Melanesia မှာတော့ သေသူရဲ့ဦးခေါင်းခွံကို တစ်ခါတစ်ရံမှာ ရွှံ့၊ သစ်စေးနဲ့၊ ဖယောင်းတွေနဲ့ အပေါ်ကနေ ပုံသွင်းယူတယ်။ အဲဒီနောက်မှာ လှပဆန်းပြားတဲ့ ဆေးရောင်စုံနဲ့ ဒီဇိုင်းတွေ ရေးဆွဲတယ်။ အဲဒီမျက်နှာဖုံးတွေနဲ့ သေသူရဲ့ အသက်ရှင်လျက်ရှိနေတုန်းကလိုပဲ အခမ်းအနားတွေပြုလုပ်ကြတယ်။

မရဏမျက်နှာဖုံးတွေကို သင်္ချိုင်းဂူတွေပေါ်မှာလည်း ဒါ သူပိုင်တဲ့ သင်္ချိုင်းဂူအဖြစ် ကိုယ်ပိုင်ပိုင်ဆိုင်မှုအနေနဲ့တင်ပြီး ပြသထားတတ်ကြသေးတယ်။ လယ်ကွင်းတွေထဲမှာ မျက်နှာဖုံးတွေထားတာကတော့ သီးနှံတွေကိုစောင့်ကြည့်ဖို့ပါ။

နောက်ထပ် မရဏမျက်နှာဖုံးတွေ အသုံးများတဲ့ဓလေ့တစ်ခုကတော့ ဘိုးဘွားကန်တော့ပွဲ (Ancestor worship) တွေမှာပါ။ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မိဘဘိုးဘွားသေဆုံးသူတွေရဲ့ မျက်နှာဖုံးတွေကို ဝတ်ဆင်ပြီး သေသူတွေကို လူ့ဘဝထဲ ဂမ္ဘီရနည်းတွေနဲ့ပြန်ခေါ်ရင်း သေခြင်းရဲ့ လျှို့ဝှက်ဆန်းပြားမှုတွေနဲ့ တမလွန်ဘဝအကြောင်းတွေကိုပြန်လည်ဖော်ပြခိုင်းကြတယ်။

**မြေမြှုပ်မရဏမျက်နှာဖုံးများ (Burial Masks) များ**

ရွှေသားနဲ့ လုပ်ထားတဲ့ မရဏမျက်နှာဖုံးတွေဟာ ၂၀၀၀ စုနှစ် ဘီစီလောက်စောစောကတည်းက ဂရိကြိုခေတ်-မိုင်စီနေ့ (Pre-Greek Mycenae) ခေတ်ကတည်းက ထင်ရှားစွာရှိနေပါပြီ။ သေသူရဲ့မျက်နှာပေါ်မှာရွှေပြားခတ်ပြီး ပုံစံယူပြုလုပ်ခြင်းဟာ သေသူရုပ်အလောင်းရဲ့မျက်နှာအသွင်အပြင်ကို ထိန်းသိမ်းထားဖို့ ရည်ရွယ်ချက်အပြင် သေသူကို ဂမ္ဘီရနည်းနဲ့စီစဉ်ဖို့ စောင့်ရှောက်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ အီဂျစ်မှာတော့ သင်္ချိုင်းဂူထဲမှာ ကျောက်သားဦးခေါင်းပုံတွေပါ ထည့်သွင်း မြှုပ်နှံတာကတော့ သေသူဟာ ဆက်လက် တည်မြဲနေစေလိုတဲ့သဘောပါ။

ဒီလိုလည်း တွေးကြမှာပါ။ အချိန်ကာလတွေပြောင်းလဲတဲ့တိုင် ပြောင်းလဲပျက်စီးမသွားနိုင်တဲ့ ဒီလိုမျက်နှာဖုံးတွေ ပြုလုပ်ထားခြင်းဖြင့် သေသူဟာ ရှင်သန်နေဆဲဘဝတွေနဲ့ အဆက်အသွယ်မပျက်စေအောင် ထိန်းထားခြင်းလည်းဖြစ်ရဲ့။

သင်္ချိုင်းမှာ မြှုပ်နှံလိုက်တဲ့ မျက်နှာဖုံးတွေကို ဝိညာဉ်အစောင့်အရှောက်အဖြစ် တွေးဆလိုက်တာလည်း ဖြစ်နိုင်ပြန်ပါတယ်။ ဒီအဓိပ္ပာယ်များရဲ့အောက်မှာတော့ မျက်နှာဖုံးတစ်ခု၊ ဝိညာဉ်များရဲ့ အသက်တွေတည်ရှိရာ ခေါင်းတစ်ခုကို ကိုယ်စားပြုနေရဲ့။

ရောမတွေက သေသေချင်းမှာပဲ အသုဘကိစ္စတွေလုပ်နေကြရင်း မျက်နှာပုံမျက်နှာဖုံးတွေကို ဖယောင်းနဲ့ ပုံစံထုတ်ယူတယ်။ သဘာဝနည်းတွေနဲ့ ဆေးခြယ်တယ်။ အဲဒီမျက်နှာဖုံးတွေကို မိသားစုက အဖိုးတန်ပိုင်ဆိုင်မှုတစ်ခုလို သိမ်းဆည်းသွားကြတယ်။ ရွှေတွေ၊ ငွေတွေကို တူနဲ့ထုပြီး အပြားခတ်ထားတဲ့၊ သစ်ကိုထွင်းထားတဲ့ ဒါမှမဟုတ် အဝတ်ကိုဆေးခြယ်ထားတဲ့ မရဏမျက်နှာဖုံး (Death masks)တွေကို မံမီရုပ်အလောင်းနဲ့အတူ အင်ဒီး(စ်)တောင်ဒေသ (The Andes mountain region) အစိတ်အပိုင်း အတော်များများ ထားရှိတတ်ကြတယ်။ Melanesia မှာတော့ သေသူရဲ့ ဦးခေါင်းခွံတွေကိုပဲ ယဇ်ပူဇော်ပွဲအကတွေမှာ မျက်နှာဖုံးအဖြစ်ပြန်သုံးတယ်။

မိုင်ဆီးနေး (Mycenae)၊ သင်္ချိုင်းစက်ဝန်း (Grave Circle) က သင်္ချိုင်းဂူအမှတ် (၅) မှာတွေ့ရှိခဲ့ရတဲ့ ၁၆ ရာစု၊ မိုင်ဆီးနေးရီယမ်းအုပ်ချုပ်သူတစ်ဦးရဲ့ အသုဘသုံး မရဏရွှေမျက်နှာဖုံးတစ်ခုကလည်း စိတ်ဝင်စားဖွယ်ကောင်းလှရဲ့။ အဲဒီမျက်နှာဖုံးကို ဂျာမန်အနုပညာရှင်နဲ့ ထရွိုင်တူးဖော်ရေးသမား (Heinrich Schliemann) က တူးဖော်တွေ့ရှိခဲ့ပြီး အဂ္ဂါမန်နွန်မျက်နှာဖုံး (The Mk of Agamemnon) လို့အမည်ပေးခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ ထပ်မံစစ်ဆေး တွေ့ရှိခဲ့မှုတွေအရ အဂ္ဂါမန်နွန်သေဆုံးခဲ့တာထက် ပိုစောနေတယ်လို့ သိလာရတယ်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးမှာလည်း လူဦးခေါင်းခွံကို သားရေနဲ့အနားကွပ်ပြီး စိမ်းပြာရောင် (Turquoise) ကျောက်နဲ့ အခြားပစ္စည်းတွေရောပြီး စီခြယ်အလှဆင်ထားတဲ့ အေဒီ ၁၄၀၀ - ၁၅၀၀ ခေတ်က (Tez-catlipoca) မရဏမျက်နှာဖုံးတစ်ခုကို ပြသထားပါတယ်။

လန်ဒန်မြို့က နာမည်ကြီး ဝက်(စ်)မင်နစ်စတာဘုရားကျောင်း (Westminster Abbey) မှာ အင်္ဂလန်နိုင်ငံရဲ့ သတ္တမမြောက် ဟင်နရီဘုရင် (King Henry VII of England)ရဲ့ အသုဘသုံး မရဏမျက်နှာဖုံးရှိနေပါသေးတယ်။

၁၇၃၅ ခုနှစ်က ဘာကင်ဟန်မြို့စား (Duke of Buckingham) အက်ဒမန်ရှဖီး(လ်) (Edmund Sheffield) ရဲ့ ဆေးခြယ်ထားတဲ့ ပုံစံတူအရုပ် အသုဘမျက်နှာဖုံး (Effigy mask) မှာတော့ တပ်ဆင်ထားတဲ့ဆံပင်တွေက လူ့ဆံပင်အစစ်ပါ။

ကမ္ဘာ့သမိုင်းမှာ နာမည်ကျော်ခဲ့တဲ့ ပြင်သစ်ဧကရာဇ် နပိုလီယန်ရဲ့ အသုဘသုံး မရဏမျက်နှာဖုံးကိုလည်း ယနေ့တိုင် မြင်နိုင်ပါသေးတယ်။

ဒီလိုမျိုး မရဏသုံးရွှေမျက်နှာဖုံးတွေကို အနောက်တိုင်းမှာသာမက အာရှတိုက်က ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံက နတ်ရွာစံဘုရင်တွေရဲ့ မျက်နှာတော်တွေပေါ်မှာလည်း ဖုံးအုပ်ထားတတ်ခဲ့တယ်။

ရိုးရာမျက်နှာဖုံးတွေဟာ နတ်တွေ၊ ဘီလူး တစ္ဆေသရဲတွေ၊ သေတဲ့လူရဲ့ ဝိညာဉ်၊ သဘာဝတရားနဲ့ တိရစ္ဆာန်တို့ကို ကိုယ်စားပြုနေပါတယ်။ ဇာတ်ရုံတွေက ဇာတ်ပွဲတွေမှာလည်း မျက်နှာဖုံးတွေဟာ ဇာတ်ကောင်များကို ကိုယ်စားပြု သရုပ်ဆောင်ပေးပါတယ်။ မရှိနိုင်တော့သူတွေရဲ့ အသွင်သဏ္ဌာန်ကို ထိန်းသိမ်းပြသဖို့နေရာမှာ မျက်နှာဖုံးတွေကို ကာလရှည်ကြာစွာ သုံးလာခဲ့ကြတာပါ။ ဘာပဲဖြစ်ဖြစ် မျက်နှာဖုံးတွေရဲ့အဓိပ္ပာယ်ကို သိရှိဖို့ဟာ သူ့ကို ဘယ်လိုသုံးနေလဲဆိုတာပေါ်မှာ မူတည်နေရဲ့။ များသောအားဖြင့် ကြည့်ရှုသူတွေအပေါ်မှာ မျက်နှာဖုံးသုံးခြင်းဟာ ကြီးမားပြင်းထန်တဲ့ စိတ်ခံစားမှုတွေကို ဖြစ်ပေါ်စေပါရဲ့။ ရန်သူတွေကို ကြောက်သွားစေတာမျိုး၊ သီးနှံတွေစိုက်ပျိုးအောင်မြင်တဲ့ ကောင်းသောကိစ္စတွေမှာ နတ်တစ်ပါးလို ယုံကြည်လာတာမျိုး၊ ရောဂါကုသပျောက်ကင်းတာမျိုး၊ လျှို့ဝှက်အဖွဲ့အစည်း ဒါမှမဟုတ် အထူးအဖွဲ့တွေရဲ့အဖွဲ့ဝင်လိုမျိုး၊ ဝေဖန်အကြံပြုတာမျိုးနဲ့ အစွမ်းထက်တဲ့လူ ဒါမှမဟုတ် အုပ်စုတွေလို ပျော်ရွှင်မြူးထူးအောင်လုပ်နိုင်တာမျိုးတွေပေါ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး -**

"mask."
Encyclopædia Britannica.
2012.



www.burmeseclassic.com

www.burmeseclassic.com

# အပူလောင်ဒဏ်ရာ
# အသားတက် အမြန်ပျောက်စေရန်

စိုးမင်း(မြောက်စည်း)

၂၀၁၀ ပြည့်နှစ်၊ ဝါဆိုလတွင် ကိုစိုးသည် သမီးဖြစ်သူ အလယ်တန်းကျောင်းသူ၏ ကျောင်းထွက်လက်မှတ်ယူရန် အညာရွှေဘိုမြို့သို့ကားဖြင့်လိုက်ပါလာခဲ့၍ ရွှေဘိုမှတစ်ဆင့် ကြက်တက်ရွာသို့ ရောက်သောအခါ တစ်ဝမ်းကွဲ ယောက်ဖနှင့် ဇနီးတို့အား အိမ်ပေါက်ဝ အဝင်တွင်တွေ့လိုက်ရ၏။

အိမ်ရှေ့မှ ယောက်ဖနှင့် ဇနီးတို့အား လှမ်း၍နှုတ်ဆက်ရာ ဇနီးဖြစ်သူ မနီမှ ဝမ်းသာစွာဖြင့် အိမ်ထဲဝင်လာရန် ခေါ်၏။ ကိုစိုးသည် အိမ်ထဲသို့ဝင်လာရာ သူတို့လင်မယားသည် အိမ်ရှေ့သရက်ပင်အောက် ယောက်ျားဖြစ်သူသည် အင်္ကျီတုံးလုံးချွတ်၍ထိုင်ခုံဖြင့်ထိုင်နေရာ မိန်းမလုပ်သူမှ သူ့ယောက်ျား၏ နောက်ကျောမှတစ်ခုခုလုပ်ပေး၏။

သူတို့အနီးသို့ ကိုစိုး ရောက်သွား၍ ကြည့်လိုက်သောအခါ အံ့ဩသွား၏။ ကိုစိုးသည် မနီအား အံ့ဩစွာမေးလိုက်၏။

"မနီ၊ နင့်ယောက်ျားကဘာဖြစ်ခဲ့တာတုံး"

"ဘာဖြစ်ရမလဲ အစ်ကိုရယ်၊ အစ်ကို့ညီ မီးလောင်ခံရတာပေါ့။ အစ်ကို့ညီ မီးလောင်တာ အစ်ကိုမသိဘူးလား"

"ဟ-ငါဘယ်သိမလဲဟ၊ နင်တို့က ဖုန်းမှမဆက်တာ။ ကြည့်ပါဦးဟာ မနည်းပါလား။ သနားစရာ ကျွတ်ကျွတ်။ နင့်ယောက်ျားကို ဘာဆေးတွေ လိမ်းပေးလဲ"

"သောက်ဆေးကတော့ အကိုက်အခဲပျောက်ဆေးတိုက်တယ်။ အနာကိုတော့ ဆေးမင်ပြာသုတ်ပေးတယ်။ ဒါပဲ လုပ်ပေးတယ် အစ်ကိုရဲ့"

"ဖြစ်တာဘယ်လောက်ကြာပြီလဲ"

"တစ်လခွဲရှိပြီအစ်ကိုရဲ့"

"နင့်ဟာကလည်းဟာ တစ်လကျော်ဆိုရင် ပျောက်ဖို့သင့်နေပြီဟ"

"ကျွန်မလည်း ဘာမှမလုပ်တတ်တော့ ဒီဆေးပဲလိမ်းပေးနေရတာ အစ်ကိုရဲ့"

"ဒါလောက် ဒဏ်ရာအကြီးကြီး ဘယ်လိုလုပ်ပြီးလောင်တာလဲဟာ"

"ဖြစ်ပုံကဒီလို အစ်ကိုရဲ့"

ဟု ဆိုကာ အစအဆုံး ပြောပြ၏။

လွန်ခဲ့သော (၁) လခွဲက ည (၇) နာရီလောက်တွင် မီးခွက်ရေနံဆီကုန်၍ ရေနံဆီထပ်ထည့်ရာ မီးမငြိမ်းသတ်ဘဲ မီးခွက်ခေါင်းအားဖွင့်၍ ဆီထည့်ရာ မီးခွက်မှောက်၍ မီးစလောင်ရာမှ ရေနံဆီပုလင်းအားကိုင်၍ ဟိုပြေးဒီပြေးလုပ်ရာမှ ကြောက်ကြောက်လန့်လန့်နှင့် အိမ်ရှေ့မြေပြင် လွှင့်ပစ်ရာ ရေနံဆီများ၏ လက်နှင့် အင်္ကျီသို့စို၍ မီးလောင်ခံရခြင်းဖြစ်၏။ နံဘေးမှအိမ်နီးချင်းများ၏ကူညီမှုကြောင့် အသက်ရှင်ရခြင်း ဖြစ်ကြောင်း ပြောပြ၏။

သူ့ခန္ဓာကိုယ်တွင် နောက်ကျောပြင်တစ်ခုလုံး၊ ဘယ်၊ ညာ လက်ဖျံလက်မောင်း (၂) ဖက်၊ ရှေ့လည်ပင်းမှဝမ်းဗိုက်အထိ အပေါ်ယံအရေပြားများမီးလောင်ခံရ၍ အဆီတဝင်းဝင်းနှင့် ပြည်ဖုအကြီး၊ အသေး မရေတွက်နိုင်များပြားလှ၏။

"မနီ၊ နင့်ယောက်ျားရဲ့အနာကို အသားပြန်တက်ပြီး မြန်မြန်ပျောက်တဲ့နည်းရှိတယ်။ အဲဒါနင်လုပ်မလား"

"အစ်ကိုရယ်၊ ကျွန်မက အစ်ကို့ညီရဲ့အနာကို မြန်မြန်ပျောက်ချင်တာပေါ့။ အခုဟာက ကျွန်မဘယ်မှမသွားရဘူး။ သူ့အနားမှာပဲနေပေးနေရတယ်။ အစ်ကို ဆေးနည်းပြောပါ။ ကျွန်မလုပ်ပေးပါ့မယ်"

"အေး- ဒါဆိုရင် သေသေချာချာ နားထောင်။ အခုနင်ကပြည်ဖုတွေကို အပ်နဲ့မီးကင်ပြီးဖောက်တယ်။ ဒါလည်းကောင်းတယ်။ ငါကြိုက်တာကတော့ အဲဒီပြည်ဖုတွေကို ရှောက်ဆူး (ရှောက်ပင်မှဆူး) နဲ့ ဖောက်တာ ပိုကြိုက်တယ်။ ဒါပေမယ့် နင်ကြိုက်တာနဲ့ဖောက်ပါ၊ ငါမတားပါဘူး။ သူ့ကို ထမင်းကျွေးရင် ဘာဟင်းတွေနဲ့ကျွေးလဲ"

"အသားငါး ဘာမှမကျွေးဘူး အစ်ကိုရဲ့။ အနာရင်းတယ်ပြောလို့ အသီးအရွက်ပဲကျွေးတာ။ တစ်ခါတလေ ကြက်ဥပြုတ်ပေးတယ်။ ဒါလောက်ပဲ"

"အေး-ကောင်းတယ်။ အသားငါးမကျွေးနဲ့။အသီးအရွက်များများကျွေး။ စောစောကအတိုင်း အနာပြည်ဖုတွေကို အပ်နဲ့ဖောက်ပြီးရင် ရေနွေးနဲ့ အဖန်ရည်ဆေးလိုက်။ အဖန်ရည်တွေခြောက်သွားအောင် ဂွမ်းစတွေနဲ့ လိုက်သုတ်ပေး။ ခြောက်သွားပြီဆိုလျှင် အခါးပန်းကန်လုံးထဲကို ပျားရည်တစ်ဝက်ထည့်၊ ကြိတ်မှန်ရွက်၊ လက်တစ်ဆုပ်ကို ထုထောင်း၊ အဲဒီပျားရည်ထဲမှာထည့် သမအောင်ခြေ။ ခြေပြီးလို့ ကြိတ်မှန်ရွက်နဲ့ ပျားရည် သမသွားပြီးရင် အနာကိုလိမ်း။ မနက်တစ်ခါ၊ ညနေတစ်ခါ ဒါဆိုရင်ရပြီ။ မှတ်မိတယ်မို့လား"

"ဟုတ်ကဲ့ - မှတ်မိပါတယ်။ ဒါဆိုရင် ဒီနေ့ကစပြီးလုပ်လိုက်မယ်အစ်ကို"

"အေး - ကောင်းတာပေါ့ဟ"

"ကဲ - အစ်ကို၊ အစ်ကို့ညီနဲ့စကားပြောနေခဲ့ဦး။ ရွာထဲက ဒွေးလေးတို့အိမ် ကြိမ်မှန်ရွက်သွားကောက်လိုက်ဦးမယ်"

"အေးအေး"

အိမ်အပြင်ထွက်သွားသော မနီ၏ ကျောပြင်အားကြည့်၍ ပြုံးကာ-

"ဒီကောင်မလေး သူ့ယောက်ျားတော့ ချစ်သေးသားပဲ"

ထိုင်ခုံပေါ်မှ ယင်ကောင်မောင်းနေသော ယောက်ဖသည် ပြုံးစိစိလုပ်နေ၏။ ကိုစိုးသည် (၃) ရက်နေ၍ ရွာသို့ ပြန်လာခဲ့၏။ ရွာရောက်၍ ရက်ပေါင်း (၂၀) ကျော်သောအခါ ကိုစိုးထံသို့ ဖုန်းဝင်လာ၏။ မနီသည် သူ့ယောက်ျား၏ အနာများပျောက်ကင်းသွားကြောင်း အဖြူရောင်အမာရွတ်များပါ မကျန်ကြောင်း ဝမ်းသာစွာပြောပြရာ ကိုစိုးသည် ပီတိဖြစ်လျက်ရှိ၏။

ဤဆေးနည်းလေးသည် လွန်ခဲ့သော နှစ် (၄၀) ခန့် ကိုစိုး (၃) တန်းကျောင်းသားအရွယ်တွင် ထမင်းအိုးငှဲ့ရာ ထမင်းရည်ပူများ ခြေဖမိုးတစ်ခုလုံး အပူလောင်ခံရ၍ ထိုအနာအား မိခင်ဖြစ်သူမှ ပျားရည်စစ်စစ်နှင့် ကြိတ်မှန်ရွက်အား နေ့စဉ်လိမ်းပေးသဖြင့် (၁၀) ရက်ခန့်အကြာတွင် အနာများကျက်၍ အမာရွတ်အကွက်များပင်မကျန် မူလအသားအရေအတိုင်း လက်တွေ့ပျောက်ကင်းခဲ့သည့်ဆေးနည်း ဖြစ်ပါသည်။

စိုးမင်း (မြောက်စည်း)



www.burmeseclassic.com

www.burmeseclassic.com

# မြဒါးယှုထုတ် ဘုရားမဟုတ် ဂမ္ဘီရဆန်သည့် ညာတင်ကုတ်

နိုင်မင်းညို

စာရေးသူ ကျွန်တော့်ထံ လာရောက် လည်ပတ်သော မိတ်ဆွေတစ်ဦး၏ပြောပြချက်အရ ယိုးဒယားမှတစ်ဆင့် ရောက်ရှိလာသော ဂမ္ဘီရဆန်လှသည့် ဘုရားမဟုတ် ညာတင်ကုတ်ရုပ်တု အကြောင်းကို လေ့လာ သိရှိခဲ့ပါသည်။ သတင်းအရ ထိုရုပ်တုကို လက်ဝယ်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သော ရုပ်စောက်မြို့ လွယ်ကိုးကျေးရွာအုပ်စု ကန်ဒလတ်ကျေးရွာ (၄) မိုင်တိုင်အနီး ဆန်စက်ပိုင်ရှင်ဖြစ်သူ ဦးမြအောင်ထံသို့ ကျွန်တော်သွားရောက် မေးမြန်းစုံစမ်းခဲ့ပါသည်။ ထိုမှတစ်ဆင့် မြင်တွေ့သိရှိခဲ့ရသမျှကို သူရဇ္ဇစာဖတ်ပရိသတ်ကြီး ဗဟုသုတတစ်ခုအဖြစ်ရရှိရန်ရည်သန်၍ ပြန်လည်ရေးသား တင်ပြလိုက်ပါသည်။

ဦးမြအောင်ဝါသနာမှာ ထိုကဲ့သို့ ဂမ္ဘီရဆန်သည့် ပစ္စည်းဆန်းများမြောက်များစွာကို လက်ဝယ်ပိုင်ဆိုင်ထားခြင်းကို မြတ်နိုးသူတစ်ဦး ဖြစ်ပါသည်။ ရောင်းဝယ်ဖောက်ကားခြင်း မဟုတ်ပါ။ ဥပမာ လွယ်မောချောင်းအတွင်းမှ ခက်ခက်ခဲခဲရရှိခဲ့သည့် ကျောက်သားမျောက်ရုပ်တု၊ အပြင်ဘက်ရှိ သက်ရှိကျောက်



အရှေ့ဘက်မြင်ညာတင်ကုတ်



ညာဘက်အမြင်




ဘယ်ဘက်အမြင်




www.burmeseclassic.com

www.burmeseclassic.com



ညာတင်ကုတ်ကျောဘက်ခြမ်းမြင်ကွင်း



အပေါ်တည့်တည့်မှ ညာတင်ကုတ်



ညာတင်ကုတ်ပိုင်ရှင် ဦးမြအောင်

ပုစွန်နှင့် တထေရာတည်း တူညီသည့် ကျောက်ပုစွန်ရုပ်တု၊ နွားလဘိုတောင်ဘက်ရှိ သစ်ကွင်းစခန်းမှ ရရှိထားသည့် အသက်ဝင် ကင်းပွန်းသီးဇနီးမောင်နှံစသည့် ထူးခြားဆန်းကြယ်လှသော ပစ္စည်းများကို အမြတ်တနိုး ဝယ်ယူစုဆောင်းလေ့ရှိသူ ဖြစ်ပါသည်။

ယခု သူတို့အခေါ် ဘုရားမဟုတ် ညာတင်ကုတ်ရုပ်တုကိုလည်း ၂၀၁၁ ခုနှစ်တွင် မန္တလေး မြောက်ပြင်မှ ပုဂ္ဂိုလ်တစ်ဦးက လာရောင်းသည်ဟု သတင်းရသဖြင့် ဝါသနာအရ စုဆောင်းနိုင်ရန်အတွက် ညောင်ရွှေအင်းလေးရှိ အင်းတိမ်ရွာ ဘုန်းတော်ကြီးကျောင်းအထိ လိုက်လံ ရှာဖွေ ဝယ်ယူခဲ့သည်ဟု ဆိုပါသည်။

စာရေးသူ သွားရောက် ကြည့်ရှုစဉ် အမြင့် (၂. ၇၅) လက်မ၊ အလေးချိန် (၁၂) ကျပ်သားရှိသည့် ညာတင်ကုတ်ရုပ်တုကို မြင်ခဲ့ရပါသည်။ ညာတင်ကုတ်ဆိုသည်နှင့်အညီ ဝတ်ရုံတော်ကို ညာဘက်ပခုံးတွင် တင်ထားသည်ကို တွေ့ရှိရပါသည်။ ဝတ်ရုံတော်လွတ်နေသည့် ဘယ်ဘက်ရင်ဘတ်ပေါ်တွင် အင်းကွက်(၄)ကွက်ကိုတွေ့ရပြီး အလားတူ နောက်ကျောရှိဝတ်ရုံနှင့်လွတ်နေသည့် ကျောဘက်ချမ်းတွင်လည်း အင်းကွက် (၄) ထွင်းထုထားသည်ကို မြင်တွေ့ပြန်ပါသည်။ ထိုအင်းကွက်(၄)ကွက်များ၏ အဓိပ္ပာယ်ကို မေးမြန်းစုံစမ်းကြည့်ရာ ပိုင်ရှင်ဦးမြအောင်လည်း မသိရှိဟု ဆိုသည်။

ဦးမြအောင်ထံတွင် ညာတင်ကုတ်ရှိသည်ဟု သတင်းကြားသောကြောင့် ၂၀၁၂ ခုနှစ်တွင် စာရေးဆရာနှင့် ဒါရိုက်တာဖြစ်သူ နတ်မျက်စိဆိုသူ လူသားတစ်ဦး ရန်ကုန်မှ လာရောက်၍ ဓာတ်ပုံရိုက်၊ အသံသွင်းယူသွားသည်ဟု ပြောပြပါသည်။ ထို့အပြင် ရန်ကုန်မှပင် ကိုစည်သူဆိုသူလည်း ရောက်ရှိလာပြီး ညာတင်ကုတ်ရုပ်တုကို စိတ်ဝင်တစား လာရောက် ကြည့်ရှုသွားကြောင်းကိုပါ ပြောပြခဲ့ပါသည်။

လူပြောသူပြောများလာသဖြင့် ညာတင်ကုတ်မှ ပြဒါးထုတ်ယူ၍ ရသည်ဟု ကြားသိခဲ့ရသဖြင့် စနစ်မကျသော နည်းစနစ်များဖြင့် ပြဒါးများထုတ်ယူခဲ့ကြောင်းကို ဦးမြအောင် ပြောပြခဲ့ပါသည်။ အလေးချိန် (၁၂) ကျပ်သားရှိ ရုပ်တုကိုအပူပေးလိုက်ပါက အဖြူရောင်ရှိသည့် ပြဒါးများမှာ ရုပ်တု၏ဦးခေါင်း၊ နား၊ မျက်စိ၊ နှာခေါင်းနှင့် တစ်ကိုယ်လုံးမှ တဖွားဖွားနှင့် ပန်းထွက်သည်အထိ ရရှိခဲ့သည်ဟု ဆိုပါသည်။

တစ်ခါထုတ်လျှင် အလေးချိန် (၂) ကျပ်သားကို ပင်နီဆီလင်ပုလင်းငယ်ဖြင့် ခံယူရရှိပြီး ရုပ်တုကို ပြန်ချိန်တွယ်ကြည့်ပါက (၁၂) ကျပ်သားရှိ အလေးချိန်မှ (၁၀) ကျပ်သားအထိ လျော့ကျသွားပါသည်။ ထို့နောက် တစ်ဖန် တဖြည်းဖြည်းနှင့် အချိန် (၃) နာရီကြာလျှင် နဂိုအလေးချိန်အတိုင်း ပြန်ပြည့်မြဲဟု သိရပါသည်။

ရရှိလာသော ပြဒါးရည်များကို အဂ္ဂိရတ်ဖိုထိုးသူများမှ လာရောက်တောင်းခံလေ့ရှိသဖြင့် ဦးမြအောင်မှ မေတ္တာလက်ဆောင်ပေးခဲ့ကြောင်းပြောပြခဲ့ပါသည်။

ညာတင်ကုတ်စစ်၊ မစစ် စမ်းသပ်ရန်မှာ ငှက်ပျောပင်တစ်ပင်အား ဓားထက်ထက်ဖြင့် ထက်ပိုင်းဖြတ်ပြီး အလယ်ရွက်နုထွက်မည့် အူတိုင်ပေါ်တွင် ရုပ်တုကိုတင်ထားလိုက်ပါက ထိုနေရာမှ ရွက်နုမထွက်လာသည့်အပြင် ထိုငှက်ပျောပင်မှာ သေဆုံးခဲ့ရသည်ဟု ထပ်မံ သိရှိရပြန်ပါသည်။

ပိုမို၍ ထူးခြားသည်မှာ ညာတင်ကုတ်ရုပ်တုအတွင်းပိုင်းတွင် ဓာတ်လုံးတစ်လုံးရှိသည်ဟု ဆိုပါသည်။ စာရေးသူ ကိုင်လှုပ်ကြည့်ရာ ဓာတ်လုံးဟု ယူဆရသောအရာမှ 'တထပ်ထပ်' ဖြင့် အသံထွက်ရှိသည်ကို ကြားခဲ့ရပါသည်။

ပိုင်ရှင်ဖြစ်သူ ကိုမြအောင်၏ပြောပြချက်အရ ထိုညာတင်ကုတ်မှ ရရှိလာသောပြဒါးများကို မည်သည့်နေရာတွင် တန်ဖိုးရှိစွာအသုံးပြုရမည်ကို ဂဃနဏ မသိရှိကြောင်း၊ ယခု လေးကျပ်သားခန့် ထွက်ရှိခဲ့ပြီး နည်းစနစ်မှန်စွာဖြင့် မထုတ်ယူခဲ့သောကြောင့် ယခုလို လျင်မြန်စွာ ပြန်လည်ပြည့်လာခြင်းမရှိသည်ကို တွေ့နေရပါသည်။

ထို့ကြောင့် သူ၏နည်းစနစ်မမှန်ကန်သည့် ပြဒါးထုတ်ယူခြင်းကို မှန်ကန်စွာ ထုတ်ယူနည်းရှိပါက တတ်သိနားလည်သည့် ပညာရှင်များမှ နည်းပေးစေလိုကြောင်းကို စာရေးသူမှတစ်ဆင့် အကူအညီတောင်းခံလာသဖြင့် ဂမ္ဘီရနည်းပညာများ ကြွယ်ဝသည့် သုရဇ္ဇမဂ္ဂဇင်း၏ ဆောင်းပါးရှင်များနှင့် စာဖတ်ပရိသတ်ကြီးအား သိ၊ ကြားစေရန် ရေးသား တင်ပြလိုက်ရပါသည်။

နိုင်ခိုင်းညို



www.burmeseclassic.com

www.burmeseclassic.com

(ရွှေပြည်သာ)

# မေတ္တာရှင် ကရုဏာလူမျိုး

သုမေဓာ၏ ဘဝကို ကြည့်လျှင် သုမိတ္တာသည် အလိုအလျောက် ပါဝင်လာသည်ကို တွေ့ရ၏။ ဤသည်မှာလည်း အကြောင်းမဲ့မဟုတ်။ မေတ္တာအရ ပါဝင်လာခြင်း ဖြစ်၏။ မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ ပြုလုပ်သူ၌ ကရုဏာနှင့် ပညာရှိဖို့လို၏။ ဒင်္ဂါးပြား တစ်ပြားတွင် ခေါင်းနှင့် ပန်းပါရှိပါမှ အသုံးပြုရသောဒင်္ဂါး ဖြစ်၏။ ထို့အတူ ပင် လုပ်ငန်းတည်းဟူသော စေတနာ၌လည်း ကရုဏာနှင့် ပညာသည် ခေါင်းနှင့် ပန်းသဖွယ် ပါရှိရ၏။ ထိုသို့ ပါရှိပါမှလည်း လောကအတွက် အသုံးပြုရ သောလုပ်ငန်း ဖြစ်၏။ လောကအတွက်





www.burmeseclassic.com

www.burmeseclassic.com

အသုံးပြု၍ရပါမှလည်း လောက၏ မြတ်နိုးခြင်းကိုခံရမည်ဖြစ်၏။

ပါရမီမြောက်သောလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသမီးသည် ကရုဏာ၏ ပုံဆောင်ဖြစ်၍ အမျိုးသားသည် ပညာ၏ ပုံဆောင် ဖြစ်၏။ ယင်းပုံဆောင်နှစ်မျိုးသည် ခွဲ၍မရဘဲ တစ်သားတည်းလည်းဖြစ်ဖို့လို၏။ ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းကိုခွဲ၍မရသလိုပင် ဖြစ်၏။ ဤမွေတာအရ သုမေဓာရှင်ရသေ့၏ ဗျာဒိတ်ခံပွဲ၌ သုမိတ္တာသည် အလိုအလျောက် ပါဝင်လာခြင်း ဖြစ်၏။ ကရုဏာနှင့် ပညာတို့၏ ပေါင်းဆုံပွဲဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကအတွက် လနှင့် နေတို့၏ ပထမဦးဆုံးထွန်းပပွဲ ဖြစ်၏။ လသည် အမျိုးသမီးဖြစ်လျှင် နေသည် အမျိုးသား ဖြစ်၏။

သုမေဓာရှင်ရသေ့၏ ဘဝသည် ဂေါတမဗုဒ္ဓဝင်၌ အစဆုံးဘဝဖြစ်၏။ အစဆုံးဘဝတွင် နေက္ခမ္မပါရမီ(လောကမှ ထွက်မြောက်ခြင်း) ဖြင့် စ၏။ အနုလောမပဋိစ္စသမုပ္ပါဒ်အရ ဘဝဟူသမျှ တွင်လည်း အဝိနိကန္တိကလောဘဇော အနေဖြင့် တဏှာကစ၏။ ပဋိလောမပဋိစ္စသမုပ္ပါဒ်အရ ဘဝမှလွတ်မြောက်ခြင်းဟူသမျှတွင်လည်း တဏှာကစလျှင် ဘဝမှလွတ်မြောက်ခြင်းသည် နေက္ခမ္မက စရ၏။

(ကိုယ်ကျင့်ဗုဒ္ဓဝင် စ-၁၆၅မှ)

**ပညာကိုပါရမီဖြစ်ရန်တွဲဖို့လိုသောတရား**

ပညာကို ပါရမီတစ်ရပ်အနေဖြင့်ဆိုရလျှင် ပညာကို ကရုဏာဖြင့်တွဲဖို့လို၏။ ကရုဏာမပါသောပညာသည် ပါရမီအဆင့်သို့ရောက်ဖို့ခက်၏။ မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ သိမှုသဘောသည် ပါဝင်၏။ ထိုအသိသည် ပညာဖြစ်ချင်ဖြစ်မည်။ ဒိဋ္ဌိဖြစ်ချင်ဖြစ်မည်။ မောဟဖြစ်ချင်ဖြစ်မည်။ ဉာဏဝိပ္ပယုတ်ဖြစ်ချင်ဖြစ်မည်။ ပညာဖြစ်ရိုးမှန်လျှင် ယင်း၏အောက်၌ သမာဓိရှိရ၏။ တစ်ဖန် ယင်း၏အောက်၌ သီလရှိရ၏။

သီလရှိသည်ဆိုကတည်းက ကရုဏာလည်း အလိုလိုပါပြီးသား ဖြစ်၏။ သို့မှသာ အားပြည့်သောသီလ ဖြစ်၏။ ကရုဏာပါလျှင် မုဒိတာ၊ မေတ္တာ၊ ဥပေက္ခာတို့ပါဖို့ မခက်ခဲ။ ထို့ကြောင့် ပါရမီမြောက်သောပညာဖြစ်လာနိုင်စေရန် အင်အားပြည့်သောသီလနှင့်သမာဓိသာအင်အားပြည့်ပါက လောကအပေါ် ချစ်ဖို့၊ ကြင်နာဖို့၊ ဝမ်းသာဖို့၊ ခွင့်လွှတ်ဖို့ ဘာမှခက်သည်မဟုတ်။

ဤကဲ့သို့သော မိမိတို့၏သန္တာန်၌ ဖြုဟ္မစိုရ်ကိုအခြေခံသောသီလရှိမည်ဆိုလျှင်၊ ထို့နောက် သမာဓိလည်းရှိမည်ဆိုလျှင် ပညာပေါ်လာမည် ဖြစ်၏။ ပေါ်လာသောပညာသည် ပါရမီမြောက်သည်မည်၏။ ထို့ကြောင့် ပညာပါရမီအတွက် အရေးကြီးလှသောအနေဖြင့် ဖြုဟ္မစိုရ်ကို အခြေခံသော၊ ကိုယ်ကျင့်သိက္ခာကို ခိုင်မာအောင် တည်ဆောက်အပ်၏။ ပညာသမာ အာဘာနတ္ထိအရ ပညာသည် နေမင်းနှင့် တူသည်ဆိုလျှင် ကရုဏာသည် အရုဏ်နှင့် တူပါ၏။ အရုဏ်မရှိဘဲ နေထွက်ရိုးမရှိသကဲ့သို့ ကရုဏာမပါသော ပညာသည်လည်း ပါရမီဖြစ်ရိုးမရှိချေ။

(ကိုယ်ကျင့်ဗုဒ္ဓဝင် - ၁၆၈ မှ)

ဆရာကြီး ဦးရွှေအောင်၏ ဤဖွင့်ဆိုချက်ကိုကြည့်၍ ကရုဏာရသပါသော ဆောင်းပါးတစ်ပုဒ် လက်တွေ့ရေးပြပါမည်။

ဆောင်းပါးအမည်က -

**ကရုဏာလူမျိုး**

ပညာသည် သနားတတ်သော ကရုဏာနှင့် ယှဉ်ခွင့်မရလျှင် ရက်စက်သော၊ အတ္တဆန်သော၊ ကိုယ်ကျိုးရှာသောအဖြစ်သို့ရောက်သွားတတ်သည်။ ဗုဒ္ဓလက်ထက်က အရှင်ဒေဝဒတ်သည် အဋ္ဌာရသ (၁၈) ရပ် ပညာများကိုသာမက လောကီအဘိညာဉ်ပါရသောကြောင့် ပညာအရာတွင် ထိပ်သီးပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်သည်။ သို့သော် ထိုပညာသည် ကရုဏာနှင့် ယှဉ်ခွင့်မရလေသောအခါ အရှင်ဒေဝဒတ်ကို သမိုင်းဝင် အယုတ်မာဆုံး လူဆိုးကြီးဘဝသို့ ပို့ဆောင်ပေးခဲ့သည်။

အရှင်ဒေဝဒတ်သည် သူတတ်ထားသောပညာများကို ဝိသမလောဘနှင့် ပေါင်းစပ်ပေးလိုက်သောအခါ ဘုရားရှင်ကို သုံးကြိမ်တိုင်အောင်လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့သည်။ အဇာတသတ်ကိုလည်း အဘိညာဉ်ပညာဖြင့် ဆွဲဆောင်ပြီး ဖခင်ကိုသတ်ခိုင်းခဲ့သည်။ ပညာကိုကရုဏာဖြင့်မတွဲမိသောကြောင့် ယခုအခါ အဝီစိငရဲသို့ရောက်နေရပေပြီ။ ပညာကို ကရုဏာနှင့်ယှဉ်နိုင်သူများသည် ပညာရှိသူတော်ကောင်းများဖြစ်လာကြပြီး ပညာကို လောဘ၊ ဒေါသနှင့် ယှဉ်စေသူများကား ပညာတတ်လူမိုက်များ ဖြစ်လာကြသည်။

အင်္ဂလိမာလမထေရ်၏လူနာမည်မှာ အဟိံသက။ မသတ်ဖြတ်မညှဉ်းဆဲတတ်သူဟူ၍ဖြစ်သည်။ ဒိသာပါမောက္ခဆရာကြီးသည် တပည့်အချို့ ကုန်းချောစကားကိုယုံပြီး တပည့်ဖြစ်သူ အဟိံသကကို အမှည့်ခြွေခြွေခဲ့သည်။ မဟုတ်မမှန်ဘဲ သူ့ဇနီးနှင့် ဖောက်ပြန်နေသည်ဟု ကုန်းချောကြခြင်းဖြစ်သည်။

ဤနေရာ၌ လူကြီးဖြစ်သူများကို သတိပေးလိုသည်မှာ အတိုင်အတောထူသူကို သတိထားဖို့ပင်ဖြစ်၏။ အတိုင်အတောထူသူအများစုသည် သူတစ်ပါးဒုက္ခရောက်တာကို မြိန်ရေရှက်ရေကြည့်ချင်သော လူယုတ်မာများ ဖြစ်နေတတ်သည်။ သူတစ်ပါးအပြစ်ကို ဆိုလိုအပေါက်ရှာပြီးမြင်တတ်သူသည် သူတော်ကောင်းမဟုတ်၊ သူယုတ်မာသာ ဖြစ်သည်။

* မသူတော်သည် မိမိ၏ မြင်းမိုရ်တောင်လောက်ရှိသော အပြစ်ကို မမြင်တတ်ဘဲ သူတစ်ပါး၏ ဆီးစေ့လောက်ရှိသောအပြစ်ကိုကား မြင်တတ်သည်။

* သူတော်ကောင်းသည် သူတစ်ပါး၏ မြင်းမိုရ်တောင်လောက်ရှိသော အပြစ်ကို မမြင်တတ်ဘဲ မိမိ၏ ဆီးစေ့လောက်ရှိသောအပြစ်ကိုသာ မြင်ပြီး ပြုပြင်တတ်သည်။

ဤဒဿနကိုကြည့်ပြီး သူတော်ကောင်း၊ သူယုတ်မာကို ခွဲခြားနိုင်၏။ တချို့က စောဒကတက်ကြ၏။ ကောင်းစေလိုလို့ တိုင်တာဆိုရင်ကော ဟူ၏။ ကောင်းစေလိုသောစိတ်တကယ်ရှိရိုးမှန်လျှင် ထိုအပြစ်ကျူးလွန်သူကို မေတ္တာအပြည့်ဖြင့် ကိုယ်တိုင် သွားရောက်ပြုပြင်ပါ။ မည်သို့မျှပြောမရသောအခါမှသာ သက်ဆိုင်ရာလူကြီးကို တင်ပြသင့်ပေသည်။ အင်္ဂုတ္တိုရ်ပါဠိတော်တွင် သူယုတ်မာလက္ခဏာနှင့် သူတော်ကောင်းလက္ခဏာများကို ယခုလို ဟောကြားထားသည်။

**သူယုတ်မာလက္ခဏာ**

၁။ သူတစ်ပါးမကောင်းကြောင်း မမေးဘဲလိုက်ပြောသည်။
၂။ မေးလျှင်ချဲ့ကား၍ပြောသည်။
၃။ သူတစ်ပါး၏ကောင်းကြောင်းကို မမေးလျှင်မပြော။
၄။ မေးလျှင် လျှော့ပေါ့၍ပြောသည်။

**သူတော်ကောင်းလက္ခဏာ**

၁။ သူတစ်ပါးမကောင်းကြောင်း မေး



www.burmeseclassic.com

www.burmeseclassic.com

လျှင်မပြော။

၂။ မေးလျှင် လျှော့ပေါ့သာပြောသည်။

၃။ သူတစ်ပါးကောင်းကြောင်း မမေးလည်းပြောသည်။

၄။ မေးလျှင် ပြည့်ပြည့်စုံစုံ ပြောပြတတ်သည်။

ဤအချက်များနှင့်တိုက်ကြည့်လျှင် လူကြီးထံလာတိုင်တတ်သူအများစုသည် သူယုတ်မာများသာ ဖြစ်တတ်သည်ကို လူကြီးတိုင်း သတိထားသင့်သည်။ ထိုသို့ သတိမထားသောကြောင့် အဟိသကတို့၏ဆရာသည် ပညာတတ်လူယုတ်မာဘဝသို့ရောက်ခဲ့ရသည်။ သူသည် အဟိံသကက ပညာတတ်သည်ကို မနာလိုသော တပည့်များ၏ တိုင်ကြားချက်ကို ယုံကာ ပညာဆုံးခန်းတိုင်သောအခါ အဟိံသကအား ဆရာကို ပညာသင်ခ ပူဇော်လိုလျှင် လူ၏ လက်ညှိုးပေါင်း တစ်ထောင်ဖြတ်ပေးပါဟု ခိုင်းလေတော့သည်။

လက်ညှိုးကိုဖြတ်ဖို့ဆိုလျှင် လူသတ်ရမည်။ လူသတ်ရလျှင် အသတ်ခံရသူများ၏ အမျိုးများက အဟိံသကတို့ပြန်သတ်ကြမည်။ ထိုအခါ ဆရာကြီးကိုယ်တိုင်သတ်စရာမလိုဘဲ အဟိံသကသေရမည်။ ဤကား ဒိသာပါမောက္ခဆရာကြီး၏ အစီအစဉ်တည်း။ ထို့ကြောင့် ပညာမဲ့လူမိုက်ထက် ပညာတတ်လူယုတ်မာက ပိုကြောက်စရာကောင်းသည်ဟုဆိုကြခြင်း ဖြစ်သည်။

အဘယ်ကြောင့်နည်း။ ပညာမဲ့လူမိုက်က သိသာသဖြင့် ရှောင်ဖို့လွယ်သော်လည်း ပညာတတ်လူမိုက်ကား မသိသာသဖြင့် ရှောင်ဖို့ရာခက်သောကြောင့်ပင်တည်း။

ဟစ်တလာသည် ခေါင်းဆောင်မှုအတတ်ပညာရှိ၏။ သို့သော် သနားတတ်သော ကရုဏာမရှိ ။ ထို့ကြောင့်လည်း အပြစ်မဲ့ ဂျူးလူမျိုး (၆) သန်းကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။

ပိုပေါ့တ်ခေါင်း ခေါင်းဆောင်သောလူစုသည် ခမာနီ ဟူသော အမည်ဖြင့် ကမ္ဘောဒီးယားကို ၁၉၇၅ မှ ၁၉၇၉ ထိ အုပ်ချုပ်ခဲ့ဖူးသည်။ ခေါင်းဆောင်နေရာရအောင်ယူတတ်သောပညာရှိသူများပင် ဖြစ်၏။ သို့သော် သနားခြင်း ကရုဏာနှင့် မယှဉ်သောအခါ ဝါဒမတူရန်သူဟုသတ်မှတ်ပြီး ကွန်မြူနစ်မကြိုက်သော ကမ္ဘောဒီးယားလူမျိုး (၁. ၇) သန်းကို သတ်ဖြတ်ခဲ့သည်။

ထိုစဉ်က ထောင်မှူးချုပ် ဒွိုက်ခေါ် ကိုင်ရွက်အက်သည် တူးစလန်လျှို့ဝှက်ထိန်းသိမ်းရေးစခန်းကို အုပ်ချုပ်ခဲ့စဉ် ကလေး၊ လူကြီး ကျား၊ မ (၁၆၀၀၀) ကိုသတ်ခဲ့မိကြောင်း သူကိုယ်တိုင်ဝန်ခံခဲ့သည်။ အင်ဒိုနီးရှားသမ္မတဟောင်း ဆူဟာတိုသည် အင်ဒိုနီးရှားနိုင်ငံကို ၁၉၆၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်ထိ နှစ်ပေါင်း သုံးဆယ်အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်မှုပညာတွင် ထိပ်တန်းအဆင့်ရှိသူဟု ဆိုနိုင်သည်။

သို့သော် ထိုအုပ်ချုပ်မှုပညာကို ကရုဏာနှင့်မယှဉ်ဘဲ ဝိသမလောဘနှင့် ယှဉ်လိုက်သောအခါ အရှေ့တီမောကျွန်းနိုင်ငံလေးကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ သူ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အရှေ့တီမောပြည်သူ နှစ်သိန်းတို့သည် အငတ်ဘေး၊ ရောဂါဘေး၊ သေဘေးတို့နှင့် ကြုံခဲ့ကြရသည်။ ၁၉၈၆ ခုနှစ်က အမေရိကန်သို့ထွက်ပြေးသော ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်နှင့် သူ့ဇနီး အီမယလ်ဒါမားကို့စ်တို့သည်လည်း အုပ်ချုပ်မှုပညာကို ကရုဏာနှင့် မယှဉ်ခဲ့သူများပင် ဖြစ်၏။

သမ္မတကတော်၏လေဒီရှူးပေါင်း (၂၇၀၀)ရှိမှုကြောင့် ပြည်သူကို အသနားကင်းသူများအဖြစ် ကမ္ဘာကျော်ခဲ့သည်။ သူ၏ လက်ဝတ်ရတနာများကို တန်ဖိုးတွက်လိုက်လျှင် ဒေါ်လာ(၃၃၆)သန်းဖိုး ရှိသည်ဟု ဆိုသည်။ ရှုမေနီးယားနိုင်ငံမှ အာဏာရှင်သမ္မတနီကိုလေချောင်ဆက်စကူးသည် ရှပ်အင်္ကျီတစ်ထည်ကို တစ်ကြိမ်သာဝတ်ပြီး စွန့်ပစ်သည်ဟု သိရသည်။

ထို့ကြောင့် ပြည်သူများက တော်လှန်ရေးလုပ်ပြီး ခေါင်းဖြတ်သတ်ရခြင်း ဖြစ်ပေလိမ့်မည်။ အိန္ဒိယပြည် နိုင်ဖမ်စော်ဘွားမှာ ဝယ်ထားသောကားများ အနက် အခုချိန်အထိ စီးဖို့အလှည့်မကျသေးသော နောက်ဆုံးပေါ်ကားအစီးပေါင်းတစ်ရာကျော်ရှိသည်ဟု ဆိုသည်။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ ဂယာဒေသထဲ၌ တစ်နေ့ ထမင်းတစ်နပ်ပင် မစားနိုင်ကြသော ဆင်းရဲသားအခြေအနေမဲ့များသည် သိန်းပေါင်းများစွာရှိသည်။

ဗုဒ္ဓဂယာသို့ဘုရားဖူးသွားသူများ ဒုက္ကရစရိယာတောင်သို့သွားသောလမ်း တစ်လျှောက်တွင် စီတန်းတောင်းနေကြသော လူဆင်းရဲတန်းကြီးကို သတိထားကြည့်လျှင် တွေ့နိုင်ပါသည်။ စုတ်ပြတ်ပေရေနေသဖြင့် လူအဆင့်ပင်မဝင်နိုင်ရှာကြပါ။ ကျွန်ုပ်က ပါလာသမျှ ရှပီးများကို ထုတ်တော့သည်။ ဒုက္ကရစရိယာတောင်ပေါ် မတတ်ရလျှင်နေပစေ။ ဤဒုက္ခသည်များကို ရှိသမျှဒါနပြုတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအခါ လိုက်ပို့သူတာဝန်ခံက ယခုလို ရှင်းပြသည်။

"မပေးပါနဲ့ဘုရား။ ဆရာတော်ရဲ့ အလှူကိုပိတ်ချင်လို့မဟုတ်ပါဘူးဘုရား။ ဒီလိုဒုက္ခသည်တွေက အများကြီးဘုရား။ တစ်ယောက်ကိုပေးလိုက်ပြီဆိုရင် ရှိသမျှအကုန်ပြုံပြီးရောက်လာကြတော့တာ။ ပထမဆုံးခံလိုက်ရတာက တန့်ကြည်တောင် ဆရာတော်ကြီးမဲဘုရား။ ဆရာတော်ကြီးက သနားတော့ ပါလာတဲ့ရှပီးလေးဝေပေးတာပေါ့ ဘုရား။

"နောက်ဆုံးဘယ်ကဘယ်လိုကြားတယ်မသိဘူး၊ လူအုပ်ကြီးက တအားများလာတယ်။ ဆရာတော်လည်း သူရှိတာ အကုန်မျှပြီးစွန့်ရှာတာပဲ။ နောက်ဆုံး ဘယ်လိုမှထိန်းမရတော့ဘဲ ဆရာတော်ပေးတာကို မစောင့်ကြတော့ဘဲ ဆရာတော်ကြီးဆီက ရှပီးတွေကိုဝိုင်းလုကြတာ ဘယ်လိုမှကိုတားလို့မရတော့ဘူး။ နောက်ဆုံး ဆရာတော်ကြီးဝတ်ထားတဲ့ သင်္ကန်းတွေပါ အကုန်ဆွဲလုသွားကြတယ် ဘုရား။

တစ်ခါကလည်း အဲသလိုပဲ ဘုရားဖူးတစ်ယောက်က ပိုက်ဆံပေးလိုက်တာ အခြေအနေမဲ့တွေဝိုင်းလာလိုက်ကြတာ ကားတောင် ပြန်ထွက်လို့မရတော့ဘူးဘုရား့။ မိုးချုပ်လာတာနဲ့ တောင်းပန်ပြီး တဖြည်းဖြည်းလိမ့်ထွက်တာတောင် သူတို့ထဲက လူတစ်ယောက်ကို နည်းနည်းပွတ်မိသွားတယ်ဘုရား့။

အဲသလိုလည်းဖြစ်လိုက်ရော သူတို့ဟာ တွေ့ရာခဲတွေနဲ့ ကားကို ဝိုင်းပေါက်ကြပြီး မီးတင်ရှို့တယ်ဘုရား။ ဘုရားဖူးတွေကတော့ ထွက်ပြေးလို့လွတ်ပါတယ်။ ကားကြီးကတော့ မီးလောင်သွားတယ်ဘုရား။ ဒီလိုဖြစ်ပြီးတဲ့အချိန်ကစပြီး သူတို့ကို ပိုက်ဆံမပေးရဲကြတော့တာပါ ဘုရား"

ကျွန်ုပ်လည်း ပေးချင်ပါလျက်မပေးရဲဘဲပြန်ခဲ့ရသဖြင့် အလွန်စိတ်မကောင်းဖြစ်မိသည်။ ထောင်ထောင်မောင်းမောင်းဆရာတော်ကြီးတစ်ပါးတောင် အပေါ်ဧကသီသင်္ကန်းပါသွားသေးလျှင် ခွေးပစ်သည့်တုတ်လောက်သာရှိသော ကျွန်ုပ်ဆိုလျှင် အပေါ်ရုံသင်္ကန်းသာမက အောက်ကသင်းပိုင်ပါပါသွားနိုင်သည်။ ထိုအိန္ဒိယနိုင်ငံတွင်



www.burmeseclassic.com

www.burmeseclassic.com

ဂျိန်းဂိုဏ်းဟူ၍ ဂိုဏ်းတစ်ဂိုဏ်းရှိသည်။ ထိုဂိုဏ်းမှ ရဟန်းများသည် ကိုယ်လုံးတီး နေကြရသည်။ ကျွန်ုပ်တွင် သက်န်းနှစ်ထည်စလုံး မရှိသောအချိန်တွင် တွေ့သွားပါက သူတို့ ဂျိန်းဂိုဏ်းကရဟန်း ထင်ပြီး ဆွဲခေါ်သွားလျှင် ဒုက္ခရောက်နိုင်သည်။ ကျွန်ုပ်ကား ဦးဖိုးကျော်၏ ဘုရားဖူးသွားခြင်းဆောင်းပါးကိုဖတ်ထားသော ကြောင့် တည်းမှ အောင်သို့ ရောက်သည်နှင့် ဆုံးဖြတ်ချက်ချလိုက်သည်။ ငါသည် မြတ်စွာဘုရားကို ပစ္စည်း သို့မဟုတ် လက်အုပ်ဖြင့် ရှိခိုးပူဇော်မည့်အစား အနစ်နာခံသောအကျင့်ဖြင့် ပူဇော်တော့မည်၊

နောက်ထပ် မြတ်စွာဘုရား မွေးဖွားသည့်နေရာ၊ တရားဦးဟောသော နေရာ၊ ပရိနိဗ္ဗာန်စံသည့်နေရာများသို့ မသွားရလျှင်လည်းနေတော့။ ထိုနေရာများသို့သွားသည့်အတွက် ကုန်ကျမည့် ငွေများကို အညတရများအား လှူဒါန်းတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို ၂၀၀၅ခုနှစ်အချိန်က ကျွန်ုပ်သည် ယခုလို မထင်ရှားသေး။ ဘုန်းလည်းမကြီးသေး။ ကျွန်ုပ်၏ ဝိပဿနာတရားခွေများကို နားကြားရပြီး ကြည်ညိုသွားကြသော ရန်ကုန်ဘုရားဖူးအဖွဲ့မှ ဦးထိန်လင်း၊ ဒေါ်ပို့စီတို့က ဒကာခံသောကြောင့် ဗုဒ္ဓဂယာသို့ရောက်ရခြင်း ဖြစ်သည်။

ထိုစဉ်က ဝန်ဆောင်စရိတ်အပြီး အစီးမှာ(၇) သိန်းကျပ် ဖြစ်ကြောင်း သိရသည်။ (၁၅) ရက် ကြာသည်။ ဘုရားဖူးခရီးတွင်သုံးချင်ရာသုံးရအောင် ဦးထိန်လင်းတို့က ဒေါ်လာတစ်ရာ လှူလိုက်သေးသည်။ ကျွန်ုပ်မှာ ပါလာသော ဒေါ်လာသုံးရာ စုစုပေါင်း ဒေါ်လာလေးရာကို အညတရတို့အား ထောက်ပံ့ရန် ဆုံးဖြတ်လိုက်သည်။ တခြားဘုရားဖူးများကိုလည်း ပြောပြရာ ဝိုင်းထည့်ကြမည်ဟု ကတိပေးကြသည်။

စုစုပေါင်းစာရင်းအရ ဒေါ်လာငါးထောင်ကျော်ခန့် ရမည်ထင်သည်။ ထိုအချိန်က ဒေါ်လာတစ်ရာကို အိန္ဒိယရူပီးငွေ ခြောက်ထောင်ကျပ် ရသည်။ ကျွန်ုပ်သည် စာရင်းအတိအကျရသည်နှင့် တစ်နေ့က မလှူဖို့တားမြစ်သော တာဝန်ခံထံသို့သွားကာ ကျွန်ုပ်၏ အစီအစဉ်ကို ပြောပြသည်။

"ဒကာကြီး၊ မနေ့က ဒုက္ခသည်တွေကို ဆရာတော်သွားလှူချင်တယ်၊ သီးသန့်ကားသေးသေးနဲ့သွားမယ်။ သန်သန်မြန်မြန် အမျိုးသားငါးယောက်လောက်ပဲပါမယ်၊ သူတို့နေတဲ့ရွာအထိ သွားမယ်"

"ဆရာတော် သူတို့အတွက် လောက်အောင် ဘယ်လှူနိုင်မှာတုံး ဘုရား"

"လှူနိုင်လောက်ပါတယ်။ အခု စုလိုက်တာ ရူပီးငွေသုံးသိန်းခွဲကျော်တယ်။ တစ်အိမ်ကို ရူပီးတစ်ရာလှူဦး၊ ဆယ်အိမ်ဆို ရူပီးတစ်ထောင်၊ အိမ်တစ်ရာဆို ရူပီးတစ်သောင်း၊ အိမ်တစ်ထောင်ဆို ရူပီးတစ်သိန်းပဲကုန်မယ်။ အခု ရူပီးသုံးသိန်းခွဲကျော်ဆိုတော့ အိမ်ခြေသုံးထောင့်ငါးရာကျော် ထောက်ပံ့လို့ရတာပေါ့"

"အမလေး-သွားမလုပ်ပါနဲ့ ဆရာတော်။ အဲဒီတစ်ဝိုက်မှာ ဒုက္ခသည်အိမ်စုဘ်လေးတွေက သောင်းနဲ့ချီပြီးတော့ ရှိတာဘုရား။ ဆရာတော့်ငွေက ဆင့်ပါးစပ်နှမ်းပက်သလောက်ပဲရှိတာ။ ဒီလူတွေကို တပည့်တော်က ကြောက်တယ်ဘုရား။ ရတဲ့လူက ဘာမှမလုပ်ပေမယ့် မရတဲ့လူက အန္တရာယ်ပြုချင်ပြုနေမှာ ဘုရား တပည့်တော်လိုက်မပို့ပါရစေနဲ့"

ထိုတာဝန်ခံသည် ပရဟိတအလုပ်ကို သိပ်စိတ်ဝင်စားဟန်မတူပါ။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်ဆရာဝန်ကြီး အဲလဘတ်ရှိက်ဇာ အာဖရိကတောတွင်းသားတွေကို သွားရောက်ကူညီခြင်းလောက်တော့ မဆိုးနိုင်ဟု တွေးပြီး ကျွန်ုပ်ကိုယ်ပိုင်အစီအစဉ်ဖြင့် သွားလှူဖို့ ကြိုးစားကြည့်သေးသော်လည်း မအောင်မြင်ခဲ့ပါ။

အိဂျစ်ပြည် ဖာရောက်ဘုရင်ကြီး၏ အဘိုး အီထမန်ဘုရင်ကြီးသည် မောင်းမကိုယ်လုပ်တော်မိဖုရားပေါင်းသုံးထောင်ရှိသည်ဟု ဆိုသည်။ မြန်မာပြည်မှ ပုဂံပြည်ရှင် နရသီဟပတေ့မင်းသည်လည်း ထမင်းတစ်ခါစားလျှင် ဟင်းခွက်သုံးရာပြည့်မှစားသည် မဟုတ်ပါလော။ ဘုရင်နေရာကို အစားကောင်းစားဖို့တစ်ခုသာအသုံးချခဲ့သော ထိုမင်းသည် နောက်ဆုံးအချိန်တွင် အဆိပ်ခတ်ထားသော ထမင်းပွဲကို သိလျက်နှင့်စားပြီး သေခဲ့ရသည်။ ထိုအချိန်က တရုတ်စစ်တပ်ကြီး ပုဂံကို လာသိမ်းသဖြင့် စားဖို့လောဘရှိသလောက် နိုင်ငံကာကွယ်ဖို့ သတ္တိမရှိသော နရသီဟပတေ့သည် ပြည်ဘက်သို့ ရေလမ်းမှထွက်ပြေးသည်။ ပြည်သူကို ပစ်ထားပြီး ထွက်ပြေးသောကြောင့် သူ့သမိုင်းကြောင်းတွင် တရုတ်ပြေးမင်းဟု အမည်တွင်ခဲ့သည်။ ပြည်ရောက်သောအခါ ပြည်မြို့ကို စားရသော သူ့သားက အဆိပ်ခတ်ထားသော ထမင်းပွဲကြီးဖြင့်ကြိုဆိုနေသည်။ အဆိပ်နှင့် သေမလား၊ ဓားနှင့် သေမလားဟု ရွေးခိုင်းသောအခါ အစားမက်သော နရသီဟပတေ့သည် အဆိပ်နှင့်သေလေသည်။

အဟိသကကို လူသတ်သမားဘဝ ရောက်အောင်ပို့ပေးခဲ့သော ဗုဒ္ဓလက်ထက်က ဆရာမျိုးသည် ယခုခေတ်တွင်လည်းရှိသေးသည်။

တရုတ်ပြည်မြောက်ပိုင်း ရှန်ဒေါင်းပြည်နယ် ကျင်ဒေါင်းမြို့ လူသတ်မှုသတင်းပင် ဖြစ်သည်။ ရိုးရိုးလူသတ်မှုမဟုတ်။ ကျောင်းဆရာမက သူ့တပည့်များကို လူသတ်မှုကျူးလွန်ခိုင်းခြင်း ဖြစ်သည်။ ထိုဆရာမနာမည်ကို ဇောင်းကျူးကျင်းဟု ခေါ်သည်။ ထိုဆရာမသည် သူချစ်သူကို အင်မတန်အားထားသည်။ ယုံကြည်သည် ။ အသက်နှင့်ထပ်တူချစ်သည်။ ထို့ကြောင့်လည်း ယုံမှတ်၍ ပုံအပ်ခဲ့ရာ ကိုယ်ဝန်ရှိလာသည်။ ဤသည်ကလည်း ပြဿနာမဟုတ်၊ လက်ထပ်လိုက်လျှင်အေးဆေးသာ။

သို့သော် ဝင်လာသည့်ပြဿနာက သူ့ချစ်သူသည် 'မ'ဆိုလျှင် ခြေမ၊ လက်မ၊ မမ (မြန်မာ့မီးရထား) တို့ကိုပါ ချမ်းသာမပေးသော မီးခြစ်မလိုသည့် နှာခေါင်းပိုင်ရှင်အမျိုးအစား ဖြစ်နေ၏။ ဆရာမနှင့်တစ်ပြိုင်တည်း တခြားမိန်းကလေးတစ်ယောက်နှင့်ဖြစ်နေရာ ထိုမိန်းကလေးတွင်လည်း ကိုယ်ဝန်ရှိနေပြီဟု သိရသည်။ ဆရာမ မည်သို့ပြုလုပ်မည်နည်း။သူမတတ်မြောက်ထားသောပညာတွင် ကရုဏာမယှဉ်တော့ဘဲ ဒေါသယှဉ်သွား၏။

သူ့ထံတွင်စာသင်နေသော တပည့်ငါးဦးကို ထိုမိန်းကလေးကိုသတ်ပေးရန် တာဝန်ပေးလိုက်သည်။ လူသတ်မှုအတွက် အသုံးစရိတ် ယွမ်ငွေသုံးသိန်း၊ တစ်ဦးစီအတွက် ဆုကြေးငါးသောင်းစီ ထုတ်ပေးလိုက်သည်။ သို့သော် လုပ်ငန်းမကျွမ်းကျင်မှုကြောင့် အခြားအမျိုးသမီးတစ်ဦးကို မှားယွင်းသတ်မိသွားကြသည်။ ယခုတော့ ဆရာမအပါအဝင် တစ်ဖွဲ့လုံး ထောင်ဒဏ် အနှစ်နှစ်ဆယ်နီးပါး ကျသွားကြလေပြီ။

(ဆက်ရန်)

မေတ္တာရှင် (ရွှေညီသာ)




www.burmeseclassic.com

www.burmeseclassic.com

နိုင်ခင်မောင်လေး

# ဗညားဦး၏ဟံသာဝတီ

ဗညားဦး၏
ဟံသာဝတီမြို့ရိုးနန်းပန္နက်




ဗညားဦးသည် ဝါရီရှမင်းဆက်မှ မင်းတစ်ပါး ဖြစ်၏။ ဝါရီရှမင်းဆက်တို့၏ နန်းစိုက်ရာမြို့မှာ မုတ္တမဖြစ်၏။ ဗညားဦး လက်ထက် ဟံသာဝတီကို တည်ထောင်ပြီး မုတ္တမမှ ဟံသာဝတီသို့ ပြောင်းရွှေ့စိုးစံ၏။

**ဗညားဦးမြို့တည်ကျောက်စာ**

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုသည့်ကာလမှ ၁၁၀၃ နှစ်တို့ လွန်လတ်သော် ဆင်ဖြူရှင် ဗညားဦး မုတ္တမမြို့၌ မင်းပြုတော်မူသည်။ မင်းပြုသည့်နှစ် သုံးနှစ်ရှိသော် တတိယပရိစ္ဆေဒနှစ် သက္ကရာဇ် ၇၀၄ ခု၌ ဇင်းမယ်စစ်ကို နိုင်တော်မူလေသည်။

ပဲခူးတီသမင်းငယ်ကိုလည်း ထိုနှစ်တွင် ကွပ်တော်မူ၍ ထိုမင်း၏ မယား သုဘဒ္ဒဒေဝီကို သူရှင်သိမ်းပိုက်တော်မူသည်။

တတိယပရိစ္ဆေဒနှစ် သက္ကရာဇ် ၇၀၆ ခုတွင် သူရှင်ဗညားဦး တောသို့ ဆင်ဖမ်းနေစဉ် အမတ်ဗြဲထပ သည် မုတ္တမမြို့ကိုပိတ်၍ ပုန်ကန်တော်မူသည်။ အမတ် ဗိပ်ဗြဲနှင့်တကွ သူရှင်လည်း ဝန်မြို့သို့ခွာခဲ့၏။

သက္ကရာဇ် ၇၁၁ ခုရောက်သော် စစ်ဗိုလ်အဲဗြဲပုန်သည် ဝန်မြို့သို့ လာ၍ သူရှင်ဗညားဦးကို စစ်ပြုပြန်၏။ သူရှင်သည် အမှတ်မဲ့နေခိုက်ဖြစ်၍ ကျိုက်သး (ကျိုကအသး) အရပ်သို့ ခွာခဲ့ရပြန်၏။

သူရှင်ဗညားဦးလည်း ငါမှာ စစ်ရေမသာခဲ့ပြီဟု စိတ်မချမ်းသာ ခြင်းဖြင့်ညည်းညူလေ၏။ အမတ် ဗိပ်ဗြဲလည်း ဤသို့ နားတော် လျှောက်၏။ ရှေးအခါသော် အကျွန်သတိမရခဲ့ပြီ။ ယခုကား စစ်နိုင်ရန် အစီအရင်ကို အကျွန် သတိရပါပြီဟု ဆို၏။ သူရှင်ကြားလတ်သော် အဘယ်သို့ စီရင်မည်နည်းဟု မေး၏။

အသားမင်းသား ကုလားကို အောင်မြင်သော အောင်မြေ အရပ်သည် (ဗဂိုး) တွင် ရှိလေသည်။ ထိုအောင်မြေကိုနင်း၍ စစ်ပြုရသော် 'ရန်သူကို နိုင်စမြဲပင်ဟု ရှေးသူဟောင်းတို့ ဆိုကုန်သည်' ဟု အမတ်ဗိပ်ဗြဲ လျှောက်လေ၏။ ဗညားဦးမင်းလည်း ကျိုက်သး (ကျိုက် အသး) မှ ဗဂိုးသို့ ကူးလေ၏။

အသားမင်းသား အောင်မြေကို ကျိုက်ဇမနးစေတီတောင်ဘက်တွင် အမတ်ဗိပ်ဗြဲ ရှာတွေ့၍ ဗညားဦးမင်းကို ပြလေ၏။ သက္ကရာဇ် ၇၁၁ ခုတွင် အောင်မြေကို မြို့တွင်းထား၍ ဟံသာဝတီမြို့ကို ဗညားဦးမင်း တည်တော်မူ၏။ နန်းမြို့ လုံခြုံပြီးသော အခါ သက္ကရာဇ် ၇၁၂ တွင် အောင်မြေနင်းပေ၏။

သက္ကရာဇ် ၇၁၃ တွင် ရာမညတိုင်းအားလုံးကို ဗညားဦးမင်းရပြီးသော် အောင်တော်မူ ကျောက်တိုင်ကို ကျိုက်ဇမနးစေတီအရပ်၌ သက္ကရာဇ် ၇၁၄ ခုတွင် စိုက်တော်မူ၏။ အောင်တော်မူပွဲကြီးကိုလည်း (၇)ရက်တိုင်တိုင်စံတော်မူ၏။ အသားမင်းသားကောင်းမှုကျိုက်ဇမနးစေတီကိုလည်းအသစ်ထပ်မံပြုပြင်၏။

ဤကျောက်စာတိုင်တောင်ဘက် တစ်ထောင်တစ်ကွာ အကွာတွင်ရှိသော ရွှေအဆင်းနှင့်တူသည့်မြေသည် အောင်မြေဖြစ်လေသည်။ နောင်လာမင်းမြတ်တို့ အောင်မြေကိုသိစေရန် ဤကျောက်စာတိုင်ကို စိုက်တော်မူ၏။

ဤမွန်ကျောက်စာတိုင်ကို မွန်ဆရာဦးထွန်းရင်ထံ ပဲခူးကျောက်စာကော်မတီမှတစ်ဆင့်ရရှိ၏။ ဤကျောက်စာတိုင်ကိုလည်း ၁၉၃၇ ခုနှစ်အထိ ပဲခူးကျောက်စာကော်မတီက ထိန်းသိမ်းထားခဲ့၏။

မည်သို့ပင်ဖြစ်စေ ဤကျောက်စာအရ ဗညားဦးသည် ဟံသာဝတီကို သက္ကရာဇ် ၇၁၁ တွင် တည်ထောင်ခဲ့သည်ဟု သိရ၏။ ဗညားဦးတည်ထောင်ခဲ့သည့် ဟံသာဝတီမြို့ရာသည် ဟသ်ာကုန်းတစ်ဝိုက် ဖြစ်၏။ ဗညားဦး၏ ဟံသာဝတီသည် ထောင့်ပေါင်း (၁၆) ထောင့်ရှိ၍ ဆဋ္ဌဂံပုံစံ ရှိ၏။ အောက်ဖော်ပြပါပုံသည် ဗညားဦး၏ ဟံသာဝတီမြို့ ပန္နက်နန်းတော်ရာပြပုံ ဖြစ်၏။

**မြေပုံပါ ဂဏန်းအမှတ်အသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကား -**

၁။ ဒလေသွတ်တံခါး
၂။ ဒငေါချင်တံခါး
၃။ မလွယ်တံခါး




www.burmeseclassic.com

www.burmeseclassic.com

၄။ ဗျူချင်တံခါး၊
၅။ အဒလိုတံခါး၊
၆။ မောတရုပ်တံခါး၊
၇။ မော်ဓောတံခါး၊
၈။ သုသာန်တံခါး၊
၉။ အသားမင်းသားအောင်မြေ၊
၁၀။ နန်းတော်ကုန်း ဟူ၍ ဖြစ်၏။

မြို့ရိုးအပြင်ဘက်တွင် ရေးထိုးထားသောဂဏန်းများမှာ မြို့ထောင့်(၁၆) ထောင့်ကိုညွှန်းသော အမှတ်အသားများ ဖြစ်၏။ ထောင့်ချိုးအမှတ် (၁) မှ (၂) အထိ မြို့ရိုးကို လည်းကောင်း၊ ထိုနေရာမှ မြို့ရိုးသည် အရှေ့မြောက်၊




အနောက်တောင် ကန့်လန့်တန်းလျက်ရှိသည်ကို လည်းကောင်း ၁၉၃၇ ကာလအထိ ပီပီပြင်ပြင် မြင်တွေ့နေရသေး၏။ ဗညားဦး တည်ထောင်ခဲ့သည့် ဖော်ပြပါနေရာရှိမြို့ရိုးသည် အရှေ့၊ အနောက်တန်းမကြောင်း တွေ့ရှိရမည် ဖြစ်၏။

အောက်တွင်ဖော်ပြသောမြေပုံမှာ ဗညားဦးမြို့နှင့် ဘုရင့်နောင်မြို့ကို ခွဲခြားဖော်ပြထားသည့် မြေပုံကြမ်း ဖြစ်၏။ ဘုရင့်နောင် ဟံသာဝတီကိုတည်သော အခါ မြေပုံတွင် ဖော်ပြထားသည့် ဗညားဦးမြို့ဟောင်းကို ဥယျာဉ်ပြုလုပ်ပြီး နန္ဒဝန်ဥယျာဉ်ဟု သမုတ်၏။ ယခု သော်ကဥယျာဉ် ခေါ်၏။

မြေပုံပါ အက္ခရာအမှတ်အသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကား အောက်ပါအတိုင်း ဖြစ်၏။

မြေပုံတွင် (ဒ) အမှတ်အသားပြထားသောနေရာသည် ဦးခန္တီ ဟင်္သာကုန်းဘုရားနေရာ ဖြစ်၏။ ထိုမှ အရှေ့တည့်တည့် ကိုက် (၁၀၀) ခန့်သွားလျှင် တောင်၊မြောက်တန်းနေသည့် လျှိုကြီးသို့ ရောက်၏။ ထိုလျှိုကြီးကား ဗညားဦး ရာဇမိရာဇ်တို့၏ ဟံသာဝတီမြို့တော် အတွင်းကျုံး ဖြစ်၏။ ယင်းကျုံးကိုဖြတ်၍ ကုန်းတန်းပေါ် တက်လိုက်လျှင် ကုန်းရိုးမှ အရှေ့ဘက်သို့ ထိုးထွက်နေသော ကုန်းလက်တက်တစ်ခု တွေ့ရ၏။ ထိုကုန်းလက်တက်ပေါ်တွင် ဘုရားငုတ်တိုတစ်ဆူ ဖူးတွေ့ရ၏။ (မြေပုံတွင် (ဂ) အမှတ်အသားပြထား၏။) ယင်းဘုရားငုတ်တိုသည် သော်ကမယ်အရိုးအိုးဖြစ်၏။ သော်ကဥယျာဉ်မှာလည်း သော်ကမယ်မသေခင်က ဤအရပ်တွင် နေခဲ့ဖူးသဖြင့် ထိုသို့ခေါ်ဆိုကြောင်း သိရ၏။ ထိုဥယျာဉ်တွင် သော်ကပင်အမြောက်အမြား တွေ့ရှိရ၏။ ရာဇဝင်သမိုင်း မသိသူတို့က သောကပင်အမြောက်အမြားပေါက်ရောက်သဖြင့် သော်ကဥယျာဉ်ခေါ်ကြောင်းသာ သိ၏။

အမှန်စင်စစ် ထိုနေရာတစ်ဝိုက်သည် ဗညားမင်း၏နန်းမြို့ ဖြစ်၏။ မြေပုံတွင်ပြထားသောကျုံးနှင့် နန်းမြို့ရိုး (၁၊ ၂၊ ၃၊ ၄) အမှတ်ဖြင့် ပြထားသည့်နေရာကို ၁၉၃၇ ကာလအထိမြင်တွေ့နေသေး၏။ ဗညားဦးမင်း၏ နန်းမြို့အကျယ်အဝန်းကား မြောက်ဘက်မြို့ရိုးအရှည်သည် (၂) ဖာလုံခန့်ရှိ၏။ အရှေ့ဘက်မြို့ရိုးသည် သုံးဖာလုံ၊ တောင်ဘက်မြို့ရိုးမှာ နှစ်ဖာလုံခန့်ရှိ၍ အရှေ့ဘက်မြို့ရိုးသည် သုံးဖာလုံကျော်၊ အနောက်ဘက် မြို့ရိုးမှာ လေးဖာလုံခန့် ရှည်လျား၏။

ယင်းနန်းမြို့တွင် မွန်ဘုရင် ဗညားဦးမင်းမှ ဘုရင်မရှင်စောပုအထိ မြေပုံပါ (က) အမှတ်အသားပြထားသည့် နန်းတော်တွင် စံမြန်းခဲ့ကြ၏။ (က) အမှတ်အသားပြထားသည့် နေရာသည် နန်းတော်ရာကုန်း ဖြစ်၏။ ဓမ္မစေတီမင်းလက်ထက်တွင်မူ နန်းတော်ကို (ခ) အမှတ်အသားပြထားသည့်နေရာသို့ ရွှေ့ပြောင်းစိုးစံခဲ့၏။

စောစောက ဖော်ပြခဲ့သော သော်ကမယ်အရိုးအိုးဘုရားငုတ်တို၏ အရှေ့ဘက်တွင် ဗညားဦးနန်းတော်ရာရှိ၏။ (မြေပုံတွင် (က) အမှတ်အသားဖြင့် ပြထား၏။) ပတ်ဝန်းကျင်မြေပြင်ထက် (၃) ပေခန့် မြင့်၏။ ယင်းကို နန်းတော်ရာကုန်းဟု အယူရှိ၏။ အရှေ့၊ အနောက် ပေ (၁၂၀) ခန့်ရှိ၍ တောင်၊ မြောက် ပေ (၅၀) ကျော် ရှိ၏။ သိုက်ဆရာများ၏ လက်ချက်ကြောင့် လည်းကောင်း၊ ခရစ်နှစ် ၁၉၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၁၉၁၄ ခု၊ ဇန်နဝါရီလအတွင်း ကျောက်စာဝန်မစ္စတာဒူရိုင်ဆယ်လ်ခွဲအပ်၍ စီအေစတီးဝပ် (အိုင်-စီ-အက်) တူးဖော်သည့် လက်ချက်ကြောင့် လည်းကောင်း ထိုကုန်းပေါ်တွင် ကျင်းများ၊ တွင်းများ၊ မြောင်းများဖြင့် ပြည့်နှက်နေ၏။

နန်းတော်ရာမှ အရှေ့ဘက်ကိုက် (၁၀၀) ခန့်တွင် ပိန္နဲတိုက်ရှိ၏။ ပိန္နဲတိုက်၏ အရှေ့မြောက်ထောင့်တစ်နေရာတွင် သော်ကကန် ရှိ၏။ (မြေပုံတွင် (ဃ) အမှတ်အသားပြထား၏) ကန်ကား မကြီးလှ။ အကျယ်ပေ (၅၀) ခန့်ရှိသော လေးထောင့်ချိုးကန်ငယ် ဖြစ်၏။ ကန်၏ အရှေ့တောင်ထောင့်နှင့် နန်းမြို့ရိုး၏ အရှေ့မြို့ရိုးကြားတွင် သော်ကကန် ဘုရားငုတ်တိုတစ်ဆူရှိ၏။ ထိုငုတ်တိုမှာ ပေ (၂၀) ခန့်သာ ရှိတော့၏။ ဘုရား၏ ဌာပနာတိုက်ကိုကား သိုက်ဆရာများနှင့် မစ္စတာစတီးဝပ်တို့ တူးဖော်သွားပြီ ဖြစ်၏။

သော်ကကန်ဘုရား၏ မြောက်ဘက်တူရူသို့ အတန်ငယ်သွားလျှင် သော်ကကန်ညီနောင်နှင့် ဘုရားငုတ်တိုနှစ်ဆူ တွေ့ရ၏။ ကန်နှစ်ကန်အနီးတွင် ရှိသဖြင့် ကန်ညီနောင်ဘုရားဟု အများက အလွယ်ခေါ်ကြ၏။ ကန်ညီနောင်ဘုရားအနီးတွင် ဘုရားငုတ်တိုတစ်ဆူရှိ၏။ မြေပုံတွင် (န) အမှတ်အသားဖြင့် ပြထား၏။ အရှေ့မြောက်မြို့ထောင့်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဟု သိရ၏။ ဘုရားသည် ဉာဏ်တော် ပေ (၅၀) ခန့်ရှိသေး၏။ သို့သော် ဌာပနာတိုက်ကား လက်ဦးသူတို့ ဖောက်ယူသွားချေပြီ။

မြို့ထောင့်ဘုရား အနောက်တံတိုင်းမှ မြောက်ဘက်သို့ သွားသော လမ်းအတိုင်းသွားလျှင် နန်းမြို့၏မြောက်ဘက်မြို့ရိုးသို့ ရောက်၏။ ထိုမှ မြောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် ကျိုက်သလွန်ဗွန်ဘုရားငုတ်တိုကို ဖူးတွေ့ရ၏။ ယင်းဘုရားကြီးနှင့် နန်းမြို့မြောက်ဘက် ကျုံးကြားတွင် အရှေ့၊ အနောက်တန်းနေသော ဘုရားငုတ်တိုနှစ်ဆူတွေ့ရ၏။ ထိုဘုရားနှစ်ဆူ၏ ဌာပနာတိုက်များကို လွန်ခဲ့သည့် နှစ်တစ်ရာခန့်က မော်လမြိုင်ဘက်မှ သူဌေးတစ်ယောက် ဌာပနာများ တူးဖော်ပြီး ဆင်သုံးကောင်နှင့် သယ်ဆောင်သွားသည်ဟု သိရ၏။

ဒဂဲကြီး၊ ဒဂဲလေးအနီးတွင် ကျိုက်ကလွန်ဗွန်စေတီရှိ၏။ ရာဇပတ္တဝတ္ထု၌ ရွှေရုပ်ပွား၊ ငွေရုပ်ပွား၊ ငွေဆင်းတုတော် ကြေးဆင်းတုတော်၊ နံ့သာဆင်းတုတော် ပေါင်း ငါးသောင်းကို ဌာပနာ၍ ကျိုက်သလွန်ဗွန်ဟု သမုတ်အပ်သောစေတီကို တိဿမင်းတည်သည်ဟု ပြ၏။

ဝါဲဆရာတော်၏ 'သုပတ်ရာဇဝင်ဒတောသွိုင်ရောင်' ပေမူတွင် တိဿမင်းသည် မိစ္ဆာဒိဋ္ဌိအယူကို သက်ဝင်ယုံကြည်စဉ်က ရုပ်ပွားတော်၊ ဆင်းတုတော်များကို ရိုက်ချိုးဖျက်ဆီးစေခဲ့၏။ သုဘဒ္ဒါဒေဝီကြောင့် ဗုဒ္ဓဘာသာကို ပြန်လည်ကိုးကွယ်သောအခါ ရုပ်ပွားအကျိုးအပဲ့များကို စုပေါင်းဌာပနာပြီး ဘုရားတစ်ဆူတည်၏။ ထိုဘုရားကို ပထမတွင် ကျာ်ဗွဝ်ရတ်ဟု ခေါ်၏။ သည့်နောက် ကျိုက်ကလံဗွတ်၊ ထိုမှ ကျိုက်ကလံဗန်ဟု ခေါ်သည်ဆို၏။


လက်ဝဲနော်ရထာကမူ ထိုစေတီကို ကျာ်တမ်လောန်ဟု မှတ်တမ်းတင်ခဲ့၏။ အချို့က ကျာ်ကလွန်ဗွန်စေတီကို ၁၁၁၉ ခုနှစ်တွင် ကျာ်တမ်လောန်ဟု ခေါ်ကြောင်းပြ၏။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ မွန်ပညာရှင် မင်းရွှေဝိုက ကျာ်ကဗွန်ဘုရား (ဝါ) သဘော်ဘုရားကို ပင်(ဖွဲကဗန်) (ဖွဲကပင်) စသည်ဖြင့် အမည်နာမကွဲပြားကြောင်း မိန့်ဆိုခဲ့၏။

ကျာ်ကလွန်ဗွန် (သဘော်ဘုရား) မှ အနောက်မြောက်ထောင့်ဘက် လူသွားလမ်းအတိုင်း ဆက်သွားလျှင် ရွှေဗန်းဘုရားသို့ရောက်၏။ (မြေပုံတွင် (ဗ) အမှတ်အသားပြထား၏။) ထိုစေတီကို ဗညားဦးမင်း၏အရိုးအိုးနှင့် ဓာတ်တော် ရုပ်ပွားတော်များ ဌာပနာထားသော စေတီဖြစ်၏။ ဗညားဦး၏ သားတော် ရာဇဓိရာဇ် တည်ထားခဲ့ပြီး ဘွဲ့တော်မှာ ကျိုက်ရှယ်ဖြစ်သည်ဟု လက်ဝဲနော်ရထာမှတ်တမ်းတွင် ပြထား၏။ အဂ္ဂမဟာပဏ္ဍိတမင်းရွှေဝိုက ကျိုက်ဗောကြင်ဟုလည်း ခေါ်ကြောင်း မိန့်ဆိုခဲ့၏။ (ဖွဲကပင်နှင့် မောကြင်လေချီရတုနှင့် ဆင်ခြင် စဉ်းစားရာ၏။)

**မြေပုံပါ သင်္ကေတများ၏ အဓိပ္ပာယ်ဖွင့်ဆိုများ**

က။ ဗညားဦးနန်းတော်ရာ၊
ခ။ ဓမ္မစေတီနန်းတော်ရာ၊
ဂ။ ကာသဗိမာန်ဘုရားနေရာ၊
ဃ။ သော်ကမယ်အရိုးအိုး၊
င။ သော်ကကန်နှင့် ဘုရားတောင်မြို့ထောင့်ဘုရား၊
စ။ ရွှေတန်ဆာဘုရား၊
ဆ။ ဇော်ဂျီကုန်းဘုရား၊
ဇ။ ရွှေအတ်ထုတ်ဘုရား၊
ဈ။ ရွှေဖရုံမယ်စေတီ၊
ည။ ဘုရင့်နောင်မြို့အရှေ့တောင် မြို့ထောင့်ဘုရား၊
ဋ။ ဦးခန္တီဟင်္သာကုန်းဘုရား၊
ဌ။ စွယ်တော်သျှင်ကျောင်းကုန်း၊
ဍ။ အရှေ့မြောက်မြို့ထောင့်ဘုရား၊
ဎ။ ဒဂဲကြီး ဒဂဲလေး၊
ဏ။ ပုညရတနာစေတီ နေရာဟောင်း ဟင်္သာကုန်းကျောင်း၊
တ။ ကျိုက်ကလွန်ဗွန်၊
ထ။ ရွှေဗန်း၊
ဒ။ သုဘဒ္ဒါစေတီ၊
ဓ။ ဘုရင့်နောင်မြို့အရှေ့မြောက် မြို့ထောင့်ဘုရား၊
န။ ကိုးသိန်းကျောင်းကုန်း။

သက္ကရာဇ် ၉၂၈ တွင် ဘုရင့်နောင်မင်း ဟံသာဝတီကို တည်ထောင်၏။ ဘုရင့်နောင်၏ ဟံသာဝတီသည် လေးထောင့်ပုံ ဖြစ်၏။ ပုံတွင်ပြထားသည့်အတိုင်း ဘုရင့်နောင် ဟံသာဝတီ၏ အနောက်ဘက်မြို့ရိုးသည် ဗညားဦး ဟံသာဝတီ၏ အနောက်ဘက် မြို့ရိုး




www.burmeseclassic.com

www.burmeseclassic.com

အတွင်းအထိ နေရာယူပြီး တောင်၊ မြောက် ဖြတ်သန်းသွားသည်ကို တွေ့ရှိရ၏။

(က) အမှတ်အသားပြထားသော နေရာသည် ကာသဗိမာန်ဘုရားတန်ဆောင်းနေရာ ဖြစ်၏။ ယင်းနေရာသည် ယခင်ပလိပ်ကျောင်း၏ မြောက်ဘက်ရှိ တောင်၊မြောက်တန်းနေသောကုန်းဖြစ်၏။ ယင်းကုန်းနှင့်ပတ်သက်၍ လက်ဝဲနော်ရထာမှတ်တမ်းတွင် ဓမ္မစေတီမင်း၏ လွှတ်တော်နေရာတွင် ဟိသောကာသဗိမာန်ဘုရားနှင့် ထိုအနောက်မြောက်ယွန်းရှိ ကျိုက်ပြဟ်ဘုရားကြားတွင်ထား၏။ သည့်ကြောင့် ကာသိဗိမာန်ဘုရားနေရာသည် ဓမ္မစေတီမင်း၏ လွှတ်တော်နေရာဖြစ်ကြောင်း သိရှိရ၏။

ထို့အပြင် အခြားမြို့စားများစံမြန်းသွားသည့် မြို့ငယ်ဟောင်းနေရာတစ်ခုလည်း အမှတ်အသားပြထားသောနေရာသည့် ယခုအခါ ရသေ့မြို့ခေါ် သောနေရာ ဖြစ်၏။ ဓမ္မစေတီမင်းစီရင်သည့် တိဂုမ္ဗဝိနိစ္ဆယကျမ်း၌ ထိုမြို့ကို သက္ကရာဇ် ၅၁၄ တွင် သမလမင်း တည်ကြောင်း ပြဆို၏။

ဆိုခဲ့သည့် သက္ကရာဇ် ၇၁၁ တွင် တည်သည့် ဗညားဦး၏ ဟံသာဝတီသည် (၁၆) ချိုး (၁၆) ထောင့်ရှိ၏။ မြို့နောက် မြေပုံတွင် (ည) အမှတ်အသားနေရာတွင် လည်းကောင်း (ဆ) အမှတ်အသားနေရာတွင်လည်းကောင်း အစက်ချထားသည်ကို တွေ့ရ၏။ (ည) အစက်ချထားသောနေရာသည် တပင်ရွှေထီးလက်ထက် ဇော်ဂျီကုန်းစေတီမှ မြို့ကိုတိုးချဲ့ထားခြင်း ဖြစ်၏။ (ည) အစက်ချထားသည့် ဓနေရာသည်လည်း ထိုမင်းလက်ထက်တွင်ပင် ဇော်ဂျီကုန်းစေတီတောင်ဘက်ကိုပတ်၍ ဗညားဦးမြို့ကို တိုးချဲ့ထား၏။

သက္ကရာဇ် ၈၄၅-၈၅၈ အတွင်းက ဓမ္မစေတီမင်းသည် ကျိုက်လွန်ဘုရား မဟာဗောဓိစေတီ (ယခု ရွှေကူကြီး) စသည့် သတ္တဌာနကို တည်ခဲ့၏။ ထိုဘုရားများတည်စဉ် ကိုယ်တိုင်ကြပ်မတ်နိုင်ရန်အတွက် (ယ) အမှတ်အသားပြထားသည့်နေရာတွင် ယာယီနန်းဆောက်လုပ်စံမြန်းခဲ့၏။ သည့်နောက် သက္ကရာဇ် ၉၂၀ တွင် ဘုရင့်နောင်မင်းတရား မဟာစေတီကို တည်၏။ မဟာစေတီတည်ထားသည့်နေရာကို (ပ) အမှတ်အသားဖြင့် ပြထား၏။ စေတီတည်စဉ် ကိုယ်တိုင်စောင့်ကြည့်နိုင်ရန် (ဘ) သင်္ကေတဖြင့် ဖော်ပြထားသည့်နေရာတွင် ယာယီနန်းတည် စံမြန်းခဲ့၏။ ဘုရင့်နောင်၏ ယာယီနန်းတော်ကုန်းဟောင်းသည် မဟာစေတီ၏ အနောက်ဘက်တွင် တည်ရှိ၏။

(ဟ) အမှတ်အသားပြထားသည့် နေရာသည် အလောင်းမင်းတရားကြီးပဲကျူးကိုသိမ်းခါနီး ယာယီနန်းတော်ဆောက်၍နေသည့် နန်းတော်ကုန်းဟောင်းနေရာ ဖြစ်၏။ (ဟ) အမှတ်အသားသည် ထိုမင်းတရားကြီး ယာယီတည်ဆောက်ခဲ့သည့် ဇေတုမတီမြို့ဟောင်းရာ ဖြစ်၏။ ထိုမြို့သည် ပတ်လည် တာ (၇၀၀) ရှိ၏။

**အထက်ဖော်ပြပါ ဗညားဦးဟံသာဝတီနှင့် ဘုရင့်နောင် ဟံသာဝတီ မြေပုံပါအမှတ်အသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

- က။ ကျောက်ရှဘုရား (ယခု ရွှေပန်းကုံးဘုရား)။
- ခ။ ကျော်တမ်လောန် (ယခု ကျိုက်ကလွန်ပွန်)။
- ဂ။ ကျော်ပေါ်ဘုရား (ယခု ဦးခန္တီပြုပြင်သောဟသ်ာကုန်းဘုရား)။
- ဃ။ ဗညားဦးမင်း နန်းတော်ကုန်း (ယခု ပုလိပ်ကောင်းနေရာ)၊
- င။ အရှေ့ရွှေနံ့သာဘုရား၊
- စ။ ကျောက်ကိုဘုရားပျက်၊
- ဆ။ ရွှေအောင်ရွှေးဘုရား၊
- ဇ။ ဘုရင့်နောင်နန်းတော်ကုန်းများ၊
- ဈ။ ရွှေမော်ဓောဘုရား၊
- ည။ ဖောင်တော်ဦးဘုရား၊
- ဋ။ ပဲကူးသူထာ၊
- ဌ။ ကျောက်တိုင်ကန်ဘုရား၊
- ဍ။ ကျော်လငိမ်ဘုရားတစ်ထောင် (ယခုနောင်တော်ကြီးခေါ် အုတ်ပုံ)၊
- ဎ။ မဟာဗုဒ္ဓရူပ (ယခု ရွှေသာလျောင်း)။
- ဏ။ မဟာစေတီ၊
- တ။ ဘုရင့်နောင်ယာယီနန်းတော်ရာကုန်း၊
- ထ။ ကျောက်မင်ဖော်ဘုရား (ရွှေကူတော)၊
- ဒ။ ရသေ့မြို့၊
- ဓ။ ဓမ္မပါလကျောင်း၊
- န။ ကျောက်ပွန်ဘုရား၊
- ပ။ အလောင်းမင်းတရား ယာယီနန်းတော်ကုန်း၊
- ဖ။ ဇေတုဝတီမြို့ရိုး၊
- ဗ။ ရွှေကူကြီးဘုရား၊
- ဘ။ ကလျာဏီသိမ်နှင့် ကလျာဏီစေတီ။

ဗညားဦးမြို့ဟောင်းနေရာသည် သိုက်ဆရာများ၏ စားကျက်သာမက ကျောက်စာဝန်များ ကျက်စားရာလည်း ဖြစ်၏။ ယင်းမြို့ဟောင်း လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ခန့်က ထင်ရှားသည့်သိုက်များရှိ၏။ ယင်းသိုက်များကား ရှင်စောပုသလွန်သိုက်၊ သော်ကသိုက်၊ ဇီးနှစ်ပင်သိုက်၊ နန်းတော်ရာသိုက်၊ ဇော်ဂျီကုန်းသိုက်၊ သုံးထပ်သိုက်၊ ကျောက်ဖျာသိုက်၊ ဘုရင့်နောင်မင်းကြီးသိုက် (သို့) ရွှေတန်ဆာသိုက် စသည်တို့ဖြစ်၏။

ထိုသိုက်များ တည်ရှိသည့်နေရာကား စေတီငုတ်တိုများ ဖြစ်၏။ ရှင်စောပုသလွန်သိုက်ကို မြေပုံကြမ်းတွင် (ပု) အမှတ်အသားဖြင့် ပြထား၏။ ယင်းသိုက်သည် ဗညားဦးနန်းမြို့ရိုးအတွင်း ယခုဖောက်ထားသော သနပ်ပင်လမ်း၏ တောင်ဘက်ကပ်လျက်တွင် တည်ရှိ၏။ အမှန်စင်စစ် ထိုသိုက်ကုန်းသည် သက္ကရာဇ် ၈၁၃ - ၈၂၀ တွင် ဟံသာဝတီကို စိုးစံခဲ့သော ဗညားတောဘွဲ့ခံ ဘုရင်မရှင်စောပု၏ သလွန်ကို လှူဒါန်းထားသည့် ကျိုက်သလွန်ဘုရားကုန်း ဖြစ်၏။ ယင်းဘုရားဒါယကာမှာ ဘုရင်မကြီး၏ သမက်တော် ဓမ္မစေတီမင်းပင် ဖြစ်၏။

ဘုရင့်နောင်မြို့ရိုးအတွင်း ဖော်ပြထားသည့် ၁ မှ ၂၀ အထိ ဂဏန်းများသည် ဘုရင့်နောင်မြို့ရိုးတွင် မြို့တံခါး (၂၀) ရှိကြောင်းဖော်ပြထားသည့်အမှတ်အသားများ ဖြစ်၏။ ဘုရင့်နောင် ဟံသာဝတီတွင် မြို့တံခါး (၂၀)၊ တန်ဆောင်ပြအိုးပေါင်း (၁၀၉)၊ လမ်းမ (၁၀)၊ လမ်းငယ်များ ခြံရံလျက်ရှိ၏။ သမလမင်း၏ ဟံသာဝတီသည် မြို့တံခါး (၂၂) ခုရှိသဖြင့် ဘုရင့်နောင် ဟံသာဝတီနှင့် များစွာနီးစပ်၏။ ထိုတံခါးအမည်များကို လာရောက်လုပ်ကိုင်ပေးရသည့် မြို့ရွာအမည် အရင်းမှည့်ခေါ် စေခြင်းလည်းတူ၏။

ဟံသာဝတီမြို့တော် ပန္နက်များသည် မန္တလေးနန်းတွင်းပုရပိုက်ဖြူတွင် ရှိသည့်အတိုင်း ဖော်ပြခြင်းဖြစ်၏။ အိန္ဒိယအစိုးရမြေတိုင်းဌာနက ဝိင်းကာရေးဆွဲထားသည်မှာလည်း သည်ပုံအတိုင်းဖြစ်၏။ ထိုပုံကို လွန်ခဲ့သည့်နှစ်ပေါင်း ၁၇၅ နှစ်ခန့်က လက်ဖတင်နင် ဒီမောန် (တ) ရိုရင်စီ အမည်ရှိ အင်္ဂလိပ်စစ်ကြပ်တစ်ဦး ရေးဆွဲခဲ့၏။

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကံဝင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရား အမှတ်(၅)

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံ ရင်ပြင်တော်ရှိ ထင်ရှားကျော်ကြားစေတီ ဘုရားများစွာထဲမှ ယခုလ တင်ပြလို သည်ကဖြင့် ရွှေတိဂုံစေတီတော်အရှေ့ ခြံအနီးတွင် တည်ရှိတော်မူ၍ တနင်္ဂနွေ နှင့် တနင်္လာထောင့်ကြားရှိ မင်းတုန်းမင်း တရားကြီးကောင်းမှုတော် ထီးတော်ပုံ စေတီ၏ အရှေ့ဘက်အရပ်မှာ တည် တော်မူသော ဘိုးဘိုးအောင် ဆုတောင်း ပြည့်ဘုရား ဖြစ်တော်မူပါသည်။

ဘိုးဘိုးအောင် ဆုတောင်းပြည့် ဘုရားကို ပထမံဘိုးဘိုးအောင် ကိုယ် တော်တိုင် တည်ထား ပူဇော်သည်ကို အကြောင်းပြု၍ ဘိုးဘိုးအောင်ဘုရားဟု ဂုဏ်သတင်း ထင်ပေါ် ကျော်ကြားတော် မူပါသည်။ နှောင်နှစ်အနည်းငယ်ကြာ သောအခါ အဓိဋ္ဌာန်ဝင်သူများ ပညာ ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ရာထူးတိုး



ဘိုးဘိုးအောင်ဘုရားလိုဏ်ဂူအတွင်းမှရုပ်ပွားတော်



လိုဏ်ဂူအတွင်းမှရုပ်ပွားတော်



ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရား




www.burmeseclassic.com

www.burmeseclassic.com

နှင့် ခရီးသွား၊ နိုင်ငံခြားအလုပ်ကိစ္စ စသည်ဖြင့် စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြ၊ ဆုတောင်းကြရင်း ဆုတောင်းပြည့်လာကြသောအခါ 'ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရား' ဟု ဘွဲ့အမည်တော်တို့ဖြင့် ခေါ်တော်မူကြပါသည်။

ပထမံဘိုးဘိုးအောင် တည်တော်မူသောဘုရားဖြစ်၍ အထူးတင်ပြရန်ပင် မလိုအောင် အခါကြီးရက်ကြီးများတွင် ကြည်ညိုသူ၊ ဖူးမြော်သူများဖြင့် စည်ကားနေတော်မူပါသည်။ 'xxxဘိုးဘိုးအောင်နှင့် ရှင်အဇ္ဇဂေါဏတို့ မ,မယ့်ကိန်းဆိုက်ပြီxxx' ဟူသော တဘောင်သီချင်းနှင့် အတူ ယုံကြည်စွာ ဆည်းကပ် ကိုးကွယ် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကောင်းစွာပြုလျက် ဂုဏ်တော်ပုတီး၊ အရဟံပုတီးများဖြင့် သမာဓိကို ထူထောင် လောဘကို ရှေ့တန်းမတင် သမမျှတစွာ ဆုတောင်းကြသောအခါ လိုရာပြီးမြောက် ခရီးရောက်ကြကြောင်း ကြားသိရပါသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာနိုင်ငံတွင် မဂ္ဂဇင်းများစွာမရှိကြ၊ မထွက်ကြ။ ယနေ့ခေတ်လို မဂ္ဂဇင်း၊ ဂျာနယ်များများမရှိ။ မဂ္ဂဇင်းသုံး၊လေးစောင်သာ ထွက်ရှိ၍ ထိုမဂ္ဂဇင်းများတွင် စာမူတစ်ပုဒ်ပါဖို့အရေးသည် လနှင့်ချီ၍ စောင့်သည့်တိုင် ဖော်ပြခွင့်မရ၊ တင်ပြခွင့်မရ ဖြစ်နေရ၏။ထိုသို့ နာမည်ကျော် စာရေးဆရာကြီးများနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးစားပမ်းစားရေးသား စာမူများ မဂ္ဂဇင်းတိုက်ပို့သောအခါ ပယ်သည်ကများလှ၏။ ထိုအခါ ပုထုဇဉ်လူသားပီပီ



ဘိုးဘိုးအောင်တန်ဆောင်း



အနီးကပ်ဖူးမြော်ရစဉ်



ဘိုးဘိုးအောင်ဘုရားရွှေထီးတော်ပုံစေတီအနီးမှ ငှက်ပျောဖူးစေတီနှင့် ဆင်ဖြူတော်များ



www.burmeseclassic.com

www.burmeseclassic.com




ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရားရှေ့မှ
ထီးတော်ပုံစေတီ



ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရားရှေ့နားမှ
ဆွမ်းတော်ဆုပ်



အဘပထမံဘိုးဘိုးအောင်ပုံတော်
(ဝိဇ္ဇာတန်ဆောင်းမှပုံဖြစ်ပါသည်)





ဝိဇ္ဇာဇော်ဂျီဘုရားရှေ့မှ
အဘပထမံဘိုးဘိုးအောင်
ရှေ့ရှုထားသောပုံတော်


စိတ်ခာတ်ကျလာ၏။ ထိုအကြောင်းအ
ဆရာနှင့် ပတ်သက်၍ မိမိ၏ဆရာသမား
တစ်ဦး ဖြစ်သော စာရေးဆရာကြီး
ဒဂုန်ဦးစန်းငွေသည် စာရေးသူအား
အောက်ပါအတိုင်း ဆုံးမဩဝါဒပေးခဲ့
[illegible]

"ယုံကြည်ချက်ခိုင်မာနေသူသည်
အောင်မြင်ခြင်းတစ်ဝက်ကို အလိုလို
ပိုင်ဆိုင်ပြီးဖြစ်နေ၏"

အဘပထမံဘိုးဘိုးအောင် ဟူ
သည်တား မြန်မာနိုင်ငံအဝန်း လှည်းနေ
သူအောင်းမြင်းဇောင်းမကျန် တန့်ခိုး
ရှင် ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးအဖြစ် သိနေ
ကြပြီး ဖြစ်ပါသည်။ တန်ခိုးရှင်ဝိဇ္ဇာမိုရ်
ဘိုးဘိုးကြီးတည်ထားဘုရားဖြစ်၍ ထို
ဘုရား၌ စိတ်ကြံသမှု အဓိဋ္ဌာန်ပြုသည်
နှင့် အောင်မြင်မည် ဟူသော ယုံကြည်
ချက်သည် ခိုင်မာနေပြီဖြစ်၍ အဓိဋ္ဌာန်
ပြီးမြောက် အောင်မြင်ခြင်းသို့ရောက်ကြ
၏။ ယုံကြည်ချက် ဟူသည် ဆရာကြီး
ဒဂုန်ဦးစန်းငွေ ပြောသကဲ့သို့ အောင်
မြင်ခြင်းတစ်ဝက် အလိုလိုပိုင်ပြီး ဖြစ်ပါ
သည်။

**ဘိုးဘိုးအောင် အမှန်တကယ် ရှိ၊ မရှိ**

တပေါင်းလပြည့်နေ့ တစ်နေ့၌
ရွှေတိဂုံဘုရားကြီးပေါ်သို့ ကိုပေသီးဟု
ခေါ်သော လူတစ်ယောက်သည် ဗဟန်း
မုခ် (အရှေ့မုခ်) မှနေ၍ မုခ်ဦးစောင်း
တန်းအတိုင်း လှေကားထစ်များတစ်
လှမ်းချင်းလှမ်းတက်ရင်း ရွှေတိဂုံဘုရား
ပေါ်ရောက်လာ၏။ မုခ်ဦးစောင်းတန်း
၏ လက်ယာဘက်ခြမ်း အရိပ်အာဝါသ
ကောင်းသော ဘုရားတန်ဆောင်းတစ်ခု



ဘိုးဘိုးအောင်ဘုရားလိုဏ်ဂူဝ

www.burmeseclassic.com

တွေ့ရာ ထိုတန်ဆောင်းအတွင်း၌ ခေတ္တခဏနားပြီးနောက် တန်ဆောင်းလိုဏ်ဝအတွင်းရှိ ရုပ်ပွားတော်မြတ်အား ဆယ်ဖြာလက်အစုံဖြင့် ရှိသေစွာကန်တော့၏။ ၎င်းနောက် ခေါင်းစီးစာတန်းကလေးအား ဖတ်ကြည့်မိသောအခါ 'ဘိုးဘိုးအောင်ဘုရား' ဟု သိရလေ၏။

ကိုပေသီးရောက်ရာနေရာသည် ဘိုးဘိုးအောင်ဘုရားရှေ့ဖြစ်နေ၍ အံ့သြမိသော်လည်း သူ့အနေဖြင့် အခြေခံပညာရပ်အားနည်းသူပီပီ သူ၏အတွေးအခေါ် ဉာဏ်ပညာသည်လည်း မြင့်မြင့်မားမားတွေးခေါ်နိုင်မှုမရှိသူ ဖြစ်၏။ သူ့ထံသို့ အတွေးတစ်ခုကရောက်လာ၏။

'ဘိုးဘိုးအောင်ဆိုတာ တကယ်မရှိ။ အမှန်တကယ်ရှိတယ်ဆိုရင် ထင်ထင်ရှားရှား မ,စတာ တွေ့ချင်တယ်'

ဟု ဆုတောင်းလိုက်၏။ ပြီးတော့ ကိုပေသီး သူ့ဘဝအကြောင်း သူပြန်စဉ်းစားနေ၏။ သူလုပ်နေတဲ့အလုပ်က ကမ်းနားလမ်းပွဲရုံတစ်ခုမှ အလုပ်ကြမ်းကုန်ထမ်းရသူ ဖြစ်၏။ ယနေ့ မနက်ကပင် ပွဲရုံမန်နေဂျာနှင့် စကားများပြီး အလုပ်ထွက်လာသူဖြစ်၏။ အလုပ်ပြုတ်လာ၍ စိတ်ညစ်ညစ်နှင့် ဘုရားပေါ်တက်၊ ဘိုးတော်ဘုရားရှေ့တော်မှောက်ရောက်လာသူ ဖြစ်၏။ ဘိုးတော်တန်ဆောင်းမှ လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသို့ တစိမ့်စိမ့် ဖူးမြော်နေရင်းမှ စိတ်သက်သာရာရသော်လည်း ရေရှည် ပင်ပန်းကြီးစွာ ဘဝရပ်တည်နေရမည်ကို စိုးကြောက်ခြင်းနှင့်အတူ မပင်မပန်း အေးအေးချမ်းချမ်းနှင့် ဘဝရပ်တည်နိုင်မည့်လုပ်ငန်းမျိုး ရှာတွေ့လိုနေ၏။

ထိုစဉ် အခိုက်အတန့်၌ အသက်အရွယ်အိုမင်းနေသော အဘိုးအိုတစ်ယောက်သည် တုတ်ကောက်တစ်ချောင်းအားပြု၍ ထီးတော်ပုံစေတီအနီးမှ ဘိုးဘိုးအောင်တန်ဆောင်းသို့ ရောက်လာ၏။ ကိုပေသီးက ခရီးကြို့ပြု တွဲခေါ်၍ခေါ်ပြီး သူ၏အနီးမှာ ထိုင်စေ၍ မောပန်းနေသော အဘိုးအိုအား အနီးနားရှိ ရေကြည်တော်အသင်းရေချမ်းအိုးမှ ရေတစ်ခွက်ကိုယူ၍ ရေကုသိုလ်ယူရေတိုက်ကျွေးလေ၏။ ကိုပေသီး၏ရေကို အဘိုးအိုသည် နှစ်ခြိုက်စွာသောက်လိုက်သည်နှင့် ချက်ချင်းအမောပြေလေတော့၏။ ကိုပေသီးကိုလည်း ဆုတွေပေးလေ၏။ ရွှေတိဂုံစေတီတော်ကိုဦးတင် ဘုရားရှိခိုးပြီးနောက် အဘိုးအိုကကိုပေသီးကိုပြောလေ၏။

"မောင်ရင်၊ ဘဝမှာမပင်မပန်းဘဲ အေးအေးချမ်းချမ်း ငွေဝင်ငွေရှင်ဖို့ဆိုတာက အင်မတန်ကုသိုလ်ကောင်းမှဖြစ်မှာ။ စိတ်ကူးမယဉ်ပါနဲ့ မောင်ရင်။ လက်တွေ့ကျကျ အလုပ်ကြိုးစားပြုရင် ဘာမဆိုဖြစ်နိုင်တယ်။ ဒါပေမယ့် မောင်ရင် မပူပါနဲ့ကွယ်၊ အဘအကြံပြုတဲ့အတိုင်းလုပ်၊ အဆင်ပြေလာလိမ့်မယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့အလုပ်"

"ဘယ်လိုအလုပ်ပါလိမ့် အဘ"

"ရေကနေ ငွေဖြစ်တဲ့အလုပ်"

"ရေကနေ ငွေဖြစ်တဲ့အလုပ် ဆိုတာ. . ."

ကိုပေသီးက သူ့ရဲ့ ဆီမရှိတဲ့ဆံပင်ကြားများသို့ လက်ငါးချောင်းထည့်ပြီး တဗြိုးဗြိုးနှင့်နေအောင်ကုတ်ခြစ်နေလေရဲ့။

"မောင်ရင်က တယ်ဒုံးဝေးသကိုးကွ။ ရေကနေ ငွေဖြစ်ဆိုတာ အခုလိုပူပြင်းတဲ့ကာလမှာ လူစည်ကားတဲ့နေရာတွေမှာ ရေခဲရေရောင်း၊ တစ်ဆယ်ဖိုးရင်းရင် တစ်ရာဖိုးမြတ်တယ်ကွ"

အဘိုးအိုက ပြောပြောဆိုဆို ထိုင်ရာမှထ ဘုရားကိုလက်အုပ်ချီ နောင်တော်ကြီးဘုရားဘက်သို့ ဦးတည်ထွက်သွားတော့၏။ အဘိုးအို၏ အကြံပြုမှာကြားစကားကြောင့် ကိုပေသီးတစ်ယောက် ရှည်လျားစွာ တွေးတောနေလေ၏။ အဘိုးအိုပြောကြား စကားများပြန်လည် ကြားယောင်နေမိ၏။ သူ့အတွေးထဲမှဖြစ်ချင်သောဆန္ဒများ အဘိုးအိုအား မပြောပြပါဘဲ အလိုလိုသိနေသည်က ထူးခြားဆန်းကြယ်နေလေ၏။ မပင်မပန်း အေးအေးချမ်းချမ်းနှင့် ဘဝရပ်တည်နိုင်မည့်လုပ်ငန်းမျိုးလုပ်လိုသော သူ့ဆန္ဒအား လက်တွေ့ကျကျ အလုပ်လုပ်ပြုမှ အောင်မြင်မည် ဆိုသည်ကို လမ်းညွှန်နိုင်ခဲ့ပေပြီ။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်သည်ဆိုတဲ့ စကားတစ်ခွန်းကလည်း သူ့နားကမထွက်။ အဘိုးအို လမ်းညွှန်တဲ့အတိုင်း အလုပ်လုပ်ဖို့ဆုံးဖြတ်ချက်ချလိုက်၏။ သူတစ်ပါးခိုင်းသောအလုပ်မဟုတ်ပါဘဲ ကိုယ်ပိုင်အလုပ်ဖြစ်သည့်အတွက် မဖြစ်မနေလုပ်မည်ဟု ပိုင်းဖြတ်ထားလိုက်၏။ ဘိုးဘိုးအောင်ဘုရားကို ထိခြင်းငါးပါးဖြင့် ကန်တော့၏။ ရွှေတိဂုံစေတီတော်ကြီးကိုလည်း ရှိသေစွာကန်တော့ပြီးနောက် သူနေထိုင်ရာ ဥက္ကလာလစ်သို့ လမ်းလျှောက်ပြီးပြန်လာ၏။

ဗဟန်းအရှေ့မုခ် ရေတာရှည်လမ်းပေါ် ရောက်သောအခါ ရေပုံးမျိုးစုံရောင်းနေသော သံဖြူဆိုင်တစ်ဆိုင်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိ၍ ဝမ်းသာသွား၏။ ပြုလုပ်ပြီးသံပုံးဆိုဒ်စုံကိုလည်း ချိတ်ဆွဲပြထားသည်ဖြစ်၍ ကိုယ့်ဝန်ကိုယ့်အားနှင့် ချိန်ဝယ်ရုံသာ ဖြစ်၏။ အလုပ်မှရှင်းပေးလိုက်သော လုပ်အားခငွေနှင့် သူလိုချင်သော ရေပုံးဖိုးသည် ကွက်တိဖြစ်လေတော့၏။ ရေခဲရေရောင်းရာတွင် ရေခဲတုံးတင်မည့် ကွင်းဝိုင်းအပါအဝင် သောက်ရေခွက်များ တင်လို့ရသည့်သံလုံးဒေါက်ကလေးဝယ်ရန်တော့ ငွေမကျန်တော့။ ထိုအခါ ကိုပေသီးက ဆိုင်ရှင်ကို တောင်းတောင်းပန်ပန်ပြော၍ တစ်ပတ်အတွင်း ဆက်ဆက်မပျက်မကွက်ဆပ်ပါမည်ဟု ကတိကဝတ်ပြုအကြွေးဝယ်လာ၏။

ထိုနေ့သက ကိုပေသီးတစ်ယောက် အိပ်၍မပျော်။ စဉ်းစားတွေးတောနေမှုတွေက ညတာပိုရှည်၏။ ညဉ့်သန်းခေါင်ယံချိန်မှာ ရေခဲရေရောင်းမည့်နေရာရွေးချယ်အတည်ပြုနိုင်ခဲ့၏။ ဆူးလေဘုရားခြေရင်းက ကားမှတ်တိုင်။ ရေခဲရေရောင်းဖို့ ပြင်ဆင်ကြတော့ လွယ်လွယ်တော့မဟုတ်။ ရေခဲဝယ်ဖို့ စုံစမ်းတော့ (၂၆) လမ်း ဈေးလမ်းက ရေခဲအေးဂျင့်မှာ ရေခဲဝယ်။ ရေခဲရပြန်တော့ ထိုရေခဲကို ကြာကြာထိန်းဖို့ စပါးခွံ၊ ရေခဲထည့်ထားဖို့ ထည့်စရာ ထိုကိစ္စများရှာဖွေထည့်သိုပြီး ရေခဲရလာတော့ ရေကောင်းရေသန့်က လိုအပ်လှ၏။ ဆူးလေဘုရား လုံခြုံရေးဝန်ထမ်းတစ်ဦးထံ သောက်ရေတစ်ပုံးလောက်တောင်းမှ အဆင်ပြေ၏။ မနက်အစောကြီးကတည်းက မြို့ထဲလာ၊ ရေခဲရေရောင်းဖို့ ပြင်ဆင်လိုက်တာ (၁၀) နာရီမှာတော့ ရေခဲရေ စတင်ရောင်းချနိုင်တော့၏။ နေပူလေ ရောင်းအားကောင်းလေဖြစ်၏။ ရေကုန်၍ ရေသွားတောင်းတော့ အခက်အခဲဖြစ်၏။ ရေရောင်းတာဆိုပေမယ့် ရေငတ်သူတွေကို ရေရောင်းတာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပါတယ်ဆရာလို့ ရှင်းပြမှ ရေယူ၍ ရတော့၏။

ရွှေတိဂုံက အဘိုးအို ပြောသလို တစ်ဆယ်ရင်းလျှင် တစ်ရာမြတ်ဆိုတာ တကယ် ဖြစ်နေသောအခါ အဘိုးအိုကို တမ်းတပြီး ကျေးဇူးထင်၍မဆုံးနိုင် လက်အုပ်ချီ၍ မှန်းဆကန်တော့မိ၏။ ညနေ (၅) နာရီအထိ ရောင်းနိုင်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေကုန် ပါးစပ်မှလည်း 'ရေခဲရေရမယ်၊ ရေအေးအေးရမယ်' အော်ရ၊ ရေပြေးခပ်ရ၊ ရေခဲပြေးဝယ်နှင့် အတော်ကိုတော့ ပန်းလှ၏။ အိမ်ပြန်ရောက်တော့ ည (၈) နာရီ။ ရေမိုးချိုး၊ ထမင်းစားပြီး ကျောဆန့်လိုက်တာ ချက်ချင်း အိပ်ပျော်သွားတော့၏။ နံနက်မိုးသောက် အရုဏ်တက်သောအချိန်မှာ ကိုပေသီး အိပ်မက်မက်လေ၏။ အိပ်မက်ထဲမှာ ရွှေတိဂုံမှ အဘိုးအိုကြီးက-

'ဟေ့-ပေသီး၊ ငါ့ကိုသေချာကြည့်'

ဆိုပြီး ကြည့်ခိုင်း၏။ မျက်စိရှေ့မှာတင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ထူးဖြစ်သွား၏။

'ငါဘယ်သူဆိုတာ မင်းသိပြီလား'

ဟု ဆိုလျက် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။ ကိုပေသီးလည်း အိပ်ရာမှ ထထိုင်လိုက်၏။

'ဘိုးဘိုးအောင် ဆိုတာ တကယ်မရှိ။ အမှန်တကယ်ရှိတယ်ဆိုရင် ထင်ထင်ရှားရှား မ,စတာ တွေ့ချင်တယ်'

ရွှေတိဂုံဘုရားကြီး ဘိုးဘိုးအောင်တန်ဆောင်းမှာ သူပြောခဲ့သည့်စကား၊ သူဖြစ်ချင်သောဆန္ဒကို ပြန်သတိရလာ၏။

ဩော် - ဘိုးဘိုးအောင် ဆိုတာ အမှန်တကယ်ရှိပါလား။

ကိုပေသီးတစ်ယောက် ယုံကြည်သွား၏။ ဝိဇ္ဇာ ဆိုတာ ဝိဇ္ဇာဓရပညာရပ်များနှင့်၊ ရုပ်ပြောင်းရုပ်လွဲနှင့် လူတွေကြားမှာ သွားလာနေပါပြီကော၊

နောက်ပိုင်းရက်များတွင် ကိုပေသီးတစ်ယောက်တည်းမနိုင်တော့။ အလုပ်သမားငှားရ၏။ ရေခဲရေအကြောင်းပြု၍ ဝင်ငွေကောင်းလာသောအခါ မုန့်ပုံးများတွင် လိမ္မော်ရည်၊ ကျောက်ကျော၊ ဆေးကုလားမ စသည့်များပါ လုပ်သားများနှင့်တိုးချဲ့ရောင်းချလာရာ တစ်ခေတ်တစ်ခါက 'ဆူးလေကျောက်ကျော၊ ဆူးလေကျောက်ကျော' ဟု နာမည်ကျော်ကြား၍ တိုက်ပိုင်၊ ကားပိုင်နှင့် လောကအလယ် ဝင့်ထည်စွာ ချမ်းသာကြွယ်ဝသွားပါကြောင်း တင်ပြအပ်ပါသည်။

အသင် အသက်အရွယ်ကြီးသော အဘိုး အဘွားတို့နှင့် အမှတ်မထင် ကြုံဆုံခဲ့ပါလျှင် လိုအပ်သောအကူအညီပေးရန် မမေ့ပါနှင့်။ ကုသိုလ်ရပါသည်။

ဝိဇ္ဇာဓရပညာရပ်ဖြင့် ရုပ်ပြောင်းထားသော အဘိုးအို (အဘပထမံဘိုးဘိုးအောင်) အား မျှော်လင့်ချက်ကင်းစွာ အမှန်တကယ် အမောပြေစေလိုသော စေတနာသန့်သန့်ဖြင့် ရေအေးအေးတစ်ခွက် တိုက်ကျွေးခဲ့သော ကိုပေသီး၏ ကုသိုလ်ထူးကား . . . ။

**ပထမံ ဘိုးဘိုးအောင်၏ ဘဝခရီးလမ်း သမိုင်းမှတ်တမ်း**

ပထမံဘိုးဘိုးအောင်ကို အဘဦးမြတ်ကျော်၊ အမိ ဒေါ်ပုတို့မှ မြန်မာနှစ် ၁၁၀၉ ခုနှစ်တွင် တောင်တွင်းကြီးမြို့အပိုင် ဗိသနိုးမြို့ဟောင်းအနီး ကြက်ဆူတောရွာ၌ ဖွားမြင်တော်မူပါသည်။ သား(၃)ယောက်၊ သမီး (၂) ယောက် ဖွားမြင်တော်မူကြရာ အဘပထမံဘိုးဘိုးအောင်သည် တတိယမြောက်သားထွေးဖြစ်၏။

အသက်(၇)နှစ်အရွယ်တွင် ဖခင်သေဆုံးသောကြောင့် ဦးရီးတော်သော ဦးပဉ္စင်းဦးပညာနှင့်အတူ စာသင်သားအဖြစ် အင်းဝရွှေမြို့တော်သို့ လိုက်ပါသွားလေ၏။ အင်းဝမြို့သို့ရောက်သောအခါ နန်းဦးစာသင်တိုက်တွင် ကျောင်းအိပ်ကျောင်းစား စာသင်သားအဖြစ်ရပ်တည်ခဲ့၏။ ကျောင်းနေစာသင်သားသူငယ်ချင်းများမှာ မောင်ဝိုင်း (နောင်တွင် ဘိုးတော်ဦးဝိုင်း)၊ ရှင်သာမဏေရှင်မင်္ဂလတို့နှင့် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ခဲ့ကြ၏။ တစ်ဦးကောင်းစားလျှင်တစ်ဦးကကြည့်ဖို့ ကတိသစ္စာပြုထားကြလေ၏။ ဦးအောင်သည် ရှင်သာမဏေဘဝဖြင့် (၅) ဝါတိတိ စာဝါများ သင်ကြားခဲ့ပါသည်။ သဒ္ဒါတတ်ကျွမ်းသည်။ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းများကို အထူးပြုလေ့လာထား၏။ ရဟန်းစာ စာဝါများလိုက်နေရင်း အသက် (၂၀) ပြည့်ခါနီး ရဟန်းခံခါနီးတွင် မိခင်ကြီးနာမကျန်းဖြစ်ကြောင်း အကြောင်းကြားသဖြင့် တောင်တွင်းကြီး၊ ကြက်ဆူတောသို့ ပြန်လာခဲ့၏။ မိခင်ကြီးဆုံးပါးသွားသဖြင့် သာမဏေဘဝမှ လူဝတ်လဲကာ အင်းဝသို့ မပြန်ပါတော့ဘဲ အစ်ကိုကြီးများနှင့်အတူနေလေ၏။

**ကိုအောင် အရှူးဟု ခေါ်ကြခြင်း**

ကြက်ဆူတောတွင် ရှိစဉ်ကာလဝါသနာပါသည့်အလျောက် လေ့လာထားသော အင်း၊ အိုင်၊ မန္တန်တို့ကို ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် လေ့ကျင့်နေလေ၏။ ရွှေရောင်တောင်ဘုရားနှင့် ရွှေရောင်တောင် ဘုန်းတော်ကြီးကျောင်းကို အမှီသဟဲပြုလျက် ရွှေရောင်တော်ဘုရားကြီးတွင် ဥပုသ်ကြီး (၄၅) ရက် မကြာခဏ အဓိဋ္ဌာန်ဝင်လေ၏။ ရွှေရောင်တောင်ဘုန်းတော်ကြီး ဝေယျာဝစ္စများလည်း ဆောင်ရွက်၊ ကပ္ပိယအလုပ်ကိုလည်းလုပ်ရလေ၏။ အားသည်နှင့် အင်္ဂရုတ်ဖိုထိုးနေ၏။ အိမ်ထောင်ပြုရန် တိုက်တွန်း၍ စပ်ကြသော်လည်း မည်သည့်မိန်းကလေးမျှ စိတ်မဝင်စား။ ဘော်၊ ကြွပ်၊ သွပ်၊ ပြဒါး၊ သံတို့သာ စိတ်ဝင်စားပါကြောင်း၊ စကားပြောသည့်အခါတွင်လည်း ဖိုလ်အကြောင်း၊ ပြဒါးအကြောင်းမပါလျှင်မပြီး။ တခြားစကားမပြော၊ ထိုစကားများသာ တွင်တွင်ပြောသောအခါ ကိုအောင် ရူးနေပြီဟု ဆိုကြ၏။ ရပ်ထဲရွာထဲ အရူးဟုပြောလာသောအခါ အစ်ကိုများအိမ်တွင် မနေတော့ပါဘဲ ရွှေရောင်တောင်ဘုရားနှင့် ဘုန်းကြီးကျောင်းတွင်သာ အနေများသွားတော့၏။

**သူတစ်ပါးမလိုချင်သည့်အမွေ၊ အဖိုးမဖြတ်နိုင်တဲ့ရွှေ**

တစ်နေ့သ၌ ရွှေရောင်တော်ကျောင်းဆရာတော်ပျံလွန်လေ၏။ ထိုအခါ ပျံလွန်တော်မူသွားသော ဆရာတော်ကြီး၏ ပစ္စည်းဘဏ္ဍာတို့အား ကျောင်းမှာနေ ရဟန်းသံဃာတပည့်များကို ခွဲဝေမျှတ ပေးဝေကြရာ ဦးစွာ ရဟန်းတော်များ၊ ရဟန်းတော်များပြီးသော် သာမဏေများ၊ သာမဏေများ ပေးဝေပြီးသောအခါ ကျောင်းနေကပ္ပိယ၊ ကျောင်းအိပ်ကျောင်းစားကျောင်းသားများအလှည့် ရောက်သောအခါ သူတစ်ပါးမလိုချင်သောအရာနှင့် တန်ဖိုးနည်းပါးပစ္စည်းများ၊ ခေါင်းအုံးအဟောင်းအနွမ်း၊ သင်္ကန်းအနွမ်း၊ ဖျာအဟောင်းအမြည့်များသာရှိ၏။

ကိုအောင် အလှည့်ရောက်သောအခါ အရောင်အဆင်းမရှိ ညစ်ထေးပေရေနေသော ခေါင်းအုံးအဟောင်းကို 'ကဲ- ဒါမောင်အောင်ဝေစု' ဆိုပြီး လှမ်းပစ်ပေး၍ ခေါင်းအုံးအဟောင်းတစ်လုံး အမွေရလေ၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆရာအမွေ၊ ကိုယ်က ခေါင်းအုံးသာ ထိုက်လို့ ခေါင်းအုံးရတာ ဆိုသော အသိကလေးကပ်ပြီး ခေါင်းအုံးကို ဖက်ထားရာ အတွင်း၌ မာကျောကျောအရာတစ်ခုစမ်းမိသောကြောင့် လူသူမလာသော ဆိတ်ကွယ်ရာ ဘုရားဟောင်းဘက်သွား၍ ခေါင်းအုံးကို ဖျက်ကြည့်ရာ ကြေးပုရပိုက်တစ်ခုရရှိလေ၏။ ထိုကြေးပုရ



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ကို သေချာစွာဖတ်ကြည့်သောအခါ ထွက်ရပ်ပေါက် လုပ်ရတ်ထွက်လမ်းအမျိုးမျိုး၊ ပထမံရုပ်လမ်းအမျိုးမျိုး အစီအရင်များ ရေးသားထားသည်ကို ဖတ်ရှုရ၏။ ထို့အပြင် ရွှေရောင်တောင်ထိပ်အကြား၌နေနေသော သိဒ္ဓိရှိသောအစွမ်းထက်သည့် ကြောင်နက်တစ်ကောင်ကို ဖမ်းယူရန် နည်းဗျူဟာများပါ တွေ့ရှိရလေ၏။

**သိဒ္ဓိပေါက် ခရီးရောက်ပြီ**

ဝိဇ္ဇာဖြစ်လိုသော၊ ထွက်ရပ်ပေါက်လိုသော ဦးအောင်အတွက် ရွှေရောင်တောင် ဆရာဘုန်းကြီး၏ ကြေးပုရပိုက်သည် ဘဝတစ်ဆင့်တက်လှမ်း အောင်ပန်းပွင့်စေခဲ့လေ၏။ ပုရပိုက်ထဲမှာပါ ညွှန်ကြားချက်များအတိုင်း ဝိဇ္ဇာတို့ စီမံထားအပ်သော ကြောင်နက်၊ ထိုကြောင်နက်အသားစားရသော် လူစွမ်းကောင်းဖြစ်ကြောင်း၊ ရပ်ထဲရွာထဲမှာ လူအများသိရှိကြ၍ ထိုကြောင်နက်ကို ဖမ်းဆီးရာမည်သူမျှမစွမ်းနိုင်ဖြစ်နေ၏။ အမှန်မှာ ထိုကြောင်နက်၏ ဦးခေါင်းထဲ၌ အမြုတေရှိ၍ ဝိဇ္ဇာကြီးများ စီမံထားသည့် သိဒ္ဓိရှိသောကြောင်နက် ဖြစ်လေ၏။

ထိုကြောင်နက်ကို စောင့်ဖမ်းပြီး ရလေသော် ကြေးပုရပိုက်ပါ အစီအရင်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရာ (၃) နှစ်ခန့်အကြာတွင် သိဒ္ဓိတွေပြီးမြောက် ဝိဇ္ဇာအဖြစ်သို့ ဦးအောင် ရောက်ရှိလေတော့၏။ ဝိဇ္ဇာဦးအောင်၊ ဆရာအောင်၊ ဘိုးဘိုးအောင်ဟူသော အမည်များ ပေါ်ထွန်းလာပါတော့၏။

**ဘိုးဘိုးအောင်တန်ခိုးပြခြင်း**

ပထမံအစီအရင်ဖြင့် အောင်မြင်ခရီးရောက်ခဲ့သော ပထမံဘိုးဘိုးအောင်သည် ဝတ်ဖြူစင်ကြယ်အမြဲဝတ်၍ ပြည်မြို့ ရွှေဆံတော်စေတီတော်ရာဟုထောင့်ရှိ ဂူအတွင်း အနေများ၍-လေးထပ်ပြင်အရှေ့တောဒေသတွင် လည်းကောင်း၊ ဖိုးဦးတောင်၊ အောင်မြင်ဗာဟုတောင်နှင့် တစ်ခါတစ်ရံ ပုပ္ပားတောင်တို့တွင်လည်း လှည့်လည်သွားလာလျက်နေလေ၏။

ပထမဘိုးဘိုးအောင်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း နေရာဒေသအသီးသီး၌ တွေ့ရှိရခြင်း၊ မနေ့က ရွှေဆံတော်စေတီပေါ်တွင်တွေ့ရသော ဘိုးဘိုးအောင်သည် ပုပ္ပားတောင်ပေါ်တွင်လည်း ပြည်မြို့မှ ဘုရားဖူးများနှင့် တွေ့ရကြောင်း ပြောဆိုကြလေ၏။ ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာဓရအတတ်ပညာဖြင့်လည်း လူငယ်ပုံ၊ လူကြီးပုံ စသည်ဖြင့်ကိုယ်တိုင်မြင်တွေ့ရသူများလည်း များလှ၏။

အစ်ကို၊ အစ်မ ဆွေမျိုးများမှ ဇာတိရွာ ကြက်ဆူတောကို အလည်လာပါရန် ဖိတ်ကြား၍ သွားရောက် တွေ့ဆုံအပြီး တောင်တွင်းကြီးသို့ ဘုရားဖူးဆွေမျိုးများနှင့်ထွက်ခဲ့ရာ လမ်းခုလတ်တွင် သရက်ပင်တစ်ပင်မှ သရက်သီးများဝင်းမှည့်နေ၏။ အစ်ကိုကြီးများက ငယ်နိုင်ဖြစ်သည့် ,အားလျော်စွာ ညီငယ် ဦးအောင်ကို ခူးခိုင်းရာ ဘိုးဘိုးအောင်က လိုချင်သောအသီးကို လက်ဝါးပြ လက်ဝါးခံလိုက်သည်နှင့် ချက်ချင်း လက်ပေါ်ရောက်ရောက်လာလေ၏။ အစ်ကိုကြီးများ ဆွေမျိုးများလည်း တအံ့တသြဖြစ်ကုန်၏။ ပြည်မြို့ဝန်၏ မင်းစေတစ်ဦးထိုနေ့ မနက်ပိုင်း၌ ဘိုးဘိုးအောင်ကို တောင်တွင်းကြီး၌တွေ့ခဲ့ပြီး တာဝန်ဖြင့် ပြည်မြို့ ပြန်ရောက်သောအခါ မြို့ဝန်အား ဘိုးဘိုးအောင် မနက်က တောင်တွင်းကြီး၌ တွေ့ပုံပြောပြရာ မြို့ဝန်က မနက်ကတင် ဘိုးဘိုးအောင်ကို ရွှေဆံတော် ရာဟုထောင့်မှာ မုန့်ဆွမ်းလှူလိုက်ရ၍ အံ့သြနေကြ၏။

**ဘိုးဘိုးအောင်ကိုဖမ်းကြခြင်း**

ပထမံဘိုးဘိုးအောင်၏ သတင်းသည် အင်းဝဘုရင် ဘိုးတော်ဦးဝိုင်းထံအထိ သတင်းကြီးနေ၏။ ဘိုးတော်ဦးဝိုင်းက တန်ခိုးရှင် ပေါ်ထွန်းနေသည်မှာ သေချာနေပြီဖြစ်၍ မိမိ၏ထီးနန်းအတွက် စိတ်ပူပင်ဖြစ်နေလေ၏။ ထို့ကြောင့် ရဲမက်ဗိုလ်ပါတို့အားစေလွှတ်၍ ထိုရဲမက်တို့သည် တောင်တွင်းကြီးနယ် ကြက်ဆူတောရွာသို့ ရောက်လာကြ၏။ ဘိုးဘိုးအောင်ကို စုံစမ်းရာ မည်သူမျှ မပြောပြနိုင်၍ ဆွေမျိုးများအား ရဲမက်တို့က ဖမ်းဆီး ချုပ်နှောင်ထားလိုက်၏။ ထိုအကြောင်း ဘိုးဘိုးအောင် ကြားသိရလေ၏။ ပြည်မြို့ဝန်မှလည်း မေတ္တာရပ်ခံသဖြင့် ပထမံဘိုးဘိုးအောင်သည် လာရောက်အဖမ်းခံလေ၏။ ထိုအခါမှ ဖမ်းဆီးထားဆွေမျိုးများကို လွှတ်လေ၏။

'မောင်ဝိုင်း၊ မင်းသည့် ငါ၏ကျောင်းနေဖက် ငယ်သူငယ်ချင်း။ ငယ်စဉ်ကပြောကြား ကတိစကားများလည်း မတည်ပြီ။ ငါသည်ကား မင်းကို ကူညီစောင့်ရှောက်မည်ဟု စိတ်ကူးသဘောထားရှိသော်လည်း ဘုရင်ဖြစ်တဲ့ မောင်ဝိုင်းသည် ယနေ့ပင်လျှင် ငါ့အား ဖမ်းဆီး ခေါ်ဆောင်ကြလေပြီ'

ဘိုးဘိုးအောင်က ငယ်သူငယ်ချင်း မောင်ဝိုင်းအကြောင်း တွေးနေမိ၏။ စိတ်ထဲမကောင်းလှ။ ဝိဇ္ဇာအတတ်ပညာ ဓား၊ လှံ၊ သေနတ်၊ လက်နက် အဆိပ်ဟူသမျှပြီးစေခြင်း၊ ကိုယ်ပြောင်းကိုယ်လွှဲလုပ်နိုင်ခြင်း၊ ရွှေဖြစ်ငွေဖြစ်လုပ်ပြနိုင်ခြင်း၊ မြေလျှိုးမိုးပျံသွားနိုင်ခြင်း၊ သူတစ်ပါးအကြံကို ကြိုသိနိုင်ခြင်း စသည့် အတတ်ပညာတို့၏အစွမ်းကို ပိုင်ဆိုင်သော သိဒ္ဓိဆယ်ပါး ပြီးမြောက်ပေါက်ရောက်သည်ကို ဘိုးတော်ဦးဝိုင်း မသိ။ ဆွေမျိုးများဖမ်းဆီးခံရမှုမှ လွတ်မြောက်စေခြင်းနှင့် ရာဇဂုဏ်မောက် သွေးနားထင်ရောက်နေသော ဘိုးတော်ဦးဝိုင်းရှေ့အရောက်သွား၊ ပညာပေးဆုံးမခြင်းပြုနိုင်ရန် အဖမ်းခံလေ၏။

ဘုရင်ရဲ့ ဗိုလ်မင်းအမှုထမ်းများက ပထမံဘိုးဘိုးအောင်အား တရားခံဖမ်းသကဲ့သို့ ခြေ၊ လက်တို့အား ဖမ်းဆီးချုပ်နှောင်လုပ်ကြသောအခါ စိတ်ကောင်းရှိသော ဗိုလ်ငယ်တစ်ဦးက ဤသူသည်ကား စိတ်ကောင်း စေတနာရှိသော လက္ခဏာ၊ သူတော်ကောင်း ဖြစ်ပါလိမ့်မည်။ တရားခံ အာဏာသားကဲ့သို့ အတင်းအဓမ္မမချုပ်ကြပါနှင့်။ သည်အတိုင်းထားလည်း လိုက်ပါလိမ့်မည်ဖြစ်သည်ဟု ဆိုသော်လည်း တော်တော်များများမင်းစေရဲဗိုလ်တို့ကို တားမရ။ ဘုရင့်အမိန့်တော်အတိုင်း လုပ်ရမည်ဆိုကာ ခြေ၊ လက်တုပ်နှောင်၍ ဝမ်းဗိုက်ထဲတွင် ဝါးကပ်များနှင့်ဖိ၍ထားလေ၏။ လှေနှင့်ဆန်တက်၍ မိချောင်းရဲဆိပ်ရောက်လေ၏။ ဟားတိုက်ရယ်မောသံကြား၍ အသံလာရာကုန်းပေါ် ကြည့်ကြသောအခါ ကုန်းပေါ်မှာ အဘပထမံဘိုးဘိုးအောင် ရောက်နေသည်ကို တအံ့တသြ တွေ့ကြရ၏။

လက်အုပ်ကလေးချီပြီးနောက် ဝိုင်းတောင်းပန်ကြ၏။ သူတို့၏အသက်ကိုသနားသဖြင့် ဘုရင့်ရှေ့တော်မှောက်အရောက်လိုက်ပေးပါရန် တောင်းပန်သောအခါ ပထမံဘိုးဘိုးအောင်မှ-

"တောင်းပြီ၊ ဘုရင့်ရှေ့တော်မှောက်အထိ ငါလိုက်မည်။ ဒါပေမယ့် မင်းတို့လှေနှင့်မလိုက်၊ ကုန်းပေါ်မှလိုက်လာမည်။ မနက်တိုင်း မနက်တိုင်း ကုန်းပေါ်မှ ကိုယ်ထင်ပြပေးမည်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ မိန့်ဆိုလျက် နံနက်တိုင်း ကမ်းပေါ်မှ ကိုယ်ယောင်ပြရင်း လိုက်ပါလာရာ အမရပူရ မင်းနေပြည်တော်ဆိပ်သို့ ရောက်သောအခါ ပထမံဘိုးဘိုးအောင်အား မင်းစေခံ ရဲဗိုလ်များက တောင်းပန်ကြ၏။ အချည်အနှောင်မပါဘဲ ခေါ်ခဲ့သော် မင်းအမျက်ရှမည်စိုးသောကြောင့် ချည်နှောင်၍ လိုက်ခဲ့ပေးပါရန်နှင့် တောင်းပန်ကြလေ၏။

## ဘိုးဘိုးအောင်အား မြေမြှုပ်သတ်ကြခြင်း

ဘိုးတော်ဦးဝိုင်းမှလည်း ဘိုးဘိုးအောင်ကို ဖမ်းလာမည့် နေပြည်တော်အဝင်လမ်းမှာ ကျင်းနက်နက်တူးစေ၍ ထောင်ချောက်လုပ် အကွက်ဆင်ကာ ဘိုးဘိုးအောင် ကျင်းထဲကျသည်နှင့် ချက်ချင်း မြေမြှုပ်သတ်ရန် စီစဉ်ထားလေ၏။ စစ်သည်ရဲမက်များလည်း ဘိုးတော်ဦးဝိုင်း စီစဉ်သည့်အတိုင်း ချောက်ထဲသို့ ဘိုးဘိုးအောင် ပြုတ်ကျသည်နှင့် မြေကြီးဖို့၍သတ်လိုက်ကြ၏။ ဘိုးတော် ဦးဝိုင်းက ပထမံဘိုးဘိုးအောင်ကို မြေမြှုပ်သတ်နိုင်၍ ဝမ်းမြောက်ဝမ်းသာစွာ ပလ္လင်ပေါ်မှာဖြင့် -

"ဘာတတ်နိုင်သေးလဲ ငအောင်၊ ခုတော့လည်း တန်ခိုးရှင်သေပါပြီကော"

ဟု ဆိုပြီးသည်နှင့် ပထမံဘိုးဘိုးအောင်သည် ဘိုးတော်ဦးဝိုင်း၏အနီး ပလ္လင်ပေါ်တွင် ဘွားခနဲ ပေါ်လာပြီး -

"မောင်ဝိုင်း၊ မင်းလို ကတိသစ္စာမတည်တဲ့သူကသတ်လို့ သေမလားကွ။ မင်းစည်းစိမ်ဆိုတာ လမ်းဘေးက အိမ်သာအဆင့်လောက်ပါကွာ။ ဘဝင်မြင့်မနေပါနဲ့။ မင်းငါ့ကိုသတ်ဖို့မဆိုထားနှင့်၊ ငါရေးတဲ့ 'ဝ' တစ်လုံးပျက်အောင် မင်းဖျက်နိုင်ပါဘူးကွာ"

ဟု ဘိုးဘိုးအောင် ဆိုလေသော် အင်းဝဘုရင် ဘိုးတော်ဦးဝိုင်းသည် မျက်ကြီးမတ်ရာ သေနာပတိ မင်းညီမင်းသားများရှေ့၌ အပြောခံရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီးသကာလ-

"မင်း ရေးစမ်း ။ မင်းကဘာမို့လို့လဲ၊ ငါရအောင် ဖျက်မယ်"

ဟု ဆိုလျက် ပုရပိုက်နှင့် ကံ့ကူဆံကို ပေးလေ၏။ ဘိုးဘိုးအောင်က 'ဝ' တစ်လုံးရေးလိုက်၏။ ဘိုးတော်ဦးဝိုင်းက ဖျက်လိုက်ရာ နှစ်လုံးဖြစ်သွား၏။ ထိုနှစ်လုံးကို ဖျက်လိုက်ရာ လေးလုံးဖြစ်သွား၏။ ထိုသို့ ဖျက်တိုင်းဖျက်တိုင်း နှစ်ဆတိုးလာရာ ပုရပိုက်တစ်ခုလုံးတွင်မက နန်းနံရံ နန်းကြမ်းပြင် စသည်ဖြင့် နန်းတော်တစ်ဆောင်လုံး 'ဝ' တွေ ပေါ်လာပါတော့၏။ နောက်ဆုံးမှာ အင်းဝဘုရင် ဘိုးတော်ဦးဝိုင်းသည် အားမတန်၍ မာန်လျှော့ရသည့်ပမာ ဝမ်းနည်းစွာဖြင့် လက်လျှော့ရလေတော့၏။

ဘိုးဘိုးအောင်သည် မင်းညီမင်းသားတို့ရှေ့မှာ သိက္ခာကျသွားသော ငယ်သူငယ်ချင်းအား နှစ်သိမ့်စေခြင်းငှာ-

"ကဲ - မောင်ဝိုင်း၊ အသင်သည် ငါ့ကိုသတ်ချင်နေပေလိမ့်မည်။ ငါ့ကို ဘယ်သောအခါမှသတ်၍ရမည်မဟုတ်။ တစ်ယောက်သတ်ရင် နှစ်ယောက်ပေါ်မယ်၊ လေးယောက်ပေါ်မယ်။ ဦးအောင်တွေ၊ ဘိုးဘိုးအောင်တွေ အများကြီးပေါ်မယ်။ အဲဒီတော့ ငယ်သူငယ်ချင်း ဆန္ဒပြည့်ရအောင် မင်းစိတ်ကျေနပ်အောင် ငါ့ကိုသတ်မယ်ဆိုရင် ကျွန်းသားသစ်တုံးကြီးထွင်းဖောက်၍ ငါ့ကိုထည့်ပြီး အသေအချာအပိုင်ပိတ်၊ ကျောက်တုံးကျောက်ခဲတွေဆွဲပြီး ရေသို့ချပါ"

ဆိုပြီး မိန့်သောအခါ ဦးဝိုင်းက ဝမ်းသာစွာ ချက်ချင်း စီစဉ်ပြီး ဘိုးဘိုးအောင်အား ရေချသတ်လိုက်ပါတော့၏။

## သတ်၍မသေ အသက်ရှည် သိဒ္ဓိတွေတိုး ပထမံတန်ခိုး

ဘိုးဘိုးအောင် သေပြီ ဆိုသောသတင်းသည် ချက်ချင်း တောမီးပမာပျံ့နှံ့ခြင်းအတူ ဘိုးဘိုးအောင်ကို စဖမ်းလာစဉ်က လှေပေါ်ကို ကြိုးမချည်ပါနှင့် သူတော်ကောင်းပါဟု တားခဲ့သော မင်းစေ ဗိုလ်ကလေးအိမ်တွင် ပထမဘိုးဘိုးအောင်ကို တွေ့ရခြင်း၊ ဘိုးတော်ဦးဝိုင်းသား တောင်ငူမင်းနှင့် စစ်ကိုင်းရွှေကြက်ယက်တွင်တွေ့၍ တန်ခိုးပြသောသတင်းများ၊ ပြည်မြို့ ရွှေဆံတော်ဘုရား ရာဟုထောင့် ဇရပ်တစ်ခုတွင် ခွေးထီး ခွေးမ (၅၀၀) ဖိတ်ကြား၍ ထမင်းချက်ကျွေးသောသတင်းများ၊ ထမင်းချက်ကျွေးရာတွင် အလှူခံခြင်းမရှိ ဆန်တစ်ခွက်တည်းနှင့် ခွေး (၅၀၀) ကို အဝ မကြာခဏကျွေးသောသတင်းများ၊ ပြည်ရွှေဆံတော်ဘုရားကြီးထီးတော်၌ သံသေခေါင်းလောင်းလှူဒါန်းပုံများ၊ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံစေတီတော်အထက်ပစ္စယံ၌ ဆုတောင်းပြည့်သော တဝဂ္ဂုပတ္တာမြားမျက်ရှင်ရုပ်ပွားတော်မြတ်တည်ထားပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်အရှေ့မုခ်အနီးတွင် ပြည်သူပြည်သားတပည့်များ ကျန်းမာချမ်းသာပါစေ ရည်ရွယ်၍ ဆုတောင်းပြည့် ဘိုးဘိုးအောင်ဘုရား တည်ထားပူဇော်ခြင်း ဟူသော သတင်းစကားများနှင့်အတူ 'မင်းငါ့ကိုသတ်ခြင်းငှာ မည်သည့်အခါမျှ စွမ်းနိုင်မည်မဟုတ်ပါ' ဟု ဘုရင်ဦးဝိုင်းအား ပြောကြားခဲ့သော အဘပထမံဘိုးဘိုးအောင်သည် ဝိဇ္ဇာဓရ ဂန္ဓာရီအတတ်ပညာ ရုပ်ပြောင်းရုပ်လွှဲများစွာဖြင့် ပထမံတန်ခိုးသိဒ္ဓိအမျိုးမျိုးနှင့် ယနေ့တိုင် ရတနာ(၃)ပါး ဦးထိပ်ထားသူ၊ သီလစောင့်ထိန်းသူ၊ မိဘလုပ်ကျွေးသူ စသည်ဖြင့် စိတ်ကောင်းနှလုံးကောင်းထားသူများအား မ,စစောင့်ရှောက်လျက်ရှိပါကြောင်း သတင်းကောင်းပါးရင်း ဓမ္မမိတ်ဆွေများအနေဖြင့် မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် အခက်ခဲတစ်ရပ်နှင့် အကျပ်အတည်းဆိုက်နေပါက ရွှေတိဂုံစေတီတော်အရှေ့မုခ် ရေကြည်တော်အသင်း တန်ဆောင်းအနီး ထီးတော်ပုံစေတီတော်၏ အရှေ့ဘက်အရပ်မှာတည်ရှိ 'ဘိုးဘိုးအောင်ဆုတောင်းပြည့်' ဘုရားရှေ့အရောက်သွား ပွဲကပ်လှူ ဆုတောင်း၊ စိတ်ကြဲသမျှ အဓိဋ္ဌာန်ပြုကြပါ။ လိုရာပြီးမြောက် ခရီးရောက်ကြပါလိမ့်မည်။

ပထမံတန်ခိုး သိဒ္ဓိအမျိုးမျိုးဖြင့် စီးပွားတိုးကြပါစေ။

*မေတ္တာများစွာဖြင့်*

ကံဝင်း

## ကျမ်းကိုးစာရင်း


၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထုတ် မြတ်ရွှေတိဂုံ နှစ်(၂၆၀၀) ပြည့်စာအုပ်
၂။ ဦးမြဝင်း (ရွှေဆံတော်ဂေါပက) စီစဉ်သည့် မဟာပဌမံဘိုးဘိုးအောင် အတ္ထုပ္ပတ္တိ
၃။ မင်းသော်တာရေး ထူးမြတ်သော ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး
၄။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာမှုများ




www.burmeseclassic.com

www.burmeseclassic.com

"တောက်"

နိုင်ကျော်လှတစ်ယောက် ကျယ်လောင်စွာ တောက်ခေါက်လိုက်ပြီး လက်ထဲမှဖဲချပ်များကိုပစ်ချလိုက်သည်။ ဝိုင်းစကတည်းက တစ်ခါမှမကောင်းခဲ့တဲ့ဖဲ၊ ပါသမျှပိုက်ဆံကုန်သွားတာအောင်တစ်ပွင့်၊ နှစ်ပွင့်က တက်မလာသည့်ဖဲကြောင့် စိတ်ပျက်လက်ပျက်နှင့် ဝိုင်းမှထလိုက်ရသည်။

"ဟေ့ကောင် ကျော်လှ၊ မင်းငါ့ဆီက ချေးထားတဲ့ပိုက်ဆံ ဘယ်တော့ပြန်ပေးမှာလဲ"

သူကြီးသား ထိန်ဝင်း၏ စကားကြောင့် နိုင်ကျော်လှက -

"အေးပါ ထိန်ဝင်းရာ၊ ငါလည်း ဒီဝိုင်းမှာ·နိုင်လိုက်ရင် မင်းပိုက်ဆံပြန်ဆပ်မလို့ပါကွာ။ အခုက မင်းမြင်တဲ့အတိုင်းပဲလေ။ ငါ့မှာ ပါသမျှလည်း ကုန်ပြီကွ"

"အေး - မင်းရှုံးတာ၊ နိုင်တာ ငါနဲ့မဆိုင်ဘူး။ ငါလိုချင်တာ မင်းချေးထားတဲ့ ငါ့ပိုက်ဆံပဲ။ ဖဲဝိုင်းကပိုက်ဆံ ဖဲဝိုင်းမှာပဲ ဆပ်မယ်ဆိုတဲ့ အပေါက်မျိုးတော့လာမချိုးနဲ့။ ဓားထိန်ဝင်းအကြောင်း မင်းလည်း သိပါတယ် နိုင်ကျော်လှရာ"

"သိ. . . သိပါတယ် ထိန်ဝင်းရာ။ မင်းပိုက်ဆံကို ငါမနက်ဖြန်ရအောင်ရှာပြီး ပြန်ဆပ်ပါ့မယ်ကွာ"

လေသံမာမာနှင့် ပြောလာသော ထိန်ဝင်းစကားကြောင့် နိုင်ကျော်လှက မနက်ဖြန်ပြန်ဆပ်မည်ဟု ပျာပျာသလဲ ကတိပေးလိုက်ရသည်။ ကတိမပေးလို့လည်း မဖြစ်။ ထိန်ဝင်းဆိုတဲ့ကောင်က သူ့အဖေသူကြီးအရှိန်နှင့်ဓားမြှောင်တစ်ချောင်း ခါးကြားထိုးကာ ထင်တိုင်းကြဲနေသူ ဖြစ်သည်။

"အေး-မနက်ဖြန်နော်၊ မနက်ဖြန်။ မင်းကတိမင်းတည်ပစေနော်။ မနက်ဖြန်မှ ငါ့ပိုက်ဆံပြန်မရရင် ငါ့ခါးကြားထဲက ဓားမြှောင်ကမင်းဗိုက်ထဲရောက်လာလိမ့်မယ် ဟား ဟား ဟား ဟား"

ရွာအဝင်ရေကန်ကြီးနားရောက်သည်အထိ ထိန်ဝင်း၏ရယ်သံကို နားထဲတွင် ကြားယောင်နေမိသည်။ နိုင်ကျော်လှ၏ရင်တွေ ပူလောင်လာသည်။ မနက်ဖြန်အတွက် ပိုက်ဆံဘယ်ကရမလဲ။ အလုပ်အကိုင်မရှိ သောက်လိုက်၊ စားလိုက်၊ ကြက်တိုက်လိုက်၊ ဖဲရိုက်လိုက်နေလာသော နိုင်ကျော်လှအဖို့ ပိုက်ဆံရစရာလမ်းမမြင်။ ခိုးရောင်းနေကျ အမေ့စပါးပုတ်ထဲမှာလည်း စပါးမရှိတော့။ အမေတောင် ဝမ်းစာစပါးမရှိတော့လို့ အဘိုးတို့ဆီက သွားယူစားနေရသည်။ အမှန်တော့ အစ်မကို ခွဲဝေပေးပြီးသည့် အပြင် အဖေထားခဲ့သောလယ်တွေက နိုင်ကျော်လှတို့ သားအမိနှစ်ယောက် ကောင်းစွာ စားနိုင်လောက်သည်။ အသောက်အစားနှင့် လောင်းကစားခုံမင်လွန်းသော နိုင်ကျော်လှကြောင့် အမေ့ခမျာ သူများလယ်မှ ကောက်စိုက်လိုက်၊ သူရင်းငှားဝင်လုပ်လိုက်နှင့် လုံးချာလိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးကျော်လှ၊ ဦးကျော်လှ"

"ဦးကျော်လှ ဘယ်ကပြန်လာတာလဲ၊ သမီးခေါ်နေတာမကြားဘူးလား"

ခေါ်သံကြောင့် လှည့်ကြည့်မိတော့ ရေကန်စပ်နားမှာ လက်ထဲတွင် ကြာပန်းတစ်ပွင့်ကိုကိုင်ထားသော အေးမာကို တွေ့ရလေသည်။ အေးမာက နိုင်ကျော်လှအစ်မ၏သမီး ဖြစ်သည်။ ရှစ်နှစ်သာရှိသေးသော်လည်း သွက်လက်ချက်ချာပြီး အင်မတန်လိမ္မာသော ကလေးမလေး ဖြစ်သည်။

"ဟဲ့ - နေဝင်တော့မယ်။ ဒီအချိန်ကြီး ရေကန်စပ်မှာ နင်ဘာလုပ်နေတာလဲ"

"ကြာပန်းလာခူးတာ ဦးလေးရဲ့။ သမီးကို ကြာပန်းတွေလာခူးပေးပါလား။ ဘုရားတင်ချင်လို့ပါ"

ချစ်ဖွယ်လှမ်းအော်ပြောလာသော အေးမာလေးကြောင့် နိုင်ကျော်လှ ရေကန်ကြီးဆီသို့ ဆင်းလာလိုက်သည်။ ရောင်ဝါဖျော့လာသော နေမင်းကြီးကြောင့် ရေကန်ပတ်ဝန်းကျင်က မှောင်ရီပျပျဖြစ်နေ၏။ ကန်စပ်မှာရပ်ရင်း မိမိကို စောင့်နေသော အေးမာကို တွေ့ရသည်။ ဖါဖျော့ဖျော့ ကျရောက်နေသော နေရောင်က ဆံရစ်ဝိုင်းကလေးနှင့် ချစ်စဖွယ်ကောင်းနေသော အေးမာ၏ မျက်နှာပေါ်သို့ ကျရောက်နေ၏။

"ဦးလေး တွေ့လား။ ကန်စပ်ကဟို ကြာပန်းကြီးကို သမီးကိုခူးပေးနော်"

ခေါင်းကလေးတခါခါနှင့် ပြောနေသော အေးမာလေး၏ နားဆီမှ နားတောင်းလေးကို နိုင်ကျော်လှ သတိထားလိုက်မိသည်။ ဒီနားတောင်းလေးကို နိုင်ကျော်လှ ကောင်းကောင်းသိသည်။ အမေငယ်စဉ်ကဝတ်ဆင်ခဲ့သော နားတောင်းလေး ဖြစ်သည်။ အစ်မအိမ်ထောင်ကျပြီး အေးမာလေးကို မွေးလာတော့ အမေက သူ့မြေးဖြစ်သူ အေးမာလေးကိုဆင်ပေးခဲ့ခြင်း ဖြစ်သည်။

"ဒီနားတောင်းလေးက အခုပေါက်ဈေးနဲ့ဆို ဘယ်လောက်တန်မလဲ"

ဟူသော အတွေးနှင့်အတူ ဖဲဝိုင်း၌ အကြွေးတောင်းခဲ့သော ထိန်ဝင်း၏ မျက်နှာကိုပါ မြင်ယောင်မိ၏။ ထိန်ဝင်း၏ အကြွေးမဆပ်နိုင်ပါက ဒီရွာနှင့်ဝေးရာကိုပြေးမှဖြစ်ပေမည်။ ဒီရွာကပြေးလို့တော ဘယ်သွားနေမလဲ။ ဘာအလုပ်မှ မည်မည်ရရမလုပ်တတ်သော နိုင်ကျော်လှအတွက် ဒီရွာကထွက်သွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ ချာချာလည်နေသောအတွေးတို့နှင့် သက်ပြင်းလေးလေးကိုချလိုက်မိလေသည်။ အေးမာလေးကတော့ နိုင်ကျော်လှ၏အတွေးကို မသိရှာ။ ရေကန်စပ်၌ ပွင့်နေသော ကြာပန်းကြီးကို ငေးမောကြည့်ရှုနေရင်းက -

"ဦးလေးကျော်လှ၊ ဘာတွေငေးနေတာလဲ။ သမီးကို ကြာပန်းတွေခူးပေးလေ"

"အေးအေး - ခူးပေးပါ့မယ်။ ဒါနဲ့ သမီးနားတောင်းလေးက လှလိုက်တာ။ ဦးခဏကြည့်ပါရစေနော်"


ပြောပြောဆိုဆို နိုင်ကျော်လှက အေးမာ၏ လည်ကုပ်ကို ဆုပ်ကိုင်လိုက်ပြီး နားရွက်ရှိ နားတောင်းကို အားဖြင့်ဆွဲယူလိုက်သည်။

"အ. . . အား ဦလေးကျော်လှ ဘာလုပ်တာလဲ။ အား. . . နာတယ်"

အေးမာလေး၏ နာကျင်စွာအော်သံနှင့်အတူ နားတောင်းတစ်ဖက်က နိုင်ကျော်လှ၏ လက်ထဲသို့ ပါလာ၏။ နိုင်ကျော်လှက အေးမာ၏ လည်ကုပ်ကို ကိုင်ထားသောလက်ကို မလွှတ်သေးဘဲ ကျန်ရှိနေသေးသော နားတောင်းတစ်ဖက်ကို ဖြုတ်ယူရန် ကြိုးစားလိုက်ပြန်သည်။ အေးမာက ကြောက်လန့်တကြား ရှန်းကန်အောက်ဟစ်လိုက်၏။ နိုင်ကျော်လှက လက်တစ်ဖက်ဖြင့် အေးမာ၏ ပါးစပ်ကို ပိတ်ကာ ကျန်လက်တစ်ဖက်က

# သထုံ-ပေါ်ပေါ်

## လူဝင်စားရဲ့ကာလဲ့စား



www.burmeseclassic.com

လည်ပင်းကိုသိုင်းဖက်လျက် ရေကန်ထဲဆီသို့ ဆွဲခေါ်ဆင်းလိုက်ပြီး အေးမာ၏ကိုယ်လုံးလေးကို ရေထဲသို့နှစ်ထားလိုက်၏။

မကြာမီ ကြောက်လန့်တကြား ရုန်းကန်နေသော အေးမာ၏ ခန္ဓာကိုယ်က တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။ အေးမာတစ်ယောက် ငြိမ်သက်သွားမှ နားတောင်းကို ဖြုတ်ယူလိုက်ပြီး အေးမာ၏ ခန္ဓာကိုယ်လေးကို ရေကန်ထဲရှိ ကြာရိုးကြာနွယ်များအောက်သို့ ထိုးထည့်သွားလိုက်၏။ ပြီးမှ အေးမာထံက ဖြုတ်ယူထားသော နားတောင်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး ရွာနောက်ဆီမှ လှည့်ပတ်ကာ အိမ်သို့ပြန်လာခဲ့လိုက်သည်။

*

"မွေးပြီဟေ့။ ဟယ် - အမြွာလေးတော့။ မိန်းကလေးအမြွာဟေ့"

အိမ်ထဲမှ ထွက်ပေါ်လာသော အမေ၏အော်သံကြောင့် စောအယ်ထူး အိမ်ပေါ်သို့ အပြေးတက်သွားလိုက်သည်။ မီးနေခန်းထဲမှ ထွက်လာသော အမိုး၏လက်ထဲတွင် ပုဆိုးပိုင်းနှင့်ထုပ်ထားသော ချစ်စဖွယ်ကလေးနှစ်ယောက်ကို တွေ့ရ၏။

"အမိုး၊ ငါ့မိန်းမကော နေကောင်းရဲ့လား"

အမေ့လက်ထဲမှ နီတာရဲကလေးနှစ်ယောက်ကို ကြည်နူးစွာကြည့်ရင်း မေးလိုက်သော စောအယ်ထူးစကားကြောင့် မိခင်ဖြစ်သူက စောအယ်ထူးအား မျက်စောင်းထိုးလိုက်ရင်းက -

"ကောင်းပါ့။ ကောင်းပါ့ - နင်က အခုမှ နင့်မိန်းမကို စိုးရိမ်ရတယ် ဟုတ်လား"

အမိုး၏ စကားကြောင့် မကြာခဏမူးပြီး မိန်းမကို ပြဿနာရှာတတ်သော စောအယ်ထူးတစ်ယောက် ဖြုံးဖြုံးဖြိုးဖြိုးဖြင့် -

"အခု ငါ့ကလေးတွေ ငါတို့ဆီ ရောက်လာပြီလေ။ နောက်ငါအရက်မသောက်တော့ဘူးဟေ့"

"အေးအေး-ငါစောင့်ကြည့်ဇလေ့။ ဟုတ်ရင်တော့ဟုတ်နော်။ မဟုတ်ရင် ငါနဲ့တွေ့မယ်"

သမီးလေးနှစ်ယောက် စောအယ်ထူးဘဝထဲရောက်လာကတည်းက စောအယ်ထူးက မိမိစကားအတိုင်း အရက်မသောက်တော့ပေ။ သမီးလေးနှစ်ယောက်ကို အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်ခဲ့၏။ ခက်တာက တဖြည်းဖြည်း ကြီးပြင်းလာသော သမီးလေးနှစ်ယောက် စလုံးက စောအယ်ထူးတို့ လင်မယားနှစ်ယောက်လုံးကို ခင်တွယ်ခြင်းမရှိ။ ရွာလမ်းမကြီးကိုသာငေးကြည့်ရင်း တွေဝေငေးငိုင်နေတတ်ကြသည်။ သူတို့ညီအစ်မ အချင်းချင်းကျတော့ အင်မတန်ချစ်ခင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံတတ်။ တစ်ယောက်နှင့်တစ်ယောက်မတွေ့ရပါက ဘယ်လိုမှ ချော့မရနိုင်အောင် လူးလိမ့်ငိုကြွေးကြသည်။ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက်တွေ့ရမှ အငိုတိတ်ပေတော့သည်။

သမီးကလေးနှစ်ယောက် စကားစပြောတတ်လာတော့ စောအယ်ထူးတစ်ယောက် ပိုမိုဝမ်းနည်းရလေ၏။ စောအယ်ထူးမိန်းမကတော့ သမီးနှစ်ယောက်ကြွယ်ရာမှာ မျက်ရည်ကျနေရလေ့ရှိသည်။ သမီးနှစ်ယောက်ကိုလည်း နားမလည်နိုင်အောင်ဖြစ်ရသည်။ အချိန်ရှိတိုင်း ရွာနှင့်မနီးမဝေးရှိ သံလွင်မြစ်ကြီး၏ တစ်ဖက်ကမ်းသို့ ငြိမ်သက်စွာငေးမောကြည့်ရှုနေတတ်၏။ အိမ်သို့ပြန်ခေါ်လာတိုင်း -

"ဒါသမီးတို့အိမ်မဟုတ်ဘူး။ သမီးတို့ရွာလည်းမဟုတ်ဘူး"

"ဒီဖေဖေနဲ့ မေမေကလည်း သမီးတို့ ဖေဖေနဲ့ မေမေ မဟုတ်ဘူး"

သမီးနှစ်ယောက်၏စကားကြောင့် စောအယ်ထူးမိန်းမက ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ရင်း -

"သမီးတို့နှစ်ယောက်လုံးက အမိုးရဲ့သမီးတွေလေ။ အမိုးကိုယ်တိုင် ဟောဒီဗိုက်ကြီးထဲကနေ သမီးတို့ကိုမွေးခဲ့တာလေ။ အမိုးကိုယ်တိုင် သမီးတို့ကို နို့တိုက်ခဲ့တာလေ။ စဉ်းစားပါဦး သမီးတို့ရယ်"

"အမိုးမွေးခဲ့တယ်ဆိုတာ ဟုတ်တယ်။ ဒါပေမယ့် သမီးတို့ရဲ့ အဖေနဲ့ အမေက ဒီသံလွင်မြစ်ကြီးရဲ့ အနောက်ဘက်ကမ်းမှာရှိသေးတယ်။ သမီးတို့ အသွားလည်း အဲဒီမှာရှိတယ်"

သမီးနှစ်ယောက်၏စကားကြောင့် စောအယ်ထူးက သံလွင်မြစ်ကြီး၏ တစ်ဖက်ကမ်းသို့ ရီဝေစွာ လှမ်းကြည့်လိုက်မိသည်။

"ကဲပါ သမီးတို့ရယ်၊ အခု ထမင်းပြန်စားရအောင်နော်။ နောက်အဖေတို့ အလုပ်အားရင် သံလွင်မြစ်ကြီးရဲ့ တစ်ဖက်ကမ်းကိုသွားကြည့်ကြတာပေါ့"

သမီးလေးနှစ်ယောက်က အသက်ရှစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ စာသင်ရမည့် အရွယ်ရောက်သော်လည်း သမီးတို့၏ အခြေအနေကြောင့် ကျောင်းမပို့နိုင်ခဲ့။ အိမ်တွင်ထားပြီး မျက်စိဒေါက်ထောက်ကြည့်နေရသည်။

"အမိုးရယ်၊ သမီးတို့ကို သံလွင်မြစ်တစ်ဖက်ကမ်းက သမီးတို့ရွာလိုက်ပို့ပေးပါနော်၊ သမီးတို့ တောင်းပန်ပါတယ်။ အဲဒီရွာမှာ သမီးတို့လုပ်စရာတစ်ခုရှိလို့ပါ။ သမီးတို့လုပ်စရာရှိတာလုပ်ပြီးရင် ဘယ်မှမသွားတော့ဘဲ အမိုးတို့နဲ့တစ်သက်လုံး အတူတူနေပါ့မယ် အမိုးရယ်"

ကြည်လင်သော မျက်ဝန်းတွင် မျက်ရည်ကြည်တို့တွဲခိုရင်း ပြောလာသောသမီးနှစ်ယောက်ကို စိတ်မကောင်းစွာကြည့်ရင်း စောအယ်ထူးတို့လင်မယား ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်မိတော့သည်။

*

သံလွင်မြစ်ကြီးကို ကျော်ဖြတ်လိုက်သည်နှင့် မြင်ကွင်းက ပြောင်းလဲသွားသည်ကို တွေ့ရသည်။ တွေ့နေကျ တောင်ကုန်း၊ တောင်တန်းတွေအစား ကျယ်ပြန့်သော လွင်ပြင်ကြီးကို တွေ့ရသည်။ ရင့်မှည့်စပြုနေပြီဖြစ်သော စပါးခင်းကြီးကိုလည်း မျက်စိတစ်ဆုံး တွေ့ရသည်။ သမီးနှစ်ယောက်ပြောပြသည့်အတိုင်း မေးမြန်းဖြတ်ကျော်လာခဲ့သော ရွာများကလည်း ကျယ်ပြန့်သောမြေပြင်တွင် တည်ထောင်ထားသောရွာများ ဖြစ်ကြသည်။ ကြီးမားသော ခြေတံရှည်နှစ်ဆောင်ပြိုင်အိမ်ကြီးများကို တွေ့ရသည်။ ရွာမှလွဲ၍ ဘယ်ကိုမှမသွားဘူးသော စောအယ်ထူးတို့လင်မယားအဖို့ မြင်မြင်သမျှ အထူးအဆန်းပင် ဖြစ်နေသည်။

တစ်လမ်းလုံး ပျော်ရွှင်စွာ စကားတွေ ဖောင်ဖွဲ့လာသောသမီးနှစ်ယောက်တို့ကြောင့် စောအယ်ထူးတို့ လင်မယားတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။

"ဒီရွာလား သမီး"

"ဟုတ်တယ် အမိုး ဟုတ်တယ် ဒါ သမီးတို့ ရွာပဲ"

ပြောပြောဆိုဆို ရှေ့ကပြေးထွက်သွားသော သမီးနှစ်ယောက်ကိုကြည့်ရင်း-

"ဟဲ့ဟဲ့ - ဖြည်းဖြည်းသွား အမိုးတို့ကိုစောင့်ဦးလေ"

ရွာအဝင်လမ်းမကြီးကို ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com

စွာတွေ့ရ၏။ သမီးတို့ပြောခဲ့သည့်အတိုင်း ရွာထိပ်တွင် ကြာပန်းများနှင့် ပြည့်နေသော ရေကန်ကြီးကိုလည်း တွေ့ရသည်။

"မိန်းမရေ ငေးမနေနဲ့ လိုက်ကြရအောင်။ ဟိုမှာအိမ်ပေါ်ပြေးတက်သွားပြီ။ ဒုက္ခပါပဲ၊ ဘယ်သူ့အိမ်လို့အိမ်မှန်းမသိကွာ"

စောအယ်ထူးက ပြောပြောဆိုဆို မိန်းမဖြစ်သူ၏ လက်ကိုဆွဲရင်း သမီးနှစ်ယောက်တက်သွားသော အိမ်ပေါ်သို့ လိုက်တက်လိုက်ကြသည်။ အိမ်ပေါ်တွင် သမီးနှစ်ယောက်နှင့် ဖက်ငိုနေသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ရသည်။

အမျိုသမီးကြီးက -

"နေပါဦး၊ သမီးတို့နှစ်ယောက်ထဲက အမေ့သမီးအေးမာက ဘယ်သူလဲ"

"အမေကလည်း၊ သမီးတို့နှစ်ယောက်လုံးက အေးမာပဲလေ"

ပြိုင်တူပြောလိုက်သော သမီးနှစ်ယောက်ကြောင့် အားပါးတရပြုံးလိုက်ပြီး သမီးတို့ကို ပွေ့ဖက်ထားလိုက်၏။

မကြာမီ ရွာထိပ်က ရေကန်ကြီးတွင် ရေနစ်သေသွားသော အေးမာဝင်စားသည့်ညီအစ်မ ရောက်နေကြောင်း တစ်ရွာလုံးသို့ ပျံ့နှံ့သွားတော့သည်။ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများကို ညီအစ်မနှစ်ယောက်က မှန်မှန်ကန်ကန် ပြောဆိုနှုတ်ဆက်နေသောကြောင့် တစ်ရွာလုံးက အံ့ဩမဆုံးဖြစ်နေကြတော့သည်။

⁂

"အေးမာဝင်စားတဲ့ ညီအစ်မနှစ်ယောက် ရောက်နေတယ်"

ဟူသော သတင်းစကားက နိုင်ကျော်လှ၏ရင်ကို ဗလောင်ဆူစေသည်။ အဖြစ်အပျက်တို့က ရှစ်နှစ်တိတိကြာခဲ့ပြီ၊ ပုပ်ပွပြီး လူရုပ်မပေါ်တော့မှ ပေါ်လာသော အေးမာအလောင်းကြောင့် အားလုံးက ရေနစ်သေဆုံးသည်ဟုသာ သတ်မှတ်ထားကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ သူ့အပေါ် သံသယဖြစ်ခဲ့ကြသော်လည်း ကိုယ့်လိပ်ပြာကိုယ်မယုံသူပီပီ ရွာတွင်အမြဲမနေတော့ဘဲ သစ်ထုပ်ကြီးဘဝဖြင့် သံလွင်မြစ်ရိုးတစ်လျှောက် သစ်ဖောင်နောက်လိုက်နေခဲ့သည်။ လွန်ခဲ့သော ရှစ်နှစ်အတွင်း ရွာသို့ တစ်ခေါက်မှ မပြန်ဖြစ်ခဲ့။ အခုတော့ ပြန်မှဖြစ်ပေတော့မည်။

နိုင်ကျော်လှ ရွာထိပ်ရောက်တော့ မှောင်စပြုနေပြီ ဖြစ်သည်။ မိမိရွာပြန်လာတာကို ဘယ်သူမှမသိစေချင်။ အေးမာဝင်စားသည်ဟူသော ကလေးမလေးကို တိတ်တဆိတ် လေ့လာချင်သောကြောင့် ဒီလိုအချိန်ကိုက်၍ပြန်လာခြင်းဖြစ်လေသည်။ မှုန်ပျပျအလင်းရောင်အောက်တွင် ဝိုးတဝါးမြင်နေရသည့် ရွာထိပ်ကရေကန်ကြီးကိုကြည့်ရင်း ခါးသီးစွာ ပြုံးလိုက်သည်။

"အေးမာ၊ အေးမာ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီဟာကို ငါ့ကိုဒုက္ခပေးဖို့ သေရွာက ပြန်လာသေးတယ်ပေါ့လေ။ တကယ်ဆို နင်ပြန်မလာသင့်ဘူး အေးမာ။ နင်ရောက်တဲ့ဘဝမှာပျော်ပျော်နေရမှာ။ ဒါကိုမှ နင်က ပြန်လာတယ်ဆိုတော့လည်း နင့်ထိုက်နဲ့နင့်ကံပဲ အေးမာရေ"

ကြုံးဝါးသံအဆုံး တောအရက်ပုလင်းကို အားပါးတရမော့၊ ရေကန်စပ်သို့ လျှောက်လာခဲ့လိုက်သည်။

"ဦးလေးကျော်လှ၊ ဦးလေး"

ရုတ်တရက် ထွက်ပေါ်လာသော ခေါ်သံကြောင့် နိုင်ကျော်လှကြည့်လိုက်တော့ မိမိဆီဦးတည်လျှောက်လာသော လူရိပ်တစ်ခုကို မှုန်ပျပျအလင်းရောင်အောက်တွင် ဝိုးတဝါးတွေ့ရသည်။ အရက်ရှိန်ကြောင့် မှုန်ဝါးဝါးဖြစ်နေသော မျက်လုံးတို့ကို သေချာပွတ်သပ်ပြီး ကြည့်လိုက်မိသည်။

"ဟင် - အေးမာ"

မိမိနှင့်နီးလာလေ အေးမာ၏ ရုပ်သွင်က ပိုထင်ရှားလာလေ ဖြစ်သည်။ ဝတ်ဆင်ထားသောအဝတ်အစားမှအစ ကိုယ်ဟန်အမူအရာ၊ ရုပ်ရည်အားလုံးက အေးမာမှ အေးမာဖြစ်သည်။ ဒါ လူဝင်စားမဟုတ်ဘူး။ မိမိကို ကလဲ့စားချေဖို့ ဤရေကန်ထဲမှ ပြန်လည်ရှင်သန်လာသော အေးမာဟု ထင်မိသည်။ နိုင်ကျော်လှ၏တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ ဘာကြီးပဲဖြစ်နေနေ ဒီကောင်မလေးကို ရှင်းပစ်ရမယ်ဟု အားတင်းလိုက်ပြီး ခါးကြားမှာ ဝှက်၍ယူလာသော ဓားမြှောင်ကိုထုတ်လိုက်ပြီး အေးမာရှိရာသို့ လျှောက်သွားလိုက်သည်။

"ဦးကျော်လှ"

မိမိအားခေါ်သံကြောင့် အနောက်ပြန်လှည့်ကြည့်လိုက်မိသည်။ မိမိ၏ အနောက်မလှမ်းမကမ်းတွင်ရပ်နေသော အေးမာကို တွေ့ရပြန်သည်။ အေးမာနှစ်ယောက်ကို တစ်ပြိုင်နက်တွေ့လိုက်ရသော နိုင်ကျော်လှ အံ့ဩမှင်တက်သွားရခြင်းနှင့်တစ်ပြိုင်နက် ကြောက်ရွံ့စိတ်တို့ဖြစ်ပေါ်လာသည်။လူဝင်စားညီအစ်မဟု ကြားသိထားသော်လည်း အေးမာနှစ်ယောက်အဖြစ်တွေ့ရမည်ဟု မထင်ထားခဲ့။ ဒါ ငါသတ်ထားခဲ့တဲ့ ကလေးမလေးတွေဟူသောအသိကြောင့် ကြောက်လန့်တကြား အနောက်သို့ဆုတ်လိုက်မိသည်။ အရက်ရှိန်ကြောင့် ယိမ်းယိုင်နေသော နိုင်ကျော်လှ၏ ခြေလှမ်းများက ရေကန်စောင်းကို ချော်နင်းမိပြီး ရေကန်ထဲသို့ ထိုးကျသွားလေတော့သည်။

⁂

အေးမာတို့အမြွှာညီအစ်မသတင်းက ရွာနီးချုပ်စပ်တွင် ပြောမဆုံးအောင်ဖြစ်ရသည်။ လူတစ်ယောက်၊ တစ်ဘဝမှ လူသားနှစ်ယောက်ဝင်စားလာခြင်းကို လူတိုင်း နားမလည်နိုင်အောင်ဖြစ်ကြရသည်။ နားလည်သူတချို့ပြောကြသည်မှာ အမြွှာညီအစ်မနှစ်ယောက်အနက် တစ်ယောက်သည်သာ အေးမာဖြစ်ပြီး ကျန်တစ်ယောက်မှာ အမြွှာတို့တွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ချင်းဆက်နွယ်မှုကြောင့် မိမိကိုယ်မိမိ အေးမာဟု ထင်နေသူ ဖြစ်သည်ဟု ပြောကြသည်။ သို့သော် ဘယ်သူကမှ 'ဒါအေးမာပါ'ဟု ခွဲခြားနိုင်ခြင်းမရှိပေ။

အေးမာတို့ပြန်သွားပြီး သုံးရက်အကြာတွင် အမှုးလွန်ပြီး ရေကန်ထဲ ပြုတ်ကျသေဆုံးနေသော နိုင်ကျော်လှကို ရွာသားများတွေ့ရသည်။ ဘယ်အချိန်က ရွာသို့ပြန်လာပြီး ရေကန်ထဲကျသေခဲ့သည်ကို မည်သူမျှမသိလိုက်ကြပေ။ ရွာထဲမှာတော့ အေးမာ သေဆုံးကတည်းက အရက်သမားကြီးဘဝနှင့် ရွာသို့ပြန်မလာသည်မှာ ကြာပြီဖြစ်သော နိုင်ကျော်လှတစ်ယောက် -သူ့တူမ အေးမာ၏ လူဝင်စားသတင်းကြားရသဖြင့် တူမဖြစ်သူ လူဝင်စားအား တွေ့ရန်ပြန်လာခဲ့ခြင်းဖြစ်မည်ဟု ပြောဆိုနေကြသည်။

ရွာသားများ စုတ်တသပ်သပ်နှင့် ပိုပြီးစိတ်မကောင်းဖြစ်ရသည်က တူမကို တွေ့ချင်ဇောနှင့်ပြန်လာသော နိုင်ကျော်လှတစ်ယောက် သူ့တူမအေးမာဝင်စားသော ညီအစ်မနှစ်ယောက်ကို မတွေ့လိုက်ဘဲ ရေကန်ထဲ ပြုတ်ကျသေဆုံးသွားခဲ့သောကြောင့် ဖြစ်ပေတော့သည်။

သထုံ-ငယ်ငယ်




www.burmeseclassic.com

www.burmeseclassic.com

# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## ဟေမင်းကိုအန်တု မမှုသောမိုးခင်

[illegible] ပေါင်းများစွာ [illegible] ကင်းကွာနေတဲ့ [illegible] ကြီးရှုယ်လို [illegible]





www.burmeseclassic.com

www.burmeseclassic.com

၁၉၇၃ ခုနှစ်၊ မတ်လ ၂ ရက်၊ တောင်သူလယ်သမားနေ့။

မော်လမြိုင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်လှည့်ရုပ်ရှင်အဖွဲ့ဟာ နယ်မြေစည်းရုံးရေးအဖြစ် (၁၁) နှစ်မြောက်တောင်သူလယ်သမားနေ့အထိမ်းအမှတ် (၃)ညတိုင်တိုင် (၄)ကားပေါင်းမိုးအလင်းရုပ်ရှင်ပြသမှာဖြစ်လို့ပါပဲ။

ကမမောင်းရွာခံတွေရော အနီးဝန်းကျင် ကရင်တိုင်းရင်းသားရွာကြီးတွေကပါ ပွဲတော်ကို လာရောက်ကြလို့ ရွာလယ်အားကစားကွင်းကြီးအတွင်းမှာ လူထုပရိသတ်ကြီးဟာ တိုးမပေါက်အောင် စည်ကားလှပါတယ်။

ပွဲဈေးတန်းတစ်လျှောက် ဌာနဆိုင်ရာ၊ အသင်းအဖွဲ့ဆိုင်ရာ ရန်ပုံငွေစားသောက်ဆိုင်၊ ဒေသထွက်စားသောက်ဖွယ်ရာ ကလေးကစားစရာ၊ အဝတ်အထည်၊ အလှကုန်ရောင်းချတဲ့ဆိုင်တန်းမှာ ဈေးသည်ဈေးဝယ်ပရိသတ်ကြီးဟာ ကြိတ်ကြိတ်တိုးလှုပ်ရှားနေပါသည်။

ပွဲခင်းရဲ့ အတွင်းစည်း၊အပြင်စည်း လုံခြုံရေးတာဝန်ယူပေးရတာကတော့ မောင်ဘိုကြီးတို့ တပ်ရင်း (၆၂)၊ ရှေ့တန်းဌာနချုပ်နဲ့တပ်ခွဲတစ်ခွဲပါ။

လက်အောက်ခံတပ်ခွဲတွေ ပြန်ခွဲထားတာကတော့ ကတိုင်တီးဘက်မှာ တစ်ခွဲ၊ လေးကေခွင်မှာ နှစ်ခွဲလှုပ်ရှားနဲ့ ရွှေဂွန်းရွာကြီးမှာတော့တစ်စု၊ စခန်းထိုင် နှစ်စု လှုပ်ရှားဖြစ်ပါတယ်။

အတွင်းစည်းဖြစ်လို့လားတော့ မသိပါ။ ရွှေဂွန်းရွာစခန်းထိုင်အင်အား တပ်စုတစ်ခုတည်းကတော့နည်းပါတယ်။ ရွှေဂွန်းရွာဝန်းကျင်ရန်သူလှုပ်ရှားမှုသတင်း အမြဲလိုကြားသိနေရလို့ တကယ်တိုက်ပြီဆိုရင် အပြန်အလှန် စစ်ကူပေးဖို့ဟာ အချိန်ကြာမှာဖြစ်လို့ပါ။

ရွှေဂွန်းရွာမှာ ရဲစခန်းလည်းရှိပါတယ်။ ရွာတောင်ဘက်အစွန်မှာပါ။ ရွာမြောက်ဘက်အစွန်မှာရှိတဲ့ စခန်းထိုင်တပ်စုနဲ့ဆိုရင် တစ်မိုင်ကျော်လောက်ကို ကွာဝေးပါတယ်။ရွာတည်ပုံကိုက သံလွင်မြစ်အရှေ့ဘက်ကမ်းနဖူးအတိုင်း တောင်နဲ့ မြောက် အလျားလိုက်တည်ထားတဲ့ ရွာတန်းရှည်ကြီးဖြစ်နေလို့ပါပဲ။

ည (၉) နာရီတိတိမှာ ရုပ်ရှင်စပြပါတယ်။ ဇာတ်ိုသတင်းစဉ်တွေပါ။

ရောဟဏီ၊ ဘရဏီ အမည်ရှိတဲ့ ပင်လယ်ကမ်းဝေးငါးဖမ်းသင်္ဘောတွေကို မြန်မာသင်္ဘောတွေကိုယ်တိုင် နော်ဝေနိုင်ငံက မောင်းနှင်လာတဲ့ သတင်းပြကွက်၊ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှာ ရေနံအခန်းတွင်းပေါက်ကွဲမီးလောင်းတဲ့ သတင်းပြကွက်တွေချည်းပဲ တစ်နာရီလောက်အချိန်ယူပြသပါတယ်။

"ဂျိမ်း. . ."

"ဝုန်း. . ."

"ဒုတ် ဒုတ် ဒုတ် ဒုတ် ဒုတ်"

"တောက် ဗုန်း တောက် ဗုန်း"

ည(၁၀)နာရီတိတိမှာတော့ လက်နက်ကြီးငယ်တွေနဲ့ ပြင်းပြင်းထန်ထန်





www.burmeseclassic.com

www.burmeseclassic.com

ပစ်ခတ်သံတွေ ကြားရပါတယ်။ ကမမောင်းရွာကြီးရဲ့ အရှေ့တောင်ဘက်ဆယ်မိုင်ခန့်လောက်ကဖြစ်လို့ ရွှေဂွန်းရွာလို့ ခန့်မှန်းနိုင်ပါတယ်။

"စက်ဖွင့်၊ စက်ဖွင့်"

ပွဲခင်းနဲ့ မလှမ်းမကမ်းမှာ ယာယီရုံးဖွင့်ပြီး ဝါယာလက်စက်ထောင်ထားခြင်းဖြစ်လို့ ရှေ့တန်းမှူးကြီးက အမိန့်ပေးလိုက်တာပါ။

"မုန်တိုင်း၊ ငါးမုန်တိုင်း အသံဘယ်လောက်ကြားလဲ ဒါပဲ"

"ရွှေဂွန်းစက်ဝင်လာပြီ ဗိုလ်မှူးကြီး"

"ဖြစ်စဉ်ကို သတင်းပို့ခိုင်း"

တာဝန်ခံစက်ထိုင်ရေဒီယိုအော်ပရေတာ ဒုတပ်ကြပ်စံကျော် သတင်းပို့ချက်ကို တပ်ရင်းမှူးကြီးက အမိန့်ပေးလိုက်တာပါ။

ရွှေဂွန်းရွာ စခန်းထိုင်တပ်စုရဲ့ သတင်းပေးပို့တာကတော့ မိမိတပ်စခန်းကို တိုက်ခိုက်ခြင်းမဟုတ်။ ရဲစခန်းကိုသာ အင်အားသုံးတိုက်ခိုက်ခြင်းဖြစ်ကြောင်းပါ။

ရှေ့တန်းမှူးကြီးဟာ ရွှေဂွန်းခွင်လှုပ်ရှားစစ်ကြောင်းနဲ့ပါ အဆက်အသွယ်ရလို့ ရွှေဂွန်းတပ်စခန်းကို အမြန်ဆုံးဆုတ်ခွာပူးပေါင်းဖို့၊ ပူးပေါင်းမိပြီဆို ရွှေဂွန်းစခန်းထိုင်တပ်စုက ရဲစခန်းကို စစ်ကူသွားပေးဖို့၊ ကြားကာလမှာ ရဲစခန်းဝန်းကျင် ပုံသေမှတ်ပုံတင်ပစ်မှတ်တွေကို သရီးအင့်မော်တာ (သုံးလက်မစိန်ပြောင်း) နဲ့ ပစ်ကူပေးထားဖို့ ရှေ့တန်းရုံးနဲ့နှစ်စု စတင်းဘိုင်မော်တော်နဲ့ စစ်ကူလာမှာဖြစ်ကြောင်း ညွှန်ကြားချက်တွေပေးလိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပွဲခင်းလုံခြုံရေးတပ်ခွဲက တပ်ခွဲမှူးနဲ့ တပ်စုတစ်စု ဆက်ထိ[illegible] ရုပ်ရှင်ဆက်ပြဖို့ ကျန်နှစ်စု စစ်ကူလိုက်အဖွဲ့နဲ့ ထည့်ပေးဖို့ကိုပါ ညွှန်ကြားချက်ပေးလိုက်ပါတယ်။

⁂

ရွှေဂွန်းရွာရဲစခန်းမှာ ရဲတပ်ကြပ်မောင်ဖြူနဲ့ မနီနီတို့ဇနီးမောင်နှံမှာ (၆) နှစ်၊ (၄) နှစ်၊ (၂) နှစ်အရွယ် လူမမည် သမီးမိန်းကလေးချည်းပဲ (၃) ယောက်နဲ့ မနီနီဝမ်းကြာတိုက်မှာ နေ့စေ့လစေ့ကိုယ်ဝန်လွယ်ထားရပါတယ်။

လက်ရှိကိုယ်ဝန်ဟာ သားယောက်ျားလေးဖြစ်ပါစေကြောင်း ဆုတွေတောင်းတဲ့အတိုင်း အိပ်မက်ပေး၊ နတ်မေး၊ ဗေဒင်မေးချက်အရလည်း သားယောက်ျားလေးဖြစ်တယ်ဆိုတာကြောင့် မွေးကင်းစအရွယ်ကနေ (၅) နှစ်သားအရွယ်အထိ အသုံးဝင်မယ့် အဝတ်အထည်၊ ကစားစရာအရုပ်၊ ရွှေတိုရွှေစ လက်ဝတ်ရတနာပါမကျန် ကြိုတင်ဝယ်ယူ စုဆောင်းထားပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ည (၈) နာရီလောက်မှာ ခါးဆစ်တွေကိုက်၊ ဗိုက်ကရစ်ပြီးနာ မွေးဖွားဖို့ အရိပ်လက္ခဏာတွေပြလာလို့ ခင်ပွန်းမောင်ဖြူဟာ ကျေးလက်သားဖွားဆရာမကိုခေါ်ဖို့ ရွာထဲထွက်သွားပါတယ်။

သားဖွားဆရာမအိမ်ကိုရောက်တဲ့အခါ မွေးလူနာတစ်ယောက်ရှိနေလို့ လုပ်ငန်းဆောင်ရွက်ပြီးအောင် စောင့်ဆိုင်းနေစဉ်မှာ ရဲစခန်းဘက်ဆီက လက်နက်ကြီးငယ်သံတွေ တရစပ်ကြားရလို့ မွေးလူနာ၊ သားဖွားဆရာမတို့နဲ့အတူ အိမ်နောက်ဖေးဗုံးခိုကျင်းမှာ ပုန်းအောင်းလိုက်ရပါတော့တယ်။

⁂

ရဲစခန်းဝင်းထဲကို ကျရောက်ပေါက်ကွဲတဲ့ လက်နက်ကြီးဗုံးသံတွေဟာ မိုးကြိုးပစ်သံအလား နေအိမ်လိုင်းခန်းတွေကို တချွီးချွီးတရှဲရှဲဖြတ်သန်းပြီး တဖောက်ဖောက်ထိမှန်တဲ့ လက်နက်ငယ်ကျည်ဖူးတွေ မိုးသီးမိုးပေါက်လိုဖြတ်သန်းနေစဉ်မှာပဲ မနီနီ ရေမွှာပေါက်ပါတယ်။ ညှစ်အားပေးလိုက်ရင် မွေးဖွားတော့မှာပါ။

မွေးဖွားလိုက်တယ် ဆိုရင်တော့ မနီနီ ဘယ်လိုမှ လှုပ်ရှားလို့ရတော့မှာ မဟုတ်ပါဘူး။ သမီး (၃) ယောက် အသက်ဘေးအန္တရာယ်နဲ့ ကင်းလွတ်ရာပြောင်းရွှေ့ပေးချင်တဲ့ဆန္ဒတွေရှိနေပါတယ်။ မိခင်ကောင်းပီသချင်ပါတယ်။

မနီနီဟာ ကြောက်ကြောက်လန့်လန့်နဲ့ ဖက်တွယ်ထားတဲ့ သမီး (၃) ယောက်ကို တစ်ယောက်စီပွေ့ချီပြီး အိမ်နောက်ဖေးဗုံးခိုကျင်းထဲကို ပို့ပါတယ်။

ခန္ဓာကိုယ်နဲ့ တစ်ထွာတစ်မိုက်တောင်မရှိတတ်တဲ့ ကျည်ဆံထိပ်ဖူးတွေ တရှဲရှဲနဲ့ ဖြတ်သန်းနေတဲ့ကြားကပဲ သမီး (၃) ယောက်အတွက် စွန့်စားပြီး ပြောင်းရွှေ့ပေးရခြင်းပါ။ သားသမီးအရေးထက် မသာလွန်စေတဲ့ စိတ်ဓာတ်ဖြစ်လို့ အာဂမိခင်လို့ ဂုဏ်ပြုရမှာပါ။

လူမမည်သမီးလေးတွေ ဘေးအန္တရာယ်ကင်းရာကို ရောက်ပြီဖြစ်လို့ မနီနီမွေးမယ်ဆိုရင် မွေးချလိုက်လို့ရနေပါပြီ။ ဘာဆက်လုပ်ရဦးမှာလဲ။ ချီတုံချတုံ ဖြစ်နေစဉ်မှာပဲ ရဲစခန်းတောင်ဘက် အစွန်က ကင်းပုတ်ကို မီးစွဲလောင်လို့ အကယ်၍များ ဒီမီးဟာ လိုင်းခန်းတွေကို ကူးလိုက်ရင်အတွေးနဲ့ ပြင်ပလောက ကိုမရောက်သေးဘဲ သားလေးရဲ့ ကစားစရာအရုပ်လေးတွေ၊ အဝတ်အထည်နဲ့ လက်ဝတ်ရတနာလေးတွေ မျက်စိထဲ မြင်လာလို့ ဆုံးဖြတ်လိုက်ပါတယ်။

မနီနီ ဗုံးခိုကျင်းကထွက် နောက်ဖေးရေကပြင်ပေါ်က မီးဖိုချောင်တံခါး တွန်းအဖွင့် -

"ဖောက်"

"ဂျိမ်း"

"အင့်"

ရန်သူပစ်လိုက်တဲ့ M 79 လောင်ချာက M 40 ဗုံးသီးဟာ မနီနီရဲ့ နောက်စေ့ကို တိုက်ရိုက်ထိမှန်ပေါက်ကွဲပြီး အင့်ခနဲမြည်သံ ဆက်တိုက်ကြားရပြီးနောက် အိမ်အတွင်းဘက် ခေါင်းပြုပြီး မှောက်လျက်လဲကျသွားပါတော့တယ်။

ဦးနှောက်သွေးကြောပြတ် ဦးနှောက်ထဲ သွေးယိုစိမ့်ဖြစ်ရင်တောင် မိနစ်၊ စက္ကန့်ပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်တာ ဦးခေါင်းတစ်ခုလုံးပွင့်ထွက် ဦးခေါင်းရိုးတွေကြေမွ၊ ဦးနှောက်စတွေ တစ်စစီပြန့်ကျဲလွင့်စဉ်ကုန်တဲ့ မနီနီတစ်ယောက်အသက်ရှင်ခွင့်ရနိုင်ပါဦးမလား

⁂

ကမမောင်းနဲ့ ရွှေဂွန်းရွာအကွာအဝေးဟာ သံလွင်မြစ်အတိုင်း မော်တော်စက်မနိုးဘဲ ရေစုန်အတိုင်း မျောဆင်းသွားရင်တောင် သုံး၊ လေးနာရီ ရောက်နိုင်တဲ့ခရီးပါ။

ဘယ်နေရာ၊ ဘယ်စစ်ကြောင်း ဘယ်စခန်းတိုက်ပွဲဖြစ်ပြီဆိုရင် အင်အား ဘယ်လိုယာဉ်ကို အသုံးပြုရမယ်ဆိုတာ အချိန်နဲ့အကွာအဝေးတွက်ချက်ထား ခံစစ်၊ ခွာစစ်၊ တိုက်စစ်၊ ချီစစ်စီမံချက် တွေရှိပြီးသား။ ဇာတ်တိုက်လေ့ကျင့်ပြီး သားဆိုသော်ငြား အကြောင်းမညီညွတ် ချင်တော့ အရာအားလုံးဟာ ကမောက်ကမတွေချည်းပါပဲ။

စတင်းဘိုင်မော်တော်ရှိပါလျက် မော်တော်မောင်းစလင်ပုန်းနေလို့ လိုက်ရှာရ၊ စက်ဆရာရေထဲခုန်ချထွက်ပြေး လှေတစ်စီးနဲ့ လိုက်ဖမ်းရ၊ စုံပြီဆို တော့ စက်မောင်းဆီက မရှိ။ အားလုံး ပြည့်စုံလို့ထွက်ပြီဆိုတော့ ကြော



www.burmeseclassic.com

www.burmeseclassic.com

ကြောက်လန့်လန့်နဲ့မောင်းလို့ ရေကြောင်းတွေမှား၊ မော်တော်ကသောင်တင်၊ တစ်စုံတစ်ခု၊ တစ်နေရာမှာ ကြမ္မာငင်ချင်လို့ ဖြစ်ပေါ်လာတဲ့ပြဿနာပါ။

သောင်တင်တယ်ဆိုတာက ရေဆန်သောင်တင်ရင် လူအား၊ စက်အား၊ ရေအစုန်ရဲ့တွန်းအားကြောင့် အလွယ်တကူ တွန်းထုတ်လို့ရပေမယ့် ရေစုန်အဆင်းမှာ သောင်တင်တယ်ဆိုရင်တော့ လူအား၊ စက်အားအစွမ်းကုန်သုံးပေမယ့် ရေစီးရဲ့ဖိအားတွန်းအားကြောင့် လူပန်းစိတ်ပန်းပြီး အရာမရောက်ဘဲ ရေတက်ကို စောင့်ရတတ်ပါတယ်။

ဝါယာလက်စက်အားလုံး စက်ဖွင့်စတင်းဘိုင်လုပ်ထားလို့ လမ်းခုလတ်ဖြစ်ပေမယ့် အဆက်အသွယ်မပြတ်ပါဘူး။

မနက် (၁) နာရီမှာ လှုပ်ရှားစစ်ကြောင်း ရွှေဂွန်းရောက်ရှိ ရွှေဂွန်းတပ်စုရဲစခန်း (၂) နာရီမှာရောက်ရှိ ပူးပေါင်းတည်အားသုံး တွန်းလှန်တိုက်ခိုက်နေဆဲပါတဲ့။

စိတ်မကောင်းဖြစ်ရတာကတော့ ရွှေဂွန်းစခန်းတိုင်တပ်စုက ရဲစခန်းကိုစစ်ကူအသွားရွာလယ်ဇရပ်ဖျက်အရောက်နယ်သူဖြတ်တောက်ရေးအဖွဲ့နဲ့တိုး အပြန်အလှန်ပစ်ခတ်စဉ်မှာ ရဲဘော်စိန်ခိုကျဆုံးတဲ့သတင်းပါ။

※

ရဲဘော်စိန်ခိုထိမှန်တဲ့ဒဏ်ရာအနေအထားကတော့ နဖူးပြင်ကန့်လန့်ဖြတ်ညာဘက်ကနေ ဘယ်ဘက်ရှပ်ပြီး ထိမှန်တဲ့ဒဏ်ရာပါ။ ဒါပေမယ့် နဖူးရိုးကိုကျည်ဆန်ထိတ်အား ပြင်းထန်လို့ ဦးနှောက်ထဲထွေးရောက်ပြီး နေရာမှာတင် ပွဲချင်းပြီးကျဆုံးရခြင်းပါ။

ရဲဘော်စိန်ခိုအပေါ် ရဲဘော်ရဲဘော်စိတ်အခံနဲ့ ဝမ်းနည်းကြေကွဲမှုဖြစ်ရတာကတော့ တဒင်္ဂအချိန်ကာလသာဖြစ်ပါ။ သံယောဇဉ်အနှောင်အဖွဲ့ကြိုးကြဲ လူမှိုလူလွတ်ရဲဘော်တစ်ယောက်အတွက်လည်း ဖြေဖျောက်နိုင်ပါတယ်။

တဒင်္ဂမဟုတ်ဘဲ အစဉ်ထာဝရဝမ်းနည်းစိတ်နဲ့ သနားကရုဏာဖြစ်ရခြင်း၊ ဝမ်းနည်းပူဆွေးရခြင်း၊ အံ့ဩခြင်းများစွာဖြစ်ရတာကတော့ မနီနီပါ။

မောင်ဘိုကြီးတို့ စစ်ကူအဖွဲ့ဟာ ဘေးနှစ်ဖက်အပြင်ဘက် ပြန့်ကျဲနေတဲ့ ရန်သူအကောင်းတွေကို လင်းတစာကျွေး၊ ကျန်တာတွေလိုက်ကောက်၊ သွေးစက်ကြောင်းခံပြီး ဒဏ်ရာရရန်သူတွေလိုက်ရှာ၊ နယ်မြေရှင်းလင်းပြီး ရဲစခန်းထဲပြန်ရောက်တော့ မနက် (၈) နာရီကျော်ပါပြီ။

ရဲစခန်းထဲပြန်ရောက်လို့ မြင်တွေ့ရတဲ့မြင်ကွင်းနဲ့ သတင်းစကားကြောင့် မျက်လုံးတွေပြူး ပါးစပ်ကြီးတွေဟောင်းလောင်းနဲ့ ထိတ်လန့်တုန်လှုပ် အံ့ဩမှုပေါင်းစုံနဲ့ ရင်ဆိုင်တိုးတော့တာပါပဲ။

မချိမဆံ့ ခံစားနေရတဲ့ မနီနီရဲ့မြင်ကွင်းပါ။

မနေ့ည (၁၀) နာရီကျော်က ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတဲ့ မနီနီဟာ ဒီနေ့မနက် (၈) နာရီကျော်အထိ အသက်ရှင်သန်နေဆဲဖြစ်လို့ပါပဲ။

ဦးနှောက်အပိုင်းအစတွေ မရှိတော့တာကြောင့် Coma လို့ ခေါ်းစဉ်တပ်လို့ရမယ်ထင်ပါတယ်။ ဒါပေမယ့် -

မနီနီနှလုံးခုန်နေပါတယ်။

မနီနီ ဝင်ထွက်လေရှူရှိုက်နေပါတယ်။

မနီနီလက်နှစ်ဖက်လုံးလှုပ်ရှားနေပါတယ်။

လှုပ်ရှားနေတဲ့ မနီနီလက်နှစ်ဖက်ဟာ စကားမပြောနိုင်တော့ဘဲ ပါးစပ်ပေါက်ကို အစားထိုးပြီး ဖြစ်ချင်တဲ့ဆန္ဒတွေကို လက်နှစ်ဖက်က ပြောပြနေပါတယ်။ တောင်းပန်တိုလျှိုးနေပါတယ်။ မေတ္တာရပ်ခံနေပါတယ်။ အသနားခံပြီး တောင်းဆိုနေကြောင်း အလွယ်တကူ အဓိပ္ပာယ်ဖွင့်လို့ရပါတယ်။

မနီနီ လက်နှစ်ဖက်ဟာ ရင်ညွန့်ကိုပုတ်ပြီးဖိလိုက်ပါတယ်။ ဝမ်းဗိုက်ဧရိယာအဆုံးအထိ ပွတ်ဆွဲပြပါတယ်။

"ရင်ညွန့်ကနေ မွေးလမ်းကြောင်းအထိ ထွင်းပေးကြပါ"

ဝိုင်းကြည့်နေတဲ့ ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းရော မိသားစုပါ မျက်ရည်လည်ရွဲနဲ့ကြည့်ရင်း ခေါင်းခါနေကြပါတယ်။ ကလေးအပြင်ရောက်လည်း မနီနီသေမှာဖြစ်လို့ မတို့မထိရဲကြလို့လည်း ဖြစ်မှာပါ။

မနီနီ အကြိမ်ပေါင်းများစွာ လက်နှစ်ဖက်က လှုပ်ရှားနေဆဲပါ။

ပရိသတ်ရင်ခုန်သံ၊ တိုင်ကပ်နာရီတချက်ချက်မြည်သံများစွာနဲ့အတူ စက္ကန့်နာရီ ရွေ့လျားလို့ (၉) နာရီကျော်လွန်လာပါပြီ။

မနီနီ ညာဘက်လက်တစ်ဖက်ထဲထောင်ပြီး လက်ဝါးစောင်းနဲ့ ယမ်းပြပါတယ်။

"မား မား ခွဲစိတ်မား"

လို့ အသိပေးနေတာပါ။

မနီနီရဲ့ လက်ဝါးစောင်းဟာ ရင်ညွန့်ကိုထောက်ပြီး ဝမ်းဗိုက်အောက်ဆုံးအထိ အကြိမ်ကြိမ်ပွတ်ဆွဲနေပါတယ်။

"ကျွန်မဗိုက်ကိုခွဲပြီး ကလေးကိုထုတ်ပေးကြပါရှင်"

မနီနီ လက်ဝါးနှစ်ဖက်ပူးပြီး မြှောက်လိုက်ပါတယ်။

"သနားကြပါရှင်၊ ကျွန်မရှိခိုးပါတယ်"

ရဲဝန်ထမ်းနဲ့ ရဲမေတွေ၊ မိသားစုတွေမျက်ဝန်းမှာ မျက်ရည်စတွေ ယိုစီးနေသလို အသည်းမာလှပါချေရဲ့ဆိုတဲ့ မောင်ဘိုကြီးတို့ ရဲဘော်တွေရဲ့ မျက်ဝန်းမှာလည်း မျက်ရည်တွေတွဲခိုနေပါတယ်။

မနီနီတို့အိပ်ခန်းနဲ့ကပ်လျက်အခန်းထဲမှာတော့ မောင်ဘိုကြီး၏တပ်ရင်းမှူး ဆေးလက်ထောက်အရာခံဗိုလ်(MA) ဆေးဝန်ထမ်းတွေနဲ့ စခန်းမှူး ဇနီးမောင်နှံတို့ ခေါင်းချင်းဆိုင်ပြီး တီးတိုးတိုင်ပင်နေကြပါတယ်။

"မောင်ဖြူကို ခေါ်လိုက်ကွာ"

ရဲစခန်းမှူးအမိန့်အရ အနီးမှာရှိတဲ့ ရဲတပ်သားတစ်ယောက် အားချင်းပဲသွားခေါ်လို့ ရဲတပ်ကြပ်မောင်ဖြူဟာ အငယ်ဆုံးသမီးလေးရင်ခွင်ပိုက်နဲ့ ရောက်ရှိလာပါတယ်။

"မင်းကွာ၊ မနီနီအနားမှာမနေဘဲ ဘယ်သွားနေတာလဲ"

"ကျွန်တော်မကြည့်မမြင်ရက်လို့ပါ"

ရဲစခန်းမှူးနဲ့ မောင်ဖြူတို့ရဲ့ အပြန်အလှန်ခံစားချက်စကားလုံးတွေပါ။

"အေး - အခု မင်းမိန်းမကလက်နဲ့ စကားပြောနေပြီ"

"ကျွန်တော့်ကို ပြန်ပြောကြပါတယ်"

"မင်းဆန္ဒကိုပြောစမ်း"

"ခွဲမွေးပေးဖို့ ပြောနေတယ်ဆို ဗိုလ်ကြီး"

"အေး"

"ကျွန်တော် သဘောမတူပါဘူး ဗိုလ်ကြီး"

"မအေရော ကလေးပါ သေစေချင်လို့လား၊ မင်းကွာ"

"ခွဲတာစိတ်တာ ကျွန်တော်မကြည့်ရက်လို့ပါ"

"အေး-မင်းမကြည့်ရက်ဘူးဆိုရင် မင်းကလေးတွေပါခေါ်ပြီး တစ်နေရာသွားရှောင်နေ။ တို့ကတော့ လုပ်သင့်တာဆက်လုပ်ရမှာပဲ။ စစ်ကြောင်းမှူးကြီး



www.burmeseclassic.com

www.burmeseclassic.com

# ကလေးငယ်များ နှာခေါင်းပိတ်ခဲ့သော်

**နေပြည်တော်ကျော်ကျော်စိုး**

၂၀၁၃ ခုနှစ်မှာတော့ ကျွန်တော်ဟာ နေပြည်တော်နဲ့ မန္တလေးကို အကြိမ်ကြိမ် ကူးချည်သန်းချည်လုပ်နေတဲ့အပြင် ရန်ကုန် ဇဟန်း ဟာမစ်တစ်မှာရှိတဲ့ မဟာစည်သာသနာ့ရိပ်သာရဲ့ (၆၄)ကြိမ်မြောက် ဩဝါဒါစရိယခံယူပွဲနဲ့ မွန်ပြည်နယ်ရဲ့ ကျိုက်ထီးရိုးစေတီတော်ဆီပါ ဘုရားဖူးရောက်လိုက်ပါသေးတယ်။

အဲဒီ ရန်ကုန်မှာ ရောက်နေစဉ်အတွင်း သူရဿဝတီမဂ္ဂဇင်းထုတ်ဝေရာ ပညာရွှေတောင်စာအုပ်တိုက်ကို ရောက်ပြီး စာတည်းချုပ် ဦးအောင်မြတ်နဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပါသေးတယ်။ ဒါကလည်း နယ်မှာနေတဲ့ ကျွန်တော်တို့ စာရေးသူတွေအတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ။ စာရေးသူတွေကို လေးစားတဲ့ ဦးအောင်မြတ်ကိုလည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း အခွင့်သင့်လို့ဆိုပါရစေ။

၂၅ - ၁၂ - ၂၀၁၃ မှာ မဟာစည်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလရဲ့ ရဟန်းခံရှင်ပြုပွဲတော်ကြီးလည်းလည်းကာ ရှင်တစ်ရာနဲ့ရဟန်းလောင်းအတော်များများကို သာသနာ့ဘောင်သွတ်သွင်းချီးမြှင့်ခဲ့ပြုပါတယ်။ ၂၆-၁၂-၂၀၁၃မှာ ဆန်အိတ်ပေါင်း (၆၅) အိတ်မျှ ချက်ရတဲ့ အလှူပွဲကြီး ကျင်းပပါတယ်။ ကျင်းပတာက မြန်ကပြေးခေါ် အောင်ဇမ္ဗူရပ်ကွက် မဟာစည်ရိပ်သာကြီးမှာပါ။

ဆရာတော်ကြီးရဲ့ တပည့်များဖြစ်

နဲ့ တိုင်ပင်ပြီးပြီ၊ ဆုံးဖြတ်ချက်ချပြီးပြီ"

✳

မောင်ဘိုကြီးတို့စစ်ကြောင်းနဲ့ တွဲဖက်ထားတဲ့ ဆေးလက်ထောက်အရာခံဗိုလ် (MA) ဟာ ဆရာဝန်ဘွဲ့မရရှိထားပေမယ့် လုပ်သက်နဲ့ လုပ်ငန်းအတွေ့အကြုံအရ ဆရာဝန်တစ်ယောက်လို အားကိုးရပါတယ်။ သူ့တပည့် ဆေးမှူးတွေကလည်း လုပ်ငန်းကျွမ်းကျင်ကြသူတွေဖြစ်လို့ အရေးပေါ်ခွဲစိတ်ရာမှာ အထောက်အကူများစွာပေးနိုင်ကြသူတွေပါ။

"မနီနီဆန္ဒအတိုင်း ခွဲမွေးမယ်"

ဆိုတဲ့သတင်းဟာ ချက်ချင်းပျံ့နှံ့ပြီး ဝမ်းနည်းပူဆွေးနေတဲ့ မျက်နှာတွေ အထိုက်အလျောက် ပြေလျော့သွားစေပါတယ်။

ရဲစခန်းမှူးနဲ့ စခန်းမှူးကတော်တို့ရဲ့ စီစဉ်မှုနဲ့ မသက်ဆိုင်သူတွေ ဖယ်ရှား၊ အခန်းကို အကာအရံတွေလုပ် ခွဲစိတ်ကိရိယာတွေပြင်ဆင်နေဆဲ။

"ဖြောင်း. . . ဖြောင်း"

အားလုံးသော မျက်စိတွေဟာ အသံကြားရာဆီရောက်သွားစေပါတယ်။ ထွက်ပေါ်လာတဲ့အသံကတော့ မနီနီဆီကပါ။ လက်ခုပ်နှစ်ချက်တီးလိုက်ခြင်းပါ။ မနီနီမျက်နှာဟာ အပြုံးပန်းတွေဝေနေပါတယ်။

လုပ်ငန်းစပါပြီ။

ငါးမိနစ်၊

ဆယ်မိနစ်၊

မိနစ် နှစ်ဆယ်။

"အူဝဲ. . . အူဝဲ"

လူ့လောကထဲကို စူးစူးဝါးဝါးအသံပေးပြီးရောက်လာတဲ့သားလေးရဲ့ သာယာနာပျော်ဖွယ်အသံကို အပြုံးနဲ့ကြိုဆိုရင်း မနီနီတစ်ယောက် လောကကြီးကို အပြီးတိုင် စွန့်ခွာသွားပါတော့တယ်။

ခဲလေသမျှ သဲရေကျပါပဲ။

အကယ်၍သာ ကမမောင်းဆိပ်ကမ်းမှာကုန်ဆုံးခဲ့တဲ့အချိန်၊ လမ်းခုလတ်မှာ သောင်တင်လို့ ကုန်ဆုံးရတဲ့အချိန်၊ ခင်ပွန်းဖြစ်သူ ရဲတပ်ကြပ်မောင်ဖြူ ချီတုံချတုံဖြစ်နေလို့ နားလည်သဘောပေါက်အောင် ရှင်းပြနေရတဲ့အချိန်တွေသာ မပြုန်းတီးခဲ့ဘူးဆိုရင် အူဝဲသံလေးပေါင်းများစွာ ကြားရမှာဖြစ်သလို တမလွန်ရောက် မနီနီဆန္ဒတွေလည်း ပြည့်ဝသွားမှာပါ။

ခုတော့ အူဝဲသံလေးပါ တိတ်ဆိတ်ပြီး ငိုရှိုက်သံတွေသာ ပျံ့လွင့်သွားပါတော့တယ်။

*

ဖြစ်စဉ်နဲ့ပတ်သက်လို့ ဖြစ်နိုင်ခြေမျိုးစုံ ထင်ကြေးပေးသံတွေ ကြားရပါတယ်။

"အပမှီတာ"

"ဝိညာဉ်ကပ်တာ"

"သရဲစီးတာ"

မှန်တယ်၊ မှားတယ် ကျွန်တော်မောင်ဘိုကြီး ချေပပြောဆိုလိုတဲ့ဆန္ဒမရှိပါဘူး။

မနီနီဒဏ်ရာရရှိချိန်ဟာ မနေ့ည (၁၀) နာရီကျော်ပါ။

မနီနီ သေလွန်တဲ့အချိန်ဟာ ဒီနေ့မနက် (၁၀) နာရီစွန်းလေးမှာပါ။

ဘယ်လိုမှ အသက်ရှင်သန်နိုင်စွမ်းမရှိသူတစ်ယောက်အပေါ် ယုံကြည်ရာထင်ကြေးပေး မှတ်ချက်ပြုတာဖြစ်လို့ ချေပလိုခြင်း မရှိတာပါ။

ကျွန်တော် မောင်ဘိုကြီးကတော့ နဖူးရိုးကျည်လုံးရိုက်ရုံနဲ့ နေရာတင်ပွဲချင်းပြီးသေဆုံးတဲ့ ရဲဘော်စိန်ခိုနဲ့ နှိုင်းယှဉ်ပြီး ဘာကြောင့် အသက်ဇီဝိန်ကို ဆွဲဆန့်နိုင်သလဲဆိုတာ လက်မထောင်ရင်ကော့ပြီး ဖြေလိုက်ပါရစေ။

မနီနီရဲ့ အသွေးအသားတွေထဲမှာ၊

မနီနီရဲ့ နှလုံးသည်းပွတ်ထဲမှာ၊

မနီနီရဲ့ ရိုးတွင်းခြင်ဆီတွေထဲမှာ

မြင်းမိုရ်ထက်မြင့်သော၊ ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းသော၊ အနန္တစကြဝဠာထက် သာလွန်သော မိခင်မေတ္တာတွေ ကိန်းဝပ်ဆဲရှိနေလို့ပါလို့ ဝမ်းမြောက်ဂုဏ်ယူစွာ ဖြေကြားလိုက်ပါကြောင်း။

ရှစ်ခွင်ကျော်-ဖောင်ဒေါ်သိ



www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့ ကျွန်တော်တို့တွေလည်း ဝေယျာဝစ္စကုသိုလ် ပါဝင်ယူကြပါတယ်။ ဆရာတော်ကြီးဦးစီးပြီးကျင်းပတဲ့ ဆရာတော်ကြီးရဲ့ တပည့်ဒါယကာ၊ ဒါယိကာမတွေက စုပေါင်းလှူဒါန်းတဲ့ အလှူတော်ကြီးပါ။ ရပ်ဝေး၊ ရပ်နီးက ဆရာတော်ကြီးရဲ့ တပည့်ပေါင်းများစွာပါဝင်ဆင်နွှဲတဲ့ပွဲကြီးဆိုတော့ ခြိမ့်ခြိမ့်သဲဆိုပါတော့။ မိန်းမ၊ ယောက်ျား၊ ကလေး ဆိုပြီး (၃) ဌာနခွဲပြီး ကျွေးရပါတယ်။

၂၇ - ၁၂ - ၂၀၁၃ မှာ ကျွန်တော်ဟာ နေပြည်တော်ကနေ မန္တလေးကို မန္တလာမင်းကားနဲ့ ခရီးထွက်ခဲ့ပါတယ်။ နံနက် (၉) နာရီကား။ ဘာလို့လဲဆိုတော့ ၂၈-၁၂-၂၀၁၃ မှာ သမီးနေခြည်စိုးရဲ့ သား ထက်မြက်ဟန်ရှိန်ဟာ (၁၁) နှစ်မြောက်မွေးနေ့ပွဲကျင်းပမှာမို့လို့ပါ။ နေ့ (၂) နာရီလောက်မှာ အိမ်ကို ရောက်ပါတယ်။

ရောက်တယ်ဆိုရင်ပဲ အာကာစိုးနဲ့ အိအိဇာတို့ရဲ့သမီးလေး သွန်းနေခြည်သာကို တွေ့ရပါတယ်။ ၈-၁၂-၂၀၁၃ မှာ တစ်နှစ်မြောက်မွေးနေ့ပွဲလှူဒါန်းပြီးပါပြီ။ အဲဒီမွေးနေ့ပွဲကိုလည်း ကျွန်တော် ရောက်ပါတယ်။ အဲဒီမှာ သားငယ် အာကာစိုးက အဖေကတော့ ဒီနှစ်မှာ ခရီးသွားနှစ်ဖြစ်နေပြီလို့ ပြောပါတယ်။

မြေးမလေး သွန်းနေခြည်သာဟာ ကျွန်တော်ရောက်တော့ အဖျားပျောက်ခါစရှိပါသေးတယ်။ အစားအနည်းငယ်သာစားပါတယ်။ နို့ဖြတ်ထားတော့ ထမင်းနဲ့မုန့်ပဲကျွေးတာပါ။

ညအိပ်ရာဝင်ပြီးရင် ကလေးဟာ မကြာမကြာလန့်နိုးပြီး မောဟိုက်နေတာ တွေ့ရပါတယ်။ ကြည့်တဲ့အခါ ကလေးဟာ ဦးခေါင်းအအေးပတ်ပြီး နှာခေါင်းပိတ်ကာ အသက်ရှူမဝတာတွေ့ရပါတယ်။ သူတို့ဇနီးမောင်နှံဟာလည်း အိပ်ရေးတွေပျက်ကြရပါတယ်။

ဘာလို့ ဒီလိုဖြစ်ရသလဲဆိုတော့ အလွန်အေးတဲ့ ဒီဇင်ဘာဆောင်းရာသီမှာ ကလေးရဲ့ဦးခေါင်းကို နွေးထွေးအောင်လုပ်မပေးလို့ပါ။ အဲဒါကြောင့် ကျွန်တော်က -

“ကလေးက ဦးခေါင်းအအေးပတ်တာတွေ၊ဦးခေါင်းအအေးပတ်ရင် နှာစေးတာပြီး နှာခေါင်းပိတ်လာမယ်။ နှာခေါင်းပိတ်ရင် အသက်ရှူမဝတော့ဘူး။ ရှေ့မှာနှာစီး ခံစားရမယ်။ နှာခေါင်းပိတ်ထားတာကို ခံစားရမယ်။ ဒါဆိုရင် မကြာခဏနိုးမယ်။ အသက်ရှူမဝတော့ ဒေါသဖြစ်ဖြီးငိုမယ်။ ဟောဟဲခတ်နေအောင် မောမယ်။ ဒါဆို ကလေးကလည်း မချမ်းသာဘူး။ မင်းတို့လည်း မချမ်းသာဘူး။ ကလေးကို ခုလိုအေးတဲ့အချိန်မှာ တစ်ကိုယ်လုံးနွေးထွေးနေအောင် လုပ်ပေးထားရတယ်ကွ။ ခေါင်းစွပ်စွပ်ရမယ်။ ခြေအိတ်စွပ်ရမယ်။ နွေးနွေးထွေးထွေးဝတ်ဆင်ပေးထားရမယ်။ ဒါမှ သူခြုံတဲ့စောင်လွတ်သွားရင်တောင်မှ အအေးမပတ်နိုင်တော့ဘူး။ မင်းတို့ဟာက ကလေးကို နွေရာသီလိုထားတာကိုးကွ”

လို့ ပြောဖြစ်ပါတယ်။

အဲဒီလိုပြောမှ ခေါင်းစွပ်ပါတဲ့ အနွေးအကျီဝတ်ဆင်ပေးပြီး အိပ်စက်စေတာကြောင့် ဦးခေါင်းနွေးတဲ့အခါ နှာခေါင်းပိတ်ဝေဒနာ ကင်းဝေးပြီး မိုးလင်းသည်အထိ ကောင်းမွန်ချမ်းသာစွာ အိပ်စက်ကြရပါတော့တယ်။ တစ်ညလုံး ထထငိုတဲ့ဝဋ်ဒုက္ခက ကင်းဝေးကြရပါတယ်။

ဦးခေါင်းအအေးမပတ်စေနဲ့။ ဝမ်းဗိုက်အအေးမပတ်စေနဲ့။ ခြေထောက်အအေးမပတ်စေနဲ့လို့ ရှေးလူကြီးတွေက ဆိုခဲ့ခြင်းပါ။ ခြေထောက်အအေးပတ်ရင်၊ ဝမ်းဗိုက်အအေးပတ်ရင်၊ဦးခေါင်းအအေးပတ်ရင် နေမကောင်းထိုင်မသာဖြစ်တတ်ကြပါတယ်။ ခြေအေးရင်ဝမ်းရောင်တတ်ပါတယ်။ ဦးခေါင်းအေးရင် အဆုတ်ပွတတ်ပါတယ်။

ဒါက အရွယ်မရောက်သေးတဲ့ ကလေးမှ မဟုတ်ပါဘူး၊ အရွယ်လွန်တဲ့ သက်ကြီးရွယ်အိုတွေပါ လိုက်နာရမယ့် အချက်တွေပါ။ လူဆိုတာ အိုမင်းယိုယွင်းလာရင် ကလေးငယ်လို ချူချာတတ်တာ လူ့လောကရဲ့ဓမ္မတာပါ။

ကျွန်တော်တို့ မိုးကုတ်ဒေသဟာ (၁၂) ရာသီအေးပါတယ်။ ဒီတော့ ကလေးငယ်တွေ နှာခေါင်းပိတ်ဝေဒနာ အမြဲလိုလိုဖြစ်တတ်ကြပါတယ်။ မိုးကုတ်မှာနေစဉ်က လူတွေကိုဆေးကုပေးတတ်တော့ကာ နှာခေါင်းပိတ်ဖြစ်ရင် ကုပေးဖို့ ကျွန်တော်ဟာ ပင့်ကူခြောက်လေးတွေ တွေ့တိုင်း ကောက်ယူသိမ်းဆည်းမှု ပြုရပါတယ်။ ပင့်ကူခြောက်ကိုအမှုန့်ပြုပြီး အုန်းဆီနဲ့ဖျော်ကာ ကလေးငယ်ရဲ့ ခြေဖဝါးကို လိမ်းပေးရခြင်းပါ။

အဲဒီဆေးလိမ်းလိုက်တာနဲ့ နှာခေါင်းဟာ မိနစ်ပိုင်းအတွင်းပွင့်သွားလေ့ရှိပါတယ်။ အသက်ရှူလမ်းကြောင်း ကောင်းတာနဲ့ ကလေးဟာ မငိုတော့ပါဘူး။ အလွန်လွယ်ပြီး အစွမ်းထက်တဲ့ဆေးပါ။ ကျွန်တော်ကိုယ်တိုင် အိမ်မှာ ဆောင်ထားပြီး မတော်တဆကလေးများ နှာခေါင်းပိတ်ခဲ့ရင် လိမ်းပေးနေကျပါ။ ကျွန်တော်မရှိလည်း အိမ်ရှင်မက သူဟာသူလိမ်းပေးနေကျပါ။

ပင့်ကူခြောက်ဆိုလို့ ပြောရဦးမယ်။ ပင့်ကူခြောက် ဆိုတာ ပင့်ကူကိုသတ်ပြီး အကောင်ကိုအခြောက်လှန်းတဲ့ ပင့်ကူခြောက်မဟုတ်ပါဘူး။ သက်သတ်လွတ်ပင့်ကူခြောက်ပါ။ ပုံ့သကူပင့်ကူခြောက်ဆိုပါတော့။

ပင့်ကူခြောက်ဆိုတာ အကောင်မဟုတ်ပါဘူး။ ပင့်ကူက သူ့အရေခွံကိုချွတ်ပြီး အရေခွံလဲထားတဲ့ ပင့်ကူအရေခွံပါ။ ပင့်ကူတွေလည်း မြွေလိုအရေခွံလဲတဲ့ပင့်ကူတွေရှိကြပါတယ်။ မိုးကုတ်နဲ့ တောင်တန်းဒေသတွေမှာ အဲဒီပင့်ကူမျိုးတွေ အိမ်တွေမှာနေကြပါတယ်။ အိမ်တွေရဲ့ လူမနေတဲ့ အောက်ထပ်တွေ အထက်ခေါင်တန်းတွေမှာ နေထိုင်ပြီး အရေခွံတွေကို စွန့်ထုတ်ကြခြင်းပါ။ သတိထားပြီးကြည့်ရင် ပေါများလှပါတယ်။

ကျွန်တော်က လိုချင်မျက်စိရှိတော့ကာ တွေ့သမျှ ကောက်ယူသိမ်းဆည်းထားပြီး ဝေဒနာသည်တွေ့က ပေးလေ့ရှိပါတယ်။ နေပြည်တော်မှာကျတော့ အဲဒီပင့်ကူမျိုး မတွေ့ရပါဘူး။ မန္တလေးမှာလည်း မြို့ပြဆိုတော့ မတွေ့ရဘူး။ ဒါပေမယ့် ပင့်ကူဆိုတာ မျိုးစုံရှိလေတော့ ဘာပင့်ကူဖြစ်ဖြစ် သူ့ရဲ့အရေလဲထားတဲ့ စွန့်ပစ်အရေခွံဆိုရင် သုံးလို့ရနိုင်ကြပါတယ်။ ဘာပင့်ကူခွံတွေ့တွေ့ ကောက်ယူအသုံးပြုနိုင်ကြပါတယ်။ ဘာလို့လဲဆိုတော့ သူက သောက်ဆေးမဟုတ်ဘဲ ခြေဖဝါးလိုအရေခွံထူထူမှာ လိမ်းရတာဆိုတော့ ဆိုးကျိုးရယ်လို့ မရှိနိုင်ပါဘူး။

အဲဒီလို ပင့်ကူခွံအလွယ်တကူမရှိဘူးဆိုရင်တော့ မုန်ညင်းဆီလိမ်းပေးစေလိုပါတယ်။ မုန်ညင်းဆီဆိုတာလည်း အလွန်ဆေးအသုံးဝင်တာပါ။ သို့မဟုတ် ဒီဇယ်ဆီဖြစ်တဲ့ ရေနံဆီကို ခြေဖဝါးမှာလိမ်းပေးခြင်း၊ နှာဝမှာ အနံ့ပေးခြင်းပြုလုပ်ပါကလည်း ကလေးငယ်များ နှာခေါင်းပိတ်တဲ့ဝေဒနာက အလွယ်တကူ ကျော်လွှားနိုင်ကြပါလိမ့်မယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

"ဟင်"

"အို - ဘယ်လိုဖြစ်တာလဲ"

ရှေ့ပွိုင့်တပ်စိတ်မှ ထွက်ပေါ်လာသော အာမေဍိတ်သံများကြောင့် ဘာများဖြစ်လို့ပါလိမ့်ဟူသော သိလိုစိတ်ဖြင့် လှမ်းကြည့်လိုက်သည်။ မြင်တွေ့ရသော မြင်ကွင်းကြောင့် ဇဝေဇဝါဖြစ်သွားရသလို အံ့အားလည်းသင့်သွားရပါသည်။ ဟုတ်မှဟုတ်ပါလေစ ဟူ၍ ကိုယ့်ကိုယ်ကိုယ်ပင် သံသယဖြစ်သွားမိပြီး မယုံသင်္ကာစိတ်ဖြင့် မျက်စိကို ပွတ်သပ်၍ ထပ်မံကြည့်လိုက်မိပြန်ပါသည်။

မြင်ကွင်းကတော့ ပြောင်းလဲမသွားပါ။ ပုံသေမြင်ကွင်းသာလျှင် ဖြစ်နေသည်။

"ဟော့ - ဒီနေရာက စောစောက ငါတို့ရောက်ခဲ့တဲ့နေရာပဲကွ"

"အေးကွ၊ ဟုတ်တယ်။ ဒီနေရာကို သေသေချာချာမှတ်မိတယ်။ ငါတို့တော့ ရွာလည်ပြီနဲ့တူတယ်ဖော့"



(မုံရွာ)
# မောင်မောင်ချစ်ဦး
## ယုံရခက်ခက်

"ထမင်းငတ်ကိန်းပဲကွ"

ပွိုင့်တပ်စိတ်မှ ရဲဘော်များ၏ တစ်ယောက်တစ်ပေါက်ပြောဆိုသံများ ထွက်ပေါ်လာသည်။ ရဲဘော်များပြောကြားသလို ဟုတ်ပါသည်။ ဤနေရာကို လွန်ခဲ့သည့် (၂) နာရီကျော်ကျော်၊ (၃) နာရီခန့်ကရောက်ခဲ့ပြီ ဖြစ်ကြောင်းကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိပါသည်။

ဟော - ယခုထပ်မံရောက်ရှိ၍ နေပြန်ပါသည်။ အကောင်းရောက်ခြင်း မဟုတ်၊ မျက်စိလည်လမ်းမှား၍ရောက်ရှိခြင်းပင်လျှင် ဖြစ်သည်။ ဤသို့သာဆိုလျှင်တော့ 'မျက်စိလည်လေ ဆန်ရလေ' မဟုတ်ဘဲ 'မျက်စိလည်လေ အစာရေစာ ငတ်ပြတ်လေ' ပင် ဖြစ်ပါတော့မည်။

ထို့ကြောင့် ဆက်လက်သွားလျှင်လည်း မထူးတော့သည်မို့ -

"ဆရာဇော်တူး၊ ခဏနားမယ်ဗျာ"

ပွိုင့်တပ်စိတ်မှ တပ်စိတ်မှူး တပ်ကြပ်ဇော်တူးကို လှမ်းပြောလိုက်ပြီး ကျွန်တော်လည်း မြေပြင်ပေါ်သို့ခြေပစ်လက်ပစ်ပင်ထိုင်ချလိုက်သည်။

လက်မှ နာရီကိုကြည့်လိုက်တော့ နေ့လယ် (၁) နာရီတိတိ ရှိနေပေပြီ။ ယမန်နေ့နံနက် (၆) နာရီခန့်က ကင်းပုန်းဝပ်သောနေရာမှ 'မန်ဆန်တပ်စခန်း' သို့ ပြန်လာခဲ့သည်။ ကင်းပုန်းဝပ်သောနေရာနှင့်မန်ဆန်ရွာတပ်စခန်းမှာ ခန့်မှန်း (၅) မိုင်ဝန်းကျင်သာဝေးသည်။ လူသွားလမ်းအတိုင်း ပြန်သည်မဟုတ်ဘဲ တောတိုးပြန်သည်ဖြစ်သော်လည်း ဤခရီးသည် (၃)နာရီထက်ပိုမသွားရပါ။ ယခုတော့ (၇) နာရီခန့် သွားပြီးသည့်တိုင်အောင် တပ်စခန်းသို့ရောက်ဖို့ဝေး၍ ရေးရေးလေးပင်မမြင်ရသလို စောစောက ရောက်ခဲ့သောနေရာသို့ပင် ထပ်မံရောက်၍လာပြန်ပါသည်။

'ကဲ - ဘယ်လိုလုပ်မလဲ'

ဟူ၍ ကိုယ့်ကိုယ်ကိုယ် မေးမြန်းလိုက်သည်။ သို့သော် မည်သို့လုပ်ရမည်မှန်းမသိ၍ ပြန်လည်ဖြေစရာစကား မရှိပါပေ။

ထိုစဉ် ပွိုင့်တပ်စိတ်မှ တပ်စိတ်မှူး တပ်ကြပ် ဇော်တူးသည် ကျွန်တော့်ထံသို့ ရောက်ရှိလာသည်။

"ဗိုလ်ကြီး၊ ဘယ်လိုလုပ်မလဲ"

တပ်ကြပ်ဇော်တူးက မေးလာပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်မေးမြန်းခဲ့သောမေးခွန်းကိုပင် တပ်ကြပ်ဇော်တူးက မေးလာသည်။ ကျွန်တော်လည်း မည်သို့ဖြေရမှန်း ရုတ်တရက် စဉ်းစားမရဖြစ်၍ ပြန်လည်မပြောမိပါ။ သို့သော် စိတ်ထဲကတော့ 'ခင်ဗျားပဲ ဒီနေရာဒီဒေသကိုကျွမ်းတယ်ဆို၊ မျက်စိမှိတ်သွားတောင် လမ်းမမှားနိုင်ဘူးဆိုဗျ။ ကဲကဲ - ခုတော့ဘယ့်နှယ်လဲ' ဟူ၍ ပြောလိုက်ချင်ပါသည်။ သို့သော် မပြော

www.burmeseclassic.com

www.burmeseclassic.com

သင့်သောစကားဖြစ်၍ နှုတ်မှတော့ ဖွင့်ဟမပြောလိုက်တော့ပါ။

တပ်ကြပ်ဇော်တူးသည် ကချင်ပြည်နယ် ချီဖွေမြို့ဇာတိဖြစ်သည်။ ချီဖွေ၊ လောခေါင်ဒေသသည် ရာနှုန်းပြည့်မျှ မရှုတိုင်းရင်းသား၊ လရှီတိုင်းရင်းသားများသာနေထိုင်ရာဒေသ ဖြစ်သည်။

သို့သော် ရှားရှားပါးပါးဟုပင် ဆိုရမည်ဖြစ်သော ဇော်တူးတို့ ကချင် (ဂျိန်းဖော့) မိသားစုတစ်စုသည် မည်သို့မည်ပုံရောက်ရှိလာသည်မသိဘဲ ချီဖွေတွင် နေထိုင်လာခဲ့သည်မှာကြာပြီဟု ဇော်တူးပြောပြချက်အရ သိရှိရပါသည်။

ဇော်တူး၏ ဖခင်မှာ အမဲလိုက်မုဆိုးဖြစ်ပြီး ချီဖွေ၊ လောခေါင်၊ ရစ်ကျော်၊ မငေါ်င်၊ မန်ဆန်ရွာများ၏ ဒေသခွင်အတွင်း တောလည်နေကျ ဖြစ်သည်။ ဇော်တူးသည်လည်း ဖခင်နှင့်အတူလိုက်ပါနေကျဖြစ်၍ ဤနေရာဤဒေသဤခွင်ကိုကျွမ်းသည်။

အရပ်သားဘဝမှ တပ်မတော်သား ဖြစ်လာပြန်တော့လည်း ကချင်ပြည်နယ်သို့သာ စစ်ဆင်ရေးထွက်ရလေ့ရှိသောတပ်ရင်းသို့ရောက်ရှိ၍ ဇော်တူးအဖို့ များစွာမှပင် အဆင်ပြေသွားပါသည်။ အထူးသဖြင့် ဇော်တူး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ချီဖွေ-



လောခေါင်သို့ စစ်ဆင်ရေးထွက်သည့်အခါ ပို၍ပို၍ပင်အဆင်ပြေတော့သည်။ နယ်မြေဒေသကျွမ်းသော ဇော်တူးကို တပ်ရင်းမှူးနှင့် တပ်ခွဲမှူးက အားကိုးအားထားသလို ကျွန်တော်ကလည်း အားကိုးခဲ့ပါသည်။

ထို့ကြောင့်ပင်လားမသိ၊ တပ်ကြပ်ဇော်တူးက -

www.burmeseclassic.com

www.burmeseclassic.com

"ဒီဒေသမှာတော့ မျက်စိမှိတ်ပြီး သွားတောင် လမ်းမမှားစေရဘူး"

ဟူ၍ ပြောဆိုလက်မထောင်နေသူပင် ဖြစ်ပေသည်။

သို့သော် အစားကိုလည်း ကုန်အောင်စား၍ စကားကိုလည်း ကုန်အောင်ပြောခဲ့သော ဖော်တူး။

မျက်စိမှိတ်သွားလျှင်ပင် လမ်းမမှားစေရဘူးဟူ၍ အပြောကြီး လက်မထောင်ခဲ့သော ဖော်တူး။

ယခုတော့ မျက်လုံးပြူး၍သွားပါလျက်နှင့် မျက်စိလည်နေပေပြီ။ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်၍နေပေပြီ။

အမှန်တော့. . . အမှန်တော့ ဤဒေသဤနေရာသည် မျက်စိလည်စရာ မရှိသော ဒေသနယ်မြေသာ ဖြစ်သည်။ အဘယ်ကြောင့်ပါလဲ။

ကျွန်တော်အပါအဝင် ကျွန်တော့်တပ်စုရှိ တပ်စိတ်နှစ်စိတ်ရှိ အကြပ်စစ်သည်များအားလုံးလိုလိုသည် ဤဒေသဤခွင်အတွင်းတွင် စစ်ဆင်ရေးဝင်ရောက်ခဲ့သည်မှာ ကြာခဲ့ပေပြီ။ တောအနှံ့၊ တောင်အနှံ့၊ လျှိုမြောင်ချောက်ကမ်းပါးပါမကျန် ရောက်ဖူးသည်။ ပြောရလျှင် ခြေရာချင်းထပ်လုမတတ်ပင်ဖြစ်၍နေပေပြီ။ ထို့ကြောင့် လမ်းမှားစရာ၊ မျက်စိလည်စရာ မရှိပေ။

သို့သော် မည်သည့်အကြောင်းကြောင့်မသိ။ ယခုတော့ လမ်းစရှာမရအောင်ပင် မျက်စိလည်၍နေပေပြီ။

တပ်ခွဲမှူးက ကျွန်တော့်အား မီးလွတ်ရိက္ခာ (၃) ရက်စာနှင့် ကင်းပုန်းဝပ်ရန် တာဝန်ပေးစဉ်က ကျွန်တော်က လိုရမည်ရ စစ်သုံးမြေပုံတောင်းခံပါသေးသည်။

သို့သော် တပ်ခွဲမှူးက -

"အောင်မယ်လေး- ငါ့ညီရာ။ ငါ့ညီရဲ့တပ်စုမှာ ဆရာဖော်တူးပါနေမှတော့ ဘာမြေပုံ၊ ဘာလမ်းပြမှ မလိုပါဘူးကွာ"

ဟု ပြော၍ မြေပုံမထုတ်ခဲ့မိပါ။

ထို့ပြင် ဆရာဖော်တူးကလည်း-

"စိတ်ချပါ ဗိုလ်ကြီးရာ။ ဒီနယ်မြေကို ကျွန်တော်ကျွမ်းပါတယ်"

ဟု ပြောလာပါသည်။

ယခုတော့မူ နယ်မြေကျွမ်းပါသည်၊ မျက်စိမှိတ်၍ သွားလာလျှင်ပင် လမ်းမှားနိုင်ဟု ပြောဆိုသော တပ်ကြပ်ဖော်တူးသည် မျက်စိလည်၍နေပေပြီ။ ထို့ကြောင့်လည်း ကျွန်တော့်အား -

"ဗိုလ်ကြီး၊ ဘယ်လိုလုပ်မလဲ"

ဟူ၍ စစ်ကူတောင်းမေးလာပေပြီ။ ကျွန်တော်ကလည်း ကျွန်တော်ပင် မည်သို့မည်ပုံ ပြန်လည်ပြောကြားရမည်ကို စဉ်းစားမရ၍ ပြန်လည်မပြောဖြစ်ပါ။ အဖြေကား ခက်လှပါသည်။

ယခု မျက်စိလည်နေသည်မှာ မီးလွတ်ရိက္ခာ (၃) ရက်စာနှင့် ကင်းပုန်းဝပ်ပြီး (၄) ရက်မြောက် နံနက်ပိုင်းတွင် အခြေပြုရာ မန်ဆန်တပ်စခန်းသို့ ပြန်လာရာတွင် စခန်းသို့မရောက်ဘဲ မျက်စိလည်သွားခြင်းပင် ဖြစ်ပါသည်။

လူသွားလမ်းများရှိသော်လည်း ဤဒေသဤနယ်မြေတွင် လမ်းကိုအသုံးပြု၍မရပါ။ နယ်မြေခံ သောင်းကျန်းသူများသည် လူသွားလမ်းများတွင် နင်းမိုင်း၊ တိုက်မိုင်း၊ ဆွဲမိုင်းများ ထောင်ကြလေ့ရှိကြပါသည်။ ထို့ပြင် လမ်းများ၏ ဘယ်၊ ညာအထက်စီး တောင်ကြောများပေါ်မှလည်း အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်ခြင်း၊ အပိုင်ချုံခိုတိုက်ခိုက်ခြင်းများကို ပြုလုပ်တတ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မည်သည့်အချိန်အခါမျှ လမ်းကိုမသုံးဘဲ လမ်းကိုရှောင်ကာ တောချိုးတိုး၍ သွားလာလှုပ်ရှားကြလေ့ရှိကြပါသည်။ ယခုလည်း ကျွန်တော်တို့တပ်စု (တပ်စိတ်နှစ်စိတ်) သည် ကင်းပုန်းဝပ်ပြီး၍ တပ်စခန်းသို့ တောတိုး၍ ပြန်လာရာမှ လမ်းကြောင်းပျောက်၍ မျက်စိလည်သွားခြင်းပင် ဖြစ်ပါသည်။

ယနေ့ နံနက် (၈)နာရီ၊ (၉)နာရီဆိုလျှင် တပ်စခန်းသို့ ပြန်ရောက်ပေပြီ။ စခန်းသို့ပြန်လည်ရောက်ရှိမှသာ ထမင်းချက်ပြုတ်စားသောက်မည်ဟု (ရဲဘော်အားလုံးမှ) စဉ်းစားဆုံးဖြတ်ထားသည့်အတွက် မီးလွတ်ရိက္ခာ (၃) ရက်စာကို နည်းနည်းမှပင် ချန်ထားခြင်းမရှိဘဲ (၃) ရက်နှင့်ပင် အကုန်စားပစ်လိုက်ကြပါသည်။ ယခုတော့ စိတ်ကူးရည်မှန်းထားသည့်အတိုင်း စခန်းသို့ပြန်မရောက်ဘဲ မျက်စိလည်၍နေပေပြီ။ စားစရာဟူ၍ ဘာမှမရှိတော့။ သောက်ရေပင်လျှင် နည်း၍နေပေပြီ။

တစ်မနက်လုံး မည်သည့်အစားအစာကိုမျှ စားရခြင်းမရှိသေး၍ ဆာလောင်၍နေသလို ပင်ပန်းနွမ်းနယ်၍လည်းနေပေပြီ။ ဘာမှပင် လုပ်ချင်ကိုင်ချင်စိတ်မရှိတော့ဘဲ ရောက်သည့်နေရာတွင်ပင် ထိုးလဲ့အိပ်ပစ်လိုက်ချင်သည့် စိတ်ဆန္ဒများရှိ၍နေပေသည်။။

ထို့ကြောင့် တပ်ကြပ်ဖော်တူး၏ 'ဗိုလ်ကြီး၊ ဘယ်လိုလုပ်မလဲ' ဟူသည့် မေးခွန်းကို ပြန်လည် မဖြေကြားနိုင်ဘဲ-

"ဟင်း"

ဟူ၍သာ သက်ပြင်းမှုတ်ထုတ်လိုက်ပါသည်။

"ဆရာဖော်တူး၊ လမ်းကိုဘယ်လိုမှရှာမရဘူးလား"

ကျွန်တော်က သူ့မေးခွန်းကိုမဖြေဘဲ ပြန်လည် မေးမြန်းလိုက်ပါသည်။

"ဟုတ်တယ် ဗိုလ်ကြီး။ ထူးဆန်းလိုက်တာဗျာ၊ ဒီနေရာတွေဟာ ကျွန်တော် သွားနေကျလာနေကျလမ်းတွေပါ။ ခုတော့ ဘယ်လိုမှလမ်းစရှာမရဘဲ မျက်စိသာလည်နေတော့တယ် ဗိုလ်ကြီး"

ဆရာဖော်တူးက ညည်းညည်းညူညူ ပြောကြားလာပါသည်။

"အဲဒါမှဒုက္ခပါပဲဗျာ"

ဆရာဖော်တူး ညည်းညူသလို ကျွန်တော်လည်း ညည်းညူမိလိုက်ပါသည်။ အမှန်တော့လည်း ညည်းညူစရာ (တစ်နည်းအားဖြင့်) လမ်းမှားစရာ၊ မျက်စိလည်စရာမဟုတ်သော ဤဒေသဤနေရာတွင် (ဘာကြောင့်မှန်းမသိ) မျက်စိလည်နေ၍ ထိုသို့ ညည်းညူမိလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤဒေသ ဤနေရာသည် တောတောင်ထူထပ်ပြီး သစ်ပင်ကြီး၊ ငယ်ချုံနွယ်ပိတ်ပေါင်းပေါများသည့်အလျောက် အောက်ခြေလည်းရှုပ်၊ အပေါ်လည်းရှုပ်ပါသည်။ လူသွားလမ်းအတိုင်း သွားလာခြင်းမပြုဘဲ တောတိုး၍သွားလာပါက လမ်းမှားစရာ၊ မျက်စိလည်စရာတော့ရှိသည်။ သို့သော် ဤဒေသဤခွင်ကို ကျွမ်းကျင်သော ဆရာဖော်တူးပါရှိသလို စစ်သည်အများစုမှာလည်း ရောက်ဖူးနေကျ၊ သွားလာနေကျနေရာများဖြစ်၍ လမ်းမှားစရာ၊ မျက်စိလည်စရာ မလိုပါချေ။

သို့သော် ယခုတော့ မျက်စိလည်၍နေပေပြီ။

နောက်ဆုံးတော့ မတတ်နိုင်တော့။ ယခုလို နားနေထိုင်နေမည့်အစား သွားလာတာမှ လမ်းတွေ့လျှင်တွေ့မည်ဖြစ်သည်။ ထို့ကြောင့် နောက်မှလိုက်သော နောက်တပ်စိတ်မှ တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်မြအေးကို ခေါ်လိုက်သည်။

ခဏအတွင်းမှာပင် တပ်ကြပ်မြအေး ရောက်လာပါသည်။

"ကျွန်တော်ရောက်ပါပြီ ဗိုလ်ကြီး"

"အေးဗျာ၊ ဒီတစ်ခါတော့ ဆရာ

www.burmeseclassic.com

မြအေးရဲ့ တပ်စိတ်ပို့ဂ်တက်ဗျာ။ ရန်သူနဲ့ မိုင်းကိုလည်း ဂရုစိုက်။ ပြီးတော့ လမ်းကြောင်းကိုလည်းရှာဗျာ။ အတတ်နိုင်ဆုံးလမ်းရှာပါဗျာ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ကဲ - ဆက်ထွက်စို့ဗျာ"

ရှေ့ပို့ဂ်ကို တပ်ကြပ်မြအေး၏ တပ်စိတ်ကိုတင်လိုက်ပြီး ဆက်လက်ထွက်ခဲ့ကြပါသည်။ တပ်ကြပ်ဇော်တူး၏ တပ်စိတ်ကတော့ အနားရပြီး နောက်ကလိုက်ရ၍ အေးအေးဆေးဆေးပင်လိုက်ခဲ့ကြပါသည်။

သို့သော် မှောင်စသာပျိုးလာသည် လမ်းပျောက်နေဆဲ၊ မျက်စိလည်နေဆဲသာ ဖြစ်သည်။ မတတ်နိုင်တော့။ အားလုံးလည်း ဗိုက်ကဆာ၊ ပင်လည်းပန်းနေသည်မို့ ရောက်သည့်နေရာတွင် ညအိပ်စခန်းချလိုက်ရပါသည်။ ဒီနေ့အဖို့တော့ ဘာမှစားစရာမရှိ၍ ရေကိုသာအဝသောက်၍ အိပ်ရတော့မည်ဖြစ်သည်။

ကျွန်တော်ကတော့ ယခုလို လမ်းမှားမျက်စိလည်နေသည့်အဖြစ်ကို သိပ်ပြီးဘဝင်မကျချင်ပါ။

ယခု ကျွန်တော့်တပ်စု ကင်းပုန်းဝပ်သောနေရာမှာ တပ်စခန်းနှင့် (၃)၊ (၄) မိုင်မျှသာ ဝေးမည်ဖြစ်သည်။ ဤနေရာဤဒေသဤခွင်သည်လည်း သိပ်ပြီး ကျယ်လှသည်တော့ မဟုတ်ပေ။ ရှိလှမှ (၅) မိုင်၊ (၆) မိုင်ခန့် ပတ်လည်သာရှိမည်။ ဤမည်သောနေရာအတိုင်းအတာလေးထဲတွင် မျက်စိလည်နေခြင်းမှာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

ကျွန်တော့်စိတ်ထဲ ဘဝင်မကျသလို စိတ်လည်း မရှင်းမလင်းဖြစ်နေသည်ကတစ်ကြောင်း၊ မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ညှိနှိုင်းတိုင်ပင်သည်ကတစ်ကြောင်းကြောင့် တပ်စိတ်မှူးနှစ်ယောက်ကို ခေါ်လိုက်သည်။ (ကျွန်တော့်တပ်စုတွင် တပ်စိတ်သုံးစိတ်ရှိသော်လည်း တပ်စိတ်တစ်စိတ်ကို ခွဲရုံးအစောင့်အဖြစ်ပေးထားရသဖြင့် ယခု ကင်းထွက်ရာသို့ တပ်စိတ်နှစ်စိတ်သာလျှင် ထွက်ပါနိုင်ခဲ့ပါသည်။)

ခဏအတွင်းမှာပင် တပ်ကြပ်မြအေးနှင့် တပ်ကြပ်ဇော်တူးတို့ ရောက်ရှိလာပါသည်။

"ကျွန်တော်ရောက်ပါပြီ ဗိုလ်ကြီး"

"ကျွန်တော်လည်း ရောက်ပါပြီ ဗိုလ်ကြီး"

တပ်စိတ်မှူးနှစ်ယောက် အလေးပြုပြီး သတင်းပို့လာပါသည်။

"အေးဗျာ၊ ထိုင်ကြပါ"

တပ်စိတ်မှူးနှစ်ယောက်တို့သည် ကျွန်တော့်အနီး မြက်ခင်းပေါ်တွင် ထိုင်လိုက်ကြသည်။

"ကဲ - ဆရာတို့၊ ဆရာတို့လည်း အခြေအနေသိပြီးပြီပဲဗျာ။ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ အကြံဉာဏ်ပေးကြပါဦး"

သူတို့နှစ်ဦး ထိုင်လိုက်သည်နှင့် စကားစလိုက်သည်။ သို့သော် ပြောသာပြောရပါသည်၊ သူတို့လည်း မည်သို့မျှ တတ်နိုင်ကြမည် မဟုတ်ပါ။ သို့သော် သူတို့နှစ်ဦးသည် ရာထူးအရသာ ကျွန်တော့်ထက် ငယ်သော်လည်း စစ်သက်အရသော်လည်းကောင်း၊ တိုက်ပွဲအတွေ့အကြုံ နယ်မြေဒေသကျွမ်းကျင်မှုအရသော် လည်းကောင်း ကျွန်တော်ထက်များစွာသာလွန်ကြသူများသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း သူတို့ထံမှအကြံဉာဏ်များရယူရန်နှင့် စိတ်ထဲဘဝင်မကျ၊ မရှင်းလင်းသောမျက်စိလည်မှုကိုလည်း အဖြေရလိုရငြား ယခုလို ခေါ်ယူရခြင်းပင် ဖြစ်ပါသည်။

သို့သော် သူတို့နှစ်ဦးကား တိတ်ဆိတ်ငြိမ်သက်၍နေကြပါသည်။

"ကဲပါဗျာ၊ အကြံပြုကြပါဦး"

ကျွန်တော်က ထပ်၍ မေးမြန်းလိုက်ပါသည်။ သို့သော် သူတို့နှစ်ဦးမှာ မည်သို့မျှ ပြန်မဖြေကြသလို မျက်နှာကိုလည်း အောက်သို့ငုံ့ထားကြပါသည်။ ကြာတော့ ကျွန်တော့်မှာ စိတ်မရှည်တော့ပါ။

"ခင်ဗျားတို့ကဘယ်လိုဖြစ်ကြတာလဲ။ ခင်ဗျားတို့ပဲစဉ်းစားကြည့်။ ကျွန်တော်တို့မှာ ရိက္ခာကုန်လို့ ဒီနေ့ ဘာမှမစားကြရဘူး။ ဒီနေ့တစ်ရက်တည်းဆိုသိပ်ပြီးကိစ္စမရှိသေးဘူး။ မနက်ဖြန်ဆိုထမင်းမစားရတာ နှစ်ရက်ဖြစ်သွားပြီ။ နှစ်ရက်လုံးလုံး ထမင်းမစားရရင် ကျွန်တော်တို့တစ်တွေ ခံနိုင်ပါဦးမလား။ ဒီတော့ စခန်းရောက်ဖို့လိုတယ်။ စခန်းရောက်မှထမင်းစားရမယ်။ ဒါကို ခင်ဗျားတို့သိရဲ့သားနဲ့ ပါးစပ်ပိတ်နေရက်တယ်ဗျာ"

ကျွန်တော်က (စိတ်လည်းတိုလာ၍) အသံမာမာနှင့်ပြောလိုက်၍ သူတို့နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မျက်နှာသေလေးဖြင့် ကျွန်တော့်အား ကြည့်လာကြပါသည်။

"ကဲ၊ ကဲ - ပြောကြစမ်းပါဦး"

"စိတ်မရှိပါနဲ့ ဗိုလ်ကြီး။ ကျွန်တော်တို့က ဘယ်လိုကဘယ်လိုစပြီးပြောရမှန်းမသိလို့ပါ"

တပ်ကြပ်မြအေးက ဦးစွာပြောလာပါသည်။

"ကဲပါလေ - ခင်ဗျားအဆင်ပြေသလို၊ ပြောတတ်သလိုသာပြောစမ်းဗျာ"

"ဒီလိုပါ ဗိုလ်ကြီး၊ အခုမျက်စိလည်နေတာဟာ ဟိုဗျာ ဟို ဆိုင်၊ မဆိုင်တော့ မသိပါဘူး။ ကျွန်တော်တို့ မြွေသားစားလို့များလားမသိဘူး"

"ဗျာ - ခင်ဗျားတို့ မြွေသားစားတယ်။ ဘယ်တုံးကလဲ၊ ကျွန်တော်လည်းမသိရပါလားဗျာ"

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ မနေ့ကမနက်ကပါ။ ကျွန်တော်တို့ ဗိုလ်ကြီးမသိအောင် မြွေသတ်စားမိလိုက်ကြပါတယ်။ ဒါကြောင့်များ မျက်စိလည်သလားလို့ပါ"

"အိုဗျာ - မဆိုင်ပါဘူး။ အဲ့၊ အဲ့- နေပါဦး၊ ဒါနဲ့ ခင်ဗျားတို့က မြွေသားကိုဘယ်လိုစားကြတာလဲ။ အစိမ်းစားတာတော့မဟုတ်ပါဘူးနော်"

ရန်သူအား အလစ်အငိုက်ရရှိစေရန်နှင့် ရန်သူမသိရှိမရိပ်မိစေရန် မီးနှင့် ချက်ပြုတ်စားသောက်ရခြင်းမပြုရသည့် မီးလွတ်ရိက္ခာများနှင့် ကင်းပုန်းဝပ်နေရာမှာ မြွေသားကို မည်သို့မည်ပုံစားသောက်သည်ကို သိလို၍ မေးမြန်းလိုက်ခြင်းပင် ဖြစ်ပါသည်။

"မ. . . မဟုတ်ပါဘူး ဗိုလ်ကြီး၊ မီးကင်စားကြတာပါ"

"ဟာ - ခင်ဗျားတို့ကလည်းဗျာ။ အကြပ်တွေဖြစ်နေပြီဥစ္စာ၊ ဒီလောက်မှမသိကြဘူးလားဗျာ။ ရန်သူမသိအောင် မီးမမွေး၊ မချက်ပြုတ်ရတဲ့ မီးလွတ်ရိက္ခာစားပြီး ကင်းပုန်းလာဝပ်နေကာမှ ခင်ဗျားတို့က မြွေသားကိုမီးကင်စားရတယ်လို့။ ရန်သူသာ အနံ့ရသွားရင် မခက်ပါလားဗျာ"

"မီးခိုးမထွက်အောင်နဲ့ အနံ့မထွက်အောင်လုပ်ကြတာပါ ဗိုလ်ကြီး"

"ဟ - အသားတစ်ခုခုကိုမီးကင်တာ ဘယ်လိုအနံ့မထွက်အောင်လုပ်လာလဲ။ ကဲ၊ ကဲ - ဒီကိစ္စနောက်မှကြည့်ရှင်းမယ်။ ခုလောလောဆယ် မျက်စိလည်နေတဲ့ကိစ္စကို စဉ်းစားပြီး အဖြေရှာကြရအောင်ဗျာ"

"မြွေ. . မြွေသားစားလို့နဲ့တူတယ် ဗိုလ်ကြီး"

"ဟာဗျာ၊ ခင်ဗျားကလည်း"

www.burmeseclassic.com

မြွေသားစား၍ မျက်စိလည်တာ ဟုပြောလာသော တပ်ကြပ်မြအေးအား ဘဝင်မကျစွာ အသံမာမာဖြင့် ပြောလိုက်သည်။

"ဖြစ်နိုင်ခြေရှိတာကို ပြောပြတာပါ ဗိုလ်ကြီး။ ဗိုလ်ကြီးပဲစဉ်းစားကြည့်ပါဗျာ။ ဒီတောဒီတောင်ဒီနယ်မြေဆိုတာ ကျွန်တော်တို့ သွားလာနေကျနေရာဒေသတွေပါ။ ကျွန်တော့်ထက်ဆိုရင် ဆရာဇော်တူးက ပိုပြီးကျွမ်းပါတယ်။ မျက်စိမှိတ်သွားရင်တောင်လမ်းမမှားဘူးလို့ ပြောနေတဲ့သူပါ ဗိုလ်ကြီး။ ဒီလိုလူတောင်မှ လမ်းစရှာမရဘဲ မျက်စိလည်နေတယ်ဆိုတော့ စဉ်းစားစရာဖြစ်နေပြီ ဗိုလ်ကြီး"

"ဗိုလ်ကြီး ကျွန်တော်ပြောပြချင်ပါတယ်"

တပ်ကြပ်မြအေး၏ စကားဆုံးသည်နှင့် တပ်ကြပ်ဇော်တူးက စကားပြောခွင့် ခွင့်တောင်းလာပါသည်။

"ပြောပါ ဆရာဇော်တူး"

"ဒီလိုပါ ဗိုလ်ကြီး။ ကျွန်တော့်အဖေရဲ့ညီ ကျွန်တော့်ရဲ့ ဦးလေးဟာ တပ်ထဲမှာ အမှုထမ်းတုန်းက မြွေနဲ့ပတ်သတ်ခဲ့တဲ့ တကယ့်အဖြစ်အပျက်ကလေးတစ်ခုအကြောင်းပါ"

"ဟုတ်ကဲ့ ပြောပါ။ ကျွန်တော် စိတ်ဝင်စားပါတယ်"

"တစ်နေ့မှာ ဦးလေးပါဝင်တဲ့ တပ်ခွဲဟာ စစ်ဆင်ရေးသွားနေတုန်း လမ်းခရီးမှာ စပါးကြီးမြွေကြီးတစ်ကောင်တွေ့လို့ ရိက္ခာအတွက်သတ်ဖြတ်စားသောက်လိုက်ကြပါတယ်တဲ့။နောက်တစ်နေ့ ခရီးဆက်ထွက်တော့ မျက်စိလည်လမ်းမှားပြီး တောထဲမှာပဲ သုံး၊ လေးရက်ကြာသွားတယ်။ နောက်မှ မြွေသားမစားတဲ့ ရဲဘော်ကို ပို့င့်တက်ပြီးသွားစေမှ မျက်စိလည်ပျောက်ပြီး ရည်မှန်းချက်ကိုရောက်ပါသတဲ့ ဗိုလ်ကြီး။ ကျွန်တော်တို့လည်း အဲဒီလိုများဖြစ်နေမလားလို့ပါ"

"ဒါဖြင့် ဆရာတော်ဇော်တူး ပြောချင်တာက မနက်ဖြန် ခရီးထွက်ရင် မြွေသားမစားတဲ့သူကို ပွိုင့်ကသွားစေချင်တယ်လို့ ဆိုချင်တာလား"

"ဟုတ်၊ ဟုတ်ကဲ့ ဗိုလ်ကြီး။ ဒီလိုလမ်းမှာ မျက်စိလည်နေမယ့်အတူတူတော့ စမ်းကြည့်လုပ်ကြည့်ရင်ကောင်းမလားလို့ပါ"

"အင်းလေ၊ စမ်းကြည့်တာတော့ မမှားပါဘူးဗျာ။ စမ်းကြည့်ကြတာပေါ့။ ကဲ - မြွေသားမစားတဲ့သူ ဘယ်သူရှိသလဲ ပြောကြစမ်းပါဦး။ ခင်ဗျားတို့အားလုံး မြွေသားစားကြတဲ့ဥစ္စာကို"

"ရှိ. . . ရှိပါတယ် ဗိုလ်ကြီး"

"ကဲ၊ ကဲ - ရှိရင်ပြောစမ်းဗျာ။ အဲဒီလူဟာ ဘယ်သူလဲ"

"ဟို. . . ဟို ဗိုလ်ကြီးပါ၊ ဗိုလ်ကြီး"

"ဗျာ"

ရုတ်တရက်မို့ အလန့်တကြားဖြစ်ကာ အာမေဋိတ်သံပင် ထွက်၍သွားပါသည်။ နောက်မှ-

"ဟဲဟဲ - ဟုတ်သားပဲ၊ ကျွန်တော် မြွေသားမစားဘူး။ ခင်ဗျားတို့စားတာတောင်မှမသိတဲ့ဥစ္စာ"

"ဟုတ်ပါတယ် ဗိုလ်ကြီး။ ကျွန်တော်တို့ကလည်း ဗိုလ်ကြီးမသိအောင် သတ်ဖြတ်စားကြတာပါ"

"ဟုတ်ပါပြီလေ၊ ကဲကဲ - ဒီတော့"

ကျွန်တော်က လမ်းဖွင့်စကားပြောကြားလိုက်သည်။ သို့သော် အကြပ်နှစ်ဦးသည် မည်သို့မျှ ပြန်လည်ပြောကြားခြင်းမပြုဘဲ. ကျွန်တော့်ကိုသာ အဓိပ္ပာယ်ဖော်မရသော မျက်နှာများဖြင့် ကြည့်၍နေကြပါသည်။

"ဟာ - ခင်ဗျားတို့နှစ်ယောက်ကလည်း၊ ကျွန်တော့်ကိုများ ရုပ်ရှင်မင်းသားများ အောက်မေ့နေကြသလားမသိဘူး ကြည့်နေလိုက်ကြတာများ။ ကဲ - ကြည့်မနေကြနဲ့တော့။ ပြောမှာသာပြောကြစမ်းပါဗျာ"

"ဟို. . . ဟို ဗိုလ်ကြီးက မြွေသားမစားဘူးဆိုတော့"

"ဟာ - ဆရာမြအေးကလည်း၊ ပြောမှာသာပြောစမ်းပါဗျာ"

"ဗိုလ်ကြီးက မြွေသားမစားဘူးဆိုတော့ ပွိုင့်. . . ပွိုင့်တက်ပေးပါလို့"

"ဗျာ - ဟာ. . . မဟုတ်တာဗျာ"

အမှန်လည်း မဟုတ်သောအလုပ်ဖြစ်သည်။ တပ်စိတ် (၂) စိတ် (စစ်သည်အင်အား ၂၀) ရှိ အကြပ်စစ်သည်များရှိပါလျက်နှင့် အရာရှိတစ်ဦးက တပ်စု ရှေ့ပွိုင့်မှ သွားရမည်ဆိုခြင်းမှာ မဖြစ်သင့်သောလုပ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း 'ဟာ - မဟုတ်တာဗျာ' ဟူ၍ ကျွန်တော့်နှုတ်ဖျားမှ ထွက်သွားခြင်းပင် ဖြစ်သည်။

"တောင်း. . တောင်းပန်ပါတယ် ဗိုလ်ကြီး။ ထုံးစံမဟုတ်မှန်းလည်း သိပါတယ်။ ကျွန်တော်တို့ရှိရက်နဲ့ ဗိုလ်ကြီးက ပွိုင့်ကသွားတာဟာ မဖြစ်သင့်မှန်းလည်း နားလည်ပါတယ်။ ဒါပေမယ့်လည်း ဆရာဇော်တူးပြောခဲ့သလိုများ မြွေသားမစားတဲ့သူ ပွိုင့်ကသွားရင် လိုရာခရီးကို ချောချောမောမောရောက်တယ်ဆိုလို့ ခုလည်းပဲ အဲဒီလိုများဖြစ်လေမလားလို့ပါ ဗိုလ်ကြီး။ စမ်းကြည့်တဲ့သဘောပါဗျာ"

"အင်း - အဓိပ္ပာယ်တော့မရှိဘူးဗျာ။ မြွေသားစားတာ၊ မစားတာနဲ့ လမ်းမှားမျက်စိလည်တာမဆိုင်ဘူးလို့ ထင်တယ်ဗျာ"

"ဟုတ်ပါတယ် ဗိုလ်ကြီး။ သာမန်အားဖြင့် ကြည့်ရင်တော့ ဘာမှမဆိုင်ဘူးလို့ ထင်ရပေမယ့်လည်း ဟို. . ဟို"

"ကဲပါလေ၊ ခင်ဗျားတို့ဆိုလိုချင်က မြွေသားမစားတဲ့သူ ရှေ့ကသွားရင် လမ်းမမှားဘူး၊ မျက်စိမလည်ဘူး။ အဲ - မြွေသားမစားတာကလည်း ကျွန်တော်ပဲရှိလေတော့ ကျွန်တော်ရှေ့ကသွားရင် စခန်းကို မျက်စိမလည်ဘဲ ပြန်ရောက်မယ်ပေါ့ ဟုတ်လား။ အဲဒီလိုဆိုလိုချင်တာလား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"ဖြစ်နိုင်ပါတယ် ဗိုလ်ကြီး"

ဆရာမြအေးနှင့် ဆရာဇော်တူးတို့နှစ်ယောက်စလုံး၏ဆန္ဒက ကျွန်တော့်အား ပွိုင့်ကသွားစေချင်မှန်း သိသာလှပါသည်။ အမှန်တော့ ကျွန်တော်ပြောသလိုဝင် ယုတ္တိယုတ္တန်တော့ သိပ်ပြီးရှိလှသည်မဟုတ်ပါ။ သို့သော် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လုပ်ကြည့်ရမည် ဖြစ်ပါသည်။

တောထဲတောင်ထဲတွင် တဝဲလည်လည်ဖြင့် လမ်းမှားမျက်စိလည်နေမည့်အစား လုပ်ကြည့်တာက တစ်ခုမဟုတ်တစ်ခုတော့ အကျိုးရှိနိုင်မည် ထင်ပါသည်။ ထို့ပြင် ထမင်းငတ်ပြတ်၍ပင်ပန်းနေကြသော ရဲဘော်များအတွက်မို့ လုပ်ပျော်ပါသည်။ မည်သို့ဖြစ်စေ လုပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။ ထို့ကြောင့် -

"ကောင်းပြီလေ၊ မနက်ဖြန်ဆက်ထွက်ရင် ကျွန်တော်ပွိုင့်ကသွားမယ်ဗျာ"

"ဝမ်းသာပါတယ် ဗိုလ်ကြီး"

"ဂုဏ်ယူပါတယ် ဗိုလ်ကြီး"

အကြပ်နှစ်ဦးမှာ ဝမ်းသာပျော်ရွှင်သွားကြပြီး ကျွန်တော့်အား ချီးကျူးကြပါသည်။ ထို့နောက် ဂုဏ်ပြုစကားများပြောကြားကြပြီး မိမိတို့ တပ်စိတ်ရှိရာသို့ ပြန်သွားကြသည်။

ကျွန်တော့်မှာတော့ မနက်ဖြန်အတွက် ရင်မောစွာ ကျန်ခဲ့ပါသည်။ ပွိုင့်. . . ပွိုင့်. . . ပွိုင့်တက်ရမယ့် ငါ



www.burmeseclassic.com

www.burmeseclassic.com

ဘကား ဟူ၍။

✳

တစ်ညတာ ညအိပ်ရပ်နားခဲ့သော နေရာမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ကြသည်။ ယခု ပြန်လည်၍ ထွက်ခွာရာတွင် ရှေ့ပို့ဂွင့်က ကျွန်တော်သွားရမည် ဖြစ်သည်။

ကျွန်တော် ပို့ဂွင့်ကသွားမည်ဆိုခြင်းကြောင့် စစ်သည်အချို့မှာ ပြုံးပြုံးဖြဲဖြဲဖြစ်နေကြသလို တချို့မှာလည်း 'ဖြစ်မဖြစ်ပါ့မလား'ဟူသော သံသယစိတ်ဖြင့် နိမ့်စိတ်များဖုံးလွှမ်းသောမျက်နှာပေးများဖြင့်ကြည့်နေကြသည်ကိုတွေ့မြင်နေရပါသည်။

ဟုတ်ပါမည်။ ကျွန်တော်ကလည်း ကိုယ်မလုပ်ဘူးသောအလုပ်၊ ကိုယ်နှင့်မဆိုင်သောအလုပ်၊ တစ်နည်းအားဖြင့် ဆရာရှိတစ်ယောက်အနေဖြင့် မလုပ်သင့်သောအလုပ်ကို လုပ်တော့မည် မဟုတ်ပါလား။

အင်း- ခုလိုပို့ဂွင့်သွားသည်ကိုသာ ကျွန်တော့်တပ်ခွဲမှူးနှင့် တပ်ရင်းမှူးက သိရှိသွားပါက မည်မျှအထိ ဩဘာပေးခံရမည်မှန်း မသိတော့ပါ။

သို့သော် မတတ်နိုင်ပါ။ ပို့ဂွင့်ကသွားကိုသွားရမည့်အခြေအနေသို့ရောက်နေပေပြီ။

မြွေသားမစားသောသူသည် ရှေ့ပို့ဂွင့်ကသွားပါမှ (တစ်နည်းအားဖြင့်) ရှေ့ဆုံးက လမ်းပြသဖွယ်သွားပါမှ စခန်းသို့ပြန်လည်ရောက်ရှိမည်။ ထိုသို့မဟုတ်ဘဲ မြွေသားစားသူများသာ ပို့ဂွင့်ကသွားနေသမျှ စခန်းသို့ပြန်မရောက်ဘဲ ယခုလို လှည့်စီလည်နေမည်သာ ဖြစ်ကြောင်း တပ်စိတ်မှူးနှစ်ယောက်စလုံးမှ ပြောခဲ့သည်။

ယခု ကင်းပုန်းအဖွဲ့တွင် မြွေသားမစားသူဆို၍ ရှားရှားပါးပါး ကျွန်တော်တစ်ယောက်သာလျှင်ရှိနေသည်။ မြွေသားမစားသော ကျွန်တော်သာ ပို့ဂွင့်ကသွားပါက (တပ်စိတ်မှူးနှစ်ယောက်စလုံးအဆင်) ဧကန်မုချ စခန်းသို့ ပြန်ရောက်မည်ဟူ၍ တထစ်ချယုံကြည်နေကြပါသည်။

သူတို့၏ ယုံကြည်ချက်ကို မဆန့်ကျင်လိုသည်က တစ်ကြောင်း၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ စမ်းသပ်အဖြေရလိုသည်က တစ်ကြောင်းတို့ကြောင့် ကျွန်တော် ပို့ဂွင့်ကသွားရန် သဘောတူလိုက်ခြင်းပင် ဖြစ်ပါသည်။

"ကဲ - ဆရာတို့အားလုံး အဆင်သင့်ဖြစ်ရင်ထွက်ကြမယ်ဗျာ"

ကျွန်တော်ကအနီးတွင်ရှိနေသော တပ်စိတ်မှူးနှစ်ယောက်ကို ပြောလိုက်ပြီး ကာဘိုင်သေနတ်ကို မောင်းတင်လိုက်သည်။

"အသင့်ပါပဲဗိုလ်ကြီး။ ဒါ. . . ဒါနဲ့ ဗိုလ်ကြီး"

"ဘာလဲ ဆရာမြအေး၊ ပြောစရာရှိရင်ပြောဗျာ"

"ဒီလိုပါ ဗိုလ်ကြီး၊ ဗိုလ်ကြီးဆန္ဒရှိတဲ့ လမ်းကြောင်းအတိုင်းသာ သွားပါ ဗိုလ်ကြီး။ ဗိုလ်ကြီးရဲ့နောက်က ကျွန်တော်တို့လိုက်ပါ့မယ်။ ပြီးတော့ ဗိုလ်ကြီးရဲ့နောက်ကနေပြီး ကျွန်တော်နဲ့ ဆရာဇော်တူးတို့လိုက်ပါ့မယ်။ တစ်ခုခုအခက်အခဲဖြစ်ရင် အချိန်မရွေးပြောဆိုပါ ဗိုလ်ကြီး"

"ဟာ - ရပါတယ်ဗျာ။ ခင်ဗျားတို့တပ်စိတ်နဲ့သာလိုက်ခဲ့ကြပါ။ ကျွန်တော်ဖြစ်ပါတယ်ဗျာ"

"ရပါတယ် ဗိုလ်ကြီး။ ကျွန်တော်တို့တပ်စိတ်က ဒုတပ်စိတ်မှူးတွေကို သေသေချာချာမှာထားပါတယ်"

(ဒုတပ်စိတ်မှူးများမှာ ဒုတိယတပ်ကြပ်များဖြစ်၍ တပ်စိတ်အား ကိုင်တွယ်နိုင်စွမ်းရှိသူများပင် ဖြစ်ပါသည်)

"အင်းလေ၊ ဒါဆိုလည်း ကောင်းပါပြီ။ ကဲ - ထွက်မယ်"

ကျွန်တော်လည်း ပြောပြောဆိုဆို ကာဘိုင်သေနတ်၏ လုံခြုံရေးခလုတ်ကိုဖွင့်၍ တစ်တောင့်ချင်းသို့ ရွှေ့လိုက်ပြီး ညအိပ်ရပ်နားသောနေရာမှ ထွက်ခဲ့သည်။ ဖြည်းဖြည်းမှန်မှန်ဖြင့် သတိကြီးစွာဖြင့် ထွက်ခဲ့ပါသည်။

စခန်းရှိရာသို့ မှန်းဆတောတိုး၍ သွားရသည်။ အောက်ခြေရှုပ်သော ဒေသဖြစ်၍ တောတိုးသွားလာရသည်မှာ ပင်ပန်းလှပါသည်။ ထို့ပြင် ဗိုက်ထဲတွင် အစာမရှိ၍ ပိုဆိုး၊ ပိုပင်ပန်းလှသည်။ သို့သော် အပင်ပန်းခံသွားလာပါမှ စခန်းသို့ ရောက်နိုင်မည်ဖြစ်၍ အောင့်အည်းသည်းခံ၍ သွားရပါသည်။ တစ်ကိုယ်လုံး ဇောချွေးများထွက်လျက်ရှိနေပါသည်။ သေနတ်ကိုင်ထားသော လက်ဖဝါးလည်း ချွေးစေးများထွက်နေ၍ မကြာခဏပင် ဘောင်းဘီနှင့် သုတ်နေရပါသည်။

တစ်နာရီသွားပြီးတိုင်း (၁၀) မိနစ်ခန့်နားပြီး ထွက်ခဲ့ရာမှ နှစ်ခါမျှနားပြီး၍ ဆက်ထွက်ခဲ့ရာတွင် -

"ဗိုလ်ကြီး၊ ဗိုလ်ကြီး"

ကျွန်တော့်နောက်နားမှ လိုက်ပါနေသော တပ်ကြပ်မြအေးမှ အလန့်တကြားပြောလိုက်သံကြောင့် ကျွန်တော်လည်း အထိတ်တလန့်ဖြစ်ကာ -

"ဗျာ. . . ဗျာ ဘာလဲ"

ဟူ၍ ထူးရင်း သွားနေခြင်းကိုရပ်၍ နောက်သို့လှည့်ကြည့်လိုက်သည်။

"ဟိုမှာ၊ ဟိုမှာ"

ဆရာမြအေးက ဝမ်းသာအားရသောအသံဖြင့် ရှေ့ကို လက်ညှိုးထိုး၍ ပြောသလို ရဲဘော်များသည်လည်း -

"ဟေး"

"ရောက်ပြီကွ"

"စခန်းကိုမြင်ရပြီဟေ့"

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ဆူညံသွားသည်။ ကျွန်တော်လည်း အလျင်အမြန်ပင် ရှေ့ကိုကြည့်လိုက်သည်။

"ဟာ - စခန်းပဲ"

ကျွန်တော့်နှုတ်ဖျားမှ ဝမ်းသာအားရသောအသံသည် လွှတ်ခနဲထွက်၍သွားပါသည်။ ခပ်ဝေးဝေးတွင် ကျွန်တော်တို့စခန်းကို လှမ်း၍မြင်နေရပါပြီ၊ ကြည့်စမ်းပါဦး၊ မနေ့က တစ်ရက်လုံး မျက်စိလည်၍ စခန်းကို မည်သို့မျှရှာမတွေ့ခဲ့သော ကျွန်တော်တို့မှာ ယခု တစ်မနက်ခင်းလေးသွားရုံမျှနှင့် စခန်းကို လှမ်း၍မြင်တွေ့နေရပါပြီ။ ဆယ်မိနစ်၊ ဆယ့် ငါးမိနစ်အတွင်း စခန်းသို့ ရောက်ပေတော့မည်။

"အဲဒါ အဲဒါ မြွေသားမစားတဲ့ ဗိုလ်ကြီးကြောင့်ဗျ။ မြွေသားမစားတဲ့ ဗိုလ်ကြီး လမ်းပြတာကြောင့် စခန်းကို တွေ့ရတာ ဝမ်းသာတယ်ဗျာ"

ဆရာမြအေးက ဝမ်းသာသော အသံကြီးဖြင့် ပြောလာပါသည်။

ဆရာမြအေးပြောသလို မြွေသားမစားသော ကျွန်တော်မှ လမ်းရှာသွားခြင်းကြောင့် တစ်ရက်လုံးလုံးပျောက်နေခဲ့သောစခန်းကိုတွေ့သည်လား သို့တည်းမဟုတ် တွေ့ချိန်တန်၍တွေ့သည်ပဲလား ဘာလားညာလား မသိတော့ပါ။

သို့သော် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ယခုတော့ စခန်းကို မျက်ဝါးထင်ထင်တွေ့နေရပြီ ဖြစ်ပါသည်။

ယုံရခက်လှသော ဤအဖြစ်သနစ်သည် ကျွန်တော့်နှလုံးသားဝယ် ကိန်းအောင်း၍ သွားပါတော့သည်။

မောင်မောင်ချစ်ဦး (မုံရွာ)

www.burmeseclassic.com

## အခန်း (၁)

မိုးနှောင်းရာသီ၏ကောင်းကင်ပြင်တစ်ခုလုံး မိုးသားတိမ်လိပ်တို့ဖြင့်အုံ့မှိုင်းလျက် ထွက်သစ်စနေရောင်ခြည်က မိုးတိမ်တိုက်ကြားမှ မရဲတရဲခေါင်းပြူကြည့်နေသည်။

"ခရီးသည်တွေစုံနေပြီ။ မော်တော်က ခုထိမထွက်သေးဘူး"

"စက်ပြင်နေတယ်ပြောတာပဲ"

ခရီးသည်အချို့က ပြောလာကြသည်။ မော်တော်အုံနာဒေါ်တင်တင်က ပွဲပိုင်းတွင် စက်ပြင်နေသော အလုပ်သမားများဘက်သို့လှည့်၍ ထုံးစံအတိုင်း ခုနှစ်သံချီအော်ပြောလိုက်သည်။

"ဟဲ့ - ကျော်ပိုင်နဲ့ တိုးမောင်၊ စက်ကဒီနေ့အဖို့ပြင်လို့ပြီးပါဦးမလား"

"ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကြိုးစားပြင်နေတာပဲ အမေတင်"

တိုးမောင်က စက်ပြင်နေရင်းမှ အချိုသာဆုံးပြောလိုက်သည်။ ဒေါ်တင်တင်က ခရီးသည်တွေကြားမှ သူတို့ဘက်သို့ လျှောက်လာရင်း ခပ်တင်းတင်းလေသံဖြင့်-

"မနေ့ညနေ ရွာကိုမော်တော်ပြန်ရောက်ကတည်းက စက်မကောင်းမှန်းသိရင် ကြိုပြင်ထားပါလား။ ခုတော့ ညနေစောင်း ရွာရိုးကိုးပေါက်လတ်လျားလတ်လျားနဲ့ အချိန်ဖြုန်းနေတယ်"

"မနေ့ညနေတုန်းက မော်တော်စက်ကောင်းနေတာပဲ အမေတင်"

"နင်တို့တစ်တွေ ပြောလိုက်ရင် ဆင်ခြေလက်ခြေတွေနဲ့"


ခရီးသည်များမှ မြို့သို့ အချိန်မီမရောက်မှာစိုးသည့်အထဲ မော်တော်အုံနာနှင့် အလုပ်သမားတို့ ကထောက်ကဆဖြစ်သံများကိုကြားရ၍ မြင်ရပြန်တော့ ပိုလို့စိတ်ညစ်ကြရသည်။ ဦးတင့်၊ ဒေါ်တင်တင်တို့ဆိုသည်ကား ခရေစုရွာတွင် အချမ်းသာဆုံးဟု ပြောရလောက်အောင် သူတို့ပိုင် လယ်ယာမြေတွေကများပြားသလောက် ဆန်စက်၊ ပဲခွဲစက်များ၊ မြို့သို့တစ်ရက်ခြားလိုင်းပြေးနေသော မော်တော်ကြီးနှင့် မြို့ပေါ်ပွဲရုံတစ်ခုတွင်လည်း အစုရှယ်ယာထည့်ထားသောကြောင့် ဦးဘတင့်၊ ဒေါ်တင်တင်တို့ စီးပွားရေးလမ်းကြောင်းက ဖြောင့်ဖြူးခဲ့သည်။ ဦးဘတင့်က ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးပြေပြစ်သော်လည်း သူ့ဇနီး ဒေါ်တင်တင်က ဦးဘတင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင်း အထက်စီးက မောက်မာစွာ ဆက်ဆံတတ်ပြီး စီးပွားရေးတွင်လည်း တစ်ဖက်သားကို လက်တစ်ဆုံးနှိုက်လောဘသက္ကာယတွေများလှသောကြောင့် တစ်ရွာလုံးက နှာခေါင်းရှုံ့ကြသည်။ မော်တော်အလုပ်သမားများလည်း ဒေါ်တင်တင့်အာဘော်ကြောင့် တချို့ သုံးလတောင်မကြာဘဲ ပြန်ပြေးကြသည်။

သို့သော် ဒေါ်တင်တင်ကသိုလ်ကံက ကောင်းသေ ငွေပေါ် ဆိုသကဲ့သို့

(သရုက်)

# မောင်မောင်ညွန့်

သစ္စာပန်းကုံး



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရွာနှင့် (၅) မိုင်ဝေးသော ကြာအင်းရွာမှ တိုးမောင် ရောက်လာပြန်သည်။ ဘိုးမောင်က မိဘနှစ်ပါးစလုံး ကွယ်လွန်ကြပြီးနောက် တစ်ကောင်ကြွက်ဘဝဖြင့် ခရေစုရွာမှ သူ့အမေမောင် ဦးလေးမြဆီလာရင်း ဦးဘတင့်၊ ဒေါ်တင်တင်တို့ လိုင်းမော်တော်တွင် အလုပ်ဝင်လုပ်နေခြင်း ဖြစ်သည်။

"စက်နှိုးလို့ရပြီဗျို့၊ အမေတင့် ဒေါ်သတွေလျှော့ချလိုက်တော့"

ဒေါ်တင်တင်တို့နှင့် ဆွေမျိုးမကင်းသော ကျော်ပိုင်က အော်ပြောလိုက်သည်။

## အခန်း(၂)

"လျှော့ဈေးနဲ့ ရောင်းရအောင် ဘျပ်ကအလကားရထားတာမဟုတ်ဘူး ကိုဘတင့်"

"မတင်ရယ်၊ တို့အတွက်က အဲဒီနှမ်းတစ်ပြည်ကို အလကားပေးလိုက်လည်း အကြောင်းမဟုတ်ဘူး"

"ဟုတ်သားပဲ မေမေရယ်၊ ဦးလေးထွန်းသနားပါတယ်။ ညနေ သူလာရင် လျှော့ပေးလိုက်နော်"

"ဘုန်းကြီးစာချ မိချောင်းမင်း ရေခင်းပြမလုပ်နဲ့။ ညည်းကို ငါမွေးထားတာ မိနှင်း။ ညည်း လူတွေအကြောင်းဘယ်လောက်သိသေးလို့လဲ။ တစ်နေ့ကျရင် ကျေးဇူးရှင်ကိုကျေးစွပ်သွားကြတာချည်းပဲ။ တခြားမကြည့်နဲ့ အမေတို့ဆန်စက်မှာလုပ်တဲ့ဝင်းမြင့်ကိုကြည့်။ ငါကတော့ ဩော် - သူတို့က မိသားစုလည်းများ၊ ဆင်းရဲရှာတယ်ဆိုပြီး အလုပ်သိမ်းရင် ဆန်တစ်ပြည်စ၊ နှစ်ပြည်စပေးတယ်။ ဒီကြားထဲ အရက်ဖိုးမရှိတော့ ဆန်ခိုးရောင်းတယ်။ ဒါကိုသိလို့ သတိပေးတော့ မဟုတ်ပါဘူးတဲ့။ နောက်တော့ လက်ပူးလက်ကြပ်လည်းမိရော ဘာပြောနိုင်လို့လဲ။ ဟိုအေးလွင်ဆိုတဲ့အကောင်က ပိုဆိုးသေးတယ်။ ပဲဆန် (၅) တင်းဖိုးပွဲရုံကပေးလိုက်တာ ရွာမပြန်ဘဲထွက်ပြေးသွားတယ်။ သေခြင်းဆိုးနဲ့သေမယ့်အကောင်။ ဒါတောင် ပတ်ဝန်းကျင်က ပြောကြသေးတယ်။ ပြောပေါက်ဆိုးတဲ့ မိန်းမကြီး၊ အဲဒီလိုဖြစ်တာ နည်းတောင်နည်းသေးတယ်တဲ့။ ကိုယ်ချင်းစာတရားကင်းမဲ့တဲ့ဟာတွေ"

"ပြီးခဲ့တာတွေ ပြန်ပြောနေတော့ ဘာအကြောင်းထူးမှာလဲ မတင်။ မင်းမှာသာ ဒေါ်သတွေထွက်ပြီး စိတ်မောလူမောအကုသိုလ်တွေဖြစ်ကျန်ခဲ့တာ"

"ဖြစ်ဖြစ်တော်ဖြစ်ဖြစ်။ တော်တို့သားအဖက လူတစ်ဖက်သားကိုယုံလွယ်သနားလွယ်။ တစ်နေ့ကျရင် ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ကြတာချည်းပဲ"

"မတင့်၊ မင်းလူတွေကိုဝါးလုံးရှည်



www.burmeseclassic.com

www.burmeseclassic.com

ရှည်နဲ့တော့ သိပ်မယှမ်းနဲ့။ ကိုယ်ကျင့်တရားကောင်းတဲ့လူတွေလည်း အများကြီးကွ။ ဟိုတစ်လောက မင်းရဲ့ပိုက်ဆံအိတ်ထဲမှာလည်း သမီးဖို့ဝယ်လာတဲ့ ရွှေနှင်းဆီလက်ကောက်တစ်ရန်ပါတယ်။ မောင်တိုးမောင်ပြန်မပေးရင် မင်းဘာတတ်နိုင်မှာလဲ"

"ဟုတ်တယ်နော် ဖေဖေ။ အဲဒီတုန်းက ရွှေနဲ့ငွေရောဆိုရင် တန်ကြေးက နည်းတာမဟုတ်ဘူး။ ကိုတိုးမောင်ရဲ့ ရိုးသားတဲ့စိတ်ဓာတ်ကြောင့် ပြန်ပေးတာနော် ဖေဖေ"

"မှန်တာပေါ့ သမီး"

"သားအဖနှစ်ယောက် အတိုင်အဖောက်ညီနေလိုက်ကြတာ။ အချိုကြိုက်တဲ့လူက ဘယ်တော့မှ တစ်နပ်စားမကြိုက်ဘူး။ ဟိုတစ်နေ့က အဲဒီအကောင်ကို ထမင်းကြော်ဝယ်ကျွေးတာ ငါသိတယ် မိနှင်း"

"အဲဒီနေ့က မောင်တိုးမောင် ဘာမှမစားရသေးလို့ သမီးက စေတနာနဲ့ဝယ်ကျွေးတာ ငါသိတယ် မိနှင်း"

"အဲဒီနေ့က ကိုတိုးမောင် ဘာမှမစားရသေးလို့ သမီးက စေတနာနဲ့ ဝယ်ကျွေးတာပါ မေမေ"

"ကျွေးစရာမလိုပါဘူး။ သူတို့ကို အပြတ်ပေးထားတာ"

## အခန်း(၃)

အပြန်ခရီးအတွက် တိုးမောင်က အင်္ဂျင်ထဲသို့ ဆီဖြည့်ပြီး အဆင်သင့်ထွက်နိုင်ရန် စီစဉ်ထားလိုက်သည်။ ထို့နောက် ခရီးသည်တွေ ပြန်မလာခင် လွယ်အိတ်ထဲမှ ထမင်းချိုင့်ကိုဖွင့်၍ စားလိုက်သည်။ ကျော်ပိုင်တ ကမ်းနားထန်းရည်ဆိုင်သို့ ထန်းရည်သွားသောက်နေသည်။ ကျော်ပိုင်က ထန်းရည်အလွန်ကြိုက်သည်။ ဒေါ်တင်တင်က သူ၏ မော်တော်တွင် စက်မောင်းသူများအရက်၊ ထန်းရည် လုံးဝမသောက်ရ။ တားမြစ်သည့်ကြားထဲမှ ယခုလည်း ဒေါ်တင်တင် မြို့ထဲ ပွဲရုံမှ ပြန်မလာခင်၊ ထန်းရည်သွားသောက်နေခြင်းဖြစ်သည်။ တိုးမောင်က အလောင်းအစားကင်းသူပီပီ ထမင်းကို အချိန်မှန်စားသည်။ ထိုစဉ် မော်တော်ပေါ်သို့ နှင်းနုဖွေးရောက်လာသည်။

"ဟင် - ကိုတိုးမောင်၊ ထမင်းစားနေပြီလား။ ကိုတိုးမောင်စားဖို့ နှင်းနု ခေါက်ဆွဲကြော်ဝယ်လာတယ် - ရော့"

နှင်းနုဖွေးက နှစ်ဆင့်ချိုင့်လေးကို ဖွင့်၍ တိုးမောင်ကို ပေးလိုက်သည်။

"ဒုက္ခရှာလို့ မနှင်းရယ်၊ နေပါစေ။ မနှင်းတို့စာကြပါ။ ကျုပ်ကထမင်းစားလို့ ဝပါပြီ"

တိုးမောင်က ထမင်းကို အပြီးသတ်စားရင်း ချိုင့်ကို ရေဆေးလိုက်သည်။

"နှင်းနုက ကိုတိုးမောင်စားစေချင်လို့ သီးသန့်ဝယ်လာတာ။ ဘာလဲ၊ ဟိုတစ်ပတ်က ထမင်းကြော်ဝယ်ကျွေးတာကို မေမေဆူလို့စိတ်နာနေတာလား"

"ဟာ-မဟုတ်ရပါဘူ မနှင်းရယ်။ မနှင်းတို့မိသားစုက ကျုပ်တို့ရဲ့ထမင်းရှင်ကျေးဇူးရှင်တွေပါ။ ကျုပ်စိတ်ထဲမှာ အာဃာတလုံးဝမထားပါဘူး"

"ဒါဖြင့်စားလေ ကိုတိုးမောင်"

နှင်းနုဖွေးက ခေါက်ဆွဲချိုင့်ကို တိုးမောင်လက်ထဲ အတင်းထည့်ပေးရင်း စူးရှဝင်းလက်သောမျက်လုံးရွဲကြီးနှင့်ကြည့်လိုက်သောကြောင့် တိုးမောင် ရင်တစ်ခုလုံး လှိုက်ဖိုမောသွားသည်။

"ကျုပ်ထမင်းစားပြီးလို့ ဗိုက်ပြည့်နေပြီ၊ နေပါစေ"

"နှင်းနုက စေတနာနဲ့ပေးတာ စားမှကြိုက်တယ်"

"ကျုပ်တကယ်ဗိုက်ပြည့်ဒနေလို့ပါ မနှင်း"

"ဒါဆိုရင်လည်း ကိုတိုးမောင် ချိုင့်ထဲထည့်ပေးလိုက်မယ်၊ အိမ်ရောက်တော့ ဦးလေးမြလည်းစားရတာပေါ့။ ယူသွား ကိုတိုးမောင်"

နှင်းနုဖွေး၏ဇွတ်တရွတ်နိုင်သောစိတ်ဓာတ်ကို သိထားသော တိုးမောင်က အလျှော့ပေးလိုက်သည်။ နှင်းနုဖွေးက သူမချိုင့်ထဲမှ ခေါက်ဆွဲကြော်များကို တိုးမောင်ချိုင့်ထဲသို့ ထည့်ပေးလိုက်သည်။ ထို့နောက် သူမက တိုးမောင်ကို တစ်ချက်ကြည့်ရင်း -

"နှင်းနုက အလုပ်သမားအားလုံးကို ခင်ပါတယ်။ ပြီးတော့ သံယောဇဉ်လည်းရှိတယ်"

"ကျုပ်လည်း မနှင်းတို့ မိသားစုကို ခင်ပါတယ်"

"ဒါပေမယ့် ကိုတိုးမောင် နှင်းနု စေတနာကို ဥပေက္ခာပြုလွန်းတယ်"

## အခန်း (၄)

"ဒီမှာ ကိုဘတင့်၊ တော့်သမီးကို ဒီလိုပဲ ဥပေက္ခာပြုထားတော့မှာလား"

ဒေါ်တင်တင်က မြေပဲဆန်အိတ်များကိုချုပ်နေရင်း ပြောလိုက်သည်။

ဦးဘတင့်က-

"မင်းစကားကဘာအဓိပ္ပာယ်လဲ၊ သမီးကဘာဖြစ်နေလို့လဲ"

"ကိုဘတင့်၊ တော်ဟာလေ နမော်နမဲ့ကိုနေနိုင်လွန်းတယ်။ အခုတစ်လောတော့်သမီးအချိုးအပြောင်းနေတာသိလား"

"နေစမ်းပါဦး၊ မင်းကစကားပြောရင် တော့်သမီး၊ တော့်သမီးနဲ့ မင်းကကော သူ့အမေမဟုတ်တဲ့အတိုင်း။ ကိုင်း- ပြော သမီးကဘာအချိုးပြောင်းလို့လဲ"

"ဒါကြောင့် တော်ဟာ နမော်နမဲ့နေတယ်ပြောတော့ မကြိုက်ဘူး။ သမီးက ဟိုရေမျောကမ်းတင်အကောင်ကို အရောဝင်နေတာတော်သိလား"

"ဘယ်က ရေမျောကမ်းတင်ကို ပြောတာလဲ၊ ဘယ်သူလဲ"

"ဘယ်သူဖြစ်ရမှာလဲ၊ ဟိုကောင် တိုးမောင်ကို ပြောတာ သိပြီလား"

ဒေါ်တင်တင်၏ စကားကြောင့် ဦးဘတင့် ဘဝင်မကျဖြစ်သွားသည်။

"မတင့်၊ မင်းစကားပြောရင်ဆင်ခြင်ပြော။ တစ်ဖက်သားကို ချိုးချိုးဖဲ့ဖဲ့ မပြောပါနဲ့။ ငါ့အမြင်ပြောရရင် မောင်တိုးမောင်ဟာ အလုပ်ကို ကြိုးကြိုးစားစား ရိုးရိုးသားသားလုပ်နေတာပဲ"

"ဒါကတော့်အမြင်ကိုး။ သမီးက အဲဒီအကောင်ကို ပုဆိုး၊ အကျႌဝယ်ပေးလားပေးရဲ့၊ ကျောပိုးအိတ်ဝယ်ပေးရတာနဲ့ မိနှင်းတော့ ကောင်းကောင်းဆုံးမရမယ်"

"နေစမ်းပါဦး ပေးတာ၊ မင်းကိုယ်တိုင်မြင်လို့လား"

"ကျုပ်ကိုယ်တိုင်မြင်မှတော့ နှစ်ယောက်လုံးကို ပက်ပက်စက်စက်ပြောလိုက်မှာပေါ့။ အခုဟာက ရွာတောင်ပိုင်းက လှရီနဲ့ မိသန်းမြင့်တို့ပြောလိုက်တာ"

"သူများပြောတိုင်းမယုံစမ်းပါနဲ့ကွာ။ အကြောင်းအရာတစ်ခုကို ကိုယ်တိုင် ဂဃနဏသိအောင် စုံစမ်းပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်"

"ဒီမှာ ကိုဘတင့်၊ မီးဆိုတာ မလောင်ခင်တားရတယ်ရှင့်။ သမီးက ဘွဲ့ရခေတ်ပညာတတ်၊ ဖြူဖြူချောချောလေး။ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထား အို - မဖြစ်ဘူး၊မဖြစ်ဘူး။ ဒီမီးကို မလောင်ခင်ကျုပ်တားပြမယ်"

"ကြည့်လည်းထားပါ မတင်ရယ်၊ လောင်တာကတခြားဖြစ်နေပါ့မယ်"

"စိတ်ချ ကိုဘတင့်၊ အားလုံးပြေပြေပြစ်ပြစ်ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

တိုးမောင် ယခင်နေ့များထက် မော်တော်သို့ စောစောလာခဲ့သည်။ မနေ့က မြို့မှအပြန် မော်တော်အင်ဂျင် စက်သံ ပုံမှန်မဟုတ်သည့်အတွက် နော်ဇယ်ပလန်ချာဖြုတ်၍ စစ်ဆေးရန် စက်ဘူးကို ဖွင့်လိုက်သည်။ ထိုခဏ၌ မော်တော်ပေါ်သို့ ဒေါ်တင်တင် ရောက်လာသည်။ ဘယ်တုံးကမှ ခုလိုစောစော မီးလာလေ့မရှိသောကြောင့် အကြောင်း တစ်ခုခုတော့ရှိရမည်ဟု တိုးမောင်ရင်ထဲ တထိတ်ချမှတ်လိုက်သည်။

"ရောက်နေတာကြာပြီလားမောင်တိုးမောင်"

တိုးမောင် ကိုယ့်နားတောင်ကိုယ် မယုံချင်သလို နားကြားများမှားသလား ဟုတ် တွေးမိသည်။ ဒေါ်တင်တင်တို့ လိုင်းမော်တော်တွင် အလုပ်လုပ်ခဲ့သည်မှာ (၅) လကျော်ခဲ့ပေပြီ။ ရှေ့က မောင် တပ်ပြီး ယခုလိုတစ်ခါမှမခေါ်ဘူးခဲ့ပေ။

"ရောက်နေတာကြာပြီလားကွယ့် မောင်တိုးမောင်"

"ဗြော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကြာသေးပါဘူး"

"အမေတင် မောင်တိုးမောင်ကို ပြောစရာရှိလို့ ခရီးသည်တွေမရောက်ခင် လာခဲ့တာကွယ့်"

"ဟုတ်ကဲ့ ပြောပါ အမေတင်"

"ဟို အမေတင်တို့ စီးပွားရေးက နှစ်ပိုင်းမှာ သိပ်အဆင်မပြေဘူး။ ပွဲရုံ မှာ လျှောင်ထားတဲ့မြေပဲတွေ နှမ်းတွေ က အရှုံးပြနေတယ်။ ပြီးတော့ ကိုဘ တင်ရဲ့ကျန်းမာရေးကလည်း ခုတစ်လော ဒီလိုဖြစ်လိုက်ဒီလိုဖြစ်လိုက်နဲ့။ အဲဒါ ဆေးခင်ဆရာက အမေတင်တို့ ခိုင်းထား တဲ့အလုပ်သမားတွေထဲမှာ စနေသားရှိ ရင် လက်မခံပါနဲ့တဲ့။ အမေတင်လည်း အလုပ်သမားတွေကို စုံစမ်းလိုက်တော့ မောင်တိုးမောင်က စနေသား ဖြစ်နေ တယ်၊ အဲဒါ. . ."

"အမေတင် စကားမဆုံးခင်က ကတည်းက ကျွန်တော် သဘောပေါက်ပါ တယ်၊ ဒါများ ကျွန်တော့်ကို အားနာတဲ့ လေသံနဲ့ ဝေ့ဝိုက်ပြောနေစရာမလိုဘူး ခင်တယ်။ အမေတင်တို့မိသားစုက ကျွန်တော်ရဲ့ကျေးဇူးရှင်တွေပါ။ ကျွန် တော့်ကြောင့် အမေတင်တို့မိသားစု စိတ် အနှောင့်အယှက်မဖြစ်စေရပါဘူး"

တိုးမောင်က ထမင်းချိုင့်လွယ် အိတ်ကိုလွယ်၍ မော်တော်ပေါ်မှ ဆင်း သွားသည်။

"မောင်တိုးမောင်၊ ဒီလအတွက် လုပ်အားခယူသွားပါဦး"

ဒေါ်တင်တင် လုပ်အားခငွေကို အတင်းပေးသည်။

"နေပါစေ အမေတင်၊ အခုမှ လဆန်း (၁၀) ရက်ရှိပါသေးတယ်။ ကျွန် တော့်လုပ်အားခမရှိသေးလို့ မယူပါရ စေနဲ့။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

အခန်း (၆)

"မင်းရွာပြန်တော့ကော ရွာမှာ မင်းမိဘတွေမှမရှိတော့တာ။ နေစမ်းပါ ဦး၊ ဒေါ်တင်တင်တို့မော်တော်မှာ ဘာ ဖြစ်လို့မလုပ်တော့တာလဲ။ ဦးလေးမြကို အမှန်အတိုင်းပြောပြကွာ"

တိုးမောင်က တစ်ဖက်သားနစ်နာ သွားမည်ကို စိုးရိမ်သောကြောင့် တခြား နည်းလမ်းဖြင့် အကြောင်းပြ၍ပြောမည် ဟု စိတ်ကူးထားသော်လည်း ဦးလေးမြ ၏ စိတ်ရင်းစေတနာကို သိထား၍ အဖြစ်မှန်ကို မကွယ်မထောက်ပြောပြ လိုက်သည်။

"ဒါဟာ အလုပ်ရှင်က အလုပ် သမားကို သက်သက်ညစ်တာပဲ။ မင်းက ယောက်ျားတစ်ယောက်ပဲကွာ။ ဘဝကို လွယ်လွယ်နဲ့ အရှုံးမပေးရဘူး။ မင်းရွာ ကိုတော့မပြန်နဲ့။ ဒီလိုလုပ်ကွာ။ ရွာအရှေ့ ပိုင်းက ဦးဖိုးသောင်းကို သိတယ်မဟုတ် လား"

"သိတယ် ဦးလေးမြ"

"သူ့လိုင်းမော်တော်က မြို့ကို တစ် ရက်ခြားပုံမှန်လိုင်းမထွက်ဖြစ်တာကြာ ပြီ။ သူ့သား စံလင်းက အရက်ကို အချိန် ပြည့်သောက်နေတော့ ခရီးသည်တွေက အရက်သမားမောင်းတဲ့ မော်တော်ကို မစီးရဲကြတော့ဘူး။ စီးမယ့်ခရီးသည်မရှိ လို့ လိုင်းမထွက်နိုင်တော့ဘူး။ လိုင်း မထွက်နိုင်တဲ့အတူတူ မော်တော်ကို ပြန် ရောင်းဖို့စီစဉ်နေတယ်လို့ သတင်းရ တယ်။ ဒီတော့ အဲဒီမော်တော်မှာ မင်း လုပ်မလား။လုပ်မယ်ဆိုရင် ဦးဖိုးသောင်း ကို ငါပြောပေးမယ်"

"ကျွန်တော်က လုပ်နိုင်ပါတယ်။ ဒါပေမယ့် သူ့သားစံလင်းက သဘော တူပါ့မလား"

"အဲဒီအတွက် မင်းဘာမှစိတ်မပူ နဲ့။ စံလင်းက လွတ်လွတ်ကျွတ်ကျွတ် သောက်ရလို့ မင်းကို ကျေးဇူးတောင် တင်နေဦးမယ်"

သည်လိုနှင့် ဦးလေးမြ၏ စီစဉ် ပေးမှုဖြင့် တိုးမောင် ဦးဖိုးသောင်းလိုင်း မော်တော်တွင် အလုပ်ရသည်။ ဦးဖိုး သောင်းကလည်း ရေငတ်တုန်း ရေတွင်း ထဲကျဆိုသလို တိုးမောင်အား လှိုက်လှဲ စွာကြိုဆိုသည်။ တိုးမောင်က ဦးဘတင့်၊ ဒေါ်တင်တင်တို့ မော်တော်တွင် လုပ် စဉ်ကလို မော်တော်လုပ်ငန်းမှန်သမျှ ခြေသိမ်းခေါင်းပိုက် လုပ်ဆောင်ပေး သည်။ မြို့သွားမြို့ပြန်အချိန်မှန်ထွက်ပေး သည်။ မိုးတွင်းကာလဖြစ်သောကြောင့် မိုးရိပ်လေရိပ်အခြေအနေကိုကြည့်၍ မြို့ မှ အပြန်ခရီးတွင် စောစီးစွာ ထွက်ပေး သည်။

"မိတင်အေးရေ တို့ကတော့ ဦးဖိုးသောင်းမော်တော်ကို ပြောင်းစီး တော့မယ်"

"ကျွန်မတို့လည်း အဲဒီမော်တော် ကိုပဲ စီးနေတာ သုံးခေါက်ရှိပြီ။ မြို့က အပြန် မိုးလေအခြေအနေကိုကြည့်ပြီး စောစောထွက်တော့ ရွာကို အချိန်မီ ရောက်တာပေါ့"

ဦးဖိုးသောင်းကလည်း တိုးမောင် ၏ဖြောင့်မှန်သောစိတ်ဓာတ်၊ လုပ်ရည် ကိုင်ရည်ကို သဘောကျ၍ မော်တော် လုပ်ငန်းကို တိုးမောင်အား စိတ်ချယုံ ကြည်စွာ လွှဲအပ်ထားသည်။ တဖြည်း ဖြည်းနှင့် ဦးဖိုးသောင်းလိုင်းမော်တော် တွင် ကုန်အပြည့်၊ လူအပြည့်ဖြစ်လာ သလောက် ဦးဘတင့်၊ ဒေါ်တင်တင်တို့ မော်တော်တွင် သူတို့နှင့်ဆွေရိပ်မျိုးရိပ် မကင်းသူတို့သာ စီးကြတော့သည်။ တစ်ခါတစ်ရံ ကုန်နှင့် ခရီးသည်မရှိ၍ လိုင်းမထွက်ရသောရက်တွေရှိလာသည်။ ထိုဖြစ်ရပ်များကိုကြည့်၍ ဒေါ်တင့်တင့် ရင်ထဲ ကြိတ်မနိုင်ခဲမရ တမြေ့မြေ့ခံစား နေရသည်။



အခန်း (၇)

နံနက်စောစော တိုးမောင်တစ် ယောက် မော်တော်ပေါ်တွင် မြေပဲ

www.burmeseclassic.com

အိတ်များကို နေသားတကျဖြစ်အောင် စီနေချိန် မမျှော်လင့်ဘဲ နှင်းနုဖွေးရောက်လာသည့်အတွက် တိုးမောင် အံ့အားသင့်သွားသည်။

"ဟင်-မနှင်းပါလား၊ ကျုပ် မနှင်းကို ဘာကူညီရမှာလဲပြော။ ကျုပ်ကို အားနာစရာမလိုဘူး"

"ဘာအကူအညီမှ မလိုပါဘူး။ မနှင်း ကိုတိုးမောင်ကို တောင်းပန်ချင်လို့ပါ"

"ဗျာ - ကျုပ်ကို တောင်းပန်စရာမလိုပါဘူး။ ကျုပ်သဘောနဲ့ကျုပ် အလုပ်ထွက်သွားတဲ့အတွက် ကျုပ်က မနှင်းကို တောင်းပန်မှာပါ"

တိုးမောင်က မော်တော်ဝမ်းခေါင်းထဲမှ ရေများကို တံ့ကင်ဖြင့် ခတ်ထုတ်ရင်း ပြောလိုက်သည်။

"ကိုတိုးမောင် ဘာမှဟန်ဆောင်ပြောမနေနဲ့။ ဘယ်သူ့ပယောဂကြောင့် ကိုတိုးမောင်အလုပ်က ထွက်သွားရတယ်ဆိုတာ. နှင်းနု စုံစမ်းလို့သိပြီးပါပြီ။ ဒါကြောင့် နှင်းနု ကိုတိုးမောင်ကို တောင်းပန်အောင်လာခဲ့တာပါ။ နောက်ပြီး ကိုတိုးမောင် အလုပ်ကထွက်သွားရတဲ့နေ့ကစပြီး နှင်းနုရင်ထဲမှာအရမ်းခံစားရတယ်"

နှင်းနုဖွေး၏စကားသံကြောင့် တိုးမောင်ရင်ထဲ ဝေဒနာလှိုင်းဂယက်ဖြတ်သန်းသွားသည်။ ပြီးတော့ နှင်းနုဖွေးကို တစ်ချက်ကြည့်လိုက်သည်။ သိသိသာသာချောင်ကျသွားသော မျက်နှာလေးကိုမြင်ရပြန်တော့ နှင်းနုဖွေးကို တစိမ့်စိမ့်သနားမိသည်။

"မေမေက သူ့စိတ်မထင်ရင်မထင်သလို တစ်ဖွတ်ထိုးလုပ်တတ်တဲ့အကျင့်ရှိနေတော့ နေရထိုင်ရတာစိတ်ဆင်းရဲပါတယ်။ အခုလည်း နှင်းနုကို မြို့က ပွဲရုံပိုင်ရှင်ရဲ့သား ကိုညီညီထက်နဲ့ စေ့စပ်ဖို့ လူကြီးချင်းတိုင်ပင်နေကြတယ်။ ဘာအလုပ်မှ မည်မည်ရရမလုပ်ဘဲ အပေါင်းအသင်းတွေနဲ့ သောက်လိုက်စားလိုက်ပျော်လိုက်ပါးလိုက်လူတစ်ယောက်ကို နှင်းနုလုံးဝလက်မခံနိုင်ပါဘူး"

"လူကြီးတွေက သင့်မယ်ထင်လို့ စီစဉ်တာပဲ မနှင်းရယ်"

ပြောသာပြောလိုက်ရသည်။ တိုးမောင်ရင်ထဲ ဒဏ်ရာမဲ့ဝေဒနာ ဖြစ်ပေါ်သွားသည်။ နှင်းနုဖွေးက ပါးနှစ်ဖက်ပေါ်သို့ စီးကျလာသော မျက်ရည်စများကို လက်ကိုင်ပဝါဖြင့်တို့သုတ်ရင်း-

"ကိုတိုးမောင်ကပါ မီးလောင်ရာလေပင့်နေပြန်ပြီ။ ဘဝတစ်ခုလုံးနဲ့ရင်းပြီး မချစ်မနှစ်သက်သူရဲ့ရင်ခွင်ထဲမှာ ခိုဝင်ဖို့ လုံးဝစိတ်မကူးဘူး။ နှင်းနုမွေးနေ့တုန်းက ကိုတိုးမောင်ပေးတဲ့ဟောဒီခရေပန်းလေးကို နှင်းနု အသက်နဲ့ခန္ဓာကိုယ်မြဲသရွေ့ အမြဲသိမ်းထားတယ်။ နှင်းနုပြန်တော့မယ် ကိုတိုးမောင်"

ပါးစပ်အပေါင်းသားဖြင့် မှင်တက်မိနေသော တိုးမောင်က နှင်းနုဖွေးနောက်ကျောကို ကြည့်ရင်းမှ သတိဝင်လာကာ လှမ်းခေါ်လိုက်သည်။

"မနှင်း၊ မနှင်း"

နှင်းနုဖွေးက တိုးမောင်ကို တစ်ချက်ပြန်ကြည့်ရင်း ကုန်းပေါ်သို့တက်သွားတော့သည်။

"မနှင်း ဘာကိုဆိုလိုတယ်ဆိုတာ ကျုပ်သဘောပေါက်ပါတယ်။ ဒါပေမယ့် မနှင်းဘဝနဲ့ ကျုပ်ဘဝက မျှဉ်းပြိုင်နှစ်ကြောင်းလိုပါပဲ ဆုံစည်းဖို့ဆိုတာ. . ."

**အခန်း (၈)**

"နှင်းနုနဲ့ ကိုတိုးမောင် ဆုံစည်းဖို့ဆိုတာ ဒီတစ်လမ်းပဲရှိတော့တယ်"

နှင်းနုဖွေးက တိုးမောင်၏ လက်မောင်းကို အားကိုးတကြီး ဖတ်ထားရင်း ပြောလိုက်သည်။ တိုးမောင်က နှင်းနုဖွေးကို အကြင်နာမျက်ဝန်းတစ်စုံနှင့် ကြည့်လိုက်ရင်းမှ -

"မနှင်း၊ကျုပ်နဲ့လိုက်ရင် ဆင်းဆင်းရဲရဲနေရမှာ ကျုပ်မကြည့်ရက်ဘူး"

"နှင်းနု စဉ်းစားပြီးမှ ကိုတိုးမောင်ဆီလာခဲ့တာ။ ဟင် - နောက်ကလူသံကြားတယ်။ နှင်းနုတို့နောက်ကို လိုက်လာကြပြီ နှင်းနုကြောက်တယ် ကိုတိုးမောင်"

"မကြောက်နဲ့ မနှင်း။ ကျုပ်တစ်ယောက်လုံးရှိတယ်"

"အို - ကိုတိုးမောင် သူတို့နဲ့ ရင်ဆိုင်လို့ဘယ်ဖြစ်မှာလဲ။ သူတို့ကလူတွေအများကြီး။ နှင်းနုတို့ပဲဒုက္ခရောက်မယ်"

မှုန်ဝါးဝါးလရောင်အောက်တွင် ချစ်သူနှစ်ဦး လက်ချင်းတွဲ၍ ပြေးလာကြရာ ကုန်းထိပ်တစ်နေရာအရောက် ရုတ်တရက် လူတစ်ယောက်မီလာပြီး နှင်းနုဖွေးကို တိုးမောင်လက်ထဲမှ ဆွဲယူကာ ချောက်ထဲသို့ အတင်းတွန်းချလိုက်သည်။

"မနှင်း၊ မနှင်း"

"ဟေ့ကောင်တိုးမောင်၊ တိုးမောင် ဘာတွေယောင်အော်နေတာလဲ"

ခေါင်းရင်းခန်းမှ ဦးလေးမြခေါ်သံကြားမှ အိပ်မက်မက်နေမှန်းသိလိုက်သည်။ အိပ်မက်ဆိုသော်လည်း တိုးမောင်ရင်ထဲ ရင်ခုန်လှိုက်မောနွေးထွေးနေဆဲ ဖြစ်သည်။

မနက်မိုးလင်းတော့ မော်တော်ဆိပ်သို့ ဆင်းခဲ့သည်။ ကမ်းနားတွင် ကိုကျော်ပိုင်နှင့်ဆုံမိသည်။

"ဟေ့ကောင် တိုးမောင်၊ နှင်းနုအကြောင်း သိပြီလား"

"ငါဘာမှမသိရပါလား ကျော်ပိုင်၊ မနှင်းဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်းပါ"

"မနေ့က မြို့မှာ ပွဲရုံပိုင်ရှင်ရဲ့သား ညီညီထက်နဲ့ နှင်းနုကို နှစ်ဖက်မိဘတွေက စေ့စပ်ပွဲလုပ်ပေးကြတယ်။ နှင်းနုက လက်မခံဘူး။ ဒါပေမယ့် အမေတင်က ဇွတ်စီစဉ်တာ။ နှင်းနုကလည်းသိတဲ့အတိုင်း ဇွတ်ငြင်းပြီး ဆိုင်ကယ်အတင်းစီးထွက်ပြေးတာ။ ကုန်တင်ကားတစ်စီးကိုရှောင်ရင်းနဲ့ ကုက္ကိုပင်ကို ဝင်တိုက်မိလို့ဆုံးသွားပြီ"

"ဟာ"

တိုးမောင်တစ်ကိုယ်လုံး အဝေးတစ်နေရာသို့ လွင့်စဉ်သွားသလို ခံစားလိုက်ရသည်။

"နှင်းနုခုလိုဖြစ်ရတာ အမေတင်ရဲ့တစ်ဖက်စွန်းရောက်တဲ့ စိတ်ဓာတ်ကြောင့်ပဲ။ ထူးဆန်းတာက နှင်းနုဘယ်ဘက်လက်ထဲမှာ ခရေပန်းကုံးခြောက်တစ်ခုတွေ့ရတယ်ကွ။ အမေတင်လည်း သူ့ကြောင့်ဖြစ်ရတာဆိုပြီး ငိုလိုက်တာလူးလို့မ့်နေတာပဲ"

ကျော်ပိုင်စကားသံများကို ဆက်လက် နားထောင်နိုင်စွမ်း မရှိတော့ပေ။ မော်တော်ပေါ်သို့ မည်သို့မည်ပုံရောက်လာသည်ကို သတိမထားမိတော့။ ညတုန်းက အိပ်မက်များက တိုးမောင်ရင်ထဲ ဒုတိယအကြိမ် ဖြတ်သန်းသွားသည်။ လွန်ခဲ့သော ရက်အနည်းငယ်က သူပေးထားတဲ့ ခရေပန်းကုံးခြောက်လေးကို အမြတ်တနိုးသိမ်းထားကြောင်း၊ သူ့ကိုလာပြောစဉ်က ပုံရိပ်များ၊ သူနှလုံးသားရင်ပြင်တွင် ဘစ်ကွက်ပြီးတစ်တွက်ထင်ဟပ်လျက် တိုးမောင်ရင်ထဲမှာတော့ သူ့ပေါ်သစ္စာတရားကြီးမားတဲ့ သစ္စာရှင်မလေးရယ်ဟု ညည်းတွားရင်း သစ္စာပန်းကုန်းကလေးအကြောင်းကိုတော့ တိုးမောင်တစ်ယောက်မှလွဲ၍ အခြားမည်သူမျှ. . .။

မောင်မောင်ညွန့် (ဒုရက်)



www.burmeseclassic.com

www.burmeseclassic.com

လျှမ်းထက်


# ထိပ်တန်းလျှို့ဝှက်အလှွန်

၁၉၄၃ ခု၊ မတ်လ။

ဂျာမနီနိုင်ငံ ကိုဘတ်(စ်)မြို့၏ နွေ ...များက အေးစိမ့်လျက်ရှိနေသည်။ ...ဦးရက်ကို ရောက်လာခဲ့ပြီဖြစ်သော် ...ည်း နှင်းကြွင်းတို့က တဖွားဖွားကျ ...တ်ရှိ၏။ အေးစိမ့်သောလေသည် ...င်းရှူးပင်များ၊ ဘယ်လဖားဝက်သစ်ချ ...င်များ၊ သစ်ကြားသီးပင်များကြားတွင် ...ဝှေ့ကာ တီးတိုးစကားပြောလျက်ရှိ ...သည်။ တစ်ခါတစ်ရံ လေတိုးသံသည် ...လွန်ကျယ်လောင်လာသည်။

ဗြိတိသျှဘုရင် ရေတပ်မတော် ...ောက်လှမ်းရေးဌာနမှ ဒုတိယဗိုလ်မှူး ... အီယန်ဖလီမ်းမင်း (နောင်အခါ ...ညော်ကျော် ဂျိမ်း(စ်)ဘွန်းစာအုပ်များ ... ရေးသားသူ) သည် ကိုဘတ်(စ်)မြို့ ...င်ခြေဖုံး တောင်ပူစာပေါ်ရှိ တန်ဘတ် ... ရဲတိုက်ကြီးရှေ့ ကွက်လပ်အတွင်း ...ားထိုင်တစ်လုံးပေါ် ထိုင်၍ ကိုဘတ် ... မြို့၏ရှုခင်းကို ငေးမောကြည့်ရှုနေ ...သည်။ ဒုတိယဗိုလ်မှူးကြီး အီယန် ...မ်းမင်းသည် ဗြိတိသျှထောက်လှမ်း ...အဖွဲ့၏ အထူးတာဝန်ပေးချက်အရ ...စည်းထားသော (Red Indians) ...ယလူနီရိုင်းများ ဟူသော အထူး ...ောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဤရဲတိုက်ဟောင်းကြီးသို့ လာရောက်၍ စခန်းချ နေထိုင်ရခြင်း ဖြစ်သည်။

တန်ဘတ်(ချ်) ရဲတိုက်ကြီးအား ၁၇ ရာစုနှစ်များအတွင်းက ဂျာမန်စစ်ကဲကြီးတစ်ဦးက ဆောက်လုပ်ခဲ့ခြင်းဖြစ်၏။ နာဇီပါတီ အာဏာရရှိခဲ့ရာမှ နာဇီဂက်စတာပိုတပ်ဖွဲ့ဝင်များအတူ လျှို့ဝှက်သင်တန်းဖွင့်ခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့ ဂျာမနီနိုင်ငံအတွင်း ထိုးစစ်ဆင်လာခဲ့သည်နှင့် ဂက်စတာပိုဌာနချုပ်မှ အထူးလျှို့ဝှက်မှတ်တမ်းများ၊ ဂျာမနီအင်ဘွာဌာနချုပ်မှ လျှို့ဝှက်စစ်ဆင်ရေးမှတ်တမ်းများ၊ စီမံချက်၊ ဖိုင်တွဲများ စသော နိုင်ငံတော်၏ ထိပ်တန်းလျှို့ဝှက်ချက်ဖိုင်များကို မဟာမိတ်တို့လက်တွင်းကျရောက်မှု မရှိစေရန် ဂျာမနီနိုင်ငံအတွင်းရှိ ရဲတိုက်များ၊ ကျောက်မိုင်းတွင်းဟောင်းများ၊ လူများသွားလာရန်ခက်ခဲသည့် လျှိုမြောင်






...မှူးကြီး အီယန်ဖလီမ်းမင်း



www.burmeseclassic.com

www.burmeseclassic.com

များအတွင်း ဝှက်ထားစေခဲ့၏။ ဤကဲ့သို့ တိတ်တဆိတ် လျှို့ဝှက်ထားသော မှတ်တမ်းမှတ်ရာများကို စနစ်တကျ ရှာဖွေသိမ်းဆည်းနိုင်ရန် ဒုတိယဗိုလ်မှူးကြီး အီယန်ဖလိမ်းမင်း ခေါင်းဆောင်သော အထူးတပ်ဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယဗိုလ်မှူးကြီးအီယန်ဖလိမ်းမင်းအဖို့ ဤရဲတိုက်ကြီးသို့ရောက်ရှိနေသည်မှာ ရက်သတ္တပတ်တစ်ပတ်ခန့်ကြာခဲ့ပြီ ဖြစ်သည်။ သူ့အဖို့ တာဝန်အရ ရုတ်တရက် ရောက်လာခဲ့ရသော်လည်း ဤရဲတိုက်ကြီး၌တည်းခိုနေရခြင်းသည် စိတ်ကြည်နူးစရာဖြစ်နေသည်။ ရဲတိုက်ကြီး၏ ပရဝဏ်အဝမှဝင်လာသော မြေနီလမ်းသည် သစ်ကြားသီးပင်များကြားမှ ကွေ့ဝိုက်ကာ ရဲတိုက်ကြီး၏ ကြီးမားသော ဆင်ဝင်ရှေ့ သူခေတ္တထိုင်နေသော မြေကွက်လပ်တွင်ဆုံးသွားသည်။

ဤမြေကွက်လပ်မှ လှမ်းမျှော်ကြည့်လျှင် ကိုဘတ်(စ်)မြို့ကို စီး၍မြင်နေရသည်။ ကိုဘတ်(စ်)မြို့ကလေးသည် ချိုင့်ဝှမ်းထဲရောက်နေသည်။ သူရောက်ရှိနေသော ရဲတိုက်ကြီးမှာ စာရေး၊ စာဖတ်ဝါသနာပါသူ ဒုတိယဗိုလ်မှူးကြီး အီယန်ဖလိမ်းမင်းအဖို့ အနားယူ၊ စာဖတ်ဖို့ကောင်းနေသည်။ မော်တော်ကားသံ၊ မီးရထားသံမကြားရ။ လူသံ၊ အခြားမည်သည့်အနှောင့်အယှက်မျှမရှိ ပကတိတိတ်ဆိတ်လှသည်။ တစ်ခါတစ်ရံ သူ့တပ်ဖွဲ့ဝင်များ ရဲတိုက်ကြီးအတွင်း နာဇီဂျာမနီတို့ မြှုပ်နှံထားသည့်ပစ္စည်းများကို တူးဆွရှာဖွေနေသည့်အသံသာ ကြားရသည်။

နံနက်လင်းလျှင် စာကလေးငှက်နှင့် ကျီးငှက်တို့၏ မြည်ကျူးသံ၊ ခပ်လှမ်းလှမ်းရှိ တောင်ခြေ ယာတောရှိ ယာတဲနေ လူအများ၏စကားပြောသံ၊ ခွေးဟောင်သံ၊ ကလေးငိုသံသာ ကြားရ၏။ သူ့အဖို့ ဤတာဝန်ကြီးကို ယူခဲ့ရခြင်းသည် စိုင်ကော်၍ ချူပေါ်ရောက်သည်ဟု ဆိုရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် ဤရဲတိုက်ကြီး၏ မြေအောက်ခန်းတစ်နေရာတွင် နာဇီဂက်စတာပိုများ၊ အင်ဘွာ (စစ်ထောက်လှမ်းရေးတပ်) တပ်သားများနှင့် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ဌာနချုပ်မှ ထိပ်တန်းလျှို့ဝှက်မှတ်တမ်းများ ပါဝင်သော သံမဏိသေတ္တာအချို့ကို ရရှိထားခဲ့ရာ ဒုတိယဗိုလ်မှူးကြီး အီယန်ဖလိမ်းမင်းအဖို့ ယင်းနာဇီစစ်အာဏာပိုင်များ၏ ထိပ်တန်းလျှို့ဝှက်ချက်များကို စနစ်တကျ စစ်ဆေး၍ မဟာမိတ်စစ်အာဏာပိုင်များလက်သို့ အပ်ရမည် ဖြစ်၏။

ထိုထိပ်တန်းလျှို့ဝှက်ချက်များတို့ ပြည်သူများအဖို့ သိခွင့်မရနိုင်သေး သတ်မှတ်ထားသောကာလ၊ စည်းကမ်းချက်လွန်မှသာ သိခွင့်ရကြမည် ဖြစ်၏။ သူ့အဖို့ နာဇီတို့၏ လျှို့ဝှက်မှတ်တမ်းအချို့ကို စစ်ဆေးစာရင်းပြုစုရာတွင် အတော်အသင့် ကြိုတင်သိခဲ့ရသော်လည်း တာလစည်းကမ်းချက်အရ ရေငုံနှုတ်ပိတ်နေရမည် ဖြစ်သည်။ သူတွေ့ရှိဖတ်ရှုခဲ့ရသော လျှို့ဝှက်မှတ်တမ်းများတွင် သူနှစ်မွှန်းခဲ့ရ၏။ သို့ဖြစ်၍ ရဲတိုက်ကြီးရှေ့ကွက်လပ်တွင် ကုလားထိုင်တစ်လုံးဖြင့်ထိုင်နေသော အီယန်ဖလိမ်းမင်း၏စိတ်သည် ဝေးဝေးသို့မပြေး။ သူတာဝန်အရစစ်ဆေးကြည့်ရှုမှတ်တမ်းတင်ရသည့် နာဇီတို့၏လျှို့ဝှက်မှတ်တမ်းထဲ၌သာ စိတ်ရောက်နေခဲ့၏။

သူအထူးစိတ်ဝင်စားသော နာဇီစစ်ဌာနချုပ်၏ထိပ်တန်းလျှို့ဝှက်ချက်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှဘုရင့်ရေတပ်မတော်ထောက်လှမ်းရေးအဖွဲ့၏ ငါးစာစစ်ဆင်ရေး (Operation Micemeat) ၏ ဂယက်ရိုက်ခတ်ခဲ့ရသည့် ဖြစ်ရပ် ဖြစ်သည်။ ထိုငါးစာစစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခဲ့စဉ်ကမူ ဗြိတိသျှနှင့်အမေရိကန်ပြည်ထောင်စုတို့မှ စစ်ခေါင်းဆောင်များသည် သံသယဖြင့် စောင့်ကြည့်ခဲ့ကြပြီး ထိုစစ်ဆင်ရေးကြောင့် ဖြိုင်ဘက် ရန်သူစစ်ခေါင်းဆောင်များအား မည်မျှအောင်မြင်ပေါက်ရောက်အောင်ထိုးနှက်ခဲ့သည်ကို သိခွင့်မရ။ ထိုစစ်ဆင်ရေးကြောင့် အတော်အသင့် အောင်မြင်ခဲ့သည်ဟု မှတ်ယူခဲ့ကြ၏။

ယခုဗြိတိသျှဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး အီယန်ဖလိမ်းမင်းမှ အမှတ်မထင်တွေ့ရှိရသော နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ ဌာနချုပ်မှတ်တမ်းများ စစ်ဆင်ရေးအမိန့်များ၊ နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် သူ၏ ဝင်ရိုးတန်းမဟာမိတ်၊ ဖက်ဆစ်ခေါင်းဆောင်ကြီး မူဆိုလီနီတို့ အပြန်အလှန်ပေးသည့် သတင်းအချက်အလက်များအရ ထိုစစ်ဆင်ရေးမှာ မျှော်လင့်ထားသည့်ထက် အောင်မြင်သည်ကို တွေ့ကြရသည်။ ထိုစစ်ဆင်ရေးအကြောင်းသိရသော စာရေးဆရာများအဖို့ ရေးကွက်ကောင်း ဖြစ်သဖြင့် ထိုစစ်ဆင်ရေး၏အောင်မြင်မှုနှင့် ယင်းစစ်ဆင်ရေးကြောင့် ဒုတိယကမ္ဘာစစ်ကြီး၏အခြေအနေပြောင်းလဲသွားရပုံကို ရေးလိုကြသည်။ သို့သော် ဗြိတိသျှနှင့် မဟာမိတ်စစ်ခေါင်းဆောင်များသည် အထက်ဖော်ပြပါ စစ်ဆင်ရေးအပါအဝင်ထိပ်တန်းလျှို့ဝှက်ချက်များကို ကာလသည်းကမ်းဥပဒေနှင့် တားမြစ်ထားသဖြင့် ပြည်သူလူထု သိခွင့်မရခဲ့ပေ။

၁၉၅၃ ခုနှစ်တွင်မူ ဗြိတိသျှအာဏာပိုင်များသည် ငါးစာစစ်ဆင်ရေးနှင့် ပတ်သက်သောအကြောင်းအရာများကို ထိပ်တန်းလျှို့ဝှက်စာရင်းမှ ပယ်ဖျက်ပေးခဲ့ရာ ထိုစဉ်ကာလက ဤစစ်ဆင်ရေးတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သော ဗြိတိသျှ ဘုရင့်ရေတပ်မတော် အထူးထောက်လှမ်းတပ်ဖွဲ့မှ ဗိုလ်မှူး အာဝင်မွန်တေဂူသည် ထိုစစ်ဆင်ရေးကြီးအကြောင်းကို (The man who never was) 'ဘယ်တုန်းကမှမရှိသောသူ'အမည်ဖြင့် စာအုပ်ရေးသား ထုတ်ဝေခဲ့ပြီး ထိုစာအုပ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့သည်။

ဗိုလ်မှူးအာဝင်မွန်တေဂူမှာ စာရေးဆရာတစ်ဦး မဟုတ်သဖြင့် သူစာအုပ်မှာ အစီရင်ခံစာပုံစံဖြစ်နေရကား စာဖတ်ပရိတ်သတ်အများက စိတ်ဝင်စားခြင်းမရှိခဲ့။ ထို့ပြင် ထိုစစ်ဆင်ရေး၏ အဓိကပစ်မှတ်သည် နာဇီခေါင်းဆောင်ကြီး ဟစ်တလာအား မည်မျှထိခိုက်ခဲ့သည်ဆိုသည်ကို ရေးသား ဖော်ပြခဲ့ခြင်းမပြုခဲ့။

၂၀၁၀ ပြည့်နှစ်တွင်မူ အင်္ဂလန်နိုင်ငံမှ နာမည်ကျော် တိုင်း(မ်)သတင်းစာကြီးတွင် အယ်ဒီတာအဖွဲ့ဖြစ်လည်းကောင်း၊ အကြီးတန်းသတင်းထောက်အဖြစ် တာဝန်ယူခဲ့သော စာရေးဆရာ၊ သတင်းစာဆရာ၊ သုတေသီ ဘင်မာစင်တိုင်ယာက ထိုစစ်ဆင်ရေးတွင်ပါဝင်ခဲ့သော စစ်ပြိုင်နိုင်ငံများ၏ ထူးခြားဖြစ်ရပ်များကို ၂၀၁၁ ခုနှစ်တွင်(Operation Micemeat) ငါးစာစစ်ဆင်ရေးအမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရပြီး အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ်ဖြစ်ခဲ့သည်။

ထိုသည်းထိပ်ရင်ဖိုဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာကောင်းသောဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလအတွင်း နာဇီဂျာမနီနိုင်ငံသည် ကြားနေနိုင်ငံတစ်နိုင်ငံဖြစ်သော ပိုလန်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရာမှ ဥရောပတိုက်တွင် ဗြိတိသျှနှင့် ပြင်သစ်နိုင်ငံတို့ ပို့ဆောင်သော မဟာမိတ်နိုင်ငံများနှင့် နာဇီဂျာမနီနိုင်ငံနှင့်ဖက်ဆစ်အီတလီနိုင်ငံဦးဆောင်သော ဝင်ရိုးစွန်းမဟာမိတ်တပ်ဖွဲ့ဝင်များသည် (နောင်အခါ ဂျပန်နိုင်ငံ ပါဝင်လာခဲ့သည်) စစ်ကြေညာ၍စတင်တိုက်ခိုက်ခဲ့ကြသည်။

ဗြိတိသျှနှင့်မဟာမိတ်တို့ကလည်း တပ်ရင်းပေါင်း (၁၄၄) ရင်း၊ တင့်ကားပေါင်းများစွာနှင့် တပ်ရင်းပေါင်း (၁၄၁) ရင်းနှင့် တင့်ကားပေါင်း (၂၉၀၀) ကျော်ပါဝင်သော နာဇီဂျာမန်တပ်များသည် စစ်ကြီးစတင်ဖြစ်ပွားသည်နှင့် ဥရောပစစ်မျက်နှာတွင်းရင်ဆိုင်နေကြ၏။ စတင်စစ်ကြေညာပြီး ရက်သတ္တပတ်ပေါင်းများစွာကြာသည့်အလိုက် စစ်ပြိုင်နိုင်ငံများ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိဘဲ ရက်သတ္တပတ်အနည်းငယ်ကြာမြင့်လာသည်နှင့် နာဇီဂျာမန်တပ်များသည် လျှပ်တစ်ပြက်စစ်ဆင်နည်းဖြင့် မဟာမိတ်တပ်ပေါင်းစုကို ဝင်ရောက် ထိုးဖောက်တိုက်ခိုက်သည်နှင့် ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရ၏။ ဥရောပတိုက်နိုင်ငံအများမှာ ရက်သတ္တပတ် အနည်းငယ်အတွင်း နာဇီဂျာမန်တပ်များထံ လက်ချက်ချခဲ့ကြရသည်။ ဒိန်းမတ်နိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံတို့မှာ (၂၄) နာရီအတွင်း လက်နက်ချခဲ့ကြရသည်။ အစဉ်အလာကြီးမားခဲ့သော ပြင်သစ်နိုင်ငံတော်သည် ဂျာမန်တပ်သား (၁၃၄,၀၀၀) ပါဝင်သော တင့်ကားတပ်များ၏ အပြင်းအထန်ထိုးနှက်တိုက်ခိုက်မှုကြောင့် ရက်သတ္တပတ်ခြောက်ပတ်အတွင်း လက်နက်ချခဲ့ရသည်။

နာဇီဂျာမန်တပ်များသည် ဗြိတိသျှတပ်များနှင့် မဟာမိတ်တပ်များအား ဖွတ်အတင်းထိုးဖောက်တိုက်ခိုက်သဖြင့် မဟာမိတ်တပ်များသည် ပြင်သစ်နိုင်ငံ ဒန်ကတ်မြို့သို့ ကစဉ့်ကလျား ဆုတ်ခွာလာခဲ့ရပြီး ထိုမြို့မှ ဗြိတိသျှရေတပ်မတော်မှ သင်္ဘောများ၊ အင်္ဂလန်နိုင်ငံမှ ရရှိနိုင်သည့် အရပ်သုံးလှေ၊ သင်္ဘော၊ မော်တော်ဘုတ်များနှင့် ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ၊ ၄ ရက်နေ့တွင် ကစဉ့်ကလျား ဆုတ်ခွာတိမ်းရှောင်ခဲ့ရ၏။

ထိုစဉ်က မှတ်တမ်းများအရ အင်္ဂလန်နိုင်ငံသို့ဆုတ်ခွာခဲ့ရသောမဟာမိတ်တပ်သားပေါင်း သုံးသိန်းငါးသောင်းရှိခဲ့သည်ဟု သိရ၏။ တပ်သားအများသည် ပြင်သစ်နိုင်ငံ ဒန့်ကတ်ကမ်းခြေတွင် လက်နက်ကြီးများ၊ စစ်ရိက္ခာပစ္စည်းများ ရာပေါင်းများစွာသော တင့်ကားများ၊ စစ်အသုံးအဆောင်ပစ္စည်းများကို စွန့်ပစ်ထားခဲ့ရသည်။ ထိုအချိန်တွင်မူ နာဇီဂျာမနီတို့အဖို့ ဒုတိယကမ္ဘာစစ်ကြီးတွင် အောင်ပွဲခံရန် သေချာခဲ့ပြီ ဖြစ်သည်။

ထိုကာလက အမေရိကန်ပြည်ထောင်စုသည် တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးလျက်ရှိသော်လည်း ဗြိတိသျှတို့အား လိုအပ်သောရိက္ခာပစ္စည်းများ၊ စစ်အသုံးအဆောင်များ အကူအညီပေးခဲ့သည်။ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝင်ရိုးစွန်းမဟာမိတ်အဖွဲ့ဝင် ဂျပန်နိုင်ငံသည် စစ်ကြေညာခြင်းမရှိဘဲ အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းရှိ ရေတပ်မတော်ဌာနချုပ်အား အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုသည် စစ်ကြီးအတွင်း ပါဝင်လာခဲ့ရသည်။

တစ်ကောင်ကြွက်ဖြစ်ခဲ့ရသော အင်္ဂလန်နိုင်ငံမှာလည်း အမေရိကန်ပြည်ထောင်စု၏အကူအညီကြောင့် နာလန်ပြန်ထူလာခဲ့၏။ နာဇီဂျာမနီနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စု (ရုရှား) အား ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ ဆိုဗီယက်ပြည်ထောင်စုသည် ဗြိတိသျှမဟာမိတ်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ရ၏။ ၁၉၄၃ ခုနှစ်အထိ ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ ဥရောပတိုက်တွင် ခြေကုပ်စစ်စခန်းမရှိခဲ့။ အာဖရိကတိုက်မြောက်ပိုင်းတွင်တာ

www.burmeseclassic.com

ခြေကုပ်ယူထားနိုင်ခဲ့၏။

နာဇီဂျာမန်ထိပ်တန်းခေါင်းဆောင်များနှင့် စစ်အာဏာပိုင်များသည် မဟာမိတ်တပ်များသည် မည်သည့်ပင်လယ် ရပ်ခြားစစ်ဆင်မှုကို မပြုလုပ်ဘဲ အင်္ဂလန်နိုင်ငံနှင့် အာဖရိကတိုက်မြောက်ပိုင်းတွင် နှစ်ရှည်လများ၊ တပ်စွဲနေကြမည် မဟုတ်ဟု တွက်ဆထား၏။ မဟာမိတ်တို့သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြင်သစ်နိုင်ငံအား သိမ်းပိုက်ရန်အတွက် စစ်ဆင်ရေးကြီးတစ်ခုကို ပြုလုပ်ရမည် ဖြစ်သည်။ ဤသို့ပြုလုပ်ရာတွင် မဟာမိတ်တို့သည် ဥရောပတိုက်၏ ဝမ်းဗိုက်အပျော့ဟု ယူဆထားသော အီတလီနိုင်ငံသိမ်းပိုက်ရေး၊ ဂရိနိုင်ငံကို ပြန်လည်သိမ်းပိုက်ရေးကို ပြုလုပ်မည်ဟုလည်း တွက်ဆထားပြီး ဖြစ်၏။

မြေထဲပင်လယ် အလယ်ပိုင်းနှင့် အီတလီနိုင်ငံ၏ တောင်ဘက်စွန်းတွင် ဆီစလီကျွန်းရှိသည်။ ထိုကျွန်းတွင် တပ်စွဲထားသော ဂျာမန်ကြည်းတပ်နှင့် ရေတပ်များ၊ ဖက်ဆစ်အီတလီနိုင်ငံ၏ ကြည်းတပ်၊ ရေတပ်များသည် မြေထဲပင်လယ်ဒေသတစ်ခုလုံးကို စိုးမိုးထားရာ မဟာမိတ်တပ်များသည် ဆီစလီကို သိမ်းပိုက်နိုင်ခြင်းမရှိသေးသမျှ မြေထဲပင်လယ်အတွင်း လွတ်လပ်စွာသွားလာလှုပ်ရှားခြင်းမရှိနိုင်သည်သာမက မဟာမိတ်တို့စစ်ဆင်ရေးပြုလုပ်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်၍ မဟာမိတ်တို့သည် ဆီစလီကျွန်းအားတိုက်ခိုက်လိမ့်မည်ဟု တထစ်ချ စွဲမှတ်ထားကြသည်။

ဤအယူအဆကို နာဇီဂျာမန်တို့နှင့် အီတလီစစ်ဘက်ခေါင်းဆောင်များ စွန့်လွှတ်ရန်၊ ကြံဆောင်ရန်လိုအပ်သည်ဟု မဟာမိတ်ခေါင်းဆောင်များက ယူဆထား၏။ မဟာမိတ်တို့သည် ဆီစလီကျွန်းကို အဓိကပစ်မှတ်ထား၍ တိုက်ခိုက်လိမ့်မည်မဟုတ်။ ဆီစလီကျွန်းအား အယောင်ပြ၍အခြားနေရာကိုတိုက်ခိုက်လိမ့်မည်ဟု နာဇီဂျာမန်ထိပ်သီးခေါင်းဆောင် ဟစ်တလာနှင့် စစ်အာဏာပိုင်များ ယုံကြည်လာအောင် ယောင်ပြစစ်ဆင်ရေး စာရွက်စာတမ်းအတုများ ပြုလုပ်၍ ဂျာမန်တို့လက်သို့ ရောက်ရှိလာစေရန် စစ်ဆင်ရေးတစ်ခု ပြုလုပ်ရန် စီမံခဲ့ကြသည်။

ထိုစစ်ဆင်ရေးတွင် သာမန်လူသေအလောင်းတစ်လောင်းအား ဗြိတိသျှရေတပ်မတော်မှ ဗိုလ်မှူးတစ်ယောက်၏အဝတ်အစားပေးပြီး သူနှင့်ပါသွားသော အိမ်တွင်းမဟာမိတ်တပ်များ၊ ဆီစလီကျွန်းကို တိုက်ခိုက်ခြင်းမပြုဘဲ၊ ဂရိနိုင်ငံအား ဝင်ရောက်တိုက်ခိုက်မည့် စစ်ဆင်ရေးအတုစာရွက်စာတမ်းများ၊ တာဝန်ရှိသူ ဗြိတိသျှဗိုလ်ချုပ်ကြီးများအချင်းချင်းပေးပို့သည့်စာအတုများလည်း ထည့်ကာ အလောင်းအား စပိန်ကမ်းခြေဘက်မှာ မျောသွားအောင် စီစဉ်ဆောင်ရွက်ရန် စီမံနိုင်လျှင် နာဇီဂျာမန်တို့အား သေချာပေါက်လှည့်စားနိုင်မည်ဟု ယုံကြည်ထားသည်။ ထိုစစ်ဆင်ရေးကိုလည်း (Operation Mincemeat) ငါးစာစစ်ဆင်ရေးဟု နာမည်ဝှက်ပေးထားခဲ့ကြသည်။

ထိုစဉ်ကာလက စပိန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်ခြင်းမရှိဘဲ ကြားနေနိုင်ငံဟု ကြေညာထားသော်လည်း စပိန်လူမျိုးတို့သည် ဂျာမန်စစ်အာဏာပိုင်များနှင့် ရင်းနှီးကြသည်။ စပိန်နိုင်ငံတွင် နာဇီဂျာမန်သူလျှိုများ ပျားပန်းခပ်လှုပ်ရှားနေရကား ထိုအလောင်းအား တွေ့ရှိရသော စပိန်အာဏာပိုင်များသည် ထိုအလောင်းပါ စာရွက်စာတမ်းများကို မိတ္တူပြုလုပ်၍ နာဇီဂျာမန်တို့လက်သို့ပေးအပ်မည်မှာ သေချာသည်ဟု မဟာမိတ်အာဏာပိုင်များက ယူဆထား၏။

သို့ဖြစ်၍ ထိုယောင်ပြစစ်ဆင်ရေး အတုစာရွက်စာတမ်းများကို နာဇီတို့လက်သို့ ရောက်ရှိရန် ငါးစာစစ်ဆင်ရေးကို စီမံဆောင်ရွက်ခဲ့ကြတော့၏။

လန်ဒန်မြို့ ဆေးရုံတစ်ရုံမှ အလောင်းတစ်လောင်းရရှိခဲ့ပြီး ထိုသေဆုံးသူနှင့် ချွတ်စွပ်တူသောလူတစ်ယောက်အား တွေ့ရသဖြင့် ထိုလူအား ဓာတ်ပုံရိုက်ယူထားခဲ့သည်။ သေသူအား တကယ်မရှိသော ဗိုလ်မှူးမာတင် အမည်ပေးခဲ့ပြီး သူ၏ကိုယ်ပိုင်သက်သေခံကတ်ပြား၊ သူ့မိခင်တပ်ရင်းအား ပေးပို့သည့်စာများ၊ သူ့ကိုယ်ရေးကိုယ်တာစာများ၊ အထူးအရေးကြီးသည့် ဂရိနိုင်ငံအား မဟာမိတ်ထိုစစ်ဆင်ရေးပြုလုပ်မည့်စီမံချက်များကို လက်ဆွဲအိတ်တွင် ထည့်ကာ အလောင်းအား ရေငုပ်သင်္ဘောတစ်စင်းဖြင့်သယ်ယူ၍ စပိန်နိုင်ငံ ကျူလဗာမြို့ ကလေးအနီးရှိ ကမ်းလွန်ပင်လယ်ပြင်တွင် မျှောချခဲ့သည်။ ဤတွင် ထိုအလောင်းအား တွေ့ရှိရသော စပိန်ရေလုပ်သားများသည် သူ့အလောင်းအား သက်ဆိုင်ရာ စပိန်အာဏာပိုင်များထံအပ်နှံခဲ့၏။ စပိန်အာဏာပိုင်များကလည်း အလောင်းနှင့်အတူ မျောပါလာသည့် လက်ဆွဲအိတ်ပါ စာရွက်စာတမ်းများကို စပိန်ထောက်လှမ်းရေးအဖွဲ့သို့ ပေးအပ်ပြီးမှ အလောင်းနှင့်လက်ဆွဲအိတ်အား ဗြိတိသျှကောင်စစ်ဝန်သို့ အပ်နှံခဲ့သည်။

ဤငါးစာစစ်ဆင်ရေးပါလျှို့ဝှက်မှတ်တမ်းမိတ္တူများကို စပိန်နိုင်ငံထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်ကိုယ်တိုင် ဘာလင်သို့ သွားရောက်၍ ဂျာမန်အင်ဗွာထောက်လှန်းရေးတာဝန်ခံလက်ထံသို့ ပေးအပ်ခဲ့သည်။ ဗြိတိသျှဘုရင့်ရေတပ်မတော်၏ လှည့်စားမှုနှင့် ယောင်ပြစစ်ဆင်ရေးစီမံချက်ကို ဂျာမန်အင်ဗွာထောက်လှမ်းရေးအဖွဲ့က ယုံကြည်ခဲ့သည်။ ထို့အတူ ဂျာမန်စစ်ဆင်ရေးဌာနချုပ်အာဏာပိုင်များနှင့်နာဇီခေါင်းဆောင်ကြီးဟစ်တလာကိုယ်တိုင် ယုံကြည်လက်ခံလိုက်သည်။ နာဇီဂျာမန်ရေတပ်မတော် ဦးစီးချုပ် ဒေါနစ်အား ခေါ်ယူ၍ ဗိုလ်မှူးမာတင်နှင့်ပါလာသော စာရွက်စာတမ်းများသည် အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်ကြောင်း ဟစ်တလာကို ပြောပြသည်။ အီတလီကျွန်းကမ်းခြေတက်စစ်ပွဲကို မလွဲမသွေ ဆင်နွှဲမည်ဟု ဆိုခဲ့သည်။ သို့သော် မဟာမိတ်တို့သည် ဂရိနိုင်ငံအား တိုက်ခိုက်လိမ့်မည်ဟု စွဲစွဲမြဲမြဲယုံကြည်သော ဟစ်တလာသည် ဆီစလီကျွန်းမှတပ်များနှင့် ကာကွယ်ရေးအစီအစဉ်များကို ဂရိနိုင်ငံသို့ ရွှေ့ပြောင်းစေခဲ့၏။

ဗိုလ်ချုပ်ကြီးရိုမဲ(လ်)အား အာဖရိကစစ်မျက်နှာမှ ခေါ်ယူ၍ ဂရိနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဂရိနိုင်ငံကမ်းခြေတွင် ရေမြှုပ်မိုင်းခင်းများ ပြုလုပ်ထားပြီး ကမ်းခြေတက်စစ်ဆင်ရေးဆင်နွှဲမည့် မဟာမိတ်တို့အား အသင့်စောင့်ခဲ့၏။ အီတလီအမြောက်တပ်များကိုလည်း ဂရိသို့ ပြောင်းရွှေ့စေခဲ့သည်။ အခြားခံစစ်အစီအစဉ်များလည်း ပြုလုပ်စေခဲ့၏။

သို့သော် မဟာမိတ်တို့သည် အစီအစဉ်အတိုင်း ဆီစလီကျွန်းကမ်းခြေတက်စစ်ပွဲဆင်နွှဲရာ လွယ်လွယ်ကူကူနှင့် ဆီစလီကျွန်းအား သိမ်းပိုက်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်

Ref,

*Operaticn Micemeat.*



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ရေမြေသဘာဝထွက် အဖိုးတန်ဆေးဖက်ဝင် ကမ်းဇော်ဆီ

ဦးမင်းဇင်(ရွှေနုဝင်း)

မြန်မာ့ရေမြေတောတောင်သဘာဝထဲတွင် လူသားတို့၏ အကျိုးအတွက် အဖိုးတန်သယံဇာတများစွာပေါကြွယ်ဝလှပေသည့် အဖိုးတန်မြန်မာ့ရွှေမြေ ဖြစ်ပါသည်။

လူသားတို့၏ အသက်ရှည်ကျန်းမာစေရေးအတွက် အထောက်အကူပေးသည့် အဖိုးတန်ဆေးပင်ဆေးပစ္စည်းများ များစွာရှိသည်တို့အနက်မှ ယနေ့ ကမ္ဘာမှာ လူသားတို့အသက်ကို အများဆုံးသေဆုံးစေသည့် ကင်ဆာကဲ့သို့သော ရောဂါဆိုးကြီးများကိုပင် တားဆီး သက်သာ ပျောက်ကင်းနိုင်စွမ်းရှိသည့် မြန်မာ့ရေမြေသဘာဝထွက် ဆေးဖက်ဝင် ကမ်းဇော်ပင်နှင့် ကမ်းဇော်ဆီ၏ လက်တွေ့အသုံးပြု၍ ရောဂါပျောက်ကင်းပုံများကို အများပြည်သူ အသက်ရှည်ကျန်းမာစေရေးအတွက် ရေးသားတင်ပြလိုက်ပါသည်။

ကမ်းဇော်ပင်သည် မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပေါက်ရောက်သည့် နှစ်ရှည်ခံအပင်ကြီးများဖြစ်၍ သစ်မာပင်အမျိုးအစား ဖြစ်ပါသည်။

ကုန်းကမ်းဇော်ပင်မျိုးနှင့်ရေကမ်းဇော်ပင်မျိုးဟူ၍ (၂) မျိုး တွေ့ရပါသည်။ ထားဝယ်မြို့အနီးတစ်ဝိုက်တွင် အများဆုံးပေါက်ရောက်သော ကုန်းကမ်းဇော်ပင်၏ သိပ္ပံအမည်မှာ Madhuca lobbii (C.B.Clarke) H.J.Lam ဖြစ်ပါသည်။

ကမ်းဇော်ပင်သည် ရေမြေနေရာတွင် ပေါက်ရောက် ရှင်သန်တတ်ပြီး ကျောင်းနီးသော ကမ်းနံဘေးနှင့် ရေချိုချောင်းများတွင် သဘာဝအလျောက် အစေ့မှ မျိုးပွား၍ ပေါက်ရောက်လာကြပါသည်။

နှစ်ရှည်ခံ သစ်မာတန်းဝင် အမျိုးအစားအပင်မျိုးဖြစ်၍ ကမ်းဇော်ပင်ကို ခုတ်ခွဲ၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးအတွက် လူကြိုက်များသဖြင့် ဆေးဖက်ဝင် အဖိုးတန်အပင်များ သစ်သားဘဝဖြင့် ဆုံးရှုံးမှုများပြားခဲ့ရပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ဆေးဖက်ဝင် အစွမ်းထက်လှသည့် ကမ်းဇော်ပင်များကို ထိန်းသိမ်းကာကွယ်တောအသွင်ဖြင့် သဘာဝနယ်မြေများတွင် အထူး စောင့်ရှောက်ထားရန် လွန်စွာလိုအပ်ပါသည်။

ကမ်းဇော်အဆီရရှိရန် အနည်းဆုံး အပင်သက်တမ်း (၈/၁၀) နှစ်သက်တမ်းရှိသည့်အပင်မှသာ အသီးသီးသောကြောင့် ဖြစ်ပါသည်။ အပင်သက်တမ်းရင့်လေ အသီးသီးလေ ဖြစ်သည်။

ကမ်းဇော်ပင်ကို အချို့အရပ်တွင် တောင်မင်းကွတ်၊ သစ်ကြမ်းပိုး စသည့် အမည်နာမအမျိုးမျိုးခေါ်ကြပါသည်။

ကမ်းဇော်သီးမှရသည့် အဆီ၏ အနံ့သည် ကြမ်းပိုးအနံ့ရှိသောကြောင့် လောင်းလုံမြို့နယ်တွင် သစ်ကြမ်းပိုးပင်ဟုခေါ်ပါသည်။

ကမ်းဇော်ပင်အသားသည် နီညိုရောင်ဖြင့် လှပပြီး သစ်မာမျိုးဖြစ်၍ လူကြိုက်များသည့် သစ်အမျိုးအစားတန်းဝင် ဖြစ်သည်။

ကမ်းဇော်ပင်သည် ခရေမျိုးရင်းဝင်အပင်များဖြစ်ကြ၍ အပွင့်၏အရွယ်အစားမှာ (၁. ၅) စင်တီမီတာခန့်ရှိပြီး အရောင်မှာ နို့နှစ်ရောင် (Cream Clolour) ရှိပြီး အသီးသည် ခရေသီးနှင့်တူ၍ အသီးအတွင်းမှ အစေ့သည် မြေပဲဆန်နှင့် ပုံသဏ္ဌာန်တူပါသည်။

ကမ်းဇော်ပင်သည် မျိုးရင်း (Family) Sapotaceae တွင် ပါဝင်ပြီး မျိုးစု (Genus) Payena၊ မျိုးစိတ် (Species) Paralleloneura ဖြစ်ပါသည်။

ကုန်းကမ်းဇော်နှင့် ရေကမ်းဇော်တို့သည် အရွက်၊ အပွင့်၊ အသီးတို့၏ ပုံသဏ္ဌာန်များမှာ ရေမြေအနေအထား Adaptation အရ ခြားနားသော်လည်း ရရှိလာသော အဆီ (oil) ၏ အနံ့နှင့် အကျိုးသွားအာနိသင်မှာ အတူတူပင်ဖြစ်ပါသည်။

**ကမ်းဇော်ဆီထုတ်ယူပုံမှာ**

ကမ်းဇော်သီးအစေ့များကို နေပူရှိန်ပြင်းပြင်းတွင် တစ်နေကုန် (၄)၊ (၅) ရက် နေလှန်းပြီးသော အစေ့များကို အိတ်အတွင်းထည့်၍ အစေ့အခွံများ ကွဲကြေသွားအောင် ဖွတ်ရပါသည်။ အစေ့အခွံများ ကွဲကြေသွားပြီး ရလာသော အစေ့အဆန်များများကို ဂလိန် (ကြိတ်ဆုံ) ဖြင့် ကြိတ်မွှေပေးရသည်။ ထိုအခါ ဝါဝင်းကြည်လင်သော ဆေးဖက်ဝင် ကမ်းဇော်ဆီကို ရရှိပါသည်။

(ကမ်းဇော်အသီး (၁) တင်းကို ထုခွဲလိုက်လျှင် အစေ့ (၄) ပြည်သာ ရသည်။ တစ်ဖန် ထိုအစေ့ကို အခွံမာကွဲကြေသွား၍ အဆန်သီးသန့်ထုတ်ယူလိုက်သည့်အခါ (၂) ပြည်သာသာသာ ရလေသည်။)

ထို့ကြောင့် ကမ်းဇော်အဆီသည် ရှားပါးပြီး အစွမ်းထက် အသုံးဝင်သဖြင့် ဈေးနှုန်းကြီးမြင့်လာပါသည်။

၁၉၄၅ ခုနှစ်ခန့်က ကမ်းဇော်ဆီ (၅၀) သားဝင် တစ်ပုလင်းကို ကျပ်ရာဂဏန်းမျှ တန်ဖိုးရှိခဲ့ပါသော်လည်း ၁၉၉၀ ပြည့်နှစ်မှာ ကျပ်ထောင်ဂဏန်း၊ ၎င်းမှ ၁၉၉၅ ခုနှစ်လောက်မှာ (၅၀) ကျပ်သားဝင် တစ်ပုလင်းကို ငွေကျပ်နှစ်သောင်းခန့်ပေးရပြီး ယခု ၂၀၁၄ ခုနှစ်မှာတော့ (၅၀) သားကို ငွေကျပ် တစ်သိန်းသုံးသောင်းခန့် ပေးဝယ်ရပါသည်။ လစ်ပိုပုလင်းနှင့်တစ်ပုလင်းကို နှစ်သောင်းခန့်ရှိ ပါသည်။

ကမ်းဇော်ဆီ၏ဆေးဖက်တန်ဖိုးကို လူသိများလာသည်နှင့်အမျှ ကမ်းဇော်ပင်များ ရှားပါးလာသဖြင့် ကမ်းဇော်ဆီတန်ဖိုးမှာ ကမ္ဘာ့ခေါင်မိုးဖြစ်၍သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သို့ပါ၍ ကမ်းဇော်ဆီစျေး မြင့်မားလှသဖြင့် ကမ်းဇော်ဆီအမည်တပ်ပြီး အခြားအဆီများဖြင့် ရောနှောရောင်းချနေသည်များရှိနေကြပါသဖြင့် အမှန်တကယ် ဝယ်ယူ အသုံးပြုသူများ ကမ်းဇော်ဆီစစ်စစ်ကို အကဲဖြတ်သိရှိနိုင်ရန် ကမ်းဇော်ဆီစစ်ဆေးပုံကို တင်ပြပါမည်။

**ကမ်းဇော်ဆီစစ်စစ်၏ဂုဏ်သတ္တိများမှာ**

အနံ့အရသာမှာ ကြမ်းပိုးနံ့ကဲ့သို့ စူးရှရှရနံ့ရှိပြီး တစ်ခါရှူလိုက်တာနှင့် နှာခေါင်းထဲ စွဲထင်ကျန်ရစ်နေသည်။ အရသာမှာ ခါးဆိမ့်သက်သက်အရသာရှိသည်။ အရောင်မှာ ပုလင်းအပေါ်ပိုင်းတွင် ဆီရည်ကြည်ဖြစ်ပြီး ပုလင်းအလယ်ပိုင်းလောက်တွင် ဝါနုစ်နုစ်အရောင်ဖြစ်၍ ပုလင်းအောက်ခြေပိုင်းတွင် လက်တစ်လုံးခန့် နီညိုရှင့်ရှင့်အရောင်အနည်ကျနေသည်ကို ထူးခြားစွာတွေ့ရပါမည်။

ကမ်းဇော်ဆီစစ်စစ်သည် ထိုနီညိုနက်ရောင် အနှစ်ပါမှသာ ကမ်းဇော်ဆီစစ်စစ် ဖြစ်ပါသည်။ ပုလင်းကို ခပ်နာနာလှုပ်ပြီးခေါက်လိုက်ပါက ထိုနီညိုနက်အနှစ်မှာ ဆီသားနှင့်ရောက်သွားပြီး ဆီမှာ နောက်နောက်အရောင်ပြောင်းသွားပါသည်။

ကမ်းဇော်ဆီစစ်စစ်ကို (၃)၊ (၄)နှစ်ထားသော်လည်း အနံ့အရသာ၊အရောင်ပြောင်းလဲခြင်းမရှိ၊ အာနိသင်နဂိုအတိုင်းသာ ရှိပါသည်။

အရောအနှောပြုထားသည့် ကမ်းဇော်ဆီဆိုလျှင် (၆) လခန့်ကြာလျှင် မူလ အနံ့ အရသာနှင့် အာနိသင်မရှိသလောက်ဖြစ်သွားပါသည်။

ထို့ကြောင့် မိမိတို့အသုံးပြုရန်အတွက် ကမ်းဇော်ဆီ ဝယ်ယူတော့မည်ဆိုလျှင် အထက်ပါအချက်အလက်များနှင့် ကိုက်ညီသည့် ကမ်းဇော်ဆီမျိုးကိုသာ ဝယ်ယူ၍သုံးကြရန် သတိပေးလိုက်ပါသည်။

'အဖိုးနည်းလည်းမဝယ်နဲ့၊ အမျိုးနည်းလည်းမကျယ်နဲ့' ဆိုစကားလိုပင် ကမ်းဇော်ဆီ၏ ယခုလက်ရှိပေါက်စျေးမှာ One Liter (၅၀) ကျပ်သားကျော်ခန့်ရှိ တစ်ပုလင်းပေါက်စျေးမှာ မြိတ်ဒေသတွင် ကိုးသောင်း၊ တစ်သိန်းဝန်းကျင်ရှိပြီး ရန်ကုန်မြို့ပေါက်စျေးမှာ တစ်သိန်းနှစ်သောင်းမှ တစ်သိန်းသုံးသောင်းခန့်စျေးရှိပါသည်။ ဒါဟာ ကမ်းဇော်ဆီစစ်စစ်အရောအနှောမပါသည့် ပေါက်စျေးဖြစ်ပါသည်။

ကမ်းဇော်ဆီနှင့် ပတ်သက်၍ လက်တွေ့သုတေသနပြုလုပ်ပြီး သိပ္ပံဓာတ်ခွဲခန်းတွင် စမ်းသပ်အတည်ပြုထားသော ကမ်းဇော်ဆီတွင် ပါဝင်သော ဆေးဖက်ဝင်ဒြပ်ပေါင်းများမှာ -

- Polysaccharide
- Saponin
- Flavonoid
- Sterol
- B-Carotenes alenoloid acid
- Fatty acid
- Palmitic
- Stearic
- Olesc
- Linoleic

စသည့် ဒြပ်ပေါင်းများ ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။

ကမ်းဇော်ဆီသည် မပြည့်ဝဆီအမျိုးအစားတွင် ပါဝင်သောကြောင့် ၎င်းကို သောက်သုံးခြင်းဖြင့် ကိုလက်စရောဓာတ်အဆီတက်ခြင်းမျိုး လုံးဝမရှိပါ။

ကမ်းဇော်ဆီကို -

* အပူလောင်ခြင်း (Boils)
* သားအိမ်ကင်ဆာ (Uterus Cancer)
* ရင်သားကင်ဆာ (Breast Cancer)
* အစာအိမ်အနာ (Antipeptic. Ulcer)
* လေဖြတ်ရောဂါ (Paralysis)
* အဆုတ်ပြွန်ရောင်ရမ်းခြင်း (Bronchitis)
* အင်ပျဉ်ထခြင်း (Rash)
* ရင်ဘတ်အောင့်ခြင်း (Chest Pain)
* ထိခိုက်ဒဏ်ရာ (Injury)
* အနာစိမ်း (Sores)
* အဖျားရောဂါ (Fever)
* ဝမ်းလျှောခြင်း (Diarrhoea)
* ဝမ်းကိုက်ခြင်း (Dysentery)
* ပြည်တည်နာ (Abscesses)
* နာတာရှည်အဆုတ်ရောဂါ (Chronic Lung)
* ဆီးလမ်းကြောင်းရောဂါ (Urinary Tract)

စသည်တို့ကိုဖြစ်စေသော ပက်တီးရီးယားများနှင့် ကမ်းဇော်ဆီကို ဓာတ်ခွဲခန်းတွင် လက်တွေ့ သုတေသနပြုလုပ်ကြည့်ရာ သက်သာ ပျောက်ကင်းစေပြီး ဆေးအာနိသင်သက်ရောက်မှုရှိသည်ကို ဝမ်းသာအားရစရာတွေ့မြင်ရပါသည်။

တစ်ဖန် -

ကမ်းဇော်ဆီနှင့် ကမ်းဇော်စေ့မှ ထုတ်ယူသော Watery Extracts များကို ကြွက်ဖြူ (Mice) များနှင့် အဆိပ်အာနိသင်ရှိ၊ မရှိ (Acute Toxicity) စမ်းသပ်ရာတွင် ကမ်းဇော်ဆီ (40 ml/ kg) Watery extract (14 gm/ kg) ဆေးအား (dose) ဖြင့် တိုက်ကျွေးသော်လည်း ကြွက်ဖြူများ ထိခိုက်သေဆုံးခြင်းမရှိသည်ကို စမ်းသပ်တွေ့ရှိရပါသည်။

ထို့ကြောင့် ကမ်းဇော်ဆီစစ်စစ်ကိုသာရရှိခဲ့လျှင် ကင်ဆာရောဂါနှင့် အထက်တွင် ဖော်ပြခဲ့သော ရောဂါများကို စိတ်ချလက်ချကုသသောက်သုံးနိုင်ကြောင်း သုတေသန စမ်းသပ်တွေ့ရှိရပါသည်။

**ကမ်းဇော်ဆီဆေးစွမ်းဖြင့် ပျောက်ကင်းနိုင်သည့်ရောဂါများ**

၁။ အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာအမျိုးမျိုးကို သောက်၊ လိမ်းစေရ၏။

၂။ အလုံးအကျိတ်အဖု(ကင်ဆာ) တို့ကို သောက်လိမ်းစေရ၏။

၃။ ချောင်းဆိုးခဲ့သော် ရင်ဝတွင် လိမ်း၍ သောက်စေရ၏။

၄။ ယောကျ်ားများအူကျလျှင်၊ လည်ပင်းကြီးရောဂါဖြစ်လျှင် လိမ်း၊ သောက်ရ၏။

၅။ အနာအမျိုးမျိုးကို လိမ်းပေးနိုင်၏။

၆။ ထိခိုက်ပွန်းပဲ့ရှနာနှင့် သွေးထွက်များသော အနာ၊ ဆီးချိုကြောင့်ဖြစ်သောအနာ၊ အနာအိုအနာဆွေးကိုလိမ်းပေးရ၏။ ဆီးချိုကြောင့်ဖြစ်သော ပေါင်ခြံ၊ ဆီးခုံ၊ ချိုင်းကြား၊ သားမြတ်ကြား အနာဖုကလေးများကို လိမ်းပေးရ၏။

၇။ ခေါင်းကိုက်လျှင် နားထင်နှင့် ငယ်ထိပ်တွင် နာနာပွတ်လိမ်းပေးရ၏။

၈။ ယားနာ၊ အဖုအပိမ့်အကွက်ပေါ်ခြင်း၊ (Allergic) ကို လိမ်းပေးရ၏။

၉။ အပူလောင်နာအတွက် မီးလောင်ဖုမထရန်နှင့် အမာရွတ်ပေါ်ခြင်းကို လိမ်းရ၏။

၁၀။ ကလေးများ အပူနာ၊ အနာစက်၊ ပြည်တည်နာ၊ အိုင်းနာ၊ အဖုအကျိတ်နာကို လိမ်းပေးနိုင်၏။

၁၁။ ကလေးများ အဖျားအပူကျစေရန် ပါးပါးလိမ်းပေးရ၏။

၁၂။ လိပ်ခေါင်းရောဂါ၊ အိုက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com

ခနောင့်ကွဲ၊ နားကွဲ၊ နှုတ်ခမ်းကွဲ၊ လျှာကွဲ၊ မှက္ခရုကို လိမ်းပေးရ၏။

၁၃။ ဒူးနာ၊ ခါးနာ၊ အဆစ်အမြစ်နာ၊ ညောင်းညာခြင်းကို အကြောပြင်၍ လိမ်းပေးရ၏။

၁၄။ အနာရောင်ရမ်းကိုက်ခဲခြင်းကို လိမ်းပေးပါ။

၁၅။ လေဖြတ်၊ ထုံကျဉ်ကိုက်ခဲခြင်း၊ ဇက်ခိုင်ခြင်းကိုအကြောပြင်၍လိမ်းပေးရ၏။

၁၆။ နားနာ၊ နားလေထွက်ကို ဆီတစ်စက်ထည့်ပြီးဂွမ်းဆို့ထားပါ။

၁၇။ အိပ်ရာ ကျောပူအနာကို တစ်နေ့ (၄) ကြိမ် လိမ်းပေးရ၏။

၁၈။ အသက်ရှည်ကျန်းမာရန် ထမင်းပူပူနှင့် နယ်စားစေ၏။ အခြားဟင်းအမည်များနှင့်ရောမစားရ။

၁၉။ ဝမ်းကိုက်၊ ဝမ်းလျှောကို သောက်စေ၊ လိမ်းစေရ၏။

၂၀။ လေဖြတ်၊ အဆုတ်ပွန်ရောင်ကို လိမ်းစေ၊ သောက်စေရ၏။

၂၁။ မြွေကိုက်သော် လိမ်းပေးပါ။ မြွေကိုက်၍ အနာပုပ်ကျခြင်းကို ကောင်းစေပြီး အနာကျက်စေ၏။

**ရောဂါဝေဒနာများတွင် ကမ်းဇော်ဆီကို သုံးစွဲကုသပုံ**

၁။ ဝမ်းတွင်း၌ ဖြစ်တတ်သော ရောဂါများ၊ အဖုအကျိတ်များ၊ အစာအိမ်အနာ၊ ချောင်းဆိုးသွေးပါရောဂါများတွင် အဆီလက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ပျားရည်တစ်ဇွန်းရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါက သက်သာစေသည်။

၂။ အပူလောင်ခြင်း၊ ရေနွေးပူလောင်ခြင်း၊ မီးပူလောင်ခြင်း၊ ထိခိုက်ရှနာများ၌ အဆီကို ဝါဂွမ်းသန့်နှင့်ဆွတ်၍ လိမ်းပေးပါက အနာကို လျှင်မြန်စွာကျက်စေပြီး အရေပြား၌ အဖုထခြင်း၊ ပြည်ခြင်း စပ်ခြင်း၊ အသားအရေကိုလောင်ကျွမ်းခြင်းများမရှိဘဲ ပကတိအသားအရေအတိုင်း ပြန်လည်ကောင်းမွန်ပါသည်။

၃။ ပန်းနာရင်ကျပ်၊ လေထိုးလေအောင့် မီးယပ်ရောဂါအမျိုးမျိုး၊ အသားအရေခန်းခြောက်ခြင်း၊ အစာမကြေပျို့အန်ခြင်း၊ ရောဂါများတွင် အဆီကို တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့ သုံးကြိမ်၊ အစားမစားမီ သောက်ခြင်းဖြင့် သက်သာစေပါသည်။

၄။ အနာရွတ်များ၊ အကွက်များ၊ အရေပြားပေါ်တွင် အနာအမျိုးမျိုးဖြစ်ပွားပြီး ကြမ်းတမ်းနေလျှင် အဆီကို တစ်နေ့ သုံးကြိမ် လိမ်းပေးရမည်။

၅။ နွေရာသီ၌ ကလေးများ အရေပြားပေါ်၌ ဖြစ်တတ်သော အပူနာအမျိုးမျိုး၊ အနာစက်၊ ပြည်တည်နာ၊ အိုင်း၊ အလုံး၊အကျိတ်ငယ်များကို တစ်နေ့ သုံးကြိမ်လိမ်းပေးပါက သက်သာ ပျောက်ကင်းစေပါသည်။

၆။ ဒူလာ၊ လိပ်ခေါင်း၊ စအိုကွဲနာ၊ ခြေကွဲနာ၊ သားအိမ်ရောဂါများတွင် အဆီတစ်မျိုးတည်းဖြင့်ဖြစ်စေ၊ ထောပတ်နှင့်ရောစပ်၍ဖြစ်စေ လိမ်းပေးပါက အနာများကို အမြန်ကျက်စေကျို့စေသည်။

၇။ အကြောရောဂါများ၊ ဇက်ခိုင်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ရောင်ခြင်း၊ ထုံကျဉ်ခြင်း၊ အနာမန်းရှိပြီးရောင်ရမ်းခြင်းတို့ကို တစ်နေ့လျှင် သုံးကြိမ် လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

၈။ နားအူခြင်း၊ နားတွင်းအနာဖြစ်ခြင်း၊ နားလေထွက်ခြင်း၊ နားထဲတွင် အဆီများခန်းခြောက်ခြင်း၊ တင်းခြင်း၊ ယားယံခြင်းများဖြစ်လျှင် အဆီကို နားထဲသို့ နှစ်စက်ခန့် နှစ်ကြိမ်ထည့်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

၉။ အကျိတ်အဖုများ၊ အလုံးအကျိတ်များ၌ တစ်နေ့ သုံးကြိမ် လိမ်းပေးပါက သက်သာပျောက်ကင်းစေသည်။

၁၀။ နာတာရှည်လူနာများ၊ အိပ်ရာအပူလောင်နာမဖြစ်မီ အရေပြားနီမြန်းနေပါက အဆီကို တစ်နေ့ငါးကြိမ်ခန့် လိမ်းပေးခြင်းဖြင့် မူလအသားအရေအတိုင်း ပြန်လည် ကောင်းမွန်လာပြီး အိပ်ရာနာ (Bed Sore) ဖြစ်ခြင်းမှ (၈၀) ရာခိုင်နှုန်းကာကွယ်တားဆီးနိုင်ကြောင်း စမ်းသပ်တွေ့ရှိပါသည်။

၁၁။ ဒေသခံပြည်သူများသည် ရောဂါကြီးများ ရောဂါကာလရှည်နေပြီဖြစ်၍ ကုသ၍မရနိုင်တော့ကြောင်း မဖြစ်ပွားစေရန် အဆီကို ထမင်းနှင့်နယ်စားခြင်း၊ နေ့စဉ် လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့နှစ်ကြိမ် သောက်သုံးနေသူများကိုတွေ့ရှိရပြီး အနာကင်းတာ အသက်ရှည်၍ ခွန်အားကိုဖြစ်စေပါသည်။

၁၂။ အဖျားတက်ပြီး အပူကြီးနေသူများကို ဆယ့်ငါးမိနစ်မိနစ်ခြားတစ်ကြိမ် တစ်ကိုယ်လုံးကို ကမ်းဇော်ဆီ မကြာခဏလိမ်းပေးပါက ကိုယ်ပူကျစေပြီး ကလေးများ၏ကိုယ်ပေါ်၌ ခြင်ကိုက်ဖုများကို မကြာခဏ လိမ်းပေးပါက အနီစက်များ လျှင်မြန်စွာ ပျောက်ကင်းကြောင်း တွေ့ရှိရသည်။ ကမ်းဇော်ဆီအသုံးပြုစဉ် မလိုလားအပ်သောဘေးထွက်ဆိုးကျိုးလက္ခဏာများ၊ အပြစ်များ မတွေ့ရှိရပါ။

အထက်ပါ တင်ပြချက်များသည် ကမ်းဇော်ဆီနှင့်ပတ်သက်၍ အများပြည်သူတို့ အသုံးပြုနိုင်စေရန် စေတနာထား၍ ပြည့်စုံအောင် တင်ပြပေးလိုက်ပါသည်။

ကမ်းဇော်ဆီအကြောင်း ရေးသားထားသော ဆောင်းပါးများကို ဖတ်ရှုရပြီး အချို့က ကမ်းဇော်ဆီစစ်စစ်ကို ဘယ်မှာရှာဝယ်ရပါ့မလဲဟု မေးမြန်းစဉ်းစားပြီး ခေါင်းမခြောက်ရလေအောင် ကမ်းဇော်ဆီစစ်စစ်ရရှိနိုင်သော နေရာဌာနများကိုပါ ပြီးပြည့်စုံအောင် ဖော်ပြပေးလိုက်ပါသည်။

ယခု ဖော်ပြပေးသည့် နေရာ (၂)ခုစလုံးတွင် ကမ်းဇော်ဆီစစ်စစ်ရရှိနိုင်ပါသည်။

၁။ အမှတ် (၂၄)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်ညဈေးနီး၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၅၁၄၉။

၂။ ပုဇွန်တောင်စာတိုက်ကြီးအနီး ဈေးရောင်းထီးကြီးများ ပြုလုပ်ရောင်းချနေသော မြိတ်သား ကိုစိုးမြင့်ဆိုသူတို့ထံတွင် ကမ်းဇော်ဆီစစ်စစ်ကို ဝယ်ယူရရှိနိုင်ပါသည်။

အထက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် စာရေးသူသည် မည်သို့မျှပတ်သက်မှုမရှိပါ။ စာရေးသူသည် ပုသိမ်မြို့တွင် နေထိုင်သူ ဖြစ်ပါသည်။

ယခုလို အတိအကျညွှန်းဆိုပြရခြင်းမှာ ကမ်းဇော်ဆီကို အမှန်တကယ် အစစ်အမှန်သုံးစွဲလိုသူများ ငွေကုန်သလောက် အကျိုးရှိစေရန် စေတနာရည်သန်၍ ကမ်းဇော်ဆီစစ်စစ်ရရှိနိုင်သည့်နေရာကို ညွှန်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် ကမ်းဇော်ဆီဆိုပြီး အရောအနှောအညံ့အဖျင်း လေး၊ ငါးကြိမ်မိခဲ့ဖူးပြီး နောက်ဆုံးမှ ကမ်းဇော်ဆီ စစ်စစ်ရသည့်နေရာကိုသိရှိပြီး အစစ်အမှန်ကိုသုံးစွဲရခြင်းကြောင့် ကိုယ်ချင်းစာပြီး ဖော်ပြလိုက်ပါသည် ခင်ဗျား။

*ရောဂါဝေဒနာခံစားနေရသူများ*
*အနာနှင့်ဆေးအမြန်တွေ့၍*
*ရောဂါပျောက်ကင်းနိုင်ကြပါစေ*

ဦးမင်းဇော် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

**တတိယအခေါက်**

ဟိုဘက်သို့ တစ်ခေါက်သွားရန်ဟူသည်မှာ အလွယ်တကူ မဟုတ်ပါ။ ကျောက်များစိတ်ကြိုက်ရအောင်ဝယ်ယူစုဆောင်းရခြင်း၊ ထိုကျောက်တို့ကိုကယ်ရီဖြင့် သယ်ရခြင်း စသည်ဖြင့် အချိန်များစွာပေးကြရပါသည်။ ပါသွားသောကျောက်တို့ ကြိုက်ဈေးမရပါကလည်း အချိန်များစွာကြန့်ကြာတတ်ပါသည်။

"မောင်ရယ်၊ ဒီတစ်ခေါက်သွားပြီးရင်တော့ နီလာမသွားချင်တော့ဘူးကွာ"

"ဘာလို့လဲနီလာရယ်၊ မောင်တို့တဖြည်းဖြည်းနဲ့ ကာရက်တွေအများကြီးဝယ်နိုင်ခဲ့ပြီပဲ"

"မောင်နဲ့ခွဲပြီးမနေချင်တော့ဘူးကွာ။ ဒါပေမယ့်လေ နီလာ့ရင်ထဲမှာလိပ်ပြာမလုံသလိုကြီး ခံစားနေရတယ်မောင်"

"ဘာဖြစ်လို့လဲဟင်"

"နီလာက မောင့်ရဲ့အဖြည့်ခံပါမောင်ရယ်။ နီလာက အငယ်အနှောင်းပါ"

"အို - ဘာလို့အဲဒီလိုကြီးပြောရတာလဲ နီလာရယ်။ မောင်မကြားရပါဘူးကွာ၊ မပြောပါနဲ့"

"နီလာလေ မောင်နဲ့ပေါ်ပေါ်ထင်ထင်နေချင်တယ်။ ပြီးတော့ မောင့်ရဲ့ရင်သွေးလေးလည်း ရချင်တယ်။ ဒီတစ်ခါပြန်လာရင် တရားဝင်ရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ကြရအောင်နော်။ ဒါမှအဖေနဲ့အမေတို့လည်း စိတ်ချမ်းသာမှာ။ ပြီးတော့ အိမ်ကောင်းကောင်းတစ်လုံးဝယ်ပြီးနေကြမယ်။ ဒီတစ်ခေါက် မောင့်





www.burmeseclassic.com

www.burmeseclassic.com

ဆီမှာ အရင်းအနှီးမထားခဲ့တော့ဘူး။ ရှိသမျှအကုန်ဝယ်သွားမယ်။ ဘယ်လိုသဘောရလဲ မောင်"

"မောင်က နီလာ့ကိုမှ မခွဲနိုင်တာ၊ နီလာ့ဆန္ဒတွေ လိုက်လျှောရမှာပေါ့။ ဒီခေတ်ကြီးထဲမှာ ယောကျ်ားတစ်ယောက်က မိန်းမနှစ်ယောက်ယူတယ်ဆိုတာ အဆန်းမဟုတ်တော့ပါဘူး နီလာရယ်။ မောင့်လိုလူတွေအများကြီးပါ"

"သူများကျောက်ထုပ်တွေလည်း ရသလောက်ဆွဲသွားမှကိုက်မှာ။ ဘာကျောက်ဖြစ်ဖြစ် သူဈေးနဲ့သူတော့ ပုံမှန်ရောင်းရပါတယ်။ တစ်ဦးမကြိုက်တစ်ဦးကြိုက်ပေါ့။ မောင်လည်း အရင်းအနှီးမရှိခိုက် ပွဲလုပ်နှင့်ပေါ့နော်"

"အင်းပါ နီလာရယ် အင်းပါ၊ ဒီတစ်ခါ ဘယ်သူနဲ့သွားမှာလဲ"

"နီလာတင်နဲ့ပဲ သွားဖြစ်မယ်ထင်တယ်။ ဒီတစ်ခေါက် မယင်းမာတို့လည်း အတူလိုက်မယ်ပြောတယ်"

"အဖွဲ့တောင့်တော့ပိုကောင်းတာပေါ့"

သို့နှင့်ပင် လိုအပ်သော ကျောက်ကို့ဝယ်ခြင်း၊ ကျောက်ထုပ်များဆွဲခြင်းသည်ဖြင့် ကိစ္စများပြီးစီးသောအခါ နီလာတို့အုပ်စု ခရီးထွက်သွားကြပြန်ပါသည်။ ထုံးစံအတိုင်းပင် နီလာမရှိတော့သောအခါ ဣန္ဒြေရရနှင့် အိမ်သို့ပြန်လာ၍နေပြန်လေ၏။

ကျောက်ဝယ်ရန် အရင်းအနှီးမရှိသဖြင့် မျက်နှာအောက်ကျို့ကာ သူများရောင်းမစွံသည့်ကျောက်များအားဆွဲကာ ပွဲစားလုပ်နေရလေ၏။ သို့သော် အဆင်သင့်မပြေဘဲ ကားထဲထည့်ရန် ဆီဖိုးပင်လျှင် နန်းယူထံမှ တောင်းယူရသော အခြေအနေသို့ ရလေ၏။ လက်ရှိအခြေအနေမှာ အရင်းအနှီးမရှိသဖြင့် သူများနှာခေါင်းပေါက်နှင့် အသက်ရှူရသလိုဖြစ်နေလေ၏။

**မျှော်တော်ဇောနဲ့မောရသူ**

နီလာခင် သွားခဲ့သည်မှာ တစ်လမျှပင် ကြာပြီဖြစ်ရာ မျှော်တော်ဇောဖြင့် မောနေရသူမှာ အိုက်ယ ဖြစ်သည်။ ကျောက်ဆောင်၌ ငှားထားသော အိမ်ကလေးမှာ မနေဖြစ်သော်လည်း လခတော့ မှန်မှန်ပေးနေရပါသည်။

နှစ်လနီးပါးမျှ ကြာလျှင် မတင်မာဝေနှင့် မယင်းမာတို့ပြန်ရောက်လာပြီဟု သတင်းရသဖြင့် အိုက်ယမှာ ရင်မှာစိုးထိတ်လျက် သတင်းသွားမေးရပါသည်။

"မတင်မာ၊ နီလာက ဘာလို့ကျန်ခဲ့တာလဲ"

မတင်မာမှာ မျက်နှာပျက်လျက်ရှိသည်ကို ရုတ်ခြည်းမြင်တွေ့ရပါသည်။ သို့သော် မျက်နှာကို ချက်ချင်းပြင်ကာ ပြုံးချိုစွာပင်ပြော၏။

"သူ့ကျောက်ထုပ်တွေက များတော့ ရောင်းမကုန်သေးဘူးလေ။ အဲဒါ ကျောက်ထုပ်ကုန်မှဆိုတော့ နည်းနည်းနောက်ကျမယ်။ ကျောက်ထုပ်ထည့်လိုက်ကြတဲ့ အထုပ်စပ်ကုန်သည်တွေကလည်း သူတို့ကျောက်ထုပ်တွေ ပါသွားတော့ ကျွန်မကိုလာမေးကြပါတယ်။ စိုးရိမ်မည်ဆိုရင်လည်း စိုးရိမ်စရာပေါ့ရှင်၊ တန်ဖိုးက နည်းတာမှမဟုတ်တာ"

"သူများအထုပ်တွေရောင်းရသမျှကို ငွေလွှဲနဲ့လွှဲပေးလိုက်လည်းရတာပဲ။ အရင်က အဲဒီလိုလုပ်နေကျပဲဟာ။ ဘာဖြစ်တာပါလိမ့်။ မတင်မာတို့ မသိဘူးလား"

"ရောင်းသင့်သလောက်တော့ ရောင်းရတာပဲလေ။ လွှဲတာ၊ မလွှဲတာတော့ ကျွန်မမသိပါဘူး"

"သူတစ်ခုခုများ ဖြစ်နေလို့လားဗျာ၊ ကျွန်တော့်ကိုပြောပြပါ"


"မဖြစ်ပါဘူး၊ အချိန်တန်ရင်ပြန်လာမှာပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မရေရာသောအဖြေနှင့်ပင် နောက်ကြောင်းပြန်လှည့်ခဲ့ရပါသည်။ တိကျသောအဖြေကိုမူမရခဲ့ပါ။ ထိုခေတ်သည် ဖုန်းဆက်ရန် ခက်ခဲသောခေတ်ဖြစ်ရာ လူကြုံသတင်းသာလျှင် စောင့်၍နားထောင်ရပါသည်။ မိုးကုတ်သူမိုးကုတ်သားအတော်များများသွားကြသည်ဖြစ်ရာ ဟိုဘက်ရောက် မိုးကုတ်သူ မိုးကုတ်သားတို့၏သတင်းအခြေအနေကို ပြန်လာသူတို့ထံမှ ကြားရတတ်ပါသည်။ သို့နှင့်ပင် (၃) လ ဟူသော အချိန်တို့ကုန်ကာ မတင်မာဝေတို့ပင်လျှင် တစ်ခေါက်ပြန်သွားကြပြီ ဖြစ်သည်။ သို့ကြောင့် ကျောက်ဆောင်မှ အိမ်ကလေးအား ပိုင်ရှင်ထံပြန်အပ်လိုက်ပါသည်။ နီလာသေသည်လား၊ ရှင်သည်လားပင် မသိရသေးပါ။ လမ်း၌ အဖမ်းခံရသည်ဆိုပါကလည်း အတူသွားသော မတင်မာဝေတို့မှာ အန္တရာယ်ကင်းစွာပြန်ရောက်ခဲ့ကြသည်။ သတင်းမှန်ကိုထိမ်ဝှက်ထားသည်ဖြစ်နိုင်ကြောင်း သဘောပေါက်ရပါသည်။

ဒ ရ ၄ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ ထ္ထု | ရှ ည်

# (မိုးကုတ်) ရွှေပြည်စိုး






www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စနှင့်ပတ်သက်၍ ကျောက်ကုန်သည် ကိုဖုန်းဝေနှင့် စကားစပ်၍ ပြောပြသောအခါ ကိုဖုန်းဝေက လမ်းညွှန်ပါသည်။

"ကျွန်တော့်ရဲ့ သူငယ်ချင်း ဝင်းအောင်လှိုင် တစ်နေ့ကမှ ပြန်ရောက်တာ၊ သူ့ဆီသွားစုံစမ်းရင်တော့ သိနိုင်မယ်ထင်တယ်"

"ဘယ်ရပ်ကွက်မှာနေတာလဲ"

"လူးထရပ်ထဲမှာ"

ဟု ပြောပြီး လမ်းညွှန်လိုက်သည်။ သို့နှင့် အိုက်ယမှာ စိတ်မောစွာပင် ဝင်းအောင်လှိုင်တို့အိမ်သို့ ရောက်ခဲ့ရလေ၏။ အိုက်ယနှင့်နီလာခင်တို့အကြောင်းသိပြီး ဖြစ်သော်လည်း အိုက်ယကမူ ဝင်းအောင်လှိုင်ကို မသိပါ။

"ကိုအိုက်ယနဲ့ နီလာခင်တို့ တွဲနေတာတော့ ထာပွဲတွေမှာ ကျွန်တော်တွေ့ဖူးပါတယ်။ နီလာခင် ကုန်သည်တွေဆီက ကျောက်ထုပ်တွေဆွဲသွားတာ အတော်များတယ်ပြောတယ်။ ကုန်သည်တွေတော့ကွဲပြီပေါ့ဗျာ"

"ဘာဖြစ်လို့လဲ ကိုဝင်းအောင်လှိုင်"

"နီလာခင်က ပြန်လာမှာ မဟုတ်တော့ဘူးဗျ"

အိုက်ယမှာ ငယ်ထိပ်မြွေပေါက်လိုက်သည့်အလား မိုက်ခနဲခံစားလိုက်ရပါသည်။ သို့အတွက် မနည်းပင် ဣန္ဒြေဆည်ရပါသည်။

"ဟိုဘက်မှာ အဖမ်းခံရလိုက်လို့လား"

"မဟုတ်ဘူး၊ အဲဒီက ကျောက်ပွဲစားကောင်လေးနဲ့ အိမ်ထောင်ပြုလိုက်ပြီလေ။ ပထမတစ်ခေါက်ကတည်းက သူတို့တွဲဖြစ်သွားတာပါ။ ကျွန်တော်တို့က ကိုအိုက်ယလိုပဲအပျော်တွဲတာထင်တာပါ။ ဒီတစ်ခေါက်မှာတော့ အပြီးယူလိုက်ကြတာပဲ။ သူ့မိဘတွေကိုတော့ ငွေလွှဲနဲ့ပို့ပေးတယ်ကြားတယ်။ နီလာခင်က လှသလောက်လည်တယ်ဗျ၊ ကိုအိုက်ယက အတူတွဲနေတာဆိုတော့ နီလာ့အကြောင်း ပိုသိမှာပါ"

"ဩော် - ကျေးဇူးပဲဗျာ၊ သွားဦးမယ်နော်"

ဟု နှုတ်ဆက်ကာ ပြန်ခဲ့ရပါသည်။

အိုက်ယသည် ခေါင်းပင်ချာချာလည်မျှ ထိခိုက်စွာခံစားရပါသည်။ သူ့တွင်ရှိသမျှသော အရင်းအနှီးတို့က အကုန်ပါသွားခဲ့ပြီဖြစ်ရာ လက်မဲ့ဘဝသို့လုံးလုံးပြန်ကျရောက်ကြောင်းသိလိုက်ရပြီ ဖြစ်သည်။

တတိယအခေါက်မသွားမီကပြောခဲ့သောစကားတို့သည် အဓိပ္ပာယ်မဲ့ပြောခဲ့သည် မဟုတ်ကြောင်း ခုမှကောင်းကောင်းသဘောပေါက်ရလေ၏။ သူ့ကို အပြီးတိုင်မထားခဲ့မီ စိတ်ကိုကလိထိုးသောစကားများဖြင့် နှုတ်ဆက်ခဲ့ခြင်း ဖြစ်ပေမည်။ သူ့လုပ်ရပ်ကား တစ်စက်ကလေးမှပင် ရိပ်မိစရာမရှိပေ။

'တောက် - သစ္စာမဲ့တဲ့မိန်းမ၊ ငါ့မှာဖြင့်ချစ်လိုက်ရတာ။ တွေ့လို့ကတော့ အမှုန့်ကြိတ်ပစ်လိုက်မယ်'

ဟု စိတ်ထဲတွင် ကြိမ်းဝါးနေမိပြန်၏။ ချစ်ခြင်းတစ်ခုပြီးခဲ့ပြီ ဖြစ်သည်။ အိုက်ယသည် ကိုယ့်ကိုယ်ကိုယ်လည်လှပြီဟု သတ်မှတ်ခဲ့၏။ ယခုသော် ကိုယ့်ကိုယ်ကိုယ် အ,မှန်းရိပ်မိလိုက်ပြီ ဖြစ်သည်။ နီလာခင်အကြောင်းကို ပတ်ဝန်းကျင်သို့ မစူးစမ်းလိုက်သည်မှာ သူ့အမှားဖြစ်သည်။ သို့သော် နီလာခင်သည်လည်း ဘဝနှင့်ရင်းကာ ရယူလိုသည်တို့ကို ယူသွားခြင်းဖြစ်၍ အိုက်ယမှာ ဖြေစရာဟူ၍ ဒါပဲရှိပါ၏။

**ဆိုးလိုက်တဲ့ကံ**

အိုက်ယသည် နီလာခင်ကိစ္စဖြင့် ပူလောင်ကာ ပျာယာခတ်ခဲ့ရသည်။ သို့ကြောင့် စိတ်ဓာတ်ကျကျဖြင့် ပြန်ခဲ့၏။ ညနေပိုင်းရစ်ချထာပွဲဝင်နေကျဖြစ်သော်လည်း မဝင်လို၍ အိမ်ကိုစောစောပြန်ခဲ့၏။ ထာပွဲများတွင် လူတွေက သူ့ကို ဝိုင်းကြည့်ကြမည်ကို ရှက်နေမိပါသည်။ နီလာ ဟိုဘက်တွင် အိမ်ထောင်ပြုသွားသောသတင်းသည် ထာပွဲလောက၌ ပျံ့နှံ့နေလောက်ပေပြီ။ သူသာမသိခြင်း ဖြစ်သည်။

ထို့ကြောင့် ကျောက်ပြဿဒ်မှ ကျောက်ကုန်သည် ဦးအောင်ငွေ၏ ကျောက်အား ပြန်အပ်မှသင့်ပေမည်။ ထိုကျောက်အား ဆွဲထားသည်မှာ (၂) ရက်ရှိပြီ ဖြစ်သည်။ ကျောက်မှာ အစစ်စားအပွင့်ကြီးဖြစ်ရာ ဝယ်ရင်းများနေ၍ ရောင်းမကိုက်၍ထည့်ပေးခြင်းဖြစ်သည်။ လောလောဆယ် ထာပွဲတွင် မျက်နှာပြချင်စိတ်မရှိပေ။ သို့အတွက် ကျောက်ကို ပြန်အပ်ရန် စက္ကူဖြင့်ထုပ်ထားသော ကျောက်အား အိတ်ကပ်ထဲသို့ နှိုက်လိုက်၏။

'ဟင် - ဘုရား ဘုရား၊ အိတ်ထောင်များမှားလို့လား။ ငါထည့်နေကျက ဂျင်းကုတ်ဘယ်ဘက်အတွင်းအိတ်ကပ်ပါ။ ပူလောင်နေတာနဲ့အခြားအိတ်ကပ်ထဲထည့်မိတယ်ထင်ပါရဲ့'

ဟု တွေးကာ အိတ်ထောင်အားလုံးကို စေ့စေ့စပ်စပ်ရှာပါသော်လည်း ဘယ်အိတ်ကပ်မှမတွေ့တော့ပါ။

'ဒီကျောက်ကို ရုပ်ရှင်ထာပွဲမှာ နောက်ဆုံးကြည့်တာ ကိုဖုန်းဝေပဲ။ ကိုဖုန်းဝေက အကြိုက်လိုတယ်ဆိုပြီး ငါ့ကို ပြန်ပေးတယ်။ အဲဒီမှာ ငါ့အတွင်းအိတ်ထဲကို ပြန်ထည့်လိုက်တယ်။ ဒါဆို အဲဒီကျောက် အိတ်ကပ်ထဲမရောက်ဘဲ ချော်ကျသွားတာနေမှာ။ ဟာ-သွားပါပြီကွာ။ သူများကျောက်ဆိုတော့ သူရချင်တဲ့ စျေးနဲ့လျော်ရတော့မှာလား။ နီလာ နီလာဆိုတဲ့မိန်းမကြောင့် စိတ်တွေ ယောက်ယက်ခတ်ပြီးဖြစ်ရတာ။ ငါဘာနဲ့လျော်မလဲ၊ ငါ့မှာဘာမရှိတော့ဘူး၊ ဩော်-တော်သေးတယ်၊ ဂျစ်ကားရှိသေးတာပဲ။ ဂျစ်ကားရောင်းပြီးလျော်ရတော့မှာပေါ့လေ။ ကားမရှိတော့လို့ကတော့ ငါလူရာမဝင်တော့ဘူး။ အရင်လို ခြေကျင်ခရီးနဲ့လည်း မသွားရဲတော့ဘူး။ ဒုက္ခပါပဲ။ ဆိုးလိုက်တဲ့ကံပါလားကွာ၊ မိန်းမက လိမ်တော့ အရင်းပြုတ်၊ ကျောက်ပျောက်တော့ ကားပြုတ်။ အင်း-ငါ့ဘဝ ဒုံရင်းပြန်ရောက်ရပြန်ပါပေါ့လား'

အိုက်ယမှာ အိပ်ရာထဲလှဲကာ စိတ်ပျက်လက်ပျက် တွေးနေမိလေ၏၊ ထိုစဉ် နန်းယူအခန်းထဲဝင်လာ၏။

"အစ်ကို နေမကောင်းဘူးလား ထမင်းစားရအောင်လေ။ ထမင်းပွဲပြင်ပြီးပြီ"

"အစ်ကိုမစားချင်တော့ပါဘူး နန်းရယ်၊ ကျပ်ပြင်ကစားခဲ့တယ်"

ဟု လိမ်လည်ပြောလိုက်လေ၏၊ စားချင်စိတ်လည်း လုံးဝမရှိပါ။

"ထမင်းမစားချင်ရင်လည်း တစ်ခုခုစားလေ၊ ဘာစားချင်လဲ"

"တော်ပါပြီ နန်းရယ်၊ ဘာမှမစားချင်တော့ပါဘူး"

"ဟုတ်ကဲ့ အစ်ကို"

ပြောကာ ပြန်ထွက်သွားလေ၏၊

"အင်း - နန်းယူ၊ မင်းကတော့ ဘာမှမသိဘူး။ ငါ့မှာတော့ ပူလောင်နေရပြီ။ မင်းကတော့ ဘာမှအပူမရှိဘူး"

ဟု တွေးကာ သက်ပြင်းတချချနှင့် ရှိုက်ချ၏။ အကုသိုလ်ဟူသည် အသင်းအပင်းနှင့် လာတတ်ကြောင်း အိုက်ယ မသိရှာပေ။

www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်သားတို့သည် တစ်ခုရှိ၏။ ငွေအလုံးအရင်းနှင့်ရခဲ့သော် ငွေကိုမမြင်ဘဲ ကားဝယ်စီးတတ်ကြ၏။ စီးပွားရေးအဆင်မပြေဖြစ်လာခဲ့ပါက ထိုကားအားမက်မောခြင်းသိပ်မရှိဘဲ ပဲလှော်ရောင်းသလို ပေါလောပဲလဲရောင်းတတ်ကြလေ၏။ အိုက်ယမှာလည်း အရေးကြုံခဲ့ပြီဖြစ်၍ သူ၏ဂျစ်ကားအား ရှာထဲ၌ဝင် ပေါလောပဲလဲနှင့်ရောင်းကာ ကျောက်ကြွေးဆပ်ရလေ၏။ အကုန်လုံးတော့ မဟုတ်ပါ။ ငွေအနည်းငယ်တော့ ကျန်ပါသေးသည်။ ထသွားထလာအိတ်စောင့်သဘောမျှ ငွေအနည်းငယ်တော့ ကျန်ပါသေးသည်။ ထသွားထလာ အိတ်စောင့်သဘောမျှသာဖြစ်၏။ သို့ကြောင့် ဘာမှပြောဆိုမနေတော့ဘဲ အိမ်တွင်းအောင်းနေမိ၏။

ထိုသို့ အိမ်အောင်းနေသောအခါ သမီးလေး နန်းယမုံနှင့် လက်ပွန်းတတီးနေထိုင်ခွင့်ရကာ သမီးလေးအပေါ် ဖြူစင်သောမေတ္တာစိတ်တို့များစွာ ယိုဖိတ်မိပါသည်။ သို့ကြောင့် လှပသော ဖအေတူသမီးလေး နန်းယမုံကို အချိန်များစွာ ပေးနိုင်ခဲ့ပါသည်။

ဒေါ်မေနန်းမှာမူ သဘောပြည့်သူဖြစ် အရာရာကို သည်းခံခွင့်လွှတ်စိတ်ဖြင့် ကောင်းသည်၊ ဆိုးသည် မပြောပါ။ သတ်ရှိအခြေအနေကိုကြည့်ကာ ဒုတိယအကြိမ် အရင်းပြုတ်သွားကြောင်း သိရပါသည်။ နှစ်ကြိမ်တိုင်တိုင် ကူညီပေးပြီးဖြစ်၍ သုံးကြိမ်မြောက်ကူညီရန် အကြောင်းမရှိတော့ပါ။ အိမ်စရိတ်အား နန်းယူမှ ဦးဆောင် ရှာဖွေနေသည်မို့ သမီးအားလည်း သမက်ကိစ္စကို လုံးဝပြောဆိုခြင်းမရှိပါ။ လူကြီးပီပီ မသိသလိုသာနေ၏။ သည်အချိန်သည်အရွယ်သည် တရားနှင့်မွေ့လျော်ရမည့်အချိန်မဟုတ်ပါလား။ သို့ကြောင့် နေ့စဉ်သုရားဝတ်၊ ဆွမ်းဝတ်ကိုသာ အလေးထား ဆောင်ရွက်ပါသည်။

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိသော အိုက်ယသည် အိမ်တွင်းအောင်းနေခဲ့သည်မှာ ကြာပြီဖြစ်၍ ရွာလယ်သက်ဝတ်ရည်ဆိုင်သို့ လိပ်ပြာမလုံစွာနှင့် ထွက်လာမိလေ၏။

သူနေခဲ့သော ကျောက်ပြဿဒ်အနောက်ရွာမှ သူငယ်ချင်းဖြစ်သူ အိုက်လှနှင့် အိုက်လှတို့ကို ဆိုင်ထဲတွင်တွေ့ပါသည်၊ လက်ပွန်းတတီးမတွေ့ဆုံရသည်မှာ ကြာပြီ ဖြစ်သည်။

"ဟာ - အိုက်ယ၊ လာလေကွာ"

"မင်းတို့တွင်းမသွားကြဘူးလား"

"ဒီနေ့ ကျောက်ရောင်းစရာရှိလို့ မိုးကုတ်ကကုန်သည်နဲ့ ချိန်းထားလို့ မသွားဖြစ်တော့ပါဘူးကွာ"

"အိုက်လှနဲ့အတူတူပဲလား"

"ဟုတ်တယ်၊ မင်းဘာသောက်မလဲ မှာလေ"

အိုက်ယက ပေါ့ဆိမ့်တစ်ခွက်မှာလိုက်၏။

"ဒါထက် အိုက်ယ မင်းရဲ့ကားလေးရောင်းလိုက်တယ်ဆို"

"ဟုတ်တယ်၊ အခြေအနေအရ ရောင်းလိုက်ရတာပါကွာ"

"မင်းသတင်းတွေ ငါတို့ကြားပါတယ်ကွာ။ နောက်ဆုံး ကျောက်ကျပျောက်လို့ ကားရောင်းပြီးလျော်လိုက်ရတဲ့အထိပေါ့။ မင်းတို့ငါတို့ဆိုတာက အရိုးခံတောသားတွေပါကွာ။ အဲဒီအရိုးခံစိတ်ကို နီလာခင်က အသုံးချသွားခဲ့တာပဲ"

"ဟုတ်တယ်၊ အဲဒါကို ငါလက်ခံပါတယ်။ နီလာက ငါ့ကိုအရင်လိုလက်မဲ့ဘဝကို ပြန်ပို့ပေးလိုက်တာပဲ။ သင်ခန်းစာပေါ့ကွာ။ ဘဝနဲ့ နှလုံးသားနဲ့ ငွေကြေးနဲ့ သိက္ခာနဲ့ အချိန်နဲ့ရင်းပြီးရလိုက်တဲ့အသိဆိုပါတော့"

"ဒါနဲ့ မင်းတွင်းပြန်လုပ်ဖို့စိတ်မကူးဘူးလား"

"ဟင့်အင်း- တွင်းလုပ်ရမှာစိတ်မပါသေးဘူးကွာ။ စိတ်တွေလေနေတာကွ"

"အေးလေ၊ ဟုတ်တာပေါ့။ မင်းကားလေးရောင်းလိုက်တာ စောသွားတယ်ကွာ၊ ခုချိန်သာဆိုရင် မင်းကားကို ငါဝယ်မှာပဲ။ ဒီနှစ်ထဲမှာ ငါအတော်ကံကောင်းတာကွ"

"ဝမ်းသာပါတယ် သူငယ်ချင်းရာ"

"မင်းနဲ့ ငါ ကင်းစောင့်တုန်းက ငါပြောခဲ့တာတွေ သတိရသေးလား"

"ရပါတယ်"

"တကယ်ကွာ၊ ငါထင်တဲ့အတိုင်း တကယ်ဖြစ်ခဲ့တာပဲ။ နန်းယူဟာ တကယ်ဘီအရိုးခံလေးပါကွာ။ သနားပါတယ်။ မင်းသူ့မေတ္တာရိပ်မှာခိုလှုံတာဟာ အအေးချမ်းဆုံးဖြစ်လိမ့်မယ်လို့ ငါထင်တယ်။ အခြားမေတ္တာတွေဆိုတာက ပူလောင်လွန်းပါတယ်ကွာ။ ပြီးတော့ အလုပ်လက်မဲ့နေရတာ ပျင်းစရာ၊ လိပ်ပြာမလုံစရာကြီးပါကွာ။ တစ်ခုခုတော့လုပ်ပေါ့"

"အေးကွာ၊ ခုချိန်မှာ ငါကိုယ့်ကိုယ်ကိုယ်ဘာကောင်မှန်းမသိအောင်ကိုဖြစ်နေတာကွ။လူတွေငါ့ကိုကြည့်တဲ့အကြည့်ဒဏ်ကို ငါသိပ်မခံစားနိုင်ဘူးကွာ။ အဲဒါကြောင့် အိမ်တွင်းပုန်းကုလားမလုပ်နေရတယ်။ တစ်ခုခုလုပ်ဆိုတဲ့ မင်းစကားအရဆိုရင်တော့ ငါအိမ်တွင်းပုန်းလုပ်နေတယ်ဆိုပါတော့"

"အိုက်ယရာ၊ မင်းအတွက်လည်း ငါရင်လေးလိုက်တာကွာ"

"ကံစီမံရာပေါ့ သူငယ်ချင်းရာ"

"အေးလေ၊ အချိန်က မင်းဝေဒနာတွေကို ကုစားပေးနိုင်မှာပါ"

"ဒီလိုမျှော်လင့်ရတာပဲလေ"

အိုက်ယ လက်ဖက်ရည်ကို စိတ်မပါဘဲ တစ်ကျိုက်သောက်လိုက်၏။

**နောက်ဆုံးမျှော်လင့်ချက်**

"နန်းယူရေ၊ အမေကော"

"ကျောက်ဖျာအလှူကို သွားတယ်လေ။ တရားနာပြီးမှ ပြန်ခဲ့မယ်ပြောတယ်"

"ဪ - ဟုတ်လား"

"ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စမှမရှိပါဘူး၊ မမြင်လို့မေးတာပါ"

"ဒါထက် အစ်ကို နန်းအပြင်ခဏသွားမယ်။ ကလေးအိပ်နေတယ်။ အဲဒါကလေးစောင့်ပေးနော်"

"အေးပါ နန်းရယ်၊ အစ်ကိုစောင့်နေပါ့မယ်"

နန်းယူသည် အပြင်သို့ထွက်သွားလေ၏။ အိုက်ယတို့မှာ အိမ်အောက်ထပ်၌နေပြီး ဒေါ်မေနန်းမှာ အပေါ်ထပ်အခန်းထဲ၌ နေ၏။ အိုက်ယ၏အာရုံထဲတွင် (၇) ကာရက်ရှိသော ပတ္တမြားအစစ်ကြီးသာလျှင် ကြီးစိုး၍နေပါသည်။ ထိုပတ္တမြားသည် သူ့ယောက္ခမကြီးလက်ထဲတွင်ရှိနေဦးမည်ဟု ယုံကြည်နေပါသည်။ ထို့ပြင် အခြားသော ပတ္တမြားများလည်း များစွာရှိဦးမည်ဟု ယုံကြည်နေပါသည်။

သူ့ကို နှစ်ခါပေးရုံ အလှူပေးရုံမျှဖြင့် ထိုပတ္တမြားများမကုန်နိုင်ကြောင်း သူသဘောပေါက်ပါသည်။ ထို့ကြောင့် သိလိုစိတ်မှာ အမြဲကြီးစိုး၍နေပါသည်။ သူ နန်းယူကို ချဉ်းကပ်ခဲ့သည်မှာလည်း မေတ္တာအရင်းခံမဟုတ်ဘဲ ထိုပစ္စည်းဥစ္စာတို့ကိုမက်မော၍သာလျှင် ချဉ်းကပ်ခြင်းဖြစ်ပေရာ အခြေခံစိတ်ဓာတ်သည်

www.burmeseclassic.com

ရှိုးသားခြင်းမရှိခဲ့ပါ။ သူတစ်ပါးပစ္စည်းအား မတော်လောဘဖြင့် အချောင်ရလိုစိတ်ဖြင့်သာ သူ့ရင်တွင် ကိန်းဝပ်ခဲ့ပါသည်။

ထို့ကြောင့် နန်းယူ အပြင်ထွက်သွားသည်နှင့် အိုက်ယသည် အိမ်ပေါ်တက်ကာ ယောက္ခမကြီး၏ အခန်းအား ကြည့်မိ၏။ အမြဲတမ်းသော့ခတ်ကာ သွားလေ့ရှိသောကြောင့် ယောက္ခမကြီးသည် အခန်းတံခါးကို သော့တန်းလန်းဖြင့်ထားခဲ့သည်မှာ အံ့ဩစရာဖြစ်နေ၏။

'အသက်ကြီးတော့ သွားချင်ဇောနဲ့မေ့နေတာနေမှာ'

ဟု တွေးကာ အခန်းထဲဝင်ကြည့်မိ၏။ ကျွန်းသားဗီရိုကြီးတစ်လုံးနှင့် သံသေတ္တာကြီးတစ်လုံး၊ ကျွန်းသေတ္တာကြီးတစ်လုံးသာ အမာခံပစ္စည်းရှိပြီး တိုလီမုတ်စတို့မှာ များပြားလွန်းလှ၏။

သံသေတ္တာကြီးတွင်မူ သော့ခတ်ထားပြီး ကျွန်းသေတ္တာနှင့် ကျွန်းဗီရိုမှာ သော့ခတ်မထားပါ။ ထို့ကြောင့် ဗီရိုနှင့် ကျွန်းသေတ္တာထဲရှိ ပစ္စည်းများအား လိုက်ကြည့်ကာ ကျောက်ထုပ်တွေရှိလို ရှိငြား ရှာကြည့်မိပါသည်။ ဗီရိုထဲတွင် စောင်၊ ခြင်ထောင်၊ အခင်း၊ ခေါင်းအုံးများသာ တွေ့ရပြီး ကျွန်းသေတ္တာကြီးထဲတွင် အဝတ်များသာ တွေ့ရပါသည်။ အဝတ်ခေါက်များကြားတွင်လည်း စနစ်တကျ ရှာဖွေကြည့်မိပြန်ပါသည်။ ကျောက်ဟူ၍ မရှိသလို ငွေကြေးအားဖြင့်လည်း မတွေ့ရပါ။

ထိုသို့ဆိုလျှင် ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စားတို့သည် သံသေတ္တာကြီးထဲတွင် ရှိရမည်ဟု တစ်ထစ်ချ တွက်ဆမိပါသည်။

ထို့ကြောင့် ထိုသေတ္တာကြီးအား ဖွင့်ရန် သော့တွဲကို ရှာဖွေနေမိ၏။ ကံအားလျော်စွာပင် ခုတင်ခြေရင်းအခင်းအောက်၌ သော့တွဲကိုတွေ့ရှိရာ သံသေတ္တာကြီးမှ သော့အား ဖွင့်၍ရခဲ့ပါသည်။

အံ့ဩဖွယ်ကောင်းသည်မှာ ထိုသေတ္တာကြီးထဲတွင် ကွယ်လွန်သွားခဲ့သော ဦးစံဖေ၏အဝတ်များသာ တွေ့ရပြီး ဘာရတနာမှရှာမတွေ့ခြင်းပင် ဖြစ်ပါ၏။ ယောက္ခမကြီးသည် သူ့ခင်ပွန်းအပေါ် သံယောဇဉ်ကြီးကြောင်း ဤအဝတ်သေတ္တာကြီးက သက်သေပြလျက်ရှိပေ၏။

အိုက်ယမှာ ခိုးကြောင်ခိုးဝှက် ယောက္ခမအခန်းအား ဝင်မွှေနေရသဖြင့် ချွေးများပြန်ကာ ကတုန်ကယင်ဖြစ်၍နေပါသည်။ လောဘဖြင့် မိမိပြုသောအမှုအား ယောက္ခမကြီးတွေ့မြင်သွားခဲ့သော် ဟူသော- အတွေးကြောင့် ကျန်သောတိုလီမိုလီများထဲ၌ မရှာတော့ဘဲ ရှာ၍ပြီးလျှင်ပြီးချင်း အိမ်အောက်သို့ ခပ်သုတ်သုတ်ပြန်ဆင်းခဲ့ပါသည်။

မဟုတ်တာလုပ်ခဲ့သဖြင့် အိုက်ယမှာ ရင်တွေခုန်နေမိပါသည်။ သူမျှော်လင့်သောရတနာတို့တစ်ခုမှရှာမတွေ့ခဲ့ပါ။ ယုတ်စွအဆုံး လက်ဝတ်လက်စားရွှေတိုငွေစများပင်လျှင် တစ်ခုမှမတွေ့ခဲ့သည်မှာ ဆန်းကြယ်လှပေ၏။တစ်သက်စားမကုန်နိုင်သော ရတနာတို့သည် အမှန်ပင် ကုန်ခဲ့ပြီလော။ အိုက်ယဝေခွဲမရဖြစ်ကာ စိတ်မာတ်အကျကြီးကျမိပါတော့သည်။ သည်ပုံအတိုင်းရှိလျှင် မိမိ၏အနာဂတ်သည် အမှောင်အတိကျနေပေဦးတော့မည်။ ဂျစ်ကုပ်ဂျစ်ကုပ်နှင့် တွင်းလုပ်ရင်းဖြင့် ဘဝအချိန်ကုန်ပေဦးတော့မည်။ အချောင်ရလိုစိတ်တို့ကြောင့် အိုက်ယ ရင်သည်မောနေရသည်မှာ အမှန်ပင်။ သမီးလေးကား နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။

**ထောင်ချောက်မိခြင်း**

ဒေါ်မေနန်းသည် ကျောက်ဖျာရွာသူကြီး ဦးထွန်းညို၏အလှူ၌ တရားနာပြီးမှပြန်ခဲ့ရာ အချိန်များစွာကြာမြင့်ခဲ့ပါသည်။ ကျောက်ဖျာ၌ အလှူလုပ်တိုင်း ဘုန်းကြီးကျောင်း၌သာ တရားနာသော်လည်း ဦးထွန်းညို၏အလှူ၌မူ ရွာလည်တိုက်မဏ္ဍပ်ကြီးဆောက်ကာ ခမ်းခမ်းနားနားအလှူပြည့်ခံကာ တရားနာခဲ့ရပါသည်။

အိမ်ရောက်သော် အောက်ထပ်အခန်းထဲမှ အိုက်ယနှင့် မြေးလေး နန်းယမုံတို့၏ စကားပြောသံများ ကြားရပါသည်။ အိမ်ပေါ်သို့တိတ်ဆိတ်စွာတက်ခဲ့ပါသည်။ ဦးစွာသတိထားမိသည်မှာ မခတ်ဘဲထားခဲ့သော အခန်းတံခါးသော့ဖြစ်လေသည်။ ထိုသော့အား သူသည် သင်္ကေတဖြင့် မခတ်ဘဲ သက်သက်ချိတ်ခဲ့ခြင်း ဖြစ်၏။ ညာဘက်သို့ လှည့်၍ချိတ်ခဲ့သော သော့ကား ဘယ်ဘက်ပြောင်း၍ ချိတ်ထားသည်ကို တွေ့ရရာ သူ့အခန်းထဲသို့ အိုက်ယခိုးဝင်ခဲ့ကြောင်း သဘောပေါက်လိုက်ပါသည်။ နန်းယူမှာမူ မွေးကတည်းက ရိုးစင်းဖြူစင်သော သမီးလေးဖြစ်ရာ နန်းယူ မဟုတ်နိုင်ကြောင်း အလိုလိုသိ၏။

ပြီးနောက် အခန်းထဲရှိ သေတ္တာများဖွင့်ကာ လက်ရာခြေရာပျက်၊ မပျက်ကြည့်ရာ လက်ရာပျက်နေကြောင်း သိရပါသည်။ ဗီရိုဖွင့်၍စစ်ဆေးသောအခါတွင်လည်း ပစ္စည်းများလက်ရာပျက်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဒေါ်မေနန်းစိတ်ထဲပေါက်ကွဲနေမိ၏။

'အင်း - ငါ့သမက်က လူပုံရိုးပန်းလေးနဲ့အကျင့်ကောင်းတဲ့ကလေးမဟုတ်ဘူးဘဲ။ ဒီကောင်မက်တာက နန်းယူမဟုတ်ဘဲ ငါ့မှာရှိတဲ့ရတနာတွေကိုမက်တာကိုး။ ငါ နင့်ကို နှစ်ခါပေးခဲ့ဖူးပြီ၊ နင့်ဟာနင် ကမြင်းကြောထပြီးကုန်ကုန်တာတော့ ငါလည်း မတတ်နိုင်ဘူး။ နင့်အကြောင်းကတော့ ဥပုသ်နေ့ဥပုသ်ဇရပ်မှာ မကြားချင်မှအဆုံး အူမချေးခါးအထိသိတယ်။ သမီးလေးစိတ်ဆင်းရဲမှာစိုးလို့ ငါရေငုံနှုတ်ပိတ်နေတာ ငါ့ကို အ,တယ်ထင်ပုံရပါတယ်။ မအ,ဘူးဟေ့၊ မပြောချင်လို့နေတာ။ လူကြီးဆိုတာ လူကြီးသိက္ခာရှိတယ်ဟဲ့။ အဲဒါကြောင့် မပြောတာ။ တော်ပြီ၊ နင်တို့အတွက် ငါ့မှာဘာမှမရှိတော့ဘူး။ သမီးလက်ထဲထည့်လည်း နင့်လက်ထဲရောက်မှာပဲ၊ ငါ့ရဲ့ခြေစောင့်လက်စောင့်ကလွဲရင် သမီးကြီး (၂) ယောက်ကို ရတနာတွေခွဲပေးလိုက်တော့မယ်။ နင်တို့အတွက်ကတော့ ဟောဒီတိုက်အိမ်ပဲရမယ်။ ဒါဟာ ငါ့ရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ပဲ'

ဒေါ်မေးနန်းမှာ အခန်းထဲလှည့်ပတ်ကြည့်ရာ ကျန်သောပစ္စည်းတို့ လက်ရာမပျက်သဖြင့် သူ့ပစ္စည်းများထားသောနေရာအား တိုလီမိုလီပစ္စည်းများ ဖယ်ကာကြည့်မိ၏။ လက်ရာခြေရာ မပျက်တွေ့ရ၏။ တော်သေး၏။ ဒီပစ္စည်းတို့အား သံသေတ္တာထဲပြန်ပြောင်းထည့်ကာ သော့ခတ်လိုက်လေ၏။ ပြီးလျှင် အဝတ်သစ်များကို အဝတ်ဟောင်းနှင့် လဲလှယ်ဝတ်ဆင်ကာ အခန်းတံခါးအား သော့ခတ်လိုက်၏။

'အင်း - ငါဆင်ထားတဲ့ ထောင်ချောက်ထဲ ဒီကောင်တည့်တည့်ဝင်တာပါလား။ တော်ပြီ၊ ဒီကောင့်ကို ငါမချစ်တော့ဘူး။ ငါ့မှာဖြင့် သမက်ချောချောလေးရလို့ဆိုပြီး မင်္ဂလာဆောင်မှာပျော်လွန်းလို့ က,လိုက်ရတာ။ တကယ်တော့ အကျင့်မကောင်းတဲ့ အလကားကောင်ဖြစ်နေပါပေါ့လား။ ငါ့သမီးလေး ကံဆိုးလိုက်တာ။ သူ့ခမျာ ချစ်လိုက်တာကိုနဲ့လို့။ ဒါပေမယ့် မချစ်သော်လည်း အောင့်ကာနမ်းဆိုတာလို သမက်ဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com

လည်း မတတ်နိုင်ဘူးလေ။ ကင်းနိုင်တာမှမဟုတ်တာ၊ ခေါ်ရ ပြောရမှာပဲ"

ဟု တွေးကာ အိမ်အောက်သို့ဆင်းခဲ့၏။ မြေးလေးနိုးနေပြီ ဖြစ်၍ အိုက်ယနှင့်မြေးလေးနန်းယမုံတို့ကို ထိုင်ခုံတွင် ထိုင်နေသည်ကိုတွေ့ရပါသည်။

"နန်းယု ဘယ်သွားတာလဲ သား"

"အပြင်ခဏဆိုပြီး ထွက်သွားတာပဲ အမေ၊ ကျောက်ဝယ်သွားတယ်ထင်ပါရဲ့"

"ဩော် - အေး အေး"

"ဘာပြောစရာရှိလို့လဲ အမေ"

"မရှိပါဘူးကွယ်၊ မရှိပါဘူး"

ဒေါ်မေနန်း မီးဖိုချောင်ဘက်သို့ဝင်ခဲ့လေ၏။ အိုက်ယမှာ သူ့ကိုယ်သူ ယုံဟန်မတူ မျက်နှာပျက်၍နေလေ၏။

**အမွေ**

မိုးကုတ်ဒေသတွင် အများအားဖြင့် အလွန်ချမ်းသာကြွယ်ဝသော ကျောက်ကုန်သည်များသာလျှင် သားသမီးတို့အား ထိုက်သင့်သောအမွေတို့ကိုသေမီ ခွဲပေးလေ့ရှိ၏။ လူလတ်တန်းစားများနှင့် သာမန်တောနေလူတန်းစားတို့မှာမူ နောက်ဆုံး မိဘလက်ငုတ်အိမ်၌ ကျန်ခဲ့သော သားသမီးတို့သာလျှင် အမွေခံစားကြရပါသည်။ ထိုသား၊ ထိုသမီးသည် မိဘတို့အား အသက်ထက်ဆုံး ပြုစုစောင့်ရှောက်ကြရပါသည်။

ပထမအိမ်ထောင်၊ ဒုတိယအိမ်ထောင် စသည်ဖြင့် ကျသွားသူတို့မှာကိုယ့်အိုးကိုယ့်အိမ်ဖြစ်အောင် ကြိုးစားရာ အိမ်ခွဲကြရ၏။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ နောက်ဆုံး အိမ်၌ကျန်ခဲ့သူသာ မိဘကိုပြုစုစောင့်ရှောက်ရင်း မိမွေဘမွေကို ခံစားကြရ၏။ မိဘတို့၏အိမ်နှင့် လက်ဝတ်ရတနာ ရွှေ ငွေတို့ ပိုင်ဆိုင်ရ၏။ ကျန်သောသားသမီးတို့မှာ ရ, ရကောင်းစေဟူသောစိတ်ဖြင့် အမွေတောင်းလေ့၊ ခွဲလေ့မရှိကြပါ။ ဤဓလေ့သည် အများအားဖြင့် တောနေလူတန်းစားတို့ လိုက်နာကျင့်သုံးသောဓလေ့ဖြစ်၏။ အိမ်တွင်းလက်ငုတ်ကျန်ခဲ့သူမှ စေတနာရှိ၍ခွဲဝေပေးလျှင်ယူကြမည် သို့သော် လူဟူသည် လောဘသားများဖြစ်သဖြင့် အိမ်တစ်ရာလျှင် တစ်အိမ်မှပင်လျှင် ခွဲဝေပေးခြင်းမရှိခဲ့ကြပါ။ ခွဲဝေမပေး၍ နှုတ်သီးကောင်းလျှာပါး၍ အော်ကြီးဟစ်ကျယ်ငြင်းခုံရန်ဖြစ်သည်ဟူသည်လည်း မရှိခဲ့ကြပါ။ အမှန်အားဖြင့် ရတနာအလုပ်လုပ်နေကြသောသူများဖြစ်သဖြင့် ကိုယ်စီမာနရှိကြပါသည်။ ကံကောင်းလျှင် နေ့ချင်းညချင်း သူဌေးထဖြစ်နိုင်သောအလုပ်ဖြစ်ကြရာ အတော်အတန်ကို အထင်ကြီးခြင်း၊ မက်မောခြင်းလည်း မရှိကြပါ။ တောနေလူတို့မှာ အများအားဖြင့် ရိုးဖြောင့်သူများဖြစ်ကြပေ၏။

ဦးစံဖေ၊ ဒေါ်မေနန်းတို့၏ သမီးများဖြစ်သော အကြီးသမီး နန်းလူနှင့် အလတ်သမီး နန်းမူတို့မှာ အိမ်ထောင်ခွဲသွားကြသည်မှာ ကြာပြီ ဖြစ်သည်။ သူတို့သည် မိဘများ ကျောက်ကြောပေါက်ထားကြသည်ကိုသိသော်လည်း တစ်လုံးတစ်ပါဒမျှ မိခင်အား မေးမြန်းခြင်းမရှိခဲ့ပါ။ ရိုးရိုးကုပ်ကုပ်နှင့်နေကာ အိမ်ထောင်ကျပြီး အိမ်ခွဲကုန်သူများ ဖြစ်သည်။ မိခင်ကြီးထံ၌ ထိုကျောက်များရှိနေကြောင်းအား လူပြောသူပြောဖြင့်သိနေသော်လည်း ဓလေ့ထုံးစံအရ သူတို့မပိုင်ဆိုင်ကြောင်း သိပြီးဖြစ်၍ စပ်စုနေခြင်းလည်း မရှိခဲ့ပါ။ မက်မောတွယ်တာမှုလည်း မရှိခဲ့ကြပါ။ ရတနာ ဟူသည် ထိုက်မှပိုင်ဆိုင်ရကြောင်း မိုးကုတ်သူများမို့ သိပြီး ဖြစ်ကြပါသည်။

တစ်နေ့၌ ခင်ပွန်းဖြစ်သူများတွင်းသွားနေခိုက် နေ့လယ်ပိုင်းတွင် နန်းလူတို့အိမ်သို့ မိခင်ကြီးဒေါ်မေနန်း ရောက်လာခဲ့ပါသည်။

"ဟဲ့ - နန်းလူ၊ နင့်ညီမ နန်းမူကိုသွားခေါ်စမ်း၊ ကလေးတွေလည်း မပါခဲ့စေနဲ့။ အရေးကြီးတယ်၊ အမြန်လာခဲ့လို့ပြောလိုက်။ နင့်ကလေးတွေကော"

"အကြီးကောင်တွေကျောင်းသွားတယ်လေ။ အငယ်တွေက ရွာလယ်မှာဆော့နေကြတယ်"

"အေး၊ အေး - ဘယ်သူမှမပါစေနဲ့။ သမီးတို့ညီအစ်မနဲ့ပဲပြောချင်တာ"

"ဟုတ်ကဲ့ပါ အမေ"

အချိန်အားဖြင့် မကြာလိုက်ပါ။ အိမ်ချင်းသိပ်မဝေးသဖြင့် ညီအစ်မနှစ်ဦး ရောက်လာကြပါသည်။

"နန်းလူ တံခါးမကြီးပိတ်ထားလိုက်ဟဲ့"

"ဟုတ်ကဲ့ အမေ"

ဟု ပြောကာ တံခါးမကြီးချက်ထိုးပြီးပိတ်လိုက်၏။

"ညည်းတို့ကို အမေ ပေးစရာရှိတယ်"

ဟု ပြောကာ ကျောက်ကြည့်သော ပြတင်းဝသို့ခေါ်၍ အဝတ်အိတ်ကလေးများဖြင့် ထုပ်ထားသော အထုပ်နှစ်ထုပ်အား တစ်ယောက်တစ်ထုပ်စီပေးလေ၏။

"ဘာလဲ အမေ"

"ဒါ ညည်းတို့အဖေငယ်ငယ်က ကျောက်ကြောပေါက်ထားတဲ့ ကျောက်တွေလေ။ အဲဒါ ညည်းတို့လည်း အဖေ၊ အမေတို့ရဲ့အမွေကို ခံစားစေချင်တယ်။ အမေမှ ခွဲမပေးရင် ညည်းတို့တစ်ပြားမှသုံးရမှာ မဟုတ်ဘူး။ နန်းယုနဲ့ အိုက်ယပဲ ခံစားကြရမှာ။ အဲဒါကြောင့် အမေမျက်စိမမှိတ်မီကလေးမှာ သမီးတို့ကိုခွဲပေးတာပါ။ ကဲ - ကြည့်ကြဦး"

ဟု ဆိုသဖြင့် ထာများယူကာ အိတ်ထဲမှကျောက်တို့ကို ညင်သာစွာသွန်ကြည့်ကြလေ၏။ နှစ်ဦးစလုံးပင် 'အို' ဟူသော အာမေဋိတ်သံများ ကိုယ်စီထွက်လာကြ၏။ လှလိုက်သည့် မီးခဲပတ္တမြားလေးများသည် ထာထဲတွင် ရဲရဲနီနေ၏။ ဤတွင် သမီးကြီးနန်းလူမှ ပြော၏။

"အမေရယ်၊ သမီးတို့ကို ခုလို ခွဲပေးလိုက်တော့ အမေ့မှာကောကျန်သေးရဲ့လား။ အိုစာမင်းစာလိုသေးတယ်လေ။ အမေ့လက်ထဲမှာရှိနေမှ အမေလိုရင်ရမှာလေ၊ သမီးတို့က အနားမှာနေနိုင်တာမဟုတ်ဘူး"

"ရှိပါတယ် သမီးရယ်၊ အမေ့အတွက် မပူပါနဲ့။ အမေ သူတို့ကို အထိုက်အလျောက် လိုက်လျောပြီးပါပြီ။ ဒါကို သမီးတို့ကြားမှာပါ"

"ကြားပါတယ် အမေ၊ နားမဆံ့အောင်ကို ကြားနေရတာပါ။ သမီးလေအရိုးခံစိတ်ဓာတ်လေးနဲ့နေတတ်တဲ့ ညီမလေးနန်းယုကို အရမ်းသနားမိတာပါ။ အိုက်ယက ပျော့ပျော့နဲ့နံတဲ့ကြောင်ချေးပါ အမေရယ်၊ သူများကိုမပြောချင်ပါဘူး။ ဒါပေမယ့် ဒီကောင်က ညက်ညက်ကလေးနဲ့ နန်းယုကို နိုင်စားနေတာပါ။ အဆင်းလှပြီး အချင်းမရှိတဲ့အကောင်ပါ"

"အိုက်ယဘာခြေလှမ်းလှမ်းတယ်ဆိုတာ အမေသိပါတယ်ကွယ်။ သမီးလေးက သူ့ယောကျ်ားကို သိပ်ချစ်တာ။ ဘာလုပ်လုပ်အပြစ်မမြင်ဘူး။ ဒါတွေသိလို့လည်း အမေအခုလိုကျန်းမာနေတဲ့အချိန်မှာ သမီးတို့ရသင့်ရထိုက်တာလေးကို ခွဲပေးတာပါ။ ဒီပစ္စည်းတွေကို လုံလုံခြုံခြုံသိမ်းပါ။ ယုတ်စွအဆုံး ပတ်ဝန်းကျင်မပြောနဲ့။ ကိုယ့်ယောကျ်ားတောင်အသိမပေးပါနဲ့။ ကြောင်လက်သည်းလိုဝှက်ထားပါ။ အရေးကြုံမှထုတ်သုံးပါ။ ဒါမှမဟုတ်ရင်လည်း လက်ဝတ်ရတနာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်လိုက်ကြပါ”

“ဟုတ်ကဲ့ပါ အမေ၊ သမီးတို့လေ တစ်စက်ကလေးမှ မမျှော်မှိပါဘူး အမေရယ်။ ခုလိုလာပေးတာ ကျေးဇူးတင်လိုက်တာ။ သမီးညကသွေးအိုင်ကြီးထဲ ကျတယ်လို့ အိပ်မက်မက်တယ်အမေ။ သမီးတစ်ကိုယ်လုံး သွေးတွေနဲ့ ရဲရဲနီနေတာ။ သမီးထင်တာက သမီးယောက်ျားတွင်းက ကျောက်ကြီးကျောက်ကောင်း ရတော့မယ်လို့ ထင်ထားတာ။ ခုအမေ ကျောက်တွေလာပေးတော့ ကျောက်ရကိန်းများကျေသွားမလား မပြောတတ်ပါဘူး”

“အိုအေ-မဟုတ်တာ။ အမေပေးတာက ကျောက်ကြီးမှ မဟုတ်တာ။ အောက်ကျောက်တွေပဲကွယ်။ ဒါဆို သမီးတို့ကျောက်ကြီးရလိမ့်ဦးမယ်။ သွေးဆိုတာ ပတ္တမြားကျောက်ကြီးကျောက်ကောင်းရဲ့နိမိတ်ကွယ့်။ အမေပေးတဲ့ ပတ္တမြားတွေမဟုတ်ဘူးလို့ စိတ်ထဲမှာ ယုံကြည်ထားလိုက်။ ဒါထက် သမီးနန်းမူရဲ့ယောက်ျားကော အတူတူလုပ်တာ မဟုတ်လား”

ဤတွင် နန်းမူက ဝင်ပြော၏။

“အတူတူလုပ်တာကြာပြီလေအမေရဲ့။ သမီးလည်း ညာမျက်ခုံးတွေတဆတ်ဆတ်လှုပ်နေတာ ရက်အတော်ကြာပြီ။ သမီးယောက်ျား ကိုမြင့်ဝေတလည်း အိပ်မက်တွေကောင်းတယ်လို့ ပြောတယ်အမေ”

“အင်း - ဒါဆို သမီးတို့တွင်းက ကျောက်ကြီးကျောက်ကောင်းရဦးမှာပေါ့လေ။ ဘယ်နေ့ဆေးကြမှာလဲ”

“ဒီနေ့ဆေးမယ်ပြောတယ် အမေ”

“ဒါဆို ဒီနေ့ကျောက်ကြီးကျောက်ကောင်းရလာလိမ့်မယ်လို့ အမေထင်တယ်။ ကဲ - အမေပြန်ဦးမယ်။ သားတို့ သမီးတို့တွင်းက ကျောက်ကြီးကျောက်ကောင်းတွေရကြပါစေကွယ်”

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ အမေရယ်”

ဟု ဆုခံယူကာ မိခင်ကြီးအား ရှိသေစွာ ထိုင်ကန်တော့ကြ၏။ ထိုညမိုးချုပ်တွင် သမီးကြီးနန်းမူသည် မိခင်ကြီးထံရောက်လာကာ ကာရက် (၉၀) ခန့်ရှိ နီလာအစစ်တစ်ပွင့်ရခဲ့ကြောင်း တိုးတိုးတိတ်တိတ် ဝမ်းမြောက်ဖွယ် သတင်းလာပို့လေ၏။

“ကဲ - အမေမပြောလားကွယ်၊ သမီးတို့ ဒီနေ့ ကံအလွန်ကောင်းတဲ့နေ့ တစ်နေ့ပါဆို။ အမေ့ဆီကလည်း အမွေရတယ်။ ဒီနေ့ရတဲ့ကျောက်ဟာလည်း အတိတ်ကပြုခဲ့တဲ့ကံရဲ့ အမွေအနှစ်ပဲ။ သမီးရဲ့ပြုခဲ့တဲ့ ကုသိုလ်ကံအလျောက် အဲဒီကံရဲ့ အသီးအပွင့်အမွေအနှစ်ကို ခံစားကြရတာ။ ဒီတော့ သမီးတို့အမွေ (၂) ခု တစ်ပြိုင်တည်းရတဲ့နေ့လို့ဆိုရမှာပဲ။ ဝမ်းသာပါတယ် သမီးရယ်။ ကိုယ်ကျောက်ရလို့ ချမ်းသာလာပြီဆိုရင် ဘဝမမေ့နဲ့၊ ဘဝင်မမြင့်နဲ့၊ အသုံးနဲ့အဖြုန်းကို ခွဲခြားပြီး နားလည် ဟုတ်လား။ အမေဆိုရင် အနေအထိုင်စေ့စပ်လွန်းလို့ ကျောက်ကြောပေါက်နေတာတောင်မှ ဓားပြရန်တွေကလွတ်ရတယ်။ အမေတို့က အနေအထိုင်ပိရိတော့ ခေတ်ဆိုးကြီးမှာတောင် အန္တရာယ်ကင်းခဲ့တယ်။ အေးအေး - ဟုတ်ပြီ ဝမ်းသာတယ် သမီးရယ်။ ဝမ်းသာလိုက်တာ”

“သမီးသွားဦးမယ် အမေ”

“အေး၊ အေး”

ဒေါ်မေနန်း၏ရင်မှာ ကြည်နူးမှုနှင့်ပြည့်နေ၏။ သမီးတို့သည် ဘယ်သမီးမှ အောက်ကျနောက်ကျမရှိ၍ ကျေနပ်ရခြင်းပင်။

**ခေါင်းငုံ့၍ခံရသောဘဝ**

“ဘာ-အိုက်ယ၊ နင့်အတွက် ငါက အရင်းအနှီးထုတ်ပေးရမယ် ဟုတ်လား”

“အလကားမဟုတ်ပါဘူး အစ်မရယ်။ ကျွန်တော် အဆင်ပြေရင် အရင်းရောအတိုးပါ ပြန်ဆပ်မှာပါ။ ကျွန်တော် ကျောက်အရောင်းအဝယ်မျက်စိအတော်ပေါက်နေပါပြီ။ သူများလိမ်သွားလို့ အရင်းပြုတ်ရတာပါ”

“ဒီမယ် အိုက်ယ၊ နင့်အကြောင်းတွေ ငါအကုန်ကြားတယ်။ မိုးကုတ်ဆိုတာ ကျဉ်းကျဉ်းလေး။ ဘာလုပ်နေတယ်ဆိုတာ ငါအကုန်သိတယ်။ နင့်ရဲ့အောင်မြင်မှုကို နင့်ဟာနင် ဖျက်ဆီးပစ်လိုက်တာ။ နင်အဆင်ပြေပြီး ပျော်ပါးနေတဲ့အချိန် ငါ့အိမ်ဘက်ကို နင်တစ်ခါခြေဦးလှည့်ဖူးသလား။ နင်ငါ့ကိုပုန်းရှောင်နေတယ်လေ။ အခုကျမှ အရင်းလိုသလေးဘာလေးနဲ့။ ငါတို့က နင့်ယောက္ခမတွေလို ကျောက်ကြောပေါက်ပြီးချမ်းသာနေတာ မဟုတ်ဘူး။ လုပ်နိုင်ကိုင်နိုင်မှစားရတာ။ အစ်မကြီးတစ်ယောက်အနေနဲ့ နင့်ကို မင်္ဂလာကောင်းကောင်းဆောင်ပေးခဲ့ပြီးပြီလေ။ အရင်းအနှီးတော့မပေးနိုင်ဘူး။ အရင်းအနှီးဆိုတာ ကလေးမုန့်ဖိုးပေးသလို ပေးလို့ရတာမဟုတ်ဘူး။ နင့်ကိုပေးရင် ငါတို့ဘာနဲ့သွားလုပ်မလဲ။ နင့်ယောက္ခမဆီပဲတောင်းပေါ့”

“သူထုတ်ပေးတာ နှစ်ကြိမ်ရှိပြီဆိုတော့ ပေးမှာမဟုတ်တော့ဘူး”

“အဲဒါတော့ ငါလည်းမတတ်နိုင်ဘူး။ ငွေပုံပေါ် ထိုင်မိတာတောင်မှ ငွေကို အကျိုးရှိအောင်လုပ်တတ်တာ မဟုတ်ဘူး။ လက်မဲ့ဖြစ်အောင်လုပ်ပစ်လိုက်တယ်။ နင်လိုကောင် သေတောင်မချမ်းသာဘူး။ အလကားကောင်၊ စီးပွားလုပ်တဲ့နေရာမှာ အပျော်မက်လာလို့ကတော့ တစ်ခါမဟုတ်ဘူး အခါတစ်ရာလုပ်၊ ဘယ်တော့မှ စီးပွားရေးမအောင်မြင်ဘူး။ နင်အရင်တစ်ခါလုပ်ကတည်းက ငါ သတိပေးခဲ့တယ်၊ နင်နားမထောင်ဘူး။ နင်လိုကောင် မောင်တော်ရတာ ငါရှက်ဖို့တောင်ကောင်းတယ်။ နင် ဘယ်သူ့မျက်နှာမှမထောက်ဘဲ ထင်ရာလုပ်တဲ့အကောင်”

“တော်ပါ အစ်မရာ၊ မပေးရင်လည်းနေပါ။ ခုချိန်ကတော့ ကျွန်တော်က ပြောသမျှခေါင်းငုံ့ခံရမယ့်အကောင်ပါ။ တော်ပြီ၊ အစ်မဆီ ဘယ်တော့မှ မလာတော့ဘူး”

“အေး - ကောင်းတယ်၊ နင့်ကို မြင်ရတာ အကုသိုလ်များတယ်။ ကိုယ်လုပ်ချင်ရာလုပ်ပြီး အပူလာပေးတဲ့အကောင်၊ အရှက်မရှိတဲ့အကောင်”

ဆုပ္ပမူတို့အား ဆုံးအောင်နားမထောင်တော့ဘဲ ထပြန်ခဲ့တော့၏။ မီးဝင်းဝင်းတောက်မျှ ခက်ထန်နေသော အစ်မ၏ ဒေါသမျက်ဝန်းတို့သည် သူ့မျက်စိထဲကမထွက်ပေ။

“တောက် - ငါ့ကိုချစ်သယောင်ယောင်နဲ့ ငါ့ဘဝကိုဖျက်ဆီးသွားခဲ့တာ။ တတ်နိုင်ရင် ယိုးဒယားအထိတောင် လိုက်ပြီးသတ်ချင်လိုက်တာ။ ပျော်ရတာတစ်ခဏ၊ ခံစားရတာတစ်ဘဝပါလားကွာ”

အိုက်ယမှာ မောလျစွာ အစ်မအိမ်မှထွက်ခဲ့ပြီး ကားစီးရန် ကားလမ်းမသို့ထွက်ခဲ့၏။ တော်သေးသည်၊ ယောက်ဖဖြစ်သူမရှိပေလို့။

**ကံမကောင်းခြင်းများ**

“နန်းယူငါပြောတယ်မဟုတ်လား။ ခု နင့်ယောက်ျား နင့်ဆီပြန်ရောက်ပြီး အိမ်မြဲနေပြီလေ။ တစ်နေ့ နင့်ရဲ့မေတ္တာကျိန်စာသင့်လိမ့်မယ်ဆိုတာလေ။ အခုမေတ္တာကျိန်စာသင့်တာဟဲ့။ သူက နင့်ကို ဥပေက္ခာပြုတော့ သူ့ကို ဥပေက္ခာပြုမယ့်လူလည်း ပြန်ပေါ်လာတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ လိပ်ပက်လက်လှန်ထားသလို ယက်ကန်ယက်ကန်ဖြစ်နေရတာပေါ့လေ"

"ငါ့ဆီပြန်ရောက်လာတာတော့ ငါကံကောင်းတယ်ဆိုရမှာပဲ။ ဒါပေမယ့် ကံမကောင်းတာကလည်း ကံကောင်းခြင်းနဲ့အတူပါလာတာဟ"

"ဘာလဲ၊ ကံမကောင်းတာက"

"အခု ဘာအလုပ်မှမလုပ်ဘဲ အိမ်တွင်းအောင်းနေတာလေ။ လုပ်ရကောင်းစေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အလုပ်လေးတစ်ခုတော့ ယောက်ျားပီပီ လုပ်စေချင်တာပေါ့ဟာ။ ငါ့မှာက ကလေးကတစ်ဖက်၊ အရောင်းအဝယ်က တစ်ဖက်၊ အိမ်မှုကိစ္စကတစ်ဖက်နဲ့ ဓတ်ဖတ်ကိုမောနေတာ"

"အိမ်မှုကိစ္စဘာမှမကူဘူးလား"

"ကလေးထိန်းတာကလွဲရင် ဘာမှ မကူဘူးဟ"

"အင်း - နင့်ယောက်ျားက စိတ်ကြီးဝင်သွားပြီဟဲ့။ သူ့ခမျာအထည်ကြီးပျက်ဖြစ်နေရှာတာ"

"အေးဟာ၊ ငါလည်း ကံမကောင်းပါဘူး"

"ဘဝကို အဲဒီလိုပုံသေမတွက်ပါနဲ့တယ်"

"အခု ဗိန္ဓောဆရာကြီး ဦးစံတင်ဆီမှာ ဆေးပညာသွားသင်မယ် ပြောနေတယ်"

"အေး-အိမ်တွင်းအောင်းနေတာနဲ့စာရင် အဲဒါကောင်းတယ်။ သင်ပါစေဟာ။ နင့်ယောက်ျားကြည့်ရတာ လက်ကြောတင်းတင်းလုပ်စားချင်စိတ်ရှိတော့ပုံမပေါက်ဘူးဟ။ ခပ်ပေါ့ပေါ့အလုပ်ပဲ လုပ်ချင်နေပုံရတယ်"

"ငါသိပါတယ်ဟ၊ သူက လမ်းပေါ် ပျော်ချင်စိတ်ရှိတာ။ ဆေးလွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်ချင်နေပုံရပါတယ်"

"ဘာမှမလုပ်တာနဲ့စာရင်တော့ အဲဒါတဂုဏ်ရှိပါသေးဟာ"

"ငါလေ သူ့တွက်ရင်လေးလိုက်တာဟာ။ ဒါပေမယ့် ငါ့အနားမှာ အမြဲရှိနေတော့ ငါဖြေသာပါသေးတယ်"

"အေးဟယ်၊ သူ့ကို နင်ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိပါတယ်ဟာ"

"နင့်ကလေးကော"

"အိမ်မှာ အမေ့လက်ထဲ ခဏထည့်ခဲ့တာ"

"နင်ကယောက်ျားလေးမွေးတော့ ကံကောင်းတာပေါ့နော်"

"ယောက်ျားမွေးရတာ မျက်ခုံးခပ်လှုပ်လှုပ်ဟဲ့။ တော်ကြာ ငါ့သားက နင့်ယောက်ျားလိုလူမျိုး ဖြစ်လာရင် ငါရင်ကျိုးရမှာ"

"နင်ကတော့လေ နှိုင်းစရာရှားလို့ ငါ့ယောက်ျားနဲ့မှနှိုင်းရတယ်လို့"

"ဟား ဟား ဟား ဟား"

အချစ်ခိုင်မြဲသော သူငယ်ချင်းနှစ်ဦးသည် မကြာမကြာဆုံမိတတ်ကာ ထိုသို့ စကားတွတ်ထိုးတတ်ကြလေ၏။ ထိုသို့ပြောကြတိုင်းလည်း အိုက်ယအကြောင်းပါမိတတ်လေရာ နန်းယုရင်မောရသည်မှာ အမှန်ပင်။

**ယောင်ခြောက်ဆယ်**

အချိန်တို့တရွေ့ရွေ့ကုန်ခဲ့၏။ နန်းယုသည်ပင် နောက်ထပ်သမီးလေးတစ်ဦးဖွားပြီးခဲ့ပြီ ဖြစ်သည်။ အိုက်ယမှာမူ ရွာစဉ်လှည့်ကာ ဆေးလွယ်အိတ်တစ်လုံးဖြင့် ဆေးလှည့်ကုသလို ဖော်ပြီးသားဆေးထုပ်လေးများလည်း ရောင်း၏။ ဆေးအကြောင်းကိုလည်း ပါးစပ်မှအမြုပ်ထွက်မတတ်ပြော၏။ သူ့ကိုယ်သူ ဇီဝကနီးနီး ညွှန်း၏။ လူချောလူဖြောင့်တစ်ဦးဖြစ်ပေရာ ဆရာဦးအိုက်ယအား ချစ်သူခင်သူ ပေါများလှပေ၏။ ဆရာဂုဏ်ကြောင့် အိုက်ယမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် ဦးအိုက်ယဖြစ်သွားခြင်း ဖြစ်သည်။ ရုပ်ချောအပြောကောင်းဖြစ်ပေရာ ငယ်ရွယ်သူတို့၏ စိတ်ဝင်စားမှုကိုပင်ခံရပါသည်။

"နန်းယု"

"ဘာပြောမလို့လဲ အစ်ကို"

"အစ်ကိုဆေးကုရင်း တစ်ဖက်တစ်လမ်းက ခြံအလုပ်လည်းလုပ်ချင်တယ်။ သူများတွေ တညင်းခြံလုပ်တာ အရမ်းကိုက်တာ နန်းရဲ့။ တညင်းက ဈေးလည်းကောင်းတယ်။ ပြုစုယုယစရာလည်း သိပ်မလိုဘူး။ ပြီးတော့ သုံးနှစ်သားဆိုရင် အသီးစသီးပြီ။ နောက်ဆိုနှစ်တိုင်းဝင်ငွေရနေတော့မှာ။ အဲဒါ တညင်းခြံလုပ်ရကောင်းမလားလို့"

"ဘယ်မှာလုပ်မလဲ၊ ရွာနားမှာတော့ ခြံလုပ်စရာနေရာမှမရှိတာ"

"သြော် - နန်းကလည်း၊ အစ်ကိုက ရွာစဉ်လှည့်နေတာဆိုတော့ စီးပွားရေးအကွက်အကွင်းကိုမြင်တယ်လေ။ ကပိုင်ဘက်မှာ ခြံတစ်ခြံပေါ်ပေါ်နဲ့ရောင်းမယ် ကြားတယ်။ အဲဒါ အစ်ကို အဲဒီခြံကို ဝယ်ချင်တယ်"

"ဒါဆိုဝယ်လေ၊ နန်းယုဝယ်ပေးမယ်လေ"

"ကျေးဇူးပဲ နန်းရေ၊ အစ်ကိုဈေးဆစ်ပြီးဝယ်လိုက်မယ်နော်"

"အင်းပါ၊ အစ်ကိုသာ စွဲစွဲမြဲမြဲလုပ်ပါ"

သို့နှင့် အိုက်ယမှာ ဆေးကုရင်းတစ်ဖက်တစ်လမ်းမှ တညင်းစိုက်ပျိုးလေ၏။ ခြံတွင် အိမ်သေးသေးလေးဆောက်ကာနေလေ၏။ နောင်တွင် ကျွဲများဝယ်ကာ ကျွဲများလည်း မွေးလေ၏။ သွားရေးလာရေးလွယ်ကူစေရန် မြင်းမလေးတစ်ကောင်ဝယ်၍ စီး၏။ ဆိုင်ကယ်ဟူသည်မှာ တောလမ်းများသွားမရရာ မြင်းနှင့်သာ အဆင်ပြေလေ၏။

ကပိုင်ရွာတွင် လယ်များရှိရာ ကျွဲအငှားလိုက်၍ ရ၏။ စခန်းကြီးရွာသည်တွင်းသုံးမျှောသစ်များ၊ ဝါးများခုတ်ရောင်းရာ ကျွဲအမြဲသုံးရ၏။ သို့ကြောင့် ကျွဲများ၊ မွေးခြင်းဖြင့်လည်း အဆင်ပြေ၏။

အိုက်ယမှာ ယောင်ခြောက်ဆယ် ဟူဘိသို့ ဟိုယောင်ယောင်သည်ယောင်ယောင် လျှောက်လုပ်နေပါသော်လည်း တညင်းခြံမှာလည်း သုံးနှစ်မြောက်တွင် စတင်သီးကာ လေးနှစ်မြောက်တွင်မူ ဝင်ငွေအတော်ကောင်းခဲ့လေ၏။ မိုးကုတ်မြေသည် တညင်းဖြစ်လွယ်ပြီး တညင်းကြိုက်သောမြေအမျိုးအစား ဖြစ်သည်။ အိုက်ယမှာ ဆေးဆရာအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးသမားအဖြစ် လည်းကောင်း နာမည်ကြီးလာ၏။

တညင်းသီးများအား ပျိုးထုတ်လုပ်၍ရောင်းပြန်ရာ ဝယ်သူတို့ဖြင့်ပြည့်နေပြီး ထိုအလုပ်သည် ဝင်ငွေအများအပြားရရှိစေခဲ့ပါသည်။ မိုးကုတ်ဒေသအသီးသီး၌ အိုက်ယကို အားကျကာ တညင်းခြံများ စိုက်ပျိုးကြသဖြင့် ပျိုးထုတ်လုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ခဲ့လေ၏။

ယောင်ခြောက်ဆယ်ဘဝမှသည် အောင်မြင်ရေးလမ်းကြောင်းပေါ် ပြန်ရောက်သွားသောအခါ ကျေနပ်ကြည်နူးရသည်မှာ နန်းယုပင် ဖြစ်ပါ၏။ သူငယ်ချင်းဖြစ်သူ ထွေးခင်အပေါ် အားနာနာဖြင့်ပင် နန်းယု သူ့ယောက်ျားအပေါ် ဂုဏ်ယူဝင့်ကြွားမိပါသေး၏။

**ခွေးမြီးကောက်**

"နန်းယုနင့်ယောက်ျားအကြောင်းကြားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အေးဟယ် ကြားပါတယ်။ ငါ့ယောကျ်ားဟာ စီးပွားရေးနည်းနည်း ခေါင်းထောင်တာနဲ့ အရင်လမ်းစဉ်ကို ပြန်လိုက်တာပါပဲဟာ"

"ကောင်မလေးက ငယ်ငယ်ချောချောလေးလို့ ပြောကြတယ်။ အဲဒါ အိုက်ယ အိမ်မပြန်တာ အင တော်ကြာပြီ မဟုတ်လား"

"အေး-ဟုတ်တယ်၊ ချီးကျူးလို့မှ မဆုံးသေးဘူး။ အဲဒီကောင်မလေးနဲ့ တောထဲကခြံမှာပေါင်းသင်းနေထိုင်တယ် ကြားတာပဲ။ ခြံက ရွာနဲ့အတော်အလှမ်းဝေးတယ်လေဟာ၊ သူက လူမသိဘူး ထင်မှာပေ့ါ။ လူတွေပဲဟာ မျက်စိပါကြတဲ့ဥစ္စာ။ အမှန်တရားကို ဘယ်မှာဖုံးကွယ်လို့ရမှာလဲ"

"အေးဟာ၊ နင့်မှာလည်း တစ်ပူပြီးတစ်ပူကြုံနေရတာ ငါဖြင့် နင့်အစားရင်မောလိုက်တာဟာ။ နင့်ယောကျ်ားဟာ ခွေးမြီးကောက်ပဲဟ။ ခွေးမြီးကောက်ဟာ ကျည်ထောက်စွပ်ထားတုန်းပဲဖြောင့်တာ။ ကျည်ထောက်ချွတ်လိုက်တာနဲ့ ကောက်မြဲကောက်တာပါပဲ။ ခုလည်းကြည့်လေ၊ အဆင်မပြေတုန်းဘဲငြိမ်တာ။ အဆင်ပြေတာနဲ့တစ်ပြိုင်နက်မိုးပျံတော့တာပဲ"

"အေးဟာ၊ ငါတော့ ကြာလာတဲ့အခါ အရေထူနေပါပြီဟယ်။ အချိန်တန်ရင် အိမ်ပြန်လာလိမ့်မယ်လို့သာ တွေးရတာပါပဲ"

"နင့်အမေကော သိပြီးပြီလား"

"အမေလား၊ အမေ့ဆီလည်း လူကြီးချင်း သတင်းပို့ပြီးရောပေ့ါဟာ။ အမေက ငါစိတ်ဆင်းရဲမှာစိုးလို့ထင်တယ်။ ဘာဆိုဘာမှကိုမပြောတာ။ သူ့မြေးတွေနဲ့နေတတ်သလိုနေနေတာဟ။ အမေလည်း ငါ့အတွက်နဲ့ စိတ်ထဲ သူ့ခံစားချက်နဲ့သူ ရှိနေမယ်ထင်ပါတယ်"

"အေးဟာ၊ အိုက်ယဟာ ရုပ်ကလေးချောသလောက် နင့်ကို အတော်ဒုက္ခပေးတာပဲဟာ"

"ငါကံပေ့ါ သူငယ်ချင်းရယ်။ ငါသူ့အပေါ် ဘယ်လိုမှစိတ်ထဲမထားပါဘူး။ မေတ္တာလည်းမပျက်ပါဘူးဟာ"

"ဒါထက် အဲဒီကောင်မလေးက အိမ်ကနေထွက်ပြေးလာတာတဲ့။ မုံရွာဘက်ပြောတယ်။ ဘယ်လိုကနေဘယ်လိုသွားဆုံသလဲမပြောတတ်ပါဘူးဟာ။ ငါထင်တယ်၊ ဒါမျိုးဟာ ထာဝရမဟုတ်ပါဘူး။ သာယာနေတုန်း တစ်ခဏပါ။ တစ်နေ့မှာ အဆင်မပြေဖြစ်ပြီး နင့်ဆီပဲပြန်ရောက်လာမှာပါဟာ. မပူပါနဲ့"

"အေးဟာ၊ ငါမပူတော့ပါဘူး၊ ကျင့်သားရနေပါပြီဟာ။ လာပါလို့လည်း ငါမခေါ်မှာမဟုတ်သလို မလာပါနဲ့လို့လည်း ငါမတားပါဘူး။ ဘာလို့လဲဆိုတော့ သူ့ရင်သွေး သမီးလေးနှစ်ဦးက ရှိနေတယ်လေဟာ"

"ဟုတ်တယ်၊ ကိုယ်က မယားကြီးပဲ။ သူဘယ်လောက်အငယ်တွေနဲ့ ပျော်ပျော် တစ်နေ့ ဒုက္ခရောက်ရင် နင့်ဆီပြန်ရောက်လာမှာပါပဲ"

"တော်ပါတော့ဟာ၊ သူ့အကြောင်းမပြောကြရအောင်ပါ"

"အေးပါဟာ၊ အေးပါ"

ဟု ဆိုပြီး ရပ်အကြောင်းပြောင်းလဲပြောဆိုကြလေ၏။

**ကံအလှည့်**

အချိန်တည်းဟူသော ယန္တရားသည် မှန်မှန်လည်ပတ်လျက်ရှိရာ ကုန်မှန်းမသိ တဖြည်းဖြည်းကုန်လာကြ၏။ နန်းယူ အခက်အခဲရှိလျှင် မိခင်ကြီးမှ အလိုက်တသိကူညီပေးနေရာ နန်းယူတို့မှာ အခက်အခဲဟူ၍ မရှိပါ။ လိမ္မာသော နန်းယူကိုလည်း ဒေါ်မေနန်း ချစ်ပါ၏။ သို့သော် ရုပ်ချောလွန်းသော အိုက်ယအပေါ် ခွင့်လွှတ်နိုင်စွမ်းရှိနေသည်ကိုတော့ ဒေါ်မေနန်းစိတ်ထဲ မကျေမနပ်ဖြစ်ရသည်မှာ အမှန်ပင် ဖြစ်၏။ မိန်းမ၏မာနကို ပြစေချင်၏။ နဂါးမှန်းသိအောင် အမောက်ထောင်ပြစေချင်၏။ သို့သော် နန်းယူမှာ သူ့ယောကျ်ားအပေါ် ဘာဆိုဘာမှပြောဆိုခြင်း မရှိခဲ့ပါ။ ရေမြွေလိုသာ အမြဲနေ၏။ သူတို့အိမ်ထောင်ရေးမှ ဒေါ်မေနန်းဝင်ပြီးမစွက်ဖက်ပါ။ စိတ်မဆိုးသော်လည်း ကျွဲမြီးတော့တိုလေ၏။

ကံယူသည် လှိုင်းသဖွယ် အနိမ့်၊ အမြင့်ရှိတတ်ပေရာ အိုက်ယမှာ ကံဆိုးချိန်ပြန်ရောက်လာတော့၏။ ကိုယ်ကျင့်တရားမှားယွင်းပျက်စီးခြင်းကြောင့် ဆရာတည်းဟူသော ဂုဏ်ပျက်စီးကာ လူတို့အရေးတယူသိပ်မရှိကြတော့သလို ဖြစ်ထွန်းနေသော တည်းမှင်များမှာလည်း ပျိုးကျကာ အကိုင်းများတဖြည်းဖြည်း ခြောက်လာပြီး အရွက်များကြွေကုန်ကြလေ၏။ ထိုအခါ အိုက်ယသည် ပိုးသတ်ဆေးများဝယ်ကာ လိုက်ဖျန်းပါသော်လည်း အပင်တို့များလွန်းလှရာ အရာကမရောက်ဘဲ သေကုန်ကြတော့၏။ အားထားရသော တည်းခြံသည် လုံးဝပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ထိုအခါ ကျွဲများကို ရောင်း၏။ နောက်ဆုံးစီးတော်မြင်းကို ရောင်းရပြန်၏။ အခြေအနေမဟန်သောအခါ ချစ်လှပါသည်ဆိုသော အိမ်ပြေးမလေး မဝင်းဝင်းမာသည် အိုက်ယအားထားခဲ့ကာ သူ့ရွာသို့ပြန်သွားလေ၏။ သားသမီးမရသည်ပင် အဆိုးထဲမှ အကောင်းဟု ဆိုရပါမည်။

အကြံကုန်သော အိုက်ယမှာ အိမ်သို့ ပြန်ရောက်ခဲ့ပြန်ပါသည်။ ကပိုင်ခြံအား ဈေးပေါပေါဖြင့် ရောင်းကာ သုံးဖြုန်းခဲ့ကြောင်း သိရလေ၏။ ဒေါ်မေနန်းမှာ ကောင်းသည်၊ ဆိုးသည် ဘာမှပြောဆိုခြင်းမရှိခဲ့ပါ။ စိတ်ထဲတွင်မူ အူပွနေသည်မှာ အမှန် ဖြစ်၏။ တစ်ခါမဟုတ်၊ သူတို့မိသားစုအား မထေမဲ့မြင်ပြုခဲ့သည်မှာ အကြိမ်ကြိမ်မဟုတ်ပါလား။

**လူကြီးရောဂါ**

လူ ဟူသည်မှာ ကြီးသည်၊ ငယ်သည်မဟုတ်ပါဘူး။ သူ့သက်တမ်းနှင့်သူ ပြုခဲ့သောကံအလျောက်ပါလာကြသည်မို့ ဒေါ်မေနန်းမှာလည်း အသက်အားဖြင့် မကြီးသေးသော်လည်း ရောဂါဝေဒနာကဝင်ခဲ့ပြီဖြစ်သည့် (၆၀)ကျော်စ ဟူသော အရွယ်သည် ကြီးသည်ဟု မဆိုနိုင်သေးပါ။ နေမည်ဆိုပါက နေနိုင်သေးသောအရွယ် ဖြစ်၏။

သို့သော် အစာလုံးဝမစားချင်သောဝေဒနာသည် ဒေါ်မေနန်းအား ပူးကပ်လာခဲ့ပြီဖြစ်သည်။ ကျောက်ပြဿဒ်တွင် ဆရာဝန်တစ်ဦး ဆေးခန်းလာဖွင့်ထားသည်ဖြစ်ရာ ထိုဆရာဝန်မှ မိုးကုတ်ဆေးရုံကြီးသို့တက်ရန် ညွှန်ကြား၏။ ဝေဒနာကို စစ်ဆေးရာ အစာအိမ်ကင်ဆာဖြစ်သည်ကို တွေ့ရှိရလေ၏။

ဆေးရုံတက်နေစဉ်အတွင်း နန်းကျော့သည် အနီးကပ်ပြုစုစောင့်ရှောက်သဖြင့် ဒေါ်မေနန်းမှာ ဝေဒနာမသက်သာသော်လည်း စိတ်ချမ်းသာရာရခဲ့ပါသည်။

နန်းကျော့တွင်လည်း သမီးလေးတစ်ယောက် ဖွားမြောက်ခဲ့ပြီးဖြစ်ရာ လက်လွှတ်ခြေလွှတ်အရွယ်သို့ရောက်နေပြီဖြစ်၍ အချိန်ပြည့်စောင့်ရှောက်နိုင်ပါသည်။ အစ်မဖြစ်သူ မနန်းဆာမိသားစုမှလည်း လာရောက် စောင့်ရှောက်ပါသည်။

အခြေအနေမကောင်းကြောင်းသိရသောအခါ ဒေါ်မေနန်း၏ သမီးများ



www.burmeseclassic.com

www.burmeseclassic.com

သည် ရွာသို့ပြန်ခေါ်ခဲ့ပါသည်။ မိခင်တဲ့သို့ တွယ်တာသော နန်းကျော့သည် ခင်ပွန်းထံ ခွင့်ပန်ကာ ရွာသို့လိုက်၍ ပြုစုပါသည်။

နန်းယူမှာမူ အိမ်မှုကိစ္စအဝဝနှင့် အရောင်းအဝယ်လုပ်ရသဖြင့် အချိန်ပြည့်ပြုစုနိုင်ခြင်း မရှိပါ။ ရွာရှိလူများသည်လည်း ဒေါ်မေနန်း၏ ဝေဒနာကို သိကြသောအခါ ဘဝနေဝင်ချိန်နီးနေပြီဖြစ်သော ဒေါ်မေနန်းအား လာရောက်အားပေးစကားပြောကြားကြ၏။ အချို့က ပြုခဲ့သော ကုသိုလ်ကောင်းမှုတို့အား မမေ့မလျော့နေရန် ပြောကြား၏။ အချို့ကလည်း အသိသတိဖြင့် ဝိပဿနာပွားများရန် တိုက်တွန်းကြ၏။

ထိုသူတို့၏ ပြောစကားများနှင့် မိမိ၏ဝေဒနာဆက်စပ်ကြည့်သောအခါ အချိန်များစွာမကျန်တော့သောဘဝကို သူသိရှိပါသည်။ သူ့အနီးတွင်မူ သမီးလေးနန်းကျော့ နေ့နေ့ညည စောင့်ရှောက်နေသဖြင့် ပင်ပန်းသော်လည်း အပြုံးမပျက်သော သမီးလေးကို ကြည့်ကာ စိတ်ထဲတွင် ဝမ်းနည်း၊ ဝမ်းသာခံစားရကာ မျက်ရည်ကျမိပါသည်။

သမီးရင်းတို့သည်ပင်လျှင် နန်းကျော့လောက် စိတ်ရှည်ရှည်ပြုစုခြင်းရှိခဲ့ပါ။ ထိုအခါ ငါးပိသည်က အိပ်ပြီးအားသည်က ခွေးမောင်းရသည်ဆိုသော စကားပုံကို ပြေး၍သတိရမိလေ၏။

**အမေအမှတ်သိမ်းထားရန်**

"အမေ၊ အဝတ်လဲရအောင်နော်။ အဝတ်က တစ်နေ့တစ်ခါလဲမှကောင်းတာ အမေရဲ့။ အမေ့ရဲ့ အနွေးထည်လည်း မလျှော်တာကြာပြီလေ။ သမီးလျှော်ပေးမယ်"

"အေးကွယ်၊ အေး၊ အေး - သမီးလေးလည်း အမေ့ကိုပြုစုရတာ ပင်ပန်းလှပါပြီကွယ်။ အမေတော့ လူ့ပြည်မှာကြာကြာနေရတော့မယ် မထင်ပါဘူးကွယ်"

"အို - အမေကလည်း၊ သမီးကိုယ့်အမေကို ပြုစုတာပဲ၊ ပင်ပန်းတယ်မထင်ပါဘူးအမေရယ်၊ အမေလူ့ပြည့်မှာ အကြာကြီးနေရဦးမှာပါ အမေရဲ့"

"အမေ ကိုယ့်ကိုယ်ကိုယ်သိပါတယ် သမီးလေးရယ်။ သမီးကို အမေအမှတ်တရ ဟောဒီတက်ထရက်အနွေးထည်လေးပေးခဲ့မယ်။ အဲဒီအနွေးထည်လေးကို သမီးစိတ်ရှည်လက်ရှည်လျှော်ဖွပ်ပြီး ပြီးရင် မီးပူတိုက်ပြီး သမီးလေးရဲ့အဝတ်ဗီရိုထဲမှာ အမှတ်တရသိမ်းထားပါ။ ဘယ်သူမှ အမေပေးတာကို မသိစေနဲ့နော်။ ဒီအကျႌဟာ အမေအမြတ်နိုးဆုံးပါ။ ကဲ - ရော့၊ ရော့ သမီးလေးရဲ့ အဝတ်အိတ်ထဲခေါက်ထည့်လိုက်။ ပြီးရင် သမီးလေး မိုးကုတ်အိမ်မှာပြန်ပြီး အနားယူပါ။ တစ်ရက်၊ နှစ်ရက်နေပြီးမှ သမီးဆန္ဒရှိ ရင် အမေ့ဆီပြန်လာခဲ့နော် ဟုတ်လား"

"အို - သမီးပြန်လို့မဖြစ်ပါဘူး အမေရယ်။ အမေ့ကို ဆေးဝတ်လည်း တိုက်ပေးရဦးမှာ"

"ရပါတယ် သမီးရယ်၊ အဝတ်အိတ်ပြင်လိုက်ပါ။ အနွေးထည်လည်း ထည့်လိုက်။ ပြီးတာနဲ့ သမီးမိုးကုတ်ပြန်ပါ။ အမိကကတော့ အဲဒီအကျႌကို ဘယ်သူ့လက်ထဲမှမထည့်ပါနဲ့ သမီး။ အဲဒီအကျႌဟာ သမီးလေးရဲ့ဘဝကို ချမ်းသာတဲ့ဘဝရောက်အောင် ပို့ဆောင်ပေးပါလိမ့်မယ်။ နောက်ရက်တွေကျမှ အမေ့ဆီပြန်လာပါ"

"ရေပတ်တိုက်ဦးမယ်လေ အမေ"

"ရပါတယ် သမီးရယ်၊ အဝတ်လဲပြီးရင် ရပါပြီ။ ကဲ - သွားတော့ သမီး။ သမီးကို နှင်ထုတ်တာမဟုတ်ဘူးနော်။ အကြောင်းရှိလို့ ဟုတ်လား"

"ဟုတ်ကဲ့ပါ အမေ"

နန်းကျော့သည် ဒေါ်မေနန်းအား ကန်တော့လျက် နန်းယူနှင့် အိုက်ယအား နှုတ်ဆက်ကာ အဝတ်အိတ်လေးဆွဲ၍ မိုးကုတ်သို့ ပြန်သွားလေ၏။

**ထိုက်သူထံသွားသောပတ္တမြား**

ဒေါ်မေနန်းသည် သူ၏ အနွေးထည်လေးအား အကြောင်းမဲ့ပေးခြင်း မဟုတ်တန်ရာဟု သူ့စကားများကို ထောက်၍ နန်းကျော့ တစ်လမ်းလုံးစဉ်းစားခန်းဝင်ခဲ့မိ၏။ လိုင်းကားမှဆင်း၍ အိမ်သို့ရောက်သည်နှင့် အိပ်ခန်းတွင်းသို့ဝင်ကာ တက်ထရက်မီးခိုးရောင်အနွေးထည်လေးကို သေသေချာသုံးသပ်နေမိ၏။

'အဲဒီအကျႌဟာ သမီးလေးရဲ့ဘဝကို ချမ်းသာတဲ့ဘဝရောက်အောင် ပို့ဆောင်ပေးပါလိမ့်မယ်' တဲ့။ အပြင်အိတ်၊ အတွင်းအိတ်တို့တွင် ဘာမှမရှိပါ။ သို့နှင့် ဟိုစမ်းဒီစမ်း လိုက်၍စမ်းနေမိပြန်၏။ အကျႌအတွင်းအနားဘက်အောက်ခြေတွင် လက်သန်းလုံးခန့်အလုံးကလေးတစ်ခုကို လက်ဖြင့်စမ်းမိလိုက်၏။ ရင်ထဲတွင် ဒုန်းခနဲ ခံစားလိုက်ရပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတို့က ဖျင်းဖျင်းထသွားခဲ့လေ၏။

'ဘုရား. . . ဘုရား၊ ဒါဟာ ငါတို့ကြားဖူးတဲ့ ကျောက်ကြီးများလား မသိဘူး' ဟု တွေးကာ တုန်ယင်သောလက်တို့ဖြင့် အသေအချာကြည့်နေမိ၏။ ထိုစဉ် အခန်းတံခါးပွင့်လာရာ 'အောင်မလေး' ဟု ယောင်၍ အော်မိလေ၏။ ကြည့်လိုက်သောအခါ သူ့ခင်ပွန်း ကိုမင်းမင်း ဖြစ်နေ၏။

"လန့်လိုက်တာ ကိုမင်းရယ်၊ အသံမပေးဘာမပေးနဲ့"

"ဟားဟားဟား - ကျော့ပြန်လာပြီဆိုတာနဲ့ ကိုမင်း ဟိုဘက်အိမ်ကပြန်လာတာ။ဒီလောက်လန့်ရအောင် ကျော့က အကျႌဟောင်းကြီးကိုင်ပြီး ဘာလုပ်နေတာလဲ"

ဟု မေးသဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

"ဟောဒီအကျႌအောက်ခြေအနားဖက်ထဲမှာ ထည့်ချုပ်ထားတာဟာ။ သူ့အမြဲအမြတ်တနိုး စောင့်ရှောက်ခဲ့တဲ့ ကျောက်ကြီးများလားလို့ ကြည့်နေတာ ကိုမင်းရဲ့"

"ဖြစ်နိုင်လောက်တယ်။ နေဦး၊ ကိုမင်း ကတ်ကြေးသွားယူလိုက်မယ်။ အဲဒီလက်ချုပ်ချုပ်ရိုးကြောင်းကိုခွဲကြည့်ကြရအောင်"

ဟု ပြောကာ အပြင်မှကတ်ကြေးယူလာခဲ့၏။ ထို့နောက် ချုပ်ရိုးကိုခွဲလိုက်ရာ (၇) ကာရက်ကျော်ကျော်လယ်သီးယုန်သွေးရည်ပတ္တမြားကြီးထွက်၍လာရာ ဇနီးမောင်နှံနှစ်ဦးလုံး မှင်တက်မိနေကြလေ၏။ သူတို့တစ်သက် ဘယ်လိုမှ မမျှော်လင့်ခဲ့သော တန်ဖိုးကြီးပတ္တမြားတစ်ပွင့်သည် သူတို့လက်သို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည်မှာကတော့ အိပ်မက်တစ်ခုအလား ထင်မှတ်မှားစရာပင် ဖြစ်ပါလေ၏။

ကိုမင်းမင်းသည် တုန်ယင်သောလက်ဖြင့် ပေါက်စီပုံသဏ္ဌာန် မို့မောက်လုံးဝန်းနေသော ပတ္တမြားအား ဓာတ်မီးဖြင့်ထိုးကာ စေ့စေ့စပ်စပ်ကြည့်နေမိပါသည်။ ဖန်သားအဖြစ်စင်၊ ဂေါ်စင်၊ ပတ္တမြားစစ်စစ်ဖြစ်ပေ၏။

"ကျော့ရဲ့အစ်ကိုတာ ဟောဒီပတ္တမြားကြီးရဲ့သတင်းကြောင့် ပတ္တမြားကို မက်မောတဲ့စိတ်နဲ့ နန်းယူကို လက်ထပ်ခဲ့တာပါ။ ကျောက်ပြဿဒ်ကလူတွေပြောပြလို့ ကျော့သိခဲ့တယ်။ ဒါပေမယ့် အစ်ကိုရဲ့လုပ်ပုံတွေကမဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com

ကာ သူ့ကို မိခင်လိုအမြဲမဟုတ်ပေမယ့် တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျော့ကို သူမြတ်နိုးပြီးထိန်းသိမ်းခဲ့တဲ့ ပတ္တမြားကို ပေးခဲ့တာပဲ။ အဲဒါကြောင့် ဘယ်သူမှမရိပ်မိအောင် ကျော့ကို အတင်းပြန်ခိုင်းနေတာကိုး"

"ဟုတ်တယ်၊ ဒီအကျီထဲမှာ ပတ္တမြားကြီးထည့်ချုပ်ထားပါတယ်ဆိုရင် ပတ်ဝန်းကျင်ကလည်း ကြားနိုင်တယ်။ ပြီးတော့ ကျော့ကလည်း ငြင်းရင်ငြင်းမယ်လေ။ အဲဒါကြောင့် အမိအဖြစ်အမှတ်တရသိမ်းထားပါဆိုပြီးပေးလိုက်တာပါ။ အဲဒီတော့ ဒီအကျီကို အသေအချာလျှော်၊ မီးပူတိုက်ပြီး ကိုမင်းတို့ ရာသက်ပန် သိမ်းထားရတော့မှာပါ"

"ကျော့လေ အံ့သြလိုက်တာ ကိုမင်းရယ်။ ရတနာဆိုတာ ထိုက်ရင် သူ့အလိုလိုကို ရောက်လာတာနော်။ တကယ်တော့ ဒီလိုကျောက်ကြီးမျိုးဆိုတာ ကျော့တို့အနေနဲ့ အိပ်မက်တောင် မမက်ရဲတဲ့အခြေအနေပါ။ ကျောက်က လှလိုက်တာနော်။ လက်ကမချချင်အောင်လှတာ"

"ဒါပေါ့ ကျော့ရယ်၊ ကျော့က စေတနာမှန်တော့ ကံတရားက အကျိုးပေးတယ်ခေါ် ရမှာပေါ့။ သူ့သမီးနန်းယုဟာ အမှန်ဆို ဒီပတ္တမြားကို ရယူပိုင်ဆိုင်ရမှာ။ သူ့ယောကျ်ားအသုံးမကျတော့ စေတနာမရှိတော့ဘဲ သူ့အပေါ် အမြဲပြုစုတဲ့ကျော့ကိုပေးလိုက်တော့တာပေါ့။ ဒီကျောက်ကိစ္စကို ကျော့နဲ့ကိုမင်း သာသိပါစေနော်"

"အင်းပါ ကိုမင်းရဲ့၊ ကျော့တို့ ဘဝအဆင်ပြေပါပြီ ကိုမင်းရယ်"

"စည်ပင်သာယာရပ်ကွက်ထဲမှာ တိုက်ကလေးတစ်လုံးရောင်းမယ်ပြောတယ်။ ကားထားစရာနေရာလည်း ပါတယ်တဲ့။ အဲဒါကိုဝယ်မယ်။ ပြီးရင် တိုယိုတာဖိုးဝိုးတစ်စင်းဝယ်မယ်။ ဒါမှ တောဘက်က ကျောက်ကြီးတွေလိုက်ဝယ်နိုင်မှာ။ ကိုမင်းဝယ်ဖို့ ချိန်နေတာကြာပြီ။ လက်ထဲအရင်းအနှီးနည်းနေတာနဲ့ ချင့်ချိန်နေတာ။ ခုတော့ အမေဒေါ်မေနန်းရဲ့ကျေးဇူးကြောင့် အဆင်ပြေပါပြီ ကျော့ရယ်"

"မတော်လို့ အမေဆုံးသွားခဲ့ရင် အမေ့ကို ရည်စူးပြီး ဆွမ်းကပ်၊ အမျှဝေရအောင်နော်"

"ကောင်းပါတယ် ကိုမင်းရယ်"

ဝမ်းသာလွန်း၍ စကားလက်ဆုံပြော၍ပင်မကုန်ကြပေ။

**ဒေါ်မေနန်း၏နောက်ဆုံးခရီး**

နန်းကျော့ ပြန်ရောက်ပြီး နောက်နေ့နံနက်ပိုင်းတွင် နန်းကျော့ထံသို့ အိုက်ယရောက်လာ၏။

"ဟော - အစ်ကိုလာလေ၊ အမေရောသက်သာရဲ့လား"

"အမေ ဒီနေ့မနက် (၄) နာရီလောက်မှာ အမောဖောက်ပြီးဆုံးသွားတယ်။ အဲဒါ အသုဘဖိတ်စာရိုက်မလို့ တက်လာတာ။ အဲဒါ နင်တို့ကို လာပြီး အကြောင်းကြားတာ"

"အစ်မတို့အိမ်ကော ရောက်ပြီးပြီလား"

"ငါ အဲဒီအိမ်မသွားချင်ဘူး၊ နင်သွားပြောလိုက်ဟာ။ ငါပုံနှိပ်တိုက်သွားရဦးမယ်။ နင် ငါနဲ့အတူ ရွာကိုလိုက်ခဲ့မလား။ အပြန်မှာဝင်ခေါ်မယ်လေ။ ဖိတ်စာရတာနဲ့ ငါချက်ချင်းလာခဲ့မယ်"

"ဟုတ်ကဲ့ အစ်ကို၊ ညီမတစ်ခါတည်းလိုက်ခဲ့မယ်"

သို့နှင့်ပင် နန်းကျော့ ကျောက်ပြဿဒ်သို့ရောက်ခဲ့ရပြန်ပါပြီ။ ဒေါ်မေနန်း၏ခင်းကျင်းထားသောအလောင်းကို မြင်သောအခါ အားရပါးရ ကန်တော့ကာ မျက်ရည်တို့ ထိန်းမရသိမ်းမရစီးဆင်းခဲ့ပါသည်။ မိခင်ရင်းပမာ သူ့ကို စောင့်ရှောက်သွားသည် မဟုတ်ပါလား။ မျက်နှာကြီးအသုဘမို့ လူတွေစည်ကားလှပါသည်။ မိုးကုတ်ခလေ့အတိုင်း အသုဘဖဲဝိုင်းတို့ဖြင့် စည်ကားနေပါသည်။ နန်းကျော့တို့ မိန်းမလတ်အုပ်စုမှာ လာသမျှတို့အား နံနက်စာ၊ နေ့လယ်စာ၊ ညနေစာထမင်းချက်ပြုတ်ကျွေးမွေးခြင်းတာဝန်ယူရပါသည်။ အသုဘသည် (၃) ရက်ထားဖြစ်သည်။ ရက်လည် (၇) ရက်မပြည့်မချင်း ချက်ပြုတ်ကျွေးမွေးနေကြရသည်မှာ ထုံးစံဖြစ်သည်။

လူတွေစုံသဖြင့် မိန်းမချင်းအတင်းများကိုလည်း မကြားချင်လည်းကြားနေရပါသည်။ သို့သော် နားထဲဝင်သည်လည်းရှိ၏။ မဝင်သည်လည်း ရှိ၏။ သို့သော် အိုက်ယအကြောင်းကို တီးတိုးပြောလာသာအခါတွင်မူ မသိဟန်ပြု၍ နားစွင့်မိပါသည်။

"ဟေ့ - အိုက်လေ သိလား။ သူ့ယောက္ခမဆုံးတာနဲ့ အဘွားကြီးအခန်းကိုသော့ပိတ်လိုက်တာတဲ့ဟ။ အလောင်းခင်းကျင်းပြီးတာနဲ့ အခန်းထဲ သူ့မိန်းမနဲ့ အဘွားကြီးထားခဲ့တဲ့ပစ္စည်းတွေ ဝင်ရှာတာဆိုပဲ။ လက်ဝတ်လက်စားတွေနဲ့ ငွေနည်းနည်းပဲတွေ့သတဲ့ဟ။ ကျောက်ဆိုလို့ တစ်ပွင့်မှမတွေ့ဘူးတဲ့။ သူတို့တွေ့ချင်တာက သူ့အမေ သိမ်းထားခဲ့တဲ့ ကျောက်ကြီးကိုတွေ့ချင်ကြတာ။ ကျောက်ကြီးမပြောနဲ့ ကျောက်သေးတောင် မတွေ့ဘူးတဲ့ဟ"

"ဟဲ့ - နင်ကဘယ်လိုကြားတာလဲ"

"နန်းယုရဲ့သူငယ်ချင်း ထွေးခင်က ပြောပြလို့သိတာ။ ထွေးခင်ကိုကျတော့ နန်းယုက အူမချေးခါးမကျန်ပြောပြလေ့ရှိတယ်"

"ဟုတ်လား၊ အိုက်ယက ကုလားထိုင်ယ သိုက်သမားပါဟယ်၊ နန်းယုကိုချစ်လို့ယူတာမှ မဟုတ်တာ။ ပစ္စည်းမက်လို့ ယူတဲ့ကောင်ပဲ။ အမှားကြီးက သူ့ကိုအမြင်ကတ်တာနဲ့ မြေကြီးထဲမြှုပ်ခဲ့တာနေမှာ"

"အေး - ဖြစ်နိုင်တယ်ဟ။ သူ့ကျောက်တွေရောင်းပြီး အလှူလုပ်တုန်းက အဲဒီကျောက်မပါဘူးလို့ပြောတယ်။ အကြောလိုက်အမှားကြီးပေါက်ထားတာဆိုတော့ အမှားကြီးကျန်ဦးမှာသေချာတယ်။ အိုက်ယ ဖြုန်းပစ်တာတောင်နည်းမှတ်လို့"

"ဟဲ့ကောင်မ၊ ဟိုမှာ နန်းမူလာနေတယ် စတော့(ပ်) စတော့(ပ်)"

နှစ်ယောက်သား တိတ်သွားပြီး မုန့်ညင်းများသင်နေကြပါသည်။ နန်းကျော့မှာလည်း မသိဟန်ပြု၍ ကြက်သွန်လှီးနေ၏။ အိုက်ယအကြောင်းကိုမူ မိန်းမအတော်များများက အတင်းပြောကြ၏။ ပြောလောက်အောင်လည်း ရာဇဝင်ရိုင်းခဲ့ပြီ ဖြစ်သည်။ သို့အတွက် အမှန်ကို အတင်းပြောကြသော မိန်းမများအား နန်းကျော့ မည်သို့မျှ အပြစ်မတင်လိုပါ။

(၃) ရက်မြောက်တွင်မူ အသုဘချမည့်နေ့ဖြစ်၍ ဖိတ်ကြားထားသမျှ လာကြပါသည်။ ရပ်ဓလေ့ထုံးစံ လက်ဖက်ရည်နှင့် မုန့်မျိုးစုံ ကျွေးမွေးဧည့်ခံပါသည်။ အေးစက်သောအရပ်ဖြစ်သဖြင့် ဒေါ်မေနန်း၏အလောင်းမှာ ပုပ်ရန်မဆိုထားဘိ အရောင်သော်မျှ မပြောင်းပါ။ အသုဘပို့ချိန် ဒေါ်မေနန်း၏ နောက်ဆုံးခရီးကား ပို့သူများနှင့် စည်ကားနေလေ၏။ ဘဝတစ်ခုပြီးဆုံးသွားခဲ့ပြီ။ မပြီးဆုံးသေးသောသူတို့မှာမူ . . .။

*ချမ်းမြေ့ပါစေ*

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ဘွင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မှုစဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဝါဆို လဆန်း ၅ | ၃ဂြိ | ၉<br>၁၀ | ၁၅:၀၆:၄၀ | □ ဝရ<br>△ ဥပါဒ် |
| ၂ | ၆ | ၄ဟူး | ၁၀<br>၁၁ | ၁၇:၂၇:၁၆ | ✳ အမြိတ္တ<br>✳ လာဘ |
| ၃ | ၇ | ၅တေး | ၁၁<br>၁၂ | ၁၉:၃၈:၁၁ | △ ဥပါဒ်<br>△ မိတ္တု |
| ၄ | ၈ | ၆ကြာ | ၁၂<br>၁၃ | ၂၁:၂၅:၄၃ | ✳ လာဘ<br>✳ သိဒ္ဓိ |
| ၅ | ၉ | စနေ | ၁၃<br>၁၄ | ၂၃:၀၈:၃၄ | △ မိတ္တု<br>△ ကာဏ |
| ၆ | ၁၀ | ၁နွေ | ၁၄ | မပြောင်း | ✳ သိဒ္ဓိ |
| ၇ | ၁၁ | ၂လာ | ၁၅ | မပြောင်း | △ ကာဏ |
| ၈ | ၁၂ | ၃ဂြိ | ၁၆ | မပြောင်း | □ ဝရ |
| ၉ | ၁၃ | ၄ဟူး | ၁၇<br>၁၈ | ၂၃:၃၆:၂၄ | ✳ အမြိတ္တ<br>✳ လာဘ |
| ၁၀ | ၁၄ | ၅တေး | ၁၈<br>၁၉ | ၂၂:၅၀:၂၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၁ | ○ ၁၅ | ၆ကြာ | ၁၉<br>၂၀ | ၂၁:၄၂:၅၁ | ✳ လာဘ<br>✳ သိဒ္ဓိ |
| ၁၂ | ဝါဆို လဆုတ် ၁ | စနေ | ၂၀<br>× | ၁၇:၀၁:၀၅ | △ မိတ္တု<br>△ ကာဏ |
| ၁၃ | ၂ | ၁နွေ | ×<br>၂၁<br>၂၂ | ၀၁:၃၁:၂၆<br>၁၈:၄၀:၀၀ | ✳ သိဒ္ဓိ<br>□ ဝရ<br>△ ဥပါဒ် |
| ၁၄ | ၃ | ၂လာ | ၂၂<br>၂၃ | ၁၆:၅၉:၀၅ | ✳ အမြိတ္တ<br>✳ လာဘ |
| ၁၅ | ၄ | ၃ဂြိ | ၂၃<br>၂၄ | ၁၅:၂၂:၃၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၆ | ၅ | ၄ဟူး | ၂၄<br>၂၅ | ၁၃:၅၂:၃၀ | ✳ လာဘ<br>✳ သိဒ္ဓိ |
| ၁၇ | ၆ | ၅တေး | ၂၅<br>၂၆ | ၁၂:၀၀:၀၀ | △ မိတ္တု<br>△ ကာဏ |
| ၁၈ | ၇ | ၆ကြာ | ၂၆<br>၀/၂၇ | ၁၀:၃၇:၂၃ | ✳ သိဒ္ဓိ<br>□ ဝရ |
| ၁၉ | ၈ | စနေ | ၀/၂၇<br>၁ | ၁၀:၁၃:၄၆ | △ ကာဏ<br>✳ အမြိတ္တ |
| ၂၀ | ၉ | ၁နွေ | ၁<br>၂ | ၁၀:၀၀:၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၁ | ၁၀ | ၂လာ | ၂<br>၃ | ၁၀:၁၀:၁၀ | ✳ အမြိတ္တ<br>✳ လာဘ |
| ၂၂ | ၁၁ | ၃ဂြိ | ၃<br>၄ | ၁၀:၃၄:၃၅ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၃ | ၁၂ | ၄ဟူး | ၄<br>၅ | ၁၁:၁၂:၀၆ | ✳ လာဘ<br>✳ သိဒ္ဓိ |
| ၂၄ | ၁၃ | ၅တေး | ၅<br>၆ | ၁၂:၅၁:၂၆ | △ မိတ္တု<br>△ ကာဏ |
| ၂၅ | ၁၄ | ၆ကြာ | ၆<br>၇ | ၁၄:၅၀:၁၁ | ✳ သိဒ္ဓိ<br>□ ဝရ |
| ၂၆ | ၁၅ | စနေ | ၇<br>၈ | ၁၇:၀၁:၀၅ | △ ကာဏ<br>✳ အမြိတ္တ |
| ၂၇ | ● ဝါခေါင် ၁ လဆန်း | ၁နွေ | ၈<br>၉ | ၁၉:၃၃:၂၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၈ | ၂ | ၂လာ | ၉<br>၁၀ | ၂၂:၁၃:၂၀ | ✳ အမြိတ္တ<br>✳ လာဘ |
| ၂၉ | ၃ | ၃ဂြိ | ၁၀ | မပြောင်း | △ ဥပါဒ် |
| ၃၀ | ၄ | ၄ဟူး | ၁၀<br>၁၁ | ၀၀:၅၂:၂၁ | ✳ အမြိတ္တ<br>✳ လာဘ |
| ၃၁ | ၅ | ၅တေး | ၁၁<br>၁၂ | ၀၃:၀၃:၁၆ | △ ဥပါဒ်<br>△ မိတ္တု |

၂၀-နက္ခတ် = ၄၅ ယန္တိ
×- နက္ခတ် = ၃၀ ယန္တိ
၂၁ -နက္ခတ် = ၄၅ ယန္တိ
ဖြင့် တွက်သည်

✳ = အဝင်နက္ခတ်
□ = ခပါဒ်နက္ခတ်
△ = အထွက်နက္ခတ်
○ = လပြည့်နေ့
● = လကွယ်နေ့

၁၂-၇-၂၀၁၄၊ ညနေ ၁၈:၀၀:၀၀ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောနိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



※ ဘိုးသြဘာအကြောင်းမိတ်ဆက်

စာဖတ်သူအချို့တို့က ဘိုးသြဘာနှင့် ပတ်သက်၍ ရေးသားခဲ့ဖူးသော အကြောင်းအရာအချို့ကို သိပ်ပြီးတော့ အယုံအကြည်မရှိဟု ကြားသိရသည်။ ဘိုးသြဘာကို နည်းမိပြီး ဂမ္ဘီရဆန်သော ဇာတ်လမ်းအချို့ကို ရေးသားခဲ့ဖူးသည် တော့ရှိပါ၏။ သို့သော် ဘိုးသြဘာသည် တကယ့်ဂမ္ဘီရဆန်သောပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်ကို ထောက်ခံပြောပြနိုင်သော ပုဂ္ဂိုလ်နှစ်ဦးတို့သည်လည်း ရှိကြ၏။

ငင်းတို့မှာ -

အောင်ရာမြေဆရာတော် ဦးဝရဆ/ခ ရပ်ကွက် သဃ်န်းကျွန်းနှင့် ဆရာကြီး ဦးမြင့်လွင် (ကမာရွတ်) တို့ ဖြစ်ကြ၏။ ဆရာတော်ဦးဝရမှာ ရှင်ရာဟုလာ၊ ဝရာလင်္ကာရစသော ကလောင်များဖြင့် ကျမ်းပြုအကျော် သက်တော် (၈၀) နီးပါးရှိသော ဆရာတော်ကြီးတစ်ပါးဖြစ်သလို ဆရာကြီး ဦးမြင့်လွင် ဟူသည်မှာလည်း ဖိုးကျော့၊ ဝေယံလင်းခေါင်၊ ကိုကြီးကောင်း စသော ကလောင်များဖြင့် စာရေးကျမ်းပြု အမျိုးသားစာပေဆုစသော ဆုတံဆိပ်ပေါင်း မြောက်မြားစွာကို ရရှိပိုင်ဆိုင်ထားသော ဆရာကြီးတစ်ယောက်ပင် ဖြစ်လေသည်။

ဆရာတော်နှင့်ဆရာကြီးတို့သည် ငယ်စဉ် ကျောင်းသားအရွယ်၊ ကိုရင်အရွယ်က ဘိုးသြဘာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးကြ၏။ တစ်ကျောင်းတည်းလည်း ရက်ကြာကြာနေခဲ့ဖူးကြ၏။ တစ်လမ်းတည်း ခရီးဖြင့်လည်းအကြိမ်ကြိမ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com


ကြ၏။ ထို့ကြောင့် ဘိုးဩဘာသည် တိုတတ်ကြောင်း၊ ဗဟုသုတကြီး သည့်အကြောင်း၊ ဂမ္ဘီရဆန်သောပုဂ္ဂိုလ် ကြီးလည်း ဖြစ်သည့်အကြောင်းကို ဘာ၍ပို၍ပင် သိကြလေသည်။

ဤစာရေးသူသည်ပင် ဘိုးဩဘာ နှင့်ပတ်သက်ပြီး သိလိုသောအကြောင်း အရာအချို့ကို ဆရာကြီး ဖိုးကျော့အား မေးမြန်းဖူး၏။ ဆရာတော် ဦးဝရက လည်း ဘိုးဩဘာနှင့်ပတ်သက်၍ သိလို သော အကြောင်းအရာများရှိလျှင် လာ မေးနိုင်ကြောင်း ဆရာကြီးဖိုးကျော့မှ တစ်ဆင့် ဤစာရေးသူအား ဖိတ်ခေါ် ဖူး ၏။ ဤစာရေးသူသည် ထိုပုဂ္ဂိုလ်နှစ်ဦး လုံးနှင့်လည်း ရင်းနှီးကြ၏။

ဘိုးဩဘာသည် အလွန်အမင်း ဆန်းကြယ်သော ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်၏။ ဤသူရဇ္ဇမဂ္ဂဇင်းတွင် 'ဘိုးဩဘာ နှင့် ပြဒါးရှင်' ဇာတ်လမ်းရှည်ကြီးကို ရေးသားစဉ်က ထူးခြားဆန်းကြယ်လွန်း

# မြင်းဟိုင်းထိုင်

## ဘိုးဩဘာနှင့်ချောင်းစောင့်ကြီး





www.burmeseclassic.com

www.burmeseclassic.com

သော အကြောင်းအရာအချို့ကို ရေးသားခဲ့ဖူး၏။ သို့သော်လည်း အခါအခွင့်မပေး၍ စာဖတ်သူများ၏ လက်ဝယ်သို့ မရောက်နိုင်ခဲ့ပေ။

ထို့ကြောင့် ခပ်လျှော့လျှော့အကြောင်းအရာလေးများကိုသာ ဆက်ရေးခဲ့သည်။ ဘိုးသြဘာ၏ ထူးဆန်းသော အကြောင်းအရာများကို နည်းမှီပြီး ရေးသားခဲ့ရာတွင်လည်း ပိုအံ့သော အကြောင်းအရာများကို ထည့်သွင်းလေ့မရှိခဲ့ပေ။ လောကဓမ္မ၏ အပြင်ဘက်တွင် တစ်စုံတစ်ခုသော အကြောင်းအရာမျှမရှိကောင်းဟု နားလည်ထားသောကြောင့်သာ ဖြစ်၏။

ယခု ဘိုးသြဘာနှင့် ချောင်းစောင့်ကြီးတို့အကြောင်းကို စရေးပေတော့မည်။ သူတို့အရပ်တွင် တောင်လယ်၊ တာတမံလယ်ဟု လယ်ကို နှစ်မျိုးနှစ်စား သတ်မှတ်ကြ၏။ တောင်လယ် ဟူသည်မှာ တောတောင်များကို ခုတ်ထွင်ရှင်းလင်းပြီး လုပ်ကိုင်စားသောက်ကြသော လယ်ကွင်းများကို ခေါ်၏။

တာတမံလယ် ဟူသည်မှာ ဒီရေတောများကို ရေငန်မဝင်အောင် ပတ်ဝိုင်းဆယ်ပြီး ခုတ်ထွင်မီးရှို့ကာ လုပ်ကိုင်စားသောက်ကြသည်ကို ခေါ်၏။ ဒီရေတောများကို ရေငန်မဝင်နိုင်အောင် ပတ်ဝိုင်းပြီး ဆယ်ကြရာ၌ ချောင်းကြီးချောင်းငယ်အတော်များများသည်လည်း ပါဝင်၏။ ထိုချောင်းများကိုလည်း အကုန်ပိတ်ဆို့ ဆယ်ခတ်ကြရ၏။

ထို့ကြောင့် ချောင်းကြီး၊ ချောင်းငယ်များကို ပိတ်ဆို့ပြီး ဆယ်ခတ်ကြရသည့်အခါ ချောင်းစောင့်နတ်ဘီလူးများနှင့် ရင်ဆိုင်ကြရသောအခါလည်း ရှိတတ်၏။ ရင်မဆိုင်ရဘဲလည်း ရှိကြ၏။ ထိုကဲ့သို့ မလွဲမသွေ ရင်ဆိုင်တွေ့လာရသောအခါ နတ်ဆရာ၊ မှော်ဆရာများနှင့်လည်း အဆင်မပြေရှိလာရသောအခါ ဘိုးသြဘာကိုပင် အားကိုးကြရ၏။ ထိုကဲ့သို့ ဂမ္ဘီရကိစ္စရပ်ကြီးမျိုးနှင့် ရင်ဆိုင်တွေ့ကြရတိုင်းလည်း ဘိုးသြဘာသည်သာ ဖြေရှင်းပေးနိုင်လေ့ရှိသည်။

※

ရွာသားများ ခြေကုန်လက်ပန်းကျပြီး အလွန်အမင်းစိတ်ပျက်နေကြလေသည်။ သည်အော်သကဲချောင်းကြီးကို ပိတ်ဆို့ပြီးဆယ်ခတ်ကြသည်မှာ ယခုနှင့်ဆိုလျှင် သုံးကြိမ်ရှိခဲ့ပြီ။ ချောင်းကြီးကလည်း အလံငါးဆယ်ကျော်ကျယ်ပြီး စောက်လည်းနက်သည်။ ရေအောက်တွင် ကျောက်ခဲကျောက်ကြီးများလည်း ပေါသည်။

ချောင်းကို ပိတ်ဆို့ရာ၌ မြေတုံးများ ရေနှင့် စီးမျောပါမသွားစေရန်အတွက် ထင်းစိမ်းများကို ခုတ်ပိုင်းပြီးလည်း ကြိုတင်ပစ်ချထားရသည်။ ယခုလို ချောင်းနက်များကို ပိတ်ဆို့ရာ၌ ထင်းစိမ်းများကို ပို၍ချပေးရသည်။ လူကူခေါ်ပြီး ခြောက်ဆုပ်ဝက်ကြီးများကိုလည်း သတ်ကျွေးကြရသေးသည်။ ထို့ကြောင့် ကုန်ငွေလည်း မနည်းတော့ပေ။

သည်ချောင်းနက်ကြီးကို ရက်ချင်းပေါက်ပြီးအောင် ပိတ်ဆို့ဆယ်နိုင်ခဲ့ကြသော်လည်း အဘယ်ကြောင့်မသိ မိုးလင်း၍သွားကြည့်ကြရာ ဟောင်းလောင်းပေါက်နေသည်ကိုသာ တွေ့ကြရသည်။ တစ်ကြိမ်ချောင်းဆို့လျှင် တာတမံလုပ်သားများအပြင် လူကူခေါ်ပြီး သုံးစွဲရ၍ ကုန်ကျငွေသည်လည်း ထောင်ကျော်သည်။ ထို့ကြောင့် သည်အော်သကဲချောင်းကြီးကို မယုံသင်္ကာဖြစ်ပြီး နတ်မေးကြ၏။

ထိုအခါ ရေအောက်က ကျောက်ဂူထဲတွင်ရှိနေသော ချောင်းစောင့်နတ်ဘီလူးကြီးက နှောင့်ယှက်ဖောက်ချနေကြောင်းကို သိလိုက်ကြရ၏။ ထို့ကြောင့် ထိုချောင်းစောင့်နတ်ဘီလူးကြီးကို နတ်ဆရာအား နိုင်နင်းပေးရန် ဝိုင်းပြောကြသော်လည်း နတ်ဆရာသည်ကား နတ်ဘီလူးကြီးကို နိုင်နင်းနိုင်စွမ်းမရှိပေ။

ထို့နောက် မှော်ဆရာကို ပင့်ဖိတ်ပြီး မေးမြန်းကြရာတွင်လည်း ထိုအတိုင်းပင် ချောင်းစောင့်နတ်ဘီလူးကြီးက နှောင့်ယှက်ဖောက်ချနေကြောင်းကိုသာ ပြောလေသည်။ ထို့ကြောင့် နတ်ဆရာထက် မှော်ဆရာသည် သာ၍အစွမ်းထက်မည်ဖြစ်သောကြောင့် ၎င်းနတ်ဘီလူးကြီးအား နှင်ထုတ်ခြင်း၊ သတ်ဖြတ်ခြင်းစသည်ဖြင့် တစ်နည်းနည်းဖြင့် ရှင်းလင်းပေးရန်ကို အဖိုးအခများများပေးပြီး စေခိုင်းကြပြန်သည်။

မှော်ဆရာသည်လည်း တူတူတန်တန် အစွမ်းထက်သော နယ်ကျော်ကြီးတစ်ဦး ဖြစ်၏။ စုန်းပယောဂ၊ တစ္ဆေမှင်စာလောက်ကိုမူ ယခုထွက်ဆိုလျှင် ထွက်သွားရ၏။ ဖမ်းစားထားသော ရောဂါကိုလည်း ယခုနတ်ဟု ဆိုလျှင် နုတ်ယူသွားရ၏။ နတ်ဆိုးများဖွက်ထားသော ကလေးသူငယ်များ၊ ကျွဲနွားများကိုလည်း ယခုလာပို့ဟုဆိုလျှင် ပို့ပေးရ၏။ ဘိုးဘေးများ မြှုပ်နှံထားခဲ့ကြသော ဥစ္စာရတနာများကိုပင် သက်ဆိုင်ရာ မြေစောင့်နတ်များအားခေါ် မေးလျှင် ညွှန်ပြကြရသည်။

ထိုမျှအထိ အစွမ်းထက်သော မှော်ဆရာကြီး ဖြစ်၏။ ထို့ကြောင့်လည်း နယ်ကျော်သည်အထိ လူသိများ၏။ ယုံကြည်မှုများစွာကိုလည်း ရရှိထား၏။ ဤမှော်ဆရာကြီးအား ပင့်ခေါ် လျှင် ကျေးလည်းကြီး၏။ ထောင်ချီ၍ပေးရ၏။ မှော်ဆရာကြီးကလည်း သူ၏ပညာဖြင့် တန်အောင်လည်းလုပ်ပေး၏။ မည်သည့်နတ်ဆိုးပယောဂမျိုးဖြစ်စေ၊ မှော်ဆရာကြီးအား တုံ့ပြန်တိုက်ခိုက်နိုင်စွမ်း မရှိကြပေ။

ယခုလည်း အစွမ်းထက်သော မှော်ဆရာကြီးကို ပင့်ခေါ်လာနိုင်ကြသဖြင့် ရွာသူရွာသား တာတမံလုပ်သားများမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏။ ချောင်းစောင့်နတ်ဘီလူးကြီး ခံနိုင်ရော့လားဟုလည်း တိုးတိုးပြောကာ ကျိတ်၍ပျော်နေကြ၏။ ချောင်းစောင့်နတ်ဘီလူးကြီးကလည်း အစွမ်းကြီးသောကြောင့် မှော်ဆရာကြီးနှင့် ချောင်းစောင့်နတ်ဘီလူးကြီးတို့၏ တိုက်ပွဲကို ကြည့်ချင်ကြ၍ ရွာသူရွာသားများလည်း ရာချီပြီးလိုက်ပါလာကြသည်။

သို့သော် မှော်ဆရာကြီးနှင့် ရွာသူရွာသားများ အော်သကဲချောင်းကြီးအနီးသို့ ရောက်လာကြသည်နှင့် ကျောက်လိုဏ်ခေါင်းရှိရာ ရေအောက်က ဆူညံသောအသံကြီးကို ကြားလာရ၏။ ရေထဲ၊ မြေထဲကပင် လည်ချောင်းသံကြီးကို ကြားလာကြရလေသည်။ ထို့ကြောင့် ရွာသူရွာသားများလည်း မျက်လုံးပြူးသွားကြလေသည်။

မှော်ဆရာကြီးကို ကြည့်လိုက်။ အသံကြီးကို နားထောင်လိုက်နှင့် မှော်ဆရာကြီးကမူ တည်ငြိမ်သောဣန္ဒြေကို ဆောင်၍နေ၏။ ထို့ကြောင့် ရွာသူရွာသားများလည်း စိုးရိမ်စိတ်၊ ကြောက်စိတ်များကိုထိန်းကာ မှော်ဆရာကြီး အဘယ်သို့သော ပညာစွမ်းပြမည်ကို သိလိုလှ၍ စောင့်ကြည့်နေကြ၏။ အသံကြီးသည်လည်း ဆူညံနေဆဲသာ ဖြစ်သည်။

မှော်ဆရာကြီး ချောင်းကမ်းနားသို့ရောက်လာလျှင် အသံကြီးသည် ပို၍ပင် ဆူညံလာလေသည်။ မှော်ဆရာကြီးက ကျောက်သင်ပုန်းကွဲဖြင့် ရေးချထားသော အင်းကွက်ကို ဂါထာမန္တရားရွတ်ပြီး ကျောက်ဂူဝကို မှန်းဆ၍ ရေထဲသို့ပစ်ချ

www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရာ တစ်ခဏမျှသာငြိမ်ပြီး ပြန်၍ တင်လိုက်သဖြင့် မှော်ဆရာကြီး၏ နားမှ ဝိုးခနဲမြည်လျက် မိုးပေါ်သို့ တက်တက်သွားလေသည်။ မှော်ဆရာကြီးသည်ပင် အရှောင်ကောင်း၍သာ သွားခြင်း ဖြစ်၏။ သို့မဟုတ်ပါက ခေါင်း လည်ပင်းတစ်ခုခုကိုထိသွားနိုင် သည်။ ထိုအင်းကွက်သည်လည်း ဘယ် ကို ရောက်သွားမှန်းပင်မသိတော့ပေ။

ရွာသူရွာသားများသည် လန့်ဖျပ် ထိုင်သူထိုင်၊ ထသူထ၊ အော်သူအော် ရှုန်းရင်းဆန်ခတ်ဖြစ်သွားကြ၏။ ဆရာကြီးသည်ကား မတုန်မလှုပ် သူ့အလုပ်သူဆက်လုပ်၏။ ဆေး အိတ်ထဲမှ ဘူးလေးတစ်ဘူးကို မန်းပြီး ဂါထာစုတ်နေလေသည်။ အခိုက်တွင် ဆူညံသံကြီးမှာ ပို၍ပင် လောင်လာလေ၏။

ထို့နောက် မှော်ဆရာကြီးသည် ထဲမှ သဲလိုလို၊ ပြာလိုလိုတစ်ဆုပ်ကို ယူပြီး ရေထဲသို့ပစ်ချလိုက်ရာ ယခင် တု ခဏမျှငြိမ်းသွားပြီးနောက် သဲ၊ ပြာရေအောက်သို့ရောက်သော အချိန်မှာပင် သွေးကဲ့သို့ ချင်းချင်းနီသော လုံးကြီးများ ပွက်ထလာလေသည်။ နောက် မှော်ဆရာကြီးသည် သူ၏ တတ်ပညာဖြင့်အာရုံယူလိုက်ပြီးပြော ၏။

"ချောင်းစောင့်ကြီးက တော်တော် ပြီနဲ့တူတယ်။ သာမန်ရေသရဲအဆင့် တက်ကျော်လွန်ပြီး ကျောက်ဘီလူးကြီး ဖြစ်နေပြီ။ ဒါကြောင့် သူ့နေရာ ဖယ်ပေးချင်ပုံမရဘူး။ ဒီတော့ သူ့ကို ထုတ်လို့ရနိုင်မယ့် အခြေအနေမျိုး ဘဲ သေအောင်သတ်ရမယ့်သဘော ရောက်နေတယ်။သေအောင်သတ် တောင် ချက်ချင်းမသေနိုင်ဘဲ ခင်ဗျား တာတမံလုပ်သားတွေကို ဒုက္ခပေး ပေးသွားနိုင်သေးတယ်။ တစ်ဦး ယောက် တစ်အိမ်သားလောက်ကို တွယ်လို့ရနိုင်ပေမယ့် ခင်ဗျားတို့ တာတမံလုပ်သားဦးရေက လေးငါးရာ ကိထိ ရှိနေလေတော့ မိသားစုဦး ရေတွေပါ ပေါင်းတွက်ရင် ထောင်ကျော် နေတယ်။ ဒါကြောင့် အဲလောက်များတဲ့ ဦးရေအားလုံးအတွက် လုံခြုံအောင် မြစ်ဖို့ဆိုရင်လည်း လွယ်မယ်မထင် ။ ခင်ဗျားတို့က ဖြစ်ချင်ရာဖြစ်လုပ် လို့ဆိုရင် ကျွန်တော်လုပ်ရုံပဲ။ ဒါပေ မယ့် တင်ပြခဲ့တဲ့အတိုင်း နောက်ဆက်တွဲ ဆိုးကျိုးတစ်ခုခု ဖြစ်ပေါ်လာမှာကိုတော့ ကျွန်တော်စိုးရိမ်မိတယ်။ ဒီတော့ နောက် ဒီထက်အဆင်ပြေမယ့် နည်းလမ်းတစ်ခု ကို ရှာကြရင်မကောင်းလား"

ထိုကဲ့သို့ ပြောဆိုနေကြချိန်မှာပင် တာတမံဖြစ်မြောက်ရေးကော်မတီဝင် တစ်ယောက်က သူသိမှတ်ထားဖူးသည့် အကြောင်းတစ်ခုကို တာတမံဥက္ကဋ္ဌကြီး အား တိုးတိုးပြော၏။

"မှော်ဆရာကြီးပြောတာ ဖြစ်နိုင် ပါတယ် ဥက္ကဋ္ဌကြီး။ ကျွန်တော် ငယ် ငယ်က အဖေပြောတာတွေကို မှတ်သား ထားဖူးတာ ရှိပါတယ်"

"ဘာတုံး"

"ကျွန်တော်တို့အဖေများ ဒီအော် သကဲချောင်းကြီးကို ငါးဖမ်းလာကြရင်း တွေ့ခဲ့ကြုံခဲ့ကြဖူးတဲ့ အကြောင်းအရာ တွေပေါ့"

"ကျွန်တော်တို့ အဖေများဆိုတော့ မင်းမှာ အဖေဘယ်နှယောက်တောင်ရှိ နေလို့တုံး"

နားထောင်နေကြသည့် တာတမံ လုပ်သားများက ဝေါခနဲရယ်ကြ၏။

"အာ - ဥက္ကဋ္ဌကြီးကလည်း၊ တစ် ယောက်တည်းပါ။ အဲတာ အဖေတို့ ငါး ဖမ်းလာကြရင်း တစ်ခါတလေ ဒီကျောက် ဆောင်ကြီးမှာ လူလိုလို အကောင်ဗ လောင်တွေကို တွေ့တတ်သတဲ့။ ပြီး တော့ ပိုက်ကွန်တစ်ခုခုငြိလို့ ဆင်းငုပ်ကြ တော့လည်း ကျောက်ခေါင်းထဲမှာ အဲဒီ အကောင်ဗလောင်တွေကို တွေ့ရတတ် တယ်လို့ ပြောပါတယ်။ လူတွေကိုတော့ ဘာမှမနှောင့်ယှက်ဘူးတဲ့။ ဒါပေမယ့် အဖေက ဘေးလူတွေကြောက်မှာစိုးလို့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့ဆိုပြီး နှုတ်ပိတ်ထားခဲ့လို့ အစကပင် ကျွန်တော် မပြောတာပါ"



ဥက္ကဋ္ဌကြီးသည် တစ်အောင့်လေး စဉ်းစားကာ ခေါင်းညိတ်လိုက်ပြီး -

"ဖြစ်နိုင်တာပေါ့ကွ။ ဒီနေရာက လူသူနဲ့ဝေးလံတဲ့ အရပ်ဒေသလည်းဖြစ် ပြီး လက်ဝဲ၊ လက်ယာက တောတန်းကြီး တွေဝန်းရံကာ ဇရာမကျောက်ခဲကျောက် ဆောင်ကြီးတွေကလည်း ပေါတယ်ဆို တော့ ပရလောကသားတွေ ကျက်စား နေကြတော့မှာပေါ့။ ကဲ- ဒီတော့ တို့ဘာ ဆက်လုပ်ကြရင်ကောင်းမလဲ ပြောကြ စမ်း"

ဟု ဥက္ကဋ္ဌကြီးက အားလုံးသူ၏ ဆန္ဒကို မေး၏။

ထိုအခါ မှော်ဆရာကြီးပင် ဝင်၍ ပြောသည်။

"ကျွန်တော်ဖြစ်စေချင်တာကတော့ ဒီလို ဂမ္ဘီရဆန်တဲ့ကိစ္စမျိုးနဲ့ ပတ်သက် လာရင် ဘိုးသြဘာကြီးဆီကိုသွားပြီး အကျိုးသင့်အကြောင်းသင့်ပြောပြကာ အကူအညီတောင်းကြတာပဲ ကောင်း လိမ့်မယ်လို့ ယူဆပါတယ်။ ဂမ္ဘီရနယ်ပယ် မှာ ဘိုးသြဘာက တကယ့်အထွတ်အ ထိပ်ပုဂ္ဂိုလ်ကြီးပဲ။ ကျွန်တော်တို့တော် တယ်တတ်တယ်ဆိုတာ ဘိုးသြဘာနဲ့ မနှိုင်းကောင်းပါဘူး။ ကျွန်တော်တို့က အနုနည်းနဲ့မရရင် အကြမ်းနည်းပဲသုံး တတ်ပါတယ်။ ဘိုးသြဘာလည်း လိုအပ် လာရင် အကြမ်းနည်းသုံးတာတော့ရှိ ပါတယ်။ ဒါပေမယ့် ဘိုးသြဘာအကြမ်း နည်းသုံးတာပင် အတော်လေးသိမ်မွေ့ တယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘိုးသြဘာကို အကျိုးအကြောင်းပြောပြကာ အကူအ ညီတောင်းကြတာကပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်"

မှော်ဆရာကြီး တင်ပြသည်မှာ နည်းလမ်းကျ၏။ မှော်ဆရာကြီးက လည်း သည်ချောင်းစောင့်ကြီးကို သူ မနိုင်၍မဟုတ်။ ဖြစ်သည့်နည်းဖြင့် အကြမ်းတိုက်ပြီး ရှင်းထုတ်လျှင်ရနိုင် ၏။ သို့သော်လည်း ရှင့်ရှုံသာမက ထော် နေပြီ ဖြစ်သော ချောင်းစောင့်ကြီးအား အကြမ်းတိုက်ပြီး ရှင်းထုတ်ရာ၌ ဘေး ထွက်ဆိုးကျိုးများ ဖြစ်မလာဟု မပြော နိုင်။ ထို့ကြောင့် တစ်စုံတစ်ရာ ဆိုးကျိုး ကိုမဖြစ်စေဘဲ အလုံးစုံကောင်းမွန်စေ ခြင်းအကျိုးငှာ ဘိုးသြဘာကို အကူအညီ တောင်းသည်က အကောင်းဆုံးဟု အကြံပြုတင်ပြလိုက်ခြင်း ဖြစ်သည်။

မှော်ဆရာကြီးအကြံကို တာတမံ လုပ်သားအားလုံး သဘောတူကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဘိုးညြဘာ၏ ဖိုရုံကျောင်းလေးရှိရာ ဘန့်ပွေးကုန်းတောရသို့ ဦးတည်ပြီး လျှောက်လာကြ၏။ ဤ အော်သကဲချောင်းအရပ်မှ ဘန့်ပွေးကုန်းကိုရောက်အောင် ခြေကျင်နှစ်နာရီကျော်မျှ သွားကြရ၏။ ဘိုးညြဘာ၏ ဘန့်ပွေးကုန်းတောရကျောင်းလေးသည်ကား ပတ်ဝန်းကျင်ရွာများနှင့် အလှမ်းဝေးသော ရခိုင်ရိုးမကြီး၏ တောင်ဆွယ်တောတွင်းတစ်နေရာ ဖြစ်သည်။

ဘိုးညြဘာကို အရန်သင့်ပင်တွေ့ကြရ၏။ ဘိုးညြဘာသည် ဖိုရုံကျောင်းလေး၏အပြင်ဘက်သစ်ရိပ်မှာထိုင်လျက် ရေနွေးသောက်နေ၏။ အဖော်မမိုးရာသက်ပန်တစ်ကိုယ်တည်း တောရတွင်နေသော ဘိုးညြဘာကြီးပင် ဖြစ်၏။ ထို့ကြောင့် ဘိုးညြဘာ၏ ပတ်ဝန်းကျင်တွင် ထာဝစဉ်လူသံသူသံဆိတ်လျက်ရှိ၏။ တောသံတောင်သံ၊ ငှက်ကျေးသံများမှအပ ဘာမှမကြားရပေ။

“ဘာလဲ၊ ဒီကောင်တွေအနှောင့်အယှက်ပေးဖို့လာကြတာလား”

ဘိုးညြဘာက တာတမံလုပ်သားများ အနားသို့ရောက်လာကြသည် ဆီးဟောက်၏။ ဤသည်မှာ ညြဘာ၏ ဝသီအတိုင်းသာ ဖြစ်၏။ ထို့ကြောင့် စိတ်ဆိုးသူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိကြပေ။ တာတမံဥက္ကဋ္ဌကြီးကပင် လာရင်းအကြောင်းကို ဘိုးညြဘာအား လျှောက်ထားလိုက်၏။

“အနှောင့်အယှက်ပေးဖို့ လာကြတာမဟုတ်ဘူး ဘိုးရေ။ အကူအညီတောင်းဖို့လာကြတာဗျ”

“ဘာအကူအညီတုံး”

“ကျွန်တော်တို့ ရွာသားတွေ တာတမံဆည်ကြတဲ့အထဲမှာ အော်သကဲချောင်းကြီးလည်း ဝင်ပါနေတယ်ဗျ။ အခု အဲဒီအော်သကဲချောင်းကြီးကိုပိတ်ဆို့ကြတာမရဘူးဖြစ်နေတယ်။ ချောင်းရှင် မြောင်းရှင်ခံနေကြတဲ့ အကောင်ဗလောင်တွေက နှောင့်ယှက်ထားလို့။ ဒါကြောင့် ဘိုးညြဘာဆီမှာ အကူအညီတောင်းဖို့လာကြတာပါ”

“အဲဒါငါ့ခေါ်စရာလိုသလား။ နတ်ဆရာ၊ မော့်ဆရာတွေကို သွားခေါ်ကြပေါ့ကွ”

“နတ်ဆရာ၊ မော့်ဆရာတွေနဲ့ မရလို့ပေါ့ ဘိုးရယ်။ ဒီမှာ မော့်ဆရာကြီးကိုယ်တိုင်ပါတယ်။ အကြောင်းစုံကိုသိချင်ရင် ဘိုးကိုယ်သာမေးကြည့်ပေရော့”

“ဟုတ်သလား၊ ဘာတုံး မော့်ဆရာ လုပ်စမ်းပါဦး”

မော့်ဆရာကြီးလည်း အနည်းငယ်တွန့်သွားလေ၏။ ထို့နောက် မျက်နှာအမူအရာကိုပြင်လိုက်ပြီး ဖြစ်ကြောင်းကုန်စင်ကို အကျဉ်းရုံး၍ပြောပြလေ၏။

“ဒီအကြောင်းတွေကိုတော့ ဟိုမှာတုန်းကပင် တာတမံလုပ်သားတွေကို ရှင်းပြခဲ့ပါပြီ။ အခုဘိုးကိုထပ်ပြီးပြောပြပါ့မယ်။ တာတမံလုပ်သားတွေ ကြုံတွေ့နေကြရတဲ့ အော်သကဲချောင်းကြီးက ပယောဂဟာ သာမန်အစိမ်းသရဲအဆင့်မဟုတ်ဘူးဘိုးရဲ့။ အတော်ကြီးရင့်ထော်နေပြီဖြစ်တဲ့ ချောင်းစောင့်ဘီလူးကြီးမျိုးပဲဖြစ်လိမ့်မယ်လို့ ထင်ရပါတယ်။ ကျွန်တော် စမ်းသပ်ကြည့်တော့လည်း အတော့်ကိုကြမ်းတာကိုလည်း တွေ့ရပါတယ်”

“ဒါကြောင့် မင်းကြောက်ချေးပါပြီး ကာတမံလုပ်သားတွေကိုခေါ်ကာ ငါ့ဆီပြေးလာတာပဲ မဟုတ်လား”

မော့်ဆရာကြီး တစ်ချက်ပြုံးလိုက်ပြီး ဆက်ပြော၏။

“ကျွန်တော်က ဘိုးလိုမှ အစွမ်းမထက်တာ။ ဒါကြောင့် သာသာကြည်ကြည်နဲ့လုပ်လို့မရရင် အဲဒီ ပယောဂကောင်ကို သတ်ပစ်ဖို့ပါပဲ။ အဲဒီလို သတ်မယ်ဆိုရင်လည်း အားကြီးတဲ့ ပယောဂကောင်များဟာ အသေမခံဘဲ နိုင်ရာလူတွေကို ဒုက္ခပေးပြီးမှ ထွက်ပြေးတတ်တဲ့ သဘောရှိတာကြောင့် တာတမံလုပ်သားတွေနဲ့ သူတို့မိသားစုတွေကို စိတ်မချလို့ အဲလိုလည်း မဖြစ်စေချင်တဲ့အတွက် အခုလို ဘိုးဆီလာပြီး အကူညီတောင်းကြတာပေါ့”

ဘိုးညြဘာ တစ်အောင့်လေး စဉ်းစားလိုက်၏။ ထို့နောက်မှ တစ်ချက်ပြုံးပြီးပြောသည်။

“ဘာပဲပြောပြော မင်းတို့မနိုင်လို့ ငါ့ကိုလာခေါ်ကြတာပဲ မဟုတ်လား။ မင်းစကားအဓိပ္ပာယ်က အဲဒီလိုပါပဲ”

“ဟင်”

မော့်ဆရာကြီး ဘာမှမပြောဘဲ ပြုံး၍သာနေ၏။

“မင်းမနိုင်လို့ ငါ့လာခေါ်တာယ်ဆိုလည်း လိုက်မှာပါ။ ရွာသားတွေကိစ္စတော့ ငါကဥပေက္ခာပြုမလားကွ။ ကဲ - ဒါဖြင့်သွားကြစို့”

ဘိုးညြဘာကြီး လိုက်လာသဖြင့် တာတမံလုပ်သားများမှာ ထခုန်လုမတတ်အောင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်လာကြလေသည်။ မော့်ဆရာကြီး၏ မျက်နှာသည်လည်း သိသိသာသာကြီးပင် ပြုံးရွှင်၍နေ၏။ ဘိုးညြဘာကြီးက ချောင်းစောင့်ကြီးအား မည်ကဲ့သို့ နိုင်နင်းမည်ကို မော့်ဆရာကြီးလည်း သိချင်နေပုံရသည်။

အော်သကဲ . ချောင်းကြီးနားသို့ ရောက်လာကြသောအခါ နေဝင်လုနေပြီ ဖြစ်၏။ ဘိုးညြဘာ အော်သကဲချောင်းကမ်းနဖူးကို နင်းသည့်အချိန်မှာပင် ရေအောက်ကျောက်ခေါင်းတည့်တည့်နေရာမှ ရေများတဗွက်ဗွက်ဖြင့်ဆူပွက်လာလေ၏။ သို့သော်လည်း ပကတိရေမျိုးသာ ဖြစ်သည်။ မော့်ဆရာကြီးတုန်းကကဲ့သို့ သွေးရောင်လွှမ်းသောရေဆိုးများ မဟုတ်ပေ။

ဘိုးညြဘာသည် မျက်စိကိုမှိတ်ပြီး တစ်အောင့်ကြာအောင် ငြိမ်သက်နေ၏။ ထို့နောက်မှ မော့်ဆရာကြီးနှင့် တာတမံလုပ်သားများအား -

“မင်းတို့ပြန်ကြတော့။ မနက်မိုးလင်းရင် စောစောကြီးလာခဲ့ကြ။ ပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ငါပြောမယ်”

ဟု ဆို၍ မော့်ဆရာကြီးနှင့် တာတမံလုပ်သားများ ပြန်လာကြ၏။ ထိုနေရာ၌ ဘိုးညြဘာကြီး တစ်ယောက်တည်း ကျန်နေခဲ့လေသည်။

⁂

တာတမံလုပ်သားများလည်း ဝေလီဝေလင်းအချိန်တွင် ထလာကြလေသည်။ မော့်ဆရာကြီးလည်း တာတမံလုပ်သားများနှင့်အတူ ပြန်လိုက်လာသည်။ မော့်ဆရာကြီးသည် ဘိုးညြဘာကြီးက ချောင်းစောင့်ကြီးအား နိုင်နင်းပုံကို ကြည့်ရှုမှတ်သားပြီး ပညာလိုချင်နေပေလိမ့်မည်။ ထို့ကြောင့်လည်း သူ့ရွာကိုမပြန်ဘဲ ညအိပ်နေကာ ယခု ပြန်လိုက်လာခြင်း ဖြစ်ပေလိမ့်မည်။

အော်သကဲချောင်းကြီးအနားသို့ ရောက်လျှင် ခြေလှမ်းများပို၍သွက်လာကြပြီး ချောင်းထဲကို သူ့ထက်ငါဦးအောင် ပြေးကြည့်ကြသည်။ထိုအချိန်က ဖျားရေဟုခေါ်သော ဒီရေကျချိန် ဖြစ်သည်။ ယခုအခါသည် ဒီရေကြီးသောရက်ဖြစ်၍ တက်ရေသည် ကမ်းပြည့်ကမ်းလျှံတက်တတ်ပြီး ကျလျှင်လည်း ခါတိုင်းရက်များထက် ပို၍ကျတတ်သည်။

ထို့ကြောင့် ကျောက်ခဲကျောက်ဆောင် အတော်များများပေါ်နေပြီး ချောင်းစောင့်ကြီးနေသော ကျောက်ဆောင်သည်လည်း တစ်ဝက်ခန့်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

တွက်ရှိသည်။ တစ်ဝက်ခန့် ပေါ်နေသည်ပင် အိမ်ငယ်တစ်လုံးစာခန့်ရှိနေသေးသည်။ ကျောက်ခေါင်းကိုမူ မမြင်ရသေး ကျောက်ခေါင်းသည်ကား ရေထဲ၌သာရှိနေဆဲဖြစ်သည်။

ဘိုးသြဘာကြီးသည် ထိုကျောက်ဆောင်ပေါ်တွင် ကျကျနနထိုင်လျက် အရှေ့ဘက်ကို မျက်နှာမူပြီး တရားရှုတော်နေလေသည်။ ဘိုးသြဘာသည်ကား မိုးထိုးလျှင်ထိုး၊ ဖွဲမထိုးလျှင် ဘုရားရှိခိုး၊ မေတ္တာပို့၊ တရားရှုမှတ်၊ ဤသုံးရပ်ဖြင့်သာ အချိန်ကိုကုန်စေလေသည်။ ယခုကဲ့သို့ ရွာသူရွာသား၊ နယ်သူနယ်သားများက လာရောက်ပြီး အကူအညီတောင်းကြလျှင်လည်း လိုက်လုပ်ပေးသည်။

ဘိုးသြဘာကြီးသည် တာတမံလုပ်သားများရောက်လာကြသံကို ကြားလျှင် မျက်စိဖွင့်ကြည့်၏။ ထို့နောက် ဘုရားကိုအာရုံပြု၍ ဦးသုံးကြိမ်ချရှိခိုးပြီးနောက် ကျောက်ဆောင်ကြီးပေါ်မှ ဆင်းလာကာ ချောင်းစောင့်ကြီးနှင့်ပတ်သက်ပြီး သူလေ့လာသိရှိထားသည်များကို မှော်ဆရာကြီးနှင့် တာတမံလုပ်သားများအား ပြောပြလေသည်။

"ဟိုက်ကောင်တွေထိုင်ကြဦး"

ဟု ပြောပြီး ဘိုးသြဘာလည်း ကျောက်တုံးတစ်တုံးတွင် ထိုင်လိုက်သည်။ ထို့နောက်မှ တစ်ခုချင်းပြောပြသည်။

"ငါ မင်းတို့ကိစ္စကို အားလုံးလေ့လာလို့ပြီးသွားပြီ။ ဒီရေထဲက ကျောက်ခေါင်းကြီးဟာ ဟိုကျောက်တောင်ကြီးအထိပေါက်တာပဲ။ တော်တော်ရှည်ပြီး နက်လည်းနက်တယ်"

ဘိုးသြဘာပြောနေသော ကျောက်ဆောင်ကြီးထိပ် ဟူသည်မှာ ချောင်းစောင့်ကြီးနေသည်ဟူသော ရေထဲက ကျောက်ဂူမှ ရေပေါ်ကို ဆင်နှာမောင်းသဖွယ် ကျောက်တောင်တန်းကြီးဖြစ်သွားပြီး တစ်ဆက်တည်းဖြစ်နေသော ကျောက်ချွန်ကြီးကိုပြောခြင်း ဖြစ်သည်။ ချောင်းကမ်းနဖူးမှ တစ်မိုင်နီးပါးခန့်ဝေးသော ဧရာမကျောက်တောင်မြင့်မောက်ကြီးလည်း ဖြစ်သည်။

"မင်းတို့ ဖြစ်စေချင်တဲ့အတိုင်း အဆင်ပြေမှာမဟုတ်ဘူးကွ။ ကျောက်ခေါင်းထဲကဟာတွေက တော်တော်အသက်ရှည်နေကြပြီ။ ဘုရင်လက်ထက်တော်ကပင် အပိုင်စားရထားကြတဲ့ဟာတွေ။ ပြီးတော့ သူတို့က လူတွေကို



အနှောင့်အယှက်ပေးကြတယ်လို့လည်း တစ်ခါမှမကြားဖူးဘူး။ အခု မင်းတို့နဲ့ အဆင်မပြေဖြစ်ကြတာဟာလည်း သူတို့ရဲ့ အဆောက်အအုံကို ပိတ်ဆို့လိုက်လို့ပဲဖြစ်မှာပါ။ ဒါကြောင့် မောင်းလားထုတ်လား၊ ရွှေ့လားပြောင်းလားဆိုရင် သူတို့ရဲ့ကိုယ်ပိုင်နေရာကြီးပျက်စီးပြီး ဒုက္ခရောက်ကြမှာကို မလိုလားတဲ့အတွက် မင်းတို့က ဒီကျောက်ဆောင်ကို ကွေ့ပိတ်ပြီး ဆယ်ခတ်ကြရင် မကောင်းဘူးလား"

"လုပ်ပြီးသားနေရာလေးဖြစ်လို့ ပြောင်းတော့မပြောင်းချင်ပါဘူး။ ဒါပေမယ့် ဘိုးပြောသလို အထက်နားဆီကိုပဲ ရွှေ့ပိတ်လိုက်ပါ့မယ်"

"အထက်နားဆီကိုနည်းနည်းလေး ရွှေ့လိုက်လို့လည်း မင်းတို့အတွက် မနစ်နာပါဘူး။ တာတမံပေါင်ကို အထက်နားဆီသို့ရွှေ့ပြီးဆယ်လိုက်ရတဲ့အတွက် လယ်သားမြေတွေမပါတဲ့အပြင် တောင်နံရံကို အမှီရသွားလို့ မင်းတို့တာတမံပေါင်ဟာ ပိုပြီးတောင်မှ ခိုင်မာသွားဦးမယ်။ ဒါကြောင့် အထက်နားလေးဆီကို ရွှေ့ပြီးဆယ်လိုက်ကြကွ"

"ကောင်းပါတယ် ဘိုး။ ဘိုးညွှန်ကြားတဲ့အတိုင်း ကျွန်တော်တို့ အထက်နားလေးဆီရွှေ့ပြီးဆယ်လိုက်ပါ့မယ်"

ဟု တာတမံဥက္ကဋ္ဌကြီးကပြော၏။ သို့သော်လည်း အဘယ်ကြောင့် မသိ။ တာတမံဥက္ကဋ္ဌကြီး၏မျက်နှာ သိပ်ပြီး မကောင်းပေ။ ဤသည်ကို ဘိုးသြဘာလည်း သတိပြုမိဟန်ရှိသည်။ ထို့ကြောင့် လောမှသိ။ ဘိုးသြဘာကြီး၏ မျက်နှာ အနည်းငယ်တင်းသွားလေသည်။

"ငါပြောတဲ့အတိုင်းဆိုပြီးလည်း မလုပ်နဲ့လေ။ မင်းတို့လည်း ကြိုက်ဦးမှပေါ့။ မင်းတို့ကြိုက်မှလုပ်ကြပါ။ ဘာလဲ ငါ့များ ချောင်းစောင့်နတ်ဘီလူးကြီးကို ကြောက်လို့၊ ချောင်းစောင့်နတ်ဘီလူးကြီးကိုမနိုင်လို့ မင်းတို့ တာတမံပေါင်ကို ရွှေ့ဆယ်ခိုင်းတယ်လို့များထင်နေသလား"

"မဟုတ်ပါဘူး ဘိုးရယ်။ အဲဒီလိုလည်း မထင်ပါဘူး။ ဘယ်လိုမှလဲမထင်ပါဘူး"

"အဲဒီလိုထင်ရင်တော့ မှားသွားလိမ့်မယ်နော။ မင်းမျက်နှာကလည်း တစ်မျိုးပဲ"

"မဟုတ်ပါဘူး ဘိုးရယ်။ အဲလိုလုံးဝမဟုတ်ပါဘူး"

"ငါက ညကပင် ကျောက်ခေါင်းထဲကို အစအဆုံးဝင်ကြည့်ထားတာကွ၊ မယုံဘူးလား။ မင်း အခု ငါ့နောက်က လိုက်ပြီး ဝင်မလား"

"မဝင်ရဲပါဘူး ဘိုးရယ်။ ကျွန်တော်တို့ အားလုံးကပဲ ဘိုးကို ယုံကြည်နေကြတာပါ။ ဒါကြောင့် ယုံကြည်အားကိုးလို့လည်း ဘိုးကို အခုလို အကူအညီတောင်းကြတာပါ။ ဘိုးတစ်မျိုးမထင်ပါနဲ့။ ကျွန်တော် မျက်နှာမကောင်းဖြစ်မိတာက ဒီအရင် (၃) ကြိမ်တိတိ ဒီချောင်းကြီးကို ပိတ်ဆို့ကြတုန်းက ကုန်ကျငွေနဲ့ လုပ်အားတွေကို ပြန်စဉ်းစားပြီး နှမြောနေမိလို့သာပါ။ အခြားဘာမှမဟုတ်ပါဘူး။ ဘိုးကိုလည်း အမြဲတမ်းယုံကြည်ပြီး အားကိုးပြီးသားပါ"

ဘိုးသြဘာတင်းသွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးအပြင် တာတမံလုပ်သားတွေကပါ ဝိုင်းဝန်းတောင်းပန်ကြမှ ကျေနပ်သွားလေသည်။ ထို့နောက် ဘိုးသြဘာကြီးလည်း သူ၏ဖိုရုံကျောင်းလေးရှိရာ တောထဲသို့ ပြန်လေသည်။ တာတမံလုပ်သားများသည် ဘိုးသြဘာညွှန်ကြားထားခဲ့သည့် နေရာကပင် ချောင်းဆို့ခြင်းကိစ္စကို စတင်ကြလေသည်။

ထိုနေ့ထိုရက်မှစ၍ အော်သကဲ ချောင်းကြီးသည်လည်း ပစ်ရန်ခတ်ရန် ချောင်းစာကျွေးရန်းလည်းမလို။ ကျိုးပေါက်ခြင်းလည်းမရှိဘဲ ခိုင်မာသော တာတမံပေါင်ကြီးအဖြစ်သို့ ရောက်ရှိသွားလေသည်။ ထိုနှစ်မှာပင် တာတမံလုပ်ငန်းသည်လည်း ပြီးစီးအောင်မြင်သဖြင့် စပါးအထွက်ကောင်းသော တာတမံကြီးအဖြစ်လည်း ထင်ရှားသွားလေသည်။

မင်းဟိန်းထိပ်



www.burmeseclassic.com

www.burmeseclassic.com

လူများစွာတို့ သရဲ၊ တစ္ဆေကို ကြောက်ကြပါသည်။ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မှင်စာ၊ ကျွတ်၊ ဥစ္စာစောင့်၊ ဘီလူးတို့ကို လူတို့က မတွေ့လို မမြင်လိုကြပါ။ ကြောက်ကြသည်။ ကျွန်တော်တို့ နေထိုင်ရာ လူ့ရွာကမ္ဘာကြီးတွင် မြေပြင်၊ မြေအောက်တို့၌ သတ္တဝါမျိုးစုံ မှီတင်းနေထိုင်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ (၃၁) ဘုံရှိရာတွင် မြေအတွင်း အောက်ဆုံးဘုံသည် ငရဲဘုံဖြစ်ပါသည်။ ငရဲဘုံဟုဆိုသော်လည်း အမျိုးအစားတစ်ခုတည်း မဟုတ်။ ငရဲကြီး (၈) ထပ်၊ တစ်ထပ်လျှင် (၄) မျက်နှာ၊ တစ်မျက်နှာလျှင် (၄) ခန်းဖြင့် ဖွဲ့စည်းရာ အခန်းစုစုပေါင်း (၁၂၈) ခုပင်ရှိကြောင်း အဘိဓမ္မာဒေသနာတော်၌ ပြဆိုထားပါသည်။

မြေတွင်းနှင့်မြေပေါ်၊ ရေအောက်နှင့် ရေပြင်များတွင် တိရစ္ဆာန်ဘုံရှိပါသည်။ အချို့သော ငှက်တိရစ္ဆာန်များမှာ လေတွင် ပျံဝဲနိုင်ကြပြီး အိပ်တန်းတက်သောအခါ၊ နားခိုသောအခါ မြေပြင်၊ သစ်ပင်သစ်ကိုင်းတို့အပေါ် သက်ဆင်းကြပေရာ သူတို့လည်း မြေလွှာဘူမိကို မှီခိုကျက်စားကြသူများ ဖြစ်ပါသည်။

မြေပြင်တောတောင်များတို့တွင် နောက်ထပ်ဘုံတစ်ခု တည်ရှိပါသည်။ ကျွန်တော်တို့ အပါအဝင် လူ့ဘုံကြီးပင် ဖြစ်ပါသည်။ မြေပြင်တောတောင်ကို အမှီပြုသည့် နောက်ထပ် ဘုံနှစ်ခုရှိပါသည်။ ထိုဘုံတို့သည်လည်း စိတ်ဝင်စားစရာကောင်းလှပါသည်။ တစ်ခုက စတုမဟာရာဇ်နတ်ဘုံ၊ ထိုဘုံ၏ အထက်က တာဝတိံသာနတ်ပြည် ဖြစ်ပါသည်။ ထို့ထက်မြင့်သောဘုံတို့မှာ မြေကိုအမှီမပြုတော့ဘဲ အာကာသကောင်းကင်တွင်သာ တည်ရှိပါသည်။ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရိနိမ္မိတဝသဝတ္တီနတ်ဘုံ (၄) ဘုံ၊ ရူပါဝစရဗြဟ္မာ (၁၆) ဘုံနှင့် အရူပါဝစရဗြဟ္မာ (၄) ဘုံတို့မှာ မြေကို အမှီမပြု၊ အာကာသကောင်းကင်၌သာ တည်ကြောင်း ဒေသနာတော်အရ သိရပါသည်။

သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ဥစ္စာစောင့်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ရုက္ခစိုး၊ ဘုမ္မိစိုးစသည်တို့သည် စတု





www.burmeseclassic.com

www.burmeseclassic.com

...ရင်နှုတ်သဲ့အရုအာေးတွင် ပါဝင် ... အောဟ်စေတုမဟာရာဇ်နတ်ဘုံ ... စေတုမဟာရာဇ်နတ်ဘုံဟာ၍ ...ကြောင်း၊ စေတုမဟာရာဇ်နတ်မင်းကြီး ...၏ အုပ်ချုပ်မှုအောက်တွင်ရှိ ...ကြောင်း အဘိဓမ္မာဒေဒေသနာတော်ကြီး ... သိရှိရပါသည်။ စေတုမဟာရာဇ် ဘုံသည် လူသားတို့နှင့် အနီးကပ်ဆုံး တည်ရှိသောဘုံ ဖြစ်ပါသည်။ ယုဂန္ဓိုရ်ရဲ့ တောင်ထိပ်တွင် အထက်စတုမဟာရာဇ် ဘုံတည်ရှိကြောင်း၊ ယုဂန္ဓိုရ်တောင်ထက် နှစ်ဆမြင့်သော မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ပြည် တည်ရှိကြောင်း သိရပါသည်။

ကျွန်တော်တို့လူသားများအပါအ... ဝင် (၃၁) ဘုံလုံးတွင်ရှိကြသည့် ဘုံသား ဟူသမျှ သတ္တဝါဟူသမျှတို့သည် မိမိတို့ ၏ကုသိုလ်၊ အကုသိုလ်ကံအစွမ်းကြောင့် (၃၁) ဘုံအတွင်း ဘုံဟူသမျှတို့၌ ကျင် လည်နေခဲ့ရဖူးသည်ဖြစ်ရာ ကျွန်တော် တို့သည် အနမတဂ္ဂသံသရာတစ် လျှောက်လုံးတွင် တောင်းသောဘုံဘဝ များတိုသာ ရောက်ရှိခဲ့ကြသည်မဟုတ် ပါ။ ငရဲသို့လည်း ကြိမ်ဖန်များစွာရောက် ရှိခဲ့ကြဖူးပါသည်။ တိရစ္ဆာန်ဘဝမျိုးစုံကို လည်း အကြိမ်ကြိမ်အခါခါ ရောက်ရှိခဲ့ ကြဖူးပါသည်။ ပြိတ္တာ၊ အသူရကာယ်

# တက္ကသိုလ်ဝင်းမြင့်

## လောကီခရီးဝယ် ကြုံလာတွေ့တယ်



ပုရင့်မဂ္ဂဇင်း

www.burmeseclassic.com

ဘဝများကိုလည်း အကြိမ်ကြိမ်အခါခါ ရောက်ရှိခဲ့ကြဖူးပါသည်။ သရဲ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မှင်စာ အစရှိသည့်ဘဝမျိုးစုံကိုလည်း ရောက်ရှိခဲ့ကြရပါသည်။ ဗုဒ္ဓ၏ ဒေသနာတော်အရ ထိုသို့သိရှိမှတ်သားရခြင်း ဖြစ်ပါသည်။

သံသရာတစ်ကွေ့ဘဝတစ်ခုတွင် မိမိကိုယ်တိုင် တစ္ဆေ၊ သရဲဖြစ်ခဲ့ဖူးသော်လည်း ယခု လူ့ဘဝ ရလာသည့်အခါ တစ္ဆေ၊ သရဲကို ကြောက်တတ်ကြပြန်ပါသည်။ မုန်းတတ်ကြပြန်ပါသည်။ ဤသည်မှာ ပုထုဇဉ်တို့၏သဘောသဘာဝပင် ဖြစ်ပါသည်။

အချို့ကလည်း သေသည့်အခါ ရုပ်က သေသွားသော်လည်း ဝိညာဉ်က မသေဘဲ လေတွင် မျောနေသည်ဟုလည်းကောင်း၊ ဟိုဟိုဒီဒီလျှောက်သွားနေသည်ဟု လည်းကောင်း မှတ်ထင်နေကြပါသည်။ တစ္ဆေ၊ သရဲ ဆိုသည်မှာလည်း ဝိညာဉ်က မသေဘဲဖြစ်လာသောသူများဟု မှတ်ထင်နေကြပါသည်။ ထိုအချက်သည် လုံးဝမှားယွင်းပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါလျက် ဗုဒ္ဓဒေသနာတော်များကို လေ့လာဆည်းပူးမှုမရှိကြ၍ အယူမှား၊ အမှတ်မှားဖြစ်နေကြပါသည်။ သေသည်ဆိုခြင်းမှာ ရုပ်တစ်ခုတည်းသေခြင်း မဟုတ်။ ရုပ်နှင့်နာမ် တစ်ပြိုင်နက်သေခြင်းသာ ဖြစ်ပါသည်။ ဤဘဝ၏ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့ တစ်ပြိုင်နက်ချုပ်ငြိမ်းသွားပြီး နောက်ဘဝ၏ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

သို့ဖြစ်လျှင် သရဲ၊ တစ္ဆေဘာကြောင့်ဖြစ်လာသနည်း။ လက်ရှိဖြစ်သော ရုပ်နှင့်နာမ်ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် ရှေးကပြုဖူးသောကံအကျိုးပေးမှုကြောင့် ချက်ချင်းပင် တစ်ခဏမဆိုင်းဘဲ တစ္ဆေသရဲ၏ ရုပ်နှင့်နာမ်တို့ ဥပပတ္တိနည်းဖြင့် ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပါသည်။ ယခင်ဘဝက ရုပ်လည်း မဟုတ်ပါ။ ယခင်ဘဝက နာမ်လည်း မဟုတ်ပါ။ သို့သော် ကံအကျိုးပေးမှုအရ ယခင်ဘဝရုပ်ရည်ပုံစံအတိုင်းလည်း တူချင်တူပါမည်။ မတူလျှင်လည်း မတူပါ။ ပို၍ကြောက်မက်ဖွယ်၊ ရွံရှာဖွယ်အဆင်းလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မည်။

ထိုသရဲ တစ္ဆေ၏စိတ်စေတသိက်ဖြစ်သော နာမ်သည်လည်း ယခင်ဘဝကနာမ် မဟုတ်ပါ။ ကံအကျိုးပေးမှုအရ နာမ်အသစ် ဖြစ်ပါသည်။ တစ္ဆေ၊ သရဲတို့၏သဘောသဘာဝအရ ယခင်ဘဝကို ပြန်လည်အမှတ်ရပြီး ခင်တွယ်ခြင်း၊ မုန်းခြင်းသဘောများ ရှိနေကြပါသည်။ ဥစ္စာပစ္စည်းကို စွဲလမ်းလေ့ရှိကြပါသည်။

ကျွန်တော်ငယ်ငယ်က သရဲ၊ တစ္ဆေကို အလွန်ကြောက်ပါသည်။ အကြောက်လွန်သည်ဟုလည်း ပြောရပါမည်။ အိမ်တွင် အဖေနှင့် အမေလည်း ရှိကြပါသည်။ အစ်ကိုနှစ်ယောက်လည်း ရှိကြပါသည်။ ကျွန်တော်အိပ်သောအခါ ကျွန်တော့်ဘေးနားတွင် မိသားစုတွေ ဘယ်သို့ပင်ရှိနေပါစေ၊ မီးထိန်ထိန်လင်းအောင်ထွန်းထားပါစေ ကျွန်တော်ကတော့ ခေါင်းမြီးခြုံအိပ်ရမှ စိတ်အေးပါသည်။ စိတ်အေးသော်လည်း ကိုယ်ကတော့ မအေးပါ။ နွေခေါင်ခေါင်ကြီး စောင်ခေါင်းမြီးခြုံအိပ်သောကြောင့် ချွေးပြိုက်ပြိုက်ကျနေရပါတော့သည်။

ဤမျှအကြောက်လွန်တတ်သော ကျွန်တော်သည် ကြောက်တတ်သူတို့သဘောသဘာဝအတိုင်း သူများတကာကို ခြောက်လှန့်ရန် အလွန်ဝါသနာပါလှပါသည်။ မှတ်မိပါသေးသည်။ ကျွန်တော်က အသက် (၂၀) ဝန်းကျင်အရွယ်၊ မောင်မျိုးသန့် ခေါ် အသက် (၁၀) ဝန်းကျင်ခန့်ရှိ တူလေးမှာ ကျွန်တော်သရဲလုပ်ပြီး ခြောက်လှန့်တိုင်း အတော်ခံရရှာပါသည်။ ကျွန်တော်က သူ့ကို ကိုမျိုးဟု ခေါ်ပါသည်။

မှတ်မိပါသေးသည်။ တစ်နေ့ ကိုမျိုး ကျောင်းကပြန်လာသောအခါ ထမင်းစားပြီး ပန်းကန်ဆေးနေပါသည်။ သူက သီချင်းလေးတကြော်ကြော်ဆိုရင်း သူ့အတွေးနှင့်သူ ပန်းကန်ဆေးနေပါသည်။ ကျွန်တော်က ကိုယ့်အကြံနှင့်ကိုယ် မုဒ်ုစောင်နှစ်ထပ်ခေါက်ကို ပို၍ရှည်လာအောင် တစ်ထပ်ဖြေချပြီး မျက်နှာလောက်ကိုသာဖော်ထားလျက် တစ်ကိုယ်လုံးခြုံထားလိုက်ပါသည်။ ခွေးခြေကို သူ့နောက်နားတွင် အသံမကြားအောင်ထားလိုက်ပါသည်။ ကျွန်တော့်မျက်နှာတွင် မူလကတည်းက ပေါင်ဒါမှုန့်များ ဖွေးဖွေးအောင်ရိုက်ထားပြီး ဖြစ်ပါသည်။

ခွေးခြေပေါ် ကျွန်တော်တက်ရပ်လိုက်သောအခါ အရပ်ရှည်ရှည်ရှိသော သရဲတစ်ကောင်ပုံစံ ဖြစ်သွားပါတော့သည်။ ထို့နောက် နောက်ကနေ၍ ချွတ်ချွတ်မြည်အောင်အသံပြုလိုက်ရာ ကိုမျိုးလှည့်ကြည့်ပြီး ငယ်သံပါအောင် ထိတ်လန့်စွာ အော်ဟစ်လိုက်ပါသည်။

သူ့အော်သံကြောင့် အိပ်ရာထဲတွင် အနားယူကာ တရေးတမောအိပ်နေ သော ကျွန်တော့်အမေဖြစ်သူ ကိုမျိုးအဘွားက ထွက်လာပြီး ဘာဖြစ်တာလဲဟု မေးပါသည်။ ကိုမျိုး ပြူးတူးပြဲတဲလှမ်းကြည့်နေသောဘက်သို့ အမေက လှည့်၍ကြည့်ရာ ကျွန်တော်သရုပ်ဆောင်ထားတာတော်၍လားမသိ၊ အောင်မယ်လေးဟု မျက်လုံးပြူးမျက်ဆံပြူးဖြင့် အော်လိုက်ပါတော့သည်။ ကျွန်တော်က အမေ့မျက်လုံး ဤမျှပြူးသည်ကို ယခင်က တစ်ခါမှမမြင်ဘူးခဲ့သဖြင့် တူညီသောတန်ပြန်ထိတ်လန့်ကြောက်ရွံ့မှုများနှင့် စောင်ကိုအမြန်ခွာချ၊ ခွေးခြေပေါ်ကဆင်း၊ မျက်နှာကိုလက်ဖြင့်ပွတ်လိုက်သောအခါ အမေက ကျွန်တော့်ကို ကောင်းကောင်းကြီး ဆူပါတော့သည်။ ကိုမျိုးကတော့ စိတ်မဆိုးရှာပါ။ သူ့အကျင့်အတိုင်း ပြုံး၍နေပါသည်။

အမေ၏ စေတနာပါသော ဆုံးမစကားများကြောင့် နောင်တွင်ကျွန်တော် သူများတကာကို မည်သည့်အခါမှ မခြောက်လှန့်တော့ပါ။ အမေဆုံးမသောစကားများတွင် သူများတကာကို သရဲယောင်ဆောင်ပြီးခြောက်လျှင် ကိုယ်သေလျှင်လည်း သရဲဘဝရောက်ရပေလိမ့်မည်။ လူ့ဘဝရောက်ပြန်လျှင်လည်း သရဲများစွာဝိုင်းပြီးအခြောက်ခံရပေလိမ့်မည်ဆိုတာ ပါဝင်ပါသည်။ ထိုအခါမှစ၍ ထိုသို့ နောက်ခြင်း၊ စခြင်းများကို ကျွန်တော် မလုပ်တော့ပါ။

ကျွန်တော်ကသာ သရဲ၊ တစ္ဆေကို ကြောက်နေတတ်သော်လည်း ထိုအချိန်အထိ တစ်ခါမှ ကျွန်တော်သရဲခြောက်မခံခဲ့ရဘူးပါ။ တောင်တွေးမြောက်တွေးနှင့် ကြောက်ရွံ့ထိတ်လန့်ခဲ့ရသမျှ အချိန်ကုန်လူပန်း အချည်းနှီးသာ ဖြစ်ပါသည်။ သရဲကြောက်တတ်သော ကျွန်တော်သည် အသက် (၃၀) လောက်မှစ၍ လုံးဝမကြောက်တတ်တော့ပါ။ လုံးဝပြောင်းလဲသွားခဲ့ပါသည်။

စာရေးဘဝကတစ်ကြိမ်၊ အရာရှိဖြစ်သောအခါ တစ်ကြိမ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်ကို ကျွန်တော် တက်ရောက်ခဲ့ရပါသည်။ စာရေးဘဝတွင် တက်ရောက်ရသောသင်တန်း၌ ကျွန်တော်၏အသိတရားများ တိုးတက်ပြောင်းလဲခဲ့ရပါသည်။ သရဲ၊ တစ္ဆေတို့ကို လုံးဝကြောက်စရာမလိုသောနည်းတစ်ခုကို ရလိုက်ပါသည်။ ထိုနည်းမှာ ဗုဒ္ဓဘုရားရှင် ဟောကြား ဆုံးမတော်မူခဲ့သော မေတ္တာတရားပွားများခြင်းပင် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ်စရောက်ပြီးတစ်ပတ်ခန့်နေသောအခါ သင်တန်းပို့ချသည့်ဆရာတစ်ဦးက ခေတ္တအားလပ်ချိန်တွင် သင်တန်းသားများကို စေတနာဖြင့် မှာကြားပြီး သရဲကြောက်တတ်ကြရန် နည်းလမ်းတစ်ခု ပေးပါသည်။ ယခုဆရာ့နာမည်ကို မေ့နေပြီဖြစ်သော်လည်း သူ၏ခံ့ညားသော ဥပဓိရုပ်၊ သိမ်မွေ့သောဟန်အမူအရာ၊ မေတ္တာဓာတ်ပါဝင်သောစေတနာစကားသံများ ပါဝင်ပါသည်။ ဆရာပြောကြားသော ဆုံးမစကားများအနက် သရဲကို နိုင်စေသည့်နည်းများလည်း ပါဝင်ပါသည်။ ဆရာ့စကားတွင် သင်တန်းသားများ အချို့က သရဲကြောက်တတ်ကြကြောင်း၊ ညမီးပိတ်ပြီးအိပ်သည့်အချိန်တွင် အချို့က ကင်းမစောင့်ရဲကြ။ ဟိုနေရာကချိုးချိုးချွတ်ချွတ်၊ ဒီနေရာကချိုးချိုးချွတ်ချွတ်နှင့်ကြားရတတ်ကြောင်း၊ အမှန်မှာ လေတိုက်၍ သစ်ရွက်များလှုပ်ခတ်သော သစ်ကိုင်းချင်းပွတ်တိုက်သံများ၊ သဘာဝအလျောက်ဖြစ်ပေါ်လာသော အသံများလည်းရှိကြောင်း။ ညလူခြေတိတ်ချိန်ဖြစ်၍ အဝေးကအသံကို အနီးကအသံဟုထင်ရသည်လည်းရှိကြောင်း၊ သူတို့အိပ်သော်လည်း ဖား၊ ပုရစ်၊ ကြွက်လှုပ်ရှား၍မြည်သည့်အသံလည်းရှိကြောင်း၊ ပဲခူးရိုးမတောကြီးနှင့်ဆက်စပ်နေသောကြောင့် ယခင်ရှေးပဝေသဏီကတည်းက နာနာဘာဝဆိုသည်များရှိလျှင်လည်း ရှိနေမှာဖြစ်ကြောင်း။ သို့သော် ဆရာက ဒီဒေသမှာ အမှုထမ်းနေသော နှစ်ပေါင်းများစွာရှိသော်လည်း သရဲ တစ္ဆေခြောက်လှန့်တာကို တစ်ခါမှ မတွေ့၊ မကြုံခဲ့ရဘူးကြောင်း၊ သင်တန်းသားများကို ဆရာ၏နည်းတစ်ခုပေးလိုကြောင်း၊ ထိုနည်းမှာ မေတ္တာထားသည့်နည်း မေတ္တာပို့သည့်နည်းပင်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းပြပါသည်။

ကျွန်တော် အပါအဝင် သင်တန်းသားများ စိတ်ပါဝင်စားစွာ နားထောင်နေကြပါသည်။ ဆရာ၏နည်းမှာ တစ္ဆေ၊ သရဲ နာနာဘာဝတို့ကို နှင်ထုတ်သည့်နည်းမဟုတ်၊ ကြောက်ရန်လည်းမဟုတ်၊ ခေါ်သထွက်ရန်လည်းမဟုတ်။ သူတို့ကို သွား၍နောက်ပြောင်ကျီစယ်တာလည်း မလုပ်ရ၊ သူတို့အကြောင်းလည်း မကောင်းမပြောရ။ မိမိစိတ်ကခံယူရမည်မှာ သူတို့လည်း သူတို့ဘာသာဘာဝ သူနေခွင့်ရတဲ့နေရာ ရောက်တဲ့နေရာမှာ နေကြရတာဖြစ်ကြောင်း၊ ကိုယ်လည်း ကိုယ်နှင့်သင့်သည့်နေရာမှာ နေကြရတာဖြစ်ကြောင်း။ သူတို့ကိုလည်း ကိုယ်ကမနှောင့်ယှက်နှင့်၊ ကိုယ့်ကိုလည်း သူက မနှောက်ယှက်နှင့်၊ သင်လည်း သင့်နေရာမှာနေ၊ ငါလည်းငါ့နေရာမှာနေမည်။ ငါသည် ဒီနေရာက ဒီနေရာထိ နေမည်၊ သွားမည်၊ လာမည်၊ သင့်ကို ငါကဘာမှမလုပ်ပါ။ သင်ကလည်း ငါ့ကို ဘာမှမလုပ်နှင့်၊ သင်စိတ်ချမ်းသာပျော်ရွှင်စွာနေပါ။ ငါလည်း စိတ်ချမ်းသာပျော်ရွှင်စွာနေပါရစေဆို၍ နှုတ်မှအသံထွက်၍ ရွတ်ချင်ရွတ်၊ စိတ်တွင်းက စူးစူးစိုက်စိုက်အာရုံပြုပြီး ရွတ်လိုရွတ်၊ ထိုသို့အပြန်အလှန် နားလည်မှုယူရန်။ ထို့နောက် မမြင်ရသောသူများ ဤနေရာတွင် တကယ်ပင်ရှိနေမည်ဆိုလျှင် ကျန်းမာကြပါစေ၊ စိတ်ချမ်းသာကြပါစေ၊ အစာရေစာပြည့်စုံကြပါစေဟူ၍ ဝတ်ကျေတမ်းကျေမဟုတ်ဘဲ အကယ်ပင် ကိုယ်ချင်းစာသည့်စိတ်ဖြင့် မေတ္တာပို့ရန်၊ ပြီးလျှင် ငါတော့အိပ်ပြီကွာဆိုပြီး နှုတ်ဆက်ပြီးအိပ်ရန်ဖြစ်ကြောင်း၊ ထိုအခါ ကောင်းစွာအိပ်ပျော်သွားလိမ့်မည်ဖြစ်ကြောင်း၊ ကြောက်စိတ်တွေလည်းရှိတော့မှာမဟုတ်ကြောင်း။ (၃) ရက်၊ (၄) ရက်လောက်လုပ်ကြည့်ပြီးပါက ဆရာပြောသည့်နည်းကို လက်တွေ့သဘောပေါက်သွားမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုမိမိ ပို၍ယုံကြည်လာလိမ့်မည်ဖြစ်ကြောင်း၊ ထိုသို့ကျင့်သုံးခြင်းဖြင့် တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့် စသည်တို့၏အနှောင့်အယှက်ကို မခံရသည့်အပြင် မိမိတွင် အခက်အခဲအရေးကြုံလာလျှင် သူတို့တစ်တွေကပင် သူတို့တတ်နိုင်သည့်ဘက်က ကူညီသွားကြလိမ့်မည်ဖြစ်ကြောင်း ဆရာက ရှင်းပြပါသည်။

ကျွန်တော် ထိုနည်းလမ်းကို အလွန်သဘောကျသွားပါသည်။ ယုံလည်းယုံကြည်ပါသည်။ သို့ဖြစ်၍ ညအိပ်ခါနီးတိုင်း ဆရာပေးသည့်နည်းလမ်းကို ကျင့်သုံးခဲ့ပါသည်။ ကျင့်သုံးသည့်နေ့မှစတင်၍ ကျွန်တော့်စိတ်က ကြည်လင်နေပါသည်။ ကြောက်တတ်သည့်စိတ်များလည်း ပျောက်ကွယ်သွားပါသည်။ မိမိကိုယ်မိမိ ယုံကြည်မှုကလည်း ပို၍များလာပါသည်။

ထိုအခါမှစ၍ ကျွန်တော် သရဲမကြောက်တတ်တော့ပါ။ ရောက်လေရာဒေသများတွင် သရဲ၊ တစ္ဆေကို နှင်ထုတ်သည့်နည်းကို မကျင့်သုံးပါသည်။ ထိုနည်းက ပို၍လုံခြုံနွေးထွေးမှုရှိသည်ဟု ကျွန်တော်ခံစားမိပါသည်။ မေတ္တာကို ဝတ်ကျေဝတ်ကုန်ပို့၍တော့မရပါ။ မိမိကိုယ်နှင့်ထပ်တူပြုလျက် ကိုယ်ချင်းစာနာသည့်စိတ်ဖြင့် သူတို့ကို အမှန်တကယ် ကောင်းစားစေလိုသော ဆန္ဒများဖြင့် လေးနက်သောမေတ္တာကိုထားရပါမည်။ ဤနေရာ၊ ဤဌာနတွင် အမှန်တကယ်ရှိကြအံ့။ သူတို့တစ်တွေ ဤလိုဘဝမျိုးမှ ကျွတ်လွတ်နိုင်ကြပါစေ။ ရှေးရှေးက မကောင်းသောအဖြစ်လုပ်မိ၍ ဤလို နိမ့်ကျသောဘဝကို ရရှိနေကြသည်။ သံသရာခရီးတွင် သူတို့တစ်ချိန်က ကောင်းမှုကုသိုလ်များလည်းလုပ်ခဲ့ကြပေလိမ့်မည်။ ထိုကောင်းမှုများက သူတို့ကို ကယ်တင်ပေးကြပါစေ။ ကျွန်ုပ်ပြုခဲ့သော ကုသိုလ်များကိုလည်း သူတို့တစ်တွေ ထပ်တူထပ်မျှရနိုင်ကြပါစေ။ ကောင်းသောဘုံဝများကိုရောက်ရှိနိုင်ကြပါစေ။ ကျွန်ုပ်အပေါ်တွင်လည်း သူတို့ကတုံ့ပြန်မေတ္တာထားနိုင်ကြပါစေ။ ငါကလည်း မင်းကို ဒုက္ခမပေးပါ၊ မင်းကလည်း ငါ့ကို ဒုက္ခမပေးနှင့်။ အရေးကြုံလျှင် ငါကလည်း မင်းကိုကူညီနိုင်တာကူညီပါမည်။ မင်းကလည်း ငါ့ကိုကူညီနိုင်တာကူညီပါ။ ဘဝသံသရာတွင်ကျင်လည်ကြသူအချင်းချင်း၊ တစ်မိုးအောက်တွင် ခိုလှုံနေကြသူအချင်းချင်း ချစ်ခင်စွာနေကြပေတော့ စသည်ဖြင့် လေးနက်သောပြောဆိုမှုများနှင့် မေတ္တာပို့ရပါမည်။ အကောင်းဆုံးသော ဘဝနေနည်း၊ ဘဝဖြတ်သန်းနည်းသည်ကား မေတ္တာအစပြုသော ဗြဟ္မစိုရ်တရားပင် ဖြစ်ပါသည်။ ကလေးသူငယ်များကို ထိုနည်းအတိုင်းသင်ကြားပေးသင့်ပါသည်။

ကျွန်တော်ငယ်စဉ်က သရဲအလွန်ကြောက်တတ်ခဲ့သော်လည်း တစ်ခါမှ သရဲခြောက်မခံခဲ့ရဘူးပါ။ သို့သော် သရဲမကြောက်တော့ပါဘူး ဆိုသောအခါမှ သရဲခြောက်တာတွေကို ကြုံတွေ့ခဲ့ရဖူးပါတော့သည်။ အမှန်က သရဲက ကျွန်တော့်ကို ခြောက်လှန့်သည်တော့မဟုတ်ပါ။ သူရှိနေကြောင်း သိအောင်ပြခြင်းသာ ဖြစ်ပါသည်။

❊

နယ်မြို့လေးတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ယခင်မြန်မာနိုင်ငံလွတ်လပ်ရေးမရမီခေတ်ကပင် သစ်ကောင်းဝါးကောင်းတို့ဖြင့် ဆောက်ထားသောအိမ်ဖြစ်၍ ယခု





www.burmeseclassic.com

www.burmeseclassic.com

ခေတ်ထိ ခိုင်ခိုင်မာမာရှိနေပါသေးသည်။ နေရာသစ်၊ အိမ်သစ်ရောက်လျှင် အထက်ပါအတိုင်း ကျွန်တော်မေတ္တာများဖြန့်ဝေပြီး အန္တရာယ်ကင်းအောင်နေလေ့ရှိပါသည်။

ကျွန်တော်ရောက်စကတော့ ဘာမှမဖြစ်ပါ။ ခြောက်လလောက်နေသောအခါ ကျွန်တော် အိပ်ရာဝင်ချိန်တွင် ခေါင်းရင်းနံရံကို လက်ဖြင့်ခေါက်သလို၊ ဇည့်သည်က အိမ်ရှင်ကို တံခါးခေါက်ခေါ်သလို တဒေါက်ဒေါက်ဖြင့် ခေါက်သံကြားရပါသည်။ ကျွန်တော့်ခေါင်းရင်းက သစ်သားနံရံ၏ အခြားတစ်ဖက်သည် အိမ်အပြင်ဘက် ဖြစ်ပါသည်။ ပထမတော့ အပြင်ကလူတစ်ယောက်က အရေးအကြောင်းရှိ၍ လာခေါ်သည်ဟု ယူဆမိပါသည်။ အိပ်ရာမှထလျက် ပြတင်းတံခါးဖွင့်ပြီး အိမ်ပြင်ကိုကြည့်တော့လည်း ဘာမှမတွေ့ပါ။ သို့နှင့် တံခါးပိတ်ပြန်အိပ်ပါသည်။ အိပ်ပျော်တော့မည်ဖြစ်သောအခါ ဒေါက်ဒေါက်၊ ဒေါက်ဒေါက်ဟူသော နှစ်ချက်တစ်တွဲ၊ သုံးချက်တစ်တွဲ စည်းချက်မှန်မှန်ခေါက်သံကိုကြားရပြန်ပါသည်။ ကျွန်တော်က ကျွန်တော့်ရုံးကတပည့်တွေ လာနောက်နေကြတာလားဟု ထင်မိပြန်ပါသည်။ သို့ဖြစ်၍ အိမ်တံခါးမကြီးကိုဖွင့်၊ အိမ်အောက်ကိုဆင်း၊ အိမ်ရှေ့တွင်သာမက အိမ်အောက်ဘက်ကိုပါ မီးထိုးကြည့်ပါသည်။ ခြေတံရှည်အိမ်လေးဖြစ်၍ အိမ်အောက်တွင် (၃) ပေလောက်အမြင့်ရှိပါသည်။ ထို့ကြောင့် တစ်ဦးဦးချင်းပုန်းနေနိုင်သဖြင့် နောက်ချင်ပြောင်ချင်သူများ ရှိလိုရှိငြားကြည့်မိခြင်း ဖြစ်ပါသည်။ သို့သော် ဘယ်သူမှမရှိပါ။

ကျွန်တော်ထပြီးဟိုဟိုသည်သည် ဓာတ်မီးနှင့် ထိုးကြည့်လျှင် ထိုအသံက ပျောက်နေပါသည်။ အိပ်ရာထဲပြန်လှဲလျှင် ထိုအသံက ပြန်ပေါ်လာပြန်ပါသည်။ ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက်ဟု အသံပြန်ပေါ်လာသဖြင့် ဒီတစ်ခါတော့ သံရဲခြောက်တာပဲဖြစ်လိမ့်မည်ဟု တွေးမိကာ သူ့ကို ကျွန်တော်က ပြန်ခြောက်ချင်သည့်စိတ်များ တဖွားဖွားပေါ်လာပါတော့သည်။

ထို့ကြောင့်ပင် ကျွန်တော်က ဒီဘက်နံရံမှ သူခေါက်သလိုပင် အသံတူအောင် ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက်ဟု ပြန်ခေါက်လိုက်ပါသည်။ ထိုအခါ ငြိမ်သွားပါတော့သည်။ ယခင်က နာရီဝက်ခန့်သူက ခေါက်လိုက်၊ နားလိုက်လုပ်နေရာက ယခု ကျွန်တော် ပြန်ခေါက်လိုက်သောအခါ သူက ခဏလေးနှင့် ငြိမ်သွားပါတော့သည်။

နောက်ရက်ထိုအချိန်သို့ရောက်လျှင် ကျွန်တော် အိပ်ရာဝင်၍ သူခေါက်ပြန်လေမလားဟု စောင့်နေမိပါသည်။ သူကလုံးဝမခေါက်ပါ။ ကျွန်တော်က သူ့ကိုစချင်နောက်ချင်၍ သူမခေါက်ဘဲနေသော်လည်း ကိုယ်ကပင် စခေါက်လိုက်ပါသည်။ ထိုအခါမှ သူက ပြန်ခေါက်ပါသည်။ သို့နှင့်ပင် ကျွန်တော် အပျင်းပြေကစားစရာနည်းတစ်မျိုးရသွားပါတော့သည်။ သူက မခေါက်လျှင် ကိုယ်ကစပြီးခေါက်၊ သူကပြန်ခေါက်၊ နောက်တော့ ကျွန်တော် အိပ်ရာဝင်မှမဟုတ်တော့၊ အကြောင်းရှိ၍ အိပ်ခန်းထဲဝင်တိုင်း ထိုနံရံနားရောက်လျှင်သူက လက်ဦးအောင် ခေါက်ပါတော့သည်။ သို့သော် နေ့ခင်းဆိုလျှင် သူကမခေါက်ပါ။ ကျွန်တော်ခေါက်သော်လည်း ပြန်မခေါက်ပါ။ ည (၉) နာရီကျော်မှသာ ခေါက်လေ့ရှိကြောင်း သတိပြုမိပါသည်။

တစ်ခါတလေတော့လည်း သူပျင်းနေသည်ထင်ပါသည်။ ကျွန်တော်ဘယ်လိုခေါက်ပြီး အသံပေးစေကာမူ သူက အကြာကြီးနေမှ စိတ်မပါလက်မပါစွာခေါက်ရသည့်ပုံပမာ တိုးတိုးလေး ဒေါက် ဒေါက်ဟု နှစ်ချက်လောက်သာ ခေါက်ပြီးငြိမ်သွားပါသည်။ သြော် -သူနေမကောင်းလို့ပဲလားဟုပင် ယုတ္တိမဲ့စွာ တွေးလိုက်မိပါသေးသည်။

ဤသို့နေလာရင်းမှ တစ်ခုသော မိုးညတစ်ည၏ညပိုင်း၌ သူခေါက်သော အသံမကြားရသဖြင့် ကျွန်တော်ကပင် စတင်ခေါက်လိုက်ပါသည်။ သူက ပြန်မခေါက်ပါ။ ကျွန်တော်ဘယ်လိုပင်ခေါက်နေပါစေ၊ သူပြန်မခေါက်တော့ပါ။ ဘယ်သွားနေသနည်း။ ဘာလုပ်နေသနည်း။ အလုပ်များနေတာလား။ အကျွတ်အလွတ်ဖြစ်သွားပြီလား။တောင်တွေးမြောက်တွေးတွေးနေမိပါသည်။ ကြာတော့လည်း ငါနှင့်ကစားရတာပျင်းသွားပြီထင်ပါတယ်လေဟုသာ ဖြေသိမ့်လိုက်ပါသည်။

နောက်နေ့ရောက်သောအခါမှ ကျွန်တော်ထူးဆန်းသည့်သတင်းတစ်ခုကို ကြားသိရပါသည်။ ကျွန်တော့်အိမ်နှင့်ရုံးမှာ တစ်ဝင်တစ်ခြံတည်း ဖြစ်ပါသည်။ ရုံးတက်ရန်ရောက်လာသော ကျွန်တော့်ကို ရုံးညစောင့်ဝန်ထမ်းလေးနှင့် ယာဉ်မောင်းတို့က ပြောပြကြပါသည်။

ညက သူတို့ရုံးအပေါ်ထပ်ဝရန်တာ၌ထိုင်၍ ရေနွေးသောက်ပြီး စကားပြောနေစဉ် မိုးရွာသံများကြားမှ ခွေးဟောင်သံကြားရ၍ ကျွန်တော့်အိမ်ဘက်သို့ကြည့်လိုက်ကြရာ လူတစ်ဦးသစ်ပင်အောက်တွင်ရပ်နေသည်ကို တွေ့ရကြောင်း၊ ထိုသူက မိုးကာအင်္ကျီအနက်ရောင်ကိုဝတ်ထားရာ လကလည်း လဆုတ်ရက်၊ တိမ်ကဖုံးတစ်ချက်မဖုံးတစ်ချက်၊ လျှပ်စီးလက်မှသာမြင်ရကြောင်း။ ရုံးဝင်းထဲကခွေးကဟောင်နေခြင်းဖြစ်၍ ထိုသူသည် ရုံးကလူမဟုတ်ဘဲ လူစိမ်းတစ်ဦးဖြစ်မည်ဟု သူတို့သုံးသပ်ပြီး ဝရန်တာအမှောင်ရိပ်ထဲမှအကဲခတ်ကြည့်နေကြကြောင်း၊ ထိုသူက သစ်ပင်အောက်မှ ကျွန်တော့်ကို အိမ်ဘက်သို့ငြိမ်ပြီးကြည့်နေသဖြင့် အိမ်ဖောက်ထွင်းခိုးယူရန် ကြံစည်နေပုံရကြောင်း။ ထို့ကြောင့် သူတို့နှစ်ယောက် တိုးတိုးတိတ်တိတ်တိုင်ပင်ကြပြီး ထိုသူကို ဝိုင်းဖမ်းရန် စီစဉ်တိုင်ပင်နေဆဲတွင် ထူးဆန်းသောအဖြစ်တစ်ခုကို မြင်တွေ့ကြရကြောင်း၊ ထိုမြင်ကွင်းကြောင့် သူတို့လည်းအလွန်အံ့ဩသွားမိကြောင်း၊ မြင်ကွင်းမှာ ကျွန်တော့်အိမ်နံရံဘက်မှ လူတစ်ယောက်အရွယ်ပမာဏရှိ မီးခိုးငွေ့လိုလို ဖြူဖြူအရိပ်တစ်ခု ထိုသူရှိရာဘက်သို့ ထွက်လာကြောင်း၊ ထိုအငွေ့ဖြူဖြူအရိပ်ကို တွေ့မြင်လိုက်သည်နှင့် သစ်ပင်အောက်တွင်ရပ်နေသောလူလည်း ချာခနဲလှည့်ပြေးထွက်သွားကြောင်း၊ ထိုသူပြေးသည်နှင့် ထိုအရိပ်အငွေ့သည်လည်း လေတွင်ပျောက်သွားကြောင်း၊ နောက်တော့ ဘာမှထူးခြားမှုမရှိကြောင်း ပြန်ပြောင်းပြောပြကြပါသည်။

သူတို့စကားအဆုံးတွင် ကျွန်တော်နားလည်လိုက်ပါသည်။ ထိုအငွေ့ဖြူဖြူသည်သူပင် ဖြစ်ပါမည်။ ညက နံရံကို ကျွန်တော်ခေါက်သော်လည်း သူကပြန်မခြောက်ခြင်းမှာ သူကိုယ်ကိုင်အလုပ်ရှုပ်နေသောကြောင့် ဖြစ်ပါလိမ့်မည်။ မိုးကလည်းတစိမ့်စိမ့်၊ အိမ်ရှေ့သစ်ပင်အောက်တွင်ရပ်နေသူကို သူတတ်နိုင်သည့်နည်းဖြင့် စောင့်ရှောက် ကာကွယ်ပေးနေခြင်း ဖြစ်ကြောင်း ကျွန်တော်သိရှိလိုက်ရပါသည်။

ထိုအငွေ့ဖြူဖြူအရိပ်မျိုးကို ရန်ကုန်မြို့၌နေစဉ်ကလည်း ကျွန်တော်တွေ့ကြုံခဲ့ဖူးပါသည်။ ထိုစဉ်က ကျွန်ုပ်တော်စာရေးလေးဘဝ ကျွန်တော်အထက်အရာရှိကြီးတစ်ဦး၏ကားပေါ်၌ လိုက်ပါ

www.burmeseclassic.com

...င့်တွေ့ကြုံရခြင်း ဖြစ်ပါသည်။ ည ... (၇) နာရီခန့် ဖြစ်ပါသည်။ အရာရှိ ... ဘာသာရေးသမားကြီး ဖြစ်ပါ ... သဘောမနောလည်းကောင်းပါ ... သူပေးထားသောအလုပ်များကို ... သည့်အထိ ပြီးအောင်လုပ်ပေး ... ကျွန်တော့်ကို သူက ကားဖြင့်အိမ် ... ပေးခြင်း ဖြစ်ပါသည်။ ကားကို သူ ... တ်မောင်းပါသည်။ ရုတ်တရက် ... က်ပလက်ဖောင်းမှ အရိပ်ငွေ့ဖြူ ... ခဲ ရွေ့လျားလာပြီး ကားရှေ့ ... က်လာသဖြင့် ကားကို တုံ့ခနဲဘရိတ် ... လိုက်ပါသည်။ အရိပ်ငွေ့သည် ကား ... တ် လွတ်အောင်ရှောင်ကာ အခြား ... က် ပလက်ဖောင်းပေါ် ရောက်သွား ... သည်၊ အရာရှိကြီးက ကားကိုဆက် ... င်းရင်း ဒီကောင်က ခဏခဏဒီလို ... တတ်တယ်ဟုပြောရင်း ဘာမှဆက် ... တော့ဘဲ ကားကိုသာဆက်မောင်း ... ပါတော့သည်။

အထက်အညာဒေသမှ နှစ်ပေါင်း ... ကြာမြင့်သော ရှေးကအဆောက် ... ကြီးအချို့တွင်လည်း တွေ့ရတတ် ... သည်၊ တစ်ခါတစ်ရံ အပြင်က ... က်လှမ်းလာသော ခြေသံများ ... ရောက်လျှင် အသံပျောက်သွား ... ပါသည်။ ထွက်ကြည့်လိုက်လျှင် ... မှမတွေ့ရပါ။ တံခါးပြန်ပိတ်လိုက် ... အခါတွင် စောစောက တံခါးဝမှ ... ၍ အဝေးသို့ပြန်လျှောက်သွားသော ... သံများကြားရတတ်ပါသည်။ အခန်း ... ၌ လူမရှိသော်လည်း စားပွဲပေါ်မှာ ... ရွတ်လှန်သံများ ဝင်ကြည့်လိုက်လျှင် ... မှမတွေ့ရပါ။ ကြောက်တတ်သူများ ... တွက်ကတော့ ထိုမျှနှင့်ပင် ဆက်ပြီး ... နေရဲအောင်ဖြစ်တတ်ပါသည်။တကယ် ... တော့ ကြောက်စရာမဟုတ်ပါ။ မေတ္တာ ... စရာသာ ဖြစ်ပါသည်။ မေတ္တာ၏ ... အေးမြသော အကျိုးအာနိသင်ကို သတ္တ ... များ ကြိုက်နှစ်သက်ကြပါသည်။ ခံစား ... တတ်ကြပါသည်။ နာနာဘာဝများဖြစ်၍ ... တို့လောကတော့ အသိဉာဏ်မရှိရှာ ... ကြပါ။ တစ်ခါတစ်ရံသူတို့ကူညီသည်မှာ ... လွဲတချော်များလည်းဖြစ်သွားတတ် ... သည်။ ငိုအားထက်ရယ်အားသန်ကြ ... သော ဖြစ်ပါသည်။

ဆေးရုံများတွင် ရောဂါကျွမ်း၍ ... ယ်လွန်သွားသူအား အဒေးတိုက်သို့ ... ပို့မိ ကွယ်လွန်ပြီးခါစ၌ ဘေးက အခြား ... လူနာများမသိအောင် အခန်းထောင့်ဖြစ်စေ၊ ဝရန်တာထောင့်ကွေ့နား၌ဖြစ်စေ ခေတ္တထားတတ်ကြပါသည်။ ပြီးမှ အအေးတိုက်တာဝန်ရှိသူများက လာသယ်သွားလေ့ရှိကြပါသည်။

တစ်ခါတွင် ကျွန်တော့် ဆွေမျိုးသားချင်းတစ်ဦး ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတတ်ပါသည်။ တော်သင့်ရုံရောဂါမျိုးဖြစ်၍ ရိုးရိုးလူနာဆောင်တွင်ပင် တက်ရောက် ကုသခံယူပါသည်။ ကျွန်တော်လည်း ဒရင်းပက်ခေါ် တစ်ယောက်အိပ်ခေါက်ခုတင်လေးကိုယူ၍ သူ့ကို ညအိပ်ညနေ သွားရောက် စောင့်ရှောက်ပေးပါသည်။ ရောဂါကြီးမဟုတ်၍ လူနာရော စောင့်ရှောက်ကြသူ၊ လူနာလာမေးသူတို့ပါ ရယ်စရာများပြော၍ တဝါးဝါးဖြစ်နေကြပါသည်။

ကျွန်တော်အိပ်ချင်သဖြင့် သူတို့နားတွင်မနေဘဲ ဝရန်တာလူရှင်းရာတွင် ဒရင်းပက်ကို ဖြန့်ခင်းကာ အိပ်နေလိုက်ပါသည်။ ဝရန်တာက လေတဟူးဟူးနှင့်နေ၍အတော်ကောင်းပါသည်။ မှောင်ရိပ်လည်းကျပါသည်။ ဆောင်းဝင်သောကာလများမို့ အအေးမမိစေရန် စောင်ကို ခေါင်းမြီးခြုံအိပ်နေလိုက်ပါသည်။

အိပ်ပျော်သလိုလို ဖြစ်သွားသောအခါ ကျွန်တော့်ခေါင်းရင်းနှင့် ခြေရင်းတို့မှနေ၍ အဓိပ္ပာယ်မရှိသောအသံများ တအီအီတအူအူဖြင့်ကြားရပါသည်။ကျွန်တော်အိပ်နေသော ဒရင်းပက်ကိုလည်း လှုပ်နေသလိုလို၊ မ,ပြီးရွှေ့နေသလိုလို ငြိမ့်ငြိမ့်ငြိမ့်ငြိမ့်ခံစားရ၍ စောင်ကိုခွာပြီးကြည့်လိုက်ရာဘာမှမတွေ့ရပါ။ ဒရင်းပက်မှာလည်း မူလနေရာမှာသာ ဖြစ်ပါသည်။ စောစောတုန်းကကြားရသည့် အဓိပ္ပာယ်မဲ့အသံများလည်း မကြားရတော့ပါ။ ကျွန်တော်ချက်ချင်းသိလိုက်ပါသည်။ပရလောကသားများက အသက်ရှိသည့်ကျွန်တော့်ကို အသက်မရှိသူနှင့်မှားယွင်းကြခြင်းသာ ဖြစ်ပါသည်။

ပြန်တွေးကြည့်၍ ကျွန်တော် ပြုံးလိုက်မိပါသည်။

မေတ္တာသုတ်ကို မပွင့်တပွင့်ရွတ်ဆိုလိုက်ပါသည်။

ကိုယ်နှင့်ထပ်တူဖြစ်သောမေတ္တာကို ပို့သဖြန့်ဝေလိုက်ပါသည်။

သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

တက္ကသိုလ်ဝင်းမြင့်

# အပူကြောင့်ဖြစ်တဲ့အကျိတ်တွေ အမြန်ဆုံးကြေပျက်အောင်

ခန္ဓာကိုယ်တွင်း အပူများခြင်းကြောင့် အပူများကန်ထွက်လာပြီး ခန္ဓာကိုယ်၏ ပေါင်ရင်း၊ လည်ပင်း၊ မေးစေ့အောက်တို့တွင် အကျိတ်ဖုများ ပေါ်ထွက်လာပါသည်။

အချို့ မိမိကိုယ်မှာ အဖုလေးများ စမ်းမိလျှင် ကင်ဆာဖုလားဘာလားဆိုပြီး စိုးရိမ်တတ်ကြပါသည်။ အကယ်၍ ကင်ဆာဖုမဟုတ်ဘဲ သာမန်အပူများခြင်းကြောင့်ဖြစ်သော အပူဖုအကျိတ်များဆိုလျှင်တော့ မစိုးရိမ်ပါနှင့်။ မိမိဝန်းကျင်မှာတင် လွယ်ကူစွာရနိုင်မည့် သဘာဝဆေးဖက်ပစ္စည်းများနှင့် ကုသနိုင်ပါသည်။

ကန်စွန်းရွက်သည် အပူကြောင့်ဖြစ်သော ရောဂါများအား နိုင်သောဆေးပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ကန်စွန်းရွက်ဟုဆိုသော်လည်း အခေါင်းပွအရိုးတုတ်တုတ်၊ အရွက်ဖားဖားများနှင့် တရုတ်၊ ထိုင်ဝမ်ကန်စွန်းများကို မဆိုလိုပါ။ ဥ, ဥသော ကန်စွန်းပင်၏ ကန်စွန်းရွက်များကိုလည်း သုံး၍မရပါ။ မြန်မာ့ကန်စွန်းဖြစ်သော သဘာဝအတိုင်း ကန်ရေစပ်များတွင် ပေါက်ရောက်သည့် ကန်စွန်းရိုးနီကို အသုံးပြုရမည် ဖြစ်ပါသည်။

ထိုရိုးနီကန်စွန်း အရွက်၊ အရိုးလက်တွင်းတစ်ဆုပ်ကို ထန်းလျက်သင့်သင့် သုံး၊ လေးလုံးခန့်နှင့် ရေမတ်ခွက်သုံးခွက်ရောကာကျိုပါ။ တစ်ခွက်ခန့်ကျန်လျှင်ချပါ။ အေးသွားလျှင် တစ်နေ့ကုန် တစိမ့်စိမ့်သောက်ပေးပါ။ သောက်သုံးရာတွင် ဆားသင့်ရုံပါရော၍ ခတ်သောက်ပါ။ သတိပြုရန်မှာ ဆေးကိုတစ်ခါတည်း အများကြီးမကျိုပါနှင့်။ တစ်နေ့တစ်ခါ အသစ်ပြုတ်၍သောက်ပေးပါ။

အပူများငြိမ်းပြီး အပူကြောင့်ဖြစ်ပေါ်လာသည့် အကျိတ်ဖုများကြေပျက်ပျောက်ကင်းသွားပါလိမ့်မည်။ ဖော်ပြခဲ့သလို ဆေးအဖြစ်အသုံးပြုမည့် ကန်စွန်းသည် နည်းပညာများဖြင့် ပြုပြင်စိုက်ပျိုးထားသော ကန်စွန်းမဖြစ်ပါစေနှင့်။ သဘာဝမြန်မာကန်စွန်းရိုးနီဖြစ်ပါစေ။ မှချ အပူကြောင့်ဖြစ်သော အကျိတ်ဖုများ ကြေပျက်ပျောက်ကင်းပါလိမ့်မည်။

သဒ္ဒါ (ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com

သပြေကုန်းရွာလေးမှာ-

ကိုသာဆိုင်တို့၊ မအုံးမြတို့ဆိုရင် မသိတဲ့လူမရှိဘူး။

သူတို့လင်မယားဆိုရင် လူချစ်လူခင်ပေါ့မှပေါ့။

ကိုသာဆိုင်က လူပျိုကြီး၊ မအုံးမြကတော့ ကလေးတစ်ယောက်အမေ။ ဒါပေမယ့် အိမ်ထောင်ပျက်ခဲ့ပြီ။ အိမ်ထောင်ပျက်ပြီးမှ ကိုသာဆိုင်နဲ့အကြောင်းပါတာ။

အမှန်က မအုံးမြက သပြေကုန်းရွာသူ။ ကိုသာဆိုင်က သပြေကုန်းကနေ ဒုံးလျှောက်သွားရင်း တစ်နာရီလောက်ကြာမှရောက်တဲ့ ရွာလေးက။ အဲဒီရွာလေးကနေ လာပြီး မအုံးမြနဲ့ အကြောင်းပါတာ။

တွေ့တာက ငါးရက်တစ်ဈေးမှာ တွေ့ကြတာ။ ငါးရက်တစ်ဈေးကနေ ငါးရက်ပေါင်းများလာတော့ အကြောင်းပါကြရော။

ကိုသာဆိုင်ကလည်း သူနေတဲ့ ကုက္ကိုတန်းရွာလေးကိုစွန့်ခွာခဲ့ပြီး သပြေကုန်းကို လိုက်လာတာ။

ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာဆိုတာနဲ့တူပါရဲ့။

"အုံးမြရေ"

"တော်"

"နင့်ကလေးလေးဟာလေ ဟိုးအတိတ်ကများ ငါ့ကလေးဖြစ်ခဲ့လား မသိဘူး။ ငါ့ရင်ထဲမှာ ငါ့သားအရင်းလိုပဲ"

"ကိုသာဆိုင်ရယ်၊ ကျုပ်တို့ကဘဝတူတွေပဲ။ ဘဝတူရင် အချစ်တူမှာပေါ့"

"အခုမတူလို့လား။ နင့်သားဟာ ငါ့သားပဲလေ"

"တူချက်ရက်စက်ပါ့တော်။ ကျုပ်တောင်အံ့သြလို့"

"အေးလေ၊ နှစ်ခါလည်ကျော်ပဲရှိသေးတော့ ငါ့ကို အဖေ၊ အဖေနဲ့။ ကြီးလာရင်ကော အဲလိုခေါ်ပါ့မလားလို့ တစ်ခါတစ်ခါတွေးပူမိတယ် အုံးမြရယ်"

"အိုတော်-ဂလိုမပြောပါနဲ့။ ကျုပ်သားက ဂလောက်လည်းမရိုင်းသေးပါဘူး"

"အေးပါဟာ"

မအုံးမြကတော့ ကလေးကို အလိုလိုက်မှလိုက်။

ဘယ်လိုမှ အငြိုအငြင်မခံဘူး။ ကလေးအငိုကိုမခံဘူး။ ကလေးက ဒါဆိုဒါပဲ။ သူ့ဘဝမှာ သူ့အတွက် အရေးအကြီးဆုံးဟာ သူ့ကလေးပဲ။ ကလေးက သေဆိုသေ၊ ရှင်ဆိုရှင်ပဲ။ သူ့စိတ်ထဲမှာ တော့ ဖအေမရှိတော့တဲ့အတွက် ဒီ... သာလျှင် ငါ့သားရှေ့ မားမားရပ်မှ... တော့မယ်ဆိုတဲ့စိတ်ရှိပုံပေါ်ပါတယ်။

မှန်ပါတယ်။ ဒါကိုမှားတယ်သွား... ပြောလို့မရဘူး။

မိခင်မေတ္တာလေ။

ဒါပေမယ့် -

ကိုသာဆိုင်က သူတို့သားအမိ... ပုဆိုးခါးတောင်းကျိုက်ပြီး ရှာကျွေး... တာ။ ဒီအတွက်တော့ ကိုသာဆိုင်... ထည့်တွက်ဖို့ကောင်းတာပေါ့။ လို... သေးမရှိအောင် ရှာကျွေးရှာတဲ့ ကိုသာ... ဆိုင်ကိုကျတော့ ဂရုစိုက်ရကောင်းမှန်း... အိမ်ထောင်ဦးစီးအဖြစ် လေးစား... ကောင်းမှန်း မသိဘူး။ ကိုသာဆိုင်က... အကြံပေးရင် လက်မခံချင်ဘူး။

ကလေးနဲ့ပတ်သက်ပြီး စည်းကမ်း... လေးတွေ တဖြည်းဖြည်းမရှိဖြစ်လာ... တော့ ကိုသာဆိုင်က ပြောချင်တယ်။ ဒါ... ကို မအုံးမြက သိတယ်။ အပြောမခံဘူး... ငါ့သားကိုလာမပြောနဲ့ဆိုတဲ့အစွဲကြီး... ရှိနေတော့ ကိုသာဆိုင်ကို မျက်နှာသာ... မပေးတော့ဘူး။ ကိုသာဆိုင် မဟာ... လောက်အောင်ကို ထစ်ခနဲဆိုဟန့်တော... တာပဲ။ မျက်နှာထားခပ်တင်းတင်း...

# ပြည်သိမ်းကျော်

## သိမှမြင်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com

…က်ဆံတော့ ကိုသာဆိုင်ခမျာ မပြောရ ရှာတော့ဘူး။ မအုံးမြဘာလုပ်လုပ် သူ့ သားက ထမင်းမစားရသေးဘူး၊ ထိုင်နေ …် မအုံးမြမလှုပ်ရဲဘူး။ ဟိုသွားဆော့ ချင်တယ်ဒီသွားဆော့ချင်တယ် လိုက်ပို့ …ခင်လည်း နေပူပူ၊ မိုးရွာရွာ မအုံးမြ …နေတာပဲ။

ကလေးကို အဲသလောက် အလို မလိုက်သင့်ကြောင်း ကိုသာဆိုင်ကပြော တော့ မအုံးမြရဲ့ ကြောက်စရာကောင်း တဲ့ မျက်စောင်းကြောင့် ကိုသာဆိုင် မလှုပ်ရဲဘူး။ ချစ်ရှာတာကိုး။

ကြာခဲ့ပါပြီ။

နှစ်တွေလည်းမနည်းတော့ပါဘူး။

"အုံးမြရေ"

"ဘာတုံး"

"နင့်သား အရက်တမြမြလုပ်နေ တာ ကြာပြီနော်"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ သူရန်ဖြစ်လိုက် တိုင်း ငါပဲလိုက်ရှင်းပေးနေရတယ်မို့ လား။ နင် အဲဒါကျတော့"

"တော် ကျုပ်ကို ချစ်လှပါချည်ရဲ့ ဆိုတုန်းက ကျုပ်အပျိုမဟုတ်တော့ဘူး လေ။ ဒီကလေးပါပြီလေ။ ရှင်ပဲ ကျုပ်ကို ချစ်သလို ဒီကလေးကို ချစ်နိုင်တယ်ဆို။ ဗွေဆော်ဦးတုန်း ရှင်ပြောခဲ့တာလေ။ ခု…





www.burmeseclassic.com

www.burmeseclassic.com

နောက်နားကျမှ ဘယ်လိုဖြစ်ရတာတုံး။ ကျုပ်တောင်သည်းခံနိုင်သေးတာ ရှင်က ပွစိပွစိနဲ့ ညံ့ချက်တော်"

ကိုသာဆိုင် သက်ပြင်းရှည်ကြီးချပြီး သူတို့အိမ်လေးရဲ့ရေကပြင်လေးမှာ ခေါင်းငိုက်စိုက်ချထိုင်နေလိုက်ပါတယ်။ မအုံးမြကို သူချစ်ရှာတာကိုး။ နောက်ဆက်တွဲဒဏ်တွေသူခံပေ့ါ။

ရာသီတွေပြောင်းတာ ကိုသာဆိုင့်စိတ်ထဲမှာကြာနေသလိုများဖြစ်နေလား မသိဘူး။

နေ့တိုင်း သက်ပြင်းတချချနဲ့။

"ဗျို့ - ဒေါ်အုံးမြ၊ ခင်ဗျားသားကို ကြည့်ထိန်းနော်။ ကျုပ်တို့သတ်မိတော့မှာ။ မိုးလာရင် ကျုပ်တို့ကို အမြဲဗိုလ်ကျတယ် တောက်လျှောက်ပဲ"

"အေးပါတယ်၊ ငါပြောပါ့မယ်"

မနိုင်တော့ပါဘူး။ မအုံးမြ ဘာတွေပြောနေပြောနေ မနိုင်တော့ပါဘူး။ ဘာမှ မငြိမ်မငြင်ရအောင်၊ ကမ်းကုန်အောင် အလိုလိုက်ခဲ့တော့ အဲဒီသူငယ်အတွက် စည်းကမ်းဆိုတာ ဘာမှန်းမသိတော့ပါဘူး။ လူတောသူတောတိုးတဲ့ လူ့ကျင့်ဝတ်ဆိုတာတွေလည်း ဘာမှန်းမသိတော့ပါဘူး။ မနေတတ်၊ မစားတတ်၊ စကားမပြောတတ်တွေဖြစ်ပြီး လူ့အော့ကြောလန်ကြီးဖြစ်နေပါပြီ။

ကိုသာဆိုင်က သူတို့သပြေကုန်းရွာသား မဟုတ်ပေမယ့် လူမှုရေးကိစ္စတွေရှိရင် ရှေ့ဆုံးကဆိုတော့ ကိုသာဆိုင်ကို လူငယ်ကာလသားတွေက အကုန်ခင်ကြတယ်။ ကိုသာဆိုင်နဲ့တွေ့တိုင်း 'မင်းကြီးသားဆိုင်မျက်နှာကြောင့်ပေ့ါဗျာ' ဆိုတဲ့စကားတွေက မိုးကိုမွှန်နေတာပဲ။

မအုံးမြ အလိုလိုက်ချက်ကတော့ ကမ်းကုန်သွားပြီ။

ကြည့်လေ - သူ့သား ငမူးပြန်လာရင် ဆီးကြိုရတာနဲ့၊ အိပ်ရာကိုခင်းပေးရတာနဲ့။ သင်ဖြူးဖျာလိပ်ဆို အနားမှာ အဆင်သင့်။ ဒီကြားထဲ အဲဒီငတေက သောက်ချင်တယ်ဆိုရင် အရက်ပြေးဝယ်ပေးရ၊ ငွေပေးရနဲ့။

ဘာပြောတယ်မှတ်လဲ။

"ကျုပ်က ကျုပ်သားလေးကို တောက်လျှောက်ချစ်လာတာဆိုတော့ ကျုပ်ရဲ့စိတ်ထဲမှာ ဗွေအရင်အတိုင်းပဲ။ သူ့ကိုအသက်ကြီးလာတယ်လည်းမထင်ဘူး။ သူဘာလုပ်လုပ် ကျုပ်က ချစ်ပြီးသား။ကျုပ်မျက်စိထဲမှာတော့ ကျုပ်သားလေးဟာ လိမ္မာချက်တော်။ ဂလောက်ချစ်တာ။ ကျုပ်သား နေဆိုးရင်တောင် သူ့ဆီက နေဆိုးတာကို ကျုပ်ကခံရပါစေလို့ ကျုပ်ဆုတောင်းတာ"

ပြီးပြီလေ။

ဘာပြောလို့ရတော့မှာလဲ။ မိုးလာရင် သေချာချော့သိပ်တယ်။ သူ့သားဟာ အရက်သောက်တာ ခဏလေးပဲရှိသေးလို့တဲ့။ အသက်ကြီးတဲ့လူတွေတောင် ဘုရားမှန်း၊ တရားမှန်းမသိ သောက်နေကြတာ။သူတို့ထက်စာရင် သူ့သားလိမ္မာတယ်တဲ့။

ဒီလိုနဲ့ -

မိုးပါများလာတော့၊ မိုးတွဲအပေါင်းအသင်းတွေနဲ့ချည်းပေါင်းလာလေတော့ ရန်ဖြစ်တာတို့၊ ထိုးတာကြိတ်တာတို့တင် မကတော့ဘူး။ ခိုးတဲ့ဝှက်တဲ့သူတွေနဲ့ပါ လုံးလာပြီ။

သနားဖို့ကောင်းတာက ကိုသာဆိုင်။

မပြောရဲရှာဘူး။ မအုံးမြ စိတ်ခုပြီး သူ့ကို မပေါင်းတော့မှာ သူအတော်ကြောက်တယ်။ ပြီးတော့ ငယ်ငယ်ထဲက သူထိန်းလာတဲ့ကလေးဆိုတော့ သူဘာလုပ်ရမှန်းကို မသိတော့ဘူး။

ကိုသာဆိုင့်အမျိုးတွေ ကုက္ကိုတန်းကလာတိုင်း ကိုသာဆိုင့်ကို ပြောကြတယ်။

"သာဆိုင်ရယ်၊ နင့်အတွက် မိန်းမ ဒါလောက်ပဲ ရှားနေလား။ ဒီကလေးအမေကို နင်ဘယ်လိုဖြစ်ပြီးတန်းတန်းစွဲနေရတာလဲ။ ဆေးများမိနေလားမသိပါဘူး၊ ဖြစ်ပျက်နေလိုက်တာ။ အုံးမြကပါတဲ့သားကလည်း ရိုင်းမှရိုင်း။ အုံးမြချော့ရ၊ သူ့သားငတေကို ချော့ရနဲ့ နင်လူလုံးမလှတော့ဘူး။ အဲဒါ နင့်ကိုယ်နင်သိရဲ့လား"

ဆိုပြီး ပြောလိုက်ကြသမှ။

ဒါပေမယ့် ကိုသာဆိုင် လည်စင်းခံတယ်။ မအုံးမြကို သူမေတ္တာရှိရှာတာကိုး။

ဒီလိုနဲ့ -

"ဟဲ့သား မောင်ပု၊ အမေ့နားကပ်လေးတော့မလုပ်ပါနဲ့ သားရယ်။ သားတို့ငါးရက်တစ်ဈေးမှာ အရက်ရောင်းချင်ရင် အမေ ဟိုအနောက်ဘက်ကဒေါ်လုံးကြီးကို သွားပြောပေးပါ့မယ်။ ဂလိုပြောရင် ငွေချန်လို့ရမှာပါ"

"အိုး - အမေကလည်းဗျာ၊ မဖြစ်နိုင်တာ။ ကျုပ်တို့နဲ့ဂလောက်ကြီးခင်တာမှ မဟုတ်ဘဲ"

"အမေနဲ့ကတော့ခင်ပါ့၊ ဟိုးဗွေအရင်ထဲက"

"အမေပဲလုပ်ပေးပါဗျာ"

ကိုသာဆိုင် ဘာပြောလို့ရမှာလဲ။ နားကပ်က သူဆင်ပေးထားတဲ့ နားကပ်လေး။ မအုံးမြကို သူမပြောရဲတော့၊ နားကပ်လေးဟာ မအုံးမြရဲ့ နားပေါ်ကနေ ဈာန်လျှောသွားပြီ။

ဒီနောက်တော့ -

အရက်ရောင်းဖြစ်ပြီ။ အရက်ပုန်းခေါ်မလား။

အရက်သမားတွေနဲ့ချည်း ပေါင်းပါများတော့ စာရိတ္တမကောင်းတော့ဘူး၊ မအေကိုလည်း 'ခင်ဗျားကြီးမဟာနဲ့။ ခင်ဗျားကြီးဝင်မပါနဲ့။ ခင်ဗျားကြီးကြပ်ကြပ်သတိထား။ ခင်ဗျားကြီးတိတ်တိတ်နေ၊ ခင်ဗျားကြီးနဲ့ဘာဆိုင်လို့လဲ'ဆိုတဲ့ စကားတွေ မိုးကိုမွှန်နေပြီ။

မအုံးမြက ကြိတ်ခံတယ်။

ကြိတ်မျက်ရည်ကျတယ်။ ကိုသာဆိုင်ရှေ့မှာ သူ့သားဆိုးကြောင်းဘယ်တော့မှ ယောင်လို့တောင်မဟာဘူး။ သူ့အသက်သာ အသေခံရင်ခံသွားမယ်။ သူ့သားကို ဆိုးပါတယ်လို့ ဘယ်တော့မှ မပြောဘူး။ သူ့စိတ်ထဲမှာ သူကပြောလိုက်ရင် သူ့သားကို ကိုသာဆိုင်ကများ ပြောလေမလားပေ့ါ။

အမှန်ကတော့ သူ့ရှုထောင့်တစ်ခုတည်းနဲ့ကြည့်ပြီး အဲသလိုတစ်ဖက်သတ်တွေးနေတော့ သူ့သားလည်း လူရမ်းကားကြီးလုံးလုံးဖြစ်၊ သူလည်း သားဆိုးအမေဖြစ်ရတော့တာပေ့ါ။

ဒါ ဘာလဲဆိုတော့ သူ့သားကို ကမ်းကုန်အောင် အလိုလိုက်ခဲ့တဲ့ ဆိုးကျိုးပဲ။ ဘာမှမခိုင်းရတာဟာ ချစ်တာမှ မဟုတ်ဘဲ။ ဒီလိုအတိုင်းသွားရင် ကလေးဟာ သံချေးတက်နေတဲ့ဓားလို ဖြစ်သွားမယ်ဆိုတာ မအုံးမြ မတွေးမိဘူးလေ။ သူ့ရဲ့အတွေးဟာ သူ့သားကို သူချစ်တဲ့အတွက် ဘာမှခိုင်းစရာမလိုဘူးဆိုတဲ့ သဘောဘဲ။ ဘာမှမလုပ်တတ်တော့တဲ့အခါ စည်းကမ်း ဆိုတာ နားမလည်နိုင်ဘူးလေ။ စည်းကမ်းကို ကိုယ်တိုင်မသိတော့တဲ့အခါ လူတောထဲကို ဘယ်လိုလုပ်တိုးတော့မလဲ။ ဒီကလေးကြီးလာရင် လူတောမတိုးအောင်လုပ်နေတာပါလားလို့ ကိုသာဆိုင်ကလည်း မပြောရဲရှာဘူး၊

ကလေးကတစ်ခုခုလုပ်တော့မယ်ကြံရင် နေနေ သား မောင်ပု အမေလုပ်လိုက်မယ်ဆိုပြီး သူကအရင်။

ကြာတော့ ကလေးမှာ အရည်အချင်းကတုံးလာနေပြီ။ ဘာမှမလုပ်တတ်တော့ဘူး။ ဒါကိုလည်း ဟိုလူပြောဒီလူ

www.burmeseclassic.com

ပြော ဘယ်လောက်ပြောနေပြောနေ အုံးမြ လက်မခံဘူး၊ နားမဝင်ဘူး။

သူ့စိတ်ထဲမှာ သူ့ကလေးကို သူ့လောက်ချစ်တဲ့မိခင် လောကမှာရှိမယ် မထင်ဘူး။

ဒါကြောင့် ငယ်ငယ်ကထဲက ဘယ်လိုမှ မဆုံးမခဲ့ဘဲ လွှန်အောင်ကျွေးအောင် အလိုလိုက်လာတော့ -

ဟော - အဆိပ်သစ်ပင်ကို ငယ်ဘူးက နုတ်မပစ်ဘဲ ရှင်သန်အောင် ထားလိုက်သလိုပဲ ကြီးလာတော့ နုတ်လို့ မရတော့ဘူး။

ဒါ - သူကြုံနေရပြီ။

ကိုသာဆိုင်ဟာ သားအမိနှစ်ယောက်လုံးကို မပူမပင်ရအောင် ရှာကျွေးခဲ့ပေမယ့် သူ့စိတ်ထဲမှာ ကိုသာဆိုင့်အပေါ် စွဲနေတာကြီးတစ်ခု ရှိတယ်။ ကလေးကို ပညာတတ်ကြီးဖြစ်အောင် ဆိုပြီး တဖွဖွပြောခဲ့ပေမယ့် ကိုသာဆိုင့်စကားနဲ့ ကိုသာဆိုင့်အကြံကို မအုံးမြ ထုံးဝလက်မခံခဲ့ဘူး။ သူ့သားကို ချုပ်ချယ်တယ်၊ တင်းကျပ်တယ်ပဲ သူမြင်တယ်။ အဲဒါဘယ်လိုမှပြောင်းလဲမရနိုင်တဲ့အစွဲကြီးကြောင့်ပဲ။ အဲဒီအစွဲကြီးကိုဆုပ်ကိုင်ပြီး လုပ်ကိုင်ရှာဖွေ ကျွေးမွေးစောင့်ရှောက်နေတဲ့ ထမင်းရှင် ခင်ပွန်းသည်ကို သူတန်ဖိုးမထားခဲ့ဘူး။ အဲဒီအစွဲကြီးနဲ့ တင်းခံထားတယ်။ အဲဒီအစွဲကြီးကတော့ -

ပထွေး။

ဟုတ်ပါတယ်။ ဒါ - သူသူကိုယ်တိုယ်ပါပဲ။ မအုံးမြနေရာမှာ တခြားအမျိုးသမီးတစ်ယောက်ဆိုရင်လည်း ဒီလိုပဲဖြစ်မှာပါပဲ။ မမြင်နိုင်ဘူးလေ။ ကိုယ့်သားသမီးအတွက်ပြောတာလား။ ဘယ်သူ့အတွက်ပြောတာလဲ ဆိုတာကို မြင်အောင်ကြည့်နိုင်မှာ မဟုတ်ဘူး။

ဒါပေမယ့် -

လောကမှာ ပထွေးနဲ့ ဘယ်လိုမှ မတူတဲ့ ကျွေးအဖေတွေအများကြီးရှိနေပါတယ်။

တချို့များ ဖအေအရင်းထက်တောင် ကောင်းတဲ့သူတွေ အများကြီး မြင်ဖူးပါရဲ့။

တကယ်ကို ကျေးဇူးတင်ထိုက်လွန်းတဲ့ ကျွေးအဖေတွေ လူ့လောကမှာ မထင်မရှားရှိနေကြပါတယ်။

ဒါပေမယ့် -

စောစောကပြောသလို သူတို့ကို ဘာထားတဲ့၊ သူတို့ကို လွှမ်းခြုံထားတဲ့ ပထွေးဆိုတဲ့ အပေါ်ယံအကာကြီးကို ဖောက်ပြီး လူတွေကမကြည့်ကြဘူးလေ။

ဒီအခါမှာ -

အခု မအုံးမြကြုံသလိုကြုံရပြီပေါ့။

ကိုသာဆိုင်လို ခံစားရပြီပေါ့။

မအုံးမြသားလေးကို လူတစ်လုံးသုံ့တစ်လုံးဖြစ်စေ့ချင်လွန်းလို့ ကျောင်းစာသင်ခိုင်းခဲ့တဲ့ ကိုသာဆိုင်။

ငါးတန်းလောက်အထိ တက်ပြီး နောက်ပိုင်း စာထဲမှာဘယ်လိုမှစိတ်မဝင်စားတော့တဲ့ကလေးကို အတင်းအကျပ် မပြောရက်မဆိုရက်၊ စည်းကမ်းမကြပ်ရက်ဘဲ အလိုက်လိုက်ခဲ့တဲ့ မအုံးမြ။

ဒီနှစ်ယောက်ဟာ ဆိုက်ကားတစ်စီးတည်းကို နှစ်ယောက်ကျောခိုင်းပြီးစီးနေကြသလိုပါပဲ။

ခရီးကတော့ အတူသွားနေကြပါရဲ့။

ဒါပေမယ့် အမြင်တွေက ကျောခိုင်းနေပြီ။

ငယ်ငယ်ရွယ်ရွယ်လေးကနေ အခုကြီးတောင့်ကြီးမားကြီးဖြစ်ပြီး အရက်တမြမြနဲ့ဆိုးနေတဲ့ထိ ငတေကို ဘာမှ မခိုင်းရက်ဘူး။

ဒါကြောင့် ငတေဟာ တံမြက်စည်းတောင်ဖြောင့်အောင်မလှည်းတတ်ဘူး။ကျန်တာကတော့ စဉ်းစားသာကြည့်တော့။

ဟော -

ကြုံပါပြီ။

မအုံးမြ မျက်ရည်နဲ့ ဒူးနဲ့သုတ်နေရပါပြီ။

တစ်ချက်တစ်ချက် ကိုသာဆိုင် ဝင်ပြောမယ်လုပ်ရင် မအုံးမြက သူ့သားဘယ်လောက်လိမ္မာတယ်တို့ဘာတို့ဖြစ်ပြန်တာပဲ။ အပေါင်းအသင်းကြောင့်သာ ဒီလိုဆိုးတာလို့ပြောပြန်တာပဲ။ တစ်ရွာလုံးနဲ့ တစ်ယောက်ဖြစ်နေလည်း သူ့သားအမှန်ပဲ။



ကြုံပါပြီ။

မအုံးမြကို ပစ်တွန်းလှဲလိုက်လို့ ဗိုင်းခနဲလဲကျသွားတဲ့ မအုံးမြကိုကြည့်ပြီး ကိုသာဆိုင် ဝင်ပြောမယ်လုပ်တော့ ဟိုယစ်ထုပ်ကြီး ဓားပြေးဆွဲတယ်လေ။

အခြေအနေက အတော့်ကို ဆိုးနေပြီ။

ကျွေးအဖေနေရာမှာ မနေခဲ့ရရှာတဲ့ ကိုသာဆိုင် မအုံးမြနှိမ်ထားခဲ့သလိုနေခဲ့ရှာတော့ ငတေရဲ့ရိုသေလေးစားမှုတို့ဘာတို့၊ စကားနားထောင်မှုတို့ သူမကြုံခဲ့ရဘူးလေ။

ကြာတော့ -

မတတ်နိုင်တော့ဘူး။

ဘယ်လိုမှ မခံစားနိုင်တော့တဲ့ ကိုသာဆိုင် ချစ်စိတ်ကို နာစိတ်တွေနဲ့ ဖုံးပြီး ဒါလောက် လုပ်ကိုင်ရှာဖွေကျွေးနေတဲ့ကြားထဲက၊ ဘာတစ်ခုမှမသိတတ်တဲ့သူကို ဒါလောက် ကျွေးမွေးထားပါရက်နဲ့ ဒါလောက် သည်းခံနေတဲ့ကြားထဲက ဘယ်လိုမှ သူ့အတွက် နေရာမရှိတော့ဘူးလေ။ အဲဒီနေရာကတော့ အိမ်ထောင်ဦးစီးဆိုတဲ့ နေရာပဲ။ ဒီလိုနေရာမဲ့ပြီလည်းဆိုရော ကုက္ကိုတန်းက သူ့အမျိုးတွေဆီကို သူခြေဦးပြန်လှည့်လိုက်ပြီ။

ဒါကြောင့်-

မအုံးမြနဲ့ ကိုသာဆိုင် ရေစက်ကုန်သွားကြပြီ။

ကြားတဲ့သူတွေ၊ သိတဲ့သူတွေကတော့ ဩော် - ဒါလောက်ချစ်ကြတဲ့လင်မယား။ အုံးမြအဟုတ်မဟုတ်လို့ ကွဲရတာပါလားဆိုပြီး စိတ်မကောင်းကြဘူး။

လူဆိုတာ အမျိုးမျိုးပေါ့လေ။

ကိုသာဆိုင် ဝင်ရှုတ်ပြီဆိုပြီး ပြောတဲ့သူကပြော -

မအုံးမြတို့ ကိုယ်က မအေပဲ။ ပထွေးပြောတာမခံစေနဲ့။ ကိုယ့်သားရှေ့က အသက်အသေခံရပ်ဆိုပြီး ပြောတဲ့သူတွေဆိုရင်လည်း ခုဆို တကယ်လည်းကွဲရော သူတို့မဟုတ်သလိုဘဲ။

ဒါ လူ့သဘာဝနဲ့တူပါရဲ့။

အကုသိုလ်တွေ များလွန်းပြီး ဘုရား၊ တရား၊ သံဃာ ဆိုတာ ဘာမှန်းမသိ။ ထမင်းရှင်ဆိုတာ ဘာမှန်းမသိ။ ကျေးဇူးတရားဆိုတာ မကြားဘူး၊ မမြင်ဘူးဘဲ ကျိုး(ချိုး)နဲ့လားလို့ မေးယူရလောက်မယ့် ငတေ။

နောက်ဆုံးတော့ သူ့ဒဏ်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com

လို့ မအုံးမြပါ အိမ်မှာမနေရဲတော့ဘူး။ မားတဝင့်ဝင့်၊ တုတ်တဝင့်ဝင့်ကိုကြောက်ပြီး မအုံးမြ ဒိပြင်အိမ်တွေမှာ လျှောက်အိပ်နေရပြီ။

တစ်ခါများ 'ခင်ဗျားသေပေတော့' ဆိုပြီး မားနဲ့လိုက်တာ မအုံးမြ သူ့အမျိုးတွေအိမ်ပေါ် တက်ပြေးလို့သာပေါ့။

ဒီတော့လည်း ပြောကြပြီလေ။

ဒါလောက် ဖူးဖူးမှုတ်ပြီး အလိုမလိုက်သင့်တာမှန်းမသိ၊ အလိုလိုက်သင့်တာမှန်းမသိ၊ မျက်ကန်းတစ်ယောက်လို စွတ်ပြီးအလိုလိုက်လာမှတော့ ဒီငတေ မပျက်စီးဘဲနေပါ့မလားဆိုပြီးပြောကြပြီ။

ဆုံးမပဲ့ပြင်ပေးမယ့် ကိုသာဆိုင်ကိုကျတော့ နိုင်နင်းလိုက်တာများ ရစရာမရှိဘူး။ ဒီတော့ ကိုသာဆိုင်ကလည်း သူ့သားကို ဘယ်လိုလုပ်ဆုံးမလို့ရပါ့မလဲ တို့ဘာတို့ဖြစ်ပြီပေါ့။

တစ်မိုးကုန်ပြီး -

တစ်နေ့ -

ကုက္ကိုတန်းရွာဘက်ကို တိုက်ကြက်လာဝယ်တဲ့ လူတစ်ယောက် ရေးကြီးသုတ်ပျာနဲ့ ကိုသာဆိုင်ကို လိုက်ရှာနေပါတယ်။

ကိုသာဆိုင် နေ့လယ်နေ့ခင်း ရေနွေးကြမ်း သွားသောက်တတ်တဲ့ ဒေါ်မငယ်တို့ အိမ်ရှေ့လည်းရောက် ကိုသာဆိုင်နဲ့တွေ့ပြီး -

"ဗျို့-မင်းကြီးသာဆိုင်၊ အဲဟိုမှာ ငတေ အရက်မူးပြီး ညကတည်းက ရွာတောင်ဖျားက ကန်စပ်မှာ နွံထဲနစ်လို့ သေပြီတဲ့"

"ဟေ"

သပြေတန်းရွာလေးဆီ ကိုသာဆိုင် ရောက်သွားပါပြီ။

မြန်လိုက်တဲ့ခြေထောက်။

ရွာတောင်ဖျားက ကန်နားမှာ လူတွေ (၁၅) ယောက်၊ အယောက် (၂၀) လောက် ရုံးစုရုံးစုနဲ့မို့ လှမ်းကြည့်လိုက်ပါတယ်။

ဟုတ်ပါတယ်။

ငတေ နွံထဲမှာနစ်သွားတာပါ။

မူးပြီး နွံထဲအကျ ပြန်မတက်နိုင်တော့တာပါ။

မအုံးမြကိုလည်း လူကြားထဲမှာ သူလှမ်းမြင်နေပါတယ်။

ဒါပေမယ့် -

သူရှေ့ဆက်မသွားတော့ပါဘူး။

နောက်ကြောင်းပြန်လှည့်လျှောက်လာခဲ့ပါပြီ။

သူဆက်သွားလည်း မအုံးမြရဲ့ အပူသောကကို သူငြိမ်းပေးနိုင်တော့မှာမဟုတ်ဘူးလို့ သူ့ကိုယ်သူ တွေးလိုက်မိတယ်ထင်ပါရဲ့။

သူ ပြန်လှည့်လာတဲ့ လမ်းတစ်လျှောက်မှာ တောပန်းတောင်ပန်းလေးတွေ ပွင့်နေပါတယ်။

ဒီလမ်းလေးတွေနဲ့ ဒီပန်းလေးတွေဟာ သူနဲ့မစိမ်းပါဘူး။

ဒီပန်းရနံ့လေးတွေကြားထဲကနေ ဒီလမ်းလေးတွေကို သူခဏခဏလျှောက်ခဲ့သူပါ။

ဒီလမ်းလေးကနေ မအုံးမြဆီ ခဏခဏသွားခဲ့တာပါ။

ခု -

ဒီလမ်းလေးကပဲ သူပြန်လှည့်ခဲ့ပါပြီ။

သူ့ရင်ထဲမှာဘာမှမရှိတော့ပါဘူး။

နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ပြီးပါပြီ။

"မိဘတွေကို ဒါလောက်စော်ကားမှတော့ မြေမျိုတယ်ဆိုတာအဲဒါပဲ။ မြေက အက်ကွဲထွက်ပြီးမျိုမှ မြေမျိုတာမဟုတ်ဘူး။ ဒီလိုမြေပျော့ထဲမှာ ဘယ်လိုမှ ရုန်းမရတက်မရဖြစ်ပြီး သေရတာလည်း မြေမျိုတာနဲ့ အတူတူပဲ။ နွံဟာလည်း မြေကြီးပဲ။ အတူတူပဲ။ ဒါလောက်ဆိုးရွားလွန်းတဲ့သူ့ကို မြေကြီးကပဲ နိဂုံးချုပ်ပေးလိုက်တာ"

ဒီစကားတွေကတော့ -

ကုက္ကိုတန်းရွာလေးဘက်ကို ခေါင်းငိုက်စိုက်ချပြီးလျှောက်နေတဲ့ ကိုသာဆိုင်နဲ့ ခပ်လှမ်းလှမ်း -

ဘေးနားကဖြတ်သွားဖြတ်လာတဲ့ သူတွေ -

ကိုသာဆိုင်ကိုသိနေကြတဲ့သူတွေ ဒီလိုလူတွေ သူ့နားကဖြတ်ပြီးပြောသွားကြတဲ့စကားတွေပါပဲ။

ကိုသာဆိုင်ဘက်က ခံပြင်းကြလို့၊ ကိုသာဆိုင်ဘက်ကနာလို့ ပြောနေကြမှန်း ကိုသာဆိုင်လည်း သိပါတယ်။

ဒါပေမယ့် -

ဒီစကားတွေဟာ သူနဲ့မဆိုင်တော့ပါဘူး။

သူလည်း -

နွံထဲကရုန်းထွက်နိုင်ခဲ့ပြီးပြီပဲ။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်

---

# ဒန့်ကျွဲစေ့ ဆေးစွမ်း

# တင့်မခွန်း

ဒန့်ကျွဲပင်သည် ချုံငယ်ပင်ငယ်မျိုး ဖြစ်ပြီး နေရာအနှံ့အပြား အလေ့ကျပေါက်ရောက်ပါသည်။ အထူးသဖြင့် မြေလတ်ပိုင်းနှင့် အညာဒေသတွင် ပိုမိုပေါက်သည်ကို တွေ့မြင်ရပါသည်။ ဒန့်ကျွဲပင်ကို အချို့အရပ်တွင် 'မိုးကျလက်ဖက်ပင်' ဟုလည်း ခေါ်ဆိုသည်ကို တွေ့ရပါသည်။

ထိုဒန့်ကျွဲ၏ဆေးဖက်အသုံးများ စွာရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ် လက်တွေ့အသုံးပြုခဲ့ဖူးသည့် ဆေးဖက်အသုံး (၂) မျိုးကို တင်ပြရေးသားပါသည်။

၁။ ကလေးသူငယ် ဝမ်းတွင်းသန်ကောင်၊ တုပ်ကောင်ရှိနေလျှင် ထိုကလေးသည် စားသလောက်အားမဖြစ်ဘဲ ဗိုက်ပူနံကားလေးဖြစ်ကာ ဖွံ့ဖြိုးမှုမရှိ ပိန်လှီခြောက်သွေ့နေပါသည်။

၎င်းကလေးသူငယ်တိုင်းအတွက် ဒန့်ကျွဲစေ့ကို လှော်ပြီးအမှုန့်ထောင်းပါ။ ထိုဒန့်ကျွဲစေ့မှုန့်ရလာပြီဆိုလျှင် သကြားဖြူနှင့် ကော်ဖီဖျော်သကဲ့သို့ ဖျော်ပြီး ကလေးကို တိုက်ကျွေးပေးပါ။ လေး၊ ငါး ရက်တိုက်ပေးလျှင် ကလေးဝမ်းတွင်းမှ သန်ကောင်၊ တုပ်ကောင်များ ဝမ်းနှင့် အတူ ကျဆင်းလာပါမည်။ လက်တွေ့ ဆေးအသုံးဖြစ်ပါသည်။

၂။ နောက်တစ်မျိုးမှာ ဝဲစို၊ ဝဲ ခြောက်ယားနာမှန်သမျှအတွက်လည်း ဒန့်ကျွဲစေ့သည် ဆေးစွမ်းထက်ပါသည်။ ဒန့်ကျွဲစေ့ကို မှုန့်ညက်အောင်ကြိတ်ပြီး ခေါင်းလိမ်းအုန်းဆီနှင့်ဖျော်၍ မီးနွေးနွေး ပြကာ တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ် ယားနာများလိမ်းပေးပါ။ အုံ့ညြဖွယ်ရာ ယားနာ အမြန်သက်သာပျောက်ကင်းသွားပါ မည်။

အထက်ပါဆေးနည်း (၂) နည်းသည် ဒန့်ကျွဲစေ့ (ဝါ) မိုးကျလက်ဖက်ပင် စေ့ကို ကျွန်ုပ် လက်တွေ့အသုံးပြုခဲ့သည့် ဆေးနည်း (၂) နည်းဖြစ်ပါ၍ တိုက်ဆိုင်ကြုံတွေ့ပါက ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါရန် ရေးသား တင်ပြလိုက်ပါသည်။

*ကျန်းမာချမ်းသာလန်းဖြာကြပါစေ*

နတ်မောက်မင်းသန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကိုစနေ ၂

## ကပ္ပိယဘိုမင်းနှင့်ဂန္ဓာလရာဇ်ဆေးကုထုံးများ

⁑ အတွဲ (၁၄)၊ အမှတ် (၂) မှအဆက် ဖြစ်ပါသည်။

အနောက်ရွာမှ လယ်ပိုင်ရှင် ဦးဖိုးခင်၏ သမီး မယဉ်မြရောဂါအား ကုသပေးပြီးသည့်နောက် များမကြာမီ -

"ဟဲ့-ကြားပြီးပြီလား၊ အနောက်ရွာက မယဉ်မြလူပြုစားခံရတာကို ကပ္ပိကြီးကုပေးလိုက်သတဲ့တော့"

"ဟုတ်လား၊ ကပ္ပိယကြီးက ပယောဂလည်းနိုင်သလားဟဲ့"

"နိုင်လို့ပေါ့အေ၊ မယဉ်မြကိုပြုစားတဲ့ရွာသူက ပညာအတော်အစွမ်းထက်ဆိုပဲ။ ကြားရသလောက်ဆိုရင် တောင်းကင်တောင်ပျံနိုင်သတဲ့အေ"

"ဟယ် - ကြောက်စရာကြီး။ ဇော်ဂနီ၊ ဇော်ဂနက်ဆိုတာများလားမသိဘူးနော်"

"ဖြစ်နိုင်တာပေါ့ဟဲ့။ ဒီလောက်အစွမ်းထက်တဲ့သူက လုပ်ထားတာတောင် ပျောက်အောင်ကုနိုင်တယ်ဆိုတော့ ကပ္ပိယကြီးက ပိုပြီးမြင့်အောင်ပျံနိုင်လို့ဖြစ်မယ်အေ့"

"ဟုတ်မယ်၊ ဟုတ်မယ်"

"ထူးဆန်းတာက ကပ္ပိယကြီးက လူနာကို အရက်တိုက်ပြီး ပုစွန်လုံးနဲ့ မြည်းခိုင်းသတဲ့တော့"

"ဟုတ်ရဲ့လားဟယ်၊ ထူးထူးဆန်းဆန်း ကြားပဲကြားဖူးပါဘူး"

"ဟုတ်မှဟုတ်၊ ကျုပ်ရထားတဲ့သတင်းက တိကျသလားမမေးနဲ့"

လူတို့၏သဘာဝအတိုင်း နားစွန်နားဖျားကြားရသည်ကို ချဲ့ကားပြောဆိုမှုကြောင့် ကပ္ပိယကြီးမှာ ပို၍ပင်နာမည်ကြီးသွားလေတော့သည်။ သို့သော် ကပ္ပိယကြီးသည် သူနှင့်လားလားမျှမဆိုင်သလို မလှုပ်မချောက်ခဏတွေ့ရတတ်၏။ ထိုသို့ တွေတွေငေးငေးဖြစ်နေချိန်တွင် မျက်နှာအမူအရာမှာ အကြောင်းတစ်စုံတစ်ရာကို စူးစူးစိုက်စိုက် အဖြေရှာနေခြင်းမျိုး မဟုတ်ဘဲ ဝမ်းနည်းကြေကွဲနေပုံရသည်။ တစ်ခါတစ်ရံ ဆရာတော်နှင့် အချိန်အတော်ကြာအောင် နှစ်ကိုယ်ကြားတီးတိုးပြောဆိုဆွေးနွေးနေသည်ကိုတွေ့ရတတ်သကဲ့သို့ တစ်ခါတစ်ရံ နေ့လုံးပေါက်ပျောက်သွားတတ်သည်ကိုလည်း သတိထားမိလေသည်။ ဆရာတော်နှင့် မည်သို့သောအကြောင်းကိစ္စအား ပြောဆိုဆွေးနွေးသည်ကို မခန့်မှန်းနိုင်သော်လည်း



www.burmeseclassic.com

မကောင်းသည့် အကြံအစည်မျိုးတော့ မဖြစ်နိုင်ချေ။

မည်သို့ဆိုစေ ကပ္ပိယကြီး ကျောင်းသို့ ရောက်ရှိလာရခြင်း အကြောင်းအရင်းနှင့် ၎င်း၏ နောက်ကြောင်းအစိတ်အပိုင်းကိုတော့ ဆရာတော်သိထားမည်မှာမလွဲပေ။ ရောက်စက ကျွန်ုပ်ထင်သလို ကျွန်ုပ်တို့ရွာနှင့် အနီးဝန်းကျင်ရွာများအား မကောင်းကြံစည်ရန် ရောက်ရှိလာခြင်း မဟုတ်ကြောင်းကိုတော့ တဖြည်းဖြည်းမှန်းဆလာနိုင်၏။ အကြောင်းမှာ ကပ္ပိယကြီး ကျောင်းသို့ရောက်ရှိလာသည်မှာ သုံးလဆိုသောအချိန်အတွင်း ဝင်ရောက်ခဲ့ပြီဖြစ်သော် ကျွန်ုပ်တို့ရွာနှင့် အနီးဝန်းကျင်ရွာများတွင် ဘေးအန္တရာယ်တစ်စုံတစ်ရာမျှ မတွေ့ရသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် မသင်္ကာစရာတစ်ချက်တလေမျှ မတွေ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် မသင်္ကာစရာတစ်ချက်တလေမှ မတွေ့ရခြင်းကြောင့် ကျွန်ုပ်၏ သံသယစိတ်များ တဖြည်းဖြည်း မှုန်ဝါးစပြုလာ၏။ သို့သော် အခွင့်ကောင်းစောင့်နေခြင်းလည်းဖြစ်နိုင်ပြန်ရာ လုံးလုံးလျားလျားတော့ စိတ်ချနိုင်ခြင်း မရှိသေးပေ။

ခေတ်ကာလမှာလည်း လွတ်လပ်ရေးမရသေးမီကာလဖြစ်သဖြင့် ကျွန်ုပ်တို့နေထိုင်ရာ ရိုးမတောင်ခြေရွာများအဖို့ အုပ်ချုပ်ရေးနှင့် အလှမ်းဝေးလွန်းသည်ဖြစ်ရာ အမျိုးမျိုးသောတောကြောင်တို့၏အန္တရာယ်မှ ကင်းဝေးရန် ရပ်ရွာလုံခြုံရေးကို မိမိတို့နည်းနှင့်မိမိတို့ဖြေရှင်းနေရချိန် ဖြစ်၏။ သို့အတွက် လူတိုင်းအား ယုံကြည်ရန် ခက်ခဲလှသည့် အချိန်အခါလည်း ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်အား မည်သူကမျှ တာဝန်ပေးထားခြင်း မရှိသော်လည်း ယခုအထိ လူစိမ်းတစ်ဦးလိုဖြစ်နေသေးသည့် ကပ္ပိယကြီးအား အနီးကပ်အကဲခတ်နေရခြင်း ဖြစ်၏။

ကပ္ပိယကြီးသည် တစ်ဖက်မှကြည့်လျှင် စိတ်တုံးတုံးချယုံကြည်ရခြင်းမရှိသေးသော်လည်း အခြားတစ်ဖက်မှကြည့်လျှင် ကျွန်ုပ်တို့လို မြို့နှင့်ခရီးများစွာဝေးကွာလှသည့် ရိုးမတောင်ခြေရွာနေသူများ၏ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ အလွန်မှအားကိုးရသူဖြစ်နေပြန်သည်။ အမှန်တော့ ကပ္ပိယကြီးအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သံသယပွားနေခြင်းမှာ ကျွန်ုပ်၏ အမြင်သည် တရားမျှတမှုရှိပါ၏လော။ ဤသို့ မိမိထင်မြင်ချက် မှားသည်၊ မှန်သည်ကို မိမိကိုယ်တိုင် အတည်မပြုနိုင်သည့်အဆုံး စိတ်ရှုပ်ဖွယ်အတွေးတို့ကို အတင်းမောင်းထုတ်လိုက်ကာ စာကျက်ရန်စာအုပ်ကို ကောက်ကိုင်လိုက်၏။

ထိုအချိန်မှာပင် ရွာထဲ၌ တီးတိုးတီးတိုးပြောဆိုနေကြသော ကပ္ပိယကြီးနှင့်ပတ်သက်သည့်သတင်းများက ခေါင်းထဲသို့ အပြေးအလွှားဝင်ရောက်လာပြန်သည်။ အထက်တွင်ဆိုခဲ့သလို ကပ္ပိယကြီးသည် ဝေဒနာရှင်များနှင့်တကွ ရပ်သူရွာသားအများစု၏ ချစ်ခင်ကိုးစားမှုခံနေရသည့်အပြင် ဆရာတော်၏ လက်ခံအားပေးမှုကို ရရှိထားမှာမှန်၏။သို့သော် လောကဓမ္မတာအရ အဆိုးနှင့် အကောင်း ဒွန်တွဲလေ့ရှိတတ်သည့်အလျောက် အမုန်းပွားအမျက်သို၍ အချက်ကောင်းစောင့်သူ လူတစ်စုကလည်းရှိနေပြန်သည်။ အကွက်ကောင်းစောင့်၍ ချောက်ချရန်ကြံနေသူများကား အခြားမဟုတ်၊ နတ်ကတော် ချမ်းချမ်းနှင့် အပေါင်းပါတို့ဖြစ်လေသည်။

အကြောင်းမှာ အနောက်ရွာမှ လယ်ပိုင်ရှင် ဦးဖိုးခ၏သမီး မယဉ်မြအား လူပြုစားထားခြင်းခံရသည်ဟုဆိုကာ အကွက်ဆင်ဖန်တီးထားခြင်းမှာ ကပ္ပိယကြီးကြောင့် မအောင်မြင်တော့ဘဲ ပါးစပ်နားရောက်လုနီး ထမင်းလုတ်အားပုတ်ချခံလိုက်ရသလိုဖြစ်သွားခြင်းကြောင့် ဖြစ်လေသည်။ ချမ်းချမ်း၏ အိမ်အနီးနေသူ သာဝ၏ ပြောပြချက်အရ ချမ်းချမ်းသည် အချိန်ရှိသရွေ့ ကပ္ပိယကြီးအား ဓားကြိမ်းကြိမ်းလျက်ရှိကြောင်း ကြားသိရ၏။ အဆိုပါသတင်းကြောင့် ကပ္ပိယကြီးအဖို့ မည်သို့နေသည်မသိရသော်လည်း ကျွန်ုပ်မှာမူ နတ်ဆက်ထားသည့် အရိုးအသွား တစ်တောင်သာသာခန့်ရှိ ငှက်ကြီးတောင်ဓားကို မြင်ယောင်ကာ ကျောချမ်းနေမိလေသည်။

*

"ပထဝီဓာတ် ပျက်လတ်သည်ရှေး နံ့ဘေး နံ့စောင်း နာတောင်းပင်တည့် တကျိကျိနှင့် ဝမ်းလည်းနာစွာ သို့ရှိခါမူ တမာကြောင်ပန်း ကြက်သွန်ဖြူပါ သုံးဖြာစုတူ ရေပူနှင့်သောက် မပျောက်တုံကဲ ဝမ်းထဲသန်ရှိ ကိုယ်တည့်ရောင်ဖော ကျောရိုးဆစ်ထဲ ကိုက်ခဲတုံလျက် လေတက်ဆံဘိ အတိသာရ ဝမ်းကျဝမ်းနာ ဝမ်းပြည့်စွာနှင့် ဝမ်းမှာရောင်ဖော ကျောကလည်းညောင်း၊ ရင်ခေါင်းဆို့မူ ရှိတို့သည်မှာ ခြင်းရာသုံးဦး ဆေးတစ်ထုံးတွင် ထင်းရှူးလောင်းသည် နွားနို့ရည်နှင့် ငုံသည်မနေ"

ကျွန်ုပ်သည် အထက်ပါအတိုင်း ပထဝီဓာတ်၏လက္ခဏာရှစ်ပါးကို ဆေးချက်နှင့်တွဲ၍ ပြခန်းလက်ာအား စိတ်မပါဘဲ ပျင်းရိလေးတွဲစွာ အော်၍ကျက်မှတ်နေစဉ် သူကြီးတူမ ပန်းပု၏ ယောက်ျား၊ ဒေါ်ပိန်သေး၏ သမက်၊ သာရင်၏ယောက်ဖ ကိုရွှေတုတ်ရောက်ရှိလာကာ-

"ဟဲ့ - စနေ"

"အမ်"

"ဆရာတော်ရှိလား"

"ရှိတယ်ဗျ၊ စေတီကုန်းမှာ စင်္ကြံလျှောက်နေတယ်"

ဆိုသဖြင့် စေတီကုန်းဘက်သို့ ခပ်သုတ်သုတ်ထွက်သွားသည်တွေ့ရ၏။ မကြာမီ ဆရာတော်နှင့် ကိုရွှေတုတ်တို့ ပြန်လည်ရောက်ရှိလာကာ -

"ဟဲ့ကောင် အသေးလေး"

"ဘုရား"

"ကပ္ပိယကြီးရှိလား"

"ရှိတယ်ဘုရား၊ မီးဖိုထဲမှာ ဆေးကျိုနေတယ်"

"ခေါ်စမ်း"

ဆိုသဖြင့် မီးဖိုဘက်သို့ပြေးခဲ့ရ၏။ ကျွန်ုပ်ရောက်သွားချိန်တွင် ကပ္ပိယကြီးသည် မီးဖိုပေါ်မှဆေးအိုးအားချနေခိုက် ဖြစ်၏။

"ကပ္ပိယကြီး ဆရာတော်ခေါ်နေတယ်"

"ဘာကိစ္စလဲကွ"

"ကျုပ်လည်း နေရင်းထိုင်ရင်း ဘယ်အချိန်က စုံစမ်းရေးဌာနကိုရောက်သွားမှန်းမသိတော့ဘူး။ ဘယ့်နှယ်ဗျာ စာကောင်းကောင်းကျက်ရတယ်ကိုမရှိဘူး။ တစ်လျှောက်လုံး သူများမေးတာချည်း ဒိုင်ခံဖြေနေရတယ်။ ဘာကိစ္စလဲ မသိဘူး၊ ဆရာတော်နဲ့တွေ့မှ မေးကြည့်ပေတော့"

စိတ်တိုတိုနှင့် ဘုဆတ်ဆတ်ပြောကာ လှည့်ပြန်လာပြီး ကျက်လက်စ ဆေးလင်္ကာများအား အော်ကြီးဟစ်ကျယ် ကျက်နေရပြန်လေသည်။ ထိုသို့ ဆေးပညာ၊ ဗေဒင်ပညာနှင့် ပတ်သက်သည့် စာများအား ကျက်မှတ်နေရခြင်းမှာ ဆရာတော်၏ နှစ်ပင်လိမ်ကြိမ်အားရှိုင်မဆိုင်ရဲသဖြင့် ပျင်းပျင်းရိရိဖြေနေရခြင်းဖြစ်၏။ ကျွန်ုပ်ဘဝရေးအတွက် ဆိုသော်လည်း ဝါသနာအရင်းခံမရှိ

www.burmeseclassic.com

သင်ကြားမှုသည် ထွန်းထွန်း ပေါက်မရှိနိုင်ဟု ထင်မိသည်။ ယ်၍ တတ်မြောက်သည်ဆိုဦး ဝါသနာအရင်းခံရှိသူနှင့်ယှဉ် အချိန်ကာလကြာမြင့်နိုင်ကြောင်း ဆမိလေသည်။ ထို့ကြောင့်လည်း ပညာနှင့် ဆေးပညာအခြေခံအား ယူခဲ့သည်မှာ (၂)လအတွင်းချဉ်းနင်း ရောက်ခဲ့ပြီဖြစ်သော်လည်း ဘာတစ်ခု ရေရေရာရာမသိသေးချေ။ သို့သော် ကိုယ့်ဖို့ဆိုသောစကားအတိုင်း ဆရာ ကြီးနှင့် ကပ္ပိယကြီးကြားလောက် င် အထက်ပါအတိုင်း အော်ကြီး ကျယ်ဖြင့် ကျက်မှတ်နေရခြင်း ဖြစ် လေသည်။

ထိုအခိုက် -

"ဖြန်း၊ ဖြန်း"

"အသေးလေး"

"ဟိုက် - သားရေကြမ်းတမ်း ဖမိုး ၍ ဝမ်းကျဝမ်းသွန် ဝမ်းထဲသန်နှင့် အန်စွာဘိ"

"ဟဲ့ကောင် - ဒီကိုလာဦး"

ဆရာတော်၏အသံခပ်မာမာကို ကြားလိုက်ရသဖြင့် ဖတ်လက်စ စာအုပ်အား ပစ်ချကာ အပြေးရောက်ခဲ့ရလေသည်။

"ကပ္ပိယကြီးနဲ့ ရွာထဲလိုက်သွား"

ဆိုသဖြင့် အနည်းငယ်တွန့်ဆိုင်းသွားမိ၏။ ရွာနှင့် အတတ်နိုင်ဆုံး အဆက်ဖြတ်ထားသည်ကို ဆရာတော် သိနေပါလျက် အဘယ့်ကြောင့်စေလွှတ်ပါသနည်း။ အခြားရွာများသို့ စေလွှတ်ပါက မဆိုင်းမတွသွားလေ့ရှိသော်လည်း မွေးရပ်ရွာသို့ မသွားလိုသည်မှာ ဆွေမျိုးသားချင်းများ၏မျက်နှာကို မြင်ရပါက အဟောင်းက အသစ်ဖြစ်လာနိုင်သောကြောင့် ဖြစ်လေသည်။

"ဖြန်း"

"ဟဲ့ကောင်၊ ဘာငိုင်နေတာလဲ။ သူများတွေသွားကုန်ပြီ"

ဆရာတော်၏ ခပ်ငေါက်ငေါက် အသံကြောင့် အတွေးကို အလန့်တကြား ရုပ်သိမ်းကာ ကျောင်းပေါက်ဝသို့ပင် ရောက်နေပြီဖြစ်သော ကပ္ပိယကြီးနှင့် ကိုရွှေတုတ်တို့နောက်သို့ အပြေးလိုက်ခဲ့ရလေသည်။

*

အကြောင်းကိစ္စမရှိဘဲ ကျောင်းသို့ လာလေ့မရှိသော ကိုရွှေတုတ်ရောက်ရှိလာပြီး ကပ္ပိယကြီးကို ခေါ်ကတည်းက လူနာကိစ္စဖြစ်ကြောင်း အတပ်သိပြီးဖြစ်၏။ သို့သော် ဘယ်သူဘာဖြစ်၍ ဘယ်အိမ်သို့သွားမည်ကိုကား မသိ။ မတော်၍ ကျွန်ုပ်၏ဆွေမျိုးသားချင်းတစ်ဦးဦးအိမ်သို့သွားမည်ဆိုလျှင်တော့ မလိုက်လိုပေ။ ထို့ကြောင့် -

"ကိုရွှေတုတ်၊ ဘယ်သူဘာဖြစ်လို့ ဘယ်ကိုသွားမှာလဲဗျ"

"ငါမိန်းမ သန်းပု မီးဖွားပြီး ဘာဖြစ်နေမှန်းမသိလို့ဟ"

"အင်း - တော်သေးတာပေါ့"

ဆွေမျိုးသားချင်းအိမ်မဟုတ်၍ စိတ်သက်သာရာရသွားသလို ရင်ထဲတွင်လည်း ပေါ့သွားရင်း တော်သေးတာပေါ့ ဟူသော ကျွန်ုပ်စကားကြောင့် ကပ္ပိယကြီးမှ -

"ဘာတော်သေးတာလဲကွ"

"ကျုပ်ဆွေမျိုးတွေအိမ်များလားလို့ စိတ်ပူနေတာဗျ"

ကျွန်ုပ်၏ စကားကြောင့် ကိုရွှေတုတ် မျက်စောင်းခဲ့ရင်း -

"စိတ်မပူစမ်းပါနဲ့ စနေရယ်။ မင်းဆွေမျိုးတွေအားလုံး ကျန်းကျန်းမာမာ ရှိကြပါတယ်ကွာ"

"အဲဒီလိုစိတ်ပူတာမဟုတ်ဘူးဗျ။ ကျုပ်ဆွေမျိုးထဲက ဘယ်သူသေသေ ဂရုမစိုက်ဘူး။ ကျုပ်ပူတာက သူတို့မျက်နှာမမြင်ချင်ဘဲမြင်နေရမှာစိုးလို့ပူတာ။ ဒါပဲနော် ကပ္ပိယကြီး၊ ကျုပ်အမျိုးထဲက လူတွေရောဂါဖြစ်ရင် လုံးဝကုမပေးနဲ့။ တကယ်လို့ ကပ္ပိယကြီးသွားရင်လည်း ကျုပ်ကိုမခေါ်နဲ့"

ကပ္ပိယကြီးမှ ပြုံးပြုံးကြီးလှည့်ကြည့်ရင်း-

"ဟကောင်ရဲ့ ရောဂါကုတဲ့သမားဆိုတာ ရန်သူရယ်၊ မိတ်ဆွေရယ်လို့ မခွဲခြားရဘူးကွ။ ဝေဒနာရှင်ဟာ ကိုယ့်ရန်သူဖြစ်စေဦးတော့ ကရုဏာထားပြီး မေတ္တာစိတ်နဲ့ ကုသပေးမှ ဆေးချက်လိုက်သလို ရောဂါလည်းအလွယ်တကူ ပျောက်မှာပေါ့။ အဲဒီတော့မှ ကိုယ့်ရဲ့ သမားဂုဏ်လည်းမြင့်မှာပေါ့။ မင်းက နောင်တစ်ချိန်မှာ သမားတစ်ဦးအနေနဲ့ ဝေဒနာရှင်တွေကို ကုသပေးရဦးမှာ မဟုတ်လား။ ရန်သူ မိတ်ဆွေ ခွဲခြားတတ်တဲ့စိတ်ကို အခုအချိန်ကတည်းက ဖျောက်ပစ်ရမယ် စနေရဲ့။ ဒါ သမားကောင်းတစ်ဦးအဖို့ ထားအပ်တဲ့စိတ် မဟုတ်ဘူး"

"အိုဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ဆေးကုနိုင်တဲ့အချိန်ကျရင် အဲဒီမျိုးတွေကို တစ်ယောက်မှကုမပေးဘူး"

ကျွန်ုပ်စကားကြောင့် ကပ္ပိယကြီးနှင့် ကိုရွှေတုတ်တို့နှစ်ဦး အသံထွက်အောင်ပင် ရယ်ကြလေသည်။ ထိုသို့ စကားတပြောပြောနှင့်လှမ်းလာကြရာ ကိုရွှေတုတ်တို့အိမ်သို့ပင် ရောက်လာပြီဖြစ်၍ အိမ်အတွင်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံကျော်လက်သည်ကြီး ဒေါ်နက်မကို ဦးစွာ တွေ့ရလေသည်။ အမျိုးသမီးကြီး၊ ငယ် လေး၊ ငါးဦးကမူ အတွင်းခန်းပေါက်အနီးထိုင်ကာ တစ်စုံတစ်ရာကို တွတ်တိုးနေကြ၏။ ထို့အတူ မီးနေသည် သန်းပု၏ အဆက်မပြတ် ညည်းညူနေသံကိုလည်း စိတ်မချမ်းမြေ့ဖွယ်ကြားနေရလေသည်။

ကပ္ပိယကြီးသည် ဦးစွာ ဘုရားကျောင်းဆောင်ရှေ့သို့သွား၍ ဘုရားရှင်အား ဦးတိုက်လိုက်ပြီးမှ ဒေါ်နက်မအား အကျိုးအကြောင်းမေးမြန်းရာ -

"ဒီလို ဒီလို ကပ္ပိယကြီးရေ ပြီးခဲ့တဲ့နှစ်နာရီလောက်ကတည်းက ကလေးကို ဖွားပြီးပါပြီ။ ဒါပေမယ့် အခုချိန်ထိ အချင်းမကျသေးဘူးဆိုတော့ သန်းပုအတွက် စိတ်မချရဘူးတော့။ ဒီထက်ပိုကြာသွားရင် အသက်အန္တရာယ်သေချာပေါက်ဖြစ်နိုင်တယ်။ ဒီတစ်ခါလည်း ကယ်ပါဦး ကပ္ပိယကြီးရယ်၊ ကျုပ်လည်း တတ်သလောက်နည်းမျိုးစုံနဲ့ လုပ်ပေးမယ့် မထူးဘူး။ သူသာတစ်ခုခုဖြစ်သွားရင် ကျုပ်နာမည်ပျက်ပြီးလုပ်စားလို့ရမှာ မဟုတ်တော့ဘူး။ သူက သူကြီးတူမ မဟုတ်လား ကူညီပါဦး ကပ္ပိယကြီးရယ်"

မျက်နှာငယ်လေးဖြင့် အကူအညီတောင်းနေသော ဒေါ်နက်မမျက်နှာကို ကြည့်ရင်း ဝေဒနာသည်၏ အသက်အန္တရာယ်အတွက်လား၊ သူ့နာမည်ပျက်မည်စိုး၍လား၊ နှစ်ခုစလုံးအတွက်လား ဆိုသည်ကို အဖြေရှာနေမိ၏။

"အချင်းမကျသေးတာ သေချာရဲ့လား"

"သေချာပါတယ်တော်၊ ကျုပ်လက်သည်လုပ်စားလာတာ သေလည်ကြောင်မင်း နန်းမတက်ခင်ကတည်းက ဆိုတာ လူတိုင်းအသိ"

"ကဲ - ဒီလိုဆို လုံးလိုက်ရင် လောက်စာလုံးအကြီးစားလောက်ရနိုင်မယ့် ဆံပင်ထွေးရှာပေးပါ။ မြန်မြန် မြန်မြန်"

"ဟုတ်ကဲ့ - ရမယ်၊ ရမယ် စိတ်ချ"

ဒေါ်နက်မသည် ထိုင်နေသည့် အမျိုးသမီးများအား တစ်ဦးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ရိရိမွှေး

# အဝလွန်ရောဂါကင်းပြီး သွယ်လျတဲ့ခန္ဓာကိုယ်ဖြစ်စေဖို့



လူတိုင်း ကျန်းမာသန်စွမ်းကာ ဘဝလမ်းကို လျှောက်နိုင်ရန်အတွက် အဝလွန်ခြင်းမဖြစ်ရန် ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ လူသားတစ်ယောက် အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် မရှိမဖြစ် အဓိက အရေးအကြီးဆုံးသော အာဟာရဓာတ်သုံးမျိုးရှိပါတယ်။ အဲဒါတွေကတော့ (၁)ကာဗွန်ဟိုက်ဒြိတ်ဓာတ်၊ (၂) အဆီဓာတ်၊ (၃) ပရိုတင်းဓာတ်တို့ ဖြစ်ပါတယ်။ ကာဗွန်ဟိုက်ဒြိတ်ဓာတ်နဲ့ အဆီဓာတ်များမှအင်အားကို ခန္ဓာကိုယ်က အသုံးပြုရာတွင် ဗီတာမင်နဲ့ သတ္တုဓာတ်များပါဝင်တဲ့ အင်ဇိုင်း (Enzyme) နှင့် အကူအင်ဇိုင်း (Coenzyme) များက ကူညီပါတယ်။ ဒါကြောင့် ကာဗွန်ဟိုက်ဒြိတ်ဓာတ်နဲ့ အဆီဓာတ်များမှ အင်အားထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းလုပ်ငန်းအတွက် ဗီတာမင်နဲ့ သတ္တုဓာတ်လိုအပ်ပါတယ်။

ကာဗွန်ဟိုက်ဒြိတ်ဓာတ်ကို ဆန်၊ ဂျုံ၊ အာလူး၊ ပိန်းဥ အစရှိတဲ့ သစ်ဥသစ်ဖုနဲ့ ဂလူးကို့(စ်)၊ ကြံသကြား၊ နို့သကြား၊ သစ်သီးသကြား၊ ကစီတို့မှ ရရှိပါတယ်။ ပရိုတင်းဓာတ်ကို အသားများ၊ ငါး၊ ပဲအမျိုးမျိုးမှ ရရှိပါတယ်။ အဆီဓာတ်ကို နေ့စဉ် စားသုံးနေတဲ့ တိရစ္ဆာန်အဆီများ၊ အသီးအနှံများက ရရှိပါတယ်။ ဟင်းသီးဟင်းရွက်အမျိုးမျိုးမှ လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်ကို ရရှိပါတယ်။ ထိုအာဟာရဓာတ်များ အချိုးအစားညီမျှစွာပါဝင်နေပါက အဝလွန်ခြင်းပြဿနာမရှိဘဲ ပုံမှန်အနေအထားအတိုင်း ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘာပေါ်ရှိ လူမျိုးများစွာ အနေအထိုင်နဲ့ အစားအသောက်ပုံစံများ ပြောင်းလဲလာတာနဲ့အမျှ အာဟာရဓာတ်များ အချိုးအစားမညီမျှတော့ဘဲ အဝလွန်ခြင်းလက္ခဏာများ ဖြစ်ပေါ်လာပါတယ်။ ကမ္ဘာပေါ်ရှိ လူအများဟာ သကြားဓာတ်မြင့်မားစွာပါဝင်တဲ့ အစားအစာများနဲ့ အသင့်စားသုံးနိုင်တဲ့ Fast Food များကို စားသုံးခြင်း၊ လုပ်ငန်းခွင်တာဝန်များကြောင့် ကိုယ်လက်လှုပ်ရှားအားကစားကို မပြုလုပ်နိုင်ခြင်း၊ လုပ်ငန်းခွင်တွင် တာရှည်ထိုင်ရခြင်း၊ တာရှည်မတ်တတ်ရပ်ရခြင်းအပြင် စိတ်ဖိစီးမှုများဖြစ်ခြင်း စတဲ့ အကြောင်းများကြောင့် အဝလွန်ခြင်း ဖြစ်တတ်ပါတယ်။

### အဝလွန်ခြင်းဆိုတာ ဘာလဲ

အဝလွန်ခြင်းဆိုတာ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ကယ်လိုရီအင်အားဓာတ်များ လောင်ကျွမ်းကုန်ဆုံးရာတွင် ခန္ဓာကိုယ်တွင်း၌ ပိုလျှံနေမယ့်အင်အားဓာတ်များဟာ အဆီအဖြစ်သို့ ပြောင်းလဲပြီး ကိုယ်ခန္ဓာအတွင်းမှာ စုပုံနေပါတယ်။ ထို အဆီဓာတ်များ တစ်စတစ်စစုပုံရာ အများအပြားစုမိပြီး အဝလွန်ခြင်းကို ဖြ စေပါတယ်။

အဝလွန်ခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေရုံသာမက ဆီးချိုရောဂါ၊ သွေး တိုးရောဂါ၊ သွေးထဲအဆီမြင့်ရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ နှလုံးသွေး ကြောကျဉ်းရောဂါ၊ အသည်းအဆီ ရောဂါများဖြစ်စေနိုင်တဲ့အတွက် အဝလွ ခြင်းကို တားဆီးကာကွယ်ရန် သဘော ပေါက်လာပြီ ဖြစ်ပါသည်။

### စံချိန်မီအလေးချိန်တွက်နည်း

အမျိုးသားခန္ဓာကိုယ်အလေးချိ (kg) = ခန္ဓာကိုယ်အမြင့် (cm) ၈၀×၀. ၇

အမျိုးသမီးခန္ဓာကိုယ်အလေးချိ (kg) = ခန္ဓာကိုယ်အမြင့်(cm) ၀. ၇×၀. ၆

ထိုသို့ တွက်ယူရာတွင် ခန္ဓာကိုယ် အလေးချိန်ထက် (၁၀%) ပိုနေလျှ ဝ,သူ ဟု သတ်မှတ်ရပါမယ်။ ခန္ဓာကိုယ် အလေးချိန်ထက် (၂၀%) ပိုနေလျှ အနည်းငယ် အဝလွန်သူဟု သတ်မှ ရပါမယ်။ ခန္ဓာကိုယ်အလေးချိန်ထ (၃၀%) ပိုနေလျှင် အဝလွန်သူဟု သတ် မှတ်ရပါမယ်။ ခန္ဓာကိုယ်အလေးချိ

ဆယ်ပင်ခန့်စုလိုက်ရာ ကပ္ပိယကြီးပြောသည်ထက်ပင် ပိုများသွားလေသည်။ ဆံပင်များကို စုယူကာ ပန်းကန်ပြားတစ်ချပ်တွင်ထည့်ပြီး ဘုရားကျောင်းဆောင်ရှေ့သို့ ယူသွား၏။ ထို့နောက် ဘုရားကန်တော့၊ ငါးပါးသီလယူ၍ အင်္ဂုလိမာလသုတ်တော်နှင့် အဋ္ဌာန မေတ်ဂါထာတော်အား အဆက်မပြတ်ရွတ်လေတော့သည်။ မိနစ် (၂၀) ခန့်ရွတ်ပြီးနောက် ဒေါ်နက်မကိုခေါ်၍-

"ဒီဆံပင်တွေကိုလုံးပြီး လူနာရဲ့ ပါးစောင်ထဲမှာ ငုံခိုင်းပါ။ တံတွေးကို ထွေးမပစ်ဘဲ မျိုချခိုင်းပါ။ မကြာခင် အဆင်ပြေသွားလိမ့်မယ် ဟုတ်လား။ ဒီလိုဖြစ်ရင် ဒီလိုလုပ်ရမယ်ဆိုတာ ခင်ဗျားလည်း မှတ်ထားဦး။ ဒါမှ သေလည်ကြောင်မင်းနန်းမတက်ခင်က တည်းကလုပ်စားလာတဲ့ ခင်ဗျားအလုပ် လုပ်သက်မထိခိုက်မှာ"

ဆိုကာ ဆံပင်ပန်းကန်အားပေးလိုက်သဖြင့် ကပ္ပိယကြီးအား မသိမသာမျက်စောင်းထိုးရင်း အတွင်းခန်းထဲသို့ ဝင်သွားလေသည်။ ထိုအချိန်အတော်အတွင်း ကပ္ပိယကြီးမှာ ဘုရားကျောင်းဆောင်ရှေ့၌ အောင်ရှစ်ချက်ဂါထာတော်အား ရွတ်ဖတ်ပြန်လေသည်။ (၁၅) မိနစ်ခန့်အကြာတွင် အတွင်းခန်းမှ အမျိုးသမီးများ၏ လှုပ်လှုပ်ရှားရှား အသံနှင့်အတူ -

"ဟုတ်ပြီ၊ ဟုတ်ပြီ ကျလာပြီ"

ဆိုသည့်အသံများအား ကြား လေတော့သည်။ ကပ္ပိယကြီးလည်း ရွ ဖတ်မှုကို အဆုံးသတ်၍ ဘုရားရှင်အာ ကန်တော့လိုက်၏။ ထို့နောက် ကျွန် ဘက်သို့လှည့်ကာ -

"ဘယ့်နှယ်လဲ"

ဆိုသော သဘောဖြင့် မေးဆ ပြရာ ကျွန်ုပ်စိတ်ထဲတွင်တော့ -

'အင်း - ဒီလိုဆိုတော့လည်း ယကြီးက အဟုတ်သား'

ကိုစနေ

www.burmeseclassic.com

အဝလွန်ခြင်းရှိ၊ မရှိပြသောအညွှန်းကိန်း

| | ခန္ဓာကိုယ်အလေးချိန် (ကီလိုဂရမ်) | | |
|---|---|---|---|
| အရပ်အမြင့် | ကျန်းမာသော လူတစ်ယောက် | အိုဗာဝိတ် လူတစ်ယောက် | အဝလွန်သော သူတစ်ယောက် |
| 170 cm | 60-70 kg | 72-84 kg | 86 > |
| 175 cm | 63-75 kg | 77-89 kg | 91 > |
| 180 cm | 66-80 kg | 82-94 kg | 96 > |
| 185 cm | 69-83 kg | 85-101 kg | 103 > |
| 190 cm | 72-88 kg | 90-106 kg | 108 > |

ဆတ် (၂၀%) ပိုနေလျှင် အဆီချဖို့လို အပ်နေပါပြီ။

နောက်တစ်နည်း -

အမျိုးသားအညွှန်းကိန်း = ၂.၄

အမျိုးသမီးအညွှန်းကိန်း = ၂.၆

တိုယ်အလေးချိန်ညွှန်းကိန်း (BMI) = Body Mass Index တိုင်းနည်း

$$\text{BMI} = \frac{\text{ခန္ဓာကိုယ်အလေးချိန် (ကီလိုဂရမ်)}}{\text{ကိုယ်အမြင့်မီတာ} \times \text{ကိုယ်အမြင့်မီတာ}}$$

အမျိုးသမီးရဲ့ခန္ဓာကိုယ်အလေးချိန် (၈၀) ကီလိုဂရမ်ရှိပြီး အရပ် (၁.၆) မီတာ ရှိသူအတွက်

$$\text{သူမ၏ အလေးချိန်ညွှန်းကိန်း BMI} = \frac{၈၀}{(၁.၆) \times (၁.၆)} = \frac{၈၀}{(၂.၅၆)} = ၃၁$$



ထိုထက်ပိုနေပါက အဆီချရန် လို အပ်နေပါပြီ။

**အဆီချရန်လိုအပ်သူများအတွက် အဆီချနည်းလမ်းများ**

The University of Pittsburgh မှ သုတေသီများ၏ တွေ့ရှိချက်အရ ဇီဝ တမ္မဖြစ်စဉ်အရ ခန္ဓာကိုယ်တွင်းရှိ အဆီ ဓာတ်ကို (၁၀) မိနစ်အတွင်း လောင် ကျွမ်းစေသည့် လုပ်ငန်းဆောင်တာတစ် ခုကို တွေ့ရှိခဲ့ပါတယ်။ အဲဒါကတော့ နှလုံးသန်စွမ်းလေ့ကျင့်ခန်းယူခြင်းပဲ ဖြစ် ပါတယ်။ နှလုံးသန်စွမ်းလေ့ကျင့်ခန်းများ ကို (၃၀)၊ (၄၀) မိနစ်ခန့် ပြုလုပ်ပါ။ တစ်ကြိမ်မှာ (၁၀) မိနစ်ခန့် ပြုလုပ်ပါ။ (၃)၊ (၄) ကြိမ်အထိ ပြုလုပ်ပါ။ အမျိုး သမီးအုပ်စုကို စမ်းသပ်သုတေသနပြုခဲ့ ရာ မိနစ် (၄၀) တစ်ကြိမ်လျှင် (၁၀) မိနစ်နှုန်းဖြင့် (၄) ကြိမ် လေ့ကျင့်ခန်း ပြုလုပ်သော အမျိုးသမီးများသည် တစ် လအတွင်း (၁၄) ပေါင်ကျခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဤလေ့ကျင့်ခန်းယူခြင်း ကြောင့် အချိန်တိုအတွင်းမှာ ဘာ ကြောင့် အဆီကျရသလဲဆိုတော့ ခန္ဓာ ကိုယ်တွင်းဖြစ်စဉ်မှာ အဆီဓာတ်များကို လျင်မြန်စွာ လောင်ကျွမ်းတဲ့အတွက် အချိန်တိုအတောအတွင်း အဆီကျစေ ခြင်း ဖြစ်ပါတယ်။

**လေ့ကျင့်ရမယ့်လေ့ကျင့်ခန်းများ**

* လေ့ကျင့်ခန်း ပြုလုပ်မယ်ဆိုရင် ရှေးဦးစွာ သွေးပူလေ့ကျင့်ခန်း စတင်ပြုလုပ်ပါ။ ခြေခွဲ၊ လက်ဘေး ဆန့်လေ့ကျင့်ခန်း စတင်ပြုလုပ် ပါ။

ခြေခွဲ၊ လက်နှစ်ဖက် အပေါ်သို့ မြှောက်၊ ပြီးရင် ဦးခေါင်းလေ့ကျင့် ခန်းယူပါ။

သွေးပူလေ့ကျင့်ခန်း ပြုလုပ်ပြီး နောက် တစ်ကိုယ်လုံးလေ့ကျင့် ခန်းများအနက် မိမိနှစ်သက်ရာ လေ့ကျင့်ခန်းယူပါ။

* တစ်ကိုယ်လုံး လေ့ကျင့်ခန်းအ တွက် အိပ်ထမတင်၊ ဒူးကွေးခါး ထောက်၊ ပြန်ဒူးဆန့် စတဲ့ လေ့ ကျင့်ခန်းများကို ပြုလုပ်နိုင်ပါ တယ်။

* ကြိုးခုန်ခြင်း၊ တောင်တက်ခြင်း၊ စက်ဘီးနင်းလေ့ကျင့်ခန်း ယူနိုင်ပါ တယ်။

* ရေကူးခြင်း၊ ဒိုက်ထိုးခြင်း၊ အလေး မခြင်း၊

* အေရိုးဗစ်ကစားခြင်း၊ အိမ်မှုကိစ္စ များပြုလုပ်ခြင်း၊ မြက်ခင်းပြင် အမှိုက်လှည်းခြင်း၊

* ယောဂကျင့်စဉ်၊ ထိုက်ချိကျင့်စဉ်၊ လှေကားထစ်တက်ခြင်း၊ ဂေါက် သီးရိုက်ခြင်း၊

* စက်ကရိယာအကူအညီဖြင့် လေ့ ကျင့်ခန်းတို့ ပြုလုပ်နိုင်ပါတယ်။။

**ဗိုက်ပူ၊ ခါးတုတ်နေသူများအတွက် လေ့ ကျင့်ခန်း**

* ပထမဦးစွာ သွေးပူလေ့ကျင့်ခန်း အရင်ပြုလုပ်ပါ။

* အိပ်ထမတင်လေ့ကျင့်ခန်း (၃၀) မိနစ်ခန့်ယူပါ။ (၁၀)မိနစ်(၁)ကြိမ် (၃) ကြိမ် ယူပါ။

* ခါးအဆီကျစေမည့် ခါးလေ့ကျင့် ခန်းယူပါ။ လက်နှစ်ဖက်ကို ခါး၌ ထောက်ပါ။ ဘယ်တစ်ချက်၊ ညာ တစ်ချက်လှည့်ပါ။ မိနစ် (၃၀)ခန့် လေ့ကျင့်ပါ။ (၁၀) မိနစ်(၁)ကြိမ် (၃) ကြိမ်ယူပါ။

ဝမ်းဗိုက်အရမ်းပူသူများအတွက် နံနက် မိနစ် (၄၀) သို့မဟုတ် (၁၀) မိနစ် (၁) ကြိမ် (၄) ကြိမ် ယူပါ။

* ဒါ့အပြင် အေရိုးဗစ်လေ့ကျင့်ခန်း ယူခြင်း၊

* စက်ဖြင့်လေ့ကျင့်ခန်းယူခြင်း၊

* လမ်းလျှောက်ခြင်းလေ့ကျင့်ခန်း ယူပေးပါ။

**ရေများများသောက်ပါ**

အဝလွန်ခြင်းအကြောင်းကို ဆန်း စစ်လေ့လာရာတွင် -

ခန္ဓာကိုယ်တွင်း၌ အဆီဓာတ် ပမာဏထက် ရေဓာတ်နည်းပါးခြင်းဟာ အဝလွန်ခြင်းကို ဖြစ်စေတတ်ပါတယ်။ ရေများများမသောက်ပါက ရေဓာတ် လျော့နည်းနေတဲ့အတွက် ကျောက်ကပ် မှ ၎င်းရဲ့ လုပ်ငန်းဆောင်တာများကို



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ရန် အခက်အခဲဖြစ်နေပါတယ်။ ၆ ကျောက်ကပ်မှ ၎င်းရဲ့တာဝန်ဝတ္တရားများကို ပုံမှန်မလည်ပတ်နိုင်တဲ့အတွက် အသည်းကလည်း လုပ်ငန်းလုပ်ဆောင်ရန် အခက်အခဲဖြစ်လာပါတယ်။ ရေ၊ ကျောက်ကပ်နဲ့ အသည်းတို့မှာ ဆက်စပ်နေသဖြင့် ရေဓာတ်များလေလေ အဆီဓာတ်လောင်ကျွမ်းမှုရလေလေ ဖြစ်ပါတယ်။ ဒ့ါအပြင် အဆီဓာတ်များကို ဖယ်ရှားစဉ်အတွင်း ကိုယ်တွင်းအဆိပ်အတောက်များဟာ ခါတိုင်းထက်ပိုထွက်တဲ့အတွက် ရေများများသောက်သင့်ပါတယ်။

နံနက်အိပ်ရာထတာနဲ့ ရေတစ်ဖန်ခွက်ခန့်သောက်ပါ။ အစာအိမ်နှင့်အူလမ်းကြောင်းရှင်းလင်းရေးအတွက် အထောက်အကူဖြစ်ပါတယ်။ ထမင်းစားခါနီး ရေတစ်ခွက်သောက်ပါ။ အစားမစားမီ (၃၀) မိနစ်အလိုမှာ ရေသောက်ခြင်းဖြင့် ထမင်းစားရာတွင် ဗိုက်ပြည့်နေတဲ့အတွက် အစာစားချင်စိတ်နည်းပါးစေပါတယ်။ ပိုလျှံသောအဆီများလောင်ကျွမ်းရန် အထောက်အကူဖြစ်ပါတယ်။ အဆီကျလိုသူများဟာ ဆိုဒီယမ်ပါဝင်မှုနည်းပြီး မဂ္ဂနီယမ်များစွာပါဝင်သောသဘာဝရေမျိုးကို ရွေးချယ်သောက်သုံးသင့်ပါတယ်။

**လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်စားပါ**

လတ်ဆတ်တဲ့ သစ်သီးနှင့် ဟင်းသီးဟင်းရွက်စားခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ကယ်လိုရီဓာတ်များကို လောင်ကျွမ်းစေသဖြင့် အဆီချရန်အတွက် အသုံးဝင်ပါတယ်။ ဒ့ါအပြင် ၎င်းအထဲတွင် အမျှင်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များ ကြွယ်ဝစွာ ပါဝင်တဲ့အတွက် ဆာလောင်မှုကို နှောင့်နှေးစေသဖြင့် အဆီကျမြန်ပါတယ်။ ၎င်းသစ်သီးနှင့်ဟင်းသီးဟင်းရွက်များဟာ အဆီကိုကျစေရုံသာမက အဆီပိုတက်ခြင်းကိုလည်း ထိန်းသိမ်းပေးပါတယ်။ ၎င်းကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အင်အားကိုဖြစ်စေပြီး အဆီကျလိုသူလိုများအတွက် ဘေးကင်းပြီး သွယ်လျတဲ့ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်စေပါတယ်။

**လက်ဖက်စိမ်းရည်သောက်ပါ**

လက်ဖက်စိမ်းရည် (Green tea)ကို နေ့စဉ် (၃)ခွက်မှ (၅)ခွက်အထိသောက်သုံးပါက ခန္ဓာကိုယ်အတွင်းရှိ အဆီဓာတ်များရဲ့ (၃၅ - ၄၅%) ခန့် လောင်ကျွမ်းစေနိုင်ကြောင်း တွေ့ရှိရပါတယ်။ အကယ်၍ လက်ဖက်စိမ်းရည်မသောက်ဘဲ လက်ဖက်စားလျှင်လည်း အဆီကျစေနိုင်ပါတယ်။အဘယ့်ကြောင့်ဆိုသော် လက်ဖက်ထဲမှာ ပရိုတင်းဓာတ်၊ အဆီဓာတ်၊ ဗီတာမင်မျိုးစုံနဲ့ တီးပိုလီဖီနော (Tea Polyphenol) ကွန်ပေါင်း၊ ကက်ဖင်အင်း (ကဖင်းဓာတ်)၊ လီပိုပိုလီဆိုက်ကရိုဒ် စသည့် အမျိုးအစားပေါင်း(၄၀၀)ကျော် ပါဝင်ပါတယ်။ ၎င်းဓာတ်များအနက် တီးပိုလီဖီနောကွန်ပေါင်းဟာ အဆီများကို ဖြိုခွဲပေးနိုင်သဖြင့် အဆီကျစေပါတယ်။

**အမျှင်ဓာတ်ပါဝင်တဲ့ အစားအစာကို စားသုံးပါ**

အမျှင်ဓာတ်ပါဝင်တဲ့ အစားအစာများမှာ -

- ✻ ဆန်လုံးညို၊ ဂျုံကြမ်း၊ ပြောင်း၊ ကွေကာအုပ်၊
- ✻ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ တရုတ်နံနံ၊ ဂျူးမြစ်၊ ဟင်းနုနယ်၊ မုန်ညင်းဖြူ၊
- ✻ ရှောက်သီး၊ ကမ္ဘလာသီး၊ ပန်းသီး၊ သရက်သီး၊ စတော်ဘယ်ရီသီး၊
- ✻ ပဲအမျိုးမျိုး၊ မှိုအမျိုးမျိုး၊ ကြွက်နားရွက်မှို၊ ရွှေအပ်မှို၊ ကောက်ရိုးမှို၊ မှိုဖြူ၊
- ✻ ပင်လယ်ရေညှိ၊ ပင်လယ်ကျောက်ပွင့်၊
- ✻ ခရမ်းသီး၊ သခွားသီး၊ ငရုတ်သီး၊ ကျောက်ဖရုံသီး။

**ပရိုတင်းဓာတ်ကြွယ်ဝစွာပါဝင်တဲ့ အစားအစာကို စားပါ**

ပရိုတင်းဓာတ်ပါဝင်တဲ့ အစားအစာ-

အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး။

ပရိုတင်းဓာတ်ပါဝင်တဲ့ အစားအစာကို နေ့စဉ် (၃၀%) ခန့် စားသုံးရပါမယ်။

သို့မဟုတ် တစ်နေ့တာအတွက် အနည်းဆုံး (၅၀၀) ကယ်လိုရီခန့် စားသုံးရပါမယ်။ တစ်နေ့လျှင် အနည်းဆုံး (၃၀%) ခန့် ပရိုတင်းဓာတ်ပါတဲ့ အစားအစာကို စားသုံးခြင်းဖြင့် အဆီဓာတ်ကို ကောင်းစွာ လောင်ကျွမ်းစေပါတယ်။

**နွားနို့သောက်ပါ**

နွားနို့သောက်ခြင်းကြောင့် အဝလွန်ခြင်းကို ဖြစ်စေနိုင်တယ်လို့ ယခင်က လွဲမှားစွာယူဆထားသော်လည်း အခုလတ်တလော သုတေသီများရဲ့ တွေ့ရှိချက်များအရ -

နွားနို့နဲ့ နွားနို့ထွက်ပစ္စည်းများကို စနစ်တကျ စားသုံးပါက အဆီပိုများ လောင်ကျွမ်းပြီး ပေါင်ပိုများလျော့ကျကြောင်း တွေ့ရှိရပါတယ်။

နွားနို့သောက်ခြင်းဟာ အဘယ်ကြောင့်အဆီကျစေသလဲ။

နွားနို့ထဲတွင် သတ္တုဓာတ်ဖြစ်တဲ့ ကယ်(လ်)ဆီယမ်ဓာတ်များစွာပါဝင်ပြီး ထိုဓာတ်ဟာ အဆီဓာတ်ကို ဖြိုခွဲပစ်နိုင်ရုံသာမက နွားနို့ထဲတွင် ပရိုတင်းဓာတ်များစွာ ပါဝင်နေပါတယ်။ ထိုပရိုတင်းဓာတ်က ကြွက်သားများ သန်မာစေပြီး ဝမ်းဗိုက်အနီးရှိ အဆီပိုများကို လောင်ကျွမ်းစေပါတယ်။

**နွားနို့သောက်ရာတွင် သတိထားရမယ့် အချက်များ**

နွားနို့သောက်ရာတွင် ဗိုက်ထဲ[illegible] အစာမရှိဘဲ မသောက်သုံးသင့်ပါ။ ဗိုက်ထဲ၌ အစာမရှိပါက မုန့် သို့မဟုတ် စား[illegible] စရာတစ်ခုခုနှင့်အတူစားပါ။ ဗိုက်ထဲမှာ အစာမရှိဘဲ စားသုံးပါက အစာထဲ[illegible] ပရိုတင်းဓာတ်ဟာ အင်အားအဖြစ်[illegible] ပြောင်းလဲရာတွင် အကျိုးအာနိသင် မပေါ်နိုင်ပါ။ အစားအစာတစ်ခုခုနဲ့ [illegible] ဖက်စားသောက်မှသာလျှင် ကျန်းမာရေး အတွက် အကျိုးဖြစ်ထွန်းပေမှာ ဖြစ်[illegible] တယ်။

**ဒိန်ချဉ်သောက်ရာတွင် သတိထားရမယ့် အချက်များ**

ဗိုက်ထဲတွင် အစာမရှိဘဲ ဒိန်ချဉ် သောက်သုံးပါက ကျန်းမာရေးအကျိုး[illegible] အာနိသင် လျော့နည်းစေနိုင်ပါတယ်။ ဒိန်ချဉ်သောက်ရာတွင် ထမင်းစား[illegible] နှစ်နာရီအတွင်း သို့မဟုတ် အိပ်ခါ[illegible] သောက်ခြင်းဖြင့် ခန္ဓာကိုယ်အင်အား ဖြစ်ရုံသာမက အစာကြေညက်မှု၊ [illegible] လည်မှု၊ ဝမ်းပျော့ပျော့သွားခြင်း စ[illegible] အကျိုးများကို ရရှိစေနိုင်ပါတယ်။

နေ့စဉ် နွားနို့ (၂) ဖန်ခွက်မှ (၃) ဖန်ခွက်အထိ သောက်ပါ။

ဒိန်ချဉ်ကို တစ်နေ့လျှင် (၁)ကြိမ် (၂) ကြိမ်ခန့် သောက်ပါ။

အထက်ပါအကြောင်းအရာများ[illegible] လိုက်နာခြင်းဖြင့် ဘေးကင်းသွယ်လျ[illegible] ခန္ဓာကိုယ်ပိုင်ရှင်များဖြစ်လာမှာ ဖြစ်[illegible] ကြောင်း တင်ပြလိုက်ရပါတယ်။

ခိုင်[illegible]

Ref;

Weight Loss Tip from Interne[illegible]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းဇေဇော်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းသုံးပါး ထိုအချိန်တို့ဝယ် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်းတို့အား ပြုလုပ်ပူဇော်ပါလျှင်၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာဂါထာမန္တရားတို့အား ရွတ်ဖတ်ပူဇော်ပါလျှင် ထူးကဲသော အကျိုးကျေးဇူးကောင်းများကို ခံစားရမည်မှာ မလွဲမသွေဖြစ်ပါသည်။ ယခုကာလတွင် ၁၄-၇-၂၀၁၄ နေ့ ညနေ (၄း၅၂) နာရီ မှ ၁၅-၇-၂၀၁၄ နေ့ ညနေ (၃း၀၈)နာရီအတွင်းမှာ ဓနသိဒ္ဓိနက္ခတ်သည် စန်းယှဉ်နေမည် ဖြစ်သည်။ ၁၅-၇-၂၀၁၄ နေ့ ညဉ့် (၂၀း၀၆း၀၁) နာရီမှ (၂၀း၅၄း၀၆) နာရီထိတွင် ဓနသိဒ္ဓိနက္ခတ်သည် လင်္ဂဖြတ်ကျော်မည်ဖြစ်ပြီး ၁၅-၇-၂၀၁၄ နေ့ နံနက် (၁း၄၂း၀၉) နာရီမှ (၂း၅၁း၁၇) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၂၁း ၁၂း ၀၅ | ၂၁း ၄၉း ၁၀ | ၁ | ၂း ၃၈း ၂၃ | ၃း ၄၆း ၂၁ |
| ၂ | ၂၁း ၀၈း ၀၉ | ၂၁း ၄၅း ၁၄ | ၂ | ၂း ၃၄း ၂၇ | ၃း ၄၂း ၂၅ |
| ၃ | ၂၁း ၀၄း ၁၃ | ၂၁း ၄၁း ၁၈ | ၃ | ၂း ၃၀း ၃၁ | ၃း ၃၈း ၂၉ |
| ၄ | ၂၁း ၀၀း ၁၇ | ၂၁း ၃၇း ၂၂ | ၄ | ၂း ၂၆း ၃၅ | ၃း ၃၄း ၃၃ |
| ၅ | ၂၀း ၅၆း ၂၁ | ၂၁း ၃၃း ၂၆ | ၅ | ၂း ၂၂း ၃၉ | ၃း ၃၀း ၃၇ |
| ၆ | ၂၀း ၅၂း ၂၅ | ၂၁း ၂၉း ၃၀ | ၆ | ၂း ၁၈း ၄၃ | ၃း ၂၆း ၄၁ |
| ၇ | ၂၀း ၄၈း ၂၉ | ၂၁း ၂၅း ၃၄ | ၇ | ၂း ၁၄း ၄၇ | ၃း ၂၂း ၄၅ |
| ၈ | ၂၀း ၄၄း ၃၃ | ၂၁း ၂၁း ၃၈ | ၈ | ၂း ၁၀း ၅၁ | ၃း ၁၈း ၄၉ |
| ၉ | ၂၀း ၄၀း ၃၇ | ၂၁း ၁၇း ၄၂ | ၉ | ၂း ၀၆း ၅၅ | ၃း ၁၄း ၅၃ |
| ၁၀ | ၂၀း ၃၆း ၄၁ | ၂၁း ၁၃း ၄၆ | ၁၀ | ၂း ၀၂း ၅၉ | ၃း ၁၀း ၅၇ |
| ၁၁ | ၂၀း ၃၂း ၄၅ | ၂၁း ၀၉း ၅၀ | ၁၁ | ၁း ၅၈း ၀၃ | ၃း ၀၇း ၀၁ |
| ၁၂ | ၂၀း ၂၈း ၄၉ | ၂၁း ၀၅း ၅၄ | ၁၂ | ၁း ၅၄း ၀၇ | ၃း ၀၃း ၀၅ |
| ၁၃ | ၂၀း ၂၄း ၅၃ | ၂၁း ၀၁း ၅၈ | ၁၃ | ၁း ၅၀း ၀၁ | ၂း ၅၉း ၀၉ |
| ၁၄ | ၂၀း ၂၀း ၅၇ | ၂၀း ၅၈း ၀၂ | ၁၄ | ၁း ၄၆း ၀၅ | ၂း ၅၅း ၁၃ |
| ၁၅ | ၂၀း ၀၆း ၀၁ | ၂၀း ၅၄း ၀၆ | ၁၅ | ၁း ၄၂း ၀၉ | ၂း ၅၁း ၁၇ |
| ၁၆ | ၂၀း ၀၂း ၀၅ | ၂၀း ၅၀း ၁၀ | ၁၆ | ၁း ၃၈း ၁၃ | ၂း ၄၇း ၂၁ |
| ၁၇ | ၁၉း ၅၈း ၀၉ | ၂၀း ၄၆း ၁၄ | ၁၇ | ၁း ၃၄း ၁၇ | ၂း ၄၃း ၂၅ |
| ၁၈ | ၁၉း ၅၄း ၁၃ | ၂၀း ၄၂း ၁၈ | ၁၈ | ၁း ၃၀း ၂၁ | ၂း ၃၉း ၂၉ |
| ၁၉ | ၁၉း ၅၀း ၁၇ | ၂၀း ၃၈း ၂၂ | ၁၉ | ၁း ၂၆း ၂၅ | ၂း ၃၅း ၃၃ |
| ၂၀ | ၁၉း ၄၆း ၂၁ | ၂၀း ၃၄း ၂၆ | ၂၀ | ၁း ၂၂း ၂၉ | ၂း ၃၁း ၃၇ |
| ၂၁ | ၁၉း ၄၂း ၂၅ | ၂၀း ၃၀း ၃၀ | ၂၁ | ၁း ၁၈း ၃၃ | ၂း ၂၇း ၄၁ |
| ၂၂ | ၁၉း ၃၈း ၂၉ | ၂၀း ၂၆း ၃၄ | ၂၂ | ၁း ၁၄း ၃၇ | ၂း ၂၃း ၄၅ |
| ၂၃ | ၁၉း ၃၄း ၃၃ | ၂၀း ၂၂း ၃၈ | ၂၃ | ၁း ၁၀း ၄၁ | ၂း ၁၉း ၄၉ |
| ၂၄ | ၁၉း ၃၀း ၃၇ | ၂၀း ၁၈း ၄၂ | ၂၄ | ၁း ၀၆း ၄၅ | ၂း ၁၅း ၅၃ |
| ၂၅ | ၁၉း ၂၆း ၄၁ | ၂၀း ၁၄း ၄၆ | ၂၅ | ၁း ၀၂း ၅၁ | ၂း ၁၁း ၅၇ |
| ၂၆ | ၁၉း ၂၂း ၄၅ | ၂၀း ၁၀း ၅၀ | ၂၆ | ၀း ၅၈း ၅၅ | ၂း ၀၈း ၀၁ |
| ၂၇ | ၁၉း ၁၈း ၄၉ | ၂၀း ၀၆း ၅၄ | ၂၇ | ၀း ၅၄း ၅၉ | ၂း ၀၄း ၀၅ |
| ၂၈ | ၁၉း ၁၄း ၅၃ | ၂၀း ၀၂း ၅၈ | ၂၈ | ၀း ၅၀း ၀၃ | ၂း ၀၀း ၀၉ |
| ၂၉ | ၁၉း ၁၀း ၅၇ | ၁၉း ၅၈း ၀၂ | ၂၉ | ၀း ၄၆း ၁၇ | ၁း ၅၆း ၁၃ |
| ၃၀ | ၁၉း ၀၆း ၀၁ | ၁၉း ၅၄း ၀၆ | ၃၀ | ၀း ၄၂း ၁၁ | ၁း ၅၂း ၁၇ |
| ၃၁ | ၁၉း ၀၂း ၀၅ | ၁၉း ၅၀း ၁၀ | ၃၁ | ၀း ၃၈း ၁၅ | ၁း ၄၈း ၂၁ |

www.burmeseclassic.com

www.burmeseclassic.com



# အလင်္ကာသူရ

မကောင်းဆိုးဝါးအခေါ်

သူ့ကိုကြည့်ရသည်မှာ အသက် (၄၀)ကျော် (၅၀)နီးပါးလောက်တော့ရှိမည်ထင်ပါသည်။ ထိုလူမှာ လေးအိမ်စုရွာသားတစ်ဦးမဟုတ်မှန်း သိသာလှသည်။ စဉ်းစားကြည့်လေ၊ သည်ရွာထဲက အိမ်ကြီးတစ်လုံးကို စိတ်ဝင်တစားကြည့်နေသည်မှာ ယခင်က သည်အိမ်ကြီးအား မမြင်ဘူး၊ မတွေ့ဘူးသလို စူးစူးစိုက်စိုက်ဖြင့် လေ့လာ အကဲခတ်ကြည့်နေသည်ကပင် သည်ရွာသားမဟုတ်နိုင်သည်မှာ ထင်ရှားနေချေသည်ပဲ မဟုတ်ပါလား။

ထိုလူထူးဆန်းကိုပင် လေးအိမ်စုရွာသူရွာသားများက တအံ့တသြဖြင့် တစ်ဖန်ကြည့်နေပြန်သည်ကို ထိုလူက သိအံ့မထင်။ မြင်ရသူတွေကတော့ သူ့အား လူကောင်းတစ်ယောက်မှ ဟုတ်ပါလေစဟု သံသယတွေဝင်နေပုံရသည်။ ထင်လည်း ထင်လောက်ပါပေသည်။ အဘယ်ကြောင့်ဆိုသော် သည်အိမ်ကြီးက ရွာတွင်ရှိနေခဲ့သည်မှာ နှစ်ပေါင်းမနည်းမနောပင် ကြာခဲ့ချေပြီပဲ။ ကြာဆိုသည်ရွာပေါက် နောက်မျိုးဆက်သစ်လူငယ်တွေအဖို့ အိမ်ကြီး၏အရှင်သခင်မည်သူမည်ဝါဆိုသည်ကို မသိကြပါလေတော့။ သိအောင်လည်း မကြိုးစား။ အသက်ကြီးသူများက ထိုအိမ်ကြီးနားသို့ ကလေးတွေသွားကြလာကြသည်ကို ပိတ်ပင်တားမြစ်ထားကြသည်ကလွဲ၍ အခြားဘာအကြောင်းအရာမှမသိကြပါချေ။ ပြောကြဆိုကြသည်ကတော့ ထိုအိမ်ကြီးက တစ္ဆေခြောက်သတဲ့လေ။ သည်လိုအိမ်ကြီးကိုမှ ထိုလူက ထူးထူးခြားခြား လာရောက် ကြည့်ရှု အကဲခတ်နေသည်ဆိုတော့ ထူးဆန်းမနေဘူးလား။

"ဒီအိမ်ကြီးက လူမနေတဲ့အိမ်လွတ်ကြီးထင်ပါရဲ့။ ဘယ်သူမှမနေကြဘူးထင်တယ်။ အိမ်ပိုင်ရှင်က ဘယ်သူလဲဆိုတာသိကြရင် တစ်ဆိတ်ညွှန်ပြပါလားခင်ဗျာ"

တစေ့တစောင်းကြည့်နေကြသောရွာသားအချို့ကို ထိုလူကမေးလာသည်။ အမေးခံရသူတွေ၏အဖြေကလည်း ရှင်းပါသည်။

"အိမ်ပိုင်ရှင်ဆိုတာ ကျုပ်တို့လည်း မသိဘူးဗျ။ ဘာဖြစ်လို့လဲ။ သိချင်ရင် ရွာလူကြီးဆီသွားစုံစမ်းပါလား။ အိမ်ကြီးမှာ လူမနေတာကတော့ ကြာပါပြီ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဗျာ၊ အိမ်ပိုင်ရှင်ကို သိရရင် အိမ်ကိုအငှားထားမလားဆိုတာ သိချင်လို့ပါ။ တကယ်လို့ အငှားထားမယ်ဆိုရင် နေချင်လို့ မေးကြည့်တာပါ"

"ဗျာ- ဒီအိမ်ကြီးကိုငှားပြီးနေချင်လို့ဟုတ်လား"

ထိုမေးခွန်းဝယ် အာမေဍိတ်သံကရောပါလာသည်။ မျက်လုံးများကလည်း မယုံကြည်နိုင်သလို တအံ့တသြဖြစ်သွားရသည်။ ထိုလူပြောလိုက်သည့်စကားကို နားကြားများလွဲသွားလေရော့လားဟု သံသယဝင်သွားပုံရပါလေ၏။

"ဒီအိမ်ကြီးက ပိုင်ရှင်မရှိဘူးဗျ၊ လူမနေတာလည်း အတော်ကြာပြီ။ ဟိုအရင်တုန်းကတော့ ဒီအိမ်ကြီးမှာ လူတစ်ယောက်နဲ့ ကလေးငယ်တစ်ယောက် နေခဲ့ဖူးတယ်ဆိုတာလောက်တော့ ကြားဖူးတယ်။ အဲ- ခုတော့ နေမယ့်သူလည်း ဘယ်သူမှမရှိကြဘူး။ ပိုင်ရှင်ဘယ်သူဆိုတာကိုလည်း ရွာထဲကလူတွေ မသိကြဘူး။ ခင်ဗျားမှ ငှားနေချင်သပဆိုရင်တော့ ရွာလူကြီးနဲ့သွားတွေ့ပြီး စကားပြောပေါ့။ အဆင်ပြေမှာပါ"

ထိုအိမ်ကြီးနှင့် ပတ်သက်၍ အနည်းအကျဉ်းကြားဖူးနားဝရှိသူတစ်ဦးက ဝင်ပြောလိုက်ခြင်းပင် ဖြစ်ပါလေ၏။ သို့ပေတဲ့ ထိုလူထူးအား နားမလည်နိုင်သလို မြေဆုံးခေါင်းဆုံးကို အကဲခတ်ကြည့်လိုက်ပြန်သည်။ အိမ်ငှားလိုသူက စိတ်ဝင်စားသွားပုံရသည်။ ရွာလူကြီးထံသွားရန်မေးမြန်းစုံစမ်းပြီး ရောက်အောင်သွားလေတော့သည်။

※

လူမနေသည်မှာ ကြာလှပြီမို့ အိမ်ကြီးက အိုမင်းရင့်ရော်လို့ပင်နေချေပေ့။ အိမ် ဆိုသည်ဆိုသည့်အချက်အား ဖူး ကွယ်စရာအကြောင်းမရှိ။ လူမနေ အထိန်းအကွပ်မဲ့ခဲ့သည်မှာ နှစ်မနည်း မနောကြာခဲ့သည့်အတွက် အခြားအိမ်



www.burmeseclassic.com

www.burmeseclassic.com



…ငံ့ အမြင့်ထူးခြားနေသည်ကတော့ …င်။

"ဒီအိမ်ကြီးကို လူမနေဘဲ ခုလို …စ်ထားတာကတော့ အံ့ဩဖို့သိပ် …င်းတာပဲနော်"

အိမ်ငှားနေလိုသူလူစိမ်းက အိမ် …က်ပြပေးသော ရွာလူကြီးအား မေး …တ်လိုက်ပါလေ၏။

"ဆက်မနေကြဆို အိမ်ရှင်က …သူဘယ်ဝါဆိုတာ မသိကြတာရယ်၊ …င်ရဲ့ မျိုးဆက်သစ်တွေလည်းရှိကြပုံ … ဘာရယ်ကြောင့် ခုလိုအိုမင်းပျက် …တာပေါ့ဗျာ"

"လူတွေကကော ဒီအိမ်ကြီးကို …နေကြဘူးလား။ ဒီတိုင်းပစ်ထား … နှမြောစရာကောင်းလိုက်တာ …"

ရွာလူကြီးက ထိုစကားလုံးအား





www.burmeseclassic.com

www.burmeseclassic.com

မပြောချင်ပြောချင်နှင့် ပြောလိုက်ပါလေ၏။ အိမ်ကြီး၏ရာဇဝင်အား ဆက်ပြောလိုဟန်မရှိ။ လုံးဝနေမည့်သူမရှိသည့် ထိုအိမ်ကြီးအား ထူးထူးခြားခြားငှားနေမည့်သူပေါ်ပေါက်လာသဖြင့် ကျေးရွာရန်ပုံငွေအတွက်ကြောင့်သာ လိုက်လံပြသခြင်းပင် ဖြစ်ပေသည်။

"ဘာလို့ဝင်မနေကြတာလဲ မသိဘူးနော်၊ ဟိုဟို-ခြောက်လှန့်တာမျိုးများ ရှိသလားမသိဘူးနော်"

"အို - ဒီလိုလည်း မဟုတ်ပါဘူး။ လူမနေကြတာ ကြာတာလည်းရှိတယ်၊ နောက်ပြီး. . ."

ရွာလူကြီးက စကားကိုဆက်ပြောရန် မရှိတော့သဖြင့် စကားကို ဖြတ်ပစ်လိုက်သည်။

လူစိမ်းကလည်း တစ်ချက်ပြုံးလိုက်ရင်း ဆက်မမေးတော့ဘဲနေလိုက်၏။

"အင်း - လူသူအလာမရှိတဲ့အိမ်မျိုးကိုမှ ကျွန်တော်ကလည်း နေချင်တာဗျ။ ဘာဖြစ်လို့လဲဆို ကျွန်တော်က စာရေးဆရာတစ်ဦးဖြစ်နေလို့ပါ။ အေးအေးဆေးဆေး စာရေးရတာပေါ့ဗျာ။ မြို့ကြီးပြကြီးမှာဆိုရင် စာရေးရတာ အနှောင့်အယှက်တွေက အများသားလား။ အဲ - တစ်ခုတော့ရှိတယ်လေ။ အစွန့်ပစ်ခံအိမ်မို့လို့လား မသိဘူး။ အသွင်သဏ္ဌာန်ကတော့ ချောက်ချားစရာကြီးပဲနော့။ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ ကျွန်တော်တို့လို စာရေးဆရာဆိုတာက အိမ်ငှားခကို ကြေးကြီးပေးမငှားနိုင်တာလည်းပါတာပေါ့ဗျာ အဟဲဟဲဟဲ"

ထိုလူက အရှက်ပြေစကားပြောလိုက်ရင်း သဘောကျဟန် ရယ်မောလိုက်လေသည်။ နောက်ပြီးမှ -

"အိမ်လခကိုတော့ (၆) လစာ အရင်ပေးမယ်လေ။ နောက်တော့ ထပ်ပေးတာပေါ့နော်။ ဩော် - ဒါနဲ့ အိမ်ကို သန့်ရှင်းရေးလုပ်ဖို့ အလုပ်သမားတစ်ယောက်လောက်တော့ လိုချင်တယ်။ ရမယ်မဟုတ်လား"

"အဲဒီအလုပ်သမားဆိုတာက. . . ဒီအိမ်ကြီးဆို. . . အေးလေ၊ ရအောင်လုပ်ပေးပါ့မယ်။ လူသုံးယောက်ဆိုလုပ်ရဲကြမှာပါ"

ရွာလူကြီးက ပြောပြီးမှ သူ့စကားတွင် အမှားပါသွားသည်ကို စဉ်းစားမိသဖြင့် ချက်ချင်းရပ်ပစ်လိုက်တော့၏။

"ဘာဖြစ်လို့လဲဗျ၊ ဒီအိမ်ကြီးက ချောက်ချားစရာအတိတ်သမိုင်းများရှိနေလို့လား။ ဒါဆိုလည်း ကြိုတင်သိထားရအောင် ကျွန်တော့်ကို ပြောပြထားပါဦး၊ သိထားတော့ သတိထားနေရတာပေါ့ဗျာ"

စကားဆိုသည်က ကြမ်းကျွံသလို နုတ်မရပါလေတော့။ ရွာလူကြီးမှာ မျက်နှာတစ်ချက်ပျက်သွားသည်။ သို့ပေမယ့် ချက်ချင်းပင် မျက်နှာအား ပြန်ပြင်လိုက်သည်။

"အဖြစ်အပျက်က ကြာတော့လည်းကြာပါပြီ။ အသေးစိတ်တော့ ကျုပ်လည်းကောင်းကောင်းမသိပါဘူး။ ကျုပ်ငယ်စဉ်ကလေးဘဝတုန်းက မိဘတွေပြောပြတာကို ကြားဖူးနားဝသိထားတာပါ။ ဟိုလွန်ခဲ့တဲ့နှစ်အတော်ကြာကြာလောက်က ဆိုပါတော့လေ။ ဒီအိမ်ကြီးမှာ ကိုဖိုးဆင်ဆိုတဲ့လူတစ်ယောက်နေခဲ့ဖူးတယ်တဲ့။ သူ့မှာက (၁၀) နှစ်သားလောက်ရှိတဲ့ သားလေးတစ်ယောက်နဲ့ နေကြတာ။ ဒါပေမယ့် သူတို့သားအဖဟာ အိမ်အပြင်ကိုမထွက်ကြဘဲ ပတ်ဝန်းကျင်နဲ့ အဆက်အဆံမရှိကြဘူးလို့ပြောတယ်။ တစ်နေ့ကျတော့ ကိုဖိုးဆင်က သူ့ရဲ့သားလေးကို အိမ်မှာ တစ်ယောက်တည်းထားခဲ့ပြီး မြို့ပေါ်ကို တစ်ယောက်တည်းထွက်သွားသတဲ့။ အဲဒီကိုဖိုးဆင်ဟာ တစ်ရက်လည်းပြန်မလာ၊ နှစ်ရက်လည်း ပြန်မလာတော့ဘူးတဲ့လေ။ နောက်မှ ကိုသိန်းထိုက်ဟာ. . . မားပြခေါင်းဆောင်တစ်ဦးဖြစ်လို့ သက်ဆိုင်ရာရဲဌာနကဖမ်းထားတယ်ဆိုတာ သိခဲ့ကြရတယ်ဆိုပါတော့ဗျာ"

"ဒါဆို ဒီအိမ်ကြီးဟာ အဲဒီကိုဖိုးဆင်ဆိုတဲ့လူပိုင်တာပေါ့နော်။ ခုသူ့သားလေးကကော ဘယ်သူတွေနဲ့နေသလဲ။ အမေမရှိဘူးလား"

အိမ်ငှားသည့် စာရေးဆရာက ထိုအကြောင်းအရာအပေါ် စိတ်ဝင်စားသွားဟန်ဖြင့် ဆက်မေးလိုက်ပါလေ၏။

"အများကပြောကြတာကတော့ ကလေးမှာ အမေမရှိဘူးတဲ့။ ဒါကြောင့် ကိုဖိုးဆင် အဖမ်းခံသွားရပြီး ထောင်ကျသွားတယ်လို့ ပြောတယ်။ သူ့သားလေးခမျာတော့ သနားစရာပေါ့ဗျာ။ အဖေပြန်လာနိုးနဲ့ အိမ်ထဲကနေ အိမ်ပြင်မထွက်ဘဲ မျှော်နေရှာသတဲ့လေ။ သူတို့မှာက ဆွေမျိုးသားချင်းကလည်းမရှိ၊ အပေါင်းအသင်းမိတ်ဆွေဆိုတာလည်း မရှိလေတော့ ကလေးတစ်ယောက်တည်း အိမ်ကြီးထဲမှာနေရရှာတာပေါ့။ ညညရောက်ရင်တော့ အဲဒီကလေးခမျာ အဖေ့ကိုမျှော်ရင်း ငိုနေတော့တာပဲလို့ ဆိုတယ်ဗျ။ပတ်ဝန်းကျင်ကလည်း ကိုဖိုးဆင်ဟာ မားပြတစ်ယောက်ဆိုတော့ သူ့အိမ်ထဲကို ဘယ်သူမှမဝင်ရဲကြဘူးပေါ့။ ရက်ပေါင်းများစွာကြာမှ ကလေးငိုသံမကြားရတော့တာနဲ့ လူစုပြီး အိမ်ထဲဝင်ကြည့်တော့ သူ့သားလေးဟာ သေဆုံးနေတာကိုတွေ့လိုက်ကြရတယ်။ နောက်ဆုံးတော့ အဲဒီကလေးရဲ့အလောင်းကို ရွာကပဲ သင်္ဂြိုဟ်လိုက်ကြရတယ်လို့ ဆိုတာပဲဗျ"

"အဲဒီနောက် ကိုဖိုးဆင်နဲ့ ပတ်သက်တဲ့လူ တစ်ဦးတစ်ယောက်မှမလာကြဘူးလား"

"အင်း - သူက တစ်ကောင်ကြွက်ဘဝပဲထင်ပါရဲ့။ သူ့ရဲ့ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ဘယ်သူကမှ လာပြီးတော့ တောင်းဆိုခြင်း၊ စကားလာဆိုခြင်းမရှိဘူး။ အဲ - ကိုဖိုးဆင်ဆိုသူလည်း ခုချိန်အထိ ပြန်မလာတော့ဘူးဆိုပါတော့"

"ဩော် - ဒါကြောင့် ဒီအိမ်ကြီးဟာ ခုထိနေသူမရှိဖြစ်နေတာဘဲကိုး"

"သူနဲ့ပတ်သက်တဲ့သူမရှိလို့ ဆိုတာလည်းဟုတ်တယ်။ နောက်တစ်ခုက ဒီအိမ်ကြီးထဲက ညတိုင်းလိုလို ကလေးငိုသံကို ကြားနေရလို့ ဘယ်သူမှ အဝင်အထွက်မလုပ်ရဲကြတော့ဘဲ စွန့်ပစ်ထားလိုက်ကြရာက ခုလို ဒီအိမ်ဟာ လူမနေတဲ့အိမ်ကြီးဖြစ်နေတော့တာပေါ့ဗျာ"

ရွာလူကြီးက ခံစားမှုမပါသောလေသံမျိုးဖြင့် သူကြားခဲ့ဖူးသည့်ပုံပြင်ဆန်သော တစ်ဆင့်စကားအား ဖောက်သည်ချပြောပြခဲ့ခြင်း ဖြစ်ပေသည်။

"ကိုဖိုးဆင်တို့သားအဖရဲ့ အဖြစ်က စိတ်မချမ်းမြေ့စရာကြီးပါလား"

အိမ်ငှားမည့် ထိုလူ၏ မျက်နှာမှာ ငိုင်ကျသွားသည်။ ကိုဖိုးဆင်တို့သားအဖကို ကိုယ်ချင်းစာသနားသွားသည်ပဲထင့်။

"ဒါနဲ့ ကလေးရဲ့ငိုသံက ခုထိကြားနေရတုန်းပဲလားဗျ။ ဒီငိုသံဆိုတာ တစ္ဆေခြောက်တယ်လို့ ပြောနေကြတာပဲထင်တယ်"

"အင်း- ဖြစ်ခဲ့တဲ့နှစ်တွေကလည်း အတော်ကြာလာတော့ လူတွေစိတ်ဝင်စားမှုကလည်း နည်းလာလေတော့ ကလေးရဲ့ငိုသံကြားတယ်၊ မကြားရဘူး ဆိုတာ ဘယ်သူကမှမပြောတော့ဘူး။ ဒါကလည်း ဘယ်သူမှ လက်တွေ့ကျကျ မြင်တွေ့တာမျိုးမရှိပါဘူးလေ။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com

ာ အထင်နဲ့ပြောနေကြတာပဲရှိတာပါ"

"ကောင်းပါပြီလေ၊ နောက်တစ်နှစ်ရက်ဆို ကျွန်တော်တို့ ဒီအိမ်ကြီး နေဖြစ်ကြမှာတော့ အလွန်သေချာပါတယ်လေ။ အဲ - ကျွန်တော့်မှာလည်း (၉) နှစ်အရွယ်သမီးတစ်ယောက်ပါလာပါသေးတယ်။ တိုက်တိုက်ဆိုင်ဆိုင်လို့ ဆိုရမယ်ထင်ပါတယ်"

*

"ဟင် - ရှင်ငှားထားတဲ့အိမ်ကြီးကလည်း အိုရုံတင်မကဘူး၊ ကြည့်ရတာနဲ့ပဲ ကြောက်စရာကြီး။ ကျွန်မကတော့ မနေရဲပါဘူး ကိုသိန်းထိုက်ရယ်"

အိမ်ငှားသည့်မိသားစု လေးအိမ်ကျေးရွာရှိ အိမ်ကြီးသို့ရောက်သည်နှင့် ဇနီးမဖြစ်သူ မလွင်လွင်ဦးက အိမ်ကြီးကို ကြည့်လျက် ဝေဖန်ပြောဆိုလိုက်ခြင်းပင် ဖြစ်ပါလေ၏။ မိသားစုဆိုသည်ကလည်း သူတို့လင်မယားနှစ်ယောက်နှင့် (၉)နှစ်အရွယ်သမီးလေးတစ်ယောက်သာဖြစ်သည်။ အိမ်ထောင်ပရိဘောဂ ဟူ၍လည်း သူတို့တွင်များများစားစားပါမလာခဲ့ပါချေ။ အတော်အသင့်ပစ္စည်းများဖြစ်၍ ချို့တဲ့ပုံရသည်လေ။ စာရေးဆရာတစ်ယောက်၏ အဆောင်အယောင်ဆိုသည်မှာ သည်အဆင့်ထက် ပိုစရာအကြောင်းကား မရှိ။

"အေး - မင်းအမြင်မှာတော့ ဒီအိမ်ကြီးက အိုတယ်လို့ ထင်ပေမယ့် ပြီအနေနဲ့တော့ ရတနာသိုက်တစ်ခုထဲရောက်တယ်လို့ပဲ အောက်မေ့နေတာကွဟား ဟား ဟား"

ကိုသိန်းထိုက် အမည်ခံ စာရေးဆရာဆိုသူက သူ့စကားလုံးအားသဘောကျဘိအလား ရယ်မောနေချေသေးတော့သည်။ နောက်ပြီးမှ သမီးငယ်အား အဖော်ညှိသည့်အနေဖြင့် -

"သမီးချောစုထိုက်ကကော ဖေဖေငှားထားတဲ့ ဒီအိမ်ကြီးကို သဘောမကျဘူးလား သမီးရဲ့"

ဟု အိမ်ကြီးကို လှည့်ပတ်ပြရင်း မေးကြည့်လိုက်ပါလေ၏။

"အိမ်ကြီးက အကျယ်ကြီးဆိုတော့ သမီးဆော့ကစားဖို့ ကောင်းတာပေါ့ ဖေဖေရယ်။ အင်း- ဒါပေမယ့် သမီးကတစ်ယောက်တည်းဆိုတော့ အဖော်ရှိရင် ပိုကောင်းမှာပဲနော် ဖေဖေ"

ကလေးဆိုတော့လည်း ကလေးအမြင်၊ ကလေးအတွေးဖြင့် ကစားဖော်ကစားဖက်အား မက်မောနေရှာမည်မှာ ခမွတာပင် မဟုတ်ပါလား။

"နောက်တော့ သမီးမှာ အဖော်တွေရှိလာမှာပေါ့သမီးရဲ့။ ရွာထဲမှာ သမီးနဲ့ ရွယ်တူကလေးတွေအများကြီးရှိနေတာပဲလေ မဟုတ်ဘူးလား"

ကိုသိန်းထိုက်က အိမ်ကြီးကိုကြည့်လျက် သဘောကျနေသည်။ အိမ်ကြီး၏တည်နေမှုအခြေအနေ၊ အိမ်ဝိုင်းပတ်ဝန်းကျင်အခြေအနေတို့အား လိုက်လံအကဲခတ်ရင်း တစ်စုံတစ်ရာအား လိုက်လံဖွေရှာနေပုံရသည်။ သူ့မျက်လုံးတွေက အိမ်ကြီး၏ နေရာအစိတ်အပိုင်းများအားစေ့စေ့စပ်စပ်အကဲခတ်နေခြင်းမှာ စာရေးဆရာတစ်ယောက်အနေဖြင့် အရေးကြီးသည့်နေရာတစ်နေရာဖြစ်သော စာကြည့်ခန်းအတွက်ပင် ဖြစ်ပေလိမ့်မည်။

ထိုစဉ် သူ့ဇနီးဖြစ်သော လွင်လွင်ဦးက သူ့အနီးသို့ တိုးကပ်လာကာ -

"ဒီအိမ်ကြီးက လူမနေတာကြာပြီထင်တယ်နော်။ ကြည့်ရတာ ချောက်ချားစရာကြီး။ သရဲခြောက်မှာကိုတောင်ကြောက်ရသေးတယ်"

ဟု ညည်းညည်းညူညူပြောလိုက်လေ၏။

"အဓိပ္ပာယ်မရှိတဲ့စကားတွေပြောမနေစမ်းပါနဲ့ မလွင်ရယ်။ သမီးလေးကြားရင် ကြောက်လန့်ပြီး မသွားရဲမလာရဲဖြစ်နေပါဦးမယ်ကွ"

ထိုစဉ်မှာပင် အိမ်ခန်းလေးအတွင်းမှ ကလေးငိုသံလိုလိုဘာလိုလို အသံကြားလိုက်ရသည်။ လွင်လွင်ဦးက သမီးလေး ချောစုထိုက်၏ငိုသံဟုထင်လိုက်မိသဖြင့် အိမ်ခန်းတံခါးအားဆွဲ၍ ဖွင့်ကြည့်လိုက်ပါလေ၏။ အခန်းအတွင်း၌ကား မည်သူမျှမရှိ။ ကလေးငိုသံကလည်း ချက်ချင်းဆိုသလို ပျောက်ကွယ်သွားသည်။

"လန့်လိုက်တာရှင်။ သမီးလေးချောစုငိုသံလားလို့ သွားကြည့်တာ အခန်းထဲမှာ ဘယ်သူမှမရှိပါဘူး၊ ဒါပေမယ့် ကြားလိုက်ရတာကတော့ အမှန်ပဲရှင့်"

"မင်းကလည်းကွာ၊ သမီးလေး ချောစုက ဟိုသစ်ပင်တွေအောက်မှာ ဆော့ကစားနေတာ မင်းမမြင်ဘူးလား။ မင်းနားကြားလွဲတာဖြစ်မှာပါကွာ"

"ရှင်ကော စောစောက ကလေးငိုသံလိုလိုမကြားလိုက်မိဘူးလား"

"တောက်တီးတောက်တဲ့ပြောရရင်တော့ မယ် ငါတော့မကြားမိပါဘူး။ ဒီအိမ်ကြီးကိုရောက်တဲ့နေ့မှာ မင်းစိတ်ထဲထင်ရာတွေ လျှောက်တွေးနေတယ်ထင်တယ်။ အေး - မင်းသိထားဖို့က ငါတို့တစ်တွေဟာ ဒီအိမ်ကြီးမှာ အမြဲတမ်းနေသွားမှာ မဟုတ်ဘူးဆိုတာပြောထားရဦးမယ်"

"ကျွန်မကလည်း ဒီအိမ်ကြီးမှာ တစ်သက်လုံးမနေနိုင်ပါဘူးနော်။ ခုဉစ္စာက ရှင်ခေါ်လာလို့သာလိုက်လာခဲ့ရတာ လိုက်တောင်မလိုက်ချင်ဘူး။ နောက်ပြီး ဒီရွာက မြို့နဲ့လည်းလှမ်းပါဘိသနဲ့"

သူတို့နှစ်ယောက် စကားပြောနေဆဲ ကောင်းကင်ဝယ် မိုးတိမ်တွေတက်လာကာ မိုးမှောင်ကျလာပေပြီ။ မကြာမီ မိုးရွာလာတော့မည့် အခြေအနေပင်။ စာရေးဆရာတစ်ယောက် ပိုင်ဆိုင်သည့် ပရိဘောဂများက များစွာမပါရှိသဖြင့် နေရာချထားပြင်ဆင်မှုက သိပ်အချိန်မပေးလိုက်ရပါချေ။ နာရီပိုင်းလေးအတွင်းမှာပင် အိမ်ကြီးပေါ်သို့ လူသစ်များနေထိုင်နိုင်သည့် အနေအထားသို့ ရောက်ရှိသွားရတော့သည်။

"သမီးလေး ချောစု၊ မိုးတွေရွာတော့မယ်လေ။ အိမ်ထဲကိုပြန်ဝင်ခဲ့တော့လေ"

လွင်လွင်ဦးက စိုးရိမ်သည့်လေသံဖြင့် လှမ်းအော်ပြောလိုက်၏။ ကိုသိန်းထိုက်ကတော့ အိမ်၏အတွင်းပိုင်းအနေအထားကို အာရုံထားလေ့လာနေသောကြောင့် ပြင်ပဝန်းကျင်ကို သတိမထားမိပါလေတော့။

လူ ဆိုသည်က တစ်စုံတစ်ရာအပေါ် စိတ်အာရုံဝင်စားသွားသည်နှင့် အခြားဘာဆိုဘာမှမသိနိုင်ပါလေတော့။

*

"ရှပ် ရှပ် ရှပ် ရှပ်"

ထွက်ပေါ်လာသည်ကတော့ ခြေသံ။

ထိုအသံကို ကြားလိုက်ရသော လွင်လွင်ဦးက နောက်သို့လှည့်ကြည့်လိုက်ပါလေ၏။ မူလကတော့ သမီးလေးချောစု နောက်မှလာနေသည်ဟု အထင်ဖြင့် ကြည့်လိုက်ခြင်းရယ်သာ။ သို့သော်လည်း ခြေသံလည်းပျောက်၊ လူလည်း ရောက်မလာခဲ့ပါချေ။ စိတ်ထင်လို့ဟု တွေးမိသဖြင့် ရှေ့သို့ပြန်လှည့်လိုက်စဉ် သူ့ပခုံးပေါ် လက်တစ်ဖက်ကျလာ၏။ လွင်လွင်ဦး ရင်ထဲထိတ်ခနဲဖြစ်သွားရင်း နောက်သို့တစ်ဖန်လှည့်ကြည့်လိုက်ပြန်သည်။ စောစောက ခြေသံကြား၍ လူကိုမမြင်ရ။ ခုတော့ ခြေသံမကြားလိုက်ရဘဲ သမီးလေးချောစုထိုက်က သူ့ပခုံး



www.burmeseclassic.com

www.burmeseclassic.com

ကို လာကိုင်နေချေသည်ပဲ။

"ဟဲ့ - လန့်လိုက်တာ သမီးရယ်၊ ခြေသံမပေးဘာမပေးနဲ့"

"အို - ခြေသံပေးရင် မေမေကသိသွားမှာပေါ့လို့။ ခုကြည့်ပါလား၊ ခြေသံမကြားလိုက်ရတော့ မေမေလန့်သွားတာမဟုတ်လား"

သည်မှာပင် လွင်လွင်ဦး စဉ်းစားမိလိုက်တော့၏။ စောစောက ခြေသံကြားတော့လူကိုမတွေ့၊ လူကိုတွေ့လိုက်ရတော့ ခြေသံကိုမကြားရ။ သို့ဆိုလျှင် စောစောကခြေသံတရှပ်ရှပ်က မည်သူ့ထံမျှ ထွက်ပေါ်လာဘိသနည်း။ ထိုမှတစ်ဆင့် မနေ့ကအဖြစ်သို့ ပြန်တွေးလိုက်မိသည်။ ကလေးငိုသံကြားလိုက်ရသဖြင့် သမီးလေးချောစုငိုနေသည့်အသံအထင်ဖြင့်သွားကြည့်ရာ အခန်းတွင်းသို့ကြည့်တော့လည်း ကလေးငိုသံက ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်လေ။ သမီးလေးကိုလည်း မတွေ့ရ။ အခြားကလေးတစ်ဦးတလေမှကိုလည်း မတွေ့ရဘဲဖြစ်နေသည်မှာ ထူးဆန်းအံ့သြစရာကောင်းလှပါဘိခြင်း။ စောစောက ခြေသံတရှပ်ရှပ် ကြားလိုက်ရသည်ကလည်း အမှန်ပင်။ သူမ၏ နားဖြင့်ဆတ်ဆတ်ကြားလိုက်ရခြင်းသည်အမှန်။ ခြေသံပိုင်ရှင်နှင့် ကလေးငိုသံတို့က သူမ၏စိတ်ဝယ် ချောက်ချား၍ ဇဝေဇဝါနိုင်လှပါဘိတောင်း။

သည်အကြောင်းများကို ခင်ပွန်းဖြစ်သူအား ပြောပြရန် ဆုံးဖြတ်လိုက်သည်။ ကိုသိန်းထိုက်က ဘယ်ဆီကိုများ ရောက်နေပါလိမ့်။

"ဒီမှာ ကလေးတို့အဖေကြီးရေ၊ ကိုသိန်းထိုက် ကိုသိန်းထိုက်။ သမီးလေး သွားကြည့်စမ်း"

လွင်လွင်ဦးက လှမ်းအော်ရုံမက သမီးလေးကိုပါ သွားရှာခိုင်းလိုက်တော့သည်။ ချောစုထိုက်က အပြင်ဘက်သို့ ပြေးထွက်သွားရင်း သူ့အဖေကို သွားရှာသည်။

"မေမေရေ၊ ဖေဖေက ဒီမှာ မြေကျင်းတူးနေတာ မေမေရဲ့။ ဒီမှာလာကြည့်ပါဦး"

အသံကြားရာသို့ လွင်လွင်ဦး လိုက်သွားသည်။ အိမ်ကြီးပတ်ပတ်လည် သစ်ပင်ခြေရင်းများဝယ် မြေတူးဆွနေသော ကိုသိန်းထိုက်အား ချွေးတစ်လုံးလုံးဖြင့် အလုပ်လုပ်နေသည်ကို တွေ့လိုက်ရပါလေ၏။

"ရှင့်နှယ်ရှင်၊ အိမ်ထဲမှာလည်း ရစရာမရှိတော့ဘူး။ မြေတွေလှန်ထားလိုက်တာ။ ခုလည်း ဝင်းခြံထဲက မြေတွေကို တူးဆွနေပြန်ပြီ။ ဘာစိတ်ကူးပေါက်ပြီး ဒီလောက်ကျင်းတွေတူးနေရတာလဲရှင်။ အိမ်တစ်အိမ်လုံးလည်းမွနေတာပဲ။ ဘာရှာနေမှန်းလဲမသိဘူး၊ စိတ်မှကောင်းသေးရဲ့လား"

မြေကျင်းတူးနေရာမှ ကိုသိန်းထိုက်က ပြန်လှည့်ကြည့်လိုက်ကာ-

"ဟ - ငါက အကျိုးမဲ့တဲ့အလုပ်ဆို ဘာမှမလုပ်ဘူးသိလား။ အကြောင်းရှိလို့ အခုလိုလုပ်နေတာပေါ့။ လာ၊ မင်းနားလည်အောင် ငါပြောပြမယ်"

လွင်လွင်ဦးက သူ့ခင်ပွန်းအနားသို့ တိုးကပ်သွားသည်။ တစ်ခဏမျှ လင်မယားနှစ်ယောက် တီးတိုးတီးတိုးသဖန်းပိုးလုပ်နေစဉ် ချောစုထိုက်က ခြံဝင်းတစ်နေရာသို့ ပြေးထွက်သွားရင်း -

"ဟော့ဟော့ - နေဦးလေ၊ ငါနဲ့အတူတူကစားကြအောင်လေ။ ငါလာခဲ့မယ်နော်"

သမီးလေး ချောစုထိုက် ထိုသို့ ပြောဆိုထွက်သွားသည်ကို လင်မယားနှစ်ယောက်စလုံး မသိလိုက်ကြ။ နှစ်ဦးတည်း ကြိတ်ကြိတ်တိုးတိုးနှင့် တွတ်ထိုးနေကြတော့သည်လေ။

"ဩော်- ဒါကြောင့် ရှင်က ကျွန်မတို့သားအမိကို ဒီခေါ် လာခဲ့တာပဲကိုး။ ရှင့်ဥစ္စာက သေချာတာမှမဟုတ်တာ"

"အေးလေ၊ မသေချာလို့ အခုဖြေလိုက်ရှာနေတာပေါ့ကွ။ ငါသတင်းရထားတဲ့အတိုင်းဆိုရင် ပစ္စည်းတွေက မနည်းမနောရှိနေတာကလား။ တွေ့ရင်တော့ တို့တစ်သက်မပူရတော့ဘူး မိန်းမရေ ဟား ဟား ဟား"

"အင်းလေ - ဒါဆိုလည်း စောင့်ကြည့်ရသေးတာပေါ့လေ"

✻

"သမီးလေး သိပ်ပြီးနေမကောင်းချင်ဘူး ကိုသိန်းထိုက်။ ဒီရွာထဲမှာ ဆေးဆရာတစ်ဦးတလေတော့ရှိမှာထင်ပါရဲ့။ စုံစမ်းကြည့်စမ်းပါဦးရှင်"

ချောစုထိုက်မှာ အိပ်ရာထဲတွင် လှဲရင်း မှိန်းနေသည်။ မနေ့က ခြံထဲဆော့ကစားရင်း မြေငွေ့ဟပ်သွားသည်ပဲထင့်။ ယခင်နေ့များလို ရွှင်ရွှင်လန်းလန်းမရှိပါချေ။ ခဏအကြာ ချောစုထိုက် မှိန်းနေရာမှ မျက်လုံးလေးတွေပွင့်လာတော့သည်။

"သမီးကို ဟိုကောင်လေးခေါ်ပေးပါလား မေမေ။ သူက နင့်မိဘတွေက ခွင့်ပေးမယ်ဆိုရင် လာကစားမယ်လို့ ပြောတယ် မေမေရဲ့"

"ဘယ်ကောင်လေးကို ပြောတာလဲသမီးရဲ့။ ဖေဖေ့ကို ပြောပြစမ်းပါဦး။ ဖေဖေတို့က ဘယ်ကောင်လေးကို ခေါ် ပေးရမှာတဲ့လဲ"

"သူဘယ်သူလဲဆိုတာ မေး လည်းမရဘူး ဖေဖေရဲ့။ ဒါပေမယ့် သူ ငိုငိုနေတာတွေ့ရလို့ သမီးက အတူ ကစားရအောင်သွားခေါ်တာ သူက ဖေဖေတို့ကို ကြောက်တယ်ထင်ပါရဲ့ ထွက်ပြေးသွားတယ်"

"ဒီအနားကို ဘယ်ကလေးမှလာ တာလဲမမြင်မိပါဘူးသမီးရဲ့။ သူကဘယ် အိမ်မှာနေတာတဲ့လဲ"

"အို - သူက ဘယ်အိမ်နားက လာတာမဟုတ်ဘူး။ ဒီအိမ်ကြီးထဲမှာ သူကနေတာတဲ့ မေမေ"

သမီးလေးစကားကြောင့် လင် ယားနှစ်ယောက်မှာ တစ်ဦးမျက်နှာတ ဦးကြည့်လိုက်မိကြသည်။ ကိုသိန်းထိုက် က တစ်စုံတစ်ရာသတိရလိုက်ဟန်ဖြင့် သက်မတစ်ချက်ကို ခပ်လေးလေးပင် လိုက်ပြီးမှ -

"ကဲပါ သမီးရယ်၊ နောက်တစ်ခါ အဲဒီကောင်ကလေးလာရင် ဖေဖေတို့ ပြောပြနော်။ သူ သမီးနဲ့ အတူတူကစား ရအောင် ပြောပေးမှာပေါ့ကွယ့် ဟုတ် လား။ ခုတော့ သမီးအိပ်ပျော်အောင် အိပ်လိုက်ဦးနော်"

ဟု ချော့မော့လျက် အိပ်ပျော် အောင် သိပ်လိုက်ရသည်။ ကလေးအိပ် မှ ကိုသိန်းထိုက်က လွင်လွင်ဦးကို လ တို့၍ အဝေးတစ်နေရာသို့ ထွက်လာ ကြသည်။ ကိုသိန်းထိုက်ကတော့ ဘယ် လိုသဘောပေါက်လေသည်မသိ။ လွင် လွင်ဦးကတော့ သည်အိမ်ကြီးတွင် တစ်စုံတစ်ရာရှိနေလိမ့်မည်ဟု သဘော ပေါက်နားလည်ထားမိတော့သည်။

"ကလေးကဖျားနေတော့ သူ့စိတ် ထဲ ကယောင်ကတမ်းမြင်တာတွေ လျှောက်ပြောနေတာဖြစ်မှာ။ တစ် ယောက်တည်းဆိုတော့ သူ့စိတ်ထဲမှာ အဖော်နဲ့ ကစားချင်ဟန်တူပါရဲ့ကွာ"

"အေးလေ၊ ဘာပဲပြောပြော လော လောဆယ်တော့ သူနေထိုင်မကောင်း တာကို လက်ပိုက်ကြည့်နေလို့တော့မ ဘူးရှင့်။ ရွာထဲသွားပြီးဆေးဆရာ ပင့်မှ"

"အင်း - ငါရွာထဲသွားပြီးမေးမြန်း

www.burmeseclassic.com

ကြည့်လိုက်ပါ့မယ်။ မင်းလည်း ကလေးကို ဂရုစိုက်လိုက်ဦးနော်"

ဟု ပြောကာ ရွာအတွင်းသို့ ထွက်သွားလေတော့၏။ သည်တော့မှ လွင်လွင်ဦးက သူ့ခင်ပွန်းဖြစ်သူ ကိုသိန်းထိုက်အကြောင်းကို တွေးလိုက်မိတော့သည်။ အမှန်စင်စစ် စာရေးဆရာအမည်ခံ ကိုသိန်းထိုက်မှာ ဆင်းရဲနွမ်းပါးဒုက္ခများအား ဖြေဆိုင်နိုင်သူမဟုတ်။ အလုပ်လုပ်ကိုင်ရာ၌လည်း လက်ကြောတင်းအောင်လုပ်သည့်လူစားမျိုးထဲတွင် သူမပါ။ ကျောင်းအတတ်ပညာက ဗလာ။ မသမာသည့်အလုပ်မျိုးကိုမဆိုလိုက်လုပ်၍ ပွပေါက်တိုးသည်ကိုသာ အားထားမျှော်လင့်တတ်သည့် အချောင်သမားတစ်ဦးရယ်သာ။

လက်ထဲ ငွေစလေးများရှင်လာလျှင် မဆင်မခြင် ကြွားဝါးသုံးဖြုန်းတတ်သူသာ ဖြစ်သည်။ အတွင်းမသိအစင်းသိတော့ လွင်လွင်ဦးက သိန်းထိုက်အား အထက်တန်းစားလူကုံထံသားဟူသော ထင်ကြေးကြောင့် ချစ်ကြိုက်မိခြင်းသာ ဖြစ်လေ၏။ နောက်မှ ဖွတ်ကျက်မှ တောင်ပို့မှန်းသိသလို သူမ၏ အမျိုးဘဝပျက်သုဉ်းပြီးကာမှ ကိုသိန်းထိုက်၏ ဘဝအခြေအနေအမှန်ကို သိရှိနားလည်လိုက်ရလေတော့သည်။ ဆိုရလျှင် ကိုသိန်းထိုက်သည် စာရေးဆရာတစ်ယောက်ဟု ဖုံးကွယ်ထားသော လူဆိုးလူမိုက်တစ်ယောက်သာ ဖြစ်နေပါသတည်း။ သူ၏ဆရာ မားပြခေါင်းဆောင်ဆိုသူက အခြားဟုတ်ရိုးလား။ ဤအိမ်ကြီးတွင် နေထိုင်သွားခဲ့သည့် သားလေးတစ်ယောက်၏ဖခင်၊ အဖမ်းခံ၍ ထောင်ကျသွားကာ မည်သို့ရောက်သွားသည်မသိရသော မားပြခေါင်းဆောင် ကိုဖိုးဆင်ပင် ဖြစ်ပါသတည်း။

*

မားပြခေါင်းဆောင်ကိုဖိုးဆင်က အဖမ်းခံလိုက်ရပြီဆိုတော့ နောက်လိုက်တပည့်များက ကွင်းဆက်လိုက်ရင်း သူတို့ပါ အဖမ်းခံထောင်မကျရေးအတွက် ဆိတ်ဆိတ်ပင် ငြိမ်သက်ပုန်းကွယ်နေလိုက်ကြသည်။ နောင်တွင် မားပြခေါင်းဆောင် ကိုဖိုးဆင် ထောင် (၁၀) နှစ်ကျခံနေစဉ်အတွင်း ငှက်ဖျားရောဂါဖြင့် ဆုံးပါးသွားပါတော့သည်။ ကွင်းဆက်လိုက်၍ အဖမ်းခံကြရမည်ကို စိုးရိမ်ကြောက်လန့်နေကြသောတပည့်နောက်လိုက်များက ကိုဖိုးဆင်အကြောင်းကို လိုက်လံစုံစမ်းမေးမြန်းကြတော့သည်။ ထိုတပည့်ထဲမှ သိန်းထိုက်တစ်ဦးတည်းသာ ကိုဖိုးဆင်၏ နောက်ကြောင်းခြေရာအား ရှာဖွေတွေ့ရှိခဲ့ခြင်းပင် ဖြစ်ပေသည်။

မားပြခေါင်းဆောင် ကိုဖိုးဆင်၏ ကောက်ကြောင်းကို ရှာဖွေရသည့် အကြောင်းရင်းကလည်း အခိုင်အမာရှိထားသည်မဟုတ်ပါလား။ နောက်ဆုံး အကြိမ် သူတို့တိုက်ခိုက်လုယက်ခဲ့သည့် ရတနာရွှေငွေတို့မှာ ခွဲတမ်းမချရသေး။ အန္တရာယ်ဘေးကြောင့် ဆရာကြီးဖိုးဆင်က ထိန်းသိမ်းထားခဲ့ဆဲအချိန်အတွင်းမှာပင် အဖမ်းခံလိုက်ရခြင်း ဖြစ်သည်။ မားပြခေါင်းဆောင် ကိုဖိုးဆင်တွင် ဇနီးနှင့် သားငယ်တစ်ယောက်သာရှိခဲ့သည်။ နောက်ပိုင်းတွင် ကိုဖိုးဆင်က ခြေရာဖျောက်သွားခဲ့တော့၏။ ခြေရာဖျောက်ရန် စီစဉ်နေဆဲအချိန်မှာပင် ဇနီးသည်ဖြစ်သူ ဆုံးပါးသွားသဖြင့် သားအဖနှစ်ယောက်တည်း လေးအိမ်စုရွာသို့လာရောက်နေထိုင်ခဲ့သည်။ တစ်နေ့ မြို့ပေါ်တက်၍ အခြေအနေစုံစမ်းရန်အသွား သတင်းစကားကြားထားသော တာဝန်ခံရဲအရာရှိတို့၏ ဖမ်းဆီးခြင်းအားခံလိုက်ရခြင်းဖြစ်ပေသည်။

သားလေးမှာ တစ်ဦးတည်း အိမ်တွင်ကျန်ရစ်ခဲ့ရာမှ စိတ်ဓာတ်ကျ လွမ်းနာကျသည်ကတစ်ကြောင်း၊ အစာအာဟာရ ပြတ်တောက်ခဲ့ရသည်ကတစ်ကြောင်းကြောင့် သေဆုံးသွားခဲ့ရခြင်းဖြစ်သည်။ ခုတော့ မားပြကြီး ဖိုးဆင် လာရောက်နေထိုင်ခဲ့သော လေးအိမ်စုရွာမှ အထီးကျန်အိမ်ကြီးပေါ်သို့ တပည့်နောက်လိုက် ကိုသိန်းထိုက် ခြေရာခံလိုက်လာခဲ့သည်ပင် မဟုတ်ပါလား။ လောလောဆယ်တွင် ကိုသိန်းထိုက် ထင်ထားသလို. အစုရှယ်ယာမခွဲရသေးသော ရတနာပစ္စည်းများကိုရှာဖွေနေဆဲဖြစ်သည်။ သို့သော်လည်း ကိုသိန်းထိုက် မျှော်မှန်းထားသည့် ရတနာပစ္စည်းများကို ရှာမတွေ့ဘဲဖြစ်နေဆဲပင်တည်း။ သည်ကြားထဲ သမီးလေးချောစုထိုက်မှာ ဖျားနာနေသောကြောင့် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလိုဖြစ်နေခဲ့တော့သည်။

သို့သော် လောဘရမ္မက်တက်နေသော ကိုသိန်းထိုက်မှာ သမီးလေးထက် ဗိုလ်ဖိုးဆင်ဖွက်ထားခဲ့သည့် ရတနာများကိုသာ စိတ်ရောက်နေချေသည်လေ။ လွင်လွင်ဦးအနေဖြင့် သည်အိမ်ကြီးအတွင်းဝယ် ကလေးငယ်တစ်ဦး၏ငိုသံ၊ သမီးလေးတွေ့ခဲ့သော သူ၏ကစားဖော်ဆိုသည်တို့မှာ ကိုဖိုးဆင်၏ သေဆုံးခဲ့သော သားလေး၏ဝိညာဉ်ပင် ဖြစ်လိမ့်မည်ဟု တထစ်ချတွက်ဆထားပြီး ဖြစ်နေခဲ့ပါသည်။ ထိုကလေးငယ်၏ တုံ့ပြန်ခြောက်လှန့်မှုကိုခံနေရသော သူတို့သားအမိအတွက် စိုးရိမ်မှုတွေက ကြီးစိုးနေခဲ့သည်ကတော့အမှန်ပင်။ ကြည့်လေ - ခုလောလောဆယ် သမီးလေးချောစု နေထိုင်မကောင်းဖြစ်နေရာမှ ဆေးဝါးကုသမှုမခံရသဖြင့် တစ်စတစ်စဆိုးဝါးလာခဲ့ချေပြီပင် မဟုတ်ပါလား။ သမီးလေးချောစုမှာ နေထိုင်မကောင်းဖြစ်နေစဉ်အတွင်း သွေးလေချောက်ချားအယောင်ယောင်အမှားမှား စကားများပင် ပြောဆိုနေချေပေ့။ တစ်ခါတစ်ခါ သမီးလေးအိပ်ပျော်နေစဉ်မှာပင် မည်သည့်နေရာကမှန်းမသိနိုင်သော တစ်နေရာမှ ကလေးငိုသံနှင့် ခြေသံများကို ကြားနေရသည်လေ။ ထိုအခါမျိုးတွင် သမီးလေးနှုတ်မှ -

"အေးပါ၊ ငါလာခဲ့ပါ့မယ်။ နင်ခဏတော့စောင့်ပေးနော်။ နင်သွားရာကို ငါလိုက်ခဲ့မှာပါ။ စိတ်ချစမ်းပါ"

ဟု ကယောင်ကတမ်းဖြင့် ပြောဆိုလာတတ်သည်။ အမြဲတမ်း ကလေးအနီးတွင်ရှိသောလွင်လွင်ဦးမှာ ထိုစကားပြောသံများကို ကြားနေရသဖြင့် စိုးရိမ်စိတ်တွေကလည်း ပိုမိုကြီးမားလာခဲ့တော့၏။ သူတို့သားအမိနှစ်ဦးတည်းရှိနေစဉ်အတွင်း ကလေးငိုသံနှင့် ခြေသံတို့အား မကြာခဏကြားနေရတတ်သည်။ တစ်ခါတစ်ခါတော့လည်း သမီးလေးက -

"ကြောက်တယ်၊ ကြောက်တယ်။ မေမေ သမီးကြောက်တယ်"

ဟု အော်ဟစ်ပြောတတ်ပြန်သေးသည်။

ထိုအခါမျိုးဝယ် လွင်လွင်ဦးမှာ သမီးလေးအား ထွေးပိုက်ပွေ့ချီပေးထားရသည်။ သမီးလေးက အော်ဟစ်ပြောဆိုလိုက်ရသဖြင့် မောပန်းသွားဟန်ဖြင့် ငြိမ်သက်သွားပြန်သည်။ အသက်ရှူမဝဘိသို့ ဖိုလှိုက်ဖိုလှိုက်ဖြစ်နေတော့သည်။ ထိုအခါမျိုးတွင် လွင်လွင်ဦးမှာ မနေသာပါလေတော့။ သူတစ်ပါးပစ္စည်းများအပေါ် အလိုရမ္မက်ကြီးလှသော ခင်ပွန်း ကိုသိန်းထိုက်အား စိုးရိမ်စိတ်ဖြင့် ပြောပြရတော့သည်။

"ကိုသိန်းထိုက်၊ ကိုသိန်းထိုက်၊ သမီးလေးကို လာကြည့်ပါဦး"

ဟု ရှိုက်ငိုသံတစ်ဝက်ဖြင့် ပြော

www.burmeseclassic.com

www.burmeseclassic.com

မူဒိတာ(ကျိုက်လတ်)

# သက်ကြီးစုထား သိမှတ်စရာများ
# သက်ငယ်သုံးစား အကျိုးပွား

ရှေးပညာရှိ ကဝိအမော် ပဏ္ဍိတ်ကျော်တို့၏ အနုဋ္ဌဖိုးတန် အစီအမံဖြစ်သော လောကီပညာအရပ်ရပ်တို့ကို လူမှုကိစ္စအဝဝတို့တွင် မိမိတို့ပြုလုပ်လိုသည်များကို အလွယ်တကူပြုလုပ်နိုင်ကြစေရန် ကောင်းမြတ်သော စိတ်စေတနာရည်သန်၍ ပေးဝေငှလိုက်ပါသည်။



**ထိမ်းမြားမင်္ဂလာသိစရာ**
**(ထိမ်းမြားရန်လရွေးချယ်ခြင်း)**

**ဆောင်ရန်လ**

၁။ တန်ခူးလ - ထိမ်းမြားလျှင်

ဆိုရပြန်သည်။

ထိုအခါမှ သိန်းထိုက်ကလိုက်လာ၍ -

"သမီးလေး ဖေဖေတို့သမီးအနားမှာရှိတယ်လေ။ ဘာမှကြောက်စရာမလိုဘူးနော်။ သမီးလေးအားရှိအောင်အိပ်လိုက်နော်"

ဟု ချော့မော့နှစ်သိမ့်စကားပြောလိုက်ရင်း သူ၏ လိုအင်ဆန္ဒ မပြည့်ဝသည့်အတွက်ပါ လူရောစိတ်ပါ နွမ်းနယ်သွားခဲ့ရပါဘိတောင်း။

ဖခင်၏အသံကိုကြားလိုက်ရသည်ပဲထင့်။ ချောစုထိုက်မှာ ကိုယ်လေးလူးလွန့်ရင်း မျက်လုံးအစုံကလည်း ပွင့်ဟလာတော့သည်။ ကလေးမျက်လုံးအစုံ၏အကြည့်မှာ မိဘနှစ်ယောက်စလုံးအားကျော်လွန်လျက် တစ်နေရာဆီသို့ စူးစူးရဲရဲကြည့်နေသည်ကို တွေ့လိုက်ရသည်။ ပါးစပ်ကလေးကလည်း စကားပြောလိုဟန်ဖြင့် လှုပ်ရှားလာတော့၏။ ထိုစဉ်ကလေးငယ်တစ်ယောက်၏ ရယ်မောသံသဲ့သဲ့ကို ကြားလိုက်ရပါလေ၏။ ရယ်သံက လှောင်ပြောင်သရော်နေဘိသို့ပင်။ သည်တစ်ခါတော့ လွင်လွင်ဦးတစ်ယောက်တည်း မဟုတ်ပါလေတော့။ ကိုသိန်းထိုက်ပါ ကြားလိုက်ရခြင်း ဖြစ်သည်။ နှစ်ဦးသား ရယ်သံကြားရာဆီသို့ လိုက်လံ ရှာဖွေကြည့်လိုက်ကြသည်။ သို့ပေမယ့် သူတို့၏မျက်ကြည်လွှာအမြင်အာရုံဝယ် မည်သည့်အသွင်သဏ္ဍာန်ပုံရိပ်ကိုမျှ ထိုးဖောက်ဝင်ရောက်လာခြင်း မရှိ။ မည်သည့်ကလေးကိုမျှ ရှာမတွေ့မိ ဗလာနတ္ထိရယ်သာ။

"သမီး၊ သူနဲ့လိုက်သွားတော့မယ်နော်။ သူကလာခေါ် နေပြီမေမေ။ သမီးသူနဲ့ကစားဖို့ လိုက်သွားချင်တယ်။ သူ့ကိုသမီး အရမ်းခင်တယ်၊ သမီးလိုက်သွားမယ်နော်"

ချောစုထိုက်၏ လေသံက အနီးကပ်ကြားလောက်ရုံသာ။ ထိုလေသံသဲ့သဲ့ကြောင့် လင်မယားနှစ်ယောက်စလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြရတော့၏။ သမီးလေးကို ငုံ့ကြည့်ရင်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိစဉ်မှာပင် ချောစုထိုက်၏ ဦးခေါင်းလေးမှာ တစ်ဖက်သို့စောင်းငဲ့ကျသွားလေတော့သည်။ ထိုခဏ၌ အိမ်ခန်းအတွင်းမှ အပြင်ဘက်ဆီသို့လှမ်းသွားသော တရှပ်ရှပ်ခြေလှမ်းသံကို ကြားလိုက်ရတော့သည်။ ကိုသိန်းထိုက် နှုတ်မှတုန်လှုပ်ချောက်ချားစွာဖြင့် အသံထွက်ပေါ် လာလေတော့သည်။

"ဒါ. . . ဒါ အိမ်ထဲကနေ အပြင်ဘက်ကိုထွက်သွားတဲ့ခြေသံတွေပဲ"

ခြေသံတွေတရှပ်ရှပ်ဖြင့် အသံပေးကာ သူတို့နှင့်ဝေးရာ အိမ်တံခါးပေါက်ဆီသို့ ဦးတည်လျက် ထွက်သွားလေတော့၏။

"ခြေသံတွေက လူနှစ်ယောက်လျှောက်သွားတဲ့ခြေသံတွေပဲ။ ကိုသိန်းထိုက် ကြားလား။ သေသေချာချာနား ထောင်ကြည့်စမ်းပါ။ လူနှစ်ယောက် တကယ့်ကို လူနှစ်ယောက်သွားတဲ့ ခြေ သံတွေ"

လွင်လွင်ဦးက ဗလုံးဗထွေးဖြင့် တုန်လှုပ်ချောက်ချားစွာပြောရင်း သမီးလေးချောစုထိုက်အား ငုံ့ကြည့်လိုက်ပါလေ၏။ သမီးငယ်၏နှုတ်ခမ်းလေး ပြုံးယောင်သန်းနေဟန်ပင်။ သို့လင့်ကစား ဖိုလှိုက်ဖိုလှိုက်ဖြစ်နေသော ရင်ခုန်နေမှုကား ပကတိငြိမ်သက်ရပ်ဆိုင်းသွားခဲ့ချေပြီတကား။ ထိုအဖြစ်ကို မြင်လိုက်ရသော လွင်လွင်ဦးက ကြေကွဲဝမ်းနည်းသောလေသံဖြင့် အော်ပြောလိုက်လေတော့၏။

"ကိုလောဘကြီးရေ့၊ ရှင့်သမီးလေး ဟိုကလေးနောက်လိုက်ပါသွားပါပကောလား အဟီး ဟီး ဟီး ဟီး"

ထိန်းချုပ်ထားသော ကြေကွဲဝမ်းနည်းမှုနှင့် တုန်လှုပ်ခြင်းအား ထွက်ပေါက်ပေးလိုက်ဘိသို့ လွင်လွင်ဦး၏ရှိုက်ကြီးတငင်ငိုလိုက်သည့်အသံက တောင်ခေါင်းဆောင်ကိုဖိုးဆင်၏ အိမ်အိုကြီးအတွင်းမှ ပတ်ဝန်းကျင်သို့ထိုးဖောက်၍ ထွက်ပေါ် သွားလေတော့သည်။

မေတ္တာ့ကြည်လျှ
အလက်ာသု



www.burmeseclassic.com

www.burmeseclassic.com

စီးပွားဖြစ်ထွန်း၏။

၂။ ကဆုန်လ = အိုးအိမ်၊ လယ်ယာ စီးပွားတိုးပွား၏။

၃။ နယုန်လ = ရာသက်ပန် မေတ္တာ မြဲခိုင်၏။

၄။ သီတင်းကျွတ်လ = သားသမီး၊ အခြွေအရံပေါများ။

၅။ တန်ဆောင်မုန်းလ = ကျွဲ၊ နွား၊ ဆန်စပါး ပေါများတတ်၏။

၆။ တပို့တွဲလ = စိန်ရွှေရတနာပေါ များမည်။

**ရှောင်ရန်လ**

၁။ ဝါဆိုလ = အမိအဘပျက်စီးတတ်၏။

၂။ ဝါခေါင်လ = ပူပန်ရတတ်၏။

၃။ တော်သလင်းလ = စီးပွားပျက်တတ်၏။

၄။ နတ်တော်လ = သားသမီးအဖတ်မတင်။

၅။ ပြာသိုလ = ဆင်းရဲပျက်စီးတတ်၏။

၆။ တပေါင်းလ = ကိုယ်စိတ်ဆင်းရဲရ၏။

**လင်္ကာတို (ရှောင်ရန်)။ ။** 'ဝါ၊ ဝါ၊ တော်၊ တော်၊ ပြာ၊ ပေါင်းနော် မလျော် ခြောက်လရှောင်'။

**အိမ်ထောင်ဖက်နေ့နံရွေးချယ်ခြင်း**

အိမ်ထောင်ပြုကြမည့် သတို့သား၊ သတို့သမီးနှစ်ဦးတို့၏ နေ့နံနှစ်ခုကိုရော ပါ။

ရလဒ်ကို ခန္ဓာငါးပါးနှင့်မြှောက်ပြီးလျှင် ခုနစ်နေ့နှင့် စားပါ။

ဥပမာ သတို့သား သောကြာ သား၊ သတို့သမီး ကြာသပတေး။

သောကြာနံ(၆)+ကြာသပတေးနံ (၅) = (၆+၅) = (၁၁) ရ၏။

ခန္ဓာငါးပါးနှင့်မြှောက် = (၁၁×၅) = (၅၅) ရသည်။

(၅၅) ကို ခုနစ်ဖြင့် စားသော် (၅၅÷၇) = (၆) ကြွင်း ဖြစ်၏။

(၁) ကြွင်းလျှင် ဆင်းရဲတတ်၏။

(၂) ကြွင်းလျှင် စီးပွားချမ်းသာတတ်၏။

(၃) ကြွင်းလျှင် ဂုဏ်သတင်းမဲ့၍ ဆင်းရဲတတ်၏။

(၄) ကြွင်းလျှင် ထင်ပေါ်ကျော်စော၏။

(၅) ကြွင်းလျှင် အခြွေအရံပစ္စည်း ပေါ၏။

(၆) ကြွင်းလျှင် စီးပွားတိုးတက်ဖြစ်ထွန်း ချမ်းသာ၏။

(၀) ကြွင်းလျှင် ဆိုးလှ၏။ တကျက်ကျက်ရန်ဖြစ်၍ စီးပွားရှာရ သလောက် ကုန်ကျတတ်၏။

**နားထွင်းနေ့ရွေးမလား**

**အုံ့သဲနာကျင်စွာ** နားထွင်းမပြုရာ။ **ရွှေပန်း** ခေါ်ထ နေ့နှစ်ဝ ထွင်းကြနား ကိုသာ။

**အုံ့** - တနင်္ဂနွေ၊ **သဲ** - သောကြာ၊ **နာ** - စနေ၊ **ကျင်** - တနင်္လာ၊ **စွာ** - အင်္ဂါနေ့များတွင် **နားမထွင်းရ။**

**ရွှေ** - ဗုဒ္ဓဟူးနေ့၊ **ပန်း** - ကြာသပတေးနေ့များတွင် **နားထွင်းရမည်။**

**အိမ်ထောင်ဖက် နေ့နံထပ် ရွေးခြင်း**

**တနင်္ဂနွေ** အချင်းချင်းအိမ်ထောင်ပြုလျှင် စီးပွားဖြစ်၏။

**တနင်္လာ** အချင်းချင်း အိမ်ထောင်ပြုလျှင် ပြုစတွင် ချမ်းသာ၍ နောင်တွင် ဆင်းရဲ၏။

**အင်္ဂါ** အချင်းချင်း အိမ်ထောင်ပြုလျှင် သောကရှိတတ်၍ နောင်တွင် ချမ်းသာတတ်၏။

**ဗုဒ္ဓဟူး** အချင်းချင်း အိမ်ထောင်ပြုလျှင် စီးပွားဖြစ်၍ အသက်ရှည်တတ်သည်။

**ကြာသပတေး** အချင်းချင်း အိမ်ထောင်ပြုလျှင် တကျက်ကျက်နှင့် ကောင်းကျိုးပေးတတ်သည်။

**စနေ** အချင်းချင်း အိမ်ထောင်ပြုလျှင် စီးပွားပျက် အိမ်ထောင်မမြဲ။

**ထိမ်းမြားမင်္ဂလာပြုသင့်သောနေ့**

တနင်္ဂနွေ အင်္ဂါ နေ့သောကြာ ပြုပါ မင်္ဂလာ၊ သမီးနှင့်သား ပွားစီးပြွားများပြားဝန်းရံခ။ တနင်္လာ သောကြာ ထိမ်းမြားပါ၊ ဥစ္စာပေါကြွယ်ဝ။ သမီး ကညာ ရံများစွာ ဝန်းလာဝိုင်းခယ။ ဗုဒ္ဓဟူး စနေ ထိမ်းမြားပေ၊ ရံရွေသားပုတ္တ။ နည်းပါးခြံရံ ကိုယ်တည်းစံ မည်ံ တိတ်ဆိတ်လှ။ ရသေ့ရှစ်သောင်း ဆရာကောင်း၊ မှတ်ကြောင်းမှာခဲ့ကြ။

## လူ၏ဥပဓိရုပ်ဆိုတာ

**ဦးခေါင်းလက္ခဏာ**

ဦးခေါင်းကြီး အ များခင်မင်၏။ လုံးလျှင် ကောင်းစား၏။ ဝိုင်းလျှင် ဂုဏ်ပျက်။ ငယ်မူဝန်တို။ နဖူးမောက်လျှင် မြူစူ၊ ဆင်ဦးကင်းရှိမူ အများခင်မင်၏။ နောက်စေ့ထွက်မူ ပညာထိုးထွင်း။ ဇက်တွင်းနက်မူ ပျင်းရိတတ်၏။

**နားရွက်လက္ခဏာ**

နားကြီးမူ မြူစူ။ ငယ်မူငြိုငြင် ပင်ပန်း။ ဝိုင်းမူသတ္တိ ပညာရှိ၏။ နားချွန်လျှင် မင်းဖြစ်။ နားရှည်လျှင် ပညာတတ်။ နားတွင်းကျယ်လျှင် ကျော်စော၏။ နားမွေးများမူ လူများချစ်ခင်၏။ နားမွေးရှည်မူ ပညာရှိ၏။

**မျက်စိလက္ခဏာ**

မျက်စိကျယ်မူ ဉာဏ်ကြီး၏။ ဝန်းလျှင် လျှပ်ပေါ်။ ညိုလျှင် ဆင်းရဲ။ ကြောင်မူ ကြမ်းတမ်း။ မျက်ခမ်းနီမူ လူမုန်းများ၏။ ကြမ်းကြုတ်၏။

**နှာခေါင်းလက္ခဏာ**

ကြောင်နှာတူဘိ နှံ့သိပညာ၊ သစ်နှာတူပြန် ဆောင်ရန်မှုကြီး ပြီးစီးအောင်မြင်၊ သမင်ယာန ကြွယ်ဝဖြစ်ထွန်း၊ နှာချွန်းမိတ်များ၊ နှာတိုပြား၊ နည်းပါး ဥစ္စာမှာ၊ နှာပွကြမ်းကြုတ်၊ သူယုတ်ဖျင်းသိမ်၊ နှာပိန်တစ်မူ၊ နှာဖြူတစ်သီး ပညာကြီး အံ့ချီးသူသူငါ။

**လျှာလက္ခဏာ**

လျှာလယ်ချိုင့်မူ၊ ရွှေငွေအခြွေအရံများ၏။ ကြီးမူ ချစ်သူပေါ၊ ဝန်းလျှင် မြော်မြင်ဉာဏ်နှင့် သတ္တိရှိ၏။ ဖြူလျှင် ရဲစွမ်းရှိ၏။ ပါးထိအောင်မီလျှင် ဘုန်းရှိ၏။ လျှာကြီးမူ ရှည်မူ အများချစ်ခင်၏။

**သွားလက္ခဏာ**

သွားကြီးမူ စွဲစွဲမြဲမြဲရှိတတ်၏။ သွားငယ်မူ ဆင်းရဲ၏။ သွားကျဲမူ ဉာဏ်ရှိ၏။ သွားစိပ်မူ စကားကြွယ်၏။ သွားချွန်မူ လူအများချစ်ခင်၏။

**နှုတ်ခမ်းလက္ခဏာ**

ငယ်မူ ပျော်ရွှင်တတ်၏။ ကြီးမူ ဆင်းရဲ။ နီလျှင် ဘုန်းကြီး၍ အပူဇော်ခံရ၏။ မည်းနက်မူ ရှုပ်ပွေတတ်။ မတရားပြုတတ်။ နှုတ်ခမ်းပါး စကားတတ်၏။

မုဒိတာ (ကျိုက်ထော်)

www.burmeseclassic.com

# ရောမြေ-ကျော်ဝေ

## ကြံတောစုက မချောနု

လွန်ခဲ့သော ၁၉၇၁ ခုနှစ်တွင် ဟင်္သာတ-ပုသိမ်မီးရထားလမ်းကြောင်း အတွင်းတွင် ခမောက်စုဘူတာနှင့် ဒိုက်ပျက်ဘူတာကြားရှိ ရထားသံလမ်းဘေးတွင် အိမ်ခြေ (၂၀) ခန့်ရှိသော ကြံတောစုရွာကလေးတွင် တောင်သူမျိုးရိုးများဖြစ်ကြသော ကိုကြာညိုနှင့် မမယ်လှတို့သည် မိဘဘိုးဘွားပိုင်လယ်မြေများကို အမွေဆက်ခံရင်းဖြင့် သမီးလေးတစ်ယောက် ထွန်းကားခဲ့ပါသည်။

ထိုသမီးကလေးကို မချောနုဟု အမည်ပေးထားပါသည်။ မချောနုသည် နာမည်နှင့်လိုက်အောင် ဖြူဖြူနုနုချောချောလှလှကလေးဖြစ်သဖြင့် အရွယ်ရောက်သည်နှင့် လူပျိုကာလသားများက ဝိုင်းဝိုင်းလည်ကြသော်လည်း မိဘများက သဘောမတူကြ။ သူတို့သဘောတူသည်မှာ မြို့ကြီးသားအရာရှိအရာခံများမှမွေးဖွားသောသားဖြင့် သဘောတူကြပါသည်။ မချောနုလေးကို မွေးဖွားပြီးကတည်းက စီးပွားရေးတစ်ရှိန်ထိုးတိုးတက်ခဲ့သည်မှာ တစ်ရွာလုံးက အံ့သြကြရသည်။ အချို့ကလည်း စနေသမီး ဖြစ်တဲ့ မချောနုလေးကို သိုက်ကလာသည်





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုပြောကြသလို သမီးဦးစနေ မီးလိုမွေသည်ဟုလည်း ပြောကြပါသည်။ ဘယ်သူတွေဘာပဲပြောပြော ကိုကြာညို နှင့်မဲမယ်လှက အယုံအကြည်မရှိ။ သူတို့ဘဝတွင် သမီးလေးအရွယ်ရောက်သည့် အချိန်ထိ ရွှေမရှားငွေမရှားသမီးအတွက် မကြာခဏအလှူအတန်းပေးလှူခဲ့ရခြင်းဖြင့် သူတို့မိသားစု(၃)ဦးဘဝ သာယာစိုပြည်ဖြစ်ခဲ့ရပါသည်။ မချောနုလေး (၁၀) တန်းအောင်ပြီးနောက် သမီးလေးကိုစိတ်မချသဖြင့် မြို့တက္ကသိုလ်ကျောင်းသို့ ဆက်မထားပါ။

ကိုကြာညိုက တစ်နေ့သောညနေခင်းအချိန်တွင် သမီးဖြစ်သူ မချောနုလေးကို ဤကဲ့သို့ဆုံးမဖူးသည်။

"ငါ့သမီးရုပ်ရည်ရူပကာလေးက ငါတို့ရွာထဲကတောသားတွေနဲ့လားလားမှ မတန်ပါဘူးကွယ်။ အဖေပြောတာကို မှတ်ထား။ ငါ့သမီးအတွေးမမှားနဲ့။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ရမယ့်ဘဝကို ငါ့သမီး မစုံမက်ပါနဲ့။ အချိန်တန်လို့ အိမ်ထောင်ပြုပေးဖို့က အဖေတို့တာဝန်ထား။ မြို့က အဖေ့မိတ်ဆွေ အပေါင်းအသင်းတွေ အများကြီးရှိပါတယ်။ အဖေက မာနကြီးပြီးပြောတဲ့စကားတွေမဟုတ်ဘူး။ ငါ့သမီးအတွက် ကောင်းစားစေချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

မိဘဆိုတာ ကိုယ့်သားသမီးကို ရွှေပေါ် မြတင်ထားချင်ကြတာပဲ။ သမီးအတွက် သမက်ရွေးရမှာ အဖေ့အတွက် ဝန်မလေးပါဘူးကွယ်"

ဟု ကိုကြာညိုကပြောသလို မိခင်ဖြစ်သူ မမယ်လှကလည်း -

"ငါ့သမီးလေး အဖေကြီးပြောတဲ့ စကားကို မြဲမြဲမှတ်ထားပါ။ ငါ့သမီးက မိဘစကားနားထောင်တဲ့ သမီးလိမ္မာလေးဆိုတာ အမေတို့သိပါတယ်။ ပြောလိုက် သမီးလေး၊ အဖေကြီး စိတ်ချမ်းသာအောင် သမီးနေထိုင်ပါ့မယ်လို့"

ဟု မိခင်က ပြောခိုင်းသောအခါ မချောနုလေးကလည်း -

"သမီးအတွက် အဖေကြီးတို့၊ အမေတို့ စိတ်ချပါ။ သမီးအဖေကြီးနဲ့ အမေရဲ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်။ ကတိလည်းပေးပါတယ်"

ဟု ရယ်မောစွာဖြင့်ပြောပြီး မိခင်ရင်ခွင်ဝယ် ဦးခေါင်းလေးဖြင့် မခို့တရို့တိုးဝှေ့၍ ရှက်သွေးပိုခဲ့လေတော့သည်။

(၁၈) နှစ်အရွယ် မချောနုလေးကို ရွာခံကာလသားများကလည်း ပိုးပန်းကြသလို ရွာနီးစပ် နွယ်နီရိုး၊ မိုးမခမှ ကာလသားများကလည်း ပိုးပန်းကြပါသည်။ စာတစ်တန်၊ အောင်သွယ်အမျိုးမျိုးဖြင့် မချောနုလေးထံ ချောင်းပေါက်မတတ်လာခဲ့ကြသော အောင်သွယ်တော်ကြီး၊ လတ်၊ ငယ်တို့သည်လည်း မချောနုလေး၏ ချိုသာသောစကားဖြင့် နှစ်သိမ့်၍ပြန်ခဲ့ကြပါတော့သည်။ လိမ္မာရေးခြားရှိသော မချောနုလေးက -

"ကျွန်မကိုချစ်ရင် အမေ့ကိုသာ ပြောကြပါ"

ဟု ဆိုသောစကားတစ်ခွန်းဖြင့် သာလျှင် နောက်ဆုတ်၍သွားခဲ့ချေပြီ။

မချောနုလေး အရွယ်ရောက်ခဲ့သလို ကိုကြာညိုနှင့် မမယ်လှတို့သည်လည်း ဦးကြာညို၊ ဒေါ်မယ်လှတို့ပင်ဖြစ်၍နေချေပြီ။ မချောနုလေးတစ်ယောက် သံလမ်းပြေးကားကလေးတစ်စီး(MCA) လာလေတိုင်း ထွက်ပြီးလက်ပြရသည်မှာ အမောတကောပင်။ ထိုကားပေါ်မှာ နက်ပြာရောင်ယူနီဖောင်းဝမ်းဆက်နှင့် ကိုရွှေမြို့သားတို့ကလည်း လက်ပြနှုတ်ဆက်၍သွားပါသည်။ သမီးမချောနု၏ သံလမ်းပြေးကားကို လက်ပြနှုတ်ဆက်လေ့ရှိသည်ကို ရွာခံကာလသားများဖြစ်ကြသော မှုံကြီးနှင့် ပေသီးတို့နှစ်ယောက်က ရွာထဲတွင်မောင်းထုလေ့ရှိကြသည်။ မချောနုတစ်ယောက် မြို့သားဒီဇယ် ရထားကားမောင်းသမားတစ်ယောက်နှင့်ကြိုက်နေတာက ဘာလိုလိုဟု ပါးစပ်ဖေသနတ်ပစ်ကြသည်။

အမှန်မှာ မချောနုတစ်ယောက်က ဤသို့မဟုတ်။ ယူနီဖောင်းကို သဘောကျသလို အစိုးရအမှုထမ်းကို အထင်ကြီး၍ လေးစားသောစိတ်ဓာတ်ဖြင့်သာလျှင် ဂုဏ်ပြုနှုတ်ဆက်ခြင်း ဖြစ်သည်။ ဒါတွေကို တစ်ရွာလုံးကမသိ။ မိခင်နှင့် ဖခင်နှစ်ယောက်သာလျှင်သိ၏။ မချောနုက မိခင်နှင့် ဖခင်တို့အား သူ၏စိတ်နေသဘောထားကို အားလုံးဖွင့်ပြောထား၏။

မချောနု၏ အလှဂုဏ်သတင်းကြောင့် တောင်သူကြေးရတက်ရွာနီးစပ်များက လာရောက်၍ စေ့စပ်ကြ၏။ သက္ကယ်ပြင်၊ ကျားချောင်၊ ရေတွင်းရိုး၊ မှို့တွယ်၊ ယုံသလင်း၊ ခမောက်စု၊ ဒိုက်ပျက်၊ ဘူတာပတ်ဝန်းကျင်ရွာများစုံလင်လှပါ၏။ မချောနု၏မိဘများက သမီးသဘောဟုဆိုသလို မချောနုကလည်း မိဘတွေသဘောဟု ပါးနပ်လိမ္မာစွာဖြင့် တိုက်ထုတ်လိုက်ပါ၏။

ယုံသလင်းဘူတာအနီး၌နေသော ဆရာတစ်ဦးက မချောနုကို သေချာစွာကြည့်ပြီး -

"ဒီကလေးမက ဥစ္စာစောင့်ဝင်စားတာ။ သူ့ကိုအိမ်ထောင်ပြုပေးလို့မရဘူး။ မြနန်းနွယ်သိုက်အဆက်တွေပဲ၊ သူမကြာ



ခင်ပြန်တော့မှာ။ ဘုရားတည်ပြီးမှပြန်လိမ့်မယ်။ ခမောက်စုနဲ့နီးစပ်တဲ့ တောင်ကုန်းတစ်ခုပေါ်ကဘုရားမှာ သူကနေရမှာ။ ဒါကြောင့် ပဋ္ဌာန်းဆက်ရှိတဲ့သူတွေနဲ့သာ သူကပေါင်းလို့ရမှာ။ သူက အစွဲအလမ်းသိပ်ကြီးတယ်။ ဘဝဟောင်းက သူမရဲ့ချစ်သူကို သူမျှော်လင့်တုန်း သူမအသက် (၂၂) နှစ် ပြည့်တာနဲ့ သူမကို သိုက်ချုပ်ဘိုးတော်က ပြန်ခေါ်မှာပါ။ သိုက်ဆက်ဖြတ်လို့မရပါဘူး။ သိုက်ဆက်ဖြတ်လိုက်ရင် သူမဘဝမသေဘဲနဲ့ ရူးသွပ်တဲ့ဝေဒနာနဲ့ပဲ နောက်ဆုံးဘဝနိဂုံးချုပ်ရမှာပါ။ ချောတယ်၊ လှတယ်ဆိုတာ ဘဝကပြုခဲ့တဲ့ ကုသိုလ်တရားတွေကြောင့်ပါ"

ဟု ဆရာတစ်ယောက်က ပြောသည်ကို ဦးကြာညိုကမယုံ။ ဒေါ်မယ်လှကိုလည်း အိပ်မက်ပေးပုံမှာ -

"ဟဲ့ - သမီးမယ်လှ၊ နင်ငါ့ကိုသိသလား"

ဟု ခေါင်းပေါင်းဖြူ အင်္ကျီပုဆိုးအဖြူဆင်တူဖြင့် အဘကြီးက မေးသောအခါ ဒေါ်မယ်လှက -

"ကျွန်မ အဘကိုမသိသလို မမြင်လည်း မမြင်ဖူးပါဘူး အဘ"

ဟု ဆိုသောအခါ အဘိုးအိုသည် တောင်ဝှေးကိုမြှောက်ပြီး -

"သယ် ဒီကလေးမ မေ့တတ်ရန်ကော။ နင်တို့ ငါ့ထံမှာသားဆုလာပန်းခဲ့ကြတယ်လေ။ ဘိုးသာညိုရယ်၊ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် တစ်ယောက်လောက်တော့ပေးပါဆိုပြီး၊ ငါ့ကို ငှက်ပျောဖီးဆိုင်အုန်းတစ်ခိုင်နဲ့ နင်တို့နေတဲ့အိမ်ရှေ့ ကွင်းပြင်မှာ ငါ့ကို တင်လှူပူဇော်လို့ ငါလည်းနားငြီးသက်သာပြီးရောဆိုပြီး ဘိုးမေတ္တာနဲ့တိုင်ပင်ပြီး မြနန်းနွယ်တို့ညီမသုံးယောက်ထဲက အလှည့်ကျတဲ့ ညီမငယ် မြနန်းသွယ်ကို လှူပြည်မှာ (၂၂) နှစ်ပဲနေခွင့်ပြုမယ်ဆိုပြီး နင့်ထံမှာ လူဝင်စားခိုင်းလိုက်တာပေါ့။ ဒါပေမယ့် နင်တို့က အခြေခံလယ်မြေကလေးတွေက နှစ်ဖက်မိဘကအမွေရထားသလို လူဝင်စားမြနန်းသွယ်မွေးဖွားပြီးကတည်းက နင်တို့မှာ ရွှေမရှားငွေမရှား မဟုတ်လား။ မြနန်းသွယ်ကို ငါတို့ (၂၂) နှစ်ပြည့်ရင် ပြန်ခေါ်မယ်။ နင်တို့ ဘယ်ဆရာမျိုးနဲ့လုပ်လို့မရစေဘူး"

ဟု အဘဘိုးသာညိုက အိပ်မက်ပေးသဖြင့် ဒေါ်မယ်လှလည်း အိပ်မက်နိုးကြားလာပြီး ရင်တထိတ်ထိတ်ဖြင့် ဦးကြာညိုကို လှုပ်နှိုးပြီး-

"ကိုကြာညို ထပါဦးတော်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

...က်တွေမကောင်းဘူး။ သမီးလေး ...စောင့်တဲ့။ ဘသာညိုက ကျွန်မ ...အိပ်မက်ထဲမှာ ထင်ထင်ရှားရှားပြော... သမီးလေးမချောနု (၂၂) နှစ်ပြည့် ...သူတို့ထံကိုပြန်ခေါ်မယ်တဲ့။ ကျွန်မ ...ရင်တွေတုန်လိုက်တာတော်။ သမီး...အတွက် ဘယ်လိုလုပ်မလဲ။ အခု ...လေးက အသက် (၂၀) ပြည့်နေပြီ။ ... (၂) နှစ်ဆိုရင် သမီးလေးက ...တို့ကိုခွဲသွားတော့မှာ။ တတ်သိ...လည်တဲ့ဆရာတွေနဲ့ တိုင်ပင်ပြီး ...လေးကို သိုက်ကြိုးဖြတ်ပေးပါလား ...မနက်လင်းအားကောင်းတဲ့အချိန် ...တော် ဆရာသွားရှာပေတော့"

ဟု ဒေါ်မယ်လှက ဦးကြာညိုကို ...ဘွန်းထိုးတိုးလွှတ်လေသောအခါ ...ကြာညိုက အတန်ငယ်စဉ်းစားပြီး -

"နေပါဦး မမယ်လှရယ်၊ မင်းက ...အလောတကြီးပါပဲ။ သမီးအတွက် ...ကအချစ်ပိုပြီးသွေးလေချောက်ချား ...မက်တွေကို မယုံပါနဲ့ကွာ။ ဘုရား၊ ...ရားမြဲတဲ့ ငါတို့သမီးလေး ဘေးမသီ ...နေပါဘူးကွာ"

ဟု ဆိုသောအခါ ဒေါ်မယ်လှ ... -

"တော်ယုံချင်ယုံ၊ မယုံချင်နေ ...မကတော့ ယုံတယ်။ ဘိုးသာညိုဆို... ကျွန်မအပြင်မှာ မမြင်ဘူးပေမယ့် ... အိပ်မက်ထဲမှာ မြင်ဖူးခဲ့ပြီ။ သူ့ကို အချို့က ကွင်းပိုင်ကြီးလို့လည်း ဆိုကြ...ယ်၊ အချို့က တစ္ဆေကြီးလို့လည်းဆို...တယ်။ အချို့က အပိုင်အစားရတဲ့ ...ကြီးတစ်ပါး၊ အဘဘိုးသာညိုလို့ ...သည်း ပြောကြတယ်။ ဘယ်လိုပဲပြော ...ပြောကြ သူကတော့ ပရလောကသား ...တစ်ဦးပါပဲလို့ ကျုပ်တို့ ကိုးကွယ်တဲ့ ...ယ်နီရိုးရွာထိပ်က ကျောင်းထိုင်ဆရာ...တော်ကြီးဦးကွန်းတည်က ပြောဖူးတယ်။ ...ပ်က ငယ်ငယ်က နွယ်နီရိုးရွာကျောင်း...မှာ စာသင်ရတဲ့ ဘုန်းကြီးကျောင်းသူ ...စ်ယောက်ပါတော့်။ တော်က ရွာသာ ...နီးကျေးရွာသားဖြစ်ပြီး ဘိုးသာညို အကြောင်းမသိတာတော့အံ့ပါရဲ့တော်"

ဟု ဒေါ်မယ်လှက ပြောသော အခါ ဦးကြာညိုသည် ပြုံးစိစိဖြင့် -

"အေးပါ မမယ်လှရယ်၊ မင်းပဲ အနိုင်ယူပြီးပြောပါတော့။ ငါမပြော ...တော့ပါဘူး"

ဟု ဆိုပြီး မျက်နှာသစ်၊ အဝတ်လဲ...ပြီး ဒိုက်ပျက်ဘူတာဘက်သို့ ခပ်သုတ် ...တ် ထွက်ခွာသွားလေတော့သည်။

ဒေါ်မယ်လှသည် နံနက် (၄) နာရီနှင့် (၅) မိနစ်တွင်မက်သော အိပ်မက်ကို သမီးလေးအတွက် ရတက်မအေးစိတ်လေးဖွယ်ရာပင်။ ဆရာတိုင်းလိုလိုပင် မြနန်းနွယ်သိုက်ကလာသူ ဘုရားသိုက်စောင့် မြနန်းသွယ် တစ်ဖြစ်လဲ လူဝင်စား မချောနုကို သိုက်ကြိုးမဖြတ်ဝံ့ကြပါ။ တစ်ခါတစ်ခါ မချောနုကတစ်ယောက်တည်း ကုက္ကိုပင်ကြီးအောက်တွင် တစ်ယောက်တည်း စကားပြောသလိုလို၊ တငိုငိုဖြင့်မှိုင်တွေနေသလို၊ သံလမ်းပြေးကားကလေးက တတောက်တောက်ဖြင့် သံလမ်းပေါ်မှ ပြေးလွှား၍လာသည့် အသံလေးကို ကြားရသည်နှင့် တာဝန်မပျက် မချောနုတစ်ယောက် လက်ပြနှုတ်ဆက်ရသည်မှာ မမောမပန်းနိုင်ပင်။ ထိုကားလေးပေါ်မှ ကိုလူချောလေးကလည်း လက်ပြနှုတ်ဆက်သွားခဲ့သည်မှာ တာ့တာပါတဲ့။ သံလမ်းပြေးကားကလေးကို မောင်းနှင်သွားသူ ယူနီဖောင်းနှင့် ဒရိုင်ဘာလေး မောင်ခက်ဝမ်းကတော့ သူမတစ်ယောက်ကို မှတ်မိနေခဲ့သည်မှာ အမှန်ပင်။

နောက် (၂) နှစ်ခန့်အကြာတွင် ပုသိမ်ဘက်မှ ဟသ်ာတဘက်သို့ မောင်ခက်ဝမ်း မောင်းနှင်လာသော (MCA) ကားစိမ်းလေးသည် ဒိုက်ပျက်ဘူတာမှအထွက် ကြံတောစုရွာရှေ့သို့ အရောက်တွင် အမှတ်မထင် ကားကလေး ဆီပိတ်၍ ရပ်သွားပါသည်။ ညနေ (၆) နာရီ၏ မှောင်စပျိုးရန်တာစူနေသောအချိန်တွင် ရွာအပြင်ကုက္ကိုပင်အောက်တွင် လှပစွာပြင်ဆင်ထားသော လိုက်နှင့် အလောင်းထမ်းစင်ကို ခက်ဝမ်းတစ်ယောက် မျက်စိရောက်သွားသောအခါ ကျွန်းခေါင်းတွင် ထင်ထင်ပေါ်ပေါ်ဖြူဖွေးသောစာလုံးများက မချောနု အသက် (၂၂) နှစ်ဟု ရေးထားသည်ကို တွေ့ရသောအခါ ခက်ဝမ်းက ကားနားသို့ ဝိုင်းအုံ၍ရပ်ကြည့်နေသော ရွာသားများထဲမှ ရွာသားတစ်ဦးကို မေးကြည့်သောအခါ -

"မချောနုက ဟသ်ာတဆေးရုံကြီးမှာ ဆုံးတာပါ။ သူက သွေးကင်ဆာလေ။ သူက ခင်ဗျားတို့လို ယူနီဖောင်းဇင်နက်ပြာနဲ့ မီးရထားအမှုထမ်းတွေဆို အရမ်းသဘောကျတာဗျ။ သူမသေခင်က ဆေးရုံမှာ နောက်ဆုံးအသက်ထွက်ခါနီး စကားတစ်ခွန်းပြောသွားသေးတယ်ဗျ။ သူ ဆေးရုံက ပြန်ဆင်းလို့နေကောင်းလျှင် သံလမ်းပြေးကားမောင်းတဲ့ ယူနီဖောင်းနဲ့မောင်ကြီးနဲ့ သူ့ကိုပေးစားပါတဲ့ဗျာ။ သနားစရာကောင်းပါတယ်ဗျာ။ သူ့မိဘနှစ်ပါးလည်း သနားဖို့ကောင်းပါတယ်ဗျာ။ သမီးလေးက တစ်ယောက်တည်းဆိုတော့ ဘယ်ဖြေနိုင်ပါ့မလဲ။ ကျွန်တော်တို့လည်း အစက သူတို့မိဘတွေကို အမြင်ကတ်မိပါတယ်။ အထင်လည်းမှားမိပါတယ်။ ရောဂါသည်သမီးလေးအတွက် စိတ်ချမ်းသာအောင်ထားကြတာကတော့ ချီးကျူးထိုက်လောက်ပါတယ်ဗျာ။မချောနုလေးက ဟောဒီ ခင်ဗျားတို့ကားလေး လာလေတိုင်း လက်ပြနှုတ်ဆက်နေကျဗျ။ ခင်ဗျားတို့ကားကလည်း ချောနုလေးရဲ့ ရုပ်ကလာပ်အလောင်းစင်နားရောက်မှ တိုက်တိုက်ဆိုင်ဆိုင်ပဲ စက်ပျက်ရတယ်လို့"

ခက်ဝမ်းက စက်ပြင်ဆရာ ကိုချက်ကြီးကို ကားအောက်သို့ဝင်ခိုင်းပြီး ဆီချူးရချူခိုင်းပြီး စက်နှိုးသောအခါ စက် မှာ နာရီဝက်အတွင်းနိုးသွားလေသည်။

"ဘဝချင်းမဆုံခဲ့ရတဲ့ မချောနုလေးရေ၊ အစ်ကို မင်းကို နှုတ်ဆက်ခဲ့ပါတယ်။ ဒီဘဝမှာ မဆုံခဲ့ရပေမယ့် နောင်လာမယ့်ဘဝမှာ မင်းနဲ့ကိုယ်ဆုံစည်းရပြီး ပေါင်းသင်းရပါလို၏လို့ ဘုရားမှာအစ်ကို သစ္စာဆိုပါ့မယ်ကွာ။အစ်ကိုတစ်ယောက် ဒီသံလမ်းပြေး(MCA)ကားစိမ်းလေးနဲ့ သွားတိုင်း ဒီကြံတောစုရွာကလေးက မချောနုလေးကို အစဉ်သတိရနေမှာပါကွာ။ သွားပြီ မချောနုလေးရေ တာ့တာ"

ဟု ခက်ဝမ်းက နှုတ်ဆက်ထွက်ခွာသွားသော်လည်း တမလွန်က မချောနုလေးက သူမ၏ ရုပ်ကလာပ်အလောင်းစင်ဘေးတွင်ရပ်လျက်၊ မျက်ရည်လည်ဝဲ မှိုင်ကာငေးလျက် အလွမ်းဝေဒနာမချိစွာဖြင့် လက်ပြနှုတ်ဆက်ပြီး 'နောင်အရိမေတ္တေယျဘုရားပွင့်ပြီးမှ ဆုံကြရမှာပါ မောင်မောင်ရယ်' လို့သာ ပြောကြားသည့်အသံပျော့ပျော့လေးကိုတော့ ခက်ဝမ်းတစ်ယောက် ကြားနိုင်လိမ့်မည် မဟုတ်တော့ပါ။

*(ဝန်ထမ်းတစ်ဦး၏ ဖြစ်ရပ်မှန်ကို ဇာတ်လမ်းဖွဲ့၍ ဝတ္ထုတိုအဖြစ် အမည်များလွှဲပြောင်းရေးသားထားပါသည်။)*

ရှင်လန်းချမ်းမြေ့ကြပါစေ

ဧရာမြေ-ကျော်ဝေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(မပိုးလုံး)

# အောင်မြင့်ထွန်း

## ရိုးသားကြိုးစားသူတို့၏အောင်မြင်ခြင်းပန်းတိုင်



သည်မြို့ကလေးရဲ့ဦးခေါင်းသံဆိုင်သည် နိုင်ငံကျော်မဟုတ်သော်ငြား မြို့နယ်ကျော် ကုန်မာဆိုင်ကြီးတစ်ဆိုင်အဖြစ်နှင့်တော့ ကျော်ကြားသည်မှာ သေချာပါ၏။ ထိုကုန်မာဆိုင်၏ကောင်းသတင်းက မြို့ပေါ်တွင်သာမက မြို့နှင့်အနီးပတ်ဝန်းကျင် ကျေးရွာများအထိ ကျော်စောထင်ရှားခြင်းရှိလေ၏။

သည်ကုန်မာဆိုင်ရဲ့ ကောင်းသတင်းတွေကဘာတွေပါလဲ။ ပစ္စည်းအရည်အသွေးမှန်ကန်ခြင်း (ခိုင်ခံ့ခြင်း)၊ ကုန်ရောင်း-ကုန်ဝယ်စေတနာပါခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း၊ ဈေးနှုန်းချိုသာ

www.burmeseclassic.com

www.burmeseclassic.com

ခြင်း ပြောဆိုဆက်ဆံရေးကောင်းခြင်းတွေကို ပိုင်ဆိုင်ထားခြင်းပဲ ဖြစ်ပါ၏။ ထိုမြို့လေးတွင် တရုတ်၊ ကုလားကုန်မာဆိုင်ကြီးများကို ထိုးဖောက် ဝင်ရောက်အသာယူနိုင်သူ မြန်မာဆို၍ ဦးဒေါင်းတစ်ဦးတည်းသာရှိပါ၏။

အင်္ဂလိပ်တို့၏ကျွန်သပေါက်ဖြစ်ခဲ့သော မြန်မာနိုင်ငံကြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့၏လက်ကျန်ပစ္စည်းများအဖြစ် တရုတ်၊ ကုလားများ သောင်တင်ကျန်ခဲ့ပါ၏၊ လွတ်လပ်ရေးရပြီးစ တို့မြန်မာများ ဒွတ်ခြံကျနေချိန်ဝယ် တိုင်းတစ်ပါးသား တရုတ်၊ ကုလားများ ကြီးပွားချမ်းသာနေကြသောကာလဟုလည်း ဆိုနိုင်ပါ၏၊ မြို့တွင် အချက်အချာကျသော နေရာများအားလုံး တရုတ်ကုန်စုံဆိုင်ကြီးများ၊ ကာကာမိုးလင်းလက်ဖက်ရည်ဆိုင်ကြီးများသာ လွှမ်းမိုးကြီးစိုးနေတော့၏။

ယနေ့ကာလတွင်မတော့ ဦးဒေါင်းမြန်မာကုန်မာဆိုင်ကြီးအဖြစ် သံထည်ပစ္စည်းဆိုင်ကြီး ဝံ့ဝံ့ကြွားကြွား ပေါ်ထွက်လာခဲ့ပါပြီ။ ကုန်မာဆိုင်၏ အဓိကတင်ပြရောင်းချနေသောသံထည်ပစ္စည်းများကထိုခေတ် လယ်ယာသုံး ထွန်သွား၊ ထယ်သွား၊ စက်တုံး၊ ပေါက်ပြားများနှင့် အိမ်ဆောက်ပစ္စည်းသံမျိုးစုံ၊ သံတူးရွှင်း၊ ဂေါ်ပြား၊ အိမ်သုံး-လယ်ယာသုံးဓားအရွယ်အစားမျိုးစုံတို့ပင် ဖြစ်ပါ၏။ ဦးဒေါင်းကြီးပွားတိုးတက်လာရခြင်းအခြေခံမှာ ရိုးသားမှုပင် ဖြစ်ပါ၏။ ရိုးသားကြိုးစားသူတို့၏ပန်းတိုင်ကား အောင်မြင်ခြင်းပန်းတိုင်ပင် ဖြစ်တော့၏။ ဦးဒေါင်း၏ဘဝအစ မောင်ဒေါင်းဘဝကို သမင်လည်ပြန် ကြည့်လိုက်မည်ဆိုပါလျှင်ဤသို့တည်း။

✳

မြို့၏ဆင်ခြေဖုံးရပ်ကွက်လေးမှာနေထိုင်တဲ့ မောင်ဒေါင်း အိပ်ရာမှ စောစောထပါ၏။ ဝီရိယရှိသောသူတစ်ယောက်မဟုတ်ပါလား။ အိပ်ရာမှ စောစောထခြင်းသည် ကျက်သရေမင်္ဂလာတစ်ပါး ဖြစ်ပါ၏။ 'စောစောအိပ်ထပြုကျင့်က တွင်းပကိုယ်ခန္ဓာ' ဟူသောဆောင်ပုဒ်နှင့်အညီ ညအိပ်လျှင် စောစောအိပ်ရာဝင်လေ့ရှိ၏။ နံနက်ခင်းတွင် အိပ်ရာမှ စောစောထ၍ အစားအသောက်ဆင်ခြင်သလို အအိပ်အနေလည်း ဆင်ခြင်ရ၏။ စည်းကမ်းရှိရ၏။ လေ့ကျင့်ခန်းမှန်မှန်လုပ်သူလို အနေအထိုင်မှန်ကန်မှုက ကျန်းမာရေးကိုအထောက်အကူဖြစ်စေ၏။

မောင်ဒေါင်းကျန်းမာရေးကောင်းသလောက် အလုပ်ကိုလည်း စွမ်းစွမ်းတမံ ဝီရိယရှိရှိလုပ်ဆောင်သူ ဖြစ်ပါ၏။ နံနက်ခင်းဝေလီဝေလင်းအချိန်သို့ရောက်ပြီဆိုသည်နှင့် -



www.burmeseclassic.com

www.burmeseclassic.com

"ပဲပေါင်း တော်ရေ့ ပဲပေါင်း"

ပဲပေါင်းသည်အဒေါ်ကြီး ခေမာင်ဒေါင်းအိမ်ရှေ့သို့ ရောက်လာခဲ့ပါသည်။ မောင်ဒေါင်း ပဲပေါင်းသည်ကိုခေါ် လိုက်ပါသည်။ ပဲပေါင်းတစ်ဆယ်သားဝယ်လိုက်၏။ ထမင်းကြမ်း၊ ပဲပေါင်း၊ မြေပဲဆီမွှေးမွှေး၊ ဆားအနည်းငယ်တို့ ရောစွက်နယ်ဖတ်လိုက်၏။အိပ်ရာထလျှင်ထချင်း တည်ထားခဲ့သော ရေနွေးဆူဆူအိုးကို မီးဖိုခွင်ပေါ် မှချကာ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ရန့်သစ်ခပ်ကျကျခတ်လိုက်ပါ၏။

နံနက်စာကို ရေနွေးကြမ်းခါးခါးနှင့် ပလုတ်ပလောင်းတဝကြီးပိုက်ဖြည့်လိုက်ပါ၏။ နံနက်စာဝမ်းဖြည့်ပြီးသည်နှင့် ပုဆိုးကြမ်းတစ်ထည်ခေါင်းပေါင်းလျက် ထင်းခုတ်ဓားမတိုကို ခါးတွင်ထိုးကာ တောတိုးရပေဦးတော့မည်။

နေအိမ်မှ ကုန်းဘက်သို့ မောင်ဒေါင်း ဂျပန်ဖိနပ်မြီးတိုလေးကိုစီးကာ ကုန်ကြမ်းခရီးနှင်တော့မည် ဖြစ်သည်။ သွက်သွက်လက်လက်လျှောက်ခဲ့ပါ၏။ မြို့ထဲမှ မြို့ပြင်သို့ ထွက်ရာလမ်းသည် ကျင်းချိုင့်များနှင့် ပြည့်နှက်နေ၏။ ခရီးမတွင်သော်လည်း ဝေလီဝေလင်းအလင်းရောင်လုနေသောအချိန်မို့ နေပူဒဏ်မခံစားရသေးသောကြောင့် ပင်ပန်းမှုတော့မရှိပါ။ လမ်းကလည်း ကြမ်းပေမပေါ့။ ကုန်းဘက်တွင် စိုက်ပျိုးသီးနှံဥယျာဉ်များမှ တောင်သူယာသမားများ ရာသီအလိုက် စိမ်းစားဉ၊ ပီလောပီနံဉ၊ ပိန္နဲသီး၊ တညင်းသီးများကို နွားလှည်းဖြင့်တင်ကာ မြို့ထဲသို့မောင်းသွားပြီး ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြ၏။ နွားလှည်းမောင်းသောလမ်းသည် အဘယ်မှာ ချောမွေ့နိုင်ပါမည်နည်း။

လမ်းကြမ်းကိုနှင်ခဲ့ရသော မောင်ဒေါင်း ယာသမားများ၏ ဥယျာဉ်များကိုကျော်ဖြတ်ပြီးသည်နှင့် ကြိုးဝိုင်းတောကြီးက မောင်ဒေါင်းကို ဆီးလို့ကြိုနေသည့်အလား ခုတ်စရာထင်းပင်များကပေါများလွန်းသည်ဖြစ်၍ ဝေးဝေးလံလံလိုက်ရှာနေစရာမလို။ ခါးကြားတွင်ထိုးယူလာသော ဓားမတိုလေးဖြင့် လံထင်းအရွယ်ထင်းပင်များကို ရွေးခုတ်လိုက်ပါ၏။ တစ်နာရီမျှပင် မကြာလိုက်ပါ။ မောင်ဒေါင်း တစ်နိုင်ထမ်းနိုင်သောထင်းစည်းပမာဏရလိုက်ပါ၏။ ထင်းများကို စည်းနှောင်ရန် တောတွင်းပေါက်ရောက်လျက်ရှိသော နွယ်ပင်များ နှစ်တောင်ခန့်ဖြတ်၍ ထင်းစည်းဟိုဘက်ထိပ်သည်ဘက်ထိပ် စည်းနှောင်လိုက်ပါ၏။

ထင်းများကို သူများတွေလို နွားလှည်းနှင့် မသယ်နိုင်ပါ။ မောင်ဒေါင်းသည် တစ်ကိုယ်ရေတစ်ကာယသမားကလည်းဖြစ်ပြန်၊ ငွေရေးကြေးရေးပြည့်စုံလုံလောက်မှုကမရှိ၍ မိမိတစ်နိုင်သာလျှင် ထမ်း၍ပြန်ခဲ့ပါ၏။ နံနက် (၁၀) နာရီ၊ (၁၁)နာရီတွင် မြို့၏ကမ်းနားပိုင်းတွင်ရှိသော မီးစက်ရုံသို့ ရောက်ရှိခဲ့ပါ၏။ ထိုမီးစက်ရုံ[illegible] မြို့မီးလင်းရေးအတွက် ရေနွေးဘွိုင်လာကို ထင်းမီးထိုးကာ ဘွိုင်လာမီးစက်ကြီးကို လည်ပတ်စေခြင်းအားဖြင့် မြို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဝေနေပါ၏။ မြို့ကလေးသည် သုံးစွဲသော မီတာလုံးရေ နည်းပါးခြင်းကြောင့် ရေနွေးငွေ့ဘွိုင်လာမီးစက်ဖြင့် လုံလောက်လျက်ရှိပါ၏။

မောင်ဒေါင်းက မီးစက်ရုံသို့ ထင်းများကို နေ့စဉ်နှစ်ကြိမ်သွင်းပေးခြင်းဖြင့် မိမိတစ်ဝမ်းတစ်ခါးကို ပြေလည်စေ၏။ ဘွိုင်လာသုံးထင်းများအတွက် ထင်းလှည်းနှင့်တစ်နည်း၊ အထမ်းဖြင့်တစ်ဖုံနည်းမျိုးစုံဖြင့် မီးစက်ရုံသို့ ထင်းအဝင်ပုံမှန်ဝင်ရောက်လာသဖြင့် မြို့အတွက် လျှပ်စစ်မီးမှာ လုံလောက်ပါ၏။ ညပိုင်းတွင် လမ်းမီးတိုင်များမှ (၆၀) ဝပ် မီးလုံးလေးများက ပြည့်စုံစွာ လင်းလက်နေခြင်းကြောင့် သူခိုးသူဝှက်ဘေးကင်းဝေးပါ၏။

ညနေပိုင်းတစ်ချိန် ထပ်မံ၍ တစ်ခေါက် မောင်ဒေါင်း တောပြန်လေ့ရှိ၏။ နေပူရှိန်သက်သာစေရန် ညနေစောင်းမှ တောသို့ဝင်ရခြင်းကြောင့် ညနေပိုင်းတစ်ခေါက်မှာ နေဝင်ရီသရော မှောင်စပျိုးချိန်မှ တောတွင်းမှ ပြန်လည်ထွက်ခွာနိုင်ခဲ့ပါ၏။ ညဦးပိုင်း မီးစက်ရုံသို့ ထင်းသွင်းငွေရှင်းပြီးမှ မောင်ဒေါင်းလည်း မိမိအိမ်သို့ ပြန်လာခဲ့ရ၏။ အိမ်ရောက် ရေမိုးချိုး၊ ညစာစားပြီး အနားယူရလေတော့သည်။

"မောင်ဒေါင်း၊ စားပြီးပြီလား"

ခေါင်းရင်းအိမ်မှ ဦးပန်းဒွေး၏ အသံ ဖြစ်ပါ၏။

"ဟုတ်ကဲ့၊ ပြီးပါပြီ ဦးလေး"

"လာလေကွာ၊ ရေနွေးကြမ်း သောက်ရအောင်"

ထမင်းလုံးစီ၍ကောင်းနေတုန်း ဦးပန်းဒွေးက ရေနွေးကြမ်းသောက်ရန် ခေါ်ပါလေတော့၏။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို မောင်ဒေါင်းသည် ခေါင်းရင်းဘက်အိမ်သို့ ကူးခဲ့ပါ၏။

ဦးပန်းဒွေး၏ လက်ဖက်ရည်ကြမ်းခါးခါးကိုလည်း သောက်ရမည်။ ဗဟုသုတစကားများလည်း ရရှိမည် ဖြစ်ပါ၏။ ဦးပန်းဒွေး သည် အရည်မရအဖတ်မရ ပေါက်တတ်ကရစကားများကို ပြောလေ့မရှိ။ ဗဟုသုတရစေမည့် တိုးတက်ရာတိုးတက်ကြောင်းစကားလုံး၊ တန်ဖိုးရှိသောစကားလုံးများနှင့် မောင်ဒေါင်းကို တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်စေမှန်းမသိဖြစ်စေခဲ့၏။

"မင်းက ရိုးသားသူဆိုတော့ တန်ဖိုးက လူကိုအကျိုးပြုစေတဲ့အကြောင်း အရာလေးတစ်ခု ပြောပြချင်တယ်၊ မောင်ဒေါင်း လက်ဖက်ရည်ကြမ်း သောက်ကွာ။ မင်း အခုလို ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် နေထိုင်နေတာလေးကိုက တစ်နေ့ကျရင် မလွဲဧကန်မင်းဘဝတိုးတက်မှာပဲ မောင်ဒေါင်း"

ဦးပန်းဒွေးက ရေနွေးကြမ်းတစ်ခွက်ငှဲ့၍ မောင်ဒေါင်းသို့ ကမ်းပေးလိုက်ပြီး တစ်ခွက်ထပ်ငှဲ့ကာ ကိုယ်တိုင်မော့သောက်လိုက်ပါ၏။

"ငါအခုပြောချင်တာက ပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ကွ။ လူရိုး ထွေးမောင်တို့မိသားစုအကြောင်းပေါ့ကွာ။ ထွေးမောင်တို့က ဘဝကို ရိုးရိုးသားသားနဲ့ လျှောက်လှမ်းတယ်။ သူရဲ့အလုပ်က ဓာတ်မီး (လျှပ်စစ်) ပြင်သမားတစ်ဦးပေါ့ကွာ။ သူကတော့ လူရိုး။ သူနဲ့ခင်မင်တဲ့ သူငယ်ချင်း ဘသာကတော့ လူရှုပ်ဖြစ်နေတယ်။ ဒါပေမယ့် ဘသာကိုတော့ ခင်ခင်မင်မင်ပါပဲ"

ဦးပန်းဒွေးက မောင်ဒေါင်းကို အောက်ပါအတိုင်း ဆက်လက်ပြောပြပါလေ၏။

*

ဘသာသည် လူလိမ်လူရှုပ် တစ်ယောက်ဖြစ်သည့်အလျောက် သူ တစ်ပါး မျက်ခုံးမွေးပေါ် စကြီလျှောက်ရင်း ထောင်ကို ခြင်ထောင်အဖြစ် မှတ်ထင်နေသူ ဖြစ်ပါ၏။ ထောင်ကလွတ်သည့်တစ်နေ့တွင် ထောင်ကလွတ်လွတ်ချင်း ဘသာသည် သူ၏ သူငယ်ချင်း ထွေးမောင်ကို သတိရလိုက်မိသည်။ ဘသာသည် သူငယ်ချင်း ထွေးမောင်ရှိရာလမ်းဘက်သို့ ခြေဦးလှည့်လိုက်ပါ၏။

ထွေးမောင်နေထိုင်သောလမ်း[illegible] ရောက်ခဲ့ပါပြီ။ သို့ပါသော်လည်း ထွေးမောင်အိမ်ကို ရှာမတွေ့ဘဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ပါ၏။ ထွေးမောင်တို့ ပြောင်းသွားကြပြီလား။

ဘသာသည် ထွေးမောင်အိမ်ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။ ထိုစဉ် သပ်သပ်ရပ်ရပ်နှင့်အိမ်လေးတစ်လုံးမှ -

"ဟော့ - ဘသာမဟုတ်လား၊ ဝင်ခဲ့ပါကွယ့်"

ဟု ခေါ်သံကြား၍ သေချာကြည့်လိုက်တော့မှ ထွေးမောင်ကို မြင်မိလေ၏။ ဘသာက သပ်ရပ်သော အိမ်လေးထဲသို့ မဝံ့မရဲဝင်လိုက်ပါ၏။ ယခင်က နွမ်းပါးသော အိမ်အိုအိမ်ဟောင်းလေး မဟုတ်တော့ဘဲ နေချင့်စဖွယ်ရှိပါ၏။ ဘသာလည်း အံ့ဩခြင်းကို မဖုံးကွယ်နိုင်တော့ဘဲ -

"သူငယ်ချင်း၊ မင်းထီပေါက်တာလား"

"ငါလည်း ထီပေါက်တယ်ပြောရမယ်ကွယ့်။ စပတ်(ခ်)လမ်းက အင်္ဂလိပ်မကြီးတဲ့ကွယ်၊ မစ္စက်ဘာတန်ဆိုလား။ အဲဒါ ငါက သူ့ကို ဆေးဖော်ပေးလို့တဲ့ကွယ်။ အဲဒါနဲ့ သူ့ရဲ့သေတမ်းစာမှာ ငါ့ရဲ့နာမည်ပါလို့ ရုံးတော်က ငါ့ကို ပစ္စည်းဥစ္စာတွေလွှဲပေးတယ်။ တစ်ခုခုတော့မှားနေပြီကွယ့်။ ငါက ဆေးဖော်ပေးတာတော့ အမှန်ပဲ။ ဒီပစ္စည်းတွေကို မသုံးရဲသေးဘဲ နှစ်ကြာလာတော့ အိမ်ကလည်း နေလို့မရလောက်အောင် ပျက်စီးလာတာနဲ့ ပစ္စည်းလေးနည်းနည်းရောင်းချလိုက်တယ်။ အိမ်လေးနေတတ်ရုံပြင်ဆောက်တယ်။ တစ်နေ့ ဒီဥစ္စာပစ္စည်းတွေ ပြန်လာတောင်းရင် ငါတော့ ဒုက္ခပဲ။ တစ်နေ့တော့ အမှန်တရားဆိုတာ ပေါ်လာမှာပဲ"

ထိုအခါ ဘသာက -

"စိတ်အေးတော့ သူငယ်ချင်း စိတ်အေးတော့"

"ဘာကိုစိတ်အေးရမှာလဲ သူငယ်ချင်း၊ မင်းကဘာကိုအာမခံနိုင်လို့လဲ"

"ငါ အာမခံပါတယ် သူငယ်ချင်းရယ်၊ မင်းကုသိုလ်ကောင်းပါတယ်ကွာ။ ဘယ်တော့မှ မင်းပစ္စည်းတွေကို ပြန်တောင်းမယ့်သူပေါ်လာမှာမဟုတ်တော့ပါဘူးကွယ်။ ငါအာမခံပါတယ် စိတ်ချပါ။ ငါ့သူငယ်ချင်းကံကောင်းပါတယ် လူနိုးလူကောင်း လူသူတော်ကောင်းကြီးရယ်၊ သွားပြီ သူငယ်ချင်းရေ"

ဟု ဘသာခမျာ ဝမ်းသာဝမ်းနည်းမျက်ရည်စမ်းစမ်းဖြင့် ထွေးမောင်ကို နှုတ်ဆက်နေရှာ၏။

"ဟော့ကောင် ဘသာ၊ မင်းဟာလေ စိတ်တစူးစားကြီးနဲ့ ငါ့ဆီရောက်တာ ထမင်းတော့စားသွားဦးပေါ့ကွ"

ထွေးမောင်က ဘသာကို အတင်းဆွဲခေါ်ပါသော်လည်း ဘသာခမျာ ထွေးမောင်ရှေ့တွင်မနေရဲတော့ဘဲ အမြန်ဆုံး ထွေးမောင်အိမ်မှ လစ်ရရှာလေသည်။

ဘသာသည် ထွေးမောင်အား အမှန်တရားကို ထုတ်ဖော်မပြောရဲခဲ့ပါ။ သူသည် ထွေးမောင်အမည်နှင့် လိမ်လည်ခဲ့သည်မဟုတ်ပါလော။ဘသာလိမ်လည်ခဲ့သောအမှုမှာ ဤသို့ဤပုံဖြစ်ခဲ့ပုံကတော့။

✳

လူလိမ်ဘသာသည် သူတစ်ပါးကို လူပေါ်လူညွန့်ခူးစားရမှ နေသာထိုင်သာရှိ၏။ တစ်နေ့သောအခါ ကလိမ်ဉာဏ်ဆင်ဖို့ စိတ်ကူးတစ်ခု ဖြစ်ပေါ်လာပြီး ထိုကိစ္စတွင် သူတစ်ဦးတည်းလိမ်လည်လျှင် မဖြစ်နိုင်သည်ကို တွေးမိလေ၏။ နောက်တစ်ဦး အဖော်ခေါ်ဖို့ လိုအပ်လာ၏။ ဉာဏ်နီဉာဏ်နက်မျိုးစုံထုတ်၍ အတွေးနက်နက် ဝေဖန်သုံးသပ်ကြည့်လိုက်ရာ ထွေးမောင်ပါမှ ဖြစ်မည်။ ထွေးမောင်နှင့်ပူးပေါင်းကြံစည်ရမည် ဖြစ်၏။ ထို့ကြောင့် ထွေးမောင်ကို စည်းရုံးရ၏။

"ထွေးမောင်ရယ်၊ ငါမင်းကိုသနားတယ်ကွယ်။ ကလေးတွေနဲ့ နေရထိုင်ရတာလည်း မလုံခြုံ ဒီတစ်ခါ ငါနဲ့အလုပ်လုပ်ပြီးရင် မင်းချမ်းသာပြီ သူငယ်ချင်း"

"ငါကဘာလုပ်ပေးရမှာလဲ"

"ငါနဲ့ စပတ်(ခ်)လမ်းက အင်္ဂလိပ်မကြီးအိမ်ကိုလိုက်ခဲ့။ အိမ်ထဲဝင်ဖို့ ခတ်မီး(လျှပ်စစ်)ပြင်သမားအနေနဲ့ ငါတို့ဝင်ကြမယ်။ အထဲရောက်ရင် ငါကြည့်စီစဉ်မယ်။ မင်းက ခတ်မီးနားလည်တော့ လိုက်ခဲ့ရုံပါပဲ"

ဘသာက ဘယ်လိုပင်စည်းရုံးပါသော်လည်း လူရိုးကြီး ထွေးမောင်က သဘောမတူ လက်မခံခဲ့ပါ။ ထို့ကြောင့် ဘယ်လိုမှသိမ်းသွင်း၍မရသော ထွေးမောင်ကိုထားခဲ့ကာ ဘသာတစ်ယောက်တည်း စပတ်(ခ်)လမ်းရှိ မစ္စက်ဘာတန်အိမ်သို့ ထွက်ခဲ့လေတော့၏။ ဘသာသည် ခတ်မီးပြင်သမားဟန်ပန်ဖြင့် တိုက်တံခါးဝမှ လူခေါ်ခေါင်းလောင်းဘဲ(လ်)ကို နှိပ်လိုက်၏။ တိုက်အတွင်းမှ ဖြူဖွေးသော ဆံပင်ကောက်ကောက်၊ အသားနီစပ်စပ်၊ဂါဝန်ရှည်ကြီးနှင့်အဘွားကြီးတစ်ယောက်ထွက်လာပြီး -

"မောင်ရင် ဘာကိစ္စလဲ"

"ကျွန်တော်က ခတ်မီးပြင်တဲ့သူပါ။ ဒီအိမ်က မီးပျက်တယ်အကြောင်းကြားလို့ ကျွန်တော့်ကို ဌာနကလွှတ်လိုက်လို့ပါ။ အိမ်ထဲဝင်ပါရစေ"

"မီးပျက်တယ်လို့လည်းအကြောင်းမကြားရပါလား အိုး-ကျွတ် . . . ကျွတ်"

အင်္ဂလိပ်မကြီးသည် ကြာရှည်စွာ မတ်တတ်မရပ်နိုင်တော့ဘဲ တံခါးဖွင့်ပေးပြီး နီးရာကုလားထိုင်ဆွဲ၍ထိုင်လိုက်၏။

"အမေကြီးက ဘာဖြစ်လို့လဲ။ တစ်ယောက်တည်းလား"

ဟု စူးစမ်းလိုက်၏။

"အေးကွယ်၊ တစ်ယောက်တည်းပါပဲ။ ကျန်းမာရေးကမကောင်းဘူးကွယ်"

ဟု ဆိုကာ အင်္ဂလိပ်မကြီးက သူ၏ရောဂါဖြစ်စဉ်ကို ရှင်းပြလေ၏။

"ကျွန်တော့်အမေလည်း ဒီရောဂါဖြစ်ဖူးတယ်။ ဗမာဆေးလည်းစွမ်းပါတယ်။ စမ်းကြည့်ပါလား"

ဘသာက ဆေးနည်းပြောပြလေရာ အင်္ဂလိပ်မကြီးက လိုက်၍ရေးမှတ်လေ၏။ အင်္ဂလိပ်ထုံးစံအရ သူတစ်ထူး၏ကျေးဇူးကို ပြန်လည်ဆပ်လို၍ အင်္ဂလိပ်မကြီးကနာမည်မေးရာ သူ၏အမည်ကိုမပြောရဲဘဲ ထွေးမောင်အမည်ကို အလွဲသုံးစားပြုလိုက်ပါ၏။ မိန်းမအမည်၊ ကလေးဘယ်နှယောက်၊ နေရပ်လိပ်စာတို့ကို အသေးစိတ်မေးပြီး ရေးမှတ်ထားပါ၏။

ထွေးမောင်၏အမည်ကို အလွဲသုံးစားပြုလုပ်လိုက်မိသော လူလိမ်ဘသာသည် အင်္ဂလိပ်မကြီးကို ဆက်၍မလိမ်ရဲတော့ဘဲ နှုတ်ဆက်၍ ပြန်ခဲ့တော့၏။ အင်္ဂလိပ်မကြီးကတော့ ဘာမှမသိရှာ။ သူမ သိသည်ကတော့ ဘသာပေးသည့် ဆေးနည်းဖြင့် ကံအားလျော်စွာ သူမ၏ရောဂါရှင်းရှင်းပျောက်လေရကား ထွေးမောင်အမည်ကို သူမ၏ သေတမ်းစာတွင် ထည့်သွင်းလေ၏။

အင်္ဂလိပ်မကြီး ကွယ်လွန်တော့ ရှေ့နေရှေ့ရပ်နှင့်အရာရှိများက သေတမ်းစာအရ ထွေးမောင်ကို ရုံးတော်သို့ ဆင့်ခေါ်လိုက်၏။ ထွေးမောင်ရသင့်ရထိုက်သော ဥစ္စာပစ္စည်းတို့ကိုလွှဲပေးလေ၏။

လူရိုးကြီးထွေးမောင်က -

"အရာရှိမင်း၊ တစ်ခုခုတော့ မှားနေပြီ။ ဒါတွေကိုကျွန်တော်မယူပါရစေနဲ့"

www.burmeseclassic.com

ထွေးမောင်က ရိုးသားစွာ ငြင်းပါလေတော့၏။

"မင်းနာမည် ထွေးမောင် မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းမိန်းမနာမည်က (xxx)"

"မှန်ပါတယ်"

"ကလေးသုံးယောက်ဆိုတာကော"

"မှန်ပါတယ်"

"လမ်းနဲ့အိမ်နံပါတ်ကော"

"ဒါလည်း မှန်ပါတယ် ခင်ဗျ"

"ဒီလောက်မှန်နေတာ ဘာကမှားရမှာလဲ။ ဟော့လူ၊ အချိန်ကုန်တယ်ကွယ်။ ကျုပ်တို့အလုပ်တွေရှိသေးတယ်။ မြန်မြန် လက်မှတ်ထိုး။ သူ့ဥစ္စာတွေပေးလိုက်စမ်းကွာ"

အရာရှိမင်း စိတ်မရှည်တော့ဘဲ သူတို့လုပ်ရမည့်လုပ်ငန်းကို လက်စသတ်လိုက်ပါ၏။ ဆေးဖော်ပေးဖို့နေနေသာသာ လျက်ဆားတောင်မဖော်တတ်သော ထွေးမောင် ဥစ္စာပစ္စည်းများနှင့် ပြည့်စုံသွားလေတော့၏။

BURMESE CLASSIC

*

"မောင်ဒေါင်းရေ၊ လောကမှာ ရိုးရိုးသားသားနေထိုင်တတ်ရင် တစ်ခုခုတော့ အကျိုးပေးတာပဲကွယ့်"

"ဦးလေးပြောပြသလိုဆိုရင် ထွေးမောင်က အလကားရလိုက်တာပဲ။ ဒါမျိုးတော့ မလိုချင်ပေါင်ဗျာ။ ကျွန်တော်ကတော့ ရိုးသားတဲ့အလုပ်နဲ့ အသန့်ရှင်းဆုံး လိုချင်တယ်"

"ဒါတော့ဒါပေါ့မောင်ရာ၊ ကုသိုလ်ကံအကျိုးပေးလို့ပဲပြောရမှာပေါ့ကွယ်။ ရိုးသားတဲ့သူရဲ့ စေတနာရောင်ပြန်ဟပ်တာကို ဆိုလိုတာပါကွယ်။ တချို့ဆိုရင် ကြားဖူးတယ်။ လယ်ကွင်းစပ်နားမှာ နောက်ဖေးသွားနေတုန်း မနီးမဝေးချုံစပ်က လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်လာပြီး ကြွက်ကျစ်စာတွေနဲ့အတူ ရွှေဒင်္ဂါးပြားတွေ ထွက်လာတာတို့၊ အလွန်ဆင်းရဲတဲ့ လင်မယားနှစ်ယောက်ရဲ့ တဲကုပ်လေးထဲကို ညတိုင်း 'ခုတ်စမ်း၊ ခုတ်စမ်း'ဆိုပြီး လက်တစ်ချောင်းဝင်လာတော့ ပထမတော့ ကြောက်တာပေါ့။ ကြောက်လွန်းအားကြီးလာပြီး နောက်ဆုံးမထူးဘူးဆိုပြီး နေ့လယ်မှာ ဓားမကြီးကို မြည့်နေအောင်သွေးလိုက်တယ်။ ညကျတော့ ထုံးစံအတိုင်း ခုတ်စမ်းဆိုပြီး လက်ကြီးလည်းဝင်လာရော လင်ယောကျာ်းလုပ်သူက ဓားမကို စုံကိုင်ကာ ကဲဟာဆိုပြီး တစ်ချက်တည်း အားကုန်ခုတ်ချလိုက်တာ လက်ကြီးပြတ်ကျန်ခဲ့တယ်။ကောက်ကြည့်လိုက်တော့ ရွှေတုံးကြီးဖြစ်နေတယ်။

နောက်တစ်ဦးလည်း အဲဒီပုံစံမျိုး ခပ်ဆင်ဆင်ကြားဖူးတာရှိသေးတယ်။ အဲဒီလိုပဲ အလွန်ဆင်းရဲတဲ့ လင်မယားနှစ်ယောက်ရှိတယ်တဲ့။ သူတို့တဲရဲ့ခေါင်မိုးပေါ်ကနေ ညတိုင်း 'ခံစမ်း၊ ခံစမ်း' ဆိုတဲ့ အသံကြီးက ဝဲပျံသွားလေ့ရှိတယ်။ ဒီအသံကြီးကို ညတိုင်းကြားနေရတာ ဘာခံရမှန်းလဲမသိ။ မတွေးတတ် စိတ်တွေကရှုပ် ကြံရာမရဖြစ်နေကြတယ်။ တစ်နေ့လည်းကျရော ညမှောင်မှောင်ထဲက ခံစမ်းဆိုတဲ့ အသံကြားလိုက် တာနဲ့တစ်ပြိုင်နက် လင်မယားနှစ်ယောက် ဘာကိုအတွေးပေါက်သွားတယ်မသိ သူတို့ပြိုင်တူထလိုက်ကြတယ်။ လက်နှစ်ဖက် ခြင်ထောင်နှစ်စကိုယ်စီဖြန့်လိုက်ကြပြီး 'ထည့်စမ်း၊ ထည့်စမ်း' လို့ ပြိုင်တူအော်လိုက်ကြတာ ဝေါခနဲအသံကြီး ကြားလိုက်ကြရတယ်။ ဖြန့်ထားတဲ့ ခြင်ထောင်ထဲကို ကျောက်သံပတ္တမြားတွေ ကျလာလို့ ချမ်းသာသွားတယ်လို့လည်း ရှေးလူကြီးသူမများရဲ့ အိပ်ရာဝင်ပုံပြင်ဆန်ဆန်ဒဏ္ဍာရီတွေရှိခဲ့ဖူးတယ်ကွယ့်။

ကုသိုလ်ကံအကျိုးပေးနဲ့ဆိုင်တဲ့ အဖြစ်လေးတွေပေါ့ကွယ်။ ကာလရွေ့လျောလာတော့လည်း ဟုတ်ချင်မှဟုတ်မှာပေါ့။ ဒါတွေကို ယုံရမယ်လို့တော့ မဟုတ်ဘူးကွယ့်။ ထွေးမောင်အဖြစ်ကိုပဲ ကြည့်လေ။ အကျိုးပေးပုံက မထူးဆန်းဘူးလား။ မောင်ဒေါင်းရေ၊ ဘာပဲလုပ်လုပ် ရိုးရိုးသားသားနဲ့ လုပ်ကိုင်နေထိုင်သွားမယ်ဆိုရင် ကူညီမယ့်သူတော့ ပေါ်လာဦးမယ်။ ဘုရားတောင် အမှီရှိမှပွင့်တော်မူလို့ရတယ်လို့ဆိုသလိုပဲပေါ့မောင်ရာ"

"ဦးလေးရေ စကားပြောကောင်းနေလိုက်ကြတာ ညဥ့်နက်ပြီ။ ကျွန်တော် ပြန်အိပ်တော့မယ်၊ မနက်စောစော တောတိုးရဦးမယ်"

"ကောင်းပါပြီ မောင်ဒေါင်းရေ။ ဪ - ဒါနဲ့ မြို့ထဲက ဆံပင်ညှပ်ဆိုင်ကြီးက တစ်ပတ်နွမ်းစက်ကတ်ကြေးရယ်၊ ဆံပင်ဖြတ်ကတ်ကြေးရယ်၊ သင်တုန်းဓားအဟောင်းရယ် မင်းလိုချင်တာမနက်ဖြန်ရပြီ ငါယူလာခဲ့မယ်။ မင်းဆံပင်ညှပ်ဆိုင်ဖွင့်ချင်တာ အဆင်ပြေပြီကွ မောင်ဒေါင်းရေ"

"ဟာ - ဝမ်းသာလိုက်တာ ဦးလေးရယ်။ ကျေးဇူးတင်လိုက်တာ"

*

မောင်ဒေါင်း ဆံပင်ညှပ်ဆိုင်ထိုသူ၏အိမ်ရှေ့တွင် ကနားဖျင်းလေးထိုး၍ ကောင်းမြတ်သော တစ်ခုသောရက်ရာဇာနေ့ဝယ် အမွှေးနံ့သာတို့ကို အောင်သပြေခက်နှင့် ပက်ဖျန်း၍ဖွင့်လှစ်လိုက်ပါ၏။ ဘုရားဂုဏ်တော်ကို မောင်ဒေါင်း နှုတ်မှရွတ်၍ ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပေ၏။ ဆံပင်ညှပ်သူများ ကြည့်နိုင်ရန် ဦးလေးဦးပန်းဒွေးက ၎င်းအိမ်မှ လေးထောင့်မှန်ကွဲကြီးတစ်ချပ်ပေး၍ တိုင်တွင် ထောင်ပေးထားလေ၏။ အမွှေးနံ့သာရည် စွတ်စိုနေသော အောင်သပြေခက်ကို ခေါင်းရင်းတိုင်တွင် ချည်ထားလိုက်ပါ၏။

ဆိုင်စဖွင့်သည့်နေ့ ဈေးဦးဖောက်သူကား ဦးပန်းဒွေးတည်း။ အစစကူညီသည့်ကျေးဇူးရှင်ဆိုပေတည့် ဦးပန်းဒွေးက အလိုက်သိစွာ ဆံပင်ညှပ်ခ ပြားသုံးဆယ်ပေး၍လာဘ်ဖွင့်ပေး၏။ ကလေးများကိုတော့ တစ်ဆယ့်ငါးပြားနှုန်းဖြင့် ညှပ်ပေးရပေဦးမည်။ မြို့ထဲက ဆိုင်ကြီးတွေလို လူကြီးပြားငါးဆယ်၊ ကလေး တစ်မတ်မရနိုင်။ သူတို့ ရပ်ကွက်ကလေးက ဆင်းရဲသားရပ်ကွက်ဖြစ်ပေသကိုး။ ထိုနေ့က သုံးခေါင်းညှပ်ပေးလိုက်ရ၏။ ဆံပင်ညှပ်ပြီးသူများက မောင်ဒေါင်း ဆံပင်ညှပ်ကောင်းကြောင်း ရပ်ကွက်အတွင်း ကြေညာပေးလိုက်ကြပါ၏။

မောင်ဒေါင်းဆံပင်ညှပ်ရာတွင် မိမိကိုယ်၌က ချို့တဲ့သူဖြစ်သော်လည်း မိမိထက် ချို့ငဲ့သူများ ဆံပင်လာညှပ်ပါက ပေးနိုင်သူများထံမှသာ ဆံပင်ညှပ်ခယူ၍ အမှန်တကယ် မပေးနိုင်သူဆိုလျှင် ဆံပင်ညှပ်ခမတောင်းပါ။ စေတနာဖြင့် ကူညီလိုက်ပါသည်။ ကောင်းမှုတစ်ခု နေ့စဉ်ပြုနေသူ ဖြစ်ပါသည်။

မောင်ဒေါင်းတစ်ယောက် တောတိုးစရာမလိုတော့ပါ။ ယခင်ကကဲ့သို့ နဖူးကချွေး ခြေမကျသည်အထိ လုပ်စရာမလို။ နေ့စဉ် ဆံပင်လာညှပ်သူ သုံးလေးခေါင်းရှိလေရာ မောင်ဒေါင်း ဆံပင်ညှပ်ဆိုင်ကို ဟန်ကျတယ်ကွာဟု ရပ်ကွက်ထဲက ချီးမွမ်းထောမနာပြုကြလေသတတ်။

တစ်နေ့သောအခါ ရပ်ကွက်ထဲက ဦးသာမျှင်က မောင်ဒေါင်းဆံပင်ညှပ်ဆိုင်သို့ ရောက်ရှိလာပြီး-

"မောင်ဒေါင်းရေ၊ ရာဇဝတ်က ပူ



www.burmeseclassic.com

www.burmeseclassic.com

...လိုက်တာ။ ငါ့ကို ခေါင်းတုံးပေးစမ်း ...

"ရပါတယ် ဦးလေးသာမျှင် ထိုင် ..."

ဦးသာမျှင်က ဆံပင်ညှပ်ခုံပေါ် ... ထိုင်လိုက်သည်။ မောင်ဒေါင်းသည် ...သာမျှင်၏ ခေါင်းကို ဖလားထဲမှရေ ...ဆွတ်လိုက်သည်။ ပြီးတော့ ဆင်ခြေး ...ဆပ်ပြာဖြင့် အမြှုပ်ထသည်အထိ ...ခေါင်းကို ပယ်ပယ်နယ်နယ်ပွတ်ပေး ...လိုက်ပါ၏။ သင်တုန်းဓားကို ကျင်လည် ...စွာ ကိုင်တွယ်လျက် ခေါင်းမှဆံပင်များ ...ကို တစ်ချက်ချင်းမှန်မှန်ဆွဲချလိုက်၏။ ...ခေါင်းပြောင်ဖြောင်းပြီးသွားပြီးနောက် လက် ...ကျန်ဆံစလေးများကို အချောသတ် ...လိုက်ပါ၏။

"အခုမှပဲပေါ့သွားတော့တယ်ကွာ။ ...မောင်ဒေါင်းရေ မင်းရဲ့ရိုးသားမှုကို ...အားကျပြီး ကူညီချင်တဲ့ သူဌေးက ...ရင်က လက်ဖက်ရည်ဆိုင်ဖွင့်ခဲ့တဲ့ ခုံ ...ဟောင်းသုံးလေးလုံးနဲ့ အချိုပန်းကန်၊ ...ရေနွေးတည်အိုး၊ နှပ်အိုးတွေ လာယူလို့ ...မှာလိုက်တယ်ကွ။ အဲဒါသွားယူ ...လိုက်ဦး"

"ဟုတ်ကဲ့ ဦးလေး၊ အဲဒီသူဌေး ...ပြန်ရောက်လာပြီလား။ သူက ခရီး ...ထွက်များတော့ ကျွန်တော်သွား ...တွေ့ဖြစ်တာ"

"မင်း ကံကောင်းတာပေါ့ မောင်။ ...အဲဒီသူဌေးက ကပ်စီးနဲ့ကော်တစ်ရာကြီး ...သူများကိုအပ်တိုတစ်ချောင်းတောင် ...ပေးဘူးမောင်ရ။ သူကတော့ပြောပါ ...တယ်။ မင်းရဲ့ရိုးသားမှုကို ဂုဏ်ပြုချင်လို့ ...ပေးတာတဲ့ကွ။ သူပေးတုန်း အမြန်ယူ ...ထား"

"ဟုတ်ကဲ့"

*

မောင်ဒေါင်းကိုကူညီသောသူဌေး ...သည်မှာ မောင်ဒေါင်းတို့နေထိုင်သော ...သစ်ထဲသို့ ကိစ္စတစ်ခုဖြင့်ဆိုက်ကား ...၍လာခဲ့စဉ်က မောင်ဒေါင်း ဆံပင် ...ဆိုင်ရှေ့ဖြတ်သန်းသွားစဉ် သူဌေး ... ငွေအိတ်တစ်လုံး ကျကျန်ရစ်ခဲ့၏။ ...ငွေအိတ်ထဲတွင်ရှိသော ငွေပမာဏမှာ ...အလွန်များလှ၏။ ထိုငွေအိတ်ထဲတွင် ...သူဌေး၏ မှတ်ပုံတင်၊ အလုပ်ကိစ္စစာချုပ် ...နှင့် အရေးကြီးသော စာရွက်စာတမ်း ...များ ပါရှိလေ၏။

ထိုနေ့က ဆိုင်ရှေ့တွင်လူရှင်း၏။ မောင်ဒေါင်း အိမ်ထဲမှထွက်အလာ မိမိ ဆိုင်ရှေ့တွင် အိတ်တစ်လုံးတွေ့ရှိ၍ သွားရောက် ကောက်ယူလိုက်ပါ၏။ အိမ်ထဲပြန်ဝင်၍ မိမိတစ်ဦးတည်းတွေ့ရှိသောအိတ်ကိုဖွင့်ကြည့်လိုက်သောအခါ တွင်မှတော့ မိမိတစ်သက်မကိုင်တွယ်ဘူးသော ပိုက်ဆံအထပ်လိုက်ကို မြင်တွေ့လိုက်ရတော့သည်။ မောင်ဒေါင်းမျက်လုံးများပြူးကျယ်သွားတော့သည်။ သူဌေး၏ မှတ်ပုံတင်ကို တွေ့ရှိလိုက်တော့မှ မှတ်ပုံတင်လိပ်စာပါအတိုင်း မြို့ထဲသို့ချက်ချင်းလိုက်သွားလေ၏။

လိပ်စာရှင်ခြံရှေ့တွင် မောင်ဒေါင်း ရပ်လိုက်ပါသည်။ ခြံနှင့်ဝင်းနှင့်ပန်းအလှမျိုးစုံ ရောင်စုံအပင်လေးများဖြင့် လှပသောတိုက်ကြီးကို မောင်ဒေါင်း မော့ကြည့်ရ၏။ ခြံထဲက မာလီကုလားနှင့်တွေ့၍ မောင်ဒေါင်းက ခြံရှင်နှင့်တွေ့လိုကြောင်းပြောပြရာ မာလီကုလားက သူဌေးကို အကြောင်းကြားပေးလေ၏။ ထို့နောက် သူဌေးနှင့် မောင်ဒေါင်း တွေ့ခွင့်ရလိုက်ပါ၏။ သူဌေးရှေ့သို့ မောင်ဒေါင်းရောက်သည်နှင့် -

"ထိုင်ပါ မောင်ရင်၊ ဦးဘာအကူအညီပေးရမလဲ"

မှတ်ပုံတင်ထဲက ဓာတ်ပုံမှာ ဤသူဌေးပင်ဖြစ်ကြောင်း တွေ့လိုက်ရ၍ မောင်ဒေါင်းစိတ်အေးရပါ၏။ လူမှား၍ငွေအိတ်အပ်ရမည်ကို မောင်ဒေါင်း အလွန်ကြောက်သည်။ သဘောကောင်း၍ ဖော်ရွေသည့်ပုံစံနှင့် သူဌေးကို မောင်ဒေါင်းက သွက်လက်ချက်ချာစွာဖြင့် -

"ကျွန်တော်ရဲ့အိမ်ရှေ့မှာ ဦးရဲ့အိတ်တစ်လုံးကျကျန်ခဲ့တယ်။ အိတ်ထဲက မှတ်ပုံတင်လိပ်စာနဲ့ ကျွန်တော်လာတွေ့တာပါ။ အဲဒီအိတ် ဦးကို ကျွန်တော်အပ်ပါတယ်။ သေချာစစ်ကြည့်ပါဦးခင်ဗျာ"

သူဌေးမင်းအံ့ဩသွားလေ၏။ မိမိအိတ်ပျောက်သည်မှာ တစ်နာရီပင်မကြာလိုက်။ မိမိရှေ့သို့ချက်ချင်းပြန်ရောက်လာပါလား။ ဘယ်လိုသူငယ်ပါလိမ့်။ အိတ်ထဲမှငွေတွေကိုလည်းတွေ့ပါလျက်နှင့် ပိုင်ရှင်ထံ ချက်ချင်း လာရောက်အပ်နှံသူကို သူဌေးမင်းမကြုံဘူးခဲ့။ အိတ်ထဲမှ အရေးကြီးစာရွက်စာတမ်းများကို သေချာစစ်ကြည့်လိုက်ပါ၏။ ပျောက်ဆုံးစာရွက်စာတမ်းမရှိပါ။ ချက်ချင်းလာရောက် အပ်နှံသောပိုက်ဆံကို စစ်ကြည့်ဖို့လိုသေးလား။ သူဌေးမင်းစစ်ဆေးပါ။

"ငွေတွေကိုတော့မစစ်တော့ဘူး။ မောင်ရင့်ကို ဦးယုံကြည်တယ်။ အိတ်ထဲကငွေတွေက ငါးသောင်းပါ။ မောင်ရင့်ကို ငါးထောင်ဘောက်ဆူးချမယ်။ ယူပါ"

လူတစ်ယောက်ဆံပင်လာညှပ်ပါမှ ငွေလေး ပြားသုံးဆယ်သာရပါသည်။ သူဌေးမင်းပေးသည့်ငွေက တစ်သက်စာပါလား။ သို့သော် မောင်ဒေါင်း ငြင်းလိုက်ပါသည်။ သူဌေးကတော့ မောင်ဒေါင်းကို ကျေးဇူးဆပ်လိုသည်။ ကွက်သစ်ကလာသူ့အနေအထားကိုကြည့်၍ အိမ်ဆောက်ပေးမည်ဟု ပြောပြန်ပါသည်။ မလိုချင်ပါ။ မောင်ဒေါင်းသည် အချောင်သမား မဟုတ်ပါ။ နောက်ဆုံးစျေးတည့်သွားသည်က မောင်ဒေါင်းသည် မည်သည့်အရာကိုမဆို အလကားရယူလိုစိတ်မရှိသူ၊ အလုပ်လုပ်၍သာ တိုးတက် ကြီးပွားလိုသူဖြစ်ကြောင်းကို သူဌေးမင်း သိရှိသွားပါ၏။ လက်ဖက်ရည်ဆိုင်ဖွင့်နိုင်ရန် အိုးခွက်ပန်းကန်ခွက်ယောက်၊ စားပွဲခုံနှင့် လိုအပ်သည်များကို သူဌေးကပံ့ပိုးပေးလိုက်ပါ၏။

ကွက်သစ်ကလေး၏ တည်နေရာမှာ မြို့ကို ပတ်ခွေရစ်သန်းစီးဆင်းနေသော မြစ်တစ်စင်း၏ ကမ်းစပ်တွင်တည်ရှိနေပါ၏။ မနက်ပိုင်းစျေးလေးက စည်ကားသည်။ မြစ်ဆိပ်သို့ ကျေးလက်တောရွာမှ စားသုံးသီးနှံ၊ ဟင်းသီးဟင်းရွက်လာပို့သော ဘောက်တူ၊ သမ္ဗန်များ နေ့စဉ်ဆိုက်ကပ်၏။ ထိုသို့သောနေရာမျိုးမှာ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ဆိုက်ကားဂိတ်လည်းရှိပါသည်။ မနက်ခင်းစျေးလေးမှာ လက်ဖက်ရည်ဆိုင်မရှိသေးပါ။ ထိုစျေးလေးတွင် လက်ဖက်ရည်ဆိုင်ဖွင့်ရန် မောင်ဒေါင်း ရွေးချယ်လိုက်ပါ၏။ လက်ဖက်ရည်ဆိုင်နာမည်ကို 'သူဌေးမင်းလက်ဖက်ရည်ဆိုင်' ဟု အမည်ပေးလိုက်သည်။

"မောင်ဒေါင်း၊ မျောက်ခြောက်ကျကျတစ်ခွက်"

"ရွှေခြင်္သေ့ကော်ဖီတစ်ခွက်ချိုချိုလေး"

"လက်ပတွန်နှစ်ခွက်ချပါဟေ့"

မောင်ဒေါင်းသည် လက်ဖက်ရည်ဆိုင်တွင် နို့ဆီကောင်းကောင်းကိုသာ သုံးစွဲသည်။ ကုလားမခြင်းတောင်းတံဆိပ်နို့ဆီသည် အကောင်းဆုံးဖြစ်ပါသည်။ လက်ဖက်ရည်တစ်ခွက်လျှင် ပြားနှစ်ဆယ်နှုန်းဖြင့် စျေးနှုန်းချိုသာစွာရောင်းချလေရာ ဆိုက်ကားဆရာ၊ သမ္ဗန်ဆရာ၊ ကုန်စိမ်းပွဲစားများက လာရောက် အားပေးကြပါ၏။ သူဌေးမင်းလက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဒေါင်း ...



www.burmeseclassic.com

www.burmeseclassic.com

ဝတ်နေရေးချောင်လည်လာတော့၏။

ကိုဒေါင်း လက်ဖက်ရည်ဖျော်ရာတွင် နို့ဆီခို၍မထည့်။ ပြည့်ပြည့်ဝဝ ချင်တွယ်၍ သောက်သုံးသူရင်ထဲစွဲငြိသွားစေရမည်။ မတ်ခွက်ထဲသို့ သကြား၊ နို့ဆီ ချိန်ဆထည့်၊ လက်ဖက်ခြောက်နှပ်ရည်၊ ရေနွေးဆူဆူ လောင်းထည့်ပြီးသည်နှင့် ကိုဒေါင်းလက်ဖက်ရည်အမျှင်ရှည်ရှည် ဆွဲတော့သည်။ ညာဘက်က မတ်ခွက်ကို ဘယ်ဘက်က နို့ဆီခွက်ထဲ လောင်းထည့်ရင်း မတ်ခွက်ကို အပေါ်သို့မြှောက်ပေးခြင်းကကြိုးတစ်ကွက် ပြီးဆုံးလျှင် လက်ဖက်ရည် အကောင်းစားပျစ်ပျစ် တစ်ခွက်သောက်သုံးရန်အသင့်။

ကိုဒေါင်း၏ လက်ဖက်ရည်ကို သောက်သုံးသူတိုင်း စွဲမက်နှစ်ခြိုက်သွားကြ၏။ ကိုဒေါင်း လက်ဖက်ရည်ရောင်းချသည့်မူက အမြတ်အစွန်းကို ဦးစားမပေး စေတနာသာ အဓိကထားသူ ဖြစ်ပါ၏။

နံနက်ခင်း ဈေးလာဝယ်သူများ ဗျားပန်းခပ်မှျ စည်ကားပါ၏။ ဈေးလာဝယ်သူများထဲတွင် နေ့စဉ်မြင်နေကျဖြစ်လာပြီး (၃) နှစ်ခန့် ကြာသောအခါ ကိုဒေါင်းနှင့် မသိန်းဥတို့ ရည်ငံမိကြသည်။ ရပ်ရွာမှ ရှေးလူကြီးများဖြစ်ကြသော ဦးပန်းဒွေး၊ ဦးသာမျှင်တို့ကို အမှူးထားပြီး ကိုဒေါင်း၊ မသိန်းဥတို့ကို ထိမ်းမြားလက်ထပ်ပေးလိုက်ကြသည်။ သူဌေးမင်းလက်ဖက်ရည်မွှေးမွှေးလေးဖြင့် ဧည့်ခံပရိသတ်များကို စေတနာ ဒလဟောဖြင့် ဧည့်ခံလိုက်ပါ၏။

ထိမင်္ဂလာပွဲသို့ မြို့ထဲက သူဌေးမင်းကိုယ်တိုင် တက်ရောက် ဂုဏ်ပြုချီးမြှင့်သည်။

✻

တစ်ခုသော လက်ဖက်ရည်ဆိုင် လူရှင်းချိန်ဝယ် လက်ဖက်ရည်ခါးခါး သောက်နေကျ မာမူကြီး ရောက်ရှိလာလေ၏။ မာမူကြီးသည် ကိုဒေါင်း၏ ဖောက်သည်တစ်ဦးဖြစ်ပါ၏။ မာမူကြီးသည် ဘယ်အရပ်ကလာသည်ကိုတော့ မသိပါ။ နေ့စဉ် လက်ဖက်ရည်သောက်နေကျသူတစ်ဦးဖြစ်၍ ကိုဒေါင်းနှင့်မျက်မှန်းတန်းမိသည်။ မာမူကြီးသည် လက်ဖက်ရည်ကျကျကို ဇိမ်ခံသောက်ရင်း ကိုဒေါင်းကို သူ၏စားပွဲသို့ ဖိတ်ခေါ် လိုက်သည်။

"ဘာလိုသေးလဲ မာမူကြီး။ မုန့်လား၊ ဆေးလိပ်လား"

"မလိုပါဘူး မောင်ဒေါင်းရယ်။ ငါဒီနေ့ လက်ဖက်ရည်ပဲသောက်မှာ။ မင်းကြိုးကြိုးစားစားအလုပ်လုပ်ပုံနဲ့ စိတ်ထားကိုကြိုက်တယ်၊ သဘောကျတယ်ကွာ"

မာမူကြီးက ချီးကျူးထောမနာပြုသည်ကို ကိုဒေါင်း ပြုံး၍နားထောင်ပါသည်။

မာမူကြီးက ဆက်၍ -

"မင်းကိုအကြံတစ်ခုပေးချင်တယ်။ မင်းရဲ့လုပ်ရည်ကိုင်ရည်နဲ့ဆိုရင် ကြီးပွားမယ် ငါမြင်တယ်။ အလုပ်တော့ပြောင်းလုပ်ရလိမ့်မယ်။ မင်းကြီးပွားဖို့က မင်းအနေနဲ့ သံထည်ပစ္စည်းရောင်းပါလား"

"မာမူကြီးကလည်း ကျွန်တော်ကကုန်မာဆိုင်ဖွင့်ရမှာလား မနောက်ပါနဲ့။ ဒါလောက် အရင်းအနှီးကြီးတာ ကျွန်တော် ဘယ်အနားကပ်နိုင်မလဲ။ နောက်ပြီးတော့ သံထည်ပစ္စည်း ဆိုတာက တစ်ခါဝယ်ပြီးသုံးလို့မကုန်နိုင်ဘူးလေ။ အရောင်းသွက်မှာမဟုတ်ဘူး"

"ငါပြောသလိုလုပ်ပါမောင်ဒေါင်း။ သေသေချာချာ နားထောင်နော်။ မင်းလက်ရှိအရင်းအနှီးကို ငါခန့်မှန်းလို့ရပါတယ်။ ဆိုင်ကြီးမဖွင့်နိုင်သေးခင် ဈေးကြီးနားက လမ်းမဘေးမှာ အိမ်ရိုက်သံမျိုးစုံ ဗန်းနဲ့ထည့်ပြီး အရင်ရောင်းပါ။ အကျိုးအမြတ်ကို သုံးပုံပုံ၊ တစ်ပုံကိုစား၊ တစ်ပုံကိုစု၊ တစ်ပုံကိုလျှုပါ။ ငါပြောတာနားထောင်ရင် ကြီးပွားပြီကွာ"

ထိုကဲ့သို့ တိုက်တွန်းအကြံပြုသူ မာမူကြီးကို နောက်နေ့တွင် မတွေ့ရတော့ပါ။ မာမူကြီး မအားလို့လား၊ နေမကောင်းလို့လား မသိပါ။ ကိုဒေါင်းကလည်း မာမူကြီးကိုမျှော်ရင်း လက်ဖက်ရည်ကိုသာ ဆက်လက် ရောင်းချလျက်ရှိ၏။ မာမူကြီးကို တွေ့ချင်သေးသည်။ ကုန်မာရောင်းဝယ်ရေးနှင့် ပတ်သက်သည်များကို ထပ်မံ မေးမြန်းချင်သေးသည်။ မာမူကြီးကို အဲဒီနေ့ကသတိထားလိုက်မိသည်ကတော့ မာမူကြီး သူ့ကိုစကားပြောနေချိန်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထူလပျစ်ကြီးကို သူ၏ လက်ဖြင့် ပွတ်သပ်လျက် ကိုဒေါင်း၏ မျက်နှာကို စူးစိုက်ကြည့်နေသော မာမူကြီး မျက်လုံးက စူးရှတောက်ပြောင်လျက်။

ကိုဒေါင်း သိထားသည်မှာ စူးရှတောက်ပြောင်သော မျက်လုံးပိုင်ရှင်တို့၏ အကြံဉာဏ်သည် လွန်စွာထက်မြက်လှပါ၏။ အကျိုးမဲ့မဖြစ်။ အကျိုးဖြစ်ထွန်းသည်ကများ၏။ နောက်ရက်များ ဆက်လက်၍လည်း မာမူကြီးကို မျှော်မိနေသေးသည်။ မာမူကြီးနှင့် မဆုံစည်းခဲ့တော့ပါ။ မာမူကြီးကို မျှော်မနေတော့ဘဲ သူအကြံပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်သာရှိပါတော့သည်။

✻

ဈေးကြီးနှင့်နီးသောတောသဘော်များ ဆိုက်ကပ်ရာ မော်တော်ဆိပ်နှင့် မနီးမဝေးလမ်းမကြီးရဲ့ဘေးမှာ အိမ်ဆောက်သံမျိုးစုံ၊ အိမ်ဆောက်ပစ္စည်းတန်ဆာပလာများဖြစ်သော တူ၊ ဆောက်လွှ၊ ရွေဘော်မှ စတင် ရောင်းချလေ၏။

ဆိုင်စဖွင့်သည်နှင့် ဘုရားဂုဏ်တော်ပွားလေ၏။ တောသဘော်ဆိပ်နှင့်နီး၍ တောအဆက်အသွယ်ကို ရရှိပြီး ထယ်သွား၊ စက်တုံး စသည်တို့ အမှာစာရရှိသည်မှ ပေါက်တူး၊ ဂေါ်ပြားများလည်း စုံလင်အောင် ရောင်းချရလေတော့၏။ ဤသံဆိုင်လေးနှင့် ဆက်စပ်လုပ်ကိုင်ရသူ ဖောက်သည်တို့မှာ ဤဆိုင်လေး၏ ရိုးသားမှု၊ တည်ကြည်မှု၊ မှန်ကန်မှုတို့ကြောင့် ဤလမ်းဘေးဆိုင်လေးသို့ သံထည်ပစ္စည်းကြီးများ အမှာစာပလူပျံအောင် လက်ခံရရှိလာတော့၏။

ဝယ်ယူလိုသူတို့ မှာယူလာသည့် ပစ္စည်းများကို ပို့ပေးရုံလောက်သာ တင်းတိမ်မနေတော့ဘဲ မိမိဆိုင်မှာပင် သံထည်ပစ္စည်း၊ ကုန်မာပစ္စည်းကြီးများ စုံလင်အောင် တင်ထားလိုက်ပါ၏။ ဆိုင်ပေါ်တွင် ကုန်မာပစ္စည်းမျိုးစုံနေပြီဖြစ်၍ မေးသူလွတ်မသွားရအောင် ရောင်းချရလေ၏။ မာမူကြီး ပြောကြားခဲ့သည့် 'ငါပြောသလိုသာရောင်းပါမောင်ဒေါင်း။ အရောင်းသွက်စေရမယ်' စကားတစ်ခွန်းသည် သွေးထွက်အောင် မှန်နေလေပြီကော။

ယခုအခါ မြို့၏ကြေးရတက်မင်းပိုင်းစိုးပိုင်း လူကုံထံပိုင်းများသာနေထိုင်သော မြို့မျက်နှာစာတွင် ဦးဒေါင်း၊ ဒေါ်သိန်းဥတို့၏ ခံ့ထည်ဝင့်ကြွားသော မိုးမျှော်တိုက်ကြီးကို ထင်ရှားစွာ အဝေးမှ လှမ်း၍မြင်နိုင်မည် ဖြစ်ပါသတည်း။

*(မှတ်ချက် - ဦးဒေါင်းသည် သူတစ်ထူး၏ ကျေးဇူးကိုသိတတ်သူဖြစ်သည်။ ကျေးဇူးဆပ်ရန် စီးပွားရေးအကြံပေး မာမူကြီးကို နည်းလမ်းအသွယ်သွယ်ဖြင့် လိုက်လံ စုံစမ်း ရှာဖွေပါသော်လည်း မတွေ့ရှိရတော့ပါ။)*

*ဘဝတူသင်္ဂလာ*

အောင်မြင့်ကျွန်း(မသုံးသုံး)

www.burmeseclassic.com

စွမ်းထက်နောင်

# ခဲဆိပ်သင့်ခြင်း နှင့် ခဲကြောင့်ဖြစ်ပွားတတ်သောရောဂါများ

မိမိ၏ မိသားစုတွင် ကလေးငယ်များရှိပါက ကလေးငယ်များခဲဆိပ်သင့်ကြောင်း မိဘများသိရှိရန် အရေးကြီးပါသည်။ အထူးသဖြင့် အိမ်သုတ်သဘောဆေးများကွာကျနေသောအိမ်အဟောင်းများတွင် နေထိုင်သူများ သတိထားရပါသည်။ ထို့အပြင် အချိန်ကြာမြင့်စွာ ခဲဖြင့်ထိတွေ့လုပ်ကိုင်လျက်ရှိသူများ၊ ဘက်ထရီလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၏အနီးအနားပတ်ဝန်းကျင်တွင် နေထိုင်သူများဖြစ်ပါက ကျန်းမာရေးပြဿနာများ အသည်းအသန်ရင်ဆိုင်တွေ့ကြုံနိုင်ပါသည်။ အထူးသဖြင့် ထိခိုက်လွယ်သော ကလေးငယ်များ ဖြစ်ပါသည်။


ခဲသည် လူတိုင်းကို အဆိပ်ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင်များ၊ ဝမ်းဗိုက်အတွင်းမှ မမွေးဖွားရသေးသော ကလေးငယ်များနှင့် ငယ်ရွယ်သည့် ထိခိုက်လွယ်သော ကလေးများတွင် ပိုမိုဖြစ်စေပါသည်။ခဲဆိပ်သင့်ပါက ကျန်းမာရေးပြဿနာများ၊ ရောဂါများစွာ ဖြစ်ပွားနိုင်ပါသည်။ ငယ်ရွယ်သော ကလေးများတွင် ခဲများပိုမိုစုပ်ယူဝင်ရောက်နိုင်ပါသည်။ တိုးတက်သောနိုင်ငံများ၌ပင် တစ်နှစ်တွင် (၁) နှစ်မှ (၅) နှစ်ကလေးငယ် (၃)သိန်းကျော်၏ သွေးများအတွင်း ဘေးအန္တရာယ်များ၊ ခဲဆိပ်များကို တွေ့ရှိနေရပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ မြို့တော်မြို့တွင်လည်း ကလေးငယ် (၁၀) ဦးတွင် (၃) ဦး ခဲဆိပ်သင့်နေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ဖြစ်ပွားနေခြင်းသည် လွန်စွာအန္တရာယ်များ၍ ရောဂါလက္ခဏာများအဖြစ် ခေါင်းကိုက်ခြင်း၊ဗိုက်နာခြင်းနှင့် ကလေးများ၏အပြုအမူများ ပြောင်းလဲခြင်းလက္ခဏာများ စတင်တွေ့ရှိရပြီး ကျန်းမာသန်းစွမ်းသော သွေးနီဥ ထုတ်လုပ်မှုကို ထိခိုက်စေပြီး သွေးအားနည်းရောဂါ ဖြစ်စေပါသည်။ ခဲဆိပ်သည် ကလေးများဦးနှောက်ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါသည်။

ခဲဆိပ်သင့်ခြင်းကို ကာကွယ်နိုင်ပါသည်။ ခဲဆိပ်ဖြစ်စေသောအရင်းအမြစ်များကို သိရှိစေပြီး ဖယ်ရှားနိုင်ပါက မိမိ၏ မိသားစုများ ခဲဆိပ်သင့်ခြင်းကို ကာကွယ်နိုင်ပါသည်။ ခဲဆိပ်သင့်သည့် ကလေးများမှာ (၃)နှစ်အောက်ကလေးများ အများဆုံးဖြစ်တတ်သည်။ ကလေးများ၏ အပြုအမူပြောင်းလဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ သွေးအားနည်းခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက ကလေးငယ်များ၏ သွေးအတွင်း ခဲဆိပ်ပမာဏကို စမ်းသပ်စစ်ဆေး၍ ကုသခံယူမှုကို အမြန်ဆုံးပြုလုပ်သင့်ပါသည်။ များစွာသော ခဲဆိပ်သင့်သည့် လူအများသည် ရောဂါလက္ခဏာများ လုံးဝပြသမှုမရှိခြင်းနှင့် အနည်းငယ်သာပြတတ်ကြပါသည်။ အချိန်တိုအတွင်း ရောဂါလက္ခဏာမပြတတ်ကြသဖြင့် မိမိတွင် ရောဂါဖြစ်နေကြောင်း အများအားဖြင့် မသိရှိကြပါ။

**ခဲသည် မည်သို့ ဘေးအန္တရာယ်ဖြစ်စေသလဲ**

မိမိခန္ဓာကိုယ်ကို အကြောင်းအမျိုးမျိုးကြောင့် ခဲဆိပ်သင့်နိုင်ပါသည်။ အသက်ရှူလမ်းကြောင်းမှ ခဲအမှုန်အမွှားများရှူရှိုက်မိခြင်း၊ အစာလမ်းကြောင်းမှ တစ်ဆင့်ဝင်ရောက်မိခြင်းနှင့် အချို့မှာ အရေပြားမှတစ်ဆင့် ဝင်ရောက်ခြင်းတို့ကြောင့် အဆိပ်မိခြင်း ဖြစ်နိုင်ပါသည်။ ခဲဆိပ်ပမာဏများစွာ အချိန်တိုအတွင်း






www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်မိခြင်းကို အပြင်းအထန် အလွန်ဆိုးဝါးသော ခဲဆိပ်သင့်ခြင်း (Acute toxicity) ဟု ခေါ်ပါသည်။ ခဲဆိပ်ပမာဏအနည်းငယ်ကို အချိန်ကြာမြင့်စွာရှူရှိုက်မိနေပါက နာတာရှည်ခဲဆိပ်သင့်ခြင်း (Chromic toxicity) ဟု ခေါ်ပါသည်။ ခဲအနည်းငယ်သည်ပင် ခန္ဓာကိုယ်အတွင်းဝင်ရောက်ပါက အလွန်အန္တရာယ်များ၍ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ လုပ်ဆောင်မှုစနစ်များကို များစွာထိခိုက်စေပါသည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုအကူအညီဖြစ်စေသော သံဓာတ်၊ ကယ်(လ်)စီယမ်ဓာတ် (ထုံးဓာတ်)၊ ဇင့် (သွပ်) ဓာတ်များကိုပင် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်မှုကို ဟန့်တားစေပါသည်။

ခဲသည် ခန္ဓာကိုယ်အစိတ်အပိုင်းများစွာကို အန္တရာယ်ဖြစ်စေပါသည်။ သွေးကြောများအတွင်း သွေးနီဥများကို ပျက်စီးစေခြင်းနှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် တစ်သျှူးများမှ လိုအပ်သော အောက်ဆီဂျင်ပို့ဆောင်မှုကို ကန့်သတ်ချုပ်ချယ်ပိတ်ဆို့စေသဖြင့် သွေးအားနည်းရောဂါ ဖြစ်ပွားစေပါသည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ အောက်ဆီဂျင် လုံလောက်စွာမရရှိသောကြောင့် အခြားဆင့်ကဲရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။

ခဲဆိပ်သည် အရိုးများအတွက် ပိုမိုပြဿနာဖြစ်စေသေးပါသည်။ ခဲသည် သွေးဆဲ(လ်)ကလာပ်စည်းများထုတ်လုပ်မှုကို နှောင့်ယှက်ရုံမက အရိုးများသန်မာစေရေးနှင့် ကျန်းမာစွာဖြင့် ကြီးထွားမှုများကိုပါဖြစ်စေသောကယ်(လ်)စီယမ်စုပ်ယူမှုကိုလည်း ဟန့်တားစေပါသည်။ ကယ်(လ်)စီယမ်သည် အရိုးများ၊ သွားများနှင့် ကြွက်သားသန်မာစေခြင်း၊ တည်ဆောက်ခြင်း၊ အာရုံကြောများနှင့် သွေးကြောများ၏ လုပ်ဆောင်မှုများကို အထောက်အကူဖြစ်စေပါသည်။

**အချိန်ကြာမြင့်စွာခဲဆိပ်သင့်သည့်အတွက် ဆိုးကျိုးများ (Effects of long term lead poisoning)**

အချိန်ကြာမြင့်စွာ ခဲဆိပ်သင့်ခြင်းကြောင့် ကလေးငယ်များ၏ကျန်းမာရေး အောက်ပါအတိုင်း ချို့ယွင်းနိုင်ပါသည်။

၁။ အရိုးများနှင့် ကြွက်သားများ ကြီးထွားမှုကို လျော့နည်းစေခြင်း၊
၂။ ကြွက်သားများလိုက်ဖက်ညီညွတ်မှုမရှိခြင်း၊ သန်မာမှုမရှိခြင်း၊
၃။ အာရုံကြောများ ပျက်စီးခြင်း၊ ကျောက်ကပ်များပျက်စီးခြင်းနှင့် အကြားအာရုံပျက်စီးခြင်း၊
၄။ စကားကောင်းမွန်စွာမပြောတတ်ခြင်း။
၅။ ကြီးထွားမှုနှေးကွေးခြင်း၊
၆။ ခဲဆိပ်သင့်မှုပမာဏ များပြားပါက မှတ်ဉာဏ်လျော့နည်းခြင်း၊ သတိမေ့ခြင်း။

**ခဲဆိပ်သင့်မှုရောဂါဖြစ်ရခြင်း (How Lead Poisoning Occurs)**

အများအားဖြင့် ကလေးငယ်များ ခဲဆိပ်သင့်ခြင်းမှာ သုတ်ဆေးများတွင် ပါဝင်သောခဲများကြောင့် ဖြစ်၏။ အိမ်တွင် အိမ်သုတ်သဘော်ဆေးများအဖြစ် သုံးစွဲနေမှုက စတင်ပါသည်။ ထို့ကြောင့် သုတ်ဆေးများတွင် ခဲပါဝင်မှုကို နိုင်ငံတကာအစိုးရများက တားမြစ်ထား၏။ အဆောက်အအုံဟောင်းများတွင် နေထိုင်ရသော ကလေးငယ်များ ပိုမိုဖြစ်တတ်၏။ ကိုယ်ဝန်ရှိစဉ် ဖြစ်ပေါ်တတ်သည့် အာသာဆန္ဒပြင်းပြသော ချဉ်ခြင်းတပ်ခြင်းကြောင့် အစားအစာမဟုတ်သောအရာများကို စားသောက်ခြင်း၊ ကလေးငယ်များ လေးဖက်တွားသွားခြင်း၊ သွားပေါက်စတွင် ပြုလုပ်တတ်သည့် တွေ့သည့်အရာများကို ပါးစပ်ထဲထည့်ခြင်း၊ စိတ်ထဲတွင် စွဲသွားစေသည့် အစားအစာမဟုတ်သောအရာများ (အမှိုက်သရိုက်များ၊ သဘော်ဆေးများ၊ အရောင်ခြယ်ထားသည့် ကစားစရာများ၊ အစများ၊ ရွှံ့များ) ကိုသာ စားသောက်လိုသည့်ကလေးများ ခဲဆိပ်သင့်နိုင်ပါသည်။

**ခဲကိုတွေ့ရှိရသည့်ပတ်ဝန်းကျင်နေရာများ**

၁။ မြေကြီးများအတွင်း၊ ကားများ အသွားအလာထူထပ်ရှုပ်နေသောလမ်းများနှင့် လောင်စာဆီများမှထွက်ရှိသော မီးခိုးငွေ့များတွင် တွေ့ရှိရပါသည်။ ခဲပါသော သဘော်ဆေးများသုတ်ထားသော အိမ်ပတ်ဝန်းကျင်နှင့် သဘော်ကျင်း၌ သုတ်ဆေးများကို ဖယ်ထုတ်သောလုပ်ငန်းများ (blasting) တွင် တွေ့ရှိရပါသည်။

၂။ ခဲပါသော ရေပိုက်များမှ စီးဆင်းလာသော ရေပိုက်လိုင်းအတွင်းရှိ ရေတွင်လည်းကောင်း၊ မြေအောက်မှ ခဲပါဝင်သောရေတွင်သော်လည်းကောင်း ပါဝင်နိုင်ပါသည်။

၃။ အစားအစာထည့်သော ပန်းကန်ခွက်များတွင် ဆေးခြယ်ထားခြင်း၊ ဖန်ခွက်များတွင် ဆေးခြယ်ထားခြင်းတို့ကြောင့် ခဲဓာတ်ပါဝင်ခြင်း၊ စည်သွတ်ဘူးများအတွင်း အစားအစာများကို ထည့်သွင်း၍ ခဲဂဟေဖြင့်ပိတ်ထားခြင်းတို့မှ ခဲဆိပ်ပါဝင်နိုင်ပါသည်။

၄။ ဆေးရောင်ခြယ်ထားသည့် ကလေးကစားစရာအရုပ်များ၊ လက်ဝတ်လက်စားများ၊ ဝါသနာအလေ့အထအရ အသုံးပြုသည့် အရာဝတ္ထုများ၊ အားကစားပစ္စည်းများ၊ အရောင်ခြယ်ထားသော မှန်၊ ဖန်ခွက်၊ မင်၊ ဆေးရောင်ခြယ်ဆေး၊ ပလတ်စတာများတွင် ခဲဆိပ်ပါဝင်နိုင်ပါသည်။

၅။ ရှေးဟောင်းပစ္စည်းများ၊ စဉ့်အိုးများနှင့် အိမ်သုံးပစ္စည်းများတွင် ခဲဆိပ် ပါဝင်နိုင်ပါသည်။ စားသောက်သုံးစွဲသောဆေးမြီးတိုများနှင့် တိုင်းရင်းဆေးများတွင် ပါဝင်တတ်ပါသည်။

**ခဲဆိပ်သင့်သော ရောဂါလက္ခဏာများ (Signs of Lead Poisoning)**

ကလေးငယ်များစတင်ခဲဆိပ်သင့်ပါက ရောဂါလက္ခဏာမပြတတ်ပါ။ ထို့ကြောင့် ခဲဆိပ်သင့်နေကြောင်းမသိရှိနိုင်ပါ။ ခဲဆိပ်သင့်ရောဂါ ပြင်းထန်လာမှ ပြသသောလက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အပြုအမူအရာများပြောင်းလဲလာခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ ဒေါသထွက်လွယ်ခြင်း၊
၂။ အာရုံစူးစိုက်နိုင်စွမ်း ခက်ခဲလာခြင်း၊
၃။ ခေါင်းကိုက်ခြင်း၊
၄။ အစားအစာများ စားချင်သောက်လိုသည့်စိတ်ပျောက်ဆုံးခြင်း၊
၅။ ခန္ဓာကိုယ်အလေးချိန် လျော့ကျလာခြင်း၊
၆။ အားအင်နည်းလာခြင်း၊ ပုံမှန်ထက်ပို၍နှေးကွေးစွာလှုပ်ရှားတုံ့ပြန်ခြင်း၊
၇။ ဝမ်းဗိုက်နာခြင်း၊
၈။ အော့အန်ခြင်း၊ ပျို့အန်ချင်ခြင်း၊
၉။ ဝမ်းချုပ်ခြင်း၊
၁၀။ အသားအရေ ဖျော့တော့သွေးအားနည်းခြင်း၊
၁၁။ သတ္တုအရသာ ပါးစပ်ထဲတွင် စွဲနေခြင်း၊
၁၂။ ကြွက်သားများနှင့် အဆစ်အမြစ်များ အားနည်း၍ နာကျင်ခြင်း၊
၁၃။ ရှုတ်တရက်ရောဂါဖြစ်ပွားခြင်း၊

အထက်ပါ လက္ခဏာများသည် အခြားရောဂါများပါဖြစ်နိုင်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

ကာလရှည်ကြာ ကျန်ပြလျက်ရှိပါသည်။ ရောဂါလက္ခဏာများတစ်ခုခုပြလာပါက ကျွမ်းကျင်သော ဆရာဝန်ထံပြသရန် လိုအပ်ပါသည်။ ခဲဆိပ်သင့်ခြင်းကို စစ်ဆေးရန် သွေးဖောက်စစ်ခြင်းနှင့် အခြားကျန်းမာရေးပြဿနာများကို စစ်ဆေးရန် လိုအပ်ပါသည်။

Lead poidoning or lead intoxication ခေါ် ဝေါ်ဟာရ သုံးစွဲခြင်းသည် ခဲဆိပ်ပမာဏများပြားစွာထိခိုက်အဆိပ်မိပါက ကျန်းမာရေးအထွေထွေဆိုးဝါးမှုကိုခေါ်ပါသည်။ ခဲဆိပ်များ သွေးအတွင်းနှင့် အသားများအတွင်းရှိနေသောပမာဏများကို သွေးဖောက်စစ်ဆေးတိုင်းတာရပါသည်။ ခဲဆိပ်သင့်ခြင်းသည် အချိန်တိုအတွင်း ဖြစ်ပွားနိုင်သကဲ့သို့ အချိန်တာရှည်စွာ ခဲဆိပ်သင့်ခြင်းသည်လည်း နာတာရှည်ရောဂါဖြစ်ပွားနိုင်ပါသည်။ သွေးအတွင်းခဲဆိပ်ပမာဏအနည်းငယ်များကို မက်ခရိုဂရမ်ဖြင့်တိုင်းတာပါသည်။ သွေးပမာဏ(၁)ဒက်စီလီတာ (deciliter) တွင် ခဲပမာဏမည်မျှ မက်ခရိုဂရမ်ပါဝင်ခြင်းကို တိုင်းတာခြင်း ဖြစ်၏။ သွေးထဲတွင် ခဲဓာတ် (၁၀) မက် ခရိုဂရမ် (၁-ဒက်စီလီတာတွင်း) ထက်ကျော်လွန်နေပါက ခဲဆိပ်သင့်သည်ဟု အန္တရာယ်ရှိသည်ဟု သတ်မှတ်ပါသည်။ သို့သော်လည်း ထိုထက်နည်းနေပါကလည်း ကျန်းမာရေးအခြေအနေ ထိခိုက်နိုင်ပါသေး သည်။ အမေရိကန်အကယ်ဒမီမှ သတ်မှတ်ထားချက်အရ သွေးအတွင်း (၁-ဒက်စီလီတာတွင်) ခဲဓာတ် (၁၀)မက်ခရိုဂရမ် (10 ug/dl) ထက် ခဲပမာဏပိုများနေပါက ခဲဆိပ်သင့်နေပြီဟုသတ်မှတ်ထားပါသည်။ ပတ်ဝန်းကျင်တွင် ခဲဓာတ်များစွာသောအသွင်သဏ္ဍာန်ဖြင့် တွေ့ရှိနိုင်ပါသည်။ အော်ဂဲနစ်ကွန်ပေါင်းများအဖြစ် တွေ့ရှိနိုင်ပါသည်။ ကာဗွန်ပါဝင်မှုရှိသော လောင်စာဆီများတွင် ခဲဆိပ်များပါဝင်၍ ခဲအော်ဂဲနစ်ဓာတ်များသည် အရေပြားကို ဖြတ်ကျော်ပြီး အသက်ရှူလမ်းကြောင်းအတွင်းဆီသို့ အလွယ်ကူဝင်ရောက်သွားနိုင်၍ (Central nervous system) ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေပါသည်။

**ကုသခြင်း**

ခဲဆိပ်သင့်ခြင်းကို ကုသရန် သွေးထဲရှိ ခဲဆိပ်ပမာဏအပေါ် မူတည်ပါသည်။ အနည်းငယ်သာရှိပါက ကုသရန် လွယ်ကူပါသည်။ ကုသရာတွင် အဓိက ခဲဆိပ်ကို လျော့နည်းရန် ပြုလုပ်ခြင်း ဖြစ်ပါသည်။ ခဲဆိပ်ကို ဓာတ်ပြယ်စေသော ဆေးဝါးအကူအညီဖြင့် တဖြည်းဖြည်းနှင့် ခန္ဓာကိုယ်မှ သဘာဝအားဖြင့် သွေးထဲရှိ ခဲဓာတ်ပမာဏကို ဖယ်ရှားလျော့ကျဆင်းစေနိုင်ပါသည်။

သွေးထဲတွင် ခဲဓာတ်ပမာဏများပြားသော ကလေးငယ်များကား ဆေးရုံတက်ကုသရန် လိုအပ်ပါသည်။ (Chelating agent) CaNa2 EDTA (disodiumcalcium) ခဲဆိပ်ကို ဓာတ်ပြယ်စေသော၊ လျော့နည်းစေသော ဆေးဝါးများကို အသုံးပြုခြင်းဖြင့် ခန္ဓာကိုယ်မှ သဘာဝအားဖြင့် စွန့်ပစ်ရန် ပြုလုပ်ပေး၏။

ထို့ပြင် ကယ်(လ်)စီယမ်၊ သံဓာတ်နှင့် ဗီတာမင်စီသည် ခန္ဓာကိုယ်အတွင်းရှိ ခဲများစုပ်ယူမှုကို လျော့ကျစေရန်ကူညီပေး၏။ ကလေးများ၏ နေ့စဉ်စားသောက်သော သဘာဝအစားအစာများတွင် အထက်ပါ ကယ်(လ်)စီယမ်၊ သံဓာတ်နှင့် ဗီတာမင်စီပါဝင်ရန် အရေးကြီးပါသည်။ မိသားစုအတွင်း ကလေးတစ်ဦး ခဲဆိပ်သင့်ပါက ကျန်သည့်မွေးချင်း ကလေးများပါ ခဲဆိပ်ရှိမရှိစစ်ဆေးသင့်ပါသည်။

**မိမိ၏မိသားစုကိုကာကွယ်ခြင်း**

မိမိ၏မိသားစုကို ခဲဆိပ်မသင့်ရန် ကာကွယ်နိုင်ပါသည်။ (၆) လမှ (၃) နှစ် ကလေးငယ်များရှိ၍ ကြမ်းပြင်များပေါ်ရှိ တွေ့ရာပစ္စည်းများ ပါးစပ်အတွင်းသို့ ထည့်တတ်သည့် အလေ့အကျင့်ရှိပါက ခဲဆိပ်သင့်မှု ရှိ၊ မရှိ စစ်ဆေးသင့်ပါသည်။

အောက်ပါအချက်များမှ ခဲဆိပ်သင့်မှုများ လျော့နည်းပပျောက်စေရန် ကူညီနိုင်မည် ဖြစ်ပါသည်။

၁။ ရေပိုက်လိုင်းများ ဟောင်းနွမ်းပျက်စီးနေပါက ခဲဆိပ်များပါဝင်နိုင်ပါသည်။ ကြေးပိုက်များတွင် ခဲဂဟေဖြင့် ဆက်ထားသော ရေပိုက်များနှင့် မြေအောက်ရေကို သုံးစွဲနေရပါက ရေကို ဓာတ်ခွဲစမ်းသပ်ရန် လိုအပ်ပါသည်။ ရေကို အအေးခံပြီးမှ သောက်သင့်ပါသည်။ ရေနွေးသည် ရေအေးထက် ခဲဆိပ်ကို ပိုမို စုပ်ယူမှု ရှိစေပါသည်။ ပူသော ဘုံဘိုင်ပိုက်လိုင်းမှလာသော ရေများကို အစားအစာများ ချက်ပြုတ်ရာတွင် အသုံးမပြုသင့်ပါ။ မိမိသောက်သုံးသည့် ရေသည် သန့်ရှင်းရပါမည်။

၂။ မိမိ၏ အိမ်နှင့်မိသားစုသန့်ရှင်းရေးကို အမြဲတစေ ဂရုစိုက်ရပါမည်။ ကလေးများ၏လက်နှင့် ကစားစရာများကို မကြာခဏ သန့်ရှင်းပါ။ အမှုန်အမွှားဖုန်များ လွင့်ပျံ့နေသော နေရာများကို ရေ၊ အဝတ်အစိုများဖြင့် သန့်ရှင်းပါ။

၃။ သံဓာတ်နှင့်ကယ်(လ်)စီယမ်ဓာတ်များပါသော သဘာဝအစားအစာများကို စားသောက်စေပါ။ ကလေးငယ်များ ခဲဆိပ်သင့်ပါက အထက်ပါအစားအစာများသည် ခဲဆိပ်များကိုလျော့နည်းစေသော အကောင်းဆုံးအာဟာရများဖြစ်ပြီး ပုံမှန်စားသောက်စေခြင်းဖြင့် ခဲဆိပ်များ တဖြည်းဖြည်းပျောက်ကွယ်သွားပါမည်။

၄။ မိမိ၏ကလေးများ မည်သည့်နေရာတွင် ကစားတတ်သည်ကို သိရှိရန်ကြိုးစားပါ။ မော်တော်ယာဉ် အသွားအလာများသော နေရာများ၊ တံတားများအောက်တွင် ကစားခြင်းကို ရှောင်ကြဉ်စေပါ။

၅။ မိမိနေအိမ်တွင် နံရံများ၊ မျက်နှာကြက်များတွင် ဆေးများသုတ်ထားပါက သံသယရှိပါက အဝတ်စိုဖြင့်သန့်ရှင်းပါ။ မိုးရေစိုစွတ်မှုကြောင့် အိမ်တွင်သုတ်ထားသော ဆေးများ ပျက်စီးကွာကျနေပါက သတိထားပြန်လည်ပြုပြင်ပါ။ သုတ်ဆေးများ ကွာကျခြင်းမရှိပါက ဆက်လက် သုံးစွဲနိုင်ပါသည်။

၆။ ခဲများအပူပေးမှု အရည်ကျိုမှုများကြောင့် ထွက်ရှိသော အနံ့များကို အသက်ရှူရှိုက်ခြင်းကို ရှောင်ရှားပါ။ ခဲများကို ပွတ်တိုက်မှုကြောင့် ခဲမှုန်များ လွင့်ပျံ့မှုမရှိရန် လုပ်ဆောင်ပါ။ ခဲလုပ်ငန်းပတ်ဝန်းကျင်ကိုရှောင်ရှားပါ။ ခဲများပါဝင်သော ဆေးများကို တတ်နိုင်သမျှ သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။

ခဲသည် ဘက်ထရီအိုးပြုလုပ်ရာတွင်လည်းကောင်း၊ သင်္ဘောဆေးဖော်စပ်ရာတွင်သော်လည်းကောင်း အဓိကအသုံးပြုသောပစ္စည်း ဖြစ်၏။ မြန်မာနိုင်ငံတွင် မော်ချီး ဘောတွင်းမိုင်းမှ ထုတ်လုပ်လျက် ရှိကြောင်း တွေ့ရ၏။ ယခင်က ပုစွန်များ အလေးချိန်တိုးရန် ခဲများထည့်တတ်သည်ကို တွေ့ရှိရပြီး ငါးဖမ်းပိုက်ကွန်များ၊ လေသေနတ်၊ သေနတ်ကျည်ဆန်များထုတ်လုပ်ရာတွင် အသုံးပြုပါသည်။ အမဲလိုက်၍ ရရှိသော ခဲဆိပ်ပါဝင်နေတတ်သည့် အသားများကို စားသုံးမိခြင်းကြောင့်လည်း ခဲဆိပ်သင့်နိုင်ပါသေးသည်။ စက်မှုလက်မှုလုပ်ငန်းများတွင်သာ အသုံးပြုတတ်သော ခဲဓာတ်



www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မင်းချစ်နော်
# ပါးစပ်အာခံတွင်းနာ ကြက်သွန်ဖြူနှင့် အမြန်ဆုံးပျောက်စေနည်း

ကျွန်တော်သည် ကြက်သွန်ဖြူကို မက်မက်စက်စက် ကြိုက်နှစ်သက်စွာ စားသုံးသူ ဖြစ်ပါသည်။ သူ့ချည်းအစိမ်းကို အခွံသင်ပြီး လက်ဖက်သုပ်ထဲထည့်စားခြင်း၊ ထမင်းနှင့် မြှုပ်စားခြင်းကို ငယ်စဉ်မှစ၍ ယနေ့ အသက် (၅၀) ကျော်စားခဲ့ပါသည်။ ကြိုက်နှစ်သက်သည့်အပြင် မဟာတ္တမဂန္ဓိကြီး၏စကားတစ်ခွန်းကိုလည်း စွဲနေ၍ဖြစ်ပါသည်။

'ကျွန်ုပ်၏ သွေးတိုးရောဂါသည် နေ့စဉ် ကြက်သွန်ဖြူဥနှစ်ဥစားခြင်းဖြင့် ပျောက်ကင်းခဲ့ရသည်'

ဟူသောစကားပင် ဖြစ်ပါသည်။ သို့အတွက်လည်း ကြက်သွန်ဖြူကို စွဲမက်စွာ စားသုံးခဲ့မိပါသည်။

ဝါသနာအရ တိုင်းရင်းဆေးသင်တန်းများတက်၊ ဆေးကျမ်းများလေ့လာဖတ်ရှုသောအခါ ကြက်သွန်ဖြူ၏ ဆေးစွမ်းသတ္တိ၊ ကြက်သွန်ဖြူအကျိုးကျေးဇူး၊ ဆေးဖက်ဝင်ပုံများမှာ အံ့ဩဘနန်း အနတဂ္ဂမပင်ဖြစ်သည်ကို သိခဲ့ရပါသည်။

ကြက်သွန်ဖြူကို နှမ်းဆီနှင့် စိမ်၍ စားပေးခြင်းဖြင့် အစာအိမ်လေနာ ပျောက်ကင်းစေပြီး ပျားရည်နှင့် စိမ်စားပါက ရသာယနသက်ရှည်ခွန်အားဖြစ်စေသည် မဟုတ်ပါလား။

သို့သော် ထိုကြက်သွန်ဖြူ၏အနံ့သည် ကြိုက်နှစ်သက်သူအဖို့မွှေးသော်လည်း မကြိုက်သူအဖို့ အလွန်ပင်နံ့သည်ပင်။ ထိုစားပြီးလျှင်လည်း ပါးစပ်အာခံတွင်းမှ ကြက်သွန်ဖြူနံ့မှာ တစ်ဖက်လူကိုများစွာ အနှောင့်အယှက်ဖြစ်စေသဖြင့် အလွန်ပင် ကျနေ့မဲ့ဖြစ်ရပါသည်။ မိမိကိုယ်ကို ယုံကြည်မှုမရနိုင်ပါချေ။

အထူးသဖြင့် အထက်လူကြီးအနီးတွင် ပြောဆိုနေထိုင်လုပ်ကိုင်ရသော ကျွန်တော့်အဖို့ ကြက်သွန်ဖြူကိုလည်း မစားရမနေနိုင်၊ လူကြီးကိုလည်းကြောက်ဖြစ်ပြီး အကျပ်တွေ့ခဲ့ရပါသည်။ ထိုအကျပ်အတည်းကို ကျွန်တော်၏ ဆရာသခင် ဆရာတော် ဦးဇနပတိက လမ်းညွှန်ဖြေရှင်းပေးခဲ့၍ ပြေလည်အဆင်ပြေခဲ့သည်မှာ အနှစ် (၂၀) ကျော်ခဲ့ပြီဖြစ်၍ တင်ပြအပ်ပါသည်။

"ဒါလောက်အခက်တွေ့မနေပါနဲ့ ဒကာကြီးရယ်။ ကြက်သွန်ဖြူစားပြီးရင် ဆန်ဖြူလက်ဖက်စားတစ်ဇွန်းလောက် ပါးစပ်ထဲ ဘယ်၊ ညာညက်အောင်ဝါးပြီး ထွေးထုတ်လိုက်။ ပြီးရင် ပလုတ်ကျင်းလိုက်၊ လုံးဝ အနံ့ပျောက်သွားမယ်"

အမှန်ပင် ထိုသို့ သိခဲ့ရသည့်နေ့မှစ၍ ကျွန်တော်သည် ကြက်သွန်ဖြူကို ရဲဝံ့စွာစားပြီး ဆန်စေ့ဝါး၊ ပလုတ်ကျင်းခြင်းဖြင့် ချက်ချင်းအမြန်ဆုံးအနံ့ပျောက်အောင်ပြုလုပ်ပြီး အထက်လူကြီးနှင့် ပြောဆို ဆက်ဆံ လုပ်ကိုင်ရ အဆင်ပြေခဲ့ပါတော့သည်။

နတ်မောက်မင်းချစ်နော်

---

သည် အဘယ်ကြောင့် ကလေးများ၏ သွေးအတွင်းသို့ရောက်သွားရပါသနည်းကို သုတေသနပညာရှင်များမှ ရှာဖွေခဲ့ကြပါသည်။ ခဲဓာတ်သည် ကလေးများ၏ သွေးအားနည်းရခြင်း အကြောင်းရင်းတစ်ခု ဖြစ်နေသဖြင့် ဆရာဝန်တို့မှ ကလေးများ ကစားရသော ကစားစရာလေးများတွင် သုတ်ထားသော သဘော်ဆေးတွင် ခဲဓာတ်ပါဝင်သည့် ယင်းသဘော်ဆေး အဟောင်းအစများကို ကွက်ကလေးများအား ကျွေးကြည့်ရာ ကွက်ကလေးများ ခဲဆိပ်သင့်ပြီး သွေးအားနည်းခြင်း၊ တပိန်ပိန်တလိမ်လိမ်ဖြစ်ခြင်း၊ ခြေတစ်ဖက်ဆာနေခြင်း ဖြစ်ပွားနေသည်ကို တွေ့ကြရသည်။

ကလေးများ အထူးသဖြင့် သွားပေါက်စအချိန်မျိုးတွင် တွေ့သမျှကို ပါးစပ်ဖြင့် ကိုက်လိုသော ဆန္ဒရှိကြပြီး သဘော်ဆေးဖြင့် အရောင်ခြယ်ထားသည့်ကစားစရာအရုပ်များသည် ကလေးများအဖို့ သွားဖြင့်ကိုက်ချင်စရာဖြစ်လာသည်။ အသစ်သုတ်လိမ်းထားသော အရုပ်သည် ဆေးကွာခဲသဖြင့် မည်သည့်ပြဿနာမျှ မဖြစ်သော်လည်း ဟောင်းနွမ်းသွားပါက သဘော်ဆေးကကွာစဖြစ်နေတတ်သောကြောင့် ကလေးတို့၏ဝမ်းတွင်းသို့ တဖြည်းဖြည်းချင်း ဝင်ရောက်သွားတော့သည်။ ထိုမှတစ်ဆင့် သွေးအားနည်းခြင်း၊ ကလေး၏ ကြီးထွားတိုးတက်မှုကို ထိခိုက်စေကုန်ပါသည်။

ခဲဆိပ်သင့်ပြီဆိုပါက ကုသရန်ဆေးဝါးရှိသော်လည်း ပျောက်ကင်းရန် ကုသမှုမှာ နှေးကွေးနိုင်ပါသည်။ ခဲဆိပ်မိကြောင်း သိလျှင်သိချင်း ဆေးကုသသည့်တိုင်အောင် ကလေး၏ ကြီးထွားမှုကို အဟန့်အတားထိခိုက်စေနိုင်သေးပါသည်။ ထို့ကြောင့် ခဲဆိပ်မသင့်ရန် ဂရုစိုက်ရပါမည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှ သတ္တုတွင်းတူးဖော်ရေးတွင် ခဲကို စတင်တူးဖော်ပြီး အသုံးပြုခဲ့ကြ၏။ လုပ်သားများသည် လုပ်ငန်းခွင်ထုတ်လုပ်နည်းစဉ်အရ ခဲအဆိပ်သင့်ခြင်းကို ခံစားခဲ့ရ၏။ ပတ်ဝန်းကျင်တွင် ခဲပါဝင်သော ပစ္စည်းများ လွင့်ပျံ့မှုများကြောင့် ခဲဆိပ်သင့်ခြင်းကို ပတ်ဝန်းကျင်ညစ်ညမ်းမှုအဖြစ်သိရှိခဲ့သည်မှာ ကြာပြီ ဖြစ်ပါသည်။ ယခုခေတ်တွင် ခဲဆိပ်အနည်းငယ်မျှပင် ရောဂါဖြစ်စေကြောင်း သိရှိလာခဲ့ပြီး ဖြစ်ပါသည်။ ခဲဆိပ်သင့်မှုအတွက် ရောဂါဝေဒနာများ၊ ဘေးအန္တရာယ်များရှိသည်ကို သိရှိကြသော်လည်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကာကွယ်ရေးအတွက် စနစ်တကျစစ်ဆေးခြင်း၊ ကာကွယ်ခြင်း၊ စည်းကမ်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ စီမံချက်များ ရေးဆွဲခြင်းများ လိုအပ်နေဆဲပင် ဖြစ်ပါသည်။

စွမ်းထက်နောင်

ကိုးကား -
အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# မွေးနေ့ကိုဒီလိုရှာပါ

စိုးထွန်း (ဥပဒေ)

'လော့'ရှာတဲ့နည်းနဲ့ ဆင်ဆင်တူပါတယ်။ ပေးထားတဲ့ဇယား (၃) ခုမှာ (A) က ခုနှစ်ကို ညွှန်းပြီး ၁၉၀၁ ခုနှစ်ကနေ ၂၀၃၆ အထိ အသုံးပြုရှာလို့ရကြောင်း ဖော်ပြထားပါတယ်။

ဒုတိယအကွက်ကတော့ 'လ' ကို ဖော်ပြတာဖြစ်ပြီး (B) အကွက်ထဲမှာ ဇန်နဝါရီလကစပြီး ဒီဇင်ဘာလအထိ ဖော်ပြထားပါတယ်။ ဇန်နဝါရီလ့ဇယားထဲမှာ ဂဏန်း (၄) ကစပြီး အောက်ဆုံးက (၂) အထိ ဇန်နဝါရီလနဲ့ ဆိုင်ပါတယ်။

တတိယအကွက်ကတော့ (C) ဖြစ်ပြီး ရက်ကို ရွေးချယ်ဖို့ ဖော်ပြထားတာပါ။ Sunday ဆိုရင် (၁)၊ (၈)၊ (၁၅)၊ (၂၂)၊ (၂၉)၊ (၃၆) အားလုံးနဲ့ သက်ဆိုင်တယ်လို့ မှတ်ရပါမယ်။

ကဲ -အတွက်အချက်နဲ့ မွေးနေ့ကို ရှာလိုက်ကြရအောင်။

ဥပမာ ၁၅- ၆-၁၉၄၈ မွေးသူက မွေးနေ့ကို မသိဘူး ဆိုပါတော့။ အဲဒီလို မသိရင် ၁၉၄၈ ခုနှစ်ဆိုရင် ဂဏန်း (၄) လုံးမှာ နောက်ဆုံး (၂) လုံးကို ယူလိုက်ပါ။ (၄၈) ရပါတယ်။ ဒီနေရာမှာ နောက်ဆုံးယူတဲ့ဂဏန်းနှစ်လုံး ဥပမာ (၀၅) နဲ့ (၀၅)ဟာ မှားတတ်ပါတယ်။ (A) ဇယားရဲ့ပထမ (၀၅) ဟာ ၂၀၀၅ လို့ ခွဲခြားတတ်ရပါမယ်။ခုနှစ်ဖော်ပြရင် ဂဏန်း (၄)လုံးပါတာဖြစ်လို့ မမှားနိုင်တော့ပါဘူး။ (၄၈)ကိုယူတဲ့နေရာမှာ တစ်မျိုးတည်းရှိလို့ ပြဿနာမရှိတော့ပါဘူး။ အဲဒီ (၄၈) ရဲ့ မျဉ်းတည့်တည့်က ဇွန်လအကွက်မှာ (၂) လို့ဖော်ပြထားပါတယ်။ အခုလို (၂) ကို ရှာဖွေပြီးရင် မိမိရထားတဲ့ ၁၅-၆-၁၉၄၈ ခုနှစ်ထဲက ရက်စွဲဖြစ်တဲ့ ၁၅ နဲ့ (၂) ကို ပေါင်းရပါမယ်။

ဒီလိုပေါင်းလိုက်တော့ ပေါင်းရကိန်းက (၁၇) ဖြစ်လာပါတယ်။ အဲဒီ (၁၇) ကို (C) အကွက်ထဲမှာ (၃)၊ (၁၀)၊ (၁၇)၊ (၂၄)၊ (၃၁) တွေဟာ အာနိသင်တူတဲ့ အမျိုးတူတွေဖြစ်တဲ့အတွက် Tuesday ဖြစ်ပြီး မွေးနေ့ဟာ အင်္ဂါနေ့လို့ အဖြေရပါတယ်။ ဒီနည်းနဲ့ အခြားမိတ်ဆွေတွေရဲ့မွေးရက်ကိုလည်း လွယ်လွယ်ကူကူရှာလို့ရပါတယ်။ နှစ်(၁၀၀)ပြက္ခဒိန်ကို သီးသန့်ဝယ်ကြည့်စရာမလိုတော့ပါဘူး။

*(စုဆောင်းရှာဖွေပေးသူ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ (ငြိမ်း) ဦးမြင့်ဦး အား အထူးကျေးဇူးတင်ရှိပါကြောင်း)*

စိုးထွန်း (ဥပဒေ)

| A | Years | | | | B Months | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | 1901-2036 | | | | J | F | M | A | M | J | J | A | S | O | N | D |
| | 25 | 53 | 81 | 09 | 4 | 0 | 0 | 3 | 5 | 1 | 3 | 6 | 2 | 4 | 0 | 2 |
| | 26 | 54 | 82 | 10 | 5 | 1 | 1 | 4 | 6 | 2 | 4 | 0 | 3 | 5 | 1 | 3 |
| | 27 | 55 | 83 | 11 | 6 | 2 | 2 | 5 | 0 | 3 | 5 | 1 | 4 | 6 | 2 | 4 |
| | 28 | 56 | 84 | 12 | 0 | 3 | 4 | 0 | 2 | 5 | 0 | 3 | 6 | 1 | 4 | 6 |
| 01 | 29 | 57 | 85 | 13 | 2 | 5 | 5 | 1 | 3 | 6 | 1 | 4 | 0 | 2 | 5 | 0 |
| 02 | 30 | 58 | 86 | 14 | 3 | 6 | 6 | 2 | 4 | 0 | 2 | 5 | 1 | 3 | 6 | 1 |
| 03 | 31 | 59 | 87 | 15 | 4 | 0 | 0 | 3 | 5 | 1 | 3 | 6 | 2 | 4 | 0 | 2 |
| 04 | 32 | 60 | 88 | 16 | 5 | 1 | 2 | 5 | 0 | 3 | 5 | 1 | 4 | 6 | 2 | 4 |
| 05 | 33 | 61 | 89 | 17 | 0 | 3 | 3 | 6 | 1 | 4 | 6 | 2 | 5 | 0 | 3 | 5 |
| 06 | 34 | 62 | 90 | 18 | 1 | 4 | 4 | 0 | 2 | 5 | 0 | 3 | 6 | 1 | 4 | 6 |
| 07 | 35 | 63 | 91 | 19 | 2 | 5 | 5 | 1 | 3 | 6 | 1 | 4 | 0 | 2 | 5 | 0 |
| 08 | 36 | 64 | 92 | 20 | 3 | 6 | 0 | 3 | 5 | 1 | 3 | 6 | 2 | 4 | 0 | 2 |
| 09 | 37 | 65 | 93 | 21 | 5 | 1 | 1 | 4 | 6 | 2 | 4 | 0 | 3 | 5 | 1 | 3 |
| 10 | 38 | 66 | 94 | 22 | 6 | 2 | 2 | 5 | 0 | 3 | 5 | 1 | 4 | 6 | 2 | 4 |
| 11 | 39 | 67 | 95 | 23 | 0 | 3 | 3 | 6 | 1 | 4 | 6 | 2 | 5 | 0 | 3 | 5 |
| 12 | 40 | 68 | 96 | 24 | 1 | 4 | 5 | 1 | 3 | 6 | 1 | 4 | 0 | 2 | 5 | 0 |
| 13 | 41 | 69 | 97 | 25 | 3 | 6 | 6 | 2 | 4 | 0 | 2 | 5 | 1 | 3 | 6 | 1 |
| 14 | 42 | 70 | 98 | 26 | 4 | 0 | 0 | 3 | 5 | 1 | 3 | 6 | 2 | 4 | 0 | 2 |
| 15 | 43 | 71 | 99 | 27 | 5 | 1 | 1 | 4 | 6 | 2 | 4 | 0 | 3 | 5 | 1 | 3 |
| 16 | 44 | 72 | 00 | 28 | 6 | 2 | 3 | 6 | 1 | 4 | 6 | 2 | 5 | 0 | 3 | 5 |
| 17 | 45 | 73 | 01 | 29 | 1 | 4 | 4 | 0 | 2 | 5 | 0 | 3 | 6 | 1 | 4 | 6 |
| 18 | 46 | 74 | 02 | 30 | 2 | 5 | 5 | 1 | 3 | 6 | 1 | 4 | 0 | 2 | 5 | 0 |
| 19 | 47 | 75 | 03 | 31 | 3 | 6 | 6 | 2 | 4 | 0 | 2 | 5 | 1 | 3 | 6 | 1 |
| 20 | 48 | 76 | 04 | 32 | 4 | 0 | 1 | 4 | 6 | 2 | 4 | 0 | 3 | 5 | 1 | 3 |
| 21 | 49 | 77 | 05 | 33 | 6 | 2 | 2 | 5 | 0 | 3 | 5 | 1 | 4 | 6 | 2 | 4 |
| 22 | 50 | 78 | 06 | 34 | 0 | 3 | 3 | 6 | 1 | 4 | 6 | 2 | 5 | 0 | 3 | 5 |
| 23 | 51 | 79 | 07 | 35 | 1 | 4 | 4 | 0 | 2 | 5 | 0 | 3 | 6 | 1 | 4 | 6 |
| 24 | 52 | 80 | 08 | 36 | 2 | 5 | 6 | 2 | 4 | 0 | 2 | 5 | 1 | 3 | 6 | 1 |

| C | Week | Days | | | | |
|---|---|---|---|---|---|---|
| Su | 1 | 8 | 15 | 22 | 29 | 36 |
| Mo | 2 | 9 | 16 | 23 | 30 | 37 |
| Tu | 3 | 10 | 17 | 24 | 31 | |
| We | 4 | 11 | 18 | 25 | 32 | |
| Th | 5 | 12 | 19 | 26 | 33 | |
| Fr | 6 | 13 | 20 | 27 | 34 | |
| Sa | 7 | 14 | 21 | 28 | 35 | |



www.burmeseclassic.com

www.burmeseclassic.com

နွေလေရူးက ဦးတည်ရာမဲ့ ဝေ့ဝိုက်တိုက်ခတ်လာသည်။ မန်ကျည်းပင်ကြီးမှ ရွက်ဟောင်းတွေ ဖွဲခနဲကြွေကျလာ၏။ အိုက်စပ်စပ်နှင့် ချွေးတပြိုက်ပြိုက်နွေရာသီတွင် မွန်းလွဲနေသည် အခံရခက်လှသည်။ တိုက်ခတ်လာသောလေသည် နွေပူမြေပူကိုကျော်ဖြတ်ခဲ့သောကြောင့် အေးမြခြင်းမရှိဘဲ ပူနွေးနေသည်။ သည်လို အချိန်ကာလသည် အရိပ်ကောင်းသော သစ်ပင်အောက်တွင်နားခိုနေခြင်းသည်သာ အပူအအိုက်ဒဏ်ကို သက်သာစေတော့၏။

သာခင်၏ အိမ်ခေါင်းရင်းဘက်တွင်ရှိသည့် ထနောင်းပင်အုပ်အုပ်စိမ်းစိမ်းမြအောက်မှ ဝါးကွပ်ပျစ်စင်လေးမှာ လူစုံနေတော့သည်။ ဝင်းမောင်၊ တင်မြင့်၊ လှရွှေ၊ လှဝင်းတို့ သူငယ်ချင်းတစ်စု ကွပ်ပျစ်ပေါ်တွင် ဝိုင်းဖွဲ့နေကြသည်။ အိမ်ရှင်သာခင်၏ ဖခင်ကြီးမှာ တစ်ခါတစ်ရံ လူငယ်သဘာဝ ပျော်ပျော်ပါးပါးနေကြသည်ကို ခွင့်လွှတ်နားလည်စွာဖြင့် အပြစ်မမြင်သာခဲ့ပေ။

ပင်ကျရည်ထန်းရည်မြူအိုးသည် ဝိုင်းအလယ်တွင် အမြှုပ်တစီစီရှိနေ၏။ အုန်းမှုတ်ခွက်လေးနှင့် ထန်းရည်အလှည့်ကျသောက်နေကြသည်။

"ဟေ့ကောင် လှဝင်း၊ ဘာတွေငေးနေတွေးနေတာလဲ။ မင်းအလှည့်ရောက်နေပြီ သောက်လေကွာ။ အောက်လက်နာတယ်ကွ။ မင်းအလှည့်ပြီးတော့မှ သောက်ရမယ့်သာခင်မှာ တမျှော်မျှော်ဖြစ်နေပေါ့"

"အဲ့မာ-ထန်းရည်သောက်နေတာ တင်မြင့်၊ ရေသောက်နေတာမဟုတ်ဘူး။ နည်းနည်းပါးပါးတော့ ဖိမ်ခံပါရစေဦး။ မင်းတို့ဟာက လင်ခိုးမိတဲ့အတိုင်း ဟျာယီးဟျာယာ အသောက်ခိုင်းနေတာလား"

"ဟေ့ကောင်လှဝင်း၊ လင်ခိုးမိတာ မင်းဘယ်မှာတွေ့ဖူးတာလဲ၊ ဘယ်လိုလဲကွ"

"လှရွှေရာ၊ တွေ့ဖူးမလားကွ။ ဒါပေမယ့် တွေးကြည့်လိုက်ရင် သိနေတာပဲ။ မယားကြီးလစ်တဲ့အချိန် မယားကြီးမသိခင် သူများလင်နဲ့ ပေါင်းသင်းတာပေါ့။ မယားကြီးသိမှာ၊ ရောက်လာမှာကို စိုးရိမ်စိတ်တွေနဲ့ သုတ်သီးသုတ်ပျာ ဂနာမငြိမ်နိုင်ဘဲ ယောက်ယက်ခတ်နေတာကို ပြောတာကွ"

လှဝင်းမှာ အုန်းမှုတ်ခွက်ကို မြှောက်ကာ ထန်းရည်မော့လိုက်သည်။

"မသိပါဘူးကွာ။ မိန်းမ မရှိတဲ့ကောင်က မယားငယ်နေဖို့ စိတ်ကူးနေသလားလို့"

"ဟာ - သာခင်၊ မင်းပါးစပ်ပိတ်ထားကွာ။ တစ်ဆိတ်ရှိ ဒီမိန်းမမယူတာဘဲပြောနေ"

"မိန်းမယူတာတဲ့ ဟဲ ဟဲ။ မင်းက မိန်းမမရတာကွ"

"ဟေ့ကောင်တွေ၊ ပေါက်ကရ ပြောနေတာ ရပ်တော့။ ထန်းရည်က နှစ်မြူတောင်ကျန်သေးတယ်။ အမြည်းက ကုန်နေပြီ။ အမြည်းဘယ်မှာရမှာလဲ"

လှရွှေမှ ကုန်သွားသည့် ကြက်ဥကြော်ပန်းကန်ကို မြှောက်ပြသည်။

"မင်းတို့ဟာက အမြည်းပါဆို အဝစားနေကြတာကိုး။ အမြည်းဆိုတာ ခံတွင်းချဉ်တာလေးပြေရုံတို့ကာပင့်ကာစားမှပေါ့"

လှဝင်းက ဆရာလုပ်သည်။

"သာခင်အလွယ်ဆုံးဖြေရှင်းလိုက်ကွာ။ လက်ဖက်သုပ်ပေတော့၊ လက်ဖက်သုပ်နဲ့မြည်းမယ်"

တင်မြင့်မှ အကြံပေး၏။

"မင်းတို့ကောင်တွေ သတ္တိကိုမရှိကြဘူး။ ဘယ်သူ့ကြက်သတ်ရဲသလဲ။ ငါ ကြက်ယူလာခဲ့မယ်။ ဘယ်သူသတ်မှာလဲ"


လှဝင်းမှ အာလေးလျှာလေး စကားဆိုသည်။

"သတ်ရမယ့်ကြက်သာ ဖမ်းခဲ့ပါ လှဝင်းရာ။ ငါတာဝန်ထား၊ သတ်မယ်ကွာ။ အဲ- ဒါပေမယ့် ကြက်မွေးနုတ်တာတို့၊ ချက်တာတို့တော့ ငါမလုပ်တတ်ဘူး"

သတ္တိခဲ ဝင်းမောင်မှ စိန်ခေါ်လိုက်၏။

"ဟုတ်ပြီ၊ ဒါဆို ငါမွေးထားတဲ့ ကြက်ဖကို ဖမ်းခဲ့မယ်။ စစ်တကောင်းကြက်ဖကွ။ ကာလသားချက်ချက်ပြီး ထန်းရည်နဲ့မြည်းမယ်။ မင်းတို့စောင့်နေကြ"

လှဝင်းမှာ ထန်းရည်ဝိုင်းမှ ထသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သာခင်၊ တင်မြင့်၊ လှရွှေ၊ ဝင်းမောင်တို့မှာ ခွက်လှည့်ကျမော့ကာ ထန်းရည်ဝိုင်းမှ လှဝင်းပြန်အလာကို စောင့်စားနေကြတော့သည်။

*

"ဥဩ. . . ဥဩ. . . ဥဩ"

ရွာမြောက်ပိုင်း ညောင်ပင်ကြီးပေါ်မှ ဥဩတွန်သံသည် တစ်ရွာလုံးသို့ ပျံ့လွင့်နေသည်။

"တကူကူး၊ တကူကူး"

ထနောင်းပင်ပေါ်မှ ချိုးကူသံကြောင့် သာခင်တို့ ထနောင်းပင်ပေါ် မော့ကြည့်မိသည်။ နေလုံးမှာ အနောက်ဘက်သို့ နိမ့်ဆင်းနေလေပြီ။

"ဟာ - လှဝင်း ကြက်ဖမ်းသွားတာလည်း ပေါ်မလာတော့ဘူး။ ကြက်တို ဖမ်းမမိဘူးလား မသိဘူးကွ"

"သောက်မှာသာသောက်စမ်းပါ တင်မြင့်ရာ။ အချိန်တန်တော့ ရောက်လာပါလိမ့်မယ်"

"မဟုတ်ဘူးကွ၊ တို့ပါသွားပြီ ကြက်ဖမ်းရမလားစဉ်းစားမိလို့ သာခင်ရ"

"ဗုန်း"

"ကွပ်. . . ကွပ်. . . ကွပ်"

"ကဲ- ဝင်းမောင်၊ မင်းတာဝန်မင်းကျေပေတော့"

ကွပ်ပျစ်စင်လေးပေါ်သို့ ဖမ်းယူလာသည့် ကြက်ဖကို ပစ်တင်၍ လှဝင်းက ပြောသည်။ ကြက်ဖကလေးမှာ အတောင်ပံနှစ်ဖက်ကို ကျောပေါ်တင်၍ ယှက်လိမ်ထားသဖြင့် ကွပ်ပျစ်ပေါ်တွင် မရုန်းနိုင်မကန်နိုင်ရှိနေ၏။

"အေးပါ၊ ငါကကြက်သတ်တာပဲနော်။ အမွေးနုတ်တာ၊ ခုတ်တာ၊ ကြက်ကိုင်တာ ငါမဟုတ်ဘူး"

ဝင်မောင်မှ တစ်ခုတည်းသောတာဝန်ကို ကြွေးကြော်သည်။

"သာခင်က ငရုတ်သီး၊ ကြက်သွန်၊ ချင်း စတဲ့ချက်မယ့်ကိစ္စ ဆောင်ရွက်။ လှရွှေနဲ့ တင်မြင့်တို့က ကြက်မွေးနုတ်၊ ကြက်သားတုံးကွာ"

လှဝင်းက ခွဲတမ်းချပြီး တာဝန်ပေးသည်။ ဝင်းမောင်မှ ကွပ်ပျစ်ပေါ်မှ ကြက်ဖလေးကို လည်ပင်းအား ဆုပ်ကိုင်ကာ မီးဖိုဆောင်ဆီသို့ ထွက်ခွာသွားတော့သည်။

*

"ကဲကွာ"

"ဒုတ်. . ."

ဝင်းမောင်ခမျာ ကြက်ဖလေးကို စဉ်းတီတုံးပေါ်တင်၍ ဓားမနှင့် လည်ပင်းကို ခုတ်ပိုင်းလိုက်သည်။ ကြက်ဖလေး၏ ဦးခေါင်းမှာ ထက်ပိုင်းပြတ်ကာ စဉ်းတီတုံးပေါ်တွင် တဆတ်ဆတ်တုန်နေ၏။ ကြက်ဖလေးမှာ ခေါင်းမပါဘဲ စဉ်းတီတုံးဘေး မြေပြင်တွင် ယက်ကန်ယက်ကန်ဖြစ်နေရှာသည်။ ဝင်းမောင်မှာ ကြက်ဖလေး၏ သွေးအလူးလူးနှင့် ရုန်းကန်နေသည်ကို ကြောင်တက်တက်ငေးကြည့်နေမိပြန်၏။ အတောင်နှစ်ဖက်ကို တဖျန်းဖျန်းခတ်နေသည်။ ရုတ်တရက် ခေါင်းပြတ်နေသော ကြက်ဖလေးမှာ တစ်ရှူးထိုးပြေးထွက်သွားလေပြီ။

"ဟေ့ကောင်တွေ လာကြဦး လာဦး၊ ကြက်လေးပြေးပြီဟေ့"

# ပြေဦး
# ကြက်ခေါင်းပြတ်





www.burmeseclassic.com

www.burmeseclassic.com

ဝင်းမောင်မှ ကျယ်ကျယ်လောင်လောင်အော်ပြောသည်။ ထန်းရည်ဝိုင်းမှ တင်မြင့်၊ သာခင်၊ လှရွှေ၊ လှဝင်းတို့ ဝင်းမောင်အပါး ရောက်လာကြ၏။

"ဘယ်ပြေးတာလဲ၊ မင်းလုပ်လိုက်မှ"

လှရွှေမှ မကျေမနပ်ပြောသည်။

"ဟ - ငါလည်း တစ်ချက်တည်းနဲ့ ခေါင်းကို အပြတ်ဖြတ်လိုက်တာပဲ။ မသေဘဲပြေးထွက်သွားတာ"

ဝင်းမောင်မှ တုံ့ပြန်၏။

"ခေါင်းမပြတ်လို့ ထွက်ပြေးတာပေါ့။ ခေါင်းပြတ်မှတော့ ဒီကြက်ပြေးနိုင်မလား"

သာခင်မှ အပြစ်တင်သည်။

"ဟော့ကောင် ဒီမယ်ကြက်ခေါင်း"

စဉ်းတီတုံးပေါ်တွင် တင်ကျန်ခဲ့သည့် ကြက်ခေါင်းလေးကို ဝင်းမောင်က ကောက်ယူကာပြသည်။

"ဟာ"

အားလုံးအံ့ဩသွားကြသည်။

"သည်ကြက်ဘယ်ပြေးတာလဲ"

"ခြံစည်းရိုးဆီ တစ်ရှိန်ထိုးပြေးသွားတာကွ"

"ရှာကွာ၊ ခေါင်းပြတ်နေတဲ့ကြက် ဝေးဝေးမသွားနိုင်ဘူး"

လှဝင်းမှ ဦးဆောင်ကာ (၅) ဦးသား ခြံစည်းရိုးဆီ အရောက်သွားကြသည်။ ခံပင်နှင့် မိုးနံ့ချုံစည်းရိုးတွင် ကြက်ဖလေးကို ရှာကြ၏။ တုတ်နှင့် ခါးရိုးကို ရိုက်ပုတ်ခြောက်လန့်ကြသည်။

"ဖရှူး . . . ဖရှူး"

"ဟာ - ဟိုမှာ ဟိုမှာ ပျံသွားပြီကွ"

လှဝင်းမှ ကြက်ဖလေးနောက်သို့ လိုက်ပြီးအော်သည်။ ကြက်ဖလေးမှာ ခေါင်းမပါဘဲ တစ်ဟုန်ထိုးပျံတက်သွားလေညဝီ။

မန်ကျည်းပင်ကြီးအောက်ရှိ ဗောက်ပင်တောထဲသို့ ဝင်သွားသည်ကို ဝင်းမောင်မြင်လိုက်သဖြင့် -

"သည်ဘက်လာကြဟေ့"

အော်ခေါ်သည်။

"ဘယ်ရောက်သွားပြန်ပြီလဲကွ"

တင်မြင့်မှမေးသည်။

"ဟောဒီ ဗောက်ပင်တောထဲကျသွားတာကွ"

ဝင်းမောင်က လက်ညှိုးထိုးကာပြသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်လူခွဲကာရှာပြန်သည် ဗောက်ပင်တွေကို တုတ်နှင့်ယမ်းသည်။ တုတ်နှင့်ရိုက်သည်။

"သောက်ထားတဲ့ထန်းရည်လည်း အမူးပြေသွားပါပြီကွာ"

သာခင်မှ ညည်းညည်းညူညူပြောဆို၏။

"ဟိုမှာ ဟိုမှာ သာခင်၊ မင်းအနားမှာ"

လှရွှေကပြောသည်။

သာခင်မှာ လက်ထဲတွင် ပါလာသည့် တုတ်တိုဖြင့် ဗောက်ပင်များကို ဖယ်ရှားကာ ငုံ့ကြည့်သည်။ ရုတ်တရက် ကြက်ဖလေးမှ ပျံထွက်သွားပြန်သည်။

"ပျံသွားပြီဟေ့၊ ပြန်ကျမယ့်နေရာ သေသေချာချာကြည့်ထား"

ဝင်းမောင်က အော်ပြောသည်။

"ဇွန်ပင်ချုံထဲကျသွားပြီကွ"

တင်မြင့်က ဝမ်းသာအားရ ပြောဆိုသည်။

"ဟား ဟား ဟား - ဒီကြက် တို့လက်က ပြေးမလွတ်ပါဘူးကွာ။ ဝင်းမောင် - မင်း မြောက်ကနေ တုတ်ကိုင်ထား၊ တင်မြင့်က တောင်ဘက်မှာစောင့်၊ လှဝင်းက အရှေ့ဘက်၊ လှရွှေက အနောက်ဘက် အသင့်ပြင်ထား။ ငါဇွန်ချုံကို လှုပ်ခါပစ်လိုက်မယ်"

သာခင်မှ အစီအစဉ်ချကာ ဇွန်ပင်ချုံဆီသို့ ချဉ်းကပ်သွားတော့သည်။

ဇွန်ပင်ချုံကို သာခင်အနီးကပ် စူးစိုက်ကြည့်ကာ ကြက်ဖလေးကိုရှာသည်။ ကြက်ဖလေးကို မမြင်မတွေ့ရ။

"ဟော့ကောင်တွေ ငါကြည့်တာတော့ မတွေ့ဘူး၊ သေချာကြည့်ဦးမယ်"

ဇွန်ပင်ချုံတစ်ခုလုံးကို တစ်ပတ်ပတ်ကာ အပင်ပေါ်နှင့် ဇွန်ချုံအောက်သို့ ကြည့်ရှုရှာဖွေ၏။ ကြက်ဖလေး၏ အရိပ်အယောင်မျှ မမြင်ပေ။

"ကဲ- အားလုံးသတိထားဟေ့။ ငါဇွန်ပင်ချုံကို လှုပ်ခါလိုက်မယ်"

သာခင်မှ ဇွန်ပင်ချုံတစ်ချုံလုံး ယိမ်းထိုးသွားသည်တိုင် လှုပ်ယမ်းလိုက်သည်။ ကြက်ဖလေးထွက်မလာ။

(၅) ဦးလုံးပင် ဇွန်ပင်ချုံကို ကိုင်လှုပ်သည်။ ဇွန်ပင်ချုံထဲအနှံ့ရှာဖွေကြသည်။ တုတ်နှင့်ထိုးကြည့်သည်။ တုတ်နှင့် ရိုက်ကြသည်။ ဇွန်ပင်ချုံတစ်ချုံလုံးသည် အကိုင်းကျိုးကျိုး၊ အရွက်ကြွေကြွေနှင့် ငုတ်တုတ်ကျန်နေပြီ။ ကြက်ဖလေးကို မတွေ့တော့ပေ။

"တော်ပြီကွာ၊ ဒီလောက်ရှာလို့မှ မတွေ့တော့ ငါလည်းစိတ်ပျက်ပြီ"

သာခင်မှ စိတ်ပန်းလူပန်းပြော၏။

"မပူပါနဲ့ကွာ၊ တုံးပေါ်မှကျန်ခဲ့တဲ့ ကြက်ခေါင်းလေးကိုပဲ စွတ်ပြုတ်ပြုတ်သောက်တာပေါ့"

တင်မြင့်မှ တဟားဟားရယ်၍ ပြောသည်။

"တော်တော်ထူးဆန်းတယ်ကွာ"

ဝင်းမောင်မှာ မချင့်မရဲ စကားဆို၏။

"ရှာမနေနဲ့တော့ကွာ။ ကျန်တဲ့ ထန်းရည်ပဲ အမြည်းမပါဘဲသောက်ကြမယ်"

လှဝင်းမှ ပြောပြောဆိုဆို ထန်းရည်ဝိုင်းဖွဲ့ရာကွပ်ပျစ်သို့ ပြန်တော့သည်။

*

"လူလေးတို့ ကြက်သေကောင်တွေ့ခဲ့ကြလားကွ"

သာခင့်၏ အဖေမှမေး၏။

"ဟာ-မတွေ့ပါဘူး ဦးလေးမောင်ရာ။ ကျွန်တော်တို့လည်း ကြက်နောက်မှ ထက်ကြပ်မကွာလိုက်ရတာ ဖတ်ဖတ်မောလို့"

တင်မြင့်မှ ဖြေသည်။

"ထူးဆန်းတယ်ဗျာ။ ဇွန်ပင်ချုံထဲကျသွားတာ သေသေချာချာမြင်လိုက်လို့ရှာတာပဲ။ ဇွန်ချုံလည်း ကြေမွနေပြီ။ ကြက်ကို မတွေ့ဘူး"

ဝင်းမောင်က ရှင်းပြ၏။

"ခေါင်းမပါတဲ့ ကြက်ကို ဖမ်းလို့မမိဘူး ဦးလေးမောင်။ ခေါင်းပါတုန်းက ကျွန်တော်တစ်ယောက်တည်းဖမ်းတာ အလွယ်လေးနဲ့ မိခဲ့တာ။ ဝင်းမောင် ကြက်သတ်တာလေ ဘယ်လိုများသတ်တယ် မသိပါဘူး"

လှဝင်းက ဒေါသသံပါပါ ပြောသည်။

"ဟား ဟား ဟား - ဝင်းမောင်က တုံးပေါ်တင်ပြီး ဓားနဲ့ပိုင်းလိုက်တာတဲ့၊ ကြက်ကခေါင်းမပါဘဲပြေးရော"

လှရွှေက သဘောကျစွာပြော၏။

"ဟော့ကောင်၊ မင်းအဘ ကြက်ဖက သွေးရှူးသွေးတန်းပြေးမယ်မှန်းသိခဲ့ရင် ခြေထောက်နှစ်ချောင်းဖမ်းဆုပ်တာပေါ့ဗျာ"

ဝင်းမောင်မှ ဆင်ခြေစကားဆို၏။

"အလကားပါကွာ။ ကြက်တစ်ကောင်သတ်တာတောင် ကြောက်ကြောက်လန့်လန့် မဝံ့မစား မျက်စိမှိတ်ပြီး ဓားနဲ့ခုတ်ချလိုက်တာပဲနေမှာ"

သာခင်မှ တွေးတွေးဆဆပြောသည်။

"အေး အေးကွ၊ ငါလည်း ကြက်

www.burmeseclassic.com

အနဲ့ခုတ်ချလိုက်ပြီး ခေါင်းပြတ်သွား သွေးတွေဝေါက်ဝေါက်ပန်းထွက်တာ ကြောင်ကြည့်နေမိတာ ကြက်ကိုယ် မြေပြင်မှာ ယက်ကန်ယက်ကန်နဲ့" ဝင်းမောင်က မျက်စိမှိတ်ကာပြော

"အေး- ဒါကြောင့်ပေါ့ကွ။ ကြက် သေပါတယ်။ ဒါပေမယ့် သွေးနဲ့ မြေ မသေမရှင်ဘဝမှာ ကြက်ကိုဖုတ် ခဲ့လို့ ဒီလိုဖြစ်တာကွ"

သာခင်၏ အဖေက ထူးဆန်းစွာ ပြောလာ၏။

"ဗျာ - ဖုတ်ဝင်တယ် ဟုတ်လား လေးမောင်"

"အေးပါဆိုကွာ။ ဒီလိုပဲ သွေး လိမ်းလိမ်းမသေမရှင်ဖြစ်နေတုန်းမှာ မြေပြင်ကိုကျသွားတော့ ဖုတ်ဝင်တယ်။ ရှင်းပြောရမယ်ဆို မကောင်းဆိုးဝါး ကောင်ကောင် ပူးဝင်တွယ်ကပ်ခဲ့ ပေါ့။ ဒါကြောင့် မင်းတို့ ကြက်သေ ကောင်ကို မတွေ့ရတော့တာဘဲ"

"အံ့ဩစရာပဲ ဦးလေးမောင်"

ဝင်းမောင်က ပြောသည်။

"မအံ့ဩပါဘဲနဲ့ကွာ၊ တို့တောရွာ ဒါမျိုးတွေမကြာမကြာကြုံရတယ်။ တော်တောပစ်တဲ့အခါ ငှက်တွေ ခင်းပဲရပြီး ကိုယ်လုံးပျံသွားတာ အခါ သေခါနီး သွေးစိမ်းထွက်နေတဲ့ ရှောန်ကို ဘယ်တော့မှ မြေမချရဘူး"

ဦးလေးမောင်မှ တွေ့ကြုံဖူးသည် ရှင်းပြသည်။

"တောက်"

သာခင်တို့တစ်တွေ မကျေမချမ်း ခေါက်မိကြတော့သည်။

*

"ဟာ- ဘာအနံ့ပါလိမ့်။ ပုပ်နေတဲ့ အနံ့"

သာခင် အိမ်နောက်ဘက်ဆီမှ အသင့်တွင် အနံ့ဆိုးကို ရှူရှိုက်မိ အိမ်အနောက်ဘက်ထွက်ခဲ့သည်။ အနံ့ကို ခြေရာခံ၍ အသေကောင် ကို ရှာဖွေ၏။ လွန်ခဲ့သော (၂) ရက်မှ ကို မေ့နေခဲ့သည်။

"ဟောဗျာ"

ဒွန်ပင်ချုံအောက်တွင် ပုပ်ပွနေ ကြက်ခေါင်းပြတ်လေးကို တွေ့မြင် တော့သတည်း။

ပြီး

# ချောင်းဆိုးဝေဒနာနှင့်ကန့်ကလာ

၂၀၁၄ ဧပြီလထုတ် သူရဇ္ဇမဂ္ဂဇင်းတွေ နေပြည်တော်ဗဟိုစာတိုက်ကြီးက ပို့စ်မင်းက လာပို့တဲ့အခါ အနားမှာ ညီဖြစ်သူ မောင်မြတ်ထွန်း ရောက်နေပါတယ်။ ကျွန်တော် လက်မှတ်ထိုးထုတ်ယူပြီးတဲ့အခါ မောင်မြတ်ထွန်း ကျွန်တော့်အိမ်လိုက်လာပြီး တစ်အုပ်ငှားသွားပါတယ်။

အဲဒီမှာ ကျွန်တော့်ရဲ့ 'ချောင်းဆိုးပျောက်တဲ့ဟင်း (၃)' မြန်မာ့ဆေးနည်းလေးကို ဖတ်ကြည့်ပြီး ကျွန်တော့်ကို ပြောပါတယ်။

"အစ်ကိုလေးရာ ချောင်းဆိုးတာများ အရေးအရာလုပ်လို့ ကန့်ကလာပင် အနီမျိုးသာ ပြုတ်သောက်လိုက်စမ်းပါ။ ချက်ချင်းကို ယူပစ်သလို ပျောက်တာအစ်ကိုလေးရ။ ပြုတ်မသောက်ချင်ဘူးဆိုရင်လည်း ငါးပိရည်နဲ့ ပြုတ်တို့ပေါ့ဗျာ။ ဟင်းခါးကြိုက်ရင်လည်း ဟင်းရည်ချက်သောက်။ ဘယ်လိုလုပ်လုပ် ဗိုက်ထဲရောက်သွားဖို့ပဲလိုတယ်"

လို့ ပြောပြတော့ ခုအချိန်မှာ ကျွန်တော်တို့ဝန်းကျင်မှာ ကန့်ကလာပင်ဆိုတာ မြင်ချင်လို့မမြင်ရတော့ပါဘူး။ ကန့်ကလာကို အရပ်အခေါ် ဂန့်ဂလာပင်လို့ ခေါ်ကြပါယယ်။ ရှေးတုန်းက ချောင်းသဲခုံတွေမှာ ကန့်ကလာအဖြူရော အနီပါ ခဲနေအောင်ပေါက်ပေမယ့် ကျွန်တော်တို့အနီးက ငလိုက်ချောင်းမှာ သဲတွေအကုန်ယူပြီး နေပြည်တော်ကြီး တည်လိုက်တဲ့အခါ ချောင်းသဲဆိုတာမရှိတော့ပါဘူး။ သဲမရှိတဲ့အခါ ကန့်ကလာတွေလည်း ပျောက်ကွယ်သွားပါတယ်။ သဲပြန့်အနည်းငယ်ရှိတဲ့ နေရာတွေမှာတော့ ရှိသေးတယ်လို့ သိရတယ်။

မောင်မြတ်ထွန်းပြောသလို ပြုတ်သောက်လိုက သောက်နိုင်တယ်။ မသောက်ချင်ရင် ပြုတ်တို့ပေါ့လေ။ အဲဒီလိုမလုပ်ဘဲ ဟင်းခါးချက်သောက်ချင်ရင် ဆန်လှော်လေးနဲ့ချက်သောက်လို့ရတယ်။ ဒါမှမကြိုက်ရင် ချဉ်ဖတ်တည်စားလို့ရတယ်။ ချဉ်ဖတ်ဆိုရင် ကန့်ကလာချဉ်ဟာ မွှေးနေပြီး စားချင့်စဖွယ် အလွန်ကောင်းတယ်လို့ ပြောကြပါတယ်။ ကန့်ကလာချဉ်စားပြီးရင် ဘာအချဉ်မှ မစားချင်တော့ဘူးလို့တောင် ညွှန်းကြပါတယ်။ ကန့်ကလာဟာ စားလို့ကောင်းသလို ဆေးလည်းအလွန်အသုံးဝင်ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအရပ်ရပ် မိုးကာလ ရေစီးနေချိန်ကလွဲရင် မိုးကျွတ်လို့ ချောင်းသဲခုံ၊ မြစ်သဲခုံတွေပေါ်တာနဲ့ ကန့်ကလာပင်တွေပေါက်လေ့ရှိပါတယ်။ တစ်ပင်တစ်ပင်ဆိုရင် သဲပြန့်တွေမှာ ဖျာခင်းသလို လှပစွာပေါက်ကြတဲ့ သဘာဝပေါက်ပင်တွေပါ။ အဖြူရောင်ရှိတယ်၊ အနီရောင်ရှိတယ်။ ချောင်းဆိုးတာကျတော့ အနီရောင်အပင်ကို စားရမှာပါ။ အနီမတွေ့ရင် အဖြူလည်းရပါတယ်။ ဒါပေမယ့် ဆေးအသုံးမှာ အနီမျိုးကိုသာ ဦးစားပေးသုံးကြတာ များပါတယ်။ မောင်မြတ်ထွန်းက ဆက်ပြောပါတယ်။

"အစ်ကိုလေးရဲ့၊ ကစော့ခါး ဆိုတာက ရှိတော့ရှိတယ်၊ ရှားတယ်ခေါ်ရမှာ။ ဘာလို့လဲဆိုတော့ သူကစိုက်လို့ရတဲ့ အပင်မျိုးမဟုတ်ဘူးဗျ။ မျိုးစေ့ဘယ်လောက်ယူစိုက်စိုက် ပေါက်တဲ့အမျိုး မဟုတ်ဘူး။ သူ့ဟာသူ ပေါက်ချင်တဲ့ နေရာ အလေ့ကျပေါက်တာ။ သူပေါက်ရင် မသေအောင် ဂရုတစိုက်ထားပေးရတယ်။ ပြီးတော့ ပေါက်တဲ့နေရာကနေ ရွှေ့ပြောင်းစိုက်လို့လည်း မရပြန်ဘူးဗျ။ ရွှေ့တာနဲ့ သေတာပဲ။ လုံးဝအထိမခံတဲ့ အပင်ပါဗျာ။ ပြီးတော့ အဲဒီအပင်ကို ပိုးကလည်း အလွန်ကြိုက်တာ။ ပိုးဝင်ရင်လည်း သေပြန်ရော။ အသင့်ရှိနေရင်တော့ ကောင်းတာပေါ့။ မရှိရင် ခက်တယ်။ ကန့်ကလာကျတော့ ဒေသတိုင်းရဲ့ ချောင်းသဲခုံတွေမှာ ရနိုင်တယ်။ အစ်ကိုလေးရဲ့ ကစော့ခါးထက်သာပါတယ်ဗျာ၊ မယုံမရှိပါနဲ့။ နောက်တစ်ခါ ချောင်းဆိုးရင် ကန့်ကလာရအောင်ရှာပြီး စမ်းကြည့်ပါ။ ဘယ်လောက်စွမ်းတယ်ဆိုတာ အစ်ကိုလေးသိပါလိမ့်မယ်"

လို့ ညွှန်းပါတယ်။

ဒါကလည်း ကျွန်တော့်ဆောင်းပါးကို ဖတ်မိမှ ထွက်လာတဲ့ သူရင်ထဲသိနေတဲ့ဆေးနည်းပါ။ဘာပဲဖြစ်ဖြစ် ကျွန်တော့်အသိထဲမှာ ဆေးနည်းတစ်ခုတိုးလာတာတော့ အမှန်ပါပဲ။ အဲဒါကြောင့် ညီဖြစ်တဲ့ မောင်မြတ်ထွန်းကို ကျေးဇူးတင်ရပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်၊သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျူဟာ ၁၆၈





**Chapter - Six**

'မိမိနေရာအား စွမ်းအင်မြှင့်၍ ပြန်လည် အားဖြည့်ပေးခြင်း' နှစ်စဉ်နှစ်တိုင်း (တရုတ်နှစ်သစ်ကူးချိန်) ၌ မကောင်းသောစွမ်းအင်နှင့် မကောင်းသောနိမိတ်များကို ဖယ်ရှားရန် နှစ်သစ်၌ စွမ်းအင်ကောင်းများဖြင့် ကျက်သရေမင်္ဂလာရှိစေရန်၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းအဟောင်းများတို့အား အသစ်လဲလှယ်ပေးရသည်။ ထိုသို့ အသစ်လဲလှယ်ပေးခြင်းဖြင့် မိမိအခန်းအတွင်း 'ယန်ချီ' ဓာတ်များ စီးဝင်၍ ကံကောင်းခြင်း နိမိတ်ဆောင်နေပါမည်။

**၁၁၉။ အိမ်၏ စွမ်းအင်စက်ဝိုင်းအား ပြန်လည်နိုးကြားစေခြင်း**

ဖုန်းရွှေပညာရပ်၌ Flying Star ခေါ် မကောင်းသော ကြယ်ပျံ (ကိန်းဂဏန်း) များ၏ ဩဇာသက်ရောက်ခြင်းမရှိရန် ကြိုတင်ကာကွယ်မှုများစွာပါရှိပြီး ဖြစ်သည်။ ကြယ်ပျံများသည် အိပ်ခန်း၊ ဧည့်ခန်း၊ အရှေ့တံခါးအနီးမှ အများဆုံး ဝင်ရောက်တတ်ကြသည်။ ၎င်းကြယ်ပျံများ ဝင်ရောက်လာပါက အိမ်မိသားစုဝင်အချင်းချင်း ပြဿနာဖြစ်ခြင်း၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးပျက်ပြားခြင်း၊ လုပ်ငန်းထိခိုက်ခြင်းများ ရှိလာပါမည်။ ကြယ်ပျံများ ဝင်ရောက်လာခြင်းကြောင့် ကောင်းသောဓါတ်များ နေရာပြောင်းလဲသွားတတ်သည်ကို သတိပြုပါ။

**၁၂၀။ နှစ်စဉ် ဖေဖော်ဝါရီ ၄ ရက်တိုင်းအား ဂရုပြုခြင်း**

နှစ်သစ်ကူးကာလ ဖေဖော်ဝါရီ ၄ ရက်သည် 'Hsia Solor' ပြက္ခဒိန်အပေါ် အခြေခံ၍သတ်မှတ်ထားသည်။

နှစ်စဉ် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ တစ်နှစ်ပတ်လုံးအတိတ်နိမိတ်ကောင်းအောင် လိုအပ်သလို ပြင်ဆင်ကြရသည်။ နှစ်တစ်နှစ်အတွက် ကံကောင်းခြင်းနိမိတ်များ အစပြုပေးသောရက်ဟူ၍ ဖုန်းရွှေပညာက ဆိုသည်။

နှစ်သစ်ကူးကာလအတောအတွင်း ယန်စွမ်းအင် ထက်မြက်ရှင်သန်နေ ရန် လမ်းများတစ်လျှောက် အနီရောင် ပုံးများ ထွန်းညှိပေးရသည်။

**၁၂၁။ နှစ်သစ်ရောက်တိုင်း ကြယ်ပျံများ ဩဇာသက်ရောက်တတ်သည့် အရပ် ထောင့်များ**

နှစ်စဉ်နှစ်တိုင်း မကောင်းသော ချီဓာတ်များဖြင့် ဒုက္ခအန္တရာယ်ပေးသည့် ကြယ်ပျံ (ကိန်းဂဏန်း) များ ကျရောက် တတ်သည်။ ကြယ်ပျံများ ကျရောက် စိုးမိုးရာ အရပ်ထောင့်များကို ခွဲခြား လေ့လာ၍ လိုအပ်သလို သတိပြု ကာ ကွယ်ရပါမည်။





www.burmeseclassic.com

www.burmeseclassic.com

ကြယ်ပျံကိန်းဂဏန်းများကျရောက်ပုံဇယား

| | | | |
|---|---|---|---|
| အရှေ့ | အောင်နိုင်သူ 1 | ကံကောင်းခြင်း 6 | အကောင်းဆုံး 8 |
| | အနာဂတ် 9 | နာမကျန်း 2 | ချစ်ခြင်းမေတ္တာ 4 | အနောက် |
| | သရဲ ၅ ကောင် 5 | ဖောက်ထွင်းခံ 7 | ရန်လို 3 |
| | အရှေ့မြောက် | မြောက် | အနောက်မြောက် |


အထက်ပါဇယားကိုကြည့်၍ မိမိ အိမ်အတွင်း ဖုန်းရွှေအိမ်မြောင်ဖြင့် ဝိုင်းတာကာ မည်သည့်အရပ်ထောင့်၌ ကြယ်ပျံကျရောက်သည်ကို တွေ့ရှိနိုင်ပါသည်။

**အပြောင်းအလဲများစောစီးစွာပြုလုပ်ခြင်း**

မိမိအိမ်အတွက် အပြောင်းအလဲ ပြင်ဆင်ဆိုပါက နှစ်စဉ် (နှစ်သစ်ကူး ကာလတွင် အကျုံးဝင်သည့်) ဖေဖော်ဝါရီလအတွင်း စတင်ရပါမည်။ ၎င်းပြင် ကြယ်ပျံကိုယ်စားပြု ကိန်းဂဏန်းများ ဖော်ပြချက် အဓိပ္ပာယ်အမှန်ကို တွဲဖက်မှတ်သား၍ ဆောင်ရန်၊ ရှောင်ရန် အချက်များ စီရင်ပေးရပါမည်။


**၁၂။ ကံဆိုးမိုးမှောင်ကျခြင်းနိမိတ်ဆောင် အဝါရောင်ကြယ် (၅) ပွင့်အားနှိမ်နင်းခြင်း**

အဝါရောင်ကြယ် (၅) ပွင့်ကို ဖုန်းရွှေပညာအရ တရုတ်ဘာသာဖြင့် 'ဝူဝမ်း' ဟုခေါ်ပါသည်။ ၎င်းကြယ် (၅) ပွင့်သည် သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် ၎င်းနေထိုင်သည့် အိမ်ကိုပါ ကံဆိုးခြင်းများ လွှမ်းခြုံစေခြင်းကြောင့် နာမကျန်းဖြစ်ခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊ ကြေကွဲဝမ်းနည်းစရာကြုံတွေ့ခြင်း၊ သစ္စာဖောက်ခံရခြင်း၊ အကြံစည်ပျက်ခြင်း၊ စီးပွားလျော့ခြင်း၊ အသက်ဘေးရင်ဆိုင်ရခြင်းများ ဖြစ်တတ်ပါသည်။ 'ဝူဝမ်း' စတင် ဝင်ရောက်လာသည်နှင့် သာမန်အသေးဖွဲ နေမကောင်းသည့်အဆင့်မှ ဆေးရုံတက်ရခြင်း အောင်မြင်မည့်အခြေအနေများအား တစ်ဝက်ခန့်မြင်ရပြီးမှ လုံးဝလမ်းစပျောက်သွားခြင်း ဖြစ်သည်အထိ သိသာစွာ လက္ခဏာပြတတ်သည်ကို သတိပြုပါ။ မိမိအိမ်အတွင်း အဝါရောင်ကြယ် (၅) ပွင့် 'ဝူဝမ်း' တည်နေရာ၌ 'ခေါက်ကြီး (၅) ပါး' ပါဝင်ဖွဲ့စည်းထားသည့် ဘုရားတည်ပေးခြင်း၊ သတ္တုသားချည်းသက်သက်ဖြင့် လုပ်ထားခြင်း 'သတ္တုချောင်း (၆) ချောင်းပါ ဆည်းလည်း (Windchimes) ချိတ်ဆွဲပေးခြင်းဖြင့် မကောင်းသော စွမ်းအင်များကို မောင်းထုတ်ပေးနိုင်ပါသည်။




**၁၃။ မကောင်းသောကြယ်များကို ထိန်းချုပ်ပေးခြင်း**

မကောင်းသော ကြယ်များ၏ ဩဇာသက်ရောက်မှုက သာမန်အအေးမိ၊ ချောင်းဆိုးဝေဒနာထက်မကသော ဆိုးရွားသည့်ရောဂါကြီးများ ကျရောက်ခံစားစေတတ်သည်။ အိပ်ခန်းအတွင်း ကြယ်ပျံများ ရောက်လာသည်နှင့် မိမိ အိပ်နေစဉ်အချိန်အတွင်း မကောင်းသောစွမ်းအင်များ ခန္ဓာကိုယ်အတွင်း ဝင်ရောက် စီးဆင်း၍ စတင်ဒုက္ခပေးတတ်သည်။



'အိပ်ခန်း'တည်နေရာ၌ နာမကျန်းဖြစ်စေသော ကြယ် (၂) ပွင့်ကျရောက်လာပါက သင့်အား နာမကျန်းဖြစ်စေပါမည်။ အကယ်၍ 'စတိုခန်း' နှင့် 'ကော်ရစ်တာ' တို့၌ ကြယ်ပျံကျရောက်ပါက ကုသ၍မရသည့် ရောဂါဆိုးတစ်ခု ဝင်ရောက်နိုင်ပါသည်။ ကြယ်ပျံတို့၏ မကောင်းသော စွမ်းအင်များအား တုံ့ပြန်ခုခံရန် ဖုန်းရွှေ၏ 'ထာဝရအသက်ပိုင်ရှင် နတ်မင်းတစ်ပါးရုပ်တု' ထားရှိပေးခြင်း (နမူနာပုံတွင်ပါရှိသည့်) ကျန်းမာရေးကောင်းသော နိမိတ်ဆောင် Wu Lu ရုပ်ထားပေးခြင်းများ ဆောင်ရွက်ရန် လိုပါသည်။

Wu Lu ရုပ်တုကို နှစ်စဉ်ကြယ်ပျံတို့ သက်ရောက်ရာ အရပ်ထောင့်သို့ ရွှေ့ပေးပါ။ နှစ်သစ်ကူးပြောင်းသည်နှင့် Wu Lu ၏ စွမ်းအင်များလည်း အသစ်ပြောင်းလဲ၍ တိုက်ခိုက်မှုကို ထိန်းချုပ်




www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောကြယ်ပျံများ
အိမ်သို့ဝင်ရောက်ပုံနှင့် ခုခံကာကွယ်သူ
Wu Lu ရုပ်တု



ပေးနိုင်ပါသည်။


**၁၂၄။ မုန်းတီးရန်လိုခံရခြင်းမှ ခုခံကာကွယ်ခြင်း**

မကောင်းသောကြယ်ပျံများသည် ကျန်းမာရေး၊ စီးပွားရေး၊ ဘေးရန်စသည့် အပိုင်းကဏ္ဍများအလိုက် ပုံစံအမျိုးမျိုးဖြင့် ဒုက္ခပေးတတ်ကြသည်။ အချို့က ကျန်းမာရေး ထိခိုက်သေဆုံးသည်ထိ ဘေးဥပဒ်ပေးပြီး အချို့က ရန်မီးစကြီးထွား တောက်လောင်အောင် တွန်းအားပေးတတ်ကြသည်။ ရန်မီးစကြီးထွားစေတတ်သည့် ကြယ်ပျံများကြောင့် ဆက်ဆံရေး၌ တစ်ဦးအပေါ် တစ်ဦး နားလည်မှုလွဲခြင်း၊ စကားများရခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ ကြုံရတတ်ပါသည်။ ၎င်းကြယ်ပျံ၏ အရှိန်ကြောင့် အိမ်ရှိမိသားစုအားလုံး ပြဿနာတစ်မျိုးစီကြုံနေရပြီး နေ့စဉ်မနှစ်မြို့စရာ၊ ဒေါသထွက်စရာ၊ မခံချင်စရာများကိုသာ ကြားမြင်နေရတတ်သည်။ အလိုမကျမှုများ၏ မွန်းကျပ်မှုကြောင့် ခံစားချက်ပေါက်ကွဲမှု ပြင်းထန်ကာ ပြဿနာမီးဟုန်းဟုန်း တောက်လောင်နိုင်ပါသည်။ ထိုအနေအထားအား အကောင်းဆုံး ကုစားနည်းမှာ အနီရောင်သင်္ကန်းရုံထားသည့် ဗုဒ္ဓရုပ်ပွားတော်အား ကြယ်ပျံကျရောက်ရာနေရာ၌ထားရှိပေးခြင်းပင် ဖြစ်သည်။ အနီရောင်သင်္ကန်းအပြင် သတ္တုဓာတ်ကိုယ်စား 'ရွှေ' ပါဝင် ထုလုပ် ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်ပါက 'အနီရောင်' နှင့် 'ရွှေရောင်' တို့၏ လိုက်ဖက်ညီမှုစွမ်းအားဖြင့် မုန်းတီးရန်လိုမှုမှန်သမျှအား ခုခံကာကွယ်နိုင်ပါသည်။


မုန်းတီးရန်လိုခြင်း ကိုယ်စားပြုကြယ်ပျံ (၃) ပွင့်အား ကာကွယ်ရန် 'မီး' ဓာတ်ကိုယ်စားပြု 'အနီရောင်'၊ 'သတ္တု' ဓာတ်ကိုယ်စားပြု 'ရွှေ' တို့ကို အသုံးပြုပါ။

**၁၂၅။ အိမ်အတွင်းဝင်ရောက်ဖောက်ထွင်းခံရခြင်းမှ ကာကွယ်ခြင်း**

သူခိုးသူဝှက်များ အိမ်အတွင်းဝင်ရောက်ဖောက်ထွင်းခြင်းကို ဖြစ်စေသည့် ကြယ်ပျံများက နှစ်စဉ်နှစ်တိုင်း အိမ်၏ နေရာအမျိုးမျိုး၌ စွဲကပ်ကျရောက်တတ်သည်။ အများအားဖြင့် အိမ်၏ အရှေ့တံခါးပေါက်နှင့် အနောက်တံခါးပေါက်တို့၌ကျရောက်လေ့ရှိသည်။ နမူနာဇယားပါ ကြယ်ပျံကိုယ်စားပြုဂဏန်းသည် '၇' ဖြစ်ပြီး မြောက်အရပ်




တွင်ရှိနေခြင်းကြောင့် ဖောက်ထွင်းခံ[ရ]
မည့်အခြေအနေကို ဖော်ပြနေပါသည်။
ထိုအနေအထားသည် အိမ်၏ အတွင်း
ပစ္စည်းများဖောက်ထွင်းလုယက်ခံရခြင်း
မားပြတိုက်ခံရခြင်းအပြင် (ပိုမိုပြင်းထ[န်]
ပါက) သွေးထွက်သံယိုဖြစ်သည်အ[ထိ]
ကြုံတွေ့နိုင်ကြောင်း အသိပေးနေပါ
သည်။



**အပြာရောင်ကြွေရုပ်ဖြင့် ကာကွယ်ခြင်း**

အထက်ပါ အခြေအနေအရပ်ရပ်
ကိုကာကွယ်ရန် အပြာရောင်ကြွေရုပ်အား
ကြယ်ပျံကျရောက်ရာအရပ်ထောင့်တွင်
ထားရှိပါ။ ကြွေရုပ်အစား ဆင်ရုပ်အသုံး
ထားရှိနိုင်သည်။ ဆင်ရုပ်ဖြစ်ပါက (၁၈)
လက်မအမြင့်ရှိပြီး နှာမောင်းအပေါ်

www.burmeseclassic.com



...ောင်နေသည့်ဟန်၊ ရန်စွယ်ကိုတွန်း ...ည့်ဟန်ရှိသောရုပ်တုဖြစ်ရပါမည်။ ...ောင်းချထားသောဆင်ရုပ်ဖြစ်ပါက ...ောင်းခြင်း၊ ပစ္စည်းဥစ္စာပေါ်များစေ ... နိမိတ်ဆောင်ပါသည်။

နမူနာပုံအရ ဦးချို (၂) ချောင်းပါ ...ပြာရောင်ကြံ့ရုပ်တုအား အဝင်ဝတံခါး ...၏ အတွင်းဘက်တွင် ထားပေး ...

**...၂၆။ နှစ်အလိုက် တိရစ္ဆာန်သင်္ကေတရုပ် ...ဖြင့် ကိုယ်စားပြုသည့် Tai sui ...ဝိုင်း**

Tai sui စက်ဝိုင်းပါ သင်္ကေတ ...များသည် နှစ်အလိုက်ဩဇာလွှမ်းမိုး ...ည့် အရှင်သခင်များအဖြစ် ကိုယ်စား ...ပြုလျက်ရှိပြီး Tai sui ရှိနေသည့် အရပ် ...ောင့် (အိမ်) ကို နှစ်အလိုက်ဖော်ပြ ...ပေးသည်။ Tai sui ရှိရာ အိမ်သည် နှစ် ...အလိုက် ပြောင်းလဲတတ်သောကြောင့် ...အိမ်အတွင်းရှိ ရုပ်သံစက်၊ ရေဒီယို ...သည့် ပစ္စည်းများကိုလည်း နှစ်စဉ် နေရာ ရွှေ့ပြောင်းပေးသင့်ပါသည်။ တရုတ်နှစ်ကူးကာလအတွင်း Tai sui ရှိရာ အိမ်အနီး မီးပန်း၊ ဖြောက်အိုးများ မဖောက်သင့်ပါ။ Tai sui ရှိရာဘက်သို့ မျက်နှာမူပြီးထိုင်မိပါက စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှကျဆုံးတတ်ပြီး စိတ်ပျော်ရွှင်ချမ်းမြေ့မှုများ ပျောက်ကွယ်သွားတတ်ပါသည်။

**၁၂၇။ Three Killings ခေါ် မကောင်းသောကြယ်ပျံများ၏ ဘေးရန်မှ ကာကွယ်ခြင်း**


Three Killingsခေါ် မကောင်းသောကြယ်ပျံ (၃) ပွင့်သည် အရပ် (၄) မျက်နှာ၏ တစ်ဖက်ဖက်မှ နှစ်အလိုက် အလှည့်ကျဝင်ရောက်လာတတ်သည်။ အထက်ပါ ကံဆိုးခြင်း (၃) မျိုးဖြစ်စေသည့် ကြယ်ပျံများဝင်ရောက်လာပါက ဂုဏ်သရေညှိုးနွမ်း နာမည်ပျက်ခြင်း၊ မိတ်ဆွေ ချစ်သူ ဆုံးရှုံးရတတ်ခြင်း၊ စီးပွားဥစ္စာပျက်စီးခြင်းတို့ ဖြစ်တတ်ပါသည်။


**ကောင်းကင်ဘုံကိုယ်စားပြု အစောင့်အရှောက်များဖြင့် ကာကွယ်ခြင်း**

Fu dog, Chi lin နှင့် Pi yao တို့သည် ကောင်းကင်ဘုံကိုယ်စားပြု အစောင့်အရှောက်များဖြစ်ပြီး ကြယ်ပျံများ ကျရောက်ရာ အရပ်ထောင့်တွင် ထားရှိခြင်းဖြင့် အကာအကွယ်ပေးနိုင်ပါသည်။

Chi lin (မြင်းနဂါး) ရုပ်တုအား ကြယ်ပျံများ၏ တိုက်ခိုက်မှုမှ အကာအကွယ်အဖြစ်ထားရှိပါက အကောင်းဆုံးဖြစ်သည်။

Three Killings ခေါ် မကောင်းသော ကြယ်ပျံ (၃) ခု ကျရောက်ရာ အရပ်ထောင့်ကို ရှာဖွေလိုပါက အဆိုပါနှစ်၏ ရာသီရုပ်ကို ကြည့်ရှုပါ။ ၂၀၀၇ ခုနှစ်ဖြစ်ပါက ကြယ်ပျံ (၃) ခုမှာ 'အနောက်'အရပ်တွင်ရှိပြီး ယုန်နှစ်၊ ဝက်နှစ်နှင့် သိုးနှစ်များတွင် အကျုံးဝင်နေပါသည်။ ၂၀၀၈ ခုနှစ်ဖြစ်ပါက 'တောင်' အရပ်တွင်ရှိပြီး ယုန်နှစ်၊ မျောက်နှစ်နှင့် နဂါးနှစ်များတွင် အကျုံးဝင်ပါမည်။ ၂၀၀၉ ခုနှစ်တွင် Three Killings က 'အရှေ့အရပ်' သို့ ပြောင်းရွှေ့သွားပြီး ကြက်နှစ်၊ မြွေနှစ်နှင့် နွားနှစ်များတွင်






**နှစ်အလိုက် ကြယ်ပျံများကျရောက်တတ်သည့် အရပ်ထောင့်များ**

အကျုံးဝင်ပါမည်။ ၂၀၁၀ပြည့်နှစ်ရောက်ပါက 'မြောက်'အရပ်တွင်ကျရောက်ပြီး ကျားနှစ်၊ မြင်းနှစ်နှင့် ခွေးနှစ်များတွင် အကျုံးဝင်နေပါမည်။

ကြယ်ပျံ (၃) ခုအား ကာကွယ်ရန် (Fu dogs) ရုပ်တု (စုံတွဲ) အားထားလိုပါက အရှေ့တံခါးပေါက်တွင် ထားရှိပေးပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)




**Tri sui တည်နေရာပြောင်းလဲတည်ရှိပုံ**

www.burmeseclassic.com

ငွေကို မရရအောင် တောင်းယူရတာ ဖြစ်ပါတယ်။

စဉ်းစားဖို့ပါ။

သူသား အရက်သမားအတွက်ဆိုတာတည်းက အခိုက်ထဲက ဗုဒ္ဓဟူးဟာ ပီပီပြင်ပြင်ဖြစ်နေပါပြီ။

လူ ဆိုတဲ့ မရိုယာယ်ခိုက်ချိန် - အဲဒီလူခိုက်တာ ဘာခိုက်တာလဲ။

ခိုက်မှာပေါ့။ သူကအရက်သောက်စားတဲ့လူလေ။ လူကောင်းလို့ပြောရင်ဖြစ်နိုင်ပါ့မလား။ မူးလာပြီဆိုရင် အတွေးအခေါ် အယူအဆလွဲချော်တွေ့မယ်။ ထင်ရာပြောမယ်။ စိတ်တွေကယောက်ကယက်ဖြစ်မယ်။ ဒီထက်ပိုမူးရင်ရမ်းကားတော့မယ်။ ဆဲဆိုတော့မယ်။ ရန်ဖြစ်တော့မယ်။ ဒီထက်ပိုသွေးဆူရင် ရိုက်နှက်တော့မယ်။ သတ်မယ် ဖြတ်မယ်။ ဒါဖြင့် လူခိုက်ချိန်မှာ ခိုက်တဲ့သူအတွက်လို့ စဉ်းစားရမှာ [illegible]

အခိုက်ဗုဒ္ဓဟူး [illegible] တဲ့ တရော်ဂြိုဟ်မရိုယ [illegible] ခိုက်ဆဲတောင်းတာ [illegible] ဂြိုဟ်တွေတည်ရာ [illegible] အတိုင်း သဘာဝ ကျကျဖြစ်နေတာလေ။ ဒီတော့ [illegible] အမေကို မင်း [illegible] ပြောမနေနဲ့။ သူသား အတွက် [illegible] ကြိုက် တာလဲ [illegible] ဒါသူ [illegible]

ပဲလို့ ပြောလိုက်ရတာတွေ ရှိပါတယ်။

ဒါဟာ နဝင်းနဲ့အခိုက်ပညာပါပဲ။

နဝင်းနဲ့အခိုက်ပညာရဲ့နက်ရှိုင်း [illegible] တွေ၊ သိမ်မွေ့နူးညံ့ပုံတွေဟာ ပြောဖော် [illegible] ကြုံမှသိ ဆိုရလောက်အောင် ထူးခြားရ [illegible] တယ်။

[illegible] ပြောရင်းနဲ့ တစ်ခါက သေ [illegible] ကြာအခါတစ်ခုမှာ ကြုံခဲ့ရတာလေး [illegible] သွားသတိရ [illegible]

[illegible] ပြီ။

[illegible]



## ဆရာဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသော

# အင်္ဂဝိဇ္ဇာလက်တွေ့ပညာ

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်က ဆန်တွေကို [illegible]ပ်နှံဝါးနေတယ်။ ဝါးရင်းဝါးရင်းကနေ [illegible]းစပ်ကမီးခိုးတွေထွက်လာလိုက်တာ [illegible]နေတာပဲ၊ မြင်မကောင်းဘူး။ သူက ယောဂီရောင်တိုက်ပုံ ယောဂီရောင်အကျႌ ယောဂီရောင်ပုဆိုးဝတ်ထားပြီး တေး[illegible]ာ သူ့ကိုယက်အုပ်ချီထားကြသူတွေ [illegible]ကျန်းကန်တော့ကြတယ်။ သူ့ဘေးနား [illegible]ယောဂီရောင်ဝတ်လူတစ်ယောက်က [illegible]တော့ [illegible] မာတ်စီးချွင် [illegible]

ငြိမ်သွားတယ်။

ထပ်ပြတယ်။ ထပ်ပြတဲ့[illegible] စာရွက်တစ်ရွက်ကို လေထဲမှာမီးရှို့ပြတာ။ ပြီးတော့ အဲဒီမီးလောင်နေတဲ့စာရွက်ကို လက်နှစ်ဖက်နဲ့ ပြောင်းခနဲ ရိုက်လိုက်တော့ အင်းပြားတစ်ပြားဖြစ်သွားပြီ ရော။

[illegible]ယ်မှာမြွေပါလိမ့်ဆိုပြီး စဦးစားနေတုန်း

[illegible]ကွက်ထပ်ပြတယ်။

[illegible] သီးဆုပ်ထဲက စက္ကူစလေးတွေ ပြောင်းဖူးစေ့အရွယ်လေးတွေထွက်လာလိုက်တာ မနည်းဘူး။ အိုး- ဘာပြောကောင်းမလဲ။ ဘေးကကြည့်နေတဲ့လူတွေဝိုင်းလုလိုက်ကြတာ တဝုန်းဝုန်းနဲ့။ [illegible]လေးတွေ အလုအယက်ကောက်[illegible]ကြပြီး ဝိတ်ဆံအိတ်တွေထဲ အလျှိုလျှိုထည့်ကြ[illegible]တာပေါ့။

[illegible]ကြည့်နေရင်းနဲ့ နာရီကို [illegible]လိုက်တော့ သောကြာအခါဖြစ်နေ[illegible] သတိပြုလိုက်မိပါရဲ့။

[illegible]တော့ သောကြာအခါရဲ့ [illegible] ဖြစ်နေ[illegible] ဆန်တွေ စက္ကူတွေကို ပုံစံအမျိုး[illegible]ပြနေတဲ့ [illegible]လိုက်မိတဲ့ [illegible] အခိုက်မှာရှိတဲ့ ကြွ[illegible]ကို သတိတရလုပ်မိခဲ့တာလို့[illegible]ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပြီ။

ကြာသပတေးခိုက်နေပုံကို နဝင်း အင်္ဂါကပြပြီ။

အင်္ဂါလှူပ်လေ ကြာသပတေး အခိုက် အသက်ဝင်လေပဲ။

ဘယ်လိုအသက်ဝင်လဲ။ ကြာသပတေးဟာ မြင့်မြတ်တဲ့ပညာရပ်တွေ၊ မြင့်မားတဲ့ အတွေးအခေါ်တွေ၊ ဆင်ခြင်တုံ တရားတွေကို ဖွင့်ဆိုကြတာလေ။ အဲဒီ ကြာသပတေးခိုက်နေတာ။

ဒါဖြင့် မြင့်မြတ်တဲ့အတွေးအခေါ် အယူအဆတွေခိုက်နေတာ၊ မြင့်မြတ်တဲ့ ပညာရပ်တွေခိုက်နေတာ -

မြင့်မားတဲ့ပညာခိုက်ရင် မမြင့်မားတဲ့ပညာပေါ်မှာပေါ့။ ဒီလိုဆို သူပြနေတာဟာ မမြင့်မားတဲ့ပညာပေါ့။ ဒါဖြင့် လှည့်ဖြားခြင်းတစ်မျိုးပေါ့။ လှည့်ဖြားခြင်းဟာ လိမ်ခြင်းပဲလေ။

သူဟာ အစောကြီးထဲက မျက်လှည့်လို့ပြောပြီးပြရင် သူ့ကိုလိမ်တယ်လို့ သွားပြောလို့မရဘူး။ ဒါကတော့ ပညာရပ်တစ်ခုအနေနဲ့ပြတာ။

ခုဟာက သူ့ကိုယ်သူ ဘိုးတော်လိုလုပ်ပြီး သိဒ္ဓိရှိသလိုလိုနဲ့ ဒီလိုတွေလုပ်ပြတာကျတော့ သူဟာဖြောင့်မှန်တယ် ပြောလို့မရတော့ဘူး။ ဒီပြင် အကူပညာတစ်ခုခုနဲ့ သူ့ကို ရိုသေစေချင်လို့ လုပ်တာ။ ဒါဖြင့်လိမ်တာပဲ။

ဘေးနားကအသိကိုပြောပြတော့ တစ်ယောက်က လက်ခံပေမယ့် နောက်တစ်ယောက်ကလက်မခံဘူး။ ဒါကြောင့် ဘာမှမပြောတော့ဘဲ ရောယောင်ပြီး ထိုင်ကြည့်နေလိုက်ပါတယ်။

ဘာကြာလဲ။

ဘိုးတော်တုဘိုးတော်ယောင်တွေ ဖမ်းတော့ သူလည်းပါသွားတော့တာပါပဲ။ ဒါတောင် ပြောပါသေးတယ် ကြံဖန်ပြီး။ ဝဋ်ကြွေးသွားချေတာလို့ ပြောတဲ့ သူတွေကပြောပါသေးတယ်။

၃ ← စက္ကူများကို
၀    ဟန်ရေးပြခဲ့သည်
၄
သောကြာအခါ ၆
၂
၅ ← ပညာခိုက်
၁

အဲဒီလိုမျိုး-

သောကြာအခါနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေထဲက မထင်မှတ်ဘဲ တွေ့ခဲ့ဖူးတာလေး သွားသတိရလို့။

ဒါက နယ်မှာ -

သောကြာအခါမှာ မြေဝယ်ဖို့ စကားပြောကြတယ်။ ပြောကြပြန်တော့ ငါးယောက်၊ ဦးဆောင်ပြောတဲ့သူက ကြာသပတေးနာမည်ရှင်။ ဒါနဲ့ မဟုတ်သေးဘူးနဲ့တူတယ်နော်လို့ သတိပေးလိုက်ပါတယ်။ ဒီမှာတင် မြေဝယ်ဖို့လာစပ်တဲ့ ပွဲစားက ဟာ - ဒီမြေကိုလိုချင်တဲ့ သူတွေက ဘယ်နှယောက်တောင်တန်းစီနေတာ၊ ဒီမြေကလည်း အကွက်အကွင်းက ဘယ်လိုကောင်းတာ၊ ဒီမြေကွက်ဘေးနားကနေကပ်ပြီး ရွာလယ်လမ်းကြီးဖောက်မှာ။ အဲဒီကျရေးတက် ဦးမှာဆိုပြီး အာဝဇ္ဇန်းကောင်းကောင်းနဲ့ကို ဆွယ်တာ။ သူက အင်္ဂါနာမည်ရှင် နဝင်း။

ထင်တော့ ထင်လိုက်ပါတယ်။ သူဆွယ်နေမှတော့၊ နဝင်းကဆွယ်နေမှတော့ ဖြစ်တော့မယ်နဲ့တူတယ်လို့။ ဖြစ်သွားပါတယ်။ ကာလပေါက်ဈေး(၁)သိန်းနဲ့ဈေးတည့်ပြီး ဝယ်ဖြစ်သွားပါတယ်။ ဟော-ဘာကြာလဲ။ အဲဒီမြေဝယ်ပြီး (၅) လလောက်အကြာမှာ ခြံခတ်မယ်လည်းလုပ်ရော ပိုင်ရှင်တစ်ယောက်ထပ်ပေါ်လာတယ်။ သူ့နာမည်ကလည်း ကြာသပတေးနာမည်။ ပေါ်လာပြီးတော့ သူ့စာချုပ်စာတမ်းတွေပြတယ်။ သူလည်း အခိုင်အမာဝယ်ထားတာ။ ဒါကို ပွဲစားတစ်ဆင့်ကနေ နှစ်ဆင့်၊ သုံးဆင့်ပြောင်းတော့ ကြားမှာသိတဲ့သူပြတ်သွားတယ်နဲ့တူပါရဲ့။ အဲဒီလိုလည်း ပေါ်လာရော တစ်သိန်းဆုံးရတော့တာပေါ့။ မြေဝယ်ဖို့ လာဆွယ်တဲ့ အင်္ဂါနာမည်ရှင် ပွဲစားဆို ဘယ်ဆီနေလို့နေမှန်းတောင် မသိတော့ဘူး၊ သွားပြီ။ နယ်ပြောင်းသွားသလိုလို ဘာလိုလိုနဲ့။

ဒီတော့မှ အေးနော် မဟုတ်သေးဘူးနဲ့တူတယ်လို့ ဆရာပြောနေတဲ့ကြားက ဆိုပြီး ဝန်ခံကြတယ်။

ဖြစ်မှာပေါ့ -

ကြာသပတေးခိုက်တဲ့ အချိန်လေ။ မြေခိုက်တဲ့အချိန်။ အခိုက်ကို အဝင်လုပ်ချင်တော့ ဝင်လာတဲ့မြေဟာ အခိုက်မြေပဲ ဖြစ်တော့မပေါ့။ ပြဿနာမြေပဲ ဖြစ်တော့မပေါ့။

ခုလို ငွေကြေးပြန်လျော်ရတာမျိုး မဖြစ်ရင်လည်း ဒီမြေဝယ်ပြီးမှ တစ်ခုခုဖြစ်တာတွေ၊ နေတဲ့အခါ စီးပွားမဖြစ်တာတွေ၊ ကျန်းမာရေးထိခိုက်ကုန်တာတွေ ဖြစ်ကိုဖြစ်မှာသေချာတယ်။

အခိုက်ချိန်မှာ အဝင်စကားပြောတာကိုး။

ဒါကြောင့် နဝင်းနဲ့ အခိုက်ဟာ ခွဲခြားလို့ ဘယ်တော့မှ မရနိုင်ဘူး။

၃ ← မြေဝယ်ရန်
၀    တိုက်တွန်းသူ၏နာမည်
၄
၆
၂
အခိုက် ၅ ← မြေ
၁

*(မြေခိုက်ချိန်မှာ မြေဝင်ရန် ကြိုးစားခဲ့သည်နှင့် မြေပြန်ထွက်သွားရပုံ)*

သတိထားကြည့်လေ တွေ့ရလေပါပဲ။

တစ်ခါကလည်း စနေ့အခါမှာ အသိတစ်ယောက် သပြေခက်တွေ အများကြီးနဲ့တွေ့လို့ဘာလုပ်မလို့လဲဆိုပြီး စပ်စပ်စုစုမေးကြည့်လိုက်ပါတယ်။

သူက ညီအစ်ကိုသုံးယောက်ရှိတယ်။ အကြီးဆုံး။ ကျန်တဲ့ ညီနှစ်ယောက်က အသောက်အစားသမားတွေ။ ရှိတာထိုင်ဖြုန်းနေကြသူတွေ။ကြာလာတော့ ထိုင်ဖြုန်းစရာမရှိတော့ ညီအစ်ကိုသုံးယောက် အမွေဆိုင်တဲ့အိမ်ကိုရောင်းဖို့ လက်ညှိုးထိုးတော့တာပဲ။ အစ်ကိုကြီးက မရောင်းချင်ဘူး။ မိဘအမွေအနှစ်ပျက်သွားမှာစိုးလို့မရောင်းချင်ဘူး။ ကြိုးစားပြီးတော့လည်း စီးပွားတွေရှာကြစေချင်တယ်။ ပြောမရတော့တဲ့အဆုံး သူ့ခမျာ ကြံမိကြံရာကြံတာနဲ့တူပါရဲ့။

အိမ်မရောင်းရအောင် လောကီအစီအရင်တွေလုပ်တော့တာပါပဲ။ အဲဒီ သပြေတွေက အိမ်မရောင်းရအောင် လုပ်မှာ။ သစ်သားပြားတစ်ချပ်မှာ အင်းချပြီးတော့လည်း အိမ်ရှေ့အဝင်အထွက်မှာ မြှုပ်ထားပြီးပြီတဲ့။

ဒါကတော့ တနင်္ဂနွေနံအိမ်ကို ဆပ္ပတ်ပညာရပ်နဲ့ စီရင်တဲ့ ဆပ္ပတ်အစီအရင် ဖြစ်နိုင်တယ်။

၅
၂
၆ ← ဆပ္ပတ်နံ
၁ ← အိမ်
၄
၀
၃

များသောအားဖြင့် ဆပ္ပတ်အစီအ

www.burmeseclassic.com


www.burmeseclassic.com

င်တွေဟာ ထွက်တာရှိသလို ဝင်တာ ွေလည်းရှိပါတယ်။

ခုဟာက မထွက်စေချင်တော့ ဝင်အစီအရင်တွေနဲ့ တူပါရဲ့။ ပြီးတော့ နဂ်နွှေနဲ့ မိတ်ဂြိုဟ်လည်း ဖြစ်တယ် ။ မိတ်ဂြိုဟ်ကို စီရင်ကြတာတွေဟာ သောအားဖြင့်တော့ ကောင်းပါ ယ်။ ခိုင်မာတဲ့သဘောတွေလည်းရှိကြ ါတယ်။ တကယ်လည်း တနင်္ဂနွေနံကို ာင်းစေချင်ရင် ဆပွတ် သောကြာက ရင်ပေးရတာတွေရှိနေပါတယ်။ ဆပွတ် ွေသားက စီရင်ပေးရတာတွေရှိနေပါ ယ်။ မှန်ပါတယ်။ ဒါပေမယ့် -

ခုတွေ့လိုက်ရတာက တနင်္လာအ ါမှာ သောကြာက နဝင်းမှာ တနင်္ဂနွေ ခိုက်နေတဲ့အချိန် -

ဒီလိုမျိုးတွေ့လိုက်ရတော့ နဝင်း ့အားကြောင့် အခိုက်တပေါ်တော့ ါ်လာမှာပဲ။ ဘယ်လိုပေါ်မလဲ။ ခိုက် ီးပေါ်မှာ။ ငုပ်နေရာကနေပေါ်မှာ။ ါ်ရင်အကောင်းပေါ်မှာမဟုတ်တော့ ူး။ ခိုက်ပြီးပေါ်မှာ။




ဒါက အင်္ဂဝိဇ္ဇာပညာအရ အခါ တိုင်တစ်တိုင်မှာ ရဲရဲဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်။

ဘယ်ပညာရှင်တွေပဲဖြစ်ဖြစ် ဒီဆုံး ဖြတ်ချက်ကို လက်ခံကြမှာပါပဲ။ ဘာလို့ လဲ။ အခိုက်၊ အခိုက်လှုပ်နှိုးလိုက်သလို ဖြစ်သွားတာကိုး။ ဒါကြောင့် ခိုက်ပြီးပေါ် မှာ။

ပညာက မမှားပါဘူး။

နှစ်လ၊ သုံးလလောက်ကြာတော့ အဲဒီအသိအိမ်ရောင်းပြီးပြောင်းသွားမှန်း သူ့အိမ်မှာ ဒိုပြင်မျက်နှာစိမ်းတွေတွေ့ တော့မှ သိရပါတော့တယ်။ အိမ်ရောင်း ထွက်သွားပါပြီ။

ပြောရမယ်ဆို အခိုက်ရဲ့သတ္တိအ တိုင်းပါပဲ။

အိမ်ဟာ ခိုက်ပြီးပေါ်လာတဲ့အ တွက် တစ်စစီဖြစ်သွားရပါပြီ။ မှန်ပါ တယ်။ အိမ်တစ်စစီဖြစ်သွားရတာပါ။ ဘယ်လိုတစ်စစီလဲ။ အိမ်ရောင်းလိုက်ရ ပြီး ဝေစုသုံးစုခွဲလိုက်ရတာကိုး။ အိမ်ရဲ့ တန်ဖိုး သုံးပုံကွဲသွားတာကိုး။ ဒါဟာ တစ်စစီပေါ့။ ဒါဟာ အိမ်တစ်စစီကွဲ သွားတာနဲ့ အတူတူပါပဲ။ အခိုက်အတိုင်း မတည်တံ့တော့တဲ့ သဘောပါဘဲ။

ဒါဟာ အင်္ဂဝိဇ္ဇာလက်တွေ့ပညာ ပါ။

လုံးဝမမှားပါဘူး။

ဒါမြင်ရင် ဒါဖြစ်မယ်ဆိုတာ တန်း နေတာပါပဲ။

အဓိက ပြုလုပ်ချင်သူရဲ့ ရည်ရွယ် ချက်ဖြစ်တဲ့ အိမ်ရောင်းမထွက်ဘဲ ခိုင်နေ ဖို့ကတော့ ဖြစ်မလာတော့ပါဘူး။

အခိုက်ချိန်မှာ ခိုက်နေတဲ့နံပေါ် လာတာဟာ မြဲတာမြဲတာမဖြစ်နိုင်တော့ ပါဘူး။

သူက လှုပ်ကိုလှုပ်ရတော့မှာ ဖြစ် ပါတယ်။

ဘာမှမလုပ်ရင် ဘာမှမဖြစ်ပါဘူး။ နဝင်းက လှုပ်လိုက်လို့ကတော့ အခိုက် က လှုပ်ပြီးသားပါပဲ။

တစ်ခါက -

ဆရာရှေ့မှာ ခုလိုပဲ စနေ့အခါ မှာ လူတစ်ယောက်ကို ပြောနေတာနဲ့ ပတ်သက်ပြီး ပညာယူခဲ့ရပုံကို သတိရ လို့။

အဲဒီလူက ဆရာ့ရှေ့ကို စနေ့ အခါမှာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက် လာပါတယ်။

သူဟာ ဆရာ့ရှေ့မှာလည်းထိုင် ပြီးရော -

"ရှာလိုက်ရတာဆရာရယ်၊ ခေါင်း ကို မူးယူရော"

ဆိုပြီး ပြောပါတယ်။

ဆရာက သူ့ကို တစ်ချက်ကြည့် လိုက်ပြီး-

"ခင်ဗျားခရီးသွားမလို့လား"

လို့ ဒေါက်ခနဲ မေးလိုက်ပါတယ်။


ဟိုလူက မငြင်းပါဘူး။


"ဟုတ်ကဲ့"


ဆိုပြီး ဝန်ခံပါတယ်။

"ဟုတ်ရင် အိမ်နဲ့ဘယ်လိုပတ် သက်သလဲ"

လို့ မေးမြန်းပါတယ်။




အဲဒီမှာ အဲဒီလူက -

"ကျွန်တော် အိမ်ဆောက်မလို့ပါ ဆရာ"

လို့ ပြောပါတယ်။

"ဒါဆို ခင်ဗျားအိမ်ဆောက်ဖို့ ပစ္စည်းသွားဝယ်မှာလား"

လို့ ထပ်မေးလိုက်တယ်။


"ဟုတ်ပါတယ်"


လည်း ပြောရော -

"ခင်ဗျားအိမ်ဟောင်းကိုဖျက်တဲ့ သစ်ဝယ်မလို့မို့လား"

ဆိုတော့ ဟိုလူ ဘာမှမပြောနိုင် တော့ဘူး။ ကြက်သေသေပြီး -

"အခု အဲဒီကိစ္စပါပဲ ဆရာ။ လာခဲ့






www.burmeseclassic.com

www.burmeseclassic.com

တာ"

လို့ တအံ့တသြကြီးနဲ့ ပြောပါတယ်

အိမ်ဟောင်းကိုဖျက်တဲ့သစ်ဝယ်ဖို့ ပြောလိုက်တာကတော့ အခိုက်သဘောကို ဆရာပြောထည့်လိုက်တာပါပဲ။ အိမ်ဆိုတဲ့အခိုက်နဲ့ သောကြာနံ သစ်နဲ့ ဂြိုဟ်မြင်ရာမှာ အခိုက်သဘောအရ အိမ်ဟောင်းဖျက်တဲ့သစ်ဆိုပြီး ပြောထည့်လိုက်တာ ဖြစ်ပါတယ်။

ဒီနဝင်းနဲ့ အခိုက်နှစ်မျိုးကို တန်းခနဲတန်းခနဲပြောနေတာနဲ့တင် လူတစ်ယောက်ဟာ တုန်လှုပ်သွားလောက်တဲ့ ပညာကြီးပါ။ ဒါဟာ အင်္ဂဝိဇ္ဇာပါပဲ။

သမာဓိစွမ်းအားရယ်၊ အတွေ့အကြုံရယ် ပေါင်းစပ်ပြီး ပြောလိုက်တဲ့ ဆရာ့စကားဟာ လုံးဝတိမ်းမသွားပါဘူး။

ဒီနေရာမှာ ကိုယ်တိုင်ပုံဖော်ကြည့်ရမယ်ဆိုရင်တော့ ဆရာ့လို ဒေါက်ခနဲပြောနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ်မထင်ပါဘူး။ ခရီးသွားမယ်၊ အိမ်/အလုပ်နဲ့ ပတ်သက်နေတာမို့လား။ ဒါလောက်ပဲ ပြောမိမှာ သေချာပါတယ်။ သိတာကလည်း ဒါလောက်ပဲသိတာကိုး။ တစ်ဖက်က ဟုတ်ပါတယ်ဆိုရင် အဲဒီမှာ ကျေနပ်ပြီး ရပ်သွားမှာပါ။

ဒါကြောင့် ကိန်းဂဏန်းတူရာတူရာကို မြင်ပုံချင်းတူပေမယ့် ဆုံးဖြတ်ပုံအရေးကြီးကြောင်း ဆရာ မကြာခဏဆုံးမခဲ့ပါတယ်။

ထွက်သွားတဲ့ တနင်္ဂနွေတစ်ယောက်ကို စနေ့ြာအခါမှာမြောက်ဘက်လှည့်ပြီး သကြားစား ခေါ်ခိုင်းစဉ်က ဆရာဆူခဲ့ဖူးပါတယ်။

"မင်းက သကြားစားပြီး မြောက်အရပ်ကို မျက်နှာမူတာတော့ ဟုတ်ပါပြီ။ ဘယ်တနင်္ဂနွေကိုခေါ်မှာလဲ"

လို့ မေးခဲ့ပါတယ်။

မှန်ပါတယ်။ တနင်္ဂနွေတော့ ရောက်လာပါတယ်။ ထွက်သွားတဲ့ တနင်္ဂနွေမဟုတ်ပါဘူး။ ရပ်ဝေးမှာနေတဲ့ သူတို့အစ်ကိုကြီးပါ။ တနင်္ဂနွေနာမည်ပါပဲ။ နေမကောင်းလို့ဆိုပြီး ဆေးကုရောက်လာတာပါ။

ဒါက ဂြိုဟ်ကို ရိုက်လိုက်တာမို့ ဂြိုဟ်ရိုက်ခြင်းသဘောပါ။

ဓာတ်ရိုက်တာ မဟုတ်သေးပါဘူး။

တနင်္ဂနွေဂြိုဟ်ကို ထိအောင် သောကြာဂြိုဟ် ပရိယာယ်နဲ့ ရိုက်လိုက်တာဖြစ်လို့ ဂြိုဟ်ရိုက်ခြင်းသဘောပါ။

ဒါပေမယ့် ခပ်လွယ်လွယ်ခေါ်နေကြတာကတော့ ဓာတ်ရိုက် ဆိုတဲ့ အသုံးအနှုန်းပါပဲ။

ဓာတ်ရိုက်ဓာတ်ဆင် ဒီလိုပဲ သုံးကြတာ များပါတယ်။

ခု ဒီနေရာမှာတွေ့လိုက်ရတာကတော့ ဂြိုဟ်သဘောပါပဲ။ ဓာတ်သဘော မဟုတ်ပါဘူး။

ဒါကို ယတြာလို့လည်း မခေါ်ပါဘူး။

ယတြာဆိုတာက ပြုပြင်စီမံဖန်တီးကြတဲ့သဘောလို့ အနီးစပ်ဆုံး ပြောလို့ရပါတယ်။

ဥပမာ လူတစ်ယောက်ဟာ ကံအရမ်းနိမ့်နေပြီဆိုရင် အဲဒီလူဟာ ဘုရားစေတီတွေကိုသွား တံမြက်စည်းတွေလှူညီး၊ အမှိုက်တွေကောက်၊ ရေညှိတွေတိုက်ချွတ်ဆေး၊ မြက်တွေနုတ် ဆိုတာတွေကို ပြုလုပ်လိုက်တာဟာ ယတြာပါပဲ။

သူဟာ ညံ့လွန်းလို့ သူ့ကို တမင်ပင်ပင်ပန်းပန်း လုပ်ခိုင်းလိုက်ရတဲ့ သဘောဟာ ယတြာပါပဲ။

နေမကောင်းဖြစ်ရင် သတ်မယ့်ဆဲဆဲ ငါးတွေ အရှင်ဝယ်လွှတ်တာမျိုး၊ ငှက်လေးတွေ၊ ကြက်လေးတွေ လွှတ်တာမျိုး၊ ဒါဟာ ယတြာပါ။

ကိုယ်မသေချင်ဘူး။ ဒါဖြင့် သူများလည်း သေချင်မှာမဟုတ်ဘူး။ ဒီလိုဆို သူ့အသက်ကို ကယ်တယ်။ သူ့အသက်ကိုကယ်လိုက်တဲ့အတွက် ကိုယ့်ကျန်းမာရေးကောင်းလာမယ်ဆိုတဲ့ ယုံကြည်မှု ဖြစ်ကိုဖြစ်လာတယ်။

ယတြာရဲ့သဘောဟာ ဒါမှလည်း ထိရောက်မှာ။

ရင်ထဲကိုရောက်သွားမှ ထိတာ။

ယုံကြည်ချက်ရှိမှထိတာ။

ပြီးတော့ ပေးဆပ်ပုံအကြောင်းအရာ အင်အားတူမှ ယတြာ ဆိုတာ ထိရောက်တာ။ လက်တွေ့တွေ အများကြီးရှိနေပါတယ်။

ဘယ်လိုအင်အားတူတာလဲ။

ခုနပြောသလိုပါပဲ။ ကျန်းမာရေးမကောင်းဖြစ်နေတဲ့ လူတစ်ယောက်ကို ခင်ဗျားဗျာ သတ်မယ့်ဆဲဆဲ ငါးအရှင်အကောင် (၂၀) လောက်ကို ဘာဈေးမှ မဆစ်ဘဲ ဒီတိုင်းဝယ်ပြီး ရေအရှင်မှာ လွှတ်လိုက်စမ်းပါ။ ခင်ဗျားရောဂါ တဖြည်းဖြည်းဆေးတိုးမလာရင် ကြိုက်သလိုပြော၊ ရောဂါပျောက်မသွားရင် ကြိုက်သလိုပြောဆိုတာနဲ့ အဲဒီလူဟာ ရင်ထဲရောက်သွားပါပြီ။ သူက မသေချင်ဘူးလေ။ ဒါဖြင့် သတ်မယ့်ဆဲဆဲ သတ္တဝါလေးတွေကို ကယ်တယ်။ ဒါကပေးဆပ်ပုံတူတယ်။ ဒါကြောင့် ဒီလိုယတြာမျိုးက အထမြောက်တာများတယ်။

ခင်ဗျားဗျာ၊ ဒါလောက် နေမကောင်းနေတာ ဓာတ်တိုင်တစ်တိုင်နဲ့ တစ်တိုင်ကြားကို လေလေးချွန်ပြီး သီချင်းလေးဆိုသွားစမ်းပါလို့ ပြောလိုက်ရင် သူ့ရင်ထဲရောက်ပါ့မလား။

ပေးဆပ်ပုံကော တူပါ့မလား။

မကျန်းမာတာလေ။ မကျန်းမာတာကိုချေရမယ့်ယတြာက ကျန်းမာခြင်းနဲ့ဆိုင်တာ၊ အသက်ရှည်ခြင်းနဲ့ဆိုင်တာ၊ အသက်ကယ်ခြင်းနဲ့ဆိုင်တာ ဘာပါလဲ။

ခင်ဗျား ဒါလောက် နေမကောင်းဖြစ်နေတာဗျာ။ ခဲလုံးတစ်လုံးကို ရေလယ်ကောင်ဝေးဝေးရောက်တဲ့ထိ လှမ်းပစ်လိုက်စမ်းဆိုရင်ကော ပေးဆပ်ရမယ့် အကြောင်းအရာတူပါ့မလား။

ပညာလည်းတတ်၊ ဗဟုသုတလည်းရှိ၊ အရွယ်လည်းရှိသူတစ်ယောက်ကို အဲလိုယတြာသွားပေးရင် -

-သူ့ရင်ထဲရောက်ပါ့မလား။

သူ့အသိနဲ့သူတိုင်းတာတော့မယ်လေ။

ငါနေမကောင်းဘူး။ ခဲလုံးကဘာလို့ ပစ်ခိုင်းတာလဲ။

တကယ်လို့ သူဟာ ကြာသပတေးသားဖြစ်နေရင် ခဲလုံးဆိုတဲ့ ဂဠုန်ဓာတ်ကို ရေမျှောခိုင်းတာပဲ။ ဒါဟာ တည်ဆောက်တာလား၊ ယိုယွင်းစေတာလား။

ဒီလိုမှမဟုတ်ရင်၊ တနင်္လာသားဖြစ်နေရင် ဟာ - ငါ့နံတူကို ရေထဲပစ်ခိုင်းတာလားဘာညာဆိုပြီး သူ့အသိနဲ့သူလိုက်ချိန်တော့မယ်။

ဒါကို ပညာပါလို့ပြောရင် ခိုင်မာတဲ့အကြောင်းပြရတော့မယ်။ လက်တွေ့ရှင်းပြရတော့မယ်။

မရှင်းနိုင်ဘဲ ကျုပ်ခိုင်းတာသာ ခင်ဗျားလုပ်စမ်းပါဗျာ ဆိုလို့ကတော့ ပညာကို သူ့ရှုထောင့်အမျိုးမျိုးကကြည့်တော့မှာ သေချာတယ်။ ဒီလို သံသယစိတ်ဝင်လာပြီဆိုတာနဲ့ ယတြာရဲ့ သဘောဟာ ပျက်သွားပါပြီ မဖြစ်နိုင်တော့ပါဘူး။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ ၊ ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တ၀၀၀၀ - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ သယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလား ခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ရှည့်နိန့်နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ခရာ စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး အမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ထင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သင်္ဘောသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဘ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "အဲဒါလေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ လေ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြဂုဏ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် ဘာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင် ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ် ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာ ပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက် နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊လေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေညီညွတ်ဆေး "ကိုသုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

စစ်ပင်ရွာ။

အေးချမ်းသာယာစွာရှိပြီး ပကတိ အေးအေးချမ်းချမ်းရှိလှသည့် ရွာလေး တစ်ရွာ။

ရွာတည်ခဲ့သည့် နှစ်ကာလကို မည်သူမျှ အတိအကျပြောပြနိုင်စွမ်း တော့ မရှိကြတော့ပါဘူး။ အထင်အမြင် နှင့်ဝန်းကျင်ပတ်ကုံးကိုကြည့်ပြီး ကောက် ချက်ချကြည့်လိုက်ရင်တော့ ရွာအဝင် လှည်းလမ်းဘေးမှာ ထီးထီးမားမားကြီး ရှိနေတဲ့ ဧရာမနှစ်ချို့စစ်ပင်ကြီးတစ်ပင် ကို အမှီပြု၍သာ စစ်ပင်ရွာဟု အမည် သညာပညတ်ခဲ့ခြင်းလည်း ဖြစ်ဟန်တူပါ တယ်။

ထူးထူးခြားခြား ရွာအလယ်မှာ တော့ ဟသ်ာတ၊ ဓမ္မာ၊ မြို့ကွင်း၊ မြန် အောင်၊ ကြံခင်းသွားကားလမ်းနဲ့အပြိုင် ကွေ့ရရစီးဆင်းနေတဲ့ ရေလျှဉ်ချောင်း ကလေးကလည်း တည်တည်ငြိမ်ငြိမ် ရှိ နှစ်တွေကို တိုက်စားပြီးစီးနေတာမို့ ရေ ကတော့ ဝါကြင့်ကြင့်။ သုံးရေ ချိုးရေ အတွက်မကောင်းပေမယ့် စိုက်ပျိုးသီး နှံပင်တွေ ရေသောက်ဖို့ အဆင်ပြေပါ တယ်။ ရေနည်းတဲ့လယ်တွေ ရေတင် ပေးနိုင်တယ်ဆိုတော့ ရွာနဲ့ချောင်းဟာ အကြောင်းပေါင်းသင့်တယ်လို့တောင် ဆိုရပေမယ်။ စစ်ပင်ရွာထဲကို ဖြတ်စီးတဲ့ ချောင်းပေမို့ စစ်ပင်ချောင်းရယ်လို့ အ မည်အရည်ပြုစေတာလည်း မဆန်းပေ ဘူးပေါ့။

ဒီချောင်းလေးမှာပဲ အကြောင်း ပြုပြီး ငါးဖမ်း၊ ငါးမျှား၊ ကွန်ပစ်၊ ယကွင်း ထောင်စတဲ့ ငါးဖမ်းခြင်းအလုပ်ကို တံငါ သည်လို့ဆိုနိုင်ပေမယ့် အားလပ်တဲ့ အချိန်ပိုင်းမှာ ဟင်းစားရှာထွက်ကြတဲ့ သူတွေကိုတော့ ဘယ်လိုခေါ် ရမယ် မသိ။ ဒီချောင်းရေလျှဉ်မှာ ငါးမျှားဖို့၊ ကွန်ပစ်ဖို့၊ ပိုက်ချဖို့ကို ဘယ်သူ့ဆီမှာမှ အခွင့်တောင်းစရာမလို။ လေလံတင် အင်းဆွဲစရာမလို။ လုပ်ပိုင်ခွင့်ပါမစ်ရဖို့ ကိုလည်း ဘယ်အာဏာပိုင်ဆီကိုမှ တင် ပြစရာမလိုသေးတဲ့အခါသမယဆိုတော့ ကာလက အတန်အသင့်ကြာခဲ့ပြီပေါ့။

တစ်နပ်တစ်အိုး ဟင်းစားရဖို့သာ အဓိကထားကြတာမို့ သူပိုင်တယ်ငါဆိုင် တယ် သူ့ချောင်းငါ့ချောင်း၊ သူ့နယ်မြေ ငါ့နယ်မြေရယ်ဆိုပြီး မောင်ပိုင်စီးတဲ့သူ တွေမရှိသလို ဘယ်သူမှမူပိုင်ယူအတည် တကျမရှိကြပါဘူး။ ရွာထဲဖြတ်စီးတဲ့ ချောင်းပေမို့ တစ် ရွာလုံးနဲ့ သက်ဆိုင် ပြီး တစ်ရွာလုံးပိုင်တဲ့ ချောင်းလို့တောင်ဆို ရပေမယ်။

ရွာရဲ့အဓိက အသက်မွေးဝမ်း ကျောင်းမှုကတော့ လယ်ယာစိုက်ပျိုး ရေးပဲ ဖြစ်ပါတယ်။ တောင်သူယာလုပ် မားမခုတ် ဆိုသလို မိရိုး ဖလာ လယ်ယာစိုက်ပျိုး ရေးအလုပ်ဟာ ဟိုးရှေး အတီတော ဘိုးစဉ်ဘောင် ဆက်က စခဲ့တာဆိုတော့ ကာ တို့ဘိုးဘွားအမွေစစ် မို့ ချစ်မြတ်နိုးပေဆိုသလိုပဲ အဘေး၊ အဘိုး၊ အဖေကနေ ကိုယ့်အလှည့်ရောက်လာတော့ ထွန်တုံးကို လွှဲပြောင်းပြီး တာဝန် ယူ၊ နကန်ကိုပြောင်းကိုင်ပြီး သည် မြေသည်ရွာသည်လယ်တွေမှာပဲ နွားနဲ့ထွန်တုံးဖက်ပြီးကြီးလာခဲ့ရတာ။

လယ်လုပ်မှ ထမင်းဝတယ် ဆိုတဲ့ အသိအတွေးတွေဟာ ဘယ်တော့မှ ဆွေးမြည့်သွားမှာကို မဟုတ်ပေဘူး။ ကျုပ်တို့ တောသူတောင်သားတွေရဲ့ ဦးနှောက်နဲ့ အသည်းနှလုံးထဲမှာ သံမှို နှက်ထားသလို အရိုးအကျပေမယ့် ခြင် ဆီထိတိုင်အောင် စွဲနေတယ်လို့ဆိုရင် တောင် ကျုပ်မလွန်လွန်းပါဘူးဗျာ။

ကျုပ်တို့လယ်သမားတွေကို နေ ရာအတန့်အသင့်ပေးလို့ ထမင်းရှင်၊ ကျေးဇူးရှင်၊ အသက်သခင် တောင်သူ လယ်သမား ဦးကြီးများရယ်လို့ တလေး တစား အခေါ်ခံထားရတာကိုပဲ ကျုပ်တို့ မှာ ဂုဏ်ယူလို့ကိုမဆုံးနိုင်တော့ပါဘူး။

ရွာမှာဆို အိမ်တိုင်းလိုလိုမှာ တစ် နိုင်တစ်ပိုင် ကျွဲ၊ နွား၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်တို့တဲ့ အိမ်မွေးတိရစ္ဆာန်တွေကို လည်း မွေးမြူထားကြပါတယ်။ ရွာမှာ လာပြီးစီးပွားရှာတဲ့ ရှားရှားပါးပါး တရုတ် တစ်ယောက်တော့ရှိတယ်။ သူ့နာမည် က ကိုကျင်ဝှက်တဲ့။ သူ့အလုပ်ကတော့ လယ်မလုပ်ဘူး။ ဘိုးဘွားအမွေစစ် မဟုတ်လို့ မချစ်လို့မလုပ်တာလားတော့ မသိပါဘူး။ လယ်မလုပ်ပေမယ့် သူ့မှာ ဝမ်းစာစပါးက (၁၆) တင်းဝင် ပုတ် တောင်းအပြည့်။ တရုတ်နဲ့ ဝက် အတူ




www.burmeseclassic.com

www.burmeseclassic.com

# ပန်းမြိုင်လယ်-စိန်ဝင်း

## ယွင်းမှားသစ္စာဖောက်မိတာကြောင့်



ဖက်ပြီး မွေးလာသလားမသိ။ သူ့စီးပွား ဖြစ်အလုပ်က ဝက်ကိုအကြီးအကျယ်မွေး တယ်။ ပြီးတော့ စပါးပေးတို့ ဝက်မွေး ဘက်ပေးတွာတို့ကိုလုပ်လိုက်သေး။ ရွာ ထဲက တစ်နိုင်တစ်ပိုင်မွေးတဲ့သူတွေကို သူကပြောလိုက်သေးတယ်။

"ကောင်းလယ်၊ အားကီးကောင်း လယ်။ ဝိမွေးလယ်ဆိုလာ စုဘူးကီးတွေ စုထားကြစလိုပဲ။ ဝိရောင်းချင် ငါ့ကိုပြော၊ ဝိမွေးချင်ငါ့ကိုပြော"

ဆိုတဲ့ ကူကယ်ရာ ကူညီလိုက်ပါရ စေဆိုတဲ့စကားကို ပဏာမခင်းပြီးဆွဲစား နေတာ။ အရိုးခံလယ်သမားတွေ ပါးပါး အလိုးခံနေရတာမသိရှာကြဘူး။ ရိုးလွန်း တော့ အ,ဆိုတာ တို့လိုလယ်သမားတွေ ကိုပြောတာလားလို့တောင် ထင်မိပါရဲ့။ ကဲ-ထားတော့။ ရွာရဲ့ချစ်စရာခလေ့လေး ဆက်ပြောလိုက်ချင်သေးတယ်။

ရွာမှာဆိုရင် အိမ်ခြံဝိုင်းတွေက အကျယ်ကြီးတွေ။ သစ်ပင်ပန်းမန်သစ် သီးဝလံတွေကလည်း ပေါမှပေါ။ တချို့



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ကွမ်းခြံကြီးတွေနဲ့ ပွားစီးလို့။ ရာသီပေါ် ဂေါ်ဖီ၊ ငရုတ်၊ ချဉ်ပေါင်၊ ခရမ်း၊ ရုံးပတီ၊ နံနံ၊ မုန်ညင်း၊ ဆလတ် စတဲ့ မီးဖိုချောင်သုံးဟင်းစားပင်တွေကို တော့ အိမ်နောက်ဖေးတိုင်းမှာ တစ်ယောက်နဲ့တစ်ယောက် မရိုးရလေအောင် ဈေးဆိုင်တည်ထားကြတာကလည်း အားကျစရာ။ ဘယ်သူ့ကိုမှ တစ်အိမ်ကို ဆယ်ပင်စိုက်၊ ဆယ်ကောင်မွေး၊ မလုပ်မနေရဆိုပြီး အမိန့်နဲ့အာဏာပေး စေခိုင်းထားတာမျိုးလည်း မဟုတ်ရပါဘူး။

ထူးတဲ့ချစ်စရာ့ရွာဓလေ့ကတော့ သူ့အိမ်ခြံဝိုင်းထဲက သခွားသီးခူးယူပြီး ကိုယ့်အိမ်ခြံထွက် ဘူးသီးပြန်ပေးတတ်တာ။ သူ့ခြံထဲက ချဉ်ပေါင်ရွက်ခူးရင် ကိုယ့်ပလိုင်းထဲက ငါးကိုဟင်းစားပြန်ပေးခဲ့တတ်တာမျိုးဆိုတော့ အဆင်ပြေပြီး "လိုက်လျောညီထွေရှိလှပါပေတယ်။ ဆိုရရင်တော့ တစ်ရွာတည်းသားတွေဟာ ဆွေနီးမျိုးစပ်တွေလို ဖြစ်နေကြလို့ပါပဲ။

ကျုပ်တို့ စစ်ပင်ရွာသားတွေမှာ များသောအားဖြင့် အလုပ်နဲ့လက်ဆိုတာ ဇယ်စက်သလို ပြတ်လှတယ်လို့ကို မရှိလှပါဘူး။ ကိုယ့်ဝါးကိုယ်ခုတ်၊ ကိုယ့်နီးကိုယ်ထိုး၊ ပြီး ကိုယ့်အိမ်သုံးဖို့ ဆန်ကော၊ ဆန်ခါ၊ ပလိုင်းတောင်း၊ ထရံကာအစ ကိုယ်တိုင်ရက်တတ်တဲ့ လက်မှုအတတ်ကိုလည်း အထူးအထွေသင်တန်းကျောင်းတွေတက်စရာမလို၊ အခပေးပြီး သင်ယူစရာလည်းမလိုပါဘူး။ တစ်ယောက်လုပ်နေတာတွေ့ရင် မသိကျိုးကျွန် မမြင်ကျိုးကျွန်ဘယ်တော့မှမလုပ်ဘူး။ ဟန်ဆောင်မှုကင်းတယ်။ မြင်လိုက်တယ်ဆိုရင်ပဲ တစ်ဖက်တစ်လက် ကူညီညာလုပ်ကိုင်ပေးရင်း တတ်ခဲ့ကြတာချည်းပါပဲ။

ကဲ-ရွာအကြောင်းပြောရရင်တော့ ပြောမဆုံးပေါင် တောသုံးထောင်လို့တောင် ဆိုရတော့မယ်။ လူညီချက်ကလည်း အံ့ဖွယ်သရဲလို့တောင် ပြောယူရတဲ့ရွာပါ။ စစ်ပင်သားဆိုတာနဲ့ကို ဖြူပြီး မဟုတ်တာဆက်မလုပ်ရဲကြတော့ဘူး။ မဟုတ်မခံလုပ်ပြန်ရင်လည်း လက်သည်လုံးဝမပေါ်ဘူး၊ အဂရွာသားတွေ။

### အခန်း (၂)

စစ်ဆိုတာ လွတ်လပ်ရေးမရခင် ကာလတုန်းဆီကဆို ခါးခါးသီးသီးကြုံခဲ့ကြရတဲ့ မဟာလူသတ်ပွဲကြီးတွေပါပဲ။ အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်နက်ရှိတဲ့လူက အနိုင်ယူတာ။ အာဏာဟာ လက်ညှိုးဖျားမှာ၊ လက်ညှိုးတစ်ချက်ကွေးရုံနဲ့ ကြက်ကလေးငှက်ကလေးတွေလို အတုံးအရုံးသေကုန်ကြရတာ။ ဟိုးဂျပန်တစ်ခေတ်မှာဆို ဂျပန်တွေရဲ့ ရက်စက်မှုဒဏ်ကို အလူးအလဲခံကြရတယ်။ နယ်ချဲ့ဗြိတိသျှရဲ့ရန်ကကာကွယ်ဖို့ အင်္ဂလိပ်ကို တိုက်ထုတ်ဖို့ ဂျပန်ကို အကူအညီတောင်းခံရာက ရောက်လာခဲ့ကြတဲ့ ဂျပန်တွေဟာ ရောက်စကတော့ ကူကယ်ရာ ကယ်တင်ရှင်ကြီးတွေလိုလိုနဲ့ နောက်တော့ သူတို့ရဲ့သရုပ်သကန် ပေါ်လွင်လာခဲ့ရတာပါ။

မြန်မာ့ရေမြေတောတောင် သံယံဇာတတွေဟာ သူတို့အတွက် မက်လောက်စရာဖြစ်လာတဲ့တယ်။ ၁၉၄၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှာတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ စစ်ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးက အမိန့်တစ်ရပ်ထုတ်ပြန်လိုက်တယ်။ ဒီအမိန့်ကို ကြားရတဲ့ မြန်မာ့မျိုးချစ်လူငယ်တွေဟာ တောက်ခေါက်အံကြိတ်ဖြစ်ရတဲ့အထိပဲ ဆိုပါတော့။ အမိန့်ကြေညာချက် (၁၁) ချက်ထဲက မှတ်မိသလောက် ပြန်ပြောရရင်တော့ ဂျပန်စစ်တပ်ကို စစ်ရိက္ခာပေးရန်၊ ကုန်ကျခဲ့တဲ့ ခဲယမ်းမီးကျောက်တန်ဖိုးပေးရန်၊ မြန်မာပြည်အတွင်း စစ်ပွဲ၌ ကျဆုံးသော ခဲယမ်းမီးကျောက်တန်ဖိုးနှင့်တကွ ဂျပန်စစ်သားတစ်ယောက်ကို (၃၀၀၀) ကျပ်ကျ နစ်နာလျော်ကြေးပေးရန်၊ ဂျပန်ပြည်ကတင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းတွေအပေါ် (၁၅) နှစ်အတွင်း ဆိပ်ကမ်းခမယူရန်၊ ဘဏ္ဍာရေးဌာနမှာ ဂျပန်ပြည်ကချေးယူတဲ့ငွေမကုန်မချင်း ဂျပန်အတိုင်ပင်ခံအရာရှိတစ်ယောက်ခန့်ထားရန်၊ ဂျပန်လူမျိုးတွေ မြန်မာ့မြေကိုရောက်ရင် မြေနင်းခမယူရန်ဆိုတဲ့ ကြေညာချက်ဟာ နိုင့်ထက်စီးနင်း တစ်ဖက်စောင်းနင်းဖြစ်တယ်။ လူဝါးဝတယ်ဆိုပြီး နာလိုခံခက်ဖြစ်ခဲ့ကြတယ်။

"လက်သည်းဆိတ်ရင် လက်ထိပ်နာတတ်တာ တို့မြန်မာလူမျိုးတွေပါ။ ဂျပန်ခေတ်ထဲက ဖြစ်ရပ်တစ်ခုဟာ ကာလတွေဘယ်လောက်ကြာကြာ၊ ခေတ်တွေအလီလီ ဘယ်လိုပဲပြောင်းပြောင်း မမေ့ကောင်းတဲ့အဖြစ်လို့ ဆိုနိုင်သလို ဘိုးစဉ်ဘောင်ဆက် ဂုဏ်ယူစရာပြောကွက်ဆိုကွက်တစ်ခုကို ဘယ်အချိန်ပြန်ပြောပြော မရိုးနိုင်မအီနိုင်ခဲ့ပါဘူးနော်။

ဂျပန်တွေဆိုတာ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာကိုသာ ရှေ့တန်းတင်တတ်ကြတာကလား။ လက်နက်နဲ့ အာဏာရှိတယ်ဆိုပြီး ထင်တိုင်းကြဲ ထ[...] တိုင်းဖြစ်တယ်လို့ ပုံသေကားချ တွ[...] ထားတတ်ကြတာ၊ ကျုပ်တို့စစ်ပင်ရွာ[...] ကို ဂျပန်တွေဝင်လာပြီး သောင်းကျ[...] တာလေးကို ပြောချင်လို့ပါ။

ရွာထဲကို ဂျပန်ဝင်ပြီဆိုတာနဲ့ [...] ဟောင်သံ၊ ကြက်အော်၊ ဘဲအော်သံ[...] ဟာဆူညံသွားတတ်တာ။ သူတို့အတွ[...] ရိက္ခာအဖြစ် ဝပ်နေတဲ့ ကြက်တင်းထဲ[...] ကြက်ဥတွေကိုလည်း ချမ်းသာမပေး[...] တွေ့တဲ့ကြက်၊ ဘဲဆိုလည်း အထင်း[...] ဝင်ဆွဲလားဆွဲရဲ့။ တောင်းပန်တိုးလျှိုး[...] မလုပ်ဖို့ရာ အသနားခံသူတွေဆို ပါးရိုက်[...] ချလိုက်တာမျိုး သိတယ် မဟုတ်လား[...] ဂျပန်ပါးရိုက်တယ်ဆိုတာ ဘယ်မြန်[...] ပြန် အဆက်မပြတ် အသွားအပြန်[...] ရိုက်ချတာ။ ရိုက်ချက်ကလည်း ပြင်[...] ပြင်း။ ကိုယ့်အသားမှမဟုတ်ပေတာ[...]

အဲဒီအခြေအနေအထိ ပြန်မပြော[...] ရဲသလို သူတို့လက်ထဲက သေနတ်[...] ကြောင့် အားမတန်လို့သာ မာန်လျှော့[...] ချထားရတာ။ ဒါပေမယ့် အကာအကွယ်[...] ယူပြီး ချောင်းမြောင်းကြည့်နေကြတဲ့[...] တွေအဖို့ အသည်းတယားယား၊ အံ[...] ကြိတ်ကြိတ်နဲ့ ကြိတ်မှိတ်ပြီး စိတ်ထဲ[...] နေဆဲကြရတာ။ တောက်ခေါက်[...] လက်သီးတွေတောင် ကျစ်ကျစ်ပါအောင်[...] ဆုပ်လို့။

အဲ - ဒါပေမယ့် ကိုယ့်ရွာထဲ[...] တစ်ရွာတည်းသူ မြန်မာမိန်းကလေး[...] ချောချောလှလှလေးတွေကို တွေ့[...] ဂျပန်တွေက အတင်းဆွဲလားရမ်းလား[...] စော်ကားမော်ကားလုပ်လာတာလည်း[...] မြင်ရော ဘယ်လိုမှကို အံကြိတ်သည်း[...] နိုင်စွမ်းမရှိတော့ဘူး။

ကျည်ကွယ်မျက်ကွယ်က ချောင်း[...] နေကြတဲ့ မျိုးချစ်ကာလသားတွေဟာ[...] မျက်စိနဲ့အချက်ပေးပြီး ဖြုန်းခနဲ မထင်[...] မှတ်ရလောက်အောင် တုတ်တွေ၊ [...] တွေနဲ့ အသက်စွန့်ပြီး ဝင်ခုတ်ကြ၊ ရိုက်[...] ကြနဲ့ဆိုတော့ ဂျပန်တွေလည်း အလ[...] အငိုက်ခံလိုက်ရကာ အတုံးအရုံးသေ[...] ကုန်ကြတယ်။ သေနတ်သံတစ်ချက်[...] မထွက်လိုက်ရဘဲ အောင်ပွဲဆင်နွှဲနိုင်[...] ကြတာ။ တစ်ရွာလုံးလူညီတော့ လက်[...] စပျောက်ရှင်းပစ်ကြတာပေါ့။ ဘာ[...] ပြဿနာမဖြစ်ခဲ့ဘူးဆိုဘဲ။

ဂျပန်တွေဆီကရလိုက်တဲ့ လက်[...] နက်တွေ၊ ကျည်ဆန်တွေကိုတော့ မျိုး[...] တော်လှန်ရေးရဲဘော်တွေလက်ထဲအပ်[...] ပေးလိုက်ကြတာပါ။ တစ်ရွာလုံး ဘယ်သူ[...]

www.burmeseclassic.com

ရွာမဖောက်ဘူး။ ဘယ်သူကမှ ဖော် ောင်မလုပ်ကြဘူး။ ဒီလိုလူညီတဲ့ရွာ၊ ထိ မချိအောင်နာတဲ့ရွာ။ မျိုးချစ် ာတ်ပြင်းပြထက်သန်လွန်းတဲ့ရွာ။ ကြောင့် ဝန်းကျင်ပတ်ကုံးရွာတွေအား ထဲမှာ မှတ်ကျောက်အတင်ခံနိုင်ခဲ့တဲ့ ဆိုတာ ဒီရွာသားဖြစ်တဲ့ ကျုပ်တို့ ော့ ဂုဏ်ယူလို့ကိုမဆုံးနိုင်တော့ပါဘူး။

ပြောလက်စနဲ့ဆက်ပြောရဦးမယ်။ မဝန္တာချီးမွမ်းခန်းဖွင့်တယ်လို့ဆိုချင် ည်း ဆိုလိုက်ပါတော့။ မပြောမပြီး မြည် ဆိုတဲ့စကားကရှိနေတော့ အသားမောင်လို့ပဲဆိုဆို၊ ကိုဖိုးကြွားလို့ ပြောချင်ပြော၊ ကျုပ်ကတော့ ဆက် မှာပါ။ တောမီးလောင် တော ောင် လက်ခမောင်းခတ်ဆိုတဲ့ စကား ဖူးမှာပေါ့။ ခေတ်ဟောင်းကအဖြစ် တော့လည်း အခါကာလကြာခဲ့ပါပြီ။ ခဲ့တဲ့နှစ် (၅၀) ကျော်လောက်က ပြည်မငြိမ်မသက်ရှိနေဆဲအချိန်။ ပြည်ကွန်မြူနစ်ပါတီသောင်းကျန်း တဲ့အခါမှာ ရောင်စုံသူပုန်တွေက ည်း တစ်မှောင့်၊ မြွေပူရာကင်းမှောင့် သလို သူခိုး၊ ဓားပြတွေကလည်း တစ် ယ်လို့ဆိုရပေမည်။

သူခိုး၊ ဓားပြဆိုတာ အခြေအနေနဲ့ ချိန်အခါကို တွက်ဆပြီး ခိုးကြ၊ တိုက် တာကလား။ ဟိုးတုန်းကဆို စစ်ပင် ချောင်းရဲ့အရှေ့ဘက်ကမ်းမှာ ရှားရှား ဘိုးလေးဖိုးထွန်းတို့တစ်အိမ်ထဲရှိ ။ အနောက်ဘက်ကမ်းမှာသာ ရွာ န်းရှည်ကြီးဖြစ်နေတယ်။ ဘိုးလေးထွန်း မ်နဲ့ ဟသာတ-ကြံခင်းသွားတဲ့ ရထား မ်းဟာ ကွင်းတစ်ကွင်းသာ ခြားတာ ချောင်းကိုတော့ ဝါးတံတားလေးနဲ့ ကြရတယ်။ ချောင်းတစ်ဖက်ကမ်းမှာ တစ်အိမ်တည်းဆိုပေမယ့် ဟိုဘက်ကမ်း ဘက်ကမ်းဟာ သိပ်ပြီး အလှမ်းဝေး တော့ မဟုတ်ပါဘူး။ စကားကျယ် ယ်ပြောရင် အသံကြားရသလို ပြေး ရင်လည်း တစ်ခဏလေးနဲ့ကိုရောက် ပါတယ်။

မှတ်မှတ်ထင်ထင် ရွာက ဘထွေး အေးမောင့်ရဲ့ရှင်ပြုအလှူပွဲကြီးဟာ ရွာ တကျွတ်မီးခိုးတိတ်တဲ့ပွဲကြီးပေါ့။ အလှူ လည်း ဘာစည်သလဲမမေးနဲ့။ ကွမ်း ောင်ပန်းတောင်ကိုင်တွေကလည်း ရှိ တဲ့ရွှေတွေ ပုံအောပြီးဝတ်ကြတာ။ တချို့ လည်း ဝိုင်းဝန်းဆင်ထားကြတော့ တ်နေအောင်ကို ပြောင်ပြီးတောက်ပ နေကြတာပေါ့။

ရွာရဲ့ အလှပဂေး ကွမ်းတောင်ကိုင်မလေး သိန်းသိန်းနု ဆိုတာ သူ့ အသားဝင်းဝင်းဝါဝါမှာ လက်ကောက်တွေ ဘယက်တွေ ဆွဲကြိုးတွေကလည်း လက်လက်ထလို့။ သူ့မှာရှိတာရော ဆွေဆွေမျိုးမျိုးတွေက ဝိုင်းဝန်းဆင်ထားတာပါဆိုတော့ တကယ့်ကို အထင်ကြီးစရာ။ အားကျစရာကောင်းလှပေတာပေါ့။ အလှူပွဲမှာ အားခဲပြီး နွှဲထားကြတဲ့ စစ်ပင်ရွာသားတွေဟာ ပွဲလည်းပြီးရော ခြေကုန်လက်ပန်းကျနေတဲ့အချိန်။

ဒီလိုအခြေအနေနဲ့ အချိန်အခါကို တွက်ဆထားတဲ့ ဓားပြတွေဟာ သိန်းသိန်းနုဝတ်ဆင်ထားတဲ့ ရွှေတွေကို တပ်မက်သလို ကမ်းတစ်ဖက်ခြားတဲ့ အိမ်လည်း ဖြစ်တယ်၊ ရွာသူရွာသားတွေလည်း ပင်ပန်းနေတာဆိုတော့ အလစ်အငိုက်မှာပဲ ဘိုးလေး ဖိုးထွန်းအိမ်ကို ဓားပြဝင်တိုက်ပါတော့တယ်။ ဓားပြခေါင်းဆောင်က လုပ်သေနတ်တစ်လက်နဲ့ ကျန်တဲ့ဓားပြလေးယောက်က ဓားလွတ်တွေကိုင်ထားကြတယ်။ ဓားပြအင်အားက ငါးယောက်တောင်၊ ပြီးတော့လည်း သေနတ်ကတစ်လက်၊ ဓားလေးချောင်းဆိုတော့ လူ့အသက်ဇီဝိန်ကို တစ်ခဏအတွင်းမှ ခြွေချသွားနိုင်ပေတာပဲ။ အင်အားချင်းမမျှတော့ တောင်းတဲ့ပစ္စည်းတွေ အကုန်ထုတ်ပေးရတယ်။ မပေးလို့ ငြင်းဆန်ပြန်ရင်လည်း သတ်ကြဦးမှာ။ ဓားပြခေါင်းဆောင်လုပ်တဲ့ သူက ပစ္စည်းတွေကိုကြည့်ပြီး မကျေနပ်နိုင်သေးဘဲ -

"ဟာ-မင်းတို့ဟာမဟုတ်သေးပါဘူးကွ။ ဒီကလေးမ ဟိုနေ့က အလှူမှာဝတ်ထားတဲ့ရွှေတွေက ဒီထက်မကပါဘူး။ ကျန်တာတွေ ဖွက်မထားနဲ့ အကုန်ထုတ်နော်။ မဟုတ်လို့ကတော့ အကုန်ပစ်သတ်ခဲ့မှာ။ ကျုပ်သေနတ်က လူမရွေးဘူး"

"အသက်ကိုတော့ ချမ်းသာပေးကြပါ မောင်မင်းကြီးသားတို့ရယ်။ ဟောဒါရှိတဲ့ပစ္စည်းအကုန်ပါပဲ။ အလှူမှာဝတ်တဲ့ပစ္စည်းတွေက သူများဟာတွေကို ခဏငှားဝတ်ရတာပါကွယ်။ ဘုရားပေးပေးကျိမ်းပေးပေးပါကွယ်။ အခေါ်တို့မှာ အိုစာမင်းစာ အဲ့တာအကုန်ပဲပါ"

ဘွားလေး ဒေါ်စိန်ရင်က တောင်းတောင်းပန်ပန်ပြောနေပါတယ်။ ဘိုးလေးဖိုးထွန်းကတော့ ဓားမိုးထားတဲ့ဓားပြရဲ့ဓားအောက်မှာ ဆောင့်ကြောင့်ထိုင်ပြီး အံကြိတ်လို့ အခြေအနေကို အလစ်မပေးဘဲ အကြံထုတ်နေတယ်။

"ဟာကွာ၊ မင်းတို့ညာနေကြတာ။ ရှိတာဖွက်ထားတာထုတ်။ မထုတ်ရင်တော့ ဒီကလေးမကို ခေါ်သွားမယ်"

ပြောပြောဆိုဆို ထိုင်ပြီး ငုံ့ဝပ်နေရာတဲ့ သိန်းသိန်းနုလေးကို လက်ဆွဲပြီး အတင်းပွေ့လားဖက်လားလုပ်လာတော့ အောင့်အည်းသည်းခံထားရတဲ့ စိတ်ကို သေနတ်တွေ၊ ဓားတွေအောက်မှာ ချုံးနှိမ်ထားရပေမယ့် အခုတော့ မရတော့ဘူး။ ဓားပြအားလုံးရဲ့အကြည့်ဟာ ခေါင်းဆောင်လုပ်သူရဲ့လုပ်ရပ်အပေါ်မှာ စီးမျောသွားသည့် အခိုက်အတန့်လေးမှာပဲ သိမ်းငှက်တစ်ကောင်ရဲ့လျှင်မြန်တဲ့အဟုန်မျိုးနဲ့ လေထဲမှာမြောက်တက်ပြီး-

"ကျား အား ဖောင်း ဒိုင်း"

အော်သံမြည်သံသေနတ်သံတွေက ဆက်တိုက်နီးပါး ဆင့်ကဲထွက်ပေါ်လာခြင်းပါ။ ဖြစ်စဉ်ပုံရိပ်ကို အနှေးပြကွက်မျိုးနဲ့ ပြန်ကြည့်လိုက်မယ်ဆိုရင်တော့ ဓားပြတွေသတိလစ်ချက်အလစ်အငိုက်မှာ အနားက ဓားပြရဲ့ဓားကိုဖြုန်းခနဲလက်ချိုးလိမ်ချလိုက်ပြီး အရှိက်ကို ပတ်ဒူးနဲ့တိုက်ချလိုက်တယ်။ သမီးသိန်းသိန်းနုကို ဖက်လားဆွဲလားလုပ်လို့ သမီးက ရုန်းကန်နေတဲ့အချိန်နဲ့ တစ်ပြေးညီမှာ သေနတ်သမားရဲ့လက်ကို ညာခြေနဲ့ဝိုက်ပြီး ခုန်ကန်ထည့်လိုက်တာ ဖောင်းခနဲမြည်သံနဲ့အတူ သေနတ်ကျည်ပေါက်ကွဲသံဟာလည်း ဒိုင်းခနဲမြည်ဟည်း ထွက်ပေါ်သွားပါတော့တယ်။ သေနတ်ကတော့ အဝေးကို လွင့်ထွက်သွားပါပြီ။

သေနတ်သံဟာ စစ်ပင်တစ်ရွာလုံးကို လှုပ်နိုးလိုက်သလိုဖြစ်သွားတယ်။ ဘွားလေး ဒေါ်စိန်ရင်နဲ့ သိန်းသိန်းနုတို့ကလည်း -

"လာကြပါဦးတော့၊ ဟောဒီမှာ ဓားပြတွေ ဓားပြတွေ"

ဆိုတဲ့ အော်သံဟာ တိတ်ဆိတ်နေတဲ့ ညသန်းခေါင်ယံကို ဖောက်ထွင်းလို့ ဆူညံသွားစေပါတယ်။ ဘိုးလေးဖိုးထွန်းရဲ့ လျှပ်တစ်ပြက်တိုက်ကွက်တွေဟာလည်း ကြောက်ခမန်းလိလိလို့ဆိုရပေမယ့် ဓားသမားတွေက ဘိုးလေးကို အတင်းဝင်ခုတ်တယ်။ တက် ဆုတ်ဘောယိမ်း ရှောင်တိမ်း မြူခြောက် ထက်အောက်ထိုးကာ ဓားရေးဖြာ ဆိုသလို မြန်မာ့ရိုးရာ သိုင်းပညာကို တတ်မြောက်ထားသလိုပါပဲ။ ဓားရေး (၃၇) ချင်းကိုလည်း တတ်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အနီးကပ်တိုက်ကွက်တွေဖြစ်တာကြောင့် သူ့ခုတ်ကိုယ်ခုတ် ဝုန်းဒိုင်းကြလို့ သွေးတွေလည်း ခြင်းခြင်းနီနေပါပြီ။ ဘိုးလေး ဖိုးထွန်းလည်း ခေါင်းထဲပူခနဲ တစ်ချက်ခံစားလိုက်ရတော့တယ်။ စေးပျစ်ပူနွေးတဲ့ သွေးတွေဟာလည်း မျက်နှာပြင်ထက်မှာစီးကျလို့။

သေနတ်သံနဲ့ ဆူဆူညံညံ အော်သံတွေကြောင့် ရွာသားတွေလည်း တုတ်တွေ၊ ဓားတွေ၊ ဒူးလေးတွေနဲ့ဝိုင်းလာပြီး ဖမ်းကြတော့ ဓားပြအားလုံးကို ဖမ်းမိလိုက်ပါတော့တယ်။ ဓားပြတွေအားလုံးဟာ မျက်နှာတွေကို မမှတ်မိအောင် ခေါင်းစွပ်ဦးထုပ်တွေကို မျက်လုံးပေါက်ဖောက်ပြီး စွပ်လာကြတာ။ ဘယ်သူဘယ်ဝါဆိုတာ မသိကြပါဘူး။ ဘိုးလေးဖိုးထွန်းရဲ့ဦးခေါင်းမှာသိတဲ့ ဓားဒဏ်ရာဟာ ကြီးတော့ ဟသ်ာတဆေးရုံကြီးကို ညတွင်းချင်း လှည်းနဲ့တင်လိုက်ရတယ်။ သေကံမရောက်တော့ သက်မပျောက်ခဲ့ရပါဘူး။ ဒါပေမယ့် ခေါင်းက ဓားဒဏ်ရာကြီးကတော့ သေရာပါတဲ့အထိ ဖြစ်ခဲ့ရပါပြီ။

ဒါတွေဟာ စစ်ပင်ရွာသားတွေရဲ့ အာဂသတ္တိတွေကို ဝန်းကျင်ပတ်ကုံးက ရွာတွေဆိုတာ မချီးကျူးဘဲကို မနေနိုင်ကြတော့ပါဘူး။

**အခန်း (၃)**

"ဘိုးလေး၊ ခေါင်းကို ဓားထိတဲ့ ဒဏ်ရာက အတော်နာသလားဟင်"

လို့ မေးလိုက်တော့ ဘိုးလေးက ကွမ်းငုံထားတဲ့ ပါးစပ်ကြီးနဲ့ လေးလေးတွဲတွဲပြောလိုက်တာက -

"ခေါင်းကဓားထိတဲ့ဒဏ်ရာထက် ပိုပြီးနာရတာက အသားထဲက လောက်ထွက်ပြီး အကိုက်ခံလိုက်ရတဲ့ ဒဏ်ရာက အသည်းပေါက်လောက်အောင်ကို နာရတယ်ကွာ"

ဘိုးလေး၊ ခေါင်းကဒဏ်ရာက သေရာပါဓားဒဏ်ရာ၊ ဓားပြတွေလက်ချက်နဲ့ ထိခံခဲ့ရတဲ့ ဒဏ်ရာအနာပါ။ ဒါပေမယ့် အသားထဲက လောက်ထွက်တဲ့ ဒဏ်ရာက ပိုနာကျင်စေသတဲ့။ ကျွန်တော့်နားထဲမှာ ဘူးလုံးနားမထွင်းဖြစ်သွားမိတာတော့ အမှန်ပါ။ ဒါကို ဘိုးလေးက ရိပ်မိသွားတယ်ထင်ပါရဲ့။ သူ့ခေါင်းက ချိုင့်ဝင်နေတဲ့ ဒဏ်ရာကြီးကို လက်နဲ့စမ်းလိုက်ပြီး -

"ငါ့မြေးက ဘိုးလေးစကားရောထွေးသွားလို့ နားရှုပ်သွားပြီလားကွ။ မင်းရှင်းအောင်ပြောပြမယ်။ ငါတို့စစ်ပင်ရွာရဲ့သမိုင်းကြောင်းအချို့ကို ငါ့မြေးသိပြီးသားနော်။ လူညီချက်ကတော့ အံ့သြလောက်အောင်ကို ကောင်းခဲ့ဖူးတာ။ ဂျပန်တွေကို လက်စပျောက်ရှင်းတာ တောင်မပေါ်ခဲ့တဲ့ရွာ။ ဒီလိုသစ္စာရှိတဲ့ရွာ။ ဒါပေမယ့်ကွာ သစ္စာဖောက်ပုဆိန်ရိုးတစ်ယောက်ကြောင့် ငါ့အိမ်ကို ဓားပြအတိုက်ခံခဲ့ရတာ။ ဓားပြတွေလည်း ဓားဒဏ်ရာအသီးသီးရကြတယ်။ အားလုံးဖမ်းမိပြီး မျက်နှာစွပ်တွေ ချွတ်လိုက်တော့မှ တို့ရဲ့ရွာသား ဖိုးသီးပါ ပါလာတာကို အံ့အံ့သြသြတွေ့လိုက်ရတာ။ ဖိုးသီးဆိုတာ ဘိုးလေးအိမ်မှာ စာရင်းငှားလုပ်နေတဲ့ကောင်။ ဒီကောင် သစ္စာမရှိဘူး။ အရိပ်နေနေအခက်ချိုးချိုးလုပ်ချင်တဲ့ကောင်။ ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ချင်တဲ့ကောင်။ ငါ့သမီးမိနုကို စောင့်ရှောက်ရမယ့်အစား သူက ပြန်ပြီး ရိသဲ့သဲ့စကားပြောလို့ မိနုက ပါးတစ်ချက်ရိုက်တယ်တဲ့။ အဲဒါကို မကျေမနပ်ဖြစ်လို့ ဓားပြတွေနဲ့ပေါင်းပြီး လက်ထောက်ချလိုက်တော့ ဘိုးလေးအိမ်ကို အလွယ်တကူဝင်လို့ရခဲ့တာပေါ့ကွာ"

ဆိုတဲ့ ဘိုးလေးထွန်းရဲ့စကားကြားလိုက်ရတော့မှပဲ ပဟေဠိတစ်ပုဒ်ကို အဖြေညှိထုတ်လို့ရသလိုလင်းကျင်းသွားတာတော့ အမှန်ပါ။ စစ်ပင်ရွာသားဖြစ်ရတာကို ဂုဏ်ယူနေတတ်တဲ့ကျွန်တော်။ ခြောက်ပြစ်ကင်းသဲလဲစင်အဖြစ် ဝံ့ဝံ့ကြွားကြွားရှိနေမှာကို ယုံကြည်ထားမိတဲ့အတွက် ဖိုးသီးရဲ့ ရက်ရက်စက်စက်သစ္စာဖောက်မှုပြကွက်ကို စိတ်ကူးနဲ့ ပုံဖော်ကြည့်မိလိုက်တော့ စိတ်ထဲမှာ မသက်သာလှပါဘူး။

"ဘိုးလေးရယ်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့ အဖြစ်မျိုးပါပဲလား။ ကိုဖိုးသီးသာ သစ္စာမဖောက်မယုတ်မာခဲ့ရင် သိပ်ကောင်းမှာဘဲနော်"

"သိပ်ဟုတ်တာပေါ့ကွာ၊ ဆွမ်းဆန်ထဲ ကြွက်ချေးရောတာမျိုး၊ ထမင်းဖြူထဲ ကျောက်ခဲစေ့ပါတာမျိုး၊ နတ်သုဒ္ဓါတစ်ခွက်ထဲကို မစင်တစ်စက်ကျတာမျိုး ဖြစ်သွားရတာပေါ့။ တို့ရွာရဲ့စည်းလုံးမှု၊ ညီညွတ်မှု ကိုဖိုးသီး တစ်ချက်မှားတာနဲ့ ပျက်ပြားရမလိုဖြစ်သွားရတယ်။ ဒါတွေဟာ သင်ခန်းစာယူစရာ၊ သတိထားစရာတွေပေါ့ကွာ။ တကယ်တော့ ဘယ်တော့မှ အပိုမရှိတာ သတိပေါ့။ အရာရာတိုင်းမှာ ဘယ်တော့သတိလက်လွတ်မဖြစ်စေနဲ့။ သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်း ချွမ်းကဲ့သို့အုပ်လို့ဆိုထားပေတယ်။ အပ္ပမာဒံ အမတံပဒံ - မမေ့မလျော့ မပေါ့မဆသောသတိနှင့် ပြည့်စုံခြင်းသည် မသေခြင်း၏အကြောင်းဖြစ်သတဲ့ကွ။ ပြီးတော့ အပ္ပမာဒေါ အမတံ ပဒံ ဆိုတဲ့စကားကို တစ်နည်းပြန်ပြောရရင် ပမာဒေါပစ္စုနောပဒံ - မေ့လျော့ပေါ့ဆခြင်းသည် သေမင်း၏အခွင့်အလမ်းဖြစ်သည်ဆိုတဲ့စကားကို ငါ့မြေးတစ်သက်မှတ်ထားပေါ့ကွယ်။ တကယ်လို့ ဘိုးလေးသာ သတိလက်လွတ်နဲ့ အကြောင်းကြီးပြီး ပေါ့ပေါ့ဆဆနေလိုက်ရင် ဓားပြတွေလက်ချက်နဲ့သေပြီပေါ့ကွာ"

"ဘိုးလေး ကိုဖိုးသီးက ဘာဖြစ်သေးလဲ၊ ထောင်ကျသွားလား အခုရှိသေးလား"

"အေး - ဖိုးသီးက ဘိုးလေးဓားချက်နဲ့ပွဲချင်းပြီးသေတယ်။ တခြားဓားပြတစ်ယောက်လည်း အသေရတယ်။ ကျန်တဲ့ သုံးယောက်ကတော့ ရွာသားတွေလက်ချက်နဲ့ မရှုမလှခံကြရပေတာပေါ့။ ဒဏ်ရာတွေနဲ့ အဖမ်းခံလိုက်ရတယ်။ ထောင်ကျကုန်တာပေါ့ကွာ။ ဖိုးသီးက သေသွားလို့ပေါ့ကွာ။ မသေရင်လည်း အသက်ရှင်လျက်ရှိနေ... မယ့် နာမည်ကတော့ သေပြီးသား... သစ္စာမဲ့တို့ရဲ့သွားရာလမ်းကြောင်းအ... ကို သူကိုယ်တိုင်ဖောက်ပြီး သူကိုယ်တိုင်... အရောက်သွားခဲ့တာ၊ စစ်ပင်ရွာအတွ... အမည်းစက်တစ်ခုကို သူကိုယ်တိုင်... ပြီး ဆေးမည်းခြယ်သွားတာ ဘယ်တော့... မှ ပြန်မဖြူတော့ဘူးကွ"

"ခြေမမကောင်းခြေမ၊ လက်... မကောင်းလက်မကို ပယ်ရမှာပေါ့ ဘိုး... လေးရယ်။ အမည်းကို အဖြူဆိုးရင် ... ခိုးရောင်ဖျော့ဖျော့တော့ ကျန်ဦးမှာ... အဲဒီမီးခိုးရောင်ကို အဖြူတွေထပ်... ထပ်ကာဆက်ဆိုးရင်တော့ အဖြူ... လွှင်လွှင်သန့်သန့်ကိုရမှာပေါ့ ဘိုး... ရယ်နော်"

ဆိုတဲ့ ကျွန်တော့်စကားကိုကြ... လိုက်တော့ ဘိုးလေးလည်း ပြုံးပြုံး... နှင့် ခေါင်းပြောင်ပြောင်ကို ဆတ်... ဆက်ကာညိတ်လို့သာနေပါတော့တ...

*(ကွယ်လွန်သွားရှာပြီ ဖြစ်သော... စစ်ပင်ရွာသား ဖခင်ကြီး ဦးစိုးမောင်... ဖိုးလေးထွန်းတို့အား ဤစာ... ကန်တော့လိုက်ပါသည်။)*

ပန်းမြိုင်လယ်-စိန်...



www.burmeseclassic.com

www.burmeseclassic.com

ပါရာဆဲလ်ဆပ်သည် အမှန်တကယ်တွင်မူ ဆေးပညာသမားတော်နှင့် ဓာတုပညာရှင်တစ်ဦးဖြစ်ရုံသာမက ဘာသာရေးတွင်လည်း တဂ်ကြွသော စိတ်ဝင်စားမှုရှိသူတစ်ဦး ဖြစ်၏။ တရားမျှတသည့် နိုင်ငံတော်ကို ဖြစ်စေလိုသူဖြစ်၏။ လက်ရှိကမ္ဘာပျက်သုဉ်းပြီးနောက် ဖြစ်ပေါ်လာမည့် ကမ္ဘာသစ်ရွှေရောင်ခေတ်ကို ရည်မှန်း၍ ဆိုလိုခြင်း ဖြစ်၏။ ကိုကြိုတင်၍တွေးဆခဲ့ပေသည်။


အမှန်တကယ်တွင် လူတို့သည် ဟာမစ်တစ်ဗျာဒိတ်ကို စောင့်မျှော်နေကြပြီး ၎င်းတွင် ပိုမိုကြီးမားသည့် ဉာဏ်ပညာနှင့် ငြိမ်းချမ်းမှုတို့ ထွန်းကားသည့် ခေတ်သစ်ကို မျှော်လင့်စောင့်စားနေခဲ့၏။ ၎င်း INTROTITUS APERTUS AD OCCULSUM PEGIS PALATIUM ကျမ်းတွင် ရှုစီကရှုစီယန်အဂ္ဂိရတ်၌သောအမည်ကို အသုံးပြုရာတွင် ဟဲဗင်းရှပ်က -

ဟာမစ်တစ်ပညာကို နားလည်ခြင်းသည် အဂ္ဂိရတ်ပညာအစောင့်ပုဂ္ဂိုလ်၏ အသိဉာဏ်နှင့်အတူတူပင်ဖြစ်သည်ဟုဆို၏။ သို့ရာတွင် ဟဲဗင်းရှပ်ခေတ်က အခြားဖြစ်နိုင်သောနည်းလမ်းတစ်ခုမှာ အဂ္ဂိရတ်ပညာဆိုင်ရာ သာဝကလောင်းလျာသည် ၎င်းပညာရပ်ကို ဥရောပတစ်ခွင်လုံးသိစေပါက Spectacular tram-

ဘာသာရေး ဝိညာဉ်ရေးဆိုင်ရာတို့နှင့်များစွာပတ်သက်နေသည့်

# အနောက်တိုင်းအဂ္ဂိရတ်ပညာ (၅)

ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)



၍သို့ဖြင့် များယွင်းသော အနာဂတ်သည် အညံ့စားသတ္တုကို အဆင့်မြင့်သတ္တုဖြစ်အောင် ပြောင်းလဲရာ၌ ဖြစ်ပေါ်မည့်အဆင့်ဆင့်ကို ဟန့်တားပျက်စီးစေလိမ့်မည် ဖြစ်၏။

ထိုသို့ပြုလုပ်ခြင်းဖြင့် မူလကရှိနေသော အညံ့စားသဘာဝထက်ပင် ပို၍ညံ့ဖျင်းသွားပေမည်။ အဲလီယပ်သည် အဂ္ဂိရတ်ပညာကို စောင့်ရှောက်အားပေးသူ ဖြစ်၏။ ကမ္ဘာပျက်မည့်နေ့ကို ကြိုတင်ကြေညာသူလည်း ဖြစ်၏။ ရိုစီကရှုစီယန်တို့၏ အဂ္ဂိရတ်ခေတ် ပါရာဆဲလ်ဆပ်၏ အဲလီယာအက်တီတာ၏နောက်ပိုင်းခေတ်တွင် ဖြစ်လာမည့်အခြေအနေ အကောင်းဆုံးကျမ်း ဖြစ်၏။ ရေးသူမှာ အာနေမှယပ်ဖီလာရက် ဖြစ်၏။ မကြာခဏကိုးကားသူမှာ ပါနတီ ဖြစ်၏။ ၎င်းသည် ဘုရားသခင်၏တော်ဝင်လမ်းကို ပြင်ဆင်သူဟု အများက သတ်မှတ်ကြ၏။ ဟဲဗင်းရှပ်က အဂ္ဂိရတ်ဓာတ်လုံး၏ စွမ်းရည်များကို ဖော်ပြရာတွင် အဲလီးယပ်နည်းတူပင် ဖြစ်၏။ အဲလီးယပ် ဟူ



www.burmeseclassic.com

www.burmeseclassic.com

nition၏အမည်မသိကျမ်းပြုသူက အဲလီယာအက်စီလီတာ၏ ဘက်တော်သားများအဖြစ်ရှုမြင်ရ၏။ ၎င်းသည် လူသားတို့အား သိပ္ပံပညာရှင်ရော အာဏာရှင်များပါသိရှိနိုင်ရန် ပြောကြားပေလိမ့်မည်။

ဟဲဗင်းရှပ်ဖာတ်လမ်း၏ နောက်နှစ် (၁၀၀) အကြာ၌ ဘရှုမိုနှင့် ပါနတီတို့၏ခေတ်တွင် သမိုင်း၏တံခါးခုံဝ၌ အမှန်တကယ်ပြောင်းလဲမှုများဝဲပျံနေချိန်ဖြစ်၏။ ပြင်သစ်တော်လှန်ရေး၊ သိပ္ပံတော်လှန်ရေး စသည့် တော်လှန်ရေးများနှင့် အပြိုင်ကဲ့သို့ပင် အင်္ဂရိတ်ပညာရပ်နှင့် ဓာတုဗေဒပညာရပ်တို့၏ ခေတ်ပြိုင်သဘောတရားဖြစ်မှုမှာလည်း မည်သည့်အခါတွင်မျှလည်း မဆုံးတော့ပေ။ ပါနတီသည် ဘာလင်တွင်ရှိနေခိုက်တွင် စနစ်သစ်တစ်ခုခု ဥရောပတွင်ပေါ်ထွက်လာ၏။ ထိုထွင်သူမှာ ဆွီဒင်လူမျိုး သိပ္ပံဒဿနနှင့် ဘာသာရေးသမား အီမန်ညူယယ်ဆွီဒင်ဘတ် (၁၆၆၈- ၁၇၇၂) ဖြစ်၏။ သူကမျက်လုံးကိုဖွင့်ထားပြီး ကောင်းကင်တမန်အမင်ကို မြင်နိုင်သည့်နည်းကို သင်ကြားပေး၏။ ထိုနည်းမှာ အသက်ရှူခြင်းကို ထိန်းသိမ်းခြင်း ဖြစ်၏။

ပါနတီသည် ဆွီဒင်ဘတ်၏အရေးအသားကြောင့် စိတ်လှုပ်ရှားသွားရ၏။ ထိုရေးသားချက်ကို ပြင်သစ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ၎င်းတို့မှာ ကောင်းကင်ဘုံနှင့် ငရဲဘုံ၊ အကြားနှင့်အမြင် (၁၇၈၂)၊ ကောင်းကင်ဘုံ၏မေတ္တာတော်နှင့်ဉာဏ်ပညာ (၁၇၈၉) ထိုအကြောင်းအရာများသည် ပြင်သစ်နိုင်ငံတွင် ဤဒဿနကို ပြန့်ပွားစေရန် ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဘရှုမိုးက ဆွီဒင်ဘတ်၏ စကားရပ်ပေါင်းများစွာကို ထုတ်ဖော်ပြသည့် ကျမ်းတစ်ခုကိုရေးလိုက်၏။ ထိုကျမ်းမှာ (TRATITE CURIEUX DES CHARMES DE L'AMOUR CONJUGAL) ဖြစ်၏။ ၁၇၈၄ ခုနှစ်၌ ပြင်သစ်ဘာသာဖြင့် ဘာလင်တွင်ထုတ်ဝေခဲ့၏။ ဤလှုံ့ဆော်မှုကို ဘရှုမိုးနှင့် ဆွီဒင်ဘာဒ်တို့နှစ်ဦးလုံးထံမှ ရယူထား၏။

ထို့အပြင် ဖရီးမေဆင်လုပ်ထုံးလုပ်နည်းများ၊ နည်းနာများကို ယူငင်၍လည်းကောင်း၊ ပါနတီသည် သူ၏ကိုယ်ပိုင် ဟာမစ်တစ်လုပ်ထုံးလုပ်နည်းနှင့် ညီရင်းအစ်ကိုအဖွဲ့အစည်းကို တည်ထောင်ခဲ့၏။ ကောင်းကင်တမန်တို့၏ဝိညာဉ်ကို ရရှိရန် လည်းကောင်း၊ ကောင်းကင်ဘုံ၏ မှော်အတတ်ပညာကိုရရှိရန် လည်းကောင်း ကာယကံရှင်သည် ထိုနည်းစနစ်များကို ကျင့်သုံးရ၏။

အမြင့်မားဆုံးသော ဉာဏ်ပညာ၏အဆင့်များဖြစ်သည်။ ရှေးဦးမေးခွန်း၊ မြင့်မြတ်သောစကားတော်၊ တည်ငြိမ်မှုတို့ကို ကျင့်ကြံပြီးနောက် အဖြေကို အသေအချာမှတ်သားထားလေသည်။ ပါနတီရေးသားပုံမှာ ဟာမစ်တစ်မှော်ပညာကို အခြေခံ၍ ကောင်းကင်တမန်နှင့် တွေ့ဆုံဟန်ဆောင်၍ ရေးသားထားခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဂွန်ဒီး၏ အင်္ဂရိတ်ပညာနှင့် ခပ်ဆင်ဆင်တူလေသည်။ ကျော်ကြားသော ပုဂ္ဂိုလ်အများအပြားမှာ အသင်းအဖွဲ့နှင့် ဆိုင်လေသည်။ ထိုပုဂ္ဂိုလ်များမှာ ပရပ်ရှားမှ ဟင်နရီ၊ ဘရပ်ဆယ်မှ ချားလ်အဒေါ့ဖ် (နောင်သောအခါ ဒုတိယဖရက်ဒရစ်ဝီလျံဖြစ်လာ၏။) နောက်တစ်ဦးမှာ ပရပ်ရှားဘုရင်မတို့ ဖြစ်၏။

လူသာရင်ခရစ်ယာန်ဂိုဏ်းက ဆွီဒင်ဘာသ်ဝါဒကို ရှုတ်ချနေချိန်တွင် ပါနတီ၏ အယူအဆကား နောက်ထပ်အန္တရာယ်တစ်ခုသဖွယ် ဖြစ်လာ၏။ မကြာမီပင် ပါနတီအား တာဝန်အားလုံးမှ ရုပ်သိမ်းစေရန် ဖရက်ဒရစ်အား သိမ်းသွင်းကြ၏။ ထို့ကြောင့်လည်း နောက်ဆုံးတွင် ပါနတီသည် ထိုနိုင်ငံမှ ထွက်ခွာ၍ သူ့နိုင်ငံသို့ ပြန်လာခဲ့တော့၏။

သိုင်းဘော့သည် ဘာလင်တွင် နေထိုင်စဉ် ပါနတီကို ဤအမြင်ဖြင့် မြင်၏။

ပါနတီသည် များစွာပညာတတ်သူတစ်ဦး ဖြစ်၏။ သို့သော် သူ၏သိပ္ပံပညာမှာ ဘာမှမဟုတ်ပေ။ ပုံသဏ္ဌာန်မဲ့သော မှတ်သားမှုများသာ ဖြစ်၏။ သို့သော် သူ၏စရိုက်ကား မှန်ကန်ပြီး မည်သူနှင့်မျှ ရန်မဖြစ်ပေ။ အပေါင်းအသင်းနှင့်ပတ်သက်လျှင် သူသည် ဝမ်းမြောက်ဝမ်းသာနှင့် စာနာတတ်၏။ သူသည် အင်းအိုင်စမပညာကို ယုံကြည်၏။ ဝိညာဉ်ကိုလည်း ယုံ၏။ ကျိန်စာကိုလည်း ယုံ၏။ ထို့အပြင် ထိုသို့သော အဆင်ခြင်ကင်းသည့် အခြေအနေမျိုးရှိသော်လည်း လူတိုင်းက သူ့ကို ချစ်ခင်ကြ၏။ ၁၇၈၃ ခုနှစ်တွင် ပါနတီသည် ပါရီမြို့သို့ နောက်တစ်ခေါက်ရောက်လာလေ၏။ သို့သော် မကြာပါချေ။ ဘာသာရေးအာဏာပိုင်များနှင့် ပြဿနာဖြစ်သောကြောင့်လောမသိ။ သူသည် မြို့တော်ကို စွန့်ခွာကာ သူ၏အစ်ကိုဖြစ်သူအိမ်သို့ သွားရောက်ခဲ့လေ၏။ သူ၏အစ်ကိုသည် ဗဲလန်မြို့၌ ကန်ထရိုက်တာချုပ် ဖြစ်၏။ ၁၇၈၆ ခုနှစ်တွင် သူ့အစ်ကိုသည် ဒေသန္တရအဖွဲ့အစည်းတစ်ခု၏ အတွင်းရေးမှူးရာထူးကို ရခဲ့၏။ ထိုအလုပ်၏ လုပ်သက်ပြည့်သည်နှင့် အငြိမ်းစားအဖြစ် နေထိုင်ခဲ့၏။

ဘာလင်တွင် ဟာမစ်တစ်ဆိုင်ရာ လုပ်ငန်းကြီးအတွက် အစည်းအဝေးပြုလုပ်နေချိန်တွင် ပါနတီက ကောင်းကင်ဘုံ၏ ဗျာဒိတ်အရ သူသည် ခေတ်သစ်၏ တမန်တော်ဖြစ်ကြောင်း၊ သူသည် လူမျိုးအသစ်၏ သာသနာပိုင်ဘုန်းတော်ကြီး ဖြစ်ကြောင်း၊ ထိုလူမျိုးတွင် ဂရင်ဘရင်ကာဆိုသူသည် အချုပ်အခြာအာဏာပိုင်ဖြစ်မည်ဖြစ်ကြောင်း၊ သူတို့အဖွဲ့အခြေစိုက်မည့်နေရာသည် ဤနေရာပင်ဖြစ်ကြောင်း ဘရှုမိုးအား အကြောင်းကြားခဲ့၏။ ၁၇၈၆ ခုနှစ်တွင် ဘရှုမိုးကွယ်လွန်ခဲ့၏။ နောက်တစ်နှစ်တွင် ပါနတီနှင့် ဂရင်ဘရင်ကာတို့သည် အက်ဗီဂွန်တွင်ရောက်ရှိနေ၏။ တပည့်တပန်းများအားလည်း ဟောပြောရန် အသင့်ဖြစ်နေ၏။ သူတို့၏ ဌာနချုပ်လုပ်ထားသောအဆောက်အအုံမှာ တောအိမ်ကြီးတစ်လုံး ဖြစ်၏။ ဗီဒရတီ၏အနီးတွင်ရှိ၏။ ဗာကရှိဒေသမြို့စားကြီး ရုံးစိုက်ရာနေရာလည်း ဖြစ်၏။ တာဘာတောင်ကုန်းပေါ်၌ တည်ရှိ၏။ ပါနတီနှင့် သူ့အဖော်များက သူတို့၏ ဌာနချုပ်ကို 'တင်ပဲအော့ တာဘာ'၊ 'တာဘာဘုရားကျောင်းတော်' ဟု ခေါ်ကြ၏။ သူတို့ကိုယ်တိုင်ကား အက်ဗီဂွန် ဟူသည့်အမည်ကိုသာ အသုံးပြုကြ၏။

၁၈ ရာစု၏ ဒုတိယနှစ်ဝက်အတွင်း သူတို့ကိုယ်သူတို့ အလင်းရောင်ပေးသည်ဟု ခေါ်ဆိုကြသည့် ဂိုဏ်းခွဲများစွာ ပေါ်ပေါက်လာခဲ့၏။ ၎င်းတို့အနက် အကျော်ကြားဆုံးမှာ 'ဘာဗေးရီးယားအလင်းရောင်' ဟုအမည်ရှိသောအဖွဲ့အစည်း ဖြစ်၏။ ၁၇၇၆ ခုနှစ်တွင် အဒမ်ဝေရှုပ်ကတည်ထောင်ခဲ့၏။ အဒမ်ဝေရှုပ်သည် ကျမ်းစာပါမောက္ခတစ်ဦးဖြစ်သလို အင်ဂိုစတပ်တွင် ဥပဒေပါမောက္ခလည်း ဖြစ်၏။ သူသည် ဂျေဆူဝါဒကို ရှုတ်ချဝေဖန်ရင်း ရိုစီကရူစီယန်ဝါဒကဲ့သို့ပင် မသိမလိမ္မာမှု၊ အယူသီးမှု၊ မင်းဆိုးမင်းညစ်ဝါဒတို့ကို တိုက်ဖျက်ရန်သဘာဝနှင့် ဘာသာရေးအလင်းရောင်အတွက် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် လူ့အဖွဲ့အစည်းသည် နိုင်ငံရေးရည်ရွယ်ချက်ကို သဘောက



www.burmeseclassic.com

www.burmeseclassic.com

သည့်အပြင် အဆင့်မြင့်အဖွဲ့ဝင်များ၌ နိုပတ်ဘလီကင်အတွေးအခေါ်ရှိသည်ဟု ဆိုကြ၏။ ဤနည်းများသည် ငြိမ်းချမ်းမှုနှင့် ဝေးလံသည်ဟု အဆိုပြုကြ၏။ မင်းညီမင်းသားများနှင့် ဘာသာရေးခေါင်းဆောင်များကို ရာထူးမှချကာ အမျိုးသားရေးလွှန်ကဲမှုဝါဒသည် ချုပ်ငြိမ်းသွားရတော့၏။ ထို့နောက် ကွဲပြားလေသမျှသောဂိုဏ်းများနှင့် ၎င်းတို့၏ ထုံးတမ်းလုပ်နည်းအားလုံးကို ပယ်ဖျက်လိုက်၏။

၎င်းတို့၏နေရာ၌ စည်းရုံးညီညွတ်သောလူသားထုနှင့် ဒီး၏ဝါဒက အစားထိုးနေရာယူကြ၏။ ၁၇၈၅ ခုနှစ်တွင် ဘဲဗေးရီးယားမှ အလင်းရောင်အဖွဲ့အစည်းကြီးအား နှိပ်ကွပ်လိုက်၏။ သို့သော် ၁၇၈၉ ခုနှစ်အထိ ထိုအဖွဲ့သည် တက်ကြွဆဲ ဖြစ်၏။ ပါနတီတည်ထောင်သည့် အခြားအလင်းရောင်ဂိုဏ်းခွဲတစ်ခုက ၎င်းတို့သည် ပို၍ဂမ္ဘီရဆန်ပြီး ဖရီးမေဆင်သဘောမျိုးလည်း ဖြစ်နေလေ၏။ ၎င်းတွင် တော်လှန်ရေးသဘောတရားများလည်း ပါရှိ၏။ ၁၇၈၇ ခုနှစ်တွင် အက်ဗီဂွန်ရှိ အလင်းရောင်အဖွဲ့သည် ၎င်း၌ အဖွဲ့ဝင်ပေါင်း (၁၀၀) ခန့် ရှိနေလေ၏။ ထိုအဖွဲ့ဝင်အားလုံးသည် မှော်လုပ်ထုံးလုပ်နည်းအခမ်းအနားသို့ တက်ရောက်ကြပြီး ထိုအခမ်းအနား၌ အဖွဲ့ဝင်တစ်ဦးချင်းစီသည် ၎င်းတို့၏ သက်ဆိုင်ရာ ကောင်းကင်တမန်နှင့် စကားပြောကြ၏။ ပါနတီကို ကောင်းကင်တမန် အဆာဒီးက ကူညီခဲ့၏။ ထို့အပြင် ဘာလင်မြို့၌ အလင်းရောင်အဖွဲ့ဝင်များ၏စာရင်းကို ပြုစုကြ၏။ ထိုစာရင်းတွင် ဆွီဒင်မှ ၎င်း၏အစ်ကို တတိယမြောက်ဂူစတပ်၊ စတော့မြို့၏မြို့စား ဘဏ်သူဌေး မိုရင်ဗယ်၊ ဘွန်းမြို့မှ မြို့စားကြီး၊ အက်ဗီဒွန်တက္ကသိုလ်မှ ဆေးပညာပါမောက္ခ၊ အက်ပရစ်ကာဗက်၊ ဒီမိုးနင်းမြို့စား၊ ဂူတင်ဘတ်မြို့စားကတော်တို့ ပါဝင်ကြ၏။

ထိုအဖွဲ့သည် ၎င်းတို့၏ အသင်းထိုက်ရှိရာနေရာ တောင်ကုန်းကို အဘယ်ကြောင့် တာဘာဟု ခေါ်ပါသနည်း။ ရှေးခေတ် ခရစ်ယာန်အစဉ်အလာအရ တာဘာသည် ဂယ်လီလီတောင်ပိုင်းမှ တောင်ကုန်းတစ်ခု၏အမည် ဖြစ်၏။ ထိုနေရာသည် ခရစ်ယာန်ဘာသာအဖို့ အထိကရနေရာ ဖြစ်၏။ ထိုနေရာသည် ခရစ်တော်ကို ကားစင်တင်၍ သတ်ခဲ့သောနေရာ ဖြစ်၏။ ဤအကြောင်းအရာကို ဆိုင်နိုပက်တစ်ကျမ်း၌ ဖော်ပြထားသည်။ (၇) ရက်ပြည့်မြောက်သောအခါ ခရစ်တော်သည် ပီတာ၊ ဂျိန်းနှင့် သူ့အစ်ကိုဂျွန်တို့ကိုခေါ်၍ မြင့်သောတောင်ထိပ်သို့ ခေါ်ဆောင်သွားခဲ့၏။ ၎င်းတို့၏ရှေ့တွင် ခရစ်တော်၏ မျက်နှာသည် နေကဲ့သို့ ထွန်းလင်းတောက်ပခဲ့၏။ ၎င်း၏ ဝတ်ရုံတော်မှာလည်း ထိုအလင်းကဲ့သို့ပင် ဖြူဖွေးနေ၏။

'ကြည့်ကြလော့၊ မိုးဇက်နှင့် အဲလီယတ်တို့ ခရစ်တော်နှင့် စကားပြောနေကြသည်ကို တွေ့ရပေမည်' ဟူ၍ ဆိုထား၏။ ဤဇာတ်လမ်းကို ထောက်ခံသူနှစ်ဦးရှိ၏။ ထိုဇာတ်လမ်းသည် အင်္ဂလိပ်ပညာရှင်များအဖို့ တန်ဖိုးကြီးလှ၏။ တစ်ဦးမှာ ကောင်းကင်ဘုံသို့ လေပွေဖြင့် သယ်ဆောင်ခံရသူ အဲလီယပ် ဖြစ်၏။ နောက်တစ်ဦးမှာ သာဝကဂျိမ်း ဖြစ်၏။ မိုးကြိုးနတ်၏သားတော် ဖြစ်၏။ ၎င်း၏ ဆန်တီယာဂိုဒေသမှ ကျောင်းတော်မှာ တစ်ကမ္ဘာလုံးမှ ဘုရားဖူးများအတွက် ဖြစ်၏။

ဘုရားဖူးခြင်း ဟူသည့် ကိစ္စမှာ ဖလာမေးနှင့် အခြားသော အင်္ဂလိပ်ပညာရှင်များက ဖော်ပြခဲ့သည့် ပန်းတိုင်သဘောဆောင်သည့် ဘုရားဖူးခြင်းမျိုးကို ဆိုလိုခြင်း ဖြစ်၏။ အလယ်ခေတ်က ဘုရားဖူးခြင်းသည် ကသီဒရယ်ဘုရားကျောင်းတော်ကြီး၏ အနောက်ဘက်တံခါးဝတွင် ပြီးဆုံးလေ၏။ ယခုတွင်မူ တာဘာတောင်ထွတ်၌ သခင်ယေရှုခရစ်တော်ကားစင်တင်ခံရခြင်း (ဘဝပြောင်းခြင်း) ကို ပြသသည့် သရုပ်ဖော်အရုပ်များကား မရှိတော့ပေ။ ဘုရားဖူးများထဲတွင် အနိမ့်ကျဆုံးသော ဘုရားဖူးများသည်ပင်လျှင် ခရစ်တော်၏ ဘဝပြောင်းရုပ်တုကို အလေးထားဆုံးဖြစ်၏။ ထို့အပြင် ပြန်လည်ပြောင်းလဲ၍မရနိုင်သော ဝိညာဉ်တော်၏ ကောင်းကင်ခရီးသို့ တက်လှမ်းပုံများသည်လည်း ဘုရားဖူးများအတွက် မကုန်ဆုံးနိုင်သော ကြည်နူးဝမ်းမြောက်မှုများကို ဖြစ်စေလေ၏။

ခရစ်တော်ဘဝပြောင်းခြင်းသည် ရုတ်တရက်ဖြစ်ပေါ်သည့် ကျက်သရေတော်ဖြစ်ပြီး လူသားစင်စစ်ကို လူသားအလင်းအဖြစ်သို့ ပြောင်းလဲစေခဲ့၏။ ထိုဖြစ်ရပ်သည်ပင် အင်္ဂလိပ်ပညာ၏အန္တိမရည်ရွယ်ချက်ဖြစ်ပေသည်။

ကမ္ဘာအနှံ့အပြားတွင် ဂမ္ဘီရပညာရပ်အသီးသီးတို့က အခေါ်အဝေါ်ကွဲပြားစေကာမူ ရည်ရွယ်ချက်မှာ တစ်ခုတည်းသာ ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုတစ်ရပ်လည်း ရှိပေသည်။ ထိုပြောင်းလဲမှုတွင် မူလရုပ်သည် ရုပ်အသစ်ဖြစ်သွား၏။ ထိုရုပ်အသစ်သည် သက်စောင့်အားအသစ်နှင့်အတူ ဖြစ်ရခြင်းမှာ အသက်ရှည်ဆေး အနီရောင်ကြောင့်ဖြစ်ရခြင်းပင် ဖြစ်၏။

ထိုဖြစ်ရပ်သည် ဂုဏ်ကျက်သရေထွန်းတောက်သည် ခန္ဓာကိုယ်ဖြစ်၏။ ဂရိကျမ်းစာများ၌ အဆိုပါရုပ်ပြောင်းလဲမှုဖြစ်စဉ်ကို 'မက်တာမော်ဖော့စစ်' ဟူ၍ ခေါ်၏။ ရုပ်သစ်ပြောင်းလဲသည့် အတွေ့အကြုံသို့ အင်္ဂလိပ်ဒဿနက ဖန်တီးပေးထားသော အလင်းရောင်များမှာ ဤသဘောတရားကို ဖော်ဆောင်ခြင်းပင် ဖြစ်၏။ အဆိုပါ တာဘာတောင်ထွတ်ကို ရွေးချယ်ခြင်းသည်ပင် ၎င်းတို့၏ ရည်ရွယ်ချက်နှစ်ရပ်ဖြစ်သော ရုပ်ပြောင်းလဲခြင်းနှင့် အလင်းရခြင်းတို့ ပြီးမြောက်အောင်မြင်မည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်၏။

တာဘာကျောင်းတော်တွင် အမြင်နှင့် ကောင်းကင်တမန်တို့၏ ပြသမှုကြောင့် ပါနတီ၏ဂမ္ဘီရဆိုင်ရာလှုံ့ဆော်မှုသည် တဖြည်းဖြည်းနှင့် ကညာစင်မေရီ၏အပေါ်၌ ပို၍ပို၍ကြီးမားလာတော့၏။ ထိုကညာစင်သည် ပါနတီ၏အမြင်တွင် အဖဘုရားသခင်၊ သားတော်ယေရှုသန့်ရှင်းသောဝိညာဉ်တော်တို့နှင့် တန်းတူဖြစ်သည်ဟု သူကယူဆ၏။ ပါနတီက ဘုရားကျောင်းအပေါ်တွင် သူ၏ကိုယ်ပိုင်အမြင်ကို ဖော်ပြထား၏။

အက်ဗီဂွန်ကို အလင်းရောင်ပေးရန်အတွက် သုံးပါးတစ်ဆူဝါဒသည် အဓိကလိုအပ်ချက်ဖြစ်ပေသည်။ ပါနတီ၏ နောက်စာအုပ်မှာ THE VIRTUE, THE POWER, THE CLEMENCY, AND THE GLORY OF MARY, MOTHER OF GOD) ဖြစ်၏။ ပါရီမြို့တွင် ၁၇၉၀ ပြည့်နှစ်၌ ထုတ်ဝေခဲ့၏။

အယူအဆသစ်ကိုလက်မခံသော ဂါဘရင်ကာက ပါနတီနှင့်အချင်းများကြ၏။ ထိုအခါ ပါနတီသည် ဂိုဏ်းကွဲပြီး နောက်အဖွဲ့ဝင်အချို့နှင့်အတူ ထွက်ခွာပြီး Le Nouvel Israel အဖွဲ့ကို တည်ထောင်ခဲ့၏။ ထိုအုပ်စု၏ ခေါင်းဆောင်မှာ အော်တာဗီယိုကာပလီ ဖြစ်၏။ ၎င်းသည် ရောမမြို့သားတစ်ဦး ဖြစ်၏။ တမန်တော်ချုပ်ရာဖေးနှင့် တွေ့ဆုံမည့်သူလည်း ဖြစ်၏။ အက်ဗီဂွန်ကို အလင်းရောင်ပေးခြင်းသည် စုံစမ်းစစ်ဆေးမှုကို

www.burmeseclassic.com

လှုံ့ဆော်ပေးလေ၏။ ထိုအချိန် ဒိုမီနီကန် ဂိုဏ်းဝင်ဘုန်းတော်ကြီးများမှထုတ်လိုက်သည့် အမိန့်တစ်ရပ်သည် ၁၇၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်နေ့၌ ထွက်လာခဲ့၏။ တော်လှန်ရေးအတွင်းတွင် အက်ဗီဂွန်က သက်ဦးဆံပိုင်အဖွဲ့ဝင်စနစ်၊ ၎င်း၏ မှော်ပညာအတွေးအခေါ်၊ ကောင်းကင်တမန်နှင့် တွေ့ဆုံခြင်းများသည် လည်းကောင်း၊ သူ၏ အမည်ရင်းဖြစ်သည့် ဗာဗေးရီးယားအလင်းရောင်အဖွဲ့နှင့် တူညီနေခြင်း၊ အုပ်ချုပ်ရေးအသစ်၏ မျက်စိထဲတွင် သံသယဖြစ်စရာကောင်းနေပေသည်။ ထို့ကြောင့် ပလိပ်တို့က ပါနတီကို ဖမ်းဆီးပြီး ခေတ္တခဏအကျဉ်းချထားခဲ့သေး၏။

၁၇၉၃ ခုနှစ် အမျိုးသားလုံးဆိုင်ရာညီလာခံဆုံးဖြတ်ချက်အရ အက်ဗီဂွန်၏ အလင်းအဖွဲ့သည် ကွဲသွားခဲ့၏။ ပါနတီသည် သူ့အပေါင်းအဖော်များနှင့် ကင်းကွာသွားသော်လည်း သူတစ်ယောက်တည်းပင် အဂ္ဂိရတ်ပညာကို ဆက်လက် လေ့လာခဲ့၏။ ၁၇၉၆ တွင် ပါနတီကွယ်လွန်ခဲ့၏။ ထို့နောက် ပါနတီသည် အဂ္ဂိရတ်ပညာရှင်တကယ်ဟုတ်ပါ၏လော ဟူသော မေးခွန်းထွက်ပေါ်လာခဲ့၏။ သူ၏ ကျော်ကြားသော ကျမ်းနှစ်ကျမ်းမှာ LES FABLES EGYPTIEN-NES ETGRECQUES DEVOILETS) ကျမ်းနှင့် THE DEC-TIONNAIRE MY-THO-HER METIQUE ကျမ်းတို့ဖြစ်၏။ ဤကျမ်းများတွင် စာရေးသူသည် အဂ္ဂိရတ်ပညာကို ကောင်းစွာ ကျွမ်းကျင်နားလည်ကြောင်း ပေါ်လွင်နေ၏။ သို့သော် ထိုကျမ်းများသည် အဂ္ဂိရတ်ပညာရှင်တစ်ဦး၏ လက်ရာထက် အဂ္ဂိရတ်ပညာကို ကျွမ်းကျင်သူ ပါရဂူတစ်ဦး၏ လက်ရာနှင့် ပိုတူနေပေသည်။

ဖရီဂိတ်သင်္ဘောပေါ်တွင် ပါနတီပြုလုပ်ခဲ့သည့် စမ်းသပ်မှုအသေးစိတ်က ဖော်ပြသည်မှာ ဒွန်အန်တိုနီဂျိုဇက်သည် ဓာတ်ခွဲခန်းအသုံးချမှု၌ များစွာထူးချွန်ကြောင်းတွေ့ရှိရ၏။ ထို့အပြင် ပါနတီ၏ ဉာဏ်အမြင်ထူးခြားမှုကြောင့် အဂ္ဂိရတ်ပညာအပေါ်၌ သူ၏အမြင်သည် ပို၍ စွဲမက်ဖွယ်ကောင်းပေသည့် ဓလေ့ထုံးထမ်းစဉ်လာဟု ဆိုသော်ငြားလည်း ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည့်အတိုင်း ရာစုနှစ်တစ်လျှောက်တွင် အဂ္ဂိရတ်ပညာသည် နည်းမျိုးစုံဖြင့် ပြောင်းလဲခဲ့ပြီး ဖြစ်၏။

ကျယ်ပြန့်သည့် ယဉ်ကျေးမှုဆိုင်ရာအုံကြွမှုများ ပေါ်ပေါက်သည့်ခေတ်တွင် ပါနတီသည် သက်ရှင်နေထိုင်ခဲ့၏။ ထိုအုံကြွမှုများကြောင့် ပညာရပ်ပေါ်တွင် သူ၏ အမြင်သည်လည်း မလွဲမရှောင်သာ ပြောင်းလဲခဲ့ရ၏။ ဂရိ၊ အီဂျစ်ဒဏ္ဍာရီတို့ကို ဟာမစ်တစ်ဝေါဟာရများဖြင့် ပြောင်းလဲရန်ကြိုးပမ်းခြင်းသည် ခေတ်နောက်သို့ များစွာပြန်ရောက်သွား၏။ သို့သော် ရိုစီကရူစီယန်အဂ္ဂိရတ်ပညာရှင်များဖြစ်သော မိုက်ကယ်မီလာစသည့် ပုဂ္ဂိုလ်များကြောင့် ပြန်လည်ရှင်သန်၍ တိုးတက်လာခဲ့၏။ မီလာသည် အတ္တလန်တာဗျူဂျင်း (ATALANTA FUGIE-NS) ကျမ်းကို ရေးသားခဲ့၏။

၁၆၁၄ ခုနှစ်တွင် မီလာသည် MOST SECRET SECRETS OR THE GRAEGO EGYPTIAN HIRE ROGLY -PHICS ကျမ်းကို ရေးသားခဲ့၏။ အီဂျစ်နှင့် ဟီရိုဂရပ်ဖစ်တို့ပါဝင်သည့် ဤကျမ်းသည် အဂ္ဂိရတ်ပညာတွင် ဓာတုဆိုင်ရာအထောက်အပံ့ကို ဖြစ်စေလေ၏။ အဂ္ဂိရတ်ပညာ၏နည်းနာအသစ်၊ ရှုထောင့်အသစ်များရရှိစေသည့် လျှို့ဝှက်ချက်များလည်း ပါရှိလေ၏။ ပါနတီ၏ ခေတ် ၁၈ ရာစုတွင် အီဂျစ်ယဉ်ကျေးမှုလိုက်စားခြင်းမှာ ဟီရိုဂရပ်ဖစ်တို့၏ လျှို့ဝှက်မှုဂမ္ဘီရပေါ်တွင် အဓိကဗဟိုပြုနေခဲ့၏။ ရှေးခေတ် အီဂျစ်လူမျိုးများ ဖုံးကွယ်ထားခဲ့သည့်လျှို့ဝှက်သင်္ကေတကိုလည်း ဖော်ပြထား၏။ သုံးပါးတစ်ဆူနည်းစနစ်နှင့် ခရစ်ယာန်ဝါဒ၏ အမှတ်တံဆိပ်တို့ကိုလည်း ဖော်ပြထား၏။ ပါနတီအတွက်မှာမူ အထက်ပါဖော်ပြချက်များသည် အဂ္ဂိရတ်ပညာ၏ ထူးခြားချက်များသာမကဘဲ သင်္ကေတစနစ်ဖြင့် လျှို့ဝှက်ထားသည်များကို ဖော်ပြသော ဖော်ပြချက်များသာ ဖြစ်၏။

ကောင်းကင်တမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အက်ဗီဂွန်မှ အလင်းအဖွဲ့အစည်း ပေါ်ပေါက်ခြင်းသည် ရှည်လျားသော ထုံးထမ်းစဉ်လာတစ်ရပ်ကို ဖော်ပြခြင်းလည်း ဖြစ်၏။ ရီနေဆန့်ခေတ်တွင် ဟာမစ်တစ်ကိုအင်းစမစနစ်ဖြင့်လည်း ဖော်ပြခဲ့၏။ ရိုစီကရူစီယန်နှင့် ဂျွန်ဒီးတို့ကလည်း အဂ္ဂိရတ်ပုံသေနည်းများဖြင့် ပြဆိုခဲ့ပြီး ဖြစ်၏။ ဆွီဒင်ဘာဂ်၏ ဂမ္ဘီရကို အခြေခံ၍ ပါနတီသည် ခေတ်မီစေခဲ့၏။ အက်ဗီဂွန်ဂိုဏ်းခွဲများသည် ရိုစီကရော့၏ညီအစ်ကိုအဖွဲ့နှင့်တိုက်ရိုက်နောက်ဆက်တွဲအကျိုးဆက် ဖြစ်၏။ တော်လှန်ရေးကြီးဖြစ်ခါနီးကာလတွင် ဖရီးမေဆင်အသင်းကြီးနှင့် ဗာဗေးရီးယားအလင်းအဖွဲ့ စသည့်ဂိုဏ်းကွဲများစွာ ဖြစ်ပေါ်လာခဲ့၏။

စာတတ်ပေတတ်ပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ဂမ္ဘီရပညာရှင်အဖြစ်လည်းကောင်း၊ အဂ္ဂိရတ်ပညာရှင်အဖြစ်လည်းကောင်း၊ ဖရီးမေဆင်ဂိုဏ်းဝင်အဖြစ်လည်းကောင်း၊ စမ်းသပ်ရှာဖွေသူအဖြစ်လည်းကောင်း၊ ပန်းချီဆရာအဖြစ်လည်းကောင်း၊ ဒဏ္ဍာရီပညာရှင်အဖြစ်လည်းကောင်း စသည်ဖြင့် ပါနတီ၏ စိတ်ဝင်စားမှုနှင့် လုပ်ဆောင်ချက်များသည် မျိုးစုံထွေပြားလျက်ရှိ၏။ တစ်ခါတစ်ရံတွင် ပညာရပ်ပေါင်းများစွာတို့ ရှုပ်ထွေးနေသော်လည်း သူသည် တက်ကြွစွာဖြင့် ပညာရပ်တိုင်းကို သရုပ်ဖော်နည်းဖြင့် လုပ်နိုင်ခဲ့ပေသည်။ ထိုခေတ်မှာ သိပ္ပံနည်းကျဓာတုဗေဒပညာရပ်ပေါ် ပေါက်ခါစ ဖြစ်၏။ ပါနတီသည် ထွက်ပေါ်လာသည့် ပညာရပ်အသစ်ကို ဆန့်ကျင်ခြင်းမပြုဘဲ သဘောထားကြီးကြီးဖြင့် လက်ခံလေ၏။ ဟာမစ်တစ်ပညာနှင့် ဓာတုဗေဒပညာရပ်တို့သည် ရည်ရွယ်ချက်ခြင်း၊ လုပ်ထုံးလုပ်နည်းခြင်း ကွဲပြား၏။ ဓာတုဗေဒသည် သဘာဝ၏ ဓာတ်ပေါင်းစည်းမှုကို ဖြိုခွင်းသော အတတ်ပညာ ဖြစ်၏။

ဟာမစ်တစ် ဒဿနပညာက သဘာဝနှင့် အတူတွဲ၍ လည်းကောင်း ဓာတ်များကို ပိုမိုအဆင့်မြင့်စေ[illegible] ဆောင်ရွက်သည့်ပညာရပ် ဖြစ်၏။ ဟာမစ်တစ်ဒဿနသည် ဓာတုဗေဒထက် ပို၍ကြီးကျယ်ပြီး ပို၍လည်း မြင့်မြတ်လေသည်။ သို့ရာတွင် ဤသို့ဆိုခြင်းဖြင့် ဓာတုဗေဒပညာရပ်ကို မလိုလားအပ်[illegible] မဆိုပါ။ ထိုပညာရပ်ကို လေ့လာသူများအား ချီးမွမ်းအပ်ပေသည်။ ထိုပညာရပ်အသစ်သည် ဆေးပညာကို များစွာအထောက်အကူပြုပေလိမ့်မည်။ ၎င်း၏ တွေ့ရှိချက်များက ဘဝကို ပို၍ သာယာ[illegible] သောင့်သက်သာရှိစေလိမ့်မည်။ ကျွန်ုပ်တို့၏ ရှုတ်ချမှုသည် အသစ်ပေါ်ပေါက်လာသောဓာတုပညာရှင်အား တိုက်ရိုက်မကျရောက်စေသင့်ပေ။ ပညာရပ်[illegible] မလေးမစားပြုသူ၊ ဝါကြွားသူများကိုသာ ရှုတ်ချသင့်ပေသည်။ ပညာရပ်အသစ်သည် မည်မျှပင်ကောင်းမွန်ပါစေ ဤပညာရပ်သည် တစ်ခုတည်းသော ဓာတုဗေဒပညာအစစ်အမှန်ဖြစ်၏ဟု[illegible] ကြည့်မှုတော့မပြုသင့်ပေ။ ၁၈ ရာစုနောက်ထပ် ကျော်ကြားလာသည့် အ[illegible]

www.burmeseclassic.com

ဓာတ်ပညာရှင်မှာကား ဗွန်အက်စတာဂူဆန် (၁၇၅၂- ၁၈၀၃) ဖြစ်၏။ ယေဘုယျအားဖြင့် သူ့အား ခရစ်ယာန်ဘာသာရေးသမားတစ်ဦးအဖြစ်နှင့် ဘာသာရေးကျမ်းပြုသူတစ်ဦးဟု သတ်မှတ်ထားကြသည်။ သူရေးသားသည့် GOD THE PUREST OF LOVE ဟူသော ဘာသာရေးကျမ်း ဖြစ်၏။ ၎င်းကျမ်းကို ဘာသာစကားပေါင်းများစွာတို့ဖြင့် အကြိမ်ပေါင်းများစွာ ပုံနှိပ်ထုတ်ဝေခဲ့ရ၏။ ထိုစာအုပ်တွင် စာရှုသူအား နှလုံးသားကို ဘုရားသခင်၏ မေတ္တာတော်အတွက် ဖွင့်ထားရန် တိုက်တွန်းထား၏။

၎င်းသည် ဗာဗေးရီးယန်းမြို့စားတစ်ဦး၏သားဖြစ်ပြီး မိခင်နှင့်ဖခင်တို့မှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြပြီး ဖြစ်၏။ သူသည် ငယ်စဉ်ကပင် သူ့မိခင်သေဆုံးသွားကြောင်း၊ သူသည် သူ့မိခင်၏ တရားဝင်သားတစ်ဦး မဟုတ်ကြောင်း၊ သူကသိသွားသောအခါ သူ၏ကိုယ်ကျင့်သိက္ခာသည် ပျက်ပြားသွားရ၏။ သူသည် ဒဿနိကနှင့် ဥပဒေပညာတွင် ဘွဲ့ရခဲ့သူ ဖြစ်၏။ အောလစ်ကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်၏။ ဗာဗေးရီးယားကို အားပေးထောက်ခံသူ ဖြစ်၏။

သူ့အား စာကြည့်တိုက်ဆင်ဆာလူကြီးအဖြစ် ခန့်အပ်ခဲ့၏။ သူသည် ဘာသာရေးကို ကိုင်းရှိုင်းသူဖြစ်ပြီး သူတစ်ပါးကို ကူညီရန်လည်း အမြဲအဆင်သင့်ရှိနေသူတစ်ဦး ဖြစ်၏။ သူသည် (၃) ကြိမ်တိတိ အိမ်ထောင်ပြုခဲ့ပြီး သားသမီး (၆) ယောက် ထွန်းကားခဲ့၏။ သူသည် ဘာသာရပ်ပေါင်းစုံကို ကျမ်း (၇၉) ကျမ်းဖြင့် ရေးသားခဲ့သူလည်း ဖြစ်၏။

သူကိုယ်တိုင်သည် ခရစ်ယာန်ဝါဒ၊ ဂျူဒါဝါဒ၊ အင်းအိုင်စမပညာ၊ ဓာတုဗေဒ၊ onimal, magnetism, arrhything ပညာရပ်များကို အထူးစိတ်ဝင်စားလေ၏။

၎င်း၏အခြေခံမှုကို THE CLOUD OVER THE SANCTUARY ကျမ်း၌တွေ့ ရှိရ၏။ ၎င်းကို ပေးစာအသွင်ဖြင့် အခန်း (၆) ခန်းဖွဲ့၍ ရေးသားထား၏။ အလင်း ခေတ်တွင် သူသည် သဘာဝဝါဒကို ဆန့်ကျင်၏။ တကယ့် ဉာဏ်အလင်းအစစ်အမှန်သည် မြင်ရသောကမ္ဘာကို သူ၏ အဖ္ဖတ္တိကဉာဏ်မျက်စိဖြင့် ရှုမြင်နိုင်မှသာလျှင် ရသည်ဟု သူကဆို၏။ သူက စစ်မှန်သောသုတ၏ အဓိကကျသည့် သော့ချက်ကို လက်ရှိ လောက၏ သူတော်စင်တစ်ဦးက မရရှိနိုင်ပေ။ ၎င်းကို အဖ္ဖတ္တိကအမြင်ဖြင့်သာ ရရှိနိုင်၏။ ဖန်ဆင်းမှုကာလကတည်းက ရွေးချယ်ခံရသော လူတစ်စုသာလျှင် ထိုအမြင်ကို ရရှိနိုင်၏။ ၎င်းအဖွဲ့ဝင်များသည် ကမ္ဘာအနှံ့ ပြန့်ကျဲလျက်ရှိကြ၏။ သို့ရာတွင် ဝိညာဉ်အရ၊ သစ္စာတရားအရ စုစည်းပြီးသားရှိနေပေသည်။ ဤကား အလင်းခေတ်၏ အသိုက်အဝန်းဖြစ်၏။ မမြင်ရသော အတွင်းအားလည်း ဖြစ်၏။ ၎င်းသည် ရှေးအကျဆုံးသော လူသားသိပ္ပံပညာရပ်ကို သယ်ဆောင်ထားလေ၏။ သိပ္ပံပညာအားလုံးနှင့် နည်းပညာအားလုံးတို့၏ မူရင်းမူလသည်လည်း အပါအဝင်ဖြစ်၏။ ဤအတွင်းအားကို အခြားကမ္ဘာများမှ သာလွန်သော အင်အားများက ပံ့ပိုးကူညီပေးလျက်ရှိ၏။

တစ်နေ့သောအခါတွင် အင်အားအကြီးမြင့်ဆုံးဖြစ်သော သီအိုကရေစီခေါ် ဘာသာရေးအဓိကပေဒဖြင့် ဤကမ္ဘာကို အုပ်ချုပ်နိုင်ပေမည်။ နာဒမ်ကျဆုံးပြီးကတည်းက အမတလူသားသည် ခရစ်ယာန်သဘောတရားများအရ သခါရသဘောဖြစ်သွားတော့၏။ သို့သော် ပြန်လည်ဖြစ်ပေါ်ခွင့်အခွင့်အရေးကားရှိပေသည်။ ၎င်း၏ လျှို့ဝှက်ချက်ကို ယေရှုက သူ၏ တပည့်များအား ပြသခဲ့၏။ ကျွန်ုပ်တို့၏ သွေးထဲတွင် အနည်းငယ်ဖြစ်နိုင်သောသတ္တိရှိ၏။ ဓာတ်တစ်ခုပါရှိ၏။ ၎င်းကို ဂလူတင်ဟု ခေါ်၏။ ၎င်းသည် အပြစ်၏ အနှစ်သာရဖြစ်ပြီး လူသားတွင်ပါရှိနေသော တိရစ္ဆာန်ဉာဉ်၏သဘောတလည်း ဖြစ်၏။ ၎င်းဂလူတင်သည် ကြိုတင်သိမှု၊ မာန၊ မုန်းတီးခြင်း အတ္တ၊ ဒေါသ အခြားအလားတူ အပြစ်များကို ဖြစ်ပေါ်စေ၏။ ဤဓာတ်တွင် လူသားတိုင်းသည်ပါရှိပြီး မိဘမှ သားသမီးသို့ အမွေဆက်ခံစေလေသည်။ သို့ရာတွင် လူသား၌ တီထွင်ပြောင်းလဲနိုင်သောစွမ်းအားရှိပြီး ထိုအချက်များသည် သက်ရှိဘဝ၊ ကမ္ဘာနှင့် ဆက်စပ်နိုင်သော စွမ်းအားရှိနေပေသည်။

ဤမျှနက်ရှိုင်းသောအပြစ်များကို ပျက်စီးစေပြီး နောက်ထပ်မဖြစ်ပေါ်စေရန် ဂီဇက်ခရိုက်၏သွေးဖြင့် ကောင်းကျိုးများကို ဖြစ်ပေါ်စေနိုင်၏။ ထိုသွေးဖြင့် နွေးထွေးစေခြင်းကြောင့် သခါရလူသားသည် ကောင်းကင်ဘုံနှင့် ပို၍နီးစပ်လာမည်။ ပြန်လည်မွေးဖွားခြင်းသည် အဆင့် (၃) ဆင့်ဖြင့် ဖြစ်ပေါ်နိုင်၏။ ပထမနှင့် ဒုတိယနည်းလမ်းမှာ ဝိညာဉ်အားဖြင့် ပြန်လည်မွေးဖွားခြင်း ဖြစ်၏။ တတိယနည်းမှာ ရုပ်ပိုင်းဖြင့် ပြန်လည်မွေးဖွားခြင်း ဖြစ်၏။ ထိုဂလူတင်ဆိုသည်မှာ ဓာတ်ဓာတ်ဖြစ်၏။ ၎င်းသည် ဂျုံနှင့် အခြားကောက်စပါးများ၏ အမှုန်နုတွင် ပါရှိသော နိုက်ထရိုဂျင်ကြွယ်ဝသည့်အပိုင်း ဖြစ်၏။ ဝေါဟာရများကို ငှားရမ်း၍လည်းကောင်း၊ ဝိညာဉ်ဆိုင်ရာအဓိပ္ပာယ်များအသုံးပြု၍ လည်းကောင်း သူသည် အဖ္ဖတ္တိကဓာတုဗေဒကို တီထွင်ခဲ့၏။ သူရေးသည့် အထက်ပါကျမ်းတွင် ဓာတုဗေဒ သို့မဟုတ် အဂ္ဂိရတ်သတ္တု၏ ပြန်လည်မွေးဖွားခြင်းဖြစ်သကဲ့သို့ ခရစ်တော်၏ သွေးသည်လည်း လူသား၏ ပြန်လည်မွေးဖွားရာ ဖြစ်၏။ ပြန်လည်မွေးဖွားခြင်း (၃) မျိုးတွင် (၂) မျိုးမှာ နာမ်ပိုင်းဖြစ်ပြီး (၁) မျိုးမှာ ရုပ်ပိုင်းဖြစ်၏။

ဂျာမန်ဘာသာရေးဝါဒီက ၎င်း၏ ဝိညာဉ်ဆိုင်ရာ အဂ္ဂိရတ်ပညာကို ပို၍ အသေးစိတ် ဖော်ပြထား၏။ ၎င်းပြုစုသည့် CHEMICAL ESSAY ကို ၁၈၀၂ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေခဲ့၏။ နောက်ဆက်တွဲအနေဖြင့် သူ၏ အဂ္ဂိရတ်ပညာကို အမေးအဖြေပုံစံဖြင့် ကျမ်းငယ်တစ်ဆူ ပြုစုခဲ့၏။ ကျမ်း၏အမည်မှာ CATECH-ISM OF HIGHER CHEMISTRY ဖြစ်၏။ ဝိညာဉ်ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်မွေးဖွားမှုရရှိနိုင်ရန် လူသားသည် ဘဝကို နားလည်ရမည့် ဘဝ၏အသိုက်အဝန်းများကို ဆက်စပ်ခြင်းဖြင့် ဘဝသည် အလင်းရလာသည်ဟု ရေးခဲ့၏။

ဤကိစ္စကို ပြုလုပ်ရန် လူသားသည် ရှေးဦးစွာ သူ့ကိုယ်သူနိုးဆွရ၏။ လှုပ်ရှားစေရမည်။ သူ့ကိုယ်ထဲ၌ မမြင်ရသော အင်အားတစ်ရပ်ကို လှုံ့ဆော်ပေးရ၏။ ၎င်းသည် အဖ္ဖတ္တိလာဆိုင်ရာပြည့်စုံမှုကိုဖြစ်စေသော တစ်ခုတည်းသောနည်းဖြစ်၏။ ထိုသို့ပြုလုပ်ရန် နည်းလမ်းပေါင်း (၇) ခု ရှိလေ၏။ တစ်နည်းအားဖြင့် ကျမ်းမြတ် (၇) ဆူရှိသည့် သဘောနှင့်တူ၏။ ပြီးပြည့်စုံသော အလင်းနှင့် အပူတွင် (၇) မျိုး ပါရှိ၏။ ၎င်းတို့မှာ အလင်းနှင့်အပူတို့၏ ကြားခံပစ္စည်းဖြစ်သော အဆိုပါ အလင်းနှင့် အပူမှ ထပ်ဆင့်ဖြစ်ပေါ်သော ပစ္စည်းများအားလုံးကို အကောင်းဆုံးစုစည်းပေးသည့်နည်းလမ်းဖြစ်၏။ အလင်းအသိုက်အဝန်းတွင် ၎င်း၏ကိုယ်ပိုင်နိယာမရှိ၏။ ၎င်းကို ပညတ်တော် (၁၀) ပါးဖြင့် ပြဆိုထား၏။

www.burmeseclassic.com

အလင်းသည် လူသား၏ ခန္ဓာကိုယ်ကို ထုတ်ချင်းဖောက်သွားပြီး အပူနှင့် တွေ့ဆုံသောအခါတွင်မှ ရပ်သွားတော့၏။ ထိုအခါ၌ ထွက်ပေါ်လာသော ဝိညာဉ်သည် ခန္ဓာကိုယ်အား ထူးခြားသည့် သက်လုံအားကို ဖြစ်စေ၏။ ထိုသူ၏ အဆင့်မြင့်ဓာတုဗေဒဖြစ်စဉ်သည် ခရစ်ယာန်ဝတ်ပြုဆုတောင်းဆိုင်ရာကို ဟာမစ်တစ်ဂျီနီတစ်ဇင်နှင့် ကိုက်ညီအောင် ဖန်တီးပေးသည့် ယုံကြည်ချက်နှင့် သဘာဝ၏လုပ်ငန်းကိုက်ညီမှုရှိ မရှိမှာ ကာယကံရှင်၏ ကြိုးပမ်းမှု (အတွင်းအား၏ စုစည်းမှု) အပေါ်တွင်တည်၏။ သဘာဝကျမ်းနှင့် ၎င်း၏သမ္မာကျမ်းစာတို့သည် လူသားတို့အတွက် အလင်း (၂) မျိုးဟု ဆို၏။ ထို (၂) မျိုးတွင် သူက နောက်ထပ်မီးရောင် (၁) မျိုးကို ထပ်ထည့်၏။ ၎င်းမှာ ဘုန်းကျက်သရေတော်ဖြစ်၏။

သို့ရာတွင် သူက ဓာတုဆိုင်ရာဆိုးကျိုးအပြစ်များနှင့် ကောင်းကျိုးသုခများ၊ ထို့အပြင် အဂ္ဂိရတ်မှ ရယူထားသော ခံယူချက်အချို့ကို အသုံးပြုခြင်းဖြင့် ၎င်းတွင် သီးသန့်ဘာသာရေးဆိုင်ရာဝါဒရှိနေပြီး အဂ္ဂိရတ်နှင့် မဆိုင်ကြောင်း တွေ့ရှိ၏။ သို့ရာတွင် သူ၏ ဓာတုဆိုင်ရာဘာသာရေးသဘောတရားကို လက်ခံသူများပြီး ၁၉ ရာစုအတွင်း ဟာမစ်တစ်ဒဿနကို များစွာလွှမ်းမိုးလာခဲ့၏။ ရှေးခေတ် အဂ္ဂိရတ်ပညာရှင်များ၏ လျှောင်ပြောင်ထေ့ငေါ့မှုများရှိသော်လည်း ဥပမာအားဖြင့် လူးဝစ္စမူဂါ၏ ၁၈၅၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော စာတွင် အဂ္ဂိရတ်ပညာနှင့်ပတ်သက်ပြီး သိက္ခာမဲ့စွာဖြင့် ဤသို့ ရေးသားခဲ့၏။ ထိုစာအုပ်မှာ THE CLOUD OVER THE SANCTURY ဖြစ်၏။ ထိုစာအုပ်သည် အဂ္ဂိရတ်ကျမ်းဖြစ်သော်လည်း အဂ္ဂိရတ်ပညာကို ရုပ်ဝတ္ထုနှင့်သာသက်ဆိုင်သော ပညာရပ်မျိုးဖြစ်လေဟန် ဘာသာပြန်ရေးသားထားသောကျမ်း ဖြစ်၏။ ထို့ထက် ပို၍ထူးဆန်းသော စိတ်ကူးယဉ်သည့် အကြောင်းအရာမျိုးမရှိဟုဆိုထား၏။ ထို့အပြင် ၎င်း၌ အပြစ်၏ ဓာတုဖွဲ့စည်းပုံကို ပြောဆိုထား၏။

အဂ္ဂိရတ်သမိုင်းတွင် မပါဝင်သူတစ်ဦးမှာ မင်းသား ရေမွန်ဒိုဒီဆန်ဂရို (၁၇၁၀- ၁၇၇၁) ဖြစ်၏။ ၎င်းသည် ဆန်ဆီဗာရိုမှမင်းသား ဖြစ်၏။ သူသည် နေပယ်မြို့တွင် နေထိုင်အလုပ်လုပ်ကိုင်ခဲ့၏။ သူသည် စာထွင်သူ၊ ကဝေပညာရှင်နှင့် လူသတ်သမားအဖြစ်လည်း ထင်ရှား၏။ သူသည် ရာစုနှစ် နှစ်ခုမျှကြာအောင် နာမည်ကြီးစေခဲ့သော အချက်တစ်ရပ်မှာ ဆန်ဆီဗာရိုဘုရားကျောင်းအတွင်း၌ ထားရှိသော ဧရာမဘီလူးအလောင်းကြီး နှစ်ခုကိစ္စ ဖြစ်၏။

ထိုအလောင်းကြီးနှစ်ခုမှာ သတ္တုစမ်းသပ်မှု၏ရလဒ်ဖြစ်၏။ ထိုအလောင်းကြီးနှစ်ခုမှာ အသက်ရှင်စဉ်က သူ၏ အမှုထမ်းများ ဖြစ်ခဲ့၏။ ထိုနှစ်ဦးမှာ ယောကျ်ားတစ်ဦးနှင့် ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး ဖြစ်၏။ ၎င်းတို့အား ရေမွန်က ဆေးအထူးအဆန်းတစ်မျိုးကို တိုက်လိုက်၏။ ထိုအခါ သူတို့သည် ခန္ဓာကိုယ်တွင်းရှိသွေးများ ရုတ်တရက်ခဲကာ သေဆုံးသွားတော့၏။

နောက်ဆုံးတွင် တစ်ကိုယ်လုံး၌ သွေးကြောများသာ မပုပ်မသိုးကျန်ခဲ့၏။ ယခုအခါတွင် ၎င်းတို့ကိုသတ္တုဖြင့်ပုံသွန်းထားပြီးဖြစ်၏။ အမှန်မှာမူ ထိုအလောင်းနှစ်ခုမှာ အသားများလုံးဝမရှိဘဲ သွေးကြောများနှင့် ကျန်အင်္ဂါများသာရှိနေသည်ကို တွေ့ရ၏။ မကြာသေးမီကာလကမှ ၎င်းတို့သည် ခန္ဓာဗေဒဆိုင်ရာ စက်ကိရိယာများဖြစ်ကြောင်းတွေ့ခဲ့ကြရ၏။ ၎င်းတို့ကို ရေမွန်ဆန်ဂရိုက ပြုလုပ်ခဲ့ခြင်းဖြစ်၏။ ထိုပုံစံအား ဝိုင်ယာနှင့်ကြိုးများကို ဖယောင်းစိမ်ပြီး ပြုလုပ်ထားခြင်း ဖြစ်၏။ ၎င်းတို့အရောင်မှာ မီးခိုးရောင်နှင့် မက်သဲလန်အပြာရောင် ဖြစ်၏။ သွေးလွှတ်ကြောအတွက် အနီရောင်၊ သွေးပြန်ကြောအတွက် အပြာရောင် ပြုလုပ်ထား၏။ ထိုသို့ ပြုလုပ်ရာတွင် ရှုပ်ထွေးဆန်းပြားသောနည်းတို့ကို အသုံးပြုထား၏။ ဤလုပ်ရပ်သည် နားလည်မှုလွဲမှားသော မင်းသားက လူထုအား အထူးသဖြင့် ခွဲစိတ်ဆရာဝန်များအား သွေးလှည့်ပတ်မှုစနစ်ကို ရှင်းပြသော ဥပမာဖြင့်ပြဆိုရန် ကြိုးစားခဲ့ခြင်း ဖြစ်၏။ မကြာမီက တွေ့ရှိခဲ့သော ထူးခြားသည့် အချက်များအရ မင်းသားဆန်ဆီဗာရိုအား အရေးပါသည့်အချက်အလက်များကို တွေ့ရှိစေလေသည်။ ဤအချက်ကို ကြည့်ခြင်းဖြင့် သူသည် အဂ္ဂိရတ်ပညာရပ်ကို ကောင်းစွာ ကျွမ်းကျင်ကြောင်း သိနိုင်ပေသည်။

ထက်မြက်သော ဉာဏ်ရည်နှင့် ဝင်ဆံ့မှုကို အသုံးပြု၍ သူသည် ဆေးပညာ၊ စစ်ပညာတို့ကို ပြုလုပ်ခဲ့၏။ သို့သော် မင်းသားဆန်ဂရိုသည် ဖရီးမေဆင်အသင်း၏ နာယကကြီးလည်း ဖြစ်၏။ သူသည် နှစ်ပေါင်း (၃၀) မျှကြာအောင် အဂ္ဂိရတ်ပညာကို မွေနှောက်ခဲ့၏။ လွန်ခဲ့သော (၁၀) နှစ်ခန့်က ပေါ်ပေါက်လာသော သူ၏ အဂ္ဂိရတ်ဆိုင်ရာမှတ်ချက်မှာ မင်းသားဆန်ဂရို၏ မြေအောက်ဓာတ်ခွဲခန်း၌ ပေါ်ပေါက်ခဲ့သောတ ဖြစ်၏။ အခြားသောအရာများအနက် ခရမ်းရောင်အမှုန့်တစ်မျိုးအကြောင်း ရှိ၏။ ထိုအမှုန့်တွင် ကြီးကျယ်ဆန်းပြား သော အာနိသင်ရှိ၏။ ဆန်ဂရိုက စာရွက်စာတမ်းများကို လေ့လာမိသည့်မှာ ပညာရှင်၏ အယူအဆတွင် စမ်းသပ်သူသည် ရေဒီယိုသတ္တိကြွသတ္တုများကို စမ်းသပ်လုပ်ကိုင်ခြင်းဖြင့် ထိုသတ္တုများက ရောဂါကိုဖြစ်စေ၏။ ထိုရောဂါကြောင့်ပင် သေဆုံးရသည်ဟူ၍ ဖြစ်၏။

၎င်းလုပ်ရတ်တွင်ပါသော ရှု ထွေးနက်နဲမှုအားလုံးကို နားလည်လို က သူလုပ်ရတ်တွင်ပါဝင်သည့် အချက် အလက်များကို ရှင်းလင်းရပေမည် မင်းသားဆန်ဂရိုသည် အဂ္ဂိရတ်ပညာနှင့် ပတ်သက်၍ တစ်စုံတစ်ရာရေးသား ခြင်းမရှိပေ။ ထို့ကြောင့်လည်း သူ့နာမည် ကို အစဉ်အလာအရ မှတ်တမ်းတင် ခြင်းမပြုခဲ့ကြပေ။

သို့သော် သူ၏ရှာဖွေစူးစမ်းမှုများ သည် သူ၏ အဂ္ဂိရတ်နှင့် မှော်ပညာ အင်းစမပညာဆိုင်ရာဓလေ့တို့နှင့် ကိုက် ညီလေသည်။ ထို့အပြင် ဖရီးမေဆင် သဘောတရားအပေါ်တွင် သူ၏ စိတ် ဝင်စားမှု၊ ၁၈ ရာစုတွင် ထူးခြားသော အသိုက်အဝန်း၌သူပါဝင်မှု၊ ဆောင်ရွက် မှုများသည်လည်း သူ၏တွေ့ရှိချက်များ နှင့်လည်း ကိုက်ညီမှုရှိပေသည်။ မကွယ်လွန်မီမှာပင် သူနေရာနှင့် ဘုရား ကျောင်းကို မြှုပ်နှံသင်္ချိုဟ်၍ရသော ဘုရားကျောင်းအဖြစ်သို့ ပြောင်းလဲလိုက် ၏။ ထိုနေရာ၌ အသေးဆုံးသော ကြောင်းအရာ အဖြစ်အပျက်ပင်လျှင် လာရောက်သူ၏စိတ်အာရုံကို နှိုးဆွ ၏။ ဟာမစ်တစ်နှင့် ဖရီးမေဆင်ဒဿန တို့၏ အမြင့်ဆုံးသော အမှန်တရား ပေါ်လွင်စေ၏။ ၁၈ ရာစု ကုန်ခါနီး အလင်းဓာတ်အသင်းတော်ကြီး ပေ ပေါက်လာ၏။ ထို့အတူ ထိုအချိန်၌ ဖရီးမေဆင်ဝါဒကလည်း ပျံ့နှံ့လာခဲ့၏။

ဖရီးမေဆင်ဝါဒက အဂ္ဂိရတ် ပညာရပ်ကို သင်္ကေတအမှန်တရား ဟုလည်းကောင်း၊ အင်းစမပညာ မတန်တဆ တိုးပွားလာသော ပညာ လည်းကောင်း၊ သိပ္ပံနည်းကျ ဓာတုပညာ

www.burmeseclassic.com

များ တဖြည်းဖြည်း တိုးတက်ပြောင်းလာသောပညာရပ်ဟု လည်းကောင်း၊ လာပညာရပ်ဟုလည်းကောင်း၊ စာနှင့် လက်တွေ့ ပေါင်းစပ်ထားသော ရပ်ဟုလည်းကောင်း ရှုမြင်ထားၾ၏။ သည် အတိတ်၏ယဉ်ကျေးမှုဆိုင်ရာ အနှစ်ဖြစ်၏ဟုဆို၏။ သို့ရာတွင် သည် အပေါ်ယံအားဖြင့်သာဖြစ်ပြီး အားဖြင့်လည်း ၎င်းတုံးထမ်းအစဉ် သည် နှစ်ပေါင်းအတန်ကြာ အောင်ပင် အနည်းဆုံး စည်ပင်ခဲ့၏။

လက်တွေ့လုပ်သူမှာမူ လူသိမခံ ဆန်းပြားသည့် အမည်တုကိုသုံးစွဲ စသည်တို့ကို ပို၍နှစ်သက်ကြ၏။ တ်ပို၍ဆိုးသည်မှာ ဖလာမေးနှင့် င်တိုင်းတို့၏ခေတ် ဖြစ်၏။ ၁၉ ရာစု ပထမပိုင်းတစ်ဝက်အထိ ကျော်ကြား သည့်ပုဂ္ဂိုလ် (၂) ဦးသာ ပေါ်ပေါက်ခဲ့ ၎င်းတို့မှာ ကမ်ဘရယ်နှင့် ဆီလီ နီတို့ ဖြစ်၏။

အဆိုပါ လူးဝစ္စဖရန်ကို ကမ်ဘ ယ်တို သူရေးသားခဲ့သော A NINE-EEN-LESSION COURSE ON HER-ETIC OR ALCHEMICAL PHI-OSOPHY) ကျမ်းကြောင့် မှတ်တမ်း င်ခဲ့ရ၏။ ၎င်းကျမ်းကို ပါရီမြို့၌ ၁၈၄၃ တွင်ထုတ်ဝေခဲ့၏။ သို့ရာတွင် ကျမ်း ပြီးဆုံးသည့်အချိန်မှာ ၁၈၂၉ ခုနှစ်၊ နဝါရီလ၌ဖြစ်ကြောင်း သူကိုယ်တိုင် မှတ်တမ်း၌ တွေ့ရ၏။ ၎င်းသည် ာမမြောက် ချားလ်ဘုရင်လက်ထက် ၏။ ဖူကန်နေးခေတ်မှသည် ကန်ဆီ တ်ခေတ်အထိ တစ်လျှောက်လုံးပေါ် ပေါက်ခဲ့ကြသော အဂ္ဂိရတ်ပညာရှင်များ တမ်ဘရယ်အား သူ၏ဒဿနပညာ ဘဝကို သံသယဖြစ်စေသော လက် များကို ရေးသားခဲ့သော်လည်း လေး လောက်သည့် ပန်းချီပညာရှင်တစ်ဦး ဆုံးဖြတ်ခဲ့ကြ၏။

ကမ်ဘရယ်သည် စာနာမှုရှိသော ကြော်ငြာချက် (LES PETITES AFFIC-HES) ကျမ်းကို ရေးသားရာတွင် သူ၏ သပ်မှုများအတွက် ငွေကြေးထောက် ကို တောင်းခံခဲ့၏။ ဤနည်း ဖြင့် (၂၇) ကြာအောင် တည်တံ့နိုင်ခဲ့ပြီး နောက် အညံ့စားသတ္တုကို ရွှေဖြစ်အောင် ပြောင်းနည်းအား တွေ့ရှိသွား၏။ ရာတွင် ထိုအတောအတွင်း သူ၌ရှိ သော ငွေကြေးအားလုံးကုန်ခန်း ပြီး သူ၏ စမ်းသပ်မှု ပြီးဆုံးရန် အတွက် နောက်ထပ် ဖရန့်ရွှေဒင်္ဂါး (၆၀၀၀) လိုအပ်နေသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် သူ့အား ဖရန့်ရွှေဒင်္ဂါး(၁၀၀၀) ချေးသူတိုင်းကို ဖရန့်ရွှေဒင်္ဂါး (၂၅၀၀၀) ပြန်လည်ပေးအပ်မည်ဟု ဆို၏။ လိုအပ် နေသော ငွေ(၆၀၀၀)ကို ချက်ချင်း ငွေ အဖြစ်ပေးရန် မလိုပေ။ (၁၇) လတိတိ အရစ်ကျပေးရမည် ဖြစ်၏။ ကမ်ဘရယ် က ၎င်း၏စပ်တူသမားများအား သူ့လုပ် ငန်းဆိုင်ရာ အထောက်အထားများကို ပေးအပ်မည်ဟုဆို၏။ ထိုကြော်ငြာချက် တွင် အဂ္ဂိရတ်ပညာရှင်၏လိပ်စာလည်း ပါ၏။ လိပ်စာမှာ မှတ်စ်ဆင့် အမ် (၁)၊ ရေးဗက်ကာပင်တာရုံး ဂျူဒပ်အမ် (၈)၊ ပဲရစ်မြို့ဟူ၍ ဖြစ်၏။

နောက်ထပ် ပြင်သစ်အဂ္ဂိရတ် ပညာရှင်တစ်ဦးမှာ ပို၍ တင်းမာသော အပြုအမူရှိသူဖြစ်၏။ ၎င်းမှာ ဆီလီယာနီ ဟူသော အမည်တုဖြင့် HERMES RE-VEALED ဟူသည့်ကျမ်းကြီးတစ်စောင် ရေးခဲ့၏။ ၎င်းကျမ်းကို ၁၈၃၂ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့၏။ ကျမ်း၏ ပဏာမတွင် စာရေးသူက သူသည်(၂၇) နှစ်ကြာအောင် သုတေသနပြု၍ လေ့ လာခဲ့ပြီးမှ ပြဒါးရှင်လုံးကို ရရှိသည်ဟု ဆိုထား၏။ ထို့နောက်တွင် မမျှော်လင့် သော အဖြစ်အပျက်များဖြစ်လာပြီး ပြန်လည်မရရှိသည်ဟု ဆိုထား၏။ ထို့ နောက်တွင် မမျှော်လင့်သော အဖြစ်အ ပျက်များဖြစ်လာပြီး ပြန်လည်မရရှိနိုင် တော့သည့် ဆုံးရှုံးမှုများလည်း ဖြစ်ပေါ် ခဲ့၏။

သို့ရာတွင် သူသည် ဤမျှတန်ဖိုး ကြီးကြီးပေးထားရသော ပညာရပ်ကို ဖော်ပြရန် ဆုံးဖြတ်လိုက်၏။ ဆီလီယာနီ က သူ၏ စာရှုသူများကို သတိပေးရာ တွင် စာရှုသူသည် ကိုယ်တိုင်ရုပ်ဝတ္ထု မီးနှင့်လုပ်အား (ဟာကြူလီကဲ့သို့လုပ် အား) ကို ကိုယ်တိုင်ကိုယ်ကျ ရှာဖွေရ မည်ဟုဆို၏။ ထုံးထမ်းစဉ်လာအတိုင်း ပင် ဆီလီယာနီက စာရှုသူ၏ ဉာဏ်စွမ်း နှင့်ယှဉ်၍ ဉာဏ်ကစား၏။ မြောက်မြား စွာ ကတိပေးသော်လည်း အနည်းငယ်မျှ သာ ဖော်ပြခဲ့၏။ ဟာမီးဒီဗိုလီကလည်း တစ်နည်းအားဖြင့် ထုံးထမ်းစဉ်လာနှင့် ကိုက်ညီပေ၏။ အရည်အချင်းမပြည့် သည့် အဂ္ဂိရတ်ပညာရှင်တစ်ဦး၏ အဆို အမိန့်ကြောင့် သူကိုယ်တိုင် ခံစားခဲ့ရ သည့် ကံဆိုးမှုများကို စာရေးသူက ပြော ပြထား၏။ ငွေကြေးပြတ်လပ်သွားသော အချိန်တွင် သူနှင့် သူ့မိသားစုမှာ ဒုက္ခ ကြီးစွာရောက်ခဲ့ရ၏။ သူ့ထံမှ ပညာရပ်၏ လျှို့ဝှက်ချက်ကိုသာ လိုချင်နေကြ သော မိတ်ဆွေအတုအယောင်များက လည်း သူ့အား သစ္စာဖောက်၍ ခွဲခွာ သွားပြီ ဖြစ်၏။ စိတ်ဓာတ်အကျဆုံး၊ စိတ် အပျက်ဆုံးအချိန်တွင် ဘဝခရီးက တစ် ဆစ်ချိုးလှည့်လာ၏။

ကောင်းကင်ဘုံမှ လုပသောနတ် သမီးတစ်ပါးက သူ့အိပ်မက်ထဲတွင် ရောက်လာ၏။ သူ့အား ပညာရပ်၏ ဥပဒေသကိုရှင်းပြပြီး အဖုံးလုံအောင် ပိတ်ထားသည့်အိုးတစ်လုံးကိုပေး၏။ ထို အိုးထဲ၌ ဓာတ်ပစ္စည်းအနည်းငယ်ပါရှိ ၏။ ၎င်းသည် ထိုလုပ်ငန်းကို ပြီးမြောက် စေမည်ဆို၏။

နတ်သမီး၏ အကူအညီကျေးဇူး ကြောင့် ဆီလီယာနီသည် ရုပ်ဝတ္ထုနှင့် မီး၏ လျှို့ဝှက်ချက်များကို ပို၍သိနား လည်လာရ၏။ ထိုလုပ်ရတ်ကို သူက ဟာကြူလီကဲ့သို့ ဖွဲ့ခွန်အားဖြင့် အပြီး သတ်စေခဲ့၏။ အကျိုးဆက်အနေဖြင့် သူ သည် သူ့လုပ်ငန်းကို အပြည့်အဝအာရုံ စိုက်ခဲ့နိုင်လေသည်။ ထိုအခါ အဆိုပါ အလုပ်သည် ကလေးကစားသည်ကဲ့သို့ လွယ်ကူသွားတော့၏။ နောက်ထပ် အဆင့်(၄)ဆင့်သာလိုတော့၏။ ၎င်းတို့ မှာ ဒဿနပညာရှင်၏ ပြဒါးကို ကြိုတင် ပြုပြင်စီရင်ခြင်းလုပ်ငန်း၊ ကန့်ကို ကြိုတင် စီရင်ခြင်းလုပ်ငန်း၊ ထို့နောက် ပြဒါးနှင့် ကန့်ကို ပေါင်းစပ်ခြင်းလုပ်ငန်း၊ ဒဿန ပညာရှင်၏ ပြဒါးကို စွမ်းအင်တိုးတက် စေခြင်းတို့ ဖြစ်၏။ ဤကား သူ့ရှေ့ အလျှင်ပေါ်နှင့်သောအဂ္ဂိရတ်ဆရာများ ၏လမ်းစဉ်ဖြစ်၏။ ၁၈၃၁ ခုနှစ် အီစတာ ပွဲတော်နေ့ (ကြာသပတေးနေ့) တွင် ထို လုပ်ငန်းအောင်မြင်ကြောင်း ပြဆိုရင်း သူ၏ မှတ်တမ်းကို အပြီးသတ်ထား၏။

အီစတာပွဲတော်၏ တစ်ရက်ခြား နေ့တွင်ပင် သူသည် သူ့ဇနီး၏ရှေ့တွင် ပင် နောက်ထပ်စမ်းသပ်မှုတစ်ရပ်ထပ် လုပ်ခဲ့၏။ ထိုနေ့သည်ကား အဂ္ဂိရတ် ပညာရှင်အတွက် ရှားပါးလှသောနေ့ ထူးနေ့မြတ်ဖြစ်၏။ ၎င်း၏ သင်္ကေတ သည် သမ္မာကျမ်း၌ပါရှိသည့် ခရစ်တော် ၏ ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် ပုံတူပင်ဖြစ်၏။ ဟာမီးဒီဗိုလီသည် ဂန္တ ဝင်အဂ္ဂိရတ်ပညာ၏ လမ်းစဉ်လေသံကို အတိအကျလိုက်နာသူ ဖြစ်၏။ အမြင့် အားဖြင့် လည်းကောင်း၊ အခြားထူးခြား သောဖြစ်ရပ်များဖြင့် လည်းကောင်း ဘောင်ခတ်ထား၏။ ပုံကြီးချဲ့ထားသော သင်္ကေတနည်းစနစ်လည်း ကြွယ်ဝ၏။

www.burmeseclassic.com

ပညာရပ်၏ မက်တာဖာနှင့် ဝိညာဉ်ဆိုင်ရာတွေးခေါ် မြော်မြင်မှုတို့ဖြင့် ပေါင်းစပ်ထားသော ထိုအဂ္ဂိရတ်ပညာကို နည်းနာခံယူလေသည်။ သူ၏ ကြိုးပမ်းချက်များသည် ဟောင်းနွမ်းစပြုနေသော ပညာရပ်၏ လျှို့ဝှက်ချက်များကို ပြန်လည်ရှင်သန်စေရန် မလုံလောက်ပေ။ အပြန်အားဖြင့် နောက်တစ်နှစ်တွင် အက်ဖရက်ချာလီကွန်စတင်၏ဂမ္ဘီရကို စိတ်ပါဝင်စားမှုအတုများ ပေါ်ပေါက်သည့်နှစ်ဖြစ်၏။ အဲလီဖာလဲဗီဟု ပိုမိုလူသိများသူ (၁၈၀၀ - ၁၈၇၅)၊ ဂျိုးဇက်ပင်ပီလာဒင် (၁၈၅၈ - ၁၉၁၈)၊ စတုန်နီလာဒီဂူတာ (၁၈၆၁-၁၈၉၇)၊ ဟီဂုအန်ကော့ အမည်ဝှက် ပါဖက် (၁၈၆၅- ၁၉၁၆)၊ ၁၉ ရာစုဂမ္ဘီရပညာဆက်ခံသူ အဲလစ်စတာခရိုလီ (၁၈၇၅ - ၁၉၄၇)၊ သူရေးသားသည့် လိင်ပညာဆိုင်ရာမှော်ကျမ်း (Magia Sexualis) တို့ ဖြစ်၏။ ထို့အပြင် သူသည် တန္တရခေတ် အဂ္ဂိရတ်ပညာအမှတ်အသားအချို့ကို ပြန်လည်ပြုပြင်ခဲ့၏။ သူ့လက်ထက်တွင် အဂ္ဂိရတ်ပညာရပ်ကို မှော်ဝင်လိင်ပညာရပ်ဟုပြင်လိုက်၏။

၁၉ ရာစု၏ ဒုတိယရာစုဝက်တွင် ပြင်သစ်ဓာတုပညာရှင် မာဂီလင်ဘာသီလော့နှင့် သမိုင်းပညာရှင်တစ်ဦးတို့က ပြုလုပ်ခဲ့သည့် လေ့လာချက်များအရ အိုမင်းလှပြီဖြစ်သော အဂ္ဂိရတ်ပညာရပ်၏ လျှို့ဝှက်ချက်များကို လူထုထံသို့ ယေဘုယျအားဖြင့် အသိပေးရန် ထုတ်ပြခဲ့လေသည်။ သို့သော် ၎င်းတို့သည် ဓာတုဗေဒပညာရပ်၏ သမိုင်းမတင်မီခေတ်ကအကြောင်းခြင်းရာများ ဖြစ်၏။ ဤအဖြစ်အပျက်မှာ အခြားနည်းဖြင့် ဖော်ပြရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤဂမ္ဘီရပညာရှင်၏ ဝေဖန်ချက်များမှာ လူတိုင်း၏စိတ်ထဲ၌ ရှင်သန်လန်းဆန်းနေဖြစ်၏။ ၁၉၁၄ ခုနှစ်တွင် ဤအပိုင်းအစများထဲမှ အဂ္ဂိရတ်ပညာရပ်ကို ဆွဲထုတ်သူမှာ ဟာဗက်ဆဲလီဘာရာဖြစ်ပြီး စိတ္တဗေဒပညာရှင်တစ်ဦးလည်း ဖြစ်၏။ ဗင်းနစ်ကျောင်းထွက်လည်း ဖြစ်၏။ ၎င်း၏ PROBLEMS OF MYSTICISM AND ITS SYMBOLISM) ကျမ်းကို ပုံနှိပ်ခဲ့၏။ အဂ္ဂိရတ်ကျမ်းပေါင်းများစွာတို့မှ အချက်အလက်များကို ထုတ်နုတ်၍ ဝေဖန်ထားခြင်း ဖြစ်၏။ ၎င်းအပြင် အဂ္ဂိရတ်ပညာရပ်ကိုလည်း လောကီပညာရပ်များအနက် အဆင့်မြင့်ဆုံးဟု သတ်မှတ်မှုလည်းပြုလိုက်၏။

ကားဂူးစတာပ်ဂျန်နှင့် တပည့်များကလည်း ဤအယူအဆအတိုင်းပင် ဖြစ်၏။

ဟာဗက်ဆဲလီဘာရာသည် သူ၏ အဂ္ဂိရတ်ဆိုင်ရာသုတကို ကျယ်ပြန့်စေပြီး ပညာရပ်၏ နောက်ဆုံးစိန်ခေါ်မှုကိုပြုကာ ၎င်းသည်ပင်လျှင် နောက်ဆုံးလျှို့ဝှက်ချက်ဖြစ်ကြောင်း ဆိုခဲ့၏။ ၂၀ ရာစု၏ ပထမနှစ်ပေါင်း (၃၀) အတွင်း ဖူကာနေးသည် ပါရီမြို့တွင် နေထိုင်ခဲ့၏။ ဖူကာနေးဟူသောအမည်မှာ နာမည်တုဖြစ်ပြီး (Uulcain) နှင့် (Elie) ကို ပေါင်းစပ်ထားခြင်းလည်း ဖြစ်နိုင်သည်။ သူသည် အဂ္ဂိရတ်ပညာရပ်တွင်၊ အခြားသောပုဂ္ဂိုလ်များ ခေါင်းမထောင်နိုင်သောအချိန်တွင် အောင်မြင်စွာ ခေါင်းထောင်နိုင်ခဲ့၏။ သူ၏နာမည်ကို ကျမ်းနှစ်ကျမ်း၏ မျက်နှာဖုံးတွင် တွေ့ရှိရ၏။ ထိုကျမ်းများ၏အမည်မှာ LE MYSTERE DES CATHE DRALES ဖြစ်၏။ ၎င်းကျမ်းကို ၁၉၂၂ ခုနှစ်တွင် ရေးသားခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ပုံနှိပ်ခဲ့လေ၏။ နောက်တစ်ကျမ်းမှာ LE DEMEURES PHILOSOPHALES ဖြစ်ပြီး ၁၉၂၉ခုနှစ်၌ ပုံနှိပ်ခဲ့၏။ သို့သော် ဖူကာနေး၏ လူပုံပန်းအစစ်အမှန်ကိုကား တစ်ခါမျှမတွေ့ရပေ။

အချို့ကလည်း သူ့ကို ပန်းချီဆရာဂျိန်းဂျူလီကန်ပေါင်း (၁၈၇၇ - ၁၉၃၂) ဟု ဆိုကြ၏။ သို့တည်းမဟုတ် ဖူကန်နေး၏ တပည့်တစ်ဦးဖြစ်သူ ယူဂျင်းကန်စီလက်ဖြစ်ကြောင်းလည်း ဆိုကြ၏။ အဘယ်ကြောင့်ဆိုသော် သူ့ကျမ်းရောင်းရငွေ၏ အချိုးကျကို ထုတ်ယူခံစားသောကြောင့် ဖြစ်၏။ သို့သော် အဆိုနှစ်ရပ်စလုံးမှာ ခိုင်မာသော အထောက်အထားကား မရှိပေ။ နီကိုလပ်ဖလာမေးနှင့် အခြားသော အနောက်တိုင်းအဂ္ဂိရတ်ပညာရှင်များကဲ့သို့ပင် လျှို့ဝှက်ချက်က ဖူကာနေး၏ ဇာတ်လမ်းကို ပို၍ ဒဏ္ဍာရီဆန်စေ၏။ ဖူကာနေးသည် မယုံကြည်နိုင်လောက်အောင် ထူးဆန်းသော ဇာတ်လမ်းကို ထောက်ခံ အားပေးသူဖြစ်၏။

တစ်ခါတစ်ရံ ၂၀ ရာစုတွင်ပင် မျက်မြင်သက်သေ (၂) ဦး၏ရှေ့မှောက် ဓာတ်ခွဲခန်းတစ်ခုတွင် သူသည် သူ့တပည့် ဆာဆီလီအား ခဲတုံးမှ ရွှေဖြစ်အောင် ပြုလုပ်ခိုင်းသည်ဟု စွပ်စွဲကြ၏။ ဓာတ်လုံးကိုဖြစ်စေသော ဆေးမှုန့်အနည်းငယ်ကြောင့် အောင်မြင်ခြင်းဖြစ်၏။

နောက် ဇာတ်လမ်းတစ်ပုဒ်အရ ဓာတ်လုံးရပြီးနောက်တွင် ဖူကာနေးသည် သူ၏ လျှို့ဝှက်ချက်ကို ဘေးကင်းစွာ ထိန်းသိမ်းရန်အတွက် ထိုဒေသ ပျောက်ကွယ်သွား၏။ သူနှင့် ရူပဗေဒ ပညာရှင် ဂျက်ကွစ်ဗာဂါတို့ ၁၉၃၇ ခုနှစ် တွင် စကားပြောစဉ်တုန်း၌ ဂျက်ကွစ်က အဏုမြူဗုံးနှင့် ဆူကလီးယားစွမ်းအင်တို ကြိုတင်၍ ဟောကိန်းထုတ်ခဲ့၏။ ထို နောက် ၁၉၄၅ ခုနှစ်တွင် မဟာမိတ်လျှို့ ဝှက်အဖွဲ့အစည်းများက သူ့နောက်သို့ နောက်ယောင်ခံလိုက်ခြင်းမှာ သူသည် အဏုမြူဗုံးအကြောင်းကို များစွာသိထား သောကြောင့် ဖြစ်၏။ ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်အကြား၌ သူ၏ ရုပ်အသွင်သည် အသက်(၃၀)အရွယ်ရုပ်ပင်ရှိပြီး ယခု အသက်ရှင်လျက်ရှိနေသေးကြောင့် သိ ရ၏။

အကယ်၍ ကန်စီလက်သည် ဖူကာနေးမဟုတ်လျှင်ပင် သူသည် ဖူကာနေးဒဏ္ဍာရီကို များစွာကူညီ ထောက်ပံ့ခဲ့သူ ဖြစ်ပေမည်။ ကန်စီလက် သည် စာအုပ်ပေါင်းများစွာတွင် နိဒါန်း ကို ရေးသားခဲ့၏။ နာမည်ကျော်ကျမ်း များမှာ LE MYSTE RE DES CATHEDRALES, LES DEMEURES, LES DEMEURES PHILOSOPHALES ကျမ်းများ ဖြစ်၏။ ထိုနှစ်ကျမ်းမှစတင် ၍ လျှို့ဝှက်မှုပေါ်ပေါက်ခဲ့၏။ ကန်စီ လက်သည် တစ်ဦးတည်းသောမျက်မြင် သက်သေ ဖြစ်၏။

ဒဏ္ဍာရီ၏ အဓိကအချက်များစွာ တို့တွင် တစ်ဦးတည်းသော သက်သေ လည်း ဖြစ်၏။ ဓာတ်ငွေ့လုပ်ငန်းတွင် အောင်မြင်စွာလုပ်နိုင်ခြင်း ဖြစ်၏။ ထို နောက် ဖူကန်နေးသည် ထူးဆန်းစွာ ပျောက်ကွယ်သွား၏။ သူသည် အသက် (၃၀) အရွယ်တွင် ပျောက်သွားပြီး နောက်အနှစ် (၃၀) ကြာသောအခါတွင် မှ ပြန်တွေ့သော်လည်း အသက် (၃၀) အရွယ်ပင် ဖြစ်နေ၏။

ကန်စီလက်ပြောသမျှတို့သည် ရေ ရက်အချိန်ကာလများ မကိုက်ပေ အောက်တိုဘာ ၂၅ ရက်နေ့တွင် ထုတ် သည့် LE MYSTERY ကျမ်း၏ နိဒါန်း ရေးထားသည်မှာ -

'ဤကျမ်းပြုစုသူသည် ကျွန်ုပ် နှင့်အတူရှိနေခဲ့၏။ ထိုသို့အတူရှိနေခြ သည် လွန်ခဲ့သော နှစ်ပေါင်းများစွာ ဖြစ်၏' ဟု ရေးထား၏။ ၁၉၅၇ ခုနှ ထုတ် ဒုတိယအကြိမ်တွင် မူကူးစီလ

www.burmeseclassic.com

ဤသို့ အခိုင်အမာ ရေးသားပြန်၏။

၁၉၂၂ ခုနှစ်တွင် ထိုကျမ်းကို ရေးသားသောအခါ ဖူကာန်နေးသည် ဘုရားခင်ထံမှ လက်ဆောင်မွန်ကိုကား မရသေးပေ၊ သူ့ကျမ်းစာ၏ ပထမပိုင်းပြီးပြီးချင်းတွင်ပင် ကျွန်ုပ်၏ဆရာသည် ဆန္ဒများကို ထုတ်ဖော်ပြောပြခဲ့၏။ နောက်ဆုံးစကားမှာ သူ၏ရုပ်သွင်အစစ်အမှန်ကို ရာသက်ပန် လျှို့ဝှက်ချက်အဖြစ် ထားရှိမည် ဖြစ်၏။ ဖူကာနေးသည် ၁၉၂၂ နောက်ပိုင်း၌ သေဆုံးပါက ဆက်လက်သည် အောက်ပါစကားရပ်မည်သို့ပြောနိုင်ပါသနည်း။

အချိန်များစွာ ကုန်လွန်ခဲ့ပြီ၊ သူသေဆုံးပြီးကတည်းက ဟူ၍ ဆိုမည်။ အခြားသောအသေးအဖွဲကိစ္စများတို့လည်း ကန့်စီလက်မသိခဲ့ကြောင်း နိုင်ပေမည်။ ဤသို့ဖြစ်ရခြင်းမှာ ပေါ့သက်သက်လော။ သူ့ဆရာကဲ့သို့ ကန့်စီလက်သည်လည်း အင်္ဂလိပ်ပညာရှင်တစ်ဦး ဖြစ်၏။ တက္ကဗေဒအလိုဖြင့် အင်္ဂရိတ်ကျမ်းများ ဖတ်ရှုခြင်းသည် မှားသည်ဟု ဆို၏။ အကြောင်းမှု ၎င်းတွင်ပါသော အချက်အလက်များသည် လူသား၏ ဉာဏ်ဖွံ့ဖြိုးရေးအတွက် သင်ကြားပေးရန်မဖြစ်နိုင်ဘဲ တစ်ချိန်တည်းမှာပင် ဖော်ပြခြင်းနှင့် ဖုံးကွယ်ခြင်းကို မပြုလုပ်နိုင်သောကြောင့် ဖြစ်၏။

ဖူကာနေး၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ ဉာဏ်ကစားရာတွင် ကန့်စီလက်သည် ခိုင်မာမှုရှိ၊ မရှိကို စိတ်ကူးသင့်ဟုတ်၊ မဟုတ်ဟူသည့်အကြောင်း၌ ကန့်စီလက်သည် မဖြစ်နိုင်သည့်ရလဒ်ကိုသာရရှိခဲ့၏။ လူများစွာတို့၏ ငုပ်လျှိုးနေသော ရိုးရာအင်္ဂရိတ်ပညာ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်ရာ၌ ဤမျှရှေးကျသော ပညာရပ်သည် ၂၀ ရာစုခေတ်တွင် ခေတ်မီစွာရပ်တည်နေနိုင်သည်ဟူသောအချက်က အံ့သြဖွယ်ရာဖြစ်နေသည်။ ဖူကာနေး၏ကျမ်းက ကျယ်ပြန့်သောအောင်မြင်မှုကိုရရှိခဲ့၏။ ကာလအားဖြင့် ၎င်းသည် ရာစုနှစ်၏ ထက်ဝက်ကျော်ခန့် ကျော်ကြားခဲ့၏ ။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်စပ်ကြားကာလတွင် ထိုစာအုပ်နှစ်အုပ်ကို ဝယ်ယူပါက မကြုံစဖူး ထူးကဲမြင့်မားသော ဈေးနှုန်းတန်ဖိုးကိုပေးခဲ့ကြရ၏။ နောက်ထပ်ထုတ်ဝေသမျှမှာလည်း နိုင်ငံတကာတွင် အရောင်းရအတွင်ကျယ်ဆုံးဖြစ်သွား၏။ ဘာသာစကားပေါင်းများစွာသို့လည်း ပြန်ဆိုခဲ့ကြ၏။ အင်္ဂရိတ်လုပ်ငန်းနှင့် အသက်မွေးသူများအဖို့ကား ဖတ်ချင့်စဖွယ်တော့ကောင်းသည် မဟုတ်ပေ။

ဖူကာနေးသည် သူ၏ကျမ်းကို အခြားသော ကျမ်းပြုသူများနှင့်မတူဘဲ ဇာတ်လမ်းအသွင်ဖြင့် ရေးခဲ့၏။ ဇိုဆီမော့ခေတ်မှသည် စီလီယာနီခေတ်အထိ ပေါ်ပေါက်ခဲ့သော အင်္ဂရိတ်ပညာရှင်အားလုံး၏ ရေးဟန်နှင့်ကွဲပြား၏။ ခေတ်မီစိတ်ဓာတ်များအတွက် သံသယဖြစ်စေမည့် ကောင်းကင်ဘုံဆိုင်ရာ အမြင်နိမိတ်များ၊ ဒဏ္ဍာရီဆန်သော ပုံကြီးချဲ့မှုများ၊ သင်္ကေတဆန်သော ကိုယ်ရေးရာဇဝင်များ လုံးဝမပါရှိပေ။ ပါရှိသမျှသော အင်္ဂရိတ်အကြောင်းတို့ကို ဟာမစ်တစ်ဒသဿနှ၊ သမိုင်းဆိုင်ရာစာပေပုံစံ၊ တက္ကပုံစံ၊ အိုင်ကွန်နိုပုံစံများဖြင့် ရေးသားထားခြင်းကြောင့် ဖြစ်၏။ ထိုကျမ်းနှစ်အုပ်စလုံးပင် ရုပ်ပြောင်းလဲမှုဆိုင်ရာကို အမှန်အကန်ဖော်ပြပြီး အချိန်ကာလဂုဏ်သိက္ခာ၊ အငွေ့ပြန်ခြင်းတို့အား အံ့ဝင်ခွင်ကျဖြစ်စေခြင်းများကိုလိုက်၍ ဖူကာနေးက ၎င်းတို့ကို ဘုရားကျောင်းတော်ကြီးမှ ဓာတ်လုံးအဖြစ် ပြောင်းလဲခြင်းသည် ဘုရားကျောင်းတော်နှင့် အခြား ရှေးခေတ် အဆောက်အအုံအတွက်ဖြစ်လေသည်။ ဖူကာနေး၏ သဘောတရားမှာ အချို့သော အင်္ဂရိတ်ပညာရှင်များသည် ၎င်းတို့၏ လျှို့ဝှက်ချက်ကို စာအုပ်တွင် ဖော်ပြခြင်းထက် ဘုရားကျောင်းမှ ကျောက်တုံးများ၊ ရဲတိုက်မှ ကျောက်တုံးများတွင် ထားရှိလိုခြင်း ဟူ၍ ဖြစ်၏။ ပဲရစ်ရှိ အထိမ်းအမှတ်ကျောက်တိုင်များနှင့် အမန်၊ ဘောဂတ်၊ လိုက်ဇပ်၊ နာတီးတို့တွင် အင်္ဂရိတ်ပညာ၏ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားသော စာပေများ၊ စာမူများရှိပေသည်။ ထိုသို့ ထည့်ထားခြင်းဖြင့် အားလုံးသိမြင်နိုင်သည်ဟု သူက ယူဆ၏။

ဖူကာနေးက သူ၏ စာဖတ်သူအား ခရီးလမ်းတစ်လျှောက် ကြုံရသည့် ဝေါဟာရများကို ရှင်းလင်းပြောပြ၏။ ဤသို့ပြုခြင်းဖြင့် ဖူကာနေးသည် အင်္ဂရိတ်ပညာကို လူတိုင်း နားလည်နိုင်လောက်အောင် ရယ်ကူစေပြီး ရှင်းလင်းတိကျသည့် ပညာရပ်တစ်ခုဖြစ်အောင် အကျွမ်းတဝင်ဖြစ်စေခဲ့၏။ ဂေါသစ်ဘုရားကျောင်းကြီးနှင့်ပတ်သက်၍ ဖူကာနေး၏အယူအဆမှာ ပို၍ထိရောက်၏။ ၎င်းသည် အလယ်ခေတ်ပုံပြင်များကို ရုပ်စဲစေခဲ့၏။ တည်ဆောက်သူများအား ဂုဏ်ရသူတကို ပို၍ရစေ၏။ ဆော်လမွန်၏နတ်ကွန်း၊ အီဂျစ်မှ ပိရမစ်များကို တည်ဆောက်သူများက လက်ဆင့်ကမ်းခဲ့သည့်ပညာရပ်များလည်း ဖြစ်၏။

အမှန်အားဖြင့် ဖူကာနေး၏ ပထမကျမ်းသည် ပါရီရှိ နော်တာဒိန်းဘုရားရှိခိုးကျောင်းကြီးအား ရည်ညွှန်းထား၏။ နော်တာဒိန်းဇာတ်လမ်းရေးသူမှာ ၎င်းဘုရားကျောင်းကြီးတွင် နှစ်ပေါင်း (၅၀) မျှ အင်္ဂရိတ်ပညာရှင်တစ်ဦးအဖြစ် နေထိုင်လုပ်ကိုင်သွားခဲ့သူဖြစ်ကြောင်း တွေ့ရှိရ၏။ မကျွမ်းကျင်သော စာရှုသူသည် ဖူကာနေး၏ နော်တာဒိန်းအကြောင်းရေးသားချက်ကို တိုက်ရိုက်အဓိပ္ပာယ်မပြန်သင့်ပေ။

သူ့ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့သော သဘောတရားများစွာတို့မှာ ဟာမစ်တစ်ဒသဿနနှင့် မဆိုင်ပေ။ ထို့တွင် နော်တာဒိန်းဘုရားကျောင်းကြီး၏ ဗဟိုဆင်ဝင်ဆောင်နှင့် မြောက်ဘက်ဆင်ဝင်ဆောင်ကြားလပ်နေရာကို ရှင်းလင်းဖော်ပြထား၏။ သင်္ကေတအားဖြင့် မြင်း၏ လည်ဆံမွေးကို ဆုပ်ကိုင်ပြီး မခိုင်မြဲသော မြင်းစီးသူကဲ့သို့ ဖြစ်သည်ဟု သူကဆို၏။ ဤဥပမာတွင် မြင်းသည် လှုပ်ရှားမှု၊ အရှိန်နှုန်းတို့နှင့်တူ၏။ သူ့ကိုထိန်းချုပ်ရန် မြင်းစီးသူ၏ စွမ်းရည်လိုအပ်သကဲ့သို့ အင်္ဂရိတ်ပညာတွင်လည်း လုပ်နည်းလုပ်ဟန်မည်မျှပင်ကောင်းမွန်စေကာမူ အင်္ဂရိတ်ပညာရှင်၏ အသိပညာ၊ ဉာဏ်ပညာ၊ သုတပညာတို့ ပေါင်းစပ်ထိန်းသိမ်းမှ အောင်မြင်နိုင်ပေမည်။ တစ်နည်းဆိုရပါမူ အငွေ့ပြန်ဓာတ်သည် တည်မြဲမှုကို စွန့်လွှတ်ခြင်း ဖြစ်၏။

ဖူကာနေးခေတ်မတိုင်မီ ၇ ရာစုခန့်က ဗိသုကာများ တီထွင်ထားရစ်ခဲ့သော တံခါးပေါက်များတွင် အသုံးပြုသည့် သစ်ထွင်းပန်းပုဆိုင်ရာ ပုံကြမ်းများကို ရှေးခေတ်ဗိသုကာများ ထားရစ်ခဲ့၏။

မြင်းစီးမကျွမ်းကျင်သူသည် မြင်းပေါ်မှ လွင့်ကျသကဲ့သို့ အင်္ဂရိတ်ပညာတွင်လည်း မအောင်မြင်သော အင်္ဂရိတ်ပညာရှင်၏ မာနသည်လည်း ကျဆုံးရ၏။ အလားတူပင် အလယ်ခေတ်ဘုရားရှိခိုးကျောင်းအားလုံး၌ ပြ၏။ ပြထားပုံမှာ လူသား၏ မာနကျဆုံးသည့်နေ့သည် ကောင်းမှု၊ မကောင်းမှု ချိန်ဆရမည့် အခါပင် ဖြစ်၏။ ဖူကာနေးသည် တမင်သက်သက် မှုသားပြောနေသလော၊ သူ့အား မရိုးဖြောင့်သူဟု မစွပ်စွဲမီ အချက် (၂) ချက်ကို သတိပြုရပေမည်။ ခရင်

www.burmeseclassic.com

ယာန်ပုံစံဖြင့် ထုလုပ်ထားသည့် ကျောက်ဆစ်ရုပ်ကို ဖူကာနေးသည် လုံးဝစိတ်မဝင်စားပေ။

ဧရာမဘုရားရှိခိုးကျောင်းကြီးများ တည်ဆောက်ထားခြင်းမှာလည်း သူ့အတွက် တစ်စုံတစ်ခုကို ဖော်ပြပြီး အခြားသော တစ်စုံတစ်ခုကို ဖုံးကွယ်ထားခြင်းလည်း ဖြစ်၏။ ထိုထက်မပိုပေ။ ဒုတိယလေ့လာမှုမှာ ဤသို့ဖြစ်၏။ သူ၏ ပထမကျမ်းသည် အင်္ဂါရတ်နှင့်ပတ်သက်သော အခြားကျမ်းများထက် အကောင်းဆုံးရှင်းလင်းချက်ကို ပေးထား၏။ ဖူကာနေးပြဆိုသည့် မြင်းနှင့်မြင်းစီးသူ ဥပမာကို ပြန်ကြည့်လျှင် မြင်းစီးသူ၏ လိမ့်ကျခြင်းသည် ဝိညာဉ်၏ မှန်ကန်သောဆုံးဖြတ်မှုကိုပြ၏။ မြင်းသည် အဆိုပါ ဝိညာဉ်သဘောမှ ရုပ်ဒြပ်ကို ပြခြင်း ဖြစ်၏။ မြင်းစီးသူသည် အညံ့စားသတ္တု၏ လေးလံခြင်းကို ဖော်ပြ၏။ ဓာတ်တစ်ခုကို ဒစ်စတီလေးရှင်းလုပ်တိုင်းလုပ်တိုင်း မြင်းကမြင်းစီးသူကို တွန်းချသည့်အဖြစ်မျိုး ကြုံရတတ်၏။ အငွေ့ပြန်ဓာတ်သည် စွဲမြဲမှုကို စွန့်လွှတ်၏။

လောလောဆယ်တွင် ဖူကာနေးသည် ဓာတ်တို့၏ သန့်စင်မှုကို ပြုလုပ်နေသည်ဟု ယူဆရပါမည်။

သူပြောသည့်စကားတွင် လူသား၏ ခန္ဓာကိုယ်သည် သတ္တုအစုအဝေးဖြစ်၏။ ရှေးခေတ် ဟာမစ်တစ်ဂျီနိုစတင်ဖင်အရ ဝိညာဉ်ကို သန့်စင်စေရန်အတွက် ရှေးဦးစွာ မာနကို ဖယ်ရှားသင့်၏။ မိမိအဖြစ်ကိုမိမိဖုံးကွယ်ရန်အတွက် လူသားသည် ဝိညာဉ်ဆိုင်ရာအနှစ်သာရဖြစ်သည့် ဓာတ်တစ်မျိုးကို လူသားက ခွင့်ပြုထား၏။

ဤသို့ဖြင့် ဖူကာနေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ခရစ်ယာန်မဟာဗေဒနှင့် ကိုက်ညီနေပေသည်။ တစ်ခုတည်းသော ခြားနားချက်မှာ အင်္ဂါရတ်ပညာရှင်သည် ဝိညာဉ်ပိုင်းဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်ကို လျှို့ဝှက်ထား၏။ ထူးချွန်သူများအမြင်တွင် ဖူကာနေး၏ ကျမ်းများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာ ပါဝင်ပြီး တစ်ခုနှင့်တစ်ခုခွဲခြားရန်လည်း မလွယ်ကူလှပေ။ ဖူကာနေးသည် သဒ္ဒဗေဒနှင့် အင်းစမပညာတို့၏ ကျေးဇူးကြောင့် ဤမျှ ကျော်ကြားရခြင်း ဖြစ်၏။ သူသည် ရှေးရိုးစဉ်လာ အိုမင်းလုပြီဖြစ်သော အင်္ဂါရတ်ပညာကို ၂၀ ရာစုအလယ်သို့ ရောက်အောင် သက်တမ်းတိုးပေးလိုက်ခြင်း ဖြစ်၏။ အများ၏ အထင်အမြင်များနှင့် ဆန့်ကျင်နေသည်မှာ ဖူကာနေးသည် အထီးကျန်မဟုတ်ပေ။ သူ၏ကျမ်းနှစ်ခုစလုံး၌ ရည်ညွှန်းချက်များ ပါရှိ၏။ ၎င်းဖော်ပြချက်မှာ -

'ဟယ်လီယိုပိုးလစ်၏နောင်တော်ကြီးသို့' ဟူ၍ ဖြစ်၏။ ဖူကာနေးသည် ဟာမစ်တစ်ညီအစ်ကိုအသင်းကို လျှို့ဝှက်တည်ထောင်ခဲ့၏။ ထိုလျှို့ဝှက်ချက်အတွက် ဤအမည်ကိုယူထား၏။

သူ၏တပည့်ဖြစ်သူ ကန်စီလက်၏ စာအုပ်တွင်လည်း ထိုအတိုင်းပင် ရည်ညွှန်းကြောင်း တွေ့ရ၏။ ထို့မျှမက သေးပေ။ သူ့စာတွင် ယူဂျင်းကာစီလက်ဟု လက်မှတ်ထိုးထား၏။ အဆိုပါ ဟာမစ်တစ်ညီအစ်ကိုအသင်းသည် တည်ထောင်သူများထက်ပင် အသက်ပိုရှည်နေ၏။ ဖူကာနေးသည် ဟယ်လီယိုပိုးလစ်အမည်ကို အဘယ်ကြောင့်ရွေးချယ်ရပါသနည်း။ အဆိုပါ ဟယ်လီယိုပိုးလစ်၏ အဓိပ္ပာယ်မှာ နေမင်း၏ မြို့တော် ဖြစ်၏။ ယနေ့ခေတ် ကိုင်ရိုမြို့၏ အနောက်မြောက်ဘက်၌ တည်ရှိ၏။ ၎င်းမှာ နေမျိုးနွယ်တို့၏ ဗဟိုအချက်အခြာဟုဆိုခြင်း ဖြစ်၏။

အင်္ဂါရတ်ပညာတွင် နေ ဆိုသည်မှာ ရွှေနှင့်အဓိပ္ပာယ်တူ၏။ ၎င်းသည် အင်္ဂါရတ်ပညာ၌ နေသည် ရွှေနှင့် သဘောတရား အဓိပ္ပာယ်ကို တင်စား၍ဆိုခြင်း ဖြစ်၏။ အဆိုပါ ဟယ်လီယိုပိုလစ် အမည်ကို ရွေးချယ်ခြင်းသည် အီဂျစ် အင်္ဂါရတ်ပညာ၏ စိတ်ကူးတစ်ရပ်ဖြစ်ပေသည်။ အင်္ဂါရတ်ကျမ်းတစ်ကျမ်းဖြစ်သော KATECHISMUS DER HOHEREN CHEMIE ကျမ်းကို ၁၈၁၉ခုနှစ်၌ ဟဲယ်လီယိုပိုလစ်ဒေသ၌ ထုတ်ဝေခဲ့သည်ဟုပြဆိုထား၏။ အမှန်မှာမူ အမှန်တကယ် ထုတ်ဝေခဲ့သည်မှာ ဂျာမနီ မြူးနစ်မြို့၌ ဖြစ်လေ၏။ ဟာမစ်တစ်ညီအစ်ကိုအသင်းသည် အထက်ပါဖူကာနေးကျမ်းနှစ်ကျမ်းထွက်သည့်အချိန်၌ တည်ထောင်သည်မှာ ဖြစ်နိုင်၏။ ထို့အတူ ၎င်းဂျာမန်ဘာသာရေးသမားသည်လည်း ထိုအချိန်က အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ဟန်တူ၏။ယူဂျင်းကန်စီလက်သည် ဖူကာနေးမဟုတ်၊ ၎င်း၏အမွေစားအမွေခံသာ ဖြစ်၏။

၎င်းတို့၏ ပြန်လည်ဆန်းသစ်လာသော အင်္ဂါရတ်စိတ်ဝင်စားမှုကြောင့် အသင်းအဖွဲ့များ ပေါ်ပေါက်လာရ၏။ ဘာသာရပ်ဆိုင်ရာနှင့်ပတ်သက်၍လည်း တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အယူအဆမတူကြပေ။ အချို့ကလည်း အင်္ဂါရတ်ပညာသည် ဓာတုဗေဒနှင့် ဘာမဆိုင်သောလေ့လာမှုတစ်ရပ်ဟု ဆိုကြ၏။ ၎င်းသည် ဘိုမီးနှင့် အက်ကာ ... ရှမ်တို့၏ ဘာသာရေးအယူအဆနှင့် ခပ်ဆင်ဆင်တူ၏ဟု ဆို၏။ အချို့က လည်း ဤပညာရပ်ကို လိုင်စွမ်းအင်အတွက် အဆင့်မြင့်ကျင့်စဉ်ဟု ဆိုကြ၏။ တာအိုနှင့် တန္တရအင်္ဂါရတ်တို့ကဲ့သို့ပင် အင်္ဂါရတ်ပညာ၏ ဓာတုပိုင်နှင့် သက်ဆိုင်သည်ဟု ဆိုကြ၏။

လူနည်းစုက မိရိုးဖလာအင်္ဂါရတ်လမ်းစဉ်သို့လိုက်ကြ၏။ လက်တွေ့နှင့်သဘောတရားဆက်စပ်မှုကို စိတ်ဝင်စားကြ၏။ ၎င်း၌ ကာယကံရှင်နှင့် ၎င်း၏ရုပ်ဝတ္ထုပစ္စည်းများစပ်ကြား၌ အမြဲတစေဆက်သွယ်မှုရှိနေသည်။ ယနေ့ခေတ်တွင် ဤဝါဒကို ဆုပ်ကိုင်ထားရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ ဆူညံ၍လူအများ ပြွတ်သိပ်နေသော မြို့တော်ကြီးများတွင် သဘာဝ၏ လျှို့ဝှက်ချက်များကို မည်သို့မည်ပုံ တွေ့ရှိနိုင်ပါမည်နည်း။ နံနက်မိုးလင်းချိန်မှ ညမိုးချုပ်သည့်တိုင်အောင် ရေဒီယိုလှိုင်းများ၏ ရိုက်ခတ်ခြင်းကိုခံရသော ဤခန္ဓာကိုယ်၏ နက်ရှိုင်းသောတုန်ခါမှုများကိုလည်း မည်သို့မည်ပုံ စမ်းသပ်တွေ့ရှိနိုင်ပါမည်နည်း။ သို့သော်လည်း အမည်မသိခေတ်ပြိုင် အင်္ဂါရတ်ပညာရှင်တစ်ဦးက ဤသို့ဆိုဖူး၏။

'ဤကိစ္စနှင့် ပတ်သက်၍ ထူးခြားသည့်ရလဒ်များ ထွက်ပေါ်လာစေရန် ပစ္စည်းကိရိယာအနည်းငယ်မျှသာလို၏။ နည်းနာနိသယများက မည်သို့ပင်ဆိုစေကာမူ အမှန်တကယ် လိုအပ်ချက်မှာ ဓာတ်မလိုက်သည့် မီးဖိုတစ်လုံး၊ ဘန်ဆန်မီးခွက်တစ်လုံး၊ အလွန်ပင်စိတ်ရှည်သောသည်းခံမှုနှင့် တကယ့်အချိန်တွေ ရောက်မှုကို သိနိုင်စွမ်းတို့ပင်ဖြစ်၏။ ၎င်းတို့နှင့်သာ အလုပ်လုပ်ပါ။ အံ့ဩစရာများကို တွေ့လာရပါလိမ့်မည်။ ပြဒါးရှင်လုံးနှင့်ပတ်သက်၍ စိတ်ကူးယဉ်ရခြင်းဖြင့် အင်္ဂါရတ်ပညာရှင်တို့၏ညများကုန်ဆုံးခဲ့ရသည်မှာ ယနေ့အချိန်အထိပင် ဖြစ်ပါတော့သည်' ဟု ဆိုထားပါသည်။

(ရှေ့လဆက်ဖတ်ပါ)

ဆရာဦးဆက်ထွန်းလင်း
(ဘာသာပြန်)




www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့)

# ဘေးကင်းရန်ကွယ် လာဘ်များမယ်



ဘေးကင်းရန်ကွယ် ဗျည်းစမဘုရားပုံတော်

ယနေ့အချိန်ကာလသည် ကုန်း ...အနေဖြင့် ကွန်ရက်သဖွယ် နိုင်ငံ ... အလျားလိုက်၊ အနံလိုက် လမ်းများ ...ဆောက်လုပ်ထားပြီးဖြစ်၍ နှစ် (၃၀)၊(၄၀) အတွင်းမှာ မထင်မှတ်သော ခရီးသွား ...ရေးလွယ်ကူနေချိန် ဖြစ်ပါသည်။ ရေ ...အနေဖြင့်လည်း ကူးသန်းသွားလာ ...သည်း ဖြစ်နေပါသည်။

ယခု ကျွန်ုပ်အနေဖြင့် မဖြစ်မနေ ...ဆောင်ရွက်ပေးခဲ့ရသော အကြောင်း ...စ်ခုကြောင့်ပင် ဖြစ်ပါသည်။

တစ်နေ့က -

ကျွန်ုပ်၏မိတ်ဆွေတစ်ယောက်နှင့် ...ည့်နှစ်ယောက်တို့ ကျွန်ုပ်၏အလုပ် ...ပွဲမှာ ဆုံနေကြပါတော့သည်။ တစ် ...တည်းသားများ ဖြစ်နေသည့်အတွက် ...ရင်းများဖြစ်နေခဲ့ကြပါသည်။

မိတ်ဆွေကတော့ ဒေသထွက်ကုန် ...ကို ဈေးကွက်ပို့နေသူ ပွဲစားဖြစ်ပြီး ...ခုံမှာအလွန်ကြီးပါသည်။ လုပ်ငန်း ...သာသည်နှင့်အမျှ ကုန်များသိမ်းယူ ... ပြန်လည်ပို့ဆောင်နေသော လုပ် ...များအတွက် မော်တော်ယာဉ်ကား ...ကိုပါ ကိုယ့်လုပ်ငန်းတွင် ထည့်သွင်း ...ရလေသည်။

တပည့် (၂)ယောက်ကမူ တစ်ဦး ... ရေကြောင်းလုပ်ငန်းဖြစ်ပြီး တန် ...၀၀)ပါ မော်တော်ယာဉ် (၂) စီး ပိုင် ...ပြီး အောက်ကိုစုန်ရာတွင် အညာ ...နှင့်စုန်သွားခဲ့ပြီး အညာသို့ ပြန်ပြီး ...တက်ချိန်တွင် အောက်ကုန်မျိုးစုံနှင့် ...တို့ကို သယ်ယူနေသော ရေလိုင်း ...ကိုင်သူ ဖြစ်ပါသည်။

ကျန်တပည့်တစ်ယောက်ဆိုလျှင် ...မိ (၁၀) ဘီး မော်တော်ကားနှင့် ... ဘီး မော်တော်ကားများဖြင့် ကုန် ...ပို့ဆောင်လုပ်ငန်းတို့ကို လုပ်ကိုင်နေ ... မော်တော်ယာဉ်လိုင်းစုံ လူစီးကား ... ပိုင်ဆိုင်ထားကြသူများ ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့်ကျွန်ုပ်၏မိတ်ဆွေ ... တပည့်များအတွက် ရှောင်လွှဲမရ ... လူရင်းများ ဖြစ်နေကြပါသည်။ ...စ်သူမိတ်ဆွေများ သိသာအောင် ...ုပ်၏ရှေ့တွင် ရောက်နေကြသူ (၃) ...ကအနေဖြင့် လုပ်ငန်းသဘောကွာခြားနေသော်လည်း သူတို့၏တူညီနေကြသောစိတ်ဆန္ဒတို့မှာ တစ်ထပ်တည်းဖြစ်နေကြခြင်းပင် ဖြစ်ပါသည်။

သူတို့၏ဆန္ဒမှာ သူတို့၏ စီးပွားရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်း၊ လုပ်စီးပွားကိုင်စီးပွားတို့ကောင်းပြီး စီးပွားတိုးတက်ချင်နေခြင်းက ထပ်တူပါ။

ကျွန်ုပ်လည်း မိတ်ဆွေနှင့်တပည့်များ၏အလိုဆန္ဒကိုဖြည့်ပေးနိုင်ပါသည်။ လိုချင်တာရကြပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာပြန်သွားကြပါပြီ။

ကျွန်ုပ်၏ဆန္ဒမှာ စာဖတ်သူမိတ်ဆွေများအနေဖြင့် ကျွန်ုပ်အထက်တွင် ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း မော်တော်ကား၊ ယာဉ်များဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရေလမ်းကြောင်းတွင် ရေယာဉ်များဖြင့် စီးပွားရှာနေကြသော လုပ်ငန်းရှင်များအနေဖြင့်လည်း အလိုဆန္ဒရှိခဲ့ပါလျှင် အသုံးပြုနိုင်ကြရန်အတွက် အောက်တွင် မည်သို့ဆောင်ရွက်ကြရမည်ကို အပြည့်အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

## ဘေးကင်းရန်ကွယ်
## ဗျည်းစမဘုရားစီမံပြီး
## မည်သို့ ပူဇော်ရပုံ အပြည့်အစုံ

ဦးစွာပထမ -

ဗျည်းစမဘုရားကို အရင်ဆုံးစီမံရေးဆွဲရန် ဖြစ်ပါသည်။ အကယ်၍ ကိုယ်တိုင်ရေးဆွဲရန် အခက်အခဲရှိနေ



www.burmeseclassic.com

www.burmeseclassic.com

လျှင် ယနေ့ခေတ် မိတ္တူဆိုင်တွင် မိတ္တူကူးယူနိုင်ကြပါသည်။

### ၁။ ရက်ရွေးချယ်ရခြင်း

ရက်ရာဇာရက် (ထိုရက်သည် စီမံဆောင်ရွက်သူ၏ မိတ်နံ့ရက်ဖြစ်လျှင် ပို ကောင်းပါမည်။)

### ၂။ နံ့သာရည်သုံးရပါမည်

အရက်ပြန်နည်းပြီး သင်းပျံ့သော အနံ့ရနံ့ရှိသောရေမွှေးကို သုံးပါ။

### ၃။ ပထမအစီအစဉ်ရက်သတ်မှတ်ရခြင်း

စတင်ဆောင်ရွက်သည့်နေ့မှစပြီး (၉) ရက် ဖြစ်သည်။

### ၄။ ပင့်ဖိတ်ထားရန်

ဦးစွာ တာဝတိံသာတွင် တာဝန်ယူနေကြသော နတ်စစ်သူကြီး (၃၇)ပါးကို ပင့်ဖိတ်ထားပါ။

### ၅။ နေ့စဉ်ပြုဖွယ်များ

(က) စမဘုရားကို အလှမီနီယမ် ပေါင်ခတ်ပြီး ဘုရားကျောင်းဆောင်မှာ ထားပါ။ နံ့သာပက်ဖျန်းပါ။

(ခ) အလင်းတိုင်၊ နံ့သာတိုင်၊ အောင်သပြေတို့ကို ပူဇော်ကပ်လှူရန်။

(ဂ) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်း မေတ္တာပို့သ၊ ကုသိုလ်အမျှပေးဝေခြင်းပြုလုပ်ရန်။

(ဃ) အောက်ပါဂါထာ (၄)ပုဒ်ကို (၃၇) ခေါက် ရွတ်ဖတ်ပူဇော်ပါရန်။

* *ဗုဒ္ဓေါ မေ သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊*
*ဣသွာသု ဗုဒ္ဓံ သရဏံ ဂတော သဗ္ဗရောဂါ ဝိနဿန္တု။*

* *ဓမ္မော မေ သတ္တပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊*
*ဣသွာသု ဓမ္မံ သရဏံ ဂတော သဗ္ဗဘယာ ဝိနဿန္တု။*

* *သံဃော မေ သတ္တပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ။*
*ဣသွာသု သံဃံ သရဏံ ဂတော သဗ္ဗဒုက္ခာ ဝိနဿန္တု။*

* *သုခံ ဘဂ္ဂံ ဗလံ ဇေယျံ၊*
*ယသံ တေဇော လာဘံ အာယု၊*
*အဋ္ဌဝရာ နိမာ နေဝ ဝမန္တု ဝိန တေဇသာ။*

(င) သစ္စာပြုပါ။ ဆုတောင်းခံပါ။ မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါရန်။

(စ) ဖိတ်ထားသူများကို နေရပ်ဌာနပြန်ပို့ပါ။

(ဆ) မိမိအနေဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သူများရှိခဲ့ပါက ခွင့်လွှတ်ရန် တောင်းပန်ပါ။

မိမိအားလည်း ကံ (၃) ပါးဖြင့် ပြစ်မှားကျူးလွန်ခဲ့ကြသူရှိပါက ခွင့်လွှတ်ရန်။

သူတော်ကောင်းများကပေးဝေသော ကုသိုလ်အမျှကို ဝမ်းမြောက်စွာ ခံယူပါ။

### ၆။ မည်သည့်နေရာတွင်ထားပြီးပူဇော်ရန်

(က) မော်တော်ကားများဆိုလျှင် ယာဉ်မောင်းသော ခေါင်းခန်းအမြင့်တစ်နေရာတွင် ချိတ်ဆွဲပါ။

(ခ) မော်တော်ရေယာဉ်တွင် ပဲ့ကိုင်စလင်၏ရှေ့ သို့မဟုတ် ဘုရားကျောင်းဆောင်တွင် ချိတ်ပါရန်။

(ဂ) အိမ်၏ ဘုရားခန်းတွင်လည်း ချိတ်ထားပြီး ပူဇော်နိုင်ကြပါသည်။

စမဘုရားပုံတော်ကိုလေ့လာကြည့်လျှင် -

* ဗျည်းအက္ခရာများကိုကောက်ကြောင်းဖြင့် ရုပ်စမပညာဖြင့် စမဘုရားအဖြစ် ပုံဖော်ထားခြင်း၊

* ကြီးလေးကြီးတွင် မာတိကစမတင်၍ နဝင်းအညွှန့်တက်ထားခြင်း၊

* လက်ဝဲနှင့် လက်ယာတို့တွင် ရှင်သီဝလိမဟာထေရ်နှင့် ရှင်ဥပဂုတ္တမဟာထေရ်တို့ဖြင့် ခြံရံထားရှိခြင်း၊

* ပလ္လင်၏ တစ်ဖက်တစ်ချက်တွင် အရဟံနဝင်းရိုက်ထားရှိခြင်း။

အစရှိသည့် ဝိဇ္ဇာရေဂမ္ဘီရ ပညာနယ်မှ ရုပ်စမပညာတို့ဖြင့် စီမံထားသော ဗျည်းစမဘုရားပုံတော် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဗျည်းစမဘုရားပုံတော်ကို ရှိသေစွာ ကိုးကွယ်သောသူသည် ဘေးအန္တရာယ်ရန်မာန်ခပ်သိမ်း အေးငြိမ်းပြီး ချမ်းသာရခြင်း၊ လာဘ်များစွာတို့ ရရှိပိုင်ဆိုင်ကြပြီး လောကတွင် ရတနာခုနစ်ပါးနှင့် ကြွယ်ဝချမ်းသာသူဖြစ်ရခြင်း စသည့် အကျိုးအာနိသင်တို့ကို ရရှိကြမည် ဖြစ်ပါသည်။

ယုံကြည်သူများ ဆောင်ရွက်နိုင်ကြစေရန် ပညာဒါနအနေဖြင့် ရေးသား ဖော်ပြပေးလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ။*

သုဒ္ဓ (နဝင်းမြို့)

## ချောင်းဆိုး၊ရင်ကျပ်၊ပန်း...
## အမြစ်ပါမကျန်စေရ

ချောင်းဆိုး၊ ရင်ကျပ်၊ ပန်း... ရောဂါသည် ပူအိုက်သောရာသီတွင်ဖြစ်... သလို အေးသောရာသီတွင်လည်း ... တတ်သောရောဂါမျိုး ဖြစ်သည်။ လူ... ဦးနှင့်တစ်ဦး မတူပါ။ အချို့သူများ... မျိုးရိုးလိုက်၍ဖြစ်သည်ကိုပင် တွေ့... သည်။ နာတာရှည်ရောဂါဆိုးဟု ဆို... များလည်း ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ရောဂါဝေဒ... တစ်ခုဖြစ်လာလျှင် ဆေးကုဖို့၊ ဆေး... ဖို့၊ လိမ်းဖို့၊ ရှူဖို့လိုသည်မှာ အမှန်ပ... ဖြစ်ပါသည်။ ရောဂါကို မွေးမထားသ... ပါ။ ရောဂါသိ ဆေးရှိရမည်သာ ဖြစ်... သည်။

ယခုတင်ပြမည့် ဆေးနည်း... စားဆေးနည်းပင် ဖြစ်ပါသည်။ ... သည့် ပရဆေးဆိုင်၊ မြန်မာဆေးဆိုင်... မှ ဝယ်မရပါ။ ကိုယ်တိုင်ဖော်စပ်သုံး... မည့်ဆေး ဖြစ်ပါသည်။ ငွေကုန်ကြေး... မရှိသလောက်ဖြစ်ပြီး ဆေးအမည်... လည်း (၂) မျိုးတည်းသာ ဖြစ်ပါသည်...

၁။ ငရုတ်ကောင်းစေ့ (၅) ကျပ်သား...

၂။ ငြုပ်ကြီး (ဝါ) ကျွဲဘောက်အ...
အပွင့် (၅) ကျပ်သား

ဦးစွာပထမ ငရုတ်ကောင်းစေ့များ... မှုန့်အောင်ထောင်းပါ။ ငရုတ်ကောင်း... များ မှုန့်ပြီဆိုမှ အပေါ်မှ ငြုပ်ကြီးအ... အပွင့်တို့ ဖြည်းဖြည်းချင်းထည့်ပြီး ည... စွာထောင်းပါ။

ဆေးအမည်(၂)ပါးညက်ပြီး သ... သွားပြီဆိုမှ ရွေးစေ့ခန့်အလုံးလေးမျ... လုံးထားပါ။

နေပူမလှန်းရပါ။ လှန်းလျှင် ဆေး... အာနိသင် ယုတ်လျော့ပါသည်။ နေ... ထဲမှာပင် အလိုအလျောက် ခြောက်သွေ့... စေရပါမည်။

တစ်ခါစားသုံး (၁) လုံး။ တစ်နေ့... (၃) ကြိမ် စားပါ။ အမြစ်ပြတ်ပျောက်... ကင်းသွားပါမည်။ အထူးမှာကြားချ... သည်မှာ ပျောက်ချင်ဇောနှင့် ဆေး... လောဘတကြီး ပိုမစားပါနှင့်။ ရွေးစေ့... ခန့် ဆေးလုံးလေးများ တစ်ခါစား (... လုံး၊ တစ်နေ့ (၃) ကြိမ်သာ စားရပါမ...

နတ်မောက်ဦးသန့်...



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
# မြန်မာ့အင်းအမျိုးအစားများအား
# လေ့လာခြင်း

△ တြိရတနာ-ဆရာဖေမျာလင်း

အင်းတစ်မျိုးအား စီရင်ရာတွင် အင်းစီရင်ရမည့် အောက်ခံပစ္စည်းများ များစွာရှိနိုင်ပါသည်။ ကျွန်ုပ် လေ့လာမိ သိရှိသလောက် တင်ပြရပါလေမူ အင်း စီရန်ရန် အောက်ခံပစ္စည်းများမှာ -

၁။ စက္ကူ
(က) ရိုးရိုးစက္ကူ
(ခ) မှိုင်းကိုင်စက္ကူ
၂။ ကြေးပြား
၃။ ရွှေပြား
၄။ ငွေပြား
၅။ အဝတ်စ (သို့မဟုတ်) ပိတ်စ (များသောအားဖြင့် ထိုသူအဝတ်၊ မိမိအဝတ်စ၊ အင်းလက်ကိုင်ပဝါ စသည်)
၆။ စလောင်းဖုံး
၇။ ရေလုံအိုးကွဲ
၈။ နတ်တင်ရေအိုးကွဲ
၉။ သိမ်ဝင်သပိတ်ကွဲ
၁၀။ ဆီမီးခွက်
၁၁။ ဖယောင်းတိုင်
၁၂။ ဖယောင်းပြား
၁၃။ ကြေးစည်
၁၄။ မောင်း
၁၅။ သစ်သားပြား
(က) ရိုးရိုးသစ်သားပြား
(ခ) နံ့သင့်သစ်သားပြား
၁၆။ ကျောက်ပြား
(က) ရိုးရိုးကျောက်ပြား
(ခ) ကျောက်ပျဉ်
၁၇။ ဆေးကြိတ်ကျောက်လုံး
၁၈။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများ စသည်. . .။

အထက်တွင် ဖော်ပြထားသည်တို့ကား ကျွန်ုပ်လက်လှမ်းမီသလောက် အင်းစီရင်ရာတွင် အသုံးပြုရသည့် အောက်ခံပစ္စည်းများ ဖြစ်ကြပါသည်။ ဝိဇ္ဇာမယလောကီပညာအင်းကျမ်းများတွင် အစီအရင်များနှင့်ပတ်သက်၍ ဤအင်းကို ရွှေပြား၊ ငွေပြား၊ ကြေးပြားရရာတွင် စီရင်ပါလေ။ မှိုင်းကိုင်စက္ကူ သို့မဟုတ် စက္ကူသန့်သန့်၌ စီရင်ပါလေ၊ သိမ်ဝင်သပိတ်ကွဲ၌စီရင်ပါလေ စသည်ဖြင့် အင်းစီရင်သင့်သော အောက်ခံပစ္စည်းများကို ညွှန်းဆိုလေ့ရှိရာ ထိုအင်းစီရင်ရမည့် အောက်ခံပစ္စည်းများသည် အင်းစီရင်ရမည့် ကုန်ကြမ်းပစ္စည်းများသာဖြစ်ပြီး အင်းအမျိုးအစားများမဟုတ်ကြပါ။ ဤသို့ ရေးသား ရှင်းပြနေရခြင်းမှာ အထက်ပါ အင်းစီရင်ရမည့် အောက်ခံပစ္စည်းအမျိုးအစားများကို အင်းအမျိုးအစားများအဖြစ် ဖော်ပြနေကြခြင်းမျိုးများကို လေ့လာ တွေ့ရှိခဲ့သည့် သာဓကများရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ထိုမျှသာမကပါ အချို့က အင်းအသုံးပြုရမည့်နည်းများကို အခြေခံ၍ အင်းအမျိုးအစားဟုဆိုကာ ပြောဆိုနေကြခြင်းများကိုလည်း တွေ့ရပါသေးသည်။ ဥပမာ သောက်အင်း၊ ဆောင်အင်း၊ မြှုပ်အင်း၊ ထိုးအင်း၊ မီးထွန်းအင်း စသည်ဖြင့် အင်းအမျိုးအစားများအဖြစ် ခွဲခြားသတ်မှတ်ဖော်ပြကြသူများလည်း ရှိနေပါသေးသည်။ အင်းအစီအရင်များကို အသုံးပြုအသုံးချပုံနည်းအမျိုးမျိုးရှိကြပါသည်။ အချို့သောဂိုဏ်းတက်စဉ်၊ မော်ဝင်ကျင့်စဉ်များတွင် အင်းများကို ပြာချ၍သော် လည်းကောင်း၊ မှိုင်းကိုင်စက္ကူပေါ် စီရင်ထားသောအင်းတို့ကို လိပ်ခြေ၍သော် လည်းကောင်း သတ်မှတ်ထားသည့်ရက်အရေအတွက်၊ အင်းကွက်အရေအတွက်ပြည့်အောင်သောက်ကြရပါသည်။ အချို့သော အင်းများ ဥပမာ ပီယသိဒ္ဓိအင်း၊ ပယောဂအကွယ် အကာအင်း၊ လာဘ်လာဘရွှင်စေသော အင်း စသည်တို့ကို လက်ဖွဲ့အနေဖြင့် ဖြစ်စေ၊ အင်းကွက်ချည်းသက်သက် ဖြစ်စေ ကိုယ်မှာသော် လည်းကောင်း၊ နေအိမ်၊ ရုံးခန်း၊ အဆောက်အအုံများမှာသော် လည်းကောင်း၊ ဘေးဆီးရန်ကာစေရန်အတွက်သော် လည်းကောင်း၊



အိမ်၊ မြေ စသည်တို့တွင် မြှုပ်နှံထားရသောအင်းများ ဖြစ်ပါသည်။

ထိုအင်းဆိုသည်မှာ အထူးသဖြင့် ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာဖြင့် စီရင်ထားသော မော်ဝင်ဆေးများ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိဆေးများကို လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် အင်းကွက်၊ မော်ဝင်ရုပ်ပုံအက္ခရာစမအင်းများအဖြစ် ထိုးနှံ့ရသောအင်းများ ဖြစ်ပါသည်။ မီးထွန်းအင်း ဆိုသည်မှာ ဖယောင်းတိုင်၊ ဖယောင်းပြားတို့၌ ဖြစ်စေ၊ ပိတ်စအဝတ်စတို့၌ ဖြစ်စေ၊ ဆီမီးခွက်ပေါ်၌ဖြစ်စေ ရေးသားစီရင်၍ မီးထွန်းပြီး လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိကို ရယူနိုင်သောအင်းများ ဖြစ်ပါသည်။ သို့ဖြစ်ရာ အင်းကိုသောက်ခြင်း၊ ဆောင်ယူထားခြင်း၊ မြှုပ်နှံခြင်း၊ ထိုးနှံခြင်း၊ မီးထွန်းခြင်းများ ဆိုသည်တို့မှာ အင်းအစီအရင်တစ်ခုကို အသုံးပြုပုံပြုနည်းများသာဖြစ်ပြီး အင်းအမျိုးအစားများ မဟုတ်ကြပါ။

ယခု ဤကဲ့သို့ အင်းအောက်ခံပစ္စည်းများအကြောင်း၊ အင်းအစီအရင်များကို အသုံးပြုပုံပြုနည်းများအကြောင်းတို့ကိုဖော်ပြရခြင်းမှာ ထိုအကြောင်းခြင်းရာများအပေါ် အခြေခံ၍ အင်းအမျိုးအစားများအဖြစ် ခေါ်ဝေါ်သုံးစွဲနေခြင်းသည် ဆီလျော်ညီညွတ်မှန်ကန်မှုမရှိကြောင်း နားလည်ဆင်ခြင် သတိထားနိုင်ကြပါစေခြင်းအလို့ငှာ ရှင်းလင်းတင်ပြနေမိခြင်း ဖြစ်ပါသည်။ သို့ဆိုလျှင် အင်းအမျိုးအစားခွဲခြားခြင်းကို မည်သည့်အခြေခံအကြောင်းအချက်များအပေါ်၌ အမှီပြုခွဲခြားကြမည်နည်းဟု မေးစရာရှိလာပါသည်။ ကျွန်ုပ်၏ မြန်မာ့ရိုးရာ ဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင်များအားလုံးအပေါ် လေ့လာတွေ့ရှိချက်

www.burmeseclassic.com

အရ အင်းအမျိုးအစားခွဲခြားခြင်းကို အောက်ပါ အခြေခံအကြောင်းရင်းတို့ အပေါ် တည်မှီ၍ ခွဲခြားသင့်ကြောင်း တွေ့ရှိရပါသည်။

၁။ အင်းအစီအရင်များတွင်•အဓိကပါဝင်ထည့်သွင်းရေးသားစီရင်ရမည့် အင်းဆန်အမျိုးအစား (Main components of Magic Squares to be inserted)

၂။ သက်ဆိုင်ရာ အင်းအစီအရင်၏ ပုံစံ (Designs)၊ ပုံရိပ်သွင်ပြင်များ (From or shapes or images)

အထက်ဆိုပြပါ အချက်နှစ်ချက်ကို အခြေခံ၍ မြန်မာ့အင်းများကို အမျိုးအစား ခွဲခြားလေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယမြန်မာ့အင်းများအား အမျိုးအစားခွဲခြားခြင်း**

(Classification of Myanmar Magic Squares)

မြန်မာ့ရိုးရာဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်ဖြင့် စီရင်အပ်သော အင်းကွက်တစ်ကွက် သို့မဟုတ် အင်းအစီအရင်တစ်ခုအား လေ့လာကြည့်သောအခါ ထိုအင်းကွက်၊ အင်းအစီအရင်တို့သည် ယင်းတို့၏အတွင်း၌ ရေးသွင်းစီရင် ရေးဆွဲရသော အင်းဆန်တို့အပေါ် အဓိကတည်မှီနေကြောင်း တွေ့ရှိရပေသည်။ အင်းဆန်များမပါရှိဘဲ မည်သည့်အင်းကွက်၊ အင်းအစီအရင်မျိုးမျှ ပေါ်ပေါက်လာစရာအကြောင်းမရှိချေ။ ကြာကွက်တစ်ကွက်တွင်း၌ ကြာဆန်ကလေးများ စီရရီ ပြည့်စုံစွာပါဝင်လေမှ ထိုကြာကွက်သည် စံချိန်မီကြာကွက်၊ ပီပြင်သောကြာကွက်အဖြစ် သုံးစား၍ရသကဲ့သို့ ကြာဆန်များမပါသော ဟောင်းလောင်းကွက်များနှင့်ကြာကွက်သည်လည်း စံမမီကြာကွက်၊ သုံးစား၍မရသောကြာကွက်၊ အချည်းအနှီးကြာကွက်သာ ဖြစ်ပါလိမ့်မည်။ ထို့အတူ အင်းကွက်၊ အင်းအစီအရင်တစ်ခု၌ အင်းဆန်မပါပါက ထိုအင်းကွက်၊ အင်းအစီအရင် ဟူသော အရာသည် သာမန်လေးထောင့်စတုရန်းကွက်၊ သာမန်ပုံရိပ်မျှသာဖြစ်ပြီး အင်းကွက်မမည်၊ အင်းမပီသော အချည်းနှီးအင်းတစ်ခုသာဖြစ်လိမ့်မည်။ သို့ဖြစ်ရာ အင်းတစ်ကွက်၊ အင်းအစီအရင်တစ်ခု၏ အသက်သည် ထိုအင်းကွက်၊ အင်းအစီအရင်တို့အတွက် သတ်မှတ်ထားသော အင်းဆန်များသာဖြစ်ပေရာ ထိုအင်းဆန်များအပေါ် အခြေခံလျက် အင်းအမျိုးအစားတို့ကို ခွဲခြားခြင်းသည် သင့်တင့်လျောက်ပတ်အပ်စပ်လှသောယူဆချက်ဖြစ်သည်ကို မငြင်းနိုင်ပေ။

သို့တပြီးကား ကျွန်ုပ်တို့၏ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင်တို့တွင် ထည့်သွင်း ရေးသား စီရင်လေ့ရှိသော အင်းဆန်အမျိုးအစားများကို လေ့လာကြည့်သောအခါ အဓိကအားဖြင့် သုံးမျိုးရှိကြောင်း တွေ့ရှိရပါသည်။

ယင်းတို့မှာ -

၁။ (က) မှ (အ) အထိ ပါဝင်သော (၃၃) လုံးသော ဗျည်းအက္ခရာများ၊ (၁၂) လုံးသော သရများစသည့် အက္ခရာစမများ (Thirty three consonants and twelve vowels)

(၂) ဂါထာမန္တန်များ (Spells or Mantra)

(၃) ဂဏန်းနံပါတ်များ (Numbers) ဟူ၍ ဖြစ်ကြပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင်များတွင် မပါမဖြစ် ပါဝင်နေရမည့် ထိုအင်းဆန်အမျိုးအစား (၃) မျိုးတို့အား အခြေခံ၍ အင်းအမျိုးအစား ခွဲခြားလိုက်သောအခါ အောက်ဖော်ပြပါ အဓိကအင်းအမျိုးအစားကြီး (၄) ခု ပေါ်ပေါက်လာပါတော့သည်။

၁။ အက္ခရာစမအင်းများ - Magic Squares with Alphabets.

၂။ ဂါထာမန္တန်အင်းများ - Magic Squares with spells or Mantra.

၃။ ဂဏန်းနံပါတ်အင်းများ - Magic Squares with Numbers.

၄။ ရောနှောပေါင်းစပ်အင်းများ - Magic Squares with the combinations of Alphabets and nambers.

**၁။ အက္ခရာစမအင်းများ**

**(Magic Suqares with Alphabets)**

အထက်တွင်, ပဏာမ ဖော်ပြခဲ့သကဲ့သို့ ဤအုပ်စုဝင်အင်းများမှာ (က) မှ (အ) အထိ မြန်မာ့ဗျည်းအက္ခရာ (၃၃) လုံးနှင့် အ၊ အာ၊ ဣ၊ ဤ၊ ဉ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား ဟူသော (၁၂) လုံးတို့ကို အင်းဆန်များအဖြစ် အသုံးပြုစီရင်ထားသည့် အင်းအစီအရင်မျိုးများဖြစ်ကြပါသည်။ ဤအုပ်စုဝင် အက္ခရာစမများထဲမှ တစ်ဖန် စ-ဓ-ဗ-ဝ ဟူသော ကမ္ဘာတည်အက္ခရာစမများ၊ က-ဃ-ဏ-ဋ ဟူသော ကြီးလေးကြီးအက္ခရာစမများ၊ ဋ္ဌ-သ-ည-ခတည်းဟူသော ကုလားမသား သုံးယောက်ဖွား ရွှေသားညီနောင် တန်ခိုးဆောင် ကျော်ခေါင်သည့်တုမရှိ' စာဆိုနှင့်အညီ ပေါ်ထွက်လာသော အက္ခရာစမများ အစရှိသည့် အထူးပြု ဗျည်းအက္ခရာစမအုပ်စုကြီးများလည်း ပေါ်ပေါက်ပါလာပြန်ပါသေးသည်။ ထိုအခါ အထူးပြုအက္ခရာစမအုပ်စုကြီးများ မည်သို့ပေါ်ပေါက်လာသည်ကို ရေးသား ဖော်ထုတ်ရလျှင်ပင် စာတစ်အုပ် ကျမ်းတစ်စောင်မျှ ကျယ်ပြန့်လှပါသည်။ သို့ဖြစ်ရာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်တစ်ခုလုံးဆိုလျှင် မည်မျှကျယ်ပြန့်နက်ရှိုင်းလှလေမည်ကို ခန့်မှန်း၍သာ ကြည့်ကြပါလေတော့။

သို့ဖြစ်ရာ ဤမျှ ကျယ်ပြန့်နက်ရှိုင်းလှသော မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာရပ်ကို စနစ်တကျ မှတ်တမ်းတင်ခဲ့ခြင်းမပြုလေက နောင်မျိုးဆက်သစ်တို့ခေတ်တွင် ထွေးရောယှက်တင်ကွယ်ပျောက်သွားနိုင်စရာရှိပါသည်။ မြန်မာ့အင်းပညာရပ်၌ ဤကဲ့သို့သော ဗျည်းအက္ခရာများကို အသုံးပြု၍ စီရင်အပ်သော အင်းအစီအရင်ပေါင်းများစွာရှိပါသည်။ ထိုများစွာသောအင်းများကို လေ့လာကြည့်ရာတွင် ဗျည်းစမအက္ခရာများချည်းစီရင်ထားသော အင်းများ၊ ဗျည်းအက္ခရာစမများနှင့် သရများပေါင်းစပ်စီရင်ထားသောအင်းများ ဟူ၍ တွေ့ရပါသည်။ ဤအင်း အမျိုးအစားများကို ဥပမာအချို့ဖြင့် တင်ပြရသော်-

**လေးထောင့်ကွက်ဗျည်းစမအင်းများ**

နမူနာအင်း (၁-၁-၁)

| | | | | | |
|---|---|---|---|---|---|
| | | ၁၆ | ၁ | ၂၂ | |
| | | ၂၁ | ၃၀ | ၉ | |
| ၂၈ | ၁၅ | ၈ | ၁၃ | ၂ | ၂၇ |
| ၃ | ၂၀ | ၂၉ | ၃၃ | ၃၀ | ၁၈ |
| ၁၄ | ၂၃ | ၆ | ၁၉ | ၄ | ၁၁ |
| | | ၁၃ | ၃၂ | ၂၅ | |
| | | ၂၆ | ၅ | ၁၂ | |

အင်းအသွားပြနမူနာဇာန်းအင်း



www.burmeseclassic.com


www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| | တ | (က) | ဇ | | |
| | က | သ | ဈ | | |
| ဘ | ဇ | ထ | ခ | ဗ | ည |
| န | ဝ | (အ) | ဟ | ဒ | ဂ |
| ရ | စ | ဓ | ဃ | ဋ | ဘ |
| | ဍ | ဠ | မ | | |
| | ယ | င | ဌ | | |

ယ်ဝင် ဗျည်း(၃၃)လုံး ပုဆစ်အိမ်အင်း သို့မဟုတ်
သောက - စိုးရိမ်စရာမရှိသောအင်း

အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆရာ ဘော်ဘုရားကြီး၏ ဗျည်း(၃၃)လုံးအင်း အမျိုးမျိုးအနက်မှ လူသိများထင်ရှားလှ သော (အ)အလယ်ဝင် ဗျည်း (၃၃) လုံး ဆစ်အိမ်အင်းဖြစ်သော 'အသောက- စိုးရိမ်စရာမရှိသောအင်း' ကို ဗျည်းအက္ခ ရာစမအင်းများ၏ နမူနာပြယုဂ်တစ်ခု အဖြစ် ဖော်ပြလိုက်မိသည်။ ဤအင်း တွင် (က) မှ (အ) အထိ ဗျည်းအက္ခရာ (၃၃) လုံးကို ပုဆစ်အိမ်အင်းကွက် အတွင်း မြင်းအသွားသွား၍ အင်းဆန် အက္ခရာများကို ရေးသွင်းထားပါသည်။ အင်းအသွားကို အလွယ်တကူ သိရှိနိုင် စေရန် အင်းသွားပုံအား (၁) မှ (၃၃) အထိ အစဉ်လိုက် နမူနာအင်းအသွား ဂဏန်းအင်းဖြင့် ယှဉ်တွဲဖော်ပြထားပါ သည်။

နမူနာအင်း (၁-၁-၂)



ဗျည်း (၃၃)လုံးအက္ခရာလေးထောင့် စတုရန်းကွက် (က) အလယ်ဝင်အင်း

နမူနာပြအင်းတစ်ခုအဖြစ် ဗျည်း (၃၃) လုံး အက္ခရာစမလေးထောင့်စတု ရန်းကွက် (က) အလယ်အင်းတစ်ခုကို

| | |
|---|---|
| စ | ဓ |
| ဝ | ဗ |

| | |
|---|---|
| ဆ | ဟ |
| ခ | ဒ |

| | |
|---|---|
| ဇ | လ |
| ဂ | ပ |

| | |
|---|---|
| ဈ | ဠ |
| ဃ | ဖ |

| | |
|---|---|
| ဋ | သ |
| က | ဍ |

လေးကွက်ဗျည်းစမအက္ခရာများ

ထပ်မံဖော်ပြလိုက်ပါသည်။ အင်းအသွား မှာ (က) မှစ၍ (အ)အထိ အင်း၏ ညာ ဘက်အခြမ်းအင်းကွက်ခွဲငယ်များ (sub-sub magic square) တစ်ခုစီအတွင်းသို့ လက်ယာရစ် ခရုပတ်ရေးသွင်းသွားပြီး အင်းကွက်၏ ဘယ်ဘက်ခြမ်းမှစလျှင် (ဒ မှစ၍) လက်ဝဲရစ်ရေးသွင်းသွားရ ပေသည်။ ဤ(က)အလယ်ဝင်အင်း၏ အကျိုးကား မား၊ တုတ်၊ တံတောင်ခံနိုင် ၏။ ကာယသိဒ္ဓိပြီးစေ၏။ နဂါးစောင်း၊ လောင်တိုက်ကြီး၊ လောင်တိုက်ငယ်၊ ရုပ် ထား၊ နာမ်စား၊ သူပြုလူပြု မှန်သမျှ အားလုံးကို နိုင်စေ၏။

နမူနာအင်း (၁-၁-၃)

(က) ဗျည်းအက္ခရာစမအင်းများ တွင် အထက်ဖော်ပြပါ နမူနာအင်းများ မှာ ဗျည်းအက္ခရာ (၃၃) လုံးပါဝင်သော အက္ခရာစမအင်းများဖြစ်ပြီး ဗျည်းအက္ခ ရာ (၃၃)လုံး အပြည့်မဟုတ်ဘဲ လိုအပ် သော (ဝါ) အလိုရှိသော ဗျည်းအက္ခရာ အင်းများလည်းများစွာရှိကြပါသေးသည်။ ထိုများစွာသော ဗျည်းအက္ခရာစမအင်း များအနက်မှ အင်းကွက်အရေအတွက် အမျိုးမျိုးတို့တွင် ထည့်သွင်းစီရင်ထား သော ဗျည်းအက္ခရာစမအင်းအချို့တို့ကို ဖောက်ထွင်းနမူနာများအဖြစ် ဖော်ပြ လိုက်ပါသည်။

အထက်ဖော်ပြပါ နမူနာလေး ကွက် ဗျည်းအက္ခရာစမအင်းများမှာ ကာယသိဒ္ဓိဆိုင်ရာဗျည်းအက္ခရာစမအင်း များ ဖြစ်ကြပေသည်။ အထူးအက္ခရာ စမအုပ်စုကြီးများဖြစ်ကြသော 'စ၊ ဓ၊ ဗ၊ ဝ' နှင့် 'ဋ၊ သ၊ ဍ၊ က' အက္ခရာစမကြီး များလည်း ပါဝင်ကြောင်း တွေ့ရပါလိမ့် မည်။ အဆိုပါ ဗျည်းအက္ခရာစမလေး ကွက်အင်းများကို ရွှေပြား၊ငွေပြား၊ကြေး ပြားများတွင် ရေးသွင်းစီရင်ရမည်။ နက္ခတ်ခပါဒ်အခါကောင်းမိစေရန် လို သည်။ ထိုကာယသိဒ္ဓိဆိုင်ရာဗျည်းအက္ခ ရာစမလေးထောင့်အင်းများနှင့်ပတ်သက် ၍ မူရင်းကျမ်းစာ၏အညွှန်းကား -

** ဓနုခဂ္ဂ၊ အစစနှင့်၊ အဝှမျိုး၊ ထိုးခုတ်လေဘိ၊ ဘေးမရှိတည့်၊ ဟေတိဘေဒေ၊ အနက်ဖွေသော်၊ သေနတ်မီးပေါက်၊ အမြောက်စိန် ပြောင်း၊ ကျည်ပုံ့လောင်းလည်း၊ အကြောင်းမထင်၊ ဘေးမမြင် တည့်၊ ရှစ်ပင်ရှစ်သောင်း၊ ရသေ့ ကောင်းတို့၊ ရှေးဟောင်းပညာ၊ ခရာစမ၊ ထုတ်ညွှန်းပြသည်၊ ကာယသိဒ္ဓိတန်ဆောင်တည်း။*

ဤကား ကာယဆိုင်ရာစမများ အနက်မှ အလွယ်သုံးနိုင်သော ကာယ သိဒ္ဓိဆိုင်ရာဗျည်းအက္ခရာစမများ ဖြစ်ကြ ပါသည်။ ဤဗျည်းအက္ခရာစမများကို အခြေတည်လျက် လိုအပ်ရာရာအဆောင် လက်ဖွဲ့များ စသည်တို့ကို ပြုလုပ်စီရင် နိုင်ပေသည်။ အသုံးလိုသူများအတွက် နည်းကောင်းလည်းရစေ၊ လေ့လာသူ များ ပညာတိုးပွားစေရန် ကျမ်းဂန်လာ အခိုင်အမာဗျည်းလေးကွက်စမများကို နမူနာအဖြစ် ဖော်ထုတ် တင်ပြလိုက်ရ ခြင်း ဖြစ်ပေသည်။

(ခ) ကိုးကွက်ဗျည်းအက္ခရာစမအင်းများ

| | | |
|---|---|---|
| ဌ | ဈ | ည |
| ဟ | ခ | မ |
| ဠ | ဗ | န |

(ခ-၁)

| | | |
|---|---|---|
| ထ | ဎ | ဏ |
| ဂ | ဆ | ရ |
| ဃ | ထ | မ |

(ခ-၂)

| | | |
|---|---|---|
| လ | မ | ယ |
| ဌ | ဒ | ဝ |
| ဏ | ဃ | ဂ |

(ခ-၃)

ယခုအထက်တွင်ဖော်ပြထားသော ကိုးကွက်ဗျည်းအက္ခရာစမအင်းများမှာ နမူနာမည်ကာမတ္တမဟုတ်ဘဲ နမူနာ အဖြစ်လည်း လေ့လာနိုင်စေ၊ အလိုရှိက လည်း စီရင်အသုံးပြု အသုံးချနိုင်ရန် ရည်သန်ဖော်ပြထားသောအင်းများ ဖြစ် ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ခ-၁) ဤနမူနာအင်းကာ မိုးကြိုးပြားမှာချ၍ မေတ္တာသုတ်ကိုစုတ်ဆောင်သော် လိုတိုင်းတ၍ရစေနိုင်သောအင်းအစီအရင်တစ်ခု ဖြစ်သည်။

(ခ-၂) ဤနမူနာအင်းကား 'ဆ' အလယ်ဝင်ထား၍စီရင်အပ်သောအင်းဖြစ်ပေသည်။ ဤအင်းကိုလည်း မိုးကြိုးသားတွင်ချ၍ အာဏာစက်တော်ဂါထာဖြင့်ရုံကာ ဆောင်လေမူ အစွဲဟူသမျှကိုနိုင်လေတော့သည်။

(ခ-၃) ဤနမူနာကား 'ဒ'အလယ်ဝင်ထား၍ စီရင်ထားသောအင်း ဖြစ်ပါသည်။ ဤအင်းကို ဒေါင်ခြင်းရှစ်ပါးအချုပ်ဂါထာဖြင့်ရုံလျက် ငွေပြားတွင်စီရင်ဆောင်ယူထားပါလေမူကား ရန်အပေါင်းကို အောင်နိုင်စေပေသည်။

**(ဂ) ၁၆-ကွက်ဗျည်းအက္ခရာစမအင်းများ**

| | | | |
|---|---|---|---|
| အ | သ | ဟ | က |
| မ | န | ဖ | တ |
| အ | ဂ | ဝ | န |
| သ | ရ | ဋ | လ |

(ဂ-၁)

| | | | |
|---|---|---|---|
| မ | ဝ | သ | လ |
| ဍ | ဓ | ဟ | က |
| ဝ | ရ | ဏ | က |
| န | လ | ဋ | ပ |

(ဂ-၂)

| | | | |
|---|---|---|---|
| န | ဒ | မ | သ |
| အ | ရ | ည | ခ |
| ရ | ဂ | က | ယ |
| ဝ | လ | န | သ |

(ဂ-၃)

အထက်ပါနမူနာဖော်ပြပါ (၁၆) ကွက် ဗျည်းအက္ခရာစမအင်းများကား အဘပထမံဘိုးဘိုးအောင်၏ ပထမံအင်းစမကျင့်စဉ်တစ်ခုတွင် ပါဝင်သော အင်းပေါင်း(၁၀၀)ကွက်အနက် နမူနာအလို့ငှာ ကောက်နုတ်ဖော်ပြထားသော (၁၀) ကွက်ကို သတ်မှတ်ထားသည့် အင်းအုပ်စုများအလိုက် (၁၀၈) ရက်စီ သောက်ရသည်။

**(ဃ) ၂၅-ကွက်ဗျည်းအက္ခရာစမအင်းများ**

| | | | | |
|---|---|---|---|---|
| က | ဗ | ဈ | န | ဂ |
| ဘ | ဓ | ခ | ဏ | ည |
| ဠ | ဇ | (နံ) | ဃ | ပ |
| ဒ | ဗ | စ | ဠ | တ |
| ဆ | ဌ | ထ | ဖ | င |

ယခု ကျွန်ုပ် ဖော်ပြရသည်မှာ ရိုးရိုးစတုရန်းပုံဗျည်းအက္ခရာစမအင်းများသည် (၂)ကွက်ပတ်လည်(၄ ကွက်)၊ (၃)ကွက်ပတ်လည် (၃×၃=၉)၊ (၄)ကွက်ပတ်လည် (၄×၄=၁၆) ကွက် စသည်ဖြင့် အသီးသီးရှိကြကြောင်းပြဆိုနေရာမှ ယခု (၅) ကွက်ပတ်လည် (၅×၅=၂၅) ကွက် အင်းတစ်ခုကို နမူနာအဖြစ် ထပ်မံဖော်ပြလိုက်ပါသည်။

(၅) ကွက်ပတ်လည်တွင် (၅×၅=၂၅) ကွက်ဗျည်းအက္ခရာစမအင်းအဖြစ် နမူနာဖော်ပြထာသောအင်းကား အကြမ်းဖျင်း

တိုက်မီးထွန်းအင်းအစီအရင်တစ်ခု ဖြ
သည်။ အိုးထိန်းလက်စက်မြေ၊ နတ်
အောက်ကမြေ၊ သိမ်နယ်မြေ၊ သ
မြေ စသော ဤမြေလေးမျိုးကိုပေါင်း
ဆီမီးခွက်ပြု၍ ယင်းအင်းကို ထိုဆီ
ခွက်ပေါ်တွင်ချပြီးလျှင် ကိုယ့်အဝတ်
နှင့် ထိုသူ့အဝတ်စနှစ်ခုကို ပေါင်း
ကျိုးခြေကျစ်၍ မီးစာပြုပြီး မဆစ်ဆီ
ကျပ်သားနှင့် မီးထွန်းက မလာ
အရောက်လာရသော ဟူ၏။ အင်းကွ
အလယ်တွင် သက်ဆိုင်သူနှစ်ဦး၏နံ
ကို ရေးသွင်းစီရင်ရမည်။

ဤသို့အားဖြင့် ဗျည်းအက္ခရာစ
လေးထောင့်ပုံ စတုရန်းအင်းများတွင်
(၄×၆=၁၆) (၁၆) ကွက်အင်း၊ (၇) ပတ်
လည် (၇×၇=၄၉) ကွက်အင်း၊ (၈) ပတ်
လည် (၈×၈=၆၄) ကွက်အင်း၊ (၉)ကွက်
ပတ်လည် (၉×၉=၈၁)ကွက်အင်း စသည်
ဖြင့် အင်းကွက်များစွာပါဝင်သောအင်း
များစွာရှိပြီး အကွက်ရာကျော်ရှိသော
အင်းကွက်ကြီးများအထိ ရှိပေသည်။
ထိုသို့ရာကျော်ရှိသောအင်းများအနက်
နောက်ဆုံးနမူနာအင်းကွက်အဖြစ် အင်း
ကွက်ပေါင်း (၁၃၂)ကွက်ရှိသော အရ

**(င) အရပ်ဟံဗျည်းအက္ခရာမအင်း**

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | လ | င | ဌ | ဗ | [illegible] | | ဂ | ည | ဓ | ယ | [illegible] |
| ယ | ဠ | ဒ | ဝ | စ | ဍ | ဟ | နှ | မ | ယ | ဠ | လ |
| ဓ | ယ | ရ | ဘ | ထ | ဖ | ခ | ဈ | သ | ရ | ဒ | င |
| ည | မ | သ | ပ | ဗ | ဆ | ဏ | ဋ | ပ | ဘ | ဝ | ဌ |
| ဂ | န | ဈ | ဋ | (က) | တ | ဇ | (က) | ဗ | ထ | စ | ဗ |
| [illegible] | ဟ | ခ | ဏ | ဇ | (အ) | (အ) | တ | ဆ | ဖ | ဍ | [illegible] |
| | ဍ | စ | ဆ | တ | (အ) | (အ) | ဇ | ဏ | ခ | ဟ | |
| ဗ | စ | ထ | ပ | (က) | ဇ | တ | (က) | ဋ | ဈ | န | ဂ |
| ဌ | ဝ | ဘ | ပ | ဋ | ဏ | ဆ | ဗ | ပ | သ | မ | ည |
| င | ဒ | ရ | သ | ဈ | ခ | ဖ | ထ | ဘ | ရ | ယ | ဓ |
| လ | ဠ | ယ | မ | န | ဟ | ဍ | စ | ဝ | ဒ | ဠ | ယ |
| [illegible] | ယ | ဓ | ည | ဂ | [illegible] | | ဗ | ဌ | င | လ | [illegible] |

ဗျည်းအက္ခရာစမအင်းအား ဖော်ပြလို
မိသည်။ ထိုအရပ်ဟံဗျည်းအက္ခရာအင်း
ကား အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆ
တော်ကြီး၏နည်းတစ်ခုဖြစ်ပြီး အ
တန်ခိုးကြီးသော အင်းအစီအရင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သဖြင့် နမူနာလည်း လေ့လာနိုင်စေ၊ အလိုရှိသူများ စီရင်အသုံးပြုနိုင်စေရန် အလို့ငှာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အထက်ပါ နမူနာပြအင်းကား အရဟံဗျည်းအက္ခရာစမအင်းပါတည်း။ အရဟံဗျည်းအက္ခရာစမအင်းဆိုသော် ကား အရဟံစမမှာ အင်းအရံမျှသာရှိပြီး အင်းကွက်တွင်းအင်းဆန်တို့မှာကား ဗျည်း(၃၃)လုံးအက္ခရာစမများသာဖြစ်ပေသည်။ ဤအင်းမှာ (အ)လေးလုံးအလယ်ဝင်အင်းဖြစ်ပြီး (က) မှ (အ) အထိ ဗျည်း(၃၃)လုံးကို (၄)လီ (၄)ကြိမ် ရေးသွင်းထားသဖြင့် ဗျည်း (၃၃) လုံး အက္ခရာစမအင်းကွက် (၄)ကွက်ပေါင်းစုထားသောအင်းဖြစ်ရာ (၃၃×၄ = ၁၃၂) ကွက်၊ အင်းကွက်ပေါင်း (၁၃၂) ကွက် ရှိကြောင်း တွေ့ရပေလိမ့်မည်။ ဤအရဟံဗျည်းအက္ခရာစမအင်းမှာ ဟားမဲ့ ဆရာတော်ကြီး၏ နည်းနိဿရည်းအစီအရင်တစ်ခုဖြစ်ပြီး ရရှိနိုင်သော အကျိုးတန်ခိုးသိဒ္ဓိမှာ အလွန်ကျယ်ပြန့်ကြီးမားလှသောဟူ၏။ ဤအရဟံဗျည်းအက္ခရာစမအင်းကြီးကို နက္ခတ်ခပါဒ်ကောင်းကြံစဉ် ကျနစွာစီရင်ပြီး လက်ဖွဲ့ထိုး၍ ဆောင်၊ သို့မဟုတ် စက္ကူတွင်ချ၍ ပြာချပြီး ခုနစ်ရက်သောက်သော် အကျိုးကား စိတ်သွားတိုင်းကိုယ်ပါပြီး လိုရာကိုပြီးစေနိုင်၏။ သိဒ္ဓိအကျိုးအမျိုးမျိုးပေါက်မြောက်လျက် အလွန်တန်ခိုးကြီးစေသောအင်း ဖြစ်၏။

အင်းအသွားမှာ မြင်းသွားဖြစ်ပြီး လျှင် ပထမ(အ)အလယ်ဝင်အင်းမှစ၍ (က)မှ (အ)အထိ လက်ယာရစ် မြင်းသွားရေးသွင်းရပြီး မြင်းသေမြင်းကိုက်ကျအောင်စီရင်ထားသောအင်း ဖြစ်၏။ အင်းသွားကို နမူနာပြထားသည့်အတိုင်း ရှုကြည့်က လွယ်ကူစွာ တွေ့ရပါလိမ့်မည်၊ အလွန်စီရင်ဆောင်ယူထားအပ်သောအင်းတော်ကြီး ဖြစ်ပါသည်။

ယခုဖော်ပြခဲ့သည်တို့ကား ဗျည်းအက္ခရာစမများ (ကမှအအထိ) ဗျည်း (၃၃) လုံးတို့ပါဝင်သော သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်သော လေးထောင့်ကွက်အင်းများအကြောင်း ထင်ရှားသိသာရန် တင်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ ဆိုခဲ့သည့်အတိုင်း မြန်မာ့အင်းပညာသည် အနောက်နိုင်ငံသားတို့ သိနားလည်ထားကြသလို လေးထောင့်ကွက်အင်းပုံစံများမျှသာမကဘဲ အခြားသောပုံစံ၊ ပုံရိပ်၊ ရုပ်ပုံများ စသည်ဖြင့် အသွင်အမျိုးမျိုးရှိလေသည်ဟု ဆိုထားလေရာ ထိုအချက်တို့ သိသာထင်ရှားစေရန် ထပ်မံ၍ နမူနာအမျိုးမျိုးဖြင့် ထင်ရှားစေပါမည်။

**၁-၂။ ပုံစံပုံရိပ်အမျိုးမျိုးရှိသောဗျည်းအက္ခရာစမများ(Myanmar Magic Square with Myanmar Alphabets in various form or shapes)**


ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာ ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်တွင် အထက်၌ဖော်ပြခဲ့ပြီးသော လေးထောင့်ကွက်ပုံစံ၊ ပုံရိပ်အမျိုးမျိုးအသွင်ကို ဆောင်သောဗျည်းအက္ခရာစမများလည်းရှိနေကြောင်း လေ့လာတွေ့ရှိရပါလေသည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအများစုတို့သည်ပင်လျှင် အင်းတို့တွင် လေးထောင့်ကွက်အင်းများသာဖြစ်သည်ဟု သိကြသည်က များပါသည်။ အတော်အတန် စိတ်ဝင်စားသဖြင့် လေ့လာလိုက်စားဖူးသူများသာလျှင် အင်း ဟူသည် လေးကွက်ကြားလေးများမျှသာမဟုတ်။ အခြားပုံစံပုံရိပ်အမျိုးမျိုးအသွင်အနေဖြင့်လည်း ရှိပေသည်ဟု သတိထားသိရှိနိုင်ကြသည်များမှာ မည်သည့်ပုံစံ၊ မည်သည့်ပုံရိပ်ရယ်ဟု သေချာတိကျဖော်ပြရန် မစွမ်းနိုင်သော နမူနာအင်းအစီအရင်များဖြစ်ကြပါသည်။ အောက်တွင် နမူနာများကို လေ့လာကြည့်ကြပါလေ။

**(၁-၂-၁) မိုးကြိုးစက်စမပုံ**



ဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာတွင် အထူးပြုဝိသေသ အက္ခရာစမကြီးအုပ်စုတစ်ခုဖြစ်သော စ-ခ-ဗ-ဝအက္ခရာစမကြီး လေးလုံးတို့သည် ပုံဆောင်အက္ခရာစမအင်းများစွာတွင် မကြာခဏပါဝင်နေကြောင်းတွေ့ရပါသည်။ ယခု နမူနာအင်းစမပုံမှာ မိုးကြိုးစက်စမဟု အမည်တွင်သော ပုံဆောင်အက္ခရာစမအင်းဖြစ်သော်လည်း မည်သည့်ပုံဟု သီးခြားသတ်မှတ်ခေါ်ဆို၍မရနိုင်ပါချေ။

**(၁-၂-၂) ကြီးလေးကြီးနှစ်ထပ်ကြီးမြတ်အက္ခရာစမအင်းပုံ**



မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် အထူးပြုဝိသေသအက္ခရာစမအုပ်စုကြီးများအနက် ဤ ကကြီး (က)၊ ယကြီး (ဃ)၊ နကြီး(ဏ)၊ လကြီး (ဠ) ဟူသော 'က၊ ဃ၊ ဏ၊ ဠ' ဟူသော ကြီးလေးကြီးအက္ခရာစမအုပ်စုသည်လည်း အလွန်ထင်ရှား၍ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ အမျိုးမျိုးကြံဆအစီရင်အသုံးပြုလေ့ရှိသောဝိသေသထူးအက္ခရာစမကြီးလေးလုံး ဖြစ်ကြပါသည်။ ကြီးလေးကြီးဟူသော ကြီးမြတ်ခြင်း၊ ကြီးမြင့်ခြင်း၊ ကြီးကဲခြင်း စသည့် မင်္ဂလာရှိသောထူးမြတ်သည့် အမည်၊ ပညတ်၊ ဗျူဟာကောင်းများကို ဆောင်သောကြောင့် အသုံးများလှသည်ဟု ယူဆရဖွယ်ရှိပါသည်။ ယခု အဆိုပါ ကြီးလေးကြီးနှစ်ထပ် ကြီးမြတ်အက္ခရာစမပုံဆောင်အင်းကို အထက်ပါအတိုင်း ထုတ်ဖော် တင်ပြလိုက်ပါသည်။

ထိုအင်းစမ၏ အကျိုးသော်ကား ဘုန်းတန်ခိုးကြီး၏။ ဩဇာအာဏာကြီးထက်မြက်စေ၏။ အကြီးအမှူး၊ အကြီးအကဲဖြစ်၏။ အောက်လက်ငယ်သားတို့ ရိုသေခဲ့ညားစေ၏။ ရာထူးဌာနန္တရအပြိုင်အဆိုင်ရှိသော်လည်း အနိုင်ရစေ၏။ နတ်တို့ချစ်ခင်လေးမြတ်၏။ အကျိုးကား ကျယ်လှ၏။ ဤအစီအရင်၏ အကျယ်အသေးစိတ်ကို သိလိုပါမူကား ကျွန်ုပ်ရေးသားသော ၂၀၁၃ ခုဒီဇင်ဘာလထုတ် သူရဿမဂ္ဂဇင်းကြီးတွင် ဖော်ပြခဲ့သည့် 'ကြီးလေးကြီးနှစ်ထပ် ကြီးမြတ်သော အက္ခရာစအစီအရင်' ဆောင်းပါး၌ ရှာဖွေဖတ်ရှုပါရန် ညွှန်းဆိုအပ်ပါသည်။

ဆက်ရန်

ကြီရတနာ-ဆရာဒေဝဗြဟ္မာ(ရှင်း)

www.burmeseclassic.com

ကမ္ဘာပေါ်တွင် ယနေ့အထိ တိကျစွာ အဖြေမထုတ်နိုင်သေးသော ပဟေဠိများရှိကြသည်။ ဥပမာ ဘာမြူဒါ တြိဂံနယ်မြေဆိုတာ ဘယ်လိုနေရာလဲ၊ ဘာကြောင့် လေယာဉ်တွေ၊ သင်္ဘောတွေ ပျောက်ဆုံးသွားသလဲ။ အီဂျစ်နိုင်ငံ

မိုးဖွဲဖွဲရွာနေသော တစ်နေ့တွင် အလုပ်မဆင်းနိုင်သောကြောင့် စာအုပ်အဟောင်းများကို ဘာရယ်ညာရယ် မဟုတ် ပြန်ဖတ်နေမိသည်။

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် သူရဇ္ဇမဂ္ဂဇင်းမှာပါသည့် ဖိုးကျော့၏

က ပဟေဠိဆန်သောအကြောင်းကို ဒေးချင်စိတ်က ပို၍နိုးဆွနေပြန်သည်။

စာရေးသူသည် ၁၉၈၄ ခုနှစ်တွင် ထန်းတပင်ရေနံမြေမှ အလုပ်ထွက်ပြီး မိမိဇာတိဖြစ်သော ကျွန်းကြီးရွာကို ပြန်

# (မြန်အောင်) စိုးလင်းအောင်

## ပဲခူးရိုးမပေါ်က ပဟေဠိပုစ္ဆာ



က ပိရမစ်ကြီးတွေဆောက်ထားသော ကျောက်တုံးများသည် (၂) တန်၊ (၃) တန်၊ တန် (၃၀)၊ တန် (၈၀) စသည့် အလေးချိန်ရှိသော ကျောက်တုံးများကို ယခုလို စက်မှုပညာတွေ မတိုးတက်သောခေတ်မျိုးတွင် တစ်လက်မ၏ ငါးဆယ်ပုံတစ်ပုံလောက်သာ အကွာအဝေးရအောင် ဘယ်လိုတည်ဆောက်ခဲ့သလဲ ဆိုတဲ့ အကြောင်းအရာတွေဟာ အဖြေရှာ၍မရနိုင်သေး။

ထို့အတူ မြန်မာနိုင်ငံအတွင်းမှာရှိသော တချို့အကြောင်းအရာများသည် ကမ္ဘာမကျော်ခဲ့သော်လည်း ကိုယ့်နိုင်ငံအတွင်းမှာ ပဟေဠိဆန်စွာ ယနေ့အထိ အဖြေရှာမရသေးပါ။ ထိုကဲ့သို့ ပဟေဠိဆန်သော အကြောင်းအရာများစွာရှိသော်လည်း စာရေးသူတွေ့မြင်ခဲ့ရသော ပဲခူးရိုးမပေါ်မှ ပဟေဠိပုစ္ဆာတစ်ခုကို တင်ပြရလျှင် -

*

'ရွှေအကြောင်း ဖယောင်းမသိရှာ' ဆိုသောဝတ္ထုကို ဖတ်မိရင်း သတိရလိုက်ခြင်းလည်း ဖြစ်ပါသည်။

ဖိုးကျော့ ရေးသည်မှာ ၁၉၈၁ ခုနှစ်က ပဲခူးရိုးမထဲတွင် ရွှေကျင်ရင်းစိတ်မနှံ့သူ (ရွှေတွင်းထောင်သူ) တစ်ဦးနှင့် တွေ့ခဲ့ရပုံ ဖြစ်၏။ စာရေးသူတို့ ပဲခူးရိုးမပေါ် ရွှေကျင်သွားစဉ်က ၁၉၈၄ ခုနှစ် ဖြစ်လေသည်။ (၃) နှစ်သာ ခြားသော်လည်း ရွှေကျင်ခဲ့သော ပဲခူးရိုးမပေါ်မှာ အတော်လေးပြောင်းလဲသွားလေပြီ။

အရင်တစ်လောက ဇီးကုန်းမြို့တွင် ဂျပန်ခေတ်ကမြှုပ်ခဲ့သော ရွှေများ တန်နှင့်ချီ၍တွေ့ရကြောင်းသတင်းကြားရသောအခါ စာရေးသူ၏ ပဲခူးရိုးမပေါ်

www.burmeseclassic.com

www.burmeseclassic.com

ကိုင်းလုပ်ပါသည်။

ထိုနှစ်တွင် အထက်အညာ ပုဂံ ညောင်ဦးကလူတွေ လှေကြီးလှေငယ် အသွယ်သွယ်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆင်းလာကြသည်။ လှေပေါ်တွေမှာ ပေါင်းမိုးတွေ၊ ကလေးတွေ၊ ခွေးတွေ၊ ကြက်တွေ အစုံပါလာ၍ ပျော်စရာကောင်းလှပါသည်။ နီးစပ်ရာ သဲသောင်တွေမှာ တဲကလေးတွေထိုးပြီး မျှော်စင်များနှင့် ရွှေကျင်နေတာဟု သိရပါသည်။

ဟိုတုန်းက ရွှေကျင်တယ်ဆိုတာ မကြားဖူးပါ။ ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲသာ မြင်ဖူး၊ ကြားဖူးသည်။ နောက်ပိုင်းမှာ စာရေးသူတို့ ညီအစ်ကိုတွေ ရွှေကျင်သည့်လူတွေနှင့် ရင်းနှီးလို့ရွှေဝင်ကျင်ကြသည်။ ဂေါ်ကော်ပုံ၊ သဲစာစုပုံ၊ ဗန်း(ကျင်ခွက်) လှည့်ပုံ၊ ပြဒါး(ရွှေ)ဖမ်းပုံတွေ အစုံတတ်လိုက်ပါသည်။ ဟိုတုန်းက လူတစ်ယောက် မြစ်ထဲမှာ ရွှေကျင်



www.burmeseclassic.com

www.burmeseclassic.com

လျှင် တစ်နေ့ကို (၁၀၀)ကျပ်လောက် ဆန် (၂) တင်းခွဲ၊ (၃) တင်းခန့် ရကြသည်။ (ထိုစဉ်က ရွှေဈေးမှာ ၆၆၀၀ ကျပ်ခန့်သာရှိ၏။)

မိုးတွင်းရောက်သောအခါ သောင်ပြင်များ ရေမြုပ်ပြီး ရွှေကျင်လုပ်ငန်းရပ်ဆိုင်းလိုက်ရသည်။ ရွှေကျင်တတ်သောကြောင့် ဟိုသွားရွှေကျင်ရကောင်းနိုးနိုး၊ ဒီသွားရွှေကျင်ရကောင်းနိုးနိုးနှင့် ခရီးသွားချင်စိတ်တွေဖြစ်လာသည်။

တော်သလင်းလထဲတွင် အစ်ကိုဝမ်းကွဲတော်သူ ကိုသိန်းထွန်းတစ်ယောက် ပေါင်းတည်စွယ်တော်ပွဲမှ ပြန်လာခဲ့၏။ ကိုသိန်းထွန်းဟာ အတော်ခရီးသွားသလို ဗဟုသုတလည်း ပြည့်စုံသူတစ်ဦးပါ။ ညီအစ်ကိုတစ်သိုက်ထဲမှာ အကြီးဆုံးဖြစ်ပြီး သူ့စကားကို အားလုံးရိုသေလေးစားနားထောင်ကြပါသည်။ တစ်နေရာကို ခရီးသွားလို့ ပြန်လာတဲ့အခါ ခရီးသွားအတွေ့အကြုံများကို ဇာတ်လမ်းတစ်ပုဒ်ပမာ စီကာပတ်ကုံး ပြောပြတတ်တာကြောင့် စာရေးသူတို့ညီအစ်ကိုတွေ ကိုသိန်းထွန်းတို့အိမ်ကို ဝိုင်းအုံရောက်ရှိလာကြပါသည်။

အဲဒီမှာ ကိုသိန်းထွန်းပြောပြပုံက-

"ငါ ပေါင်းတည်စွယ်တော်ပွဲပြီးတော့ လက်ပံတန်းအရှေ့က ထော်ကိုးစုကျေးရွာမှာရှိတဲ့ ငါ့သူငယ်ချင်း ကိုမြသောင်းတို့ဆီ ရောက်ခဲ့တယ်ကွ။

အဲဒီမှာကွာ တောင်ပေါ်တက် ရွှေကျင်ကြတာတော်တော်လေးရကြတယ်။ (၃)၊ (၄) ယောက်တစ်ဖွဲ့ကို လက်ရိုက်ပုလင်း (ယခုခေတ် လေးထောင့်ရမ်ပုလင်း) တစ်ဝက်လောက်၊ (၄) သစ်လောက်ရကြတာတဲ့။ ငှက်ဖျားကလည်း တော်တော်လေးမိကြတယ်ကွာ။ (၄) ယောက်တစ်ဖွဲ့တက်သွားရင် တောင်ပေါ်မှာ (၂) ယောက်လောက် သေကျန်ရစ်ခဲ့သလို၊ မြေပြန့်ရောက်မှ သေတဲ့လူကသေနဲ့ ရွှေလည်းရကြတယ်၊ သေလည်း သေကြတယ်။

အဲဒီဘက်မှာ တော်တော်လေးချမ်းသာကုန်ကြပြီကွ။ သွပ်မိုးပျဉ်ထောင်အိမ်တွေဆောက် လယ်တွေ၊ ကိုင်းတွေ၊ နွားတွေဝယ် ရွှေတွေတဝင်းဝင်းနဲ့ကွာ အားကျဖို့ ကောင်းလိုက်တာ။ ငါတောင်ကိုမြသောင်းကို ပြောခဲ့သေးတယ်။ အခြေအနေကောင်းရင် ရွှေကျင်လာခဲ့မယ်လို့။ သူကလည်း လာခဲ့ပါတဲ့။ သူပါတောင်ပေါ် ရွှေကျင်လိုက်မယ်လို့ ပြောလိုက်တယ်ကွ။ ဒီမှာလို အမှုန်အမွှားလေးတွေ မယူကြဘူးတဲ့။ ဆန်ကွဲစေ့လောက်ရှိမှ ဇာဂနာနဲ့ကောက်ယူတာတဲ့။ မန်ကျည်းစေ့လောက်တွေလည်းရတယ်တဲ့။ မင်းတို့လို ပြဒါးနဲ့သာ ဖမ်းယူရင် ပိဿာနဲ့ချိန်ပြီးရမှာကွ။

သွားကြမယ်ကွာ။ ငါကတော့ ရွှေမကျင်တတ်ဘူး။ ငါ့ညီ စိုးလင်းကတော့ ရွှေကျင်တာကျွမ်းကျင်နေပြီ။ မင်းလိုက်ခဲ့ကွာ၊ မင်းကဗန်းလှည့်၊ ကျန်တာတွေ တို့လုပ်မယ်။ ဘယ့်နှယ်လဲ၊ လိုက်မယ်မဟုတ်လား။ ဟိုမှာ (၁၀) ရက်လောက်လုပ်တာနဲ့ ဒီမှာ တစ်နှစ်စာလောက်မကဘူး။ ဒီကြားထဲ အစုလိုက်အပုံလိုက်တွေ့ရင် တစ်သက်ချမ်းသာမှာကွ"

ကိုသိန်းထွန်း ပြောပြနေပုံကို စာရေးသူ အတော်သဘောကျနေပါ၏။ သို့သော် မြေပြန့်သား စာရေးသူတို့မှာ ငှက်ဖျားနှင့်တွေ့လျှင် မလွယ်ဘူးထင်နေပါသည်။

"ဘာလဲ၊ ငါ့ညီ စိုးလင်းက လိုက်တော့လိုက်ချင်တယ်။ ငှက်ဖျားကြောက်လို့လား။ ဘာမှမကြောက်ပါနဲ့ကွာ။ ခုခေတ်မှာ ခေတ်မီငှက်ဖျားကာကွယ်ဆေးတွေပေါ်နေပါပြီ။ ဆေးဝါးအစုံအလင်ထည့်ယူသွားမယ်။ ပြန်လာရင် တို့ညီအစ်ကိုတွေ ဆိုင်ကယ်ကိုယ်စီစီးလို့ ရွာကိုပြန်လာကြမယ်ကွာ"

(ထိုစဉ်က တောရွာများတွင် ဆိုင်ကယ်မရှိသေးပါ။ နီးစပ်ရာမြို့များတွင် တစ်စီး၊ နှစ်စီးသာရှိ၏။ ဆိုင်ကယ်စီးလာလျှင် ရုပ်ရှင်မင်းသားတစ်ယောက်လို ဝိုင်းဝန်းကြည့်ရှုနေသောအချိန် ဖြစ်၏။)

ဤလိုနှင့်ပင် စာရေးသူ၏အစ်ကိုအရင်း ကိုစိုးလှိုင်၊ ဝမ်းကွဲအစ်ကိုများဖြစ်သော ကိုသိန်းထွန်း၊ ကိုအေးချိုနှင့် စာရေးသူတို့ (၄) ဦးသည် ကျွန်းကြီးရွာမှ ကြို့ပင်ကောက်မြို့သို့ (၁၉)မိုင် ခြေကျင်လမ်းလျှောက်၍ ရွှေကျင်ဖို့ရာ ခရီးထွက်ခဲ့ကြပါသည်။ (ထိုစဉ်က ကျွန်းကြီးရွာနှင့် ကြို့ပင်ကောက်မြို့သည် နွေရာသီမှသာ လှည်းလမ်းပေါက်ပြီး မိုးအခါ လူသွားလမ်းကလေးသာရှိသည်။ ယခုအခါ၌ ကြို့ပင်ကောက်သို့ ဆိုင်ကယ်၊ စက်ဘီးလမ်းများပေါက်နေပါပြီ။)

သီတင်းကျွတ်ပြီး တန်ဆောင်မုန်းထဲရောက်နေ၍ မိုးပါးသွားသည်။ လမ်းတစ်လျှောက်မှာ ဝင်းမှည့်နေသော စပါးခင်းတွေက မြောက်လေအလာမှာ ဘယ်ညာယိမ်းလို့ နေရောင်အောက်မှာ ရွှေရောင်တောက်နေပါသည်။

"ရွှေကျင်သွားတဲ့လမ်းမှာ ရွှေ[illegible] ရောင်မြင်ကွင်းကို မြင်ရတာ အတိ[illegible] နိမိတ်ကောင်းတယ်ကွ"

လို့ ကိုသိန်းထွန်း ပြောစကား[illegible] ယခုထက်တိုင် ကြားယောင်နေဆဲပါ။

ကြို့ပင်ကောက်မှ လက်ပံတန်း[illegible] အရှေ့ ကျွန်းကလေးတာဆုံကို ကား[illegible] ပြီး ပဲခူးရိုးမနားက ထော်ကိုးစုကျေးရွာ[illegible] သို့ မြင်းလှည်းစီးလို့ ဆက်လက် ထွက်[illegible] လာပါသည်။ အဲဒီမှာ စာရေးသူတို့အ[illegible] ကို ရွှေကျင်လာတဲ့သူတွေမှန်းသိလို့ မြ[illegible] လှည်းသမားမှ ပဲခူးရိုးမပေါ်က ရွှေတ[illegible] တွေ့ခဲ့ပုံ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြော[illegible] ပြပါသည်။

"ဟိုတုန်းက ဆင်ဦးစီးတစ်ယော[illegible] ရှိတယ်ဗျ။ ရာသီချိန်ရောက်လို့ သူ့ဆ[illegible] ကို သစ်ဆွဲဖို့ တောင်ပေါ် ကိုလိုက်ရှာတ[illegible] ပေါ့။ ဒီနေ့ ခင်ဗျားဆင် ဘယ်တောင်မှ[illegible] တွေ့ခဲ့တယ်လို့ သစ်ခုတ်၊ ဝါးခုတ်သမား[illegible] တွေကပြောရင် အဲဒီတောင်ဘက်[illegible] ထမင်းထုပ်နဲ့ သူ့ဆင်ကို လိုက်ရှာတာ[illegible] မတွေ့ရင် နောက်နေ့ထပ်စုံစမ်း၊ ကြား[illegible] နေရာလိုက်ရပြန်တယ်။ ဆင်မတွေ့[illegible] မချင်း လိုက်ရှာရတာပေါ့။

တစ်နေ့တော့ အဲဒီဆင်ဦးစီး[illegible] မနက်ပိုင်း ဆင်လိုက်ရှာတာ မတွေ့တာ[illegible] တောင်စောင်းနေရောင်ကွယ်တဲ့နေရာ[illegible] လေးမှာ ထမင်းထုပ်ဖြေစားပြီး တစ်ရေး[illegible] တစ်မောအိပ်လိုက်တယ်။ တစ်ရေးနိုး[illegible] တော့ သူ့ရှေ့မှာတလက်လက်တောက်[illegible] နေပြီး (၁၀)လံပတ်လည်လောက်ရှိ[illegible] အကွက်ကြီးကို လှမ်းမြင်ရလို့ အံ့သြ[illegible] တယ်။ ဒါတွေဟာ ရေတွေလား၊ ရွှေ[illegible] တွေလားပေါ့။ အဲဒါနဲ့ တလက်လက်[illegible] တောက်နေတဲ့ ရေပြင်လိုလို၊ ရွှံ့ပြင်လို[illegible] အကွက်ကြီးနားကိုသွားလို့ လက်နဲ့[illegible] ကြည့်တော့ ရွှံ့နုန်းပြင်ကြီးဆိုတာ [illegible] လိုက်တယ်။ ဒါပေမယ့် ဒီရွှံ့တွေထဲမှာ[illegible] ရွှေတွေများရောနေသလားလို့ တွေး[illegible] ပြီး ပါလာတဲ့ ဆေးဘူး (ထွန်းရွှေဝါ[illegible] ခန့်) ထဲကို အပြည့်သိပ်ထည့်ခဲ့တယ်[illegible] လက်ပံတန်းရောက်တဲ့အခါ ရွှေဆိုင်က[illegible] ကြည့်မယ် ဆိုတဲ့သဘောနဲ့ပေါ့။

ဒီလိုနဲ့ ဆင်ကိုနောက်ရက်မှာတွေ့[illegible] ပြီး သစ်တောမှာ အလုပ်ဆင်းနေတာ[illegible] ပေါ့။ တစ်လလောက်ကြာတော့ ရိက္ခာ[illegible] ကုန်လို့ လက်ပံတန်းကို ဈေးဝယ်ဖို့ဆ[illegible] လာတယ်။ အရင်တစ်ခါ ရွှံ့တွေ[illegible] ရွှေတွေလိုလိုထည့်ထားတဲ့ဘူး[illegible] သူသိတဲ့ရွှေဆိုင်ကို ပြကြည့်တယ်ဆော[illegible]



www.burmeseclassic.com

www.burmeseclassic.com

သူရခဲ့ပုံကိုလည်း ပြောပြတယ်။ ရွှေဆိုင်ရှိတဲ့ကျွမ်းကျင်သူတွေက ပြဒါးနဲ့နယ်၊ ကျင်ခွက်နဲ့ လှည့်ကြည့်လိုက်တော့ ရွှေအစ်ဝက်ပါတာ တွေ့ရတယ်။ အဲဒီတော့ ဆင်ဦးစီးကို ပြောတယ်။ ခင်ဗျားတို့ဘက်က ယုံကြည်စိတ်ချရတဲ့သူ(၄)ဦးလောက်ခေါ်ခဲ့။ ကျွန်တော်တို့ဘက်ကကျွမ်းကျင်တဲ့သူ(၃)ဦးနဲ့ပေါင်းပြီး ရွှေကျင်သွားမယ်လို့ပြောတယ်။ ကုန်ကျစရိတ်ကို ရွှေဆိုင်ကခံမယ်လို့လည်း ပြောပါတယ်။

ဆင်ဦးစီးဆိုတာ ဘယ်တော၊ဘယ်တောင်၊ ဘယ်ချောင်၊ ဘယ်တုန်းတန်းဆိုတာ ရှစ်စပ်ကဂျင်ခြေလည်နေတာ။ ဒီတောင်ပေါ်မှာ ဘယ်နေရာဘာရှိတယ်ဆိုတာ အလွတ်ရနေပြီးသား။ ဒါပေမယ့် အဲဒီရွှေနှံ့အိုင်ကြီးကိုတော့ ဘယ်လိုမှရှာလို့မတွေ့တော့ဘူးဗျာ။ အဲဒီကတည်းက တောင်ပေါ်မှာ ရွှေရှိတယ်ဆိုတာ လူတွေ သိနေကြတာ။ တောတောင်တို့ဆိုတာ အင်မတန် ဂမ္ဘီရဆန်တယ်မဟုတ်လားဗျာ။

အဲအဲ - ထော်ကိုးစုလည်းရောက်ပြီ၊ ခင်ဗျားတို့အဖွဲ့လည်း ရွှေတွေရလို့ ကျန်းမာချမ်းသာစွာနဲ့ ရွာပြန်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ”

စာရေးသူစိတ်ထဲမှာ မြင်းလှည်းဆရာ၏ ပြောပြပုံလေးကို နှစ်သက်နေမိသည်။ လူမျိုးစုံနှင့်အံ့ဝင်ခွင်ကျရှိအောင် ဆက်ဆံတတ်ပြီး လူတို့၏အကြိုက်ကို အလိုလိုက်အကြိုက်ဆောင်တတ်သော သူ့အကျင့်လေးက အများနှင့်ဆက်ဆံသူ (မြင်းလှည်းဆရာ)တို့၏ လာဘ်ခေါ်ခြင်းတစ်မျိုးပင် ဖြစ်သည်။ ဇာတ်လမ်းပြောရင်းကပင် လမ်းတစ်လျှောက်လုံး ဒီအိမ်ကတော့ ဘယ်သူ့အိမ်၊ ရွှေကျင်လို့ချမ်းသာသွားတာဆိုတာတွေက ဆယ်အိမ်ထက်မနည်းပေ။

ကိုမြသောင်းတို့အိမ်ရောက်သောအခါ လှိုက်လှိုက်လှဲလှဲကြိုဆိုနေပါသည်။ အိမ်ရှင်က လှိုက်လှဲပျူငှာရှိသောအခါ ဧည့်သည်တွေ ဝမ်းသာရပါ၏။ သို့သော် အရပ်(၈)မျက်နှာမှာ စကားပြောလို့မရအောင် အသံချဲ့စက်တွေ ဆူညံနေလို့ ကိုမြသောင်းကို မေးကြည့်မိ၏။

“အဲဒါ တောင်ပေါ်တက်ပြီး ရွှေကျင်တဲ့သူတွေသေလို့ အသုဘကဖွင့်တာနဲ့ ရက်လည်ဆွမ်းသွတ် (သပိတ်သွတ်) တွေက ဖွင့်တာ”

ဆိုသောအခါ စာရေးသူအတော်လေးကြောက်လန့်တုန်လှုပ်သွားပါသည်။ ငါခရီးထွက်လာတာမှားပြီလား။ ရွာမှာ ကိုင်းလုပ်ရင်း ရွှေကျင်ရင်ရရဲ့သားနဲ့ သူဌေးဖြစ်ကြဲကာမှ ဒုက္ခရောက်လေမလား တွေးမိကာ လာလမ်းကိုတောင် ပြန်လှည့်ဖို့ စဉ်းစားမိ၏။

ထိုအခါ ရိပ်စားမိသော အစ်ကိုများက -

“ဘာလဲ၊ ငါ့ညီ ကြောက်နေပြီလား။ ဘာမှမကြောက်ပါနဲ့ကွာ၊ အစ်ကိုတို့ရှိပါတယ်။ ရွာမှာလုပ်နေလို့ ဘာတိုးတက်မှာလဲ။ ဒီမှာက အကြံကောင်းရင် တစ်ချက်ဆိုသလို ခွင်တိုးရင် တစ်ချက်တည်းနဲ့ တစ်သက်ချမ်းသာသွားမှာကွ။ ငှက်ဖျားက မကြောက်ပါနဲ့ကွာ၊ တို့မှာ ဆေးဝါးစုံစုံလင်လင်ပါပါတယ် ဘာမှမပူနဲ့။ နောက်ပြီး အနေအထိုင်၊ အစားအသောက်ဆင်ခြင်ရင် ငှက်ဖျားမမိပါဘူးကွာ”

(ထိုစဉ်က စိမ့်ရေစမ်းရေသောက်လို့၊ ငှက်ပျောသီး၊ မျှစ်စားလို့ ငှက်ဖျားဖြစ်တာဟု ယူဆနေသောခေတ်ဖြစ်၍ တောင်ပေါ်ရောက်လျှင် ဆောင်ရန်၊ ရှောင်ရန်တို့ကို ညွှန်ကြားပြောဆိုနေကြပါသည်)

သူတို့ကသာ ငှက်ဖျားမကြောက်နှင့်ဟုဆိုသော်လည်း တောင်ခြေတစ်ဝိုက်မှ လူများသည် များသောအားဖြင့် ဗိုက်ပူနံကား၊ ဆံပင်ကျိုးတိုးကျဲတဲ၊ အသားဝါလင်းလင်း၊ ဖြူဖပ်ဖြူရော်၊ ချည့်နဲ့နဲ့ပုံစံများနှင့် ငှက်ဖျားဒဏ်ကို အလူးအလဲခံစားကြရပုံရ၏။

ဤသို့နှင့်ပင် ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလား စိတ်ကိုလွန်ဆွဲနေရင်းက အစ်ကိုများ၏ ကြိုးဆွဲရာနောက်ကို လိုက်ခဲ့ရလေပြီ။ ကိုမြသောင်းမှာ မိန်းမက တားမြစ်နေ၍ ကျန်ရစ်ခဲ့ရပါသည်။ သူမလိုက်နိုင်တာ စိတ်မကောင်းကြောင်းပြောရင်း စိတ်ချရမည့်သူများနှင့် တတွတ်တွတ်မှာကြား၍ အပ်ထည့်လိုက်၏။

စာရေးသူတို့အဖွဲ့သည် ချောင်းနားစုရွာက ကိုစိုးအောင်၊ မော်အင်းရွာက ကိုကျော်ဝင်းတို့ ရွှေဝယ်အဖွဲ့နှင့်အတူ တောင်ပေါ်တက်ခဲ့ရပါပြီ။ ဆားချောင်း၊ မျှားချောင်း၊ အသန်းကြီးတောင်၊ မလေးတောင်၊ ရှားတောင်စသော ခရီးစဉ်တစ်လျှောက်ကို တစ်တောဝင်တစ်တောထွက်၊ တစ်တောင်တက်တစ်တောင်ဆင်းရင်း ခရီးအတော်ပေါက်ခဲ့ပါသည်။ ဆားချောင်း၊ မျှားချောင်းနတ်စင်မှာ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ပူဇော်ပသလို့ လိုရာဆုတွေတောင်းခဲ့ကြသေးသည်။

အသန်းကြီးတောင် ဆိုသည့်အတိုင်း ဝါးခနဲ သမ်းလောက်ပြီး ပျင်းဖို့ကောင်းအောင်လျှောက်ရ၏။ မလေးတောင်ကလည်း ‘အမလေး’တလောက်အောင် အတက်၊အဆင်းတွေက များလှပါဘိ။ ဟိုအဝေးက ရှားတောင်မှာ မြူခိုးတွေဝေနေတာ မြင်ရပြန်၍ မြေပြန့်သား စာရေးသူသည် ရွာမှာကျန်ခဲ့သည့် ဇနီးမယား၊ သမီးသားတွေကို လွမ်းသလိုလို ဘယ်ဆီဘယ်ဌာနကိုမှန်းမသိရတဲ့ နေရာကို ဆွေးသလိုလို ဝေဒနာတွေက နှလုံးသားမှာ ထင်ဟပ်လာပါသည်။ မြေပြန့်က ရွှေဝါရောင်စပါးခင်းတွေ၊ ဧရာဝတီမြစ်ဘေးက စိမ်းစိုလှပနေသည့် ပဲခင်း၊ ပြောင်းခင်းတွေနှင့် တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းမြင်ကွင်းက တစ်မျိုးစီခံစားနေရပါသည်။

လမ်းတစ်လျှောက်လုံးတွင် ဝါရင့်ရွှေတူးသမားတွေ၏ ရွှေအတွေ့အကြုံတွေက မစားရဝခမန်းပါ။ ဘယ်သူကတော့ ဘယ်လောက်ချမ်းသာသွားတာ၊ ဘယ်သူက ရှုံးသွားတာ၊ ဘယ်သူတွေကတော့ တစ်မျိုးလုံးပြုတ်သွားတာ စတာတွေက အံ့ဩရင်မောစရာပါ။

ည (၈) နာရီလောက်တွင် စခန်းချမည့်နေရာရောက်ပါသည်။ ဒါတောင်လမ်းမှာ တစ်နာရီလောက် မျက်စိလည်နေသေးသည်။ မနက် (၄) နာရီကတည်းက ထွက်လာရ၍ လူတွေလည်း ပင်ပန်းပြီး ခြေပစ်လက်ပစ် အနားယူအိပ်စက်ကြပါသည်။

နောက်နေ့မှာ တစ်နေ့နား၍ တဲပေါင်းတွေပြင်၊ ထင်းတွေစုဆောင်း၊ ဝါးတွေချွန်လို့ တဲဘေးမှာ ကျားရန်မှ ကာကွယ်ဖို့ အရန်သင့်ဆောင်ထားကြပါသည်။ ဝါးစိုများခုတ်လို့ မီးဖိုဘေးမှာလည်း ထားကြပါသည်။ ‘ဆင်သံတွေကြားလျှင် ဝါးလုံးစိမ်းကို မီးဖိုထဲထည့် ဖောက်လို့ရအောင်’ ဟု ပြောကြ၏။

နောက်ရက်တွေမှာ ရွှေစတင်ကျင်ကြသည်။ များသောအားဖြင့် တူးကြတာပါ။ မြစ်ထဲမှာလို မျောလောင်းတာက ခပ်နည်းနည်းပါ။ သူတို့ပြောသလို မန်ကျည်းစေ့လောက်မတွေ့ရဘဲ ဆန်ကွဲစေ့ခန့် (၂) စေ့၊ (၃) စေ့ခန့်သာတွေ့ရ၏။ တစ်နေ့မှ တစ်ရွေးသာသာ၊ တစ်ရွေးခန့်လောက်သာ ရကြပါသည်။ သူဌေးဖြစ်ကိန်းက မဆိုက်သေးပါ။

စမ်းချောင်းဘေးနားမှာ စာရေးသူ ဗန်းလှည့်နေရင်း လူ (၄)၊ (၅) ယောက်



www.burmeseclassic.com

www.burmeseclassic.com

စောင်ပုခက်ထမ်းဖြင့် ချောင်းအတိုင်း ထမ်းလာတာကို မြင်လိုက်ရ၍ လန့်သွားပါသည်။ အကျိုးအကြောင်းကိုမေးကြည့်သောအခါ ဘူမိဗေဒအဖွဲ့မှ ဆေးမှူးကြီး ငှက်ဖျားမိ၍ လက်ပံတန်းဆေးရုံသို့သွားကြတာဖြစ်ကြောင်း သိရပါ သည်။

'အင်း- ဆေးမှူးကြီးတောင် ငှက်ဖျားမိရင် တို့လည်း တစ်နေ့တော့ ဖျားမယ်' ဆိုတာ သိနေပါသည်။ ဒီမှာလည်း ရွှေကဟုတ်တိပတ်တိမရ။ စားစရိတ်သာသာလေးသာ။ ဒီကြားထဲ အစ်ကိုများက ငှက်ဖျားဒဏ်ကာကွယ်အောင်ဆိုပြီး ယစ်ရွှေရည်လေးတမြမြနှင့်သာ။ မနက်ပိုင်းဘုရားရှိခိုးသံ၊ ကြာနီကန်ပရိတ်ခွေသံတွေ ကြားနေရသော်လည်း မနက်ကြာနီကန်၊ ညနေ အာမီရမ်လုပ်နေကြပါသည်။

ရက်တွေ ကြာညောင်းလာသောအခါ စာရေးသူက ရွာကိုပြန်ချင်နေပါပြီ။ သူတို့က ရွှေမရမချင်းမပြန်ဘူးဆိုသည့် သံမဏိစိတ်ဓာတ်တွေနှင့်လုပ်နေကြ၍ ပြန်ချင်စိတ်ကို ဇွတ်မှိတ်လို့ မရတမော့၊ ရတမော့နှင့် ရွှေဆက်ကျင်နေရပါသည်။ ဟိုတုန်းက ရွှေကျင်ချောင်းမှာ ဝမ်းရောဂါဖြစ်လို့ တစ်နေ့တည်း လူပေါင်း (၁၀၀၀) ကျော်သေသည်ဆို၍ ရွှေကျင်ရမှာ ပို၍စိတ်ပျက်မိပါသည်။

တစ်ညမှာ ရွှေဝယ်သူအဖွဲ့နှင့်တိုင်ပင်ကြ၏။

"ဒီလိုလုပ်နေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ စစ်တပ်ကို ပိုက်ဆံပေးပြီး ဘူမိဗေဒက ရွှေမကျင်ရဆိုတဲ့ ကျောက်တောင်ကို ခိုးတူးကြမယ်"

ဟု ပြောကြပါသည်။

လူတစ်ယောက်ကို (၂၀)ကျပ်ပေးရ၏။ စစ်တပ်က ဂျီသရီး၊ ဂျီဖိုးသေနတ် (၃) လက်နှင့် စစ်သား (၃) ယောက် ခေါ်လာကြ၏။ သွားမည့်လမ်းဘေးတွင် ကျားသစ်တွေရှိတာတစ်ကြောင်း၊ ကျန်တဲ့ရန်တွေလည်း ကာကွယ်ရအောင် ခေါ်လာရခြင်း ဖြစ်ပါသည်။

တစ်ချိန်က ကျောက်တောင်သည် ရွှေထွက်အင်မတန်နာမည်ကြီးခဲ့ပါ၏။ ကရင်ပြည်နယ်အစပ်က စောခေးတို့အဖွဲ့သည် ဟွန်ဒါစက်တွေ၊ ဆန်အိတ်တွေ ကျောပိုးလို့တက်ခဲ့ပြီး ကျွန်းပင်တွေကို လှဲလို့ မျောလုပ်ပါသည်။ ကျောက်တောင်ကို ဒိုင်းနမိုက်ဖြင့်ခွဲ၍ စက်တွေနှင့် ရေသွယ်ပြီး ရွှေကျင်ကြပါသည်။ ဟန်းကော ချိုင့်တစ်ဝက်ခန့်ရွှေတွေရနေပါပြီ။

ဒါကိုသိသောလူများက စစ်တပ်ကို သွားတိုင်ကြသည်။ (ပထမတွင် တောင်ပေါ်၌ စစ်တပ်မရှိသေး။) ကရင်ပြည်နယ်နယ်စပ်မှာ ကုန်သည်တွေကို အကောက်ခွန်ကောက်နေသည့် ကေအင်န်ယူ စောခေး ဆိုတာကို သိသွားကြသည်။ စစ်တပ်မရောက်ခင် သူတို့အဖွဲ့သည် စက်တွေ၊ ပစ္စည်းတွေ အဆုံးအရှုံးခံပြီး တစ်ဖွဲ့လုံးခြေရာဖျောက်သွားကြသည်။

ဤနေရာကို ဘူမိဗေဒအဖွဲ့က ရွှေမကျင်ရလို့ ပိတ်ထားသည်။ ကျောက်တောင်မှာ ဘယ်သူတွေ တစ်ညတည်းနှင့် နွားတစ်ရှဉ်းဖိုးရသွားတာ၊ ဘယ်သူတွေကတော့ (၁၀) ကျပ်သားလောက်၊ (၅) ကျပ်သားလောက်ရတယ် စသည်ဖြင့် ကြားရသည့်အသံက အားရစရာပါ။

နှစ်ယောက် တစ်တွဲစနစ်ဖြင့် ကျောက်တောင်တွင်းထဲကိုဆင်းကြရ၏။ တစ်ဆိုင်းကို တစ်နာရီတူးရသည်။ တွင်းအနက်က ထီးရိုးဝါးတစ်ဖျားသာသာလောက်ရှိမည်ထင်ရသည်။ ရွှေတွင်းရမည့်နေရာကို ရောက်သောအခါ မြင်ရသည့်မြင်ကွင်းက ကြောက်စရာပါ။ ပီပါလုံးလောက် ကျောက်ဒေါက်ကြီးများခံ၍ ရွှေတူးရမည့်နေရာက ကနားဖျင်းကြီးပမာ အကျယ်ကြီးဖြစ်၏။ အကာယ်များပြိုကျလိုက်လျှင် ဘယ်လိုမှ အသက်ရှင်စရာလမ်းမမြင်ပါ။ ဒီလိုနှင့် ကြောက်စိတ်ကိုဖြေ၍ ကျောက်လွှာရွှေကြောတွေကို သံသတ်နှင့်ရိုက်နေသူကို ဖယောင်းတိုင်မီးပြရပါသည်။

စာရေးသူက မကျွမ်းကျင်၍ မီးပြရုံသက်သက်ပါ။ တစ်ချက်၊ နှစ်ချက် သံသတ်ဖြင့်ရိုက်ကြည့်ရာ မကျွမ်းကျင်သောကြောင့် ကျောက်စတွေမှန်ပါသည်။ ထို့ကြောင့် ကျွမ်းကျင်သူက တစ်နာရီပြည့်အောင် ရွှေကြောကို ရိုက်ထုတ်ရပြီး အစအနများကို ရေပုံးဖြင့်ထည့်ကာ နောက်တစ်ဆိုင်းကို အလှည့်ပေးလိုက်ရပါသည်။

ကျောက်သားထဲတွင် ရွှေကြောမျှင်မျှင်လေးက အပ်ချည်ကြိုးမျှင်ခန့်မြင်နေရပါသည်။ တဲရောက်၍ ကျောက်စများကိုထုခွဲပြီး ဗန်းဖြင့်လှည့်ကြည့်ရာ တစ်ရွေးသားလောက်ပဲရပါသည်။ (၁၀) သား၊ (၅) ကျပ်သားရဖို့ဝေးစွ နွားတစ်ရှဉ်းဖိုးတောင်မရကြပါ။

တစ်လလောက် ကြာသောအခါ စာရေးသူတို့အဖွဲ့ စိတ်ဓာတ်ကျနေပါပြီ။ စာရေးသူက ပြန်ဖို့ပြောသော်လည်း အစ်ကိုများက ရွာကို ငွေများများမရဘဲ မပြန်ဘူးဟု ဇွတ်ခံနေပါ၏။ ဒီလိုနှင့် စိတ်မပါဘဲ ရွှေကျင်နေရပါသည်။

တစ်နေ့တွင် သတင်းထူးတစ်ခုရ လိုက်၏။ ဒီတောင်ပေါ်မှာ ဂျပန်ခေတ်ကမြှုပ်ခဲ့တဲ့ ရတနာသိုက်ကြီးရှိသည်။ အဲဒီသိုက်ကို တူးရအောင် သွားကြမည်ဆိုသည့် သတင်းပါ။ ဒီသတင်းကို ပြောပြသူက ဦးကရင် ဖြစ်ပါသည်။ သူက စစ်တပ်ထဲမှပါလာသည့် အရပ်သားထမင်းချက်တစ်ယောက် ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့မှ ရွှေဝယ်သူနှင့်လည်း ပေါင်းပါသည်။ တချို့က သူ့ကို ထောက်လှမ်းရေးလို့တောင်ပြောနေကြပါသည်။

"မင်းတို့ ကနောင်အဖွဲ့လာဦးကွ (စာရေးသူတို့အဖွဲ့ကို ကနောင်အဖွဲ့ဟု ခေါ်ကြ၏)။ မင်းတို့အဝေးကြီးကလာပြီး ရွှေကျင်ရတာ ဘာမှမရဘဲပြန်သွားရင် ရွာပြန်မလှဘူး။ စရိတ်ကုန်ရုံပဲရှိမယ်။ အဲဒီတော့ ရွှေမရတဲ့အတူတူ သိုက်တူးလိုက်ခဲ့ကြကွာ။ မင်းတို့ ကနောင်အဖွဲ့ထဲမှာ ကြာသပတေးသားပါလား"

ဟု မေးပါသည်။

စာရေးသူက -

"ကျွန်တော် ကြာသပတေးသားပါ"

ဟု ပြောသည့်အခါ ဦးကရင်က-

"ဒါဆို နေ့ (၇) နေ့စုံသွားပြီ။ တို့အလုပ်အဆင်ပြေပြီကွ"

ဟု ဆိုပြီး ရတနာသိုက်အကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။

"၁၉၄၅ ခုနှစ်လောက်ကပေါ့ကွာ။ ဖက်ဆစ်ဂျပန်တွေကို ဗမာ့တပ်မတော်က အတင်းလိုက်ပြီးတိုက်တဲ့အချိန်ပေါ့။ ဂျပန်တွေဟာ ပြေးရင်းက တို့မြန်မာနိုင်ငံက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကို သေတ္တာကြီး (၃) လုံး အပြည့်ထည့်လို့ အငှားထမ်းသမားတွေနဲ့ သယ်လာခဲ့ကြတယ်။ အထူးသဖြင့် ရေကင်း၊ မိုးညို၊ မင်းလှက အထမ်းသမားတွေ ပါတယ်။ လူပေါင်း (၂၀) လောက်ရှိတယ်"

ထိုအချိန်မှာ ကိုသိန်းထွန်းက ဝင်၍ -

"အဲဒီအထဲမှာ မိုးညိုက ငါ့သူငယ်ချင်း သိန်းတင်ရဲ့အဘိုးလည်း ပါတယ်လို့ တစ်ခါက သိန်းစာင်က ငါ့ကိုပြောဖူးတယ်"

ဟု ပြောပါသည်။

ထို့နောက် ဦးကရင်က ဆက်ပြောပါသည်။

"အဲဒီသေတ္တာတွေကို ရေကင်းက



www.burmeseclassic.com

www.burmeseclassic.com

နေ မိုးညို၊ မိုးညိုက မင်းလှ၊ မင်းလှက တစ်ဆင့် လက်ပံတန်းလည်းရောက်ရော ဂျပန်တွေဟာ လမ်းရိုးအတိုင်း မသွားတော့ဘူး။ နောက်က ဗမာ့တပ်မတော်က တရကြမ်းလိုက်တိုက်နေတာကိုး။ အဲဒါနဲ့ လက်ပံတန်းကနေ ပဲခူးရိုးမပေါ် ဖြတ်ပြီး တောင်ငူဘက်ကိုဖြတ်လမ်းသွားကြမှာ။ ဒီတောင်ကြောပေါ် ရောက်တော့ သွားရေးလာရေးက အခက်အခဲတွေ့လာပြီလေ။ နောက်က တပ်မတော်က လိုက်၊ ကျားကဆွဲ၊ ငှက်ဖျားကမိန့် တောင်ငူကို ဖြတ်သယ်မယ့် အစီအစဉ်ကို ဖျက်လိုက်တယ်။ သင့်တော်မယ့်တစ်နေရာရာမှာ အမှတ်သားပြုလုပ်ပြီး မြှုပ်ထားခဲ့မယ်ပေါ့။ အေးချမ်းသွားတဲ့ တစ်နေ့ကျမှ လာတူးမယ်ဆိုတဲ့ သဘောပေါ့။

ပါလာတဲ့ အထမ်းသမားတွေကို တွင်းနက်နက်တစ်တွင်းတူးခိုင်းတယ်။ တွင်းတူးပြီး သေတ္တာ (၃) လုံးကို ထည့်လိုက်တယ်။ အဲဒီအချိန်မှာ မိုးညိုက ကိုသိန်းတင်အဘိုး(နာမည်မသိ)က ချုံတစ်ခုထဲမှာ အိမ်သာတက်နေတယ်။ ဂျပန်စစ်ဗိုလ်ဟာ ပါလာတဲ့အထမ်းသမားတွေကို တွင်းနှုတ်ခမ်းနားမှာ တန်းစီရပ်ခိုင်းပြီး တစ်ယောက်စီ ဂျပန်ဓားနဲ့ ခုတ်ချတယ်။နောက်ဆုံးမှာ အထမ်းသမားတွေကိုသတ်တဲ့ဂျပန်စစ်ဗိုလ်ကို နောက်တစ်ဦးက ဓါးနဲ့ထပ်ခုတ်ချပြီး အမိန့်ပြန်ကြတယ်။ ပြီးတော့ မြေကြီးဖို့လိုက်တယ်။ တွင်းရဲ့ထောင့်လေးထောင့်မှာ ထိပ်ဝတစ်သလောက်၊ မြေပြင်ပေါ်မှာ နှစ်တောင်လောက်မြင့်တဲ့ ကျွန်းငုတ်လေးတိုင်ကို စိုက်တယ်။ ကျွန်းတိုင်တစ်တိုင်ပေါ်မှာ တစ်ချိန်က တပ်မတော်သားတွေဆောင်းတဲ့ သံခမောက်ကို ဆောင်း (စွပ်) ခဲ့ပြီး ထားခဲ့တယ်။ တွင်းရဲ့အရှေ့ဘက်မှာရှိတဲ့ ကျွန်းပင်ကြီးတစ်ပင်ရဲ့ ဆင်ဦးတစ်တိုက်လောက်အမြင့်မှာ အထမ်းသမားနဲ့ ဂျပန်စစ်ဗိုလ်ကိုသတ်ခဲ့တဲ့ဂျပန်ဓားကိုစိုက်ပြီး အမှတ်အသားလုပ်ခဲ့တယ်။

ဂျပန်တွေဟာ အဲဒီအမှတ်အသားပြုလုပ်ပြီး တောင်ကြောပေါ်တက်သွားတယ်။ ကိုသိန်းတင်အဘိုးက အဲဒါတွေ အကုန်မြင်တယ်။ ဒါပေမယ့် ကြောက်လို့ ချုံထဲမှာပုနေရတယ်။ ဂျပန်တွေမရှိတော့မှ သူလည်း ရွှေကျင်ချောင်းအတိုင်း စုန်ဆင်းလာတာ သုံးဆယ်မြို့ကို (၃) ရက်ကြာမှ ရောက်တယ်။ ချောင်းအတိုင်းမပြန်လို့ တောထဲမှာ မျက်စိလည်နေရင် တောထဲကထွက်လို့ရမှာမဟုတ်ဘူး။ လမ်းမှာ ဆင်တွေ၊ ကျားတွေနဲ့တွေ့ရင်လည်း အန္တရာယ်ကြီးတယ်မဟုတ်လား။ ချောင်းအတိုင်းလိုက်လာတော့ လမ်းမမှားတော့ဘူးလေ။

အဲဒီသိုက်ကို တို့တွေသွားတူးကြမယ်ကွာ။ ဒါမှတို့တွေ တစ်သက်ချမ်းသာမှာကွ။ တစ်ခါတုန်းက မိုးညိုကလူတွေ အထမ်းသမားအဘိုးကြီးရဲ့ ပြောပြချက်နဲ့ ရဲတွေခေါ်လာပြီး လာတူးသေးတယ်။ ကိုသိန်းတင်အဘိုး (အထမ်းသမားအဘိုးကြီး) ကိုခေါ်ပေမယ့် သူ့ရှေ့မှာလူ (၂၀) လောက်သတ်ထားတဲ့နေရာဆိုတော့ မလိုက်ရဲဘူးတဲ့။ (၁၉၈၄ တွင် ကိုသိန်းတင်အဘိုး သက်ရှိထင်ရှားရှိပါသေးသည်။)

တွင်းတူးတာ လူတစ်ရပ်လောက်နက်တဲ့အခါ ဂျပန်မလေးတစ်ယောက် ဘယ်ကဘယ်လိုပေါ်လာတယ်မသိဘူး။ သူ့သိုက်ကို မတူးဖို့ပြောတယ်တဲ့။ သူ့စကားနားမထောင်ဘဲ ဆက်တူးတဲ့အခါ ဆင်အော်သံတွေ၊ကျားဟိန်းသံတွေကြားလာရလို့ တူးတဲ့သူတွေ ကြောက်လန့်ပြီး ရပ်ကြည့်နေတုန်း ဂျပန်မလေးက တွင်းထဲကိုခုန်ချပျောက်သွားလို့ အကုန်လုံးကြောက်ကြောက်လန့်လန့်နဲ့ပြန်ခဲ့ရတယ်လို့ ကြားတယ်။ ဘယ့်နှယ်လဲ၊ သွားတူးကြမယ် မဟုတ်လား။ အောင်မြင်လို့ကတော့ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားလို့ မကုန်ဘူး”

ဟု အားရပါးရပြောပြပါသည်။

ထို့နောက် စာရေးသူကို -

“ကြာသပတေးသား၊ ဒီစက္ကူလေးပေါ်မှာ လက်မနဲ့ နှိပ်လိုက်စမ်း”

ဟုပြောပါသည်။

ထိုစက္ကူလေးကို မီးရောင်ဘက်ထောင်ပြီး-

“တွေ့လား၊ မြင်လား။ ဒီမှာဂျပန်ဆံတောက်ကလေးနဲ့ ဂျပန်မလေးပုံလေ။ အဲ့ဒီသိုက်ကို ဂျပန်မလေး စောင့်တာကွ”

ဟု ပြောပါသည်။

မီးရောင်အောက်မှာ ကြည့်၍ စက္ကူလေးမှာ ဂျပန်ဆံတောက်နဲ့ ဂျပန်မလေးပုံလား၊ လက်မနှိပ်ရာလားဆိုတာ ဝေခွဲလို့မရပါ။ အားလုံးက ဂျပန်မလေးပုံလို့ပဲ အတည်ပြုပါ၏။ ကြီးတဲ့သူတွေက ဟုတ်တယ်ဆိုတော့လည်း စာရေးသူက အတွန့်မတက်တော့ပါ။ သို့သော် သိုက်အကြောင်းပြောပြစဉ်က မိန်းကလေးတစ်ယောက်မှမပါပါ။ ခုမှ ဒီဂျပန်မလေးက ဘယ်ကဘယ်လိုရောက်လာတာလဲဆိုတာ မမေးရဲပါ။

စားရက်ကြံ့လို့ မုတ်ဆိတ်ပျားဆွဲတာလား၊ ဒုက္ခရောက်ဖို့ မုတ်ဆိတ် ပျားတုပ်ဆိုတာလား မသိရပေမယ့် ဦးကရင်ပြောပြသည့် ရတနာတွေကိုတော့ လောဘသားပီပီလိုချင်ပါသည်။ အစ်ကိုတွေပြောသည့် ဆိုင်ကယ်ကိုယ်စီတောင် မဟုတ်ပါ။ ကားကိုယ်စီတောင် ဝယ်နိုင်လောက်၏။

‘မြို့ကြီးပြကြီးမှာ ကိုယ်ပိုင်တိုက်နဲ့ ကားနဲ့ဆိုရင်’

စိတ်ကူးရေယဉ်ကြောမှာ နစ်မျောနေမိပါသည်။

‘ဒါပေမယ့် တကယ်လို့ ရတနာသိုက်ကိုတူးလို့ ရတနာတွေရကြရင်ကော အေးအေးချမ်းချမ်း ဝေယူကြမှာလား။ ဟိုလူက ဝရမ်းပြေး၊ ဒီလူက လူတစ်ယောက်သတ်ဖူးတယ်။ လူနှစ်ယောက်သတ်ဖူးတယ်ဆိုတဲ့ နယ်စုံကလူမိုက်တွေနဲ့ သွားရမှာဆိုတော့ လုကြယက်ကြ၊ သတ်ကြဖြတ်ကြရင် ကြောက်စရာ။

စစ်တပ်ကလူတွေပါလို့ အေးအေးချမ်းချမ်းဝေယူကြရင်ကော သူတို့ပြောတဲ့ သိုက်စောင့်ဆိုတာတွေက လက်ခံမှာလား။ နာနာဘာဝတွေ ခုခေတ်မှာမရှိတော့ဘူးဆိုပေမယ့် လူပေါင်း (၂၀) လောက် အစိမ်းသေသေထားတဲ့နေရာ။ သူတို့ကကော ကျွတ်ပ့လွတ်ပ့မလား။ အမိန့်ပြန်ထားတဲ့အတိုင်း သိုက်စောင့်တွေဖြစ်နေမလား’

လိုချင်တပ်မက်မှုနှင့် ကြောက်စိတ်တွေက ရင်ထဲမှာ ဒွန်တွဲဖြစ်ပေါ်နေပါသည်။

ထိုအခါမျိုးတွင် အရေးကြီးတော့ သွေးနီး ဆိုသည့်စကားကို သတိရမိပါသည်။ တကယ်လို့ ရတနာတွေရလာလို့ လုကြယက်ကြလျှင်၊ အန္တရာယ်တွေတွေ့ရလျှင် မလွယ်ဘူးဆိုပြီး အစ်ကိုစိုးလှိုင်ကိုပါ သိုက်တူးသည့်နေရာကို လိုက်ခဲ့ဖို့ ခေါ်ခဲ့ပါသည်။

နောက်တစ်နေ့တွင် စခန်းချရာကနေ မနက်အဆာပြေ ထမင်းကြမ်းစားသောက်ပြီး လူ (၁၀) ယောက်သည် ရေဘူး၊ ပေါက်တူး၊ ဂေါ်၊ ဓား စသည်တို့ ယူဆောင်၍ သိုက်တူးထွက်ခဲ့ကြပါသည်။ တကယ်တမ်း သိုက်တူးသွားကြသောအခါ စစ်တပ်ကလူတွေ မခေါ်ဖြစ်ခဲ့ပါ။ အရှေ့မြောက်ထောင့်လို့ ထင်ရသည့်အရပ်သို့ ဦးတည်သွားကြသည်။

လမ်းတွင် ဝါရင့်ကျွမ်းကျင်သူတွေက -



www.burmeseclassic.com

www.burmeseclassic.com

"ဆင်နဲ့တွေ့ရင် လမ်းဖြောင့်မပြေးနဲ့၊ ကွေ့ကောက်ပြေး။ ဆင်က ခန္ဓာကိုယ်ကြီးတော့ အလွယ်တကူ မလှည့်နိုင်ဘူးကွ။ လေတင် (လေအထက်) ကို မပြေးနဲ့။ လေအောက်ကိုပြေး၊ လေတင်ပြေးရင် အနံ့ခံပြီးလိုက်တာကွ။ အဆင်းနဲ့ အတက်တွေ့ရင်လည်း အတက်ကိုပြေးကွ။ ဆင်က အတက်ဆိုရင် အလွယ်တကူမတက်နိုင်ဘူး။ အဆင်းကတော့ ဝါးရုံပဲခံခံ၊ သစ်ပင်ပဲခံခံ ဖင်ထိုင်လျှောချပြီးလိုက်တာကွ"

ဟု ရှောင်တိမ်းရပုံများကို ညွှန်ကြားခဲ့ပါသည်။

ပြောသို့ တပို့တွဲ မိုးနည်းကာလဖြစ်၍ တောမီးတွေလောင်ထားသည်မှာ ချုံပုတ်တွေရှင်းနေ၏။ မနက် (၉) နာရီ သာသာလောက်တွင် ရတနာသိုက်ဆိုသောနေရာကို ရောက်ကြပါပြီ။

သူတို့ပြောသလိုပင် ကျွန်းငုတ်တိုင် (၄) တိုင်ကို တွေ့ရ၏။ ကျွန်းတိုင်ပေါ်မှာစွပ်ထားသည့် သံခမောက်မှာ တောမီးအကြိမ်ကြိမ်လောင်ထားခံရ၍ အပေါက်ပေါက်အပြဲပြဲနှင့် သံချေးစားနေတာ တွေ့ရသည်။ တွင်းအရှေ့ဘက်က ကျွန်းပင်ဆင်ဦးတစ်တိုက်လောက်အမြင့်မှာ ဂျပန်ဓားကို မတွေ့ရတော့ပါ။ လူတစ်ယောက်နုတ်ယူသွားတာဟု ဆိုပါသည်။ဓားစိုက်သည့်နေရာလောက်မှာ ကျီးပေါင်းတက်နေသည့်ဘုကြီးကို တွေ့ရပါသေးသည်။

ဦးကရင်က ရောက်ရောက်ချင်း တိုင် (၄) တိုင်ပတ်လည်မှာ အမွှေးတိုင်၊ ဖယောင်းတိုင်တွေထွန်းပြီး ဆန်ပန်းပေါက်ပေါက်တွေ ကြပက်ပါသည်။ နှုတ်ကလည်း ပွစိပွစိနှင့်ပြောသံကြားနေရ၏။ စာရေးသူကြားသည့်အသံများမှာ-

"ဤသိုက်နန်းမှာ စောင့်ရှောက်ကြကုန်သော သိုက်စောင့်အပေါင်း၊ တောစောင့်တောင်စောင့်နတ်အပေါင်းတို့။ အသင်တို့အား ကျွန်ုပ်တို့မှ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ပူဇော်ပသပါတယ်။ ကျွန်ုပ်တို့အား စောင့်ရှောက်တော်မူပါ။ ကျွန်ုပ်တို့ ဤသိုက်ကိုတူးပါမယ်။ ရတနာတွေရရင် တစ်ဝက်ကို ကျောင်းကန်ဘုရားတွေ ပြုပြင်လှူဒါန်းပါမယ်။ ကျန်တစ်ဝက်ကို ကျွန်ုပ်တို့အဖွဲ့ အညီအမျှ ဝေငှယူပါမယ်"

ဦးကရင်မှ 'ရတဲ့ပစ္စည်းတစ်ဝက်ကို လှူမယ်' ဆို၍ စာရေးသူက ဦးကရင်ကလည်း 'တစ်ဝက်လှူမှာတဲ့။ (၃) ပုံ (၁) ပုံလောက်လှူရင် တော်သေးတယ်' လို့တောင် တွေးမိသေးသည်။ မမြင်ရသည့် ပစ္စည်းဥစ္စာကိုမှန်းပြီး နှမြောတသနေမိပါသည်။

ဦးကရင်က ဆက်၍ -

"သင်တို့အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်တွေ ကင်းရှင်းပါစေ။ ကဲကဲ - ကိုယ့်လူတို့တူးကြ၊ တူးကြ။ ဘာမှအန္တရာယ်မရှိပါဘူးကွာ။ မင်းတို့ကို ကူညီစောင့်ရှောက်မှာပါကွာ"

ဟု ပြောပြီးသည်နှင့် စာရေးသူတို့ကလည်း အားတက်သရော စတင်တူးကြပါတော့သည်။

နှစ်ယောက်တစ်ဆိုင်းစီ အလှည့်ကျတူးကြ၏။ အားကြိုးမာန်တက်တူးကြသော်လည်း တကယ်တမ်းတွင် မလွယ်ကူကြောင်း တွေ့ရသည်။ မြေပြန့်မှာလို လွယ်လွယ်ကူကူ တူးလို့မရပေ။ တွေ့လိုက်ရသည့် ကျောက်ဘီလူးခဲတွေက သပိတ်လုံးလောက်၊ ရေအိုးလုံးလောက်တွေဖြစ်၏။ တွင်းတိမ်တုန်းက အလွယ်တကူတင်လို့ရသော်လည်း တွင်းနက်လာသောအခါ ကျောက်တုံးများကို ခဲခဲယဉ်းယဉ်းတင်ရပါသည်။ တစ်ဆိုင်းပြီးတစ်ဆိုင်း အလှည့်ကျတူးလာသည်မှာ တွင်းအတော်နက်လာပါပြီ။

အစဦးတွင် ရတနာတွေကို မြင်ယောင်ရင်း မောရမှန်း၊ ပင်ပန်းရမှန်းမသိသော်လည်း နေမြင့်လာ၍ ပင်ပန်းမှန်းသိလာပါပြီ။ တွင်းပေါ်တက်ပြီး ထိုင်လို့တောင် မနားနိုင်တော့ပါ။ တုံးလုံးလှဲ၍ နားနေရပါတော့သည်။

ဤနေရာတွင် စဉ်းစားခန်းဝင်လာပါပြီ။

'အခုနေများ အစောင့်အရှောက်တွေလာပြီး နှောင့်ယှက်လိုက်ရင်၊ ဟိုတောင်ကုန်းပေါ်က မည်းမည်းကောင်ကြီးတွေများခုန်ချလာလေမလား၊ တွင်းနှုတ်ခမ်းနားမှာ ဘွားခနဲ ဂျပန်မလေးများပေါ်လာလေမလား၊ ဟိုအနိမ့်ဘက်က ကျားတွေ၊ ဆင်တွေများ ထွက်လာလေမလား'

ဟု တွေးရင်းက ကြောက်စိတ်တွေ ဝင်လာပါသည်။

'ရတနာတွေတွေ့ရင်ကော တစ်ယောက်နဲ့တစ်ယောက် လုယူသတ်ဖြတ်ကြရင် မလွယ်ဘူး။ ရတနာတွေကော တကယ်ရှိရဲ့လား။ သူတို့ ဂျပန်စစ်သားတွေသေလို့ မြှုပ်နှံခဲ့တဲ့ ဂျပန်စစ်သချိုင်းများ ဖြစ်နေမလား'

အတွေးရေယဉ်ကြော နစ်မျောနေစဉ်မှာ တွင်းတူးသည့်လူတွေအားလုံး တက်ထိုင်ပြီး နားနေကြပါသည်။ ထိုအခါ ဦးကရင်က -

"မင်းတို့နားကြဦး၊ ငါဆင်းတူးဦးမယ်"

ဆို၍ တွင်းထဲသို့ဆင်း၍ ဆက်တူးပါသည်။

ဦးကရင် တူးနေတုန်းတွင် စကားပြောသူကပြော၊ နားသူက နားနေကြ၏။ တွင်းထဲက 'ဂုံ၊ ဂုံ' နှင့် လိုဏ်သံလိုလို၊ တွင်းခေါင်းသံလိုလို ပဲ့တင်သံများ ထွက်လာပါသည်။ ဦးကရင်ကလည်း နီးလာပြီဟေ့၊ တွင်းခေါင်းသံကြားလာပြီ လို့တောင် ပြောသေး၏။ နီးလာပြီလို့ ဝမ်းသာအားရပြောသော်လည်း စာရေးသူမှာ မောပန်းလာပြီမို့ ဆက်တူးရမှာ စိတ်ကုန်နေပါပြီ

ထိုအချိန်မှာ 'ဂူး ဂူး ဂူး ဂူး' ဆိုသည့်အသံများ ကြားလာရပါသည်။

စာရေးသူက -

"ဟေ့လူတွေ၊ နားထောင်စမ်း။ ဂူး ဂူး ဂူးနဲ့ အသံတွေကြားတယ်"

လို့ ပြောလိုက်သည်။

အားလုံးငြိမ်ပြီးနားထောင်နေကြ၏။ အားလုံးငြိမ်နေသည့်အခါ ဦးကရင်က ဆတ်ခနဲ တွင်းပေါ်ခုန်တက်၍-

"မင်းတို့ဘာပြုလို့ငြိမ်နေတာလဲ၊ ဘာသံကြားလို့လဲ"

လို့ မေးပါသည်။

စာရေးသူက တဂူးဂူးအသံတွေ ကြားတဲ့အကြောင်းပြော၍ အားလုံးနားထောင်သည့်အခါ အသံတွေက မကြားရတော့ပါ။

ထိုအခါ ဦးကရင်က -

"မင်းစိတ်ထင်လို့ပါ။ ဘာသံမှလဲ မကြားဘဲနဲ့။ နားကြ၊ နားကြ၊ ငါဆင်းတူးဦးမယ်"

ဆိုပြီး ဆင်းတူးပြန်ပါသည်။

ဒီတစ်ခါတွင် အားလုံးငြိမ်သက်နေကြ၏။ထိုသို့ငြိမ်သက်နေသည့်အချိန်တွင် 'ဂူး ဂူး ဂူး ဂူး' ဟူသော အသံကြီးကို အားလုံးပြတ်ပြတ်သားသားကြားလိုက်ရပါပြီ။ ထိုအခါ စာရေးသူက 'ကြားတယ်မို့လား' ဆိုတဲ့သဘောနှင့် တိတ်တိတ်နေကြဖို့ လက်ဟန်ပြလိုက်၏။ အားလုံး ကြောက်လန့်တကြား ငြိမ်သက်နေကြစဉ် ဦးကရင်က ဝုန်းခနဲ တွင်းပေါ် ခုန်တက်လိုက်သည်။

"ဝွမ်း ဝွမ်း ဝွမ်း ဝွမ်း၊ ဩိုးဘုတ်"

"အမလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ဘာဖြစ်နေကြတာလဲ။ ဘာပြုလို့ငြိမ်နေတာလဲ။ ဘာဖြစ်လို့ အလေးတရတာလဲ"

ဟု ဦးကရင်က မေးပါသည်။

"တဂူးဂူးအသံတွေကြားလိုက်လို့ ကြောက်လို့ငြိမ်ပြီး နားထောင်နေတုန်း ဦးကရင်က ခုန်တက်လိုက်တာ ဝေါ်တွေ၊ ပေါက်တူးတွေပေါ် ကျတော့ တစ်ခုနဲ့ တစ်ခုပွတ်တိုက်လိုက်လို့ ဝွမ်းဝွမ်းဝွမ်း ဒိုးဝုန်းဆိုတဲ့အသံတွေ၊ မြေကြီးပေါ် ဘုတ်ခနဲကျသံတွေကြားပြီး လန့်အော်မိတာပေါ့"

"မင်းတို့ပြောတဲ့ တဂူးဂူးအသံတွေ ဟာ ဟုတ်ရဲ့လားကွာ။ မင်းတို့အားလုံး ကြားလို့လား"

ဟု မေးသောအခါ အားလုံးက ကြားတဲ့အကြောင်း ထောက်ခံကြပါသည်။

"ကဲ - ဒီလိုဆိုလည်း ပြန်ကြမယ် ကွာ။ ဒါတစ်ခုခုအနှောင့်အယှက်ဖြစ် မယ်ထင်တယ်ကွ။ ရှေ့ဆက်ပြီးတူးရင် အန္တရာယ်တွေတွေ့လာနိုင်တယ်။ ထမင်း လည်း ဆာလာပြီကွာ၊ ပြန်ကြမယ်။ နောက်မှကြည့်လုပ်ကြတာပေါ့"

အားလုံးသဘောတူ ပြန်ခဲ့ကြပါ သည်။ လမ်းမှာ အားလုံးအတွေးကိုယ်စီနှင့် တိတ်ဆိတ်စွာ ပြန်ခဲ့ကြ၏။

အမှတ်မထင် ရှေ့မှာမြွေဟောက် ကြီးတစ်ကောင်က ပါးပျဉ်းထောင်၍ စိန် ခေါ်နေတာ တွေ့လိုက်ရသည်။ အားလုံး ကြောင်ပြီး ရပ်ကြည့်နေကြစဉ် ဦးကရင် က -

"ဟေ့ဟေ့ - အားလုံးဘာမှမလုပ် ကြနဲ့ကွ။ အဲဒါရိုးရိုးမြွေမဟုတ်ဘူး၊ သိုက် မြွေကွ။ ဟေ့ကောင် သွားသွား၊ ပြန်ပြန်။ မင်းတို့သိုက်ကို တို့မတူးတော့ဘူး။ ဒီထိ အောင်လိုက်ပြီး မနှောင့်ယှက်နဲ့တော့။ သွားသွား၊ တို့လမ်းကဖယ်ဖယ်၊ လွတ် ရာကိုသွား"

ဟု ပြောပါသည်။

ထိုအခါ ပါလာသည့် လူငယ်များ က -

"ဦးကရင်ကလည်း၊ ဘယ်ကသာ သိုက်မြွေဟုတ်ရမှာလဲ။ အဲဒါ ကိုက်မြွေ ဗျ၊ ကိုက်မြွေ။ သူသွားထိရင် ကိုက်မှာဗျ။ အဲဒီတော့ ဒီကောင့်ကို ဒီလိုဆုံးမရမယ် ဗျ"

ဟု ဆိုကာ ဝေါ်များ၊ ပေါက်တူး များဖြင့် ဝိုင်းဝန်းရိုက်နှက်ထုသတ်ကြပါ သည်။ တဲရောက်သောအခါ မြွေကိုချက် စားကြ၏။

ရွှေကျင်လုပ်ငန်းများ ပြန်လုပ်ရ သော်လည်း စာရေးသူ စိတ်မပါတော့ပါ။ လမ်းစရိတ်ရလျှင် ရွာကိုပြန်မည်ဟု ဆုံး ဖြတ်ထားသည်။ ဘယ်သူမှ မလိုက် လည်း တစ်ယောက်တည်း ပြန်မည်ဟု အားခဲထားသည်။

သို့သော် ရွှေကျင်နေစဉ် နောက် တစ်နေ့တွင် တစ်ကိုယ်လုံးချမ်းတုန်လာ ပြီး ဘယ်လိုမှ ထိန်းမရလောက်အောင် တုန်၍ ဖျားပါတော့သည်။ ဒီတစ်ခါ ဖျား သည်မှာ မြေပြန့်မှာဖျားသလို မဟုတ် ဘူးဆိုတာ သိလိုက်ပါပြီ။ အပူချိန်တော် တော်များ၍ သတိများပင်လစ်သွားပါ သည်။

သတိပြန်ရသောအခါ ငါရွာကို တောင်ပြန်နိုင်ပါတော့မလားဟု တွေးမိ သည်။

(ဤနေရာတွင် ရွှေဝယ်သူ ကိုစိုး အောင်ကို သွားသတိရလိုက်၏။ စာရေး သူတို့ ညီအစ်ကိုတွေ ကိုစိုးအောင်တို့ ရွှေဝယ်အဖွဲ့နှင့် တောင်ပေါ် ရွှေကျင် တက်ခဲ့စဉ်က ဘောင်းဘီရှည်ဝတ်၍ ကြွစောင်းစောင်းနှင့်ဆိုပြီး ကိုစိုးအောင် ကို ကြည့်မရပေ။ သို့သော် အတူတကွ ရင်းရင်းနှီးနှီးနေခဲ့သောအခါနှင့် စာရေး သူ ငှက်ဖျားမိဒုက္ခရောက်သောအခါမှ ကိုစိုးအောင်၏ အတွင်းစိတ်ဓာတ်ကို သိ လိုက်ရပါသည်။ ကိုစိုးအောင်က စေတ နာထား၍ အခမဲ့ဆေးကုသပေးမှုကြောင့် ကောင်းမွန်စွာ ရွာသို့ပြန်ရောက်ခဲ့ရ၏။ ကိုစိုးအောင်ကို ယနေ့ထက်တိုင် ကျေးဇူး တင်သတိရနေပါသည်။ ထိုအခါမှစတင် ၍ လူတစ်ယောက်ကို အပြင်သဏ္ဌာန် ကြည့်၍ မဆုံးဖြတ်တော့ပါ။)

ထူထူထောင်ထောင်ဖြစ်လာသော အခါ စာရေးသူတို့ ညီအစ်ကိုတစ်တွေ ရွာကိုပြန်လာခဲ့ပါတော့သည်။ ရွှေကျင် တက်ခဲ့စဉ်က ဆိုင်ကယ်ကိုယ်စီစီး၍ ပြန်ခဲ့မည်ဆိုသော စိတ်ကူးယဉ်အိပ်မက် နေရာတွင် တကယ်တမ်းလက်တွေ့တွေ့ ကြုံရသည်မှာ ငှက်ဖျားမိ၍ စောင်ခြုံ ကိုယ်စီဖြင့် ကြို့ပင်ကောက်မှ ရွာပြန် လှည်းကြုံစီး၍ ပြန်ခဲ့ရပါတော့သတည်း။

နောက်ဆက်တွဲ ဖြစ်ခဲ့ပုံများမှာ ဆေးရုံတက်၍ ငှက်ဖျားကုသသော် လည်း အမြစ်မပြတ်ဘဲ တိုင်းရင်းဆေး များ၊ ဆေးမြီးတိုများလည်းစုံခဲ့ပြီ။ အား နည်းသည့်အခါ၊ အိပ်ရေးပျက်သည့်အခါ ဝမ်းချုပ်သောအခါများ၊ အလုပ်ပင်ပန်း လွန်းသောအခါမျိုးတွင် ကိုရွှေငှက်က ဘယ်ကဘယ်လို ပျံသန်းလာသည်မသိ တဟီးဟီး အဖျားတက်ကာ အလူးအလဲ ခံရပြန်ပါသည်။ ဆံပင်ကျိုးတိုးကျဲတဲ၊ ဗိုက်ပူနံကား၊ အသားအရေ ဝါးလင်း လင်းဖြင့်နေခဲ့ရပြီး နောက်ဆုံး အလုပ် မလုပ်နိုင်၍ စီးပွားရေးများကျဆင်းလာ သည်။ စီးပွားရေးကျဆင်းလာပြီးနောက် အိမ်ထောင်ရေး အဆင်မပြေတော့ပါ။ နောက်ဆုံးတွင် အိမ်ထောင်ရေးပြိုကွဲပြီး သားတကွဲမယားတကွဲဖြင့် နိဂုံးချုပ်ခဲ့ပါ သည်။

စာကြွင်း- ဤနေရာတွင် ပဟေဠိ ဆန်သောအကြောင်းကို တင်ပြပါဦး မည်။ စာရေးသူတို့ သိုက်တူးစဉ်က ဂူး၊ ဂူးနှင့် ကြားရသောအသံမှာ နာနာ ဘာဝများ၏ခြောက်လှန့်သံများဟုတ်ပါ လေစ။ တိတ်ဆိတ်ငြိမ်သက်သောအခါ တွင်းခေါင်းထဲမှ ဦးကရင်၏ အသက်ရှူ သံများဖြစ်လေမလား(အဘယ်ကြောင့် ဆိုသော် သူတွင်းပေါ် ရောက်လာသော် အသံကမကြားရ၍ ဖြစ်ပါသည်။)

ရတနာသိုက် ဆိုသည်မှာကော တကယ်ဂျပန်တွေ မြှုပ်နှံခဲ့သည့် ရတနာ သိုက်ဟုတ်ပါလေစ။ ဂျပန်စစ်သားများ သေ၍ ဂျပန်စစ်သားတွေ မြှုပ်နှံခဲ့သည့် ဂျပန်စစ်သင်္ချိုင်းကောမဖြစ်နိုင်ဘူးလား။ တောင်ပေါ် သွားလာနေသူများ၊ တပ်မ တော်သားများကို စုံစမ်းကြည့်သော် လည်း တိတိကျကျ အဖြေမရသေးပါ။

ထိုပဟေဠိဆန်သော အကြောင်း အရာများကို စာရေးသူကိုယ်တိုင် သိုက် တူးခဲ့သော ၁၉၈၄ ခုနှစ်မှ ယခု ၂၀၁၃ ခုနှစ်ဆိုလျှင် (၂၉)နှစ်တိုင်အောင် အဖြေ ရှာမရဘဲ ပဟေဠိဆန်လှသော ဤ အကြောင်းကလေးကို သိရှိသူများရှိပါက ဤသုရဿမဂ္ဂဇင်းမှ ပြန်လည် ရေးသား ပေးပို့ပေးကြပါရန် တောင်းခံအပ်ပါ သည်။

ထိုနေရာသို့ သွားရောက်လေ့လာ လိုပါလျှင် လက်ပံတန်းမြို့အရှေ့ဘက် ကျွန်းကလေးတာဆုံမှတစ်ဆင့် ပဲခူးရိုးမ တောင်ခြေရှိ မော်အင်းရွာသို့သွားပြီး တောင်ပေါ်သို့ သစ်ခုတ်၊ ဝါးခုတ်သူ၊ ရွှေ တူးသူများနှင့် လိုက်သွားနိုင်ပါသည်။

ယခုအခါ တောင်ပေါ် လမ်းတွင် ဆည်ကြီးခံနေသဖြင့် လှေတစ်ဆင့်စီးရ ကြောင်း သိရပါသည်။ လက်လှမ်းမီ သမျှ စုံစမ်းကြည့်ရာတွင်လည်း ဤ အမှတ်အသားများ ယနေ့ထက်တိုင်ရှိ သေးသည်ဟု သိရပါသည်။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင် (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

ရှေးက ရုပ်သေးရုပ်များ ကြိုးဆွဲကပြရာတွင် ရုပ်သေးရုပ်မှာ ကြိုးဆွဲသူ၏ ကျွမ်းကျင်လိမ္မာတတ်ကျွမ်းမှုအပေါ်လိုက်ကာ တကယ့်သက်ရှိလူသားတစ်ယောက်,ကနေသကဲ့သို့မြင်တွေ့ရသည်။ ထိုနည်းတူ အကကျွမ်းကျင်သူတို့ ကပြကြရာတွင်လည်း ရုပ်သေးရုပ်တစ်ရုပ်ကပြနေသည်ကဲ့သို့ မြင်တွေ့ရသည်။ အရုပ်,ကတော့လူလို၊ လူ,ကတော့ အရုပ်ဟုပင် ပြောဆိုတတ်ကြသည်။

နံရံဆေးရေး ပန်းချီကားချပ်များ၊ ပန်းပု ရုပ်ကြွရုပ်လုံးများတို့မှာလည်း ရေးဆွဲထုဆစ်သူ ဗိသုကာပညာရှင်၏ လက်ရာပြောင်မြောက်သေသပ်မှုအပေါ်မူတည်ကာ အရုပ်ပန်းချီကား၊ ရုပ်တုတို့မှာ တကယ်အသက်ဝင်သကဲ့သို့မြင်တွေ့ရတတ်သည့် ပန်းချီပုံ၊ ရုပ်တုပုံအများပင် ရှိခဲ့သည်။ ရုပ်တု၊ ရုပ်ပုံ၊ ပန်းချီကားများအား နေအိမ်မျက်နှာစာတွင်သော်လည်းကောင်း၊ နေအိမ်ဧည့်ခန်းဆောင်တွင်သော်လည်းကောင်း ချိတ်ဆွဲထားခြင်း၊ စားပွဲပေါ် တင်ထားခြင်းများပြုတတ်ကြသည်။ အတိတ်နိမိတ်ကောင်းစေရန် စီးပွားဥစ္စာလာဘ်လာဘအတွက် ထားရှိတတ်ကြသည်။ ထားရှိသည့်အဆောင်ပန်းချီကား၊ ရုပ်တုတို့အား ကောင်းကျိုးအလို့ငှာ ထားရှိကြခြင်း ဖြစ်သည်။ မကောင်းအနိဋ္ဌဖြစ်သည့် အဆောင်အရုပ်တို့အား မည်သူမျှထားရှိလိမ့်မည်မဟုတ်ပေ။ နေအိမ်တို့တွင် ဆင်ရုပ်၊ မြင်းရုပ်တို့ကိုပင် အိမ်တိုင်း အဆောင်အဖြစ်ထားရှိလိမ့်မည်မဟုတ်ဘဲ ရှောင်ကြဉ်တာတွေ့ရသည်။


ဘုန်းကြီးပျံပွဲများ ကျင်းပသည့်အခါ ဆင်နှင့်ချကာ ဆင်ရုပ်အား ဆင် [illegible] ထားလေ့ရှိသည်။ ဆင်ရုပ်များ [illegible] များသဖွယ် အသက်ဝင်သကဲ့သို့ [illegible] ခိုက်တတ်သည်ဟု ဆိုသည်။ ဆင်ရုပ်အား ချိုးလုပ်ပြီးသည်နှင့် ထိုဆင်ရုပ်ကလူတို့အား အခိုက်အမျက်လွှတ်စေရန်အတွက်ဟုဆိုကာ ဆင်ရုပ်၏မျက်စိအား စတီသဘော ထိုးဖောက်ထားရသည်ဟု သိရသည်။ ထိုသို့မပြုလုပ်လျှင် ထိုဆင်ရုပ်က ခိုက်တက်သည်ဟု ဆို၏။

ဘုရားစေတီတော်၊ ဘုန်းတော်ကြီးကျောင်းမုခ်ဦးများတွင် ခြင်္သေ့၊ ဘီလူးရုပ်တို့အား ထုလုပ်ထားရှိသော်လည်း လူနေအိမ်ဧည့်ခန်းများ စားပွဲများပေါ်၌ ဘီလူးကဲ့သို့အရုပ်များ ထုလုပ်ဆောင်ထားလိမ့်မည်မဟုတ်ပါ။ ဘီလူးနှင့် လူတဆန့်ကျင်ဘက်ပင် ဖြစ်သည်။ ဘီလူး တလူအားစားတတ်သည်ဟူသော အသိကြောင့်ပင် ဖြစ်သည်။ ဘီလူးရုပ်၊ ခြင်္သေ့ရုပ်တို့မှာ ဘုရားကျောင်းကန်များတွင် အစောင့်အရှောက် အရံအတားအဖြစ် ထားရှိကြခြင်းလည်း ဖြစ်သည်။

[illegible] ရှိသည်။ မြစ်ရုပ်မှာ တကယ်ကြုံတွေ့ရသည့်မြစ်ရုပ်တစ်ခုပင်ဖြစ် [illegible] လွန်ခဲ့သည့်နှစ် (၆၀) (၇၀) ဝန်းကျင်ရှိရာမည် ဖြစ်သည်။

[illegible] မရှိသေးချိန် [illegible] ခေတ်ကဖြစ်သည်။ [illegible] မြစ်ရိုးတစ်လျှောက် [illegible] ရောင်းဝယ်ရင်း အထက်အောက်ချီ [illegible] စုန်ချီနှင့် သွားလာချိန် ဖြစ်သည်။ [illegible] ကြီးများမှာ [illegible]

# (ဝလေ)
# နေအောင်လင်း
## ဘီလူးစားတမ်းနဲ့ထူးဆန်းတဲ့လှေ





www.burmeseclassic.com

www.burmeseclassic.com

ဘော်၊ လောင်းလှေ စသည့်လှေကြီးများပင်ဖြစ်သည်။ ထိုလှေကြီးတို့အား မိဘနှီးနှီးစဉ်ဆက် ချမ်းသာကြွယ်ဝသူ၊ လှေသူကြီးလုပ်သူတို့က ပိုင်ဆိုင်ကြလေ့ရှိသည်။ ရှေးသူကြီး လှေပိုင်ရှင်မိသားစုတို့မှာ တစ်နှစ်ပတ်လုံး နွေ၊ မိုး၊ ဆောင်း လှေပေါ်မှာ အိမ်လုပ်ကာ နေထိုင်ကြသည်။ အချို့လှေကြီးများဆိုလျှင် လှေပေါ် ရက်ကန်းစင်ကြီးများပင် တင်ထားတတ်ကြသည်။ လှေပေါ်တွင် အလှမွေးသည့် ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ဒေါင်း စသည့် တိရစ္ဆာန်များပင်အစုတူမွေးကာထားတတ်ကြသည်။

လှေပေါ်တွင် လှေထိုးသားက လှေကြီးလျှင် (၆)ယောက်၊ (၄)ယောက် ပါတတ်သည်။ လှေသူကြီးမိသားစုနှင့် လှေတစ်စင်းလျှင် (၈) ယောက်၊ (၁၀) ယောက်ပါသည့် လှေကြီးများလည်းရှိသည်။ အစုန်ရေလမ်းခရီးတွင် ရေရွက် ရွက်တာ စုန်ဆင်းပြီး အဆန်ခရီးတွင် ထိုးဝါးထိုးဆန်တက်သည့်အခါတက်သလို၊ တောင်လေရာသီချိန် လှေအား ရွက်တိုက်ဆန်တက်ကြသည်။ လှေထိုးသားတို့အား ခေါက်ပြန်ကြေး၊ နေစားကြေး ပေးကာ ငှားရမ်းခေါ်ယူလေ့ရှိသည်။ လေမလာ ကြာတိုင်းကောင်း ဆိုသည့် စကားမှာ နေစားပေးငှားသည့် လှေထိုးသားများအတွက် ဖြစ်လာသည့်စကားပင်ဖြစ်သည်။ လမ်းခရီးရက်ကြာလေလေ လှေထိုးသားခ ပို၍ရလေ ဖြစ်သည်။ လေမလာ ကြာတိုင်းကောင်းပင် ဖြစ်သည်။ ခေါက်ပြန်ကြေး လှေထိုးလိုက်သူတို့အဖို့တော့ တစ်လကြာကြာ၊ နှစ်လကြာကြာ ရသည့်ငွေကြေးမှာ ပို၍မရ။ ငွေနှင့် ဆန်တစ်အိတ်ဆိုလျှင်လည်း ငွေနှင့် ဆန်တစ်အိတ်သာ ပိုလေလျော့လေ လုံးဝမရှိပေ။

ရှေးကလှေကြီးများတွင် အဆောင်အရုပ်တို့အား အလှအပအတွက်ဆော်



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ အဆောင်အဖြစ်သော် လည်းကောင်း၊ ရေးဆွဲထုလုပ်ကာ တွေ့ရသည်။ ရုပ်တုများမှာ ဂဠုန်ရုပ်၊ နဂါးရုပ်၊ ဘီလူးရုပ် စသည်ဖြင့် တွေ့ရသည်။

လှေကြီးကား ဘောက်တူလည်း မဟုတ်။ လောင်းလှေလည်းမဟုတ်၊ မြေတော်လှေကြီး ဖြစ်သည်။ မြေတော်လှေကြီး၏ပုံသဏ္ဌာန်မှာ လှေအမြီးပဲ့ပိုင်းမှာ ငှက်မြီးသဏ္ဌာန် ဘေးကနေကြည့်လျှင် ခပ်ပြားပြား မြင်တွေ့ရသည်။ ရှေးလူကြီးများက လှေအမြီးပဲ့ပိုင်း၊ ဦးပိုင်းတို့တွင် အရုပ်များ အလှအပ အရံအတား အစောင့်အရှောက်အဖြစ် မိမိတို့စိတ်ကူး ယုံကြည်မှုအပေါ် မူတည်ကာ ရေးဆွဲထုဆစ်ထားတာ တွေ့ရသည်။ မြေတော်လှေကြီး၏ပဲ့ပိုင်းတွင် အဆောင်ရုပ်(သို့) အလှထုလုပ်ထားရှိသည့် ရုပ်တုမှာ ထူးထူးခြားခြား ဓားထမ်းထားသည့် သဏ္ဌာန် ဘီလူးရုပ် ထုလုပ်ကာ လှေပဲ့တွင် ကပ်ရိုက်ထားခြင်းပင် ဖြစ်သည်။

လှေကြီးအား မိဘမျိုးရိုးစဉ်ဆက် လှေသူကြီးဓာဝဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လာခဲ့သူ ဦးရွှေအောင် ကိုယ်တိုင် အထက်အညာဒေသ ပခုက္ကူ တစ်ဖက်ကမ်းရွာတစ်ရွာမှ ဝယ်ယူလာခြင်း ဖြစ်သည်။ ဦးရွှေအောင်နှင့်အတူ တပည့်လှေထိုးသားသုံးယောက်ပါသွားခဲ့သည်။ လှေက လှေကြီးနှင့်စာလျှင် ပေးချေရသည့်ငွေကြေးပမာဏက ကာလတန်ကြေးထက် ထက်ဝက်နီးပါး ဈေးချိုနေတာဖြစ်၍ အရဝယ်ယူခဲ့ခြင်း ဖြစ်သည်။ လှေက အဖိုးနည်းပေမယ့် ဝန်ပါမယ့်လှေကြီးဖြစ်၍ လှေ၏ အမျက်အခိုက် ရှောင်စရာ၊ ဆောင်စရာ၊ လှေအမျက်လှည်း၊ အမျက်တွေရွှေမနေနိုင်တော့ဘဲ ဝယ်ယူလိုက်သည်။ လှေ၊ လှည်းတို့မှာ အမျက်အခိုက်မလွတ်လျှင် ကာယကံရှင်တို့အား ခိုက်တတ်သည် ဆိုသည့်စကားကို ဦးရွှေအောင် မသိမဟုတ်၊ သိသည်။ သူ့စိတ်ကူးမှာ အမျက်အခိုက်ပါလည်း ရွာရောက်မှ လှေဦးမှာ တရော်ကင်ပွန်းနှင့် ရွှေရည်၊ ငွေရည်လောင်းကာပြုလုပ်လိုက်လျှင် မကောင်းသည့် အမျက်အခိုက်တို့ လွင့်ပျောက်သွားရမည် ဟူ၍သာ ဖြစ်သည်။

ဦးရွှေအောင်၊ ဦးထွန်းလှ၊ ကိုမြကြီး၊ ကိုဖိုးနီတို့လေးယောက် လှေကြီး ဝယ်ယူပြီး လမ်းခရီးမှာ နှစ်ညအိပ်မှ ရွာပြန်ရောက်ခဲ့ကြသည်။ လမ်းနှစ်ညအိပ်ခရီးတွင် လှေကြီးပေါ်မှာ မည်သည့်ထူးခြားသည့် အရိပ်အယောင်ကိုမျှ မတွေ့မမြင်ရ၊ သတိလည်းမထားမိပေ။ ထိုအချိန် လှေပေါ် လူက လေးယောက်၊ ယောက်ျားသားတွေချည်းပဲဖြစ်သလို တခြားတစ်နယ်တစ်ကျေးမှာဖြစ်လို့ နေ့နေ့ညည စားသတိ၊ အိပ်သတိကရှိနေသည်။ ညအိပ်တော့လည်း တစ်ယောက်စီ အလှည့်ကျနဲ့ အိပ်ရာဝင်ပြီး စုန်ဆင်းလာခဲ့ကြသည်။ နှစ်ညအိပ်ပြီး နောက်နေ့(၁၀)နာရီမှာ ရွာရောက်သည်။ ရွာဝင်ကမ်းကပ်တာနဲ့ နဂိုက ကြိုတင်စီစဉ်ထားသည့်အတိုင်းပင် လှေဦးကနေ သပြေ၊ မြေစာ၊ တရော်ကင်ပွန်းနှင့် ရွှေငွေထည့်ထားသည့် ရွှေရည်၊ ငွေရည်လောင်းကာ အိမ်ရှင်မဖြစ်သူက ကြိုခဲ့သည်။

ရွာရောက်သည့်ညမှာပင် လှေကြီးက ဇာတိပြလာတော့သည်။ ရွာရောက်တဲ့ညမှာတော့ လှေထိုးသားတွေဖြစ်ကြသည်။ ကိုထွန်းလှ၊ ကိုမြကြီး၊ ကိုဖိုးနီတို့ကား ခရီးကမထွက်ဖြစ်သေး။ ရွာမှာ တစ်ည၊ နှစ်ညနားဦးမည်ဆိုကာ လှေထိုးသားတို့အားလည်း တစ်ယောက်မှ အဖော်ခေါ်မနေတော့ဘဲ ကိုယ့်အိမ်ကိုယ်ပြန်အိပ်ခိုင်းလိုက်သည်။ လှေပေါ် ကိုယ်တိုင်အိပ်ရသူက ဦးရွှေအောင် လှေသူကြီးပင် ဖြစ်သည်။ လှေပေါ် ညခင်းမအိပ်လို့ကမရ၊ လှေပေါ်တွင် စားအိုး စားခွက်၊ စောင်၊ ခေါင်းအုံး၊ ကြိုးကျောက်၊ တက်မ၊ ဓားကအစ လှေပေါ်မှာ အပြည့်အစုံဖြစ်လို့ လှေစောင့်ရင်း ညအိပ်ရသည်။

ဦးရွှေအောင်မှာ လှေသူကြီးပီပီ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပေမယ့် အသောက်အစားမရှိ ဘာသာရေးကိုတော့ နေ့စဉ်မပျက် တစိုက်မတ်မတ်ဝတ္တရားမပျက်အမြဲလုပ်သူလည်း ဖြစ်သည်။ မနက်ဆိုလျှင် ဘုရားရှင်အား ဆွမ်း၊ ရေချမ်းကပ်လှူကာ (၃၁) ဘုံသားဝေနေယျတို့အား အမျှအတန်းပေးဝေမြဲဖြစ်သည်။ ညဘက်ရောက်ပြန်တော့လည်း ဘုရားမှာ သောက်တော်ရေချမ်းကပ်၊ ဆီးမီးအလင်းတိုင်ထွန်းကာ ဘုရားဝတ်ပြု ငါးပါးသီလခံယူ ဘုရားဝတ်ပြုပြီးမှ အိပ်ရာဝင်လေ့ရှိသူလည်း ဖြစ်သည်။ အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်၊ ကောင်းမှု မကောင်းမှုဆိုတာ ကိုယ်ပြုတဲ့ကောင်းမှု၊ မကောင်းမှုအပေါ် မူတည်တယ်ဟုဆိုကာ ဗုဒ္ဓဘာသာဝင်ပီပီ ကံ၊ ကံ၏အကျိုးအား လုံးဝဥဿုံယုံကြည်သူလည်း ဖြစ်သည်။

ထိုနေ့ညကလည်း ဦးရွှေအောင်

လှေပေါ်ရောက်တာနှင့် လှေပေါ်က
ဘုရားကျောင်းဆောင်မှာ သောက်တော်
ရေချမ်း၊အလင်းတိုင်တို့ကပ်လှူပူဇော်ပြီး
ငါးပါးသီလခံယူဆောက်တည်ကာ (၃၁)
ဘုံသားတို့အား အမျှအတန်းပေးဝေ
လိုက်သည်။ ပြီးလျှင် အိပ်ရာထဲ ခေတ္တ
လှဲလျောက်ကာ ဆေးလိပ်အား မီးညှိကာ
သောက်ရင်း လှေကြီးကိုဝယ်လာစဉ် ရွာ
တွင်းမှလူတချို့ရဲ့ပြောဆိုဝေဖန်တဲ့စကား
အချို့အား စဉ်းစားနေမိသည်။ ရွာက
လူတချို့ပြောသည်က -

"ကိုရွှေအောင်ရေ ခင်ဗျားဝယ်
လာတဲ့လှေကြီးက ပေးရတဲ့တန်ဖိုးနဲ့ စာ
ရင်အရတော်ပါတယ်။ အဖိုးနည်းဝန်ပါ
လှေကြီးပါပဲ။ ဒါပေမယ့် ကျုပ်မကြိုက်
တာတစ်ခုပြောရရင် လှေပဲ့မှာပါလာ
တဲ့ ဓားထမ်းဘီလူးရုပ်ကြီးကိုတော့ သိပ်
သဘောမကျလှဘူးဗျာ။ အဆောင်တို့
အရုပ်တို့ဆိုတာက ကောင်းကျိုးပေး
တာရှိသလို မကောင်းကျိုးပေး ခိုက်တဲ့
အဆောင်အရုပ်တွေလည်းရှိတယ်"

ဟု အမျိုးမျိုးဝေဖန်ကာ ပြော
နေကြသည်။

အများသဘောက လှေပဲ့မှာပါ
လာတဲ့ ဘီလူးဓားထမ်းရုပ်ကို သဘော
မကျခြင်းပင် ဖြစ်သည်။

ထိုည ဦးရွှေအောင် လှေပေါ်မှာ
အိပ်တာကလည်း တစ်ယောက်တည်း
လှေဝယ်လာတာကလည်း ကနေ့ည
မှ သုံးညအိပ်။ အရင်ညတွေက အဖော်
နှင့် သုံးယောက်အိပ်တာဖြစ်ပေမယ့်
ကနေ့ညမှာ သူတစ်ယောက်တည်း
၍ အစစသတိဝီရိယထားအိပ်ဖို့
ဖြတ်လိုက်သည်။ နောက် သူကြား
ဖတ်ဖူး၊ မှတ်ဖူးသည့် တကောင်းရာဇ
ထဲက မောင်ပေါက်ကျိုင်း ရှင်ဘုရင်
လာခဲ့ရတဲ့ ရာဇဝင်ပုံပြင်အား အမှတ်
လိုက်ပြီး အသက်ဉာဏ်စောင့်၊ ဥစ္စာ
စောင့်၊ သတိဝီရိယနဲ့ အိပ်ဖို့ဆုံးဖြတ်
တဖြည်းဖြည်းနှင့် မျက်လုံးတို့က အိပ်
ပျော်တော့မလို နိုးတော့မယောင်
မျက်လုံးနှစ်လုံးက မှေးစဉ်းစပြုလာ
လည်း ဖြစ်သည်။

ထိုအချိန်မှာပင် လှေကြီးပဲ့ပိုင်း
ဆီက လူရိပ်လိုလို အရိပ်တစ်ခု
မှုန်ဝါးဝါးမြင်တွေ့လိုက်ရသည်။ လူတို့
တိုင်လည်း ခေတ္တငိုက်မှေးနေရာမှ သ
ဝင်လာပြီး မှုန်ဝါးဝါးအရိပ်သဏ္ဌာန်
စောင့်ကြည့်နေလိုက်သည်။
လှေ၏ ပဲ့ဖျားဆီက တရွေ့ရွေ့လျှော
လာတာဖြစ်ပြီး ဓားထမ်းထားသ



www.burmeseclassic.com

www.burmeseclassic.com

အောင်သိန်းဝင်း(ပွင့်ဖြူ)

# မြွေဆိုးမှော်အောင် ဓုတင်ဆောင်

ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဆရာတော် ဦးသောဘိတသည် ခွေးရူး၊ မြွေပွေးကိုက်၊ အမျိုးသမီးများ မီးယပ်သွေးလွန်၊သွေးသွန်ခြင်းရောဂါကို အထူးနိုင်နင်းသည်။ ကျွမ်းကျင်သည်။ ကုသပျောက်ကင်းခြင်းဖြင့် အတော်ကလေးနာမည်ရနေသည်။

ဆရာတော်ကျောင်းတွင် တည်းခိုနေသူများကတစ်ဆင့် တည်းခဲ့ဖူးသော အောင်လံမြို့နယ် မြို့လှ ချိုင်းစုရွာမှ ဦးဖိုးဆာ၊ ဒေါ်အလှီတို့နှင့် အတော်ရင်းနှီးကျွမ်းဝင်သည်။

ဦးဖိုးဆာက သူ့ဇနီး ဒေါ်အလှီကုန်းမာရေးမကောင်း၍ ရန်ကုန်သမားတော်ကြီးထံပြရင်း ရန်ကုန်မြို့ ခြောက်ထပ်ကြီးဆရာတော်ကျောင်းတည်းခိုခဲ့သည်။

တောသား ဦးဖိုးဆာသည် အပြောကောင်းခြင်း၊ ဗဟုသုတကြွယ်ဝခြင်း အာဝဇ္ဇန်းရွှင်ခြင်းတို့ကြောင့် ဆရာတော်ဦးသောဘိတက အလွန်သဘောကျသည်။ သူ့ကျောင်းကြိုက်သလောက် တည်းခိုနေနိုင်ကြောင်း မိန့်ကြားခဲ့သည်။

ဦးဖိုးဆာ ရွာကို ပြန်ရောက်ပြီး နောက်တစ်ခေါက် ပြန်ပြရန် ချိန်းသောအခါ အဆိုပါကျောင်း၌ပင် တည်းခိုခဲ့သည်။

ရွာမှ ဆရာတော်ကိုင်ဆောင်ရန် ပိတောက်သားတောင်ဝှေး၊ ဆုံနှမ်းဆီ စစ်စစ် (၂) ပိဿာ၊ ပျားရည် (၁) ပုလင်း၊ မြေပဲကြော်၊ လှော်စားရန် ပဲ (၁) ပြည်ခန့်၊ အောင်လံမြို့ထွက် မောင်အုန်း (ပြန်ကြားရေး-ငြိမ်း) တို့လုပ်သော အိုကေ မြေပဲဆားလှော်ထုပ်အညာထွက်ကုန်နှင့် ကန်တော့ခဲ့သည်။ (ဦးဖိုးဆာနှင့် ဓာတ်ပုံမောင်အုန်း (ပြန်ကြားရေး) တို့က ဆွေနီးမျိုးစပ်တော်သည်။)

ထိုပစ္စည်းများနှင့် ကန်တော့၍ ဆရာတော်က အတော် သဘောကျ နှစ်သက်သည်။

ဆရာတော်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာကြာပြီဖြစ်၍ ဆရာတော်၏ ဓုတင်ဆောက်တည်ပုံ နည်းနိဿယကို ရခဲ့သည်။ အထူးသဖြင့် မြွေမှော်အောင်သည်။

ဆရာတော်ညွှန်ကြားသော နည်းနိဿယမှာ -

စနေ ဆန်း၊ စနေ ကွယ်သောလ ဖြစ်ရမည်။ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတတ်ကြောင်း ပြောပြသည်။

အဆိုပါလ၌ မိမိဓုတင်ဆောက်တည်မည့်နေရာကိုရွေးချယ်၍ စည်ဝိုင်းကျယ်ကျယ်ဝိုင်းထားရမည်။

လိုအပ်သော ထင်း၊ ရေ၊ ကွမ်းတို့ကို အဆင်သင့်စီမံထားရမည်။ စားစရာ၊ သောက်စရာတို့ကို တစ်လစာ သိုမှီးလှောင်ထားရမည်။ စ,မွှေးသောထင်းတုံးက တစ်လလုံးမီးမသေစေရ၊ မပြတ်မွှေးထားရမည်။ အိပ်၊ စား၊ တပိုတပါးသွားခြင်းကအစ စည်းဝိုင်းအတွင်းသာ စီမံဆောင်ရွက်ရမည်။ စည်းဝိုင်းထဲတွင် သီလစောင့်ထိန်းပြီး ခန္ဓသုတ်တော်ကို အဓိဋ္ဌာန်ဖြင့် အမြဲရွတ်ဖတ် သရဇ္ဈာယ်နေရမည်။ နှောင့်ယှက်တတ်သူပေါ်လာတတ်သည်။ အစောင့်တစ်ယောက်ထားပြီး ကာကွယ်စောင့်ရှောက်ရမည်။

အဆိုပါ ကျင့်စဉ်အတိုင်း လိုက်နာ၍ တစ်လပြည့်မြောက်အဓိဋ္ဌာန်ပေါက်ခဲ့ပါက ဓုတင်အစွမ်းအကျိုးအာနိသင်ရရှိခံစားနိုင်ပြီဆိုပါသည်။

ထိုကဲ့သို့ ဓုတင်ဆောင်ခြင်းဖြင့် ဆရာတော်သည် ခွေးရူး၊ မြွေပွေးကိုက်၊ အမျိုးသမီးများ မီးယပ်သွေးလွန်၊ သွေးသွန်ခြင်းကို အထူးကျွမ်းကျင်ပိုင်နိုင်စွာ ကုသနေပါသည်။ အတော်နာမည်ကြီးသည်။ အခြားရောဂါများကိုတော့ မနိုင်မနင်းကြောင်း၊ မကုသနိုင်ကြောင်းပြောပြသည်။ မြွေကိုက်ခံရသူများ သူ့ထံအချိန်မီရောက်က အသက်ချမ်းသာခွင့်ရကြောင်း ပြောပြသည်။

အရိုးအထူးကုဆရာကြီး၏သမီး မီးယပ်သွေးသွန်ခြင်းနှင့် ဈေးအနီးက ခွေးရူးကိုက်ခံရသူ (၄) ဦးကို လက်တွေ့ကုသနေပုံ မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသည်။

ယခုအခါ၌ ဆရာတော်မရှိတော့။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ပျံလွန်တော်မူခဲ့ပြီ။

သို့သော် သူ့ဓုတင်ဆောင်ပုံ ဆောင်နည်းနိဿယကိုတော့ ပညာအမွေအဖြစ် လက်ဆင့်ကမ်း ဝေငှခဲ့သည်။

အောင်သိန်းဝင်း (ပွင့်ဖြူ)

---

ဘီလူးရုပ်ကြီးဖြစ်နေတာ တွေ့လိုက်ရသည်။

ဦးရွှေအောင် အိပ်ရာမှ ကပျာကယာလူးလဲထကာ အိပ်ရာနံဘေးတွင် ချထားသည့် ငှက်ကြီးတောင်ဓားရှည်အား ဆွဲယူလိုက်သည်။ ပြီးလျှင် အလင်းတိုင်တစ်တိုင်အား ထွန်းညှိကာ လှေပွဲဦးဆီ ဟိုဟိုဒီဒီလျှောက်ကြည့်သည်။ အဓိပ်သဏ္ဌာန်ကား ဦးရွှေအောင် ဓားဆွဲထွန်းချိန်မှာပင် ရုတ်တရက်လှေပွဲပိုင်းအရုပ်နားအရောက် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။ အရုပ်အား သေချာစေရောင်နှင့်ကြည့်သော်လည်း လှုပ်ရှားသည့်အမူအရာ လုံးဝမတွေ့မမြင်ရချေ။

ထိုညက ကိုရွှေအောင် လှေကြီးပေါ် ဆက်ပြီးမအိပ်တော့။ မနက်လင်းသည်နှင့် လှေပွဲပိုင်းရှိ ဘီလူးဓားထမ်းရုပ်ကိုဖြုတ်ကာ ဓားနှင့်ခုတ်ပိုင်းပြီး မြစ်တွင်းမျှောချလိုက်သည်။

နောက်တစ်ရက် လှေကြီးပေါ်တွင် သံဃာတော်ငါးပါးအား ပင့်ဖိတ်ဆွမ်းကျွေး ပရိတ်တော်များ ရွတ်ဖတ်စေပြီး ကုသိုလ်ကောင်းမှုအတွက် ဝေနေယျတို့အား အမျှအတန်းပေးဝေခဲ့သည်။ နောက်တွင် မည်သည့်ထူးခြားချက် အနှောင့်အယှက်တို့မျှ မကြုံတွေ့ရတော့ပေ။

လူကြီးသူမတို့ ပြောစကားအရ အဖြစ်အပျက်မှာ ဓားထမ်းထားတဲ့ဘီလူးရုပ်က လှေစောင့်တဲ့ ဦးရွှေအောင်ဆီ ဓားထမ်းပြီးလာတာ အသိဦးပေလို့။ ဦးရွှေအောင် အိပ်ပျော်နေမည်၊ သတိလက်လွတ်ဖြစ်မည်၊ နောက်ပြီး ဘာသာတရားလည်း ရှိသေကိုင်းရှိုင်းတဲ့သူတစ်ဦးမဟုတ်ခဲ့ဘူးဆိုလျှင်တော့ ဦးရွှေအောင်တစ်ယောက် ဘီလူးစားခံရပြီး သေမှာမှချမလွဲ။ ဘီလူးဓားထမ်းရုပ်ကလည်း တကယ်သက်ရှိ ဘီလူးတစ်ကောင်လို အသက်ဝင်ကာ လူသားစားဖို့ ကြံရွယ်ခဲ့သည့်ဖြစ်ရပ်ပင် ဖြစ်ပါသည်။

နေအောင်သင်း(စ...)

www.burmeseclassic.com

www.burmeseclassic.com

### ကိုပြူးနေသော ဘီလူးကျွန်း

ကိုပြူး ဆိုတာ နာမည်ရင်းမဟုတ်ပါဘူး။ သည်ကိုပြူး သူ့မိခင်ဝမ်းထဲက ထွက်လာစက ဇီးကွက်လို မျက်လုံးနှစ်လုံးပြူးနေလို့ သူ့အဘွားက 'ဟဲ့-မျက်လုံးပြူးပြူးလေးတော့။ မောင်ပြူးလို့သာ နာမည်ပေးလိုက်တော့' လို့ ပြောခဲ့ပေမယ့် အဘိုးမြွှန်မာ့ဗိန္ဒောဆရာကြီး ဦးသာဒွန်းက ဒေါသထွက်ပြီး သူ့မိန်းမကို အော်လိုက်ပါတယ်။

"ဟဲ့ - မိဖွားချမ်းရဲ့၊ ငါ့မြေးကို နေ့သင့်နံသင့်နာမည်ပေးရမှာပေါ့။ ဘာ







www.burmeseclassic.com

www.burmeseclassic.com



(မော်လမြိုင်)

# မောင်လှယဉ်

## ကိုပြူးအဘိုးလယ်ထဲက တိုးလူတော်နှစ်ယောက်

ပေါက်တတ်ကရနာမည်တွေ ပေးနေရတာလဲ။ ငါ့မြေးဦးက ဗုဒ္ဓဟူးနေ့မှာ မွေးတော့ လှသန်းလို့ နာမည်ပေးရမယ်။ ဟေ့ - အားလုံးမှတ်ထားကြ။ ငါ့မြေးနာမည် လှသန်း၊ ငါ့မြေးနာမည် လှသန်းဘဲဟေ့"

ကိုပြူးရဲ့အဘိုး ဆေးဆရာကြီး ဦးသာဒွန်းက အိမ်ရှေ့မှာ ကွမ်းစားနေရင်း ဗလုံးဗထွေးနဲ့ မီးနေခန်းထဲ ကြားအောင် ပြုံးပြုံးကြီးနဲ့ လှမ်းအော်လိုက်ပါတယ်။

သားအချစ် မြေးအနှစ် ဆိုတော့ အဘိုးနဲ့ အဘွားတို့ သည်းသည်းလှုပ်နေတာမဆန်းပါဘူးနော်။

အဘိုးဦးသာဒွန်းက နေ့သင့်နံသင့် မြေးဦးလေးကို မောင်လှသန်းလို့ နာမည်ပေးလိုက်ပေမယ့် အဘွားနဲ့ အိမ်သားအားလုံးက မောင်ပြူးလို့သာ ခေါ်ကြတယ်။

ငယ်ငယ်ကတော့ မောင်ပြူး၊ ပြူးပေါ့။ အသက်အရွယ်ရလာတော့ လူငယ်တွေက ကိုပြူး၊ ကိုပြူးလို့သာ ခေါ်လာကြတော့တယ်။

နောက်ဆုံးတော့လည်း ဗေဒင်ဆရာ၊ ဆေးဆရာကြီး အဘိုးဦးသာဒွန်း ပေးသည့်နာမည် မောင်လှသန်းပျောက်နေပြီး ဦးသာဒွန်းဇနီး မိဖွားချမ်းပေးခဲ့တဲ့နာမည်ဖြစ်တဲ့ ကိုပြူး၊ မောင်ပြူး၊ ပြူး၊ ကိုပြူးနာမည်တွေသာ ဒီနေ့ထိ တွင်နေပါတော့တယ်။ ပုခက်လွှဲသောလက်က ကမ္ဘာကို စိုးမိုးနိုင်သည်ဆိုတဲ့ စကား မှန်နေသလိုပါပဲ။ ဗေဒင်ဆရာ ဆေးဆရာကြီး ဘာမှမတတ်နိုင်တော့ဘူးမဟုတ်လား။

ကျောင်းနေစ မူလတန်းမှာ စအပ်တော့ ကျောင်းခေါ်ချိန်စာရင်းမှာ မောင်လှသန်းဝင်ပေမယ့် တစ်ကျောင်းလုံးကတော့ မောင်ပြူးလို့သာ ခေါ်ကြတယ်။ သူ့သူငယ်ချင်းတွေကတော့ ခေါ်လို့ကောင်းတဲ့နာမည်ပဲ ခေါ်ကြတယ်။ ပြူးတဲ့။ ကိုပြူးလို့ တချို့သူငယ်ချင်းတွေက ခေါ်ကြသေးတယ်။ သည်နာမည်တွေခေါ်လို့ သူစိတ်မဆိုးပါဘူး။

သူချစ်ဇနီးမဟေသီ မဒမ်ပြူးက သူ့ကိုခေါ်တာကြည့် ကိုပြူးပါပဲ။ သမီးရည်းစားဘဝကလည်း ကိုပြူးလို့များခေါ်မလားမသိ။ တစ်ခါတစ်ခါ သူ့မဒမ်ပြူးစိတ်တွေ့ရင် 'ဟဲ့ - ကိုပြူး၊ ခေါ်နေတာ မကြားဘူးလား' လို့ ကြားရပါရဲ့။ သူ့မဒမ်ပြူးက ကိုပြူးလို့ ခေါ်လိုက်ရင်ပဲ သူ့မျက်နှာကြီးက လပြည့်ဝန်းကြီးလို ချိုသွားပြီး မျက်လုံးနှစ်လုံးကလည်း ပြူးထွက်လာတယ်ထင်ရတယ်။ ဒီအချိန်မှာ သူက ခိုင်းတော့ သက်ဝေလို့ ဆိုနေသယောင်ပါပဲ။

ကိုပြူးကို မယားကြောက်သူလို့ ငယ်ပေါင်းတွေကဆိုကြပေမယ့် သူ့ချေပချက်က 'ကြောက်တာ မဟုတ်ဘူး၊ ချစ်တာ ချစ်တာ' တဲ့ဗျာ။

ကိုပြူးအကြောင်းကို နောက်မှဆက်ပါဦးမယ်။ ကိုပြူးတို့တောရွာအခြေအနေကိုကြည့်ရအောင်ပါ။ ကိုပြူးတို့နေတဲ့ရွာက မွန်ပြည်နယ်မြို့တော်ဖြစ်တဲ့ မော်လမြိုင်မြို့တစ်ဖက်ကမ်း ဘီလူးကျွန်းဆိုတဲ့ ကျွန်းသာယာမှာပါ။ မော်လမြိုင်မြို့နဲ့ ဘီလူးကျွန်းကို သံလွင်မြစ်ကြီးက ခွဲခြားထားတယ်။ မော်လမြိုင်မြို့ကနေ ဘီလူးကျွန်းကိုလာချင်လည်း ဈေးကြီးအောက် ဈေးနားမှာရှိတဲ့ သင်္ဘောဆိပ်နှစ်ခုကနေ လာလို့ရပါတယ်။ မြိုတ်တံတားကစီးရင် ဘီလူးကျွန်း နတ်မှော်ဆိပ်ကိုရောက်ပြီး သထုံတံတားဆိပ်ကစီးရင် ကလွီဆိပ်ကိုရောက်ပါတယ်။

ကလွီဆိပ်ကနေ ဒရယ်ရွာ၊ တောင်စွန်း၊ မုနိုင်း စတဲ့ရွာတွေကနေ ရွာလွတ်ရွာမှာ ကားဂိတ်ဆုံးတယ်။ မြိုတ်တံတားက စီးရင်တော့ နတ်မှော်ဆိပ်ကို ရောက်ရင် လိုင်းကားတွေ ပြေးဆွဲနေတာကို တွေ့ရမှာပါ။ မုရစ်ကလေးဘက်သွားတဲ့ လိုင်းကားတွေ၊ ရွာလွတ်ကိုသွားတဲ့ကား



www.burmeseclassic.com

www.burmeseclassic.com

ကလော့၊ နှင်းမုတ်ကိုသွားတဲ့ကား၊ မုရစ်ကြီးရွာကိုသွားတဲ့ လိုင်းကားတွေရှိပါတယ်။

နတ်မှော်ရွာနဲ့နီးတဲ့ရွာတွေကတော့ ဘုရားကြီးကုန်းနဲ့ ချောင်းဆုံမြို့တို့ပါပဲ။ နောက်အရေးတကြီးသွားချင်ရင်တော့ အမှတ်-လေး မော်လမြိုင်တံတားကနေ ဘီလူးကျွန်း ကော့မုပွန်ကို ပြေးဆွဲနေတဲ့ စက်သမ္ဗန်တွေရှိသလို မော်လမြိုင် မုပွန်ကျောက်မီးသွေးရုံ ဆိပ်ကမ်းကလည်း နတ်မှော်ကို လာနိုင်ပါသေးတယ်။ သည်ပွဲချိပ်စက်လှေတွေက နာရီဝက် တစ်စီး လောက်ထွက်ပေးနေတာပါ။

ဒါက အခုလမ်းပန်းဆယ်သွယ်ရေးအနည်းငယ်ကောင်းလာလို့ သွားရေးလာရေးလွယ်ကူလာတာပါ။ မကြာမီနှစ်အတွင်းမှာတော့ မော်လမြိုင်နဲ့ ဘီလူးကျွန်းတံတားထိုးဖို့ စီမံကိန်းချထားပြီးပါပြီ။ သည်မြစ်ကူးတံတားကြီး ပြီးသွားရင်တော့ ဥဒဟို အိမ်ဦးနဲ့ ကြမ်းပြင်လို သွားလာနိုင်တော့မှာပါ။

ကိုပြုံးတို့ငယ်စဉ်ကတော့ စက်တပ်လှေ၊ သင်္ဘောတွေ မများသေးပါဘူး။ လှေကိုသာ အဓိကထား အားကိုးသွားလာခဲ့ရတာပါ။ မော်လမြိုင်နဲ့ ဘီလူးကျွန်းက နီးနီးလေးပေမယ့် ဟိုတုန်းက လူကြီးတွေ မော်လမြိုင်မြို့ကို မရောက်ဘူးတာတောင်ရှိကြတယ်။ ဘီလူးကျွန်းခရီးစဉ်တွေကို ရှင်းပြနေတာကလည်း လာချင်သူတွေ သိအောင်လို့ပါ။

ကဲ - ကိုပြုံးအကြောင်း ပြန်စရအောင်။ ကိုပြုံးတို့အဘိုးက မြန်မာ့ပိန္နော ဆေးဆရာကြီးလို့ ပြောခဲ့တယ်နော်။ ဆေးဆရာ ဆိုပေမယ့် ကိုပြုံးအဘိုးရဲ့ မိဘတွေက ရွာမှာ သူဌေးလို့ခေါ်နိုင်တဲ့ လယ်ပိုင်ရှင်တွေပါ။ ကိုပြုံးအဘိုး သူ့မိဘတွေဆီက အမွေရတဲ့လယ်က ဧက (၅၀) ပါ။ ဒီခေတ်က လယ်ဧက (၅၀) ဆိုတာ ရွာသူဌေးအငယ်စားတွေလို့ ဆိုနိုင်ပါတယ်။

ကိုပြုံးတို့အဘိုးလယ်မှာ သူရင်းငှား သုံးယောက်ထားပြီးလုပ်ရတာပါ။ ကောက်စိုက်၊ ပျိုးနုတ်ချိန်မှာလည်း သီးသန့်ပျိုးနုတ်၊ ကောက်စိုက်တွေကို ငှားပြီး လုပ်ကိုင်ကြတာပါ။

မောင်ပြုံးလေးရဲ့အဘိုးရဲ့အဖေက ကလွိုသားပါ။ အပြိုင်သူနဲ့ အိမ်ထောင်ကျတော့ ဘျောင်နောက် ဆံထုံးပါ မဟုတ်ဘဲ ဆံထုံးနောက် ဘျောင်ပါလာပြီး ကလော့ရွာမှာ အခြေချခဲ့တာပါ။

**မမြင်ရသော မောင်ပြုံးလေးရဲ့ မိတ်ဆွေများ**

မောင်ပြုံးလေး (၆) နှစ်ကျော်ကျော်မှာ ကျောင်းစနေတယ်။ ဟိုတုန်းက ကလော့ရွာတောင်ပေါ်ကျောင်းကြီးမှာ လောကုတ္တရာစာပေနဲ့ လောကီစာပေတို့ကို သင်ပေးတာပါ။ စာတတ်ဦးပဥ္စင်းပျိုတွေနဲ့ ရွာထဲက ဆရာ၊ ဆရာမတွေ လာသင်ပေးကြတာပါ။

ကျောင်းပိတ်ရက်တွေမှာ မောင်ပြုံးလေးအဘိုးက လယ်တဲကိုခေါ်သွားလေ့ရှိပါတယ်။ မောင်ပြုံး (၆) နှစ်၊ (၇) နှစ်သားလောက်ဆိုတော့ ဘာသိတတ်ဦးမှာလဲ။ လယ်ထဲရောက်ရင် အဘိုးက မောင်ပြုံးကို သစ်ပင်ကြီးတစ်ပင်အောက်ကိုချီသွားပြီး တစ်ယောက်တည်း စကားတွေပြောတော့တာပဲ။

“သည်ကလေးက အဘိုးရဲ့မြေးလေး မောင်ပြုံးလို့ခေါ်တယ်။ အဘိုးကိုချစ်သလို အဘိုးမြေးကိုလည်းချစ်ကြပါ။ ကစားချိန်ရောက်ရင် ကောင်းကောင်းမွန်မွန်ကစားကြနော်။ ရန်မဖြစ်ကြနဲ့”

အဘိုးက တစ်ယောက်တည်း သစ်ပင်ကြီးကိုကြည့်ပြီး စကားပြောနေတော့ မောင်ပြုံးလေးကလည်း မျက်လုံးပြူးပြီး သစ်ပင်ကိုတစ်လှည့်၊ အဘိုးကိုတစ်လှည့်ကြည့်နေတာပေါ့။ အဘိုးကိုလည်း မမေးတတ်တော့ နဂိုက ပြူးနေတဲ့မျက်လုံးက ပိုပြူးလာတယ်လို့ ထင်ရတယ်။

“မြေးလေး၊ ဒီမှာရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ မြေးလေးတို့မိတ်ဆွေသူငယ်ချင်းတွေဖြစ်သွားကြပြီ။ လပြည့်နေ့ ညဘက်ဆော့ကစားတဲ့အခါ ကောင်းကောင်းကစားကြနော်၊ ရန်မဖြစ်ကြနဲ့”

“ဘိုးဘိုးကလည်း သားနဲ့ဆော့ဖို့ သူငယ်ချင်းတွေ ဘယ်မှာရှိကြလို့လဲ။ သားနဲ့ ဘိုးဘိုး နှစ်ယောက်တည်းရှိတဲ့ဟာ။ ခုနဘိုးဘိုးစကားတွေသွားပြောတဲ့ သစ်ပင်ကြီးနဲ့ သွားဆော့ရမှာလား”

“အေးပေါ့ မြေးရ၊ သားပျင်းရင် အဲဒီသစ်ပင်အောက်မှာ သွားဆော့ပေါ့။ ပြောင်နေအောင် ဘိုးဘိုးတံမြက်စည်းလှည်းထားပေးတယ်လေ”

“အာ - တစ်ယောက်တည်းသွားဆော့ရမှာ ပျင်းစရာကြီး ဘိုးဘိုးရာ”

မောင်ပြုံးလေးက စကားသွက်သွက်နဲ့ သူ့အဘိုးကို စကားနိုင်လုနေပါတယ်။

“မြေးလေး တစ်ခါလောက်သွားကစားကြည့်။ မြေးလေးမပျင်းမှာသေချာပါတယ်”

မောင်ပြုံးလေးအဘိုး ဦးသာဒွန်းသည် နွားရုံထဲမှာ နောက်ချေးများကျုံးပြီး နွားစာခွက်ထဲတွင် ကောက်ရိုးနဲ့ မြက်ကို ရောထည့်ပေးရင်း သူ့မြေး မောင်ပြုံးလေးကိုစကားပြောနေတာပါ။ အဘိုး ဦးသာဒွန်း အလုပ်တွေလုပ်နေတော့ မောင်ပြုံးလေး ပျင်းလာတယ်ထင်ရဲ့၊ တဲပေါ်မှဆင်းပြီး သစ်ပင်ကြီးအောက်မှာ သွားထိုင်နေတော့တယ်။

ပင်လယ်လေတဖြူးဖြူးနဲ့မို့ ဝါးပက်လက်ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ မောင်ပြုံးလေးကို ပင်လယ်လေက ချော့သိပ်သလိုဖြစ်နေလို့ မောင်ပြုံးအိပ်ငိုက်လာပြီး အိပ်ပျော်သွားတော့တယ်၊

မောင်ပြုံးလေး အိပ်ပျော်လို့မှ မကြာဘူး။ သူ့ချိုင်းကြားကို လက်နဲ့ကလိလာထိုးတော့ မောင်ပြုံးလေး လန့်နိုးလာပြီး ဟိုကြည့်ဒီကြည့်နဲ့ ကြည့်ပေမယ့် တစ်ယောက်မှမတွေ့ဘူး။ မောင်ပြုံးလေးလည်း အိပ်ချင်လာပြန်လို့ ပြန်အိပ်ပျော်သွားပြန်တယ်။ သည်တစ်ခါတော့ ကလိလာမထိုးတော့ဘဲ နားရွက်ကို လိမ်ဆွဲတာ မောင်ပြုံးလေးခံလိုက်ရလို့ နာသွားပြီး ငိုပါတော့တယ်။

“ဘာဖြစ်တာလဲ မြေးလေး”

မောင်ပြုံးလေး ငိုသံကြားလို့ အဘိုး ဦးလှဒွန်း ရောက်လာပြီး မေးလိုက်ပါတယ်။

“သားအိပ်ပျော်သွားတုန်း ကလိလာထိုးတယ် အဘိုး။ ကြည့်တော့လည်း ဘယ်သူမှမတွေ့ဘူး။ နောက်ပြန်အိပ်ပျော်သွားပြန်တော့ နားရွက်ကိုလာဆွဲတာ နာလို့ငိုတာအဘိုး ဟင့် ဟင့်”

“တိတ် တိတ် မြေးလေး၊ သူတို့က ချစ်လို့စတာပါ။ အဘိုးတို့လည်း ပြန်ကြစို့။ ဟိုကောင်လည်း ပြန်လာပြီကွယ့်”

နေလည်းစောင်းသွားပြီး သူရင်းငှားလည်း ပြန်ရောက်လာပြီမို့ ဦးလှဒွန်းနဲ့ မောင်ပြုံးလေးတို့ ရွာကို ပြန်လာတော့တယ်။ ရွာရောက်တော့ မြေးဘိုးနှစ်ယောက် ရေအမြန်ချိုးပြီး ထမင်းဝိုင်းထဲ ဝင်ထိုင်ကြတော့တယ်။

“ဘွားဘွား၊ ဘိုးဘိုးကလေ သားကိုချီသွားပြီး သစ်ပင်ကြီးတစ်ပင်ရှေ့မှာ စကားသွားပြောတယ်။ အဲဒါဘာလုပ်တာလဲ ဘွားဘွား။ သစ်ပင်က စကားပြောတတ်လား”

ဒေါ်ဖွားချမ်းက သူ့မြေးမောင်ပြုံးလေးစကားကို ကြားလိုက်ရတော့ ... ယောကျ်ား အဘိုးဦးလှဒွန်းကို ... ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"တော် - ကလေးကိုဘာတွေသွားသင်လာပြန်ပြီလဲ ဘိုးသာဒွန်း"

"ဩော် - ဖွားချမ်းရယ်၊ မြေးကို လယ်ထဲမှာ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေသိအောင် အကြောင်းသွားကြားပေးတာပါ။ နောက် သူကြီးလာရင် ဒီလယ်တွေကို သူပဲလုပ်ရမှာမဟုတ်လား"

ဘိုးသာဒွန်းက ဖွားချမ်းကို အကျိုးသင့်အကြောင်းသင့်ပြောပြလိုက်တယ်။

"နောက်ရှိသေးတယ် ဘွားဘွား၊ ဘိုးဘိုးအလုပ်လုပ်နေတော့ သားပျင်းလာနဲ့ သစ်ပင်ကြီးအောက်က ဝါးပက်လက်ကုလားထိုင်မှာ သွားထိုင်နေတုန်း အိပ်ပျော်သွားတယ် ဘွားဘွား။ သားအိပ်ပျော်နေတုန်း လူမမြင်ရဘဲနဲ့ သားကို တလိလာထိုးတာ သားလန့်နိုးသွားရော။ ကြည့်တော့လည်း ဘယ်သူမှမတွေ့ဘူး ဘွားဘွား။ နောက်တစ်ခါ အိပ်ပျော်သွားပြန်တော့ သားနားရွက်ကို လာဆွဲတာပဲ။ နာလို့ သားငိုတာပေါ့။ ငိုတော့ ဘိုးဘိုးလာခေါ်တာပေါ့"

"ကဘိုးသာဒွန်း၊ တော့်ပုဂ္ဂိုလ်တွေကို ပြောထားပေါ့။ မြေးလေးကို နာအောင်မစပါနဲ့လို့။ ဘာမှမဟုတ်ပါဘူး ချွေးရယ်။ သားကို ချစ်လို့စကြတာပါ။ နောက်နာအောင် မစဖို့ မြေး ဘိုးဘိုးကို ပြောပေးမယ်နော်။ ကဲ - သား ထမင်းဝအောင်စား"

မောင်ပြုံးလေးက သူ့အဘွားကို ခေါင်းညိတ်ပြပြီး ထမင်းငုံ့စားနေတော့တယ်။

"ဘွားဘွား၊ ပုဂ္ဂိုလ်တွေဆိုတာ ဘာကိုပြောတာလဲဟင်"

မောင်ပြုံးလေး ထမင်းစားဝတော့ သူ့အဘွားကို သိချင်တာကို ဆက်မေးပါတယ်။

"ဩော် - လယ်ကို စောင့်ရှောက်ပေးနေတဲ့သူတွေပေါ့ကွယ်။ သူတို့က စပါးအထွက်များအောင်လည်းလုပ်ပေးတယ်ကွယ့်။ သူတို့စိတ်ဆိုးသွားရင် စပါးမထွက်တော့ဘူး။ သူတို့ကို စိတ်ဆိုးအောင် သွားမလုပ်ရဘူးနော် မြေးလေး"

"ဟုတ်ကဲ့ - ဘွားဘွား"

**မောင်ပြုံးလေးရဲ့ကစားဖော်များ**

မောင်ပြုံးလေး (၁၃) နှစ်သားလေးတန်းကျောင်းသားဖြစ်နေလေပြီ။ ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနေပြီး လောကုတ္တရာစာနဲ့ လောကီစာတို့ကို သင်အံ လေ့ကျက်နေတယ်။

ကျောင်းထိုင်ဆရာတော်ကြီးက စာတော်သော မောင်ပြုံးလေးကို ကိုရင်ဝတ်ပေးပြီး လောကုတ္တရာစာဘက်ကို သာလိုက်ပေးစေချင်တယ်။ မိဘနဲ့ ဘိုးဘွားတို့ကတော့ ချိုသည်၊ ခါးသည် မပြော မောင်ပြုံးလေးရဲ့ သဘောအတိုင်းသာ ဖြစ်စေတယ်။

"ငါတို့ မြေးသုံးယောက်ကို တို့လင်မယားမသေခင် ရှင်ပြုပေးမယ်"

ဆရာတော် မမိန့်ကြားလာသေးမီ မောင်ပြုံးလေးတို့အဘိုးက ထမင်းဝိုင်းတွင် ပြောလာပါတယ်။

"အဖေ၊ ဆရာတော်ကလည်း ပြောနေတယ်။ ကိုပြုံးလေးကို ကိုရင်ဝတ်ပေးပြီး စာသင်တိုက်ကို ပို့ပေးချင်တယ်တဲ့"

မောင်ပြုံးလေးအမေ ဒေါ်နုရင်က ဆရာတော်မိန့်ကြားထားတဲ့စကားကို သူ့အဖေ ဦးသာဒွန်းကို ပြောလိုက်ပါတယ်။

"ကိုရင်ကတော့ တို့များဝတ်ပေးရမှာပေါ့။ ဒါမှ သာသနာ့အမွေရမယ်။ ဒါက တို့နောင်ရေးရဲ့ကုသိုလ်ပဲ သမီး။ ကိုရင်ဖြစ်သွားပြီးမထွက်ဘဲ စာသင်တိုက်သွားချင်တယ်ဆို ကောင်းတာပေါ့ကွာ။ ဒါကလည်း ပါရမီပါမှ ဖြစ်နိုင်တာ။ ပျော်ရင်တော့ နေပါစေပေါ့ သမီးရယ်။ မပျော်ဘဲ ထွက်ချင်တယ်ဆိုရင်လည်း အကြောင်းအကျိုး ဆရာတော်ကြီးကို လျှောက်ကြပေါ့ သမီးရယ်"

ဦးသာဒွန်းက ထမင်းလက်စသတ်ပြီး လက်ဆေးထသွားလေတယ်။

"သားတို့ ကိုရင်ဝတ်ရမလား အမေ"

"ဝတ်ရမှာပေါ့ သားရယ်၊ ခုနပဲ သားဘိုးဘိုးပြောသွားတယ်မဟုတ်လား"

"ပျော်လိုက်တာဟော့၊ ကိုရင်ဝတ်ရတော့မယ်ကွ။ တို့ညီအစ်ကိုသုံးယောက်လုံးပေါ့နော်"

"အေး - အငယ်ဆုံး မောင်လှဒန်ပဲ (၈) နှစ်ရှိနေပြီဆိုတော့ သင်္ကန်းနိုင်ပါပြီ။ ကဲ - ထမင်းမြန်မြန်စားကြတော့"

အဘိုး ဦးသာဒွန်းက သည်နေ့ ကျောင်းပိတ်ရက်တွင် မြေးသုံးယောက်ကို ရှင်ပြုပေးရန် ဆရာတော်နဲ့ သွားတိုင်ပင်နေတယ်။ ရက်ချိန်းရလာတော့ ရှင်ပြုဖို့အတွက် ပစ္စည်းဝယ်ရန် စာရင်းစုံလင်သွားတယ်။

ကလေးတွေကတော့ ဘာမှဝင်မပြောပါဘူး။ မောင်ပြုံးလေးတစ်ယောက်သာ ဝင်ပြောလာတယ်။

"အဘိုး ခေါင်းဆောင်းထားတဲ့ ဦးထုပ်ကော မပါဘူးလား"

"အေး - ဟုတ်တယ်ဟ၊ ငါ့မြေးကြီးပြောမှ သတိရတယ်။ စည်းပုံကသုံးခုထပ်ထည့်လိုက်ဦးကွယ်။ စည်းပုံဆိုတာ မြေးလေးပြောတဲ့ ဦးထုပ်ဆိုတာပေါ့ကွယ်။ မောင်ရင်လောင်းတွေရှင်လောင်းလှည့်တဲ့အခါ ဆောင်းရတာလေ မြေးရဲ့"

"ဩော် - သာဂိတို့ညီအစ်ကို ရှင်ပြုတုန်းက ထိပ်က ကောက်ကောက်လေးနဲ့ နားနှစ်ဖက်မှာ အချွန်အတက်တွေနဲ့ ဆောင်းတဲ့ဟာက စည်းပုံလို့ခေါ်တာလား ဘိုးဘိုး"

"ဟား ဟား ဟား- ငါ့မြေးစည်းပုံကို မြင်လိုက်ပုံကတော့ ရှင်းခနဲပါပဲလားကွယ်"

မောင်ပြုံးလေးတို့ ညီအစ်ကိုသုံးဦးရှင်ပြုပွဲအတွက် ကုသိုလ်ဒါနပန်းလေးတွေကြိုလန်းလို့နေပါတော့တယ်။

ရှင်ပြုပွဲက ခြိမ့်ခြိမ့်သဲ စည်ကားလှပါတယ်။ မောင်ပြုံးလေးတို့ မောင်ရင်လောင်းတွေကို မြင်းနဲ့လှည့်သလို ချောင်းဆုံမြို့ရဲ့ ကျက်သရေဆောင် ဆိုင်းဝိုင်းကိုလည်းငှားပြီး တစ်နေ့နဲ့တစ်ည ဧည့်ခံပါတယ်။ လာသမျှ ဧည့်သည်တို့ မငြိုငြင်အောင် အကျွေးအမွေးကလည်း အလျှံပယ်ပါ။

ဦးသာဒွန်းက တိုင်းရင်းသမားတော်မို့ သူ့မိတ်ဆွေတွေကလည်း အများသား မဟုတ်လား။ ကလော၊ အပြိုင်၊ ကော့ဒွတ်၊ နှင်းမှုတ်ရွာတွေအပြင် တခြားရွာတွေ၊ မော်လမြိုင်၊ ဘားအံတို့ကပါ လာကြတယ်။ ဆန်သုံးတင်းဝင်သုံးအိတ်သာသာလေးကုန်တာဆိုတော့ ဘီလူးကျွန်းကအလှူတွေမှာ အစည်ဆုံးလို့ဆိုရမှာပါ။

မောင်ပြုံးလေးရဲ့ ညီငယ် (၂) ယောက်က (၁၀) ရက်ပြည့်လို့ လူထွက်သွားပေမယ့် မောင်ပြုံးလေးခမျာမှာ ထွက်ရခက်နေတယ်။ ထွက်မယ်ကြံရင်း ဆရာတော်က တားထားရင်းနဲ့ ကျောင်းဖွင့်မှ ဆရာတော်ကို မနည်းပြောပြီး ထွက်ခဲ့ရတာပါ။ ဒါတောင် ဆရာတော်က -

"ဩော်- ကိုရင်မောင်ပြုံး၊ ကိုရင်မောင်ပြုံး မစင်တော့ကလာသူဟာ မစင်တော့မှာပဲ ပျော်တာပဲနော်"

လို့ ပြောလိုက်ပါသေးတယ်။

**မောင်ပြုံးနဲ့လယ်ထဲကအဖော်နှစ်ယောက်**



www.burmeseclassic.com

www.burmeseclassic.com

မောင်ပြုံးလေးက လူထွက်ရလို့ ပျော်နေပါတယ်။ ကျောင်းဖွင့် ကျောင်းတက်လိုက် ကျောင်းပိတ်ရက်ကျတော့ ဘိုးဘိုးနဲ့အတူ မောင်ပြုံးညီ မြသန်းပါ လယ်ထဲကိုလိုက်ပါသွားကြတယ်။ ဘိုးဘိုး လယ်ထဲမှာ ညအိပ်မယ်ဆိုတော့ သူတို့ပါ ညအိပ်ကြမယ်လို့ အမေဒေါ်နုရင်ကို ပြောခဲ့ကြတယ်။ သည်နေ့ညက လပြည့်ညလေ။

"ညီလေး၊ ဒီနေ့က လပြည့်နေ့မို့လို့ လယ်ထဲမှာ ပျော်စရာကောင်းမှာကွ"

"ဟုတ်တယ်နော် ကိုပြုံး၊ ကျွန်တော်တို့ လမင်းကြီးကို တဝကြီးကြည့်ကြရအောင်"

"မင်းက မအိပ်တမ်းကြည့်နိုင်လို့လားကွ"

"အစ်ကို ပြိုင်ရဲလို့လားကွ။ အရင်အိပ်တဲ့သူ ရွာပြန်ရောက်ရင် မုန့်ဝယ်ကျွေးတမ်းလေ"

"စိန်လိုက်ကွာ"

ကလေးသဘာဝ ညီအစ်ကိုနှစ်ယောက် အလောင်းကစားလုပ်နေကြတယ်။ ဒါကို အဘိုးဦးသာဒွန်းက ပြုံးပြီး ကြည့်နေလေရဲ့။ နေစောင်းသွားပြီမို့ သူရင်းငှားလည်း အလုပ်လက်စသတ်ပြီး ထမင်း၊ ဟင်းချက်ပြုတ်ဖို့ပြင်နေလို့ မောင်ပြုံးလေးတို့အဘိုးက ကလေးနှစ်ယောက်ကို ရေချိုးပေးပါတယ်။ စာရင်းငှား မောင်သန်း ထမင်း၊ ဟင်းကျက်ကုန်ပြီဖြစ်လို့ သူတို့မြေးအဘိုးလေးယောက် ထမင်းစားကြတော့တယ်။

ငါးက ကန်ထဲက ထောင်ထားတဲ့ငါးဆိုတော့ လတ်လတ်ဆတ်ဆတ်၊ ဆီပါလေရာလေးထည့်၊ မရန်းသီးခြောက် သုံးဖတ်လောက်ပစ်ထားတဲ့ ငါးဟင်းအရည်ကမျှားမျှား၊ လယ်တောချက်ဟင်းနဲ့ ငါးပိရည် တို့စရာအစုံအလင်နဲ့ ဝိုင်းရံလိုက်တော့ မောင်ပြုံးလေးတို့ ညီအစ်ကို ဟင်းပူ၊ ထမင်းပူ၊ လျှာပူနဲ့ ချွေးလေးကတစိုစို၊ ထမင်းကို တဝတပြစားလိုက်ကြတယ်။

"မြေးတို့နှစ်ယောက် ဒီည လသာသာ တလင်းထဲမှာ သူငယ်ချင်းတွေနဲ့ ကစားကြပေါ့ကွယ်။ ရန်လည်းမဖြစ်ကြနဲ့နော်။ အဲ - တစ်ခုတော့ရှိတယ်။ ဒီည မင်းတို့နဲ့လာကစားမယ့် သူငယ်ချင်းလေးနှစ်ယောက်ကလည်း မင်းတို့လို ညီအစ်ကိုပဲကွယ့်။ သူတော်လေးတွေ။ ဒီဘိုးသူတော်လေးနှစ်ယောက် အငယ်က စိတ်ရှည်တယ်။ သူတစ်ဖက်သားကို နာအောင် မစတတ်ဘူး။ အကြီးကတော့ အစသန်တယ်။ နာအောင် စတတ်တယ်ကွယ့်။ သည်းခံပြီး ကစားကြနော်"

မောင်ပြုံးလေးတို့အဘိုးက ဒါပဲပြောပြီး ထမင်းလက်စသတ်ကာ ဘုရားမီးပူဇော်ပြီး ဘုရားရှိခိုးနေတော့တယ်။ မောင်ပြုံးလေးကတော့ မေးချင်တာပေါ့။

ဘယ်ကသူငယ်ချင်းတွေလဲ၊ ဘယ်ထဲကလဲ။ သားတို့နဲ့ ရင်းရင်းနှီးနှီးသိကြလားပေါ့။

ဒါပေမယ့် အဘိုးကတော့ ဘုရားဝတ်ပြုနေပြီမို့ မေး၍မဖြစ်နိုင်တော့ပါ။ မောင်ပြုံးလေးနဲ့ မောင်မြသန်းတို့ကလည်း လက်ဆေး၊ လက်ကို တိုင်မှာချိထားသော လုံချည်စုတ်နဲ့သုတ်ပြီး အဘိုးနဲ့အတူ ဘုရားရှိခိုးနေလိုက်ကြတယ်။

ည (၈) နာရီကျော်လောက်တွင် ဖိုးလမင်းကြီးက ကောင်းကင်မှာ ထွန်းပလို့လာတယ်။ မိုးသားတိမ်တို့ ကင်းစင်နေလို့လည်း လမင်းက ပြည့်ပြည့်ဝဝနဲ့ စိမ်းရောင်စိုနေသော လယ်ကွင်းပြင်အား မြရည်ပက်ဖျန်းထားသလို စပါးပင်တို့မှာလည်း မြရောင်ဝင့်လဲ့လို့နေတယ်။ သစ်ရိပ်များမရှိသော လယ်ကွင်းပြင်မို့ လရောင်က ပိုလင်းနေပါတော့တယ်။ ဖိုးရွှေလမင်းကြီးဘေးနားတွင် ဝန်းရံခံစားနေတဲ့ ကြယ်အပေါင်းတို့ကလည်း ပြုံးပြုံးပြက်ပြက်နဲ့ စိန်ပွင့်များ ပက်ကြထားသလို ပန်းသင့်လှတယ်။

"ညီလေး ကြည့်စမ်းကွ။ ဖိုးလမင်းကြီးက ဝိုင်းဝိုင်းစက်စက်နဲ့သာနေလိုက်တာ ကောင်းကင်ပေါ်မှာအောက်လင်းဓာတ်မီးကြီးထွန်းလာသလိုပဲနော်။ ကြယ်တွေကလည်း မီးခွက်လေးလိုပဲကွ။ အရောင်မှိန်မှိန်နဲ့ မှိတ်တုတ်မှိတ်တုတ်နဲ့ကွ"

ထိုအချိန်က တောရွာတွင် လျှပ်စစ်မီးမရှိသေး။ စလိုက်မီးမပေါ်သေးသောခေတ်ဖြစ်ပြီး ညစဉ် ပိုက်ဆံရှိတဲ့ အိမ်များတွင်ထွန်းသော အလာဒင်အောက်လင်းမီးအိမ်နဲ့ သူသိသလို တင်စားတာပါ။ ကြယ်တွေကိုလည်း မီးခွက်နဲ့တင်စားတာတော့ မောင်ပြုံးရဲ့စကားက ရိုးသားပွင့်လင်းပြီး တောဆန်နေပါတယ်။

"မြေးလေးတို့ရေ၊ ခဏနေကျရင် မင်းတို့နဲ့ကစားမယ့် ကစားဖော်နှစ်ယောက် ရောက်လာတော့မယ်ကွယ့်။ ကောင်းကောင်းကစားကြနော်၊ ရန်မဖြစ်ကြနဲ့"

အဘိုး ဦးသာဒွန်းက ဘုရားရှိခိုးပြီးစပဲ ထင်ပါတယ်။ မောင်ပြုံးလေးတို့ ညီအစ်ကိုနှစ်ယောက် အောက်ဆင်းပြီး လမင်းကိုကြည့်ရင်း စကားနိုင်လုနေစဉ် တဲပေါ်မှ အဘိုးရဲ့စကားသံက ထွက်လာတယ်။

"ဟုတ်လား ဘိုးဘိုး၊ မြန်မြန်လာပါတော့ သူငယ်ချင်းတို့ရေ၊ လထိန်ထိန်သာနေပြီကွ"

"ဟေ့-မောင်ပြုံး၊ မင်းတို့ပျင်းနေပြီလားကွ။ ကစားဖို့လာခဲ့မယ်နော်"

အသံက မောင်ပြုံးလေးတို့ ညီအစ်ကိုနောက်က ကြားလိုက်ရတော့ မောင်ပြုံးတို့နှစ်ဦးလုံး နောက်လှည့်ကြည့်လိုက်ကြတယ်။ မောင်ပြုံးလေးအိပ်ဖော်သွားတဲ့ သစ်ပင်အောက်ကနေ ဖြူ[...] နှစ်ရိပ်က မောင်ပြုံးလေးတို့ထံကို ရိပ်ရိပ်နဲ့ လာနေတာကို တွေ့ကြရတယ်။

"ဟယ် - ဘိုးသူတော်လေးနှစ်ယောက်ပါလား။ ဘယ်ကလာတာလဲ မသိဘူး ညီလေးရ"

(၁၀) ကိုက်လောက်အရောက်မှာ သဲသဲကွဲကွဲမြင်လိုက်ရ၍ မောင်ပြုံးလေးက သူ့ညီ မောင်မြသန်းကို ပြောလိုက်ပြီး မျက်လုံးပြူးပြူးနဲ့ကြည့်နေလိုက်တယ်။ ညီငယ်ကလည်း ပါးစပ်အဟောင်းသားနဲ့သာ ငေးလို့နေတယ်။

"ဟေ့-သူငယ်ချင်း မောင်ပြုံး၊ လာလေကွာ။ တို့တူတူကစားကြမယ်လေ ဘာငေးနေတာလဲကွ"

ဘိုးသူတော်အကြီးလို့ထင်ရသူက မောင်ပြုံးလေးရဲ့လက်ကို ကိုင်လှုပ်ပြီး ပြောလိုက်တယ်။

"ဘိုးသူတော်လေးတို့ဘယ်မှာနေကြတာလဲ။ ဒီလယ်ကွင်းထဲမှာ တစ်ခါမှ မမြင်ဘူးပါလား"

"မင်းတော်တော်တုံးတာပဲကွ။ မင်းအဘိုးကပဲ တို့နဲ့ တစ်ခါမိတ်ဆက်ပေးထားတယ်လေကွာ။ ဟိုသစ်ပင်ကြီးအောက်မှာလေ"

"အဲဒီတုန်းက မင်းတို့ကိုမတွေ့ရပါလားကွ။ ဘယ်သွားနေကြလို့လဲ ဘိုးသူတော်"

"ရှိပါတယ်ကွာ၊ နေ့ဘက်ဆို ငါတို့မျက်လုံးတွေက နေရောင်ကို ကြည့်လို့မရလို့ မထွက်လာကြတာပါကွာ။ လာ- စိန်ပြေးတမ်းကစားရအောင်"

မောင်ပြုံးလေးရဲ့စိတ်ထဲမှာတော့ ဒွိဟဖြစ်နေပါတယ်။ ကစားဖော်မရှိလို့ ပျင်းနေတာနဲ့စာရင် တော်သေးတယ်ဆိုပြီး စိန်ပြေးတမ်းကစားကြတာ တော[...]



www.burmeseclassic.com

www.burmeseclassic.com

ဆော်လေးပျော်ကြပါတယ်။ မောလည်းမော၊ ချွေးတွေလည်းရွှဲနေလို့ ခဏနားအမောဖြေကြတယ်။ သည်အချိန်မှာ မောင်ပြူးလေးစဉ်းစားမိတာက -

'ငါ့အဘိုးနဲ့ ပထမဆုံးလိုက်လာတုန်းက သစ်ပင်အောက်မှာ သွားအိပ်ပျော်နေတုန်း ကလိထိုးတာ၊ နားရွက်ဆွဲတာ၊ ဒီဘိုးသူတော်တွေများ ဖြစ်နေလေသလားမသိဘူး၊ မေးကြည့်မှပဲ'

လို့ တွေးမိလိုက်ပြီး -

"ဘိုးသူတော်တို့ကို မေးချင်လို့ပါ။ မေးလို့ရမလားကွ"

"မောင်ပြူးရာ၊ သူငယ်ချင်းတွေဖြစ်နေတာတောင် ခွင့်တောင်းနေရသေးလားကွာ။ မေး၊ ဘာမေးမလို့လဲကွ"

"ငါပထမဆုံးရောက်လာတဲ့နေ့က သစ်ပင်အောက်မှာ သွားအိပ်နေတုန်းက ကလိလာထိုးတာ၊ နားရွက်လာဆွဲတာ ဘိုးသူတော်တို့ပဲလား"

"ဟုတ်တယ်လေကွ ငါပဲ၊ ငါက အကြီး၊ သူက အငယ်ကွ။ တို့အဘိုးဘိုးသူတော်ကြီးတစ်ယောက် ရှိသေးတယ်ကွ။ မင်းတို့အဘိုးနဲ့ တော်တော်လေးခင်ကြတယ်။ ဒီတုန်းက မင်း (၆)နှစ်သားလောက်ပဲရှိဦးမယ်နော်။ ငါချစ်ခင်လို့ လာစတာပါ။ စိတ်မဆိုးပါနဲ့ကွာ"

"စိတ်မဆိုးရပါဘူးကွာ၊ နားရွက်ဆွဲတာ တော်တော်နာသွားလို့ငိုတာကွ။ ဒါနဲ့ ဘိုးသူတော်တို့ ဒီသစ်ပင်ကြီးမှာပဲနေကြတာလား။ ဘယ်လိုအိပ်ကြတာလဲဟ"

"သည်လိုပဲပေါ့ကွာ။ အချိန်လည်းနေ့နည်းတော့ဘူးကွ၊ တို့အဘိုးစိတ်ပူနေဦးမယ် တို့ပြန်တော့မယ်နော်။ နောက်လပြည့်ကျမှ လာကစားဦးမယ်"

"ဟာကွာ - တို့တစ်ရက်၊ နှစ်ရက်နေပြီးမှ ရွာပြန်မှာကွ။ မနက်ဖြန်လည်း လာကစားလေကွာ၊ တို့စောင့်နေမယ်"

"လာလို့မရတော့ဘူး မောင်ပြူးရေ တို့လည်းလာချင်တာပေါ့။ တစ်လမှာ လပြည့်တစ်ညပဲ တို့လာကစားခွင့်ရှိတယ်ကွ။ သွားတော့မယ်နော်"

ဘိုးသူတော်လေးနှစ်ယောက်က မောင်ပြူးလေးတို့ ညီအစ်ကိုကို နှုတ်ဆက်ပြီးထွက်သွားကြတော့တယ်။ မောင်ပြူးလေးတို့ မျက်လုံးလေးလုံးကလည်း ဘိုးသူတော်လေးတို့သွားရာနောက်ကို လိုက်ကြည့်နေကြတယ်။ သစ်ပင်ကြီးအောက်ရောက်ရော ပျောက်သွားကြတာကို မောင်ပြူးတို့ ညီအစ်ကို နှစ်ယောက်လုံး သေသေချာချာ မြင်လိုက်ရတော့တယ်။

**မောင်ပြူးဒေါသ တားလို့မရတော့**

စပါးတွေက မှည့်နေကြပါပြီ။ တချို့က ငိုက်တောင်ငိုက်နေကြပါပြီ။ စပါးရိတ်သိမ်းချိန်ကလည်း နီးလာချိန်၊ ရွာဘုန်းတော်ကြီးကျောင်း စုပေါင်း မဟာဘုံကထိန်ပွဲကလည်း နီးကပ်နေပြီမို့ လယ်ထဲကို ဘယ်သူမှမဆင်းနိုင်ကြတော့။ ဘုံကထိန်အတွက် အလုပ်များနေလေတော့ လယ်ထဲမှာသူရင်းငှားတွေကို ထားရတော့တယ်။

တစ်နှစ်မှာတစ်ခါ၊ တစ်ခါမှာ တစ်ရက်တည်းသာ ကျင်းပလို့ရတဲ့ မြန်မာ့ရိုးရာ ကုသိုလ်တော် မဟာဘုံကထိန်ပွဲကြီးကိုသာလုံးပန်းနေကြရတယ်။ မောင်ပြူးလေးတို့လယ်က စပါးတစ်ဝက်လောက်ကို ရိတ်သိမ်းထားပြီးသော်လည်း မနယ်အားသေးလို့ ကောက်လှိုင်းစည်းအတိုင်း တလင်းထဲတွင် စုပုံထားရတယ်။ ဒါကို စိတ်မချတဲ့ မောင်ပြူးလေးက သူ့အဘိုးကို လူစောင့်ထားဖို့ ပြောပါသေးတယ်။

"မပူပါနဲ့ မြေးလေးရယ်၊ မင်းသူငယ်ချင်းအုပ်စုတွေရှိနေတော့ ဘယ်သူမှ ခိုးရဲမှာမဟုတ်ပါဘူးကွယ်"

အဘိုးပြောတာလည်း ဟုတ်နေပါတယ်။ ဘုံကထိန်ပြီးလို့ လယ်ထဲပြန်ဆင်းတော့ ကောက်လှိုင်းတစ်စည်းမှမပျောက်ခဲ့ပါဘူး။ 'ကျေးဇူးတင်ပါတယ် သူငယ်ချင်း ဘိုးသူတော်ရယ်' လို့တောင် မောင်ပြူးလေး ရင်ထဲက ဆိုမိပါသေးတယ်။

လယ်ထဲဆင်းမယ့်နေ့တစ်နေ့ ကြိုပြီး အဘိုးက မောင်ပြူးလေးတို့အမေဒေါ်နုရင်ကို အမဲသားတစ်အိုးချက်ခိုင်းပါတယ်။ နောက်နေ့မနက်စောစော အဘိုးက အမဲသားအိုးကိုထမ်း၊ မောင်ပြူးလေးက ထမင်းအိုးကိုရွက်ပြီး လယ်ထဲဆင်းခဲ့ကြတယ်။

"အဘိုး၊ ကျန်တဲ့ ဧက (၃၀) ကို ဒီနေ့ရိတ်မလို့လားဟင်"

"မနက်ဖြန်မှ ရိတ်မှာပါ။ မနက်ဖြန်ကို ကရင်မတို့ချစ်စုတို့အဖွဲ့ကို ခေါ်ထားပြီးပြီလေ"

"ဟင် - ဒါဆို ဒီဟင်းအိုး၊ ထမင်းအိုးတွေက ဘယ်သူစားဖို့လဲ ဘိုးဘိုးရဲ့"

"မင်းသူငယ်ချင်းတွေစားဖို့လေ မြေးလေးရ။ ဟဲဟဲ - မြေးက မကျွေးချင်ဘူးလားကွယ့်"

"အို - မဟုတ်ရပါဘူး ဘိုးဘိုး၊ ကျွေးချင်ပါတယ်။ သူတို့ကစားလို့ရလို့လားဟင်"

"သူတို့မှာလည်း အသက်ပါ၊ ပါးစပ်ပါ၊ ဝိညာဉ်ရှိနေတာပဲ စားလို့ရတာပေါ့ လူလေးရယ်။ သူတို့က အဘိုးတို့လယ်ကိုစောင့်ရှောက်နေကြတာမဟုတ်လား။ သူတို့စောင့်ရှောက်ပေးလို့လည်း စပါးစေ့တစ်စေ့မှ မပျောက်တာပေါ့ကွယ်။ ဟိုဘက်က လယ်တွေဆို အမြဲပျောက်နေတာ လူလေးသိသားမဟုတ်လား"

"ဟုတ်တယ်နော် ဘိုးဘိုး၊ သားတို့လယ်မှာ ဘာမှမပျောက်တာ အံ့သြစရာပဲ"

"ဖိုးသူတော်လေးတွေရဲ့ ကျေးဇူးတွေပေါ့ကွယ်"

ဟုတ်တော့လည်း ဟုတ်နေပါတယ်။ သည်လို တန်ဆောင်မုန်း စပါးကလည်း ရိတ်သိမ်းချိန်၊ ရွာတွေမှာကလည်း ဘုံကထိန်ပွဲကိုလည်း ကျင်းပနေကြတော့ လယ်ထဲမှာ လူစောင့်မရှိတာက ခပ်များများ။ လယ်စောင့်တွေကလည်း ရွာထဲလာပွဲကြည့်ကြဆိုတော့ ခိုးချင်သူ ညမင်းသားတွေက အကြိုက်ပေါ့။

ဘေးနားကလယ်တွေဆို ကောက်နှံစည်းတွေ ပျောက်လို့ပျောက်၊ လယ်မှာစားဖို့ မွေးထားတဲ့ ကြက်၊ ဘဲ၊ မန်ဒါလီတွေပျောက်၊ လယ်ကန်ထဲက ငါးပါ ဆင်းဖမ်းနေကြတာလည်းရှိရဲ့။ နောက်ဆုံး စိုက်ထားတဲ့ ဘူးသီး၊ ငှက်ပျောသီးတွေပါ ပျောက်နေကြတာ။ မောင်ပြူးလေးတို့လယ်ထဲကတော့ ကောက်ရိုးတစ်ပင်တောင် မပျောက်တာ။ ဒီဘိုးသူတော်လေးတွေရဲ့ကျေးဇူးတွေပေါ့။ တစ်ဦးကျေးဇူး တစ်ဦးမှာ ဆိုသလိုပါပဲ။

ကထိန်ပွဲကြီးပြီးသွားပြီ ဆိုတော့ ရွာရှိလူအကုန် လယ်ထဲရောက်ကြပြီး ဦးသာဒွန်းတို့လည်း ကျောင်းသားနဲ့ ဦးသာဒွန်းဇနီး မိဖွားချမ်းတို့သာကျန်ပြီး အကုန်လယ်ထဲရောက်နေကြတာ စပါးနယ်ကြ၊ လှေ့ကြ၊ ကောက်လှိုင်းလှန်ကြ၊ ဆွဲကြနဲ့ မအားကြပါဘူး။ ကလေးကျောင်းသားတွေကလည်း ကျောင်းပိတ်တယ်ဆိုတာနဲ့ လယ်ထဲရောက်နေကြပြီး ဝိုင်ကူဝိုင်းဆော့ကြနဲ့ ရွာလေးတစ်ရွာလိုပဲ ပျော်စရာကြီးပါ။ သည်ထဲမှာ မောင်ပြူးတို့ ညီအစ်ကိုတွေလည်း ပါတာပေါ့။ သူတို့က ဘိုးသူတော်သူငယ်ချင်းတွေနဲ့ ဆော့ချင်တာ အမိကပါ။

ဒါပေမယ့် လယ်ထဲမှာ ဒီလိုလူများနေတာရယ်ကြောင့် ဘိုးသူတော်

www.burmeseclassic.com

လေး နှစ်ယောက် ရောက်မလာကြပါဘူး။

လယ်သမားဆိုတဲ့လူတန်းစားဟာ နွေ၊ မိုး၊ ဆောင်း မနားကြရပါဘူး။ စပါးလှေ့ပြီး ကျီထဲသွင်းပြီဆိုတာနဲ့ အိမ်ပြန်ကြတာပါ။ အိမ်ရောက်ပြီးတာနဲ့ နားနေဖို့မစဉ်းစားနဲ့။ နောက်နှစ် တစ်နှစ်စာ ထင်းတိုက်၊ ထင်းဖြတ်၊ ထင်းခွဲကြ။ ပြီးတော့ လယ်ထဲက ကောက်ရိုးပြတ်တွေ မီးရှို့ပြီး နွားချေး (နောက်ချေး) ပုံရပါတယ်။ သူတို့နားချိန်ဆိုလို့ တစ်နှစ်မှာ တစ်လတောင်မရှိရှာပါဘူး။

မောင်ပြုံးလေးလည်း အသက် (၂၀) ပြည့်လို့ အဘိုးဦးသာဒွန်းကပဲ ပဥ္စင်းခံပေးပြီး တစ်နှစ်လောက်မှာပဲ ဦးသာဒွန်း ကွယ်လွန်သွားတယ်။ ယောက်ျားကြီးကြီးမားမားရယ်လို့ ကိုပြုံးလေးတစ်ယောက်သာရှိလို့ လယ်ထဲကို ကိုပြုံးအဖေ ဦးဖိုးထွန်းနဲ့ကွယ်ပြီးလုပ်ရပါတော့တယ်။ ကိုပြုံးလယ်ဦးစီးနိုင်ပြီဆိုတော့ သူ့ အဘွား၊ အမေ၊ အဖေတို့က ရွာထဲက သင့်တော်သူ မိပန်းနွယ်နဲ့ အိမ်ထောင်ချပေးလိုက်တယ်။ မိပန်းနွယ်လေးက ရိုးသားယဉ်ကျေးပြီး မိခင်မုဆိုးမကြီး ဒေါ်မဦးနဲ့အတူ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတာပါ။ လယ်ပိုင်မရှိပေမယ့် ရိုးရိုးလေးနဲ့ယဉ်တဲ့ဂုဏ်၊ ကိုပြုံးရဲ့အဘွား၊ အဖေ၊ အမေတို့ကို လေးစားတဲ့ဂုဏ်တို့ကြောင့် အမေ့ချွေးမ အလိမ္မာလေးဖြစ်ခဲ့တာပါ။ အဘွား၊ အဖေ၊ အမေကလည်းချစ်၊ ကိုပြုံးကလည်း မျက်စိအောက်ကတောင် အပျောက်မခံပါဘူး။ တုန်နေအောင်ချစ်ရှာတာပါ။ အစက ကိုပြုံးပြောသလိုပေါ့။ အပေါင်းအသင်းတွေက မယားကြောက်လို့ပြောတော့ ကိုပြုံးက ကြောက်တာမဟုတ်ဘူး၊ ချစ်တာကွ၊ ချစ်တာလို့ ပြောခဲ့တာမဟုတ်လား။

ကိုပြုံးက အဘိုးမှာခဲ့တဲ့အတိုင်း သူ့မိတ်ဆွေ ဘိုးသူတော်ကလေးနှစ်ယောက်ကို သုံးလတစ်ခါလောက် ကျွေးမွေးမပျက်ပါဘူး။ သည်လိုနဲ့ သုံးလေးနှစ်ကြာခဲ့ပြီး ကိုပြုံးလည်း ကလေးတွေဘာတွေရလို့။ အရင်လို လပြည့်ညတွေမှာ ဘိုးသူတော်လေးတွေနဲ့ ဆော့ကစားဖို့ အရွယ်လည်း မဟုတ်တော့ဘူးလေ။ သူ့သားနှစ်ယောက်နဲ့လည်း ဆော့ဖို့ ကိုပြုံးက မပြောထားပါဘူး။ သူ့သားတွေကလည်း မသိကြတာပါတယ်။

လပြည့်ညတစ်ညမှာ ကိုပြုံးတစ်ယောက်တည်း အလုပ်လုပ်နေတုန်း ဘိုးသူတော်နှစ်ယောက်ရောက်လာပြီး သူတို့နဲ့ကစားဖို့ခေါ်ပါတယ်။ ကိုပြုံးက သူလူကြီးဖြစ်နေတဲ့အကြောင်း၊ ကစားဖို့လည်း အချိန်မရှိတော့တာမို့ သူ့ကိုခွင့်လွှတ်ဖို့ပြောပေမယ့် ဘိုးသူတော်အကြီးက လက်မခံပါဘူး။

"မောင်ပြုံး၊ မင်းက အသက်ကြီးသွားလို့ မဆော့တော့ဘူးလို့ ပြောတာလား။ တို့က မင်းထက် အများကြီး အသက်ကြီးပါတယ်ကွ။ တစ်လမှာ လပြည့်ညတစ်ညသာ ကစားလို့ရတဲ့ တို့ဘဝကို စာနာပါဦးကွာ။ မင်းမကစားနိုင်ရင်လည်း မင်းသားနှစ်ယောက် ရှိသားပဲ။ သူတို့နဲ့ပေးကစားပါကွာ"

"မဖြစ်ပါဘူး ဘိုးသူတော်ရယ်၊ တို့က လူသားတွေပါ။ တော်ကြာ ငါ့ကလေးတွေ ကြောက်ရွံ့ကုန်ကြမယ်ကွ။ မင်းတို့ဒီမှာရှိတဲ့အကြောင်းကို ကလေးတွေကိုကော ငါ့မိန်းမကိုပါ မပြောထားဘူးကွ။ သိရင်သူတို့ကြောက်ကုန်ကြပါ့မယ်။ နောင်လည်း ဒီထဲကိုမလာပါနဲ့တော့ကွာ။ ငါတောင်းပန်ပါတယ်။ သုံးလတစ်ခါတော့ ငါလှူပေးပါ့မယ်။ ငါ့ကို ခွင့်လွှတ်ပါကွာ"

ကိုပြုံးက မျက်နှာမကောင်းစွာနဲ့ တောင်းပန်နေပါတယ်။

"ဟုတ်ပါတယ်အစ်ကိုရာ၊ ကိုပြုံးက သူတို့လူလောကမှာ လူကြီးဖြစ်သွားလို့ ကစားလို့မသင့်တော့တာပါ။ ကျွန်တော်တို့ပြန်ကြပါစို့ အစ်ကိုသူတော်ရယ်"

"အေးပေါ့ကွာ၊ နောက်တော့ ငါ့အဆိုးမဆိုနဲ့ ငပြုံးရ"

ဘိုးသူတော် အကြီးကောင်က ဒေါသတကြီးနဲ့ ထွက်သွားပါတယ်။ အငယ်သူတော်လေးကတော့ -

"ခွင့်လွှတ်ပါ ကိုပြုံးရာ"

လို့ ဆိုပြီး ထွက်သွားပါတော့တယ်။

သည့်နောက် ဘိုးသူတော်လေးတို့ ကိုပြုံးထံမလာတော့ဘဲ ပျောက်နေကြတော့တယ်။ စပါးလည်းရိတ်သိမ်းနေပြီဖြစ်လို့ ကိုပြုံး အိမ်မပြန်နိုင်တော့ဘဲ လယ်ထဲမှာပင် အိပ်နေရပါတယ်။

တစ်ည ထိုညက လပြည့်ညနှင့် တိုက်ဆိုင်နေပါတယ်။ ကိုပြုံးလည်း ဘိုးသူတော်လေးတို့ကို သတိမရတော့ပါဘူး။ လကလည်းသာ၊ လေအေးကလည်း တိုက်ခတ်နေလေတော့ အလုပ်လုပ်ရတာ နေ့ဘက်နဲ့စာရင် တွင်ကျယ်တာမို့ ရိတ်ပြီးသားစပါးတွေကို ကောက်လှိုင်းထပ်နေပါတယ်။ ဒါမှ မနက်ဖြ... စပါးနယ်နိုင်မှာလေ။

ည(၉)နာရီလောက်မှာ ကောက်... လှိုင်းစည်းသယ်လာလို့ လမ်းတစ်ဝက်... လောက်အရောက် ကောက်လှိုင်းစည်း... လက်ထဲက တစ်စုံတစ်ခုက ဆွဲချလိုက်... သလို လက်ထဲက ပြုတ်ကျသွားတော့... တယ်။ ကိုပြုံးဘေးက လေဝှေ့သလိုဖြစ်... ပြီး အရိပ်ဖြူဖြူကိုလည်း မြင်လိုက်ရ... တယ်။

"ဘိုးသူတော်ကြီး မစပါနဲ့ကွာ။ ငါ... အလုပ်လုပ်နေတာကို။ ဒါပြီးမှ ငါအိပ်... ရမှာကွ"

သည်လိုပြောလိုက်ပြီး ကောက်... လှိုင်းစည်းပြန်ကောက်ပြီး ခြေအလှမ်း... တစ်ဦးဦးက ခြေထိုးခံသလိုဖြစ်သွားလို့... ကောက်လှိုင်းစည်း ဖက်လျက်သား မြေ... ကို ဟက်ထိုးလဲကျသွားတော့ ကောက်... လှိုင်းစည်းကြောင့် မျက်နှာကို မထိခိုက်... ပေမယ့် လက်ထောက်လိုက်ရလို့ ကိုပြုံး... အတော်လေးအီသွားတော့တယ်။

"ဘိုးသူတော်ကြီး၊ မင်းစတာအ... တော်လေး လွန်လာပြီးနော်။ နောက်... တော့ မင်းနဲ့ ငါ တွေ့မယ်"

ကိုပြုံး လက်နာသွားလို့ အလုပ်... မလုပ်နိုင်တော့ဘဲ တဲပေါ်တက် ပခုံး... ဆီလိမ်းပြီး တန့်နံ့ဒေါသဖြစ်နေတော့... တယ်။ တဖြည်းဖြည်းနဲ့ လက်ဆစ်က နာ... လာပြီးယောင်လာတယ်။ နောက်တစ်... နေ့နံနက် ရွာလွတ်မှ အရိုးကုဆရာထံ... သွားပြီးပြကြည့်တော့ လက်ဆစ်လွဲသွား... တာသိရတော့တယ်။ ဆရာလက်ဆစ်... ပြန်တည့်ဖို့ဆွဲလိုက်တာ ကိုပြုံး 'အမလေး... အဘလေး' ကို အော်ယူရရော။ ဆေး... လိမ်း ကျပ်စည်းပေးပြီး အလုပ်(၃)ရက်... လောက်နားခိုင်းလိုက်တယ်။

ကိုပြုံးလယ်ထဲပြန်ရောက်တော့... သူ့လက်ကို ပြန်ကြည့်မိပြီး အတော်လေး... နာတင်းနေတော့တယ်။

"ဒီဘိုးသူတော်နဲ့ တွေ့မယ်"

လို့တွေးပြီး တဲနံရံမှာထိုးထားတဲ့... မါးရှည်ကိုသွေးနေတော့တယ်။ လက်က... နာနေသေးလို့ ဆက်မသွေးနိုင်ဘဲ ဒေါ... သာ တန့်နံ့ဖြစ်နေတော့တယ်။ (၃)ရက်... ကြာလို့ ကျပ်စည်းတာဖြေလိုက်တော့... ကောင်းနေပြီး နာလည်းမနာတော့... မါးကိုဆက်သွေးနေလိုက်ပါတော့တယ်။

ကိုပြုံးတို့ဘိုးဘွားတွေကိုးကွယ်... ကျောင်းကထိန်ကလည်း နီးနေ... လယ်ကိုစာရင်းငှားနှင့်ထားပြီး ကျော... ကထိန်ကို လုံးပန်းရတော့တယ်။ ကထိ...



www.burmeseclassic.com

www.burmeseclassic.com

ဆယ့်သုံးရက်အလုပ်အကိုင်၊ ဆယ့်သေးရက်ကထိန်ခင်းဆိုတော့ ကပ်နေပြီပေါ့တယ်။ ကထိန်ပြီးလို့ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှာ ကိုပြူးလယ်ထဲဆင်းတော့တယ်။ လက်စားပြန်ချရန်လည်း စဉ်းစားလာတော့တယ်။ အိမ်သူအိမ်သားတွေကိုတော့ အသိပေးလို့မဖြစ်။ လယ်ထဲကိုရောက်တော့ သူရင်းငှားကစပါးနယ်နှင့်လေပြီ။ တစ်ယောက်တစ်လည့်နယ်နေပြီး နေ့လယ်ထမင်းစားပြီး သူရင်းငှားကလေး ပြန်နယ်နေစဉ် ကိုပြူးက ဓားရှည်ကို ထပ်သွေးနေပြန်တယ်။ ညနေပိုင်း ထမင်းစားပြီး လထွက်လာတာကို စောင့်ရင်း စကားပြောနေကြတယ်။ ည (၈) နာရီလောက်မှာ လကထွက်လာလို့ စာရင်းငှား ဖိုးထူးက နွားနှစ်ကောင်ဆွဲပြီး စပါးနယ်လေပြီ။ ကိုပြူးကတော့ တလင်းထောင့်မှာ ရေနွေးတစ်အိုးနဲ့ ဓားဘေးချပြီးရေနွေးသောက်နေလိုက်တယ်။

ကိုပြူးရေနွေးနှစ်ပန်းကန်လောက်အကုန်မှာ လေအေးလေးတစ်ချက်ဝေ့သွားပြီး ကိုပြူး ဇက်ပိုးလည်း ပူခနဲဖြစ်သွားလေတော့ ရှေ့ကို ငိုက်အကျ ဖြူဖြူအရိပ်ကို ရိပ်ခနဲတွေ့လိုက်တော့ ကိုပြူးလည်း ဓားရှည်ကို ဝှေ့ယမ်းလိုက်တော့တယ်။ အောင်မလေးလို့ အော်သံကြားပြီး အရိပ်လည်း ပျောက်သွားတော့တယ်။

"ဒီဘိုးသူတော်ထိသွားပြီလားမသိဘူး၊ ဖွီး - ငါ့ဇက်ပိုးလည်း အတော်ကိုအေးသွားတာပဲ။ တော်တော်လက်သံပြောင်တဲ့ ဘိုးသူတော်ပဲ"

ကိုပြူးအသံက ကြားရုံလေး ထွက်လာပါတယ်။ သူရင်းငှားဖိုးထူးကတော့ ဘာမှမသိချေ။ စိတ်လှုပ်ရှားနေသော ကိုပြူးက စိတ်ငြိမ်သွားအောင် ရေနွေးငှဲ့သောက်ပြီး ဖိုးထူးလက်က နွားနှစ်ကောင်ကြိုးကိုယူ၍ စပါးဆက်နယ်တော့တယ်။ (၁၁) နာရီလည်းထိုးသွားပြီမို့ ကိုပြူးတို့ အလုပ်သိမ်း၍ အိပ်ရာဝင်ကြတော့တယ်။

**သည်းခံစိတ်နည်းတော့လွဲရတယ်**

သိန်းဆုကြီးပေါက်နေသော်လည်း ထီလက်မှတ်ပျောက်သွားတဲ့လူလို ကိုပြူးမှာလည်း ဒေါသစိတ်ကလေးကို တဒင်္ဂမထိန်းသိမ်းနိုင်၍ ရင်ထုမနာဖြစ်ခဲ့ရပါတယ်။

ဘိုးသူတော်ကြီးကို ယမ်းပြီး ဓားရှည်နဲ့ခုတ်လိုက်တဲ့ညမှာပဲ ကိုပြူးထံကို ဘိုးသူတော်ကြီး ရောက်လာပါတယ်။

"မင်းတော်တော် ရက်စက်တဲ့ သူငယ်ချင်းပဲကွာ။ ငါက မင်းကို ချစ်လွန်းလို့ တို့ပြောင်းခါနီး မင်းကိုလာစပြီးနှုတ်ဆက်စကားပြောမလို့ပါ။ ဒါကို မင်းက ဒေါသထွက်ပြီး ဓားနဲ့ခုတ်တယ်နော်။ ငါ အရှောင်မြန်လို့ လက်ကို ရှပ်မိရုံရှပ်မိသွားတာ တော်သေးတယ်လို့ဆိုရမယ်။ အရှောင်မမြန်ရင် ငါသေမှာပဲ။ ငါသေရင် ငါ့အဘိုး ဘိုးသူတော်ကြီးကလည်း မင်းကို အသေသတ်မှာပဲ မောင်ပြူး။ အခုတောင် အတော်လေးစိတ်ဆိုးနေလို့ မနည်းတောင်းပန်ထားရတယ်။ မင်းကို နာကျင်အောင်လုပ်မိလို့ ငါတောင်းပန်ပါတယ်ကွာ။ မင်းတို့အဘိုး ဦးသာဒွန်းကြီးကို တို့အဘိုးက အလွန်ခင်တာကွ။ တို့ပြောင်းမိန့်ကျရင် သူပိုင်တဲ့ပစ္စည်းတွေကို ပေးခဲ့မယ်လို့ ပြောခဲ့ဖူးတယ်။ အခုတကယ်ပြောင်းရတော့မှာဆိုတော့ တို့အဘိုးက ဦးသာဒွန်းကြီးကိုပေးမယ့်ပစ္စည်းတွေကို သူမရှိတော့ပေမယ့် မင်းတို့ကို ပေးခဲ့မယ်လို့ တို့နှစ်ယောက်ကို ပြောခဲ့တယ်။ အခု မင်းက ငါ့ကို ဓားနဲ့ခုတ်လိုက်တော့ သူ့ပစ္စည်းတွေ မပေးတော့ဘဲ ကျိန်စာလည်းတိုက်ခဲ့တယ်"

"ကျိန်စာက မင်းတို့လယ် ဒီသုံးနှစ်လုပ်ပြီးနောက်ပိုင်း စပါးအထွက်နည်းအောင်၊ ပိုးဝင်အောင်နဲ့ လယ်ကိုစွန့်ချင်စွန့်၊ မစွန့်ရင် မင်းတို့မိသားစုတစ်ယောက်ပြီးတစ်ယောက်ဒုက္ခရောက်လိမ့်မယ်။ ငါပြောတာကို ယုံပါကွာ။ နောက်ပိုင်း မင်းနဲ့ ငါ ထပ်တွေ့ရတော့မှာမဟုတ်ဘူး။ နောက်ဆုံး မင်းတို့ကို ခင်မင်သေးတယ်ဆိုရင် အလှူလုပ်တိုင်း တို့ကို အမျှဝေပေးပါကွာ။ ကဲ - ငါသွားတော့မယ်နော်"

ဘိုးသူတော်ကြီးက ကိုပြူးကို နှုတ်ဆက်ပြီး လယ်ထဲမှဆင်းသွားတော့တယ်။

"ဟေ့ - ဘိုးသူတော် နေပါဦးကွ၊ နေပါဦး"

ဘိုးသူတော်ကြီးက လှည့်မကြည့်တော့ဘဲ တဖြည်းဖြည်းနှင့်ဝေးသွားတော့တယ်။ ကိုပြူး အိပ်နေရာမှ ထထိုင်ပြီး အပြင်ကိုသာ ငေးကြည့်နေတော့တယ်။ ကိုပြူးစိတ်ထဲမှာတော့ အိပ်မက်မက်နေတာလား၊ တကယ်ပဲ သူရောက်လာပြီး ပြောတာလားဆိုတာ ဝေခွဲ၍မရတော့ပေ။

*

ကျွန်တော့်အဖြစ်ကတော့ ဒါပါပဲ ဆရာရယ်။ စဉ်းစားလိုက်တိုင်း စိတ်မကောင်းဖြစ်နေတုန်းပါ။ ကျွန်တော့်ရဲ့ သည်းညည်းမခံတတ်တဲ့စိတ်၊ ဒေါသထွက်လွယ်တဲ့စိတ်ကြောင့် သိန်းထီပေါက်ခဲ့ပြီး ထီလက်မှတ်ပျောက်တဲ့လူလိုပါပဲဆရာ။ ဘိုးသူတော်တို့ ပေးခဲ့မယ်ဆိုတဲ့ ရတနာတွေလည်း ကျွန်တော့်အိပ်မက်ထဲမှာပဲ ပျောက်ကွယ်သွားပါတော့တယ်ဗျာ။ ကျွန်တော့်ရဲ့ဒေါသစိတ်၊ သည်းမခံစိတ်ကြောင့် မရခဲ့ဘူးလို့ ဆိုရမှာပါ။ ကျွန်တော့်အဘိုးသာရှိနေသေးရင် ကျွန်တော့်ကို ဘယ်လောက်ဒေါသဖြစ်လိုက်မလဲနော်။

ဒီအဖြစ်တွေက သူတို့ကျောင်း မဟာဘုံကထိန်ပွဲမှာ ကျွန်ုပ်လာရင်း ကိုပြူးပြောပြခဲ့တဲ့ ဇာတ်ကြောင်းတွေပါ။

"အခုတော့ ကိုပြူးဒေါသ၊ သည်းညည်းမခံတဲ့စိတ်တွေ ရှိနေတုန်းပဲလားဗျ"

"အတော်လေးလျှော့လိုက်ပါပြီ ဆရာရယ်။ စိတ်ရှည်ရှည်ထားပါတယ်။ အသက်တွေလည်း ကြီးလာပြီ မဟုတ်လား။ တစ်ခါတစ်ခါတော့ ပြန်ပေါ်ချင်သား ဆရာရေ ဟဲ ဟဲ"

"သည်စိတ်တွေက လူကို ဒုက္ခပေးစေတယ်ဗျ။ ဒါနဲ့ နေပါဦး၊ ဖိုးသူတော်ကြီးပြောသွားတဲ့ ခင်ဗျားတို့လယ် အခြေအနေကကောဗျ"

"ကျိန်စာတိုက်ခဲ့တာ ဟုတ်မယ် ဆရာ။ ကျွန်တော်မယုံလို့ တစ်နှစ်ပိုလုပ်ခဲ့သေးတယ်။ ပင်လယ်ရေကြီးပြီး စပါးပင်တွေပျက်ကုန်တယ်။ သဘာဝဘေးဒဏ်ကြောင့်ဆိုပြီး နောက်နှစ် ဆက်လုပ်သေးတယ်။ အနီးအနားက လယ်တွေက ဘာမှမဖြစ်ဘဲ ကျွန်တော့်လယ်သာ ကျိုင်းကောင်တွေကျပြီး ပျက်ကုန်တယ် ဆရာ။ အရင်က တစ်ဧကကို တင်း (၇၀) လောက် ထွက်တဲ့လယ်က အခု တင်း (၃၀) လောက်ပဲရတော့ ကျွန်တော်ဖြုံလာပြီး အရှုံးခံပြီးရောင်းလိုက်ရတော့တာပဲဆရာ။ နောက်လည်း သားတွေရှင်ပြု၊ အဘိုးနှစ်ပတ်လည်ဆွမ်းကျွေးတိုင်း ဘိုးသူတော်တို့ မြေအဘိုးတို့ကို ခေါ်ပြီး အမျှပေးဝေနေပါတယ် ဆရာ"

"ဒါကောင်းတဲ့အလုပ်ပေါ့ ကိုပြူးရယ်"

*ကောင်းကျိုးလိုရာပြည့်ပါစေ*

မောင်လှယဉ် (မော်လမြိုင်)

www.burmeseclassic.com

# သစ္စာဝါဒီ-ဦးမြင့်အောင်

## လမိုင်းအကြောင်း သိကောင်းစရာ



မြန်မာစာပေတွင် လည်းကောင်း မြန်မာစကားတွင် လည်းကောင်း လမိုင်း ဟူသော ဝေါဟာရသည် အတန်အသင့် တွင်ကျယ်သောဝေါဟာရဖြစ်လေသည်။ အကြောင်းကိစ္စ လုပ်ငန်းဆောင်တာ အားလျော်စွာ လမိုင်းစီးသည်၊ လမိုင်း ကပ်သည် စသည်ဖြင့် ဆိုတတ်ကြသည်။

လမိုင်း ဟူသည် အဘယ်နည်းဆို လျှင်မူ ထိုဝေါဟာရ၏ အနက်အဓိပ္ပာယ် အသုံးအနှုန်းကို တိတိကျကျ ပြည့်ပြည့် စုံစုံသိသူ နည်းပါးပေလိမ့်မည်။ စာရေး သူကိုယ်တိုင်လည်း ပြည့်စုံတိကျစွာသိ လို၍ လက်လှမ်းမီသမျှ စာပေဗဟုသုတ ဖွေရှာကြည့်ရာ သိမှီသမျှကို စာရှုသူများ သုတပွားစေရန် တင်ပြလိုပါသည်။

**လမိုင်း ဟူသည်**

အင်းဝခေတ်ရဟန်းစာဆိုအကျော် ကန်တော်မင်းကျောင်းဆရာတော်ကြီး ၏ မေတ္တာစာတွင် လမိုင်း ဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ 'သူမွားသော အပြီးအစီးကို လိုသောသူသည် လမိုင်း ထားလေ၊ ကျီများစေ၊ စကားဆိုထွေ၊ လူ ကိုစေ၊ ပေးကမ်းများထွေ၊ နှံစပ်စေ' ဟူ၍ တွေ့ရှိ မှတ်သားဖူးပါသည်။ ဆရာတော် ၏ လမ်းညွှန်ဆုံးမချက်ကား အကြင်သူ သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာ တည်းဟူသော ချမ်းသာသုံးပါး စလုံးတို့ကို စံစားလိုလျှင် လူချမ်းသာ အတွက် စားနပ်ရိက္ခာစပါးများစွာကို ကျီအများ၌ သွင်းထားရလောက်အောင် လုပ်သားအများကို လယ်လုပ်စေရမည်။ စကားဆိုသောအခါတွင်လည်း သူနာလို အောင် သာယာနှစ်လိုဖွယ်ဆိုရမည်။ မိမိ၏လုပ်သား၊ ဆွေမျိုးဉာတိတို့အား လည်း အနှံ့အစပ်ပေးကမ်းမှု ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com

သော် လူချမ်းသာကို စံစားရမည်ဟု ညွှန်ပြမေတ္တာစကားဆိုထားခြင်း ဖြစ်ပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာတော်ပုံဝတ္ထုတွင်မူ လမိုင်း ဟူသော ဝေါဟာရအသုံးကို 'ရွှေတောင်မြို့ နမန်ပုတ်တန်းဆီက ဦးမင်းအား ဘိုးတော်ဘုရား အမရပူရမြို့ ရွှေနန်းတော်ကြီးကို ထိမ်းမိ ဘက်မနှုန်းသာဘူး' ချီသည့် အဋ္ဌိရတ်ထိုးခြင်း၏ အကြောင်းအရာ လေးချိုးတစ်ပုဒ်ကို ရေးဆက်သည့်အတွက် စာဆိုတော်မင်းထင်သက်ရှည် ဘွဲ့နှင့် ရွှေနန်းရိုးလမိုင်းလယ်တော်ဝယ် (၅၀) ထွက်သင့်စပါးတော်တင်းရေ (၁၀၀၀) ပေးသနားဖူးကြောင်း မှတ်သားရပါသည်။

မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေသော မြန်မာ - အင်္ဂလိပ်အဘိဓာန်တွင်မူ -

**လမိုင်း၁** /**Lamain**/ *n.* 1. *paddy land belonging to the royalty.* 2. *cultivators working on such paddy land.* 3. *gardian. နတ် to be propitiated for success in caltivation, hunting and performing arts.*

**လမိုင်းကပ်** /**Lamain: ka'**/ *v.1. (of an undertaking) proceed well; gain momentum.* 2. *be appropriate, suitable, compatible (often used in the negative sense)*

**လမိုင်းနပ်** /**Lamain: na'**/ *n. same as* လမိုင်း. *n. 3.*

**လမိုင်း** /**Lamain**/ *n. first generation ratoon (of sugar-cane)*

ဟူ၍ စုံလင်စွာ ပြဆိုထားသည်ကို တွေ့ရပါသည်။

ဦးအုန်းရွှေ၏ သတ်ပုံအဘိဓာန်မိတ်လင်စုံ၌မူ 'ဘုရင့်လယ်တော်ကို လမိုင်းဟု ခေါ်၏။ ယင်းလမိုင်းကို လုပ်သောအစု၊ အလွန်တရာ ကြမ်းကြုတ်သည့်အမှုထမ်းသားတစ်စု' ဟူ၍ ပြဆိုထားပါသည်။

သို့ဆိုလျှင် လမိုင်း ဟူသည်ကား လယ်လုပ်သားကိုခေါ်သော စကားတည်း။ လယ်ကိုင်းအောင် ပြုလုပ်သူတည်း (ဝါ) လယ်ကို မှိုင်းသောသူတည်း။ လယ်ကို မှိုင်းသောသူဖြစ်သဖြင့် 'လမှိုင်း'ဆိုရာတွင် ကာလရွေ့လျော့ရာ ဟာထိုးသံပျောက်၍ 'လမိုင်း' ဟု ဖြစ်လာသည်။ 'လည်းကောင်း'ကို 'လကောင်း' ဟု ရွတ်ဖတ်သကဲ့သို့တည်း။ 'မှိုင်း' ဆိုသည်ကား မပျက်မစီး မတိမ်းမစောင်း များများကဲကဲ တည်မြဲအောင်ပြုခြင်းကို ဆိုသည်။ ထို့ကြောင့် 'သိကြားဒေဝါ ကူညီဝိုင်းလို့ မှိုင်းမတော်မူပါ' ဟု ဆိုကြသည်။

ဇာတိပုညဂုဏ်မာနနှင့် ကိုယ်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် ရပ်တည်ခဲ့သော ရှေးမြန်မာဧကရာဇ်မင်းမြတ်တို့ လက်ထက်တော်ကာလအုပ်ချုပ်ပုံတွင် အပိုင်း(၂)ပိုင်းထား၍ အုပ်ချုပ်ခဲ့သည်။ ထိုတွင် (၁) ရိုးရာဖြစ်သော အမွေခံအရာရှိများ၊ ပုံစံဆိုရသော် ဘုရင်မှစ၍ စော်ဘွား၊ သူကြီးစသည်တို့သည် အစဉ်အလာအတိုင်းဆက်ခံရသည်။ (၂) ရိုးရာမဟုတ်သောသူတို့ကား အစဉ်အလာအတိုင်းမဟုတ်သော်လည်း ပညာအရည်အချင်းပေါ် မူတည်၍ အမှုထမ်းဆောင်ရသည်။ ပညာအရည်အချင်းမဲ့မူ အဘ၏ အရိုက်အရာကို မခံယူနိုင်။ ပညာအရည်အချင်းပြည့်ဝမှုက နိမ့်ကျသော အသည်သားပင် ဖြစ်သော်လည်း ဝန်ကြီးပင်ဖြစ်နိုင်သည်။ သာဓကအားဖြင့် ဝန်ဇင်းဘိုးရာဇာသည် အသည်မျိုးပင် ဖြစ်သော်လည်း ပညာအရည်အချင်းပြည့်ဝသူပညာရှိဖြစ်၍ အထွတ်အထိပ်ရောက်သူဖြစ်ခဲ့လေသည်။ ထို့အတူ ပညာအရည်အချင်းအားလျော်စွာ လွှတ်တော်ဝန်ကြီးများ၊ အရာရှိများ၊ ဗြဲတိုက်အရာရှိများ၊ တရားရုံးအရာရှိများ၊ တပယင်းဝန်၊ အလုံဝန် စသည်ဖြင့် အမှုထမ်းများအဖြစ် အစုအငန်းအသီးသီးထား၍လည်း အုပ်ချုပ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရသိရပါသည်။

ငင်းပြင် ဆင်စု၊ မြင်းစု၊ လေးဆယ်တော်စု၊ ငါးဆယ်တော်စု၊ လမိုင်းအစု၊ အသည်၊ အလာ၊ ကပ်ပါး ဟူ၍ ပိုင်းခြားပြီး ထိုအစုအငန်းအသီးသီးတို့အား မိမိတို့နယ်နှင့်တကွ သတ်မှတ်ထားရှိရာ ထိုနယ်တွင် ပါဝင်သူ မွေးစကလေးမှ သူအိုများအထိ အားလုံးစာရင်းတွင် ပါရှိရပါသည်။

ဤ၌ ဆင်စုတွင် ပါဝင်သော စာရင်းပါအားလုံးသည် ဆင်တပ်သားဖြစ်ရပြီး မြင်းတပ်လည်း ဤအတိုင်းပင် ဖြစ်၍ ထို့အတူပင် လမိုင်းအစုတွင် ပါဝင်သော နယ်သားအပေါင်းသည်လည်း အစဉ်အဆက် လမိုင်းသာလျှင် ဖြစ်ရလေသည်။

## လမိုင်းစုများ

လမိုင်းစုများမှာ ရွှေနန်းရိုးလမိုင်း၊ ထီးစဉ်မင်းဆက်မင်းဧကရာဇ်တို့ သီးခြားပိုင် အရာတော်လယ်မြေမှ နန်းမတက်မီမင်းသားအဖြစ်၌ အမွေတော်ရလယ်မြေများ ဖြစ်သည်။ ထိုလယ်မြေတို့တွင် ရွှေနန်းရိုးလယ်မြေနှင့် အောင်ပင်လယ် လယ်မြေလမိုင်းနှစ်ရပ်တို့ကို ရွှေနန်းရိုးလမိုင်းဝန်က သီးခြားအုပ်ချုပ်စီမံရသည်။

ဘုရင်မင်းမြတ်တို့၏ မင်္ဂလာလယ်တော်လမိုင်းတွင် ပါဝင်သော နယ်မြေများမှာ ငစဉ့်ကူးမြို့နယ်၊ ခူလယ်ရွာ၊ မြောက်ရွာသစ်၊ သီလရွာ၊ ဒိုးပင်ကုန်းရွာ၊ ညောင်ပင်ပုရွာ၊ တောင်ကုန်းရွာ၊ ကိုင်းတောရွာ၊ ရွာသစ်ကလေး၊ ခန်းပတ်ရွာ၊ မြို့တင်ရွာတို့ကို လယ်ယာတော်လမိုင်းဟု လည်းကောင်း၊ နန္ဒာတောင်ရွာ၊ နန္ဒာမြောက်ရွာများကို လက်ဝဲတော်လမိုင်းဟူ၍ သတ်မှတ်၍ ယင်းနှစ်ရပ်ကို ပုဂံပြည် ထီးနန်းစိုက်စဉ်အခါကာလ ဝမ်းတော်ပြည့်လယ်လုပ်သားဟုတွင်ခဲ့သည်။ လမိုင်းအစုသားများမှာ မြန်မာလူမျိုးချည်းသာ ဖြစ်ခဲ့ကြလေသည်။

နောင် မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်၌ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင် ကသည်းပြည်မဏိပူရကို တိုက်ခိုက် အောင်မြင်ရာ လက်ရသုံ့ပန်း ကသည်းလူမျိုးများကို လက်ဝဲတော်၊ လက်ယာတော်လမိုင်းအစုတွင်ဖြည့်၍ လယ်တော်၊ ယာတော်များကို လုပ်ကိုင်စေခဲ့လေသည်။

## လမိုင်းသားတို့အခွင့်အရေး

ဘုရင်လယ်တော်ကို လုပ်ကိုင်ရသော လမိုင်းသားအစုတို့က လယ်ယာထွက် စပါးတင်း (၁၀၀) တွင် ဘုရင်အတွက် (၁၃) တင်း (၁) စိတ်ပေးဆက်ရပြီး ကျန်စပါး (၈၆) တင်းလျော့လျော့ကို လုပ်သားက စားကြရလေသည်။ လမိုင်းဝန်သည် ဘုရင်၏ မင်္ဂလာလယ်



www.burmeseclassic.com

www.burmeseclassic.com

တော်လမိုင်းနှင့် လက်ဝဲတော်၊ လက်ယာတော် လမိုင်းကျေးရွာများမှ စပါးတော်ဟူသမျှကို သုတ်မှတ်အချိန်၊ နေ့၊ ရက်မကျူးလွန်စေရဘဲ ရိတ်သိမ်း၍ ရွှေမြို့တော် မြောက်မျက်နှာမြို့ရိုးအတွင်းရှိ စပါးတစ်သိန်းစီဝင်ဆံ့သော မစိုးရိမ်၊ မကြောင့်ကြ၊ မတောင့်တ၊ ခန့်တိုင်းရဟူသော ဘုရင့်စပါးကျီတော်ကြီးများသို့ ဆက်သွင်းရလေသည်။

ယခုအခါ မန္တလေးမြို့ အရှေ့မြောက် မတ္တရာမြို့ အရှေ့တောင်ယွန်းယွန်းတွင် လမိုင်းကြီးရွာကို တွေ့နိုင်ပါသည်။ ထို့အတူ စဉ့်ကူနယ် တောင်ဘက်တွင်လည်း လမိုင်းကြီး၊ လမိုင်းငယ်ရွာများရှိပြီး အောင်ပင်လယ် သရက်ကုန်းရွာအနီး၌ လမိုင်းလယ်တော် (၂) ဧကအကျယ်ရှိလေသည်။

ပဉ္စမသင်္ဂါယနာတင် ရတနာပုံ မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် အစုအငန်းအမျိုးမျိုးကိုပြသော ပုရပိုက်တွင် လမိုင်းစုတို့ကို ပြဆိုရာ၌ -

| | |
|---|---|
| ရွှေနန်းရိုးလမိုင်း | ၆၃၃ |
| အောင်ပင်လယ်လမိုင်း | ၁၁၃၀ |
| ငစဉ့်ကူးလမိုင်း | ၂၀၀ |
| နတ်ရှင်စက်မီး | ၃၁၀ |
| အသျှင်နန်းမတော်ဘုရားလမိုင်း | ၄၀ |
| ဝှင်းလယ်တော်လုပ် | ၂၃၄ |
| ပေါင်း | ၂၅၄၇ |

### လမိုင်းနတ် ဟူသည်

လမိုင်းသားတို့ အစဉ်အလာအားဖြင့် အားထားပူဇော်မှုပြုသော နတ်ကား လမိုင်းနတ်ပင် ဖြစ်ပါသည်။ လမိုင်းနတ်ဟူသည် အာဒိကပ္ပကမ္ဘာဦးကျမ်းလာ သီဒန္တရသမုဒ္ဒရာရေအလျဉ်၌ အမြဲနေပြီး ကာလ လူတို့ကို စောင့်မကြည့်ရှုတတ်သော နတ်(၁၂)ပါးတွင် အဝင်အပါဖြစ်သော နတ်တစ်ပါး ဖြစ်သည်။ ထိုနတ်သည် 'လူတွင်စောင့်ကြပ်၊ ဆယ်ကျော်နတ်'တွင် ပါဝင်သော ပုဗ္ဗကြယ်နတ် (ဖုသျှကြယ်) ပုန်းမကြည်နတ်ပင် ဖြစ်သည်။ နက္ခတ်ဗေဒင်ကျမ်းများအလိုအရ ပုဗ္ဗကြယ်သည် တပေါင်းလအခါတွင် တစ်စုံတစ်ခုသောအပင်၌ ဝပ်၍ဩဇာအဆီအနှစ်တည်ရာ ထိုအပင်ကို လယ်တွင် စိုက်သော် ဩဇာဓာတ်သည် ထက်ဝန်းကျင်ပျံ့နှံ့၍ အပင်၊ အသီး၊ အပွင့်တို့ကို သန်စွမ်းကြောင်း၊ ရှေးသူဟောင်းတို့သည် ထိုပုဗ္ဗကြယ်ကို အလေးအမြတ် ပုဂ္ဂလဝိသေသပြုလျက် နတ်နေသည်ဟု ဆိုစမှတ်ပြုကြကြောင်း၊ ထိုပုဗ္ဗကြယ်နတ်ကို ကာလရွေ့လျော၍ ပုန်းမကြည်နတ်ဟု ခေါ်ဝေါ်ကြောင်း၊ ပုဗ္ဗကြယ်နတ်သည် လူတို့လုပ်သော လယ်ယာစပါး၊ အပင်၊ အပွင့်၊ အသီး ပွားများကောင်းမွန်အောင် စောင့်ရှောက်မ,စ၏ ဟု ပြဆိုထားပါသည်။ ထိုပုန်းမကြည်နတ်သည် ကာဠီယက္ခိနီဘီလူးမဖြစ်ပြီး ဓမ္မပဒဝတ္ထုတော်များ၌ နတ်ဘီလူးမ၏ အကြောင်းကို ဤသို့ ပြဆိုထားပါသည်။

### ကာဠီဘီလူးမဝတ္ထု

လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်အခါက သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘဝများစွာသံသရာ၌ တစ်ဦးပေါ် တစ်ဦး ရန်ငြိုးထားကာ ဖျက်ဆီးခဲ့ကြသော အမျိုးသမီးနှစ်ယောက်ကို



အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်။

သူကြွယ်မိသားစုတစ်စုတွင် ဖခင်ကွယ်လွန်ပြီးနောက် သားဖြစ်သူသည် လုပ်ငန်းဆောင်တာအဝဝကိုရွက်ဆောင်လုပ်ကိုင်လျက် မိခင်အိုကြီးကို ရိုသေစွာပြုစုလုပ်ကျွေးနေရာ သားဖြစ်သူ ပင်ပန်းလှသည်ကို မကြည့်ရက်သော မိခင်အိုကြီးသည် သားဖြစ်သူ နှစ်သက်သော အမျိုးသမီးတစ်ယောက်နှင့်ထိမ်းမြားပေးခဲ့သည်။

သို့ရာတွင် ထိုအမျိုးသမီးသည် သားသမီးမရနိုင်သော အမြုံမဖြစ်နေသဖြင့် အမျိုးအနွယ်မပြတ်စေရန် မိခင်ကြီးက သားအား အခြားအမျိုးသမီးတစ်ယောက်ကို ရှာဖွေမည်ပြုရာ အမြုံမိန်းမသည် သူကိုယ်တိုင် ရှာဖွေပေးပါရစေဆိုပြီးလျှင် သူ့သဘောကျ မိန်းမတစ်ယောက်နှင့် လင်ဖြစ်သူကို လက်ထပ်ပေးခဲ့သည်။

ထို့နောက်တွင် အမြုံမိန်းမသည် လင်ဖြစ်သူနှင့် မိမိရှာဖွေထိမ်းမြားပေးသော မိန်းမငယ်တို့ သားသမီးရမည်ကို စိုးရိမ်လာသည်။ ဤမိန်းမငယ်၌ သားသမီးတစ်ယောက်ရလာလျှင် သူသာလျှင် ဥစ္စာရှင် ဖြစ်ပေတော့မည်။ ကလေးမ အောင်ပြုအံ့ဟု ကြံစည်လေတော့သည်။ ထို့ကြောင့် မယားငယ်က မိမိ၌ကိုယ်ဝ တည်ကြောင်းပြောသောအခါ အမြုံ မယားကြီးသည် အစားအသောက်ထဲ တွင် ကိုယ်ဝန်ပျက်ဆေးထည့်၍ ကျွေး မွေးရာ မယားငယ်ခမျာ ကိုယ်ဝန်နှစ် ကြိမ်ပျက်ကျကာ ကြီးစွာ ဒုက္ခခံခဲ့ရ သည်။ မယားကြီး၏ လက်ချက်မှန်း ... လျှင် မယားငယ်သည် တတိယကိုယ်ဝ တည်လာသောအခါ မယားကြီးအား မပြောဘဲ နေလေတော့သည်။

ဤသို့ဖြင့် ရက်၊ လကြာသော် မယားငယ်၏ကိုယ်ဝန် ရင့်မာဖောင်း ပြည့်လာသည်ကို မြင်ရသော အမြုံ မယားကြီးသည် မယားငယ်အား -

"သင်၌ ကိုယ်ဝန်တည်သည်ကို အဘယ့်ကြောင့် ငါ့အားမပြောသနည်း"

ဟု ဆိုလျှင် မယားငယ်က -

"သင်သည် ငါ၏ကိုယ်ဝန်ကို နှစ် ကြိမ်တိုင် ပျက်အောင်ပြုခဲ့၏။ အဘယ့် ကြောင့် သင့်အားပြောရမည်နည်း"

ဟု ဆိုလေသည်။

ထိုအခါ အမြုံမ မယားကြီးသည် မယားငယ်မေ့လျော့ချိန်၌ အခွင့်သော ကာ အစာ၌ ကိုယ်ဝန်ပျက်ဆေးကိုထည့်

www.burmeseclassic.com

လိုက်လေသည်။မယားငယ်မှာ ကိုယ် ရင့်မာနေပြီဖြစ်၍ဖျက်မကျဘဲ သန္ဓေ ကန့်လန့်ကျကာ ပြင်းထန်သော ဒနာကို မချိမဆံ့ခံစားရလျက် သေခါ တွင် -

"ငါသည် သေရတော့မည်။ သင် သည် ငါ၏ကိုယ်ဝန်ကို သုံးကြိမ်တိုင် ဖျက်ဆီးခဲ့သည်။ ငါသည် ဤဘဝမှသေ လွန်သော် ဘဝဆက်တိုင်းသင်မွေးသော သားငယ်တို့ကို စားနိုင်ရပါစေ"

ဟု ဆုတောင်း၍ မြုံမမယားကြီး အား အငြိုးကြီးစွာဖြင့် သေလွန်ခဲ့ရှာလေ သည်။

သေပြီးနောက် ထိုအိမ်တွင် ကြောင်မဖြစ်ခဲ့ပြီး မိန်းမမြုံမမယားကြီး လည်း သူကြွယ်က ထောင်းထုရိုက်ပုတ် သောဒဏ်ဖြင့် သေဆုံးခဲ့ပြီး ထိုအိမ်မှာ ပင် ကြက်မဖြစ်ခဲ့လေသည်။

ကြက်မက ဥများဥသောအခါ ကြောင်မက ဥများကို လာစားသည်။ သုံးကြိမ်၊ သုံးကြိမ်စားပြီးနောက် ကြက်မ လည်း ထိုဘဝမှသေလွန်ခါနီးတွင် -

"ငါသည် ဤဘဝမှသေလွန်သော် ဤကြောင်မကို သားသမီးများနှင့်အတူ တကွ စားရပါလို၏"

ဟု အငြိုးကြီးစွာ ဆုတောင်းပြီး သေလွန်သော် နောက်ဘဝတွင် တော၌ သစ်မ ဖြစ်ခဲ့သည်။ ကြောင်မသည် သမင်မ ဖြစ်လာ၏။ သမင်မ သားဖွား သောအခါ သစ်မသည် သုံးကြိမ်တိုင် လာစားခဲ့သည်။ သမင်မလည်း သေခါနီး တွင်-

"ငါသည် ဤဘဝမှသေလွန်သော် ဤသစ်မအား သားသမီးများနှင့်တကွ စားရပါလို၏"

ဟု ဆုတောင်းကာ နောက်ဘဝ၌ ကာဠီယက္ခိနီခေါ် ဘီလူးမဖြစ်လာခဲ့ပြီး သစ်မသည်လည်း ထိုဘဝမှ သေလွန်ပြီး နောက် သာဝတ္ထိမြို့တော်၌ အမျိုးသမီး တစ်ယောက် ဖြစ်လာခဲ့လေသည်။

ထိုအမျိုးသမီးအရွယ်ရောက်သော အခါ အမျိုးသားတစ်ဦးနှင့် အိမ်ထောင် ကျကာ လင်အိမ်သို့ လိုက်ပါခဲ့ရသည်။ ကိုယ်ဝန်ဆောင်၍ ကလေးငယ်မွေးဖွား သောအခါ ဘီလူးမသည် သူငယ်ချင်း အယောင်ဆောင်ကာ အခန်းတွင်းဝင် ရောက်လာပြီး မွေးကင်းစကလေးငယ် ကို ရက်စက်စွာ ကိုက်သတ်စားခဲ့၏။ နောက်တစ်ယောက် ဖွားမြင်သောအခါ လည်း လာစားပြန်သည်။ တတိယအ ကြိမ် ကိုယ်ဝန်ရှိ၍ ရင့်လာသောအခါ တွင် အမျိုးသမီးသည် လင်ကိုခွင့်တောင်း ၍ မိဘအိမ်သို့ ပြောင်းရွှေ့နေပြီး သား ငယ်ကို ဘေးကင်းစွာမွေးဖွားခဲ့လေသည်။

ထိုအခါ ဘီလူးမသည် ဝေဿ ဝဏ်နတ်မင်းကြီးအတွက် ရေပို့ရန် အလှည့်ကျနေရာ အလှည့်မှလွတ်လျှင် လွတ်ချင်း အမျိုးသမီးအိမ်သို့ အလျင် အမြန်လာခဲ့ရာ အမျိုးသမီးကို မတွေ့၍ သာဝတ္ထိမြို့တွင်း ပြေးဝင်ရှာဖွေသည်။

ထိုစဉ်တွင် အမျိုးသမီးသည် သား ငယ်ကလေးကို ယုယပိုက်ထွေးလျက် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်အနီး ရေကန် ပေါင်ပေါ်တွင် သားငယ်ကို နို့ချိုတိုက် ကျွေးလျက်ရှိသည်။ လင်ဖြစ်သူသည် လည်း ရေကန်ထဲ၌ ရေချိုးလျက်ရှိ သည်။ အမျိုးသမီးသည် ဘီလူးမပြေး လာသည်ကို အဝေးမှလှမ်းမြင်လိုက်ရာ လင်ကိုအော်ပြောလျက် ကလေးကိုချီ လျက် ထိတ်လန့်စွာဖြင့် ဇေတဝန် ကျောင်းတော်တွင်း ပြေးဝင်ခဲ့သည်။

ထိုအချိန်တွင် မြတ်စွာဘုရား သခင်သည် ပရိသတ်အလယ်၌ တရား ဟောတော်မူလျက်ရှိရာ အမျိုးသမီးသည် ဘုရားရှင်ရှေ့မှောက်ပြေးလျက် သား ငယ်ကို ဘုရားရှင်၏ ခြေဖမိုးထက်တွင် သိပ်ကာ -

"တပည့်တော်မ၏သားငယ်အား အသက်ပေးတော်မူပါ"

ဟု လျှောက်ထားလေသည်။

သားငယ်ကိုစားရန် အပြေးအ လွှားလိုက်လာခဲ့သော ဘီလူးမသည် ဇေတဝန်ကျောင်းတော်တွင်းမဝင်ရောက် ရန် သုမနတံခါးစောင့်နတ်က တား၍ အပြင်မှာပင်နေရလေတော့သည်။

မြတ်စွာဘုရားရှင်သည် အရှင် အာနန္ဒာမထေရ်အား ဘီလူးမကို ရှေ့ တော်မှောက်ခေါ်စေပြီးလျှင် အဘယ် ကြောင့် ဤသို့ပြုလေသနည်း။ ငါဘုရား ၏ ရှေ့တော်မှောက်ရောက်ခွင့်မရလျှင် သင်တို့သည် မဆုံးနိုင်သော ရန်ဘက် များဖြစ်လတ္တံ့ဟုမိန့်ကြားတော်မူပြီးလျှင် ဒေသနာတော်ကို ဟောကြားတော်မူရာ အဆုံးတွင် ဘီလူးမသည် သောတာပတ္တိ ဖိုလ်၌ တည်လေသည်။

ဘုရားရှင်၏မိန့်ကြားတော်မူချက် ဖြင့် အမျိုးသမီးသည် ဘီလူးမကို မိမိ အိမ်သို့ ခေါ်ထားပြီးလျှင် ယာဂုနှင့် ထမင်းများကို အဦးအဖျားပေးကျွေး၍ အလေးအစားပြုသည်။ သို့ရာတွင် ဘီလူးမသည် အနှောင့်အယှက်များ တွေ့ရသဖြင့် အိမ်ပတ်ဝန်းကျင်၌ မနေ နိုင်သောကြောင့် ဆိတ်ငြိမ်ရာ ရွာပြင် အရပ်သို့ ပို့ဆောင်ထားရပြီးလျှင် ထိုနေ ရာသို့ ယာဂုနှင့် ထမင်းများကို ပို့ဆောင် ပေးရလေသည်။

ဘီလူးမလည်း ကျေးဇူးဆပ်သော အားဖြင့် အဆွေခင်ပွန်းဖြစ်သော အမျိုး သမီးအား ဤနှစ်မိုးကောင်းအံ့။ ကုန်းကျ ရာတွင် ကောက်ပဲသီးနှံတို့ကို စိုက်ပျိုး လော့ဟူ၍လည်းကောင်း၊ ဤနှစ်မိုးနည်း အံ့။ ချိုင့်ကျရာ၌ စိုက်ပျိုးလော့ ဟူ၍ ပြောပြလေသည်။ ဘီလူးမစကားကို နား ထောင်၍ စိုက်ပျိုးရာ မိုးကြီး၊ မိုးနည်း သည့်အခါ စိုက်ပျိုးရာမြေ မမှန်သော ကြောင့် အခြားသူတို့ သီးနှံများပျက် သော်လည်း အမျိုးသမီး၏ လယ်မြေတို့ ကား မပျက်မစီး။ သီးနှံများ အောင်မြင် ဖြစ်ထွန်းလေသည်။ အခြားသူများက အမျိုးသမီးကို မေးမြန်းကြရာတွင် ဘီလူးမက စောင့်ရှောက်ကြောင်း ပြော ပြလေရာ တောင်သူလယ်သမားတို့ လည်း ဘီလူးမအား ယာဂုနှင့် ထမင်း များကို ဦးဦးဖျားဖျား ပေးကမ်းပူဇော် ကြလျှင် ဘီလူးမကလည်း ပူဇော်ပသ သူတို့အား လယ်ယာလုပ်ငန်းအောင်မြင် ၍ သီးနှံများကောင်းမွန်စေရန် ကူညီမ,စ ပေးသောကြောင့် ကာဠီယက္ခိနီဘီလူးမ အား ပူဇော်ပ,သသည့် အစဉ်အလာ ဖြစ်ခဲ့လေသည်။

သို့ဖြစ်၍ လမိုင်း ဟူသည် ဘုရင့် လယ်တော်ကို ခေါ်ဝေါ်ခြင်းဖြစ်၍ လမိုင်းသားဟူသည် ဘုရင့်လယ်တော် ကို စိုက်ပျိုးလုပ်ကိုင်ရသော လယ်ယာ လုပ်သားတို့ကို ခေါ်ဝေါ်ခြင်းဖြစ်ပြီး လမိုင်းနတ်ဟူသည်ကား ပုဗ္ဗကြွယ်နတ် ခေါ် ကာဠီယက္ခိနီဘီလူးမ သောတာပန် နတ်ဖြစ်၍ ပုန်းမကြည်နတ်ဟူ၍လည်း ခေါ်တွင်ကြောင်းနှင့် ကာလဒေသအား လျော်စွာ လမိုင်းပူဇော်မှုများလည်း ရှိ ကြောင်းအားဖြင့် လမိုင်းအကြောင်း သိ ကောင်းစရာအဖြစ် တင်ပြအပ်ပါသည်။

သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -


၁။ ဓမ္မပဒဒေသနာနှင့် ဝတ္ထုတော် များ - မာဃဝပြုစုသည်

၂။ ယဉ်ကျေးမှုအထိမ်းအမှတ်များ- တိုက်စိုး

၃။ မန်းရာပြည့်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

မှုခင်းတစ်ရပ်ဖြစ်လာပြီ ဆိုလျှင် လက်သည်တရားခံအစစ်အား စနစ်တကျ ဖော်ထုတ်နိုင်ရန် အရေးကြီးလှသည်။ ယင်းသို့ ဖော်ထုတ်နိုင်ရန်မှာ အမှုသွားအမှုလာအပေါ် အခြေခံလျက် အမှုဖြစ်စဉ်ထက် ပြစ်မှုကျူးလွန်ရသည့် အကြောင်းနောက်ခံ (Motive) ကို မှန်ကန်တိကျစွာ ကောက်ချက်ဆွဲနိုင်ဖို့ ပို၍ အရေးကြီးလေသည်။

လူသတ်မှုတစ်ခုတွင် သေသူအား တရားခံက သူကိုယ်တိုင်သတ်မိပါသည်ဟု ဝန်ခံဖြောင့်ချက်လာပေးရုံဖြင့် တရားရုံးတော်က ထိုသူအား ချက်ချင်းပြစ်ဒဏ်ချမှတ်၍ရသည်မဟုတ်ပေ။ ထိုတရားခံဆိုသူတွင် သေသူအပေါ် အသက်သေအောင် လုပ်ကြံသတ်ဖြတ်စေနိုင်သည့် အကြောင်းနောက်ခံ အမှန်တကယ် ရှိ၊ မရှိ စုံစမ်းစစ်ဆေးပြီးမှသာ စီရင်ဆုံးဖြတ်လေ့ရှိ၏။

အဘယ်ကြောင့်ဆိုသော် -

အစော်ကားခံရသောသမီးက လူသတ်ခဲ့မိပြီးမှ ဖခင်အား ပြေးပြောရာ ဖခင်ဖြစ်သူက သေသူ၏ ရင်ဝက သတ်သေခံဓားကို နုတ်ယူကာ ထိုဓားဖြင့် သူကိုယ်တိုင်သတ်ခဲ့ပါသည်ဟု ရုံးတော်ရှေ့၌ သမီးကိုယ်စား လာဝန်ခံဖြောင့်ချက်ပေးသည့်အမှုမျိုးရှိခဲ့၍ပင်။

အမှုသွားအမှုလာအရ ဖခင်ဖြစ်သူမှာ သေသူအားသတ်ပစ်နေနိုင်သော အကြောင်းနောက်ခံမရှိသဖြင့် အခင်းဖြစ်နေရာကို စစ်ဆေးသောအခါ သေသူအနီးတွင် သမီးဖြစ်သူ၏ ဖိနပ်တစ်ဖက်ကျွတ်ကျန်ရစ်ခဲ့သည်ကို တွေ့ရှိ၍ စစ်ဆေးရာမှ အမှုမှန်ပေါ်ပေါက်လာသည် ရှိခဲ့၍လည်း ဖြစ်၏။

လူသတ်ရသည့်အကြောင်းနောက်ခံ (Motive) ဆိုရာ၌ အမျိုးမျိုးရှိလေသည်။ တချို့က သေသူ၏ပစ္စည်းကို လိုချင်၍သတ်သည်။ တချို့က ကျောင်းတော်က ရန်ငြိုးရန်စကြောင့် သတ်၏။ တချို့ကမူ အရက်မူးပြီး စကားများရန်



အကျော်ဇောဆုံးလောကကမ္ဘာ့ထူးဆန်းသောဖြစ်ရပ်ဆန်းများ

# ပိတာမြဦး

ချစ်၍သတ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရာမှ လက်လွှန်ခြေလွန်ဖြစ်ကာသတ်သည်။ ထို့အတူ သူတစ်ပါးကိုယ်စား သတ်ပေးသော ကြေးစားလူသတ်သမားများကြောင့်လည်း မှုခင်းဖြစ်ပေါ်တတ်သေး၏။

ထို့ကြောင့်လည်း သက်ဆိုင်ရာ အမှုစစ်အရာရှိနှင့် တရားရုံးတော်က ဖြစ်မှုကျူးလွန်ရသည့်အကြောင်းနောက်ခံကို ဦးစွာရှာဖွေပြီးမှသာ စီရင်ဆုံးဖြတ်ထက်ကြ၏။

သို့တစေ -

ဗဟိုအကျဉ်းထောင်တစ်ခုတွင် ကျွန်ုပ်ကြုံတွေ့ခဲ့ရသော လူသတ်တရားခံတစ်ဦး၏ Motive မှာကား ထူးခြားဆန်းကြယ်လွန်းလှသည်။ အံ့ဩဖွယ်ကောင်းသည်မှာ ထိုတရားခံက တခြားသူများကဲ့သို့ လူသတ်ခဲ့သည်ကိုဘူးကွယ်ငြင်းဆိုခြင်းမရှိဘဲ ဝန်ခံဖြောင့်ချက်ပေးခဲ့ခြင်းပင်။ ထို့ထက်ပို၍ အံ့ဩစရာကောင်းသည်မှာ သူသတ်ခဲ့သူမှာ တခြားတစ်ပါးသောသူမဟုတ်ဘဲ သူနှစ်ပေါင်း (၃၀) ခန့် ပေါင်းသင်းနေထိုင်ခဲ့သော သူ့ဇနီးသည်ကိုယ်တိုင်ကိုဖြစ်နေခြင်းပါပေ။ ထို့ထက်ထို့ထက် ပို၍အံ့ဩစရာကောင်းသည်မှာကား ယင်းသို့ လူသတ်ခိုင်းသူမှာလည်း သေသူဇနီးသည်ကိုယ်တိုင်ဖြစ်နေခဲ့ခြင်းပင် ဖြစ်ပါလေတော့၏။

ကျွန်ုပ်၏ အကျဉ်းထောင်လုပ်သက်တစ်လျှောက် ထိုတစ်ကြိမ်သာ ကြုံဖူးသော ထိုမယုံကြည်နိုင်ဖွယ်၊ တုန်လှုပ်ချောက်ချားဖွယ် လူသတ်မှု၏ ဖြစ်ရပ်ဆန်းသည်ကား -

*

"ထောင်နံပါတ်"
"၇၈၇၈/မီ"
"နာမည်"
"ကျော်ထင်"
"အဖေနာမည်"
"ဦးလှကျော်"
"အသက်"
"၆၅ နှစ်"
"လူမျိုးနဲ့ ဘာသာ"





www.burmeseclassic.com

www.burmeseclassic.com

"မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ"
"အပြင်မှာဘာလုပ်စားလဲ"
"မှိုခို"
"ပညာအရည်အချင်း"
"ကိုးတန်းအောင်"
"ဘာမှုဖြစ်လဲ"
"လူသတ်မှု"

တစ်ခုသော နံနက်ခင်းတွင် ဖြစ်၏။ ကျွန်ုပ်သည် ထောင်ပုံစံ (၂၆) ခေါ် အချုပ်မှတ်ပုံတင်စာအုပ်ဖြင့် အချုပ်သားလူသစ်များကို တစ်ဦးချင်း စစ်ဆေးကြည့်ရှုနေခဲ့သည်။ အချုပ်ရုံးတာဝန်ခံ ထောင်မှူးက ရှေ့ကမေး၍ အချုပ်သားက နောက်ကလိုက်ဖြေဆိုနေခြင်း ဖြစ်၏။

အမှုပေါင်းများစွာအနက် ကျွန်ုပ်စိတ်အဝင်စားဆုံးမှာ လူသတ်မှု ဖြစ်၏။ ယခုလည်း လူသတ်မှုဆိုသဖြင့် ကျွန်ုပ်က စွဲဆိုထားသည့်ပုဒ်မကို ကြည့်လိုက်မိသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ) ဖြစ်နေသည်။

ဤပုဒ်မအရ တင်ကူးကြံရွယ်သော လူသတ်မှုဖြစ်၍ ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားလေသည်။

ကျွန်ုပ်က ရှေ့တည့်တည့်တွင် ခန္ဓာကိုယ်အပေါ်ပိုင်းဗလာကျင်းလျက် ပုံစံရပ်နေသော ဦးကျော်ထင် ဆိုသော အချုပ်သားအား ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ အသက်အားဖြင့် (၆၅) နှစ်ရှိပြီဆိုသော်လည်း သူ၏လက်မောင်းကြွက်သားများ သန်မာတောင့်တင်းကာ ရင်အုပ်နှစ်ဖက်မှာလည်း မို့မောက်တင်းရင်းစွာ တွေ့မြင်ရ၏။ ငယ်စဉ်က အချိန်အတော်ကြာ ကာယဗလလိုက်စားခဲ့ပုံပင်။

ဆံပင်က တိုတို၊ မဟာနဖူးပြင်နှင့် ဖြောင့်စင်းသောနှာတံ၊ မျဉ်းတစ်ကြောင်းလို ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းထူထူ၊ မေးရိုးကားကားနှင့် လေးထောင့်စပ်စပ်မျက်နှာကျတို့ ပေါင်းစပ်လိုက်ပါက ယောကျ်ားပီသပြီး အတော်အပေါင်းရအသင်းရခက်မည့်ဥပမိရုပ်ပိုင်ရှင် ဖြစ်ပုံရ၏။

အထူးခြားဆုံးမှာ သူ၏ အရည်တလက်လက်တောက်နေသောမျက်လုံးရွဲကြီးများဖြစ်၏။ ကျွန်ုပ်အားလှမ်းကြည့်နေသော သူ၏မျက်ဝန်းများမှာ အေးစက်မာကျောကာ သွေးအေးအေးဖြင့် ရက်စက်မည့်အရိပ်သဏ္ဌာန်များ ရောင်ပြန်ဟပ်နေသယောင်ထင်ရ၏။ အဆိုပါ အသွင်လက္ခဏာများကပင် လူသတ်မှုကျူးလွန်စေရန် တွန်းပို့ခဲ့လေသလား။

"ဒါနဲ့ ဦးကျော်ထင်၊ ခင်ဗျားကို စွပ်စွဲထားသလို အမှန်တကယ်ကော လူသတ်မှုကျူးလွန်ခဲ့မိသလား"

ကျွန်ုပ်ကဘက်လိုက်မှုမပါအောင် သတိထား၍ မေးမိသည်။ ဦးကျော်ထင်က ဖြူဖွေးသောသွားတန်းများပေါ်လာသည်အထိ မချိတင်ကဲလိုလို၊ မထေမဲ့မြင်လိုလို တစ်ချက်ပြုံးပြလိုက်ပြီးမှ -

"စွပ်စွဲထားတာမှန်ပါတယ်။ ကျွန်တော် တကယ်လူသတ်ခဲ့တာပါ ဆရာ"

ရင်ခေါင်းသံအောအောဖြင့်ပြောလိုက်သံကြောင့် ကျွန်ုပ်မှင်တက်မိသလိုဖြစ်သွားမိသည်။ ကျွန်ုပ်အတွေ့အကြုံအရ လူသတ်မှုကို အမှန်တကယ် ကျူးလွန်ခဲ့စေဦးတော့ သူသတ်မိခဲ့ပါသည်ဟု ဝန်ခံဖြောင့်ချက်ပေးသူကား မရှိသလောက်ရှားလှပေသည်။

"နေပါဦး၊ ရဲစခန်းမှာ ဒီအတိုင်း ဝန်ခံခဲ့သေးလား"

ကျွန်ုပ်က မကျေမချမ်းစိတ်ဖြင့် မေးမိသည်။

"ဒါပေါ့ ဆရာ၊ အဲဒီအတိုင်းပဲ ဝန်ခံခဲ့တာပေါ့"

သူက ဘာမှမဖြစ်သလို ခပ်ပေါ့ပေါ့ ဖြေသည်။

"ခင်ဗျားရှေ့နေကကော မငြင်းခိုင်းဘူးလားဗျ"

"ရှေ့နေပြောတာက ဒီလိုသာ ဆက်ဝန်ခံနေရင် သေဒဏ်ခံရနိုင်တယ်။



ဒါကြောင့် တရားရုံးကျရင် မသတ်ခဲ့တဲ့အကြောင်း ဘူးကွယ်ဖို့ အကြံပေးတာပေါ့"

"သူအကြံပေးတာ မှန်သားပဲ။ တရားရုံးကျရင် ခင်ဗျား ငြင်းဆိုမှာမဟုတ်လား"

ဦးကျော်ထင်က ခေါင်းကို တွင်တွင်ခါလျက်-

"ဟင့်အင်း - ကျွန်တော်ကတော့ တရားရုံးရှေ့ကျရင်လည်း ကျွန်တော် တကယ်သတ်ခဲ့တဲ့အကြောင်း ဝန်ခံထွက်ဆိုမှာပဲ ဆရာ"

"ဟင်"

ကျွန်ုပ် ဦးကျော်ထင် ဆိုသော အချုပ်သားအား တအံ့တဩ စူးစိုက်ကြည့်မိသည်။ ဝန်ခံလျှင်သေဒဏ်ကျနိုင်သည့် အမှုဖြစ်ပါလျက် ဆက်လက်ဝန်ခံထွက်ဆိုမည်ဆို၍ ကျွန်ုပ်မယုံနိုင်အောင် ဖြစ်မိသည်။ လူဆိုသည်မှာ သူတစ်ပါးအား မည်မျှရက်ရက်စက်စက်သတ်ဖြတ်ခဲ့စေကာမူ ကိုယ်သေရမည်ဆိုလျှင်ကား အကျောက်အကန်ငြင်းဆိုဘူးကွယ်တတ်စမြဲမဟုတ်ပါလား။

ခုတော့ ဦးကျော်ထင် ဆိုသူမှာ ထူးထူးဆန်းဆန်းဝန်ခံလျှင် သေဒဏ်ပေးခံရမည်ကိုသိပါလျက် ဘူးကွယ်ငြင်းဆိုခြင်း မရှိသည်ကိုကြည့်လျှင် ဒီလူစိတ်မမှန်သေးရဲ့လားဟု သံသယဝင်စရာဖြစ်လာ၏။

"ဒါနဲ့ နေပါဦးဗျ၊ သေဒဏ်ကျမယ်မှန်းသိရက်နဲ့ ဒီလောက်ထိမကွယ်မဝှက် ဝန်ခံဖြောင့်ချက်ပေးနေရအောင် ခင်ဗျားဘယ်သူ့ကိုသတ်ခဲ့မိလို့လဲဟင်"

ကျွန်ုပ်က မချင့်မရဲ မေးမိသည်။

ဦးကျော်ထင်က တဒင်္ဂတွေဝေသွားဟန်ပြုပြီးမှ -

"ဟို - ကျွန်တော့်ဇနီးသည်ကို သတ်ခဲ့တာပါ ဆရာ"

"ဗျာ - ဘယ်လို"

ကျွန်ုပ် နှုတ်ထွက်သံမှာ အတော်ကျယ်လောင်သွားမည်ထင်၏။ ကျွန်ုပ်နားကြားမှားသွားသည်တော့ မဟုတ်ထင်ရာ။ ကျွန်ုပ်မှာ အသက်ရှူရန်ပင်မေ့လျော့သွားကာ ဦးကျော်ထင်အား အလွန် ထူးဆန်းသော သတ္တဝါတစ်ကောင်အလား မျက်လုံးပြူးကြီးဖြင့် ငေးစိုက်ကြည့်နေမိသည်။

"ဘယ်လိုဗျ ဦးကျော်ထင်၊ ခင်ဗျားဇနီးသည်ကို ဟုတ်လား"

ကျွန်ုပ်က မယုံကြည်နိုင်သေးဘဲ မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ဆတ်ခနဲ ခေါင်းညိတ်ပြတာ-

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ဇနီးသည်ကို သတ်ခဲ့မိတာပါ"

ကျွန်ုပ်ရင်ထဲ နင့်ခနဲခံစားရကာ စိတ်မကောင်းစွာဖြင့် -

"ဖြစ်ရလေဗျာ။ ဒါနဲ့နေပါဦး၊ ကိုယ့်မိန်းမတစ်ယောက်လုံးကို အသေသတ်ရအောင် သူကဖောက်ပြန်နေလို့လား ဒါမှမဟုတ် ခင်ဗျားကပဲ မူးမူးနဲ့ နှိပ်စက်ရင်း လက်လွန်သွားခဲ့တာလားဆင်"

ဦးကျော်ထင်က နှုတ်ခမ်းထောင့်ရှုံ့တစ်ဖက်ကွေးညွတ်စွာပြုံးလျက် -

"ကျွန်တော့်မိန်းမက အိမ်ထောင်သက်တစ်လျှောက်လုံး ကျွန်တော့်အပေါ် အလွန်သစ္စာရှိခဲ့တဲ့သူပါ။ ကျွန်တော်ကလည်း မိန်းမကို နှိပ်စက်ဖို့နေနေသာသာ လက်ဖျားနဲ့တောင်တို့ဖူးတဲ့ကောင် မဟုတ်ပါဘူး ဆရာ"

"ဟုတ်လား၊ ဒါဖြင့်ဘာလို့ကိုယ့်မိန်းမကိုယ်သတ်ခဲ့ရတာလဲဗျ"

"အဲဒါက သူကိုယ်တိုင် သတ်ခိုင်းလို့ပါ ဆရာ"

"ဘာ"

"ဒီမှာ ဦးကျော်ထင်၊ အဓိပ္ပာယ်ရှိတဲ့စကားပြောစမ်းပါဗျာ။ လောကမှာ လူတွေတန်ဖိုးအထားဆုံးက ကိုယ့်အသက်ပဲ။ ဘယ်သူကသတ်ခိုင်းပါ့မလဲ။ ပြီးတော့ လူဆိုတာ သေရမှာထက် ကြောက်တာမရှိဘူးဗျ"

ဦးကျော်ထင်က ခေါင်းညိတ်ပြသည်။

"ဆရာပြောတာတွေမှန်ပါတယ်။ ကျွန်တော်ကလည်း တကယ်ဖြစ်ရပ်မှန်အတိုင်း ပြောပြတာပါ ဆရာ"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ်ညိတ်ပြကာ -

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်တော် ယုံကြည်အောင် ရှင်းပြစမ်းပါ။ ခင်ဗျားမိန်းမကဘာလို့အသတ်ခိုင်းရတာလဲဆိုတာ"

"ဟုတ်ကဲ့၊ ဆရာယုံကြည်အောင်ဆိုရင်တော့ ကျွန်တော်တို့လင်မယားအကြောင်း အစကနေပြောပြမှ ဖြစ်မယ်ထင်တယ်"

"အင်း - ဆိုပါဦး"

"ဒီလိုပါ ဆရာ။ ကျွန်တော်တို့ အိမ်ထောင်သက် အနှစ် (၂၀) ကျော်လို့ သမီးနှစ်ယောက်သာ အရွယ်ရောက်လာကြတယ်။ ကျွန်တော့်မိန်းမအပေါ် တစ်ခါမှမချစ်ခဲ့ဖူးဘူး"

"ဘာလို့မချစ်ခဲ့တာလဲ"

"သူက လှလည်း မလှဘူး၊ ချစ်စရာလည်းမကောင်းဘူး ဆရာ"

"ဒါဆို ဘာလို့သူနဲ့အိမ်ထောင်ပြုခဲ့သေးလဲ"

"နားနဲ့မနာဖဝါးနဲ့နာပါ ဆရာ။ ကျွန်တော်ငယ်ငယ်ကအတော်လေးပွေခဲ့မိတယ်။ မိန်းမရှုပ်ခဲ့တယ်ဆိုပါတော့။ အဲဒါ တစ်နေ့ မူးမူးနဲ့ ဒီမိန်းမကိုကျူးကျူးလွန်လွန်ဖြစ်မိရာက မတတ်သာလို့ လက်ထပ်ခဲ့ရတာပါ"

"ဒါဆို ဒီမိန်းမကို အစကတည်းက သေစေချင်နေခဲ့မှာပေါ့ ဟုတ်လား"

"အမှန်ပဲ ဆရာ၊ ဒါထက်ဆိုးတာက ကျွန်တော့်မိန်းမက မိဘချမ်းသာတော့ အမွေတွေအများကြီးရထားတာရှိတယ်"

"အင်း"

"ကျွန်တော်က သူ့ကိုမချစ်တဲ့အပြင် အသောက်အစားလည်းမလျှော့၊ အိမ်ထောင်ကျပြီးတာတောင် တခြားမိန်းမတွေနဲ့ ဆက်ရှုပ်နေသေးတာကြောင့် သူမကြာခဏပြောတဲ့စကားတစ်ခွန်းရှိတယ်ဆရာ"

"အဲဒါဘာတဲ့လဲဗျ"

"သူ့မိဘဆီက ရထားတဲ့ အမွေတွေကို မိဘမဲ့ဂေဟာမှာ လှူပစ်မယ်တဲ့၊ ကျွန်တော့်ကို တစ်ပြားမှမပေးဘူးတဲ့ ဆရာ"

"ဩော် - အင်း. . . အဲဒါကြောင့်လည်း ပိုပြီးသေစေချင်နေခဲ့မှာပေါ့"

"အမှန်ပါပဲ ဆရာ။ အဲဒါကြောင့်လည်း သူ့ကိုမချစ်တဲ့အပြင် အရမ်းကို မုန်းတီးနေခဲ့တာပေါ့ဗျာ"

"အင်း"

"ဒါပေမယ့် သူ့အသက် (၆၀) ပြည့်တဲ့နေ့ကစပြီး ကျွန်တော့်စိတ်တွေ ရုတ်တရက်အပြောင်းအလဲကြီးပြောင်းလဲသွားမိတယ်ဆရာ"

"ဘယ်လိုအပြောင်းလဲကြီးလဲ"

"ကျွန်တော့်မိန်းမကိုမုန်းနေရာက အရမ်းချစ်သွားမိတာပါပဲ"

"ဟ - အံ့သြစရာပါလား၊ အဲဒါ ဘာဖြစ်လို့လဲဗျ"

"သူ့မှာ သားအိမ်ခေါင်းကင်ဆာရောဂါစွဲလို့လာလို့ပါဆရာ"

"ဟင် - အဲဒါနဲ့ဘယ်လိုပတ်သက်လို့လဲ"

"အမှန်က ကျွန်တော့်မိန်းမ သားအိမ်ခေါင်းကင်ဆာဖြစ်ရတာက ကျွန်တော် မိန်းမရှုပ်ခဲ့တဲ့ဒဏ်ကို သူခံလိုက်ရတာပါဆရာ"

"အဲလိုလား"

"ဟုတ်ကဲ့ဆရာ၊ ဩော် - သူ့မှာ ငါ့ကြောင့် ဒီဝေဒနာဆိုးခံရတာပါလားလို့ တွေးမိပြီး သနားရာက ချစ်သွားမိခဲ့တာပါ။ နောက်ပြီးတော့လည်း သူ့ကို သေစေချင်တဲ့စိတ်တွေ ပြန်းခနဲပျောက်ကွယ်သွားပြီး သူ့အသက်ရှည်ရှည်နေရဖို့ပဲ ဆုတောင်းနေမိတယ်။ ဒါကြောင့်လည်း သူ့ဝေယျာဝစ္စမှန်သမျှ သမီးတွေတောင် မခိုင်းဘဲ ကျွန်တော်ကိုယ်တိုင် ဒိုင်ခံလုပ်ပေးခဲ့တယ် ဆရာ"

"အင်း - အမုန်းကြွေးတွေပြန်ဆပ်တဲ့သဘောပေါ့လေ။ ဩော်-ဒါနဲ့နေပါဦး၊ ဒါနဲ့တောင် မိန်းမက ဘာလို့ သူ့အသက်ကို သေအောင်သတ်ခိုင်းရတာလဲဗျ"

ကျွန်ုပ်စိတ်ထဲ မရှင်းမလင်းဖြစ်နေသည်ကို မေးမိသည်။

"ကင်ဆာကုထုံးဆိုတာ ဆရာလည်း ကြားဖူးမှာပါ။ ဆံပင်တွေအထွေးလိုက်ကျွတ်ကျပြီး လူကိုလည်း ယူပစ်သလို ချုံးကျသွားအောင်ခံစားရတဲ့ ဝေဒနာက သေမတတ်ပြင်းထန်တယ်လေ။ အဲဒါကြောင့် မိန်းမက ဆေးရုံခုတင်ပေါ်မှာ ကျွန်မ ဒီဝေဒနာတွေ မခံစားနိုင်တော့ဘူး။ ကျွန်မကို သတ်ပေးပါတော့လို့ ခဏခဏမြည်တမ်းတောင်းဆိုနေခဲ့တယ်ဆရာ"

"ဩော် - ဒီလိုကိုး"

ကျွန်ုပ် သဘောပေါက်သွား၍ ခေါင်းညိတ်ပြလိုက်၏။

"ဒါပေမယ့် ဆရာပဲ စဉ်းစားကြည့်လေ။ ဟိုတုန်းက သူ့ကိုမုန်းနေခဲ့ချိန်ကဆိုရင် သတ်မိမလားမသိပေမယ့် ခုတော့ သနားစိတ်နဲ့ အရမ်းချစ်နေမိမှတော့ မိန်းမကို ဘယ်သတ်ရက်ပါတော့မလဲ ဆရာ"

"ဒါနဲ့ စောစောက ပြောတော့ ခုအမှုမှာ ခင်ဗျားကိုယ်တိုင် မိန်းမကို သတ်ခဲ့မိတယ်ဆို၊ ရဲစခန်းမှာလည်း ဒီအတိုင်းဝန်ခံခဲ့ပြီး တရားရုံးရှေ့ကျရင်လည်း ဝန်ခံဖြောင့်ချက်ပေးမယ်ဆိုဗျ"

ဦးကျော်ထင်ခေါင်းညိတ်ပြသည်။

"မှန်ပါတယ် ဆရာ၊ ကျွန်တော့်မိန်းမကို သတ်တဲ့အကြောင်း ရဲဆီမှာလည်း ဝန်ခံခဲ့ပြီးပါပြီ။ တရားရုံးရှေ့ကျရင်လည်း ဝန်ခံဖြောင့်ပေးမှာပါ"

"ခင်ဗျားဗျာ၊ မိန်းမကို သနားပြီး အရမ်းချစ်ခဲ့ပါလျက်နဲ့ ဘယ်လိုကြောင့် သတ်ခဲ့ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ထင်က သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်ပြီး -

"အမှန်တော့ မိန်းမ ဝေဒနာမချိမဆံ့ခံစားနေရတာကို မကြည့်ရက်တော့ဘဲ သူ့ဆန္ဒအတိုင်း ချစ်လွန်းလို့ သတ်ပေးလိုက်မိတာပါ ဆရာ"

သြော် - ချစ်လွန်းလို့တဲ့လား ဦးကျော်ထင်ရယ်။ ကျွန်ုပ်ရင်ထဲ၌လည်း အမည်ဖော်ပြရန် ခက်ခဲသော ဝေဒနာတစ်ရပ်ခံစားနေရ၍ ရုတ်တရက်ပင် မပြောနိုင်သေး။

အတန်ငယ်ကြာမှ -

"အေးဗျာ၊ စိတ်မကောင်းတာတွေ ထားလိုက်ပါတော့။ ပြီးတာလည်း ပြီးခဲ့ပါပြီ။ ခုဟာက- တရားဥပဒေအရ ရင်ဆိုင်နေရတာလေ။ ခင်ဗျားဝန်ခံဖြောင့်ချက်မပေးရင် သေဒဏ်ကလွတ်နိုင်တဲ့ အခြေအနေပဲဗျ။ ခင်ဗျားလည်း သေမှာကြောက်တာပဲဟာ၊ ဘာဖြစ်လို့များ တစ်ချက်ကလေးတောင် မငြင်းဘဲ ဝန်ချည်းခံနေရတာလဲဟင်"

ကျွန်ုပ်မေးခွန်းကြောင့် ဦးကျော်ထင် ရင်ဘတ်ကိုလက်ဖြင့်ဖိပြီး တံတွေးတစ်ချက်မျိုချလိုက်ကာ -

"ကျွန်တော့်ဘဝမှာ ချစ်တဲ့သူမရှိတဲ့နောက်တော့ ဒီလောကမှာ အသက်ဆက်ရှင်နေလို့ ဘာအဓိပ္ပာယ်မှမရှိတော့ဘူးလေဆရာ။သေဒဏ်ကျမှပဲ ဒီဝေဒနာတွေ ချုပ်ငြိမ်းပြီး ခန္ဓာဝန်ဝဋ်ကြွေးဘဝကလည်း လွတ်မြောက်နိုင်မှာ မဟုတ်လား ဆရာ"

"အင်း"

"ပြီးတော့ မိန်းမသေပြီးမှ ကျွန်တော် အကြီးအကျယ် နောင်တသံဝေဂရသွားတာတစ်ခုရှိတယ်ဆရာ"

"ဘာများပါလိမ့်"

"သူ့မိဘရဲ့ အမွေတွေကို မိဘမဲ့ဂေဟာကို လှူပစ်ခဲ့မယ်လို့ တဖွဖွပြောနေခဲ့တဲ့မိန်းမက ခုတော့ အမွေတွေအားလုံးကို ဘဏ်မှာ ကျွန်တော့်နာမည်နဲ့လွှဲထားခဲ့တာကိုတွေ့လိုက်ရလို့ပါပဲ ဆရာ"

"ကြည့်ရတာ တစ်သက်လုံးမုန်းတီးနေခဲ့ပြီးမှ ခင်ဗျားကြောင့် သားအိမ်ခေါင်းကင်ဆာဝေဒနာအသည်းအသန်ခံစားသွားရတာကို သနားပြီး သူ့ကိုအရမ်းချစ်သွားပြီး ကိုယ်ဖိရင်ဖိပြုစုပေးခဲ့လို့ ထင်ပါရဲ့"

"ဒီလို အမွေတွေလွှဲပေးခဲ့လို့ပဲ ပိုနောင်တရမိပြီး ကျွန်တော့်သေချင်စိတ်ကို မီးထိုးပေးသလိုဖြစ်သွားတာပေါ့လေ။ အဲဒါကြောင့် ဒီအမွေတွေကို သမီးနှစ်ယောက်ကို အညီအမျှခွဲဝေပေးခဲ့ပြီးပြီ။ ကျွန်တော်တော့ တရားရုံးတော်မှာ ဖြောင့်ချက်ပေးပြီးရင် ကြိုးစင်တက်တော့မယ် ဆရာ"

"အင်း - ဖြစ်ရလေ ဦးကျော်ထင်ရယ်။ သြော်- ဒါနဲ့ ရုံးချိန်းကဘယ်တော့လဲဗျ"

"မနက်ဖြန်လေ ဆရာ"

ကျွန်ုပ်မှာ ဦးကျော်ထင်၏ အမှုကို အထူးစိတ်ဝင်စားနေသဖြင့် နောက်တစ်နေ့နံနက်တွင် အချုပ်ရုံးထောင်မှူးအား ဦးကျော်ထင် ရုံးချိန်းရှိရာ ပုဇွန်တောင်မြို့နယ်တရားရုံးသို့ စေလွှတ်၍ နားဆင်စေခဲ့၏။ ထိုညနေ ထောင်မှူး ပြန်လာသောအခါ -

"ဦးကျော်ထင်က ရုံးတော်ရှေ့ရောက်တော့ သူ့မိန်းမက စေခိုင်းလို့ သတ်ပေးခဲ့ရတဲ့အကြောင်း ဖြောင့်ချက်ပေးဖို့လုပ်တယ်။ တရားသူကြီးက လက်မခံသေးဘဲ သူ့ကိုမေးခွန်းတွေမေးတယ် ဆရာ"

"ဘယ်လိုမေးခွန်းတွေလဲကွယ့်"

"သူ့မိန်းမက သူ့ကိုသတ်ခိုင်းတယ်ဆိုတာ သက်သေရှိလားတဲ့ ဆရာ"

"ဒီတော့ ဦးကျော်ထင်က ဘာဖြေလဲ"

"ဦးကျော်ထင်က ဒါကို သူ့သမီးနှစ်ယောက်လုံးရှေ့မှာပြောခဲ့တာလို့ ဖြေတယ်"

"သြော်"

"အဲဒါကြောင့် တရားသူကြီးက သမီးနှစ်ယောက်ကို ခေါ်စစ်ဆေးတော့ သူတို့အမေဟာ ကင်ဆာကုထုံးစကတည်းက ခံနိုင်ရည်မရှိတော့ဘဲ သူ့အဖေကို သူတို့ရှေ့မှာ အမြန်သတ်ပေးဖို့ နေ့ရောညပါ တဖွဖွနဲ့ တောင်းဆိုနေတာ သူတို့ကိုယ်တိုင်ကြားခဲ့ရတယ်လို့ ထွက်ဆိုခဲ့ကြတယ် ဆရာ"

"ဒီတော့"

"ဒီတော့ တရားသူကြီးက ဦးကျော်ထင်ကို ဘယ်လိုသတ်ခဲ့တာလဲလို့ မေးတယ် ဆရာ"

"အင်း"

"ဦးကျော်ထင်က မိန်းမမျက်နှာပေါ် ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တယ်လို့ ဖြေတယ်"

"အယ်"

"ဒီတော့ တရားသူကြီးက ဘယ်လိုရည်ရွယ်ချက်နဲ့ သတ်ခဲ့တာလဲလို့မေးတယ်"

"သြော်"

"ဦးကျော်ထင်က သူ့မိန်းမသေမတတ်ခံစားနေရတဲ့ ဝေဒနာဆိုးက လွတ်မြောက်ပါစေတော့ဆိုပြီး ချစ်တဲ့စိတ်နဲ့ သတ်ခဲ့မိတာပါလို့ ဖြေတယ်။ အဲ့တော့ တရားသူကြီးက နောက်ရုံးချိန်းမှာ အမိန့်ချမယ်တဲ့ ဆရာ"

ထိုရုံးချိန်းရက်တွင်ကား ကျွန်ုပ် မျှော်လင့်မထားသော စီရင်ချက်ကို ကြားရပါလေသည်။ ယင်းစီရင်ချက်တွင် 'သေသူက သေမတတ်ခံစားနေရ၍ တရားခံအား အကြိမ်ကြိမ်သတ်ခိုင်းခဲ့သည်မှာ အငြင်းမထွက်သော်လည်း တရားခံက သူ့ကိုသတ်ခဲ့သည်ဟုကား မျက်မြင်သက်သေမရှိချေ။ ထို့ပြင် တရားဥပဒေအမြင်တွင် လူတစ်ယောက်အား အသက်သေသည်အထိသတ်ပစ်ရာတွင် အလွန်မုန်းတီးနာကြည်းလွန်း၍သာဖြစ်ရပေမည်။ တရားခံမှ ချစ်၍သတ်သည်ဟု ထွက်ဆိုချက်မှာ လူ့သဘာဝယုတ္တိဗေဒ၏ ပြင်ပသို့ကျရောက်နေပေသည်။ ထို့ကြောင့် ယခုလူသတ်မှုဖြစ်ရခြင်း၏ အကြောင်းနောက်ခံ (Motive) သည် မှုခင်းဗေဒအယူအဆနှင့် မညီညွတ်၍ လက်ခံနိုင်ဖွယ် မမြင်ပေ။ သို့ဖြစ်၍ တရားခံအား မူလက စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့်ကိုက်ညီခြင်းမရှိတော့ပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) ဖြင့် ပြောင်းလဲစွဲဆိုကာ တရားခံအား အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

တရားခံ ကျော်ထင် (ဘ) ဦး[illegible] ကျော်အား အလုပ်ဖြင့် ထောင်ဒဏ် (၅) နှစ်ချမှတ်လိုက်သည်။

လူ့အသက်တစ်ချောင်း၏ကံကြ[illegible] ကား ဆန်းကြယ်လှ၏။ သေချင်လွန်း[illegible] ဝန်ခံဖြောင့်ချက်ပေးခဲ့သော်လည်း သေ ဒဏ်မကျဘဲ ထောင်ငါးနှစ်သာ [illegible] လေသည်။

ထို့ထက် ဆန်းကြယ်သည်[illegible] သူ့မိန်းမကို ကာကယ်မြောက်သတ်[illegible] သည့်ဝဋ်ကြွေးကြောင့်လား၊ အဖန်[illegible] ငါးကမ္ဘာကပါလာခဲ့သော အထုံရေစ[illegible] ကြောင့်ပေလားမသိ။ တရားဥပဒေ[illegible] ပေးအပ်သော အသက်ရှင်သန်ခွင့်[illegible] မခံစားနိုင်တော့ဘဲ အမိန့်ချပြီးခုနစ်[illegible] ပြည့်သည့်ညမှာပင် သူ့ကိုယ်သူ ဆွဲ[illegible] ချလျက် သတ်သေသွားပါလေတော့[illegible]

ပီ[illegible]




www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်မြို့နယ်ကြီးတစ်ခုမှတ်တမ်း

# အနောက်တံခါးမျိုးမောင်မျိုး

## ကုန်းဘောင်ခေတ်နှောင်းကိုယ်နေသက္ကရာဇ်များ



**ကုန်းဘောင်ခေတ်နှောင်းမှ ကိုယ်နေသက္ကရာဇ်/ငွေချေးသက္ကရာဇ်တစ်ခု**
**(သူကောင်းမကြီးအမေညာဏ်စာစုမှ)**

ကျွန်ုပ်၏ ကျေးဇူးရှင် ယောက္ခမဖြစ်သူ လယ်ပြင်ကျောင်းဒါယိကာမ သူကောင်းကျောင်းအမ အမေညာဏ်သည် ၁၉၅၈ ခုနှစ်တွင် ကွယ်လွန်လေသည်။အမေညာဏ်သည် ငါးစင်ကျောင်း၊ လယ်ပြင်ကျောင်း၊ မြို့တောင်ကျောင်း၊ စကေကျောင်းတို့ကို နေ့စဉ်မပြတ် ဆွမ်းဆုပ်ကပ်လှူသောအမှုကိုပြုခဲ့၏။ စလင်းမြို့ တောင်တပ်ရိုးနှင့် မလှမ်းမကမ်း သူနိဒေါင့်အပိုင်း ပေါင်းပင်းဇင်းရပ်ကွက်တွင် သူပိုင်ဆိုင်သောတိုက်မှ နေ့စဉ်အလှူမြဲဆွမ်း၊ ဆွမ်းဟင်းလျာတို့ကို စီမံဆောင်ရွက်၏။ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သော အမေဆွဲတို့နှင့်ပြုခဲ့သည်။ အမေဆွဲမှာ ဒုတိယကမ္ဘာစစ်အပြီးတွင် ကွယ်လွန်သည်။ အမေညာဏ်နေသောတိုက်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးလောင်ပျက်စီးခဲ့သည်။

ကွယ်လွန်သူက ကွယ်လွန်ပြီဖြစ်သော်လည်း အမေညာဏ်နှင့် ပတ်သက်သောပုံပြင်ကလေးတို့သည် စလင်းမြို့တွင် ကျန်ရစ်ခဲ့သည်။ အမေညာဏ်သည် ငယ်စဉ်ကပင် နားလေးသည်။ သူ့နားလေးပုံကို 'ဓားပြကို ဆေးလိပ်ညှိခိုင်းသလို' ဟူသော စကားရပ်ရှိပါသည်။ ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းစအချိန်တွင် တိုင်းပြည်မငြိမ်မသက်ဖြစ်ခဲ့သည်။ မင်းကြီးဥတ္တမနှင့် ဗိုလ်ယွဲတို့ စလင်းမြို့ကို ဝင်ရောက် သိမ်းယူပြီးနောက် (၃) ရက်မျှ ကြာသောအခါ ဗြိတိသျှတပ်များ ပြန်လည် သိမ်းပိုက်၍ ဗြိတိသျှတို့ အုပ်ချုပ်ရေးစလေသည်။

ထိုကာလတွင် အမေညာဏ်ယောက္ခမ သူကောင်းဦးလူကြီးတိုက်ကို ဓားပြတိုက်လေသည်။ တိုက်ကြီးမှာ တံခါးက လက်သေးသစ်မျှထူသော ကျွန်းသားတံခါးကြီးများဖြင့် တည်ဆောက်ထားသည်။ တံခါးများတွင် အချင်းငါးမတ်မျှရှိသော သံမင်းတုပ်တစ်ခု၊ အုတ်နံရံအတွင်းမှ အချင်းငါးမတ်ရှိသော သံချောင်းကြီးကို တံခါးမင်းတုပ်အဖြစ် အသုံးပြုလျက် တစ်ဖက်နံရံအပေါက်ထဲသို့ ထိုးသော မင်းတုပ်တံလည်းရှိရာ ဦးလူကြီးတိုက်ကို ဓားပြတို့ မည်သို့ဝင်သည်ကို ယနေ့အထိ မည်မျှမသိကြ။ ပဟေဠိတစ်ခုဖြစ်လေသည်။ သူကောင်း ဦးလူကြီးတိုက်တွင် လယ်သမားအိပ်ဖန်စောင့်များလည်းရှိ၏။ ထိုသူတို့ကလည်း ဓားပြများမည်



www.burmeseclassic.com

www.burmeseclassic.com

သို့ဝင်လာသည်ကို မသိပါဟုဆိုသည်။

သူကောင်းဦးလူကြီး၏ လူယုံလည်းဖြစ်၊ သမီးဖြစ်သူ ဒေါ်ဆင့်ကို ပြုစုစောင့်ရှောက်သူ ဦးလှမင်းမှာလည်း စက်ပြန်ဗိုလ်ဟုနာမည်ကြီးသောသူဖြစ်လေရာ ဦးလူကြီးတိုက်ကိုတိုက်ဝံ့သော ဓားပြတို့မှာ အလွန်ဆန်းလှ၏။ ဦးလူကြီးကလည်း ဌာနသို့မတိုင်။ မတိုင်သည့်အတွက် ဌာနမှ ရာဇဝတ်အမှုထမ်းတို့ မေးသော် တိုက်ချက်ပေးရသည်။ က ဓားပြများ၏ပုံသဏ္ဌာန်ကို မမှတ်မိဟုပြောခြင်းမှာ ထိုအတွက်ဖြစ်၏။ ဓားပြမည်သို့ဝင်လာပုံကို မေးသောအခါ မသိဟု ဆိုသည်။

အမေညာဏ်တွင် ကိုစံထူး ဆိုသော အိုးသူကြီးရှိ၏။ သူသည် လှည်းကြီးစုရွာမှ ဆွမ်းချက်အမီ အမေညာဏ်တိုက်သို့လာရ၏။ လက်နှိပ်ဓာတ်မီးများပေါ်လာရာ အမေညာဏ်သည် ကိုစံထူးနှင့် အိပ်ဖန်စောင့်များကို လက်နှိပ်ဓာတ် ပြရသော် -

ဘိုးသိုက်စု၏ပထမဇနီး မယ်တု[illegible] မှာ သမီးမယ်ညာဏ်မွေးဖွားပြီး ကွယ်လွ[illegible] ရာ ခယ်မတော်သူ မယ်လုပ်နှင့် ဒုတိ[illegible] အိမ်ထောင်ပြုသည်။ မယ်လုပ်သ[illegible] အစ်မဖြစ်သူက မွေးသော မယ်ညာဏ်[illegible] အလွန်ချစ်သည်ဟု သိရသည်။ ကျော[illegible] ထားရာ မယ်ညာဏ်ကို အထောက်အ[illegible] ပေးရန် တပည့်နှင့် ကျောင်းထား၍ အ[illegible] ထက်ပါစကားအတိုင်း ကျောင်းအပ်[illegible]

ဘိုးလှဖြူ — မယ်ခိုင် (စလင်းဘိုးကျော်ဇံလှနှင့် မယ်ကေးတို့သမီး) ဒုတိယအိမ်ထောင်

|-----------------------------------------|

၁။ မောင်ကြွယ် — အိမ်ထောင်မပြု

၂။ မောင်မြတ်ငြိမ်း — ဇနီး မခင်မွန်

၃။ မတုတ် — ခင်ပွန်း ဘိုးသိုက်စု၊

၄။ မလုပ် — ခင်ပွန်း ဘိုးသိုက်စု

ကူနီရွာသူကောင်းဘိုးလှဖြူနှင့် စလင်းသူကောင်းမဟာသမန်းရိုး ဘိုးကျော်ဇံလှနှင့် မယ်ကေးသမီးမယ်ခိုင်တို့မှ ပေါက်ဖွားသော သူကောင်းမ မယ်တုပ်နှင့် လောင်းရှည်မြို့သူကြီး ရိုးဖိုးသိုက်စုမှ ပေါက်ဖွားသူ ဖြစ်၏။

စလင်းသူကောင်းတောင်စဉ်ရိုး

|

ဘိုးရွှေမိုး — မလှသင်း (ဇူဆောင်ကျောင်းအမ)

|-----------------------------|

(၁) ဘိုးသိုက်ထွန်း (လောင်းရှည်မြို့သူကြီး) (၂) ဘိုးသိုက်စု၊

ဘိုးသိုက်စု — မတုတ် (ပထမအိမ်ထောင်) သမီးမညာဏ်။
မလုဗ် (ဒုတိယအိမ်ထောင်) သားသမီးမရှိ။
(---) (တတိယအိမ်ထောင်) သား ဘဖိုးလေး။

[illegible]ရိုး [illegible] မိုးရောက်အောက်တွင် စကားပြောခဲ့သည့် ဓားပြများပုံသဏ္ဌာန်ကို မမှတ်မိပါဆို၍ ပုလိပ်များလည်း လက် လျှော့ရလေသည်။ ဓားပြများနှင့် ဦးလူကြီးတို့စကားပြောစဉ် တူမဖြစ်သူ မယ်ညာဏ် နိုးလာ၍ ဓားပြတစ်ဦးကို အိပ်ဖန်စောင့်ထင်သဖြင့် ရေခပ်ခိုင်းရာ ဓားပြက ရယ်မောလျက် သောက်ရေခပ်ပေးရသည်။ နားလေးသဖြင့် ဓားပြမှန်းမသိဟု ဆိုသည်။ ထိုအကြောင်းအခြေပြု၍ 'ဓားပြကို တပည့်ထင်၍ ရေခပ်ခိုင်းသလို' ဟူသော စကားရပ်သည် ကူနီဒေါင့်ရပ်တွင်သုံးခဲ့သည်။

ဓားပြများသည် ဦးလူကြီးထံမှ ပစ္စည်းသုံးပုံခွဲ၍ တစ်ပုံမှာ အလှူအတွက်၊ တစ်ပုံမှာ ရင်းနှီးစားရန်၊ ကျန်တစ်ပုံကို သူတို့ယူလေသည်။ သူတို့မည်သူ မည်ဝါဖြစ်သည်ကိုမပြောရန် ကတိပြုရန် ဦးလူကြီးကသဘောတူ၏။ ဦးလူကြီး မီးဝယ်ပေးလေရာ ကိုစံထူးသည် ခွေးဟောင်တိုင်း လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သဖြင့် လှည်းကြီးစုရွာတွင် 'အမေညာဏ် ကိုစံထူး လက်နှိပ်ဓာတ်မီး ဝယ်ပေးသလို' ဟု စကားရပ်ပေါ်ခဲ့သည်။

အမေညာဏ်နှင့် ပတ်သက်သည့် စကားရပ်များအနက် အမေညာဏ် ကျောင်းနေစဉ်က သူ့မိထွေး ဒေါ်လုပ် က သမီးဖြစ်သူအား ကျောင်းအပ်ရာ တွင် ကျောင်းဆရာကြီးအား 'အကျွန့် သမီး မယ်ညာဏ်ကို အပြစ်တွေ့က သူ့ တပည့်မ မိအင်းကို ရိုက်ဆုံးမပါ' ဟူသောစကားရပ်သည် ထိုခေတ်က လူရည်တတ်တို့ ပြုလေ့ရှိသော မလေ့တစ်ရပ်လောဟု ယူဆရန်ရှိပါသည်။

သို့ဖြစ်ရာ သူကောင်းမ မယ်ညာဏ်သည် မည်သို့သောသူနည်းကို ဖော်ပြရန်ရှိပါသည်။ ဆွေစဉ်မျိုးဆက်ဇယား အရ သည်။ မယ်တုပ်၊ မယ်လုပ်သည် စလင်းမြို့သူကြီး ဦးတိုး၏ တူမများ ဖြစ်၏။

ထိုခေတ်က လူမှုအသိုင်းအဝ[illegible] တွင် စလင်းမြို့မှ ကျောင်းဆရာသ[illegible] လူကုံထံတို့ ခြယ်လှယ်မှုကို လက်ခံ[illegible] သလားဟုမေးလျှင် -

တစ်ခါသော် ကျောင်းသားတ[illegible] ယောက်သည် ကောက်ဝတ်ဆံပျော[illegible] သည်ဟု ဆရာဖြစ်သူအား ပြောသ[illegible] သည်။ ကောက်ဝတ်ဆံမှာ ကျောင်းသ[illegible] ပုန်းတွင် လည်းကောင်း၊ ပုရပိုက်[illegible] တွင် လည်းကောင်း ရေးရသော [illegible] ထွက်ပစ္စည်း ဖြစ်ပါသည်။ အင်္ဂလိပ်[illegible] အားဖြင့် Talc ဟု ခေါ်ပါသည်။ ကျော[illegible] သားကတိုင်ရာ ဆရာက အ[illegible] ကျောင်းသားများကို စစ်မေးမြ[illegible] နောက် အမှတ်တမဲ့ -

"ဟဲ့ - သူခိုးမ၊ ထစမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေရာ သူငယ်တန်း ယ်ဉာဏ်သည် အများ၏အလယ်တွင် လေ၏။ မယ်ဉာဏ်အား ရိုက်၍ဆုံးမ ခဲ့သည်ဟု အမေဉာဏ်ကိုယ်တိုင်ပြောပြ ခဲ့သည်။ အမေဉာဏ်သည် သူ့အပြစ်ရှိ လျှင် သူ့တပည့် မယ်အင်းကို ကျောင်း က ဆုံးမရန်ကိစ္စကို လက်မခံ။ အပြစ်ရှိ သော် ပြုသူသာ ခံရမည်ဖြစ်ကြောင်း လည်းသဘောပေါက်ခဲ့ပြီး အပြစ်မပြု မိရန် ကျင့်ကြံအားထုတ်တော့သည်။

ထိုခေတ်ကပင် ဆရာများသည် ရိုက်နှာမလိုက်။ သင်ကြားပြသမှု၌ လိမ် ရေးခြားရှိရန်ပါ ဆုံးမတတ်ပါသည်။ ကျောင်းတွင် ဗီအိုင်ပီမထားပါ။

အမေဉာဏ် ကွယ်လွန်ပြီးနောက် ကျွန်ုပ်တို့ အဆွေခင်ပွန်းသုံးဦးတို့ ဖြစ် သောကျွန်ုပ်၊ ဖိုးထွန်းအင်၊ မြေစာရင်း အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးတို့ သည် အမေဉာဏ်၏ ပစ္စည်းများအနက် သုံးနေကျ သစ်သားသေတ္တာကလေး ကို ရှေးဦးပထမ ဖွင့်၍ကြည့်ရသည်။ အသေးသုံး ငွေကြေးများနှင့်အတူ သော့ တွဲများလည်း တွေ့ရသည်။ သေတ္တာ ကလေး၏ ထောင့်တစ်နေရာ၌ မနီလာ စာအိတ်ထဲတွင် စာရွက်အချို့ကို တွေ့ရ သည်။ ထိုစာအိတ်ထဲတွင် ဟောင်းနွမ်း ဆွေးမြည့်စပြုနေပြီဖြစ်သောစာစုတို့ကို တွေ့ရပါသည်။

အင်စပိတ်တော်ဦးသာဒွန်းဦးက-

"မြန်မာစာတော့ ဖတ်ရတာပါပဲ။ နားမလည်တဲ့စကားလုံးများ ဖြစ်နေပါ တော"

ဟု ဆို၏။

ဘိုးထွန်းအင်က -

"အင်စပိတ်တော်ကြီးရဲ့ဖတ်ပြပါ ခင်ဗျား"

ဟု ဆိုလျှင် ဦးသာဒွန်းဦးကဖတ်ပြ သည်မှာ -

"သက္ကရာဇ် ၁၂၄၁ ခု၊ နယုန်လ ပြည့်ကျော် (၄) ရက်နေ့တွင် ပေါင်းပင်း ခင်းရပ် မိအင်း⁹ ကိုနေ (၂၅) နေ မ××× သမီး၊ မ×××၊ လင်မောင်×××တို့က ငွေ သုံးရာလိုပါသည်။ ကျွန်တော်/ကျွန် တော်မတို့၏ မြေး၊ သမီးဖြစ်သူ ယူပါ။ အိမ်တက်စား၊ အစေကျွန်ခံအပေါင် တိုနေ ငွေ (၁) ကျပ်၊ (၃) ဒင်္ဂါး၊ ပြားရေ (၂၅) ပြားပေး၍ ဝယ်ယူပါ။ ဘိုးချမ်း ငြိမ်းတူမ၊ မဉာဏ်ကြီးတို့ကို တိုက်ရောင်း လျှင် မ××× သမီး မ×××၊ လင်ကို××× တို့ တိုက်ရောင်းချက်အတိုင်း ဖိုးချမ်းငြိမ်း တူမ မဉာဏ်ကြီးတို့က (၁) ကျပ် (၃) ပြား၊ ရေ (၂၅)ပြားပေး၍ အိမ်တက်စား၊ အစေကျွန်ခံ၊ အပေါင်ဝယ်ယူသည်။ ကိုယ်က တတ်ကုံ၍ရွေးပေးနုတ်ယူလို လျှင် (၂) နှစ် (၂) သီးလုပ်ကိုင်ပြီးမှ ရွေး ပေးနုတ်ယူရန်၊ တစ်အိမ်ကူးပြောင်းလို လျှင် မြို့ခံရွာလူရှိရာ ရွေးနုတ်ယူရန်ဆို၍ မျက်နှာစုံညီရောင်းဝယ် သက္ကရာဇ်စာ ထားကြသည်။ သိရှိသူ၊ မရစ် စာစီစာ ရေး ကိုကျွက်"

ဘိုးထွန်းအင် -

"သက္ကရာဇ် ၁၂၄၁ ခုနှစ်ဆိုတော့ သီပေါမင်းလက်ထက် ဆိုရပါ မယ်။ လက်ထက်တော်ကြီးလို့လည်း ခေါ်ကြမယ်။ ကုန်းဘောင်ခေတ်နှောင်း ဆိုရင် ပိုမှန်မှာပေါ့ဗျာ။ အဲဒီခေတ်က ခုဗြိတိသျှအုပ်ချုပ်ရေးမှာသုံးတဲ့ စာချုပ် တံဆိပ်ခေါင်းမျိုးလည်း မသုံးကြပါဘူး။ သက္ကရာဇ်ကို စာချုပ်စာတမ်းလို့လည်း ထိုခေတ်က သုံးကြပါတယ်။ သက္ကရာဇ် များကို ပေ၊ ပုရပိုက်များနဲ့ ချုပ်ဆိုလေ့ ရှိပါတယ်။ ပေ၊ ပုရပိုက်ပေါ်မှာ ကာယ ကံရှင်များဖြစ်တဲ့ ရောင်းသူ၊ ဝယ်သူ အသိသက်သေတို့က လက်မှတ်ရေးထိုး ရန် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ငွေရေ ပေးသူ၊ သိရှိသူ၊ စာစီစာရေး မည်သူမည် ဝါပါဆိုတာ ထည့်ပြီးရေးရပါတယ်"

ဟု ပြော၏။

ဦးသာဒွန်းက -

"သက္ကရာဇ်ရေးတဲ့ စာစီပုံမှာ အိမ် တက်စား၊ အစေကျွန်ခံ ဆိုတဲ့ စကား ရပ်က ခုခေတ်မှာမသုံးသလောက်ပါဘဲ"

"အရင် ဒီသက္ကရာဇ်ရေးတဲ့ခေတ် မှာတော့ ခုလိုကိစ္စရပ်ဟာ မဆန်းပါဘူး။ အိမ်တက်စားဆိုတဲ့ စကားရပ်က နေ့မှာ ကြွေးမြီးရှင်အိမ်မှာ တက်ရောက်ပြီး စား သောက်သမှုကိုပြုပြီးနေခြင်းကို ဆိုလို သည်ဟု ယူဆရန်ရှိပါတယ်။ အစေကျွန် ခံအပေါင်ဆိုသည်က သူလုပ်ဆောင်ရ မည့်အဆင့်ကို ဖော်ပြပါတယ်။ (၂) နှစ် (၂) သီးလုပ်ကိုင်ပြီးမှ ပြန်လည်ရွေးနုတ် ရန် တစ်အိမ်မှတစ်အိမ်ပြောင်းရင် ရွာ ခံလူရှိရာမှာ ရွေးရန် သဘောတူကြောင်း ကို ချုပ်ဆိုထားပါတယ်"

ဟု ဘိုးထွန်းအင်က ပြော၏။

"ကိုယ်နေသက္ကရာဇ်နဲ့ထားတဲ့သူ များဟာ ယုံကြည်စိတ်ချရတဲ့သူများကို သာထားလေ့ရှိတယ်။ တချို့လည်း ရွေး နုတ်ပြီးသော်လည်း တိုင်ပင်ဖော်တိုင်ပင် ဖက် အိမ်ပေါ်ကမဆင်းတော့ဘဲ မိတ်ဆွေ ခင်ပွန်းအဖြစ် နေထိုင်သွားကြတာတွေ လည်း ရှိတယ်ခင်ဗျာ"

ဟု ဖြည့်စွက် ပြောကြားရသည်။

အမေဉာဏ်မွေးဖွားကြီးပြင်းလာ သောခေတ်သည် သက်ဦးဆံပိုင်ရှင် ဘုရင်ခေတ်တွင် မွေးသည်။ ကြီးပြင်း လာသော် ဗြိတိသျှကိုလိုနီခေတ်တွင် ဖြစ် သည်။ မြေပိုင်ရှင်လယ်ပိုင်ရှင်ခေတ်တွင် သူ့ကောင်းဦးချက် ကွယ်လွန်သောအခါ မုဆိုးမဘဝတွင် မိမိပစ္စည်းအလေအလွင့် မရှိရန်၊ မဆုံးရှုံးစေရန် ရပ်တည်ပြုရ သည်။ ထို့ကြောင့် သူ့အတွေးအခေါ်တို့ သည် ယခုခေတ်အတွေးအခေါ်နှင့်မတူ။ သူ့မြေးဦးဖြစ်သူ ခင်စိန်ဒိုင်သည် စလင်း မြို့ အင်္ဂလိပ် - မြန်မာ ဝက်စလီယန် ကျောင်းတွင်နေ၍ အစိုးရစစ် (၁၀)တန်း အောင်သောအခါ ဆက်ပညာသင်ရန် ခွင့်မပြု။ မိန်းကလေးပဲ ဒီလောက်တတ် ရင် တော်ရောပေါ့။ ထန်းတက်မှ ထန်း လျက်စားရမှာလားဟုဆိုကာ စကော လားရှစ်ရသည်ကို စွန့်စေ၍ အိမ်မှာထား သည်။ သူတို့ခေတ်က ငွေရှိလျှင် မြေမှာ မြှုပ်သည်။ နောင်ဘဝတွင် ဒါနပြုသည်။ ငွေရှိသော် မြေမှာမြှုပ်သည်ဆိုသည်မှာ လယ်ဝယ်သည်။ ရွှေဝယ်လျှင်၊ အိမ်ဝယ် လျှင် ရန်သူမျိုးငါးပါးအနက် ရေ၊ မီး၊ မချစ်မနှစ်သက်သူ၊ သူခိုး၊ ဓားပြတို့က ဖျက်ဆီးလုယူနိုင်သည်။ လယ်ဝယ်လျှင် မည်သူမျှမဖျက်ဆီးနိုင် ဟူသော အတွေး သည် လူတိုင်းယုံကြည်သည်။ ထို့ကြောင့် ထိုခေတ်ကာလက ကျေးပိုင်ကျွန်ပိုင် မြေ ပိုင်ရှင်၊ လယ်ငှား၊ ကျေးကျွန် ဆိုသော စကားရပ်သည် ထမင်းစားရေသောက် စကားမျှသာရှိသည်။ ငွေအသုံးလိုသူက လည်း မိမိမည် သူ့ထံတွင် ငွေချေးကျွန်ခံ သည်ကို လုပ်ရိုးလုပ်စဉ်ဓလေ့တစ်ခုဟု ယူဆကြလေ့ရှိသည်။ မိမိကျွန်ခံရမည့် သူ၏ အကျင့်သီလ၊ မေတ္တာ၊ စေတနာ ကိုလည်း ထည့်တွက်၍ ကိုယ်နေအမှု ပြုကြခြင်း ဖြစ်၏။

ကိုယ်နေသက္ကရာဇ်မှာ 'ကိုယ် မပွား သေမဆုံး' ဆိုတဲ့ သဘောတူ အပေါင်ထားတဲ့ သက္ကရာဇ်များလည်းရှိခဲ့ တယ်။ ဥပမာ ဒီကိုယ်နေသက္ကရာဇ်ကို ဖတ်ကြည့်ပါဟု ကျွန်ုပ်ကပြရာ -

အင်စပိတ်တော်ကြီး ဦးသာဒွန်းဦး သည် ကောက်ယူ၍ -

"သက္ကရာဇ် ၁၂၃၈ ခု၊ တန်ခူးလ ပြည့်ကျော် ၁၃ ရက်နေ့တွင် မထုံသား၊ မောင်ချော၊ပျား မိဆိတ်ကိုယ်နေတို့က ငွေသုံးရန်လိုပါသည်။ ကျွန်တော်မယား မိဆိတ်ကို အိမ်တက်အစေကျွန်ခံအပေါင် ကိုယ်ဖိုးငွေ (၁) ကျပ်၊ (၃) ဒင်္ဂါး၊ ပြားရေ



www.burmeseclassic.com

www.burmeseclassic.com

(၂၅) ပြားပေး၍ဝယ်ယူပါ။ နောင်ကိုယ်ကတတ်ကုန်၍ ရွေးနုတ်လိုလျှင် (၃) နှစ်(၃)သီးလုပ်ကိုင်ပြီးမှ ရွေးပေးနုတ်ယူပါမည်။ တစ်တွင်းတူး၊ တစ်တွင်းဖို့ပစ်လျှင် မြို့ရွာထုံးစံရှိရာ ကြေးလိုက်ငွေလိုက်တိုး၍ ရွေးပေးနုတ်ယူပါမည်။ သူကောင်းဦးနှောင်း မယား မယ်လှသင်းတို့ကို တိုက်ရောင်းအစီရင်ခံလျှင် ၎င်းမထုန် မောင်ချော်ပျားတို့ အစီရင်ခံချက်အတိုင်း သူကောင်းဦးနှောင်း၊ မယားမယ်လှသင်းတို့က မိဆိတ်ကို 'သေမဆုံးရှင်မပွား၊ အိမ်တံကက်အစေကျွန်ခံ' အပေါင်ကိုယ်ဘိုးငွေ (၁) ကျပ်၊ (၃) ဒင်္ဂါး၊ ပြားရေ (၂၅) ပြား ပေးဝယ်ယူသည်။ ကိုယ်ကတတ်ကုန်၍ ရွေးပေးနုတ်ယူလိုလျှင် (၃) နှစ် (၃) သီးစားလုပ်ကိုင်ပြီးမှ ရွေးပေးနုတ်ယူရမည်။ တစ်တွင်းတူး တစ်တွင်းဖို့ဖြစ်လျှင် မြို့ရွာထုံးစံရှိရာ ကြေးလိုက် ငွေလိုက်တို့၍ ရွေးပေးနုတ်ယူရမည်ဆို၍ မိဆိတ်ကိုယ်ဖိုးငွေ (၁) ကျပ်၊ (၃) ဒင်္ဂါး၊ ပြားရေ (၂၅) ပြားပေး၍ ဝယ်ယူသည်ကာလ သိရှိသူ မရစ်၊ ဒင်္ဂါးခေါက်ရေပေးသူ မောင်ထွန်းဘူး၊ စာစီစာရေးကိုချစ်ဦး"

အင်စပက်တော်ကြီးက ကိုယ်နေသက္ကရာဇ် ဖတ်ပြီးသည့်အဆုံး၌-

ဘိုးထွန်းအင်က -

"ဒင်္ဂါးခေါက်ရေပေးသူဆိုတာက မြန်မာဒေါင်းဒင်္ဂါးကြီးတွေကို စပြီးအသုံးပြုလာတော့ ကုန်စည်ရောင်းဝယ်ဖောက်ကားသမှုကလည်း ပြုပြင်ပြောင်းလာတာပါပဲ။ အရင်က အရောင်းအဝယ်ပြုတာက ငွေသားကို ရွက်နီလို့ ရေးလေ့ရှိသဗျ။ လက်ထက်တော်ကြီးကာလမှာ ဒေါင်းဒင်္ဂါးများသွန်းလုပ်ပြီး ငွေကြေးပမာဏကို (၁) ကျပ်၊ (၃) ဒင်္ဂါးနဲ့ ဖော်ပြပါတယ်။ အဲဒီမှာ ငွေသားအစပ်မမှန်တဲ့အခါမှာ ဒင်္ဂါးကအသံမထွက်ပါဘူး။ ဒင်္ဂါးကို လက်နဲ့တောက်ပြီး အသံထွက်၊ မထွက် ခေါက်ပြီး ရေတွက်ကြပါတယ်။ ခုခေတ်တော့ ငွေစက္ကူအတု၊ အစစ် ခွဲခြားတတ်သူတွေ ရှိသလိုပေါ့။ သက္ကရာဇ်မှာ သူလည်း အရေးပါတဲ့ အသိသက်သေပေါ့။ သက်သေတွေမှာ အသိသက်သေက (၁) ဦး၊ ငွေရေတွက်စိစစ်ပေးသူ သက်သေ (၁) ဦး၊ သက္ကရာဇ်ကို စာစီ၊ စာရေးသူကလည်း သက်သေအဖြစ်ပါလေ့ရှိပါတယ်"

"သူ့ခေတ်နှင့်သူကတော့ ဆင်းရဲမွဲတေမှုကို သားသမီးကို ကိုယ်နေထားပြီး ကျွန်ခံပြီးလုပ်ကြတာပါ။ ဇနီးကိုလည်း ကိုယ်နေထားပေါင် အိမ်တက်အစေခံကျွန်အဖြစ် လုပ်ကြတာပါ။ အဲဒီခေတ်က ကုမ္ပဏီတွေက မပေါ်သေးတော့ မြို့ပေါ်မှာ အကျင့်သီလကောင်းတဲ့ ပုဂ္ဂိုလ်တွေဆီမှာ ကျွန်ခံကြသည်မှာ ခုခေတ်မှာ ကုမ္ပဏီမှာ အလုပ်လုပ်တာနဲ့ မခြားပါဘူး။ အိမ်ရှင်ကောင်းနဲ့တွေ့လို့ အလုပ်ဆက်လုပ်သွားကြတာတွေလည်း တွေ့ရပါတယ်"

ဟု ဖြည့်စွက်ပြောရသည်။

အင်စပက်တော်ကြီးက -

"ခုလို ကိုယ်နေအပေါင်ထားပြီး မရိုးမသားနဲ့ ကျေးကျွန်အဖြစ် နေရာကထွက်ပြေးတဲ့ကိစ္စရပ်မျိုး မပေါ်ဘူးလား။ ပေါ်ရင် ဘာလုပ်ကြပါသလဲ"

ထပ်ဆင့် မေးပြန်သည်။

ကျွန်ုပ်က -

"အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာတွေ့ရတယ် ဆိုရိုးစကားရှိတယ်။ အလွန်စိတ်ချရမှ ကိုယ်နေအပေါင်ခံပြီး အိမ်တက်အစေခံကျွန်ဆိုတာမျိုးကို ရှေးလူကြီးများက ထားလေ့ရှိသဗျ။ သူတို့လည်း အသုံးလိုတဲ့ငွေကြေးကိုရစေ၊ သူတို့အတွက်လည်း ဝမ်းလည်းဝ၊ အိမ်မှာလည်း အထဲဝင်အပြင်ထွက်ခိုင်းလို့ရလို့ ကိုယ်နေပေါင် အိမ်တက်အစေခံကျွန်ဆိုတဲ့ စကားရပ်နဲ့ ကျွန်ခံလုပ်တဲ့ကိစ္စ ပေါ်လာတာပါပဲ။ ခုမဆိတ်ကိစ္စဟာ ငွေကြေးတစ်ခါယူရုံမျှနဲ့ မပြီးသေးပါဘူး။

သူ့အဆက်မှတ်တမ်းက ၁၂၃၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၅ ရက်မှာ မဆိတ်ခင်ပွန်းက တစ်ခါ၊ နောက်ထပ် (၁) ကျပ်၊ (၃) ဒင်္ဂါး၊ (၁၅) ပြား ထပ်ပြီး အတိုးမရှိ ချေးငှားရာမှာ ယင်းငွေကို မဆိတ်ကို ပြန်လည်ရွေးနုတ်သောအခါ ပြန်လည်ပေးဆပ်မည့်အကြောင်း တင်ပြပြီး ယခင်ငွေပေါ်မှာ ထပ်ပြီးယူပါတယ်။ နောက်တစ်ခါ ၁၂၃၈ ခု ကဆုန်လဆန်း ၁၅ ရက်နေ့မှာ ခင်ပွန်းဖြစ်သူက ငွေဒင်္ဂါးပြား (၂၀) ထပ်မံယူပြန်တယ်။ အဲဒါလည်း မဆိတ်ကို ပြန်ရွေးတဲ့အခါကျမှ တစ်ပေါင်းတည်း ပြန်ဆပ်ပါ့မယ်ဆိုပြီးယူတယ်ဗျ။ အဲဒီလို အချင်းချင်း ရင်းနှီးယုံကြည်မှုတွေနဲ့ ချေးခဲ့ကြ။ ကိုယ်နေပေါင်သူကလည်း နေ့မှာအိမ်ပြန်နှင့် အဆင်ပြေတော့ လက်သာတဲ့ အိမ်မှာဆက်လုပ်နိုင်တာပါပဲ။ အိမ်ရှင်မြို့ရှင်က မကောင်းခဲ့ရင်တော့ အစေခံကျွန်ကလည်း မနေနိုင်ပါဘူး။ ထွက်ရင်လည်းပြေးပါတယ်။ ကြွေးဆပ်စရာလည်း မြန်မြန်ဆပ်ပြီးထွက်တာပါပဲ။

ကျွန်တော်တို့အဘွားလက်ထက်က စလင်းပတ်ဝန်းကျင်က ရွာသူကြီးကတော်တစ်ဦးဟာ သူ့သားရှင်ပြု၊ ရွာဦးစေတီတည်ရန်အတွက် သူသူငယ်ချင်းသူကောင်းမထံမှာ ကိုယ်နေသက္ကရာဇ်နဲ့ အိမ်တက် အစေခံကျွန်လုပ်ခဲ့ကြောင်း သူ့ရည်ရွယ်ချက်က သူ့လုပ်အားနှင့် ရင်းနှီးတဲ့ငွေကြေးကို ကုသိုလ်ပြုလိုတဲ့ ဆန္ဒရှိတဲ့အတွက် ပြုလုပ်ခဲ့ခြင်းပါ"

ဟု ဖတ်ဖူးသမျှ ပြောရသည်။

"ကိုယ်နေထားသူများ တခြားတိမ်းရှောင်မသွားရန် မည်သို့သောအစီအမံထားပါသလဲ ခင်ဗျာ"

ဟု မြေစာရင်းအင်စပက်တော်ကြီးက မေးရာတွင် အမေညာဏ်၏ မှတ်စုမှာ သက္ကရာဇ်တစ်ခုကိုထုတ်၍ အင်စပက်တော်မင်း ဦးသာဒွန်းဦးကို ပေး သည်။

ဦးသာဒွန်းဦးက ဖတ်ကြားရာ၌-

**မောင်မိုးချေးသက္ကရာဇ်**

"သက္ကရာဇ် ၁၂၃၉ ခုနှစ်၊ တန် ဆောင်မုန်းလဆန်း ၃ ရက်နေ့တွင် မောင်မိုးက အခြားသူတို့ကို ဆပ်ပေးရန် ကိုယ်ဖိုးငွေနှင့် မစိမလောက်သော ကြောင့် (၁) ကျပ်၊ (၃) ဒင်္ဂါးပြား ရေ (၁၇၅) ပြားချေးနှင့်ပေးပါ။ ချေးရက် နောင် မောင်မိုးကိုယ်ဖိုးပေးရသည့်ကာ လ ၎င်းကိုယ်ဖိုးနှင့်အတူပြေကုန်အောင် ဆပ်ပေးရွေးနုတ်ပါမည်။ မောင်မိုးကိုယ် ဖိုးဒင်္ဂါးနှင့် ချေးငွေသက္ကရာဇ်အတွက် ဒင်္ဂါးများပါ မပေးမရွေးခင် ခိုကပ်တိမ်း ရှောင်၊ ထွက်ပြေးသေဆုံးရှိလျှင် မောင် သာကျော်၊ မောင်ထွန်းဦးတို့က ချေး သက္ကရာဇ်တွက် ဒင်္ဂါးကို ကျွန်တော် တို့က ပြေကုန်အောင်ဆပ်ပါမည် ခံ ၍ သူကောင်းဦးနှောင်၊ မယားမယ် သင်းတို့ကို အစီရင်ခံလျှင် ၎င်းမောင် အစီရင်ခံချက်အတိုင်း သူကော ဦးနှောင်၊ မယား မယ်လှသင်းတို့က (၁) ကျပ်၊ (၃) ဒင်္ဂါး၊ ပြားရေ (၁၇၅)ပြား မောင်မိုးတို့သို့ ၎င်းကိုယ်ဖိုးရွေးနုတ်သ ကာလ ကိုယ်ဖိုးနှင့်အတူ ချေးဒင်္ဂါး ပြေကုန်အောင် ရွေးပေးနုတ်ယူရမည် ချေးပေးလိုက်သည်။ နောင် မောင် အစေမခံ မင်ခိုကပ်၊ တိမ်းရှောင်ထွ ပြေး သေဆုံးရှိလျှင် မောင်သာကျော် မောင်ထွန်းဦးတို့က ချေးသက္ကရာဇ် ငွေဒင်္ဂါးများကို ကျွန်တော် - ကျွန်ုပ် တို့က ပြေကုန်အောင် ပေးဆပ်ပါမည်



www.burmeseclassic.com

www.burmeseclassic.com

နှံခံကြ၍ ချေးပေးလိုက်သည်။ မျက်နှာ ညီ ချေးသက္ကရာဇ်စာချုပ် စာချုပ်ထား ကြသည့်ကာလ သိရှိသူ မအိမ်၊ မရစ်၊ အင်းခေါက်ရေပေးသူ မောင်ထွန်းဘူး၊ စာစီစာရေး မောင်သာထိုက်"

ကျွန်ုပ် -

"မောင်မိုးဆိုတာက မယ်လှသင်း အိမ်မှာ ကိုယ်နေသက္ကရာဇ်ဖြင့် အလုပ် သူပါ။ အခြားသူပေးဆပ်ရန်တော့ ထပ် ချေးပါတယ်။ ငွေချေးငွေကများတော့ ခု ခေတ်မှာ အာမခံသူများပါသလို အဲဒီ ခေတ်တုန်းကလည်း တာဝန်ယူပါ့မယ်ဆို တဲ့ ကတိပေးကြတဲ့သူများ ထည့်လာ တယ်။ စာစီသူက သူတို့ဝန်ခံကြပုံကို ဖော်ပြရာမှာ 'အစေမခံ မင်ခိုကပ် တိမ်း ရှောင်ထွက်ပြေး၊ သေဆုံးခြင်းရှိလျှင်' သူ တို့က ချေးငွေကို ဆပ်ပါမည်လို့ ဝန်ခံ ကတိပြုသည်ကို အလေးနက်ထား စာစီ တယ်။ အခြားနိုင်ငံက ကျေးကျွန်များနဲ့ မြန်မာဓလေ့အရ ကိုယ်နေအစေခံကျွန် တို့ ဆက်ဆံရေးအနေအထားမှာ ကွာ ခြားပါတယ်။ အကြောင်းမသိတော့ ဥရောပ၊ အမေရိကန်တို့မှာ ကျွန်တွေ ဈေးထဲချရောင်းတာလို့ ထင်တဲ့သူက ထင်၊ ပုံကြီးချဲ့ပြောတဲ့သူက ပြောနဲ့ပေါ့။ ခုတွေ့ရတဲ့ အမေဉာဏ်စာစုဟာ ကုန်း ဘောင်ခေတ်နှောင်းပိုင်းမှာ ပြုလုပ်တဲ့ သက္ကရာဇ်တွေပါ။ လူတန်းစားမခွဲခဲ့ပါ ဘူး။ ငွေလိုလို့ ကိုယ်နေအဖြစ်ထားတဲ့ သက္ကရာဇ်တွေကြည့်ရင် မိမိကိုယ်တိုင် ငွေအသုံးလို၍ထားခြင်း၊ မိဘဖြစ်သူက သားသမီးကို ကိုယ်နေအပေါင်ထားခြင်း၊ လင်ဖြစ်သူက ဇနီးကို ကိုယ်နေအပေါင် ထားချေးခြင်း တွေ့ရပါတယ်။ အဲဒီ ခေတ်က လယ်ပိုင်ရှင်၊ လယ်သီးစားခြ စားသူတွေမှာ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်း တို့ဘာတို့ကို ဖော်ပြကြရသလို အဲဒီ ခေတ်မှာ ဖော်ခြင်းမရှိပါဘူး။ လူကြီးလူ ကောင်း လူသားတစ်ဦးအနေနဲ့ တာဝန် ယူကြောင်းကတိပြုဝန်ခံရင် လုံလောက် ပြီ။ Gentlemen agreement ပါဗျာ။ မြန်မာမှုမှာ ကျွန်နဲ့ကျွန်ရှင်နဲ့စာချုပ်နိုင် ပါတယ်။ ဥရောပမှာ ဒီအခွင့်အရေးမရ ပါဘူး။ ဟူဂလီမြစ်ဝှမ်းက ကုလားတွေ ခမ်းပြီး အာဖရိကတို့၊ ဥရောပတို့မှာ ကြက်လိုဝက်လို ရောင်းတာမရှိပါဘူး။ အမေရိကန်ရောက်ကျွန်တစ်ယောက်ရဲ့ အိပ်မက်ကို ကဗျာဖွဲ့ထားသလို မြန်မာ ပြည်မှာမရှိခဲ့ပါဘူး။ တန်းတူရည်တူ ဘုရားသွားသည်။ ကျောင်းသွားသည်။ အတူနေကြတာပါ။ နောက် ကျွန်တော် တို့ ဗုဒ္ဓဘာသာဝင်တို့ဓလေ့အရ နာရေး ကိစ္စတွေမှာ လွှတ်ကျွန်ဆိုပြီး ကွယ်လွန် သူအတွက် ကျွန်တွေကို လွှတ်ရပါတဲ့ ထုံးစံ၊ လွှတ်ကိုရင်ဆိုပြီး ကျွန်ထဲမှ သာသနာ့ဘောင်ကိုဝင်လိုလျှင်၊ နာရေး ကိစ္စမှာ ကျွန်များကို သာသနာ့ဘောင် အတွင်း တက်ခွင့်လျှုဒါန်းမှုလည်းပြုပါ တယ်။ အထက်မြန်မာပြည်ကို ဗြိတိသျှ အုပ်ချုပ်တော့ ကိုယ်နေအပေါင် အရောင်းအဝယ်ကိစ္စဟာ တရားမဝင် တော့ပါဘူး။ သို့သော်လည်း အမေဉာဏ် ရဲ့ စိတ်စေတနာကကောင်းပြီး လယ်ယာ ကများလေတော့ အလှူရေစက်လက်နဲ့ မကွာပြုနိုင်ပါတယ်။သူ့ဆီမှာ အထောက် အကူပြုသူများကလည်းသစ္စာရှိပါတယ်။ တောင်ကန်ရွာက ဘကြီးဦးဖိုးမင်းဆိုရင် အမေဉာဏ်တိုက် ဒုတိယကမ္ဘာစစ် အတွင်း တစ်မြို့လုံးဗုံးကြလို့ မီးလောင် တော့ အသက်စွန့်ပြီး မီးငြိမ်းသတ်ပေး တယ်။ တိုက်ကို အလှည့်ကျလာစောင့် တဲ့ လယ်သမားများလည်းရှိတာပါပဲ။ ခုတော့ လယ်ပြင်ကျောင်းဒါယိကာမ သူကောင်းမမယ်ဉာဏ် ကွယ်လွန်ပြီ။ ကောင်းရာသုဂတိရောက်မှာပါပဲဗျား"

ဟု ပြောရသည်။

အင်စပက်တော်ဦးသာဒွန်းဦးက-

"နောင်လာနောက်သားများ မှတ် သားဗဟုသုတရစေလို့ဌာ ယခုတွေ့ရှိ လေ့လာရသမျှကို မှတ်တမ်းတင်လိုပါ တယ်။ စနစ်ဟောင်းတို့သည် သစ်ရွက် များပမာ ကြွေကျပျောက်ခဲ့ပြီး အသစ်၊ အသစ်စသောစနစ်တို့ ပေါ်လာကြရာ နားမလည်ကြသဖြင့် ပုဏ္ဏာမျက်ကန်းတို့ ဆင်ကိုစမ်း၍ ဝေဖန်သည့်အလား ဖြစ် စရာ အကြောင်းရှိပါသဖြင့် မှတ်တမ်း တင်ပါမည်"

ဟု ဆိုလေရာ -

ဘိုးထွန်းအင်က သာဓုခေါ်၍ နောင်လာနောက်သားတို့ မှတ်စေလို သည်မှာ ငါတို့ မြန်မာဗုဒ္ဓဘာသာဝင်သူ တော်စင်တို့မှာ ရိုင်းစိုင်းယုတ်မာသော သဘောမရှိ။ မလှူရေစက် လက်နှင့် မကွာ ပြုလိုသောဆန္ဒရှိ၏။ မိမိအရပ် မှီခိုသော သတ္တဝါအပေါင်းကို ချမ်းသာ စေလိုသောသဘောရှိကြပါသည်။ ဆင်၊ မြင်း၊ နွား စသောတိရစ္ဆာန်ကိုပင် မိမိ အကျိုးဆောင်သော် စီးပွားဖက် ခင်ပွန်း အဖြစ် မှတ်ယူကြရာ လူသားအချင်း မိမိ ၏အကျိုးကို သယ်ပိုးကြသည့်သူတို့ကို နှိမ့်ချအံ့တန်းအစားခွဲခြားသော အပြု အမူကို မလုပ်ကြပါ။ ယခုမှတ်တမ်းက နောင်လာနောက်သားတို့အတွက် တန် ဖိုးရှိပါသည်ဟု ထောက်ခံပြောဆိုသဖြင့် ဤမှတ်တမ်း ဖြစ်ပေါ်လာပါသည်။

အမေဉာဏ်သမီး သူကောင်းမ မယ်ဂိုင်၏ လက်စွဲ အိုးသူကြီး မယ်မှင် သည် ထမင်းစားချိန်ရောက်၍ ထမင်း ပွဲရွှေ့ရောက် သုံးဆောင်ရန် တည်ခင်း လျှင် ဘိုးထွန်းအင်နှင့် ဦးသာဒွန်းဦးတို့ သည် နံနက်စာသုံးဆောင်ကြလေသည်။ ကျွန်ုပ်သည် အသားမစားသောကြောင့် ပဲဟင်းနှင့် ထာဦး၏ပလာတာကို စားရ သတည်း။

ထမင်းစားနေစဉ် မယ်မှင်က သူ ကောင်းမ မယ်ဂိုင်ကို သတင်းတစ်ခု ပြောသည်ကို ကြားလိုက်ရသည်။

"ကန်ပေါင်က ဘသာဒင်ရဲ့မြေး ကလေး မြို့လယ်ကဆိုင်မှာ အလုပ်လုပ် သတဲ့၊ ဆိုင်ရှင်က သူ့မိဘတွေ ရင်းနှီးစား ဖို့ တစ်သောင်းချေးတယ်။ အတိုးအစား ကောင်ကလေးကို ဆိုင်မှာ အလုပ်စေ သတဲ့။ ငွေကိုဆပ်ရင် ကောင်ကလေးကို ဆိုင်က လစာပေးမယ်။ ငွေမဆပ်နိုင်ရင် ဆိုင်မှာခိုင်းမယ်။ ကလေးကို ဆိုင်မှာ ခေါ်ထားမတဲ့ဘုရား"

ဟု ပြောသံကြားရာ ဒါလည်း ခေတ်သစ်ကိုယ်နေစနစ်တစ်ခုပါကလား ဟု သတိရသဖြင့် -

"အမောင်တို့ သတိပြုလော့။ မင်းတို့ကြေးပိုင်ကျွန်ပိုင်စနစ် မြေပိုင်ရှင် တိုက်ရင်း နောက်ပိုင်းမှ လူမျိုးခြားတို့ သည် ကျွန်ဇာတ်သွင်းနေပြီ"

ဟု သတိပေးရင်း ဦးသာဒွန်းဦး အား ကုန်ဘောင်ခေတ်နှောင်းကိုယ်နေ သက္ကရာဇ်တို့အကြောင်း ဖော်ညွှန်းပေးရ ပါသတည်း။

*(အမေဉာဏ် နေထိုင်ခဲ့သော စလင်းမြို့ ပေါင်းပင်းဇင်းရပ် ကူနီဒေါင့် ရှိ အမေဉာဏ်တိုက်ဝိုင်းဘက်ကို ရပ် ကွက်ဥက္ကဋ္ဌ ဦးစိုးမောင်၏ အကြံပြုချက် အရ ပေါင်းပင်းဇင်းရပ်ကွက် မူလတန်း ကျောင်းဆောက်ရန် အစ်မဖြစ်သူ ဒေါ်ခင်စိန်ဒိုင်နှင့် စာရေးသူက လှူဒါန်း ထားသည်။ အမေဉာဏ်တိုက်ဝိုင်းကြီး မှာ ကျောင်းသားငယ်တို့နှင့် စည်ကား လျက်ရှိပါသည်။)*

*၁ အမည်နာမများ လွှဲပြောင်းထား သည်။*

အနောက်တံခါးမှူးမောင်မှူး

www.burmeseclassic.com

ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ အကျင့်တစ်ခုရှိတယ်။ အဲဒါက ဖြစ်မှာမဟုတ်ပါဘူးဆိုပြီး လက်လျှော့တတ်တဲ့စိတ်ပါပဲ။ အဲဒီလက်လျှော့တတ်တဲ့စိတ်ကြောင့် အရာရာကျရှုံးပြီး အောင်မြင်မှုပန်းတိုင်ကို မရောက်နိုင်ကြတာပါ။ ဆိုရရင်တော့ စစ်မရောက်ခင် မြားကုန်တဲ့စိတ်ဓာတ်ပါ။

လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ကဏ္ဍတွေများပြားလှပါတယ်။ အဲဒီစိတ်ဓာတ်ကြောင့် ကျွန်တော်တို့မြန်မာတွေ ကျွန်လည်းဖြစ်ခဲ့ဖူးပြီ။ ခေတ်နောက်မှာလည်း ကျန်ရစ်ခဲ့ဖူးပြီ။ ကျန်းမာရေးတွေလည်း ဆုံးရှုံးခဲ့ဖူးပါပြီ။ ကျွန်တော် ဆိုလိုချင်တာက မြန်မာ့တိုင်းရင်းဆေးနဲ့ ကျန်းမာရေးကဏ္ဍကိုပါ။

ကျန်းမာရေးကဏ္ဍမှာ ခေတ်မီ အလောပတီဆေးဝါးနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးဆိုပြီး ကဏ္ဍနှစ်ခုရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးမှာလည်း တိုင်းရင်းဆေးများနဲ့ကုခြင်း၊ မြစ်ချင်းပြီးခေါ် အသီး, အရွက်, အပင်, အမြစ်, ဥဆိုတဲ့ ဆေးမြီးတိုအပင်များနဲ့ကုခြင်း၊ ဂါထာမန္တန်တို့ဖြင့်ကုခြင်း၊ စတီသဘောဖြင့်ကုခြင်း၊ ဓာတ်စာဖြင့်ကုခြင်း၊ ယတြာဖြင့်ကုခြင်း၊ ပရိတ်ပဋ္ဌာန်း စသည်တို့ဖြင့် ဘုရားကုကုခြင်း စသည်ဖြင့် ကျယ်ဝန်းစွာရှိပါတယ်။

အဲဒီလိုရှိရာမှာ ကျွန်တော်ကျတော့ လူတွေကို အပင်တွေနဲ့ အမိကထားပြီး ကုသလို စတီသဘောနည်း၊ ဂါထာမန္တန်နည်းတွေနဲ့လည်း အလျဉ်းသင့်သလို ကုပေးလေ့ရှိပါတယ်။ ကုစားတဲ့ ဆေးဆရာတော့ မဟုတ်ပါဘူး။ လူတွေ ဝေဒနာသက်သာအောင် စေတနာနဲ့ ကုပေးပြီး ပျောက်သွားရင် ပီတိစားပြီး ကုသိုလ်ယူတဲ့ ဆရာမျိုးပါ။

ကုသတယ်ဆိုရာမှာ ချက်ချင်းသောက်၊ ချက်ချင်းပျောက်တဲ့ ဝေဒနာမျိုးရှိတယ်။ (၂) ရက်၊ (၃) ရက်တန်ကုရတဲ့ဝေဒနာမျိုးရှိတယ်။ မျှော်လင့်ချက်မဲ့ဝေဒနာမျိုးတွေကျတော့ ရက်ရှည်ကုရတဲ့ဝေဒနာမျိုးလည်းရှိတယ်။ နှစ်ချီပြီးကုရတဲ့ ဝေဒနာမျိုးလည်း ရှိပါတယ်။

ဥပမာအားဖြင့် ဆီးချိုဝေဒနာသည်၊ ကင်ဆာဝေဒနာသည်၊ အဆုတ်ဝေဒနာသည်၊ နှလုံးဝေဒနာသည် စတဲ့ နာတာရှည်ဝေဒနာတွေကျတော့ လမှသည် နှစ်သို့တိုင်အောင် ဆေးစွဲသောက်ရတာတွေရှိတယ်။ ဘီပိုး၊ စီပိုးဆိုရင် ကျွန်တော် မိုင်းရှူးမှာနေစဉ်က ဝေဒနာသည် အတော်များများတွေ့ရတယ်။ မိုင်းရှူးရဲ့ တောတောင်တွေမှာ ဆေးပင်တွေပေါတော့ အနာနဲ့ဆေးတည့်အောင်ပေးတဲ့အခါ ဝေဒနာသည်တွေ ချမ်းသာရာရကြတယ်။ ပြီးတော့ အိပ်(ချ်)အိုင်ဗွီပိုးရှိသူတွေကိုလည်း ကိုယ်ခံအားမြင့်စေတဲ့ဆေးပေးပြီး ကုသပါတယ်။ သဘာဝရှားပါးဆေးပင်တွေရဲ့အစွမ်းကလည်း အံ့မခန်း အစွမ်းထက်လှပါတယ်။

အဲဒီလိုဝေဒနာသည်တွေကိုကုရင် ဆေးကို ဆာလာအိတ်ကြီးနဲ့အပြည့်ပေးပြီး ရက်ရှည်လများသောက်ခိုင်းရတာပါ။ ကျွန်တော်ကိုယ်တိုင်ကတော့ တောထဲတောင်ထဲမှာ ဆေးပင်မရှာနိုင်ပါဘူး။ ရှာနိုင်သူတွေကို ပိုသာစားပေးပြီး ရှာခိုင်းရတာပါ။ ကျသင့်တဲ့ ဆေးဖိုးကိုသာယူပြီး ဝါးခလို့ခေါ်တဲ့ သမားခမယူပါဘူး။ လူတွေအပေါ် ကျန်းမာစေလိုတဲ့ စေတနာနဲ့သာ ကုပေးခြင်းပါ။ သူတို့ စေတနာရှိလို့ လက်ဆောင်လေးဘာလေးပေးရင်တော့ လက်ခံလိုက်တာပါပဲ။ ကျွန်တော်ရချင်တာက ဝေဒနာသည်တွေ ကျန်းမာသွားတဲ့အခါ ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါပဲ။ မိုင်းရှူးမှာ ကုရတာ အများအားဖြင့် တရုတ်တွေနဲ့ တိုင်းရင်းသားတွေပဲများပါတယ်။

လူအချို့ကျတော့ အဲဒီလိုသဘာဝပေါက်ပင်တွေနဲ့ ကုတာကို ယုံကြည်ဟန်မရှိဘူးပေါ့လေ။ အနာသိရင် ဆေးရှိတယ်ဆိုတာလို အနာနဲ့ဆေးတွေ့ရင် ယူပစ်သလို ပျောက်သွားတာတွေရှိပါ



နေပြည်တော်ကျော်ကျော်ဝင်း

# ဆီးချိုသွေးချိုအတွက် အလွယ်ဆုံးဆေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဟိုး - ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေလက်ထက်မှာ အင်္ဂလိပ်ဆေးလို့ခေါ်တဲ့ ပဋိဇီဝဆေးဆိုတာ ကျေးလက်တွေမှာ ရှိမှမရှိသေးတာ။ ဒီလိုပဲ တိုင်းရင်းဆေးတွေနဲ့ကုသပြီး လူသားတွေအသက်ဆက်ခဲ့ကြရတာဟာ မငြင်းနိုင်တဲ့ သာဓကပါ။ ခုထိတိုင်လည်း သိပ္ပံဆေးလက်လှမ်းမမီသေးတဲ့ ဒေသတွေရှိနေဆဲ၊ တွင်ကျယ်နေဆဲပါ။ အဲဒါကြောင့်လည်း နိုင်ငံတော်က တိုင်းရင်းဆေးသိပ္ပံကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

အလွယ်ဆုံးသော တိုင်းရင်းဆေးသဘာဝပေါက်ပင်တွေဆိုတာ ကျွန်တော်တို့ရဲ့ လက်တစ်ကမ်းမှာရှိနေကြပါတယ်။ သိသူတွေဖော်စားပြီး မသိသူတွေ ကျော်သွားနေကြတာပါ။ နေပြည်တော် ဇမ္ဗူသီရိ မြို့လယ်ခေါင် ပျဉ်းမနား - တောင်ညိုသွားကားလမ်းမကြီးရဲ့မြောက်ဘက်ဘေးမှာ တိုင်းရင်းပရဆေးဥယျာဉ်ကြီးကြီးမားကျယ်ပြန့်စွာရှိနေပါတယ်။ လှလှပပမွှမ်းမံပြင်ဆင်ထားတာပါ။ နေပြည်တော်ရောက် ပရဆေးဝါသနာပါသူတွေအခမဲ့ ဝင်ရောက် လေ့လာ ကြည့်ရှုနိုင်သလို ဆေးပျိုးပင်တွေလည်း ဝယ်ယူရရှိနိုင်ကြပါတယ်။ ထင်ရှားတဲ့ အမှတ်အသားကတော့ အရှေ့ဘက်မှာ သပြေကန်းအဝိုင်းရှိပြီး အနောက်ဘက်မှာ နေပြည်တော်ဗဟိုစာတိုက်ကြီးရှိပါတယ်။ သူ့ရဲ့ တောင်ဘက် ကားလမ်းဘေးမှာ သပတဲ့ ရေကန်တွေရှိပါတယ်။ ဒါက တိုင်းရင်းဆေးကို နိုင်ငံတော်ကတောင် အလေးထားတယ်ဆိုတာ သိစေချင်လို့ပါ။

သောက်တောင်မသောက်ရသေးဘူး ပျောက်မှာမဟုတ်ပါဘူးဆိုပြီး မယုံကြည်တဲ့သူတွေရှိသလို တစ်ရက်၊ နှစ်ရက်လောက်သောက်ပြီး ဘာမှမထူးခြားပါဘူးဆိုပြီး လက်လျှော့လိုက်သူတွေလည်း ရှိကြပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ မြန်မာ့စိတ်ဓာတ်ပါ။ ပန်းမဝင်ခင်ဆက်မြောက်တတ်ကြတာ ဗီဇဖြစ်နေပြီလားတောင် အောက်မေ့ရပါတယ်။

ဆီးချိုဆိုတာ ခုခေတ်မှာ အတော်အဖြစ်များပါတယ်။ ရှေးကလည်းဖြစ်ခဲ့ကြပါတယ်။ ကျေးလက်တွေမှာကျတော့ မသိကြပါဘူး။ ခေတ်မှမမီသေးဘဲကိုး။ ဆီးချိုဖြစ်ရင် အကြမ်းအားဖြင့် ဆီးရောဂါဖြစ်တယ်၊ ဒီလောက်ပဲသိကြတာ။ တောရွာတွေဆိုတာက ခေတ်မမီတော့ဘာ မြို့က ဆေးရုံဆိုတာကို အတော်လေးကြောက်ကြတာ။ ဒီတော့ ဒီလိုပဲ တလိမ်လိမ်တပိန်ပိန်နဲ့ ဘဝနိဂုံးချုပ်ကြရတာများတယ်။

ကျွန်တော့်ညီမကြီး မခင်ထွေးတို့ရဲ့ အိမ်ရဲ့အရှေ့ဘက်ဝင်းမှာ အသက် (၈၀) ကျော်ရှိတဲ့ ဘိုးချစ်လှိုင်ရှိပါတယ်။ စားနိုင်၊ သွားနိုင်တုန်းပါပဲ။ မျက်စိတွေ၊ သွားတွေလည်းကောင်းနေပါသေးတယ်။ အဲဒီ ဘိုးချစ်လှိုင်နဲ့ ပတ်သက်လို့ ကျွန်တော့်ညီမက စိတ်ဝင်စားဖွယ် ပြောပြပါတယ်။

သူပြောပြတာက ဘိုးချစ်လှိုင်ငယ်စဉ် အရွယ်ကောင်းတုန်း အသက် (၄၀) ကျော် (၅၀) ဝန်းကျင်မှာ ဆီးချိုရောဂါဖြစ်ပါတယ်။ ဆီးချိုဆိုတာကို မြို့ပြရဲ့ ဆေးရုံမှာသွားပြလို့ သိရခြင်းပါ။ ဆီးချို ဆိုတာ ဆီးဝေဒနာမို့ ဘိုးချစ်လှိုင်အနေနဲ့ သိပ်ပြီးမတုန်လှုပ်ပါဘူး။ ဘာလို့လဲဆိုတော့ ဆီးဝေဒနာမှန်ရင် အကုန်ပျောက်နိုင်တဲ့ဆေးပင်ကို ဘိုးချစ်လှိုင်သိနေလို့ပါပဲ။သိတယ်ဆိုတာက ရှေးမြန်မာ့အစဉ်အလာ မိဘဘိုးဘွားတွေ ပြောပြထားလို့ သိနေခြင်းပါ။

အဲဒီအပင်က မြန်မာနိုင်ငံအနှံ့လမ်းဘေးတွေမှာ ပေါများစွာ ပေါက်တတ်တဲ့ ဝက်ချေးပနဲရွက်ချွန်းပင်ပါ။ ကျွန်တော်တို့ နေပြည်တော်ဒေသမှာတော့ အဲဒီအပင်တွေခုတ်၊ နှစ်ပင်သုံးပင်စုပေါင်းချည်နှောင်တုပ်ဖွဲ့ပြီး နွားတင်းကုပ်တို့၊ အိမ်ဝိုင်းတို့လုည်းတဲ့ တံမြက်စည်းကြမ်းလုပ်ကြတယ်။ ရှေးက စပါးတလင်းတွေမှာလည်း စပါးလှည်းဖို့သုံးကြတယ်။ နေပြည်တော်ဒေသမှာကျတော့ သူ့အမြင့်က ခါးလောက်ပဲရှိကြတယ်။ ရေမြေမိုးကောင်းတဲ့ မိုးကုတ်နဲ့မိုင်းရှူးမှာကျတော့ လူလက်ခုတ်တစ်ဖောင်လောက်အထိ မြင့်မားတာ တွေ့ရပါတယ်။ အဲဒီမှာကျတော့ တံမြက်စည်းသုံးတဲ့အလေ့ မရှိကြပါဘူး။ နေပြည်တော်မှာ အဲဒီအပင်ကို တံမြက်စည်းကြမ်းပင်လို့လည်း အချို့ခေါ်ကြတယ်။

ဝက်ချေးပနဲအနေနဲ့ ဝက်ချေးပနဲအုပ်စုဆိုတာရှိတယ်။ ဝက်ချေးပနဲပင်မျိုးစုံရှိတယ်။ အရွက်တွေ သဏ္ဌာန်ကွဲသလို အရွယ်အစားလည်းကွဲကြတယ်။ သူ့ရဲ့အပင်က ချုံပင်ဖြစ်ပြီး ရိုးမာပင်ဖြစ်တယ်။ အရိုးက စေးတွဲပြီး ခိုင်မာသလိုအမြစ်ကလည်း ကုပ်အားကောင်းပြီး ခိုင်တယ်။ နုတ်ရင် အတော်အားစိုက်ပြီး နုတ်ရတယ်။

အဲဒီ ဝက်ချေးပနဲရွက်ချွန်းပင်အလောတော်အပင်ကို တစ်ပင်လုံးနုတ်ယူပြီး ရေစင်စင်ဆေးရပါတယ်။ ပြီးရင်ချိုးခေါက်ပြီး နှီးနဲ့(၃)ချက်တုပ်ပါ။ မြေအိုးထဲ ရေအသင့်အတင့်ထည့်ပြီး သုံးခွက်တစ်ခွက်တင်ကျိုပါ။

အဲဒီဆေးရည်ကို ရေဆာတိုင်းသောက်နိုင်ပါတယ်။ ရေဆာတိုင်းမသောက်လိုပါက တစ်နေ့ကို မတ်ခွက်နဲ့ နံနက်၊ နေ့၊ ည ဆိုပြီး (၃)ကြိမ်သောက်ပေးပါ။ သောက်လို့လည်း ကောင်းပါတယ်။ အနံ့၊ အရသာမဆိုးပါဘူး။

ဘိုးချစ်လှိုင်ဟာ ဆီးချိုရယ်လို့ သိတဲ့နေ့ကစပြီး အဲဒီဆေးကို နေ့စဉ်မှန်မှန်သောက်သုံးတော့တာပါပဲ။ ဆီးချိုသမားဆိုတာ အချိုမဆိုထားနဲ့၊ သကြားဓာတ်ပါတဲ့ ထမင်းတောင်မစားရဘူးဆိုတာ ဆရာဝန်ညွှန်ကြားလိုက်လို့ သိပေမယ့်တောဓလေ့အတိုင်း တွေ့မရှောင်အကုန်စားတော့တာပါပဲ။ စားချင်တာ အကုန်စားတာပါ။ စားပြီးသေရတာ သေပျော်တယ်။ စားချင်တာ မစားရဘဲ သေရရင်မသေပျော်ဘူးလို့ အထင်ရှိပါတယ်။

မေ့မေ့ပျောက်ပျောက် သောက်လာလိုက်တာ လအတော်ကြာတော့မသောက်ချင်တော့ဘဲ ဆေးဖြတ်လိုက်ပါတယ်။ လူကလည်း ဒေါင်ဒေါင်မြည်နေကောင်းနေပါပြီ။ ဆီးချိုရှိမရှိလည်းအလုပ်ရှုပ်ခံပြီး သွားမစစ်ဆေးတော့တာ အခု အသက်(၈၀)ကျော်အထိဆိုပါတော့။

ယခင် နေပြည်တော် ပျဉ်းမနားမြို့နယ် ဆိတ်နံ့တုန်းရွာ ယခု နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာမှာ ယခင် ဆီးချိုဝေဒနာခံစားခဲ့ရဖူးတဲ့ ဘိုးချစ်လှိုင်ဟာ ကျန်းမာစွာနေထိုင်လျက်ရှိပါကြောင်း ဆီးချိုဝေဒနာရှင်အပေါင်းကို အကြောင်းကြားပါရစေ။

အဓိကကျတာက ဝေဒနာကိုဆေးနဲ့တိုက်ခိုက်တဲ့အခါ လှေခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်နဲ့ ဇွဲရှိရှိယုံယုံကြည်ကြည်တိုက်ခိုက်ဖို့လိုပါတယ်။ ဝက်ချေးပနဲရွက်ချွန်းပင်ဟာ အသည်းရောင်အသားဝါမျိုးစုံကိုလည်း တိုက်ခိုက်နှိမ်နင်းနိုင်ပါတယ်။ လမ်းဘေးတွေမှာအလွန်ပေါပြီး အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါဖြစ်ပါကြောင်း တင်ပြပါရစေ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်လို အဖြစ်မျိုးကတော့ ဆရာရယ်၊ လူတစ်သောင်း တစ်ယောက် မဖြစ်ဘူး၊ မတွေ့ဘူးတဲ့အဖြစ်မျိုးပါ။ အင်မတန်ကို ကံကောင်းလွန်းလို့ သေကံမရောက်တဲ့အပြင်ကိုမှ စည်းစိမ်ဥစ္စာပါ ချမ်းသာလာရတဲ့အဖြစ်က အလွန်အံ့ဩစရာကောင်းလှပါတယ်။

ပြီးတော့ ပြောပါရစေ ဆရာ။ ကျွန်တော်တို့နေတဲ့အရပ်ဒေသက မြို့အရပ်ဒေသနဲ့က ဝေးလွန်းလှတာမဟုတ်ပေမယ့် တောတွေတောင်တွေကြား... ရှာငယ်လေးဆိုတော့ စားရေးသော... ရေး ဟင်းအတွက် ဈေးမရှိတော့ မြို... မြက်မြက်စားချင်ရင် ကိုယ်ကိုယ်တိုင် ထွက်ပြီး ဟင်းရှာစားရတဲ့အရပ်... အကုသိုလ်ကြီးပါတယ်။ ပါဏာတိပါ... ကံကျူးလွန်ပြီး ဟင်းစားရှာတဲ့အလုပ်... ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်း... အားလုံးဟာ လုပ်ရိုးလုပ်စဉ်အလုပ်... တစ်ခုလို သဘောထားပြီး အကုသိုလ်...

# (မိုးရှာ) မောင်မောင်တိုးမြင့်

## စိန့်တူတစ်ချက် တဝတစ်ယက်လှုနဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

မထင်ဘဲ ပျော်ပျော်ကြီးလုပ်နေကြတဲ့ အရပ်ပါ။

ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်စောင့်ကြတယ်သာဆိုတာ အသိက မရှိရှာကြလေတော့ ဥပုသ်ကထွက်တာနဲ့ ချောင်းထဲမြောင်းထဲဆင်း ငါးရှာကြတော့တာ။ ပြီးတော့ပြောဦးမယ်။ ကျွန်တော်တို့အရပ်ဒေသရဲ့ အဓိကလုပ်ငန်းက လယ်ယာလုပ်ငန်း။ လယ်စိုက်တယ်၊ အခင်းစိုက်တယ်၊ ကြံစိုက်တယ်။ လယ်သိမ်းချိန်နီးရင် ကြွက်၊ မြွေတအားပေါတာ။

မြွေမှ မြွေဆိုး မြွေပွေးပေါသလား မမေးနဲ့။ ရွာတစ်ဖက်က တောကြီးထဲသွားရင် ငန်းမြွေနဲ့ တောကြီးမြွေဟောက် သတိထားရတယ်။ လယ်ယာထဲဆင်းရင် မြွေပွေးသတိထားရတယ်။ တောကြီးမြွေဟောက်ရဲ့အဆိပ်က အလွန်ပြင်းတာ။ တစ်ခါကိုက်ပြီးထုတ်လိုက်တဲ့အဆိပ်ဟာ ဆင်တစ်ကောင်လုံးတောင် တုံးခနဲလဲစေပြီး လူ (၂၀) စာလောက်သေစေနိုင်တယ်တဲ့။ အဲ - ဒါပေမယ့် လူကနိုင်လို့ကတော့ ငန်းမြွေသား၊ မြွေဟောက်သား၊ မြွေပွေးသား ဘာမှမရှောင်ဘူး။ အကုန်ချက်စားပစ်လိုက်တာပဲ။ အဲဒီလောက်အစားသောင်းကျန်းကြတာ။ မြွေသားကို အမျိုးမျိုးလုပ်စားတာ။ စွပ်ပြုတ်လုပ်သောက်တယ်။ တောက်တောက်စဉ်း၊ ကြက်သွန်နီနဲ့ ကြော်စားတယ်။ အရည်စပ်စပ်ကလေးနဲ့ ဟင်းချက်စားတယ်။ အဲဒီလိုလူတွေ။

အဲ - ဒါပေမယ့် အဲဒီလို မြွေသားစားတဲ့လူတွေထဲမှာ ကျွန်တော်မပါဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့ မြွေကိုက်မခံရတာလို့ ကျွန်တော်ယုံတယ်။ ကျွန်တော်က ကလေးဘဝကတည်းက မြွေသားကို မစားခဲ့တာ။ ဘယ်သူက ဘယ်လောက်ကျွေးကျွေး မြွေသားမှန်းသိလို့ကတော့ လုံးဝမစားခဲ့ဘူး။ စားရမှာကိုကြောက်တာ။ မြွေတွေအပေါ်မှာ မေတ္တာတရားထားလို့ဘာလို့ မဟုတ်ပါဘူး။ စားချင်စိတ်လည်းမရှိဘူး။ ကျွန်တော် မြွေကို မသတ်ဘူး။

ကျွန်တော်တို့အရပ်မှာ စပါးတွေရင့်မှည့်တဲ့အချိန် ရိတ်သိမ်းဖို့ လယ်ထဲဆင်းရင် ဒူးခေါင်းလောက်ရှည်တဲ့ရော်ဘာဖိနပ်ကြီးတွေစီးပြီးမှ အလုပ်လုပ်ကြတယ်။ ကျွန်တော်တို့ဆီကတော့ လွယ်လွယ် စွပ်ဖိနပ်လို့ခေါ်တယ်။ ကြိုးမပါ ဘာမပါ စွပ်စီးရတဲ့ဖိနပ်ကိုးဗျ။ ဒါကတော်တော်တန်တန် မြွေအန္တရာယ်တော့ ကာကွယ်နိုင်တယ်။ ဒါကြောင့် စပါးသိမ်းချိန် ဒါမှမဟုတ် ညအခါ လမ်းထွက်ရင် မိန်းမ၊ ယောကျ်ား ဒီဖိနပ်စီးပြီးမှ သွားကြလာကြရတယ်။ စပါးသိမ်းချိန်ရောက်ရင် တစ်နှစ်တစ်နှစ် မြွေကိုက်ခံရတဲ့သူတွေများတယ်။ မြွေကိုက်ခံရရင် ကျွန်တော်တို့အရပ်က ပိုးထိလို့,လို့ပြောကြတယ်။ မြွေကိုက်ခံရရင် ကိုက်တဲ့မြွေကိုရိုက်ပြီး ဆေးရုံထိယူသွားကြတာက ကိုက်တဲ့မြွေအမျိုးအစားသိတော့ ဆေးကုရတာ လွယ်အောင်လို့လေ။

မြွေက တစ်မျိုးနဲ့တစ်မျိုး အဆိပ်တက်ပုံချင်း မတူကြတော့ ဆေးကုပုံချင်းကလည်း မတူဘူး။ ဆေးလည်းမတူဘူး။ ဒီနေရာမှာ ကျွန်တော်လေ့လာထားတာလေး ဗဟုသုတအဖြစ် ပြောချင်တယ်။ မြွေဆိပ်တတ်တဲ့လက္ခဏာတွေမှာ မြွေပွေးအဆိပ်ဟာ သွေးကို ထိခိုက်စေတဲ့အတွက် သွေးယိုစီးမှုကို ဖြစ်စေတယ်။ ကိုက်ခံရတဲ့အစွယ်နေရာက သွေးတစိမ့်စိမ့်ယိုတယ်၊ ဒဏ်ရာနေရာက ပူခြင်း၊ ရောင်ခြင်း၊ နာခြင်းကို ဖြစ်စေတယ်။ ပြင်းထန်ရင် သွားဖုံး၊ နှာခေါင်း၊ အနာဟောင်းတို့မှ သွေးယိုတယ်။ ပို့အန် ရင် သွေးပါတတ်တယ်။ အတွင်းသွေးယိုတဲ့အတွက် ဗိုက်နာမယ်။ ဆီးနည်းမယ်။ ကျောက်ကပ်ကို ထိခိုက်ရင်တော့ ခါးနာ





www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဆီး၊ ဝမ်းတို့မှာ သွေးပါမယ်။ မျက်စိမှာ သွေးခြည်ဥပြီး မျက်သားတွေတက်၊ မျက်စိမှုန်ပြီး အမြင်အာရုံ မကြည်မလင်ဖြစ်တတ်တယ်။ သက်ဆိုင်ရာ အကျိတ်တွေရောင်ပြီး ကယောင်ကတမ်း ပြောတတ်၊ သွေးလန့်(ရှော့)တတ်တယ်။

မြွေဟောက်အဆိပ်ကျ အာရုံကြောကို ထိခိုက်စေတယ်။ ဒဏ်ရာနေရာမှာထုံမယ်။ တစ်ခါတစ်ရံ အကိုက်ခံရတဲ့ဘက် ကိုယ်တစ်ခြမ်းထုံမယ်။ တစ်ကိုယ်လုံးထုံခြင်းကိုလည်း ဖြစ်စေတယ်။ ခေါင်းမူးမယ်၊ မျက်ခွံလေးမယ်၊ အာလေးလျှာလေးဖြစ်ပြီး အသံမထွက်။ တံတွေးမမျိုချနိုင်။ အသက်ရှုကျပ်၊ အသက်ရှုမဝခြင်း၊ အမြင်မှုန်ခြင်း၊ နှုတ်ခမ်း ခြေသည်း လက်သည်းပြာခြင်း စတဲ့ လက္ခဏာတွေ တွေ့ရတတ်တယ်။

ငန်းတော်ကျား၊ ငန်းတို့ အကိုက်ခံရရင်တော့ မြွေပွေး၊ မြွေဟောက်နှစ်မျိုးလုံးရဲ့အဆိပ်တွေပါတော့ မြွေဆိပ်တက်တဲ့ လက္ခဏာအားလုံး တွေ့နိုင်တယ်။ ဒါကြောင့် ကိုက်တဲ့မြွေအမျိုးအစားသိရင် ဆေးကုသရာမှာ လွယ်အောင် ဖြစ်နိုင်ရင် မြွေကိုရိုက်သတ်ပြီး ဆေးရုံယူလာကြရတာ။

ကျွန်တော်တို့ရွာကနေ မြို့ဆေးရုံကို လှည်းနဲ့သွားရင် တစ်နာရီလောက်အနည်းဆုံးကြာတယ်။ မြွေကိုက်ခံရတဲ့လူနာ၊ ဆေးကုသမှုမှာ မြန်လေကောင်းလေမဟုတ်လား။ ဒါကြောင့် မြွေကိုက်ခံရမှာကို သိပ်ကြောက်ကြရတဲ့အတွက် စွပ်ဖိနပ်ကို ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမစီးကြရတာ။

ကျွန်တော် မြွေနဲ့ တွေ့စဉ်တုန်းကလည်း စွပ်ဖိနပ်နဲ့ပဲဗျ။ အဲဒီတော့ ကျွန်တော့်အသက် (၂၀) လောက်ရှိပြီ။ အဲဒီနှစ် စပါးသိမ်းချိန်မှာ ကျွန်တော်တို့ကိုယ်ပိုင်လယ်တွေက စပါးသိမ်းပြီးပြီ။ ကျွန်တော်တို့အရပ်တွေမှာ လယ်စိုက်ချိန်၊ ပျိုးချိန်၊ သိမ်းချိန်မှာ တစ်ယောက်အလုပ်တစ်ယောက်ဝိုင်း ပြီး 'အဲ' ကြတဲ့ဓလေ့ရှိတယ်။ အဲတယ်ဆိုတာ ကူလုပ်တာ။ တချို့အရပ်တွေက လက်စားလိုက်တယ်လို့ ခေါ်ကြတယ်။ သူ့လယ် ကိုယ်ကကူလုပ်ထားရင် ကိုယ့်လယ်ကျတော့လည်း လာကူကြတယ်။ ခုဟာ အမေ့ရဲ့မောင်ကြီး ဘကြီးသာလှလယ်ကို ကူသိမ်းပေးရတာ။ အမေတို့မှာက မွေးချင်းသုံးယောက်ရှိတယ်။ အကြီးဆုံးက ဘကြီးသာလှ၊ ပြီးတော့ ဘလေးသာအောင်၊ ပြီး အမေ မငြိမ်းနွဲ့။ ဘကြီးသာလှနဲ့ သူ့ဇနီး ဒေါ်စန်းရင်တို့မှာ သားသမီးမထွန်းကားဘူး။ သူတို့သားဟာ ကျွန်တော်ပဲ။ ကျွန်တော့်ကို သားသမီးလိုချစ်တာ။ ဒါကြောင့် သူတို့အလုပ်ဟာ ကျွန်တော့်အလုပ်လို့ သဘောထားပြီး ဂရုစိုက်လုပ်တယ်။ ပြီးတော့ ဘကြီးသာလှတို့လယ်ဆိုရင် ရွာထဲက အဲကြမယ့်သူတွေ သိပ်ပေါတယ်။ ပေါမှာပေါ့၊ ဘကြီးတို့လင်မယားက စေတနာသိပ်ကောင်းတာ။ လယ်ကိုလာအဲတဲ့သူတွေ ကျွေးတာများ အလှူလေးလုပ်နေတဲ့အတိုင်းပဲ။ နံနက်အစောကြီး လယ်မရိတ်ခင် ကောက်ညှင်းပေါင်းနဲ့ ငါးကြော်။ ငါးကြော်က ခုတ်သား အကွင်းလိုက်ကြီးတွေ။ ရွာမှာဝယ်မရရင် မြို့တက်ဝယ်ထားတာ။ ထမင်းကျွေးတော့လည်း ဝက်သားပုံးရည်ချက်၊ ပဲဟင်း၊ မုန်ညင်းချဉ်၊ ငရုတ်သီးကြော်၊ တစ်ခါတစ်ရံ ဇာလချောင်ကြော်နဲ့ စပါယ်ရှယ်ကျွေးတာ။ တစ်နေ့တစ်မျိုး မရိုးအောင် ကျွေးတာ။ ဒီနေ့ ဝက်သားဆိုရင် နောက်နေ့ ကြက်သားဟင်း၊ နောက်တစ်နေ့ ငါးဟင်း၊ ရွာက မုဆိုးတွေဆီက တောကောင်ရရင် ဂျီ (ချေ) သား၊ ဆတ်သားပါလိုက်သေး။ အဲဒီလို စေတနာကောင်းတော့ လူတိုင်းက အဲချင်ကြတယ်။

အဲဒီနေ့က ဖြစ်ချင်တော့ အရင်ရက်က ရိတ်ထားတဲ့ကောက်လှိုင်းတွေကို တလင်းထဲပို့ရမှာမို့ ကျွန်တော် ဝီရိယလေးထားပြီး စောစောအိမ်ကထွက်လာတယ်။ အိမ်ကမထွက်ခင် ဝေလီဝေလင်းမှာ လယ်ထဲသွားဖို့ စွပ်ဖိနပ်ကို စီးတော့ ကျွန်တော့်ဖိနပ်မဟုတ်ဘူး။ နည်းနည်းကြီးနေတယ်။ ချောင်နေတာပေါ့ဗျာ။

အဲ-ပြောရဦးမယ်။ ကျွန်တော်တို့မှာ အမေက မွေးထားတာ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ အစ်ကိုက ကျော်စိုးထွန်း၊ ကျွန်တော်က ကျော်မျိုးထွန်း။ အစ်ကိုက အိမ်ထောင်ကျ၊ ယောက္ခမအိမ်လိုက် သမက်တက်လိုက်နေတယ်။ သမက်တက်ဆိုတာက သတို့သမီးသတို့သားမင်္ဂလာဆောင်ပြီး သတို့သားက သတို့သမီးအိမ်လိုက်နေရင် သမက်တက်။ သတို့သားအိမ် သတို့သမီးက လိုက်လာရင် ချွေးမတက်လို့ခေါ်တယ်။ ယောက္ခမအိမ်လိုက်နေ၊ အိမ်အလုပ်ဟူသမျှ ဝိုင်းလုပ်ဝိုင်းစား၊ ယောက္ခမတွေရဲ့စီမံခန့်ခွဲမှုအောက်မှာ အိမ်မခွဲမချင်း နေပေတော့။ ချွေးမတက်လည်း ထိုနည်းလည်းကောင်း။ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ပိုင်ခွင့်မရှိ။ တချို့ သားကြီး၊ သမီးကြီး၊ မြေးတွေရတဲ့အထိ ယောက္ခမအိမ်မှာနေကြတာတွေရှိတယ်။

ဒါက ကျွန်တော်တို့ ရှမ်းကဒူးအနွယ်တွေရဲ့ဓလေ့လေးကို ဗဟုသုတပြောပြတာ။ ဩော် - ကျွန်တော်တို့ရွာလေးက ကောလင်းမြို့ရဲ့ အနောက်တောင်နားက ကြခတ်ဝိုင်းဆိုတဲ့ရွာလေးလေ ဆရာရဲ့။ စောစောတုန်းက ဖိနပ်အကြောင်း ပြန်ဆက်ရဦးမယ်။ အဲဒီဖိနပ်က အစ်ကိုကျော်စိုးထွန်း အိမ်ကိုလာတော့ ဖိနပ်ချွတ်ပြီး အိမ်ပေါ်တက်၊ သူ့အိမ်ပြန်တော့ ညမှောင်ရီပျိုးစ။ ကျွန်တော့်ဖိနပ်မှားစီးသွားတာ။ အဲဒီသူ့ဖိနပ်ကြောင့် ကျွန်တော်ကံကောင်းသွားတာပေါ့ဗျာ။ သူ့ဖိနပ်ကကြီးတော့ ကျွန်တော်နဲ့ နည်းနည်းချောင်တယ်။ ပြီးတော့ ကျွန်တော့်ခြေဖျားထိပ်မှာ ဖိနပ်ဦးနဲ့ တစ်လက်မကျော်ကျော်လောက်ကွာနေတာ။ အဲဒီဖိနပ်စီး ဘကြီးသာလှတို့အိမ်သွား ကောက်ညှင်းပေါင်းနဲ့ ငါးကြော် အဝတုတ်ပြီး လှည်း‚ကပြီး လုပ်ငန်းခွင်ဝင်ကြတော့ ကျွန်တော့်သူငယ်ချင်း အောင်ကြီးက လှည်းပေါ်က၊ ကျွန်တော်တအောက်က ကောက်လှိုင်းစည်းတွေ လှည်းပေါ်တင်ပေးနဲ့ အလုပ်လုပ်နေကြတာ။လှည်းတစ်စီးစာပြည့်လိုက် တလင်းထဲသွားပို့လိုက်နဲ့ နံနက် (၉) နာရီကျော်ကျော်လောက်ရောက်သွားပြီ။ အဲဒီ အရင်ရက်က ရိတ်ပြီးပုံထားတဲ့ ကောက်လှိုင်းစည်း မ‚ပြီး ကျွန်တော် အောင်ကြီးဆီအပေးမှာ ဘာဖြစ်တယ်မှတ်သလဲ၊ အကောင်ရှည်ပေါ့ဗျာ။ ကျွန်တော့်ကိုယ်ပေါ်ကနေ ဟနေတဲ့ ကျွန်တော့်စွပ်ဖိနပ်ကြားထဲ တစ်ကောင်လုံးဝင်သွားတယ်ဗျာ။

ဟာ - အကောင်ကြီးပြီလားဗျာ၊ ခန့်မှန်း ကျွန်တော်တို့ မီးထွန်းတဲ့မီးချောင်းအလုံးလောက်တုတ်တယ်။ မြွေလည်း ဖိနပ်ထဲဝင်သွားရော -

"ဟာ - အောင်ကြီး မြွေဟ၊ မြွေဟော့ကောင် လုပ်ပါဦးဟ။ ငါ့ဖိနပ်ထဲဝင်သွားပြီ"

ပြောလည်းပြော ကျွန်တော့်တစ်ကိုယ်လုံးလည်း ကြောက်စိတ်ကြောင့်တောင့်တင်းပြီး လှုပ်လည်းမလှုပ်ရဲ ကြောက်လိုက်ပုံများဗျာ ပြောမပြနိုင်ဘူး။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုးမကြောက်ဖူးပါဘူး။ အဲဒီမှာ အောင်ကြီးက -

www.burmeseclassic.com

ဟ - လာကြပါဦးဟ။ ကျော်မျိုးထွန်းဖိနပ်ထဲ မြွေပွေးကြီးဝင်သွားလို့လုပ်ကြပါဦး”

နဲ့ အော်တော့ လူတွေဝိုင်းပြီးလာကြတာပေါ့။ ဝိုင်းသာလာကြတာ ဘာလုပ်လို့ လုပ်ရမှန်းမသိအောင်ဖြစ်နေကြတယ်။ ကျွန်တော့်မှာလည်း ဘယ်အချိန်များ ကိုက်လိုက်မလဲနဲ့ ကြောက်လွန်းလို့ ဇောချွေးတွေပြန်၊ တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်ပြီး ဖိနပ်ထဲက ခြေဖမိုးပေါ်မှာတိုးနေတဲ့ အေးစက်စက် ကြမ်းရှရှနဲ့ မြွေရဲ့အထိအတွေ့က ကျွန်တော်အသက်ရှူမှားနေပြီ။ အခုချိန်ထိတော့ မကိုက်သေးဘူး။ ခြေဖမိုးပေါ်မှာ ဟိုတိုးဒီတိုးနဲ့ လုပ်နေတာ။ ဟိုလူက ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားနဲ့ အမျိုးမျိုးပြောကြတာတွေလည်း ကျွန်တော်သဲသဲကွဲကွဲမကြားမိဘူး။ ကျွန်တော့်မှာသာ အကြောက်ကြီးပြီး၊ နောက်ဆုံးကြောက်တဲ့စိတ်ကုန်သွားပြီး ကြောက်စရာမကျန်တော့လို့ထင်ပါရဲ့။ ကိုယ့်ကိုယ်ကိုယ် ပြန်သတိရပြီး အတွေးပေါ်လာတယ်။ မြွေက ခြေဖမိုးပေါ်ကတိုးနေတာ။ ငါ့ခြေဖျားရှေ့က လွတ်နေတဲ့ဖိနပ်ဦးကို ဓားနဲ့လှီးပစ်လိုက်လို့ ထွက်စရာအပေါက်တွေ့ရင် မြွေဟာ တိုးထွက်သွားလိမ့်မယ်လို့ တွေးပြီး ခါးမှာပါတဲ့ ဓားကို ဓားအိမ်ကထုတ်၊ အောင်ကြီးကို -

“ဟေ့ကောင် အောင်ကြီး ရော့၊ ဓားနဲ့ ငါ့ဖိနပ်ဦးကိုလှီးပြီး အပေါက်ဖောက်လိုက်စမ်းကွာ”

“ဟ - ဖြစ်ပါ့မလား ဟကောင်ရ”

“ဖြစ်ပါတယ်ညယ်၊ ပြန်မေးမနေစမ်းပါနဲ့။ ရှေ့ဖိနပ်ဦးတစ်လက်မလောက်လှီးပြီး ဖြတ်ထုတ်ပစ်လိုက်စမ်းပါဟကောင်ရ။ ငါက လှုံ့ဝမလှုပ်ရဲဘူးဟ။ လှုပ်လိုက်ရင် မင့်အဖအကောင်ရှည်ကကိုက်လိုက်မှာဟ။ ပြောနေတာကြာတယ်ကွာ။ မြန်မြန်လှီးကြ၊ ဖောက်ပစ်စမ်းပါ”

နဲ့ပြောပြီး အောင်ကြီးကို ဓားပေးလိုက်တယ်။ ကျွန်တော့်ခြေထောက်ကတော့ နည်းနည်းမှမလှုပ်ရဲဘူး။ လှုပ်လိုက်ရင် ကိုက်လိုက်မှာ။ အဲဒါ အောင်ကြီးက ဖိနပ်ဦးကို ဓားနဲ့ကြိတ်လှီးလိုက်တယ်။ ဓားကလည်းထက်၊ ဖိနပ်ကလည်း ရော်ဘာသားပလတ်စတစ်သားဆိုတော့ ခဏလေးနဲ့ ဖိနပ်ဦးပြတ်ထွက်သွားပြီး အပေါက်ဖြစ်သွားတော့ မြွေပွေးဟာ ကျွန်တော့်ခြေဖမိုးကနေ ထွက်ပေါက်ရသွားတော့ ဖိနပ်ဦးကနေ ထွက်လာတယ်။ အဲဒါ ထွက်ခါစ ရိုက်ကြမယ်လုပ်လို့ -

“ဟ- မရိုက်ကြနဲ့ မရိုက်ကြနဲ့။ ပြန်ဝင်သွားလိမ့်မယ်”

နဲ့ အော်ပြီး တားလိုက်ရတာ။ အဲဒါက တဖြည်းဖြည်းနဲ့ တစ်ကောင်လုံးဖိနပ်ထဲကထွက်သွားတော့ ကျွန်တော်လည်း စိတ်လျှော့လိုက်လို့လားမသိဘူး၊ ကြောက်တဲ့လန့်တဲ့စိတ်ကြောင့် လူလည်းပျော့ခွေပြီးလဲကျသွားပါရောဗျာ။ အဲဒီကြောက်စိတ်ဟာ ဘယ်လောက်ဆိုးလဲဆိုတာ ကျွန်တော် တစ်ပတ်လောက်အစားလည်းမစားနိုင်၊ အလုပ်လည်းမလုပ်နိုင်တော့ဘူး။ ပြီးတော့ ဒီမြွေတွေပေါတဲ့ လယ်ယာလုပ်ငန်းခွင်ထဲလည်း မသွားချင်၊ မလုပ်ချင်တော့ဘူး။ ကျွန်တော်တော်တော်စိတ်ဓာတ်ကျသွားတယ်ဗျာ။

စွပ်ဖိနပ်လည်ရှည်ထဲ မြွေတစ်ကောင်လုံး ကျသွား၊ ဝင်သွားတာတောင် ကျွန်တော့်ခြေထောက် မြွေမကိုက်တာကတော့ တခြားသူတွေလို ကျွန်တော်က မြွေသားမစား၊ မြွေကိုမသတ်လို့ဘဲ ကျွန်တော်ထင်တယ်။ ရွာကလူတွေကလည်း ပြောကြတယ်။ ဒီကောင် ကျော်မျိုးထွန်း၊ အတော်ကံကောင်းတဲ့ကောင်ကွာ။ ဖိနပ်ထဲ မြွေဝင်သွားတာတောင် မြွေကိုက်မခံရဘူး။ အဲဒါ မင်းမြွေသားမစားလို့ မြွေမသတ်လို့နေမှာကွနဲ့ပေါ့။

ကျွန်တော် လယ်အလုပ်တွေ မလုပ်ချင်တော့ဘူးဗျာလို့ ပြောတော့ ဘကြီးသာလှနဲ့ အမေက -

“အေး-လူလေး၊ မင်းစိတ်ချမ်းသာသလိုသာနေ၊ မင်းမလုပ်ချင်လည်းဖြစ်ပါတယ်။ ဖြစ်အောင်လုပ်မှာပေါ့သားရ”

နဲ့ ပြောရှာကြပါတယ်။



ဒီလိုနဲ့ လယ်သိမ်းချိန် ရိတ်ချိန်လည်းပြီး၊ ယာခင်းထဲက သီးနှံသိမ်းပြီးသွားကြပြီဆိုတော့ လယ်ယာလုပ်ငန်းသမားတွေ အားသွားကြပြီ။ လယ်ယာလုပ်ငန်းအားတော့ တချို့ ရွာက မိန်းကလေးတွေ၊ ယောကျ်ားလေးတွေ ရွှေတောကို အခစားလိုက်ပြီး ရွှေမျောတွေမှာ သွားအလုပ်လုပ်ကြတယ်။ တချို့က ဖားကန့်၊ ဘိုင်းတောင်ဘက်တက် ကျောက်တွင်းတွေဆီသွားကြတယ်။ ဒါနဲ့ လယ်ယာလုပ်ငန်းတွေမလုပ်ချင်တော့ဘဲ စိတ်လေနေတဲ့ ကျွန်တော်လည်း ကောလင်းက ကျောင်းနေဖက် သူငယ်ချင်းတွေနဲ့ ဖားကန့်ကို လိုက်ခဲ့တော့တယ်။ အမေနဲ့ ဘကြီးသာလှက မလိုက်စေချင်ပေမယ့် လူတကာသွားနေကြတာပဲ သွားပါစေဆိုပြီး ခွင့်ပြုရှာကြတယ်။

အဲဒါနဲ့ ကျွန်တော်လည်း ဖားကန့်မှာ ကျောက်တူးသမားလေးတစ်ယောက်ဖြစ်သွားတယ်။ ဟိုတုန်းကတော့ ဒီဖားကန့်၊ ဘိုင်းတောင်၊ တာမခန်၊ ဟောင်ပါး၊ လုံးခင်ဆိုတဲ့ ရတနာမြေမှာ ကျောက်ကိုကိုယ်တိုင်တူးကြရတာ။ ကိုယ်က လုပ်အားပဲစိုက်နိုင်တော့ လောပန်းတစ်ယောက်ဆီမှာဝင် အစုစားနဲ့ ကျောက်တူးလိုက်။ နေစရိတ်၊ စားစရိတ်၊ ကျန်းမာရေးစရိတ်အားလုံး လောပန်းက တာဝန်ယူပေးတယ်။ အဲ-ကျောက်ရလာရင်တော့ လောပန်းတစ်ဝက်၊ ကျင်းသားတစ်ဝက် အစုခွဲယူကြရတယ်။

ကျွန်တော်တို့လောပန်းက အင်မတန်စိတ်ကောင်းရှိတယ်။ မန္တလေးသား။ မိုးညှင်းသူ ကချင်အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ဒီကျောက်လုပ်ငန်းကို ဖားကန့်လာလုပ်နေတာ။ နာမည်က ကိုချစ်ပိုတဲ့။ အောက်ခြေကတက်လာတဲ့သူမို့ ကျင်းသားတွေအပေါ်မှာ စာနာစိတ်ရှိတယ်။ ကိုယ်ချင်းစာစိတ်ထားတယ်။ တစ်ခါတစ်ခါဆုံမိရင် လောပန်းက သူ့ဘဝအကြောင်း တစ်စွန်းတစ်စပြောပြတယ်။

“ငါ ငယ်ငယ်က မန္တလေးမှာ ဖိနပ်ချုပ်ခဲ့တာကွ။ ဖိနပ်ချုပ်ရင်း ဒီဖိနပ်ချုပ်တဲ့လုပ်ငန်းဟာ ငါ့အတွက် ရရစားစား မကြီးပွားနိုင်ပါဘူးဆိုပြီး စွန့်စားပြီး ဒီရတနာမြေတက်လာ ရှန်းကန်လှုပ်ရှားခဲ့ရာက ဒီဘဝရောက်ခဲ့ရတာ။ မင်းတို့လည်း ကြိုးစားလုပ်ကြကွ။ ငါနဲ့ မင်းတို့ ပဋ္ဌာန်းဆက်လို့ တစ်မြို့တစ်ရွာဆီက ဒီမှာလာဆုံကြတာ။ ငါ့ကံ၊ မင်းတို့ကံ



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးလာတဲ့တစ်နေ့ ကျောက်ကောင်းပွင့်ရမှာပဲကွ”

လို့ မကြာခဏပြောပါတယ်။

လောပန်းကောင်းနဲ့ တွေ့ရတာ ကျွန်တော်တို့ အင်မတန် ကံကောင်းပါတယ်။ ကျောက်ရလာရင် ကောင်းတာပဲဖြစ်ဖြစ်၊ ညံ့တာပဲဖြစ်ဖြစ် ဈေးကွက်တင်ဝယ်သူကို ဈေးဖြတ်ခိုင်းတယ်။ ဝယ်သူဖြတ်ဈေးကို သူစိတ်နိုင်ရင် ဈေးပေးယူတယ်။ သူမကြိုက်ရင်ရောင်းလိုက်တယ်။ ပြီးမှ အစုခွဲယူတယ်။ သူစိတ်ထဲမှာ ဖြတ်သင့်တယ်လို့ထင်တဲ့ကျောက်ကို ကျင်းသားတွေဆန္ဒမေးပြီး သဘောတူရင် မရောင်းသေးဘဲ ဖြတ်ခုံတင်ဖြတ်တယ်။ မအောင်ရင်သွား၊ အောင်ရင်စားပေ့ါ။ ကျွန်တော်တို့လည်း လောပန်း ကိုချစ်ပိုဆီမှာ ကျောက်ရရင် အစုနဲ့ ယူသုံးကြ၊ စားကြနဲ့ ကျောက်ကြီးကျောက်ကောင်းကလည်း မပွင့်သေးတော့ ရရစားစားနဲ့ ပျော်ပျော်နေလာကြရာက လက်ကျင်းတွေ ခေတ်ကုန်သွားပြီ၊ ခေတ်ပြောင်းသွားပြီ၊ ကုမ္ပဏီခေတ်ရောက်လာပြီ။ စက်ကြီးတွေ၊ ဘက်ဖိုးတွေ၊ တစ်ပါတွေနဲ့ တူးကြသယ်ကြတဲ့ခေတ်ရောက်လာပြီ။

အဲဒီမှ ၁ လောပန်းက ပြောပါတယ်။

“ခေတ်ကပြောင်းသွားပြီ။ ငါလည်း အစိုးရနဲ့ဖက်စပ်လေလံတင်ကုမ္ပဏီခံပြီး မလုပ်နိုင်သေးဘူး။ အသာမှေးနေရဦးမယ်။ မင်းတို့ရွာပြန်ချင်တဲ့သူပြန်ကြ။ မပြန်ချင်တဲ့သူတွေလည်း ငါ့ဆီမှာနေကြ။ မင်းတို့ကို ငါ ထမင်းတော့ ကျွေးထားနိုင်ပါသေးတယ်”

နဲ့ ပြောရှာတယ်။

အားလုံး ကျင်းသား (၇) ယောက်ရှိတာ။ (၄) ယောက်ကတော့ပြန်သွားကြတယ်။ ကျွန်တော်ရယ်၊ အေးမောင်ဝင်းရယ်၊ တင်မြသူရယ် (၃) ယောက်ကတော့ လောပန်းအိမ်မှာနေကြတယ်။ အာ-အလုပ်တော့မရှိဘူး။ ထမင်းချက်၊ ထင်းခွေ၊ ရေခပ်၊ ကလေးထိန်းအလုပ်လောက်ပဲရှိတယ်။ အဲဒီလို နေလာရင်းက ခေတ်ကာလအခြေအနေအရ လုပ်ငန်းလုပ်ကွက်လေးပေါ်ခဲ့ပြီ။ ‘ရေမဆေး’ ကျောက်ရှာအလုပ်လေ။

ဒီလိုဗျ၊ ကုမ္ပဏီကြီးတွေက ယန္တရားကြီးတွေနဲ့ တူးဘက်ဖိုးတွေနဲ့ကုတ်တစ်ပါကားပေါ် မြေစာတွေ၊ ကျောက်တွေတင်၊ အဲဒီကျောက်ကျောဖြုန်းကြောထဲက ကျောက်တွေ၊ မြေစာတွေကို ကော်တင်ယူသွားပြီး သူတို့ကုမ္ပဏီဝင်းထဲမှာ ဖြန့်ကျောက်ရှာ၊ သူတို့စိတ်တိုင်းကျ ကျောက်ရှာပြီးတဲ့မြေစာနဲ့ ကျောက်တွေကို စွန့်ပစ်ပုံမှာ လာပုံပစ်တော့ ကျွန်တော်တို့ ရေမဆေးကျောက်ရှာသမားတွေက ထပ်ရှာကြ။ သူတို့မျက်စိလျှမ်းမတွေ့တဲ့ကျောက်ဟာ ကျွန်တော်တို့ ရေမဆေးသမားတွေအတွက်ပဲလေ။ ရေမဆေးသမားတွေ မှော်ထဲမှာ လောပန်းစရိတ်နဲ့နေကြတဲ့ ရေမဆေးအဖွဲ့တွေရှိသလို ကိုယ့်စရိတ်ကိုယ်စားပြီး ကိုယ့်ဟာကိုယ်ရှာတဲ့သူတွေရှိတယ်။ လောပန်းနဲ့နေတဲ့သူတွေကတော့ ရလာရင် လောပန်းနဲ့ ခွဲယူ၊ ကိုယ်ထူကိုယ်ထသမားကတော့ ကိုယ့်အဖွဲ့ (၅) ယောက်ရှိ (၅) ယောက်ခွဲယူပေ့ါ။ ကျွန်တော်တို့ကတော့ လောပန်းကိုချစ်ပိုဆီမှာပဲနေကြတယ်။ အနေကြာလာတော့ ကိုယ့်မိသားစုလို၊ ဆွေမျိုးရင်းလိုဖြစ်နေကြပြီ။ ရေမဆေး ကျောက်ရှာသမားအဖွဲ့တွေ ကျောက်ရှာထွက်လာပြီဆိုရင် မသိမမြင်ဘူးတဲ့သူတွေကတော့ ဘောလုံးကစားဖို့ ဘောလုံးသမားတွေထွက်လာသလားနဲ့ အောက်မေ့ရတယ်။ ဘောင်းဘီတိုနဲ့ ကင်းဘတ်ဖိနပ်နဲ့ ခြေအိတ်ရှည်ကြီးတွေနဲ့ တကယ့်ဘောလုံးသမားတွေအတိုင်းပဲ။ ကျောက်ရှာတယ်ဆိုတာကလည်း စိမ်ပြေနပြေရှာရတာမဟုတ်ဘူး။ ကိုယ်ရှာနေကျ မြေစာပစ်တဲ့ မြေစာပုံမှာ တစ်ပါကားတစ်စီးဆိုက်လာပြီဆိုရင် မြေစာပုံအောက်ခြေကစောင့်နေရတာ။ ဝေါခနဲသွန်ချလိုက်တဲ့ မြေစာနဲ့အတူ ကျလာတဲ့ခဲတွေကို လက်ထဲက စိန်သွားတပ်ထားတဲ့ စိန်တူလေးတွေနဲ့ အပြေးအလွှား သူထက်ငါခေါက်ကြည့်။ လူပေါင်း (၅၀)၊ (၁၀၀) ကြားထဲက အလုအယက်ခေါက်ကြည့်ပြီး ကျောက်ရှာရတာ။

မြေစာပုံထိပ်က ကျလာတဲ့ ကျောက်က ခြေထောက်ပေါ်ကျလာရင် မနာအောင် ခြေအိတ်နဲ့ ဖိနပ်နဲ့ အခုအခံထားရတာ။ ကျောက်ခဲကို အပြေးအလွှား စိန်တူနဲ့ ခေါက်ကြည့်လိုက်တာနဲ့ ကျောက်စိမ်းတုံးကို ခေါက်မိရင်း လက်ထဲမှာလာတွေ့တယ်။ ကျောက်စိမ်းက သိပ်သည်းဆများတော့ ခေါက်လိုက်ရင် အထိအတွေ့က လက်ထဲမှာ စီးစီးလေးလာတွေ့တယ်။ ရိုးရိုးကျောက်ခဲခေါက်မိရင်ကတော့ လက်ထဲမှာ ပေါ့တော့တော့ဟာတာတာနဲ့တွေ့တာ။ ဒါကြောင့် ရေမဆေးရှာသမားတွေလက်ထဲမှာ စိန်သွားတပ် စိန်တူလေးတွေ ကိုယ်စီကိုင်လာကြတယ်။ ရေမဆေး ကျောက်ရှာသမားတွေရဲ့ စိန်တူတစ်ချက်ဟာ ဘဝတစ်သက်လှနိုင်တယ်လေ။ စိန်တူတစ်ချက်နဲ့ ဘဝတစ်သက်လှသွားလို့ နေရပ်ပြန်သွားကြတဲ့သူတွေလည်းရှိသလို မြေစာပုံပြိုကျပြီး မြေစာ[illegible]လို့ ဘဝဆုံးသွားကြရတဲ့သူတွေလည်း အများကြီးရှိတယ်။

ကျွန်တော်လည်း ရေမဆေး ကျောက်ရှာသမားဘဝနဲ့ တစ်နှစ်ကျော်လောက် ကျင်လည်နေခဲ့ရာက တစ်နေ့မှာ ကံကြမ္မာမျက်နှာသာပေးတဲ့နေ့ ကြုံခဲ့ပြီး ကျောက်ရှာတဲ့သူအချင်းချင်းကံ[illegible]သွားတာ ပြောဦးမယ်။ ကျွန်တော်တို့အဖွဲ့ လောပန်းကိုချစ်ပိုဆီမှာ နေတာ (၈) ယောက်ရှိတယ်။ လုပ်ငန်းလုပ်ကြတာ တည်းက အတူတူ၊ စားအတူတူ လုပ်လာကြတာ။ အဲဒီနေ့က ကျွန်တော်တို့ (၈) ယောက်ထဲက ရွှေဘိုနယ် ဆိတ်ခွန်ရွာက ကျော်အောင်ထွေး၊ မန္တလေးက အုန်းမောင်၊ မုံရွာချင်းတွင်းမြစ်အနောက်ဖက်ကမ်း ရွာရှည်ရွာက သန်းနိုင်တို့ (၃)ယောက်က နေရပ်ကို ပြန်ကြတယ်။ ကျွန်တော်နှုတ်ကစီးနေသလားမသိပါဘူး။ သူတို့ပြန်မယ်ဆိုတော့ ‘မပြန်ကြပါနဲ့ဦး သူငယ်ချင်းတို့ရာ၊ တို့အဆင်ပြေတော့မှာ မကြာပါဘူးကွ။ ခဏနေပြီး လုပ်ကြပါဦး’ နဲ့ ပြောပြီး အတန်တန်တားမိတယ်။ ဒါပေမယ့် တားလို့မရပါဘူး။ ကံကခွဲခဲ့ပြီလေ။ အဲ-သူတို့ပြန်မယ်ဆိုတော့ ကျွန်တော်တို့ ကားဂိတ်လိုက်ပို့ကြသေးတယ်။ နှစ်ပေါင်း၊ ရက်ပေါင်း အတော်ကြာအောင်နေလာကြတဲ့ ဘဝတူသူငယ်ချင်းတွေ ခွဲခွာသွားကြရပြီဆိုတော့ ရင်ထဲမှာ နင့်နေအောင် ခံစားကြရပါတယ်။ သူတို့လည်း သူတို့အကြောင်းနဲ့ သူတို့ဆိုတော့ တားလို့မရဘူးလေ။ သူတို့ကားထွက်သွားမှ ကျွန်တော်တို့ ကျန်တဲ့ (၅) ယောက် ကျောက်ရှာထွက်ခဲ့ကြတယ်။ သူငယ်ချင်း (၃) ယောက် ပြန်သွားလို့ စိတ်မကောင်းဖြစ်ရပေမယ့် အဲဒီနေ့က ကျောက်ရှာတော့ ကျွန်တော် အလုပ်ထဲမှာ အာရုံစိုက်ပြီး စိတ်ထဲမှာ ရွှင်ပြီး ပျော်နေတယ်။ တစ်ပါတစ်စင်း လာလိုက်၊ မြေစာတွေ ကျောက်တွေ ဝေါခနဲသွန်ချလိုက်၊ ရှေ့ရောက်လာတဲ့ ကျောက်ကို စိန်တူနဲ့ ဖျောက်ခနဲခေါက် လိုက်၊ ကျွန်တော့်ပါးစပ်က ‘ဟေ့ စိန်တူ တစ်ချက် ဘဝလှပြီဟေ့’ နဲ့ အော်[illegible] နဲ့ လိုက်ခေါက်ပြီး ကျွန်တော့်ပါးစပ်က ဘယ်က ဘယ်လိုရောက်လာမှန်းမသိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အိမ်ယံကြား လရထားနဲ့ အလှသွား ပြိုင်ဦးမယ့်ကောင်ကွ' နဲ့ အော်နေမိတယ် ။

အဲဒါ မှတ်မှတ်ရရ နေ့နှစ်နာရီ လောက်မှာ သူတို့ထမင်းစားနား ပြီး ပထမဆုံးပြန်လာချတဲ့အခေါက် တစ်ပါသမားက ဟွန်းသံသုံးချက်တီး တယ်၊ ဟွန်းသံသုံးချက်တီးရင် သေချာ ရှာပေတော့။ ရေမဆေးကျောက်ရှာတဲ့ သူတွေကို အချက်ပေးတာလေ။ ကုမ္ပဏီ ကလူတွေ ကျောက်ကောင်းကောင်းမရှာ ရသေးဘဲ ရှောင်ထွက်လာတာ မင်းတို့ အသေအချာရှာကြဆိုတဲ့သဘော။ ဒီလို ဆေး- ဒီတစ်ပါကားမောင်းတဲ့သူ၊ ဘက်ဖိုး တော်တဲ့သူတွေဟာ ကျုပ်တို့မြန်မာလူမျိုး တွေ။ သူတို့က ခေါက်စားတွေ၊ လခစား တွေ။ တကယ်ကျောက်ကြီးကျောက် ကောင်းတွေရသွားတဲ့သူတွေက ကုမ္ပဏီ ပိုင်ဆိုတဲ့ လူမျိုးခြားတွေ၊ အခွင့်ထူးခံ တွေ။ ဒီတော့ အောက်ခြေလူတန်းစား တွေအတွက် သူတို့တတ်နိုင်တဲ့နည်းနဲ့ အကူအညီပေးကြတာ သူတို့အတွက် မပါဘူး။ စိတ်ကောင်းရှိတဲ့ကားသမား တွေ၊ ဘက်ဖိုးသမားတွေနဲ့ ကျွန်တော်တို့ တွေ့တဲ့အခါ သူတို့က ပြောထားတာ။ သူတို့ကောင်းကောင်းမရှာရသေးတဲ့ မြေ စာပုံကို ဘက်ဖိုးက ကော်ပေးဖို့ ကား ပေါ် (တစ်ပါ) ပေါ်ပါလာရင် ဟွန်းသုံး ချက် တီးလိုက်မယ်။ ကောင်းကောင်း သာရှာကြပေတော့လို့ ပြောပြောသွား ကြတယ်။

အဲဒါ ဟွန်းသုံးချက်ပေးပြီး ဝေါ ခနဲ မြေစာတွေသွန်ချလိုက်တော့ ကျွန် တော့်ရှေ့ တည့်တည့်လိမ့်ဆင်းလာတဲ့ ခဲကို ကျွန်တော် စိန်တူနဲ့ ခေါက်လိုက် တယ်။ လက်ထဲမှာ စီးခနဲကျဉ်ခနဲဖြစ် သွားတာနဲ့ ချက်ချင်းကောက်ပြီး လွယ် တဲ့အိတ်ထဲ ဆတ်ခနဲကောက်ထည့်လိုက် တယ်။ ပြီးတော့ လူအုပ်ထဲက ဖြည်း ဖြည်းချင်း နောက်ဆုတ်ထွက်လာလိုက် တယ်။ ကျောက်ရတာ လူသိခံလို့မဖြစ် ဘူးလေ။ အမှတ်တမဲ့ အသာလေး လူ မသိအောင်နေရတယ်။ ကျောက်က မကြီးဘူး၊ ဟင်းချိုပန်းကန်လုံးလောက် ရှိမယ်။ ကျောက်ရှာပြီးလို့ ကိုယ့်လူတွေ စုံတဲ့အခါ နောက်ထပ်လာတဲ့ တစ်ပါ ကားတစ်စင်း၊ နှစ်စင်းလောက်ဝင်ပြီး ကျောက်ရှာကြသေးတယ်။ ပြီးမှ 'ထမင်း ဆာပြီကွာ၊ နေလည်းစောင်းတော့မယ်။ ကားတွေလည်း အလုပ်သိမ်းချိန်နီးပြီ



ပြန်ကြစို့ကွာ' ပြောပြီး ပြန်လာကြတယ်။ အိမ်ရောက်မှ အိမ်ပေါ်တက် လှေကား တံခါးပိတ်၊ လောပန်းနဲ့အတူ ကျောက်ကို ဝိုင်းကြည့်ကြရတယ်။

လောပန်းက -

"အေး- ကျောက်ကတော့ အသား ကောင်းကွ၊ အရည်ဝင်ဖို့ပဲလိုတာ"

အဲဒီကျောက်ကို ဘာမှမလုပ်သေး ဘဲ ကျွန်တော်တို့အဖွဲ့ တစ်ပတ်၊ ဆယ် ရက်ကျောက်ရှာအလုပ်ဆင်းနေလိုက်ကြ တယ်။ ကျွန်တော်တို့အဖွဲ့ အလုပ်မဆင်း ဘဲ ရုတ်တရက်ပျောက်သွားရင် ကျောက် ကောင်းရသွားလို့ အလုပ်မဆင်းကြ တော့ဘူးလို့ မထင်အောင် ဟန်မပျက် အလုပ်ဆင်းကျောက်ရှာနေကြရတယ်။

အဲဒါ ရက်အတော်ကြာပြီး ကျောက်ကိုပြုပြင်ပြီး ဈေးကွက်တင် တော့ သိန်းတစ်ရာ့နှစ်ဆယ်ပေးတဲ့သူရှိ လာတယ်။ ဒါနဲ့ လောပန်းက ကျွန်တော် တို့ကို ဆွေးနွေးတယ်။

"မင်းတို့သဘောပြောကြ၊ တစ်ရာ့ နှစ်ဆယ်တော့ပေးနေပြီ။ ငါ့သဘော ပြောရရင်တော့ ဒီကျောက်ကို မရောင်း ချင်ဘူး။ ကျောက်သားလည်း ကောင်း တယ်။ ပြချက်ကလည်းလှနေတော့ ငါ စွန့်ပြီး ဖြတ်လိုက်ချင်တယ်။ မင်းတို့ဘယ် လိုသဘောရလဲ"

ကျွန်တော်တို့က ရောင်းချင် တယ်ဆိုရင် သူက ဈေးဖြတ်ပြီးဝယ်ပြီး အဲဒီကျောက်ကို ဖြတ်ရင်ဖြစ်တယ်။ ဒါ ပေမယ့် သမာသမတ်ကျပြီး ကိုယ့်ကျင်း သားတွေ သူချမ်းသာသလို ချမ်းသာစေ ချင်တဲ့စိတ်ကောင်းရှိလို့ သူကျွန်တော်တို့ ကိုပြောနေတာ။ သူ့လက်ထဲ ကျောက် ထည့်ထားတာ သူလုပ်သလို ကျွန်တော် တို့ခံရမှာ။ ကျွန်တော်တို့က လောပန်း သဘောပါလို့ , သူ့ကို အပ်လိုက်တော့ သူက ဖြတ်မယ်ကွာလို့ ပြောပါတယ်။

ကျောက်အတွေ့အကြုံနဲ့ ကျောက်ပညာ အများကြီးရှိတဲ့ လောပန်းကို ယုံကြည်ပြီး အပ်လိုက်တာ ကျွန်တော်တို့သိပ်မှန်သွား တယ်။ အဲဒီကျောက်ဟာ ဖြတ်လိုက် တော့ အရည်ဝင်ပြီး ကောင်းလွန်းတာနဲ့ ကျောက်မျက်ပြပွဲတင်ရောင်းလိုက်တာ အစိုးရအခွန်ဆောင်ပြီး ကျွန်တော်တို့ အတွက် သိန်းထောင်ကြီးပိုင်းကျန်တယ်။ အစုခွဲလိုက်ကြတော့ တစ်ယောက်ကို သိန်းထောင်ပိုင်းနားကပ်အောင် ရကြ တယ်။

ကျွန်တော်တို့တောသူတောင်သား တွေအဖို့ ဒီလောက်ငွေဟာ ကျွန်တော် တို့အတွက်တော့ ဘဝပြောင်းလဲသွား တာပေါ့။ ကျောက်တွေ့တဲ့ ကျွန်တော် လောပန်းနဲ့ ရေမဆေးသမားအဖွဲ့က ဆုကြေးပေးတာကို လေးရာရတယ်ဗျာ။ ဒါနဲ့ ကျွန်တော်တို့နေရပ်ကို ပြန်ကြ တယ်။ ငွေထုပ်ပိုက်ပြီး အပျော်နဲ့ခွဲခဲ့ကြ တယ်လေ။ တစ်ရက်မှာ ပြန်ဆုံကြပြီး ကံခွဲသွားတဲ့သူငယ်ချင်းသုံးယောက်ဆီ ကို သွားထောက်ပံ့ကြဖို့လည်း တိုင်ပင် ထားကြပါတယ်။

ကဲ- ဆရာ၊ ကျွန်တော့်ဘဝမဆန်း ကြယ်ဘူးလားဗျာ။ သေဘေးနဲ့နီးပြီး ကြုံ ရတာ၊ မြွေကိုက်မခံရဘဲ ဒီလုပ်ငန်းကို စိတ်ပျက်အောင် မြွေကလုပ်ပေးသလို ဖြစ်၊ ငွေကြေးဥစ္စာရမယ့်ဆီသူကရောက် အောင်ပို့ပေးလိုက်သလို ဖြစ်မနေဘူး လား။ ဖိနပ်ထဲဝင်တဲ့ မြွေပွေးတောင် ကျွန်တော်ကျေးဇူးတင်ရမလိုဖြစ်နေပြီ။ ရွာကလူတွေက ပြောကြတယ်။ မြွေ ကြောက်လို့ ကျောက်တွင်းရောက်၊ ကျောက်ပွင့်တဲ့ကောင်၊ မင်း မြွေပွေး ကျေးဇူးတင်တဲ့။ မင်းကတော့ နာမည်နဲ့ လူနဲ့လည်းလိုက်ပါ့ကွာ။ တစ်မိပေါက် တစ်ယောက်ထွန်း။ တို့အမျိုးထဲမှာ မင်း တစ်ယောက်ထွန်းပေါက်ပြီး နာမည် လည်း ကျော်ပါ့။ ကျော်လည်းကျော်၊ အမျိုးထဲလည်းထွန်းတဲ့ ကျော်မျိုးထွန်း ရယ်လို့ ဘကြီးသာလှက ပြောသေးဗျား။

*(တေးရေးဆရာ စောဝေလင်း (ဆင်ဖြူကျွန်း) ရေးသားပြီး ဇာတ်မင်း သားလေး ပိုင်ဆက် သီဆိုသော 'ဥရု ချောင်းရဲ့လွမ်းပုံပြင်) သီချင်းအား နား ထောင်မိရာမှ သားငယ် မောင်ဝေသွန်း ဖြိုး ပြောပြသော တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းအား ရွာအမည်၊ လူအမည် များ ပြောင်းလွဲရေးသားထားပါသည်။)*

မောင်မောင်တိုးမြင့် (မိုး)

www.burmeseclassic.com

www.burmeseclassic.com

(ရေးဆင်း-ငနုမြည်တော်)

# မနှင်းခါ


## ကြောက်ရှရသောသူ

'ကြောက်တတ်လျှင် နှစ်ခါသေ' ဆိုသော စကားရှိသလို 'ကြောက်တတ်လျှင် ဝန်ကင်း' ဆိုသော စကားလည်း ရှိပါသည်။ ဆန့်ကျင်ဘက်စကားနှစ်ခုကြားမှ စာရေးသူကြောက်ခဲ့ရသော အကြောက်တရားမှာ ဘိုးသူတော်မျက်စိလည်လမ်းမှား၍ ဆွမ်းဆန်ပိုရခဲ့သော အဖြစ်ဟု ပြောရလျှင် ပို၍မှန်ပါမည်။

စာရေးသူငယ်စဉ်က အင်မတန် သရဲကြောက်တတ်ပါသည်။ မည်မျှ ကြောက်တတ်သလဲဆို ရုပ်ရှင်ထဲမှာ အသုဘရှိလျှင် ညဆို လှူလယ်ကောင်မှာ ဝင်အိပ်ပါသည်။ သို့သော် ခြေရင်းနှင့် ခေါင်းရင်းကို ကြောက်နေပါသေးသည်။

ဆောင်းတွင်းကြီးမှာပင် ကြောက်ခဲ့ဖူးပါသည်။ ဤမျှအကြောက်ကြီးသော သူအတွက် အကြောက်ပျောက်သော ဆေးကို ရှာ၍တွေ့ခဲ့ပါသည်။ စာရေးသူက အိမ်မှာအငယ်ဆုံးဖြစ်၍ (၃)တန်း နှစ်လောက်မှစ၍ အစ်ကို၊ အစ်မတွေ ဖတ်သမျှ ဝတ္ထုစာအုပ် ဟူသမျှကို အကုန်လိုက်ပြီးဖတ်ပါသည်။ တက္ကသိုလ် ဘုန်းနိုင်၊ တက္ကသိုလ်တင်မြင့်၊ ယုဝတီ ခင်စိန်လှိုင်၊ ခင်နှင်းယု၊ ဂျာနယ်ကျော်မမလေး၊ ပါရဂူ၊ ရန်ကုန်ဘဆွေ၊ မြသန်းတင့် အစရှိတဲ့ စာရေးဆရာတွေရဲ့စာတွေကို အကုန်လိုက်ဖတ်ပါတယ်။

တစ်နေ့မှာ စာရေးသူရဲ့အစ်ကိုကြီးက မြတ်စွာဘုရားရှင်၏ (၅၅၀) နိပါတ်တော်ကို ပန်းချီဦးဘကြည်ရဲ့ ဆီဆေးပန်းချီကတစ်ဖက်၊ ပုဒ္ဓဝင်





www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရာ စာကတစ်ဖက်ပါတဲ့ စာအုပ်ကို ပေးဖတ်ပါတယ်။

ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာကို အကြွင်းမဲ့သက်ဝင်ယုံကြည်ခဲ့ပါသည်။ သရဏဂုံ (၃) ပါး ပုတီးစိပ်နည်း၊ လက္ခဏာ (၃) ပါး ပုတီးစိပ်နည်းတို့ကို အမြဲစိပ်ပါသည်။ အားသောအချိန်တွင် ပုတီးကိုသာ စိပ်နေမိပါသည်။ ကြာလာတော့ အစ်ကိုကြီးက စာရေးသူအား -

"နင်လုပ်ရမယ့်အလုပ်ကို အမေကလုပ်ပြီး အမေလုပ်ရမယ့်အလုပ်ကို နင်ကလုပ်နေတော့ နင်နဲ့ အမေက ပြောင်းပြန်ဖြစ်နေပြီ"

လို့ ပြောပါတယ်။

မှတ်မှတ်ရရ (၉) တန်းနှစ်ကျောင်းသူရှိန်ရေးတဲ့ 'ဗုဒ္ဓနှင့် ဗုဒ္ဓဂုဏ်တော်များ၏ ထူးခြားသောကိုယ်တွေ့ဖြစ်စဉ်' ဆိုတဲ့ စာအုပ်ကို ဖတ်လိုက်ရတဲ့အချိန်ကစပြီးတော့ သမ္ဗုဒ္ဓေဂါထာ၊ ပဋ္ဌာန်း ၂၄ ပစ္စည်း စသော ဂါထာတော်တို့ရဲ့ အစွမ်းသက်ပုံတို့ကိုသိလာရပါတယ်။ အိပ်မက်ထဲမှာ သရဲနဲ့တွေ့ရင်၊ အပြင်မှာကြောက်စိတ်တွေဝင်ရင် သမ္ဗုဒ္ဓေဂါထာရွတ်လိုက်တော့တာပဲ။ အဲဒီတော့ အိပ်မက်ထဲက သရဲလည်းပြေးရော ယုံကြည်အားထားရတဲ့ ဘုရားနှုတ်ကပါဌ်တော်တန်ခိုးကြောင့် ကြောက်စိတ်လည်းပြေသွားတာပေါ့။ ဆက်ပြီး စာရေးသူရခဲ့တဲ့ ဆုအကြောင်းကို ကြွားရပါဦးမယ်။

(၉) တန်းနှစ် နွေကျောင်းပိတ်မှာ မိဘများရဲ့ဇာတိရွာကို အလည်သွားပါတယ်။ အစ်ကိုဝမ်းကွဲတစ်ယောက်က အဲဒီရွာမှာ မူလတန်းကျောင်းအုပ်ပေါ့။ အသက် (၄၀) အရွယ်လောက်ပေါ့။ စာရေးသူ ရွာမှာရှိနေတဲ့ရက်ပိုင်းမှာ အဲဒီအစ်ကိုကြီးက သူအလုပ်ရခါစက တာဝန်ကျဖူးတဲ့ရွာကို အလည်သွားပါတယ်။ သူရဲ့ တပည့်ဟောင်းတွေက အိုးအိမ်ထောင်ကျပြီး အရွယ်ရောက်နေကြပြီဆိုတော့ သူတို့ရွာကထွက်တဲ့ ထန်းရည်နဲ့ ကြက်သားကာလသားဟင်းနဲ့ ဧည့်ခံကျွေးမွေးကြပြီး ရွာကို လှည်းနဲ့ ပြန်လိုက်ပို့ကြပါတယ်။

အိမ်ကိုလည်းပြန်ရောက်ရော ညနေ (၅) နာရီလောက်ပေါ့။ ခေါင်းအုံးကြီးပေါ် မျက်နှာမှောက်ပြီး ကလေးပေါက်စငိုသလို တအီအီနဲ့ငိုနေတော့တာပေါ့။ ဘာဖြစ်တာလဲလို့ မေးလိုက်တိုင်း ငိုနေတော့တာပဲ။ အစ်မဝမ်းကွဲတစ်ယောက်က ပြောပြပါတယ်။

"အခုသွားလည်တဲ့ ရွာက ရွာသူတွေပေါ်တယ်။နင်တို့အစ်ကိုက ကျောင်းဆရာပေါက်စဆိုတော့ အဲဒီရွာက အပျိုတွေကလိုချင်ကြတယ်။ ဒါပေမယ့် နင်တို့အစ်ကိုက ကိုယ့်ရွာသူနဲ့ယူလိုက်တယ်လေ။ အဲဒါကို မကျေနပ်လို့ လုပ်လိုက်တာနေမှာပေါ့"

လို့ ပြောပြပါတယ်။

စာရေးသူလည်း ဘုရားရှေ့မှာ သမ္ဗုဒ္ဓေဂါထာ (၉) ခေါက်ရွတ် သစ္စာဆိုပြီး ရေမန်းတိုက်မယ်လုပ်တော့ လူကြီးတွေက -

"တိုက်မနေနဲ့၊ ထန်းရည်မူးလို့ ငိုနေတာ"

လို့ ပြောပါတယ်။

အစ်မတွေက -

"မတိုက်ရရင် ပရိတ်ရေနဲ့ လှမ်းပက်လိုက်"

လို့ ပြောပါတယ်။

သူတို့ပြောတဲ့အတိုင်း ပရိတ်ရေနဲ့ လှမ်းပက်လိုက်တဲ့အခါ အစ်ကိုက ဝိုင်းကြည့်နေတဲ့လူတွေကို တိုးပြီးထပြေးတော့တာပေါ့။ အနီးနားကလူတွေက ဝိုင်းဆွဲထားတဲ့ကြားက လွတ်ထွက်သွားပြီး အိမ်ရဲ့အနောက်မြောက်ထောင့်က တိုင်ကို ခေါင်းနဲ့ပြေးပြီး ဆောင့်လိုက်တာ ခေါင်းကွဲမလား၊ ဘုသီးထသွားမလား ဆိုပြီး ဝိုင်းကြည့်ကြတော့ ဘာဒဏ်ရာမှ မတွေ့ရဘူး။ နေရာကိုပြန်ခေါ်လာပြီး ဘာဖြစ်တာလဲ မေးကြည့်ကြတော့မှ အိပ်ရာကလန့်နိုးလာတဲ့မျက်နှာနဲ့ သူ ထန်းရည်တွေအများကြီးမသောက်တဲ့ အကြောင်း၊ ဧည့်ခံတဲ့သူတွေ ကျေနပ်အောင် တစ်ခွက်လောက်သောက်ခဲ့ကြောင်း၊ ကြက်မြစ်ကြက်သည်းနဲ့ ထမင်းစားခဲ့တဲ့အကြောင်း၊ ပြီးတော့ မိုးရွာကြီးထဲမှာ ဆံပင်ဖားလျားတွေနဲ့ မိန်းမတွေက ဝိုင်းလို့ပြေးနေရတဲ့အကြောင်း၊ သူ့ကိုမိသွားတာနဲ့ နှာခေါင်းတွေ၊ ပါးစပ်တွေကို ဝိုင်းပြီးပိတ်ထားလို့ မွန်းကျပ်နေတာပဲတဲ့။ ကယ်မယ့်သူမရှိဘူး။ ငါ့နှမမျက်နှာကို မြင်လိုက်ရတော့မှ ကယ်မယ့်သူ ပေါ်တော့တာပဲလို့ ပြောပါတယ်။

အဲဒီအစ်ကိုက အမေ့အစ်မရဲ့ တစ်ဦးတည်းသောသားဆိုတော့ နှမအရင်းတော့မရှိဘူး။ ဝမ်းကွဲနှမတွေတော့ အများကြီးပေါ့။ အဲဒါနဲ့ ဘယ်နှမလဲလို့ ဝိုင်းမေးကြတော့ တိုက်တိုက်ဆိုင်ဆိုင် စာရေးသူရဲ့အမည်ကို ပြောပြပါတယ်။ စာရေးသူကို ရေမန်းလုပ်ခိုင်းတဲ့ အစ်မတွေက အံ့သြကုန်ကြတာပေါ့။ အဲဒီသတင်း စာရေးသူရဲ့ဦးကြီး၊ ဒေါ်ကြီးတွေကကြားတော့ စာရေးသူကို ခေါ်ပြီး ဗျူးကြတော့တာပေါ့။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာရေးကို ယုံကြည်အားကိုးတဲ့ စိတ်ဓာတ်ကို သဘောကျတယ်ဆိုပြီး ရွှေနားတောင်း တစ်ရန်ဆုချတယ်လေ။ ဘာသာရေး လုပ်ခဲ့တဲ့ အရင်းအမြစ်က အကြောက်တရားကြောင့် ယုံကြည်အားကိုးစရာရှာရင်း စစ်မှန်တဲ့ မှတ်ကျောက်တင်ခံနိုင်တဲ့ ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ရခဲ့ပါတယ်။ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်တို့ကို အလှည့်ကျရွတ်။ နေ့စဉ်ဘုရားရှိခိုး၊ (၇)ရက်သားသမီးများနဲ့ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့၊ အမျှဝေပြီးမှ အဲဒီနေ့တစ်နေ့တာအတွက် နေရတာ လုံခြုံတယ်လေ။ သရဲသဘက်ထက် ကြောက်စရာကောင်းတဲ့ သံသရာဝဋ်ဆင်းရဲဆိုတာတွေကိုလည်း တရားသဘောနဲ့ သိမြင်ခဲ့ရပါတယ်။ သံသရာဝဋ်ဆင်းရဲက ကျွတ်အောင် မြှုလုပ်ပေးနိုင်တဲ့ ဒါန၊ သီလ၊ ဘာဝနာတို့အပြင် ပျဉ်းမနား ဦးဗုဓ် တောရကျောင်းတွင် နှစ်စဉ်ကျင်းပသော ဆရာကြီး ဦးဂိုအင်ကာ၏ လယ်တီဆရာတော်ဘုရားကြီး၏ ကျင့်စဉ်ဝိပဿနာတရားစခန်းကိုလည်း (၂) ကြိမ်ဝင်နိုင်ခဲ့ပါပြီ။ တရားစခန်း၏ စည်းကမ်းသတ်မှတ်ချက်ဖြင့် (၁၀) ရက်လုံးလုံးစကားမပြောရဘဲ ဝစီပိတ်ကျင့်စဉ်ဖြင့် တရားအားထုတ်နေစဉ်,အချိန်ကာလအတွင်း အေးငြိမ်းသော စိတ်ခံစားမှုမှာ မည်သည့်အရာနှင့်မျှမလဲနိုင်သော ချမ်းသာသုခကို ရရှိခဲ့ပါသည်။ သံသရာဝဋ်ဆင်းရဲကိုကြောက်၍ သံသရာအဆက်ဆက်ကို အေးချမ်းစေသည့် ဘုရားရှင်၏နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်ကို ညွှောက်နိုင်မည့် ဝိပဿနာတရားတော်ကို (ဆု) အဖြစ် ရရှိခဲ့ပါသည်။ ထို့ကြောင့် ကြောက်၍ရခဲ့သော (ဆု) ဟု ဆိုပါက လွဲနိုင်မည် မထင်ပါ။

စာရေးသူ အမှန်တကယ် တွေ့ကြုံခံစားခဲ့ရသော တကယ့်ဖြစ်ရပ်မှန်ကို စာဖတ်သူများအား 'မိမိအစားကောင်း အသောက်ကောင်းစားသည့်ခါ အခြားသူများကိုလည်း စားရစေချင်သည့် စေတနာမျိုးထား၍' အပိုအလိုမရှိ ရေးသား ဖော်ပြလိုက်ရပါသည်။

မနှင်းခင်

ရေဆင်း-နေပြည်တော်




www.burmeseclassic.com

www.burmeseclassic.com

# မောင်မင်းယဉ် (ကုမ်)

## ကြုံရဆုံရ သွေးအုပ်စုများအကြွ



တစ်နေ့က အသက်(၅၀)လောက်ရှိတဲ့ ကျွန်တော့်မိတ်ဆွေ အင်ဂျင်နီယာတစ်ဦး အလည်ရောက်လာပါတယ်။ သူ့ဇနီးက ကျောင်းဆရာမတစ်ဦးပါ။ ကျွန်တော်နဲ့က နှစ်ယောက်စလုံးနဲ့ ရင်းနှီးပါတယ်။ ခုလာတာကတော့ သူ့မိန်းမ မပါပါဘူး။ သူတစ်ယောက်တည်း လာတာပါ။

"လာဗျာ - ကိုတိုးမောင်။ မတွေ့ရတာကြာပြီ၊ ထိုင်ပါဦး"

ကိုတိုးမောင်က ကျွန်တော့်ဧည့်ခန်းမှာ ထိုင်လိုက်ပါတယ်။ ပြီးတော့ သူ့မျက်နှာကချွေးတွေကို ပဝါနဲ့သုတ်လိုက်ပါတယ်။

ကျွန်တော်က -

"အင်ဂျင်နီယာကြီး လာတယ်ဟေ့။ အအေးလေးလုပ်လိုက်ပါဦး"

အအေးလာချပေးတော့ -

"ရင်ထဲပူနေတာနဲ့ အတော်ပဲဗျာ" ဆိုပြီး အအေးဖန်ခွက်ကို သောက်လိုက်ပါတယ်။

"ဆိုစမ်းပါဦး၊ အင်ဂျင်နီယာကြီးရဲ့ ဘာတွေများ ရင်ပူနေရတာလဲ"

"ဒီလိုဆရာရေ၊ ကျွန်တော့်အသိတစ်ဦး သွေးအုပ်စုပြဿနာတက်နေလို့ ဆရာ့ဆီလာအကူအညီတောင်းတာပါ"

"ဘာကူညီရမှာလဲဗျ။ သွေးအုပ်စုခွဲပေးရမလား၊ ဘာလုပ်ပေးရမှာလဲ"

"ဆရာ၊ အဖေနဲ့အမေနဲ့ သွေးအုပ်စုနှစ်ခုပေါင်းရင် သားသမီးမှာဖြစ်ပေါ်လာနိုင်တဲ့ သွေးအုပ်စုနဲ့ သားသမီးမှာ မဖြစ်ပေါ်နိုင်တဲ့ သွေးအုပ်စုတွေကို သိချင်ပါတယ် ဆရာ"

"ကျွန်တော်တို့က သွေးအုပ်စုမှာ A အုပ်စု၊ B အုပ်စု၊ AB အုပ်စု၊ O အုပ်စု (၄) ခုရှိကြောင်းသာ သိတယ်။ မိခင်အုပ်စုနဲ့ ဖခင်အုပ်စု ပေါင်းရင် သားသမီးမှာ ဖြစ်နိုင်တဲ့အုပ်စု၊ မဖြစ်နိုင်တဲ့အုပ်စုတွေကို အတိအကျသိချင်လို့ ဆရာ့ဆီလာခဲ့တာပါ ဆရာ"

"ဒါလေးက လွယ်ပါတယ်ဗျာ။ သွေးအုပ်စု (၄) ခုသိရင် လွယ်လွယ်လေးပါ။ ဒါပေမယ့် ဆေးပညာရှင်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေသိအောင် ကျွန်တော်မှတ်ထားတဲ့ မှတ်စုကလေးရှိတယ်။

သွေးအုပ်စု တစ်ခုချင်းအလိုက် ရေးထားတာရှိတယ်။ အဲဒီကတ်ပြားလေးကို သေချာဖတ်ကြည့်မှ အင်ဂျင်နီယာကြီးသိချင်တဲ့ အဖြေကို ချက်ချင်းသိရလိမ့်မယ်"

"ဟုတ်ကဲ့ - လုပ်စမ်းပါဦး ဆရာ၊ ပြစမ်းပါဦး"

ဒါနဲ့ ကျွန်တော့်စာအုပ်စင်ထဲက သွေးအုပ်စုနဲ့ပတ်သက်ပြီး အတိုချုပ်ရေးထားတဲ့ ကတ်ပြားလေးကိုရှာပြီး ကျွန်တော့်မိတ်ဆွေအင်ဂျင်နီယာကြီးကို ပေးလိုက်ပါတယ်။

"ကဲဗျာ - ခင်ဗျားလိုချင်တဲ့ သွေးအုပ်စုနဲ့ပတ်သက်တဲ့အဖြေတွေ ရှင်းရှင်းလင်းလင်းသိရလိမ့်မယ်။ ပြန်ရင် ခင်ဗျား ဒီကတ်ပြားလေး ယူသွား။ ကျွန်တော် ပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"

ဆိုပြီး အင်ဂျင်နီယာကြီးက သူ့အိတ်ထဲထည့်လိုက်ပါသည်။

ဒါနဲ့ အင်ဂျင်နီယာကြီးက အအေးတွေကုန်အောင်သောက်၊ မုန့်တွေစား ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ ကျွန်တော့်အိမ်မှာ (၁) နာရီ (၂) နာ လောက်ကြာကြာနေပြီးမှ ပြန်သွား တယ်။

ဒါနဲ့ ကျွန်တော်လည်း အင်ဂျ နီယာကြီး ပြန်သွားတော့ ဘာကြော အင်ဂျင်နီယာကြီး ဒါတွေသိချင်နေတ လဲလို့ တွေးမရဖြစ်နေခဲ့ပါတယ်။

**အင်ဂျင်နီယာကြီး ဝမ်းနည်း စိတ်ဆိုး**



www.burmeseclassic.com

www.burmeseclassic.com

ဒေါသဖြစ်နေခြင်း၊ ကြိတ်မနိုင်ခဲမရဖြစ်နေခြင်း

တစ်နေ့ညနေခင်း (၅) နာရီလောက်· အင်ဂျင်နီယာကြီး သူ့ကားလေးနဲ့ ကျွန်တော့်ဆီ ရောက်လာပါတယ်။ အင်ဂျင်နီယာကြီး နည်းနည်း ထွေလာပုံရပါတယ်။

"ဗျို့ - ဆရာ၊ ကျွန်တော်နဲ့လိုက်ခဲ့စမ်းပါ ဆရာ"

"ဘယ်လဲဗျ၊ ဘာလုပ်မလို့လဲ"

"ဆရာ့ကို ရင်ဖွင့်စရာရှိလို့ဗျ၊ ရင်မဖွင့်ရရင် မနေနိုင်ဘူးဗျာ။ သေလိမ့်မယ် ဆရာ။ ယမကာဆိုင်တစ်ဆိုင်ကို သွားကြရအောင်"

"ဟာဗျာ၊ ကျွန်တော်မှမသောက်တတ်ဘဲ"

"မသောက်တတ်လည်း လိုက်ခဲ့ပါဆရာ။ ဆရာက ဘီယာနဲ့ စားစရာတွေမြည်းပေါ့။ ကျွန်တော်တော့ ကျွန်တော်ကြိုက်တာတွေ အကုန်သောက်မှာပဲ"

ဒါနဲ့ ကျွန်တော် ယမကာအစုံနဲ့ အမြည်းအစုံရတဲ့ ယမကာဆိုင်တစ်ဆိုင်ကို သွားကြပါတယ်။

ယမကာဆိုင်ရောက်တော့ ကျွန်တော့်အတွက် ဘီယာနဲ့ အကင်မျိုးစုံမှာပေးပါတယ်။ သူကတော့ Chivas REGAL ကို မှာပါတယ်။ ပြီးတော့ ချိုးဗက်ကို ရေမရောဘဲ သောက်ပါတယ်။

"ဟ - လွန်လှချေလားဗျ။ ရေတောင်မရောဘူး။ ခင်ဗျားဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com

မိဘတို့၏သွေးအုပ်စုများနှင့် ရင်သွေးငယ်များ၌ ဖြစ်နိုင်သော သွေးအမျိုးအစားများ၊ မဖြစ်နိုင်သော သွေးအမျိုးအစားများ

| စဉ် | မိခင်+ဖခင်တို့၏ သွေးအမျိုးအစားများ | သားသမီးတို့တွင် ဖြစ်ပေါ်နိုင်သောသွေးအမျိုးအစား | သားသမီးတို့တွင် မဖြစ်ပေါ်နိုင်သောသွေးအမျိုးအစားများ |
|---|---|---|---|
| ၁။ | A+A | A+O | B+AB |
| ၂။ | A+B | AB+A+B+O | မရှိ |
| ၃။ | A+AB | A+B+AB | O |
| ၄။ | A+O | A+O | B+AB |
| ၅။ | B+B | B+O | A+AB |
| ၆။ | B+BA | A+B+AB | O |
| ၇။ | B+O | B+O | A+AB |
| ၈။ | AB+AB | A+B+AB | O |
| ၉။ | AB+O | A+B | O+AB |
| ၁၀။ | O+O | O | A+B+AB |

လိမ့်မယ်နော်"
"ဆရာရယ်၊ သေလည်းအေးတာ
ပဲဗျာ။ ဒါပေမယ့် ကျွန်တော်က သောက်
နိုင်ပါတယ်"
"ကိုတိုးရယ်၊ ဒီလောက်ပြည့်စုံ
ကြွယ်ဝနေတဲ့ဘဝမှာ ခင်ဗျားက ဘာလို့
သေချင်နေရတာလဲ"
"ဆရာမသိဘူးနော်၊ ကျွန်တော့်
ဘဝမှာ ခင်ဗျားက အားလုံးပြည့်စုံပေ
မယ့် တရုတ်ကားထဲကလိုပဲ ကျွန်တော်
မျိုး သေသင့်တာကြာပါပြီဗျာ"
"ကဲ-ပြောစမ်းပါဦးဗျာ၊ သေသင့်
တဲ့ အကြောင်း။ ဒါပေမယ့် ကိုယ့်ကိုယ်
ကိုယ်သတ်သေချင်တဲ့လူတွေ၊ လူ့ပြည်မှာ
မနေချင်တဲ့လူတွေဟာ စိတ်ကျရောဂါ
ခံစားနေရတဲ့လူတွေနော်။ ခင်ဗျားက
ဘာစိတ်ကျရောဂါဖြစ်စရာရှိလို့လဲဗျ။
အားလုံးပြည့်စုံပြီး အမြဲတမ်း တက်ကြွ
လန်းဆန်းနေတာပဲဟာ။ ခုတစ်လောမှ
ဘာဖြစ်နေတာလဲ"
"ဆရာ၊ မိန်းမလင်ငယ်နေတဲ့
ယောကျ်ားဘဝကို ဆရာ ခံစားဖူးမှာ
မဟုတ်ပါဘူး"
"ဘယ်လိုဗျ၊ မိန်းမလင်ငယ်နေ
တာ ဟုတ်လား။ ခင်ဗျားရဲ့မိန်းမကြီးက
လင်ငယ်နေလို့လား။ မဖြစ်နိုင်ပါဘူးဗျာ၊
အသက်တွေတောင် (၆၀) နားကပ်နေပြီ
မို့လား။ ပြီးတော့ ခင်ဗျားရဲ့ ဇနီးက
ကျောင်းဆရာမကြီးလေ"
"မဖြစ်နိုင်တာတွေဖြစ်ခဲ့လို့ ကျွန်
တော်သေချင်နေတာပဲ ဆရာ"
"ဒီလိုဆိုလည်း ဒီအရွယ်ကြီးကျမှ
ခင်ဗျားမိန်းမ လင်ငယ်နေရင် လင်ငယ်နဲ့
လိုက်သွားလို့ပြောလိုက်ဗျာ။ လက်လွန်
ခြေလွန်မဖြစ်စေနဲ့။ သူကြိုက်တဲ့လင်ငယ်
နဲ့ ပေးစားလိုက်ဗျာ"
"ဒီလိုလည်းလုပ်လို့မရဘူးဆရာ။
သူ့လင်ငယ်က ဘယ်သူမှန်း ကျွန်တော်
မသိနိုင်တော့ဘူး"
"ဘာလို့လဲဗျ"
"ဒီလိုဆရာ၊ ကျွန်တော့်မိန်းမ
လင်ငယ်နေခဲ့တာ လွန်ခဲ့တဲ့ အနှစ်နှစ်
ဆယ်ကျော်၊ နှစ်ဆယ့်ငါးနှစ်လောက်က
ဆရာ"
"ဟာ - ဆန်းလှချေလား။ အနှစ်
နှစ်ဆယ်ကျော် နှစ်ဆယ့်ငါးနှစ်က မိန်းမ
လင်ငယ်နေတာ ခင်ဗျားဘယ်လိုလုပ်
သိလဲ။ ကျွန်တော်သိတာတော့ ခင်ဗျား
တို့လင်မယားက ချစ်လည်းချစ်ကြတယ်။
သစ္စာလည်းရှိကြတယ်။ အေးအေးဆေး
ဆေးပဲဗျာ"
"ကျွန်တော်လည်း အစကဘယ်
သိမလဲဆရာ။ ကျွန်တော့်မိန်းမကို သစ္စာ
ရှိလှချေလား၊ တော်လှချေလားအောက်
မေ့နေတာ။ ခုမှ ဖွတ်ထွက်မှ တောင်ပို့
မှန်း သိရတာ"
"ဘယ်လိုသိရတာလဲ ပြောပြပါ
ဦး"
"ဒီလိုလေ ဆရာ။ ဆရာက
ကျန်းမာရေးဌာနကဆိုတော့ နှုတ်လုံမှန်း
သိလို့ ကျွန်တော် ရင်ဖွင့်ရဲတာပါ။ ခု
ကိစ္စက လူသိရင် ကျွန်တော်ရော၊ သား
သမီးတွေရော ကျွန်တော့်မိန်းမပါ အား
လုံး သိက္ခာကျ အရှက်ရကြမှာ"
"ကဲပါ၊ လိုရင်းကိုပြောစမ်းပါ"
"ဒီလို ဆရာ။ ကျွန်တော့်မှာ သား
သမီး (၃) ယောက်ရှိတယ်။ အကြီးမတ
ဆရာဝန်မ၊ အငယ်ဆုံးက စစ်အင်ဂျင်နီ
ယာ၊ ခု အလတ်က သင်္ဘောသား ဆရာ
သိပါတယ်"
"ဟုတ်ပါတယ်။ ဖအေတော်၊ မအေ
တော်ကြတော့ ကလေးတွေကသိပ်တော်
ကြတာ ကျွန်တော်သိပါတယ်"
"အဲဒါ ဆရာ၊ ကျွန်တော့်သား
အလတ် သင်္ဘောတက်မှ သွေးစစ်ကြည့်
တော့ ကျွန်တော် သိရတာ ကျွန်တော့်
သားတော့ ကျွန်တော့်သားပဲ။ ဒါပေမယ့်
ကျွန်တော့်သွေး မဟုတ်ဘူး၊ လွန်ခဲ့တဲ့
(၂၅) နှစ်က ကျွန်တော့်မိန်းမ လင်ငယ်
နဲ့ရတဲ့သား ကျွန်တော့်သွေးနဲ့ မတူဘူး။
ဒါကြောင့် ဆရာပေးတဲ့ သွေးအုပ်စု
ကတ်ကို ဟိုနေ့က လာတောင်းတာပါ။
ကျွန်တော်နဲ့ ကျွန်တော့်မိန်းမ ပေါင်းလို့ရ
တဲ့ အဖြေမဟုတ်ဘဲ အခြားသွေးအုပ်စု
ဖြစ်နေတယ်"
"ဟာဗျာ၊ ကျွန်တော် ခင်ဗျား
တောင်းလို့ မိသားစုရဲ့သွေးအဖြေပါတဲ့
ကတ်ကို ပေးလိုက်တာပါဗျာ။ ကျွန်တော်
ပေးလိုက်မိတာမှားပြီ"
"ဆရာ၊ ခုခေတ်မှာ သိပ္ပံပညာ
တိုးတက်လာတော့ ရှင်းရှင်းလင်းလင်းသိ
ရတာ သိပ္ပံပညာရှင်တွေရဲ့ အမှားအပြစ်
မဟုတ်ပါဘူးဆရာ။ ဖောက်လွဲဖောက်
ပြန်လုပ်တဲ့လူတွေရဲ့ အပြစ်တွေ၊ အမှား
တွေ ပေါ်လာတာပေါ့။
"ခု ကျွန်တော့်မှာ ကျွန်တော်ချစ်
နေတဲ့၊ ကျွန်တော့်သွေးမဟုတ်တဲ့ သား
အတွက်ကို ဘယ်လို အားရပါးရ သားလို့
ခေါ်နိုင်တော့မှာလဲ။ သား... အဖေ...



www.burmeseclassic.com

www.burmeseclassic.com

ခေါ်လိုက်တိုင်း ကျွန်တော်ပြောမပြနိုင်အောင် ခံစားရတယ်။ ဟိုသီချင်းထဲလိုပဲ ကိုယ့်သွေးလည်း မဟုတ်၊ ကိုယ့်သားလည်းမဟုတ်၊ မတော်တစ်ယယ်ကများ သင်ငယ်နေဖူးတယ်"

"ဟာ - ဆိုင်ထဲမှာလေဗျာ။ အင်ဂျင်နီယာကြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ပါဦး"

အင်ဂျင်နီယာကြီးက အရက်မူးပြီး သီချင်းတွေ ခံစားချက်နဲ့ အော်ဆိုနေတာနဲ့ ကျွန်တော်က တားရပါတယ်။

"ဆရာရယ်၊ ကျွန်တော် ရှုးတော့မယ် ဆရာ။ ကျွန်တော် သုံးဆယ့်ငါးနှစ်ကျော်ကျော်က ချစ်ရ၊ မြတ်နိုးရတဲ့ မိန်းမက လွှန်ခဲ့တဲ့ အနှစ်အစိတ်ကျော်က သင်ငယ်နေဖူးကြောင်းသိရတော့ ကျွန်တော် ဘာလုပ်ရမလဲ။

ကွဲကြကွာကြရရင်လည်း မိသားစုလိုက်သိက္ခာကျကြတော့မှာ။ သားသမီးတွေရဲ့မျက်နှာ၊ အနှစ်သုံးဆယ်ကျော် ကျွန်တော့်ကို ပြုစုခဲ့တဲ့မိန်းမရဲ့ သိက္ခာကိုထောက်ပြီး ကျွန်တော် ငြိမ်နေရလား၊ ဒီမိန်းမကိုလည်း ကျွန်တော်ဆက်ပေါင်းရမှာလား၊ ကျွန်တော့်လောက်ကံဆိုးတဲ့လူ ဒီကမ္ဘာမှာမရှိတော့ပါဘူးဗျာ"

ကျွန်တော် သူ့ကိုဘယ်လိုဖြေသိမ့်ပေးရမှန်း မသိတော့။

"အင်ဂျင်နီယာကြီးရယ်၊ ဒီလောက်လည်း ခံစားမနေပါနဲ့ဗျာ။ သွေးအဖြေတွေ မှားရင်လည်း မှားနေမှာပေါ့"

"သွေးအဖြေက မမှားပါဘူး။ ကျွန်တော့်မိသားစုအားလုံး သုံးခါပြန်စစ်ပြီးပါပြီ ဆရာ။ ဒီအဖြေတွေပါပဲ။

ကျွန်တော် ရှေးက လူကြီးတွေရဲ့ စကားတစ်ခုကိုလည်း တိတိကျကျ ယုံကြည်သွားပါပြီ ဆရာ"

"ဘာစကားလဲဗျ"

"ရှေးက ရယ်ခြင်းကြီး (၃) ပါးရှိတယ်ဆိုတဲ့စကားလေ။

အဲဒါတွေက -

လူတစ်ယောက်က -

၁။ ဒါငါ့မြေငါ့မြေလို့ပြောရင် ကမ္ဘာကြီးက ရယ်သတဲ့။

၂။ ဒါငါ့ရွှေ ငါ့ငွေ ငါ့ကျောက်သံပတ္တမြားလို့ပြောရင် ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေက ရယ်သတဲ့။

၃။ ကိုယ့်မိန်းမက မွေးထားတဲ့ သားသမီးကို ငါ့သမီး၊ ငါ့သားလို့နမ်းရင် မိန်းမက ရယ်သတဲ့။

ခုတော့ အမှန်ပါပဲ ဆရာ။ ကျွန်တော့်သားအလတ်ကို ကျွန်တော့်သားလို့ဆိုပြီးနမ်းခဲ့တာတွေ ကျွန်တော့်မိန်းမက ရယ်နေမှာပေါ့ ဆရာ။ ကျွန်တော် ဘယ်လိုနေရမလဲဆရာ။ ကျွန်တော်ရှုးပြီဆရာ။ ကိုယ့်ကိုယ်ကိုယ်သတ်သေမှ ဒီခံစားချက်တွေပျောက်ရတော့မှာပဲဆရာ"

"ခင်ဗျားအားလုံးမေ့ပစ်လိုက်ဗျာ။ နဂိုပုံစံအတိုင်းနေသွားပေါ့။ ကျွန်တော်ကလွဲလို့ ဘယ်သူမှသိတာမှမဟုတ်တာ။ ကျွန်တော်ကလည်း ဘယ်သူ့ကိုမှပြောမှာမဟုတ်ပါဘူး"

"မရတော့ဘူး ဆရာ။ ကျွန်တော့်လိပ်ပြာ ကျွန်တော် မသန့်တော့ဘူး။ ဒီမိန်းမကို အိမ်ကနှင်ထုတ်ရမလား၊ ဓားနဲ့ တောက်တောက်စဉ်းပစ်ရမလား၊ အဆိပ်ကျွေးသတ်ရမလား"

"ဘာမှမလုပ်သင့်တော့ပါဘူးဗျာ။ ခုအရွယ်ကျမှ ကျော်မကောင်းကြားမကောင်း။ တရားနဲ့သာဖြေပါဗျာ"

"ဆရာရယ်၊ ဆရာမခံစားဘူးလို့ပါ။ ကျွန်တော့်ရင်ထဲက မီးတောက်က ကျွန်တော့်သေမှငြိမ်းတော့မှာပါ"

ဒါနဲ့ အင်ဂျင်နီယာကြီး သတိလစ်အောင်သောက်လို့ ကျွန်တော် အင်ဂျင်နီယာကြီးကို သူ့အိမ်အထိ လိုက်ပို့ရပါတယ်။

**အင်ဂျင်နီယာကြီးဒုက္ခမီးငြိမ်းလိုက်ပုံက**

ဒါနဲ့ ကျွန်တော် အင်ဂျင်နီယာကြီးနဲ့ တစ်နှစ်လောက် မတွေ့ဖြစ်တော့ပါဘူး။

တစ်နေ့မှာတော့ ကျွန်တော့်ဆီကို ဘုန်းကြီးတစ်ပါးရောက်လာပါတယ်။

"ဒကာဆရာရေ တံခါးဖွင့်ပါဦး၊"

ကျွန်တော် တံခါးဖွင့်ပြီး ဧည့်ခန်းထဲ ပင့်လာပါတယ်။

ဧည့်ခန်းရောက်လို့ ထိုင်မိတော့မှ ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲသိရပါတော့တယ်။

"ဟာ - အင်ဂျင်နီယာကြီး အဲလေ ဦးပဉ္စင်းကြီး ဘယ်လိုဖြစ်လာတာလဲ"

"ဆရာရေ ဆရာနဲ့ကျုပ်အမူးလွန်သွားတဲ့နောက်နှစ်ရက်လောက်နေတော့ ဦးပဉ္စင်းဝတ်လိုက်တယ်။ ပျဉ်းမနားမြို့နယ် (ယခုနေပြည်တော်) က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ လူမသိသူမသိ ဦးပဉ္စင်းဝတ်လိုက်တယ်။

ကျုပ်မိန်းမကိုလည်း ဘာမှအပြစ်မပြောဘူး။ သားသမီးတွေကိုလည်း ဘာမှမပြောဘဲ ငါ လူ့ဘဝကို ငြီးငွေ့လို့ သာသနာ့ဘောင်ဝင်တော့မယ်လို့ပြောပြီး တိုက်ရော၊ ကားရော၊ အတွင်းပစ္စည်းတွေပါ မိန်းမနဲ့ သားသမီးတွေလက်ထဲ ထည့်ပေးလိုက်တယ်။ ကျုပ်အတွက် လိုတာသုံးဖို့ (၅) သိန်းသာယူပြီး အားလုံး သံဃောဇဉ်ဖြတ်ပေးခဲ့တယ်။

ပြီးတော့ မင်းတို့ ငါ့ကို လာမတွေ့ကြနဲ့တော့။ ငါနယ်လှည့်ပြီးအဓိဋ္ဌာန်ဝင်တော့မယ်လို့ပြောခဲ့တယ်။ ခုတော့ ကျုပ်ဦးပဉ္စင်းဝတ်တဲ့ ကျောင်းက ဘုန်းကြီးက ရန်ကုန်ကို သာသနာ့ကိစ္စနဲ့ခေါ်လို့လိုက်ခဲ့ရပါတယ်။ ကျုပ်အိမ်ကိုမဝင်ခဲ့တော့ဘူး။ ဘယ်သူ့မှမပြောပါနဲ့။

အရိပ်အားလုံးထဲမှာ မြတ်စွာဘုရားရှင်ရဲ့အရိပ်က အအေးဆုံးဆိုတာ ကျုပ်ယုံကြည်သွားပြီ။ ဒါကြောင့် ဘုရားရိပ်၊ တရားရိပ်၊ သံဃာ့ရိပ်မှာ ခိုလှုံဖို့ ဆုံးဖြတ်လိုက်တာပါ။

ခုတော့ ကျုပ်ရင်ထဲက သံယောဇဉ်မီး၊ ဒေါသမီး၊ လောဘမီး၊ ရာဂမီးတွေ ငြိမ်းကုန်ပါပြီ။ ကျုပ်ရင်ထဲ အေးချမ်းသွားပါပြီ။ ဆရာ့ကိုလာနှုတ်ဆက်တာ။ ကျုပ်ပြန်တော့မယ်ဗျာ။ ဆရာ့အတွက် ကျုပ် စာလေးတစ်ပုဒ် ရေးလာခဲ့တယ်။ ရော့ - ယူထားလိုက်ပါ"

ကျွန်တော် စာရွက်ကလေးကို တရိုတသေ ယူလိုက်ပါတယ်။ ဦးပဉ္စင်းကြီးပြန်သွားမှ စာရွက်ကလေးကို သေချာဖတ်ကြည့်လိုက်တော့ ဦးပဉ္စင်းကြီး တကယ် အပူငြိမ်းပြီး သောကကင်းဝေးနေနိုင်ရေးလမ်းစဉ်ကို ရသွားပြီလို့ ယုံကြည်လိုက်ပါတယ်။

စာကလေးကတော့ -

**တောက်လောင်သောမီးများ**

- *ကျုပ်ရဲ့ဒုက္ခ ဘယ်သူမှ ကယ်မနိုင်မည် မဟုတ်ပါ။*
- *လောဘ၊ ဒေါသ၊ မောဟမီး ထိန်ညီးတောက်လောင်စွာ။*
- *သံယောဇဉ်မီး၊ အပူမီး လောင်ပြီးရင်းလောင်တာ။*
- *ဘုရားရိပ်ကို ခိုလှုံမှ၊ တရားရိပ်ကို ခိုလှုံမှ၊ သံဃာ့ရိပ်ကို ခိုလှုံမှ သောကကင်းဝေးမှာ။*

မောင်မင်းယဉ် (ကူမဲ)

*မှတ်ချက်။ ။ ဖြစ်ရပ်မှန်တစ်ခုကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ တိုက်ဆိုင်မှုများရှိပါက ဤဦးပဉ္စင်းကြီးကဲ့သို့ ဖြေသိမ့်တော်မူကြပါ။*

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နေထိုင်ရာ ဤလောက တွင်းဝယ် မဖြစ်နိုင်ဟု ယူဆကြရသော ဖြစ်ရပ်များ၊ ယုံကြည်နိုင်စရာမကောင်း လှသည့် ဖြစ်ရပ်များစွာတို့သည် စိတ်ကူး ယဉ်ပုံဖော်မှုအကြောင်းတို့ထက် ပို၍ အံ့သြဆန်းကြယ်လှစွာ ဖြစ်ပေါ်လေ့ဖြစ် ပေါ်ထရှိနေကြပါသည်။ ဖြစ်ပေါ်လာရ သော အကျိုးတရားတို့နှင့် ပတ်သက်၍ ထူးခြားသော အကြောင်းတရား အမျိုးမျိုးတို့ကလည်း ရှိနေနှင့်ကြပါ သည်။ ထို့ကြောင့်လည်း လောက၌ လောကဓာတ်သိပ္ပံသမားတို့၏ အတွေး အခေါ်တို့ကို ကျော်လွန်၍ ဖြစ်ပျက်ကြုံ တွေ့နေကြရခြင်းပဲ ဖြစ်ပါသည်။ ယခု ကျွန်ုပ် တင်ပြမည့် အကြောင်းတို့သည် လည်း သဘာဝလွန်ဖြစ်ရပ်ဟု ပြောရ မည်လား၊ မဖြစ်နိုင်သည့်ဖြစ်ရပ်ဟု ဆိုရ မည်လားတော့ မသိပါ။ သို့သော် ကျွန်ုပ် အမှန်တကယ်ကြုံတွေ့ခဲ့ရသော ဖြစ်ခေါင့် ဖြစ်ခဲ ဖြစ်ရပ်ဆန်းအကြောင်းလေးပဲ ဖြစ်ပါသည်။

ကျွန်ုပ် အပြင်လောကတွင် ဦးလေး တစ်ယောက်ထံမှ စက်ပြင်ပညာသင် ကြားနေသည့်အချိန်တွင် ဖြစ်ပါသည်။ တစ်နေ့တွင် ကျွန်ုပ်သည် လှိုင်လင်မြို့ ဈေးထဲရှိ ပုံကျဈေးသည်များ ရောင်းချ သည့် ချောင်းငါး ငါးရံ့အတွဲတစ်တွဲကို ဝယ်၍ အိမ်မီးဖိုဆောင်တွင် ငါးရံ့တို့ကို ကိုင်တွယ်ခုတ်ထစ်နေပါသည်။ ငါးရံ့မှာ ချောင်းထဲမှငါးများဖြစ်၍ အကြီးဆုံး အကောင်မှာပင် လေးလက်မခန့်သာရှိ ပါသည်။ ငါးဝယ်စဉ်ကလည်း အကောင် ရှင်များမပါအောင် အသေအချာ စစ် ဆေး၍ဝယ်ပါသည်။ အရှင်ကောင်များ ပါခဲ့လျှင်လည်း ၎င်းငါးအား ကျွန်ုပ်တို့ ၏ရေတွင်းထဲတွင် လွှတ်ပေးလေ့ရှိပါ သည်။ ငါးလေးငါးကောင်ကိုင်တွယ် ခုတ်ထစ်ပြီး နောက်တစ်ကောင်တည်း သာကျန်တော့သည့် မာတောင့်နေပြီဖြစ် သော ငါးရံ့တစ်ကောင်ကို ကျွန်ုပ်သည်

(လှိုင်လင်း)

# မဟာစက်ရှင်

## ကျွန်ုပ်နှင့်သဘာဝလွန်ဖြစ်ရပ်များ





www.burmeseclassic.com

www.burmeseclassic.com

ဓားဖြင့် အကြေးခွံတို့ကို ခြစ်ထုတ်ပစ်ပါသည်။ ပါးဟက်မာနှစ်ဖက်ကို ခွာထုတ်လိုက်ပါသည်။ ၎င်းနောက် ရေယက်ဆူးတောင်တို့ကိုခုတ်ထစ်ပြန်ပါသည်။ အမြီးပိုင်းမှ ဆူးမာတို့ကိုလည်း ဖြတ်တောက်ပစ်လိုက်ပါသည်။ ပြီးလျှင် ငါးရံ့၏ဝမ်းဗိုက်ကို ဓားဖြင့် အလျားလိုက်ခွဲချလိုက်ကာ ငါးဗိုက်ထဲမှ ကလီစာအားလုံးတို့ကိုသည်းခြေပါမကျန် ဆွဲထုတ်၊ ဖြတ်ထုတ်ပစ်လိုက်ပါသည်။ ငါး၏ဝမ်းဗိုက်ထဲတွင်ဘာကလီစာမှမကျန်တော့။ ထို့ကြောင့်ကျွန်ုပ်သည် ငါးကိုယ်ထည်အား ဓားဖြင့်အစင်းလိုက်ရာပေးလိုက်သည်။ နောက်ဆုံးအစင်းရာတစ်ခုကိုစဉ်းလိုက်ချိန်တွင်မထင်မှတ်သောဖြစ်ရပ်က ဖြစ်လာပါတော့သည်။

ဆူးတောင်၊ ရေယက်၊ အကြေးခွံ၊ ပါးဟက်၊ အတွင်းကလီစာ လုံးဝမရှိတော့သော ခန္ဓာကိုယ်နှစ်ဖက်အပေါ်ဓားစဉ်းရာများဖြင့် ပြည့်နှက်နေသောသက်မဲ့ဖြစ်နေပြီဖြစ်သည့် ၎င်းငါးရံ့မှာကျွန်ုပ်၏လက်ထဲမှ အရှင်တစ်ကောင်ကဲ့သို့ တဖျတ်ဖျတ်ခါ၍ အမြင့်တစ်ပေခွဲလောက်အထိ ထခုန်လိုက်ပါတော့သည်။ ကျွန်ုပ်လည်း အလွန်ထိတ်လန့်သွားပြီး ဓားကိုပစ်ချကာ မီးဖိုဆောင်မှဧည့်ခန်းဘက်ဆီသို့ ကမန်းကတန်းပြေးထွက်မိပါသည်။ ဧည့်ခန်းထဲမှ မိခင်ကကျွန်ုပ်အား မေးမြန်းသော် ကျွန်ုပ်လည်းဖြစ်ကြောင်းကုန်စင်ကို ပြောပြရာ မိခင်ကြီးလည်း မီးဖိုခန်းထဲဝင်၍ ထခုန်သည်ဆိုသော ငါးရံ့ကို သွားရောက်ကြည့်ကာကျွန်ုပ်၏အဖြစ်ကို ရယ်မောနေပါသည်။ငါးရံ့ကား မီးဖိုဆောင်ကြမ်းပြင်ပေါ်တွင်သက်မဲ့အဖြစ် ကျောက်ရုပ်ပကတိ။

မိခင်ကြီး ယုံကြည်နိုင်မည်မဟုတ်မှန်း ကျွန်ုပ်နားလည်လိုက်ပါသည်။ မည်သို့မျှ မဖြစ်နိုင်သော သဘာဝလွန်ဖြစ်ရပ်ကို ကျွန်ုပ်ကြုံတွေ့လိုက်ရခြင်းပဲ ဖြစ်ပါသည်။ ၎င်းငါးကိုလည်း ကျွန်ုပ်မစားဖြစ်တော့။ ထို့အပြင် နောက်တစ်နေ့မှစတင်၍ ကျွန်ုပ်သည် သတ္တဝါတို့၏ အသွေးအသားတို့ကို စားသုံးခြင်းမရှိတော့ဘဲရှောင်ကြဉ်ခဲ့သည်မှာ လမှ နှစ်သို့တိုင်အောင်ကူးခဲ့ရသည်။ အကြောင်းကြောင့်တစ်သက်လုံးကား မဟုတ်ခဲ့ပါ။

နောက်ထပ် သဘာဝလွန် ဖြစ်ရပ်ကား -

၁၉၉၁ ခုနှစ်တွင် ဖြစ်ပါသည်။ကျွန်ုပ်အိမ်ထောင်ကျသည့်နှစ်လည်း ဖြစ်၏။ စက်ပြင်အလုပ်ဖြင့်အသက်မွေးဝမ်းကျောင်းပြု၍ ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ယောက်မှာ ဘဝကို စတင်ရင်ဆိုင်ကျော်ဖြတ်နေချိန် ဖြစ်၏။ သီးသန့်နေထိုင်ပြီးအိုးခွဲစားသဖြင့် ဘဝကို ပေါ့ပေါ့ပါးပါးရင်ဆိုင်နေချိန်လည်း ဖြစ်၏။

တစ်နေ့နေ့လယ်အချိန်လောက်





www.burmeseclassic.com

www.burmeseclassic.com

တွင် ကျွန်ုပ်ထံ မလာသည်မှာကြာပြီဖြစ်သော မြို့တစ်မြို့မှ အသိမိတ်ဆွေ မိသားစုငါးယောက် ရောက်ရှိလာပါသည်။ ညအိပ်ညနေမဟုတ်သော်လည်း နေ့လယ်ထမင်းစားချိန်ဖြစ်နေ၍ ကျွန်ုပ်တို့မှာ ဧည့်သည်မိသားစုအား ထမင်းခူးခပ်ကျွေးမွေးလိုက်ပါသည်။ စားသောက်ပြီး စကားစမြည်ပြောဆို၍ ဧည့်သည်များပြန်သွားချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် မြို့ထဲမှ မပေါ်လာသည်မှာ ကြာပြီဖြစ်သော ဓမ္မမိတ်ဆွေနှစ်ယောက် ကျွန်ုပ်ထံ အလည်ရောက်ရှိလာပါသည်။ ၎င်းတို့မှာ ထမင်းမစားရသေးသောကြောင့် ကျွန်ုပ်တို့လည်း အတင်းခေါ်၍ ထမင်းခူးခပ်ကျွေးမွေးလိုက်ပါသည်။ ၎င်းမိတ်ဆွေနှစ်ယောက် ပြန်သွားချိန်တွင် နေ့လယ် (၁၂) နာရီပင်ကျော်လွန်နေပါပြီ။

ကျွန်ုပ်တို့လည်း ထမင်းစားချိန်လွန်နေသဖြင့် ကမန်းကတန်း ထမင်းကိုခူးခပ် နှစ်ယောက်သား စားသောက်ကြပြီးသော့် ကျွန်ုပ်မှာ ရေနွေးကြမ်းသောက်နေချိန် ဇနီးသည်မှာ ပြောင်သလင်းခါသွားပြီဖြစ်သော ထမင်းအိုး၊ ဟင်းအိုးတို့ကို ဆေးကြောနေပါသည်။ ရေနွေးကြမ်းသောက်ရင်း ကျွန်ုပ်မှာ တစ်ခုအားစဉ်းစားမိ၍ -

"မိန်းရ၊ ဒီနေ့ ထမင်းဘယ်လောက်ချက်ထားလဲ"

ဇနီးသည်မှ -

"ဆန်နှစ်ဘူးလေ၊ ဘာဖြစ်လို့လဲ"

"ဟာ - မိန်းကလည်း၊ ဟုတ်ကော ဟုတ်ရဲ့လားကွာ၊ စဉ်းစားစမ်းပါဦး"

ကျွန်ုပ်မှထပ်ပြောလိုက်မှ -

"ဟယ် - ဟုတ်ပါရဲ့၊ ထူးဆန်းလိုက်တာ။ မိန်းချက်ထားတာ ဆန်နှစ်ဘူးမှ နှစ်ဘူးပဲ။ ကြည့်စမ်းပါဦး"

ကျွန်ုပ်၏ ဇနီးသည်မှာ ပန်းကန်ပင် ဆက်မဆေးကြောနိုင်တော့ဘဲ ကျွန်ုပ်ထံသို့လာ၍ နားမလည်သောမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်နေပါသည်။ ကျွန်ုပ်တို့ စဉ်းစားကြည့်၏။ ဤဆန်နှစ်ဘူးချက်နှင့် ပထမဧည့်သည်ငါးယောက်၊ နောက် မိတ်ဆွေနှစ်ယောက်၊ နောက် ကျွန်ုပ်တို့နှစ်ယောက် ပေါင်းကိုးယောက် မည်ကဲ့သို့ စားသောက်လိုက်ကြသနည်း။ ကျွန်ုပ်ကိုယ်တိုင်လည်း အိုးထဲမှ ထမင်းခူးပေးသည့်အခါ ခူးပေးခဲ့ပါသည်။ ထမင်းအိုးထဲ ထမင်းကရှိနေ၍ ဘာမှ ထူးခြားမှုမဟုတ်သဖြင့် ဘာမှမစဉ်းစားမိ။ ကျွန်ုပ်၏ဇနီးမှာလည်း ရုတ်တရက် ရောက်လာကြသော ကျွန်ုပ်၏ဧည့်သည်များဖြစ်၍ ပျာပျာသလဲ ခူးခပ်ပေးနေရသဖြင့် သူလည်း ဘာကိုမှမစဉ်းစားမိ။ ထမင်းမကုန်နိုင်၍ ထူးဆန်းနေသည်ကထား၊ ဟင်းကကော။ ထိုစဉ်က ဝက်သားတစ်ဆယ်ကျပ်ဖိုးဆိုလျှင် ကျွန်ုပ်တို့နှစ်ယောက် တစ်ရက်တော့ ကောင်းကောင်းစားရ၏။ အစိတ်သားပင်မပြည့်သော ဝက်သားဟင်းမှာလည်း လူ (၉) ယောက်စားတော့ ကွက်တိဖြစ်နေ၏။ အဖြေကား မည်ကဲ့သို့မျှရှာ၍မရနိုင်ဘဲ ဖြစ်နေရ၏။

စာရှုသူတို့ စဉ်းစားကြည့်ပါ။ ဖြစ်နိုင်ပါမည်လား။ မဖြစ်နိုင်သော သဘာဝလွန်ဖြစ်ရပ်ကို ကျွန်ုပ်တို့ အမှန်တကယ်ပင် ကြုံခဲ့ရပါသည်။ အဖြေကား ယနေ့အထိမရခဲ့ပါ။

နောက်တစ်ခါ ကြုံတွေ့ခဲ့ရသော သဘာဝလွန်ဖြစ်ရပ်ကို ဖော်ပြပါဦးမည်။

ကြုံတွေ့ခဲ့ရသောနှစ်မှာ ၁၉၉၈ ခုနှစ်က ဖြစ်ပါသည်။ ကျွန်ုပ်နေထိုင်ရာ လှိုင်လင်မြို့မှာ ဆောင်းရောက်လျှင် အခြားမြို့များနှင့်မတူအောင် အေးသကဲ့သို့ မိုးရာသီအချိန်တွင်လည်း မိုးအလွန်များတတ်သောဒေသဖြစ်သည်။ ကျွန်ုပ်မှာ အိမ်ထောင်ကျပြီးသောအခါ ကျွန်ုပ်၏ မိဘမောင်နှမများ နေထိုင်ကြသည့် ဝင်းခြံအရှေ့ဘက်နှစ်ထပ်ပျဉ်ထောင်အိမ်တွင်မနေဘဲ အိမ်မကြီး၏ နောက်ဘက်ရှိ သီးသန့်ထရံကာတဲလေး တစ်လုံးတည်းတွင် နေထိုင်ပါသည်။

တစ်နေ့တွင် တဲလေးအတွင်း မြေစိုက်မီးဖိုခန်းလေးအား ကောင်းမွန်သေသပ်မှုရှိစေရန် မီးဖိုခန်းနေရာလေး (၁၅×၇) ပေနေရာတွင် ဘလောက်အုတ်တို့ကို အပြားလိုက်ခင်း၍ ၎င်းအပေါ်တွင် ဖယောင်းပုဆိုးစကို ထပ်ခင်းကာ လှပသန့်ရှင်းသော မီးဖိုဆောင်လေးအဖြစ် နှစ်ယောက်သား ပြင်ဆင်သလျက်ရှိပါသည်။ မီးဖိုခန်းအပြင်ဘက် မြေမျက်နှာပြင်မှာ မီးဖိုခန်းမြေမျက်နှာပြင်ထက် အနည်းငယ်မြင့်နေ၍ မီးဖိုခန်းတွင်း အုတ်ဘလောက်များ ခင်းလိုက်သောအခါ အပြင်မျက်နှာပြင်နှင့် ညီသွားပါသည်။ မီးဖိုခန်းတံခါးပေါက်မှာ မီးဖိုဆောင်၏ အရှေ့ဘက်တွင်ရှိပါသည်။ မီးဖိုခန်းလေးမှာ ထရံကာဟုသာ ဆိုသော်လည်း အလွန်သပ်ရပ်၍ ကြည့်ကောင်းသွားပါသည်။ ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်းတို့မှာ တစ်ဆက်တည်းရှိကြ၍ မီးဖိုခန်းထက် နှစ်ပေခွဲအမြင့် (၁၀ × ၁၅) ပေတွင် ခင်းပျဉ်များခင်း၍ ဖယောင်းပုဆိုးအပြည့်ခင်းထားပါသည်။

၎င်းညနေတွင် တိုက်တိုက်ဆိုင်ဆိုင် မိုးမှာ သဲကြီးမဲကြီးမရပ်မနားရွာချ ပါတော့သည်။ ညနေချိန်မှစ၍ သည်းထန်စွာ ရွာချလိုက်သောမိုးမှာ ည(၈)နာရီကျော် ထိမရပ်သေးပါ။ ကျွန်ုပ်တို့မှာ ဘုရားခန်း တွင်ထိုင်နေကြစဉ် ရေစီးသံများကြား ၍ ဓာတ်မီးနှင့် တဲအိမ်အပြင်ဘက်အား မီးထိုးကြည့်ရာ ကျွန်ုပ်တို့အိမ်ဝင်းခြံထဲသို့ ရေများ ဒလဟောဝင်ရောက်နေပြီ ဖြစ် ၏။ တောင်ဘက်ရပ်ကွက်(၂)အမြင့်ပိုင်း မှ စီးဆင်းလာသောရေများမှာ ကျွန်ုပ်တို့ ရပ်ကွက်သို့ ရေများလွှမ်းလောက်အောင် အင်နှင့်အားနှင့် စီးဝင်လာကြ၏။ ကျွန်ုပ် လည်း ကျွန်ုပ် မီးဖိုခန်းတံခါးအားဖွင့်၍ ထိုးဆောင်းကာ အိမ်ခြံဝင်းအတွင်း လျှောက်သွားကြည့်ရာရေများမှာ ကျွန်ုပ် ၏ခြေသလုံးအလယ်သို့ပင်ရောက်ရှိနေ ၏။ အရှေ့ဘက် အိမ်မကြီးအောက်ထပ် မီးဖိုဆောင်တွင်း ရေများဝင်နေ၏။ အိုး ခွက်များပင်မျောနေ၏။ ကျွန်ုပ်တို့၏ ဝင်းမြောက်ဘက်ခြံမှလည်း အိမ်ထဲရေ များဝင်နေ၍ စကားသံများကြားရ၏။ ကျွန်ုပ်လည်း တဲလေးရှိရာသို့ ရေထဲ လျှောက်လာ၍ မီးဖိုခန်းတံခါးအား ပြန် ပိတ်ပြီး ဇနီးသည်အား -

"ရေတွေမနည်းဘူး၊ ကို့ခြေသလုံး လယ်လောက်ကိုရှိတယ်ဟ"

ထိုအခါ ဇနီးသည်မှ ကမန်းက တန်း -

"ဟာ - ဒါဆို မီးတို့မီးဖိုခန်းတော့ ရေဝင်ကုန်ပါပြီ"

ပြောပြောဆိုဆို မီးဖိုခန်းဘက် ကြည့်လိုက်တော့ ရေမှာတစ်စက်မျှမ ရေလုံးဝမဝင်ပါ။ ကျွန်ုပ်လည်း ထိုအခါ စဉ်းစားမိ၏။ ဟုတ်ပါသည်။ သဘာဝ ကျတွေးလျှင် အိမ်ခြံဝင်းအနိမ့်ပိုင်း ကျွန်ုပ်တို့၏ မီးဖိုခန်းလေးမှာ အခြား သောနေရာတို့ထက် ရေများဝင်နိုင်သည့် အခြေအနေအလွန်များပါသည်။မီးဖို ပတ်လည်အောက်ခြေတန်းများမှာ အ ငါးလက်မ၊ အလွန်ဆုံးခြောက်လက် လောက်သာရှိ၏။ ကာရံထားသည်မှာ လည်း ထရံကာဖြစ်၏။ ထရံတောင် ထရံအစိပ်မဟုတ်ပါ။ ထရံကျဲအကာ သည်။ တဲအပြင်ဘက်မှ ရေအမြင့် ကျွန်ုပ်၏ခြေသလုံးအလယ်လောက်ရှိ ရေအမြင့်တစ်ပေနီးပါးစီးဆင်းလျက် ၏။ ထို့ကြောင့် မည်သို့ပင်ဖြစ်ပါစေ ထရံကျဲနံရံမှ ရေများမှချဝင်နေသည် သော်လည်း ရေများမှာ ကျွန်ုပ်တို့ မီး

www.burmeseclassic.com

ခန်းလေးထဲ လုံးဝမဝင်ပါ။

ကျွန်ုပ်လည်း မီးဖိုခန်းတံခါးမအား အသာပြန်ဖွင့်၍ တံခါးရံအောက်ကို ခါတ်မီးနှင့်ထိုးကြည့်ရာ မီးဖိုခန်းတံနံရံ တစ်လျှောက်တွင် ရေများမှာ တဲဆီသို့ ဦးတိုက်စီးဆင်းနေသော်လည်း တဲနံရံ အနားတွင် ရေကတော့ထိုးပုံသဏ္ဌာန် ဖြစ်နေကာ ရေများမှာ တဲဘေးသို့သာ ထူးထူးခြားခြား ကွေ့ဝိုက်၍စီးသွားကြ သည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရပါ တော့သည်။

မနက်ရောက်သော် ရပ်ကွက်ထဲမှ ဆူညံသံများ ပွက်လောညံနေပါသည်။ ညက ရေအလွန်ကြီးသဖြင့် အိမ်တွေထဲ ရေဝင်ကုန်ကြသည်။ ကျွန်ုပ်တို့ထက် အမြင့်ပိုင်းဖြစ်သော ရပ်ကွက်(၂)မှ အိမ် အချို့မှာ ခုတင်ပေါ်တက်ထိုင်နေကြရ သည်။ အိုးခွက်တွေ ရေမျောကုန်၍ တစ်ညလုံး လိုက်ဆယ်ကြရသည်။ ရေ ကျသွားသော်လည်း ကျန်ရစ်ခဲ့သော နုန်း နွံမြေတို့ကို ဆေးကြောကြရသည်တဲ့။ ထူးဆန်းလှပေစွ။ ဤဒုက္ခကို ကျွန်ုပ်တို့ ကြံဖန်လွတ်ခဲ့၏။ ရင်းနှီးသူအချို့မှာ ကျွန်ုပ်တို့၏ ရေမဝင်သော မီးဖိုဆောင် သပ်သပ်ရပ်ရပ်လေးကိုကြည့်၍ တအံ့ တသြဖြစ်နေကြ၏။ အချို့က ပြောကြ သည်။ တန်ခိုးကြီးဘုရားရှိလို့နေမှာတဲ့။ ကျွန်ုပ်ထံ၌ မည်သည့်တန်ခိုးကြီးဘုရား မှမရှိပါ။ ကျွန်ုပ်၏ငယ်ဆရာမဖြစ်သော ခရစ်ယာန်ဘာသာဝင်ဆရာမကမူ လက် ကို ရင်ဘတ်တွင်ဖိ၍ တိုးတိုးလေးရွတ် လိုက်၏။ ဘုရားသခင်ကျေးဇူးတော်ပါ လားဟု ကျွန်ုပ် ကြားလိုက်ရ၏။

မည်ကဲ့သို့အကြောင်းမှန်းမသိရ သော်လည်း ထူးဆန်းသော သဘာဝ လွန်ဖြစ်ရပ်အနေနှင့်ကား ကျွန်ုပ်ဘဝ တွင် မှတ်တမ်းတင်ထားမိပါသည်။

ထပ်မံ၍ သဘာဝလွန်ဖြစ်ရပ် မဟုတ်သော်လည်း ထူးခြားဖြစ်စဉ်အ ကြောင်းလေးတို့ကိုလည်း တစ်လက်စ တည်း တင်ပြလိုပါသေးသည်။ ကျွန်ုပ်၏ အိမ်ဘုရားကျောင်းဆောင်တွင် ဘုရား၊ ရုပ်ပွားတော်များ ပင့်ဆောင်ကိုး ကွယ်ထားသည့်နည်းတူ ဘုရားကျောင်း ဆောင်၏ ဘေးအောက်နေရာတွင် ဝိဇ္ဇာ စင်တစ်ခုပြုလုပ်၍ ဝိဇ္ဇာတို့ကို အလေး မြတ်ပြု ပူဇော်ရန်လည်း စိတ်ကူးရခဲ့ပါ သည်။ အခြားသူတို့နှင့်ဝိဇ္ဇာတို့မည်ကဲ့သို့ ဆက်စပ်သည်ကိုမသိရသော်လည်း ဝိဇ္ဇာ များမှာ ကျွန်ုပ်၏ကျေးဇူးရှင်များဟု ဆို လျှင်လည်း မှားမည်မဟုတ်ပါ။ ဤသို့ ရေးသားရခြင်းအကြောင်းလည်းရှိသည့် ဖြစ်ရပ်များစွာတို့ ကြုံခဲ့ရသော်လည်း နောင်တွင် အလျဉ်းသင့်က တင်ပြပါ မည်။

ဆိုခဲ့သည့်အတိုင်း ဝိဇ္ဇာစင်ပြုလုပ် ပြီးသော်လည်း စင်ပေါ်တင်၍ ပူဇော်ရန် ဝိဇ္ဇာရုပ်တုများမရှိသေး၍ ကျွန်ုပ်သည် ဇနီးသည်အား ဈေးသို့လွှတ်၍ ဝိဇ္ဇာရုပ် တုများကို ရှာဝယ်ခိုင်း၊ ပင့်ခိုင်းလိုက်ပါ သည်။ ဇနီးသည် ဈေးမှပြန်ရောက်လာ သောအခါ ပင့်လာသည့်ဝိဇ္ဇာရုပ်တုများ မှာ ဘိုးတော်ပြု၊ ဘိုးတော်အေး၊ ဘိုး တော်ပွင့်၊ ဘိုးတော်ဟန် စသည့် သိဒ္ဓိရှင် ဘိုးတော်ရုပ်တုများ ဖြစ်ကြပါသည်။

"ဘိုးဘိုးအောင်က ကုန်နေလို့မရ ခဲ့ဘူး။ ဘိုးမင်းခေါင်ကတော့ရှိတယ်။ ဒါပေမယ့် ကျောဘက်က ပေါက်နေလို့ ဘယ်သူမှမဝယ်လို့ကျန်နေတာတော့ရှိ တယ်"

ဇနီးသည်မှပြောသဖြင့် -

ကျွန်ုပ်မှ -

"ဝိဇ္ဇာပဲပေါက်မှာပေါ့၊ ဘယ်သူမှ မဝယ်ချင်တဲ့ အဲဒီဘိုးမင်းခေါင်ရုပ်တုပဲ ဝယ်လာကွာ"

ဇနီးသည်ကို ထပ်ခိုင်းလိုက်ပါ သည်။

ဇနီးသည် ပြန်ရောက်လာတော့ ဘိုးမင်းခေါင်ရုပ်တုအားကြည့်လိုက်သော အခါ နောက်ကျောဘက်တွင် အပေါက် တစ်ခုကို တွေ့ရပါသည်။ ကျွန်ုပ်လည်း ၎င်းအပေါက်အား တိပ်ဖြင့် ဖာထေး လိုက်ပြီး ရုပ်တုကို ဝိဇ္ဇာစင်ပေါ်တင်ရင်း-

"ပေါက်နေလို့ ဘယ်သူမှမဝယ် ချင်တဲ့ ဘမင်းခေါင်ရုပ်တုကို ကျွန်တော် ဝယ်ပြီး ပူဇော်ပါတယ်။ ဒါကြောင့် ဘမင်းခေါင် ကျွန်တော့်ကို ထီလေး ပေါက်အောင်တော့ မစပါဦး"

ဤသို့ပြော၍တင်ထားကာ မနက် ရောက်တိုင်း ရေနွေးကြမ်းကပ်ပါသည်။ တိုက်ဆိုင်၍လား၊ ဘမင်းခေါင်ကပဲ မ,စ တာလားတော့မသိ။ ၎င်းလတွင် ကျွန်ုပ် တို့ ထီဆုလေးတစ်ခုထပေါက်ပါသည်။ ဆုက သေးသော်လည်း ခက်နေသည့် အချိန်ဖြစ်၍ အတော့်ကို အဆင်ပြေ အောင် အကူအညီရပါသည်။ သို့သော် တစ်ရက်တွင် ကျွန်ုပ်တို့တဲလေးရှိရာသို့ တစ်ခါမှတလေ လာတတ်သော ဖခင် ကြီးမှ ကျွန်ုပ်အား ဤသို့ပြောပါသည်။

"ဟကောင် - ဒီခြံဝင်းထဲမှာ အိမ် တွင်းနတ်ရော၊ ရိုးရာနတ်ရော၊ အင်း သားနတ်ရော၊ ရှမ်းနတ်ရော၊ မင့်မိန်းမ က ဟိန္ဒူစပ်ဆိုတော့ ကုလားနတ်ရော နတ်တွေ ဒီလောက်စုံနေတာ ဝိဇ္ဇာတွေ ထပ်ပင့်ထားသေးတယ်ဆိုတော့ သူတို့ အချင်းချင်းကော တည့်မှတည့်ရဲ့လား မသိဘူး။ မင့်ဝိဇ္ဇာတွေကြွလာမှ အိမ်မှာ ပြဿနာပိုများလာသလိုပဲကွ"

အမှန်မှာ ဝိဇ္ဇာမကြွခင်ကတည်း က ကျွန်ုပ်တို့ဝင်းခြံတွင် ပြဿနာ အနည်းငယ် ဖြစ်လေ့ဖြစ်ထရှိသည်ကို နဂိုက သတိမထားမိဘဲ ယခုမှ ကျွန်ုပ်၏ ဝိဇ္ဇာတွေကြောင့်ဟု ဝိဇ္ဇာတွေမှာတရားခံ ဖြစ်နေရပါသည်။

"မဟုတ်ဘူးထင်တယ် အဘ၊ ခါ တိုင်းလည်း ဖြစ်နေတာပဲ"

ကျွန်ုပ်တို့မှာ အဖေကို အဘဟု သာ ခေါ်လေ့ရှိပါသည်။

"ဘာမဟုတ်ရမှာလဲ၊ မင့်ဝိဇ္ဇာတွေ ကြောင့်ဖြစ်မှာ။ အေး - နောက်မှမဟုတ် ရင်လည်း ပြန်ပင့်ပေါ့။ ခုလောလော ဆယ်တော့ ဟို ဘုရားစေတီမှာ သွား လှူထားလိုက်တော့"

ခက်လေပြီ။ ဖခင်ကြီးကလည်း တစ်ဇွတ်ထိုးသမား။ ဖခင်ကြီးမှာ ဝိဇ္ဇာ တွေကိုမယုံလို့တော့မဟုတ်။ ရှိနှင့်နေပြီး သောနတ်တို့နှင့် မတည့်မှာစိုးလို့တဲ့။ ကျွန်ုပ်တို့နှစ်ယောက်မှာ ခေါင်းချင်းရိုက် ကြရပါတော့သည်။ ဝိဇ္ဇာရုပ်တုတို့ကို ဘုရားစေတီမှာတော့ သွား၍မပို့လို။ ရှိုစု မဲ့စု ကုပ်ဖွဲ့ဝယ်ထားရသော ရုပ်တုလေး များဖြစ်၍လည်း အဆုံးအရှုံးမခံနိုင်။ ထို့ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ အကြံတစ်ခုရလိုက်သည့်အတိုင်း လုပ် လိုက်ရပါတော့သည်။ ၎င်းမှာ ကျွန်ုပ်၏ အကျီများထည့်ထားသော လူတစ်ရပ် လောက်အမြင့်ဗီရိုကြီးထဲမှ အပေါ်ဆုံး အဆင့်တစ်ခုတွင် ဝိဇ္ဇာရုပ်တုတို့ကို အစီ အရီထား၍ ဗီရိုတံခါးအား ပိတ်ထား လိုက်ပါသည်။

တစ်နေ့ ကျွန်ုပ်၏ဖခင်ကြီးရောက် လာသောအခါ ဝိဇ္ဇာစင်တွင် ဘိုးတော် ရုပ်တုများကို မတွေ့ရ၍လားမသိ။ ကျေ နပ်သောမျက်နှာဖြင့် ပြန်ထွက်သွားပါ သည်။

နောက်တစ်ရက်ခန့်တွင် ကျွန်ုပ် သည် အကျီလဲရန် ဗီရိုတံခါးကိုဖွင့်၍ အကျီကိုယူပြီး ဝိဇ္ဇာရုပ်တုတို့ကို ကြည့်မိ လိုက်သောအခါ ရင်ထဲနင့်သွားပါသည်။ အကြောင်းမှာ ဘိုးတော်တို့၏ မျက်နှာ တို့ကား အလွန်ညှိုးငယ်နေသယောင် တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။ သိသိသာသာပင် ညှိုးငယ်နေသော

www.burmeseclassic.com

မျက်နှာသွင်ပြင်ဖြစ်နေ၍ ကျွန်ုပ်လည်း အလွန်စိတ်မကောင်းစွာနှင့် ဗီရိုတံခါးကို ပိတ်လိုက်ပါသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်၏ဇနီးမှ -

"ကို၊ မနေ့က ကို့အကျႌဗီရိုထဲ လျှော်ပြီးသားအကျႌထည့်မလို့ ဗီရိုဖွင့်ကြည့်တာ ဝိဇ္ဇာတွေမျက်နှာညှိုးနေတာ တွေ့ရတယ်။ မီးစိတ်ထင်တာလည်း မဟုတ်ဘူး။ ဝိဇ္ဇာတွေသနားပါတယ်"

"ကိုလည်း တွေ့တာပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ဘယ်လိုလုပ်ရမှန်းမှမသိတာ"

သို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ဘိုးတော်တို့ကို သနားလွန်းလှသဖြင့် ကောင်းကောင်းပင်အိပ်မပျော်ကြ။ ထို့ထက်ပို၍ ထူးခြားမှုကြုံရသည်မှာ ၎င်းဝိဇ္ဇာရုပ်တုများကို ဗီရိုထဲထည့်သိမ်းထားသည့်ရက်မှစတင်၍ ကျွန်ုပ်၏ စက်ပြင်အလုပ်မှာ အလုပ်အပ်ထည့်တစ်ခုမှ မလာတော့။ ခါတိုင်း တစ်ရက်လျှင် အပ်ထည် နှစ်ခု၊ သုံးခု ပုံမှန်လာလေ့ရှိရာ ယခုမူ လုံးဝမလာကြတော့။ တစ်ရက်၊ နှစ်ရက် သတိမထားမိသော်လည်း သုံးရက်လောက်တွင် သတိထားမိပါတော့သည်။ ထူးထူးခြားခြား လာဘ်ပိတ်သွားရခြင်းအကြောင်းကို စဉ်းစားကြည့်ကြသောအခါ ဝိဇ္ဇာရုပ်တုများအား ဗီရိုထဲထည့်သိမ်းထားမိခြင်း အဖြစ်တစ်ခုကိုသာ တွေးမိကြရပါသည်။

"ကိုတို့ ဝိဇ္ဇာတွေကို ဝိဇ္ဇာစင်ပေါ် ပြန်ပင့်ပြီးပူဇော်မှဖြစ်မယ်ထင်တယ်။ ဒီလောက် လာဘ်ပိတ်သွားတာ မကြုံဖူးဘူး"

"ဟုတ်တယ်၊ မီးလည်း ပြောမလို့ဘဲ။ ကို့အဖေ အပြစ်တင်လည်းတင်ပါစေတော့။ ဝိဇ္ဇာတွေ စင်ပေါ်ပြန်ပင့်လို့ အလုပ်ပြန်ကောင်းတယ်. ဆိုရင်တော့ သေချာပြီ။ လာဘ်ပိတ်တာ ဝိဇ္ဇာရုပ်တုတွေကို ပိတ်လှောင်ထားလို့ပဲ"

ကျွန်ုပ်၏ ဖခင်ကြီးမှာ သုံးရက်လောက်နေမှ တစ်ခါတလေသာ ကျွန်ုပ်တို့ထံလာတတ်၍ ကျွန်ုပ်လည်း မထူးဇာတ်ခင်းပြီး ဝိဇ္ဇာရုပ်တုတော်တို့ကို ဝိဇ္ဇာစင်ပေါ် ပြန်တင်၍ တောင်းပန်ကန်တော့ကာ ဆက်လက် ပူဇော်ထားလိုက်ပါသည်။ ထူးဆန်းသည်ဟု ဆိုရပါမည်။ ၎င်းနေ့မှာပင် အလုပ်အပ်ထည်များစ၍ လာလိုက်ကြသည်မှာ ယခင်ကထက်ပင် ပို၍များပြားနေသည်ကို တွေ့ရပါတော့သည်။ ကျွန်ုပ်လည်း ဝိဇ္ဇာတို့နှင့် ဆက်စပ်တတ်သည့် အကြောင်းလေးများကို ပို၍ ယုံကြည်လာမိပါသည်။ ကျွန်ုပ်၏ ဖခင်ကြီးကိုလည်း အတော်သဘောပေါက်အောင် အကျိုးအကြောင်းဖြစ်စဉ်ကို ရှင်းပြလိုက်မှ ဖခင်ကြီးလည်း ဘာမှဆက်မပြောတော့ပါ။ ကျွန်ုပ်တို့နှစ်ယောက်မှာလည်း အလွန်ဝမ်းသာကြရပါတော့သည်။

ဤသို့ဖြင့် တစ်နေ့တွင် ကျွန်ုပ်၏ ဇနီးမှ ထူးဆန်းသည့်အိပ်မက်မက်သည့် အကြောင်း ကျွန်ုပ်အား ပြောပါသည်။ မနက်အိပ်ရာမှအထ မပြောဖြစ်လိုက်သည့်အိပ်မက်အား ဈေးသွားပြီးအပြန်မှ ပြောဖြစ်ပါသည်။

အိပ်မက်ထဲတွင် ကျွန်ုပ်တို့ဆီသို့ ကွမ်ရင်မယ်တော် ကြွလာပါသည်။ ကြွလာပြီးပြောသည်မှာ -

"သတ္တဝါတွေရဲ့အသားမစားကြနဲ့တော့။ မစားရင် ဒီရက်ပိုင်းအတွင်း လာဘ်ကြီးဝင်မယ်။ စားမိရင်တော့ လာဘ်အသေးပဲဝင်မယ်"

ဟု ပြောပြီး ပျောက်ကွယ်သွားပါသည်။

ထူးဆန်းသည်မှာ ဟိန္ဒူသွေးစပ်သောဇနီးသည်နှင့် အင်း-မနုသွေးစပ်သော ကျွန်ုပ်တို့မှာ ကွမ်ရင်မယ်တော်နှင့် မည်သို့မျှ ဆက်စပ်မှုမရှိပါ။ သို့သော် -

"ဟုတ်တာ၊ မဟုတ်တာထား သူပြောတဲ့အတိုင်း အသားမစားဘဲနေကြည့်မှထင်တယ်"

ကျွန်ုပ်ကပြောတော့ -

"ဒီနေ့တော့ မစားလို့မဖြစ်ဘူး၊ ဝက်သားဝယ်လာတယ်"

"ဟာ - မီးကလည်း အိပ်မက်လည်း ရထားသေးတာကို ဘာလို့ ဝက်သားဝယ်လာရတာလဲ"

"ဝယ်ပြီးခါမှ အိပ်မက်ကိုသတိရလို့ပေါ့။ ကို့ကိုတောင် ခုမှပြောရတဲ့ဥစ္စာကို"

မတတ်နိုင်တော့၊ ဝက်သားအလွန်ကြိုက်သော ကျွန်ုပ်မှ -

"အေးလေ၊ အိပ်မက်က အလကားလျှောက်မက်တာနေမှာပါ"

၎င်းနေ့ ကျွန်ုပ်တို့သက်သတ်လွတ်မစားဖြစ်ခဲ့ပါ။ ထိုရက်ပိုင်းအတွင်းတွင်ဖြစ်ပါသည်။ ငွေအစုလိုက်အပြုံလိုက်ရဖို့ အလွန်သေချာနေသည့်ကိစ္စတစ်ခုပေါ်လာပြီး ၎င်းကိစ္စတွင် မေ့လျော့သွားမိသော ကျွန်ုပ်တို့ အပြစ်တစ်ခုကြောင့် ငွေအနည်းအကျဉ်းသာ ရလိုက်သော အကြောင်းတစ်ခု အမှန်ပင်ပေါ်ခဲ့ရပါသည်။

ကွမ်ရင်မယ်တော် သတိပေးပါလျက်နှင့် ပေါ့ပေါ့တန်တန်သဘောထားမိသော ကျွန်ုပ်တို့မှာ အလွန်နောင်တရလျက်ရှိခဲ့ပါသည်။

"ကွမ်ရင်မယ်တော် ကိုတို့ကို မ,စတာတော့ သေချာနေပြီ။ ကိုတို့ညှဲ့လို့ကွာ။ ဒီတော့ဒီလိုလုပ်ရအောင်။ ဈေးထဲသွားပြီး ကွမ်ရင်မယ်တော်ရုပ်တုရှာဝယ်ခဲ့တော့။ ဘိုးတော်စင်မှာထားရအောင်"

ကျွန်ုပ်ဇနီးလည်း ဈေးသို့အထွက်-

"နေဦး နေဦး၊ ကွမ်ရင်မယ်တော်ရှိရင် အန်းကုန်းဘိုးတော်လည်းရှိမှဖြစ်မှာ။ အန်းကုန်းဘိုးတော်လည်း ရှာဝယ်ခဲ့ဟေ့"

ကျွန်ုပ်ထပ်မှာရပြန်ပါသည်။

သို့ဖြင့် ကျွန်ုပ်၏ဘိုးတော်စင်ပေါ်တွင် ဘိုးတော်တို့သာမက ကွမ်ရင်မယ်တော်နှင့် အန်းကုန်းဘိုးတော်တို့လည်း ရောက်လာပါတော့သည်။

တစ်ညတွင် ကျွန်ုပ်၏ ဇနီးသည်အား ကွမ်ရင်မယ်တော်မှ အိပ်မက်ထပ်ပေးပြန်ပါသည်။ သူ့အား ဗုဒ္ဓဘုရားကျောင်းဆောင်၏အောက် နိမ့်သောနေရာတွင်ထား၍ ပူဇော်ပါရန် အိပ်မက်ပေး၍ပျောက်ကွယ်သွားပါသည်။ ကျွန်ုပ်၏ဇနီးမှာ ကွမ်ရင်မယ်တော်နှင့် ပဋ္ဌာန်းဆက်ရှိနေသည်လားမသိပါ။ တစ်ရက်တွင် ကျွန်ုပ်၏တဲသို့ ကျွန်ုပ်၏ဖခင်ကြီး ရောက်လာပါသည်။ ဖခင်ကြီးမှာ ဝိဇ္ဇာစင်ဘက်ကိုကြည့်လိုက်၊ ကျွန်ုပ်ကို လှမ်းကြည့်လိုက်လုပ်နေသည်ကို သိရ၍ ကျွန်ုပ်လည်း မသိသလိုလုပ်နေရပါသည်။

ကုလားနတ်၊ အင်းသားနတ်အပါအဝင် နတ်ပေါင်းစုံနှင့် ဝိဇ္ဇာတွေ မတည့်မှာစိုးရိမ်သော ဖခင်ကြီး၏ရှေ့ ဝိဇ္ဇာစင်ပေါ်တွင် တရုတ်နတ်က ထပ်တိုးလာသည် မဟုတ်ပါလား။

သို့သော် ဖခင်ကြီးမှာ ဘာမှတော့ ထပ်မပြောတော့ပါ။ ကျွန်ုပ်ကိုပြောမရ၍ လွှတ်ထားလိုက်သည်လားတော့မသိ။

ယခုတွင်မူ ဖခင်ကြီးမှာ ကွယ်လွန်ခဲ့ပါပြီ။

ဘိုးတော်တို့နှင့် ကွမ်ရင်မယ်တော်၊ အန်းကုန်းဘိုးတော်တို့ကမူ ကျွန်ုပ်တဲအတွင်း ဝိဇ္ဇာစင်ပေါ်တွင် အေးချမ်းစွာ စံမြန်းနေကြဆဲ ဖြစ်ပါသည်။

မဟာစက်ရှင် (လှိုင်သင်)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ကိန်းဂဏန်းများနှင့်သင်

အမည်၏အခြေခံအုတ်မြစ်စာလုံးအား ကိုယ်စားပြုသော ဂဏန်းသည် သင်၏ကိုယ်ပိုင်အမြင်၊ ဘဝရှင်သန်ရပ်တည်ပုံ အခြေအနေများအား အများအားဖြင့် ဖော်ပြသည်။

ဥပမာ -

L U C I L L E
3

ဟူသော အမည်တွင် အစပထမအက္ခရာစာလုံးသည် (L) ဖြစ်ပြီး ပိုက်သာဂိုရီယမ်စနစ်အရ (L) ၏ ကိန်းဂဏန်းတန်ဖိုးမှာ (3) ဖြစ်သည်။

ထို့ကြောင့် (3) သည် ၎င်းအမည်အား တည်ဆောက်နိုင်ရန် အစပျိုးပေးသည့်အခြေခံအုတ်မြစ် (Cornerstone) ဂဏန်းပင် ဖြစ်သည်။

၎င်းပြင် အမည်ရင်းတွင်ပါရှိသော ပထမဆုံးသော သရစကားလုံး (A,e,i,o,u,y) သည် အမည်ပိုင်ရှင်၏ သဘာဝအတိုင်း ဖြစ်ပေါ်သော အလိုဆန္ဒကို ရည်ညွှန်းသည်။

ဥပမာ -

5
K E I R R A

အထက်ပါအမည်တွင် ပထမဆုံးသော သရစလုံးသည် (E) ဖြစ်ပြီး ပိုက်သာဂိုရီယမ်စနစ်အရ (E) ၏ကိန်းဂဏန်းတန်ဖိုးမှာ (5) ဖြစ်သည်။ အဆိုပါဂဏန်းသည် အမည်ပိုင်ရှင်က တွေ့ကြုံရသော ဘဝအခြေအနေအမျိုးမျိုးအား မည်သို့တုံ့ပြန်သည်ကို ဖော်ပြသည်။

ထို့ကြောင့် အမည်ရင်းပါ (Key) ဂဏန်း၊ အခြေခံအုတ်မြစ် (Cornerstone) ဂဏန်းနှင့် သဘာဝစိတ်အတိုင်းအလိုဆန္ဒ (Instinctive Desire) ကိုယ်စားပြုဂဏန်းတို့က တစ်ခုချင်းစီ မည်သို့အဓိပ္ပာယ်ဖွင့်သည်ကို အောက်ပါ (၁) မှ (၉) အထိရှိသော ကိန်းဂဏန်းများက ဖော်ပြပေးသည်။

**အမည်ရင်းမှရရှိသော သဲလွန်စအဓိပ္ပာယ်များ**

**(၁) ဂဏန်း**

ကိုယ်ပိုင်မှုရှိသူ၊ အကြောက်အရွံ့ကင်းသူ၊ တစိုက်မတ်မတ် (ရှေ့သို့) တိုးတက်အောင်လုပ်ကိုင်တတ်သူ၊ အရာရာပထမတန်း(ထိပ်တန်း)သို့ရောက်လိုသူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းပြင် (၁) ဂဏန်းပိုင်ရှင်သည် ရှေ့နေ၊ စာရေးဆရာ၊ မန်နေဂျာ၊ အဖွဲ့အစည်းတစ်ခု၏ခေါင်းဆောင်၊ ကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူးများဖြစ်နေတတ်သည်။

**(၂) ဂဏန်း**

ငြိမ်းချမ်းမှုကိုလိုလားသူ၊ ချစ်ခြင်းမေတ္တာထားရှိတတ်သူ၊ ဖော်ရွေတတ်သူ၊ ကိုယ်ပိုင်စဉ်းစားဉာဏ်ရှိသူ၊ အပေါင်းအဖော်မက်သူ၊ နွေးထွေးစွာ ကြိုဆိုတတ်သူ၊ သဘောထားနူးညံ့သူအဖြစ် တွေ့ရတတ်သည်။ ၎င်းပြင် (၂) ဂဏန်းပိုင်ရှင်သည် ထမင်းချက်ကောင်း၊ ဓာတုဗေဒပညာရှင်၊ ဆေးဆရာ၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ အယ်ဒီတာများ ဖြစ်လာတတ်သည်။

**(၃) ဂဏန်း**

ရွှင်မြူးတတ်သူ၊ ထိပ်တန်းရောက်အောင် ကြိုးစားတတ်သူ၊ အကောင်းမြင်ဝါဒရှိသူ၊ ငယ်ရွယ်နုပျို၍ ကျန်းမာရေးကောင်းသူ၊ ဓာတ်ပုံဆရာ၊ ပန်းချီဆရာ၊ ဘာသာရေးဆိုင်ရာ အကြီးအကဲများ၊ ရတနာရောင်းဝယ်သူ၊ တရားသူကြီး၊ စာရေးဆရာများအဖြစ် တွေ့ရတတ်သည်။

**(၄) ဂဏန်း**

အရာရာ ကြံ့ကြံ့ခံရပ်တည်တတ်သူ၊ မှီခိုအားထားထိုက်သူ၊ ကြမ်းတမ်းခက်ခဲသောအလုပ်များလုပ်ကိုင်တတ်သူ၊ အရာရာအလေးအနက်ထားတတ်သူ၊ သင်္ချာပညာရှင်၊ လေယာဉ်မောင်းသူ၊ ပြုပြင်ပြောင်းလဲရေးကိုလိုလားသူ၊ ရေဒီယိုရုပ်သံတို့၌ တာဝန်ရှိသူ၊ စက်ပြင်ဆရာ၊ အင်ဂျင်နီယာများအဖြစ် တွေ့ရသည်။

**(၅) ဂဏန်း**

စိတ်ပြောင်းလဲတတ်သူ၊ စိတ်လက်ပေါ့ပါးစွာနေတတ်သူ၊ လျင်မြန်စွာစဉ်းစားတတ်သူ၊ အရာရာနိုးကြားတတ်သူ၊ သိပ္ပံပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းလုပ်သူ၊ အရောင်းစျေးသည်၊ ပြည်သူ့ရှေ့မှောက်စကားပြောခွင့်ရသူ၊ စစ်ဆေးရေးမှူးများအဖြစ် တွေ့ရတတ်သည်။

**(၆) ဂဏန်း**

ကူညီလိုစိတ်ရှိသူ၊ ဘဏ်လုပ်ငန်းရှင်၊ အဆိုကျော်၊ ဂီတပညာရှင်၊ ဆရာ၊ ဒေါက်တာ၊ ကောင်ဆယ်လာ၊ ရှေ့နေများအဖြစ် တွေ့ရတတ်သည်။

**(၇) ဂဏန်း**

အရာရာခွဲခြမ်းစိတ်ဖြာတတ်သူ၊ ထူးထူးခြားခြားစဉ်းစားတတ်သူ၊ ထိုးထွင်းဉာဏ်အားကောင်းသူ၊ သုတေသနပညာရှင်၊ စာရင်းကိုင်၊ စာရင်းစစ်၊ ခရီးသွားလာခြင်းကို နှစ်သက်သူ၊ သိပ္ပံပညာရှင်၊ ဩဇာအာဏာရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**(၈) ဂဏန်း**

ဒဿနိကဗေဒပညာရှင်၊ ဘာသာရေးလိုက်စားသူ၊ အမှန်တရားအတွက် ကြိုးစားတတ်သူ၊ အများပြည်သူတို့၏ အသိအမှတ်ပြုခံရသူ၊ အစိုးရအရာရှိများ၊ လယ်သမား၊ ရဲဝန်ထမ်း၊ ရှေ့နေများအဖြစ် တွေ့ရသည်။

**(၉) ဂဏန်း**

ခေါင်းမာတတ်သူ၊ သူရသတ္တိနှင့်ပြည့်စုံသူ၊ စိတ်ထက်သန်သူ၊ မီးသတ်သမား၊ စတီးလုပ်ငန်းလုပ်တတ်သူ၊ ရေပိုက်ဆိုင်ရာကျွမ်းကျင်သူ၊ စစ်ဘက်၊ ရဲဘက်၌ အကြီးအကဲဖြစ်သူများအဖြစ် တွေ့ရတတ်သည်။

အထက်ပါ (၁) မှ (၉) အထိရှိသော ကိန်းဂဏန်းများသည် အမည်ရင်းအား ပေါင်းခြင်းမှ ရရှိသော (Kye) ဂဏန်းအခြေခံအုတ်မြစ်နှင့် သဘာဝအလိုဆန္ဒ ကိုယ်စားပြုဂဏန်းတို့အား နံပါတ်များအလိုက် ရည်ညွှန်းသည်။

**အမည်ပါကိန်းဂဏန်းများအား ချယ်လ်ဒင်းန်စနစ်ဖြင့်စိတ်ဖြာခြင်း**

• ချယ်လ်ဒင်းန်စနစ်သည် ရှေးနှစ်ပေါင်းများစွာကပင် ဘေဘီလိုးနီးယားတောင်ပိုင်းဒေသ၌ ထွန်းကားခဲ့သည်။

ချယ်လ်ဒင်းန်စနစ်သည် အမည်နှင့် မွေးသက္ကရာဇ်အား ခွဲခြမ်းစိတ်ဖြာ၍ ကိန်းဂဏန်းများဖြင့် အစားထိုးတွက်ချက်သော ဗေဒင်ပညာရပ် ဖြစ်သည်။

ချယ်လ်ဒင်းန်စနစ်တွင် ပိုက်သာ

www.burmeseclassic.com

ဂိုရီယမ်စနစ်ကဲ့သို့ (၁) မှ (၉) အထိရှိသော ကိန်းဂဏန်းများမပါဝင်ဘဲ (၁) မှ (၈)အထိ ရှိသော ကိန်းဂဏန်းများသာ ပါဝင်ကြသည်။ ၎င်းပြင် ချယ်လ်ဒင်းနီစနစ်တွင် ကိန်းဂဏန်းများအလိုက် အစားထိုး(ကိုယ်စားပြု)သော အက္ခရာစဉ်စာလုံးများအစီအစဉ်ကျနမှုမရှိသည်ကို တွေ့ရပါမည်။

ချယ်လ်ဒင်းနီစနစ်အရ ကိန်းဂဏန်းများ (၁) မှ (၈) အထိသာ ရှိရခြင်းမှာ (၉) အား မြင့်မြတ်သောဂဏန်းအဖြစ် သတ်မှတ်ထားခြင်းကြောင့် ၎င်းစနစ်တွင် ထည့်သွင်း အသုံးမပြုဘဲ ချန်လှန်ထားရခြင်း ဖြစ်သည်။

ချယ်လ်ဒင်းနီစနစ်အရ အထက်ပါ အမည်အား ပေါင်းခြင်းဖြင့် ကိုယ်စားပြု ကိန်းဂဏန်းတန်ဖိုး (၇)ကိုရရှိသည်။ ၎င်းဂဏန်းသည် ပိုက်သာဂိုရီယမ်စနစ်ကဲ့သို့ပင် အမည်ပိုင်ရှင်၏ ပင်ကိုစရိုက်လက္ခဏာ အခြေခံသဘာဝတို့အား ကိုယ်စားပြုဖော်ပြသည်။

ချယ်လ်ဒင်းနီစနစ်တွင် အမည်အား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းခြင်းဖြင့် မလုံလောက်သေးဘဲ နှစ်လုံးတွဲဂဏန်းများအား သိရှိထားရန် လိုအပ်သည်။ အမည်အား ပေါင်းခြင်းဖြင့် ရရှိသော တစ်လုံးတည်းသောဂဏန်း (Single number) သည် အမည်ပိုင်ရှင်၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်အား ဖော်ပြသည်။ ထို့အတူ နှစ်လုံးတွဲဂဏန်းများသည် အမည်၏နောက်ကွယ်တွင် လျှို့ဝှက်စွာရှိနေသော ဩဇာသက်ရောက်မှု စိတ်အတွင်းခံစားမှုများအား ကိုယ်စားပြုသည်။

အမည်အား ဂဏန်းတစ်လုံးတည်းရအောင်ပေါင်းခြင်းဖြင့် (၇) ကို ရရှိသည်။ (၇) သည် တစ်လုံးတည်းဂဏန်း (Single number) ဖြစ်သည်။

အမည်အား အရှေ့၊ အလယ်၊ နောက်ဆုံး (အပိုင်း ၃ ပိုင်း) ပေါင်းခြင်းဖြင့် အမည်၏ရှေ့ဆုံးပိုင်းတွင်ပေါင်းခြင်း၊ နှစ်လုံးတွဲဂဏန်း = (၂၀)

အလယ်ပိုင်းတွင်ပေါင်းခြင်း နှစ်လုံးတွဲဂဏန်း = (၁၁)

နောက်ဆုံးပိုင်းတွင်ပေါင်းခြင်း နှစ်လုံးတွဲဂဏန်း = (၂၁)

ဟူ၍ အသီးသီးရရှိသည်။ နှစ်လုံးတွဲဂဏန်း (၃) တွဲသည် (double number) များ ဖြစ်ကြသည်။

ထို့ကြောင့် ချယ်လ်ဒင်းနီစနစ်အရ အမည်ပါဂဏန်းများတွင် တစ်လုံးတည်းဂဏန်းနှင့် နှစ်လုံးတွဲဂဏန်းများ ပေါင်းစပ်ပါဝင်နေသည်ကို လေ့လာတွေ့ရှိရသည်။ ၎င်းပြင် အဆိုပါစနစ်အရ မွေးနေ့ မွေးရက်ကိုယ်စားပြုဂဏန်းကလည်း အရေးပါလျက်ရှိသည်။

**ချယ်လ်ဒင်းနီစနစ်အရ အစီအစဉ်မကျသော အက္ခရာစဉ်စာလုံးများနှင့် ကိုယ်စားပြုသောကိန်းဂဏန်းတန်ဖိုးများ**

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | C | D | E | U | O | F |
| I | K | G | M | H | V | Z | P |
| J | R | L | T | N | W | | |
| Q | | S | | X | | | |
| Y | | | | | | | |

အမည်အားဖြင့် အစားထိုးပါက -

L E S L I E
3 + 5 + 3 + 3 + 1 + 5 = 20
2 + 0 = 2

E R I C
5 + 2 + 1 + 3 = 11
1+1=2

S C O T T
3 + 3 + 7 + 4 + 4 = 21
2 + 1 = 3

ထို့ကြောင့် -
စုစုပေါင်းကိန်းဂဏန်းတန်ဖိုး 2 +2+ 3 = 7

**အမည်အတွင်း၌ မည်သည့်လျှို့ဝှက်ချက်များရှိသနည်း**

အနောက်နိုင်ငံများ၌ သားသမီးစတင်မွေးဖွားချိန်ကပင် အမည် (၃) မျိုးအား တစ်ခါတည်းပေးတတ်ကြသည်။ ယင်းမှာ ပထမအမည်၊ အလယ်အမည်နှင့် နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) တို့ ဖြစ်သည်။ သို့သော်လည်း ဂဏန်းဗေဒင်ပညာအရ ပထမအမည် (First name) နှင့် နောက်ဆုံးအမည် (Last name) တို့ကိုပင် အဓိကထား၍ တွက်ချက်ပေးနိုင်သည်။

**ပိုက်သာဂိုရီယမ်စနစ်အရ အက္ခရာစဉ်များအား ကိုယ်စားပြုထားသည့် ကိန်းဂဏန်းတန်ဖိုးများ**

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| J | K | L | M | N | O | P | Q | R |
| S | T | U | V | W | X | Y | Z | |

အမည်ရင်း/ အမည်၏ပထမဆုံးအပိုင်း (First name) နှင့် နောက်ဆုံးအမည်/မိဘမျိုးရိုးအမည် (Last name) တို့အား အောက်ပါအတိုင်း ကိန်းဂဏန်းတန်ဖိုးများ တွက်ချက်ပေးနိုင်သည်။

**အမည်ရင်း (First name)**

ဂဏန်းဗေဒင်ပညာအရ အမည်ရင်းအား ကိုယ်စားပြုသည့် ကိန်းဂဏန်းတန်ဖိုးအား (Key) နံပါတ်အဖြစ် သတ်မှတ်ထားသည်။ Key ဂဏန်းသည် အမည်ပိုင်ရှင်၏ အထုံပါရမီနှင့် ပင်ကိုစရိုက်တို့အား ကိုယ်စားပြုထားသည်။

M A R K
4 + 1 + 9 + 2 = 16
1 + 6 = 7 (7) သည် Key ဂဏန်း ဖြစ်သည်။

တစ်ဖန် အမည်၏ အခြေခံအုတ်မြစ်ဖြစ်သော cornerstone သည် အမည်ရင်း (First name) အား ရေးသော အစပထမစာလုံးပင် ဖြစ်သည်။ အမည်ရင်း၏ ပထမဆုံးသော အက္ခရာသည် (M) ဖြစ်ပြီး ၎င်းအား ကိုယ်စားပြုဂဏန်းမှာ (၄) ဖြစ်သည်။ ထို့ကြောင့် (၄) သည် အမည်ရင်း၏ အခြေခံအုတ်မြစ်ဂဏန်း ဖြစ်သည်။ ၎င်းပြင် သဘာဝစိတ်အတိုင်း ဖြစ်ပေါ်သော အလိုဆန္ဒကိုယ်စားပြုစာလုံးသည် အမည်ရင်း၏ ပထမဆုံးသော သရစာလုံး (A) ဖြစ်သည်။ (A) ကို (1) ဂဏန်းက ကိုယ်စားပြုထားသည်။ ထို့ ကြောင့် (1) သည် အလိုဆန္ဒကိုယ်စားပြု ဂဏန်း ဖြစ်သည်။

အချုပ်အားဖြင့် -

MARK ဟူသော အမည်တွင် အက္ခရာစာလုံးများပေါင်းခြင်းသည် (7) ဟူသော Key ဂဏန်း၊ (A) ဟူသော သရသည် အလိုဆန္ဒ (M) ဟူသော အက္ခရာသည် အခြေခံအုတ်မြစ်ဟူ၍ မှတ်သားထားနိုင်သည်။

**နောက်ဆုံးအမည်၊ မိဘမျိုးရိုးအမည် (Last name)**

R I L E Y
9 9 3 5 7 = 33

www.burmeseclassic.com

www.burmeseclassic.com

3 + 3 = 6

အထက်ပါ နောက်ဆုံးအမည် (Last name) အား ကိုယ်စားပြုသည့် ကိန်းဂဏန်းတန်ဖိုးသည် (၆) ဖြစ်သည်။

အဆိုပါ (၆) ဂဏန်းက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ သဲလွန်စများ ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် အခြေအနေများအား ရည်ညွှန်းသည်။ အထူးသဖြင့် အမည်ပိုင်ရှင်၏ ကျန်းမာရေးဆိုင်ရာပြဿနာများအား ရည်ညွှန်းသည်။

နောက်ဆုံးအမည်(သို့)မိဘမျိုးရိုးအမည် (Last name) အား ကိုယ်စားပြုသည့် ကိန်းဂဏန်းများအား ပေါင်းရာတွင် မည်သည့်ကိန်းဂဏန်းက ထပ်ကာထပ်ကာပါလျက်ရှိသည်ကို သတိပြုရန် လိုပါသည်။ ဥပမာအားဖြင့် RILEY ဟူသော နောက်ဆုံးအမည်တွင် ဂဏန်းအားလုံးပေါင်းခြင်းက (၆) ရရှိပြီး ၎င်း (၆) ဂဏန်းက အမည်တွင် (ထပ်တလဲလဲပုံစံဖြင့်) မပါရှိသည်ကို တွေ့ရမည်။ သို့သော်လည်း အမည်၌ (၉) ဂဏန်း နှစ်ကြိမ် (ထပ်ကာ) ပါနေသည်ကိုသတိပြုမိနိုင်ပါသည်။

မိသားစုမျိုးရိုးအမည်(Last name) အားပေါင်းခြင်းဖြင့် ရရှိသော ကိန်းဂဏန်းတန်ဖိုးသည် (၆) (သို့) (၉) ဖြစ်ပါက အရေးပါသော ကိန်းဂဏန်းများအဖြစ် သတ်မှတ်နိုင်သည်။

အမည်ရင်း (first name) နှင့် မိဘမျိုးရိုးအမည် (Last name)တို့အား ကိုယ်စားပြုထားသည့် ကိန်းဂဏန်းတန်ဖိုးအသီးသီးသည် မိသားစုအတွင်းဖြစ်ပေါ်နိုင်သောအခြေအနေများ၊ အလုပ်အကိုင်ဆိုင်ရာကိစ္စများနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများအား ကိုယ်စားပြုထားပုံတို ပိုက်သာဂိုရီယမ်စနစ်အရ (၁) မှ (၉) အထိရှိသော အောက်ပါ ဂဏန်းအသီးသီးက အဓိပ္ပာယ် တစ်မျိုးစီ ဖွင့်ဆိုပေးထားသည်။

### (၁) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

မိမိမိသားစုအတွင်း၌ ခေါင်းဆောင်လုပ်ရသူ၊ အိမ်ထောင်ဦးစီးနေရာယူရသူ၊ ဆရာဝန်၊ ရှေ့နေအဖြစ်တာဝန်ထမ်းရသူများအဖြစ် တွေ့ရှိရသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

စီမံခန့်ခွဲရေးကိစ္စများ၌ တာဝန်ယူရသူ၊ ရှေ့နေ၊ စာရေးဆရာ၊ တီထွင်သူ၊ သက်ဆိုင်ရာကျွမ်းကျင်နယ်ပယ်၌ ခေါင်းဆောင်လုပ်ရသူ၊ အသက်မွေးဝမ်းကျောင်းအားလုံး၌ တိုးတက်မည့်အခြေအနေရှိသူများအဖြစ် ရည်ညွှန်းသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ မျက်စိချို့ယွင်းခြင်း၊ အဆုတ်ဆိုင်ရာရောဂါများရနိုင်ကြောင်း အသိပေးနေသောကိန်းဂဏန်းဖြစ်သည်။

### (၂) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

အရာရာ အလေးအနက်ထား၍ အသေးစိတ်ကျကျ ဆောင်ရွက်တတ်သည့်မိသားစုဝင် ဖြစ်ပါမည်။ အမည်ပိုင်ရှင်အနေဖြင့် (၂ - ဂဏန်းပိုင်ရှင်အနေဖြင့်) မိသားစုအတွင်းဩဇာသက်ရောက်သူ ဖြစ်ပါမည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ပန်းချီဆရာ၊ ကဗျာဆရာ၊ ဂီတပညာရှင်၊ ကွန်ပျူတာပညာရှင်၊ အီလက်ထရွန်နစ်ကျွမ်းကျင်သူ၊ စားသောက်ကုန်လုပ်ငန်းအတွက် စက်ရုံတည်ထောင်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

အစာအိမ်ရောဂါ၊ အစာခြေအင်္ဂါအဖွဲ့နှင့်ဆိုင်သောရောဂါများ ဖြစ်နိုင်ကြောင်း ရည်ညွှန်းသည်။ အထူးသဖြင့် အမည်ပိုင်ရှင်အဖို့ (အမည်တွင်ပါရှိသော ကိန်းဂဏန်းများအား ပေါင်းရာတွင် (၂) ဂဏန်းများစွာ ထပ်တလဲလဲပါရှိနေပါက)ဆီးချိုရောဂါ၊ အဖုအကျိတ်ရောဂါ၊ အနာအဆာများ၊ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါများဖြစ်တတ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ (၂) ဂဏန်း လွှမ်းမိုးကိုယ်စားပြုသော မိသားစုအတွင်း မွေးဖွားလာသူသည် အမျိုးသမီးဖြစ်ပါက သားသမီးမွေးဖွားနိုင်မည့် အခြေအနေများအား ထိခိုက်အနှောင့်အယှက်ဖြစ်နိုင်ကြောင်း ဖော်ပြသည်။

### (၃) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

မိသားစုအတွင်း ဂုဏ်သိက္ခာရှိစွာနေတတ်သူ၊ အကောင်းမြင်တတ်သူ၊ ရည်မှန်းချက်ကြီးမားသူ၊ အောင်မြင်လိုစိတ်ကြီးမားသူ၊ သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းအပြင် (၃) ဂဏန်းရရှိသော (အမည်ရင်း/ ပထမဆုံးအမည် (သို့) နောက်ဆုံးအမည်/ မိဘမျိုးရိုးအမည်အား ပေါင်းခြင်းဖြင့် (၃) ရရှိသော) သူသည် မိသားစုအတွင်း စကားများများပြောနိုင်သူလည်းဖြစ်သည်။ အဆိုပါ (၃) ဂဏန်းပိုင်ရှင်သည် ကိုယ်ပိုင်မိသားစုဘဝထူထောင်နိုင်မည့် အိမ်ထောင်သည်ဘဝရောက်ခဲ့ပါကလည်း အထက်ပါ စရိုက်လက္ခဏာများ ဆက်လက်ရှိနေမည် ဖြစ်သည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

အစိုးရအဖွဲ့ဝင်၊ ဘာသာရေးအဖွဲ့အစည်းခေါင်းဆောင်၊ အနုပညာဖန်တီးနိုင်စွမ်းရှိသူ၊ အများပြည်သူလူထုနှင့်ထိတွေ့ဆက်ဆံရသောလုပ်ငန်းများလုပ်ခွင့်ရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

အရေပြားဆိုင်ရာရောဂါများ၊ ခြေထောက်နှင့်ဆိုင်သော ထိခိုက်ဒဏ်ရာများ၊ သွေးပေါင်ကျခြင်း၊ အလုပ်ပိ၍ ပန်းဖျားဖျားခြင်း၊ စိတ်ခံစားမှုကြောင့် ဝေဒနာခံစားရခြင်းတို့ကို ရည်ညွှန်းသည်။

### (၄) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

(၄) ဂဏန်းကိုယ်စားပြု မိသားစုဝင်ဖြစ်သောကြောင့် အရာရာပျော်ရွှင်စွာလုပ်ကိုင်တတ်သူ၊ အများနှင့်မတူသောအရည်အချင်းများကို ပိုင်ဆိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

စက်မှုလုပ်ငန်းနှင့်ဆိုင်သောလုပ်ငန်းများ၊ သင်္ချာပညာအရ အတွက်အချက်ပါသောအလုပ်များ၊ ရေဒီယို၊ ရုပ်သံ၊ အီလက်ထရွန်နစ်၊ ကွန်ပျူတာဆိုင်ရာအလုပ်များ၌ကျွမ်းကျင်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

စိတ်ဓာတ်ကျစရာ အခြေအနေအမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည့်စိတ်ပေါ်တတ်သူ၊ စိတ်အပြောင်းအလဲမြန်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။ မိသားစုအမည် (၃)၊ (၄) ဖြစ်ပါက ပိုမိုဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၅) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

မိသားစုအတွင်း စိတ်လှုပ်ရှားလွယ်တတ်သူ၊ အပြောင်းအလဲမြန်တတ်သူ၊ အများအပေါ် ဆွဲဆောင်နိုင်စွမ်းရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

အများပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့်လုပ်ငန်းများ၊ ခရီးသွားလာခြင်းနှင့်မကင်းသည့်အလုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်၊ ဘောဂဗေဒပညာရှင်၊ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကျွမ်းကျင်သူဖြစ်ကြောင်း ဖော်ပြသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

စိတ်ပင်ပန်းခြင်း၊ အာရုံကြောအားနည်းခြင်း၊ လေဖြတ်၊ လေငန်းရောဂါရရှိခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ မျက်နှာအကြောဆွဲခြင်း၊ မျက်စိနှင့် ပါးစပ်နေရာအနီး၌ သာမန်မဟုတ်သော ဝေဒနာများခံစားရခြင်း၊ အရက်စွဲခြင်း၊ ဆေးစွဲခြင်းကြောင့် မိသားစုအတွင်း လူမှုဒုက္ခများခံစားရခြင်းတို့ကို ရည်ညွှန်းသည်။

အကယ်၍ အမည်ရင်းနှင့် မိဘမျိုးရိုးအမည်အားပေါင်းခြင်းတွင် (၅) ဂဏန်းတစ်ကြိမ်မက ထပ်တလဲလဲပါဝင်နေပါက အထက်ပါအခြေအနေများ ပိုမိုဖြစ်ပေါ်တတ်သည်။

(၆) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

ပထမအမည်နှင့် ဒုတိယအမည်တို့အား ပေါင်းခြင်းအသီးသီးသည် (၆) ဂဏန်းဖြစ်ပါက မိသားစုအပေါ် တာဝန်ကျေတတ်သူ၊ ဘဝခရီးအား သူမတူအောင် ဖြတ်ကျော်နိုင်စွမ်းရှိသူ၊ နှစ်လိုဖွယ်မျက်နှာပေးရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

အစိုးရဝန်ထမ်း၊ ကျောင်းဆရာ၊ သူနာပြု၊ ဆရာဝန်များ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ ငွေသိမ်းသူ၊ အနုပညာရှင်၊ ပန်းချီဆရာ၊ အဆိုတော်၊ ရှေ့နေတို့အဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

ရင်ဘတ်နှင့် ရင်ခေါင်းဆိုင်ရာဝေဒနာများ၊ ပန်းနာ၊ အမှုန်အမွှားဝင်၍ နှာစေး၊ ချောင်းဆိုးရောဂါ၊ မာတ်မတည့်၍ အဖုအကျိတ်ထွက်သောရောဂါများ၊ နှာခေါင်း၊ လည်ချောင်း၊ ရင်ဘတ်အပေါ်ပိုင်း၌ဖြစ်တတ်သောရောဂါများအား ရည်ညွှန်းသည်။

(၆) ဂဏန်းပါဝင်သော မိသားစုသည် ရင်ဘတ်၊ ရင်သားနှင့် ပတ်သတ်သောရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရန် ပိုမိုနီးစပ်တက်သည်။

(၇) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

လျှို့ဝှက်သိုသိပ်တတ်သူ၊ သူတစ်ပါးအပေါ် ခွဲခြမ်းစိတ်ဖြာတတ်သူ၊ အထီးကျန်ဝေဒနာခံစားရသူဖြစ်ကြောင်း ဖော်ပြသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

စက်မှုပိုင်းဆိုင်ရာပညာနှင့် သုတေသနအရာရှိများ၊ စာရင်းစစ်၊ စာရင်းကိုင်များ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အီလက်ထရွန်နစ်ကျွမ်းကျင်သူ၊ ဘာသာရေးအမြင်ရှိသူ၊ အတွေးအခေါ် ရှိရှိ ပြောဆိုလုပ်ကိုင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ စိတ်နယ်လွန်ရောဂါများ၊ စိုးရိမ်သောကဖြစ်စရာ၊ စိတ်ဆိုးစရာကိစ္စများကြောင့်ဖြစ်ပေါ်လာသောရောဂါများအားရည်ညွှန်းသည်။

(၈) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

မိမိ၏ မိသားစုအတွင်း ရှိသင့်သော အသက်အရွယ်ထက် ပိုမိုအိုစာသည်ဟုထင်ရလောက်သူ၊ ရှေးရိုးစွဲတတ်သူ၊ ရိုးရာအစဉ်အလာများအားတန်ဖိုးထားတတ်သူ၊ ပင်ပင်ပန်းပန်းလုပ်ရခြင်းကိုလည်း ကြောက်ရွံ့သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ဘာသာရေးဆိုင်ရာလုပ်ငန်းဌာနများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲတတ်သူများအား ကိုယ်စားပြုသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

ခေါင်းကိုက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းခြင်း၊ သွေးအဆိပ်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဒူးခေါင်းရောဂါ၊ သွားနှင့်အရိုးရောဂါများဖြစ်နိုင်ကြောင်း ရည်ညွှန်းသည်။

ငင်းပြင် (၈) ဂဏန်းပိုင်ရှင် မိသားစုဝင်သည် ဆေးကုသခံရမှု မှားယွင်းခြင်း၊ ဆေးအညွှန်းမှား၊ ဆေးစားမှားခြင်းတို့လည်း ဖြစ်ပေါ်တတ်သည်။

(၉) ဂဏန်း

**မိသားစုအတွင်းအခြေအနေများ**

တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ ခရီးသွားတတ်သူ၊ ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်သူ၊ တိုက်ခိုက်ရန်လို အပ်သည့်ကိစ္စများ၌ အကြောက်အရွံ့မရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ရဲဝံ့စွာစွန့်စားတတ်သူ၊ ရဲ မီးသတ်ဝန်ထမ်းစသည့် အန္တရာယ်များသောအလုပ်များအား စိတ်ဝင်စားသူ၊ စက်ပြင်ဆရာ၊ စတီးထည်လုပ်ငန်းလုပ်ကိုင်သူ၊ ဆောက်လုပ်ရေး၊ စစ်တပ်၌တာဝန်ထမ်းသူဖြစ်ကြောင်း ဖော်ပြသည်။

**ကျန်းမာရေးဆိုင်ရာကိစ္စများ**

မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း၊ ဖောက်ခွဲရေးပစ္စည်း၊ လက်နက်ခဲယမ်းများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ဓားစသည်တို့ကဲ့သို့ ချွန်ထက်သောအရာများကြောင့် ဒုက္ခရောက်ခြင်း၊ အရက်ကြောင့် ဝေဒနာခံစားရခြင်းတို့ကို ရည်ညွှန်းသည်။

**ချစ်ခြင်း၊ မုန်းခြင်းဆိုင်ရာ စိတ်ခံစားမှုများနှင့် အားနည်းချက်များ**

ကျွန်ုပ်တို့၏ အတွင်းစိတ်အသီးသီး၌ လိုအင်ဆန္ဒအမျိုးမျိုး၊ အားနည်းချက်၊ အပြစ်အနာအဆာအမျိုးမျိုးရှိနေစမြဲ ဖြစ်သည်။

အထူးသဖြင့် သင့်အမည်အား ကိုယ်စားပြုသောပါဝင်သည့်ကိန်းဂဏန်းများတွင် ကိန်းဂဏန်းအချို့က နှစ်ကြိမ်သုံးကြိမ်ထပ်၍နေပါက ပိုမိုထူးခြားသော စိတ်ခံစားမှုများနှင့် အားနည်းချက်များရှိနေကြောင်း လေ့လာသိရှိနိုင်သည်။

အမည်တစ်ခုပါ အက္ခရာစဉ်များအား ကိုယ်စားပြုသောကိန်းဂဏန်းများ ထပ်တလဲလဲပါဝင်နေခြင်းရှိမရှိ Magic Box ＃ ဖြင့် ဖော်ပြပေးနိုင်သည်။

(ဆက်ရန်)

ဦးအောင်လှိုင်(နေ့ဝ ဗျာ)



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ဝင်း

(ရန်ကုန်တက္ကသိုလ်)

## မင်းတုန်းမင်းလက်ထက် ဆောက်လုပ်ရေးဥပဒေ(၂)

အလုပ်တော်အဆောင်တော်ဥပဒေအရ ရတနာပုံရွှေမြို့တော်ကြီးအတွင်းရှိ ရပ်ကွက်များတွင် မိမိတို့အမျိုးဘာသာအလိုက် ဆောက်လုပ်ကိုးကွယ်ကြသည့် ဆောက်လုပ်ပြီးသား ကျောင်း၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ဗလီ၊ ရေတွင်း၊ ရေကန်၊ တံတားများကို ရှေ့ရုံးအရာရှိတို့က ကြည့်ရှုမှတ်သားရသည်။ ထို့နောက် ဦးရေ၊ နေရပ်၊ ပုံစံစာရင်းနှင့် လျှောက်ထားစေသည်ဟု သိရှိရသည်။

မင်းတုန်းမင်းလက်ထက် ဆောက်လုပ်ရေးဥပဒေတွင်ပင် ကျောင်း၊ ဘုရား၊ ဗလီတိုက်တည်ရှိရာမြေ၊ တိုက်အိမ်၊ ဝင်းအိမ်၊ တန်းအိမ်များနှင့် တိုက်ဝင်း၊ အိမ်ရာမြေ၊ ခြံ၊ ဥယျာဉ်၊ လယ်ယာ မြေတို့ကို မိမိတို့သဘောအလျောက် ရောင်းဝယ်ခွင့် မရှိပေ။ ရောင်းဝယ်လိုပါက လွှတ်တော်မှာ လျှောက်ထားပြီးမှ ရောင်းဝယ်စေကြောင်း သိရှိရသည်။

ဥပဒေပြဋ္ဌာန်းပြီးနောက် ပြည်သူတို့အနေဖြင့် ထုတ်ပြန်ထားသော ဥပဒေအတိုင်း လိုက်နာစေဖို့ လိုအပ်ပါသည်။ မင်းတုန်းမင်းလက်ထက်တွင်း အလုပ်တော်အဆောင်တော်ဥပဒေကိုထုတ်ပြန်ပြီးနောက် ဥပဒေအား ကျူးလွန်ဖောက်ဖျက်သူတို့အား စီရင်ရန်ဥပဒေကိုလည်း ထုတ်ပြန်ခဲ့သည်။

အရပ်ရပ်အလုပ်တော်အဆောင်များကို ကြီးကြပ်လုပ်ဆောင်စေသူတို့အနေဖြင့် တာဝန်ယူထားသည့် လုပ်ငန်းဆောင်တာများအတွက် ငွေတော်ထုတ်ပေးပြီးဖြစ်ပါလျှင် ပြီးစီးရမည့် နေ့ရက်အတွင်း ပြီးစီအောင် လုပ်ဆောင်ပေးရမည်သာ ဖြစ်သည်။ သို့ဖြစ်၍ ပြီးစီးအောင်မလုပ်ဆောင်လျှင် ထိုပုဂ္ဂိုလ်အား တာဝန်ယူထားသည့်လုပ်ကွက်တွင် ခြေချင်းနှင့်ထားပြီး ပြီးစီးအောင် လုပ်ဆောင်ပြီးမှ လွှတ်ပေးသည်။

ထို့ပြင် အရပ်ရပ်အလုပ်အဆောင်တော်များကို ကြီးကြပ်ရန် ဘာဝန်ပေးအပ်ထားသည့် မင်းမှုထမ်းတို့သည် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို မကြည့်မရှုမလျှောက်မထား တာဝန်ပေါ့လျော့ပါက ယင်းအမှုထမ်းအား ထောင်တွင် (၁၅) ရက်ထားခြင်းခံရသည်ဟု သိရှိရသည်။

အလုပ်အဆောင်တော်ဥပဒေတွင် မင်းမှုထမ်းများအတွက်သာမက ဥပဒေကို ကျူးလွန်ဖောက်ဖျက်သည့် သာမန်ပြည်သူများအတွက်လည်း အပြစ်ပေးသည်။ ဥပမာ ရွှေမြို့တော်ကြီး မြို့တွင်း၊ မြို့ပြင်လမ်းများတွင် မည်သူမဆို ပေးချသနားတော်မူသည့် ပုံစံတော်ပါ အိမ်ရာတန်းလမ်းအပိုင်းအခြားကို ကျူးလွန်ပိုမို၍ တိုက်၊ အိမ်၊ ခြံ၊ ဥယျာဉ်၊ ကျောင်း၊ ဘုရား၊ ဇရပ်။ တံတား၊ ရေတွင်းရေကန် ပြုလုပ်လျှင် ဖောက်ဖျက်ကျူးလွန်ပြုလုပ်သည်တို့ကို ဖျက်သိမ်းစေ၍ ကျူးလွန်ပြုလုပ်သူအား ထောင်မှာ တစ်လထားသည်။

ရွှေမြို့တော်မြေ မြို့ကြီးအတွင်း မိမိတို့အမျိုးဘာသာအလိုက် ဆောက်လုပ်ကြသည့် ဝင်းအိမ်၊ တိုက်အိမ်၊ ဝင်းရာ၊ တိုက်ရာ၊ အိမ်ရာ၊ ဥယျာဉ်၊ လယ်ယာ၊ ခြံမြေ၊ မြေလွတ်မြေလပ်၊ ကျောင်း၊ ဘုရား၊ ဇရပ်၊ တံတားရှိရာမြေများကို ရောင်းဝယ်လိုပါက လွှတ်တော်မှာ လျှောက်ထားကြရသည်။ ထိုသို့ မလျှောက်ထားဘဲ အလိုအလျောက် ရောင်းဝယ်မိလျှင် ဝယ်ရင်းတန်ဖိုးငွေကို တောင်း၍ ရောင်းသူကို ထောင်မှာ တစ်လထားသည်ဟု သိရှိရသည်။

အထက်ပါ ဥပဒေကို ထောက်ရှု၍ မင်းတုန်းမင်းသည် ဆောက်လုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာရန်ဥပဒေကို ထုတ်ပြန်ထားသည်သာမက ယင်းဥပဒေအတိုင်း အမိန့်အာဏာတည်စေရန် ကြိုးပမ်းခဲ့ကြောင်း သိရှိရသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်တို့သည် စနစ်တကျရှိလိမ့်မည်ဟု ယူဆနိုင်ပါသည်။

မင်းတုန်းမင်းလက်ထက်တွင် ရွှေမြို့တော်ကြီးအတွင်း မြေမြို့သတ်မှတ်သည့် ရပ်စုရပ်ကွက်များမှာ ဆင့်ဆိုရ



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေကိုလည်း အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်ဟု သိရှိရသည်။

ရတနာပုံရွှေမြို့တော်ကြီး မြေမြို့အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်များကို တည်ထားလုပ်ဆောင် ကိုးကွယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထား၍ လွှတ်တော်က ချထားရာ အရပ်အကွက်များမှာသာ ဆောက်လုပ်တည်ထားကိုးကွယ်စေသည်။

တရုတ်၊ ကုလား၊ ပုဏ္ဏားလူမျိုးတို့ အမျိုးဘာသာကျောင်း၊ ဘုရား၊ ဇလီ ဆောက်လုပ် ကိုးကွယ်လိုလျှင်လည်း အလိုအလျောက် အဆောက်အလုပ် မရှိစေရ၊ လွှတ်တော်မှာ လျှောက်ထား၍ ချထားရာအရပ်အကွက်မှာသာဆောက်လုပ်စေမည်။

ဝင်းအိမ်တန်းအိမ်မှစ၍ ဆောက်လုပ်နေထိုင်သူတို့မှာလည်း သတ်မှတ်ပိုင်းခြားသည့် တန်းလမ်း၊ ရာဇမတ်ဝင်း ရာအိမ်ရာများထက် အပိုအမိုမရှိစေရ၊ ပေးချရင်းအတိုင်းသာ ဆောက်လုပ်နေထိုင်စေမည်။

ကျောင်း၊ ဘုရား၊ ဇလီ၊ အိမ်ရာ ထိုင်ရာမြေများကိုလည်း အလိုအလျောက် အရောင်းအဝယ် မရှိစေရ၊ ရောင်းဝယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထားရောင်းဝယ်စေမည်။

အထက်ပါဥပဒေအရ မင်းတုန်းမင်းလက်ထက်တွင် ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူတို့ သိသာစေရန် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ လုပ်ဆောင်လိုလျှင် လွှတ်တော်မှာ လျှောက်ထားရသည်။ လွှတ်တော်အား လုပ်ပိုင်ခွင့်ပေးထားသည်။ မြန်မာမင်းများလက်ထက်တွင် အလုပ်ဌာနနှင့်စပ်လျဉ်း၍ သီပေါမင်းလက်ထက်မတိုင်မီအထိ အလုပ်ဌာနရှိသမျှကို ဆင့်ဆိုစေခိုင်းရန်ရှိသော် လွှတ်တော်ကသာ ဆောင်ရွက်လေ့ရှိသည်။ သီပေါမင်းလက်ထက် ဌာနခွဲဝေမှသာလျှင် ဌာနချုပ်အရာရှိကြီး သီးခြားခန့်ထား ဆင့်ဆိုစေခိုင်းသည်ဟု မှတ်သားဖူးပါသည်။

မင်းတုန်းမင်းကြီးလက်ထက်တွင် မြန်မာသတင်းစာ ပုံနှိပ်ထုတ်ဝေနေပြီဖြစ်၍ ဈေးမသန့်ရှင်းခြင်း၊ လမ်းမကောင်းခြင်း၊ ရေမြောင်းများ မသန့်ရှင်းခြင်း အကြောင်းနှင့် စပ်လျဉ်း၍ တာဝန်သိပြည်သူတစ်ဦးက သတင်းစာတွင် ထည့်သွင်း ဖော်ပြလိုက်သည်။ ပဒေသရာဇ်ခေတ်ပင်ဖြစ်သော်ငြားလည်း သတင်းစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခဲ့ပါသည်။ လမ်းအကြောင်းထုတ်ပြန်သည့် အမိန့်တော်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

*ပထမအချက်။ ။ ရွှေမြို့တော်ရှိ လှည်းအုပ်၊ လှည်းခေါင်းများကို ဆင့်ဆို၍ အငှားတိုက်သော လှည်းယဉ်၊ လှည်းကြမ်းများကို စာရင်းချမှတ်စေ၍ တံဆိပ်နံပါတ်ပေးအပ်ပြီးလျှင် လှည်းတစ်စီးလျှင် ကျောက်ခဲသလဲ တစ်လကို တစ်စီးကျတိုင်ဆောင်၍ ရွှေမြို့တော်နောက်ပြင်ရန်နှင့် တံခါး၊ လမ်းကစ၍ လမ်းကြီးလမ်းငယ်များမှာ ချေနှံ့အောင် အစဉ်အတိုင်း ချထားစုပုံစေရမည်။ တန်းလမ်းကျသော အိမ်ရှင်တို့က ၎င်းစုပုံရှိသည့် ကျောက်ခဲသလဲကို လမ်းတွင်ညီဖြန့်စေရမည်။*

*ဒုတိယအချက်။ ။ တုံး၊ ထင်း၊ သစ်၊ ပျဉ်စသည်များနှင့် ဆိတ်၊ နွား၊ မြင်းချည်တိုင်များကို လမ်းမှာစိုက်ထားကြ၍ အသွားအလာခက်ခဲကြောင်းနှင့် ရွှေနားတော်မြတ် ကြားသိတော်မူရသည်။ ထောင်မှူးအရပ်အုပ်တို့ကို ဆင့်ဆိုပယ်ရှားစေသော်လည်း နိုင်နင်းအောင် မဆင့်မဆို နေရာမကျကြောင်းကို သိတော်မူ၍ နောက်ထပ်မံပြီးလျှင် မြို့တွင်းမြို့ပြင်လမ်းများမှာ တွေ့မြင်သမျှ တုံး၊ ထင်း၊ သစ်၊ ဝါးများကို သိမ်းယူစေ။*

*တတိယ။ ။ ရွှေမြို့တော်လမ်းမ လမ်းငယ်များမှာ မြင်း၊ နွားတို့ကို လွှတ်ထားတွေ့ရှိလျှင် မြို့စောင့်အမှုထမ်းက ဖမ်းဆီး၍ မြင်းကြီး၊ နွားကြီးမှာ တစ်ကောင် (၅) အငယ်မှ (၂။) ကျ တောင်းခံပြီးလျှင် အခွန်တော် ဆက်သစေ'*

အထက်ပါအမိန့်တော်ကို လေ့လာပါက မင်းတုန်းမင်းအနေဖြင့် ပြည်သူတို့ သက်သာချောင်ချိရေးကို အလေးပေးကြောင်း တွေ့ရှိရသည်။ ပဒေသရာဇ်ခေတ်တွင်လည်း သူတို့သွားလာနေကြသော ရွှေမြို့တော်ရှိ လမ်းများတွင် တုံး၊ ထင်း၊ သစ်၊ ပျဉ်စသည်တို့နှင့် ဆိတ်၊ နွား၊ မြင်းချည်တိုင်များကို လမ်းတွင်စိုက်ထားကြသဖြင့် သွားလာခက်ခဲမှုများနှင့်ရင်ဆိုင်ကြရသည်။ ထိုသတင်းကို ကြားသိသော မင်းတုန်းမင်းသည် ထောင်မှူး၊ အရပ်မှူးတို့ကို ဆင့်ဆိုဖယ်ရှားစေခဲ့သည်။ ပြည်သူတို့အသံကို နားစွင့်နေပြီး မီဒီယာကို အလေးပေးသော မင်းတုန်းမင်းသည် လေးစားထိုက်သော မင်းတစ်ပါးဖြစ်သည်ဟု ဆိုနိုင်သည်။ မင်းမှုထမ်းတို့အား တာဝန်ပေးပြီး ဖယ်ရှားစေခဲ့သော်လည်း မအောင်မြင်သဖြင့် မင်းတုန်းမင်းသည် မြို့တွင်း၊ မြို့ပြင်ရှိ တွေ့မြင်သမျှ တုံး၊ ထင်း၊ သစ်၊ ဝါးများကို သိမ်းယူစေခဲ့သည်။

ရတနာပုံခေတ်ကလည်း မြင်း နွားပိုင်ရှင်တို့သည် မိမိတို့ပိုင် မြင်း၊ နွားများကို ထိန်းကျောင်းမှုမရှိဘဲ စည်းကမ်းမဲ့စွာဖြင့် လမ်းပေါ် လွှတ်ထားလေ့ရှိသည်။ သို့ဖြစ်၍ မင်းတုန်းမင်းသည် ရွှေမြို့တော်လမ်းမလမ်းငယ်များတွင် မြင်း နွားတို့အား လွှတ်ထားသည်ကို တွေ့ရှိလျှင် အရေးယူစေခဲ့သည်။ အရေးယူမှာ မြင်းကြီး၊ နွားကြီးတစ်ကောင်လျှင် (၅)၊ အငယ်မှာ (၂) မူးကျ တောင်းခံပြီး အခွန်တော်ဆက်သစေခဲ့သည်။ ယင်းအမိန့်တော်ကို ထုတ်ပြန်သောကြောင့် ရတနာပုံရွှေမြို့တော်ကြီးမှာ ရှင်းလင်းသာယာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

အချုပ်ဆိုရသော် မင်းတုန်းမင်းလက်ထက်တွင် ရတနာပုံရွှေမြို့တော်၏ အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရာတွင် လည်းကောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပုံစံအတိုင်း ဆောက်လုပ်စေရာတွင် လည်းကောင်း၊ သာသနိကအဆောက်အအုံများဆောက်လုပ်ရာတွင် လည်းကောင်း အဆောက်အအုံများရှိရာ မြေနေရာများကို ရောင်းဝယ်ရာတွင် လည်းကောင်း လိုက်နာရမည့်ဥပဒေများ ချမှတ်ထားကြောင်းသိရှိရသည်။ ချမှတ်ထားသော ဥပဒေကို မလိုက်နာသူများကို အရေးယူလေ့ရှိပါသည်။ ပြည်သူများသွားရေးလာရေးအဆင်ပြေစေရေးကို အထူးအလေးပေးပြီး ပြည်သူတို့အသံကို နားစွင့်ကာ လမ်းအကြောင်းဥပဒေကို ထုတ်ပြန်ခဲ့သည်ကို လေ့လာတွေ့ရှိကြောင်း တင်ပြလိုက်ရပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက် အမှတ် (၂၃၀)။

၂။ **ROB Volume IX**

၃။ လူထုဦးလှ၊ **သတင်းစာသည် သမိုင်းကို ပြောကြသည်**



www.burmeseclassic.com

www.burmeseclassic.com


တစ်လောက အရပ်ထဲက ပြဿနာတစ်ခုမှာကြားခဲ့ရတဲ့ စကားတစ်ခွန်းရှိတယ်။

'အလကားကောင်ပါကွာ။ ခွေးလောက်တောင်သစ္စာရှိတဲ့ကောင်မဟုတ်ဘူး' တဲ့။

ဒီစကားက သူတို့လုပ်ဖော်ကိုင်ဖက်အချင်းချင်း အကျော်အနင်းခံရလို့ တစ်ဦးအပေါ် တစ်ဦး ယုံကြည်လို့ အပ်နှံထားတာကို အလွဲသုံးစားလုပ်သွားလို့ သိရတယ်။

လူတိုင်းကို မဆိုလိုပေမယ့် တချို့လူတွေကလည်း အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ဘယ်သူသေသေ ငတေမာဖို့သာ ရှေးရှုနေကြတာဆိုတော့ ခွေးလောက်မှ သစ္စာမရှိဘူးလို့ နှိုင်းပြောလည်း ပြောချင်စရာပါ။

ရှိသေးတယ်။ တော်တော်ယေးယုတ်မာရိုင်းစိုင်းတဲ့အပြုအမူလုပ်တဲ့လူကိုကျတော့ ခွေးကျင့်ခွေးကြံကြံတာလို့ ပြောကြပြန်တယ်။ ဒါကို ခွေးတွေသာ ကြားလို့နားလည်မယ်ဆိုရင် သူတို့လည်း ငြိမ်ခံမှာမဟုတ်ဘူး။



# ပြောင်းပြ-ပြင့်လှိုင်

ဝဲကျော်

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တော့ဟုတ်တယ်။ တချို့လူ လူချင်း ယုတ်မာရိုင်းစိုင်းမှုမျိုးတွေက သူတို့ခွေးတွေမှာ ရှိမှမရှိတာကိုး။ ခွေးတွေဘက်က ရှေ့နေလိုက်တာတော့ မဟုတ်ဘူး။ တခြားသတ္တဝါတွေနဲ့စာရင် သခင်အပေါ်မှာ သစ္စာစောင့်သိတာ၊ သခင်ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို သူတို့တတ်သိနားလည်သလောက် ကာကွယ်စောင့်ရှောက်ပေးတာ ခွေးပဲလို့ ကျွန်တော်ထင်တယ်။

အခု ကျွန်တော်ပြောချင်တာလည်း ခွေးတစ်ကောင်အကြောင်းပဲ။

'မင်းကွာ၊ ခွေးတစ်ကောင်အကြောင်းပြောဖို့များ ရေးကြီးခွင့်ကျယ် စကားတွေပလ္လင်တွေခံနေရသေးတယ်။ အလကားပေရှည်တဲ့အကောင်'

လို့ပြောရင်လည်းခံရဖွယ်ရှိတယ်။ ကျွန်တော်ပြောချင်တဲ့ခွေးကလည်း ခွေးထဲကခွေးတစ်ကောင်မို့ ထူးတော့မထူးပါဘူး။ ဒါပေမယ့် နည်းနည်းတော့ဆန်းတယ်။

ကျွန်တော့်မိသားစုက တိရစ္ဆာန်လေးတွေမွေးတာပြုတာ ဝါသနာတော့ သိပ်မပါဘူး။ ချစ်လည်းချစ်ခဲသား။ မချစ်ဘူးဆိုတော့ တိရစ္ဆာန်မြင်တိုင်း ကြည့်မရ၊ ပြုမရ မျက်မုန်းကျိုးနေတာမျိုးတော့ မဟုတ်ဘူးပေါ့။

လူဆိုတာ သိတဲ့အတိုင်းပဲ။ ခွေးနှစ်ကောင်ကိုက်ရင်တောင် ကိုယ့်ခွေးနိုင်မှမဟုတ်လား။ ကိုယ့်ခွေးများခံရပြီဆိုရင် နီးရာလက်နက်ဆွဲပြီး ကိုယ်ခွေးဘက်က စစ်ကူဝင်တော့တာဆိုတော့ ကိုယ်မွေးထားတဲ့ တိရစ္ဆာန်အတွက်နဲ့ ကိုယ်ပါ အကုသိုလ်ပွားတတ်လို့ ဘာအကောင်ဗလောင်မှ မမွေးဖြစ်ခဲ့ဘူး။

အခုလည်း ဝဲကျော်ကို ကျွန်တော်တို့မိသားစုက မွေးဖို့တကူးတကခေါ်လာတာ မဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုက်လို့ပဲလား၊ အတိတ်ပဌာန်းဆက်က အကြွင်းအကျန်လေး ရှိလို့လားတော့ မသိဘူး။ ကျွန်တော်တို့အိမ်ကိုတော့ ဝဲကျော်ရောက်လာတာ အမှန်ပဲ။

ရောက်လာပုံလည်းကြည့်ပါဦး။ အဲဒီနေ့က ဇိနမာရ်အောင်ဘုရားပွဲ နောက်ဆုံးနေ့။ ဇနီးနဲ့ သမီးက ဘုရားပွဲ လျှောက်ချင်တယ်ဆိုလို့ ကျွန်တော် ဆိုင်ပိတ်ချိန် လိုက်ပို့ပေးဖြစ်တယ်။ ဇိနမာရ်အောင်ဘုရားကလည်း ကျွန်တော်တို့အိမ်နဲ့ သိပ်ဝေးတာမဟုတ်ဘူး။ အေးအေးဆေးဆေး လမ်းလျှောက်မယ်ဆိုရင် အများကြာလှ တစ်နာရီလောက်ပဲ။

ကျွန်တော်တို့အိမ်ကထွက်တော့ ည(၁၀)နာရီလောက်ရှိနေပြီ။ အရပ်ထဲကလူတွေ ဘုရားပွဲရောက်နေလို့လား မသိဘူး။ လမ်းပေါ်မှာ လူစလူနတောင် တော်တော်လေးကျဲနေတယ်။ ငွေကြယ်ပွင့်တို့ ဝန်းရံနေတဲ့ စန္ဒာလမင်းကြီးကလည်း လောကဓာတ်တစ်ခွင်လုံးကို သူရဲ့အေးမြတဲ့အလင်းရောင်နဲ့ လွှမ်းခြုံပွေ့ဖက်ထားတယ်။

ခိုင်ရွှေဝါလမ်းမကြီးနဲ့အောင်သပြေလမ်းတို့ဆုံရာ လမ်းဆုံထိပ်ရောက်တော့ ခပ်သေးသေးခွေးပိန်တစ်ကောင်ကို ခွေးကြီး လေး၊ငါးခြောက်ကောင် ဝိုင်းတွယ်နေလိုက်ကြတာ ခွေးဟောင်သံနဲ့ အော်ဟစ်ညည်းညူသံတွေက တစ်လမ်းလုံးကို ထုတ်ချင်းခတ်လွှမ်းမိုးနေတယ်။

အကိုက်ခံနေရတဲ့ ခွေးပိန်ခများ ငယ်သံပါအောင်အော်ရင်း လမ်းပေါ်မှာ လူးလိမ့်လို့နေတာပဲ။ ထပြေးဖို့တောင် အခွင့်အရေးမရနိုင်တဲ့ အနေအထားမျိုးကိုး။ ကြည့်ရတာ မျက်စိလည်လမ်းမှားလာတဲ့ခွေးကို ရွာခံခွေးတွေ ဝိုင်းတွယ်နေတာမျိုး။

"ဖေဖေ ဖေဖေ၊ ဟိုခွေးလေးသနားပါတယ် ဖေဖေရယ်။ ကိုက်နေတဲ့ ခွေးတွေကို မောင်းလိုက်ပါလား ဖေဖေ"

သမီးရဲ့အသံက အကိုက်ခံနေရတဲ့ ခွေးကလေးကို အတော်လေးကရုဏာသက်နေတဲ့အသံမျိုးပါ။

"နေပါစေ သမီးရယ်။ တော်ကြာ ဟိုခွေးတွေက ဖေဖေတို့ကိုပါလာမဲကိုက်နေပါဦးမယ်"

လို့ပြောရင်းက ခွေးရန်ပွဲကကျော်အောင် ခပ်သွက်သွက်လေးလှမ်းခဲ့ကြတယ်။ အတော်ကလေးကျော်လာတော့မှ လမ်းဘေးက ခဲနှစ်ခဲ၊ သုံးခဲကောက်ပြီး ခွေးအုပ်ထဲကို ပစ်ခြောက်မောင်းပေးလိုက်တယ်။

ကျွန်တော်လည်း ပစ်တုန်းကတော့ ရမ်းပစ်လိုက်တာပါ။ ဒါပေမယ့် ပစ်လိုက်တဲ့ခဲက ကိုက်နေတဲ့ ခွေးတစ်ကောင်ရဲ့ ဘယ်နေရာကိုသွားမှန်တယ်တော့ မသိဘူး။ 'ကိန် ကိန် ကိန်'နဲ့ ငယ်သံပါအောင် အော်ပြီးထွက်ပြေးလေတော့ ကျန်တဲ့ခွေးတွေလည်း ခွေးပိန်လေးကို ဆက်မကိုက်ဘဲ ထွက်ပြေးကုန်တယ်။ ခွေးပိန်လေးကလည်း အကိုက်လွတ်တာနဲ့ ကျွန်တော်တို့ဘက်ကို ကမူးရှူးထိုးထပြေးလာတယ်။

သမီးကတော့ ခွေးပိန်ကလေး အကိုက်ခံရတဲ့ဒုက္ခကလွတ်သွားလို့ စိတ်သက်သာရာရသွားတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ပွဲဈေးရောက်ခဲ့ကြတယ်။ ပွဲဈေးတန်းလျှောက်ကြည့်ပြီး ပြန်ခါနီးကျတော့ သမီးက ကရေကရာစားမယ်ဆိုလို့ ကရေကရာဝယ်ပေးပြီး ဘယ်လောက်မှမကြာသေးဘူး။

"ဖေဖေ၊ သမီး အကြော်စားဦးမယ်"

ဆိုပြီး ထပ်ပူဆာပြန်တယ်။

ကျွန်တော်က -

"စောစောလေးကပဲ သမီး ကရေကရာစားမယ်ဆိုလို့ ဖေဖေဝယ်ပေးထားတယ်လေ။ တော်ပြီပေါ့သမီးရယ်၊ တော်ကြာ ရင်တွေဘာတွေ ပြည့်နေပါဦးမယ်"

လို့ ပြောလိုက်တော့ သမီးက -

"ကရေကရာကုန်သွားပြီ ဖေဖေ"

တဲ့။

ကျွန်တော် နည်းနည်းတော့အံ့သြသွားတယ်။ သုံးဆယ်သားကျော်ကျော်လောက်ရှိတဲ့ ကရေကရာကို ကိုးနှစ်အရွယ်ရှိသေးတဲ့သမီးက တစ်ထိုင်တည်းကုန်အောင်စားနိုင်မတဲ့လား။

ဒါနဲ့ သမီးကိုသေသေချာချာမေးကြည့်တော့မှ ခွေးချကျွေးလိုက်မှန်း သိရတော့တယ်။ အမေလုပ်သူကလည်း သူ့အာရုံနဲ့သူဆိုတော့ ကရေကရာထုပ် ခွေးချကျွေးတာတောင် မသိလိုက်ဘူး။ ကျွေးလိုက်တာလည်း ဘယ်ခွေးမှတ်လို့လဲ၊ ဘုရားပွဲအလာတုန်းက ခွေးကြီးတွေဝိုင်းကိုက်ခံရတဲ့ ခွေးပိန်ကလေး။ ပွဲဈေးအဝင်ဝမှာကတည်းက အနောက်က တကောက်ကောက်လိုက်လာတာတဲ့။ ဒါကလည်း သမီးပြောပြလို့ သိရတာ။ ကျွန်တော်တို့လင်မယားကတော့ တောင်ငေးမြောက်ငေးနဲ့ဆိုတော့ သတိမထားမိဘူး။

ဟော - အခုလည်းကြည့်၊ အမြီးလေးလုပ်လီလုပ်လဲ့နဲ့ ကျွန်တော်တို့နောက်ကပါလာလို့ မနည်းမောင်းပြီး အိမ်ပြန်ခဲ့ရတယ်။

"ဟောတော့၊ ညက ပွဲဈေးတန်းမှာတွေ့တဲ့ခွေးလေး ဘယ်လိုလုပ်ပြီး အိမ်ရှေ့ရောက်နေတာလဲ မသိဘူး"

"ဟဲ့ - ခွေး၊ သွား. . . သွားစမ်းတောက်"

မနက်စောစော ဆိုင်တံခါးဖွင့်ပြီး တံမြက်စည်းလှည်းရင်း မြည်တွန်လိုက်တဲ့ ဇနီးသည်အသံကြောင့် နောက်ဖေးမှာ မျက်နှာသစ်နေတဲ့ ကျွန်တော် ပျာကယာ အိမ်ရှေ့ထွက်ကြည့်လိုက်တယ်။

ဟုတ်ပါ့၊ ညကခွေးပိန်မှခွေးပိန်



www.burmeseclassic.com

www.burmeseclassic.com

အစစ်ပဲ။ ညက အမှတ်တမဲ့မို့ ပိန်ညှော် ညှော်လောက်သာ သတိထားမိပေမယ့် အခုလို ထင်ထင်လင်းလင်းမြင်ရတော့ ခန္ဓာကိုယ်ရဲ့ရှစ်ဆယ်ရာခိုင်နှုန်းလောက်က ဝဲတွေနဲ့ပြည့်နေတယ်။ အကိုက်ခံထားရလို့ ထွက်နေတဲ့သွေးတွေက ဟိုတစ်ကွက်ဒီတစ်ကွက်ခြောက်ပြီးအဖတ်ထိုက်ဖြစ်လို့။ တစ်ကိုယ်လုံး အရိုးပေါ်အရေပြားကပ်နေရုံသာရှိပေမယ့် မျက်နှာကတော့ မို့မို့အစ်အစ်နဲ့ ရောင်ကိုင်းနေတဲ့အနေအထားမျိုး။

အိမ်ရှေ့က သစ်အဟောင်းပုံနားမှာ ခွေခွေလေးအိပ်ရင်းက ငုတ်စိစိအမွေးနည်းနည်းသာရှိတဲ့ အမြီးကိုနှန့်ပြရင်း အသနားခံတဲ့အကြည့်နဲ့ ကျွန်တော်တို့ လင်မယားကို မော့ကြည့်နေရှာတယ်။ အိမ်ဘေးကခွေးတွေ မနှစ်က အမဲတုံးတန်ခိုးနဲ့ ပြုတ်ပြုတ်ပြုန်းသွားခဲ့တာ သူ့အတွက် အတော်ကံကောင်းသွားတယ်လို့ဆိုရမယ်။ ဒီခွေးတွေသာ ရှိနေသေးရင် ဘယ်ချောင်လိမ့်မတုံး။ တစ်စစီတောင်ဖြစ်သွားမလားဘဲ။

ဟုတ်တယ်၊ ကျွန်တော်ခြေရင်းအိမ်၊ ခေါင်းရင်းအိမ်က ခွေးတွေဆိုတာ နည်းတာမှ မဟုတ်တာ။ ကျွန်တော်သည်း ပထမတော့ မောင်းထုတ်ဦးမလို့ဘဲ၊ ဒါပေမယ့်ဗျာ အထုံအဆက်တွေရှိလို့လားဘာလားတော့ မသိဘူး။ စိတ်ထဲက မောင်းထုတ်နေမိပေမယ့် လက်တွေ့မှာတော့ တုဏှိဘာဝေပဲ။

ဒီခွေးကိုမွေးမယ်လို့စိတ်ကူးတာ မဟုတ်ပေမယ့် ထမင်းကျန်ဟင်းကျန် နောက်ဖေးပစ်ချလို့ ကြွက်ပေါမယ့်အတူတူ ဒီခွေးပိန်ချကျွေးတာမှ ခပ်ကောင်းကောင်းလို့ တွေးလိုက်မိတယ်။ အိပ်တာသည်း ကျွန်တော့်အိမ်ရှေ့ဆိုပေမယ့် ထမ်းဘေးမှာပဲလေ။ သမီးနိုးလာတော့ ဇနီးသည်က ညကခွေးပိန်လေး အိမ်ရှေ့ရောက်နေတယ်လို့ ပြောလိုက်တော့ မျက်နှာတောင်မသစ်သေးဘဲ ဝမ်းပန်းတသာနဲ့ အိမ်ရှေ့ပြေးထွက်လာပြီး -

"ဖေဖေ၊ ဒီခွေးပိန်လေးကို မောင်းမထုတ်ပါနဲ့ ဖေဖေရယ် သနားပါတယ်။ မိပွားတို့၊ ဂုတ်ကျားတို့လည်းရှိတော့တာ မဟုတ်တာ' တဲ့။

မိပွားတို့၊ ဂုတ်ကျားတို့ဆိုတာက ခြေရင်းအိမ်ကခွေးတွေလေ။ သမီးက ကျွန်တော်တို့လစ်တာနဲ့ အဲဒီခွေးနဲ့သွားဆော့နေကျပါ။ ဒီလိုဆော့လို့လည်း သူ့အမေရိုက်တာ မကြာခဏခံရဖူးတယ်။

အခုလည်း ဒီခွေးပိန်လေးကို မောင်းမထုတ်ပါနဲ့တဲ့။ ပြောရမယ်ဆို ဘယ်သူကမှ သူ့ကို တခုတ်တရမွေးတာမဟုတ်ဘဲနဲ့ အိမ်မှာသောင်တင်သွားတယ်။ တစ်ကိုယ်လုံးဝဲတွေနဲ့ ပြည့်နေတာမို့ ဇနီးသည်က ဝဲကျော်လို့ ခေါ်ခေါ်ပြီး အစာကျွေးရင်းက ဒီနာမည်တွင်သွားတာပါ။

ကျွန်တော်တို့အိမ်ရောက်ပြီး ဘာမှ မကြာလိုက်ဘူး။ နံရိုးတွေတော်တော်လေးပျောက်သလောက်ဖြစ်သွားတယ်။ ကျောကုန်းကဝဲတွေ မရှိသလောက်ပျောက်သွားပေမယ့် ဝဲကျော် ဆိုတဲ့နာမည်ကတော့ပြောင်းလို့မရတော့ဘူး။ သူကိုယ်တိုင်လည်း ဒီနာမည်ကိုကြိုက်ပုံရ တယ်။ ဝဲကျော်လို့ ခေါ်လိုက်တာနဲ့ အမြီးပြုတ်ထွက်မတတ်ခါနေတော့တာပဲ။

ပြောရမယ်ဆိုရင် ဝဲကျော်က ခွေးရည်လည်ပုံရတယ်။ ကျွန်တော့်အိမ်မှာက VCD အခွေအငှားဆိုင်ဖွင့်ထားတာဆိုတော့ လူအဝင်အထွက်များတယ်လေ။ နေ့လယ်နေ့ခင်း လူစိမ်းအဝင်အထွက်တွေ တွေ့ပေမယ့် ဒီကောင်မဟောင်ရေးချ မဟောင်ဘဲဗျာ။ အဲ - ဒါပေမယ့် မိုးချုပ်လို့ ဆိုင်ပိတ်ချိန်၊ အိမ်တံခါးပိတ်ချိန်မျိုးတော့ အိမ်နားကပ်ဖို့မပြောနဲ့ သူနေတဲ့သစ်အဟောင်းပုံနားတောင်သီလို့မရဘူး။ ကိုက်တာတော့မဟုတ်ဘူး။ အကောင်ကသာသေးပေမယ့် ဟောင်သံကျတော့ နိုင်ငံခြားခွေးမျိုးကြီးဟောင်သံလို ဟိန်းထွက်နေတာပဲ။ အလုံးအထည်နဲ့ အကောင်သာမမြင်စေနဲ့ ဟောင်သံနဲ့တင် လူရှိန်လောက်တယ်။ အဲ - အကောင်လည်းမြင်ရော -

"ငါ့နှယ်၊ ဟောင်သံကြားတုန်းကတော့လန့်သွားတာပဲ။ အကောင်ကြည့်တော့ တစ်ချက်ပိတ်ကန်လိုက်တာနဲ့ နံရိုးတွေကိုင်းကန်းသွားဦးမယ်"

- လို့ ပြောမယ့်လူတွေချည်းပဲ။

ဟုတ်တယ် - တကယ်။ အသံကတော့ တကယ့်ကြောက်ခမန်းလိလိအသံမျိုးကိုး။ကျွန်တော်တို့မိသားစုသံယောဇဉ်ဖြစ်ရွေတဲ့ ဝဲကျော်ရဲ့ တတ်သိနားလည်ပုံလေးတစ်ခု ပြောဦးမယ်။ ဒီတုန်းက ဝဲကျော်ကျွန်တော်တို့အိမ်ရောက်ပြီး သုံး၊ လေးလလောက်ကပဲရှိဦးမယ်။ မနက်ပိုင်း ဇနီးသည်က နောက်ဖေးမှာ ချက်ပြုတ်နေတာမို့ ကျွန်တော်ကိုယ်တိုင်ပဲ သမီးကို ကျောင်းလိုက်ပါပို့လိုက်တယ်။ အိမ်ရှေ့အခွေဆိုင်မှာ လူအစောင့်မရှိပေမယ့် မနက်ပိုင်းဆိုတော့ အခွေငှားသမားလည်း ပါးတယ်လေ။ ပြီးတော့ သမီးတို့ကျောင်းကလည်း သိပ်ဝေးတာ မဟုတ်ဘူး။ အိမ်နဲ့ဆို မီတာ(၃၀၀)လောက်ပဲဝေးတာပါ။

ကျွန်တော် ကျောင်းက ပြန်လာတော့ ဆိုင်ရှေ့မှာ ဆယ့်သုံးလေးနှစ်သားလောက်ရှိမယ့် ချာတိတ်တစ်ယောက်နဲ့ ဝဲကျော် ထုပ်ဆီးတိုးသလို ချာတိတ်က ဟိုဘက်သွားရင် ဝဲကျော်က ရှေ့ကပိတ်ပြီး ဟိုဘက်လိုက်၊ ဒီဘက်သွားရင် ဒီဘက်လိုက်နဲ့ ဟောင်လည်းမဟောင်၊ ကိုက်လည်းကိုက်တာမဟုတ်ဘူး။ မသိရင်ဆော့နေတဲ့ပုံစံမျိုး ဝဲကျော် ကျွန်တော်တို့အိမ်ရောက်တည်းက ဒီလိုစိမ်းတဲ့လူနဲ့ဆော့တာပြုတာလည်း တစ်ခါမှမမြင်ဘူးတော့ ကျွန်တော့်စိတ်ထဲ နည်းနည်းတော့ ထူးဆန်းသလိုခံစားမိတယ်။

"ဟိတ် - ဝဲကျော်၊ သွားစမ်း ဘာဖြစ်နေတာလဲ"

လို့ ကျွန်တော်အော်လိုက်တော့မှ ပိုဆိုးသွားတယ်။ ပထမရှေ့က ကာဆီးကာဆီးလုပ်နေတဲ့ဝဲကျော် ကျွန်တော့်အသံလည်းကြားရော ချာတိတ်ရဲ့ တင်ပါးတွေ၊ ကျောတွေကို နှုတ်သီးနဲ့အတင်းထိုးနမ်းသလိုလုပ်တော့တာပဲ။ ချာတိတ်ကလည်း -

"အား-လုပ်ပါဦး ဦးရဲ့။ ဦးလေးရဲ့ခွေးကို မောင်းပေးပါဦး။ ကျွန်တော့်ကိုက်ပါဦးမယ်"

ဆိုပြီး ငိုသံပါကြီး အော်တော့တာပဲ။

နဂိုကကျွန်တော်တစ်ခွန်းလောက်အော်လိုက်ရင် ငြိမ်ကုပ်ပြီး သူ့နေရာသူသွားအိပ်နေတတ်တဲ့ဝဲကျော် အခုတော့ တစ်ခွန်းလည်းမရ၊ နှစ်ခွန်းလည်းမမှုဆိုတော့ စိတ်တိုတိုနဲ့ ချာတိတ်တင်ပါးနားကို လိုက်နမ်းနေတဲ့ ဝဲကျော်ရဲ့နှုတ်သီးကို လက်ဝါးနဲ့ ခပ်ဆတ်ဆတ်လေး လှမ်းရိုက်လိုက်တယ်။

"ဘုတ်"

"ဟင်"

ကျွန်တော်ရိုက်လိုက်တာတော့ ဝဲကျော်ရဲ့ နှုတ်သီးကို ဒါပေမယ့် ထိသွားတာက ချာတိတ်ရဲ့ခါးကို။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက် အချိန်အဆကောင်းမယ်လို့ မထင်မိဘူး။

ဘာပဲဖြစ်ဖြစ် ဒီလိုထိချက်လွဲသွားတာပဲ ခပ်ကောင်းကောင်းလို့ ဆိုရမယ်။ ဟုတ်တယ်လေ၊ ကျွန်တော် အခုလို ထိချက်လွဲသွားလို့သာ ချာတိတ်ခါး[illegible]

www.burmeseclassic.com

အကျီနဲ့ဖုံးထားတဲ့ VCD အခွေလေး (၃) ခွေက ဘုတ်ဆို ထွက်ကျလာတာ။ ကျွန်တော်ထင်လိုက်တာက ဒီချာတိတ်အခွေလာအပ်တာ ဒါမှမဟုတ် ငှားတာ တစ်ခုခုပဲလို့ ထင်လိုက်မိတယ်။

ဒီတစ်ခါလည်း ကျွန်တော်ထပ်လွဲပြန်ပါတယ်။ချာတိတ်ကို သေသေချာချာမေးတော့မှ လာအပ်တာမဟုတ်သလိုလာငှားတာလည်းမဟုတ်ဘူး။ ဆိုင်ထဲမှာ လူစလူနမတွေ့လို့ ကောင်တာစားပွဲကိုကျော်ပြီး ဘေးဘောင်မှာ တင်ထားတဲ့ကားသစ်တွေ ဝင်,မတာ။ ချာတိတ်ကတော့ သူခိုးတာမဟုတ်ဘူးလို့ ငြင်းပေမယ့်သာ ငြင်းနေတာ အခွေတွေက သူ့ခါးကြားရောက်နေပြီလေ။

ကျွန်တော်မရှိတုန်း ဒီလိုဝင်ယူတာကို ဝဲကျော်သိလို့ အခုလိုအပြုအမူနဲ့ ကျွန်တော်တို့သိအောင် လုပ်ပြတာဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ သူ့နေရာမှာသူ သွားဝပ်နေတဲ့ ဝဲကျော်ကို ကျွန်တော် တစ်ချက်လှမ်းကြည့်တော့ အမြီးလေးလှုပ်ပြီး ကျွန်တော်ကိုပြန်စိုက်ကြည့်နေတယ်။ ကျွန်တော် ထင်တယ်လေ။ ဝဲကျော်သာ လူလိုစကားပြောတတ်ရင် သခင်တို့မရှိတုန်း ဒီကောင် အခွေတွေယူပြီး ခါးကြားထိုးထားတာသိလို့ သူပြန်လို့မရအောင် တားထားတာပါ သခင်ရယ်။ ကျွန်တော့်ကို အထင်မလွဲပါနဲ့လို့ ပြောပြနေမှာအမှန်ပဲ။

ဒီနောက်ပိုင်း ဇနီးနဲ့သမီးက ဝဲကျော်ကို တော်တော်လေးမျက်နှာသာပေးလာကြတယ်။ အစာတောင်ကျန်မှကျွေးတဲ့အဆင့်မဟုတ်တော့ဘူး။ သူ့အတွက် နည်းနည်းပိုချက်ထားတဲ့အဆင့်ကိုရောက်လာတယ်။ အိပ်တော့လည်း အိမ်ရှေ့အခွေဆိုင်ထဲမှာ ဂုန်နီအိတ်လေးအကျအနခင်းလို့။ ဟုတ်တော့ဟုတ်နေတာပဲ။ ဝဲကျော်အိမ်ရောက်ပြီး အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာပေမယ့် ညိုညိုညစ်ညစ် အမွေးတွေကတော့ တောက်တောက်ပြောင်ပြောင် ရှိမလာခဲ့ဘူး။

အင်းလေ၊ နဂိုကတည်းကလည်း လှလို့ အိမ်မှာလက်ခံထားတာမှ မဟုတ်တာဘဲ။ ဒါပေမယ့် ဝဲကျော်က အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါဆိုတဲ့အစားထဲက။ ဟုတ်တယ်၊ သူစားရတဲ့ ထမင်းတစ်လုတ်တစ်ဆုပ်ရဲ့ ကျေးဇူးကို နားလည်တယ်။ သူတတ်သိနားလည်တဲ့ နည်းနဲ့ ကျေးဇူးဆပ်တယ်။ သစ္စာစောင့်သိတယ်။

ကျွန်တော်တို့ အိမ်နောက်ဖေးလမ်းကြားက မိုးတွင်းဆို ဗျိုက်တောကြီးထနေပေမယ့် နွေပေါက်ရင် လူသွားလို့လာလို့ရတယ်။ နွေမလို့ပေါက်ပြီဆိုပလတ်စတစ်ကောက်သမားတွေ ဒီနောက်ဖေးလမ်းကြားမှာ ဥဒဟိုသွားလာဝင်ထွက်ပြီး လစ်ရင်လည်းသုတ်၊ မလစ်ရင်လည်း အတိုအထွာရှာကြတာ တစ်နေ့တစ်နေ့ ခြေချင်းကိုလိမ်နေတာပဲ။ ကျွန်တော်တို့အိမ်ဆို နှစ်ခါ၊ သုံးခါလောက် ဒန်အိုးဒန်ခွက်တွေပါဖူးတယ်။ ဒါကလည်း ကိုယ့်အပြစ်နဲ့ကိုယ်ပါ။ မေ့မေ့ပြီး နောက်ဖေးတံခါးမှမပိတ်မိတာကိုး။

အခုတော့ မရတော့ဘူး။ အိမ်နောက်ဖေးက ချွတ်ခနဲအသံကြားတာနဲ့ ဝဲကျော်ပြေးသွားပြီး တဂီးဂီးတဂဲဂဲလုပ်တော့တာပဲ။ တစ်နေကုန် နောက်ဖေးတံခါးဖွင့်ထားလည်း အေးရာအေးကြောင်းပဲ။ တစ်ခုရှိတာက ညနေ သမီးကျောင်းဆင်းချိန်လောက်ဆိုရင်တော့ ဝဲကျော်အိမ်နောက်ဖေးကို မေ့တော့တော့ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ သမီးကျောင်းဆင်းတာနဲ့ သူနဲ့အိမ်ရှေ့မှာ ပြေးလွှားခုန်ပေါက်ဆော့တော့တာကိုး။

ဆော့တိုင်းလည်း ဝဲကျော်အော်ရတယ်။ မအော်ခံနိုင်ရိုးလား။ သမီးက ဆော့နေရင်း အရှိန်လေးရလာပြီဆို ဝဲကျော်ရဲ့ နားရွက်နှစ်ဖက်ကိုဆွဲပြီး ပတ်ချာလည်မွှေ့တော့တာကိုး။ ဝဲကျော်ခမျာ အင်မတန် သည်းခံရှာတယ်။ နာလို့ တအီအီနဲ့အော်သာနေတာ ဘာမှပြန်မလုပ်ရှာဘူး။

ကျွန်တော် တွေ့ဖူးတယ်။ တချို့ခွေးတွေ ဘယ်လောက်ပဲခင်နေခင်နေ သူတို့အသားနာရင် လန့်ပြီးကိုက်လိုက်တာတို့၊ လှမ်းဟပ်လိုက်တာတို့လုပ်တတ်တယ်။ ကိုယ်တိုင်လည်း မြင်ဖူးတယ်။ ဒီလိုခွေးတွေထဲမှာ ဝဲကျော် မပါဘူး။

မနက်ပိုင်း သမီးကျောင်းသွားပြီဆို ဝဲကျော်တစ်ကောင် အိမ်ရှေ့လမ်းမက ထွက်ကြည့်ရတာအမော။ နာရီမကြည့်တတ်ဘာမကြည့်တတ်နဲ့လည်း နေ့လယ် သမီးထမင်းစားလွှတ်ချိန်ကို ကွက်တိသိတယ်။ အိမ်နားရောက်လို့ သမီးက 'ဝဲကျော်ရေ လာ လာ'လို့များ ခေါ် လိုက်ရင် သူ့မှာ တဝုဝုနဲ့ အမြီးကိုယမ်းပြီးခုန်ပေါက်နေတော့တာ။

ညနေ ကျောင်းဆင်းချိန်လည်း ဘာထူးလဲ။ ပြန်လာမယ့်အချိန် လည်တဆံ့ဆံ့နဲ့ ကျောင်းဘက်ကိုမျှော်လို့။ ပြောလက်စနဲ့ တစ်လောကအဖြစ်လေးတစ်ခု ပြောလိုက်ဦးမယ်။

ကျွန်တော်တို့အိမ်နဲ့ သမီးတို့ကျောင်းက တစ်လမ်းတည်းပဲ။ အိမ်ရှေ့ကလှမ်းကြည့်ရင် ကျောင်းအဝင်ဝတွေ့နေရတယ်။ နေ့လယ်ထမင်းစားချိန်နဲ့ ညနေကျောင်းဆင်းချိန် သမီး သူ့ဟာသူ ပြန်လာနေကျ။ အိမ်နဲ့ကျောင်းက နီးသလို မူကြိုကတည်းက တက်လာတဲ့ကျောင်းဆိုတော့ စိတ်မချစရာလည်းမရှိဘူးလေ။

အဲဒီနေ့က သမီးကျောင်းဆင်းချိန် -

"ဝုတ် ဝုတ် ဝုတ်"

နေ့လယ်နေ့ခင်း မဟောင်စဖူးဟောင်နေတဲ့ ဝဲကျော်အသံကြောင့် ကျွန်တော်ဖတ်လက်စစာအုပ်ကို ဘေးချပြီး အိမ်ရှေ့တစ်ချက်လှမ်းကြည့်မိတယ်။ သမီးကျောင်းဘက်ကိုကြည့်ရင်း ဟောင်နေတဲ့ ဝဲကျော်။ အမြီးကလည်း နဂိုလိုထောင်ထားတာ မဟုတ်ဘူး။ အမြီးကိုကုပ်ပြီးတော့ဟောင်နေတာ။

ဒါနဲ့ ကျွန်တော် နာရီကို တစ်ချက်လှမ်းကြည့်တော့ ဒီအချိန် သမီးတို့ကျောင်းလွှတ်နေကျဆိုတာကို သိတယ်။ ခဏနေတော့ ဝဲကျော် ဝုတ်ခနဲ တစ်ချက်ဟောင်ပြီး ကျောင်းဘက်ကို စွတ်ခနဲ ပြေးထွက်သွားတယ်။

ဝဲကျော်ရဲ့ ထူးခြားတဲ့ အပြုအမူကြောင့် ကျွန်တော်လည်း ကပျာကယာလမ်းပေါ် ပြေးထွက်ကြည့်တော့ ရင်ထဲထိတ်ခနဲ ဖြစ်သွားတယ်။ ဒါနဲ့ ဖိနပ်တောင် မစီးဖြစ်ဘူး။ ဝဲကျော်နောက် ပြေးလိုက်ရတဲ့အဖြစ်ကိုရောက်ရော။

ကြည့်စမ်း၊ ဝဲကျော်သာ ဒီလိုထူးခြားတဲ့အပြုအမူမလုပ်ခဲ့ရင် ကျွန်တော်လည်း ဒီအဖြစ်ကို သိမှာတောင် မဟုတ်ဘူး။ တော်သေးတာပေါ့။ လမ်းသွားလမ်းလာတွေက သမီးကို ချီပြေးတာမြန်လို့၊ မဟုတ်ရင် ခွေးနှစ်ကောင်ကိုက်တဲ့ကြားသမီးပါ အုတ်ရောရောကျောက်ရောရော အကိုက်အဖြံခံရဦးမှာ။

သမီးကို ကယ်လိုက်တဲ့အထဲမှာ ဝဲကျော်လည်း ပါတယ်လေ။ ဖြစ်ပုံက သမီးကျောင်းဆင်းပြန်လာတော့ လမ်းမှာ ဘယ်အချိန်ကတည်းက ရန်စောင်နေမှန်းမသိတဲ့ ခွေးနှစ်ကောင်က သမီးအနားရောက်မှ ထကိုက်ဟယ်ဖြုဟယ် ဖြစ်ကြရော။ ခွေးနှစ်ကောင် ကိုက်တယ်ဆိုတာကလည်း ငြိမ်ပြီးကိုက်လို့ရတာမဟုတ်တာ။ တစ်ကောင်နဲ့တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

တွန်းတွန်းထိုးထိုး ပြေးပြေးလွှားလွှား လိုက်ကြတာဆိုတော့ လမ်းဘေးကကပ် ထွက်လာတဲ့သမီးကို ဝင်တိုက်မိပြီး သမီးက လဲကျသွားတယ်။

ဒါကို အိမ်ရှေ့က ကြည့်နေတဲ့ ဝဲကျော်ကတွေ့တော့ သမီးကို ဟိုခွေးနှစ်ကောင်က တိုက်တယ်ထင်ပြီး အတင်း ပြေးသွားပြီး ဝင်လုံးကိုက်တော့တာပဲ။

ဒီအချိန်မှာ သမီးကို လမ်းသွား လမ်းလာတွေက ချီပိုးထားပြီပြီ။ ပင်ကို အားဖြင့်တော့ ဝဲကျော်က ဒီလောက် ကိုက်ရည်ခိုက်ရည်ကောင်းတဲ့ ခွေးတစ် ကောင်မဟုတ်သလို သတ္တိကလည်း ကောင်းရှာတာ မဟုတ်ဘူး။ ငယ်ငယ် ကတည်းက သူခမျာ သူများကိုက်တာ တွေပဲ လိုမ့်ပိတ်ခံလာရလို့လားတော့ မသိဘူး။ မျက်နှာစိမ်းခွေးတွေ တွေ့တာ နဲ့ အမြီးကိုကုပ်ပြီး သူ့သစ်ပုံဘေးသွား ဝပ်နေတတ်တဲ့ကောင်ပါ။ ပြီးတော့ ဒီကောင်ငယ်လည်းငယ်သေးတယ်။

ဝဲကျော်အသက်ရှိလှမှ နှစ်ခါလည် လောက်ပဲ။ အလုံးအထည်အရပ်မောင်း လည်း ထွားလှတာမဟုတ်ဘူး။ နံရိုးတွေ ပျောက်တာတောင်ဘာကြာသေးလို့လဲ။ ဒီလိုကောင်က သူ့ထက်အစစအရာရာ ကြီးတဲ့ ခွေးနှစ်ကောင်ကို ဘယ်လိုသတ္တိ နဲ့ အတင်းပြေးဝင်ကိုက်တယ်လို့ထင် လဲ။

သမီးကြောင့်လေ။ သူ့သခင်ဆိုတဲ့ သမီးကြောင့်ပါ။ သူ့အထင်နဲ့အမြင်မှာ တော့ ဟိုခွေးနှစ်ကောင်က သူ့သခင်ကို တိုက်လို့ သူ့သခင်လဲသွားတယ်။ သူ့စိတ် ထဲမှာ ဒီလိုထင်တာကိုး။ ဝဲကျော်ခေါင်း ထဲမှာ သူ့ဆန်စားရဲရမယ်လို့ တွေးမိလေ သလားတော့ မပြောတတ်ဘူး။ သူ ကြောက်တတ်ပေမယ့် ထမင်းရှင်ရဲ့ကျေး ဇူးကို အသက်နဲ့ရင်းပြီး သစ္စာရှိပြတယ်။

ဟုတ်တယ်၊ တကယ်။ ဝဲကျော် ကြောက်ကြောက်နဲ့ ဝင်ကိုက်တာ။ သူ့ အမြီးက ပေါင်နှစ်လုံးကြားထဲရောက်နေ တာ သက်သေပဲ။ ကျွန်တော်နဲ့လမ်းက လူတွေ ဝိုင်းမောင်းလို့ ဟိုခွေးနှစ်ကောင် ထွက်ပြေးသွားတာ ဝဲကျော်အတွက် အတော်သက်သာရာရသွားတယ်။

သူ့ခန္ဓာကိုယ်ရဲ့ နေရာတော်တော် များများ သွေးစို့နေပေမယ့် အမြီးလေး နှံ့ပြီး တအီအီအော်ရင်း သမီးကိုခေါင်း နဲ့ အတင်းတိုးဝှေ့နေရှာတယ်။ ဝဲကျော် သာ လူစကားပြောတတ်မယ်ဆိုရင် -

'ဘယ်များနာသွားသေးလဲ သခင် ငယ်။ ကျွန်တော် အရောက်နောက်ကျ တာကို ခွင့်လွှတ်ပါ။ သခင့်အတွက် အသက်အသေခံဖို့ ဝန်မလေးပါဘူး'

ဘာညာလျှောက်ပြောမယ်ထင် တယ်။ အိမ်ပြန်ရောက်လို့ ဇနီးသည်သိ တော့ ရင်ဘတ်ဖိပြီးအံ့ဩမဆုံးဘူး။ ပြီး တော့ သားအမိနှစ်ယောက် ဝဲကျော်ရဲ့ အနာတွေဆေးထည့်ပေးရတာအမော။

ပြောရရင် ဝဲကျော်က ကျွန်တော် တို့ပတ်ဝန်းကျင်မှာ တွေ့နေကျခွေးတွေ ထက်တော့ အိုင်ကျူနည်းနည်းပိုမြင့် တယ်ထင်တယ်။ ဘာလို့လဲဆိုရင် ဒီ ကောင်က လူ့အရိပ်သုံးပါးနားလည် တယ်။ ဟုတ်တယ်၊ တကယ်ပြောတာ။ အိမ်ရှေ့အခွေဆိုင်မှာ ကျွန်တော်တို့ မိသားစုတစ်ယောက်ယောက်ရှိနေရင် သူစိတ်ချလက်ချအိပ်နေတယ်။

အဲ - ဆိုင်မှာ တစ်ယောက်မှထိုင် နေတာမတွေ့ရင်တော့ သူအိပ်လို့မရ တော့ဘူး။ ဆိုင်ပေါက်ဝမှာ သွားဝပ်နေ ရင်း အခွေဆိုင်လာမယ့်သူတွေကို မျက်စိ ဒေါက်ထောက်ပြီးတော့ကိုကြည့်နေတာ။ တစ်ချက်တစ်ချက် နောက်ဖေးလမ်းကြား ကိုလည်း မျက်စိကစားလိုက်သေးတယ်။

ရာသီစက်ဝန်းတို့ကတော့ လောက မမှုတာအတိုင်း တရွေ့ရွေ့နဲ့ကုန်ဆုံးလွန် မြောက်ခဲ့တယ်။ သုံးနှစ်ဆိုတဲ့အချိန်အ တိုင်းအတာဟာ ဘာမှမကြာလိုက်သလို ဘဲ။ ဝဲကျော်လည်း ခွေးပျိုဖားဖားကြီး ဖြစ်နေပြီး ထောင်ထောင်မောင်းမောင်း ကြီး မဟုတ်ပေမယ့် တောင့်တင်းကြံ့ခိုင် တဲ့ခန္ဓာကိုယ်တော့ရှိတယ်။ သမီးက အလယ်တန်းကျောင်းသူဖြစ်နေလို့ စာ တွေနဲ့ နပန်းလုံးနေရပေမယ့် ဝဲကျော်နဲ့ တော့ မကြာမကြာဆော့ဖြစ်ခဲ့တယ်။ ဆော့တိုင်းလည်း ဝဲကျော်ရဲ့အော်သံ ကြားနေရတုန်းပဲ။ သမီးကလည်း ဝဲကျော်ရဲ့နားရွက်ကို ဆွဲလိမ်တဲ့အကျင့် က ပျောက်မှမပျောက်တာကိုး။

ဒီကြားထဲ ဝဲကျော်မှာသံယောဇဉ် တွယ်တာစရာ နောက်တစ်ယောက်တိုး လာခဲ့တယ်။ တခြားလူတော့မဟုတ်ဘူး။ ကျွန်တော့်သားအငယ်ကောင်။ ဝဲကျော် ရောက်ပြီး သုံးနှစ်နီးပါးအချိန်မှာ ကျွန် တော့်ဇနီးက ကျွန်တော့်အတွက် သား ယောက်ျားလေးတစ်ယောက် မွေးပေး တာကိုး။ ဇနီးသည်မီးဖွားပြီး ဆေးရုံက ဆင်းတဲ့နေ့က ကျွန်တော်တို့ TAXI နဲ့ အိမ်ပြန်လာတော့ ဝဲကျော် အမြီးလေး နှန့်ပြီး ထွက်ကြိုရှာတယ်။ ကျွန်တော် ပွေ့ချီထားတဲ့သားငယ်ရဲ့အနံ့ကို ခေါင်း လေးမော့ပြီး တရှုတ်ရှုတ်နဲ့ အနံ့ခံနေ တယ်။

'ငါ့အတွက်တော့ သခင်တစ် ယောက်တိုးပြီ' လို့ ထင်မှတ်လိုက်ပုံရ တယ်။ အဲဒီနေ့ကစပြီး အခန်းထဲက သား ငယ်ရဲ့ 'အဲ့'ခနဲ အသံကြားတာနဲ့ ခေါင်း ထောင်ကြည့်ရတာလည်း သူ့မှာအလုပ် တစ်ခု။ အိမ်ရှေ့ခန်းမှာ အိပ်ရင်တောင် အရင်လို အခွေလာငှားတဲ့လူတွေကို သိပ်စိတ်မဝင်စားတော့ဘူး။ သားငယ်ရှိ တဲ့အခန်းဘက်ကိုပဲ မျက်နှာမူပြီး အိပ် တော့တယ်။

သားငယ်လေးသုံးလေးလအရွယ် ရောက်တော့ မြို့နယ်ကျန်းမာရေးဌာန က ရပ်ကွက်ထဲက ကလေးငယ်တွေကို ကာကွယ်ဆေးတွေလိုက်ထိုးပေးတယ်။ ကျန်းမာရေးဌာနကဆရာမတွေ အိမ်ထဲ ဝင်လာတော့ ဝဲကျော် ဟောင်တော့ မဟောင်ဘူး။ ဒါပေမယ့် သိပ်ကြည်ပုံ လည်းမပေါ်ဘူး။ မျက်နှာက ရှုတည် တည်နဲ့။ ပါးစပ်က ခပ်တိုးတိုး 'ဝူဝူဝူ'နဲ့ တော့ လုပ်တာကိုး။

ဒါနဲ့ ဆရာမတစ်ယောက်က သားငယ်ကို ကာကွယ်ဆေးတစ်လုံး လက်မောင်းကို ထိုးလိုက်တယ်ဆိုရင် သားငယ်က အသံပြဲကြီးနဲ့ ထငိုပါလေ ရော။ ကျောက်ဆေးထိုးတာပဲ၊ မငိုတဲ့ ကလေး ဘယ်ရှိမှာတုံး။ ဒါကို ကျွန်တော် တို့အားလုံးက သိတယ်လေ။ တစ်ခါမှ ဆေးမထိုးဘူးတဲ့ ဝဲကျော်ကတော့ ဘယ် လာသိမှာတုံး။ မသိတော့ သားငယ် ငိုတာ ဟိုအနီနဲ့အဖြူဝတ်ထားတဲ့မိန်းမ တွေလုပ်တာလို့ပဲ သူထင်တယ်လေ။ ထင်တော့ ကျန်းမာရေးဌာနက ဆရာမ တွေကို ကိုက်မယ်ဆွဲမယ်တကဲကဲဖြစ်လို့ မနည်းဟန့်တားရတယ်။

ဆရာမတွေက ဝဲကျော်ရဲ့နား လည်တတ်ပုံကိုကြည့်ပြီး အံ့ဩလို့မဆုံး ကြဘူး။ ပြန်ခါနီးကျတော့လည်း တစ် ယောက်မှ အပြင်မထွက်ဝံ့လို့ ဝဲကျော်ကို မနည်းချုပ်ထားပေးရသေးတယ်။ ဆရာ မတွေ သူ့မျက်စိရှေ့ကပျောက်သွားတဲ့ အထိကို ဒီကောင် ယောက်ယက်ခတ်နေ တုန်း။

ကံကြမ္မာဆိုတာကလည်း ပြောရ တော့ ခက်သားကလား။ ဘယ်သူ့ဘယ် သူ့ကိုမှတော့ အပြစ်မပြောချင်ပါဘူး။ ကြမ္မာဆောင်ရင် လူတောင်ဆိတ်ဖြစ်ရ သေးတာပဲ မဟုတ်လား။ ကျွေးတဲ့လူက ကျွေးလို့ စားခဲ့တဲ့ ဝဲကျော်ကလည်း စား ခဲ့ပြီးပြီ။ တိရစ္ဆာန်ဖြစ်တဲ့ ဝဲကျော်ကတော့ ဒီအသားတုံးမှာ အဆိပ်ရှိတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# စိန့်ဂျွန်းကျောင်းက မောင်ရွှေရိုး



'ဦးရွှေရိုး' ဟု ဆိုလျှင် ကျွန်တော်တို့ စာဖတ်ပရိသတ်များ၊ ယနေ့မျိုးဆက်သစ်လူငယ်များအဖို့ မိတ်ဆက်ပေးရန်မလိုဟု ထင်မိသည်။ နှုတ်ခမ်းမွေးကားကား၊ အောက်ခံစွပ်ကျယ်တို့၊ ရှပ်အင်္ကျီတို့မပါ၊ အပေါ်အင်္ကျီခပ်ပွပွ၊ ခေါင်းပေါင်းပေါင်းထားပြီး ခေါင်းပေါင်းအရောင် ဓါတ်များမှာ တစ်ရောင်တည်းမဟုတ်။ အပွင့်အခက်မျိုးစုံဖြစ်သည်။ လက်တွင် ဘုန်းတော်ကြီးများ ဆောင်းလေ့ရှိသော ထီးအဖွယ်စားနှင့်တူသော ပုသိမ်ထီး၊ သွားလာလှုပ်ရှားလျှင် လွယ်ကူအောင် တောင်ရှည်ပုဆိုးကို ခပ်တိုတိုဝတ်ဆင်၍ ခြေထောက်တွင် လျှာချင်းတော့ဘယ်သိမှာတုံး။တာဝန်အရ ကျွေးတဲ့လူတွေကိုလည်း အပြစ်မတင်တော့ပါဘူး။

ဒီလ၊ ဒီအချိန်ဆိုတာ ဝဲကျော်တို့ကို ရာဂနတ်မင်းကြီးဖမ်းစားနေတဲ့အချိန်လေ။ အချစ်နာလန်ထတဲ့အချိန်လေ။ တစ်နေကုန် လမ်းပေါ်မှာ လတ်လျားလတ်လျားဟန်ရေးပြနေတဲ့ဝဲကျော် အဲဒီနေ့က တိုးတိတိုးကန်နဲ့ အိမ်ပေါ်တက်လာတယ်။ အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်နေတဲ့ ကျွန်တော့်ရှေ့ရောက်တော့ ဗိုင်းခနဲလဲကျသွားပြီးခြေတွေ၊ လက်တွေက တဆတ်ဆတ်တုန်ခါနေတယ်။ကျွန်တော့်ကိုမော့ကြည့်နေတဲ့ သူ့မျက်ဝန်းမှာ မျက်ရည်တွေရစ်သိုင်းနေတယ်လို့ ကျွန်တော်ထင်လိုက်တယ်။ ကျွန်တော့်ကိုကြည့်နေတဲ့ သူ့အကြည့်တွေဟာ အကူအညီတောင်းခံနေတဲ့အကြည့်တွေလား၊ နောက်ဆုံးခွဲခွာသွားရမှာမို့ ဝမ်းနည်းကြေကွဲနေတဲ့အကြည့်တွေလားတော့ ကျွန်တော်မဝေခွဲနိုင်ခဲ့ဘူး။ ပထမတော့ ကျွန်တော်လည်း ဝဲကျော် ဘာဖြစ်လာမှန်းမသိတော့ ကြောင်တောင်တောင်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်သွားတယ်။ ဒါနဲ့ နောက်ဖေးမှာ ထမင်း၊ ဟင်းချက်နေတဲ့ ဇနီးသည်ကိုလှမ်းခေါ်ပြီး ဝဲကျော်ရဲ့အဖြစ်ကိုပြတော့မှ သူလည်း ရင်ဘတ်ဖိပြီး -

"ဟင် - ဒါအဆိပ်မိလာတာလေ အစ်ကိုရဲ့။ မနှစ်က အိမ်ဘေးကခွေးတွေသေကုန်တာလည်း ဒီပုံစံပဲ။ ဝဲကျော်ကို ကယ်ပါဦး အစ်ကိုရယ်"

ဆိုတော့ ကျွန်တော်လည်း တိ/ကု မဟုတ်သလို ဒီလိုအတွေ့အကြုံလည်းရှိတာမှမဟုတ်တာ။ ဘေးလူတွေက ကန်စွန်းရွက်ရည်ညှစ်တိုက်ရတယ်ဆိုလည်း တိုက်လိုက်တာပဲ။ ပဲဆီပါးစပ်ထဲလောင်းထည့်ဆိုလည်း လောင်းထည့်ပေးတာပဲ။တချို့က ကြက်ဥတိုက်ရတယ်ပြောလည်းတိုက်လိုက်တာပဲ။ ဒါပေမယ့် ဝဲကျော်ရဲ့ အခြေအနေကတော့ ဘာမှထူးပြီးကောင်းမလာဘူး။

နောက်ဆုံးတစ်ယောက်က ဝဲကျော်ကို လာခေါ်တဲ့ မရဏမင်းနဲ့ စစ်သာခင်းတော့ဗျာဆိုလို့ ကျွန်တော်လည်း ရလိုရငြား ဝဲကျော်ကိုလာခေါ်တဲ့ မရဏမင်းနဲ့ စီးချင်းထိုးလိုက်တာ ဘာပြောကောင်းမလဲ ခွက်ခွက်လန်အောင် ရှုံး တာပေါ့။ ဝဲကျော်ကိုလာခေါ်တဲ့ မရဏ မင်းက သူနိုင်တဲ့အထိမ်းအမှတ်အနေနဲ့ ဝဲကျော်ရဲ့ဦးခေါင်းထက်မှာ သေမင်း အလံစိုက်ချလိုက်တာ ဝဲကျော်ရဲ့သတ် ခန္ဓာကိုယ်ကြီးသာ လျှာတစ်လစ်ထွက်ပြီး ကျန်ခဲ့ရှာတယ်။

ကျွန်တော်တို့နဲ့ နေခဲ့သမျှ သူ တတ်သိနားလည်တဲ့နည်းနဲ့ ကူညီခဲ့ရှာ တဲ့ ဝဲကျော်ရဲ့ အသက်ကိုတော့ ကျွန် တော်တို့မိသားစု ဘယ်လိုမှ ကူညီပြီး မကယ်တင်နိုင်ခဲ့ကြဘူး။ သူ့အတွက် ရည်စူးပြီး အလှူအတန်းလေးနည်းနည်း ပါးပါးလုပ်ပေးခဲ့တာကလွဲလို့ပေါ့လေ။

အခုဆို ဝဲကျော်သေသွားတာ (၆) နှစ်နီးပါးလောက်ရှိပေမယ့် အကြောင်း တိုက်ဆိုင်လို့ သူ့အကြောင်းပြောမိသေ တိုင်း ရင်ထဲမှာ တသသနဲ့ စိတ်မကောင်း ဖြစ်ကြရတုန်းပါ။ ဝဲကျော်တစ်ကောင် ဖြစ်လေရာဘဝမှာ အခုလို အကာလ မရဏသေခြင်းမျိုးနဲ့ ကင်းလွတ်ပါစေ အကြိမ်ကြိမ်ဆုတောင်းပေးရင်းဖြင့်...။

မြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြံနပ်ကို စီးထားသည့်ပုံစံ ဖြစ်သည်။

အမှန်အားဖြင့် ဤပုံစံသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ချပ်ရှင်သရုပ်ဆောင်၊ ကာတွန်းဆရာ၊ ရွှေတလေးအမည်ခံ ဦးဘကလေး ပါဝင်ခဲ့သော ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ရွှေတလေးဝတ်ဆင်ခဲ့သောဝတ်စုံ ဖြစ်သည်။ နှောင်းအခါတွင်မူ ဦးရွှေရိုး၏ ပုံစံမှာ အပြောင်ကကာ၊ အလှောင်ကကာသော ပုံစံအဖြစ်သို့ ပြောင်းလာခဲ့သည်။

မှတ်မှတ်ရရ ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝ စစ်ကြိုခေတ်က ကျွန်တော့်ဇာတိမြို့ဖြစ်သော စကုမြို့ အောတန်ရပ်မှ ကာလသားခေါင်း ကိုသွင်မှာ ဦးရွှေရိုးအက အလွန်တော်သူဟု ထိုးဟိုးကျော်ခဲ့သည်။ အလှူနှင့် ဘုရားပွဲတော်များတွင် ရွှေရိုးမောင်သွင်မပါလျှင် မပြည့်စုံဟု ဆိုကြသည်။ ကိုသွင်ခမျာ ကွယ်လွန်ခဲ့သည်အထိ ရွှေရိုးမောင်သွင်ဘွဲ့ခံယူသွားသည်။

အမှန်အားဖြင့် ဦးရွှေရိုးဝတ်ဆင်ထားသောဝတ်စုံမှာ ကျွန်တော်တို့မြန်မာများ၏ နေရိုးနေစဉ်၊ ဝတ်ရိုးဝတ်စဉ် သဘာဝပုံစံသာ ဖြစ်ပါသည်။ နှောင်းခေတ်ရောက်လာမှပင် ထိုအမည်နှင့် ဦးရွှေရိုးပုံစံမှာ ရယ်မောဖွယ်ရာဖြစ်လာခဲ့ရသည်။ မောင်ရွှေရိုး၊ ကိုရွှေရိုး၊ ဦးရွှေရိုးဟူသောအမည်မှာလည်း ယခုခေတ်မှ ပေါ်လာသည့် ရွှေကြာပင် မဟုတ်ပါ။ ကျွန်တော်တို့ မြန်မာများ၏ မှည့်ရိုးမှည့်စဉ်အမည်ပင် ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်များအဖို့ ယနေ့ခေတ်စားလျက်ရှိသော ဦးရွှေရိုးနှင့် ဒေါ်မိုးအကကို ဖန်တစ်ရာတေအောင် ကြည့်ရှုခဲ့ကြရပြီဖြစ်၍ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဦးရွှေရိုးနှင့် မိတ်ဆက်ပေးမလိုဟု ဆိုခဲ့ရခြင်း ဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် စိန့်ဂျွန်းကောလိပ်ကျောင်း နောင်အခါ စိန့်ဂျွန်းအမျိုးသားအထက်တန်းကျောင်း (ယခု လမ်းမတော် အမှတ် (၁) အထက်တန်းကျောင်း) မှ မောင်ရွှေရိုးမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မောင်ရွှေရိုး မဟုတ်ပါ။ ထိုကျောင်းမှ မြန်မာအလိုတော်ရိဟူ၍လည်းကောင်း၊ မြန်မာအမျိုးသားများအပေါ်တွင် သံယောဇဉ်ရှိသူ၊ မြန်မာအမျိုးသားများနှင့်လက်ပွန်းတတီးနေထိုင်သူ၊ မြန်မာလူမျိုးတို့၏ ဓလေ့ ကိုးကွယ်သည့် ဘာသာ၊ ယဉ်ကျေးမှု စသည်တို့ကို လက်တစ်ဆုံးနှိုက် လေ့လာ၍ စာတစ်စောင်ပေတစ်ဖွဲ့ပြုစုခဲ့သူ၊ မြန်မာကျောင်းသားလူငယ်များတို့အား ဘောလုံးကစားနည်းကို သင်ကြားပေးခဲ့သူ၊ မြန်မာနိုင်ငံတွင် အသင်းဖွဲ့၍ ဘောလုံးကစားခြင်းထွန်းကားလာအောင် ဆောင်ရွက်ခဲ့သူ၊ ဉာဏ်ပညာထက်သူ၊ စွန့်စားသွားလာရန် ဝါသနာပါသူ၊ မြန်မာနိုင်ငံအား ခေတ်မီတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လိုသူ ဂျိမ်း(စ်)ဂျော့(စ်) ကော့(James George Scott) ဖြစ်၏။

သူ၏ဂုဏ်များမှာ တန်းစီ၍နံပါတ်စဉ်လျှင်ပင် ပြည့်စုံမည်ဟု မထင်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ဩဇာတိက္ကမကြီးမားခဲ့သော Standand သတင်းစာကြီး၏စစ်သတင်းထောက်အဖြစ် လည်းကောင်း၊ ခရစ်နှစ် ၁၈၆၁ခုနှစ်က ရန်ကုန်မြို့တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက် (Rangoon Gazette) သတင်းစာကြီးတွင် ဗြိတိသျှကိုလိုနီအောက်မြန်မာနိုင်ငံနှင့် သီပေါမင်း စိုးမိုးအုပ်ချုပ်သော အထက်မြန်မာနိုင်ငံတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆောင်းပါးများကို ပင်တိုင်ရေးသားနေသော စာရေးဆရာတစ်ဦး ဖြစ်သောကြောင့် ဖြစ်သည်။

ထိုစဉ်ကာလက ယင်းသတင်းစာမှာ အောက်မြန်မာနိုင်ငံတွင် ထူးထူးခြားခြား ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးတစ်စောင်ဖြစ်သည်သာမကဘဲ စောင်ရေအများဆုံး ထုတ်ဝေရသော သတင်းစာ ဖြစ်သည်။ ထိုသတင်းစာသည် ပထမတွင် တစ်ပတ်နှစ်ကြိမ် အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ထုတ်ဝေရာမှ ခရစ်နှစ် ၁၈၈၄ခုနှစ်ကစ၍ နေ့စဉ်ထုတ်သတင်းစာကြီး ဖြစ်လာသည်။ ကလောင်သွားသည် မားသွားထက်ထက်သည်ဟူသောဝါဒကို အယ်ဒီတာအဖွဲ့က ထာဝစဉ်ကိုင်စွဲထားပြီး ဗြိတိသျှအုပ်ချုပ်သူများကို အလျဉ်းသင့်သလို ဝေဖန် ရေးသား ဖော်ပြလေ့ရှိသော သတင်းစာတစ်စောင်ဖြစ်သည်ဟု မှတ်တမ်းများအရ သိရ၏။ (ယင်းသတင်းစာကြီးမှာ ၁၉၄၂ ခုနှစ်၊ မတ်လတွင် ဗြိတိသျှများ ရန်ကုန်မြို့မှ ဆုတ်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ရပ်စဲသွားခဲ့သည်။)

ယင်းသတင်းစာတွင် ဂျိမ်း(စ်)ဂျော့(စ်)ကော့သည် လူကြိုက်များသော ကလောင်ထက်သည့် ပင်တိုင်ဆောင်းပါးရှင် စာရေးဆရာတစ်ယောက် ဖြစ်လာသည်။ ဤသတင်းစာပါ ဆောင်းပါးများကို ရေးသားရန်အတွက် ကလောင်နာမည်တစ်ခုကို သီးသန့်ရွေးချယ်ပေးရန် ရန်ကုန်ဂေဇက်သတင်းစာအယ်ဒီတာအဖွဲ့က ဂျိမ်း(စ်)ဂျော့(စ်)ကော့အား တိုက်တွန်းခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စိတ်ထား၊ ဓလေ့ထုံးစံတို့ကို လေးစားသော ဂျိမ်း(စ်)ဂျော့(စ်)ကော့သည် မြန်မာအမျိုးသားများ အမြတ်တနိုးခေါ်လေ့ရှိသော ရွှေရိုး (Golden Honest) သို့မဟုတ် (Golden Truth) ဟူသော ကလောင်အမည်ကို ခေါ်ဝေါ်သုံးစွဲခဲ့ရာ ထိုရွှေရိုးဟူသောအမည်မှာ သက်ဆုံးတိုင်အောင်တွင်သွားသောအမည် ဖြစ်တော့သည်။

မိတ်ဆွေများ၊ သူတပည့် ကျောင်းသားများ၏ မှတ်တမ်းအရ ကိုရွှေရိုးခေါ် ဂျိမ်း(စ်)ဂျော့(စ်)ကော့မှာ မနိမ့်လွန်းမမြင့်လွန်းသောအရပ်အမောင်း၊ရင်အုပ်ကျယ်ကျယ်နှင့် ထူးထူးခြားခြား ကျန်းမာသန်စွမ်းသူတစ်ယောက် ဖြစ်သည်။ သူသည် အစားအသောက်ကို ချိုးခြံ၍စားလေ့ရှိခြင်းနှင့်ကျန်းမာရေးလေ့ကျင့်ခန်းများကို နေ့စဉ်ပြုလုပ်သူဖြစ်သည်။ သူသည် မြင်းစီးခြင်း၊ လက်ဝှေ့ထိုးခြင်း၊ နပန်းလုံးကစားခြင်း၊ အန်ပစ်ခြင်း၊ ခရစ်ကတ်ရိုက်ခြင်း၊ လှေလှော်ခြင်း၊ ရေကူးခြင်းစသည်ဖြင့် အမျိုးစုံအောင် ကစားသည်သာမက ဘောလုံးကစားခြင်းကိုမူ အထူးဝါသနာပါသည်။

သူ၏ တောင့်တင်းခိုင်မာသော မေရိုးများနှင့် ကျယ်ဝန်းသောနဖူးတို့မှာ ထက်မြက်သောပညာတတ်တစ်ယောက်ဖြစ်ကြောင်းနှင့် အသက်အပုတ်နှင့်စွန့်စားမှုကို ဝါသနာပါသူဖြစ်သည်ကို ဖော်လျက်ရှိသည်ဟု နောင်အခါ သူ့အကြောင်း ရေးသား ဖော်ပြသော မှတ်တမ်းများတွင် ဖတ်ရှုခဲ့ကြရ၏။ ရွှေရိုးမိခင် မုဆိုးမမစ္စက်စကော့သည် စကော့တလန်လူမျိုးပီသသည်။ ဂျိမ်း(စ်)ဂျော့(စ်)ကော့နှင့် အစ်ကိုဖြစ်သူတို့အား ထူးခြား၍ အောင်မြင်ပေါက်ရောက်သော ပညာတတ်လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့ရာ ညီအစ်ကိုနှစ်ယောက်တို့သည် ကိမ်းဘရိ(ချ်)တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ကြသည်။

ဂျော့(စ်)ကော့အဖို့ ငယ်စဉ်ကပင် အရှေ့အာရှတိုက်ဘက်သို့ ခရီးထွက်လိုသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ခြေထောက်ဗွေပါသူဟုဆိုရမည် ဖြစ်၏။ ဂျော့စကော့သည် Standand သတင်းစာကြီး၏ နိုင်ငံခြားသတင်းထောက်တစ်ယောက်ဖြစ်လိုသည်။ သတင်းစာလုပ်ငန်းကိုလည်း စိတ်ဝင်စားသည်။ ထိုအချိန်၌ ဗြိတိသျှတို့သည် မလေးရှားကျွန်းဆွယ်နှင့် မြန်မာနိုင်ငံတို့တွင် ခြေကုပ်ယူထားပြီး ဖြစ်သည်။ ပထမတွင် ဂျော့စကော့သည် စစ်မှုထမ်းအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီးမှ တပ်မှထွက်၍ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပထမတွင် မလေးရှား၌ ခေတ္တ သောင်တင်နေထိုင်ခဲ့ပြီး ဗြိတိသျှတို့ သိမ်းပိုက်ထားသော အောက်မြန်မာနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။

ထိုစဉ်ကာလက ရန်ကုန်မြို့တွင် ဂုဏ်သတင်းကျော်ကြားသော စိန့်ဂွမ်း ကောလိပ်ကျောင်းတော်ကြီးကို နာမည်ကျော်ဆရာကြီး ဒေါက်တာမတ်(စ်) (Dr.Mark DD) က အခြေတကျတည်ထောင်ဖွင့်လှစ်ထားပြီး ဖြစ်လေသည်။ အထက်မြန်မာနိုင်ငံမှာ မြန်မာတို့လက်ထဲတွင်ပင်ရှိနေသေးသည်။ အထက်ဖော်ပြပါ ဒေါက်တာမတ်(စ်) သို့မဟုတ် မြန်မာတို့က ဆရာမှတ်ကြီးဟု ခေါ်ဝေါ်သူ ဒေါက်တာမတ်(စ်)မှာ အင်္ဂလန်နိုင်ငံဖွား ရဟန်းဒီအနွယ်ဝင် ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး ဖြစ်သည်။ ဆရာမှတ်ကြီးသည် မင်းတုန်းမင်း၏ တာဝန်ပေးချက်အရ မန္တလေးမြို့၌ S.P.G Royal School (အများအခေါ် သံတဲကျောင်း)ကို တည်ထောင်ခဲ့သည်။ ထိုစဉ်ကာလက ဆရာမှတ်ကြီးသည် သီပေါမင်းသား၊ မိုင်းတုံမင်းသားတို့အား အင်္ဂလိပ်စာသင်ပေးခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြခဲ့၏။ ဆရာမှတ်ကြီးသည် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ်တို့





www.burmeseclassic.com

ကျောင်း စိန့်ဂျွန်းအမျိုးသားအထက်တန်းကျောင်း) တည်ထောင်ခဲ့သည်။

ဂျိမ်း(စ်)ဂျော့(စ်)ကော့ မြန်မာနိုင်ငံသို့ ရောက်လာသည့်အချိန်တွင် အသက်(၂၈)နှစ်သာရှိ၍ တက်ကြွနေသော လူငယ်တစ်ယောက်သာ ဖြစ်သည်။ ဆရာမှတ်ကြီး၏ ဂျော့စကော့သည် စိန့်ဂျွန်းကောလိပ်တွင် မြန်မာကျောင်းသားများကို အင်္ဂလိပ်စာ သင်ကြားပေးခဲ့သည်သာမက ဘောလုံးကစားနည်းကို စနစ်တကျသင်ကြားပေးခဲ့၏။ ကျောင်းသားများကို အသင်းဖွဲ့၍ ဘောလုံးကစားခြင်း ထွန်းကားလာအောင် အပင်ပန်းခံ၍ သင်ကြားပေးခဲ့သည်။

ထိုစဉ်ကာလက အောက်မြန်မာနိုင်ငံရှိ ဗြိတိသျှအာဏာပိုင်အဖွဲ့က ဂျိမ်း(စ်)ဂျော့(စ်)ကော့အား ဤကဲ့သို့ မြန်မာအမျိုးသား ကျောင်းသားလူငယ်များအား ဘောလုံးကစားနည်းသင်ကြားပေးခြင်းသည် မသင့်တော်။ အဘယ်ကြောင့်ဆိုသော် မြန်မာလူမျိုးများသည် စိတ်တို၍ ဒေါသဖြစ်လွယ်ကြသည်။ ဘောလုံးကစားခြင်းသည် အသင်းလိုက်ကစားခြင်းဖြစ်ရကား ခိုက်ရန်ဖြစ်ပွားနိုင်သည်ဟုဆိုကာ မျက်နှာဖြူအာဏာပိုင်များက ဂျိမ်း(စ်)ဂျော့(စ်)ကော့အား တားမြစ်ခဲ့သည်။ သို့သော် ဂျော့(စ်)ကော့သည် မျက်နှာဖြူအင်္ဂလိပ်တို့အား ဆန့်ကျင်၍ မြန်မာလူငယ်များအား ဘောလုံးကစားခြင်းကို မနေမနား သင်ကြားပေးခဲ့ရာ မြန်မာလူငယ်ကျောင်းသားများထဲမှ ဘောလုံးထူးချွန်သူများ ထွက်ပေါ်လာပြီး ဤဘောလုံးကစားနည်းကို မြန်မာနိုင်ငံတွင် ထွန်းကားလာအောင် ပထမဦးဆောင်ရွက်ခဲ့သူဟူ၍ မြန်မာနိုင်ငံမှ ဘောလုံးကစားသုတေသီများက တညီတညွတ်သဘောထားခဲ့ကြသည်။

ဂျော့(စ်)ကော့အား သူ၏ Standard သတင်းစာ အယ်ဒီတာအဖွဲ့မှ အထက်မြန်မာနိုင်ငံ မန္တလေးသို့ သွားရောက်၍ သီပေါမင်းလက်ထက် ထီးဖွင့်သည့်ကိစ္စများ မငြိမ်မသက်ဖြစ်နေသည်။ ပြည်တွင်းရေးကိစ္စများ၊ အထက်မြန်မာနိုင်ငံ၏ လမ်းပန်းအဆက်အသွယ်နှင့် စီးပွားရေး အစရှိသည်တို့ကို စုံစမ်းလေ့လာ၍ သတင်းရေးသားရန် တာဝန်ပေးခဲ့သည်။

စကော့သည် မန္တလေးရွှေမြို့တော်တွင် နေထိုင်စဉ် မြန်မာလူမျိုးတစ်ဦးကဲ့သို့ ဝတ်ဆင်ကာသွားလာလှုပ်ရှား၍ သတင်းယူခဲ့သည်။ ထိုစဉ်က Standand သတင်းစာသို့ ပေးပို့သည့် သတင်းများတွင် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့၏နန်းတွင်းရေးများ၊ မန္တလေး၏ လူမှုရေးအခြေအနေများကို အသေးစိတ်ရေးသား ဖော်ပြခဲ့သည်။ ဗန်းမော်မြို့အထိ သွားရောက်၍ တရုတ်-မြန်မာကုန်သွယ်ရေးအခြေအနေများကို စုံစမ်းလေ့လာခဲ့သည်။ စကော့သည် သူတွေ့ကြုံရသော အခြေအနေအရပ်ရပ်ကို Standand သတင်းစာတွင် အထောက်အထားစုံစုံလင်လင်နှင့် သတင်းဆောင်းပါးများကို ရေးသားဖော်ပြခဲ့၏။ အောက်မြန်မာနိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ရန်ကုန်ဂေဇက်သတင်းစာကြီးတွင် မန္တလေးရွှေမြို့တော်နန်းတွင်းအရှုပ်တော်ပုံနှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို ရွှေရိုး ဟူသော ကလောင်အမည်ဖြင့် အခန်းဆက်ဆောင်းပါးများ ရေးသားဖော်ပြခဲ့ရာ အောက်မြန်မာနိုင်ငံတွင် နေထိုင်ကြသော ဥရောပတိုက်သားများက အထူးသဘောကျနှစ်ခြိုက်ကြသည်ဟု သတင်းစာမှတ်တမ်းများက ဖော်ပြခဲ့သည်။

စိန့်ဂျွန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းနေစဉ် မြန်မာကျောင်းသားများနှင့် စိန့်ဂျွန်းကောလိပ်ကျောင်းတည်ရှိရာ အလုံရပ်ကွက်မှ ဒေသခံမြန်မာတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခဲ့သဖြင့် မြန်မာစကားကို အဆောလျင်စွာပြောတတ်လာခဲ့သည်။ သူတပည့်များ၏အကူအညီနှင့် အလုံ၊ ကြည့်မြင်တိုင် အစရှိသော ရပ်ကွက်များသို့ဆင်း၍ မြန်မာလူမျိုးတို့၏နေထိုင်စားသောက်ပုံစသည်တို့ကို အသေးစိတ် လေ့လာနိုင်ခဲ့သည်။ သူရောက်လေရာအရပ်၌ ဒေသခံတိုင်းရင်းသားများနှင့် အကျွမ်းတဝင်နေထိုင်ဝတ်စားခဲ့သည်။ မြန်မာလူမျိုးများနှင့် မိတ်ဆွေဖြစ်ရကား မြန်မာတို့က သူ့ကို မမေ့နိုင်ကြ။ မြန်မာအသုံးအဆောင်ပစ္စည်းများကိုလည်း တစိုက်မတ်မတ် စုဆောင်းခဲ့သည်သာမက မြန်မာအဝတ်အစားကို တကယ်နှစ်နှစ်ခြိုက်ခြိုက်ဝတ်ဆင်ခဲ့သူဖြစ်၏။

မြန်မာလူမျိုးတို့၏ခါးမှဒူးအထက်ပိုင်းအထိ အများအားဖြင့် ကိုယ်ခန္ဓာအောက်ပိုင်းတွင် ဆေးမင်ကြောင်ထိုးခြင်းကို ကိုရွှေရိုးက သဘောကျသည်။ မှန်ပါသည်။ မြန်မာတို့ခေတ်ဟောင်းကမူ လူငယ်များအဖို့ ဆေးမင်ကြောင်မထိုးသေးသမျှ ယောကျ်ားမပီသသေးဟု ယူဆသည်။ ထိုဓလေ့ထုံးစံကို ကိုရွှေရိုးအမည်ခံ ဂျိမ်း(စ်)ဂျော့(စ်)ကော့က ရှက်စရာကောင်းသောဓလေ့ထုံးစံဟု မယုံကြည်။ သူ၏လက်မောင်းမှာပင် မြန်မာထိုးကွင်းမင်ကြောင်ထိုးနှံခဲ့သည်ဟု သိရ၏။


အင်္ဂလန်နိုင်ငံမှ ထိုစဉ်က ထုတ်ဝေသော ဒေးလီးနယူး(စ်)သတင်းစာတွင်လည်း မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ထုံးစံများကို ရွှေရိုး ဟူသော ကလောင်အမည်ဖြင့် အခန်းဆက်ဆောင်းပါးရေးခဲ့၏။ ခရစ်နှစ် ၁၈၈၁ ခုနှစ်တွင် ရွှေရိုးကလောင်အမည်ခံ စကော့သည် ဥပဒေပညာဆည်းပူးရန် အင်္ဂလန်နိုင်ငံသို့ ပြန်လာခဲ့သည်။ ဤသို့ပြန်လာစဉ် သူလေ့လာ မှတ်သားထားခဲ့သော ချစ်စရာမြန်မာလူမျိုးတို့အကြောင်းကို (The Burma His Life and Nations) အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသည့်စာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး ယနေ့ထိ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေဆဲဖြစ်၏။ ဤစာအုပ်ကို ထုတ်ဝေရာတွင် ဂျိမ်း(စ်)ဂျော့(စ်)ကော့သည် ရွှေရိုး ဟူသော ကလောင်အမည်ကို ခံယူ၍ရေးသားခဲ့၏။ (ဤစာအုပ်ကို ဆရာတင်ထွေးက 'ဗမာ' အမည်ဖြင့် လွန်ခဲ့သောနှစ်ပေါင်း(၄၀)ခန့်က မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။)

ခရစ်နှစ် ၁၈၈၆ တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သောအခါ ကိုရွှေရိုးသည် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ သူ၏အရည်အချင်းကိုသိသောဗြိတိသျှအာဏာပိုင်အဖွဲ့သည် သူ့အား အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းစေခဲ့သည်။ ၁၉၀၁ ခုတွင် ကိုရွှေရိုးသည် မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်ဆိုင်ရာ ဂေဇက်တီယား(၅)တွဲကို ပြုစုထုတ်ဝေခဲ့ရာ ယနေ့အထိ မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်တိုင်ဖြစ်သည်။ ၁၉၀၆ခုနှစ်တွင် မြန်မာနိုင်ငံလက်စွဲ (Burma A handbook of Practical)ကို ပြုစုထုတ်ဝေခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ကိုရွှေရိုးခေါ် မြန်မာ့ရေးရာပါရဂူ ဆာဂျိမ်း(စ်)ဂျော့စကော့သည် အသက် (၈၄) နှစ်အရွယ်တွင် အင်္ဂလန်နိုင်ငံ၌ ကွယ်လွန်ခဲ့သည်။

လှမိုး (ပညာရေး)

www.burmeseclassic.com



မောင်ကျော်တိုင်

၄

## ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး

ကုဏ္ဍလိနီစွမ်းအင်နဲ့ ချက္ကရစွမ်းအင်တွေဟာ ဘယ်လိုကွာခြားသလဲ။ ချက္ကရတွေနိုးအောင်ဘယ်လိုကျင့်ရမလဲ။ ချက္ကရတွေနိုးလာရင် ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်တယ်ဆိုတာကို ဆက်ရေးပါမယ်။

ကုဏ္ဍလိနီနဲ့ ချက္ကရဟာ ဂန္ဓာရီပညာမှာ အသုံးပြုတဲ့စွမ်းအင် ဖြစ်တယ်။ ကုဏ္ဍလိနီနဲ့ ချက္ကရဟာ ဘာသာရပ်ကြီးတစ်ရပ် ဖြစ်ပါတယ်။ ဆချက္ကရဆိုတဲ့ သတ္တတကျမ်းကြီးကို အင်္ဂလိပ်လိုဘာသာပြန်စာအုပ်ဟာ စာမျက်နှာ (၇၀၀) ကျော် ဆိုဒ်ကြီးအရွယ်ဖြစ်လို့ မြန်မာဘာသာပြန်ဆိုရင် ဆိုဒ်စာမျက်နှာ (၁၅၀၀) လောက်ရှိမယ့်ကျမ်း ဖြစ်ပါတယ်။ ဆရာကြီးဦးစံဝင်း ဘာသာပြန်တဲ့ ကုဏ္ဍလိနီစာအုပ်ဟာ ကုလားဆရာဝန်တစ်ဦးက ကုဏ္ဍလိနီရှိတယ်ဆိုတာကို ဆေးပညာရှင်ရှုထောင့်က ရှာဖွေတွေ့ရှိပုံကို ရေးထားတာ ဖြစ်ပါတယ်။ ဒီထက်မပိုပါဘူး။ ချက္ကရကျမ်းကို နဂါးစွမ်းအင်လို့ အင်္ဂလိပ်လို ဘာသာပြန်စာအုပ်ကတော့ ထွက်သမျှကျမ်းထဲမှာ အခိုင်အခံ့ဆုံးကျမ်း ဖြစ်ပါတယ်။

ကုဏ္ဍလိနီနဲ့ ချက္ကရဘာသာရပ်ဟာ နက်ရှိုင်းလွန်းလို့ အခြေခံသဘောလောက်သာ ရေးသားနိုင်ကြတာ ဖြစ်တယ်။ ဒီလို ကြီးမားနက်ရှိုင်းတဲ့ ပညာရပ်ကို ကျွန်တော်က ဆောင်းပါး လေး၊ ငါးပုဒ်လောက် ရေးပြရတာဟာ အလွန်ခက်ခဲပါတယ်။ ရိပ်စားမိရုံလောက်သာ ရေးနိုင်မှာ ဖြစ်ပါတယ်။ ပညာရွှေတောင်စာပေက ထုတ်ဝေခဲ့တဲ့ ကျွန်တော် ရေးတဲ့ ကုဏ္ဍလိနီစာအုပ်ကို ဆက်လက်ဖတ်ရှုမှသာ ဒီဘာသာရပ်ကို အတော်ပြည့်စုံအောင် လေ့လာနိုင်မှာ ဖြစ်ပါတယ်။

လူတိုင်းမှာ ရုပ်စွမ်းအင်၊ စိတ်စွမ်းအင်၊ လျှပ်စစ်စွမ်းအင်၊ ဇီဝဓာတုစွမ်းအင်တွေရှိနေသလို အသက်ဇီဝဓာတ်စွမ်းအင်လည်းရှိနေတယ်။ အသက်ဇီဝတည်တံ့အောင်၊ ဆက်လက်တည်ရှိအောင် အတွင်းက တွန်းအားပေးထောက်ပံ့နေတာကတော့ ကုဏ္ဍလိနီစွမ်းအင် ဖြစ်ပါတယ်။ ဒါကြောင့် ဆေးသိပ္ပံပညာရှင်တွေက ကုဏ္ဍလိနီကို လေ့လာတဲ့အခါ ကုဏ္ဍလိနီဟာ ဇီဝဓာတ်လို့ ဆိုပါတယ်။ ခန္ဓာကိုယ်တွင်းကိန်းအောင်းနေတဲ့ ဇီဝဓာတ်စွမ်းအင်ဖြစ်တယ်ဆိုတာကို တွေ့သွားပါပြီ။

ဒီလို ကုဏ္ဍလိနီနဲ့ ချက္ကရတွေကို စမ်းသပ် လေ့လာတွေ့ရှိသူ သိပ္ပံပညာရှင်တွေအနက် အထင်ရှားဆုံးကတော့ ဂျပန်လူမျိုး ဒေါက်တာမိုတိုယာမာပဲ ဖြစ်ပါတယ်။ ကုဏ္ဍလိနီစွမ်းအင်ဟာ ရုပ်ခန္ဓာ တည်တံ့ခိုင်မြဲဖို့၊ ရောဂါဝေဒနာ ပျောက်ကင်းဖို့ အဓိကကိုယ်ခံအားကြီး ဖြစ်တယ်။ ကုဏ္ဍလိနီ အားကောင်းနိုးကြားလာရင် ရုပ်ခန္ဓာစွမ်းအင်တွေတိုးတက်လာလို့ အတွင်းအားဆိုတဲ့ 'ကီ' စွမ်းအင်ပါထွက်ပေါ်လာတယ်။ 'ကီ'စွမ်းအင်ကို တရုတ်၊ ဂျပန်သိုင်းဆရာတွေက ရုပ်ခန္ဓာစွမ်းအင်ထက် လွန်ကဲတဲ့စွမ်းအင်အဖြစ် အသုံးပြုနေတာကို မီဒီယာတွေမှာ တွေ့မြင်နေရတယ်။ ဒီလိုရုပ်ခန္ဓာစွမ်းအင်တင်မကဘဲ စိတ်တန်ခိုး၊ အဘိညာဉ်တန်ခိုးတွေလည်း ပေါ်ထွက်စေခဲ့တယ်ဆိုတာကို အိန္ဒိယရှေးဟောင်းကျမ်းများမှာ ကနဦးဆုံး စတင်ဖော်ပြခဲ့ကြတယ်။

ဇီဝကဟာ ဗုဒ္ဓလက်ဆုံးပြုခဲ့တဲ့ သမားတော်ကြီး ဖြစ်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးသားပါ။ ဇီဝကရဲ့ သမားတော်ပညာဟာ အာယုဗ္ဗေဒဆေးပညာ ဖြစ်တယ်။ အာယုဗ္ဗေဒဆေးပညာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀၀၀)လောက်ကတည်းက အိန္ဒိယမှာ စတင်ပေါ်ပေါက်ခဲ့တာ ဖြစ်တယ်။ အာယုဗ္ဗေဒဆေးပညာဟာ ဘယ်ရောဂါကို ဘယ်ဆေးနဲ့ကုသရမယ်ဆိုတာလောက် ညွှန်းပြတဲ့ ဆေးပညာ မဟုတ်ပါဘူး။ ရောဂါရှာဖွေနည်းပညာ၊ ဇီဝကမ္မဗေဒပညာ၊ ခွဲစိတ်ကုပညာ စတဲ့ စာကျလေးနက်တဲ့ ဘာသာရပ်ကြီး ဖြစ်တယ်။ ဆေးမြီး ကုထုံးကျမ်းမျိုး မဟုတ်ပါဘူး။ ဆေးသိ ပညာရဲ့ဖခင်ဖြစ်သူ ဟစ်ပိုကရေးတီး အာယုဗ္ဗေဒဆေးပညာဟာ သူတတ်ကျွမ်း တဲ့ ဆေးပညာရဲ့ဖခင်ကြီးလို့ သတ်မှတ် ခဲ့ပါတယ်။

အာယုဗ္ဗေဒဆေးပညာမှာ အသုံး ပြုတဲ့ ဇီဝကမ္မဗေဒပညာမှာ ခန္ဓာကိုယ် တွင်း၊ကိုယ်ပရှိ အင်္ဂါအစိတ်အပိုင်းအား လုံးတို့ရဲ့ လုပ်ရှားဆောင်ရွက်မှု တစ်ခု တစ်ခု ချိတ်ဆက်ဆောင်ရွက်နေပုံ ရှင်းလင်း တင်ပြထားပါတယ်။ အစာခြေ စနစ်နဲ့ သွေးလှည့်ပတ်မှုစနစ်တို့ တစ်ခု တစ်ခု မှီခိုနေပုံ၊ အသက်ရှူစနစ်နဲ့ သွေး လည်ပတ်စနစ် ဆက်စပ်နေပုံ စသည် အင်္ဂါအစိတ်အပိုင်းတွေ၊ ဆောင်ရွက် စနစ်တွေကို ဖော်ပြထားတယ်။ ဒီ သိသာ ထင်ရှားတဲ့ နှလုံး၊ အဆုတ်၊ အ ကြွက်သားတွေကို ဖော်ပြရုံမကဘဲ မမြင် ရတဲ့ ချက္ကရတွေရဲ့လှုပ်ရှားဆောင်ရွက် ဇီဝအသက်တည်မြဲရေးအတွက်နဲ့ ရော ဝေဒနာနဲ့ ဒဏ်ရာတွေကို ကုသရာမှာ ချက္ကရတွေကဘယ်လိုလုပ်ဆောင်ရတယ် ဆိုတာ အသေအချာ ဖော်ပြထား တယ်။

တစ်နည်းအားဖြင့် အစာခြေစနစ် သွေးလည်ပတ်မှုစနစ်တို့ဟာ ဇီဝကမ္မ ဗေဒမှာ အကျုံးဝင်တဲ့စနစ်တွေဖြစ်သလို ချက္ကရစနစ်ကလည်း အကျုံးဝင်တယ် ဆိုလိုတာ ဖြစ်ပါတယ်။ လူ့အသက် ရှင်သန်မှုမှာ ချက္ကရတွေ စွမ်းဆောင် တဏ္ဍာကို ဖော်ပြထားတာ ဖြစ်ပါ

ချက္ကရတွေရဲ့ တာဝန်ကြ ပြင်ပ ဝင်ရောက်လာတဲ့ စွမ်းအင်ကို ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တွင်းသွင်းယူဖို့နဲ့ ခန္ဓာကိုယ်တစ်ခုလုံးရှိ အခြားချက္ကရတွေဆီကို ဒီစွမ်းအင်တွေ ဖြန့်ချိရတာ ဖြစ်တယ်။ ချက္ကရတစ်ခုနဲ့ တစ်ခုကို နဒီခေါ်တဲ့ အကြောတွေနဲ့ ဆက်သွယ်ထားတယ်။ ဒီနဒီဆက်လမ်းကြောင်းတွေကနေပြီး ချက္ကရချင်းဆက်သွယ်ထားတဲ့ ချက္ကရကွန်ရက်ကြီး ဖြစ်သွားတယ်။ ဒီချက္ကရကွန်ရက်ကြီး အလုပ်လုပ်နေတာကို ချက္ကရစနစ်လို့ ခေါ်တာပါ။

ချက္ကရတွေဟာ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ ဒါကြောင့် သိပ္ပံပညာရှင်တွေက ချက္ကရစနစ်ကို လက်မခံဘူး။ မယုံကြည်ဘူး။ ဒါပေမယ့် ၁၉၇၀ ပြည့်နှစ်ကျော်လောက်စပြီး သိပ္ပံပညာရှင်တွေက လေ့လာစမ်းသပ်ကြတာ ဂျပန်ပြည်က ဆရာဝန် ဒေါက်တာ မိုတိုယာမက ချက္ကရနဲ့ နဒီတွေ တည်ရှိတယ်။ ဘယ်လိုတည်ရှိတယ်။ ရုပ်ခန္ဓာနဲ့ ဘယ်လိုဆက်စပ်နေတယ်ဆိုတာကို စမ်းသပ်လေ့လာပြီး ချက္ကရတွေတည်ရှိကြောင်း တရုတ်အပ်စိုက်ပညာနဲ့ ဆက်စပ်နှိုင်းယှဉ်ဖော်ပြလိုက်တယ်။

အဲဒီအချိန် ၁၉၇၀ ပြည့်နှစ်ကျော်လောက်က တရုတ်အပ်စိုက်ကုပညာဟာ အနောက်တိုင်းမှာ အကြီးအကျယ် ရေပန်းစားချိန် ဖြစ်တယ်။ တရုတ်အပ်စိုက်ကု ပညာရဲ့သော့ချက်က လူရဲ့ခန္ဓာကိုယ်ထဲမှာ 'ကီ' လို့ သိုင်းသမားတွေခေါ်တဲ့ အတွင်းအားကို နှိုးဆွပြုပြင်တာ ဖြစ်တယ်။ 'ကီ'လို့ခေါ်တဲ့ သက်စောင့်ဓာတ်ကြီး လူရဲ့ခန္ဓာကိုယ်တွင်းမှာ ရှိတယ်။ ဒီသက်စောင့်ဓာတ် 'ကီ'ဟာ ပဓာနနေရာကြီး (၃) နေရာမှာ ရှိတယ်။ ရင်ခေါင်း၊ ချက်နဲ့၊ လိင်အင်္ဂါအနီးမှာ ဖြစ်တယ်။ ဒီပဓာနနေရာ (၃) နေရာကစတင်ပြီး ဌာနခွဲပေါင်း (၁၂) နေရာဟာ ခန္ဓာကိုယ်အနှံ့မှာ ရှိတယ်။ ဒီ (၁၂) နေရာဟာ တစ်နေရာနဲ့တစ်နေရာ ဆက်စပ်နေတယ်။ 'ကီ' စွမ်းအင်စီးကြောင်းတွေကတစ်ဆင့်ဆက်စပ်စီးဆင်းနေလို့ ဒီ (၁၂) နေရာဟာ ခန္ဓာကိုယ်တစ်ခုလုံးကို ကွန်ရက်သဖွယ် ယှက်နွယ်နေတယ်။ 'ကီ' ထွက်ပေါ်ရာနေရာတွေဟာ ချက္ကရနေရာတွေဖြစ်ပြီးတော့ ဆက်သွယ်ပေးနေတဲ့ 'ကီ'စွမ်းအင်စီးကြောင်းတွေက နဒီတွေဖြစ်တယ်လို့ တွေ့ရှိရတယ်။

၁၉၈၀ ပြည့်နှစ်ကျော်များမှာ အခြားသိပ္ပံပညာရှင်တွေက ဒေါက်တာ မိုတိုယာမရဲ့ တွေ့ရှိချက်တွေကို တိုးချဲ့လေ့လာကြတယ်။ ဒီအခါမှာ ပဓာနချက္ကရကြီး (၇) ခုဟာ ဂလင်းကြီး (၇)ခုနဲ့ ဆက်စပ်နေတယ်။ ငယ်ထိပ်ချက္ကရဟာ ပင်နီယယ်ဂလင်းနဲ့ ဆက်စပ်နေတယ်။ နှာရောင်ချက္ကရဟာ ပီကျူတာရီဂလင်းနဲ့ ဆက်စပ်နေတယ်။ လည်မျိုချက္ကရဟာ သိုင်းရွိုက်ဂလင်းနဲ့ ဆက်စပ်နေတယ်။ နှလုံးချက္ကရဟာ သိုင်းမက်ဂလင်းနဲ့ ဆက်စပ်နေတယ်။ ချက်တိုင်ချက္ကရဟာ မုန့်ချိုအိတ်ဂလင်းနဲ့ ဆက်စပ်နေတယ်။ လိင်ချက္ကရဟာ ရိုနတ်ဂလင်းနဲ့ ဆက်စပ်နေပြီးတော့ အောက်ခြေချက္ကရဟာ အက်ဒရီနင်ဂလင်းနဲ့ ဆက်စပ်နေတယ်ဆိုတာ တွေ့သွားတယ်။

ဂလင်းတွေဟာ စနစ်တစ်ရပ်အနေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးဟာ ဖြန့်ကြက်တည်ရှိပြီး ဟော်မုန်းအမျိုးမျိုးကို ဖြန့်ချိပေးနေတာ ဖြစ်တယ်။ ချက္ကရအတွင်းကိုဝင်လာတဲ့ အပြင်အပက စွမ်းအင်တွေကို ရုပ်စွမ်းအင်အဖြစ် ချက္ကရက ပြောင်းလဲပေးလိုက်ပြီးတော့ အဲဒီရုပ်စွမ်းအင်ကို ဂလင်းတွေဆီ ပို့လိုက်တယ်။ ဂလင်းတွေက ဒီစွမ်းအင်တွေကို ဟော်မုန်းအဖြစ် ပြောင်းလဲပြီး သွေးကြောကတစ်ဆင့် တစ်ကိုယ်လုံးကို ဖြန့်ချိပေးလိုက်တာ ဖြစ်တယ်လို့ အကျဉ်းအားဖြင့် မှတ်ယူနိုင်ပါတယ်။ သွေးကြောထဲပါသွားတဲ့ ဟော်မုန်းတွေဟာ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆီ ရောက်သွားတဲ့အခါ ကိုယ်အင်္ဂါအစိတ်အပိုင်းရဲ့ သက်စောင့်ဓာတ် ဖြစ်သွားတယ်။

ဒီလို ဟော်မုန်းတွေကို ရရှိလို့ အသားမျှင်တွေ ရှင်သန်နေတာ၊ အရိုးတွေတောင့်တင်းနေတာ၊ အစာအိမ်တွေ၊ ကျောက်ကပ်တွေ၊ အဆုတ်တွေ၊ နှလုံးတွေ အလုပ်လုပ်နိုင်တာ ဖြစ်တယ်။ ဒီလိုကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပျက်စီးသွားရင်၊ ချို့ယွင်းသွားရင် နဂိုအတိုင်းပြန်ကောင်းသွားစေနိုင်တာကတော့ ကိုယ်ခံအားဖြစ်တယ်။ ဒီလိုကိုယ်ခံအားတွေကိုလည်း ဟော်မုန်းက ထုတ်လုပ်ပေးနိုင်တယ်။

လက်ကို ဓားရှသွားရင်၊ ချော်လဲလို့ ဒူးပြဲပွန်းပဲ့သွားရင်၊ ဘာဆေးမှ မထည့်ဘဲ သူ့အလိုလို နာရီပိုင်းအတွင်းမှာ ပြန်ကောင်းသွားတာဟာ ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံအားက ကုသပေးလိုက်လို့ ကိုယ်ခံအားကို သဘာဝသမားတော်လို့ ဒေါက်တာအင်ဒရူးဝေးက သူ့ရဲ့သဘာဝသမားတော်ကျမ်းမှာ ထုတ်ဖော်ရေးသားထားတာ ဖတ်ရပါတယ်။

ရုပ်ခန္ဓာထဲကို ချက္ကရတွေဆီက စွမ်းအင်တွေ ဝင်ရောက်လာတဲ့အခါ ပထမဦးဆုံး ပရာဏခန္ဓာလို့ခေါ်တဲ့ ရုပ်နုခန္ဓာထဲကို စတင်ဝင်ရောက်တာ ဖြစ်တယ်။ ရုပ်နုပရာဏခန္ဓာဟာ ရုပ်ခန္ဓာလို့ခေါ်ပေမယ့် သူ့ကိုမမြင်ရဘူး။ ထိကိုင်လို့မရဘူး။ ရုပ်ဟာ အခဲရယ်၊ အရည်ရယ်၊ အခိုးရယ်လို့ အဆင့် (၃) မျိုးနဲ့ တည်ရှိတယ်။ ရုပ်နုခေါ် ပရာဏဓာတ်ကတော့ ရှိပြီး၊ သိပြီး အဆင့် (၃)မျိုးရဲ့ နောက်တစ်ဆင့်ဖြစ်တဲ့ စတုတ္ထအဆင့် ရုပ်ဓာတ်ဖြစ်တယ်။ အိန္ဒိယရှေးဟောင်းကျမ်းတွေမှာတော့ ပရာဏယမကောသလို့ခေါ်တယ်။ ဒါပေမယ့် သိပ်မမြင်ရလို့ မယုံကြဘူး။

၁၉၇၀ ပြည့်နှစ်လောက်မှာ ရုရှားက စက်ပြင်ဆရာ ကီအာလီယန်ဓာတ်မှန်နဲ့ရိုက်စက်တစ်မျိုးကို တီထွင်လိုက်တယ်။ ဒီဓာတ်မှန်ကို ကီအာလီယန်ဓာတ်မှန်လို့ ခေါ်တယ်။ ဒီဓာတ်မှန်စက်ကမှ ခန္ဓာကိုယ်တွင်းရှိ ပရာဏခန္ဓာနဲ့ အပြင်ထွက်ပေါ်လာတဲ့ ပရာဏဓာတ်တွေကို ဓာတ်ပုံရိုက်ပြနိုင်တယ်။ အခုအခါမှာတော့ ကီအာလီယန်ရဲ့ ဓာတ်မှန်ကို တစ်ကမ္ဘာလုံးရှိ ဆေးသိပ္ပံပညာရှင်တွေက လက်ခံလိုက်ပါပြီ။

လူ့ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ဒီသက်စောင့်ဓာတ်နဲ့ ခန္ဓာကိုယ်ပြင်ပကို ထွက်လာတဲ့ ဒီသက်စောင့်ဓာတ်ကို ကီအာလီယန်ဓာတ်မှန်နဲ့ ရိုက်ကူးကြည့်မြင်လာနိုင်တဲ့အခါ ရှေးဟောင်းအိန္ဒိယကျမ်းတွေမှာပါတဲ့ ပရာဏခန္ဓာဆိုတာ ဒါပဲလို့ သဘောပေါက်သွားကြတယ်။ ခေတ်သိပ္ပံဆရာတွေကတော့ ပရာဏဓာတ်လို့ မခေါ်ဘူး။ ဘိုင်အိုပလပ်စမာလို့ ခေါ်ကြတယ်။ ဘိုင်အိုက ဇီဝဓာတ်၊ ပလပ်စမာဆိုတာ စတုတ္ထအဆင့်ရှိ ရုပ်နုကိုဆိုတာ ဖြစ်တယ်။ ဇီဝဓာတ်ဆောင်ထားတဲ့ ရုပ်နုလို့ အဓိပ္ပာယ်ထွက်ပါတယ်။

ဘိုင်အိုပလပ်စမာလို့ပဲခေါ်ခေါ်၊ ရုပ်နုလို့ပဲခေါ်ခေါ်၊ ပရာဏဓာတ်လို့ပဲခေါ်ခေါ် အတူတူပါပဲ။ ကုလားကြီးနဲ့ အရာကြီးတူသလိုပါပဲ။


နောက်လမှာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် ပရာဏဓာတ်အရေးကြီးပုံ၊ ပရာဏဓာတ်အားကောင်းအောင် ဘယ်လိုလေ့ကျင့်ရမယ်ဆိုတာ ဆက်ရေးပါတယ်။

မောင်ကျောက်ဒိုင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

...သားပြီး ကျောင်းတွင် ကြီးပြင်း ...ဖြစ်သည်။ ပိုလို (၁၂) နှစ်သား ...တ ဆရာတော်ကြီးက ရှင်ပြုပေး ...ဘစ်နှစ်ခန့် ကိုရင်ဝတ်ခဲ့ဖူးသည်။ ...ကိုရင်ဝတ်သည့်နှစ်က ဘဝိဇ္ဇာကြွ ...ဖြင့် မြင်ဖူးလိုက်သည်။ ဘဝိဇ္ဇာ ...အနောက်ရိုးမတစ်နေရာတွင် ...သနာတရားကျင့်ကြံနေသည်ကို သိ ...သည်၊ ဘဝိဇ္ဇာမှာ အကြားအမြင်ရ ...အနာဂတ်ကို ကြိုတင်သိနေသူဖြစ် ...ပိုလိုက တွေ့ချင်နေပါသည်။ ပိုလိုနှင့် ...အကြိမ်တွေ့စဉ်က ဘဝိဇ္ဇာက ...ခဲ့သည်။

"ကိုရင် ပိုလို၊ ကိုရင်က ဘဝိဇ္ဇာရဲ့ ...ကို သဘောကျနေတယ် မဟုတ် ..."

"မှန်လှပါ။ သိပ်သဘောကျနေပါ ...ယ် ဘုရား"

"အဘရဲ့ ပညာကို ကိုရင်လိုချင် ...တယ် မဟုတ်လား"

"လိုချင်ပါတယ် ဘုရား"

"အဘနောက်ကိုကော မလိုက် ...ဘူးလား"

"အဘကခေါ်မယ်ဆိုရင်ချက်ချင်း ...တ်ပါ့မယ်ဘုရား"

"အေး- ကိုရင့်ကို အဘခေါ်မယ်။ ...ပေမယ့် အခုတော့ မဟုတ်သေးဘူး။ ...ကိုရင်ကငယ်သေးတယ်။ နောက်တစ် ခေါက် အဘလာမှ ကိုရင့်ကိုခေါ်တော့ ...ယ်"

"တပည့်တော် စောင့်နေပါ့မယ် ဘုရား"

ထိုအချိန်မှစ၍ ဘဝိဇ္ဇာကို မျှော်နေခဲ့ရာ တစ်နှစ်ပြီးတစ်နှစ် နှစ်တွေသာ ...န်သွားသည်။ ဘဝိဇ္ဇာကပေါ်မလာ သဖြင့် စောင့်ရက်ရှည်ခဲ့ရသည်။ ယခု ဘဝိဇ္ဇာမည်ဆို၍ အခြားသူများထက် ပိုလိုက စိတ်ဝင်စားနေသည်။ ဘဝိဇ္ဇာ လာပါက တစ်ခါတည်းလိုက်ရန် ဆရာ တော်ထံမှခွင့်တောင်းပြီး အသင့်ပြင်ဆင် ထားခဲ့သည်။

မကြာမီ ဘဝိဇ္ဇာ ရောက်လာပါ သည်။ ဆရာတော်ကြီးမှစ၍ ဘုန်းကြီး များ၊ ကိုရင်များနှင့် ကျောင်းသားများက သောင်းသောင်းဖြဖြကြိုဆိုကြပါသည်။ ကျောင်းပေါ်တွင် မျက်နှာစုံညီထိုင်မိ သည်နှင့် ဘဝိဇ္ဇာက တစ်ဦးချင်းစီကို ကြည့်၍ပြောတော့သည်။

ပထမဆုံး ဆရာတော်ကြီးကို အရင်စပြောပါသည်။

"ဘုန်းကြီး၊ လေရောဂါခံစားနေရ တာ မဟုတ်လား"

"မှန်ပါတယ်။ ကျုပ်လေရောဂါနဲ့ ပျံလွန်မယ်ထင်တယ်"

"မပျံလွန်ပါဘူး။ နောက်ထပ် ငါး နှစ်နေခွင့်ရှိသေးတယ်။ ဝိပဿနာတရား ကို ဖိပြီးအားထုတ်လိုက်ပါ။ မကြာခင် လေရောဂါပျောက်သွားမှာပါ"

ဆရာတော်ကိုပြောပြီး ဦးပဉ္ဇင်း ဦးလာဘကို ပြောပါသည်။

"ဦးပဉ္ဇင်း၊ လူထွက်ဖို့ကြိုးစားနေ တာထင်တယ်"

"မှန်လှပါ၊ လူထွက်ပါတော့မယ်"

"လူထွက်ပြီးမကြာခင်အိမ်ထောင် ကျမယ်။ လူ့ဘောင်လောကဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မယ်။ ဦးပဉ္ဇင်းက နောက် ဆုတ်မယ့်ပုံတော့မရှိပါဘူး"

ဦးလာဘက ဆုံးဖြတ်ချက်ချပြီးပုံ ရသည်။ ဘဝိဇ္ဇာက ဦးလာဘကို ဆက် မပြောတော့ဘဲ ကိုရင်ဇီဝကိုကြည့်လိုက် သည်။

"ကိုရင်ဇီဝ၊ မြို့ကျောင်းကို ပြောင်း တော့မယ် မဟုတ်လား"

"တပည့်တော် ဝါတက်ချင်လို့ပါ"

"ကိုရင်ပြောတာမှန်တယ်။ မြို့မှာ ကိုရင်ဘွဲ့ရပြီးရင် ဒီကျောင်းကိုပြန်လာ ပြီး ကျောင်းထိုင်ရမယ် သေသေချာချာ မှတ်ထား"

"မှတ်ထားပါ့မယ်"

ဘဝိဇ္ဇာသည် ကျောင်းရှိ ဦးပဉ္ဇင်း များ၊ ကိုရင်များနှင့် ကျောင်းသားများကို တစ်ဦးချင်း သူမြင်သမျှပြောလိုက်ရာ အားလုံးမှန်ကန်နေသဖြင့် မည်သူမျှ မငြင်းကြပါ။ အားလုံးဟောပြောပြီး သည်နှင့် ပိုလိုအလှည့်သို့ ရောက်လာ သည်။

"ဟဲ့ကောင်၊ နင်ငါ့အပြန်လိုက်မှာ လား"

"အားလုံးပြင်ဆင်ပြီးပါပြီဘုရား"

"ဒီရွာထဲမှာ နင့်ဆွေမျိုးဘယ်သူ ရှိသလဲ"

"ဘကြီးနဲ့သူ့သမီးလေးပဲရှိပါတယ် ဘုရား"

"အေး-နင်ဘကြီးကိုပြောခဲ့။ အိမ် မှာ စပါးတွေ၊ ပဲတွေမထားနဲ့။ ရှိရင်လည်း ဝေးဝေးပို့ထား။ အိမ်မီးလောင်ခံရလိမ့် မယ်လို့ပြော"

"ပြောခဲ့ပါ့မယ်ဘုရား"

လောကတွင် ဘဝိဇ္ဇာမသိသည့် အရာမရှိ။ အားလုံးကို သိနေသည်။ အနာဂတ်ကိုကြိုတင်သိနိုင်သောအတတ် ပညာကို ပိုလို တတ်ချင်သည်။ ဘဝိဇ္ဇာ နောက်သို့လိုက်ပြီး ပညာယူရန် စိတ်အား ထက်သန်နေသည်။ အနာဂတ်ကို ကြို တင်သိနိုင်ပါက အန္တရာယ်ဖြစ်မည့်သူကို မဖြစ်အောင် သတိပေးနိုင်မည်။ လူ အများ၏အန္တရာယ်ကိုကာကွယ်ပေးနိုင် ပါက လူအများ၏ လေးစားမှုကိုရမည် ဖြစ်သည်။ ပိုလိုသည် အတွေးနှင့်ပျော် နေပါသည်။

ဘဝိဇ္ဇာပြန်မည့်နေ့တွင် နွားချော နှစ်ကောင်ဆွဲသော နွားလှည်းတစ်စီး ရောက်လာသည်။ ထိုလှည်းဖြင့် ပြန်မည် ဖြစ်သည်။ ညနေစောင်းသည်နှင့် ဘဝိဇ္ဇာ နှင့် ပိုလိုတို့ လှည်းဖြင့်ပြန်ခဲ့ကြသည်။ ညပိုင်းဖြစ်၍ နေပူမခံရသောကြောင့် နွားနှစ်ကောင်မှာ ပြေးအားရှိသည်။ ထို နွားလှည်းဖြင့် တစ်ညလုံးမောင်းခဲ့ကြ သည်။ ညဘက်ခရီးသွားရသော်လည်း ဘဝိဇ္ဇာဘေးမှာရှိနေသဖြင့် ကြောက် စိတ်မရှိဘဲပျော်ရွှင်နေပါသည်။ တစ်ည လုံး အမှောင်ထဲဖြတ်သိန်းခဲ့ရ၍ ပတ်ဝန်း ကျင်ကို မမြင်ရသော်လည်း နံနက်လင်း သည်နှင့် စိမ်းစိုနေသော တောအုပ်ကြီး အတွင်းရောက်နေကြောင်း သိရသည်။ မြင့်မားသောတောင်ခြေတွင် နွားလှည်း က ရပ်သွားသည်။

ပိုလိုကမေးလိုက်သည်။

"ဘဝိဇ္ဇာရောက်ပြီလား"

"ခရီးတစ်ထောက်နားရမယ့်နေ ရာပဲရောက်သေးတယ်"

"ဘဝိဇ္ဇာတို့စခန်းကို မရောက် သေးဘူးပေါ့"

"ဒီမှာနေ့ဆွမ်းစားပြီး ခရီးဆက်ရင် ညနေတော့ရောက်မှာပါ"

"အဝေးကကြည့်တော့နီးမယ်ထင် ရပေမယ့် အတော်လာရတယ်နော်"

"ဒါပေါ့ကွယ်။ အမြင်မှာနီးပေမယ့် ခရီးဝေးသည့်တောင်လို့ ဆိုစကားရှိ တယ်လေ"

ဝါးကျောင်းကလေးရှေ့တွင် နွား လှည်းရပ်လိုက်သည်နှင့် ဆရာတော်က ထွက်လာပြီး ကြိုဆိုပါသည်။ ဝါးကျောင်း ဆရာတော်မှာလည်း ဘဝိဇ္ဇာ၏ တပည့် ဖြစ်၍ ဘဝိဇ္ဇာကို အထူးလေးစားပါ သည်။ နေ့လယ်ဆွမ်းစားနေချိန် နောက် ထပ် နွားလှည်းတစ်စီး ရောက်လာပြန် သည်။ ပထမလှည်းကို ပြန်လွှတ်လိုက်ပြီး ဒုတိယလှည်းဖြင့် တောင်တက်ရမည်။ တောင်ပေါ်တွင်သွားနေသော လှည်း ဖြစ်၍ တောင်တက်ခရီး ကျွမ်းကျင်လှ သည်။ မတ်စောက်မြင့်မားသော တောင် ကြီးကိုပတ်ပြီး ကွေ့ဝိုက်တက်ရသည်။

www.burmeseclassic.com

အလွန်မြင့်သော တောင်ကြီးကိုဝိုက်၍ တက်ရသဖြင့် နောက်သို့ပြန်လှည့်ကြည့်ပါက မြွေလိမ်မြွေကောက်သဖွယ်မြင် တွေ့ရပါသည်။ အနီးကပ်မြင်နေရသော တောင်ထိပ်သို့ ရောက်ပါတော့သည်။ လှည်းရပ်လိုက်သည်နှင့် အသက် (၆၀) ကျော် အဘိုးအိုတစ်ဦးနှင့် (၁၄) နှစ်အရွယ် လူငယ်လေးတစ်ဦး ရောက်လာပြီး ပစ္စည်းများကို ကူချပေးပါသည်။ ဘဝိဇ္ဇာက လှည်းပေါ်မှဆင်းလိုက်သည်။

"ကဲ - အဘတို့စခန်းရောက်ပြီ"

ပိုလိုသည် လှည်းပေါ်မှဆင်းကာ ပတ်ဝန်းကျင်ကို ကြည့်သော်လည်း ကျောင်းကို မတွေ့မမြင်ရသဖြင့် အဘဝိဇ္ဇာကိုမေးမိသည်။

"အဘရဲ့ကျောင်းလည်း မမြင်ရသေးပါလား"

ဘဝိဇ္ဇာကစကားပြန်မပြောသဖြင့် ဘဝိဇ္ဇာ၏နောက်ကလိုက်ခဲ့သည်။ မတ်စောက်သောတောင်ကို လှေကားထစ်များဖောက်ထားသဖြင့် လှေကားအတိုင်းတက်ရသည်။ တောင်ပေါ်တက်ရာတွင် လွယ်ကူသော်လည်း မောပန်းလွယ်သည်။ အမြင့်ဆုံးတောင်ထိပ်သို့ရောက်သောအခါ ပေနှစ်ဆယ်ပတ်လည်ခန့်ရှိ ရှေးဟောင်း ကျောက်ဂူကြီးတစ်လုံးကို တွေ့ရသည်။ ဘဝိဇ္ဇာက ရှေ့မှ ဂူထဲဝင်သွားသဖြင့် ပိုလိုနောက်ကလိုက်ခဲ့သည်။ ဂူမှာအလုံပိတ်ဖြစ်ပြီး အနောက်ဘက်တွင် လေးပေပတ်လည်ခန့်၊ အမိုးမရှိသဖြင့် လေဝင်ပေါက်သဖွယ် ဖြစ်နေပါသည်။ ထိုလေဝင်ပေါက်မှ မိုးတွင်းအခါကျလာသောရေများကို အောက်ခံအုတ်ကန်တစ်ခုဖြင့်ခံထားပြီး မိုးရေကို သုံးနိုင်သည်ကို တွေ့ရသည်။ လေဝင်ပေါက်မှ အလင်းရောင်ဝင်သဖြင့် ဂူအတွင်းလင်းထိန်နေပြီး လေဝင်လေထွက်ကောင်းသည်ကို တွေ့ရသည်။ ဂူ၏အရှေ့ဘက်တွင် ဘုရားခန်းရှိပြီး အလွန်သပ္ပာယ်သော ကျောက်ဆင်းတုတစ်ဆူ ရှိသည်။ ဘုရားတွင် ဆီမီး၊ ရေချမ်းနှင့်အမွှေးတိုင်များ ပူဇော်ထားသည်ကို တွေ့ရသည်။ ဘုရားခန်း၏ အနောက်တွင် ဘဝိဇ္ဇာ၏ အိပ်ခန်းကို သပ်ရပ်စွာ ပြုလုပ်ထားပါသည်။ ပစ္စည်းများနေရာချထားပြီး အဘက မိန့်ကြားပါသည်။

"ကဲ - ပိုလို၊ အဘရဲ့ဂေဟာကိုတော့ ရောက်ပြီ။ ကပ္ပိယကြီးနောက်လိုက်သွားပြီး အနားယူလိုက်ဦး။ မနက်မှတွေ့ကြမယ်။ အဘလည်း နားလိုက်ဦးမယ်"

ကပ္ပိယကြီးက ရှေ့မှခေါင်းဆောင်သွားသဖြင့် ပိုလိုနောက်ကလိုက်ခဲ့သည်။ ဂူကြီး၏ အနောက်ဘက် ကိုက်ငါးဆယ်ခန့်အကွာတွင် ကျောက်တောင်ကြီးကိုနောက်ခံပြု၍ ပေ (၂၀) ပတ်လည်ခန့် ဝါးတဲတစ်လုံးကို တွေ့ရ၍ ဆွမ်းချက်ကျောင်းဟု ခန့်မှန်းရသည်။ ကပ္ပိယကြီးက ပြတင်းပေါက်ဘေးတွင် ပိုလိုကို နေရာချထားပေးပါသည်။

"အခုအချိန်ကစပြီး ပိုလိုလည်း အဘတို့ မိသားစုဝင်ဖြစ်သွားပြီ။ ဒါက အဘမြေး မောင်ကောင်း။ အဘနဲ့မောင်ကောင်းက တရားထိုင်ရတယ်။ မနက်တရားထိုင်ပြီးနေ့လယ်ဆွမ်းချက်ရတယ်။ နေ့စဉ် သက်သတ်လွတ်ပဲ စားရတယ်။ နေ့စဉ် ရှစ်ပါးသီလယူတော့ ညစာအတွက် သက်သာတာပေါ့။ ဒီနေရာက ဆိတ်ငြိမ်တယ်။ ငြိမ်းချမ်းတယ်။ လူအရောက်အပေါက်နည်းတော့ ဂူထဲမှာ တရားအားထုတ်ဖို့အချိန်ပိုပြီးရတာပေါ့။ ရွာသားတွေ ရောက်လာတဲ့အခိုက်ပဲ စကားပြောခွင့်ရတယ်"

"ရွာသားတွေက ဘာကိစ္စလာကြတာလဲ"

"ကျောင်းမှာ လိုအပ်သမျှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် လာပို့ကြတာပေါ့။ လှူချင်တဲ့လူကလည်း ပေါ်ပါဘိကွယ်။ နောက်ပြီး သူတို့အခက်အခဲရှိတဲ့ လူမှုရေး၊ ကျန်းမာရေးကိစ္စ၊ ကျွဲပျောက်၊ နွားပျောက်ကိစ္စတွေမေးတဲ့လူကမေးပေါ့"

"ကျွန်တော် မနက်ဘယ်အချိန်အိပ်ရာကထရမလဲ"

"စိတ်ချလက်ချသာ အိပ်ပါ။ အချိန်ကျရင်နှိုးမှာပေါ့။ မနက် (၄) နာရီမှာ တရားမှတ်ရမယ်။ (၆) နာရီမှာ တရားရပ်နားပြီး အရုဏ်ဆွမ်းစားရမယ်။ (၂) နာရီတရားထိုင် (၁)နာရီနားရမယ်။ (၇) နာရီမှာ တရားပြန်ထိုင်ပြီး (၉) နာရီမှာ တရားနားမယ်"

ကပ္ပိယကြီး၏ စကားများကို မှတ်သားပြီး ဝါးတဲပေါ်က ဆင်းခဲ့သည်။ အမြင့်ဆုံးတောင်ဖြစ်၍ လေဖြင့်အေးနေပါသည်။ ကြည့်လေရာရာ တောင်ပတ်လည်ဝိုင်းပြီး မှိုင်းမှိုင်းညိုနေပုံမှာ လွမ်းစရာကောင်းလှပါသည်။ တောင်အဆင့်ဆင့်တို့ တစ်ဆင့်ပြီးတစ်ဆင့်မြင့်သွားပုံမှာ ကြည့်၍ကောင်းနေပါသည်။

နောက်နေ့ နံနက် (၃) နာရီခွဲသည်နှင့် ကပ္ပိယကြီးလာနှိုးသဖြင့် အိပ်ရာမှထ မျက်နှာသစ်ပြီး တရားမှတ်ရန် ဂူဆီသို့ လာခဲ့သည်။ ဘုရားခန်းသို့ဝင်လိုက်သည်နှင့် ပန်းရနံ့များကြောင့် လန်းဆန်းသွားပါသည်။ ဘဝိဇ္ဇာတရားမှတ်နေသည်ကိုတွေ့၍ ဘဝိဇ္ဇာ၏နောက်ဘက်တွင် နေရာယူပြီး တရားစတင်မှတ်ပါသည်။ မကြာမီ ကပ္ပိယကြီးနှင့် မြေးရောက်လာပြီး ပိုလို၏ အနောက်တွင် နေရာယူပြီးတရားမှတ်ပါသည်။ ပတ်ဝန်းကျင်၏ ဆိတ်ငြိမ်မှုကြောင့် တရားမှတ်၍ ကောင်းပါသည်။ (၅) နာရီခွဲသည်နှင့် ကပ္ပိယကြီးနှင့် မြေးတို့ နေရာမှထသွားသည်။ အရုဏ်ဆွမ်းကိစ္စသွားခြင်း ဖြစ်ပေမည်။ (၆) နာရီတွင် တရားရပ်လိုက်ပြီး မကြာမီ ကပ္ပိယကြီးက အဘဝိဇ္ဇာအတွက် ယာဂုဆွမ်းများယူလာပါသည်။ ယာဂုဆွမ်းဘုဉ်းပေးအပြီး ဘဝိဇ္ဇာကို မိန့်ကြားပါသည်။

"ငါ့မြေးတရားကိုမြင်အောင်ကြည့်နော်။ မင်းက အခြေခံရှိပြီးသားဆိုတော့ တရားတွေ့ဖို့ ခက်ခဲမှာ မဟုတ်ပါဘူး။ အချိန်ကြာလာရင် တရားကိုသိလာမယ်။ ဖြစ်ပျက်ကို မြင်လာမယ်။ ဖြစ်မယ်။ ဖြစ်ပြီးရင်ပျက်မယ်။ ဖြစ်ပျက်သဘောတရားကိုကိုယ်တိုင်သိအောင်လုပ်ရမယ်။ ကိုယ်တိုင်သိလာရင် အနာဂတ်ကို မြင်လာလိမ့်မယ်"

ဘဝိဇ္ဇာ ယာဂုဆွမ်းဘုဉ်းပေးပြီးသည်နှင့် သုံးယောက်ယာဂုသောက်ကြသည်။ ကပ္ပိယကြီး၏ ယာဂုလက်ရာမှာ ကောင်းလှပါသည်။ ယာဂုပူပူသောက်အပြီး ငှက်ပျောဖီးကြမ်းတစ်လုံးပေးသဖြင့် စားလိုက်ရသည်။ (၇) နာရီတွင် တရားပြန်ထိုင်ရသည်။ (၉) နာရီတွင် တရားရပ်နားလိုက်သည်။ ရေချိုးချိန်ရသည်။ ကပ္ပိယကြီးဆွမ်းချက်ရာတွင် ကူညီနိုင်သည်။ (၁၁) နာရီတွင် ဘဝိဇ္ဇာကို ဆွမ်းကပ်ပြီး အားလုံး နေ့လယ်စာစားလိုက်ကြသည်။ နေ့လယ် (၁၂) နာရီတွင် တရားပြန်ထိုင်၍ (၂) နာရီတွင်ရပ်သည်။ (၃) နာရီပြန်ထိုင်ပြီး (၅)နာရီတွင်ရပ်သည်။ (၆) နာရီတွင် တရားပြန်ထိုင်ပြီး (၈) နာရီတွင် တရားသိမ်းပါသည်။ ဘဝိဇ္ဇာမှာ (၁၂) နာရီမှ စထိုင်ရာ (၈) နာရီတွင် အားလုံးသိမ်းသွားသော်လည်း ဆက်လက်ထိုင်နေသည်ကိုတွေ့ရသည်။ ပိုလို အိပ်ပျော်သွားသဖြင့် အဘဘယ်အချိန်အိပ်သွားသည်ကို မသိရသော်လည်း နံနက် ပိုလို ဂူထဲသို့ရောက်ပိုင်း အဘတရားထိုင်နေသည်ကို တွေ့ရမြဲဖြစ်သည်။ ပိုလိုသည် အဘဝိဇ္ဇာ အကြားအမြင်ရသည်မှာ တရားထိုင်နိုင်၍ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

...တွေးကာ နောက်နေ့မှစ၍ အဘာ ...မှု လိုက်ထိုင်သည်။ အဘမထ ... မထတမ်းထိုင်ခဲ့သည်။ အသက် ...ချင်သေဟု ဆုံးဖြတ်၍ ကြိုးစားလိုက် ... အဘဝိဇ္ဇာက သတိပေးပါသည်။

"ငါ့မြေး၊ မင်းအလိုဆန္ဒပြည့်ဝမှာ ... အဘထိုင်သလောက် အပင်ပန်းမခံ ... မင်းက အရွယ်ငယ်သေးတော့ ...တစ်ဝက်ထိုင်ရင်ပဲ လုံလောက်ပါ ...ယ်"

အဘဝိဇ္ဇာ၏ အားပေးမှုကြောင့် ...တက်ခဲ့သည်။အဘထိုင်သလောက် ...ထိုင်သော်လည်း အတတ်နိုင်ဆုံး ကြိုး ...ခဲ့ပါသည်။ တရားထိုင်၍ တစ်နှစ် ...ကျော်သက်တမ်းရှိလာသောအခါတွင် ...လွန်ငြိမ်းချမ်းပြီး စိတ်လက်ပေါ့ပါး ...ပါသည်။ တစ်စုံတစ်ခုကို အာရုံခံ ...ရုံနှင့် ဖြစ်နိုင်သည့်အရာကို မှန်းဆ ... သိနိုင်လာသည်။ လုံးဝမကြည်လင် ...သော်လည်း ကြည့်၍မြင်နိုင်လာ ...သည်။ တရားထိုင်နေရင်း ကပ္ပိယကြီး ...င်းချက်နေသည်ကို အာရုံခံ၍ကြည့် ...င့် ဘာဟင်းနှင့်စားရမည်ကို မှန်းဆ ...သည်။ တကယ်စားရသောအခါ မှန် ...န်ကြောင်းတွေ့ရသည့်အခါ အလွန် ...သာပါသည်။ အရာရာကို မှန်းဆ၍ ...နေသော်လည်း မည်သူကိုမျှဖွင့်မပြော ... စိတ်ထဲကသာ မှတ်သားစမ်းသပ်နေ ...ပါသည်။

တစ်နေ့နံနက် တရားရှုမှတ်နေစဉ် ...ပ္ပိယကြီးခြေထောက်နာသည်ကို အာရုံ ...တွင် ပေါ်လာသည်။ (၉) နာရီ တရားရပ် ...သောအခါ ကပ္ပိယကြီးကိုသွားကြည့် ... ရေပုံးနှစ်ပုံးနှင့် စမ်းချောင်းသို့ ရေ ...ပ်ဆင်းရန် ပြင်ဆင်နေကြောင်း တွေ့ရ ...သဖြင့် အချိန်မီ တားဆီးလိုက်ရသည်။

"အဘိုး၊ ဒီနေ့ ရေမခပ်ပါနဲ့။ ငြိမ် ...ငြိမ်လေးနေပါ။ ဘာကြောင့်လဲဆိုတာ ...လည်း မမေးပါနဲ့။ အဘိုးကိုယ်စား ...ကျွန်တော်ရေခပ်ပေးပါ့မယ်"

ပိုလိုသည် ကပ္ပိယကြီးခပ်မည့် ရေ ...နှစ်ပုံးကိုယူကာ စမ်းချောင်းသို့ဆင်းခဲ့ ...သည်။ တောင်အောက်သို့ ဆင်းရသည် ...မှာ အခက်အခဲရှိသော်လည်း တောင် ...ပေါ်သို့ ရေနှစ်ပုံး၏ အလေးချိန်ကြောင့် ...၍ခက်ခဲပါသည်။ အဖိုးမထိခိုက်စေရန် ...ပိုလိုက အပင်ပန်းခံ၍ ရေထမ်းခဲ့သည်။ တောင်ပေါ်သို့ရောက်သောအခါ ကပ္ပိယ ...ကြီးမှာ ခြေထောက်ဒဏ်ရာကို ရှုံ့မဲ့ကာ ...ခံစားနေရကြောင်း တွေ့မြင်ရပါသည်။ အဘိုးမြေးက အဘိုးကို ဆေးလူးပေးရင်း ပြောပါသည်။

"အစ်ကိုတောင်အောက်ကိုဆင်းသွားတုန်း အဘိုးရေနွေးကျိုရင်း အိုးမှောက်ကျလို့ အဘိုးခြေထောက်ကို အပူလောင်သွားတယ်"

ကပ္ပိယကြီးအတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူ့အာရုံတွင် ပေါ်သည့်အတိုင်း အမှန်ဖြစ်ပျက်ခဲ့ကြောင်း သိလိုက်ရသည်။

အဘိုးခြေထောက်ထိခိုက်ပြီး တစ်ပတ်ခန့်အကြာ နံနက်ပိုင်း တရားမှတ်နေစဉ် အသက် (၂၀) ကျော် လူရွယ်နှစ်ဦး တောင်ပေါ်တက်လာသည်ကို အာရုံတွင် ပေါ်လာသည်။ ထိုလူရွယ်နှစ်ဦးမှာ ဂူရှေ့ရှိခုံတန်းတွင်ထိုင်၍ ဆရာတော်ကို စောင့်နေပုံရသည်။ ထိုလူရွယ်နှစ်ဦး၏ ခံစားချက်ကို အာရုံခံကြည့်ရာ ကျွဲတစ်ကောင်နောက်သို့လိုက်နေကြောင်း သိရသည်။ ထိုကျွဲမှာ သာမန်ကျွဲထက် အမြီးတိုပြီး သတ္တဝါကြီးတစ်ကောင် ပါးစပ်ဟထားသကဲ့သို့ရှိသည့် လိုဏ်ဂူကြီးထဲသို့ဝင်ရောက်သွားကြောင်း သိရသည်။ ထိုဂူ၏ရှေ့တွင် အလွန်မြင့်မားသော ကညင်ပင်ကြီးရှိသည်ကို တွေ့ရသည်။ တရားနားသည့်အခါ ပိုလိုသည် အပြင်သို့ထွက်ခဲ့ရာ အာရုံတွင်တွေ့ရသည့် လူရွယ်နှစ်ဦးကို မြင်ရသည်။ ကျွဲပျောက်ကိစ္စကို ပြောပြချင်နေသည်။ သူတို့က စ၍မမေးသဖြင့် စကားစရန် ခက်နေသည်။ ဟောပြောခွင့်ရအောင် ထိုလူရွယ်နှစ်ဦးကိုကြည့်၍စကားစလိုက်သည်။

"ဆရာတော်ကို စောင့်နေတာလား။ ဆရာတော်ကကြာဦးမှာ။ ကိစ္စရှိရင် ကျွန်တော်ကိုပြောနိုင်ပါတယ်"

"ရပါတယ်၊ ဆရာတော်လာတဲ့ အချိန်အထိစောင့်ရမှာပေါ့။ ဒီကိစ္စက ဆရာတော်မှ ပြောနိုင်မှာပါ။ ကျွဲတစ်ကောင်ရှာမတွေ့တဲ့ကိစ္စပါ"

"ကျွဲပျောက်တာလောက်တော့ ဆရာတော်ကို စောင့်စရာမလိုပါဘူး။ ကျွန်တော် ပြောနိုင်ပါတယ်။ ကျွဲပုံစံက အမြီးတိုတယ်ထင်တယ်"

ထိုလူနှစ်ယောက်မှာ ရုတ်တရက် အံ့သြသွားပြီးမှ အားကိုးသည့်အနေဖြင့် ပြောပါသည်။

"ဟုတ်တယ်၊ ဟုတ်ပါတယ်။ အဲဒီကျွဲပျောက်နေလို့ သိရင်ပြောပြပါဗျာ"

"အဲဒီကျွဲက ကညင်ပင်မြင့်မြင့်ကြီးရှိတဲ့အနားက ဂူပျက်ထဲမှာ ရှိပါတယ်"

"ကျားပါးစပ်ဂူထင်တယ်"

"ဟုတ်တယ်။ ကျားပါးစပ်ပုံစံဂူကြီးထဲမှာရှိနေပါတယ်"

"ကျေးဇူးတင်လိုက်တာဗျာ။ ဒါဆို အချိန်ရှိတုန်း သွားရှာလိုက်ပါဦးမယ်"

လူရွယ်နှစ်ဦးက နှုတ်ဆက်ထွက်သွားကြသည်။ ပိုလိုကလည်း သူသိသမျှ ပြောလိုက်ရ၍ ကျေနပ်နေပါသည်။ ညနေတွင် ထိုလူရွယ်နှစ်ဦး ငှက်ပျောခိုင်ကြီးထမ်းလျက် တောင်ပေါ်တက်လာပါသည်။

"ကျေးဇူးတင်လိုက်တာ ဆရာလေးရယ်။ မြီးတိုကြီးက ကျားပါးစပ်ဂူထဲကပြန်တွေ့ခဲ့ရတာ။ ဆရာလေးဟောလိုက်တာ သိပ်မှန်တာပဲ"

"ကျွန်တော်က ဘဝိဇ္ဇာထဲမှာနည်းနာခံဆဲပဲရှိပါသေးတယ်။ဘဝိဇ္ဇာလောက် မတတ်သေးပါဘူးဗျာ"

"ဟန်ကျတယ် ဆရာလေးရယ်။ နောင်အခက်အခဲရှိ ဆရာလေးကို အားကိုးပါရစေ"

"ရပါတယ်၊မြင်သလောက်ပြောပြပါမယ်"

ရွာသားနှစ်ဦးပြန်သွားသောအခါ ပိုလို ပီတိဖြစ်၍ကျန်ခဲ့သည်။ သူ၏ ဆန္ဒပြည့်ဝတော့မည်ဟု ပျော်နေပါသည်။ စိတ်အားတက်ကာ တရားအလုပ်ကို ပိုမိုအားထုတ်ခဲ့ပါသည်။ တောင်ခြေမှ ရွာသားများကလည်း တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် ကိစ္စပေါ်တိုင်း ဆရာလေးထံရောက်ရောက်လာကြသည်။ ရွာသားများက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးသာမက ဒီအလုပ်လုပ်သင့်၊ မသင့်ပါ ဆရာလေးကို မေးပြီးမှ လုပ်ကြတော့သည်။ ပိုလိုပြောသမျှဟောသမျှသည် အမှားမယွင်းမရှိသဖြင့် မေးမြန်းသူများ တစ်စထက်တစ်စများလာပါသည်။

တစ်နေ့ ဘဝိဇ္ဇာက ပိုလိုကို ပြောပါသည်။

"ငါ့မြေးအမြင်အာရုံတိုးတက်လာပြီ။ အာရုံမှာပေါ်တိုင်းမပြောရဘူးကွယ့်။ ပြောသင့်၊ မသင့် ချိန်ဆပြီးမှ ပြောပါ။ တစ်နေ့ကျရင် ငါ့မြေးစိတ်ညစ်စရာတွေ့ရလိမ့်မယ်။ အကြားအမြင်ကို လုံးဝမပြောချင်၊ မဟောချင်လောက်အောင် စိတ်နာပြီး ဒီပညာကို စွန့်လွှတ်တဲ့အထိ ရောက်သွားလိမ့်မယ်။ အမြင်အာရုံနောက်ကိုချည်းမလိုက်ဘဲ ခန္ဓာကိုယ်က စက္ကန့်တိုင်း ဖြစ်ပျက်ပြောင်းလဲမှုတွေကို မြင်အောင်ကြည့်စမ်းပါ။ ဖြစ်ပျက်သဘောကို ကြည်ကြည်လင်လင် ကိုယ်တိုင်မြင်ဖို့လိုတယ်။ ဒီတော့လည်း လမ်း



www.burmeseclassic.com

www.burmeseclassic.com

မှန်ရောက်အောင် ကြိုးစားပါကွယ်"

အဘဝိဇ္ဇာပြောသည်မှာ အမှန်ဖြစ်သည်။ ပိုလိုမှာ ကိုယ်တိုင်ဖြစ်ပျက်မြင်ပြီး တရားရဖို့ထက် အကြားအမြင်ရရေးကို ဦးစားပေးခဲ့သည်မှာ အမှန်။ အမြတ်တနိုး ကြိုးစား၍ ရထားသော အကြားအမြင်ပညာကို တစ်နေ့စွန့်လွှတ်ချင်လောက်အောင် မုန်းသွားမည်ဆိုသောစကားကို မယုံကြည်ပါ။ အဘကို ပြန်မပြောခဲ့သော်လည်း အဘက သူ၏ယုံကြည်မှုကို သိမည်ဧကန်ဖြစ်သည်။

ပိုလို တရားကျင့်၍ သုံးနှစ်ကျော်သည်နှင့် အကြားအမြင်အလွန်ကောင်းသည်။ ကြည့်သမျှ မြင်နေရသည်။ ငါးနှစ်နီးလာသောအခါ အာရုံခံမကြည့်ဘဲ အလိုအလျောက်သိမြင်လာသည်။ ပတ်ဝန်းကျင်သဘာဝကို ဘာတွေဖြစ်မည်။ ကမ္ဘာမြေကြီးနှင့် ရာသီဥတုတို့ မည်သို့ပြောင်းမည်ကို သိမြင်လာသည်။ အားလုံးသိပြီဖြစ်၍ သူ့ဆန္ဒပြည့်ဝပြီဟု ယုံကြည်ချက်အပြည့်ရှိခဲ့ပြီ။

တစ်နေ့ ဘဝိဇ္ဇာကပြောပါသည်။

"ငါ့မြေး၊ လောကမှာဘာဖြစ်လာမယ်ဆိုတာ ငါ့မြေး ကြိုတင်သိနေပြီ။ မင်းရွာက မင်းရဲ့ဆရာတော်ဘာဖြစ်နေတယ်ဆိုကော မင်းသိရဲ့လား"

ပိုလိုသည် ရွာသို့ အာရုံမရောက်သဖြင့် တစ်ခါမှအာရုံခံမကြည့်ခဲ့ပါ။ ယခုဘဝိဇ္ဇာပြောမှ အာရုံခံကြည့်လိုက်ရာ လွန်စွာ ထိတ်လန့်သွားပါသည်။

"မှန်လှပါ၊ တပည့်တော်ရဲ့ ဆရာတော်ကြီး ပျံလွန်တော်မူတော့မှာ ယခုမှ သတိထားမိပါတယ်ဘုရား။ တပည့်တော်ကို ရွာပြန်ခွင့်ပြုပါဘုရား"

"ပြန်ရမှာပေါ့။ ငါ့မြေးပြန်ပါ"

ပိုလိုသည် ရွာသို့ ချက်ချင်းပြန်ခဲ့သည်။

ကျောင်းသို့ရောက်သည်နှင့် အိပ်ရာထဲလဲနေသော ငယ်ဆရာတော်ကို ဖူးတွေ့ပါသည်။ ဆရာတော်ကို နောက်ဆုံးအနေဖြင့် အနီးကပ် ပြုစုခွင့်ရလိုက်သည်။ ဆရာတော်ကြီးမှာ နောက်ထပ် နေခွင့် သုံး၊ လေးရက်သာရှိတော့သဖြင့် လက်လျှော့ခဲ့ရသည်။ တစ်နေ့ စိတ်ပြေလက်ပျောက် ရွာထဲသို့ ထွက်ခဲ့သည်။ ဘကြီးစံသိန်းနှင့် သမီးလှလှတို့အိမ်သို့ ရောက်ခဲ့သည်။

"ငါလည်း မြို့ကိုပြောင်းတော့မယ် ပိုလို။ သောင်းကျန်းသူတွေက ရွာကို မကြာခဏဝင်တယ်၊ ဆက်ကြေးတောင်းတယ်၊ ဓားပြတိုက်တယ်။ ငါ့မှာလည်း သမီးပျိုတစ်ယောက်နဲ့ဆိုတော့ မနေသင့်တော့ပါဘူးကွာ"

ပိုလိုသည် ဘကြီးအတွက် စိတ်မကောင်းဖြစ်ရသော်လည်း ဘကြီးကို နှစ်သိမ့်ရသည်။

"မြို့ကို မပြောင်းသင့်ဘူး ဘကြီး။ မြို့ပြောင်းရင် ဘကြီးပိုဒုက္ခရောက်မယ်"

"ငါဆုံးဖြတ်ပြီးပြီကွာ။ သွားမှဖြစ်တော့မယ်"

ဘကြီးကို တားမရ၍ လက်လျှော့လိုက်ရသည်။ ထိုအချိန် ဘကြီးသမီး လှလှရောက်လာသည်။

"အစ်ကိုလေး ရောက်လာတာ အတော်ပဲ။ အစ်ကိုလေးက အကြားအမြင်ရတော့ အရေးတကြီးမေးမြန်းစရာရှိလို့ပါ"

"ဘဲ - မေး၊ ဘာမေးမှာလဲ"

"ညီမ၊ ရွာထဲကကိုညိုနဲ့လက်ထပ်ရင် ကောင်းမလားသိချင်လို့ပါ"

"ဘယ်ကိုညိုလဲ။ ဦးပေသီးသားကိုညိုလား"

"ဟုတ်ပါတယ် အစ်ကို"

"ညီမလေး ကိုညိုက ထောင်ကျမယ့်ကောင် နင်မယူနဲ့"

"ဟာ - အစ်ကိုကလည်း၊ ကိုညိုက လူကောင်းပါ"

"ဟဲ့ - မိလှ၊ ငါက မယူသင့်လို့တားရတာ။ ဒီကောင်ကအရက်သောက် ဓားပြတိုက်၊ မကြာခင် ဓားပြမှုနဲ့ ထောင်ကျတော့မှာ"

မိလှကိုပြောပြီး ဘကြီးကို နှုတ်ဆက်ကာ ကျောင်းသို့ပြန်မည့်ဆဲဆဲ ဦးသာဇံရောက်လာသည်။

"ပိုလို မင်းကိုတွေ့ချင်လို့ ကျောင်းကိုတောင်လာတော့မလို့။ ငါမင်းဘောကို မနက်ဖြန်သွားစရာရှိတယ်။ သွားသင့်၊ မသင့် မင်းကို မေးချင်လို့"

"မသွားနဲ့ ဦးကြီး။ မနက်ဖြန် ကိုးလောင်းကွေ့မှာ ဓားပြတိုက်လိမ့်မယ်"

"အေးကွာ၊ ငါမသွားတော့ပါဘူး"

ဆွေမျိုးများနှင့်တွေ့ပြီး ကျောင်းသို့ပြန်ခဲ့သည်။ ကျောင်းသို့ရောက်သည်နှင့် ငယ်သူငယ်ချင်း ကိုရင်ဇီဝရောက်နေကြောင်း တွေ့ရသည်။ ဘဝိဇ္ဇာငယ်စဉ်က ဟောခဲ့သည်ကို ချက်ချင်း ခေါင်းထဲရောက်လာသည်။ ကိုရင်ဇီဝသည် ပညာတတ်ဖြစ်ပြီး နောက် (၅) နှစ်ကြာလျှင် ကျောင်းထိုင်ဘုန်းကြီးဖြစ်ရမည်ဟု ဟောခဲ့ဖူးသည်။ ယခု ဓမ္မာစရိယဦးဇီဝအဖြစ်နှင့် ရောက်လာချိန်တွင် ဆရာတော် ပျံလွန်တော်မူခါနီးဆဲဆဲအချိန်ဖြစ်၍ အချိန်ကိုက်ရောက်လာခဲ့ခြင်း ဖြ[...] နိုင်သည်။

နောက်နှစ်ရက်ကြာလျှင် ဆရာ[...]တော်ပျံလွန်တော်မူတော့မည်ကို အထ[...] သိ၍ ဆရာတော်အပါးမှမခွာတော့ဘဲ ဦးပဥ္စင်းဦးဇီဝနှင့်အတူ ပြုစုခဲ့ကြသည်။

ဆရာတော် ပျံလွန်တော်မူသော အခါ အန္တိမဈာပနအဖြစ် အကောင်းဆုံး ဖြစ်စေရန် ကျောင်းရှိ သံဃာတော်များ ရပ်ရွာလူကြီးများနှင့် တိုင်ပင်၍ တာဝ[...] များ ခွဲဝေဆောင်ရွက်ကြပါသည်။ ထိုနေ့ က ညှိနှိုင်းချက်တွင် လိုအပ်မည့် ပစ္စည်း များကို မြို့သို့ သွားရောက် သယ်ယူ[...] မည်ဖြစ်၍ ကားပိုင်ရှင် ဦးမောင်ကြီးက[...] ကားစီစဉ်ပေးပြီး ပိုလိုနှင့် ဦးပဥ္စင်းဇီဝ တို့က ကြီးကြပ်လိုက်ပါဆောင်ရွက်[...] ဆုံးဖြတ်ကြသည်။ ဦးမောင်ကြီးက သူ[...] ကားနှင့် မနက်စောစောလာခေါ်မည် ဖြစ်ကြောင်းပြောရာ ပိုလိုက တစ်ရ[...] ရွှေ့ပေးရန် တောင်းပန်ခဲ့ပါသည်။

"မနက်ဖြန်မသွားဘဲ နောက်ရ[...] မှသွားကြရင် ကောင်းလိမ့်မယ်"

ဦးမောင်ကြီးက ပိုလို တောင်းပ[...] သည်ကို လုံးဝလက်မခံပါ။

"မဖြစ်ဘူး၊ ငါ့ကားကလည်း မနက်ဖြန်တစ်ရက်ပဲအားတယ်။ နောက် နေ့တွေမှာ လိုင်းကားပြန်ဆွဲပေးရ[...] မယ်"

"မနက်ဖြန်တော့ ခရီးမသွားသင့်[...] လို့ပါ။ တစ်ရက်တည်း နောက်ဆုတ်ပေး[...] ပါ"

"ဘာလဲ၊ မင်းရဲ့အကြားအမြင် အရ မနက်ဖြန်သွားရင် ကားပျက်မယ် မြင်လို့လား"

"ကားပျက်တာထက်ဆိုးဝါးနိုင်[...] ပါ"

"မင်းတို့မလိုက်ချင်လည်းနေပေ[...] အခြားလူရှာပြီးသွားဖြစ်အောင်သွားမယ်[...] မင်းအကြားအမြင်ရက်ကောင်းစောင့်[...] အလုပ်ဖြစ်မှာ မဟုတ်ဘူး။ အသုံးမ[...] တဲ့ မင်းအကြားအမြင်ကြောင့် မင်း[...] မစောင့်နိုင်ဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ဗျား ဦး[...] မောင်ကြီးကိုလည်း မသွားစေချင်လို့[...]"

"ငါက ဒါတွေကို အယုံအကြ[...] မရှိဘူး။ တစ်ခါတလေ တိုက်ဆိုင်လို့ မ[...] တာနဲ့ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးမ[...] နဲ့။ ဘာမဟုတ်တဲ့ ပညာလေးကြော[...] အလုပ်ပျက်မခံဘူး။ မင်းတို့ထွက် [...] ရာဇာပဲကွ"

ဦးမောင်ကြီး ဒေါသကြီးပြော[...]



www.burmeseclassic.com

www.burmeseclassic.com

...သွားပါသည်။ ဦးမောင်ကြီးက သူ ...နေရာမရှိအောင်ပြောသွားသည်ကို ...ကောင်းဖြစ်နေခဲ့သည်။ ဦးမောင် ...ကို ခရီးစဉ်သာယာဖြောင့်ဖြူးပါစေ ...ဆုတောင်းရင်း ရင်မောနေပါသည်။

နောက်တစ်နေ့၌ မျှော်လင့်ထား ...အတိုင်း အ,မင်္ဂလာသတင်းကို ...ရသည်။ ဦးမောင်ကြီး၏ကားသည် ...တစ်လုံးတောင်အတက် ဘရိတ် ...ပြီး နောက်ပြန်ကျရာမှ အရှိန် ...နိုင်ဘဲ ချောက်ထဲသို့ကျကာ မီး ...ပြီး ပါသွားသူငါးဦးစလုံး သေဆုံး ...ကြောင်း သိရသည်။ ဦးမောင်ကြီးကိုယ် ... ကျောင်းသို့ လာပြောခြင်းဖြစ်ပြီး ...တင် သတိပေးခဲ့သည်ကို ကျေးဇူး ...တင်ဘဲ ပိုလိုကို တစ်သက်လုံးရန်သူ ...ဖြစ်သတ်မှတ်လိုက်ခြင်းအတွက် စိတ် ...ကောင်းဖြစ်ရပြန်သည်။ ဆရာတော်၏ ...ပနပွဲတော်ရက်အတွင်း ကျောင်းတွင် ...များအထူးစည်ကားလျက် ရှိပါသည်။

တစ်နေ့ အဒေါ် ဒေါ်မြင့် ရောက် ...လာပါသည်။

"မောင်ပိုလို၊ အဒေါ် မနက်ဖြန် ...မင်းဘောကို သွားဖို့ရှိတယ်။ သွားရင် ...ကောင်း၊ မကောင်း လာမေးတာပါ"

"မနက်ဖြန်ဓားပြအဖွဲ့နဲ့တွေ့မယ်။ မသွားပါနဲ့အဒေါ်"

"အေးကွယ်၊ ရွာထဲမှာလည်း မင်း ပြောသမျှမှန်လွန်းလို့ ခရီးသွားရင် မင်း မမေးဘဲ မသွားကြတော့ဘူး။ တစ်ခု တော့ရှိတယ်။ ကားသမားတွေကတော့ မင်းကို မကျေနပ်ကြဘူး။ မင်းဟော တော့ လူတွေကမလိုက်ကြတော့ ကား ထွက်ရက်နည်းနေကြတာကိုး။ သူတို့က ဦးမောင်ကြီးနဲ့ပေါင်းပြီး မင်းကို ကြိမ်းဝါး နေကြတယ်။ ဘာပဲပြောပြော မင်းဟော ရင် မှန်တာချည်းပါကွာ။ မင်းဘကြီးစံ သိန်းလည်း ရွာပြန်ရောက်နေပြီ။ မင်း စကားနားမထောင်မိလို့ မြို့မှာ ဒုက္ခ ရောက်ခဲ့ရပုံကို ပြောပါတယ်"

ဒေါ်မြင့်၏ စကားကြောင့် စိတ် ပျက်မိပါသည်။ မိမိက စေတနာဖြင့် ဟောသော်လည်း အကျိုးစီးပွားကို ထိ ခိုက်သဖြင့် ကားသမားများ၏ ရန်ငြိုးဖွဲ့ ခြင်းကိုခံရသည်။ ဈာပနနောက်ဆုံးနေ့ သည် အစည်ကားဆုံးနေ့ ဖြစ်သည်။ လူ စည်ကားလွန်းသောကြောင့် ပိုလိုသည် ကျောင်းအောက်သို့ပင် မဆင်းဘဲနေခဲ့ သည်။ အချိန်ရသဖြင့် ဘုရားခန်းတွင် တရားမှတ်နေခဲ့သည်။ အာရုံတွင် မိမိကို သတ်ရန် ကြံရွယ်သူကို အာရုံတွင် ပေါ် လာသည်။ ဓားဖြင့်ထိုးရန်ရည်ရွယ်သူ ဖြစ်သော်လည်း မျက်နှာကို သဲကွဲစွာ မတွေ့ရပါ။ ဇရပ်ပျက်အနီးမှ ချောင်း မြောင်းနေကို မြင်ရသည်။ မည်သူဖြစ် မည်ကို သေချာအောင် ကြည့်သော် လည်း ထိုလူကိုမသိသဖြင့် သိချင်နေပါ သည်။ ကားသမားထဲကလည်း ဖြစ်နိုင် သဖြင့် ရင်ဆိုင်ဖြေရှင်းချင်သည်။ မိမိမှာ ကျင့်ကြံအားထုတ်ခဲ့သော စရဏအား ကောင်းနေပြီဖြစ်၍ သူတစ်ပါး၏ လက် ချက်ဖြင့် မသေနိုင်ကြောင်း သိသဖြင့် ရဲရဲတင်းတင်းပင် ကျောင်းအောက်သို့ ဆင်းခဲ့သည်။ ဇရပ်ပျက်ရှိရာနေရာသည် ချောင်ကျသဖြင့် လူပြတ်နေသည်။ ထို နေရာသို့ ရောက်အောင်ထွက်ခဲ့သည်။ ရေတွင်းအနီးတွင်ရပ်၍ ပတ်ဝန်းကျင်ကို လှေ့လာကြည့်နေမိသည်။ ထိုစဉ် ဇရပ် ပေါ်ကလူတစ်ယောက်ဆင်းလာသည်ကို မြင်လိုက်ရသည်။ သူ့ဆီသို့ ဦးတည်၍ လာနေသဖြင့် သူ့ကိုလုပ်ကြံချင်သူ ဖြစ် ရမည်ဟု တွေးမိသည်။

"ဟေ့ကောင် ပိုလို၊ ဒီနေ့ မင်းသေ ရမယ့်နေ့ကွ။ မင်းသေရတော့မယ်ဆို တာကို မင်းကိုယ်တိုင် ကြိုတင်သိမထား လို့ မင်းပညာမစုံသေးပါဘူးကွာ"

အသံကို ကြားဖူးသလို ရှိသော် လည်း လူကိုမသိသဖြင့် ပြန်၍မေးလိုက် ရသည်။

"မင်းဘယ်သူလဲ။ ငါ့ကို ဘာ ကြောင့်သတ်ချင်ရတာလဲ"

"မင်း ငါ့ကိုတောင်မမှတ်မိတော့ ဘူးလား။ ငါ ညိုကြီးလေ"

"ဟေ့ကောင်ညိုကြီး၊ မင်းက ငါ့ကို သတ်ရအောင် မင်းနဲ့ငါဘာရန်ငြိုးရှိလို့ လဲ"

"ရန်ငြိုးရှိတာပေါ့ကွာ။ မင်းညီမ လှလှ ငါ့နောက်လိုက်မယ့်ဆဲဆဲ မင်းက တားလိုက်လို့ လှလှက ငါ့ကိုရှောင်သွား တာ။ နောက်ထပ် လှလှကို စည်းရုံးလို့ မရတော့ဘူး။ ကဲ - ငါ့ကိစ္စမှာ ဝင်ရှုပ်တဲ့ မင်းကို သတ်ချင်နေတာ။ ကဲ - မင်းသေ ပေတော့"

ညိုကြီးသည် လျှို့ဝှက်ယူဆောင် လာသော ဓားမြှောင်ကို ဆွဲထုတ်ကာ ပိုလိုအနီးသို့ ကပ်လာသည်။ ထိုအချိန် လူ (၃) ယောက်က အချိန်မီပြေးလာပြီး ညိုကြီးကို လက်ထိတ်ခတ်လိုက်သည်။ အရပ်ဝတ်နှင့်ဖြစ်၍ ညိုကြီးသတိမထား မိခင် လျင်မြန်စွာ လက်ထိတ်ခတ်လိုက် သဖြင့် ညိုကြီးမှာ လူပ်ရှားရန်ပင် အချိန် မရတော့ဘဲခံလိုက်ရသည်။ ညိုကြီးက လည်း ထိုလူများကို ဒေါသတကြီးနှင့် ပြန်အော်လိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ။ ကျုပ်ကို ဘာလို့ဒီလိုလုပ်တာလဲ။ ကျုပ် မှာ ဘာအပြစ်ရှိလို့လဲ"

လူသုံးဦးအနက် ခေါင်းဆောင် ဖြစ်ဟန်တူသူက ရှင်းပြပါသည်။

"တို့က ပြည်သူ့ရဲတွေပါ။ ညိုကြီး ကို ဓားပြတိုက်မှုနဲ့လိုက်နေတာ ကြာပြီ။ ဒီနေ့မှ သတင်းရလို့ လာဖမ်းတာပါ။ ကဲ- ညိုကြီး စခန်းရောက်မှ ရှင်းပေတော့"

ထိုလူသည် ညိုကြီးကို ပြောပြီး ပိုလိုဘက်သို့ လှည့်၍ ပြောပါသည်။

"ဆရာပိုလို၊ ကျွန်တော်တို့ကို ခွင့် လွှတ်ပါ။ ဒီကောင် ညိုကြီးက ကားလမ်း ဓားပြအဖွဲ့မှာပါခဲ့တဲ့လူဆိုးမို့ ဖမ်းရတာ ပါ။ ဆရာ့ကို အန္တရာယ်ပေးဖို့ ကြိုးစား နေတာ မြင်လို့ ကျွန်တော်တို့ ပြေးလာ ခဲ့တာပါ။ ကျွန်တော်တို့ကို ခွင့်ပြုပါ"

ရဲများက နှုတ်ဆက်ပြီး ထွက်ခွာ သွားကြသည်။ ရဲအဖွဲ့က ညိုကြီးကို ခေါ် ဆောင်သွားသည်ကို ငေးကြည့်ရင်း ပိုလို စိတ်ပျက်နေသည်။ မိမိက သူတစ်ပါး ဒုက္ခရောက်မည်ကိုမြင်၍ စေတနာဖြင့် ပြောမိသည်ကို မကျေနပ်သူရှိသည်။ ညိုကြီးက သတ်ရန်ကြိုးစားသည်။ ကား သမားများကလည်း တစ်နေ့ရန်ရှာကြဦး မည်။ အကြားအမြင်ပညာဖြင့် အများအ ကျိုးကို ဆောင်ရွက်ပေးနိုင်မည်ဟု ထင် ခဲ့သော်လည်း လက်တွေ့တွင် ရန်မီးပွား သူများကြောင့်စိတ်ပျက်ရသည်။ ဘဝိဇ္ဇာ က ကြိုတင်ပြောခဲ့သည့်အတိုင်းပင် ထို ပညာကို စွန့်လွှတ်ရန် အချိန်ရောက်ပြီ ထင်သည်။ ယခုတွေးကြည့်မှ လောက ကြီးတွင် မြင်သမျှကို ကြည့်၍ပြောနေ ခြင်းဖြင့် အကျိုးထူးလာစရာ မရှိပါ။ မိမိ ခန္ဓာကိုယ်တွင် ဖြစ်ပျက်နေသည်ကို မပြတ်ကြည့်နေခြင်းသည်သာ အကျိုးရှိ နိုင်သည်။

ပိုလိုဆုံးဖြတ်ချက်ချလိုက်ပါသည်။ လောက၏ဖြစ်ပျက်နေမှုကို မြင်သော် လည်း မိမိတစ်ဦးတည်းသာသိစေပြီး မည်သူကိုမျှမပြောရန် ဆုံးဖြတ်လိုက်ပါ သည်။ တရားထိုင်ရင်း အာရုံများပေါ် လာတတ်သော်လည်း အာရုံနောက်သို့ မလိုက်တော့ဘဲ ဖြစ်ပျက်ကို မြင်အောင် သာ ဂရုစိုက်ခဲ့ပါသည်။ စွန့်လွှတ်လိုက်မိ သောအာရုံများအတွက် နောင်တရစရာ မရှိတော့ဘဲ ပိုမိုအေးငြိမ်းမှုကို ခံစားနိုင် ပါတော့သည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# မြိုးသစ်

## ဝင့်ကြေးကြမ္မာမရှောင်သာ



* ရေဖောင်ငယ်ပြည့်လျှမ်း၊
သောင်တင်းကျမ်းနှင့်၊
မှည့်ထန်းရွှေညာ၊
ပင်ခတ္တာလည်း၊
ချပ်လွှာသင်းထုံ၊
ညွှန့်သစ်ရုံလို့၊
ရွှေမုံပန်တော်၊
ဆင်တိုင်းပဲလျှော်တော့တယ်။

စာဆို-ဦးဖြေ

www.burmeseclassic.com

www.burmeseclassic.com

တစ်မျှော်တစ်ခေါ်ကျယ်ပြောလှ
ည့် ရေပြင်ဖွေးဖွေးကြီးတွင် သစ်ပင်စု
နှင့် ကိုင်းပင်ဖုတ်တို့မှာ ထိုးထိုး
င်ထောင်။ တာကြီးအပြင်ပိုင်းကမ်း
ာန်းနှင့် ဝန်းကျင်တစ်ခိုမှာ ရေဝင်စ
နေပေပြီ။ မြစ်ရေပြည့်လျှံ၍ ရွာကို
င်လျှင် အနိမ့်ပိုင်း ဂျပန်တံတား
ာတ်တာချိုင့်မှစ၍ ရေကြီးစမြဲ။ ထိုမှ
ည်းဖြည်း ကမ်းနားပိုင်းတစ်ခွင်လုံး
လျှမ်းသွားစေ၏။ ခုလိုရေတက်စ
င်းဥများပေါ်ချိန် ကြွက်ထိုးသမားတို့
စ်စခန်းထကြပေတော့မည်။

ရေလွတ်ရာရေပြင်ထက် တစ်ဝက်
စ်ဖျက်မြင်နေရသော သစ်ပင်များ
တွင် အသိုက်လုပ်နေသည့် သက်ရှိ
ဏ္ဍါလေးများကရှိနေကြသည်။အထူး
ဖြင့် 'ကြွက်'။ အရသာဆိမ့်အီသည့်
င်းဥများကို စားသောက်ပြီး အဆီစု
ဝဖီးနေကြသောကြွက်များအဖို့
အန္တရာယ်အထူပြောဆုံးကာလ။ ကြွက်
ထိုးသမားများရန်နည်းတူ မြွေဆိုးများ
စားသောက်ခံရခြင်း ဘေးနှစ်ရပ်စလုံး
နှင့် ကြုံဆုံနေကြရသည်။ ကိုယ်ခန္ဓာ
ဆူဖြိုးနေသောကြွက်တို့မှာ ကြွက်ထိုး
သမားများနှင့် မြွေဆိုးတို့အကြိုက်။

ကိုစစ်မောင်တစ်ယောက် လှေ
ငယ်တစ်စင်းဖြင့် တကူးတက ကြွက်ထိုး
နေခြင်းမှာ စီးပွားရေးအတွက်ထက်
ဝါသနာအရ လုပ်ကိုင်နေမှုနှင့် ကြွက်
သားကို အာသာပြင်းပြင်းစားလိုခြင်းအ
ကြောင်းခံသည် ဆိုရမည်။ ကိုစစ်မောင်
ကြွက်သားကြိုက်သည်။ ကြိုက်သမှ
တမက်တမောကြိုက်ခြင်းမျိုး။ ချက်ပြုတ်
ကြော်လှော်ကင်နည်းလမ်းအဖုံဖုံ ဟင်း
မည်အားလုံးကို ကြွက်သားဆို မကြိုက်
မရှိ။ ကိုစစ်မောင်၏ မိရိုးဖလာလုပ်ငန်း
က လယ်သမားခြံသမား။ မိုးတွင်းကာလ
အလုပ်ပါးသွားချိန် ကြွက်ထိုးရန်ကိစ္စမှာ
ကိုစစ်မောင်အတွက် အပန်းမကြီးလှ။
ဝါသနာပိုးက အချိန်ရောက်လေတိုင်း
ထလာပြီး ကြွက်မထိုးရမနေနိုင်။ မိဘ
ဆွေမျိုးသားချင်း၊ သားမယား၏ အငြို
ငြင်ခံ၍ ဖွတ်လုပ်နေသူ။ နေ့နေ့ညည
အားလပ်သည့်အခါတိုင်း လှေငယ်တစ်
စင်းနှင့် လက်စွဲတော် မှိန်းနှစ်ချောင်းကိုင်
ကာ ကြွက်လိုက်ပြီးထိုးနေကျ။ ဝယ်စား
လျှင် ရနိုင်လင့်ကစား ကိုယ်တိုင်ထိုးခြင်း
က ပို၍ချိုမြိန်လေသလားမသိ။ ဗုဒ္ဓဘာ
သာတွင် ပါဏာတိပါတကံ သူ့အသက်
သတ်ခြင်းအား ရှောင်ကြဉ်ရာရှောင်ကြဉ်
ကြောင်းမှာ အလေးထားဖွယ် သီလ
တစ်ပါးဟူ၍လည်း သတိမမူ။ ပြောခက်
ဆိုခက် လှော်တွင်းနက်သည့်လူစား။
မိဘစကားကိုပင် လုံးဝနားမဝင်။

"စစ်မောင်၊ မင်းလည်း ငယ်တော့
တာမဟုတ်ဘူး။ သားတွေ၊ သမီးတွေရ
နေပြီပဲ။ အဖေ၊ အမေတွေက ဘုရားနဲ့
တရားနဲ့။ မင်းတစ်ယောက်တည်း
အကုသိုလ်ကောင်း။ ရသတဏှာကို မင်း
ဒါလောက်မခံမင်စမ်းပါနဲ့ကွာ။ တစ်နေ့
ဒုက္ခတွေ့မယ်။ ဘယ့်နှယ်ဗျာ - မြွေ
မကြောက်၊ ကင်းမကြောက်"

သို့နှယ် အဖေလုပ်သူ ဆူမာန်နေ
ပေမယ့် တစ်ခွန်းတစ်ပါဒမျှ ခွန်းတုံ့မပြန်
သော်လည်း သူလုပ်ကျအလုပ် ရှိရင်းစွဲ
သူ့ဝါသနာကိုတော့မစွန့်။ ပြောင်ပြောင်
တင်းတင်းမလုပ်ဝံ့သော်မှ ခိုးကြောင်ခိုး
ဝှက်လုပ်မြဲလုပ်လျက်။ အများအများ
လုပ်နေသဖြင့် သူလည်း အများထဲက
လူသားတစ်ယောက်မို့ ကြီးမားသော





www.burmeseclassic.com

www.burmeseclassic.com

အပြစ်တစ်ခုဟု လုံးဝသူမမြင်။

"ကိုစစ်မောင်၊ စားစရာရှားလွန်းလို့တော်။ ရှင်ပဲ ကြွက်သားဆို အငမ်းမရ အစားကြမ်း၊ လူကြမ်း။ ကျွန်မတို့လည်း ထောသူပါပဲ။ ဒါပေမယ့် စားဖို့နေနေ သာသာ မြင်တာနဲ့ အော်ဂလီဆန်ပြီး အန်ချင်တယ် တကယ်ပဲ"

ဇနီးသည်၏ အပြောကြောင့် သူ ကခပ်ပြုံးပြုံး။

"မင်းမှမကြိုက်ဘဲကိုကွ။ ကြိုက်လိုက်တဲ့အမျိုးသမီးတွေတစ်ပုံကြီး။ တချို့များ ကြွက်သားနဲ့တောင်မလဲဘူးတဲ့။ မင်းတစ်ခါလောက်မြည်းကြည့်ပါလား"

"တော်စမ်းပါ၊ ပြောတာနဲ့ ပျို့ပျို့တက်ချင်လာပြီ။ ရှင့်အတွက် ချက်ပြုတ်ပေးနေရတာပဲ အလွန်ကြီး"

မဲ့ကာရွဲ့ကာပြောနေသည့် ဇနီးသည်ကိုကြည့်၍ ကိုစစ်မောင် တဟားဟား။

တွေးကြည့်ပြန်တော့ ကြွက်ထိုးသမားတို့ဘဝမှာလည်း အန္တရာယ်မကင်းလှ။ ကြွက်ကိုအာရုံပြု၍ထိုးနေရသည့်တိုင် အသိုက်ထဲနှင့် သစ်ပင်ပေါ်မှ မြွေဆိုးများရန်က တစ်မျောင့်။ မြွေကို ကြွက်အမှတ်ဖြင့် ထိုးလိုက်မိသောမှိန်းချက်ကြောင့် မှိန်းရိုးကို ခွေပတ်ဆင်းလာပြီး အန္တရာယ်ပြုသည့်အခါ လှေငယ်ပေါ်တွင် မရှောင်သာမတိမ်းသာ။ အချို့မြွေများကလည်း လှေသံ၊လူသံကြောင့် သစ်ပင်ပေါ်မှဖြုတ်ချကာ ဒုက္ခပေးတတ်ပြန်၏။ တစ်နှစ်တစ်နှစ် ကြွက်ထိုးသမားတို့ မြွေကိုက်ခံရသူပင် နှစ်ဦး၊ သုံးဦးထက်မနည်း။ ထို့အကြောင်းကြောင့် ကြွက်ထိုးသမားများ လှေဖြင့်ကြွက်ထိုးသည့်အခါ ကြွက်သိုက်အောက်တည့်တည့်မှမထိုးဘဲ စွေစွေစောင်းစောင်းမှထိုးခြင်းက မြွေအန္တရာယ်ကာကွယ်မှုတစ်ခု။ ထိုးသည့်မှိန်းရိုးကို ဝါးကျစ်ဖြင့်ရှည်ရှည်လျားလျားလုပ်ထားရသည့်အပြင် ထိုးပြီးပြီးချင်း ထိုးမိသည့်သတ္တဝါကို မှိန်းနှင့်အတူဝှေ့ဝဲကာ လှေဝမ်းအပြင် လွှဲထုတ်လိုက်ရသည်။ ကြွက်ထိုးသမားများအဖို့ အန္တရာယ်မှာ လက်တစ်ကမ်းသာသာ။ ဝမ်းစာရေး သို့မဟုတ် အစားတစ်လုတ်အတွက် အသက်အန္တရာယ်ထိပါးလာနိုင်ခြင်းကို မပြတ်သတိထားနိုင်မှတန်ရုံ။ မလွယ်ပါဘဲလား။ လူကြီးသူမများပြောလေ့ပြောထရှိသော ရှေးစကားအရ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဆိုသည်မှာ ဒါမျိုးထင်ပ့ါ။

*

နေပင်အတော်စောင်းခဲ့ပြီ။

အချိန်ကုန်သလောက် သူမှာ တွက်ခြေမကိုက်။ ယနေ့အဖို့ ကိုစစ်မောင် ရောင်းနိုင်ဖို့အသာထား သူစားရန်ပင် လုံလုံလောက်လောက်မရှိတတ်သဖြင့် လှေတစ်စင်းနှင့် သစ်ပင်စုများရှိရာ တဝဲလည်လည်။ အပင်တွေက မအူ၊ သရက်နှင့် ကုက္ကိုများပေမည်။ ကြွက်ထိုးသမားများကြောင့် ကြွက်ရှားနေလေသလားမသိ။ သစ်ပင်အုပ်တွေ့သည့်တိုင် ကြွက်တစ်ကောင်တစ်မြီးမှမမြင်။ လှေကိုရေသံမကြားစေရန် လှော်ခတ်ရင်း တစ်ဖက်သစ်ပင်စုသို့ပြောင်းမည့်ဆဲဆဲ သူနားစွင့်မိသည်။ သူ့နားထဲသို့ လှုပ်ရှားသံတစ်ခုကတိုးဝင်လာသဖြင့် အတွေ့အကြုံအရ ယဉ်ပါးနေသည်မို့ အသံကြားရာဆီ လှေဦးကိုအသာလှည့်၍ ယက်ခတ်လိုက်၏။ သစ်ပင်ထက်ကို လှမ်းကြည့်လိုက်သော်လည်း လုံးဝမမြင်။ ချိုးချိုးချွတ်ချွတ်သံမျှပင် မကြားရလေအောင် လှေကိုထိန်းပြီး သစ်ပင်ပေါ် မော့ကြည့်ကာရှာဖွေနေမိသည်။

"ဟာ - နည်းတဲ့ကြွက်ကြီးမဟုတ်ဘူး"

သူ အံ့သြသွားသည်မှာ အမှန်။ အလုံးအထည်ကြီးမားလှသည့် ဒီလိုအကောင်ကြီးကြွက်မျိုးကို ကြွက်ထိုးလာခဲ့သောသက်တမ်းတစ်လျှောက် မတွေ့ဘူးခဲ့။ အရွယ်အစားမှာ ကြောင်မတစ်ကောင်နီးနီး။ ကြွက်ကြီးက သစ်ကိုင်းပေါ်တွင် တစ်ခုခုစားနေသယောင်တမြုံ့မြုံ့စားနေသော်လည်း တဒုတ်ဒုတ်အသံမြည်နေသည့်အတွက် မြင်ရခြင်းပါ။

ကိုစစ်မောင် စိတ်ရှည်လက်ရှည်စောင့်နေစဉ် ကြွက်ကြီးက အကိုင်းခွသစ်ရွက်နောက်ဝင်သွားခဲ့သည်။ သစ်ရွက်များ ဝိုင်းစုနေခဲ့သည့်အသိုက်ကို ဖြုန်းစားမြင်တွေ့ရန် မလွယ်ပါ။ ကြွက်ကြီးက အသိုက်တွင်းမဝင်ဘဲ အသိုက်ဘေးမှာရပ်နေမှန်း သစ်ရွက်ကြားမှထွက်နေသောအမြီးကို မြင်ရုံဖြင့် ခန့်မှန်းနိုင်၏။ ကိုစစ်မောင်က အသိုက်ထဲဝင်မှ အပိုင်ထိုးမည့်အစီအစဉ်ရှိပေမယ့် ကြွက်က မလှုပ်မယှက်။ ကိုစစ်မောင်အနေနှင့် မနက်ပိုင်း သမီးဖြစ်သူ ကျောင်းမသွားခင်က မှာလိုက်သည့်စကားကို ကြားယောင်လာ၏။

"အဖေ၊ သမီးကို ကျောင်းစိမ်းလုံချည်ဝယ်ပေးပါ။ နှစ်ထည်တည်းဆိုတော့ ထည်ဝတ်ထည်လဲမရဘူး အဖေရဲ့"

အပျိုဖြန်းသမီးလေးက သိတတ် ပြီး မပူဆာလင့်ကစား မိဘကသိသိတတ် တတ်ဝယ်ပေးနေကျ။ မိုးတွင်းဆိုသည် က လယ်သမားအတွက် အပတ်မလည် တတ်သေး။ ယမန်နှစ်က စပါးတွေ ပျက်စီးပြီး (မျိုးထားဖို့ပင်အနိုင်နိုင်) စပါး ထွက်မကောင်းသဖြင့် ရွှေတိုရွှေစလေး များကို ပေါင်နှံခဲ့ရသည်။ ဒီကြွက်ရလျှင် သမီးအတွက် အဆင်ပြေလောက်မည်။ ကိုစစ်မောင် စဉ်းစားမနေတော့။ မှိန်း ကိုယူကာ အသင့်ပြင်လိုက်၏။

ကြွက်ကြီး သစ်ပင်ပေါ်ငြိမ်ချ သားကောင်းနေခိုက် ကိုစစ်မောင် ခပ်စောင်းစောင်းမှ ချိန်ဆပြီး အသိုက် ဘေး ကြွက်ကြီးရှိရာသို့ ထိုးအားပြင်း ပြင်းနှင့် ထိုးလိုက်သည်။ စီးစီးပိုင်ပိုင် ထိထိမိမိ ထိုးချက်တစ်ခုပါ။ ထိချက် လည်း သေးမည်မဟုတ်။ မကြည့်ဘဲနှင့် သိပြီးသား။ ဖြုန်းစားကြောက်ခမန်းလိ စူးစူးဝါးဝါးအော်သံကြီးမှာ ဝန်းကျင်တ ဝိုက်ညံသွားတော့သည်။ အခြားကြွက် တို့ကို ထိုးခဲ့ပေါင်းများပါပြီ။ ကျွိကျွိမြည် သံသာသာ။ အချို့မှာ အော်ပင်မအော် နိုင်။ ခုကောင်မှာ ကြီးလည်းကြီး၊ ထိုး သည်က သေကွင်းသေကွက်မဟုတ် အမိကမကျသော ညာပေါင်ကို ထုတ် ချင်းခတ်သွားသဖြင့် အော်နေသည့်အ မှာ ပွတ်သောညံလျက်။ တခွီးခွီးနှင့် တွ လိမ်ရုန်းကန်နေဆဲတွင် မြင်ရသည် ထိတ်လန့်စရာ။

ဗရုန်းဗရင်းဖြစ်နေချိန်တွင် ကြွ တစ်ကောင်က အသိုက်မှထွက်၍ အ ထိပ်တက်သွားသည်။ လက်စသတ်တော့ အသိုက်ထဲက ကြွက်မကို စောင့်ရှောက် နေသောကြွက်ထီးကြီးကို ထိုးမိခြင်း လား။အသိုက်ထဲတွင် ကြွက်ကလေးများ ရှိနိုင်သေးသည်။ ကြွက်ကြီးကို လှေဘ ဆီသို့ မှိန်းအရိုးအား လှည့်အယူတွင် တွေ့ရာမြင်ရာများကို ဒေါသတ တဂျစ်ဂျစ်ကိုက်နေပြန်၏။ သို့နှ ဒေါသထန်သောကြွက်မျိုးအား မတွေ့ စဖူးမို့ ကိုစစ်မောင်မှာ ဘာလုပ်၍ဘ ကိုင်ရမည်မသိ။ မှိန်းနှင့်ထိုးခဲ့ပြီးမှတော့ မတတ်နိုင်ပါ။ ရေတွင်နှစ်ထားရန် အ ပေါ်လာ၍ရေပြင်သို့ရွှေ့ယူလိုက်မိသည်

မှိန်းတွင် အထစ်တစ်ထစ်ပါသော ကြောင့် လွတ်မထွက်တန်ကော ဟူသည့်အတွေးမှာ တက်တတ် အောင်လွဲခဲ့ရပြီ။ ဆောင့်ဆောင့် ကြောင့် မှိန်းတံကျွတ်ထွက်သွား၍ ထဲ အလျင်အမြန် ကူးခပ်ကာ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့တက်သွားသည်။ မြန်ဆန်လွန်းသဖြင့် အမီလိုက်ရန်မလွယ်။ ကိုစစ်မောင်မှာ ပါးစပ်အဟောင်းသား။ မမီတမ်းနိုင်သောသစ်ကိုင်းထက်ဆီမှ စိုက်စိုက်မတ်မတ်သူ့ကိုကြည့်နေသည့် ကြွက်ကြီး။ သူ့ကိုယ်တွင် သွေးတို့က တစက်စက်။ ကိုစစ်မောင်အဖို့ မိပြီးခါမှ လွတ်သွားရသည့်အတွက် မခံချင်စိတ်တို့မှာ တဖွားဖွားပေါ်လာသည်။

"တောက် - ညံ့လိုက်တဲ့ငါ။ မှိန်းတစ်ချောင်းအပိုရှိနေသေးတာ သင်းကိုထိုးရင် ဟင်း - သင်းဘာခံနိုင်မလဲ သေပြီပေါ့။ ခုတော့"

ကိုစစ်မောင် တောက်တခေါက်ခေါက်နှင့် လွတ်သည့်ငါးကြီးနေသလိုမျိုး မချင့်မရဲဖြစ်နေရှာသည်။ လှေပြန်မထွက်မီ လှေဦးလှည့်၍ သစ်ပင်ပေါ်က ကြွက်ကြီးကို အနီးကပ်တစ်ခါထပ်ကြည့်မိ၏။ ကြွက်ကြီးမှာ မျက်နှာမလွှဲဖယ်သေး။ သူ့ကိုစူးစူးဝါးဝါးကြည့်နေဆဲ။ သူ့အကြည့်မှာ ခါးသီးမုန်းတီးနေသောဟန်ပန်၊ စက်ဆုပ်နေသည့်ပုံပန်း။ ဒေါသခိုးများ ဆူဝေနေသဖြင့် သွားစွယ်များမြင်သာသည်အထိ သွားကြီးကိုဖြဲကာ ရန်ပြုချင်သောအသွင်။ တိရစ္ဆာန်တစ်ကောင်ဟု သိနေသည့်တိုင် သူ့အကြည့်က ရင်တွင်းဖောက်ဝင်သွားမတတ် ပြင်းထန်းရှလှပါဘိ။ ကိုစစ်မောင် စိုးထိတ်မှုကြောင့်ပေလားမသိ။ တစ်ခုခုကိုကြောက်ရွံ့စိတ်များဝင်လာပြီး လှေကို ရှာဘက်သို့ဦးလှည့်ကာ သုတ်သုတ်ကလေးလှော်ခဲ့သည်။ အချိန်မှာ နေဝင်ဖျိုးဖျ။

⁂

အိမ်အပြန်တစ်လမ်းလုံးတွင်လည်း ကြွက်ကြီးကို မြင်ယောင်နေမိသည်။

ကြွက်ကြီး၏ စူးရဲခက်ထန်သောအကြည့်က သူ့ကိုလှန့်ခြောက်နေလေသလား မပြောတတ်။ တစ်ကိုယ်လုံး ရေတွေစိုရွှဲလျက်ရှိသည့်နည်းတူ သွေးတို့ကစက်လက်။ နီကြောင်ကြောင်မျက်စိအစုံနှင့်ပြူးဝိုင်းပြီးကြည့်နေသောအကြည့်ကို သူမေ့မရ။ အားမတန်၍ မာန်လျှော့လိုက်ရသော်မှ ဖြစ်နိုင်ပါက ကုတ်ခြစ်ကိုက်ဖဲ့ပစ်မည့်အနေအထား။ သူ့အကြည့်ကြောင့် ယောက်ျားကြီးတန်မဲ့ကျောထဲစိမ့်သွားမိသည်။ ရင်ထဲတွင် ကြောက်စိတ်နှင့်အတူ စိုးရိမ်စိတ်ကလေးဝင်လာခဲ့၏။

'ငါဘာတွေသူ့ရဲဘောကြောင်နေမိပါလိမ့်။ ဘာစိုးရိမ်ရမှာလဲ'

သူ့အတွေးထဲမှ မေးခွန်းအတွက် တကယ်တမ်း ရေရေရာရာအဖြေမရှိသေး။ အိမ်ပြန်ရောက်ခဲ့သည့်တိုင် သူ့အမူအရာက ကြောင်စီစီ ငေါင်ငေါင်ငူငူမို့ ဇနီးသည်ကပင် တအံ့တသြ။ စကားတဖောင်ဖောင်ပြောတတ်သူတစ်ဦးအဖို့ နှုတ်ဆိတ်သွားသဖြင့် ထူးထူးဆန်းဆန်းဟုပြောရမည်။ ကိုစစ်မောင်တစ်ယောက် အိပ်သည်အထိ ညနေပိုင်းမှအဖြစ်ကတရစ်ဝဲဝဲကပ်ငြိပါလာတုန်း။ စဉ်းစားခြင်းအမျှင်တန်းလန်းများဖြင့် တော်တော်နှင့်အိပ်မပျော်။

⁂

ကိုစစ်မောင်လှေလေးမှာ တလူးလူးလှုပ်။ နေဝင်ခါနီးမို့ အလင်းရောင်ကအားနည်းသွားပေပြီ။ သစ်ပင်တစ်ပင်အောက်တွင် ကိုစစ်မောင် မှိန်းကိုအသင့်ကိုင်၍ မြင်တွေ့နေရသည့် ကြွက်သိုက်ကို ချိန်ရွယ်နေဆဲ။ မိမိရရထိုးလိုက်ပြီး မှိန်းကို ဆွဲယူခဲ့ရာ ကြွက်အစား ပါလာသည်က မြွေတစ်ကောင်။ မြွေက မှိန်းကိုမလွှတ်တမ်း ရစ်ပတ်ထားသဖြင့် ကိုစစ်မောင် ရေတွင်နှစ်လိုက်သည်။ ရေထဲတွင် မြွေမှာ တဝုန်းဝုန်းနှင့် လူးလူးလွန့်လွန့်။ မှိန်းကိုင်ထားသည့် ကိုစစ်မောင်မှာ အမောတကော မျက်လုံးပြူးမျက်ဆန်ပြူး။

"ဘုရား ဘုရား၊ ကံကောင်းလို့ပါလား"

ကိုစစ်မောင်အတွေးနှင့်အတူ ဟူးခနဲ သက်ပြင်းကြီးချလိုက်၏။ ထိုစဉ် သစ်ရွက်သစ်ကိုင်းများကျိုးပဲ့သံနှင့်အတူ မြွေကြီးတစ်ကောင်က သစ်ပင်ထက်မှ သူ့အပေါ် တည့်တည့်ပြုတ်ကျလာပြန်သည်။ မြွေကြီးက မှိန်းကိုင်ထားသည့် လက်နှင့်ကိုယ်ကို ရစ်ပတ်ထားသည့်အတွက် လုံးဝမလှုပ်သာ။ မြွေကြီး၏ရစ်



ပတ်မှုကို ကျန်လက်ဖြင့် ဆွဲဖြေရန် ကြိုးစားသည့်တိုင် မလွယ်။ မြွေ၏ လုံးပတ်က ကြီးသည့်အပြင် အလျားကလည်း ရှည်သည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ တင်းရင်းသည့်ညစ်အားကြောင့် အသက်ရှူပင်ကျပ်လာသလိုလို။ ရင်တွင်းလည်း ဆို့ပိတ်ပြီး ပေါက်ကွဲလုမတတ်။ မျက်စိများပြာဝေကာ ရုန်းကန်အားမရှိတော့ပေ။ ထိုအခိုက် မြွေခေါင်းကြီးက ထောင်ထလာပြီး ကြီးမားသည့် ပါးပျဉ်းခွက်နှင့် ပါးစပ်မှာဟလျက် ချွန်ထက်ရှည်လျားသောအစွယ်များကို မြင်နေရသည်။ မြွေကြီးကပေါက်ရန်အရှိန်ယူလိုက်ရာ လွတ်နေသောလက်ဖြင့်ကာကွယ်သော်လည်း မလုံခြုံနိုင်။ မြွေခေါင်းကြီးမှာ တလှုပ်လှုပ်တယမ်းယမ်း။အနီးရောက်လာသောအခါ မြွေခေါင်းမဟုတ်တော့။ ကြွက်ခေါင်းကြီးအဖြစ် ပြောင်းလဲသွားသည်။ ဒေါသတကြီးဖြစ်နေသည့် ကြွက်ကြီးက လည်ပင်းကို တအားကုန်ကိုက်ခဲလိုက်သည်တွင် ပြင်းပြင်းထန်ထန်နာကျင်မှုနှင့် ကျယ်လောင်စွာအော်ဟစ်ခြင်းမှာ တစ်ပြိုင်တည်းဖြစ်သွားစေ၏။

"ကိုစစ်မောင်၊ ကိုစစ်မောင်ဘာဖြစ်လို့လဲ"

အိပ်ရာမှ အလန့်တကြား နိုးထလာစဉ် စိုးရိမ်ပူပန်မှုနှင့် မေးနေသူမှာ ဇနီးသည် မတင်မြိုင်။ သူအိပ်မက်မက်နေခြင်းပါလား။ ရင်ထဲမှာ မောဟိုက်ကြောက်လန့်ခြင်းတို့ဖြင့် လှိုက်ဖိုနေဆဲ။ တစ်ကိုယ်လုံး ချွေးစေးများပြန်လျက်။

"ငါအိပ်မက်မက်နေတာပါကွာ"

"အိပ်မက်မက်တယ်သာဆိုတယ် ထအော်တဲ့အသံကြီးက မထိတ်သာမလန့်သာ။ တကတဲ - အသည်းထိတ်စရာကြီးပါတော်"

ဇနီးသည်၏စကားကို ပြန်မပြောအား၊ ရေတစ်ခွက်ထသောက်လိုက်မှ ပူလောင်နေ့သောရင်မှာ အေးမြသွားစေသည်။ စွဲလမ်းမှုဆိုသည်ကအခက်သား။ ယမန်နေ့ကအဖြစ်များမှာ သူ့အတွက် တစ်သက်မေ့မရ။ အိပ်မက်ထဲအထိ ကြွက်ကြီး ပါလာသည်။ ကိုစစ်မောင် ယောင်ယမ်း၍ ကိုယ့်လည်ပင်းကိုယ်စမ်းကြည့်မိသည်ကပင် တကယ်လေလားဟူသော စိုးရိမ်စိတ်။ ကိုစစ်မောင် စိတ်ပျက်လက်ပျက် ခေါင်းကိုကုတ်ဖွမိ၏။

⁂

"အေး - အဖြစ်ကတော့ အဲဒီအတိုင်းပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုစစ်မောင် ဇနီးသည်မတင်မြိုင်ကို ဇာတ်လမ်းကုန်စင် ပြောပြလိုက်သည်။

"အဲဒါကြောင့် ကျွန်မပြောတယ် မဟုတ်လား။ အကောင်အလျောင်တွေ သတ်ရင် ငရဲကြီးတာကတစ်မျိုး။ သူတို့မှာ သားတစ်ကွဲ၊မယားတစ်ကွဲဝင့်လိုက်မှာကိုလည်း ကြောက်စရာမဟုတ်လား။ အဖေ၊အမေနဲ့ကျွန်မတို့တစ်တွေမကြိုက်တဲ့ဒီအလုပ်ကြီးမလုပ်ပါနဲ့လားရှင်။ကျွန်မ တောင်းပန်ပါတယ်"

"အေးပါကွာ၊ ငါလည်း နောင်တရပါပြီ မလုပ်တော့ပါဘူး။ လှေကိုလည်း ရောင်းပစ်လိုက်မယ်။ သမီးကို ကျောင်းစိမ်းလုံချည်ဝယ်ပေးရမှာကွ"

ထိုနေ့မှစ၍ ကိုစစ်မောင်မှာ ယခင် ကိုစစ်မောင် မဟုတ်တော့။

"ကိုစစ်မောင်၊ ကြွက်ထိုးမသွားဘူးလား"

"အေးကွာ၊ စိတ်မပါတော့လို့ မသွားတော့ဘူးဟေ့"

သို့နှယ် ကိုစစ်မောင်၏အပြောင်းအလဲကို အဖြစ်မှန်မသိသေးသော သူစိမ်းတစ်ရံဆံများက အံ့ဩဘနန်း။ မိဘမောင်နှမများ၊ ဇနီးနှင့် သားသမီးနှစ်ယောက်အဖို့ စိတ်နှလုံးအေးချမ်းသွားခဲ့ရပါပြီ။

*

ကိုစစ်မောင် ထိုနေ့က သူ့အဖေအိမ်နောက် မီးဖိုဆောင်ကို ပြန်ရန်နှင့် သူ့တင်းကုပ်အသစ်ပြန်ဆောက်ရန် ဝါးသွားခုတ်ရမည်။ စောစောစီးစီးကတည်းက ဇနီးသည်ပေါင်းပေးသည့် ကောက်ညှင်းချိပ်နှင့် ငါးကြော်ကို စားပြီးခဲ့ပေပြီ။ အဖေ့ဝါးခြံက ကျူတနော်တွင်ရှိသဖြင့် အဖေ့အတွက် လှည်းတစ်စီး၊ သူ့အတွက် လှည်းနှစ်စီးလိုမည်ဖြစ်၍ အစ်ကိုလှည်းကို ငှားလာခဲ့ရပါသည်။ ဝါးခုတ်ရန်အတွက် အဖေ့သူရင်းငှားနှစ်ယောက်နှင့် သူ့ညီတစ်ယောက်လိုက်မည် ဖြစ်သည်။

လှည်းများက နံနက် (၅) နာရီထွက်မှ အပြန်အချိန်ကောင်းရောက်နိုင်မည်။ ရွာမှ စောစောပင်ထွက်ခဲ့ပြီး ကျူတနော်အရောက်တွင် လိုအပ်သည့်ဝါးများ မြန်မြန်ဆန်ဆန်ခုတ်ခဲ့ရာ ဦးဆုံးအဖေ့အတွက် တစ်စီးရသွားပေပြီ။ သူ့အတွက် ဝါးယားနှင့် ဆိမ်းထူးများ လုံလုံလောက်လောက်ရသွားသည့်တိုင် ဝါးနက်ဝါးမပြည့်စုံတတ်သေးပါ။ ဝါးပိုးဝါးက အပင်အုံထဲတွင် ညပ်မနေစေရန် ခုတ်ပြီးနောက် ဆွဲပြေးရ၏။ သို့မှသာ ရှောရှောရှူရှူ သယ်ပိုးယူဆောင်နိုင်မည်။ ဝါးနက်မှာ တစ်မျိုးတစ်ဘာသာ။ အကိုင်းအခက်များသဖြင့် အားစိုက်ပြီး တဖြည်းဖြည်းဆောင့်ဆွဲရသည်။ ဆွဲပါများသောအခါ ဝါးရုံအတွင်းမှထွက်လာသည့်အနေအထားတွင် ဘေးကိုင်းများ ရှင်းရပေတော့မည်။ ဝါးပိုးက ဘေးကိုင်းသေးသဖြင့် ရှင်းရာတွင်လည်း လွယ်ကူသည်။ ဝါးက လှည်းနှစ်စီးရနေလင့်ကစား ဝါးနက်ဝါးမှာ မပြည့်တတ်သေး။

'ဒီကောင်တွေ ဘာကြောင့်များ ကြာနေပါလိမ့်'

ကိုစစ်မောင်၏ညီတစ်ယောက်နှင့် သူရင်းငှားနှစ်ယောက်တို့ ဝါးနက်ဝါးခုတ်နေသည်မှာ ကြာလှပါပကော။ ကိုစစ်မောင် နောက်ကလိုက်သွားရာ ဝါးနက်ရုံများက မခုတ်သည်မှာ ကြာပြီဖြစ်၍ တောထနေသဖြင့် ဆွဲရန်မလွယ်။ အပြင်ဘက်မှ ဝါးတို့က နုလွန်းလှ၍ နှစ်ပေါက်အောင်ခံမည့်ဝါးများ မဟုတ်ပါလေ။ သူတို့ခုတ်နေသည့်ဝါးများက ရင့်သော်လည်း အ တွင်းပိုင်းကျနေသောကြောင့် ဆွဲရခက်၏။ သူတို့ဘေးတွင် ဝါး ပုံတစ်ပုံ။ ယခုဆွဲနေသော ဝါးများရလျှင် လှည်းတစ်စီးက ပြည့်လောက်ပေပြီ။

ကိုစစ်မောင် မနေသာ ဝင်ကူဆွဲပေးရသည်တွင် တစ်ဦးအတွက် အဆင်ပြေသွားသည်။ တစ်ဦးရှင်းနေခိုက် နောက်တစ်ဦးကို ဆက်ဆွဲပေးရာ ဝါးရုံပြင်ရောက်သွား၏။ တစ်ဦးလည်းအဆင်ပြေသွားပြန်သည်။ ပြီးစီးရန်မလိုတော့ပါ။ ဝါးတောထဲတွင် ကျန်နေသူတစ်ဦးမှာ သူ့ညီတစ်ယောက်တည်း။ သူခုတ်ထားသည့်ဝါးက အတွင်းသို့ရောက်လွန်းသည်။

"ငါဆွဲပေးမယ် ညီလေး၊ မင်းက ထစ်ခံနေမယ့်အကိုင်းတွေ မိသမျှ ခုတ်ပေးကွာ"

ကိုယ့်ဘက်သို့ ကိုစစ်မောင်က အားနှင့်ဆောင့်ဆွဲနေစဉ် သူ့ညီက အကိုင်းတွေရှင်းနေဆဲ။ မမျှော်လင့်ဘဲ ဝါးလုံးက ဆွဲရာသို့ အားဖြင့်စိုက်ဆင်းသွား၍ စောင်းခုတ်ထားသည့်ဝါးလုံးမှာ ကို စစ်မောင်ကိုယ်ခန္ဓာပေါ် စူးနစ်သွားသည်။ အကိုင်းများနှင့် ဝါးအလေးချိန်မှာမသေးလှ။

"အား"

ကိုစစ်မောင်၏အသံနက်ကြီးနှင့် အော်သံမှာ ကျယ်ကျယ်လောင်လောင်

*

ကိုစစ်မောင်ကို ဆေးရုံတင်ပြီး ကုသရသည်မှာ တစ်လကျော်ကျော် နှစ်လနီးနီး။ အလုပ်ပျက်အကိုင်ပျက် ကုန်လိုက်သည့်ငွေကလည်း မဆံ့ရှင် ကန်။

"ကျုပ်ခြေထောက်တစ်ဖက်ဆာ တာတာဖြစ်နေတာ အဲဒီဝါးပင်ဆွဲမိလို့ ပေါ့။ ဖြစ်စမှာ တစ်ချိန်တုန်းက မှိန်း ထိုးမိပြီး ကျုပ်ကို လှန့်ခြောက်နေတဲ့ ကြွက်ကြီးသတိရလိုက်တယ်။ ကြွက်ကြီး ထိုးမိတာလည်း ညာဘက်ပေါင်၊ ကျုပ် ဖြစ်ခဲ့တာလည်း ညာဘက်ပဲ။ တိုက်ဆိုင် တယ်ပဲပြောပြော ကျုပ်မှာ ဥပါဒါန်အစွဲ အလမ်းရှိတာတော့ အမှန်ပါပဲ။ မြတ် ဘုရားဗုဒ္ဓတောင်မှ ဝိပါက်တော်ဆယ် နှစ်ပါးခံခဲ့ရတယ်လို့ အပါဒါန်အဋ္ဌကထာ မှာ ဆိုထားတယ်။ ကျုပ်တို့လို သာမန် ပုထုဇဉ်တစ်ယောက်အဖို့ ပိုဆိုးတာပေါ့ ပြုမိတဲ့ အကုသိုလ်ဟာ နွားနောက်ကို လှည်းဘီးလိုက်သလို သံသရာမဆိုင်း ခံရတတ်တယ်။ ဒါကြောင့် နှစ်တိုင်း အလုပ်အကိုင်နည်းတဲ့ သီတင်းကျွတ်လ တရားစခန်းပွဲဝင်နေတယ်လေ။ နို့-ဒကာ ကြီးက တန်ခူးလမှဝင်မှာဆို။ အခုဘာ ကိစ္စလာတာလဲ"

"မှန်ပါ့၊ အဲဒီကျမှ အားပါတယ် ဘုရား။ ဒါပေမယ့် တပည့်တော်က ဒီ ကျောင်းရဲ့ဂေါပကတစ်ယောက်မို့ တရား စခန်းရက် နံနက်ပိုင်းလာပေးနေရတာ ပါ။ လိုတာရှိလည်း မိန့်ကြားပါဘုရား ဆောင်ရွက်ပေးပါ့မယ်"

"မလိုပါဘူးကွယ်၊ အားလုံးပြည့်စုံ ပါတယ်။ သာဓု၊ သာဓု၊ သာဓု သွားမယ် နော်"

ပြောရင်းဆိုရင်း ကိုစစ်မောင် တစ်ဖြစ်လဲ ဦးစန္ဒိမာဘွဲ့ခံ ဒုလ္လဘ ရဟန်းကြီးမှာ သီတင်းသုံးရာ သိမ် ကျောင်းသို့ တရွေ့ရွေ့ထွက်ခွာသွားပါ သည်။

ဗုဒ္ဓဘာသာဝင်များအနေနှင့် ဝိပါ ကဝင့်ဆိုသည် ကြောက်စရာပါပဲလား။

*(ကာယကံရှင်များ၏အမည်နာမ လွှဲပြောင်းရေးသားထားပါသည်။)*

*သဒ္ဒိသံ ပါက် ဇရော်*

မျိုးသစ်

www.burmeseclassic.com

ကျွန်မနှင့် ဒေါ်ခင်စံသည် အိမ်နီး ...ည်းဖြစ်၊ ခမ္မမိတ်ဆွေများလည်း ...သည်။ ကျွန်မတို့အိမ်သို့ ဒေါ်ခင်စံ ...ခဏ ရောက်လာတတ်သည်။ ...သောအားဖြင့် သူ့မြေးအကြီးလေး ...ကျောင်းသို့သွားလျှင် နေ့လယ်ခင်း စား ...များ ချိုင့်နှင့်သယ်လာကာ ထမင်း ...လာစားလေ့ရှိသည်။ ကျွန်မတို့ ...စုများ ထမင်းဝိုင်းစားရင်းပြောကြ ...ကြ စည်သံဝေနေပုံကြည့်ပြီး ပြုံး၍ ...ကြည့်နေလေ့ရှိသည်။

"မမြဇင်ရေ၊ ရှင်ကတော့ ရေးဆု ...ကောင်းလည်းကောင်း၊ အခုဘဝမှာ ...ည်း ဝဋ်ကြွေးကင်းလို့ ဒီလိုမိသားစု ...ရုံး ပျော်ပျော်ရွှင်ရွှင်နေခွင့်ရတာ ...တဲ့ကုသိုလ်မဟုတ်ဘူး"

"ဟင် -. အစ်မကလည်း၊ သူ့မှာ ...ည်း မိသားစုမရှိတာကြနေတာဘဲ"

"မိသားစုရှိတာ မှန်တယ်လေ။ ဘယ်မှာလဲ တစ်မိုးအောက်မှာ ပျော်ပျော်ရွှင်ရွှင် အတူတူနေခွင့်ရလို့လဲ။ မိသားစုထမင်းလက်ဆုံစားရကိန်းမကြုံတာ နှစ်ပေါင်းဆယ်ချီတော့မယ်"

ပြောရင်း ဒေါ်ခင်စံတစ်ယောက် စကားသံများ တိုးတိမ်သွားရသည်။ သူပြောမှ သူ့မိသားစုအနေအထားကို သတိထားမိသည်။ ဒေါ်ခင်စံနှင့် သမီးကြီးကမွေးသော သား မြေးကြီးနှင့်အတူ နေသည်။ မြေးကလည်း ကျောင်းနှင့်ကျူရှင် အချိန်ကုန်နေသူ ဖြစ်သည်။ သေသေချာချာ ပြန်စဉ်းစားကြည့်ပါက ဒေါ်ခင်စံ၏ ယောကျ်ားကလည်း ကျန်းမာရေးချူချာသဖြင့် ဒုလ္လဘရဟန်းဘဝကနေမထွက်တာ (၇) ဝါမျှရှိပြီ။ သမီးကြီးကလည်း အိမ်ထောင်နှင့်ကွဲလာ၊ အကြီးကောင်က ဒေါ်ခင်စံနှင့်နေသည်။ အငယ်ကောင်ကို ယောကျ်ားဘက်က သားသမီးမရှိသော အစ်ကိုလင်မယားက ခေါ်မွေးထားသည်။ သမီးဖြစ်သူ၏ ကုမ္ပဏီအလုပ်ကလည်း အဆောက်အအုံပြုပြင်တာဖြစ်၍ အလုပ်လက်ခံရာ နယ်တွေဆင်းရသဖြင့် တစ်လမှာ တစ်ပတ်ပင်မပြည့် အိမ်မှာနေရသည် မရှိ။ သူ့သားကျောင်းစရိတ်အတွက် နေ့မနား ညမနား ရှာဖွေနေရသည်။ ဒါတောင် မြေးကြီးကို ဒေါ်ခင်စံက စောင့်ရှောက်ပေးထား၍သာ။

ဒေါ်ခင်စံမှာ သားတစ်ဦးရှိသည်။ သမီးရဲ့အောက် အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်ဖြင့်နေသည်။ သင်္ဘောသားမို့ ခရီးဝေးသွားနေရတာက များသည်။ ဒေါ်ခင်စံတို့ မိသားစုအဖြစ်က ရှင်လျက်နှင့် မိသားစုတွေ ဝေးကွာနေရသည်၊ အထီးကျန်ဆန်သည်။ ဒါတောင် ဒေါ်ခင်စံက ကျွန်မထက် တရားနှလုံးသွင်းတတ်သူဖြစ်၍ ကျန်းမာအသက်ရှင်စွာ စိတ်ဓာတ်မကျဘဲနေနိုင်သူ ဖြစ်သည်။

*

"လူ့ဘဝမှာ ဝဋ် ဆိုတာ နောက်ဘဝမကူးမီ ယခုဘဝမှာလည်း ဝဋ်သုံးပါး စက်ကလည်နေတယ်လို့ တရားမှာနာရတယ်မို့လား။ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဆိုတာ ကိုယ်ပြုတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ လုပ်ဆောင်မှု

# မြနန်းရှင်

## ကိုယ်တွေ့ကြုံမှု ကိုယ်ချင်းစာတတ်





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကမ္ဘာသတ္တိစွမ်းအားတွေ ထွက်လာပြီး ကျွန်မတို့ရဲ့ ရုပ်ခန္ဓာမှာ ဝန်းရံနေတယ်ဆိုတဲ့အကြောင်း မှတ်မိလား မမြဇင်"

"အင်း-မှတ်မိတယ်လေ။ ဘဝဆိုတာ ငြိမ်ငြိမ်လေးမနေဘူး။ ဘဝဟာ အမြဲတမ်း အလုပ်လုပ်နေတယ်။ ကမ္ဘာသတ္တိကပဲ ဘဝကို ထိန်းချုပ်နေတဲ့သဘောသိမှ ဘဝစက်ကို နားလည်သဘောပေါက် ဆင်ခြင်တတ်မှာ။ ဒါမှ ကံကောင်းမှ ဘဝမှာ အဆင့်မြင့်နိုင်မယ်။ ဒီသဘာဝရဲ့ ပဋိစ္စသမုပ္ပါဒ်ပညာရဲ့ ကျိုးကြောင်းဆက်နွယ်နေကြောင်း လေ့လာမှ သိနိုင်မယ်၊ ဆင်ခြင်နိုင်မယ်လို့ ဟောကြားထားတာ မဟုတ်လား။

ဒီလို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ကမ္ဘာသတ္တိတို့ဆက်နေလို့ ကမ္ဘာဝင့်လည်တာ။ ဒီလိုဝင့်လည်အောင် ကီလေသဝင့်က အမျိုးမျိုးဖော်ဆောင်နေတော့ ဘဝဆိုတဲ့ ကမ္ဘာက အမြဲအလုပ်လုပ်နေသရွေ့ ကမ္ဘာသတ္တိတွေက အမြဲတိုးပွားနေရတာ မဟုတ်လား။ ကျွန်မလည်း ဒီဝင့်သုံးပါးစက်လည်တာ သင်ယူပြီး ကျွန်မတို့မိသားစုလည်း အဲဒီပြုခဲ့တဲ့ ကမ္ဘာဝင့်စက်ကြောင့် ခုလိုတကွဲတပြားနေကြရတဲ့ဘဝခံစားနေရတယ်လို့ သဘောပေါက်မိတယ်"

"ဘယ်လို"

"ဒီလို မမြဇင်ရဲ့၊ ကျွန်မတို့ အိမ်ထောင်ကျခါစကစပြီး ပြောပြမယ်"

❋

မခင်စံနှင့် ကိုကျော်မောင် လက်[illegible]ခါ[illegible] အလုပ်အကိုင်ကလည်း မည်မည်ရရ အတည်တကျမရှိသေး။ ကိုကျော်မောင်က ပျင်းသည်ဆိုကာ ကြက်သားပေါက်လေး ခြောက်ကောင်မွေးသည်။ ကြက်ကလေးတွေကို မီးလုံးနှင့် အပူပေးပြီး သူတို့အိပ်ရာနားမှာပဲ မွေးထားသည်။ ခြောက်ကောင်မှ ဆယ့်ငါးကောင် ဖြစ်လာသည်။ နောက်တော့ အစိတ်၊ ငါးဆယ်ကနေ အကောင်းသုံးရာခြံကြီးဖြစ်လာသည်။

နောက် ကြက်တွေသားဖောက်ရောင်းသည်။ အသားတိုးရောင်းသည်။ ဝင်ငွေကောင်း၍ ပျော်မဆုံး။

ကြက်မွေးရုံမက ဝက်လည်း မွေးသည်။ သားဖောက်သည်၊ သားခွဲရောင်းသည်။ ဝက်ထီးဆိုလျှင် ကိုကျော်မောင်က ကိုယ်တိုင် ဝက်ကို သင်းကွပ်ပြီး အသားတိုးမွေးသည်။

ဝက်မွေးလည်း အောင်မြင်၊ ကြက်မွေးလည်း အောင်မြင်ဆိုတော့ အကုသိုလ်အလုပ်ဆိုတာလည်း ပြောပြမည့်သူမရှိ။ ဝင်ငွေကောင်းလာတော့ ကိုကျော်မောင်ရော မခင်စံပါ သားသမီး တောင့်တလာသည်။ ဆုတောင်းလည်း ပြည့်ပါသည်။ မခင်စံမှာ ကိုယ်ဝန်ရလာသည်။ တစ်စစနှင့် ကိုယ်ဝန်လရင့်လာသည်။ မခင်စံမမွေးဖွားခင် ကြက်ခြံမှာ သားခွဲရောင်း၍ ရမည့်ငွေ၊ ဝက်ခြံမှာ သားခွဲရောင်းမည့်ငွေက မခင်စံအတွက် မီးဖွားစရိတ်လုံလောက်နိုင်သည်။

ကြက်ခြံမှ ကြက်သားအုပ်မများ တကွတ်ကွတ်အော်သံများ ကြားနေကျပါ။ ယခုတော့ မခင်စံကိုယ်တိုင် ရင်သွေးလွယ်ထားရသော မိခင်လောင်းဘဝမို့ ကြက်မိခင်များ သူတို့သားသမီးများ ယူဆောင်ခြင်းခံရသဖြင့် သူတို့ ဘာသာစကားဖြင့် အသံပေးလို့နေပုံမှာ -

"ထားခဲ့ပါ၊ ခေါ်မသွားကြပါနဲ့။ ကျွန်မရဲ့ ကလေးတွေကို ခေါ်မသွားကြပါနဲ့ရှင်"

လို့ သနားစဖွယ် အော်မြည်သံဖြစ်ကြောင်း မခင်စံ နှလုံးသားမှ ဘာသာပြန်တတ်နေသည်။ ရင်ထဲမှာလည်း ကိုယ်ချင်းစာနာစိတ်က တလိပ်လိပ်ဖြစ်ပေါ်လာရသည်။

သည်လိုပင် ဝက်ခြံမှ ဝက်များ သားခွဲခေါ်ဆောင်စဉ် ဝက်မိခင်ခများ ခြံပေါ်မေးတင် အော်မြည်ကာ ဝက်သားပေါက်လေးတွေ ခေါ်ဆောင်ရာ လမ်းဆီသို့ မျှော်ငေးအော်ဟစ်ကျန်ခဲ့ပုံ။ မည်သို့မျှ မတတ်သာတော့မှ ခြေပစ်လက်ပစ် ခြံထဲပစ်လှဲပြီး အစာကျွေးချိန်မှာ အစာပင် ထမစားနိုင်အောင် စိတ်ထိခိုက်ခံစားနေပုံကို မခင်စံ ဘာသာပြန် ကိုယ်ချင်းစာစိတ်ဝင်မိတော့သည်။

အရင်တုန်းက ငွေရလျှင် ပျော်ရွှင်မိတာပဲ သိသည်။ ကြက်တွေ၊ ဝက်တွေ ရောင်း၊ သားခွဲရောင်း၊ ထပ်မွေး၊ ထပ်ရောင်း ကိုယ်ချင်းမစာတတ်ခဲ့။ ခုတော့ ကိုယ်တိုင်မိခင်ဘဝရောက်ရှိပြီဆိုမှ ကိုယ်ချင်းစာစိတ်၊ သနားကြင်နာစိတ်များ တစိမ့်စိမ့်ဖြစ်တည်လို့လာချေပြီ။ လူဆိုတာကလည်း ကိုယ်တိုင်ကြုံမှ ကိုယ်ချင်းစာတတ်တာမျိုး မဟုတ်လား။

"ကိုကျော်မောင် ကျွန်မတို့ ကြက်ခြံ၊ ဝက်ခြံတွေ ဖျက်ရအောင်"

"ဟာ - ဒီလောက်ဝင်ငွေကောင်းတဲ့အလုပ်ကို"

"ဝင်ငွေကောင်းလည်း ကျွန်မဝင့်
လည်မှာကြောက်တယ်။ ကြက်ကလေး
တွေရောင်းလို့ ကြက်မတွေအော်သံ
ကြောင့် ကျွန်မစိတ်ထိခိုက်ရတယ်။ ဝက်
ကလေးတွေရောင်းတော့ ဝက်မကြီး
ခံစားနေရပုံကို ကြည့်လေ။ ကျွန်မတို့မှာ
သားသမီးတွေမွေးလာရင် အဲသည်
မိသားစု တကွဲတပြားဘဝမျိုးဖြစ်မှာ၊ ဝင့်
လည်မှာကြောက်လို့ပါ ကိုကျော်မောင်
ရယ်"

သည်လိုနှင့် ကိုကျော်မောင်
ကြက်ခြံ၊ ဝက်ခြံဖျက်ပြီး မိဘများအ
ထောက်အပံ့နှင့် သင်တန်းတက်၊ နိုင်ငံ
ခြားသင်္ဘောလိုက်ခြင်းအလုပ်ပြောင်း
သည်။

"ဒါလည်း ဝင့်လည်တာပဲလေ
သူများမိသားစုတွေ မခွဲမခွာဘဲ စီးပွား
ရှာလို့ရကြတယ်။ ကျွန်မတို့မှာ ခွေခြား
မြေခြားခွဲပြီးနေကြရတယ်လေ။ ဒါပေ
မယ့် ကိုယ့်ကလေးတွေကိုတော့ ရင်အုပ်
မကွာ စောင့်ရှောက်ပေးခဲ့တယ်။ ပညာ
တတ်အောင်သင်ပေးခဲ့တယ်။ အဲဒီမှာ
သမီးက အိမ်ထောင်ကျပြီး ခွဲထွက်သွား
တယ်။ သားက သင်္ဘောတက်တယ်။
အိမ်မှာ ကျွန်မပဲကျန်ခဲ့တယ်။ နောက်
ကိုကျော်စွာက ဂရင်ဂျီနာရောဂါကြောင့်
စအိုပတ်လည် ခွဲစိတ်ရတာ ခဏခဏပဲ
အဲဒီဝေဒနာသက်သာတော့ အူအတက်
ခွဲစိတ်ရတယ်။ နောက် အူကျလို့ ခြောက်
လခြားတစ်ခါ ခွဲစိတ်ရပြန်တယ်။ ထေ
ဖြတ်ပါးစပ်ရွဲ့၊ ခြေလက်ဒရွတ်ဆွဲ အို
လူကောင်းပြန်ဖြစ်အောင် ရှာသမျှကု
ဆိုပါတော့။ တစ်ခါ သမီးက ယောက်ျား
နဲ့ ကွဲလာ၊ ကလေးနှစ်ယောက်က တင်
နေရာဆီ။ ဖြစ်လာသမျှ အကြောင်း
တရားရဲ့ အဖြေကို ဆန်းစစ်ကြည့်ရင်
ကောင်းတဲ့ ကမ္ဘာသတ္တိနဲ့ ဘဝကို ရှင်သန်
ဖြတ်ကျော်နိုင်ရင် ကောင်းသော ကာယ
ကံ၊ ကောင်းသောဝစီကံ၊ ကောင်းသော
မနောကံရဲ့ အသက်မွေးမှုနဲ့ နေထိုင်ပါ
ဝင့်လည်ခြင်းဘေးဒုက္ခ အကုသိုလ်တ
က ကင်းဝေးစေမယ်လို့ ကျွန်မ တရား
အသိနဲ့ နှလုံးသွင်းနေထိုင်လို့ သံဝေ
တရားနဲ့ ဖြေသိမ့်ပါတယ်၊ မမြဇင်ရယ်"

ဒေါ်ခင်စံရဲ့ သူ့ဘဝဖြစ်စဉ်အမှန်
ကို ပြောပြခြင်းသည် လောကမှာ အနေ
အစား အမှန်၊ အမှား၊ ကုသိုလ်
အကုသိုလ်အလုပ် ခွဲခြားသိမြင်စေရ
မီးမောင်းထိုးပြနေသကဲ့သို့ပင် ဖြစ်တော့
သည်။

မြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

**ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန**

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-
နေ့လယ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန
အမှတ်-၂၇၊အပိုင်း(၃)၊၁၄၄ ရပ်ကွက်၊သံသုမာလမ်းမကြီး မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎-၅၇၇၄၄၉၊ 📱၀၉ ၄၃၁၉၅၃၉၉၊ 📱၀၉ ၈၅၁၃၁၆၆

မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

**ဆရာ ဦးခင်ဇော်**

* နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မို့ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကဓံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* မြှောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

**ဆရာ ဦးခင်ဇော်**

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၁-၇၃၀၁၈၈၀၁ ၊ ၀၉ ၅၀ ၉၇၃၅၆

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ ကောင်းတဲ့သူတွေကို စံတင်စာပြုရတာရှိသလို မကောင်းတဲ့သူတွေကိုလည်း မကောင်းလို့ စံတင်စာပြုရတာတွေလည်းရှိမှာပါ။ ခုပြောမယ့် စံဘ ဆိုတာကတော့ လူကောင်းမဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက အလိုလိုက် အကြိုက်ဆောင်ခံခဲ့ရလို့ဆိုးတာပဲလား၊ မြေးဦး,သားဦးမို့ ဆိုးတာပဲလား မသိပါဘူး။ ဆိုးတာကတော့ အတော့်ကို ဆိုးတာပါ။ ဒီတော့ ရွာထဲရပ်ထဲကလူတွေက သူတို့သားသမီးတွေ ဆိုးမရင် 'စံဘလို မဆိုးရဘူးနော်' လို့ ပြောရတဲ့အထိပါပဲ။

မြေးဦး ဆိုတော့ စံဘကို နှစ်ဖက်အဘိုးအဘွားတွေကလည်းချစ်လိုက်ကြတာ။ အလိုလည်းလိုက်တယ်။ ကြီးတဲ့အထိကို ချီကြပိုးကြတုန်း။ သူ့အမေက ဆို (၂)နှစ်၊ (၃)နှစ်အထိ နို့မှမဖြတ်တဲ့ဟာ။ စံဘအမေက စံဘကို နို့ဖြတ်မည်ကြံရင် နှစ်ဖက်အဘိုးအဘွားတွေက စံဘငိုတာကို မကြည့်ရက်ကြလို့တဲ့၊ နို့မဖြတ်ရဘူးတဲ့။ အဲဒါတွေကတစ်မျှောင့်။

ချစ်စရာ'ကလေး'ဆိုလို့ သူတို့မှာ ဒီမြေးကလေးတစ်ယောက်ရှိတော့ ပျင်းလာတဲ့အခါ အနောက်အိမ်က အဘွားက သူ့မြေးကို တံတွေးနဲ့ တို့တို့စပါတယ်။ စံဘဆိုတာ အင်မတန်ရွှတတ်တဲ့ကောင်။ ဒီလို တံတွေးနဲ့တို့တာခံရတော့ စံဘက အနောက်အိမ်ကအဘွားကို မပီကလာ ပီကလာနဲ့ဆဲဆိုပြီး အရှေ့အိမ်ကအဘွားရှိရာ ပြေးပါတယ်။ ကလေးက အဲဒီလို ဆဲတာကိုပဲ နားထောင်ကောင်း၊ ရယ်စရာဖြစ်နေကြလေတော့ အားလုံးက သဘောကျနေကြတာပါ။ ဟဲ့ကောင်လေး၊ ကိုယ့်အဘွားကို ဒီလိုမဆဲကောင်းဘူး။ ငရဲကြီးတတ်တယ်လို့ ဘယ်သူမှ မပြောကြပါဘူး။ စံဘက ငယ်သေးလို့ ကြီးလာမှ ဆုံးမလိုက်မဟဲ့လို့များ စိတ်ကူးရှိနေကြသလားမှ မသိတဲ့ဟာနော။

စံဘတို့ရဲ့အနောက်အိမ်ကအဘွားနဲ့ စံဘတို့ရဲ့ အရှေ့အိမ်ကအဘွားတို့အိမ်က လေး၊ ငါးအိမ်ပဲခြားတာပါ။ အနောက်အိမ်ဆိုတာ စံဘတို့အဖေရဲ့အိမ်၊ အရှေ့အိမ်ဆိုတာ စံဘတို့အမေရဲ့အိမ်ပေါ့။ အရှေ့အိမ်မှာလည်း ဒီလိုပဲ။ အဘွားနဲ့ ကြီးတော်တွေရှိကြတယ်။ ဒေါ်လေးတွေလည်းရှိတယ်။ အဘွားက စံဘကိုချစ်တော့ တစ်ခါတလေ သူ့အမေကွယ်ရာ ဆိတ်တတ်တယ်။ ချစ်စနိုးအနေနဲ့ ဆိတ်တော့ဆိတ်တာပါပဲ။ ဒါပေမယ့် ကလေးဆိုတော့ နာတာပေါ့။ နာတော့ ငိုရော။ စံဘက အကဲပါပါ။ အဲဒီလို ငိုပြီးရင် အရှေ့အိမ်မှာမနေတော့ပါဘူး။ ဒီလိုပဲ အရှေ့အိမ်ကအဘွားကို မပီကလာ ပီကလာနဲ့ဆဲပြီး အနောက်အိမ်က အဘွားရင်ခွင်ဆီပြေးတော့ အရှေ့အိမ်က ကြီးတော်တွေ၊ ဒေါ်လေးတွေဆိုတာ စံဘဆဲတတ်တာကို သဘောကျလို့တဲ့ ရယ်ကျန်ရစ်ခဲ့ကြတယ်။

စံဘတို့အဖေက ရွာမှာ မချမ်းသာပါ။ ပျိုးနုတ်ရတယ်။ နွားကျောင်းရတယ်။ မြေဦးသားဦးမို့ စံဘအဖေက စံဘကိုချစ်တာ ၊နေရာတကာမှာ တချီချီတပိုးပိုးနဲ့ပါ။ သွားလေရာ၊ အလုပ်လုပ်ရာတောင် ခေါ်သွားတာကလား။ တစ်ခါက စံဘအဖေတို့အဖွဲ့က နေပူကျဲကျဲရေစပ်စပ်နဲ့ ပျိုးခင်းမှာ ပျိုးနုတ်နေကြတုန်း စံဘက ရွှံ့ရုပ်တွေနဲ့ ကန်သင်းဘေးက မန်ကျည်းပင်ရိပ်မှာ ဆော့နေတာပေါ့။ ဆော့လို့ကြာတဲ့အခါ ပျင်းလာရော။ ပျင်းလာတော့ စံဘက မန်ကျည်းရိပ်ကထွက်၊ သူ့အဖေပျိုးနုတ်နေတဲ့ ပျိုးခင်းရေစပ်စပ်ထဲအထက်က နေပူပူနဲ့ ဆင်းဆော့တော့ ကလေးက ဆီးအောင့်ပါရော။ ဆီးအောင့်တော့ အရပ်ထဲက အနှိပ်သည် ဦးကျူကို ခေါ်ရတယ်။ ဦးကျူကနှိပ်ပေးတော့ စံဘကလေးက အောက်ကနေ မခံနိုင်တဲ့အခါ နှိပ်ပေးတဲ့ ဦးကျူကို ဆဲပါတယ်။ ကံကောင်းတယ်လို့ ပြောရမလားပဲ။ ညသန်းခေါင်လောက်ကြတော့ ရှဲခနဲ အသံကြီးနဲ့ စံဘ ဆီးသွားတော့ ကျောက်က ထွက်ကျလာပြီး သေတွင်းထွက် အသက်ကချမ်းသာရခဲ့ဖူးပါတယ်။

အရှေ့အိမ်မှာ အဘွားမှဆိုးမကြီးရယ်၊ စံဘရဲ့ကြီးတော်တွေ၊ ဒေါ်လေးတွေပဲ ရှိကြတာပါ။ ဒေါ်လေးတွေဆိုတာက အပျိုကြီးတွေပါ။ ဒီတော့ ပျင်းပျင်းရှိတိုင်း စံဘကိုပဲ ကစားစရာအရုပ်လေးတစ်ရုပ်လို ဝိုင်းစနေကြတော့တာပါပဲ။

စံဘလေး ကျောင်းစနေစအရွယ် တစ်ည စံဘက ကောင်းကင်ကြီးပေါ် မော့ကြည့်ပြီး လက်ညှိုးကလည်းထိုး၊ ပါးစပ်ကလည်း တလှုပ်လှုပ်နဲ့ရှိနေပါတယ်။ စံဘလုပ်နေပုံကိုကြည့်ပြီး စံဘရဲ့ ဒေါ်လေးက မေးပါတယ်။

"ဟဲ့-စံဘ၊ ဒါဘာလုပ်နေတာလဲ"

"ကောင်းကင်ပေါ်က ကြယ်တွေကို ရေနေတာ"

"ဟယ်တော့ ဒုက္ခပါပဲ။ နင်ဖြင့်တော့ သေမှာမကြောက်ဘူးလား"

"ဘာပြုလို့တုံး"





www.burmeseclassic.com

www.burmeseclassic.com



(ကျော်ကမ်မိ)

# မောင်သင်းထို

## အရေခွံအလဲခံလိုက်ရတဲ့ စိတ

"ဘာပြုလို့ရမှာလဲ။ ကောင်းကင်ပေါ်ကကြယ်တွေကို မရေကောင်းဘူး။ အကုန်လုံးမရေနိုင်ရင် အဲဒါ ဗိုက်ပေါက်ပြီး သေတတ်သတဲ့။ နင်ဘာမှတ်လို့တုံး"

"အမ်မလေး - အမေရေ၊ ကျုပ်သေမှာကြောက်တယ်ဗျ"

ဆိုပြီး ငိုကရောပဲ။

ပဲမြစ်နဲ့ ချောကလက် မတည့်ဘူး။ စိမ်းစားဥနဲ့ ချိုချဉ်မတည့်ဘူး။ ဖရဲသီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘဲဥစားရင် သေတတ်တယ်။ မန်ကျည်းသီးတို့ သလဲစေ့တို့စားရင် အစေ့ပါးစပ်ထဲမဝင်စေနဲ့လို့ ကြီးတော်တွေကပြောပါတယ်။ တစ်ရက်မတော့ စံဘ မန်ကျည်းကြက်ဆူတစ်တောင့်စားရင်း မန်ကျည်းစေ့က ဗိုက်ထဲဝင်သွားခဲ့ရော။ အဲဒါကို ကြောက်လန့်တကြားနဲ့ ဒေါ်လေးပြောတော့ ဒေါ်လေးက 'အေးအေး - ကြည့်နေ၊ တော်ကြာရင် နင့်ဗိုက်ထဲက မန်ကျည်းပင်ပေါက်၊ နင့်ပါးစပ်ထဲက မန်ကျည်းကိုင်းတွေထွက်လာတော့မှာ။ မကြောက်ဘူးလားလို့ စ,ရင် ပြခန်းအော်ငို။ သူ့အမေရင်ခွင်ထဲပြေးကရောပါပဲ။

ဒုတိယတန်းလောက်မှာ စံဘအဖေက မြို့တက်အလုပ်လုပ်နေရာက မြို့မှာ နေစရာထိုင်ခင်းရတော့ မိသားစု မြို့ပြောင်းသွားကြတယ်။ စံဘရဲ့အဖေက မြို့ရောက်စ သူ့သားလူရည်လည်အောင်ဆိုပြီး ရုပ်ရှင်ပြပါတယ်။ စံဘစပြီး ရုပ်ရှင်ကြည့်ဖူးတဲ့ ဇာတ်ကားက 'ငဘ' ဆိုတဲ့ ဇာတ်ကားပါ။ အဲဒီကတည်းက စံဘ ရုပ်ရှင်ကြည့်တာ စွဲလာလိုက်တာ နောက်ဆို မကြည့်ရမနေနိုင်အောင်ဖြစ်လို့ စံဘ သူ့အဖေ ချွေတာစုဆောင်းထားတဲ့ ဝါးဆစ်ဘူးထဲကငွေတွေတောင် ခိုးပြီး ရုပ်ရှင်ကြည့်တတ်တာရော။

မြို့ရောက်တော့ စံဘတစ်ယောက် ကောင်းတဲ့လူရော မကောင်းတဲ့လူပါ အပေါင်းအသင်းစုံလာတယ်။ ကျောင်းနေဖက်တွေဆိုတော့ လူကောင်းရော လူဆိုးတွေရောပေ့ါ။ စံဘရဲ့ အပေါင်းအသင်းဆိုတော့ လူကောင်းကနည်းနည်း၊ လူဆိုးက ခပ်များများပါ။ လွယ်အိတ်အသစ်ဝယ်ခိုင်းတဲ့ဟာ အိမ်ကဝယ်မပေးတော့ လွယ်အိတ်ကြိုးကို ဓားနဲ့ဖြတ်ပြီးမှ လွယ်လို့မရအောင်လုပ်။ မိဘတွေကို အတင်းပူဆာတယ်။ ခြေထောက်မှာ စီးထားတဲ့ ဖိနပ်သဲကြိုးကောင်းနေပါရက်နဲ့ ဆွဲဖြတ်ပြီးမှ ဖိနပ်သစ်ဝယ်ခိုင်းတယ်။ အဲဒီလိုဆိုးတာပါ။

စံဘရဲ့အဖေကတော့ သားကိုချစ်ပြီး အလိုလိုက်ပါတယ်။ အလိုလိုက်တာမှ ဘုရင်ကြီးက သူ့သားတော်ကိုချစ်လို့ အလိုလိုက်သလိုကိုလိုက်တာပါ။

တစ်ခါ ၈ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ကြီးတစ်ပါးမှာ ချစ်လှစွာသော သားတစ်ယောက်ရှိတယ်။ သားတော်လေးက ငယ်သေးတော့ ဟိုဟာပူဆာ၊ ဒီဟာပူဆာ အမျိုးမျိုးတောင်းတာပေ့ါ။ သာမန် အရပ်ထဲရွာထဲက ကလေးတွေ မပူဆာတာကိုမှ ဘုရင်ကြီးရဲ့သားက ပူဆာတာ။ ဒါပေမယ့် ဖခင်ကြီးက ဘုရင်ဖြစ်နေလေတော့ သားတော်လေးကို မငြိုငြင်စေရဘူး။ အကုန်ဝယ်ပေးတာတဲ့။

"ရွှံ့အိုးပုတ်တွေနဲ့မကစားချင်ဘူး။ ရွှေအိုးပုတ်နဲ့မှ ကစားချင်တယ်။ ရွှေအိုးပုတ်ဝယ်ပေး၊ ရွှေအိုးပုတ်ဝယ်ပေး ဖခမည်းတော်"

"သားတော်လေးအလိုကျ ဝယ်စေဗျား"

"ဒီနွားရုပ်၊ မြင်းရုပ်တွေနဲ့ မကစားချင်ဘူး။ ဆင်ဖြူတော်ဝယ်ပေး၊ ဆင်ဖြူတော်ဝယ်ပေး"

"သားတော်လေး စိတ်တိုင်းကျ ဆင်ဖြူတော်တစ်ကောင် ဝယ်ပေးစေဗျား" ပေ့ါ။

သားတော်လေးကို ချစ်ကလည်းချစ်၊ သူကိုယ်တိုင်ကလည်း ဘုရင်ကြီးဆိုတော့ ငွေကြေးတတ်နိုင်လို့ ဆင်ဖြူတော်လည်း ဝယ်ပေးနိုင်တာပေ့ါ။ ဒါပေမယ့် ဆိုးလှတဲ့ သားတော်လေးက ဒါနဲ့ အားမရ ပူဆာပြန်သတဲ့။

"ဆင်ဖြူတော်ကို ရွှေအိုးပုတ်ထဲ ထည့်ပေး။ ဆင်ဖြူတော်ကို ရွှေအိုးပုတ်ထဲထည့်ပေး"

ဒီတစ်ခါ ပူဆာကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်ကြီးပေမယ့် လောကသဘာဝအရ ဘယ်လိုမှမတတ်နိုင်တော့ ဘုရင်ကြီးဟာ သူ့ရဲ့ချစ်လှတဲ့ သားတော်လေးပေမယ့် ဒီတစ်ခါတော့ ရိုက်နှက်ဆုံးမရပါတော့သတဲ့။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာကို ပူဆာတဲ့ဟာကို ဘုရင်ကြီးတောင် သူ့သားတော်ကို အလို မလိုက်ခဲ့သေးတာ။ စံဘကို ချစ်တဲ့ စံဘရဲ့ အဖေကတော့ သူ့သားပူဆာတာကို အတတ်နိုင်ဆုံး အလိုလိုက်အကြိုက်ဆောင်ခဲ့ပေမယ့် သူ့ခမျာအသက်မရှည်ရှာပါဘူး။ စံဘအရွယ်မရောက်ခင်လေးမှာ ကွယ်လွန်ခဲ့ရရှာပါတယ်။

စံဘအမေက ဖတဆိုးလေးဆိုပြီး စံဘကို ပိုချစ်၊ ပိုအလိုလိုက်ရှာပါတယ်။ စံဘကလည်း မုန့်လေပွေပူဆာတာ ဝယ်မပေးလို့ မုန့်လေပွေတောင်းထဲခုန်ချတဲ့ ကလေးလိုမျိုးကို ဆိုးတာပါ။ တစ်ခါက စံဘနဲ့ သူ့အမေ ပွဲခင်းထဲလျှောက်လည်ကြရင်း စံဘက သေနတ်ပူဆာတော့ ဝယ်ပေးမလို့ပါပဲ။ ဈေးမေးကြည့်တော့ ဈေးကြီးနေတာရယ်၊ သေနတ်ဖိုး သူ့မှာ အလုံအလောက်ပါမလာတာနဲ့ သူ့အမေက ဝယ်မပေးနိုင်ပါဘူး။ ဒီတော့ စံဘက ဘာလုပ်တယ်မှတ်သလဲ။ လက်ထဲကိုင်ထားတဲ့ သေနတ်ကို မချတော့ဘဲ ထွက်ပြေးသွားခဲ့လို့ ကျန်ခဲ့တဲ့ သူ့အမေ ဒုက္ခရောက်ရဖူးပါတယ်။

"စံဘ၊ မင်းဖဲရိုက်တယ်ဆို"

"အမေကလည်း ဖဲမရိုက်ပါဘူး။ ပေါ်ကာဒေါင်းတာပါ"

"အေး-ပေါ်ကာဒေါင်းချင်ဒေါင်း ဖဲတော့မရိုက်နဲ့နော်"

ဆိုတဲ့ အမေမျိုး။ စံဘအမေက အတော့်ကို ရိုးတာ၊ အ,တာကလား။ စံဘအမေက ရိုးသလောက် စံဘကတော့ ကလေးတန်မဲ့ အတော့်ကိုလည်သူပါ။ ကျောင်းတက်နေရာက သူကျောင်းမတက်ချင်ရင် သူ့အမေကို ညာတယ်။

"ဟဲ့သား စံဘ၊ ဒီနေ့ ကျောင်းမတက်ရဘူးလား"

"ဒီနေ့ကျောင်းပိတ်တယ်အမေရဲ့"

"စနေမဟုတ်၊ တနင်္ဂနွေမဟုတ် ဘာလုပ်အောင် ကျောင်းပိတ်ရတာတဲ့လဲ"

"ကျုပ်တို့ကျောင်းအုပ်ဆရာမကြီး ခေါင်းလျှော်ထားတာ ဆံပင်မခြောက်လို့တဲ့"

သူ့သားက ပြောရင် သူ့အမေက ယုံတာပါပဲ။ ခြော် - ဟုတ်မှာပါလေး။ စံဘအမေက စံဘကို ဆေးလိပ်လိပ်ကျွေးပါတယ်။ ဆေးလိပ်ခုံက ဆေးစပ်ယူ၊ အိမ်မှာတင်လိပ်တာဆိုတော့ စံဘအမေက ဟိုဟိုဒီဒီ သိပ်မရောက်ပါဘူး။ အရေးထဲ ရိုးတော့၊ အေးတော့ ပိုဆိုး။ စံဘ ညာလို့ရတာပေ့ါ။ စံဘက ဒီလိုနည်းနဲ့ သူ့အမေကို ညာစားနေတာပါ။ စံဘက သူမုန့်ဖိုးလိုရင်၊ စံဘအမေကလည်း မုန့်ဖိုးပေးနိုင်ပုံမရရင် ကျောင်းက ဘာကြေးညာကြေးကောက်တယ်ဆိုပြီး လိမ်ညာတောင်း။ နောက်တော့ မုန့်အဝဝယ်စားတတ်သူပါ။

စံဘ အလယ်တန်းရောက်လာတော့ အပေါင်းအသင်းကစုံ၊ လိမ်နည်းညာနည်းတွေကလည်းများသလားမမေးနဲ့။ လမ်းမှာကောက်တွေ့တဲ့ မင်္ဂလာဖိတ်စာတစ်စောင်ယူလာပြီးမှ အမေ့ကျွန်တော်တို့အိမ် မင်္ဂလာဆောင်ဖိတ်စာလာတယ်။ သွားရမယ်လုပ်တယ်။ အမေက -

• "ဟဲ့-ငါက ဆေးလိပ်ပြတ်အောင်လိပ်ရဦးမှာလေ"

ဆိုတော့ -

"ဒါဖြင့် ကျုပ်သွားလိုက်မယ်။ ပိုက်ဆံပေး" လို့ လုပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဒါ(ဥပဒေ)
# ချောင်းဆိုးသွေးပါ ဆင်စွယ်လာ

ချောင်းဆိုးခြင်းသည် လူတိုင်းလိုလိုပဲ ဖြစ်ဖူးကြတဲ့ ဝေဒနာတစ်ခုပါ။ အစားမှားခြင်း၊ ရာသီအကူးပြောင်းများတွင် ချောင်းဆိုးတတ်ကြပါသည်။ ပထမသာမန်ချောင်းဆိုးခြင်းမှ ရက်ကြာလာသောအခါ သွေးပါသည့်အဆင့်သို့ ရောက်ရှိလာတတ်ပါသည်။

ချောင်းဆိုးသည့်အခါ အသက်ကြီးသူများဆိုလျှင် အသံမထွက်နိုင်သည်အထိပင် မော၍နေတတ်ပါသည်။ မိမိခန္ဓာကိုယ်ထဲမှ ပုံမှန်မဟုတ်သောသွေးစသွေးနမြင်လျှင် မည်သူမဆို ထိတ်လန့်တတ်ကြတာပါပဲ။ ချောင်းဆိုးသွေးပါခြင်းသည် အများဆုံး တွေ့ရတတ်ပါသည်။

'ချောင်းဆိုးသွေးပါဆင်စွယ်လာ' ဟု ဆို၍ ဆင်သတ္တဝါ၏ တန်ဖိုးကြီးမားသော အစွယ်ကို ဆိုလိုခြင်း မဟုတ်ပါ။ ဆင်၏အစွယ်နှင့်သဏ္ဌာန်တူသော ဆင်စွယ်ဂမုန်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ အရွက်ဟု သတ်သတ်မှတ်မှတ်မရှိဘဲ အပင်ပုံစံမှာ ဒန့်သလွန်သီးတောင့်နှင့်လည်း ဆင်တူပါသည်။ ဆင်စွယ်ဂမုန်းကို ဂမုန်းဝါသနာရှင်များ၏အိမ်တွင် စိုက်ပျိုးထားတတ်ကြပါသည်။ ထိုဂမုန်းပင်မှ အပွင့်ပွင့်လျှင် ၎င်းအိမ်၏ စီးပွားတိုးတက်သည်ဟု ဆိုကြပါသည်။

ဂမုန်းပင်တိုင်းသည် သူ့အစွမ်းသတ္တိနှင့်သူ စိုက်ပျိုးသူအား လောကီအကျိုးစီးပွားများပေးသလို အခြားအဂ္ဂိရတ်ဆိုင်ရာ အကျိုးများအပြင် တိုင်းရင်းဆေးဘက်ဆိုင်ရာတွင်လည်း အသုံးဝင်ကြပါသည်။

ယခုဖော်ပြပါ ဆင်စွယ်ဂမုန်းသည် မည်သို့သောအကြောင့်ကြောင့်ပဲ ချောင်းဆိုးသွေးပါဖြစ်ပါစေ ဤဆင်စွယ်ဂမုန်းကို ရေဆေး၊ ထုထောင်းပြီး ရလာသောသတ္တုရည်ကို သကြားအနည်းငယ်စွက်၍ သောက်ပေးပါ။ တစ်ကြိမ်မှ နှစ်ကြိမ် သောက်ပေးလျှင် လုံလောက်ပါသည်။

ဤအတိုင်းသာ သောက်သုံးပေးပါ။ ချောင်းဆိုးသွေးပါခြင်းကို အမြစ်ပြတ် ပျောက်ကင်းစေနိုင်ပါသည်။

သဒ္ဒါ (ဥပဒေ)

---

အမေက လက်ဖွဲ့ငွေတစ်ထောင်ပေးတော့ -

"နှစ်ထောင်မှကောင်းမှာ အမေရ"

ဆိုပြီး နှစ်ထောင်တောင်းတယ်။ ပြီးတော့ မုန့်ဝယ်စားပစ်တယ်။ အချိန်တန်တော့ အိမ်ပြန်လာ။ အမေက မင်္ဂလာဆောင်အကြောင်းမေးတယ်။ ပိုပြီး သတ္တိရှိအောင် မင်္ဂလာဆောင်ကကမ်းလိုက်တဲ့ သပြေနဲ့ဂန္ဓမာပန်းစည်းလေးကို မင်္ဂလာဆောင်က ပြန်လာတဲ့လူဆီက ညာတာပါတေးနဲ့ တောင်းလာတယ်။ အမေ့ကိုပြပြီး ညာတယ်။

"သတို့သားကတောင် မင်းအမေတ ဘာလို့မလာသလဲမေးနေတာဗျ"

လို့ ထပ်ဖြီးတဲ့ စံဘပါ။

"အမေ့"

တစ်ရက်၊ စံဘအမေ အိမ်ထဲဆေးလိပ်နေရာက ရုတ်တရက် အသံကျယ်ကျယ်နဲ့ အိမ်ရှေ့ကနေ စံဘရဲ့အသံပြကြီးနဲ့ ခေါ်သံကြားလို့ ကြည့်တော့ စံဘတစ်ယောက် ရဲကြီးတစ်ယောက်နဲ့ ယှဉ်ချပ်နေတာတွေ့ရပါလား။ ဘုရားဘုရား၊ စံဘတစ်ယောက် ဘာတွေများဖြစ်လာပါလိမ့်မလဲ။ အမေ့မတော့ စိတ်ပူတာပေါ့။

အဲဒီတုန်း စံဘတစ်ယောက် အိမ်ထဲ အမောတကောပြေးဝင်လာပြီး -

အမေရေကယ်ပါဦးဗျ။ကျွန်တော်တော့ ပြဿနာတက်နေပြီ။ စတိုးဆိုင်က ပစ္စည်းပျောက်တာ ကျွန်တော်မခိုးပါဘူး။ အဲဒါ ကျွန်တော်ခိုးပါတယ်ဆိုပြီး ဆိုင်ရှင်ကတိုင်လို့ အဲဒါ ရဲက ဖမ်းမလို့လိုက်လာတာ၊ မဖမ်းစေချင်ရင် ငါးထောင်ပေးရမှာတဲ့။ ကျွန်တော် အဖမ်းမခံစေချင်ရင် အမေ ငါးထောင်ပေး"

ဆိုပြီး ဇွတ်တောင်းနေတာနဲ့ စံဘအမေပေးလိုက်ရပါရောလား။ တကယ်က စတိုးဆိုင်မှာ အဲဒီနေ့က ဘာမှမဖြစ်ပါဘူး။ လမ်းပေါ်မှာတွေတဲ့ ရဲသားကြီးကို နှုတ်ဆက်ရင်းက အဲဒါ ကျွန်တော်တို့အိမ်၊ ဟိုဟာ ကျွန်တော့်အမေလို့ပြောပြနေတာပါ။

အတူတူပဲ။ အိမ်ရှေ့ကို မီးသတ်ရဲဘော်တွေ ခေါ်လာပြီးမှ -

"အမေရေ၊ ဒုက္ခပါပဲဗျာ။ ဟိုတစ်နေ့က အမေထင်းတွေထည့်လို့ မီးဖိုကမီးက ထရံကိုထစွဲတာ၊ အဲဒါ မီးသတ်ကလူတွေက မသိဘူးမထင်နဲ့ သိသတဲ့ဗျ။ အဲဒါအမှုမဖြစ်စေချင် သူတို့မီးသတ်ရန်ပုံငွေ သုံးထောင်ထည့်ရမှာတဲ့ဗျာ။ အဲဒါ ဘယ်လိုလုပ်ကြမတုံး ဆိုပြီး ညာတောင်းလားတောင်းရဲ့။ အိမ်မှာရှိတဲ့ဟင်းနဲ့ချက်ကျွေးတာကိုတောင် ထမင်းစားနေရာက ဟင်းကောင်းမပါလို့ ဆိုပြီး အိမ်ကကြက်မ၊ ဥတော့မလို့ ကတော်ထိုးနေတဲ့ ကြက်မ ဇွတ်အတင်းလိုက်ဖမ်း ကြက်မဖင် ငရုတ်သီးတောင့်နဲ့ထိုး။ ဇွတ်ဥခိုင်းတာကရော ဘယ်သူမှတ်လို့တုံး။

စံဘအမေဆုံးပြီး သုံး၊ လေးနှစ်လောက် ဆိုးပေတေနေတဲ့ စံဘ အိမ်ထောင်ကျတယ်။ သူ့မိန်းမလေးက စံဘကို ပဲပြုတ်တောင်းခေါင်းရွက်ရှာကျွေးနေရတာပါ။ သားကလေးတစ်ယောက်ရတဲ့အထိ စံဘရဲ့အဆိုးတွေက ပျောက်တယ်လို့မှ မရှိတဲ့ဟာ။ ပဲပြုတ်တောင်းခေါင်းရွက်ကျွေးနေပေမယ့် ပဲပြုတ်တောင်းနဲ့ လင်ပန်းတောင် ချမ်းသာမပေး။ မူးရူးနေတဲ့ စံဘက ကန်ကျောက်တတ်တော့ စံဘရဲ့မိန်းမလေးက ပဲပြုတ်ရောင်းဖို့ စတီးလင်ပန်းလေးတစ်ချပ်အကြွမ်းခံအောင် ဝယ်ထားရပါတယ်။

တစ်နေ့ စံဘတစ်ယောက် ကလေးထိန်းနေရင်းက အိမ်ရှေ့ထောင်ထားတဲ့ စတီးလင်ပန်းထဲက ပုံရိပ်ကိုကြည့်ပြီး အံ့သြနေပါတယ်။ ဒါနဲ့ အနားကလူတွေက စံဘကြည့်ရာ ဝိုင်းလာကြည့်ကြတော့ စတီးလင်ပန်းထဲက ကလေးချီထားတဲ့ပုံက စံဘရဲ့ကွယ်လွန်သွားခဲ့တဲ့ အမေပုံရိပ်ဖြစ်နေတာ အားလုံးမြင်ကြရတော့ အံ့သြကုန်ကြတော့တာပေါ့။ အဲဒီလိုဖြစ်နေတာမှ အကြာကြီးကိုပါပဲ။ နောက်မှပဲ စံဘရဲ့ပုံစံအမှန်ပေါ်လာပါတော့တယ်။ နောက်တစ်နေ့ကစလို့ လူဆိုး စံဘတစ်ယောက် ထူးခြားပြောင်းလဲသွားလိုက်တာ ဒီနေ့အထိပဲ ဆိုပါတော့။

မောင်သင်းထုံ (ကျော[illegible]မဲ)



www.burmeseclassic.com

www.burmeseclassic.com

# ရီရီငွေ

# ကျားမော်ပညာရှင်နှင့် ကျားမျက်ရှင်



ကျွန်ုပ်ရဲ့ ဘဝတစ်သက်တာမှာ ဒီလောက် ထူးဆန်းတဲ့ အဖြစ်အပျက်မျိုးနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ ဘယ်သောအခါမှ မစဉ်းစားခဲ့ဘူးပါ။ ဘဝရဲ့ တစ်ဆစ်ချိုးအကွေ့မှာ မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုဟာ မမျှော်လင့်တဲ့ ထောင့်တစ်ထောင့်က ပေါ်ထွက်လာတတ်တယ် ဆိုတဲ့ ရှေးလူကြီးများရဲ့ စကားဟာ မှန်ကန်နေပါပြီ။ ဒီအဖြစ်အပျက်ဟာ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်ဖြစ်လို့ ကျွန်ုပ်မှာ ယုံရခက်လှပါတယ်။ ဒီအဖြစ်အပျက်ကို ကိုယ်တွေ့မကြုံဘဲ ပါးစပ်နှင့်သာပြောပါက ဒဏ္ဍာရီ (သို့) နားထောင်ကောင်းတဲ့ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို့ဆိုမိမှာအမှန်ပါပဲ။ ဒါပေမယ့် အဲဒီလိုဆန်းကြယ်လှတဲ့ သဘာဝလွန်ဖြစ်ရပ်ဆန်းနဲ့ ကျွန်ုပ်တကယ်ရင်ဆိုင်ကြုံတွေ့ရတဲ့အခါမှာ -

ဒီဇာတ်လမ်းရဲ့အစက ရိုးစင်းလှပါတယ်။ ကျွန်ုပ်တို့မိသားစုဟာ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းက အကယ်ရွာမှာနေထိုင်ခဲ့ပါတယ်။ အဖေကတော့ ငါးဖမ်းတဲ့ ဂါးဖောင်လိုက်သမားတစ်ယောက်ပေါ့။ တစ်နေ့တော့ မြိတ်ကျွန်းစုကိုရောက်နေတဲ့ အဖေ့ရဲ့မိတ်ဆွေတစ်ယောက်ရောက်လာခဲ့တယ်။ ဟိုမှာ ငါးဖမ်းတာ ပိုပြီးပိုက်ဆံရတယ်ဆိုပြီး အဖေ့ကို ခေါ်သွားခဲ့တယ်။ တစ်နှစ်ကျော်လောက်အကြာမှာ အဖေပြန်ရောက်လာပြီး မြိတ်ကျွန်းစုမှာ ခြေချမယ်ဆိုပြီး ကျွန်ုပ်တို့မိသားစုဖြစ်တဲ့ အမေရယ်၊ ကျွန်ုပ်ရယ်၊ ညီလေးနှစ်ယောက်နဲ့ ညီမလေးတစ်ယောက်ကို လာခေါ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်ုပ်ဟာ အသက် (၁၃) နှစ်ပဲရှိသေးတယ်။ ပညာရေးကတော့ ခြောက်တန်းအောင်တဲ့နှစ်ကပေါ့။

ကျွန်ုပ်တို့နေတဲ့ ရွာကလေးကတော့ ကပ်ကတုံလို့ခေါ်တဲ့ ရွာသိမ်ရွာငယ်ကလေးပါ။ အဲဒီရွာကလေးဟာ ကော့သောင်းမြို့ရဲ့ အရှေ့ဘက်ယွန်းယွန်းမှာရှိတဲ့ ပါချန်နဒီလို့ ခေါ်တဲ့ ပါချန်မြစ်နားက ရွာကလေးပါ။ ပါချန်မြစ်ဟာ ထူးခြားတဲ့ မြစ်တစ်စင်း ဖြစ်ပါတယ်။ အဲဒီမြစ်ရဲ့ ထူးခြားချက်ကတော့ ထိုင်း နိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား စည်းခြားထားတဲ့ မြစ်တစ်စင်း ဖြစ်ပါတယ်။ အဲဒီမြစ်ဟာ မိုင်ပေါင်းများစွာစီးဆင်းပြီး ပင်လယ်ထဲသို့ စီးဝင်သွားတယ်။ မြစ်ရိုးတစ်လျှောက်မှာတော့ ကျွန်းကြီးတွေနဲ့ ကျွန်းလေးပေါင်းများစွာရှိတယ်။ အဲဒီကျွန်းပေါ်မှာ အများအားဖြင့် ဆလုံတိုင်းရင်းသားများနေလေ့ရှိပြီး ရွာကလေးပေါင်းများစွာရှိပါတယ်။ ကျွန်ုပ်တို့ ကပ်ကတုံရွာ အပါအဝင်ပေါ့။ ဆလုံတိုင်းရင်းသားအများစုဟာ ငါးဖမ်းခြင်း၊ ရေငုပ်ခြင်းကို လွန်စွာကျွမ်းကျင်ကြပြီး ရေပြင်ကို မြေပြင်အမှတ်နဲ့နေကြတဲ့သူများ ဖြစ်တယ်။

ကျွန်ုပ်လည်း အဲဒီရွာမှာနေရင်း အသက်နှစ်ဆယ်အရွယ်သို့ ရောက်တဲ့အခါမှာ အဖေက -

"ငါ့သား၊ မင်းလည်း အရွယ်ရောက်ပြီ။ ဒီအတိုင်းမနေနဲ့တော့။ ငါ့ဆရာရဲ့ ငါးဖမ်းစက်လှေမှာ မင်းအလုပ်လုပ်ရမယ်"

"ကောင်းပါပြီ အဖေ"

ကျွန်ုပ်လည်း အဖေခေါ်ဆောင်ရာလိုက်လာခဲ့တယ်။ အဖေက သူ့ဆရာရဲ့ စက်လှေမှာ အလုပ်သွင်းပေးလို့ ကျွန်ုပ်အလုပ်ရခဲ့ပါတယ်။ အဖေနဲ့ ကျွန်တော်ဟာ စက်လှေတစ်စီးတည်း မဟုတ်ပါဘူး။ စက်လှေတစ်ခုစီမှာအလုပ်လုပ်ရပါတယ်။ ကျွန်ုပ်စက်လှေရဲ့ စက်လှေ



www.burmeseclassic.com

www.burmeseclassic.com

ဦးစီးမှာ ဦးလှမောင်ဖြစ်ပြီး ကျန်သူများကတော့ ဇန်တုံ စတဲ့ အလုံတိုင်းရင်းသားရှစ်ဦး ပါဝင်ပါတယ်။ ကျွန်ုပ်မှာ အဖြစ်ပြီး နောက်တစ်ယောက်ကတော့ စက်လှေပိုင်ရှင်နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ ထားဝယ်သား ကျားမောင်ပဲ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးထဲမှာ ကျားမောင်ဟာ အထူးခြားဆုံးလူငယ်တစ်ယောက်ဖြစ်ပါတယ်။ သူဟာ ခန္ဓာကိုယ် တတ်ခိုင်ပြီး အရုပ်အမောင်းမှာလည်း ငါးပေဆယ့်တစ်လက်မခန့် မြင့်ပါတယ်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းဖြစ်ပြီး နှုတ်ခမ်းမွေးခပ်ရေးရေးရှိပါတယ်။ သူဟာ အခြားသူများလို သိပ်ပြီး ပြုံးပြုံးရွှင်ရွှင်မရှိလှဘဲ ခပ်တည်တည်နေတတ်သူ ဖြစ်ပါတယ်။ သူက ဆလုံအုပ်စုနဲ့ သိပ်မရောပေမယ့် ကျွန်ုပ်ကိုတော့ ခင်မင်ရင်းနှီးစွာ ဆက်ဆံတတ်ပါတယ်။ စက်လှေဦးစီးဦးလှမောင်နဲ့လည်း ဆွေရိပ်မကင်းမျိုးရိပ်မကင်းမို့ အများအားဖြင့် ကျွန်ုပ်တို့ သုံးဦးဟာ ထမင်းတစ်ဝိုင်းတည်းစားဖြစ်သလို လသာတဲ့ ညအခါများမှာ စကားဝိုင်းဖွဲ့ပြီးပြောဖြစ်ခဲ့ပါတယ်။

စက်လှေဦးစီး ဦးလှမောင်ကလည်း ထားဝယ်သားဖြစ်ပြီး စာတိုပေစဖတ်ရှု လေ့လာလိုက်စားသူဖြစ်၍ ရှေးခေတ် ထားဝယ်အကြောင်း၊ မင်းများအကြောင်း ဗဟုသုတအဖုံဖုံကို ပြောပြလေ့ရှိပါတယ်။

"ဦးတို့ ထားဝယ်တွေဟာ ပျူတွေပဲကွ။ ပျူ (၁၂) ပြည်ထောင်စုမှာ တနင်္သာရီ ပျူ (ထားဝယ်) ဆိုပြီး ပါရှိခဲ့တယ်။ ထားဝယ်ဒေသမှာ ပျူယဉ်ကျေးမှုလက္ခဏာဖြစ်တဲ့ အုတ်ချပ်ကြီးတွေ၊ လက်ရေးစင်းပါတဲ့အုတ်တွေ၊ အရိုးအိုးတွေ၊ ဒင်္ဂါး၊ အုတ်ခွက်ဘုရားတွေနဲ့ ရောင်စုံပုတီးစေ့တွေတွေ့ရှိခဲ့ကြတယ်"

"ဪ- ထားဝယ်တွေက ပျူတွေလား ဦးလေး"

"ဟုတ်တယ်ကွယ့်။ ဒါ့အပြင် ထားဝယ်သားတွေဟာ မြို့ကြီးပြကြီးတွေနဲ့ နေထိုင်ခဲ့တာကွယ့်။ အဲဒီမြို့တွေက သာဂရမြို့ဟောင်း၊ မုတ္တီးမြို့ဟောင်း၊ ညောင်ခရားမြို့ဟောင်းနဲ့ ဝေဒီမြို့ဟောင်းဆိုတာ အခုထက်တိုင်အောင် အထင်အရှားရှိနေဆဲပဲကွယ့်"

"ဪ - ဟုတ်လား"

"အေး - ဒါ့အပြင် ဟိုးရှေးတုန်းက



www.burmeseclassic.com

www.burmeseclassic.com

လူတွေက ဂမ္ဘီရပညာတွေလိုက်စားကြတော့ အင်္ဂရိတ်အတတ်၊ ကျားမှော်အတတ်၊ ပျားမှော်အတတ်တွေလည်း တတ်မြောက်ကြတယ်ကွယ့်"

"အင်္ဂရိတ်အတတ်ကတော့ ရွှေဖြစ်ငွေဖြစ်၊ ဓာတ်လုံးဖြစ်ဖို့ထိုးတာ မဟုတ်လား ဦးရဲ့"

"မင်ကဘယ်လိုသိသလဲ မောင်စိုးရဲ့"

"ကျွန်တော့်ဘကြီးက အင်္ဂရိတ်ထိုးတယ်၊ ဒါ့ကြောင့်သိတာပါ။ ဪ- ဒါနဲ့ ကျားမှော်အတတ်တို့၊ ပျားမှော်အတတ်တို့ဆိုတာဘာလဲ။ ကျွန်တော်မသိလို့ ရှင်းပြစမ်းပါ"

"ကျားမှော်အတတ်တို့၊ ပျားမှော်အတတ်တို့ဆိုတာ ဟိုးရှေးတုန်းက ဂမ္ဘီရပညာရပ်တွေပဲကွယ့်။ မင်းနားလည်အောင်ပြောရရင် ဟိုး ရှေးမင်းများ နန်းတည်ထောင်တဲ့အခါမှာ တိုင်းပြည်ကြီးစည်ပင်သာယာဝပြောဖို့လိုသလို တိုင်းပြည်ကြီးကို ကာကွယ်ဖို့လည်း လိုအပ်တယ်။ တိုင်းပြည်ကြီးစည်ပင်သာယာဝပြောဖို့ ပုဏ္ဏားတော်တွေက တွက်ချက်ပြီး လိုအပ်တဲ့ အစီအမံတွေပြုရသလို တိုင်းပြည်ကြီးကို ကာကွယ်ဖို့ ရသေ့ကြီးတွေထံမှာ ဂမ္ဘီရအတတ်ပညာတွေကိုလည်း သင်ကြားရတယ်။ ဥပမာ ရခိုင်ပြည်မှာဆိုရင် ရသေ့ကြီး ရှင်မြဝါဟာ ရခိုင်ပြည်ကြီးကိုကာကွယ်ဖို့ ဂမ္ဘီရပညာရပ်တွေနဲ့ အတားအဆီး အစီအရင်တွေ ပြုလုပ်ခဲ့တယ်။ ဦးလေးတို့ ဝေဒီတိုင်းပြည်မှာ ဝေဒီမင်းဆိုရင် ပျားမှော်အတတ်ကို တတ်မြောက်ခဲ့တယ်"

"ပျားမှော်အတတ် ဆိုတာ ဘယ်လိုလဲ ဦးလေး"

"ပျားမှော်အတတ်ဆိုတဲ့ အခေါ်အဝေါ်ကို ဦးလေး ရှင်းပြပါ့မယ်။ ပျားကတော့ ပျားကောင်ကလေးတွေပေါ့။ မှော်ဆိုတာ မှော်ပညာကိုပြောတာ မဟုတ်ဘူး။ အဲဒီအတတ်ပညာမှာ သူမတူအောင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တတ်မြောက်တာကို ဆိုလိုတာကွယ့်"

"ဟုတ်ကဲ့ပါ ဦးလေး"

"ဟိုးအရင်အချိန်တုန်းက ထားဝယ်ဒေသကို အုပ်ချုပ်တဲ့ မင်းတွေဟာ ပုဂံမင်းထံမှာ သစ္စာတော်ခံပြီး နှစ်စဉ် ရွှေငွေဘဏ္ဍာတော်များကို ဆက်သွင်းရတယ်။ အဲဒီဒေသကို အခြားရန်သူများ ဝင်ရောက် တိုက်ခိုက်ရင်း ပုဂံနေပြည်တော်က စစ်ကူပေးရတယ်။ ဒါပေမယ့် ပုဂံနေပြည်တော်က စစ်ကူလွှတ်ဖို့ရာ အနည်းဆုံး တစ်လကိုးသီတင်းကြာသကွယ့်"

"ဪ- ဟုတ်လား ဦးလေး"

"ဒါကြောင့် ထားဝယ်တိုင်းပြည်က ဝေဒီမင်းဟာ တောင်ပေါ်မှာ သီတင်းသုံးနေတဲ့ လောကပါလရသေ့ကြီးထံမှာ ပျားမှော်အတတ်ကို သင်ယူခဲ့တယ်။ ပျားမှော်အတတ်ဆိုတာက သစ်ရွက်ခြောက်ကလေးတွေကို မန္တန်ရွတ်ပြီး မန်းမှုတ်လိုက်ရင် အဲဒီသစ်ရွက်တွေကနေ ပျားတွေဖြစ်ပြီး ရန်သူတွေကိုသေအောင် တုပ်တော့တာပဲ။ အတုပ်ခံရတဲ့ ရန်သူတွေဟာ တိုက်ပွဲဆက်မတိုက်နိုင်တော့ဘူးပေါ့ကွယ်"

"အဲဒီတုန်းက ရန်သူတွေက ဘယ်လိုရန်သူမျိုးတွေလဲ"

"မာလာယုကျွန်းဘက်က ကျွန်းသူကျွန်းသားတွေဟာ အဲဒီအချိန်တုန်းက အလွန်ရိုင်းစိုင်းပြီး အလွန်အင်အားကောင်းကြတယ်။ သူတို့ဆီမှာ အစားအစာရှားပါးလာရင် ထားဝယ်တို့၊ မြိတ်တို့၊ ကော့သောင်းတို့မှာနေတဲ့လူတွေဆီကို အလုံးအရင်းနဲ့ ဝင်ရောက် တိုက်ခိုက်ပြီး စားစရာတွေယူငင်ကြတယ်။ သူတို့က အင်အားကြီးတော့ ဒီဘက်ကလူတွေက အဲဒီရန်သူတွေရဲ့ တိုက်ခိုက်မှုဒဏ်ကို အလူးအလဲခံခဲ့ကြတယ်ကွယ့်။ အဲဒါကြောင့် ဝေဒီမင်းဟာ ပျားမှော်အတတ်ကိုသင်ထားပြီး ရန်သူတွေလာ၊ မလာသိရအောင် နန်းတော်နဲ့ တစ်ဂါဝုဒ်မှာ မျှော်စင်ဆောက်ပြီး စောင့်ကြပ်နေခဲ့တယ်။ ရန်သူတွေလာကြောင်း မောင်းတီးပြီး အချက်ပေးလိုက်တာနဲ့ သူကိုယ်တိုင် မြင်းညိုကြီးကိုစီးပြီး မျှော်စင်ရှိရာ ရောက်လာသတဲ့။ မျှော်စင်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် သူစုဆောင်းခိုင်းထားတဲ့ သစ်ရွက်ခြောက်တွေကို မျှော်စင်ပေါ်တင်ခိုင်းပြီး မန္တန်စပြီးရွတ်တော့တာပဲ။ အဲဒီအချိန်မှာ တစ်စတစ်စလေပြင်းတွေတိုက်ပြီး သစ်ရွက်ခြောက်တွေဟာ ပျားကောင်တွေဖြစ်ပြီး ရန်သူရှိရာဆီကို တစ်ရှိန်ထိုးပျံသန်းပြီး မျက်စိ၊ နှာခေါင်း၊ လည်ပင်း စတဲ့နေရာတွေကို တုပ်တော့တာပဲ။ အဲဒီပျားတွေဟာ ဘယ်လောက်အဆိပ်ပြင်းသလဲဆိုရင် အတုပ်ခံရတဲ့သူတွေဟာ ချက်ချင်းအဖုအပိမ့်အကြီးကြီးတွေဖြစ်ပြီး ပေါက်ထွက်သွားတာနဲ့ သွေးတွေပန်းထွက်သတဲ့။ ဒါနဲ့ ရန်သူတွေဟာ ခွေးပြေးဝက်ပြေးပြေးခဲ့ကြရတယ်"

"ဒါဆို ဝေဒီမင်းက အနိုင်ရသွားတာပေါ့"

"အိမ်း - အဲဒီစစ်ပွဲမှာတော့ ဝေဒီမင်းက အနိုင်ရလိုက်တာပေါ့။ ဒါပေမယ့် ကျွန်းသားလူရိုင်းတွေဟာ ပျားတုပ်တဲ့ရန်က ကာကွယ်နိုင်တဲ့ သံချပ်ကာမျက်နှာစုပ်၊ သံချပ်ကာအင်္ကျီတွေဝတ်ပြီးတိုက်ခိုက်ပြန်တယ်။ အဲဒီစစ်ပွဲမှာ ဝေဒီမင်းဘက်က ရှုံးမလိုဖြစ်နေတုန်း ဖြုန်းဆို လူတစ်ယောက်က ကျွမ်းပစ်ပြီးဝင်လာခဲ့တယ်။ အားလုံးက လက်နက်မဲ့ဝင်လာတဲ့လူကိုကြည့်ပြီးအံ့ဩနေတုန်း အဲဒီလူကနေ ကိုးထောင်ကျားကြီးဖြစ်ပြီး ဝေါခနဲဆိုဟိန်းလိုက်တဲ့အသံက မြေကြီးတောင်တုန်သွားသတဲ့။ နောက်တော့ ဘာပြောကောင်းမလဲ၊ ကျားကြီးက နီးရာလူတွေကို ခုန်အုပ်ပြီး ကိုက်သတ်လိုက်တယ်။ ရန်သူတွေလည်း ကြောက်ပြီးပြန်ပြေးကြတာ သေတဲ့လူလည်းသေ၊ ဒဏ်ရာရတဲ့လူလည်း ဒဏ်ရာရနဲ့ အကြီးအကျယ်အရှုံးကြီးရှုံးသွားခဲ့တယ်။ စစ်ပွဲလည်းပြီးရော ဝေဒီမင်းက လူလွှတ်ပြီး အဲဒီကျားစိတ်ဝင်တဲ့လူကို လိုက်ရှာခိုင်းခဲ့တယ်။ ဒါပေမယ့် အဲဒီလူကိုဘယ်လိုမှရှာလို့မရဘူးတဲ့"

"နောက်တော့ ရှာလို့တွေ့သွားရောလား ဦးလေး"

"မင်းကလည်း စိတ်စောရန်ကောကွာ၊ ပြောမှာပေါ့။ တစ်နေ့တော့ ထားဝယ်နယ်မြေထဲက မထင်ရှားတဲ့ တိုင်းပြည်ငယ်ကလေးဖြစ်တဲ့ မှိုင်းကာရီပြည်နဲ့ မနီးမဝေးမှာရှိတဲ့ မှိုင်းလုံးညိုပြည်မှာ သမန္တမင်း အုပ်စိုးနေပြီး သမီးတော် စောအိမ်သူဆိုတာ ရှိခဲ့တယ်။ စောအိမ်သူဟာ ကျားစိတ်ဝင်တဲ့ လူစွမ်းကောင်းကိုရှာလိုဇောနဲ့ မင်းကြီးထံမှာခွင့်ပန်ပြီး သူဆင်းရဲမအသွင်နဲ့ တစ်ယောက်တည်းထွက်လာခဲ့တယ်။ အဲဒီလူအကြောင်းကိုစုံစမ်းတာ တစ်နှစ်ကြာတဲ့အထိ သတင်းမကြားရဘူးတဲ့"

"ဆက်ပြောပါဦးလေ"

"တစ်နေ့တော့ မင်းသမီးရောက်နေတဲ့ ရွာကလေးကို အရပ်ခြောက်ပေလောက်ရှိတဲ့ ထောင်ထောင်မောင်းမောင်း အသားညိုညိုနဲ့ မုဆိုးတစ်ယောက်ရောက်လာပြီး သူဖမ်းလို့ရတဲ့ သမင်ဒရယ်ကောင်တွေကို လာရောက်ပြီး ရောင်းချသတဲ့။ မင်းသမီးက အဲဒီတောကောင်တွေကို ကြည့်လိုက်တော့ အဲဒီအကောင်တွေမှာမြားဒဏ်ရာမတွေ့ရဘဲ ကုပ်မှာ ကျားကိုက်ထားတဲ့ အစွယ်ရာနှစ်ခုကို တွေ့လိုက်ရတယ်။ ဒီတော့ ပညာရှိမင်းသမီးပီပီ ဒီလူဟာ ကျားနဲ့ တစ်နည်းနည်းပတ်သက်ရမယ်လို့တွေး လိုက်မိတယ်။ ပညာရှိတို့ထုံးလိုက်ရင် ပြေးကြည့်သလို မှန်တယ်ဆိုတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com

...ငင်းပဲ သဲလွန်စတစ်ခုကိုရခဲ့တယ်။ ...လူနဲ့ မိတ်ဆွေထဖွဲ့ပြီး တောလိုက် ...ည်းကို မေးကြည့်တော့ သူမှာ ကျား ...မှာတစ်ကောင်ရှိပြီး အဲဒီ ကျားလိမ္မာ နဲ့ အမဲလိုက်ကြောင်း ပြောပြခဲ့တယ်။ နောက်တော့ မင်းသမီးက အဲဒီမုဆိုးကို ...သူအဖြစ်သတ်မှတ်ပြီး အဲဒီမုဆိုးနဲ့ အတူ တောထဲကိုလိုက်သွားခဲ့တယ်။ နောက်တော့ အဲဒီမုဆိုးနဲ့အိမ်ထောင်ကျ တယ်ဆိုပါတော့ကွာ"

"အဲဒီမုဆိုးနဲ့အိမ်ထောင်ကျတာနဲ့ ကျားစိတ်ဝင်တဲ့လူနဲ့ တွေ့ရောလား"

ကျွန်ုပ်မှာ စိတ်မရှည်တော့သဖြင့် ဤသို့မေးလိုက်ရာ -

"ဒီခေတ်ကလေးတွေနဲ့တော့ ခက် ...တာပဲ။ မင်းသမီးနဲ့ မင်းသားနဲ့ ...တောင် မတွေ့ရသေးဘူး။ ညားသွားပြီ ...ဆိုတာ လာမမေးနဲ့။ ပြောရတာ ...ရှုံ့ပျက်တယ်"

"စိတ်မဆိုးပါနဲ့ ဦးလေးရယ်၊ ဆက် ပြောပါနော်"

"အိမ်း - ဒါနဲ့ မူကွဲတစ်ခုရှိသေး တယ်"

"ဟင် - ဦးလေးကလည်း၊ ရှေ့က ဟာတောင် မပြီးသေးဘူး၊ မူကွဲကလာ ပြန်ပြီ"

"ဟကောင်ရ၊ မူကွဲအမျိုးမျိုးရှိ တာတော့ ပြောရမှာပေါ့"

"ကဲ - ဦးလေးရေ ပြောချင်တာ သာ ပြောပါတော့"

"အိမ်း - မူကွဲတစ်ခုတော့ ဘုမိ ဝဏ္ဏတိုင်းပြည်က မင်းကြီးဟာ သမီး တော် မြနန်းစောကို အမျက်တော်ရှပြီး နန်းတော်က နှင်ထုတ်လိုက်တာ မင်း သမီးဟာ သူဆင်းရဲမအသွင်နဲ့ မြို့ပြင်ကို ရောက်သွားခဲ့တယ်။ အဲဒီကမှ စားစရာ မရှိလို့ တောကြီးထဲကို သစ်သီးရှာသွား ရင်း မုဆိုးတစ်ယောက်နဲ့ ညားသွားရော။ အဲဒီ မုဆိုးနာမည်က ဗျဂ္ဃတဲ့"

"ဒါဆို မင်းသမီးနဲ့ မုဆိုးညားတာ အတူတူပဲ။ ဆက်ပြောပါ ဦးလေး"

"အဲဒီမုဆိုးဟာ တောလိုက်သွား မယ်ဆိုပြီး မနက်စောစောမှာ တောထဲ ဝင်သွားခဲ့တယ်။ ညနေရောက်ရင် တော ကောင်တစ်ကောင်ကောင် ပါလာစမြဲပဲ။ မင်းသမီးက မေးတဲ့အခါမှာ ကျားလိမ္မာ က ဖမ်းပေးတာလို့ပဲ ပြောတယ်။ ဒါနဲ့ မင်းသမီးက ကျားလိမ္မာကို တွေ့ချင်လို့ ပြပါလို့ပြောပေမယ့် မုဆိုးက ကျားလိမ္မာ ကိုမပြဘဲ လိုးလွဲပြောခဲ့တယ်။ မင်းသမီး က ကြာတော့မနေနိုင်တော့ဘဲ မုဆိုးကြီး တောထဲသွားတဲ့အခါမှာ မင်းသမီးက လိုက်ချောင်းခဲ့တယ်။ မုဆိုးကြီးဟာ တောထဲရောက်တယ်ဆိုရင်ပဲ အတွင်းခံ ဘောင်းဘီကလွဲလို့ အဝတ်အစားအား လုံး ချွတ်လိုက်တယ်။ နောက်တော့ သူ့ လည်ပင်းမှာဆွဲထားတဲ့ကြုတ်ထဲက အဝါ ရောင်အလုံးကလေးကို ပါးစပ်ထဲငုံပြီး ကောင်းကင်ကို မော့ကြည့်ကာ မန္တန် တစ်ခုကို ရွတ်ဆိုလိုက်တယ်။ တစ်ခဏ အကြာမှာ မုဆိုးကြီးဟာ ကျားဘဝကို ပြောင်းသွားပြီး တစ်ပတ်ကျွမ်းပစ်ကာ တောထဲဝင်သွားခဲ့တယ်။ ထမင်းတစ်အိုး ချက်အကြာမှာ တောကောင်တွေပြေး သံ၊ အော်သံဆူညံသွားပြီး ကျားကြီးဟာ ချေတစ်ကောင်ကို ကိုက်ချီပြီး တောထဲ က ပြန်ထွက်လာခဲ့တယ်။ နောက်တော့ ချေသေကိုချပြီး နောက်ကျွမ်းပစ်တာ လူပြန်ဖြစ်သွားတယ်။ ဒီတော့မှ . . ."

"ဒါဆို အဲဒီမုဆိုးကြီးဟာ ကျား စိတ်ဝင်နေတဲ့လူပေါ့နော်"

"အေးပေါ့ကွာ၊ အဲဒီမုဆိုးကြီးဟာ ကျားမှော်အောင်တဲ့လူပေါ့။ ကျားမှော် အောင်တဲ့အကြောင်းကိုလည်း ပြောရဦး မယ်"

"ပြောပြပါ ဦးလေး"

"ကျားမှော်အောင်တဲ့ မုဆိုးရဲ့ အမေဟာ ရသေ့ကြီး ဦးအဂ္ဂရဲ့ မွေးစား သမီးပေါ့။ အရွယ်ရောက်လာလို့ တော ထဲမှာ သစ်သီးရှာရင်း အမျိုးသားတစ်ဦး နဲ့ အိမ်ထောင်ကျခဲ့တယ်။ အဲဒီလူဟာ တကယ်တော့ လူယောင်ဆောင်ထားတဲ့ ကျားပဲ။ အဲဒီကျားကြီးရဲ့ မျက်လုံးဟာ အစွမ်းထက်တဲ့ ကျားမျက်ရှင်ဖြစ်နေတာ ကြောင့် ကျားကြီးက လူယောင်ဆောင် နိုင်တာ။ ရသေ့ကြီးရဲ့ မွေးစားသမီးဟာ ကျားမှန်းမသိဘဲ လူအစစ်လို့ထင်ပြီး ယူ လိုက်တာ မောင်ဗျဂ္ဃလေးကို မွေးခဲ့တယ်။ ကျားကြီးဟာအရွယ်အိမင်းလာတဲ့အချိန် မှာ ဆင်တစ်ကောင်နဲ့ သတ်ပုတ်ရင်း ဆင်နင်းလို့ သေဆုံးသွားခဲ့တယ်။ တစ် ကိုယ်လုံးပုပ်နေပေမယ့် ကျားမျက်ရှင် ရှိတဲ့ ဦးခေါင်းပိုင်းက မပုပ်မသိုးဘဲ အကောင်းအတိုင်းပဲ။ ဒါနဲ့ ရသေ့ကြီးက အဲဒီကျားကြီးရဲ့ ကျားမျက်ရှင်ကိုယူပြီး မောင်ဗျဂ္ဃရဲ့ လည်ပင်းမှာ ကြုတ်လေး ထဲထည့်ပြီးဆွဲပေးခဲ့တယ်။ နောက် မန္တန် တစ်ပုဒ်သင်ပေးခဲ့တယ်။ မောင်ဗျဂ္ဃလေး ဟာ မန္တန်ရွတ်လိုက်တာနဲ့တစ်ပြိုင်နက် ကျားစိတ်ဝင်လာပြီး တစ်ပတ်ကျွမ်းပစ် ပြီး ကျားအဖြစ်ကို ပြောင်းလဲသွားခဲ့ တယ်။ နောက်တော့ မုဆိုးဘဝနဲ့ သား ကောင်တွေဖမ်းဆီးပြီး မင်းသမီးနဲ့ပေါင်း သင်းနေထိုင်ခဲ့တယ်"

"ဟုတ်ကဲ့ ဆက်ပြောပါ ဦးလေး"

"သူတို့ဟာ တောထဲမှာနေရင်း သားလေးယောက်မွေးခဲ့တယ်။ သား တော်များ အရွယ်ရောက်လာတဲ့အချိန် မှာ မာလာယုကျွန်းစုကလူရိုင်းတွေလာ တိုက်ပြန်ရော။ အဲဒီအခါမှာ မုဆိုးဗျဂ္ဃနဲ့ သားလေးယောက်ဟာ ဝိုင်းတိုက်ခိုက်ကြ လို့ မင်းကြီးတို့ဘက်က အနိုင်ရခဲ့တယ်။ သူတို့သားအဖတွေကို မင်းကြီးက နန်း တော်ကို ခေါ်လာခဲ့တယ်။ မင်းကြီး လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သမီး တော်နဲ့ မြေးတော်များကိုလည်း အ ဆောင်အယောင်အခန်းအနားနဲ့ ထားခဲ့ တယ်။ အဲဒီအချိန်ကစပြီး မုဆိုးဗျဂ္ဃကို ကျားမှော်အတတ်ပညာရှင်အဖြစ် ချီးမြှင့် မြှောက်စားပြီး အိမ်ရှေ့အရာကိုပေးခဲ့ တယ်။ ဗျဂ္ဃဟာ သားလေးယောက်ကို ကျားမှော်အတတ်ပညာ သင်ပေးခဲ့ပြီး ရဲမက်များကိုတော့ တိုက်ပွဲဝင်ခါနီးကျမှ ကျားစိတ်ပေါက်အောင်သွင်းပေးခဲ့တယ်"

"ကျားစိတ်ပေါက်အောင်သွင်းပေး ခဲ့တယ်ဆိုတာဘယ်လိုလဲ ဦးလေး"

"နတ်ကတော်တွေ နတ်သွင်း သလိုပေါ့ကွာ။ နတ်ဝင်ပူးတာ မြင်ဖူး တယ် မဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"အဲဒီလိုပဲ၊ ကျားစိတ်ဝင်ပြီး လူ စိတ်ပျောက်တာပေါ့ကွာ"

"အခုကော အဲဒီကျားမှော်တို့၊ ပျားမှော်တို့ရှိသေးလား ဦးလေး"

"ပျားမှော်ပညာရပ်ကတော့ တိမ် မြုပ်ပျောက်ကွယ်သွားခဲ့ပါပြီ။ ဒါပေမယ့် ကျားမှော်သွင်းတဲ့ ပညာရပ်ကတော့ အခုထက်ထိရှိသေးတယ်။ ထားဝယ်မြို့ ပေါ်မှာ ကျားစိတ်သွင်းတဲ့ပွဲဆိုပြီး တစ် နှစ်တစ်ခါကျင်းပလေ့ရှိတယ်။ နောက် တစ်ခါ ကျားပွဲကျ မင်းကိုခေါ်သွားမယ်"

"ဦးလေးတကယ်ပြောတာနော်"

"တကယ်ပါ"

ဦးလေး ဦးလှမောင်သည် သူပြော သည့်အတိုင်းပင် ကျားပွဲရှိသောတစ်နေ့ ၌ ထားဝယ်မြို့သို့ ကျွန်ုပ်ကို သူခေါ်သွား ခဲ့တယ်။

ဟော-တွေ့ပါပြီ။ ထားဝယ်မြို့ရဲ့ ကျားပွဲကား အတော်ပင် စည်ကားလှ ပါတယ်။ ကျားစိတ်အသွင်းခံရမယ့် ယောကျ်ားလေးတွေဟာ ဘောင်းဘီတို ကလေးဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး အဝါရောင်ဆေးများလိမ်းခြယ်လိုက်ပါ တယ်။ နောက်တော့ ကျားတစ်ကောင်နဲ့ တူအောင် တစ်ကိုယ်လုံး အနက်အစင်း တွေ ရေးခြယ်လိုက်ပါတယ်။ မျက်နှာမှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း အဝါရောင်တွေလိမ်းပြီး နှုတ်ခမ်းမွေးသဏ္ဌာန် ရေးခြယ်လိုက်ပါတယ်။

"ဗုံ"

"ဗုံ"

"ဗုံ"

"ဂွမ်း"

"ဂွမ်း"

"ဂွမ်း"

"ဗေဗုံဒီဗုံထီ"

အစချီသော ဆိုင်းသံခပ်ကြမ်းကြမ်းတီးလိုက်ပါတယ်။ နောက်တော့ ကျားဝင်သည် နတ်ထိန်းက တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားလာပြီး ကျားဝင်မယ့် လူငယ်များရဲ့ရင်ဘတ်၊ ကျောကုန်းအစရှိတဲ့နေရာများကို အသာအယာ ပုတ်ပေးပါတယ်။ ထို့နောက် ကျားဝင်သည်ဟာ ရှေ့ကျွမ်း၊ နောက်ကျွမ်းထိုးပြီး ကျားစိတ်ခပ်ကြမ်းကြမ်းဝင်လာပါတော့တယ်။ အဲဒီအခါမှာ ကျားဝင်သည်က ပုတ်ထားတဲ့ လူငယ်များထဲက အချို့လူငယ်များဟာ နတ်ဝင်သလို တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာပါတော့တယ်။ ပြီးနောက် ကျားဆိုင်းခပ်ကြမ်းကြမ်းတီးလေလေ ကျားစိတ်ဝင်သူများကလည်း ခပ်ကြမ်းကြမ်းကလေလေ။ လူစိတ်ပင် ပျောက်သလားမသိ။ မျက်စိမှိတ်ကာ ကြမ်းကြမ်းကလေး ကခုန်နေလေရဲ့။ ကျွန်ုပ်လည်း ကျားစိတ်ဝင်သူများကို စူးစမ်းလေ့လာကြည့်ရှုနေစဉ် ကြည့်နေတဲ့ ပရိသတ်ထဲမှ လူတချို့ဟာ ကျားစိတ်ဝင်လာပြီး ကျားက,ကနေတဲ့ လူအုပ်ထဲကို နတ်ပူးသလိုတုန်ယင်ပြီး ကခုန်ဝင်ရောက်လာခဲ့ပါတယ်။ ကျားဝင်သည်နတ်ထိန်းတွေက ကျားစိတ်ဝင်လာတဲ့သူတွေကို ပုဆိုးမကျွတ်အောင် ခါးစည်းကြိုးများစည်းပေးပြီး သပြေခက်နဲ့ တစ်ကိုယ်လုံး ရိုက်ပေးကြပါတယ်။ ကျွန်ုပ်လည်း သူတို့ကိုကြည့်ရင်း သူတို့ တကယ်ပင် ကျားစိတ်ဝင်လေသလော၊ မဝင်လေသလောတွေးတောရင်း ခွဲခြားမရနိုင်အောင်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲကြည့်ပရိသတ်ထဲမှ ကျားမှော်နဲ့ ပတ်သက်တဲ့ လူများသာ ဤသို့ မဖိတ်ခေါ်ဘဲ ကျားစိတ်ဝင်တယ်လို့ပြောတာကြောင့် ကျားစိတ်ဝင်နေသောသူများကို ကြည့်ရင်း အံ့ဩမိပါတယ်။ ပရိသတ်ထဲမှ ကျားမှော်ဝင်နေတဲ့လူများဟာ တစ်စတစ်စများလာပါတယ်။ ကျွန်ုပ်လည်း ဤသို့ထူးခြားသောကျားပွဲကိုကြည့်ရင်း စဉ်းစားသော်လည်း ကျွန်ုပ်၏ အတွေးအခေါ်များမှာ ဉာဏ်မမီ၍ နားမလည်ခဲ့ပေ။

'အချိန်တန်တော့ အိမ်ပြန်ရစမြဲ' ဆိုတဲ့အတိုင်း ကျားပွဲပြီးနောက် ငါးဖမ်းစက်လှေဆီသို့ ကျွန်ုပ်တို့ ပြန်လာခဲ့ကြပါတယ်။ ကျွန်ုပ်တို့ဟာ ပင်လယ်ပြင်မှာ ငါးဖမ်းလုပ်ငန်းကို ပြန်ပြီးလုပ်ခဲ့ကြပါတယ်။ အခုတစ်လော ထားဝယ်က ပြန်ပြီးကတည်းက ငါးကသိပ်မရခဲ့ပေ။

"ဟေ့ကောင် ကျားမောင်၊ အခုတစ်လော ငါးသိပ်မရဘူးကွ"

"ငါးရချင်ရင် အလွယ်ကလေးပါကွာ"

"ဘယ်လိုလုပ်ရင်ငါးရမှာလဲ၊ ငါ့ကို ပညာလေးဘာလေးပေးပါကွာ"

"အေး - ဒါဆို ငါပြပေးမယ်"

ထိုသို့ပြောပြီး ကျားမောင်က သူ့လည်ပင်းမှ ကြိုးကလေးကို ဖြုတ်လိုက်ရာ အဝါရောင်ဖျော့ဖျော့ကလေးတစ်လုံးထွက်လာပါတယ်။ အဲဒီအလုံးကလေးကို ရေအပြည့်ထည့်ထားတဲ့ ဖန်ခွက်ထဲကို ထည့်ပြီး ငါးမိနစ်လောက်စိမ်ထားလိုက်ပါတယ်။ အဲဒီအခါမှာ ရေနဲ့အရောင်ဟာ နည်းနည်းလောက် ဖြူနောက်နောက်အရောင်းပြောင်းသွားပါတယ်။ အဲဒီအခါမှာ ငါးဖမ်းမယ့်နေရာတစ်ဝိုက်မှာ အဲဒီရေကို လောင်းချလိုက်တယ်။ ညနေ ငါးဖော်တဲ့အခါမှာ အဲဒီဖြူနောက်နောက်အရည်လောင်းထားတဲ့နေရာက ပိုက်မှာ ငါးအတော်များများမိနေတာ တွေ့ရတယ်။

"ဟာ-မင်းပြောတာမှန်တာပဲ။ ဒီပိုက်မှာ ငါးတွေအများကြီးမိနေပါလား"

"ဟုတ်တယ်၊ ဒီအလုံးလေးရဲ့ အစွမ်းပေါ့"

"အဲဒီအလုံးကလေးက ဘာလုံးလဲ"

"နောက်မှပြောမယ်ကွာ"

"မင်းကလည်း၊ သိချင်လို့မေးတာကို ဈေးကိုင်နေလိုက်တာ"

"တစ်နေ့တော့ မင်းကို ငါအားလုံးပြောပြပါ့မယ်"

သူ့အပြောကို ကျွန်ုပ် မကျေနပ်သော်လည်း ငါးဖမ်းရန်ကိစ္စများကြောင့် မည်သည့်စကားမျှ ဆက်မပြောဖြစ်ခဲ့ကြပေ။ ဤသို့ဖြင့် ငါးအရနည်းတဲ့အခါတိုင်း ကျားမောင်မှာ အထက်ပါအတိုင်း ငါးများရအောင် ပြုလုပ်လေ့ရှိတယ်။ ကျွန်ုပ်ကလည်း နဂိုကပင် ထူးဆန်းသောအကြောင်းအရာကို စူးစမ်းလေ့လာလိုသူပီပီ ထိုအဝါဖျော့ဖျော့အလုံးကလေးအကြောင်းကို လွန်စွာသိချင်လှပါတယ်။

တစ်နေ့မှာတော့ အဲဒီဝါဖျော့ဖျော့အလုံးလေးရဲ့အကြောင်းသိရန်ဖြစ်လာခဲ့ပါတယ်။

"တိုးခိုင်ရေ ငါတော့ မိနန်းဆီ သွားမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ ကျားမောင်"

"မိနန်တို့ ဆလုံရွာမှာ 'နှစ်ကူးပွဲတော်' ရှိတယ်"

"သွားပေါ့"

"သွားဆိုရင် မင်းပါလိုက်မှဖြစ်မှာပေါ့"

"မင်းရည်းစားဆီသွားတာ ငါက ဘာလိုက်လုပ်ရမှာလဲ"

"အဖော်လိုက်ခဲ့ပေါ့ဗျာ။ ဟိုမှာ ဆလုံမချောချောလေးတွေတွေ့ရင် မင်းလည်း ရည်းစားထားပေါ့"

"ရည်းစားအတွက်မစဉ်းစားနိုင်ပါဘူး။ အိမ်မှာ အမေနဲ့ညီအစ်ကိုမောင်နှမသုံးယောက်အတွက် ရုန်းကန်ရဦးမှာ"

"ဘာပဲဖြစ်ဖြစ် နောက်အပတ်ထဲမှာသွားမယ်။ မင်းမလိုက်ရင် စိတ်အဆိုးပဲ"

"အေးပါကွာ။ ငါလိုက်ခဲ့ပါ့မယ်"

မိနန်းဆိုတာက ကျားမောင်ရဲ့ ချစ်သူ ဆလုံမလေးပါ။ သူတို့က ပါချန်မြစ်ကမ်းနံဘေးကရွာလေးမှာ နေကြတာ။ ကျွန်ုပ်တို့ ငါးဖမ်းတဲ့နေရာနဲ့တော့ ဆယ်မိုင်ကျော်ခန့်ဝေးတယ်။ အဲဒီနေရာကို ရောက်ဖို့ ရေတစ်တန်၊ ကုန်းတစ်တန် သွားရမှာ ဖြစ်တယ်။ ကျားမောင်ဆိုတဲ့ကောင်ကလည်း တားလို့ရမှာမဟုတ်ဘူး။ သွားကိုသွားမယ့်ကောင်ပဲ။

"တိုးခိုင်ရေ ငါတို့ဒီမြစ်ကိုဖြတ်ပြီး ကျွန်းပေါ်ကဖြတ်ရင် ပိုပြီးလမ်းနီးတယ်"

"ဒါဆိုရင် မိနန်တို့ရွာရဲ့ အနောက်ဘက်ကို ရောက်သွားမှာပေါ့"

"ဟုတ်တယ်၊ ပါချန်မြစ်ကို ဆန်တက်ရင် သူတို့ရွာရှေ့ကို ရောက်ပေမယ့် ရေစီးကြမ်းတော့ ငါတို့နှစ်ယောက်တည်းနဲ့ လှေလှော်ပြီး ဆန်တက်ဖို့ မလွယ်ဘူး"

"ဒါဆို၊ ဒါလန်းကျွန်းကို ဖြတ်ရမှာပေါ့"

"ဟုတ်တယ်၊ ဒါလန်းကျွန်းကို ဖြတ်ရမယ်"

"ဟာ - ဒါလန်းကျွန်းက လူမနေတော့ သားရဲတိရစ္ဆာန်တွေပေါ်တယ်"

"တိရစ္ဆာန်လောက်များ စာမဖွဲ့ဘူး တိုးခိုင်ရာ"

"ဟာ - အဲဒီကျွန်းမှာ တောခွေးတွေ အတော်သောင်းကျန်းတယ်လို့ကြားတယ်။ အဲဒီတောခွေးတွေဟာ တချို့ဆိုရင် လူ့ခါးစောင်းလောက်ရှိတယ်တဲ့။ မဖြစ်ပါဘူးကွာ။ ရေဆန်လှော်ချင်လှော်

www.burmeseclassic.com

ရွာအရှေ့ကပဲသွားမယ်"

"တိုးခိုင်ရာ၊ ရွာအနောက်လမ်း ငါသွားနေကျပါ။ ဘာမှအန္တရာယ် ပါဘူး"

"ရွာအရှေ့ကပဲသွားမယ်"

"ရွာအနောက်ကပဲသွားမယ်"

ကျွန်ုပ်နှင့် ကျားမောင်မှာ ရွာရဲ့ အရှေ့ကသွားမယ်၊ အနောက်ဘက်လမ်း သွားမယ်ဆိုပြီး အငြင်းအခုံပွားခဲ့ကြ ပါတယ်။ နောက်ဆုံးတော့ ကျားမောင် က -

"တိုးခိုင်ရာ၊ မင်းမှာ အန္တရာယ် တစ်စုံတစ်ရာမှမဖြစ်စေရဘူး၊ စိတ်ချပါ။ ငါတာဝန်ယူတယ်"

"ဒါဆို မင်းတကယ်တာဝန်ယူ သလား"

"အသက်ကိုလောင်းကြေးထပ်ပြီး တာဝန်ယူမယ်"

"ရည်းစားရှိတဲ့ကောင်ကတောင် အသက်ပေးရဲရင် ဘာသံယောဇဉ်မှမရှိ တဲ့ ကျုပ်လိုအကောင်ကလိုက်မယ်"

"ဒါပေါ့ဗျာ။ ဒါမှ သတ္တိခဲပဲ"

ကျွန်ုပ်ဆိုတဲ့ကောင်က မြှောက် ပြောလို့ပြောမှန်းမသိ။ သတ္တိခဲလို့ပြော လိုက်တာနဲ့ စိတ်ထဲမှာ ဘယ်လိုအင်အား တွေတက်လာမှန်းမသိဖြစ်ပြီး 'သေချင် ရင် စိန်မစားနဲ့၊ ဒါလန်းကျွန်းကိုသွား' လို့ စာချိုးထားတဲ့ ဒါလန်းကျွန်းကဖြတ်သန်း သွားဖို့ သဘောတူလိုက်တယ်။

တကယ်တော့ ဒီလမ်းမှာ ကျွန်ုပ် ရဲ့ ဘဝတစ်သက်တာအတွက် အလွန် အမင်း အံ့ဩဖွယ်ရာဖြစ်ရပ်ဆန်းနဲ့တွေ့ ကြုံရမယ်လို့ တစ်ခါမျှမမျှော်မှန်းခဲ့ပါ။

ကျွန်ုပ်တို့နှစ်ယောက် လှေတစ်စီး နဲ့ ခရီးနှင်ခဲ့ရာ ဒါလန်းကျွန်းကို ညနေ နေဝင်ရီတရောမှာ ရောက်လာခဲ့ပါ တယ်။ ဒါလန်းကျွန်း ဆိုတဲ့အသိကြောင့် ရင်ထဲမှာ တထိတ်ထိတ်ဖြစ်မိတာအမှန် ပါပဲ။

"တိုးခိုင်ရေ၊ ဒီကျွန်းပေါ်မတက် ခင် ငါတို့မှာပါလာတဲ့ထမင်းထုပ်ကို အဝ စားထားမှ ဖြစ်မယ်"

"အေး - ဟုတ်တယ်။ တစ်ညလုံး ခရီးနှင်ရမှာဆိုတော့ ထမင်းအဝစားထား မှ ဖြစ်မယ်"

သို့ဖြင့် ထိုကျွန်းစပ်တွင် ကျွန်ုပ်တို့ နှစ်ဦး ထမင်းစားခဲ့ကြပါတယ်။ တစ်ည လုံးခရီးသွားရမှာဖြစ်လို့ အခင်းလေး အခင်းကြီးသွားခဲ့ကြပါတယ်။

ညခုနစ်နာရီထိုးလောက်မှာ ကျွန်ုပ် တို့နှစ်ဦး စတင်ပြီး ခရီးထွက်ခဲ့ပါတယ်။ ကျွန်ုပ်ရဲ့ ညာဘက်ပခုံးပေါ်မှာ လှေဦး ကို ထမ်းထားပြီး ဘယ်ဘက်လက်က လက်နှိပ်ဓာတ်မီးကို ကိုင်ထားလိုက် တယ်။ ကျားမောင်ရဲ့ ဘယ်ဘက်ပခုံး ပေါ်မှာတော့ လှေပဲ့ပိုင်းကို ထမ်းထားပြီး လက်တစ်ဖက်မှာ တုတ်တစ်ချောင်းကို ကိုင်ပြီး တောလမ်းအတိုင်း ဆက် လျှောက်လာခဲ့တယ်။ တောလမ်းဆိုပေ မယ့် လမ်းထွင်ထားတဲ့လမ်းမဟုတ်ပါ။ သစ်ပင်ပုကလေးတွေကို တက်နင်းပြီး ကိုယ့်လမ်းကိုယ်ရှာသွားရတဲ့လမ်းမျိုးပါ။

တဖြည်းဖြည်းနဲ့ လကလေးထွက် လာပါပြီ။ ရှစ်ရက်လဆိုတော့ အလင်း ဖျော့ဖျော့လေးလင်းနေပါတယ်။ တချို့ နေရာမှာ သစ်ပင်ကြီးတွေမရှိဘဲ သစ်ပင် ပုကလေးတွေသာ နေရာတွေမှာ တောင် ပူစာလိုအမြင့်တွေကို ဖြတ်သန်းရသလို တချို့နေရာတွေမှာ ချိုင့်လိုနေရာမျိုးတွေ လည်းရှိတယ်။

တစ်နေရာအရောက်မှာတော့ -

"ကျားမောင်ရေ၊ အပုပ်နံ့နံ့သလို ပဲကွ"

"အေး - ဟုတ်တယ်။ အဲဒါ ယုန် သေကောင်ရဲ့ အပုပ်နံ့ပေါ့ကွာ"

"အပုပ်နံ့နံ့တာများ သရုပ်ခွဲနေ သေးတယ်၊ ယုန်သေကောင်ရဲ့ အပုပ်နံ့ တဲ့။ မင်းကဘယ်လိုလုပ်သိလဲ။ မင်း လျှောက်ပြောနေတာ မဟုတ်လား"

"မင်းကငါလိမ်ပြောနေတယ်လို့ ထင်လို့လား။ ငါရဲ့ နှာခေါင်းက ဘယ် တိရစ္ဆာန်အသေကောင်ရဲ့ အပုပ်နံ့ဆို တာ သိတယ်"

"ထားပါတော့ကွာ၊ ငါမငြင်းတော့ ပါဘူး။ မောရတဲ့အထဲမှာ"

ဤသို့ပြောပြီး ဆက်လက်ခရီးနှင် လာခဲ့ကြရာ ကုန်းကမူလေးတစ်ခုသို့ အရောက်တွင် ကျွန်ုပ်တို့နှစ်ဦး ခေတ္တ အမောအပန်းဖြေခဲ့ကြတယ်။

အချိန်ကား ညဉ့်သန်းခေါင်အချိန် ခန့်ဖြစ်ပြီး လေခပ်ကြမ်းကြမ်းတိုက်ခတ် လာတဲ့အတွက် သစ်ကိုင်းဖျားများလှုပ် ရှားနေပုံမှာ သရဲတစ္ဆေများခြေကားရား လက်ကားရားနှင့်ကနေတဲ့အသွင်ဆောင် နေပါတယ်။

ကျွန်ုပ်မှာ ထိုမြင်ကွင်းများကို ကြည့်ရင်း ကြောက်စိတ်များဖြစ်ပေါ် ကာ ရင်မှာတလှပ်လှပ်တုန်ယင်နေပါ တယ်။

ထိုစဉ် ကျားမောင်က -

"တိုးခိုင်၊ ဟိုသစ်ပင်ကြီးပေါ်တက် နေ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း အံ့ဩသွားကာ -

"ဘာဖြစ်လို့ သစ်ပင်ကြီးပေါ် တက်နေရမှာလဲ"

"ခွေးအတွေအများကြီးလာနေပြီ။ ဒါကြောင့် သစ်ပင်ကြီးပေါ်က အကိုင်း မြင့်မြင့်မှာတက်နေပါ"

"ငါတော့ ဘာခွေးအမှုမမြင်ပါ လား"

ဟု စောဒကတက်ပြီး မေးလိုက် ရာ-

"အချိန်မရှိတော့ဘူး၊ သစ်ပင်ပေါ် မြန်မြန်တက်ပါ။ နောက်ပြီး ငါဘာပဲဖြစ် နေနေ ငါမခေါ်မချင်း သစ်ပင်ပေါ်က ဆင်းမလာနဲ့"

"အေး. . . အေး၊ အေးပါကွာ"

ကျွန်ုပ်မှာ ဘာလက်နက်မှမပါ၍ ခပ်ကြောက်ကြောက်ဖြင့် သစ်ကိုင်းမြင့် မြင့်တစ်ခုပေါ်သို့ ကမန်းကတန်းတက် လိုက်တယ်။ မကြာမီအချိန်တွင် -

"အူ"

"အူ"

ဟူသော ခွေးအများရဲ့အသံကြား ရမှ ကျားမောင်ဟာ ကျားတစ်ကောင် လို အနံ့ခံကောင်းလို့ ခွေးအရဲ့အနံ့ကို အဝေးကပင်သိကြောင်း သိလိုက်ရပါ တယ်။ ခွေးအအုပ်များတစ်အုပ်ပြီးတစ် အုပ် ကျွန်ုပ်နှင့်ကျားမောင်ရှိရာနေရာသို့ တောလမ်းအတိုင်း အပြေးတက်လာခဲ့ ပါတယ်။ လူနံ့ရလို့ ကိုက်ခဲစားသောက် ရန် အမောတကောပြေးလာခြင်း ဖြစ်ပါ တယ်။ သစ်ပင်အောက်က ကွင်းကျယ် ကြီးမှာတော့ ကျားမောင်တစ်ယောက် မတ်တတ်ရပ်နေဆဲ။

ကျွန်ုပ်မှာ ခွေးအများ ဝိုင်းကိုက် မှာစိုးသဖြင့် -

"ဟေ့ကောင် ကျားမောင်၊ သစ် ပင်ပေါ်တက်"

လို့ လှမ်းအော်လိုက်ပါတယ်။

ကျားမောင်ကတော့ ကျွန်ုပ်ရဲ့ အသံကို မကြားသလို ရပ်နေလျက်ပင်။ ထိုစဉ် ခွေးအများစွာသူ့အနားသို့ရောက် လာပြီး ဝိုင်းထားကာ -

"အူ"

"အူ"

ဟူသော အသံပေးကာ ခုန်ဟပ် ရန် အချိန်စောင့်စားနေပါတယ်။ ကျွန်ုပ် လည်း ကျားမောင်အပေါ် စိုးရိမ်စိတ်မှာ အထွတ်အထိပ်သို့ ရောက်နေပါတော့ တယ်။

ကျွန်ုပ်မှာ ကျားမောင်ကို ကယ် တင်လိုသော်လည်း ခွေးအအကောင် တစ်ရာလောက် ဝိုင်းထားတဲ့အတွက် မည်သို့မျှမကယ်တင်နိုင်ဘဲဖြစ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကျားမောင်မှာ အဝတ်အားလုံးကို ချွတ်လိုက်ရာ အတွင်းခံဘောင်းဘီတိုကလေးသာ ကျန်ပါတော့တယ်။ ကျွန်ုပ်လည်း ကျားမောင်ရဲ့ ထူးခြားသော လုပ်ဆောင်ချက်ကြောင့် သူ့အား ငေးကြည့်မိပါတယ်။ သူဟာ သူ့ရဲ့လည်ပင်းမှ ကြိုးကိုဖြုတ်ပြီး အထဲမှအလုံးလေးကို ပါးစပ်ထဲထည့်လိုက်တယ်။ ကောင်းကင်ကိုမော့ကြည့်ပြီး တစ်စုံတစ်ခုကို ရွတ်ဆိုလိုက်တယ်။ ခွေးအတွေလည်း ကိုက်ခဲဖို့ မာန်ဖီနေပေမယ့် အနားကို မတိုးရဲဘူး ဖြစ်နေတယ်။

ထိုခဏ -

ကျားမောင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အနက်ရောင်အစင်းအစင်းတွေပေါ်လာပြီး လက်တွေ၊ ခြေထောက်တွေဟာလည်း ချက်ချင်းဆိုသလို ကြီးထွားလာပြီး အမွေးတွေပါပေါက်လာပါတယ်။ နောက်တော့ နှုတ်ခမ်းမှာ အမွေးများ ထွက်လာပါတယ်။

'ဝေါင်း'ဆိုတဲ့အသံနဲ့ နောက်ကျွမ်းပစ်လိုက်ရာ-

'အောင်မယ်လေးဗျ' ဟူသော အာမေဍိတ်သံပင် ယောင်ယမ်းကာ ထွက်သွားပါတယ်။ ကျွန်ုပ် အာမေဍိတ်သံထွက်လောက်အောင် အံ့သြသွားတဲ့ မြင်ကွင်းမှာ -

"ဟာ - ကျားမောင်က ကျားကြီးလုံးလုံးဖြစ်သွားပါပကောလား"

အမှန်တကယ်ပင် ကျားမောင်မှာ ကျားကြီးလုံးလုံးဖြစ်သွားတာကို လရောင်အောက်မှာ ထင်ထင်ရှားရှားတွေ့လိုက်ရပါတယ်။

ဝေါင်းခနဲ အသံနှင့်အတူ မာန်ဖီနေတဲ့ ခွေးအများကို ခုန်အုပ်ပြီး ကုပ်ကိုဆွဲခါလိုက်ရာ ခွေးအများမှာ -

"အု"

"အု"

"အု"

ဟူသော အသံနှင့်အတူ သွေးအလိမ်းလိမ်းဖြင့် သေပွဲဝင်သွားခဲ့ပါတယ်။ ကြည့်နေစဉ် တစ်ခဏအတွင်းမှာ ခွေးအဆယ်ကောင်ခန့်ဟာ သွေးသံရဲရဲနဲ့ ခေါင်းတခြားကိုယ်တခြား။

ခွေးအတွေဟာ ကျားတစ်ကောင်ရဲ့ တိုက်ခိုက်ခြင်းခံရလို့ အမြီးကုပ်ပြီး ထွက်ပြေးကြတာ တစ်ခဏအကြာမှာ တစ်ကောင်မှ မရှိတော့ဘူး။ ဒီတော့မှ ကွင်းပြင်ကျယ်ကြီးရဲ့အလယ် ညဉ့်သန်းခေါင်ယံအချိန်မှာ ကျွန်ုပ်နှင့် ကျားကြီးတစ်ကောင်။

ဝေါင်း ဆိုတဲ့အသံနဲ့အတူ ကျားကြီးဟာ ကျွန်ုပ်ရှိရာ သစ်ကိုင်းပေါ်ကို လှမ်းခုန်လိုက်တာ မီလုမီခင်။

'ကျားမောင် တစ်ဖြစ်လဲ ကျားကြီးကတော့ ကျားစိတ်ဝင်ပြီး ငါ့ကိုတောင် ခုန်အုပ်ပြီးကိုက်စားတော့မလားမသိဘူး' ဆိုပြီး အကြီးအကျယ်ကြောက်လန့်တကြားဖြစ်နေပါတော့တယ်။

နောက်တစ်ခါ -

'ဝေါင်း'ဆိုပြီးထပ်အခုန်မှာ ကျွန်ုပ်လည်း 'အောင်မယ်လေးဗျ' ဟု အော်ကာ လန့်ပြီး သစ်ပင်ပေါ်မှ ပြုတ်ကျခဲ့ပါတယ်။ ထိုစဉ် ကျားကြီးက ကျွန်ုပ်ရဲ့အနားနားကို တိုးတိုးပြီးအလာ ကျွန်ုပ်ကလည်း ဘုရား,တကာ သေချင်သေပါစေတော့ဟု စိတ်တုံးတုံးချပြီးမျက်စိမှိတ်ထားစဉ် -

'ဝေါင်း' ဟူသော အသံကြောင့် မျက်စိဖွင့်ကြည့်လိုက်ရာ ကျားကြီးမှာ အနောက်ဘက်သို့ ကျွမ်းပစ်သွားမှန်းသိလိုက်ရပါတယ်။ နောက်တော့ သစ်ပင်ကြီးရဲ့ နောက်ကွယ်ကို ဝင်ရောက်သွားခဲ့ပါတယ်။

များမကြာမီမှာ အင်္ကျီ၊ ပုဆိုးအပြည့်အစုံဝင်ဆင်ထားတဲ့ ကျားမောင်ထွက်လာပြီး ကျွန်ုပ်ထံသို့ ခြေလှမ်းမှန်မှန်နဲ့ လျှောက်လာရာ ကျွန်ုပ်မှာ -

'ဒီလူဟာ ငါ့သူငယ်ချင်း ကျားမောင်အစစ်မှဟုတ်ရဲ့လား။ နာနာဘာဝများက လူယောင်ဆောင်တာလား' ဟု တွေးထင်ကာ အံ့သြစွာနဲ့ ကြည့်နေမိပါတယ်။

ထိုအခါ ကျားမောင်က-

"တိုးခိုင်၊ ဘာဖြစ်လို့ ဒီလောက်ကြည့်နေရတာလဲ"

"မင်းက ကျားမောင်အစစ်လား၊ ကျားလား၊ နာနာဘာဝလား"

"ဘာတွေပြောနေတာလဲ။ ငါက ကျားမောင်အစစ်ပါ"

"ဒါ ဒါဆို ဘယ်လိုဖြစ်ပြီး ကျားကြီးဖြစ်သွားတာလဲ"

"အင်း - မင်းကို အကြောင်းစုံပြောပြမယ်။ ပြောချင်လွန်းလို့လည်း ဒီလမ်းက တမင်လာခဲ့တာ"

"ပြောရရင်တော့ ကျုပ်က ကျားမှော်အောင်ထားတဲ့ လူပဲ"

"ကျားမှော် ဟုတ်လား။ ဒါဆို ဦးလေးဦးလှမောင်ပြောတဲ့ ကျားမှော်လား"

"ဟုတ်ပါတယ်"

"ဟာ - ထူးဆန်းလိုက်တာ"

"ဟုတ်တယ်။ အခုခေတ်မှာတော့ ကျားမှော်အောင်တဲ့လူဟာ အလွန်ရှားသွားပြီ။ မင်း ကျားပွဲမှာ မြင်ရသလို ကျားမှော်သွင်းမှ ကျားစိတ်ဝင်တာ။ ငါကတော့ ဒီလိုမဟုတ်ဘူး။ ဟောဒီမှာ ကြည့်စမ်း။ အဝါရောင်အလုံးလေး"

ကျားမောင်က သူ့လည်ပင်းမှာ ဆွဲ ထားတဲ့ ကြိုးကလေးထဲက အဝါရောင် အလုံးလေးကို သူ့လက်ဝါးပေါ်မှာတင် ပြီး ကျွန်ုပ်ကို ပြလိုက်ပါတယ်။

"အဲဒီအလုံးလေးက ဘာအလုံးလေးလဲ"

"မင်းအဲဒီအလုံးလေးအကြောင်း သိချင်လို့ ခဏခဏမေးတယ်နော်။ အရင်က မင်းရဲ့အမေးကို တစ်ခါမှမဖြေဘူး။ အခုတော့ဖြေမယ်။ အဲဒါဟာ 'ကျားအမြုတေ' လို့ ခေါ်တဲ့ ကျားမျက်ရှင်ပဲ။ လွယ်လွယ်ပြောရရင်တော့ သိဒ္ဓိဝင်နေတဲ့ ကျားမျက်လုံးပေါ့"

အဝါဖျော့ဖျော့အလုံးကတော့ လရောင်အောက်မှာ လင်းလက်နေပါတယ်။

"ကျားမျက်ရှင် ဟုတ်လား။ ငါတော့ တစ်ခါမှ မကြားဖူးဘူး"

"မကြားဘူးရင် ပြောပြမယ် နားထောင်။ ဒီကျားမျက်ရှင်ဟာ ကျားတစ်သောင်းမှာတောင် တစ်ကောင်မှာ မပါလောက်အောင် ရှားပါးလွန်းတယ်။ ကျားမျက်ရှင်ရဲ့အစွမ်းသတ္တိဟာ ဆောင်ထားရင် စီးပွားတက်တယ်။ ရေစိမ်ပြီး အဲဒီရေနဲ့ပက်ဖျန်းရင် ငါးတွေအစုလိုက်အပုံလိုက်ဖမ်းမိတယ်"

"ဩော် - ဒါကြောင့်မို့လို့ ငါးအရနည်းရင် အဲဒီကျားမျက်ရှင်ကို ရေစိမ်ပြီး အဲဒီရေပက်ဖျန်းပြီး ငါးဖမ်းတာကိုး"

"ဟုတ်ပါတယ်။ အဲဒီကျားမျက်ရှင်ရဲ့အစွမ်းဟာ စုန်းတိုက်၊ နတ်တိုက်၊ အောက်လမ်းတိုက်တွေကို ချက်ချင်းဖယ်ရှားပေးပြီး တန်ပြန်စေတဲ့ အစွမ်းသတ္တိရှိတယ်။ နောက်တစ်ခုကတော့ အဲဒီ ကျားမျက်ရှင်ကို ပါးစောင်မှာ ငုံပြီး ကျားအသက်သွင်းတဲ့မန္တန်ရွတ်ရင် လူစင်စစ်ကနေ ကျားအဖြစ်ကို ပြောင်းသွားတယ်။ အဲဒီနှစ်ခုရှိမှ ကျားမှော်ကျင့်စဉ်အောင်အောင် ပြုလုပ်နိုင်တယ်။ ဒီကျားမှော်ကျင့်စဉ်အောင်ဖို့ ဆရာလိုတယ်။ ဆရာက လေ့ကျင့်ပေးရတယ်"

"ဩော် - ဒါကြောင့် မင်း ကျားအဖြစ်ပြောင်းသွားတာကိုး"

"ဟုတ်တယ်ကွ။ ငါကခွေးအတွေရဲ့ အနံ့ကိုရသလို ခွေးအတွေကလည်း ငါတို့ရဲ့လူနံ့ကိုရတယ်"

"ဩော်- ဒါကြောင့် မင်းကခွေးအတွေ မလာသေးဘဲနဲ့ ခွေးအရဲ့အနံ့ရလို့ သိတာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"ဒါနဲ့ ငါ မင်းကို မကျေနပ်တာ ...ဦးမယ်"

"ပြောပါ"

"ခွေးအတွေနဲ့ တိုက်ခိုက်ပြီးလို့ ...အတွေ ထွက်ပြေးသွားတဲ့အခါမှာ ...ကြောင့် သစ်ကိုင်းပေါ်မှာနေတဲ့ ငါ့ ... လှမ်းပြီး ခုန်ဟပ်တာလဲ"

"ဟား ဟား ဟား - ဒါက ငါက ...ကို ချစ်လို့ စတာပါ"

"ဟင် - မင်းကစတာဟုတ်လား။ ...မှာဖြင့် မင်းကျားစိတ်မကုန်သေးလို့ ငါ့ ... တိုက်စားတော့မယ်ထင်ပြီး ကြောက် ...န်းလို့ သေတော့မယ်"

"မကိုက်ပါဘူး။ မင်းကို ချစ်လို့ ...စားတာပါဗျာ"

"ဒါဆိုလည်း ခွင့်လွှတ်ပါတယ်"

ကျွန်ုပ်မှာ ခွင့်မလွှတ်လို့လည်း ...ဖြစ်ပါ။ ကျားအသွင်ပြောင်းနိုင်တဲ့ ...ျားမှော်ပညာနှင့် ဒီခရီးကြမ်းကိုဆက် ...သွားဦးမည် မဟုတ်ပါလော။

"ကဲ - တိုးခိုင်၊ မင်းအမောပြေရင် ...ါတို့ခရီးဆက်ကြစို့"

"ကောင်းပါပြီဗျာ။ ဒါပေမယ့် ...ျားမောင်ရေ၊ လှေဦးကို မင်းပဲထမ်းပြီး ...ရှေ့ကသွားပေတော့။ ဒီတော့ ဘာ ...ကောင်နဲ့တွေ့တွေ့ မင်းပဲတိုက်ခိုက်ပေ ...တော့"

"ဘာလဲ၊ မင်းကငါ့ကိုကြောက်လို့ ရှေ့က သွားခိုင်းတာ မဟုတ်လား။ သူငယ်ချင်း အရင်းတွေပဲ။ မင်းကို ဘာမှ မလုပ်ပါဘူး။ လုပ်ချင်ရင် မင်းကို ကျွန်းပေါ်စတက်ကတည်းကသတ်လို့ရတယ်"

"လုပ်ရက်ရင်လည်းလုပ်လိုက်ပေါ့ ဗျာ"

ကျွန်ုပ်ကလည်း ဤသို့ ခပ်ရွဲ့ရွဲ့ ပြောလိုက်ပါတယ်။

သို့ဖြင့် ရှေ့သို့ ဆက်လက် ခရီး ထွက်ခဲ့ပါတယ်။ လရောင်ဆမ်းတဲ့ ကျွန်း ကလေးပေါ်မှာ လျှောက်လှမ်းရင်း ရှေ့ လျှောက်လှမ်းရင်း ဘာဖြစ်မလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့။ ဒါပေမယ့် မည် သည့် အနှောင့်အယှက်မျှ မတွေ့ရဘဲ ကျွန်းရဲ့ အဆုံးပိုင်းကို ရောက်လာတော့ တယ်။

"တိုးခိုင်ရေ ရေစပ်ရောက်လာပြီ"

"ဟုတ်တယ် ကျားမောင်ရေ"

"ဒီကနေ နာရီဝက်လောက်သွား ရင် မိနန်တို့ရွာကို ရောက်ပြီ"

"ဪ - ဟုတ်လား"

ကျွန်ုပ်တို့နှစ်ဦးမှာ ကျွန်းအဆုံး ရေစပ်ကို ရောက်ရှိလာတဲ့အတွက် ထမ်း လာတဲ့လှေကို ရေစပ်မှာချလိုက်ပါတယ်။ လှေရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ချည် ထားတဲ့ လှေတက်နှစ်ချောင်းကို ဖြုတ် လိုက်ပြီး လှေကလေးကို စတင်လှော် ခတ်လိုက်ပါတယ်။ အေးမြတဲ့လရောင်ရဲ့ အောက်မှာ လှေကလေးကို လှော်လာ စဉ် လေပြည်ကလေးတိုက်တဲ့အတွက် တစ်ကိုယ်လုံး အေးချမ်းသွားပါတယ်။ ဒါပေမယ့် ဒီအေးမြတဲ့လေဟာ ကျွန်ုပ် ရဲ့ရင်ထဲကိုရောက်အောင် မအေးမြနိုင်ပါ ဘူး။ လိုက်သာလိုက်ခဲ့ရပေမယ့် ကျား မောင် ဘယ်အချိန်ကျားအဖြစ်ပြောင်း ပြီး လူစိတ်ပျောက်မလဲဆိုတာ တွေးရင်း တွေးရင်း ရင်မောစွာနဲ့ လာခဲ့မိတယ်။ ဒီခရီးကိုလာခြင်းကိစ္စကလည်း ကျွန်ုပ်ရဲ့ ကိစ္စမဟုတ်ပါ။ သူ့ရည်းစားဆီ သူ့ဘာ သာလာတဲ့ကိစ္စ။ မနေနိုင်မထိုင်နိုင်လိုက် လာမိတာက ကျွန်ုပ်ရဲ့အမှားပါ။

အတွေးများနဲ့အတူ လှေကို လှော် ခတ်လာရာ နံနက်ခင်းဝေလီဝေလင်း အချိန်တွင် မြစ်ဆိပ်ကို ရောက်လာခဲ့ပါ တယ်။ မိနန်တို့အိမ်က အဲဒီမြစ်ဆိပ်နား မှာဖြစ်လို့ လှေကိုတိုင်မှာချည်လိုက်ပြီး သူမတို့အိမ်သွားခဲ့ပါတယ်။ သူမရဲ့အိမ် မှာ သူမရဲ့အဖေ ဦးလေး အဲမောင်နဲ့ တွေ့ခဲ့တယ်။

"ဦးလေး ဦးအဲ့မောင် ကျွန်တော် တို့ ရောက်လာပါပြီ"

"ဪ - အေး၊ အေး ပွဲတော် အတွက်လာကြတာမဟုတ်လား။ လာပါ အိမ်ပေါ်တက်ပါ"

"မိနန်ကော ရှိလား ဦးလေး"

"ရှိတာပေါ့။ မိနန်ရေ ကျားမောင် တို့ ရောက်လာပြီ"

"အစ်ကို ကျားမောင်"

"မိနန်"

"ကဲ - ဧည့်သည်တွေ ထိုင်ကြဦး"

မိနန်အမေက ဖျာခင်းပေးပြီး ဤ သို့ ပြောလိုက်ရာ ကျွန်ုပ်တို့ အိမ်ပေါ်သို့ တက်လိုက်ပါတယ်။

အိမ်ပေါ်ရောက်တာနဲ့ အစားအ သောက်များ ကျွေးမွေးရင်း မိနန်က ကျားမောင်အား သူမည်မျှလွမ်းကြောင်း ပြောပါတော့တယ်။ မိနန်က ကျွန်းသူ ဖြစ်၍ မိဘရှေ့တွင် ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတယ်။

ထိုစဉ် ဦးအဲ့မောင်က ကျားမောင် အား -

"တို့ရိုးရာပွဲမှာ ကျားပွဲလည်း ပါ မယ်။ အဲဒါ မင်း ဦးဆောင်ပြီး ကရမယ် နော်"

"ဟုတ်ကဲ့ပါ ဦးလေး"

ကျွန်ုပ်မှာ ကျားပွဲဟု ကြားတ တည်းက ကျွန်းပေါ်မှ လူတစ်ဖြစ်လဲ ကျားဖြစ်သွားတဲ့ ကျားမောင်ကို ပြန် ကြည့်လိုက်မိပြီး ရင်ထဲမှာ ဒိတ်ခနဲ ဖြစ် သွားခဲ့ပါတယ်။ ဒါကြောင့်-

"ကျားမောင်ရေ ငါ့မှာကိစ္စတစ်ခု ရှိလို့ ဒီနေ့ပဲ လှေကြုံနဲ့ပြန်တော့မယ်"

"ဟာ - တိုးခိုင်ကလည်း၊ ဘယ်လို ဖြစ်တာလဲ။ ရိုးရာပွဲအထိနေပါဦးလား"

"ခွင့်လွှတ်ပါ ကျားမောင်ရယ်။ ငါ ပြန်ပါရစေ"

ထိုစဉ် ကျားမောင်က ကျွန်ုပ်နား ကပ်ပြီး တိုးတိုးကလေး ပြောလိုက်ပါ တယ်။

"မင်းပြန်သွားရင် ညကအဖြစ် အပျက်ကို ဘယ်သူ့ကိုမှပြန်မပြောပါနဲ့။ မင်းက ငါရဲ့ကြုတ်ကလေးထဲက အဝိ ရောင်အလုံးလေးအကြောင်း သိချင် တယ်ဆိုလို့ ငါကလက်တွေ့ပြလိုက်တာ ပါ။ လူတွေကခက်တယ်။ ငါဟာ ဒီ ပညာတတ်မှန်းသိလို့ မင်းကြောက်ပြီး ပြန်ပြေးတာ မဟုတ်လား။ ခက်တဲ့လူ တွေထဲမှာ မင်းလည်းပါတယ် မဟုတ် လား"

"မ . . . မဟုတ်ပါဘူး ကျားမောင် ရယ်"

"ဒါကြောင့် ငါ့ရဲ့အဘိုး ဒီပညာ သင်ပေးတဲ့ ဆရာကြီးက ဘယ်လောက် ချစ်တဲ့ သူငယ်ချင်းပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ် ဖြစ် ဒီပညာတတ်ကြောင်း အသိမခံရဘူး တဲ့။ သိရင် သူတို့ဟာ ကိုယ့်ကိုရှောင် ဖယ်တတ်တယ်တဲ့။ အခုလည်း မင်းက ငါ့ကို ရှောင်ဖယ်တာမဟုတ်လား။ ငါနား လည်ပါပြီ။ ဒီလိုကြောင့်လည်း နောက် ဆုံးတော့ ပညာရှင်တွေဟာ ပညာကို သေရွာယူသွားရင်း အစွမ်းထက်တဲ့ပညာ တွေ မြေကြီးထဲရောက်သွားတာပဲ"

"ကဲ-ငါပြန်တော့မယ် ကျားမောင် ရေ"

ဤသို့ပြောပြီး ကျွန်ုပ်လည်း လှေ ဆိပ်ကို ဆင်းလာခဲ့ပါတယ်။ မကြာမီ လှေတစ်စင်းဆိုက်လာလို့ ကျွန်ုပ်လည်း စီးပြီးပြန်ခဲ့ပါတယ်။ အပြန်လမ်းမှာ ကျားမောင်ရဲ့ ပြောစကားတွေကို ပြန် ကြားယောင်ရင်း ထူးဆန်းတဲ့အဖြစ်အ ပျက်ကို ပြန်လည်မြင်ယောင်မိပါတယ်။

ကျွန်ုပ်လည်း ကျားမောင်နဲ့ ည အချိန်မှာ နှစ်ယောက်တည်း မပြန်ဝံ့တာ မှားလားလို့ ကိုယ့်ကိုယ်ကိုယ်တွေးရင်း အတွေးများနဲ့ ချာချာလည်ခဲ့ရပါတော့ တယ်။

ဝိုဝိုး



www.burmeseclassic.com

www.burmeseclassic.com

ဆရာမော်


# အလွယ်လေ့လာ လက္ခဏာပညာ

**လက်မ၏လက်ချောင်းရိုးဖြစ်သော ပထမလက်ချောင်းရိုးနှင့် ဒုတိယလက်ချောင်းရိုးတို့ အရှည်ညီမျှပါသလား**


လက်မ၏ လက်ချောင်းရိုး (၂) ခု အရှည်ညီမျှစွာရှိနေပါက မျှတသောစိတ်ထားရှိသူ၊ အတူတကွပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိသူ၊ စိတ်ခံစားချက်ပြင်းထန်၍ ဆတ်ဆတ်ထိမခံတတ်သူ၊ မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်မသိမ်နေပါသလား (သို့) ရေ့တည့်တည့်မှကြည့်ပါက လက်မ၏ဒုတိယလက်ချောင်းရိုးအလယ်တည့်တည့်တွင် ကျဉ်းမြောင်းနေပုံရှိပါသလား။**

လက်မ၏ ဒုတိယလက်ချောင်းရိုး အလယ်တွင်သိမ်နေခြင်းကို လက္ခဏာပညာအရကျိုးကြောင်းဆင်ခြင်နိုင်သော လက်အဖြစ် သတ်မှတ်ထားသည်။ အဆိုပါ လက်မပိုင်ရှင်အနေဖြင့် အများနှင့် ဆက်ဆံပြောဆိုတတ်သူ၊ သံတမန်နည်းအရ စေ့စပ်ဆွေးနွေးနိုင်သူ ဖြစ်ကြောင်း ဖော်ပြသည်။



လက်ချောင်းများပေါ်၌ အများဆုံးတွေ့ရှိရသည့် အမှတ်သင်္ကေတများ



သိမ်နေသောလက်မပုံစံ

**လက်ချောင်းများပေါ်ရှိ အမှတ်သင်္ကေတများ**

လက်ချောင်းများပေါ်၌ အမှတ်သင်္ကေတတစ်ခုခုပါရှိခဲ့ပါက တိကျသော အထူးပါရမီတစ်ခုပါရှိကြောင်း သို့မဟုတ် ကျိန်းသေရင်ဆိုင်ဖြေရှင်းရမည့်ပြဿနာတစ်ခုခုရှိကြောင်း ဖော်ပြပါသည်။

လက်ချောင်းရိုးများအားလုံးသည် (၁၂) ရာသီခွင်နှင့် အပြန်အလှန် ဆက်စပ်လျက်ရှိကြသည်။ ထို့ကြောင့် နက္ခတ်ဗေဒင်ပညာရှင်များအနေဖြင့် လက်ချောင်းရိုးနှင့် လက်ချောင်း (ထိပ်ဖျားအပါအဝင်)တွင်ရှိ အမှတ်သင်္ကေတများအား ကျယ်ပြန့်စွာ လေ့လာ အသုံးချတတ်ကြသည်။

**လက်ချောင်းများ၌ အများဆုံးပါဝင်နေကျ ဖြစ်သော အမှတ်သင်္ကေတ (၄)မျိုး**

**ဒေါင်လိုက်လမ်းကြောင်းများ**

ဒေါင်လိုက်လမ်းကြောင်းများက ကောင်းသောစွမ်းအင်များကို ဖြစ်စေပြီး နက္ခတ်ဗေဒင်ပညာအရ ကောင်းသောနိမိတ်လက္ခဏာများပင် ဖြစ်သည်။

**သံစကာကွက်များ**

စိတ်ရှုပ်ထွေးမှုဖြစ်စေသည့်အမှတ်သင်္ကေတဖြစ်သည်။ နက္ခတ်ဗေဒင်ပညာအရ ဦးတည်ချက်မဲ့သောစွမ်းရည်များကြောင့် အဆိုးဆုံးသို့လည်းမရောက်၊ အကောင်းဆုံးသို့လည်း မရောက်ဘဲ အလယ်အလတ်(ကြားနေ)အဆင့်တွင်ရှိကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များ**

ကြက်ခြေခတ်များပါရှိခြင်းကြောင့် စွမ်းရည်ကောင်းများအား နေရာမှန်မှန် အသုံးမချနိုင်ခြင်းရှိကြောင်းဖော်ပြသည်။ နက္ခတ်ဗေဒင်ပညာအရ မကောင်းသောနိမိတ်လက္ခဏာ ဖြစ်သည်။

**အလျားလိုက်လမ်းကြောင်းများ**

လက်ချောင်းများတွင် အလျားလိုက်လမ်းကြောင်းများပါရှိနေပါက စွမ်း



www.burmeseclassic.com

www.burmeseclassic.com

ရည်ကောင်းများအားပိတ်ဆို့စေပြီး စိတ်ဖိစီးမှုများစေမည်ဖြစ်သည်။ နက္ခတ်ဗေဒင်ပညာအရ အရည်အသွေးကောင်းများ ရှေ့မရောက်ဘဲ နောက်ပြန်သွားနေသည့်သဘော၊ အကောင်းမှအဆိုးဖြစ်ရတတ်သည့်သဘောများကို ဖော်ပြသည်။

ယခုမှစ၍ လက်ချောင်းတစ်ချောင်းချင်းစီအား စတင် စစ်ဆေးလေ့လာပါမည်။

ပထမဦးစွာ ကြာသပတေးဂြိုဟ် (ဂျူပီတာ) ကိုယ်စားပြုသည့် လက်ညှိုးအား စတင် လေ့လာပါမည်။

လက်ညှိုးလက်ချောင်းအား လေ့လာရာ၌ ၎င်း၏ထိပ်ဖျားမှအောက်ဘက်လက်ဝါးပြင်ရောက်သည်အထိ ကြည့်ရှုရပါမည်။ ထိုနည်းအတိုင်း မည်သည့်လက်ချောင်းကိုမဆို ထိပ်ဖျားမှ အောက်ဘက်လက်ဝါးပြင်သို့ရောက်သည်အထိ ကြည့်ရှုပေးရန် လိုအပ်သည်။

အကယ်၍ လက်ချောင်းရိုးများပေါ်တွင် မည်သည့်အမှတ်သင်္ကေတမျှ မတွေ့ရှိရပါက ကောင်းသောလက္ခဏာများပေါ် ပေါက်လာတော့မည့် အခြေအနေကို ဖော်ပြသည်။ ပထမဆုံးသောလက်ချောင်းရိုးတွင်ပါဝင်သည့် လက်ချောင်းထိပ်ဖျားတိုင်း၌ လက်ဗွေအသီးပါဝင်နေကြသည်ကို သိသာစွာ တွေ့ရှိရသည်။

**လက်ညှိုး၏ ပထမလက်ချောင်းရိုးတွင် ဒေါင်လိုက်လမ်းကြောင်းများပါရှိပါသလား**

လက်ညှိုးပထမလက်ဆစ်ရိုးပေါ်၌ ဒေါင်လိုက်လမ်းကြောင်း ပါဝင်နေခြင်းကြောင့် ဘာသာရေး၌ စိတ်ပါဝင်စားတတ်သူ၊ ခေါင်းဆောင်နိုင်သည့် အရည်အချင်းရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များပါရှိနေပါသလား**

လက်ညှိုး၏ ပထမလက်ဆစ်ရိုးပေါ်၌ သံစကာကွက်များပါရှိနေပါက အများနှင့်အတူမရှိစေဘဲ သီးခြားခွဲခြားထားခြင်းခံရသူ၊ အကျဉ်းကျခံရသူ (သို့) ဘုန်းတော်ကြီးကျောင်း၌နေထိုင်သူ၊ ယုံကြည်မှုများစွာကြောင့် စိတ်အကျဉ်းကျခံနေရသူဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်ညှိုး၏ ပထမလက်ဆစ်ရိုးပေါ်တွင် ကြက်ခြေခတ်များ ပါရှိနေပါက ကိုယ်ကျင့်တရားဆိုင်ရာပြဿနာနှင့်ရင်ဆိုင်ရသူ (သို့) ဘာသာရေးလိုက်စားသူ၊ လူ့ဘောင်အသိုင်းအဝန်းကို စွန့်ခွာသူ၊ အများနှင့်စိတ်ဝမ်းကွဲသူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

လက်ညှိုး၏ ပထမလက်ဆစ်ရိုးပေါ်တွင် အလျားလိုက်လမ်းကြောင်းများရှိနေပါက စိတ်ဖိစီးမှုများသူ၊ အရေးပါသောစွမ်းရည်ကောင်းများအားပျော့သွားတတ်သူ၊ တိုးတက်မှုအားလုံးပိတ်ဆို့ခံရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်ညှိုး၏ဒုတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများပါရှိနေပါသလား**

လက်ညှိုးဒုတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများပါရှိပါက မြင့်မြတ်မှန်ကန်သော ရည်မှန်းချက်ထားရှိနိုင်သူ၊ လောကအဆုံးအမနှင့်အညီနေထိုင်တတ်သူ၊ အကျင့်စာရိတ္တကောင်းသူဖြစ်ကြောင်း ဖော်ပြသည်။

**သံစကာကွက်များရှိနေပါသလား**

လက်ညှိုး၏ ဒုတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များပါရှိနေပါက ကိုယ်ပိုင်အသိဉာဏ်ပညာမရှိသူ၊ မိမိကိုယ်မိမိလှည့်စားတတ်သူအဖြစ် ရည်ညွှန်းသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်ညှိုး၏ဒုတိယလက်ချောင်းရိုးပေါ်တွင် ကြက်ခြေခတ်များရှိနေပါက မနာလိုဝန်တိုစိတ်ရှိသူ၊ လိမ်ညာပြောဆိုတတ်သူ၊ လုပ်ကြံတတ်သူ၊ သူတစ်ပါးအပေါ် အကောက်ကြံတတ်သူဖြစ်ကြောင်း သိနိုင်ပါသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

လက်ညှိုး၏ ဒုတိယလက်ချောင်းရိုးပေါ်တွင် အလျားလိုက်လမ်းကြောင်းများရှိနေပါက စိတ်ဖိစီးခံရသူ၊ အသက်ရှင်ရပ်တည်မှုအတွက် အခက်အခဲများရသူဖြစ်ကြောင်း ဖော်ပြသည်။

**လက်ညှိုး၏တတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိပါသလား**

အကယ်၍ရှိနေပါက စည်းရုံးရေးစွမ်းရည်အားကောင်းသူ၊ ယုံကြည်နိုင်လောက်အောင် ယုတ္တိရှိရှိပြောဆိုလုပ်ကိုင်တတ်သူ၊ စီမံခန့်ခွဲရသောအလုပ်များကို စိတ်ထက်သန်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

သံစကာကွက်များရှိနေပါက လူလူချင်းဖြစ်စေ၊ စီးပွားရေးလုပ်ငန်း၌ဖြစ်စေ မတော်မတရားလုပ်တတ်သူဖြစ်သည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်ညှိုး၏တတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်ပုံစံများရှိနေပါက မည်သည့်အကြောင်းကြောင့်ဖြစ်စေ ခံစားချက်မပြင်းထန်တတ်သူ၊ စွန့်စားရခြင်းကိုနှစ်သက်သူ၊ တစ်ဖက်သားအပေါ် မည်သို့ကိုင်တွယ်အသုံးချရမည်ကို ကောင်းစွာအကင်းပါးသူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက ကြိုးစားသမျှ အချည်းနှီးဖြစ်ရသောကြောင့် စိတ်ဖိစီးခံရသူ၊ ရည်မှန်းချက်မရှိသူ၊ အောင်မြင်မှုများမရရှိစေရန် ဖိအားပေးခံရသူ၊ ဩဇာ အာဏာမြဲအောင် ထိန်းထားလိုစိတ်မရှိသူအဖြစ် တွေ့ရမည်။

**လက်ခလယ်၏ပထမလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိပါသလား**

လက်ခလယ်ရှိပထမလက်ချောင်းရိုးပေါ်၌ ဒေါင်လိုက်လမ်းကြောင်းများရှိနေခြင်းကြောင့် တာဝန်သိစိတ်ရှိသူ၊ ရပ်ပိုင်းဆိုင်ရာလုံခြုံရေးလိုအပ်နေသူ၊ အများအတွက်ဖြစ်စေ၊ မိမိကိုယ်တိုင်အတွက်ဖြစ်စေ တာဝန်ကျေအောင်ဆောင်ရွက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များရှိနေပါသလား**

အကယ်၍ရှိနေပါက ဝေခွဲမရသော အခြေအနေများကြောင့် အမှားမှားအယွင်းယွင်းလုပ်မိသူ၊ ကျားကုတ်ကျားခဲကြိုးစားရသူဖြစ်ကြောင်း ဖော်ပြသည်။ အဆိုပါ လက္ခဏာရှင်များအဖို့ ကျရှုံးခြင်းများနှင့်မကြုံစေရန် ကိုယ်တိုင်သတိချပ်ရမည် ဖြစ်သည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်ခလယ်ပထမလက်ချောင်းရိုးပေါ်၌ ကြက်ခြေခတ်များပါရှိနေသည်ကို (ကံကောင်းစွာဖြင့်) တွေ့ရခဲသည်။

အကယ်၍ ဖော်ပြပါနေရာတွင် ကြက်ခြေခတ်များပါရှိနေပါက အ

www.burmeseclassic.com

လမ်းကြီးသူ၊ အယူသီးသူ၊ မွေးရာပါ အသိစိတ်ဖြင့် သိမြင်နိုင်သူ၊ လူ့အဖွဲ့အစည်းနှင့် ဆန့်ကျင်စွာနေတတ်သူ၊ စီးပွားဥစ္စာအတွက် ရာဇဝတ်မှုကျူးလွန်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ပါရှိနေပါသလား**

လက်ခလယ်၏ပထမလက်ချောင်းရိုးပေါ်တွင် အလျားလိုက်လမ်းကြောင်းများရှိနေပါက အလုပ်တာဝန်ဝတ္တရားများပိနေခြင်းကြောင့် စိတ်ဖိစီးမှုခံရသူ၊ သူတစ်ပါးတာဝန်၌အစားဝင်ရတတ်သူ၊ အလုပ်အလွန်ကြိုးစားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်ခလယ်၏ဒုတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက ပညာရေး၌ ထူးချွန်သူ၊ သိပ္ပံပညာရပ်၌ စိတ်ပါဝင်စားသူ၊ အမှန်တရားကို မြတ်နိုးတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များရှိနေပါသလား**

လက်ခလယ်၏ ဒုတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေပါက မွေးရာပါ အဆိုးမြင်ဝါဒရှိသူ၊ ခက်ခဲပြီး မဖြစ်နိုင်သောအလုပ်များအား စိတ်ကူးရှိသည့်အတိုင်းလုပ်တတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**


အကယ်၍ရှိနေပါက အမှန်တရားကို ထင်ယောင်ထင်မှားဖြစ်သူ၊ အများနှင့်မပတ်သက်တတ်ဘဲ သီးခြား (ခပ်ခွာခွာ) နေတတ်သူ၊ သာမန်နှင့်မတူ ထူးခြားသူ၊ တစ်ယူသန်သူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက အများနှင့် သဘောထား မတိုက်ဆိုင်တတ်သူ၊ စိတ်ဖိစီးခံရသူ ဖြစ်ကြောင်းရည်ညွှန်းသည်။

**လက်ခလယ်၏တတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက ငွေကြေးဆိုင်ရာကိစ္စများ၌ အသင့်အတင့်အဆင်ပြေသူ၊ မိမိကိုယ်မိမိ တိုးတက်အောင်ကြံဆောင်တတ်သူ၊ ဘဝတစ်သက်တာလုံခြုံစိတ်ချမှုရှိသူဖြစ်ကြောင်း ဖော်ပြ



သည်။

**သံစကာကွက်များရှိနေပါသလား**

လက်ခလယ်တတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေပါက ဘဝအပေါ် စိတ်ကုန်နေသူ၊ ကိုယ်ပိုင်အရည်သွေးများအား အကန့်အသတ်ဖြင့်သာ အသုံးချရသူဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

အကယ်၍ရှိနေပါက စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုသာမန်အဆင့်တွင်ရှိသူ၊ လမ်းမှားကိုလိုက်တတ်သူ၊ အရေးမပါသော အသေးအဖွဲကိစ္စများအား အာရုံစိုက်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက အပြောအဆိုအပြုအမူအနေအထိုင်မကောင်းခြင်းကြောင့် စိတ်ဒုက္ခရောက်ပြီး အပေါင်းအသင်းမဲ့နေတတ်သူ၊ ကံကောင်းခြင်းမရှိသူဖြစ်ကြောင်းသိရှိနိုင်သည်။

**လက်သူကြွယ်၏ပထမလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက စိတ်ခံစားမှု၌ ထိခိုက်လွယ်သူ၊ ဉာဏ်ရည်ထက်မြက်ထူးချွန်သူ၊ ဖန်တီးနိုင်စွမ်းမြင့်မားသူ၊ အနုပညာဘက်၌အထုံပါရမီအားကောင်းသူဖြစ်ကြောင်း သိနိုင်ပါသည်။

**သံစကာကွက်များရှိနေပါသလား**

လက်သူကြွယ်ပထမလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေပါက ဆုံးဖြတ်ချက်များပြန်ပြင်ရတတ်သူ၊ စိတ်ဓာတ်ကျရသူ၊ နောက်ကြောင်းပြန်လှည့်ရသူ၊ နာကျင်မှုမျိုးစုံခံစားရတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်သူကြွယ်၏ ပထမလက်ချောင်းရိုးပေါ်တွင် ကြက်ခြေခတ်များရှိနေပါက မိမိ၏ဖန်တီးနိုင်မှုစွမ်းရည်များလျော့နည်းကျဆင်းသွားသူ၊ လူအသိုင်းအဝန်းနှင့်ဆန့်ကျင်သူ၊ ဦးတည်ချက်ပြောင်းသွားသူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက အခက်အခဲအတားအဆီးတစ်ခုခုကြောင့် စိတ်ဖိစီးခံရသူ၊ အထုံပါရမီအရ ဖန်တီးနိုင်စွမ်းများအား ပြသခွင့်မရရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**လက်သူကြွယ်၏ ဒုတိယလက်ချောင်းရိုးပေါ်တွင်ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက စီးပွားရေးဆိုင်ရာလုပ်ငန်းအမျိုးမျိုး၌ကျွမ်းကျင်သူ၊ ပြိုင်ဆိုင်လိုစိတ်ရှိသူ၊ မိမိခံစားချက်အား အတွင်းကျကျ ဖော်ထုတ်ပြသပေးနိုင်သည့် ပန်းချီဆရာများအဖြစ်တွေ့ရတတ်သည်။

**သံစကာကွက်များရှိနေပါသလား**

လက်သူကြွယ်၏ ဒုတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေပါက ပြိုင်ဆိုင်တတ်သူ၊ မနာလိုဝန်တိုတတ်သူ၊ ကြိုးစားသမျှ အလဟဿဖြစ်ရသူ၊ အမြင်မကျယ်သူ၊ စိတ်ထိခိုက်လွယ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

အကယ်၍ရှိနေပါက မိမိ၏အထုံပါရမီအား ပီပြင်အောင် မထုတ်ပြနိုင်ဘဲ အသေးအဖွဲဖြစ်သွားတတ်သည့်သဘော ရည်ညွှန်းသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက အနုပညာရပ် ပီပြင်အောင် ဖော်ပြရာ၌ အခက်အခဲအတားအဆီးများရှိနေခြင်းကြောင့် စိတ်ဖိစီးရခြင်းကို ရည်ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

**လက်သူကြွယ်၏ တတိယလက် ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေ ပါသလား**

အကယ်၍ရှိနေပါက ထိုးထွင်းဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာနားလည်သူ၊ အနုစိတ်ခြယ်မှုန်းရသည့် လက်မှုပညာရပ်၌ထူးချွန်သူ၊ အပြစ်အနာအဆာကင်းသော အောင်မြင်တိုးတက်မှုကို ရယူနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များရှိနေပါသလား**

လက်သူကြွယ်၏ တတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေပါက ကောင်းသည်ထက်ပိုကောင်းအောင် အကဲပိုစွာလုပ်တတ်သူ၊ အဖြစ်သည်းတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

ကိုယ်ရည်ကိုယ်သွေး အတတ်နိုင်ဆုံး ကောင်းမွန်အောင် ကြိုးစားသင့်သည့်လက္ခဏာ ဖြစ်သည်။ သို့သော်လည်း မိမိကိုယ်မိမိ ပြင်းထန်စွာ ဝေဖန်အပြစ်ပေးခြင်းမျိုးကို ရှောင်ရှားသင့်ကြောင်း ရည်ညွှန်းသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက စွမ်းရည်ကောင်းများပုံမှန်စီးဆင်းနိုင်ခြင်းနှင့် ဖန်တီးနိုင်စွမ်းရှိခြင်းတို့ကို ဟန့်တားနှောင့်ယှက်ခံရသောကြောင့် စိတ်ဖိစီးမှုရှိနေသည့်လက္ခဏာ ဖြစ်ပါသည်။

**လက်သန်း၏ ပထမလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက ဆက်သွယ်ရေးရာကိစ္စများ၌ အထူးကျွမ်းကျင်သူ၊ စကားပြောကောင်းသူ၊ သံတမန်နည်းလမ်းများအားကျွမ်းကျင်သူ၊ နည်းပရိယာယ်ကြွယ်ဝသူများအဖြစ် တွေ့ရတတ်သည်။ အဆိုပါ လက္ခဏာရှင်များမှာ လူအများနှင့် သဟဇာတဖြစ်အောင် နေတတ်ပြီး ငြိမ်ကျကျနေရခြင်းကို နှစ်သက်တတ်သည်။

**သံစကာကွက်များပါရှိပါသလား**

လက်သန်း၏ပထမလက်ချောင်းရိုးပေါ်တွင် သံစကာကွက်ပုံစံများ ပါရှိနေပါက ကျွမ်းကျင်မှုရှိပြီးသော ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပြန်လည်ဆန်းသစ်ပေးရန်နှင့် လိုအပ်သလိုလေ့ကျင့်ပေးရန်လိုကြောင်း ဖော်ပြနေပါသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

အကယ်၍ရှိနေပါက ကျွမ်းကျင်ပြီးသော ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ အကောင်းဆုံး အဆင်ပြေချောမွေ့စေသည့် ဆက်ဆံရေးများအား ကိုယ်ကျိုးအတွက် အသုံးချသူဖြစ်ကြောင်း ဖော်ပြနေပါသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

လက်သန်း၏ ပထမလက်ချောင်းရိုးပေါ်တွင် အလျားလိုက်လမ်းကြောင်းများရှိနေပါက ကြွားလုံးထုတ်တတ်သူ၊ ဖုံးကွယ်ထားရသည့် ကိစ္စများကြောင့် စိတ်ဖိစီးမှုခံနေရသူဖြစ်ကြောင်း အသိပေးနေပါသည်။

**လက်သန်း၏ ဒုတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက အမျိုးသားဖြစ်လျှင် အိမ်ထောင်ဖက်နှင့်အတူနေနိုင်သူ၊ အမျိုးသမီးဖြစ်လျှင် အိမ်ထောင်သားမွေးလုပ်နိုင်သည့် အခြေအနေရှိသူ၊ အရွယ်ရောက်ပြီးနောက် ဖို၊ မကိစ္စပိုင်း၌ ကျွမ်းကျင်မှုရှိသူ၊ ချစ်လွယ်မုန်းလွယ်တတ်သော စိတ်အခြေအနေရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များ ရှိနေပါသလား**

လက်သန်း၏ဒုတိယလက်ချောင်းရိုးပေါ်တွင် သံစကာကွက်များရှိနေသူ စိတ်ခံစားမှုနက်ရှိုင်းသူ၊ လိင်မှုကိစ္စ၌ ကျွမ်းကျင်သူ၊ သက်သောင့်သက်သာနေခွင့်မရသူ ဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

အကယ်၍ရှိနေပါက မိမိ၏ ဖို၊ မရေးရာကျွမ်းကျင်မှုကို မကောင်းသောဘက်၌ အသုံးချတတ်သူ၊ လိင်ကိစ္စ၌ ပြင်းထန်ကြမ်းတမ်းသူ၊ ကောက်ကျစ်ယုတ်မာတတ်သူ၊ တစ်ကိုယ်ကောင်းဆန်တတ်သူ ဖြစ်ကြောင်းဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

ဖို၊ မရေးရာကိစ္စကြောင့်ပြဿနာများကြုံရပြီး စိတ်ဖိစီးမှုဖြစ်တတ်သည်။ ၎င်းအပြင် လက္ခဏာရှင်သည် (အမျိုးသမီးဖြစ်ပါက) သားသမီးမမွေးဖွားနိုင်သူ၊ သားဖွားမီးယပ်ဆိုင်ရာ ရောဂါရနိုင်သူ ဖြစ်ကြောင်း ဖော်ပြပါသည်။

**လက်သန်း၏တတိယလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ ရှိနေပါက ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၌ စိတ်ချရလောက်အောင်ကျွမ်းကျင်သူ၊ ရောင်းဝယ်ရေးလုပ်ငန်းများ၌ကျွမ်းကျင်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံစကာကွက်များရှိနေပါသလား**

အကယ်၍ သံစကာကွက်များရှိနေပါက နည်းပရိယာယ်လုံးဝမရှိသူ၊ အကြောင်းအရာတစ်ခုအား နောက်မှပြန်လည်စဉ်းစားတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များပါရှိနေပါသလား**

လက်သန်း၏ တတိယလက်ချောင်းရိုးပေါ်တွင် ကြက်ခြေခတ်များပါရှိနေပါက အကြောင်းအရာတစ်ခုအား ချဲ့ကားပြောဆိုတတ်သူ၊ အဆိုးရွားဆုံးအခြေအနေရောက်သည်အထိ လိမ်ညာပြောဆိုတတ်သူဖြစ်ကြောင်း အသိပေးနေပါသည်။

**အလျားလိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေခဲ့ပါက စိတ်ထဲ၌ မရှင်းမလင်းသော ပြဿနာကိစ္စများကြောင့် စိတ်ဖိစီးခံရသူ၊ တစ်စုံတစ်ဦးနှင့် နားလည်မှုလွဲရသူအဖြစ် တွေ့ရတတ်သည်။

**လက်မ၏ ပထမလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

လက်မ၏ ပထမလက်ချောင်းရိုးပေါ်တွင် ဒေါင်လိုက်လမ်းကြောင်းများပါရှိခြင်းသည် စိတ်ဓာတ်ခိုင်မာသူ၊ စွမ်းအားကြီးမားသူ၊ မိမိကိုယ်မိမိယုံကြည်မှုရှိသူ၊ အလိုဆန္ဒရှိသည့်အတိုင်း လုပ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**သံစကာကွက်များရှိပါသလား**

အကယ်၍ရှိနေပါက အလိုဆန္ဒများ ဟိုတစ်စဒီတစ်စ ကွဲပြန့်နေသည့်သူ၊ ကြီးမားသောစွမ်းအင်များကိုအသေးအဖွဲ့အဆင့်သို့ ပြောင်းလဲစေတတ်သူ၊ အရေးမပါသောဘဝသို့ရောက်ရသူအဖြစ် တွေ့ရတတ်သည်။

ဆရာမော်


www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင့်မိုး

## လူ့နောက်တွင် လူ့ထက်အာခိုးရှိနိုင်သည်



"လိုက်ဟ၊ လိုက်ဟ"

"ဒုန်း ဒုန်း ဒုန်း"

"ဟေး ဝေး ဟေး ဝေး"

"ဝှီး ဝှီး ဒုတ်"

ဆူလို့ညံလို့။

ဗိုလ်ကျော်ခေါင် တဲအတွင်းမှ ထွက်လိုက်သည်။

တဲအပြင်ရောက်တော့ မိမိတပ်စခန်းရှိစစ်သည်အားလုံး တဲများအပြင်သို့ရောက်နေကြပြီ။ စစ်သည်အားလုံး လက်နက်ကိုယ်စီဖြင့် အော်ဟစ်ဆူညံပြေးလွှားနေကြသည့် ရွာလမ်းမသို့ စူးစမ်းသောမျက်လုံးများဖြင့် ကြည့်ရှုနေကြသည်။ ဝေးလွန်းသေး၍ သဲသဲကွဲကွဲမရှိသေး။

ဗိုလ်ကျော်ခေါင်သည် စစ်သုံးမှန်ပြောင်းဖြင့် ရွာလမ်းမသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ဓား၊ လှံ၊ လေး၊ မြား လက်နက်မျိုးစုံဖြင့် ဝြာသံပေး၍ နောက်မှလိုက်နေသည့်ရွာသားများ၊ ရှေ့မှအသက်လု၍ပြေးနေသည့်နွားဟုထင်ရသည့်သတ္တဝါတစ်ကောင် မိမိတို့တပ်စခန်းဘက်သို့ ဦးတည်၍ ပြေးလွှားလာနေကြသည်။ နီးလာပြီ။ ရှေ့မှပြေးနေသည့် သတ္တဝါကောင်၏ ခန္ဓာကိုယ်အနှံ့အပြား၌ ရွာသားတို့ ပစ်လွှတ်လိုက်သည့် ဓား၊ လှံတို့က တိုးလိုးတန်းလန်းစိုက်ဝင်လျက်။

မိမိတို့ အကူအညီပေး၍ မရ။ သေနတ်ဖြင့်ပစ်ခတ်ရန်ကလည်း လူအုပ်ကြီးနှင့်မဖြစ်။

နောက်မှလိုက်လာသည့် လူအုပ်ကြီးသည် အော်သံဝြာသံဟစ်ကြွေး၍ လက်နက်မျိုးစုံဖြင့်ပစ်ပေါက်နေကြသည်။ လိုက်သူကလည်း အားကုန်လိုက်သည်။ ပြေးနေသည့်သတ္တဝါကလည်း အားကုန်ပြေးနေသည်။

"ဝှီး၊ ဒုတ်"

"ဟာ - ထိပြီ၊ လဲပြီ"

ရှေ့မှ အသက်လု၍ပြေးနေသည့် သတ္တဝါတစ်ကောင် လဲကျသွားပြီ။

လူအုပ်ကြီးအတွင်းမှ ပစ်လွှတ်လိုက်သည့် ဓားရှည်တစ်ချောင်းသည် သတ္တဝါတစ်ကောင်၏ ညာဘက် ဒူးကောက်ကွေး(တံကောက်ကွေး)ကို ထိထိမိမိမှန်သွားသည်။ အကြောများပြတ်သွားဟန်ရှိ၏။

ကပ်လျက်ပါလာသည့် လူအုပ်ကြီးသည် လဲကျသွားသည့် သတ္တဝါအားလက်နက်မျိုးစုံဖြင့်ခုတ်ကြထစ်ကြသည်။ စခန်းနှင့် ကိုက် (၁၀၀) ခန့်သာ ဝေးမည်။

ဗိုလ်ကျော်ခေါင်နှင့် တပ်ကြပ်ကြီးဘက်ခက်တို့သည် ရဲဘော် (၃) ဦးအား ခေါ်၍ စခန်းကုန်းပေါ်မှ ဆင်းခဲ့ကြသည်။

ဘာတွေဖြစ်၍ ဘယ်လိုကူညီရမည်နည်း။

ဗိုလ်ကျော်ခေါင်တို့အဖွဲ့ အခင်းဖြစ်သည့်နေရာရောက်တော့ ဥက္ကဋ္ဌမှ ဆီး၍ ကြိုဆိုသည်။

"ဟာ - ဆတ်ကြီးပါလား။ နည်းတဲ့ကောင်ကြီးမှမဟုတ်ဘဲ"

တပ်ကြပ်ကြီးဘခက်မှ ပြောလိုက်ခြင်း ဖြစ်သည်။

ဗိုလ်ကျော်ခေါင်လည်း ရွာဥက္ကဋ္ဌ ဦးဇောင်းဂျုံးအား အောက်ပါအတိုင်း ပြောကြားလိုက်သည်။

"ဥက္ကဋ္ဌကြီးတို့ ဘာများဖြစ်ကြတာလဲလို့။ ကူညီစရာရှိရင်လည်း ကူညီဖို့လာခဲ့တာပါ"

"ဒူဝါ (ဗိုလ်ကြီး) ရေ၊ ဖြစ်ပုံကဒီလိုဗျ။ ရွာထိပ် ကျွန်တော့်နွားခြံဘက်ကဒီဆတ်ဝင်လာတာပါ။ ရွာသားတွေဝိုင်းလိုက်တော့ ရွာလမ်းမအတိုင်းတောင်က မြောက်ကို စွတ်ပြေးတာ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

နေရာနားရောက်တော့ ကျွန်တော်က ားနဲ့လှမ်းပစ်လိုက်တာ တံကောက် ကြောတည့်တည့်သွားမှန်တာ ဒူဝါရေ။ အကြောတွေပြတ်ပြီးလဲသွားတော့ ကျွန် တော့်ရွာသားတွေ ဝိုင်းဆော်လို့ ဒီဆတ် အသက်ဘယ်လိုထွက်သွားတယ်တောင် သွားမှာမဟုတ်ဘူး။ ကျွန်တာတော့ ဒါသိပြီးသားပါ။ ခဏနေမှ ဒူဝါတို့ စား အသားလာပို့ဦးမယ်။ လုပ်စရာလေး ဘွလုပ်လိုက်ဦးမယ် ခွင့်ပြုပါဦး”

“လုပ်ပါ၊ လုပ်ပါ လုပ်စရာရှိတာ ပ်ပါ။ အသားလည်းမပို့ပါနဲ့။ ဉက္ကဋ္ဌလူ တွေတောင်ဝေလို့လောက်ပါ့မလားဗျာ”

ဗိုလ်ကျော်ခေါင်သည် ပြောပြော ဆိုဖြင့် ဆရာကြီးဘခက်တို့ကို ခေါ် ကာ စခန်းသို့ပြန်ခဲ့ကြသည်။

*

နောင်ချိန်ရွာ။

ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း တည်ရှိသည်။

မြစ်ကြီးနားမြို့မှ မြစ်ဆုံ (တန်ဖဲ) သွားသည့်လမ်းအတိုင်း (၁၅) မိုင်ခန့် သွားမိလျှင် ဦးဗျစ်ရွာသို့ ရောက်မည်။ နောင်ချိန်ရွာရောက်ရန် ဦးဗျစ်ရွာမှ ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းသို့ လှေဖြင့် ကူးရ၏။ သစ်လုံးထွင်းလှေကြီးအား ဝါး ပိုးဝါးကြီးတစ်ဖက်တစ်လုံးစီဖြင့် အခိုင် အမာ ချည်နှောင်၍ထားသည်။

၁၉၇၀ ပြည့်နှစ်လွန်ကာလများ က လူဦးရေကလည်း များများမရှိသေး။ သောင်းကျန်းမှုကလည်း အရှိန်အဟုန် မြင့်မားဆဲကာလ ဖြစ်သည်။ ယခုခေတ် ကဲ့သို့ ရွှေမှော်များလည်း မရှိသေးပါ။ သွားလာမှုခက်ခဲလှသည်။

မြစ်ကူးလှေကြီးအား နောင်ချိန် ရွာဘက်ကမ်း၌ထားသည်။ ဦးဗျစ်ရွာ ဘက်မှ ကူးလိုသူရှိက လှမ်းအော်၍ခေါ် ရ၏။

ယခုခေတ်မှာမူ ဗလမင်းထင် တံတားကူး၍ ဧရာဝတီမြစ်၏ အရှေ့ ဘက်ကမ်းအတိုင်း လမ်းကဖုံလို့၊ ထော် လာဂျီများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင် ကယ်များဖြင့် လွယ်ကူစွာသွားနေကြပြီ။

ထိုစဉ်က နောင်ချိန်ရွာသည် အိမ် ခြေ (၁၅၀) ခန့်ရှိသည်။ ကချင်မျိုးနွယ် စုဝင် မရူတိုင်းရင်းသားများသာ ညီညွတ် စွာနေထိုင်ကြသည်။ ကချင် (ဂျိန်းဖော) စကားမပြောကြဘဲ မရူစကားကိုသာ ပြောကြ ပါသည်။

နောင်ချိန်ရွာဉက္ကဋ္ဌ ဦးဇော်ဂျုံး လည်း မရူတိုင်းရင်းသားပင် ဖြစ်သည်။ ငယ်စဉ်က မြစ်ကြီးနားမြို့၌ (၈) တန်း အောင်မြင်သည်အထိ ကျောင်းနေခဲ့ သည်။

ဤခေတ်ဤအခါကာလက နောင် ချိန်လိုရွာမျိုး၌ ပညာအရည်အချင်း (၈) တန်း ဟူသည်မှာ တကယ့်ရှားပါး ပစ္စည်း ဖြစ်သည်။

သတင်းစာ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ထုတ်ဝေသည့် စာအုပ် စာစောင်များ၊ မဂ္ဂဇင်းများ အမြဲဖတ် သည်။ ပြည်တွင်း၊ ပြည်ပဗဟုသုတများ ပြည့်စုံသည်။ တွေးခေါ်မြော်မြင်မှုရှိ သည်။

“ဗိုလ်ကြီး၊ ဉက္ကဋ္ဌဦးဇော်ဂျုံးလာ တယ်”

ကင်းသမားစစ်သည်မှ သတင်းပို့





www.burmeseclassic.com

လာသည်။ ကင်းသမားနှင့်အတူ ဥက္ကဋ္ဌ အသားတွဲများ ဆွဲလျက်ပါလာသည်။

"လာပါ၊ ထိုင် ဥက္ကဋ္ဌ"

ဗိုလ်ကျော်ခေါင်သည် သူ့ရှေ့တွင်ရှိသည့်ဝါးဖြင့် ပြုလုပ်ထားသည့်ထိုင်ခုံတစ်လုံးအား ညွှန်ပြ၍ ဖိတ်မန္တကပြုလိုက်သည်။

ဥက္ကဋ္ဌဦးဇောင်းဂျူးသည် လက်တွင်းရှိ အသားတွဲအား ကင်းသမားသို့ ကမ်းပေးပြီး ဗိုလ်ကျော်ခေါင် ညွှန်ပြသော ထိုင်ခုံ၌ ဝင်၍ထိုင်သည်။

"ဒူဝါတို့စားဖို့အသားလာပို့တာပါ။ နည်းတယ်၊ များတယ်တော့ မဟုတ်ပါဘူး။ ဝေငှစားကြတာပေါ့။ နှစ်ပိဿာလောက်ပဲပေးနိုင်တယ်"

ဦးဇောင်းဂျူးက ပြောသည်။

"ဟာ - မနည်းပါဘူး၊ ကျေးဇူးတင်ပါတယ်။ တစ်ရွာလုံး ဝေရငှရမှာမို့ မျှော်လင့်မထားပါဘူး။ ကင်းသမားရေ၊ မီးဖိုဆောင်ကို အဲဒီဆတ်သားသွားပို့ရင်း ဥက္ကဋ္ဌသောက်ဖို့လက်ဖက်ရည်တစ်ခွက် အပို့ခိုင်းလိုက်ပါ"

ဗိုလ်ကျော်ခေါင်သည် ကင်းသမားနှင့် လက်ဖက်ရည်မှာပြီး မကြာမီ လက်ဖက်ရည်တစ်ခွက်နှင့်အတူ ခေါပုတ်ကြော်တစ်ပန်းကန်ပါရောက်လာသည်။ တပ်မတော်လက်ဖက်ခြောက်နံ့သင်းနေသည်။ လက်ဖက်ရည်စစ်မတ်ခွက်မှာ အငွေ့တထောင်းထောင်း။

ဗိုလ်ကျော်ခေါင်မှ -

"ကဲ - ဥက္ကဋ္ဌ၊ လက်ဖက်ရည်ပူပူလေးသောက်ပါဦး။ ခေါပုတ်ကြော်လည်းစားပါ"

ဟု ဧည့်ခံသည်။

ဦးဇောင်းဂျူးသည် လက်ဖက်ရည်မတ်ခွက်ဆွဲယူ၍ လက်ဖက်ရည်တစ်ကျိုက်သောက်လိုက်ပြီး ခေါပုတ်ကြော်ကိုလည်း စား၏။ လက်သုတ်ပဝါကို ဆွဲယူ၍ လက်သုတ်ရင်းမှ -

"ဒူဝါကို ကျွန်တော်ပြောစရာရှိတယ်"

"ပြောပါ ဥက္ကဋ္ဌ"

"ဒီညကျားပစ်ချင်တယ်"

"ဗျာ"

"ဟုတ်တယ် ဒူဝါ၊ ရွာထိပ်က ကျွန်တော့်နွားခြံကို ဒီည ကျားလာနိုင်တယ်။ ဒူဝါဆီက ဆရာကြီးဘခက်နဲ့ ရဲဘော်တစ်ယောက်ထည့်ပေးပါ။ ကျားဆိုတော့ ဆရာကြီးဘခက်လို ဝါရင့်မုဆိုးပါမှဖြစ်မှာ။ ကျွန်တော် ရှာခံမုဆိုးယောဟန်လည်းပါမှာပါ။ ကျွန်တော့်နွားခြံမှာ လင့်စင်လည်းထိုးထားပါတယ်။ အန္တရာယ်မရှိပါဘူး။ စိတ်ချပါ၊ ကျွန်တော်လည်းလိုက်မှာပါ"

"သေချာလုချေလား ဥက္ကဋ္ဌရဲ့၊ လုပ်လိုက်လေ၊ ကျွန်တော့်ဘက်ကတော့ အဆင်သင့်ပဲ"

ဗိုလ်ကျော်ခေါင်နှင့် ဥက္ကဋ္ဌမှာ ပြောရင်းဆိုရင်းဖြင့် ဥက္ကဋ္ဌသည် ခေါပုတ်ကြော်စားလျက်ရှိသည်။

ဦးဇောင်းဂျူးသည် အသက် (၅၀) ကျော်ခန့်ရှိသော်လည်း လူရွယ်တစ်ဦးကဲ့သို့ သန်မာဆဲ၊ သွက်လက်ဖျတ်လတ်ဆဲပါ။

ဗိုလ်ကျော်ခေါင်တို့ နယ်မြေလုံခြုံရေးစခန်းတိုင် တပ်စုအတွက် အရာရာအားကိုးရသည့် သစ္စာရှိအမာခံဥက္ကဋ္ဌတစ်ဦး ဖြစ်သည်။

ဦးဇောင်းဂျူးသည် ဗမာစကားကို ဗမာတစ်ဦးကဲ့သို့ တတ်ကျွမ်းသည်။ ကချင်စကားလည်း တတ်ကျွမ်းသည်။ မရှုစကားကိုမူကား မွေးစကတည်းက တတ်ကျွမ်းသည်။

ထူးခြားချက်တစ်ခုမှာ ယုံကြည်ချက်ပြည့်ဝရန် လက်နက်ဖြင့် တော်လှန်တိုက်ခိုက်နေခြင်းကို မထောက်ခံပါ။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းကို သာလက်ခံသူ ဖြစ်သည်။

ဗိုလ်ကျော်ခေါင် အတွေးနယ်ချဲ့နေစဉ် -

"ကဲ - ဒူဝါ၊ ည (၉) နာရီလောက်မှာ ဆရာကြီးဘခက်တို့ကိုလာခေါ်မယ်။ လုပ်စရာတွေရှိသေးလို့ ပြန်လိုက်ပါဦးမယ်"

ဦးဇောင်းဂျူး ပြောပြောဆိုဆိုထိုင်ရာမှထလိုက်သည်။

"ဟုတ်၊ ဟုတ်ကဲ့ - ကောင်းပါပြီ ဖြည်းဖြည်းသွားပါ"

အတွေးလွန်နေစဉ် နှုတ်ဆက်လာ၍ ဗိုလ်ကျော်ခေါင် အထစ်ထစ်အငေါ့ငေါ့ဖြင့် နှုတ်ဆက်လိုက်သည်။

*

ည။

တိတ်ဆိတ်သည့်ည။

မှောင်မိုက်သည့်ည။

ကောင်းကင်တစ်ပြင်လုံး တိမ်တို့ဖုံးအုပ်ထား၏။ အမည်းပေါ် အနက်လွှမ်းခြုံထားသကဲ့သို့ပင်။

လရောင်ကြယ်ရောင်မရှိ ပကတိမဟူရာည။

ည (၂) နာရီထိုးပြီ။

ပုရစ်အော်သံများမှအပ ညသည် တိတ်ဆိတ်လွန်းလှသည်။

ဝါရင့်မုဆိုး၊ ဆရာကြီးဘခက်၊ တပည့်ကျော်လက်သင်မုဆိုး၊ တပ်သား စိုးမြင့်၊ ဥက္ကဋ္ဌ ဦးဇောင်းဂျူး သူ့သားကြီး ခေါင်ဇောင်းနှင့် ရှာခံမုဆိုးယောဟန်တို့ လူငါးဦး လင့်စင်ပေါ်တွင် ကျပ်ကျပ်သပ်သပ်။

ဦးဇောင်းဂျူး၏ နွားခြံဘေး လင့်စင်ပေါ်သို့ ညဦး (၁၀) နာရီကပင် ရောက်နေကြသည်။

ခြင်များဖြုတ်များက တဝီဝီအော်၍ လူ (၅) ဦး၏ သွေးသားများ မှီဝဲနေကြသည်။

မုဆိုးအဖွဲ့ကား ခြင်မရိုက်၊ ချောင်းမဆိုး။ သက်မဲ့အလားငြိမ်လို့၊ အောင့်အည်းသည်းခံလျက်။ အောင့်နိုင်မှ အကျိုးရှိမည်။

ဦးဇောင်းဂျူးကား ယနေ့ည မချွတ် ကျားလာမည်ဟု ယုံကြည်နေသည်။ ဆရာကြီးဘခက်နှင့် ယောဟန်တို့ကလည်း မုဆိုးအတွေ့အကြုံအရ မှားယွင်းစွာ ငြိမ်သက်လွန်းသည့် ဒီညအဖို့ ကျား သို့မဟုတ် အန္တရာယ်ကောင်တစ်ကောင်ကောင် မိမိတို့အနီး၌ရှိနေသည်ဟုခံစားနေကြရ၏။ သို့ဖြစ်၍ သတိလက်လွတ်မခံ။

ဆရာကြီးဘခက်၌ ချိန်သီးညှိထားသည့် ပို့ဂွင် (၁၀) ကာဘိုင်သေနတ်တစ်လက်၊ ကြည်း-ရေ-လေသေနတ်ပစ် လက်ရွေးစင်တပ်သားစိုးမြင့်၌ (၇.၆၂) ဂျီ (၃) သေနတ် (၁) လက်၊ ယောဟန်၌ ယမ်းအသင့်ထောင်ပြီး အသင့်တူးမီးသေနတ်(၁)လက်ပါလာကြသည်။ လက်နက်အားလုံး ပစ်ခတ်ရန်အသင့်ရှိသည်။

"ဂီး"

"ဝုန်း၊ ဝုန်း"

ငှက်ဆိုးထိုးသံနှင့်အတူ ခြံတွင်းရှိ နွားများလန့်နေကြသည်။

လာနေပြီ။

အားလုံးအသင့်။

သားကောင်လာလျှင် မည်သူက မည်သို့လုပ်ဆောင်ရမည်ကို တာဝန်ကိုယ်စီသိပြီးဖြစ်သည်။ ဇာတ်တိုက်ပြီးသားပါ။ သားကောင်တွေ့မှ ပြောနေ၍မဖြစ်။

အမှောင်ထဲတွင် အကျင့်ရနေသည့် မျက်လုံးအစုံဖြင့် သားကောင်လာနိုင်သည့်ဘက်သို့ မမှိတ်မသုန်ကြည့်၍နေကြသည်။

မည်းမည်းမည်းမည်းနှင့် နွားခြံဘက်သို့ ဦးတည်ရွေ့လျားလာနေသည်

www.burmeseclassic.com

သားကောင်ကို မြင်ရပြီ။

သားကောင်သည် ပါးနပ်လွန်းလှသည်။

ရပ်တန့်၍ ပတ်ဝန်းကျင်ကို အကဲခတ်သည်။ အန္တရာယ်ကင်းပြီဟု ယုံကြည်မှုနှင့် ရှေ့ကိုရွေ့လျားသည်။ အလွန်သတိရှိသည်။

ဆရာကြီး ဘခက်နှင့် စိုးမြင့်တို့သည် သားကောင်ကိုပစ်ရန် အသင့်ဖြစ်နေပြီ။ ကျန်သုံးယောက်ကလည်း မိမိတာဝန်ထမ်းဆောင်ရန်အသင့်။

သားကောင် နွားခြံဘက်ကပ်လာပြီ။

ထိုစဉ် သားကောင်သည် မထင်မှတ်စွာ လှုပ်ရှားလိုက်သည်။

စုန်ပြီ။

"ဒိုင်း"

"ဒိုင်း"

"ဗုန်း"

"မှန်ပြီဟေ့၊ ဓာတ်မီးဆက်ထိုးထား"

"ဒိုင်း"

မြန်လိုက်သည့်ဖြစ်စဉ် -

ကောင်းလိုက်သည့်ပစ်ချက်။ လေထဲမှာပင် နှစ်ချက်မှန်သွားသည်။

သားကောင် မြေပေါ်ပြုတ်ကျပြီ။ ပွဲသိမ်းပစ်ချက်ကလည်း ကောင်းမှကောင်း။

ငှက်တို့လန့်ပျံသံ၊ ခြံအတွင်းမှ နွားများလန့်၍ တိုးဝှေ့လှုပ်ရှားသံတို့က တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသည်သို့ရှိသည်။

လင့်စင်ပေါ်မှ လူသား(၅)ဦးသည် မြေပြင်သို့ မည်သည့်ပုံသဏ္ဌာန်ဖြင့် ရောက်သွားကြသည်မသိ။ ကျားသေအနီးသို့ (၄) ဦးစလုံး ရောက်နေကြပြီ။ သတိကားမလစ်။ အားလုံးအသင့်။

ဦးဇောင်းဂျုံးကား အသင့်ရုံထားသည့် ဝါးအခြောက်ပုံအား မီးရှို့လိုက်သည်။ ဝန်းကျင်တစ်ခွင်လုံး လင်းထိန်သွားပြီး ထိတ်လန့်နေသောနွားများအား အသံပေး၍ ထိန်းသိမ်းနေသည်။

ဆရာကြီး ဘခက်တို့ အဖွဲ့သားသည် ကျားသေအား သေချာစွာကြည့်ရှုနေကြသည်။

ယောဟန်မှ သားကောင်၏ ဒဏ်ရာများအား ဓာတ်မီးနှင့် ထိုးကြည့်ရင်းမှ -

"ဆရာကြီးရေ ဆရာကြီးရဲ့ပထမပစ်ချက်နဲ့တင် ပွဲသိမ်းသွားတာဗျ။ ခေါင်းတည့်တည့်မှန်သွားတာ။ လျှပ်တစ်ပြက်ပစ်ချက်ကကောင်းပါ့ဗျား။ နောက်နှစ်ချက်တောင်မပစ်ဖို့မလိုဘူး"

ယောဟန်စကားအဆုံး၌ ဆရာကြီးဘခက်မှ တုံ့ပြန်ပြောဆိုလိုက်သည်မှာ -

"ဟာ - ဘယ်ဟုတ်မလဲ ကိုယောရ။ ကျားဆိုတာ အန္တရာယ်ကြီးတယ်။ ပစ်ရမှာပဲ၊ ပိုတယ်မရှိပါဘူး ကိုယောရယ်"

ဥက္ကဋ္ဌ ဦးဇောင်းဂျုံးလည်း ကျားသေကို သေသေချာချာကြည့်သည်။ ထို့နောက် -

"(၇) နှစ်တောင်ကျော်ကျော်ရှိမှာ၊ ကျားက အထီးကြီးဗျ"

ဟု ပြောပါသည်။

မနက် (၄) နာရီကျော်ပေပြီ။

ပစ်ဖတ်ပြီး နာရီဝက်ခန့်အကြာ ရွာဖက်မှ လူတစ်စု မီးတုတ်များဖြင့် လာနေကြသည်။

"ငါတို့လာတယ်ဟေ့"

ဗိုလ်ကျော်ခေါင်နှင့် ရဲဘော်(၄)ဦး၊ ရွာသား(၅)ဦး ရောက်လာကြသည်။

ဦးဇောင်းဂျုံးသည် ကျားသေကို ကြည့်နေရာမှ -

"ဒူဝါတို့ပါလား၊ စိတ်မချလို့လိုက်လာကြတာထင်တယ်"

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ သူရဲကောင်း (၅)ယောက်ကိုယုံကြည်စိတ်ချပြီးသားပါ။ သေနတ်သုံးချက်စလုံးမှန်တဲ့အသံတွေဆိုတော့ ကူသယ်ဖို့ လူတွေခေါ်လာတာပါ"

ဟု ဗိုလ်ကျော်ခေါင်မှ ခွန်းတုံ့ပြန်ရင်း တပ်မတော်ရမ်တစ်လုံး ဥက္ကဋ္ဌလက်သို့ ကမ်း၍ပေးလိုက်သည်။

ဦးဇောင်းဂျုံးသည် ရမ်ပုလင်းအား ချက်ချင်း ဖွင့်ဖောက်ကာ ပုလင်းလိုက်မော့သောက်ပြီး ကျန်လူများလက်သို့ပေးလိုက်သည်။

ရွာသားများလည်း ကျားသေကို သယ်ယူရန် ပြင်ဆင်နေကြပြီ။

ဗိုလ်ကျော်ခေါင်သည် ကျားသေကိုကြည့်ရှုနေရာမှ ဦးဇောင်းဂျုံးကို လှမ်း၍ မေးလိုက်သည်။

"နေပါဦးဗျ ဥက္ကဋ္ဌရဲ့။ ဒီည ကျားပစ်ရမယ်လို့ ဘာကြောင့်တိတိပပပြောနိုင်ရတာလဲ"

ဦးဇောင်းဂျုံးသည် ဆေးရွက်ကြီးအကြေမှုန့်များအား အသင့်ဖြတ်ထားသည့် သတင်းစာစက္ကူငယ်လေးဖြင့် လိပ်ထားသော ပွတ်ချွန်းခေါ် လက်ဖြစ်ဆေးလိပ်ကလေးအား ဖွာရှိုက်ရင်းမှ -

"ဒီလို ဒူဝါရဲ့"

"လုပ်ပါဦး"

"ယောဟန်က ပြောတယ်။ ကျွန်တော့်နွားခြံအနီးတစ်ဝိုက်မှာ ကျားခြေရာတွေ့တယ်။ နွားခြံကို ဂရုစိုက်ပါလို့ ပြောဆိုသတိပေးနေတာ နှစ်ရက်၊ သုံးရက်ရှိပြီ။ ယောဟန်နဲ့ ကျွန်တော် လိုက်ကြည့်တော့လည်း ကျားခြေရာအသစ်တွေထပ်ပြီးတွေ့တယ် ဒူဝါ။ ဒီကောင်ကျွန်တော့်နွားကိုဆွဲမယ့်သဘောပဲ"

"xxx"

"အဲ - မနေ့က ထူးထူးခြားခြား တောကောင်(ဆတ်)တစ်ကောင် ရွာထဲဝင်တယ်။ ကျွန်တော်တို့အယူအဆက တောကောင်ဝင်ရင် ရွာပျက်တတ်တယ်တဲ့။ ဒါကိုသဘာဝကျကျစဉ်းစားကြည့်တော့ တောကောင်ဆိုတာ လူကိုကြောက်တယ်။ ဒါကြောင့် လူနဲ့ဝေးဝေးနေတယ်။ ခုတော့ လူကိုကြောက်တဲ့အကောင်က လူတွေနေတဲ့ရွာထဲဝင်တယ်။ ဒါဟာ မှားနေတဲ့ဖြစ်စဉ်ပဲ။

ဒါဆိုရင် ဒီအကောင်ရဲ့နောက်မှာ၊ သူ့အနီးမှာ လူထက်ကြောက်ရမယ့်အန္တရာယ်ရှိနေပြီ။ မကြာခင်ဒီအန္တရာယ်တွေရွာထဲရောက်လာမယ်။ လူတွေကို ဒုက္ခပေးမယ်။ ရွာပျက်သွားနိုင်တယ်လို့ဆိုလိုတယ်လို့ထင်တယ်။ သူ့နောက်မှာ အဆိုးတွေရှိနိုင်တာပေါ့။

အခုလည်း ကျားက ဒီနားမှာ ရစ်သီရစ်သီလုပ်နေတာတွေ့နေတယ်။ ဒီကျားကိုကြောက်လန့်ပြီး ဆတ်က ရွာထဲဝင်လာတာဖြစ်ရမယ်လို့ ဆက်စပ်ပြီး တွေးကြည့်တာပါ ဒူဝါ"

ဦးဇောင်းဂျုံးသည် စကားဖြတ်ပြီး ပွတ်ချွန်းဆေးလိပ်တစ်လိပ်လိပ်နေသည်။

"ကြိုက်သွားပြီ၊ ဥက္ကဋ္ဌရဲ့အတွေးအခေါ်ကို ကျွန်တော် ချီးကျူးတယ်ဗျာ။ အဲ - ဟုတ်တယ်ဗျ၊ တောကောင်ရွာထဲရပ်ထဲဝင်ရင် ရပ်ရွာပျက်တတ်တယ်ဆိုတဲ့အယူအဆက ဗမာတွေလည်း ယုံကြည်ကြတယ်"

ဗိုလ်ကျော်ခေါင်၏စကားအဆုံး၌ ဦးဇောင်းဂျုံးက စကားဆက်သည်။

"နောက်တစ်ခုရှိသေးတယ်။ ဒူဝါအတွက် ဗဟုသုတပေါ့။ ကျွန်တော်တို့ ကချင်မျိုးနွယ်စုတွေမှာ အလွန်ချစ်စရာကောင်းတဲ့ဓလေ့ထုံးစံတစ်ခုရှိပါတယ်။ လူတိုင်းတော့မသိကြဘူး။ မသိသူကျော်သွား သိသူဖော်စားလို့ ဆိုရမလားဘဲ"

"xxx"

www.burmeseclassic.com

"ကြက်၊ ဘဲ အစရှိတဲ့ အိမ်မွေးတိရစ္ဆာန်ငယ်တွေကို အန္တရာယ်ပြုတဲ့ တောကြောင်၊ တောခွေး၊ သိမ်းငှက်၊ စွန်တို့ကို ပစ်ခတ်ဖမ်းဆီးလို့ရရင် ရခဲ့တဲ့အကောင်ကို လူမြင်အောင်ထမ်းပြီး တစ်အိမ်တက်တစ်အိမ်ဆင်းဝင်သွားပါ။ အိမ်ရှင်က ဝမ်းပန်းတသာနဲ့ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ၊ ဆန်၊ ဆီ၊ အရက်၊ ခေါင်ရည် အစရှိတဲ့ပစ္စည်းတစ်မျိုးမျိုးကို ကွန်ဗ (လက်ဆောင်) အဖြစ် ပေးကြတယ်။ အန္တရာယ်ကို တာကွယ်ပေးတဲ့ သူရဲကောင်းမို့ ဂုဏ်ပြုတဲ့သဘောပေါ့ ဒူဝါ"

ဦးဇောင်းဂျုံး ပွတ်ချွန်းကို ဖွာရှိုက်ရင်း ခေတ္တနားသည်။ ဗိုလ်ကျော်ခေါင်နှင့် အဖွဲ့အားလုံး စိတ်ဝင်စားနေကြသည်။ ဦးဇောင်းဂျုံး စကားဆက်သည်။

"ဒူဝါရေ အခုကျွန်တော်ပြောပြလို့ သိကြပြီမဟုတ်လား။ ဖော်စားကြရုံပဲ။ အခု ကျွန်တော်ပစ်ခတ်နှိမ်နင်းထားတာက ကျားလေဗျာ။ ကျွဲ၊ နွားတိရစ္ဆာန်တင်မကဘူး လူကိုပါအန္တရာယ်ပေးမယ့်အကောင်ဗျ"

"xxx"

"ဒါကြောင့် ကျွန်တော်က နွားတစ်ကောင် ဂုဏ်ပြုလက်ဆောင်ပေးမယ်။ ညကျရင် ဒူဝါတို့တပ်စခန်းတစ်စခန်းလုံး နောင်ချိန်ရွာတစ်ရွာလုံးပျော်ပွဲစားမယ်။ မီးပုံပွဲလုပ်ပြီးထောင်ကာကမယ်။ အားလုံးစီစဉ်ပြီးပြီ"

"လင်းတာနဲ့ ကျားကိုထမ်းပြီး ရွာထဲဝင်မယ်။ တစ်အိမ်ချင်းအိမ်ပေါက်စေ့ဝင်မယ်။ ရွာကလည်း ကျွန်တော်တို့အဖွဲ့ ကျားပစ်လို့ရတာသိနေပြီ။ ကျွန်တော့်သားကြီးသွားပြောနေပြီ"

"ကျားဆိုတော့ ဆိတ်၊ သိုးအကောင်လိုက်၊ ဝက်အကောင်လိုက် ဆန်၊ ဆီ၊ အရက်၊ ခေါင်ရည်၊ အများကြီးပေးကြမှာ။ တစ်ရွာလုံးစောင့်မျှော်နေကြပြီ ဒူဝါ။လက်ဆောင်ပစ္စည်းကတော့ လှည်းနဲ့ သယ်ကြရမှာပါ"

"ဝေးဟေးဟေး"

ဥက္ကဋ္ဌဦးဇောင်းဂျုံးစကားအဆုံး၌ အဖွဲ့သားများ၏ အော်ဟစ်ခုန်ပေါက်မြူးထူးသံများသည်ကား တောလုံးအနှံ့ပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

*(နောင်ချိန်ရွာတွင် ငယ်စဉ်က အတူတကွ တာဝန်ထမ်းဆောင်ခဲ့သော သာစည်မြို့မှ စစ်မှုထမ်းဟောင်း ဦးစိုးမြင့် (ခေါ်) ဦးသံချောင်းသို့ အမှတ်တရ)*

အောင်မြင့်မိုး

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြို့စေသား)

(၁၀၆) ကြိမ်မြောက် -

ထီဖွင့်ပွဲကြီးလာပါတော့မည်။

သန်းကြွယ်သိန်းကြွယ်ကုဋေကြွယ်သူဌေးကြီးများထွက်ပေါ်လာပေဦးတော့မည် ဖြစ်၏။

ချမ်းသာခြင်းများစွာကို သယ်ဆောင်လာတော့မည့် ကိန်းဂဏန်းလေးများနှင့် ပါရမီဖြည့်လိုက်ရပါဦးမည်။

**တနင်္ဂနွေသားသမီးများ**

ဇွန်လ ၇၊ ၁၇၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်ရက်အချိန်ယူပါ။ ဘုရားကျောင်းဆောင်ရှိ မလိုလားအပ်သော အင်းပျက်၊ လက်ဖွဲ့၊ အဆောင်အကျိုးအပဲ့များလွှင့်ပစ်ခြင်း၊ ဖုံ၊ အမှိုက်များ ရှင်းလင်းခြင်းပြုပါ။ သန့်ပြန့်သွားပြီဆိုလျှင် နောက်နေ့မှာ ထီထိုးပါ။

ဇူလိုင်လတွင် ၄-၈-၇-၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဇွန်လ ၅၊ ၁၃၊ ၂၆ ရက်များတွင် ထီထိုးပါ။

အိမ်မှာ အဓိဋ္ဌာန်ဝင်ပါ။ ဂုဏ်တော်ကွန်ချာကို အချိန်ကြာမြင့်စွာရွတ်ပါ။ ဥပမာ နာရီဝက် (အခေါက်ရေ မမှတ်ပါနှင့်။) ၎င်းအဓိဋ္ဌာန်(၇)ရက်ပြည့်အောင်ဝင်ပြီးမှ ထီထိုးပါ။

ဇူလိုင်လတွင် ၄-၈-၂-၉-၅ ဂဏန်းများ ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဇွန်လ ၆-၉-၂၀-၂၃ ရက်များမှာ ထီထိုးပါ။

အလွန်ဝေးလံသောဒေသမှ ဘုရားဖူးပြန်လာသော မိတ်ဆွေတစ်ဦးဦးနှင့် ဆုံလိုက်ပြီဆိုလျှင် ထီထိုးလိုက်ပါ။

ဇူလိုင်လတွင် ၆ - ၃ - ၂ - ၉ - ၇ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇွန်လ ၆၊ ၇၊ ၂၁၊ ၂၆ ရက်များမှာ ထီထိုးပါ။

'အောင်' ဘွဲ့အမည်ရှိသောဘုရားစေတီတစ်ဆူဆူသို့သွား၍ ဖြိုဟ် (၈) ခွင်လုံးမှနေပြီး ဖယောင်းတိုင်များစွာထွန်းညှိ၍ ဘုရားပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဇူလိုင်လတွင် ၄-၈-၆-၉ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဇွန်လ ၇၊ ၈၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ ထီး၊ တံခွန်၊ ကုက္ကား၊ ပန်း အစရှိသော အစုံလိုက်ကို (၈) စုံဝယ်၍ ဂြိုဟ်(၈)ခွင်လုံးတွင် တစ်ဂြိုဟ်လျှင် တစ်စုံစီပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဇူလိုင်လတွင် ၆-၂-၉-၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဇွန်လ ၅၊ ၉၊ ၁၉၊ ၂၃ ရက်များမှာ ထီထိုးပါ။

မဟာဝေဒဗ္ဗမန္တန်ကို အဓိဋ္ဌာန်နှင့် နေ့စဉ် (၂၇) ခေါက်ရွတ်ပါ။ (၃) ရက်ဆက်ရွတ်ပြီးရင်ထီထိုးပါ။

ဇူလိုင်လတွင် ၄၊ ၈၊ ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဇွန်လ ၆၊ ၉၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

အလွန်ခမ်းနားသော အလှူကြီး (သို့) အလွန်မင်္ဂလာရှိသောအခမ်းအနားတစ်ခုခုသို့သွားရပြီဆိုလျှင် အပြန်မှာထီထိုးပါ။

ဇူလိုင်လတွင် ၆၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယခုလ ၁၃ - ၆ - ၂၀၁၄၊ သောကြာနေ့တွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးစေချင်ပါသည်။

ကိုယ့်မွေးနံဂဏန်းထည့်ထိုးပါ။

ဥပမာ စနေသားဖြစ်လျှင် (၇) ဂဏန်းပါအောင်ထိုးပါလေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြို့စေသား)



www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းရှိအောင် ၁

## နေ့ဧ၏ထူးခြားချက်၊ နေ့ဧ၏လျှို့ဝှက်ချက်



ကမ္ဘာဦးလူသားတို့သည် ကမ္ဘာကြီးတစ်ခုလုံးကို အမိုက်မှောင်ကြီးဖုံးလွှမ်းနေသဖြင့် (ဝါ) ဖုံးလွှမ်းသွားသဖြင့် ကြောက်ရွံ့ ချောက်ချားခြင်းများစွာဖြင့် အလင်းမာတ်(အလင်းရောင်)ကို အလွန်အကြူးတောင့်တကြသည်ရှိသော် သူတို့၏ ကြီးမားခိုင်ကျည်သောအလိုဆန္ဒနှင့် သူတို့၏ ကြီးကျယ်ခိုင်မာသော ကံတရားတို့ကြောင့် အတွင်းကား ရွှေသား၊ အပကား ဖန်သားအတိပြီးသော အချင်းယူဇနာ (၅၀)၊ အလုံးအဝန်း ယူဇနာ (၁၅၀) ရှိသော ဘာဏုရာဇာ မည်သည့် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေ (နေလုံးကြီး) သည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့ မိန်ရာသီနှစ်ဆယ့်ခြောက်လုံးမြောက် ဥတ္တရာဘဒြပိုဒ်နက္ခတ်ကိုစီးလျက် ပြုဗ္ဗဒေဟာအလယ် ဥဒည်းတောင်ထွက်မှပြုလာလျက် ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com

လောကကို အလင်းရောင်ပေးဝေလေရကား ကမ္ဘာဦးလူသားတို့သည် ကြောက်ရွံ့ခြင်းကင်း၏၊ အလွန်ရဲရင့်၏။ သတ္တိများ ကြီးထွားလာသဖြင့် ထိုထွက်ပေါ်လာသောနေကို သူရိယဟု ခေါ်ကြလေသည် ဟူ၏။ ဤသို့ဖြင့် နေသည် ကမ္ဘာလောက၌ ပေါ်ပေါက်လာရသည်ဟု ရှေးအိန္ဒိယကျမ်းဂန်များ၊ ရှေးမြန်မာကျမ်းဂန်များ၌ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

ယင်းသို့ပင် ခရစ်ယာန်တို့၏ သမ္မာကျမ်းဂန်ဝင် ကမ္ဘာဦးကျမ်းထဲတွင် 'ထိုသို့ ဘုရားသခင်သည် အလင်းအိမ်ကြီး နှစ်လုံးတည်းဟူသော နေ့ကိုအစိုးရသောအကြီးတစ်လုံး၊ ညကိုအစိုးရသော အငယ်တစ်လုံးနှင့်တကွ ကြယ်နက္ခတ်တာရာများကို ဖန်ဆင်းတော်မူပြီးလျှင် ... စသည်ဖြင့် နေ၊ လတို့ ပေါ်ထွန်းလာပုံ မြွက်ဆိုထားသည်ကို တွေ့ရှိရပေသည်။

နေ ဟူသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲ၌ ကမ္ဘာမြေကို အပူဓာတ်နှင့် အလင်းရောင်ပေးသော ကောင်းကင်ဗိမာန်ကြီးဟု ဖွင့်ဆိုပြထားသည်ကို တွေ့ရှိရသည်။ ပါဠိအဘိဓာန်များ၌မူ နေကို အာဒိစ္စ၊ သဝိတ၊ သူရိယ၊ ဘာသက္ကရ၊ အက္က၊ ဒိဝါကရ၊ တိက္ခသုံ၊ တပနော၊ ဘာဏု၊ သဟဿန၊ ပဘာကာရ ဟူ၍ ပရိယာယ် (၁၁) ပါးနှင့် ခေါ်ဝေါ်ကြသည်ဆို၏။ တချို့ကလည်း ပရိယာယ် (၁၉) ပါးရှိသည် ဟူ၏။

ခေတ်သစ် သိပ္ပံပညာရှင်တို့၏ အလိုအရမူ နေ ဟူသည်မှာ ကမ္ဘာမြေမှ (၉၂) သန်းကျော် ဝေးလံလျက် အချင်းမိုင် (၈) သိန်းကျော်ရှိပြီး အမြဲထာဝစဉ် ပူပြင်းတောက်လောင်နေကာ ဤကမ္ဘာမြေအပါအဝင် စကြဝဠာကြီးတစ်ခုလုံးကို အပူဓာတ်နှင့် အလင်းရောင်ကို ဖြန့်ကြက်ပေးလွှတ်နေသော ကမ္ဘာမြေထက် အဆပေါင်း သုံးသိန်းကျော် ကြီးမားသည့် ဇရာမဓာတ်ငွေ့လုံးကြီး (ဝါ) ဂြိုဟ်ကြီးဟု ဖွင့်ဆိုကြသည်ကို သိရှိရပေသည်။

ရှေးရှေးတုန်းက မြန်မာ၊ အိန္ဒိယ အပါအဝင်အရှေ့တိုင်းသားတို့သည် ဤမြေကမ္ဘာကြီးသည် အရွယ်အစားအကြီးမားဆုံးအနေအထားဖြင့် စကြဝဠာလောကဓာတ်အလယ်ဗဟိုတွင် မလှုပ်မယှက်တည်ရှိနေကာ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တာရာတို့က ဤကမ္ဘာမြေကြီးထက် အရွယ်အစားသေးငယ်စွာဖြင့် အဆိုပါမြေကမ္ဘာမြေကြီးအား အမြဲတစေ လက်ယာရစ်လှည့်လည်ပတ်ရစ်နေကြသည်ဟု လက်ခံယုံကြည်ကြသည်။ ဤသည်ကို မြေစကြဝဠာအယူအဆဟု ခေါ်သည်။ တစ်ခါတုန်းက ဤမြေစကြဝဠာအယူအဆကို အနောက်တိုင်းသားတို့ကလည်း လက်ခံယုံကြည်ခဲ့ကြသည်။ နမူနာတစ်ခုပြရလျှင် ရှေးဂျာမနီသားတို့သည် စကြဝဠာ၏ နောက်ကွယ်တွင် မြှုပ်ဝှက်နေသောဘီးတို့က နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့အား ထိန်းချုပ်ရွေ့လျားစေခဲ့သည် ဟူသော ယုံကြည်မှုမလေ့ကိုပင် ဖြစ်၏။

အေဒီ (၁၇) ရာစုအရောက်တွင် ဥရောပနက္ခတ်ပညာရှင် ကော်ပါးနီးကပ်(စ်) မှ အစပြု၍ ခေတ်သိပ္ပံပညာရှင်တို့သည် နေ (နေဂြိုဟ်) သည် စကြဝဠာလောကဓာတ်အလယ်ဗဟိုတွင် မလှုပ်မရှား ရပ်တည်နေလျက် ကမ္ဘာမြေကြီး (မြေကမ္ဘာဂြိုဟ်) အပါအဝင် လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့က လယ်ရစ်ရစ်ပတ်လျက် အမြဲတစေ လှည့်လည်နေသည်ဟု ဖော်ထုတ်ချပြကြရာမှ ဤနေစကြဝဠာအယူအဆသည် ထွန်းကားလာခဲ့ရသည်။ ဤနေစကြဝဠာအယူအဆ တစ်စတစ်စ တောက်ပလွှမ်းမိုးလာသလောက် မြေစကြဝဠာအယူအဆသည် တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားခဲ့ရလေသည် ဖြစ်၏။

ဤနေစကြဝဠာအယူအဆရ ဤနေဂြိုဟ်(တနင်္ဂနွေဂြိုဟ်)ကို ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်၊ ပလူတိုဂြိုဟ်တို့က အသီးသီးစီ တစ်ထပ်ပြီးတစ်ထပ် လက်ယာရစ်ပတ်လှည့်လည်နေကြပြီး လဂြိုဟ် (တနင်္လာဂြိုဟ်) က ကမ္ဘာဂြိုဟ်ကို လက်ယာရစ်လှည့်ပတ်နေသည်ဟူသော အယူအတွေးပင် ဖြစ်၏။

ဤနေရာ၌ လိုရင်းပြောရလျှင် နေဂြိုဟ် (တနင်္ဂနွေဂြိုဟ်) မှ ထုတ်လွှတ်လိုက်သော အပူဓာတ်နှင့် အလင်းရောင်တို့သည် ဤမြေကမ္ဘာကြီးပေါ်သို့ သက်ရောက်လာသောအခါတွင် ကမ္ဘာမြေပေါ်ရှိ သက်ရှိ၊ သက်မဲ့များအပေါ်၌ အထူးတလည် အကျိုးကျေးဇူးများပြုနေသည်ကို တွေ့ရှိရသည် ဟူ၏။ တစ်နည်းဆိုရလျှင် ရေ၊ မြေ၊ လေ၊ တော၊ တောင် အစရှိသော ဩကာသလောက၊ လူ-နတ်-ဗြဟ္မာ-တိရစ္ဆာန်-ပြိတ္တာ-ငရဲ-အသူရကာယ် အစရှိသော သတ္တလောက၊ ငှင်းလောကနှစ်ပါးတို့ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်-တည်-ပျက် အစဉ်ရှင်သန်လှုပ်ရှားနေသော သင်္ခါရလောကတို့အပေါ်၌ နေမှလွှတ်ထုတ်ပေးလိုက်သော အပူဓာတ်နှင့် အလင်းရောင်တို့ သက်ရောက်အကျိုးကျေးဇူးပြုနေသည်ဆိုခြင်းပင်ဖြစ်၏။

ဤသို့သော သဘောသကန်များ (ဝါ) နေ၏ အကျိုးကျေးဇူးပြုမှုကြောင့် ဝိထိ (၃) ပါး၊ အယဉ် (၂) ပါး ကူးရောက်ခြင်းဖြင့် ဤမြေကမ္ဘာပေါ်၌ ဥတုကြီး (၃)ပါး၊ ရတု(၆)ပါး၊ သူရိယမာသ (၁၂) ပါးတို့ ပေါ်ထွန်းခဲ့ရသည် ဖြစ်၏။ ရှင်းလင်းအောင်ဆိုရလျှင် နေကို မြေကမ္ဘာလှည့်ပတ်ရင်းဖြင့် နေရောင်သည် ဥတ္တရယဉ်စွန်းတန်း(မြောက်ယဉ်စွန်းတန်း)ခေါ် အန္တောစက်ပေါ်ကျရောက်ခြင်း၊ ဒက္ခိဏယဉ်စွန်းတန်း (တောင်ယဉ်စွန်းတန်း) ခေါ် ဗာဟိရစက်ပေါ်၌ ကျရောက်သည်ဖြစ်၏။ တစ်နည်းဆိုရလျှင် ဆိုခဲ့သော ဥတ္တရယဉ်စွန်းတန်းနှင့် ဒက္ခိဏယဉ်စွန်းတန်းတို့အကြားအရပ်ကို သုံးဖို့ညီစွာပြုလျှင် အလယ်ဖို့ကို မဇ္ဈေဝိထိ၊ မြောက်ဘက်အဖို့ကို အန္တောဝိထိ၊ တောင်ဘက်အဖို့ကို ဗာဟိရဝိထိ ဟူ၍ ပိုင်းခြားရလာသည်။

ဤသည်တို့ကို အကြောင်းပြု၍ ဟေမန္တဥတု (ဆောင်းဥတု)၊ ဂိမှာနဥတု (နွေဥတု)၊ ဝဿန္တရတု (မိုးဥတု) ဟူ၍လည်းကောင်း၊ နိဒ္ဒြရရတု (နွေဥတု)၊ ဂိမှာနရတု(နွေနှောင်းရတု)၊ ဝဿန္တရတု (မိုးဦးရတု)၊ သာရဒရတု(မိုးနှောင်းရတု)၊ ဟေမန္တရတု(ဆောင်းဦးရတု)၊ သိသိရရတု (ဆောင်းနှောင်းရတု) ဟူ၍ ဥတုသုံးပါး၊ ရတုခြောက်ပါးတို့ ဖြစ်ပေါ်လာရသည်ဆို၏။ သို့ကလို နေကိုအကြောင်းပြု၍ ဥတုရတုများ ဖြစ်ပေါ်လာရသလို ဆယ့်နှစ်လရာသီ၊ နှစ်သက္ကရာဇ်အကူးအပြောင်း၊ နေ့ရက်အချိန်အခါ စသည်စသည်တို့သည်လည်း နေကိုအကြောင်းပြု၍ ဖြစ်ပေါ်လာရသည်ပင် ဖြစ်၏။ ယုတ်စွာအဆုံး နေ၏ အကျိုးကျေးဇူးကြောင့် လူသားတို့၏ နေ့စဉ်စားဝတ်နေရေးကျန်းမာရေး၌ သက်ရောက်မှုရှိနေသည်ကို ရှေးလူသားများအဖို့ အလေးဂရုမပြုဘဲ မနေနိုင်ဖြစ်လာရ၏။

သို့အတွက်ကြောင့် ရှေးလူသားတို့သည် သဟဿရံသီ - အထောင်သော ရောင်ခြည်ရှိသောနေမင်း (ဝါ) ရောင်ခြည်တစ်ထောင်အလင်းဆောင်သော နေမင်းဟု တင်စားကာ နေအား အထိ

www.burmeseclassic.com

[..]ရထားမှု၊ အထွတ်အမြတ်ထားမှုများ [ဖြ]စ်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် နေကို ဘုန်းရှင်ကံရှင် သင်္ကေတအဖြစ် ဖော်ဆောင်လာခဲ့ကြသည်။ ဘုန်းတန်ခိုး၏ နိမိတ်ပုံအဖြစ် မှတ်ယူလာခဲ့ကြသည်။ ဤသို့ဖြင့် နေအား ဘုရားတစ်ဆူ၊ နတ်တစ်ပါးအလား ကိုးကွယ်မှုများ၊ ယုံကြည်မှုခလေ့များ ဖြစ်ပေါ်လာခဲ့ရလေသည်။ ဥဒါဟရုဏ်ဆိုရသော် ရှေးအခါတုန်းက ဝရိ၊ အီဂျစ်၊ အီရတ်၊ ဘေဘီလုံ၊ ဆူမီရီးယား၊ အင်ကာ၊ တရုတ်၊ အိန္ဒိယ စသည်တို့တွင် နေ့အား ဘုရားတစ်ဆူ၊ နတ်တစ်ပါးအလား ကိုးကွယ်သမှုပြုခဲ့ကြသည်ဟု[ဆို]၏။ ထိုအထဲတွင် ရှေးဂရိ(ခေါ်မ)တို့၏ အပိုလိုနေနတ်ဘုရား၊ ရှေးအီဂျစ်တို့၏ ရားနေနတ်ဘုရား၊ ရှေးအိန္ဒိယတို့၏ သူရိယတို့၏ သူရိယနေနတ်ဘုရားတို့သည် ထင်ရှားလှပေသည်။ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် ခိုနာရတ်မြို့က သူရိယနေနတ်ဘုရားကျောင်းသည် အကျော်တစောကြီးမားလှပေသည်။

ရှေးအိန္ဒိယတို့က သူရိယနေနတ်ဘုရားသည် ဘီး (၁၂) ဘီးတပ်၊ မြင်း (၇) ကောင်က ရထားကို စီးနင်းလျက် အရှေ့မှ အနောက်သို့ ကောင်းကင်ခရီး ဖြင့်သွားနေသည်ဟုယုံစွဲကြသည်။ သူတို့က ဘီး (၁၂) ဘီးသည် (၁၂) လရာသီကို ရည်လျက် မြင်းခုနစ်ကောင်သည် နေ့ခုနစ်နေ့ကို ညွှန်းသည်ဟု ယူစွဲကြသည်။ ရှေးဂရိတို့က အပိုလိုနေနတ်ဘုရားသည် မီးတောက်မီးလျှံထွက်နေသော မြင်းခုနစ်ကောင်ဆွဲပြိုင်ရထားဖြင့် နေ့စဉ် မိုးကောင်းကင်ခရီးဖြင့် အရှေ့မှ အနောက်သို့ စီးနင်လျက်ရှိသည်ဟု ယုံမှတ်ခဲ့ကြသည်။ ရှေးအီဂျစ်တို့၏ ရားအမည်ရှိသော နေနတ်ဘုရားကြီးကမူ သင်္ဘောကြီးဖြင့် ကောင်းကင်မြစ်ကြီးတွင် အရှေ့မှ အနောက်သို့ နေ့စဉ်ရွက်လွှင့်သွားနေလေ့ရှိသည်ဟု ဆို၏။

တစ်ခါ အာဒိကပ္ပကမ္ဘာဦးကျမ်း အလိုအရ မနူ ဟူသော ကမ္ဘာဦးလူသားမျိုးနွယ်စုတို့သည် နေမှပေါက်ဖွားလာသည်ဟု ယုံကြည်ကြပြီး သူတို့၏ မင်းရိုးမင်းဆက်များကို (ဝါ) တော်ဝင်မင်းမျိုးမင်းနွယ်စဉ်ဆက်များကို နေမျိုးနွယ် အာဒိစ္စဝံသဟု ခေါ်ဆိုသမုတ်ကြသည်။ သက္ကတိုင်း သကျသာကီဝင် သုဒ္ဓေါဒနရာဇာ (ဗုဒ္ဓဘုရားရှင်၏ ဖခမည်းတော်)သည် အာဒိစ္စဝံသအနွယ်တော်ပင် ဖြစ်[ပါ]သည်။ မြန်မာ့ရာဇဝင်ထဲက ပထမ [..]ကောင်းမြို့တည်နန်းတည်အဘိရာဇာမင်းသည် အာဒိစ္စဝံသ သကျသာကီ အနွယ်တော်ဟု ဆို၏။ သို့လိုပင် ဂျပန်ရာဇဝင်မှာလည်း ဂျပန်လူမျိုးတို့သည် နေနတ်သားမှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ စိတ်ဝင်စားစရာကောင်းသည်က ဂျပန်နိုင်ငံ၏ အလံတော်သည် အဖြူရောင်အလယ်တွင် လုံးဝန်းနေသော အနီရောင်ဖြင့် နေလုံး၏ပုံအသွင်အဖြစ် ဖော်ဆောင်ထားသည်ကို တွေ့ရှိရခြင်းပင် ဖြစ်၏။ ပြီး အိန္ဒိယရာဇဝင်တွင် သွေးစစ်သော အာရိယာန်အနွယ်များကို အာဒိစ္စဝံသနေမျိုးနွယ်ဟု သမုတ်ကြပြီး သွေးနှောသော အာရိယာန်အနွယ်များကို စန္ဒဝံသလမျိုးနွယ်ဟု သတ်မှတ်ထားကြသည်ကို တွေ့ရှိရပါသေးသည်။ နောက် မှန်နန်းရာဇဝင်အပါအဝင် မြန်မာရာဇဝင်တချို့တွင် ပုဂံပြည့်ရှင် ပျူစောထီးမင်း၏အမည်တော်ကို နေနတ်သားဟု ဖော်ပြမှုများရှိပါသေးသည်။ရှေးအိန္ဒိယတော်ဝင်ကျမ်းဂန်၊ ဂန္ထဝင်ကျမ်းဂန်တစ်ခုဖြစ်သော မဟာဘာရတကျမ်းထဲဝယ် ကုန္တီဒေဝီမင်းသမီးသည် ငယ်နုစဉ်က နေနတ်သားနှင့်တွေ့ဆုံ စုံဖက်ခဲ့သဖြင့် ကဏ္ဏမင်းသားကို မွေးဖွားခဲ့ပြီး နောင်တွင် သိကြားမင်းနှင့် ပေါင်းဖက်ရာမှ အဇ္ဇုနမင်းသားကို ဖွားမြင်ခဲ့သည်ဟု ဖော်ပြပြီးထားသည်ကို တွေ့ရသည်။

တစ်ဖန် ကမ္ဘာလူသားတို့၏ ထူးထွေဆန်းပြားသော နေနှင့် နီးနွယ်သောယုံကြည်မှုဓလေ့များကိုလည်းတွေ့ရပါသေးသည်။ နမူနာဆိုရသော် ရှေးအီဂျစ်တို့၏ ရားအမည်ရှိသော နေနတ်ဘုရားသည် ရုံဖန်ရုံခါ၌ သိမ်းငှက်အသွင်ကို ယူတတ်သည်ဟု ဆို၏။ ပြီး နွားချေးပိုးကောင်ကို ရားနေနတ်ဘုရား၏ ကိုယ်စားတော်ဟု သုံးစွဲလျက် သက်ရှိကောင်ကိုပဲဖြစ်ဖြစ်၊ ပုံတူရုပ်တုကိုပဲဖြစ်ဖြစ်၊ ရှေးအီဂျစ်သားတို့က အဆောင်အဖြစ် ဆောင်ကြဉ်းထားလေ့ရှိပါသေးသည်။

သို့လိုပင် ရှေးဥရောပသားတို့ကလည်း လင်းယုန်ငှက်ကို မိုးကောင်းကင်၏ဘုရင်၊ လေမုန်တိုင်းနှင့် မိုးကြိုးကို ယူဆောင်လာသူ၊ နေကို အစဉ်သဖြင့် စူးစိုက်စောင့်ကြည့်နေသူဟု ယူစွဲကြလေ့ရှိသည်။ ထိုလင်းယုန်ငှက်တို့သည် အသက်အရွယ်ကြီးရင့်အိုမင်းလာသော အခါတွင် နေနှင့်နီးသထက်နီးအောင် မိုးပေါ်ထောင်တက် ပျံသန်းပြီး အမွေးအမှင်တောင်ပံများကို မီးစွဲကျွမ်းလောင်သောအခါတွင် ပင်လယ်ထဲကို ထိုးဆင်းငုပ်လျှိုးပြီးနောက် အသိုက်ထဲ ပြန်လည်ခိုအောင်းဝင်ကာ ငြိမ်သက်နေပြီးမှ အမွေးအတောင်သစ်များ ပေါက်ရောက်စုံလင်လာပြီးသည်နှင့်တစ်ပြိုင်နက် ပြန်လည် နုပျိုရှင်သန်လှုပ်ရှားနိုင်သည်ဟု စွဲယုံကြည်သေးသည်။ ယင်းသို့ပင် ရှေးအီဂျစ်တို့သည်လည်း အိုမင်းရင့်ရော်နေသော ဖီးနစ်ငှက်တို့ ပြန်လည် နုပျိုရှင်သန်လိုသောအခါတွင် မီးဖိုထဲသို့ဆင်းဝင်ထိုးကူးပြီးမှ ငယ်ရုပ်ဆင်းနုနယ်ပျိုမျစ်လျက် ပြန်လည်ထွက်ပေါ်လာသည်ဟု ယုံစွဲမှုရှိပါသေးသည်။

တစ်ဖန် ရှေးဂရိတို့၏ ဒေဝတာပုရာဏ်ထဲတွင် လင်းယုန်ငှက်ကို ဇုနတ်ဘုရားကြီး၏ အလွန်ရင်းနှီးသော အပေါင်းအဖော်အဖြစ် ပြဆိုထားကြပါသေးသည်။ ရှေးတရုတ်တို့ကမူ ကြိုးကြာငှက်ကို အသက်ရှည်ခြင်း၊ ပညာကြီးမားခြင်းသရုပ်အဖြစ် ဖော်ညွှန်းကြသည်။ နေမင်းဆီသို့ ကြိုးကြာနှစ်ကောင် ပျံသန်းနေသော ရုပ်ပုံကို လက်ဆောင်ရသောသူသည် ဘဝ၏ တိုးတက်ကြီးမြင့်မှုလျင်မြန်စွာဖြစ်ထွန်းလာသည်ဟု ရှေးတရုတ်၊ ရှေးကိုးရီးယားတို့က ယူစွဲကြသည်။

ထို့ပြင်တစ်ဝ ရှေးအနောက်တိုင်းသားတို့က ကြက်ဖသည် နေထွက်ချိန်တွင် ကျူးလေ့ရှိသဖြင့် နေနှင့် ပတ်သက်သောငှက် (ဝါ) နေငှက်ဟု မှတ်ယူကြသလို ရှေးတရုတ်တို့ကလည်း နေဝန်းထဲတွင် ကြက်ဖငှက်တစ်ကောင်ရှိသည်ဟု ယုံကြည်ကြသည်။ တစ်ဆက်တည်းပြောရလျှင် ရှေးမြန်မာတို့သည် နေဝန်းထဲ၌ ဥဒေါင်းငှက်တစ်ကောင်ရှိသည်ဟု ယုံကြည်သမှုရှိခြင်းကိုပင် ဖြစ်၏။ ထို့ကြောင့် ရှေးမြန်မာစာဆိုတို့က နေကို ဒေါင်းဖန်ဝါဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ပြီး ရှေးတရုတ်တို့၏ ယုံကြည်မှုမှုကွဲတစ်ခုမှာ တစ်ခါတုန်းက နေဝန်းထဲတွင် ကျီးငှက်ဆယ်ကောင်ရောက်ရှိနေခြင်းကြောင့် လူသားတို့အဖို့ ဘေးဒုက္ခမျိုးစုံ ကြုံဆုံနေခဲ့ရာ ယိုယီသူရဲကောင်းက နေဝန်းထဲက ထိုကျီးကန်းများကို လေးဖြင့် ပစ်ခွင်းသုတ်သင်လိုက်သည့်အတွက် ကိုးကောင်သေဆုံးလျက် တစ်ကောင်သာ ကြွင်းကျန်ရစ်ခဲ့သည်ဆို၏။ ထိုကျန်ရစ်ခဲ့သော ကျီးကန်းသည်လည်း ထူးထူးဆန်းဆန်းခြေသုံးချောင်းရှိသည်ဆို၏။ ထို့ကြောင့် တချို့ရှေးတရုတ်တို့က နေဝန်းထဲတွင် ခြေသုံးချောင်းနှင့် ကျီးကန်းတစ်ကောင်ရှိသည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ယူစွဲမှုရှိကြသည် ဖြစ်၏။

အထက်ကဆိုခဲ့သလိုပင် ရှေးမြန်မာကြီးတို့သည် နေဝန်းထဲ၌ ဥဒေါင်းငှက်တစ်ကောင်ကလျက်ရှိသည်ဟု ယုံကြည်ကြပြီး ဘုရားလောင်းနှစဉ် ဘဝတစ်ခုက ဥဒေါင်းငှက်မင်းဖြစ်ခဲ့ပြီး နေဝင်၊ နေထွက် အိပ်တန်းဆင်းချိန်၊ တက်ချိန်ဝယ် နေမင်းအား ဂါရဝပြုရင်း ဘုရားရှိခိုးဝတ်ပြုလေ့ရှိသည် ဆို၏။ ပရိတ်ကြီး (၁၁)သုတ်ထဲက မောရသုတ်ပရိတ်တော်သည် ယင်းဖြစ်စဉ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့ရသည် ဟူ၏။ မြန်မာရာဇဝင်ထဲ၌ အင်းဝဘုရင် - စစ်ကိုင်းကျော်ထင်နရပတိမင်းသည် နေ့နေ့ညည မောရသုတ်ကို အမိဋ္ဌာန်ဝင် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည်ဟု ဆို၏။

တစ်ခါ ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဟံသာဇာတ်တော်တွင် ဘုရားလောင်း ဇဝနဟံသာမင်းသည် အရှေ့ကထွက်၍ အနောက်သို့ ဝင်သွားနေသော နေနှင့်အတူ မိုက်မဲစွာ ယှဉ်ပြိုင်ပျံသန်း၍ လမ်းခုလတ်ဝယ် တောင်ပံညောင်းမီးလောင်စွဲလျက် မြေပြင်သို့ တလိမ့်ခေါက်ကွေးကျသက်ခဲ့ရသော ညီတော်ဟံသာနှစ်ကောင်ကို ကယ်တင်ပေးခဲ့ရပုံကို ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။ ငါးရာငါးဆယ်နိပါတ်တော်ဝင် တခြားဇာတ်တော်တစ်ခုထဲတွင်လည်း ဒေဝိလ အမည်ရှိသော ရသေ့သည် ညတစ်ညတွင် မိမိထက် သီလ၊ သမာဓိ၊ သိက္ခာ ပိုမို ကြီးမားသော ဘုရားအလောင်း နာရဒရသေ့ကို မနာလိုဝန်တိုစိတ်ကြောင့် ကျိန်စာတိုက်ရာ လိုရာမရောက်ဘဲ သူ့ထံတန်ပြန်သက်ရောက်သွားပြီး နောက်တစ်နေ့ မိုးလင်း၍ နေထွက်သည်နှင့်တစ်ပြိုင်နက် ဒေဝိလရသေ့သည် မိုးကြိုးခွင်းခံရပြီး ဦးခေါင်းရှစ်စိတ်စိတ်သေလွန်မည်ကို နာရဒရသေ့က သိရှိသဖြင့် နေမထွက်နိုင်အောင် အဓိဋ္ဌာန်ပြု တားမြစ်ထားရာမှ မင်းနှင့်ပြည်သူတို့ ဒေဝိလရသေ့၏ ယုတ်မာမှုကို သိရှိသွားကြရာ ပြင်းထန်စွာ ဒဏ်ခတ်ခဲ့ကြသည် ဟူ၏။

ယင်းအပြင် ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သုခသာမဏေလေးသည် အရဟတ္တမဂ်ဖိုလ်ဆိုက်အောင် ကျားကုတ်ကျားခဲကျင့်ကြံအားထုတ်နေဆဲမှာ ဆွမ်းသုံးချိန်လွန် နေမွန်းမတည့်သွားစေရန်အတွက် သိကြားမင်းအမိန့်ဖြင့် နေနတ်သားက နေသွားလာမှုကို တားမြစ်ခဲ့ရဖူးသည်ဟု ပိဋကတ်တော်၌ ဖော်ပြမှုရှိသည် ဖြစ်၏။ သို့ကလိုပင် တတိယသင်္ဂါယနာတင် ဒါယကာ သီရိဓမ္မာသောကမင်း လက်ထက်မှာလည်း ဘုန်းတန်ခိုးထက်မြက်သူ ရှင်ဥပဂုတ္တမထေရ်မြတ်က ဆွမ်းသုံးချိန်မကျော်လွန်သွားစေရန်အတွက် နေမွန်းတည့်မသွားရလေအောင် သူ့တန်ခိုးဖြင့် ဟန့်တားခဲ့သေးသည် ဆို၏။

ဆက်နွှယ်၍ ပြောရလျှင် ကမ္ဘာအနှံ့အပြားရှိ ဘုရားကျောင်းများ၊ နတ်ကွန်းများ အပါအဝင် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများတချို့တွင် နေသရုပ်ပုံများ၊ နေနမိတ်ပုံများ၊နေအထိမ်းအမှတ်ပုံများ၊နေမဏ္ဍာပ်ပုံများကို ပုံစံအသွယ်သွယ်ဖြင့် တွေ့ရှိရသည်။ ဥပမာဆိုရသော် ရှေးဟောင်းပုဂံဂူဘုရားတချို့တွင် နေသရုပ်ပုံများ၊ နေမဏ္ဍာပ်ပုံများကို တွေ့ရှိရခြင်းမျိုးပင် ဖြစ်၏။ ရှေးပျူဒင်္ဂါး၊ ရှေးရခိုင်ဒင်္ဂါးတချို့တွင် နေနှင့် နှီးနွှယ်နေသော သင်္ကေတပုံများ ပါရှိသည် ဖြစ်၏။ အလေးဂရုပြုဖွယ်ရာတစ်ခုက ဗုဒ္ဓဘုရားရှင်၏ စက်လက္ခဏာ (၁၀၈) ပါးထဲတွင် အမှတ်စဉ် (၃၀) မှာ သူရိယမဏ္ဍလ (နေစက်ဝန်းပုံ) ပါရှိနေခြင်းကိုပင် ဖြစ်၏။

ပြီး ရှေးဟောင်းမြန်မာ့ကျမ်းဂန်လာ စိတ္တနိယာမ၊ ကမ္မနိယာမ၊ ဗီဇနိယာမ၊ ဥတုနိယာမအစရှိသော နိယာမ (၁၅) ပါးထဲတွင် သူရိယာနိယာမဟု ပါရှိနေပါသည်။ ထိုသူရိယာနိယာမ၏ သဘောမှာ နေမင်း၏အရောင်အဆင်းကိုပေးခြင်း၊ လက်ယာရစ် အမြဲတစေ လှည့်လည်ခြင်း၊ အရှေ့မှထွက်၍ အနောက်သို့ဝင်ခြင်းဟူ၍ပင် ဖြစ်၏။ နောက် ရှေးမြန်မာစစ်ဗျူဟာကျမ်း၊ သေနင်္ဂဗျူဟာကျမ်းများလာ စစ်ဆင်နည်း (၂၉) ပါးထဲမှာ သူရိယဗျူဟာဟူ၍ စစ်ဆင်နည်းတစ်နည်း ပါရှိပါသည်။ သူရိယဗျူဟာဆိုသည်မှာ သူရိယနေမင်းသည် ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်တို့ကို အရောင်ဖြင့် ထွန်းလင်းနိုင်သော်လည်း ငယ်လှစွာသော ဝါးလုံးခေါင်းငယ်အတွင်းသို့ အရောင်အလင်း မထွန်းလင်းနိုင်သကဲ့သို့ အရေးမသာ အလုပ်အကြံခက်နေလျှင် ခက်ခဲသော တပ်ကိုလွှဲ၍ သူရဲသူခက်တို့ကို ရဲရင့်အောင် အနှံ့အပြား တိုက်ခိုက်ခြင်းပင် ဖြစ်ပါသည်ဆို၏။

ကြုံကြိုက်၍ပြောလျှင် ရှေးအိန္ဒိယသား ဆာဒူး၊ ဆွာမိ၊ ဖကီး စသော တောထွက်ယောဂီတချို့သည် အရှေ့မှထွက်၍ အနောက်သို့ ရွေ့လျား၍ဝင်သော နေကို စူးစိုက်ရှုမှတ်ရသော နေကသိုဏ်းကျင့်စဉ်ကို တစိုက်မတ်မတ် ကျင့်ပွားတတ်သည်ဟူခြင်းပင် ဖြစ်၏။ ထို့အတူ နေမင်းအားပူဇော်မှု၊ နေမင်းအား ကိုးကွယ်မှုများလည်းရှိသည် ဖြစ်၏။ ဆက်နွှယ်၍ပြောရလျှင် နေနှင့်ပတ်သက်နေသော စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ လောကီပညာ[illegible]သည်းရှိနေပါသေးသည်။ နမူနာတစ်ခုပြောရလျှင် မနက်စောစောတိုင်း ခေါင်းကိုက်ခဲ့လျှင်၊ မျက်နှာတစ်ခြမ်းကိုက်ခဲလျှင် နေတက်ချိန်တွင် နေရောင်ကျသည့် မြင့်သောနေရာတွင် ဆမင်းတစ်ဆုပ်၊ ရေတစ်မှုတ်ကို တင်လျက် နေနတ်သားကို ပူဇော်တောင်းပန်လျှင် ထိုဝေဒနာပျောက်ကင်းသွားတတ်သည် ဟူ၏။

ဆိုခဲ့သမျှကို ခြုံငုံ၍ လိုရင်းကိုချုပ်ကောက်ချက်ငင်ရပါလျှင် ကမ္ဘာလူသားများအတွက် နေသည် အထွတ်တခြင်အထိကရ အဓိကသော့ချက်၊ ထီးချက်ခရိုင် အသက်ဝိညာဉ်ဖြစ်နေသည်တော့ အသေအချာဖြစ်ပေသည်။ အထက်ကဆိုခဲ့သည်များနှင့်နှီးနွှယ်၍ဆိုရလျှင် လူသားတို့အဖို့ (ဤနေရာ၌ မြန်မာလူမျိုးအတွက်) အကြောင်းပြု၍ အချိန်နာရီ၊ နေ့ရက်၊ လ၊ နှစ်၊ သက္ကရာဇ်တို့ကို ဆ[illegible] စစ်သိရှိနိုင်သည်ဆိုခြင်းကိုပင် ဖြစ်၏။

ဥဒါဟရုဏ်ဆိုရသော် ရှေးမြန်မာကြီးတို့သည် အချိန်နာရီကို သိရှိ[illegible] အတွက် သဲနာရီ၊ ရေနာရီ၊ နေနာရီ[illegible] တို့ကို အသုံးပြုခဲ့ကြပါသည်။ ဤနေရာ၌ နေနာရီသုံးစွဲပုံကို အမြွက်သဘော တင်ပြပါမည်။ နေနာရီ ဆိုသည်[illegible] တခြားမဟုတ်။ ခွဲစိတ်သမှတ်ထား[illegible] ကိရိယာပေါ်တွင် နေရိပ်ကျစေခြင်း[illegible] အချိန်ကို သတ်မှတ်ပေးနိုင်သော [illegible]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခူး | စ | ၃ | ဖဝါး | သီ | စည် | ၃ | ဖဝါး |
| ဆုန် | ကား | ၂ | ဖဝါး | မုန်း | ရွှေ | ၄ | ဖဝါး |
| ယုန် | အ | ၁ | ဖဝါး | နတ် | ပြည် | ၅ | ဖဝါး |
| ဆို | တည် | ဝ | ဖဝါး | သို | သူ | ၆ | ဖဝါး |
| ခေါင် | အောင် | ၁ | ဖဝါ | တွဲ | မြတ် | ၅ | ဖဝါး |
| လင်း | ကျော် | ၂ | ဖဝါး | ပေါင်း | လေ | ၄ | ဖဝါး |



www.burmeseclassic.com

www.burmeseclassic.com

| (၁၂) လ (၁၂) ရာသီ | ရာသီရုပ်(ရုပ်ပုံပေါ်ကြယ်အစုအဝေး) |
|---|---|
| မိဿရာသီ (တန်ခူးလ) | ဆိတ်ရုပ်ပုံ |
| ပြိဿရာသီ (ကဆုန်လ) | နွားသိုးရုပ်ပုံ |
| မေထုန်ရာသီ (နယုန်လ) | အပျို၊ လူပျိုရုပ်ပုံ |
| ကရကဋ်ရသီ (ဝါဆိုလ) | ကဏန်းရုပ်ပုံ |
| သိဟ်ရာသီ (ဝါခေါင်လ) | ခြင်္သေ့ရုပ်ပုံ |
| ကန်ရာသီ (တော်သလင်းလ) | မိန်းမပျိုရုပ်ပုံ |
| တူရာသီ (သီတင်းကျွတ်) | ချိန်ခွင်ရုပ်ပုံ |
| ဗြိစ္ဆာရာသီ (တန်ဆောင်မုန်းလ) | ကင်းမီးကောက်ရုပ်ပုံ |
| ဓနုရာသီ (နတ်တော်လ) | လေးစွဲယောကျ်ား |
| မကရ (ပြာသို) | မကန်း |
| ကုံရာသီ (တပို့တွဲလ) | အိုးကိုင်ရေလောင်းနေသူရုပ်ပုံ |
| မိန်ရာသီ (တပေါင်းလ) | ငါးနှစ်ကောင်ရုပ်ပုံ |

သုံး ကိရိယာတစ်မျိုးပင် ဖြစ်သည်။ ရှေးတုန်းက နေမွန်းတည့်၊ မတည့် သိလိုသောအခါတွင် နေပူထဲထွက်လျက် မိမိအရိပ်အရှည်ကို မိမိဖဝါးဖြင့် တိုင်းတာသောနည်းကိုလည်းသုံးကြပါသေးသည်။ ဤနည်းမှာ ပုံသေသတ်မှတ်နိုင်ခြင်းမရှိဘဲ (၁၂) လ၊ (၁၂) ရာသီအလိုက် (၁၂) မျိုး ကွဲပြားနေသည်ကို တွေ့ရသည်။ ယင်းမှာ-

စကားအတည်၊ အောင်ကျော်စည်၊ ရွှေပြည်သူမြတ်လေး၊ ဖဝါးတိုရှည်၊ စတွန့်မည်၊ ယင်းသည်ပုံနှင့်လေး။

သို့ကလို နေနာရီသတ်မှတ်မှုမျိုးရှိသလို နေရောက်တည်မှုကို မူတည်၍ နေနာရီသတ်မှတ်မှုတစ်မျိုး ရှေးတုန်းကပင်ရှိခဲ့ဖူးသည်။ ၎င်းမှာ ရောင်နီလာချိန် အရုဏ်တက်ချိန်၊ ဝေလီဝေလင်းချိန်၊ လင်းအားကြီးချိန်၊ နေထွက်တစ်ပြူမိုးစင်စင်လင်း၊ နေထန်းတဖျား၊ နေမွန်းတည့်ချိန်၊ နေမွန်းတိမ်းချိန်၊ ညနေစောင်းချိန်၊ ညနေအေးချိန်၊ နေဝင်ဆည်းဆာ၊ နေဝင်ဖျိုးဖျ၊ နေဝင်ရီတရော၊ နေဝင်မိုးချုပ် စသည်တို့ ဖြစ်ကြသည်ဆို၏။

ယင်းကဲ့သို့ နေဖြင့် အချိန်အခါကို သတ်မှတ်ကြသလို နေကိုအကြောင်းပြု၍ ရက်သတ်မှတ်မှုမျိုးလည်းရှိကြသည်။ ယေဘုယျအားဖြင့် နေနှင့် ည တစ်စုံကို ရက်တစ်ရက်ဟု သိနားလည်ထားကြသော်လည်း နေကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော နေရက်သတ်မှတ်ပုံမှာ (နေရက်၊ နေ့ရက်မဟုတ်) ပထမ မွန်းတည့်ချိန်မှ ဒုတိယမွန်းတည့်ချိန်အထိ ကာလကို နေရက်တစ်ရက်ဟု မှတ်ယူခြင်းပင် ဖြစ်၏။

ထိုသို့ နေကိုအကြောင်းပြု၍ နေရက်ခေါ် သူရိယနေ့ ဖြစ်ပေါ်လာသလို နေကို အကြောင်းပြု၍ သူရိယမာသခေါ် နေ၊ လများလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုနေ၊ လခေါ် သူရိယမာသမှာ တခြားမဟုတ်။ ရှေးမြန်မာကြီးတို့ ဆွေစဉ်မျိုးဆက်သုံးစွဲလာခဲ့သော မိဿရာသီ(တန်ခူးလ)အစ မိန်ရာသီ(တပေါင်းလ) အဆုံး (၁၂) လ၊ (၁၂) ရာသီပင် ဖြစ်၏။

အနည်းငယ်ဝိတ္ထာရချဲ့ပြောရလျှင် မိဿရာသီ (တန်ခူးလ)၊ ပြိဿရာသီ (ကဆုန်လ)၊ မေထုန်ရာသီ (နယုန်လ)၊ ကရကဋ်ရာသီ (ဝါဆိုလ)၊ သိဟ်ရာသီ (ဝါခေါင်လ)၊ ကန်ရာသီ (တော်သလင်း)၊ တူရာသီ (သီတင်းကျွတ်)၊ ဗြိစ္ဆာရာသီ (တန်းဆောင်မုန်းလ)၊ ဓနုရာသီ (နတ်တော်လ)၊ မကရရာသီ (ပြာသိုလ)၊ ကုံရာသီ (တပို့တွဲလ)၊ မိန်ရာသီ (တပေါင်းလ) ဟူသော (၁၂) လ (၁၂) ရာသီတို့သည် နေကို အကြောင်းပြု၍ (ဝါ) ကမ္ဘာမှ အမြင်အားဖြင့် နေရွေ့လျားမှုကို မူတည်၍ ဖြစ်ပေါ်လာသည် ဆိုခြင်းကိုပင် ဖြစ်၏။

မြေကမ္ဘာစကြဝဠာအယူအဆအရ ဤမြေကမ္ဘာကြီးကို နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့က လက်ယာရစ်လှည့်လည်နေသည်ဟု ယူဆထားကြရကား ရာသီရုပ်ထဲကို နေရောက်တည်မှုကို မူတည်ပြီး အထက်ဖော်ပြပါ (၁၂) လ၊ (၁၂) ရာသီကို ရှေးပညာတို့က ခွဲခြားသတ်မှတ်ခဲ့ကြသည် ဖြစ်၏။ ရာသီရုပ်ဆိုသည်မှာ တခြားမဟုတ်။ ရာသီအလိုက် အရှေ့မိုးကုပ်စက်ဝိုင်းပေါ်မှာ ပေါ်ထွက်လာသော အရုပ်ပုံသဏ္ဌာန် အသွင်ပေါ်နေသော ကြယ်အစုအဝေးပင် ဖြစ်ပါသည်။ ၎င်းကို ထင်ရှားအောင်ပြောရလျှင်-

စိတ်ဝင်စားစရာကောင်းသည်က အဆိုပါ (၁၂) လ၊ (၁၂) ရာသီ၏ ရာသီရုပ်များထဲ နေသွားလာမှုတစ်ပတ်လည်သွားလျှင် (ဝါ) သူရိယမာသ (၁၂) လ တစ်ပတ်လည်သွားလျှင် သူရိယနှစ်ခေါ် သူရိယသံဝစ္ဆရနှစ်တစ်နှစ် ဖြစ်မြောက်သွားပြီး ဖြစ်သည်။ ကမ္ဘာ့ပြက္ခဒိန်တွက်ရိုး၊ မြန်မာပြက္ခဒိန်တွက်ရိုးတို့တွင် နေသွားတွက်ရိုး (သူရိယသံဝစ္ဆရတွက်ရိုး) ဖြင့် တွက်နည်းတစ်မျိုးလည်း ပါဝင်သည်။ ထိုသူရိယမာသနှစ်တစ်နှစ်တွင် (၃၆၅) ရက်၊ (၁၅) နာရီ၊ (၃၁) ဗီဇနာ၊ (၃၁) ခရာ၊ (၂၄၀) ဝိနူခရာရှိသည် ဟူ၏။

နောက်အလေးဂရုပြုဖွယ်ရာတစ်ခုက မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ပွဲတော်သည် မဟာသင်္ကြန်တွက်ရိုးကျမ်းအရ သိကြားမင်းနှင့် အာသီဗြဟ္မာတို့အငြင်းပွားမှုဖြစ်ရာက အစပျိုးဖြစ်ထွန်းလာသည်ဆိုကြသလိုပင် သူရိယသိဒ္ဓန္တကျမ်းအပါအဝင် ဝေဒပညာကျမ်းဂန်တချို့၌ သူရိယနေမင်းခေါ် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီခွင်မှ မိဿရာသီခွင်သို့ စတင်ကူးပြောင်းဝင်သည်နေ့ရက် အချိန်ကို မူတည်၍ မဟာသင်္ကြန်ပွဲတော် (နှစ်သစ်ကူးပွဲတော်) ဖြစ်ပေါ်လာရသည်ဟု ဆိုထားသည်။

ဤနေရာမှာ ရှေ့ကဆိုခဲ့သမျှကို ခြင်္သေ့လည်ပြန်လှည့် ဝေဖန်ဆန်းစစ်ကြည့်လျှင် နေသည် လူသားတို့အား အရာရာ အမြဲတစေ လွှမ်းမိုးချုပ်ကိုင်နေလေသလားဆိုသော မေးစရာ၊တွေးစရာတို့ကို ခြေဖျက်နေသလိုပင် ဖြစ်သည်။ ၎င်းမှာ ကဲလွန်စွာ တရားမစောင့်ကြကုန်သော လူသားတို့၏ ခက်ထန်သော ကံစွမ်းအင်တို့ကြောင့် ပြင်းထန်သော လေအဟုန်တို့သည် ပရမ်းပတာ ဝရုန်းသုန်းကားတိုက်ခတ်လေရကား နတ်တို့ဗိမာန်များသည် တည်မြဲသောခရီးဖြင့် မလှည့်လည်နိုင်ကြဘဲ ကစဉ့်ကလျားနှင့် နိမ့်ချည်၊မြင့်ချည်ဖြစ်သောအခါဝယ် ရာသီ၊ ဥတု၊ ရတု၊ နေ့၊ ည၊ ရက်၊ လ၊ နှစ်၊ အချိန်အခါတို့ မညီမညွတ် ကမောက်ကမဖောက်ပြန်ကာ အဆီအနှစ် ဩဇာအာဟာရတို့ ယုတ်လျော့ညံ့ဖျင်းသွားပြီးလျှင် လူသားတို့အတွက် ရောဂါဘေး၊ အငတ်ဘေး၊ လက်နက်ဘေးတို့ ဖြစ်ပွားကြရကုန်သည်ဟု ဆိုထားချက်ပင်ဖြစ်၏။ ဆန်းစစ်ဖို့နှင့် သုတေသနပြုဖို့ကောင်းလှပေသည်။

ဖုန်းနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# မနေသာသူတော်

## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ နာဇီဝရမ်းပြေးကိုအမိဖမ်းပြပုံ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂျာမနီတွေဟာ ဥရောပတစ်ခွင်မှာ အရမ်းပဲ နှိပ်စက်ဗိုလ်ကျခဲ့တယ်။ ဒီလို အနှိပ်စက်ခံရတဲ့ နိုင်ငံတွေထဲမှာ ဟော်လန်က အနာဆုံးပါပဲ။

ဒပ်(ချ်)လူမျိုးတစ်ဦးက ဟော်လန်ပြည်ဆိုတာဟာ ဟော်လန်ပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာရှိတဲ့ နယ်တွေလို့ ထင်ထားတယ်။ ဟော်လန်ပြည်ဟာ အခြားပြည်နယ်ကြီး (၉) ခုနဲ့ ဖွဲ့စည်းထားတာပါ။ ဒါပေမယ့် မြို့ကြီးတွေဟာ တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာသာရှိလို့ ဟော်လန်လို့ဆိုလိုက်ရင် အမ်စတာဒမ်၊ ရော့တာဒမ်နဲ့ ဟိတ်မြို့တော်လိုမြို့တော်တွေရဲ့ နာမည်တွေကို ဆိုလိုတယ်လို့ သိထားတယ်။ နိုင်ငံခြားသားတစ်ဦးအဖို့ နယ်သာလန်ပြည်ဆိုတဲ့ တရားဝင်အမည်ကို မခေါ်တော့ဘဲ အဲဒီပြည်နယ်ကြီး(၉) ခုနဲ့ မြို့တော်သုံးခုကိုသာ ဟော်လန်လို့ မှတ်ယူကြတယ်။

ဟော်လန်လို့ခေါ်တဲ့ မြောက်ပိုင်းပြည်နယ်ကြီးတစ်ခုဟာ ဘရာဘန့်ဖြစ်ပြီး ဒီပြည်နယ်ထဲမှာ ဘရီဒါမြို့ရှိတယ်။ ဘရီဒါမြို့ဟာ ဘယ်လ်ဂျီယန်ပြည်နဲ့ (၁၂) မိုင်သာဝေးတဲ့ နယ်ခြားမြို့ဖြစ်လို့ မြို့စောင့်တပ်ချထားတဲ့စစ်မြို့ဖြစ်တယ်။ အဲဒီ ဘရီဒါမြို့ဟာ ၁၆ ရာစုတုန်းက စပိန်ကျူးကျော်ရေးသမားတွေကို ခုခံတိုက်ခိုက်ခဲ့လို့ ကျော်ကြားနေတဲ့စစ်မြို့ဖြစ်တယ်။ ၂၀ ရာစုကျပြန်တော့လည်း ဂျာမန်နာဇီတွေက နယ်ခြားစည်းကို ဖောက်ပြီး ဟော်လန်ပြည်ထဲကို ကျူးကျော်ဝင်ရောက်လာကြတာ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်မှာ ဂျာမန်နာဇီစစ်သားတွေဟာ နယ်ခြားမြို့ဘရီဒါကို မကြာခဏ ကျူးကျော် ဝင်ရောက်လာလေ့ရှိတယ်။ ဒီတော့ ဘရီဒါအကျဉ်းထောင်ထဲမှာ ဖမ်းမိထားတဲ့ ဂျာမန်စစ်သားတွေရှိနေတယ်။ စစ်ကြီးပြီးသွားပေမယ့်လည်း ရာဇဝတ်မှုကျူးလွန်လို့ ဖမ်းဆီးရောင်းချခံထားရတဲ့ ဂျာမန်စစ်သားတွေဟာ ဂျာမနီကို မပြန်နိုင်ဘဲ ထောင်နန်းစံနေရတယ်။ ဒီလို ထောင်နန်းစံ ဂျာမန်စစ်သားတွေထဲက (၇)ဦးဟာ ဘရီဒါအကျဉ်းထောင်က ထွက်ပြေးလွတ်မြောက်သွားကြတယ်။

ထိပ်တန်းသတင်းစာကြီးဖြစ်တဲ့ အမ်စတာဒမ်နေ့စဉ်သတင်းစာကြီးရဲ့ သတင်းထောက် အင်ကယ်လာဟာ ဂျာမန်အကျဉ်းသား (၇) ဦး ထွက်ပြေးသွားတာနဲ့ပတ်သက်ပြီး သတင်းအနံ့ခံနေတယ်။ ဒါပေမယ့် ဘာသဲလွန်စမှမရနိုင်ဘဲဖြစ်နေလို့ ဂျာမနီအထိသွားပြီး သတင်းအနံ့ခံတယ်။ ရနိုင်သမျှနေရာတွေကိုလိုက်တယ်။ သတင်းအနံ့မရဘူး။ ဒီတော့ နောက်ဆုံးကြံရာမရဖြစ်ပြီးတော့ စိတ်စွမ်းအင်စုံထောက်ကြီးလို့ကျော်ကြားနေတဲ့ ကရာဇက်ဆီ အကူအညီတောင်းရင်ကောင်းမလားလို့အကြံပေါ်လာမယ်။ ဒီအချိန်မှာ သတင်းထောက် အင်ကယ်လာဟာ ဂျာမနီပြည် အေသင်မြို့ကို သတင်းလိုက်ရင်း ရောက်နေတယ်။ အေသင်မြို့ကနေပြီး ဟော်လန်ပြည် အာဟင်မြို့မှာရှိတဲ့ ကရာဇက်ဆီ ဖုန်းဆက်ပြီး အကူအညီတောင်းကြည့်လိုက်တယ်။

"မစ္စတာ ကရာဇက်ခင်ဗျား၊ ကျွန်တော်ဟာ အမ်စတာဒမ်နေ့စဉ်သတင်းစာကြီးက သတင်းထောက်ပါ။ ဘရီဒါအကျဉ်းထောင်က ထွက်ပြေးသွားတဲ့ ဂျာမန်စစ်သားဘယ်ရောက်နေသလဲဆိုတာကို ခင်ဗျားရဲ့ပညာနဲ့ကြည့်ပြီး ပြောပြနိုင်ရင် ပြောပြပါခင်ဗျား"

လို့ အင်ကယ်လာက အကူအညီတောင်းလိုက်တယ်။

ကရာဇက်ဟာ အေသင်ကို မရောက်ဘူးပေမယ့် ချက်ချင်းပဲ ဖုန်းနဲ့ ပြန်ဖြေလိုက်တယ်။

"အေသင်မြို့လယ်ခေါင်ကနေ ထွက်လာရင် သံတိုင်တွေနဲ့ဆောက်ထားတဲ့အိမ်တစ်လုံးကို တွေ့ရမယ်။ ဒီအိမ်ရှေ့မှာရှိတဲ့ လမ်းရဲ့တစ်ဖက်မှာ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ရယ်၊ အလှကုန်နဲ့ ဆေးတွေရောင်းတဲ့ဆိုင်တစ်ဆိုင်ရယ်ရှိတယ်။ ဒီဆိုင်တွေရဲ့အနီးအနားမှာရှိတဲ့ သံတိုင်တွေနဲ့ ဆောက်ထားတဲ့အိမ်မှာ ထွက်ပြေးသွားတဲ့ ဂျာမန်အကျဉ်းသား (၇) ဦးအနက် (၄) ဦးပုန်းနေတယ်။ ခင်ဗျား လိုက်ရှာနေတဲ့ အကျဉ်းသား (၄)ဦးပါပဲ"

အင်ကယ်လာက ရဲစခန်းကို အပြေးအလွှားဖုန်းဆက်လိုက်တော့ ရဲတွေလည်း ချက်ချင်းပဲအကျဉ်းသားတွေ ပုန်းနေတဲ့နေရာကို လိုက်ရှာကြတယ်။ ဘရီဒါအကျဉ်းထောင်ကထွက်ပြေးသွားတဲ့ အကျဉ်းသား(၇)ဦးအနက် အကျဉ်းသား(၄)ဦးဟာ ဒီသံတိုင်တွေနဲ့ဆောက်ထားတဲ့အိမ်မှာ အရင်တစ်ရက်က ခို အောင်းနေပြီး ရဲတွေရောက်သွားတဲ့ အခါမှာ ရှောင်တိမ်းထွက်သွားတာကို တွေ့ရတယ်။ ဒါပေမယ့် ဒီလောက် ခြေရာခံမိပြီဆိုတော့ ရဲတွေဟာ ထွက်ပြေးသွားတဲ့ အကျဉ်းသားတွေရှိနေတဲ့ နေရာကို တစ်ဆင့်ချင်းလိုက်ပြီး နောက်ဆုံးတော့ တရားခံတွေကို ဖမ်းမိတာပါပဲ။

ကရာဇက်ဟာ တရားခံတွေအား လုံးကို ချက်ချင်းဖမ်းဆီးမိအောင် မပြော နိုင်ပေမယ့် တရားခံပြေးတွေကို ခြေရာခံပြီး နောက်ဆုံးမှာ ဖမ်းမိတဲ့အထိရောက် အောင် သဲလွန်စကို မြင်နိုင်သူ၊ ပြော နိုင်သူပါ။ ဒီလိုထိထိရောက်ရောက်မြင် နိုင်သိနိုင်တဲ့အစွမ်းတွေရှိတဲ့ ကရာဇက် ရဲ့ကူညီမှုတွေကို တစ်ကြိမ်မကရထားတဲ့ ရဲတွေဟာ ကရာဇက်ရဲ့စိတ်စွမ်းအင်ကို ယုံကြည်လက်ခံလာရတယ်။ သတင်း ထောက် အင်ကယ်လာဆိုရင် ဒီ ဒါမျိုးတွေကို ယုံတဲ့လူစားမဟုတ်ဘူး

www.burmeseclassic.com

သတင်းထောက်ဆိုတာ အလွန်ပါးအလွန်နပ်တဲ့သူတွေပါ။ ဒါတောင်မှ သတင်းထောက်ကြီး အင်ကယ်လာဟာ ကရာဇက်ရဲ့စိတ်စွမ်းအင်ကိုတော့ ယုံကြည်သွားရတယ်။

ရဲချုပ်ကြီးတွေ၊ သက်ရင့်ရဲကြီးတွေကတော့ ကရာဇက်ရဲ့အာရုံထူးနဲ့ မြင်တယ်ဆိုတာဟာ အခုဖြစ်ပျက်နေတာကိုမြင်တာမဟုတ်ဘဲ အရင်တုန်းကဖြစ်ပျက်ခဲ့ဖူးတဲ့ အာရုံဟောင်းတွေကို မြင်တာလို့ ထင်ကြတယ်။ လူပျောက်၊ပစ္စည်းပျောက်ရှာနိုင်တဲ့ ရဲခွေးတွေဟာ အနံ့ခံပြီး လိုက်ရှာတဲ့အခါမှာ မသင်္ကာသူ အရင်တုန်းကသွားခဲ့ဖူးတဲ့နေရာတွေကို ရှာပြတတ်တယ်။ အခုလောလောဆယ် မသင်္ကာသူနေတဲ့နေရာတော့မဟုတ်ဘူး။ အရင်ကဖြစ်ဖူး၊ ရောက်ဖူးတာနဲ့ လောလောဆယ်ရောက်နေတာ ရှိနေတာနဲ့ မခွဲခြားနိုင်ဘူး။ တရားခံတွေ၊ မသင်္ကာသူတွေရောက်ဖူး၊ နေဖူးတဲ့နေရာတွေတော့ မှန်ပါရဲ့။ ဒါက အတိတ်အချိန်တစ်ချိန်က ဖြစ်ခဲ့တာ။ အခုဖြစ်တာ၊အခုရှိနေတာမဟုတ်ဘူး။ ကရာဇက်ရဲ့ အမြင်အာရုံတွေဟာ ဒီလိုပဲဖြစ်တယ်။ အာရုံထူးနဲ့ မြင်နိုင်တာတော့မှန်တယ်။ ဒါပေမယ့် ဟိုရှေးယခင်က ဖြစ်ခဲ့တာလား၊ လောလောဆယ်လားဆိုတော့ မခွဲခြားနိုင်ဘူးလို့ အတွေ့အကြုံများတဲ့ ရဲချုပ်ကြီးတွေက ဆိုတယ်။

မည်သို့ပင်ဖြစ်စေကာမူ တရားခံဝရမ်းပြေးတွေနေဖူးတဲ့နေရာကို အပ်ကျမပ်ကျပြောနိုင်တဲ့ ကရာဇက်ရဲ့စိတ်စွမ်းအင်ကိုတော့ အားလုံးက လက်ခံကြရတာပါပဲ။

ရဲခွေးတွေက အနံ့ခံပြီးလူပျောက်၊ ပစ္စည်းပျောက်တွေရှာပေးတာ၊ တရားခံရှာပေးတာမှာလည်း တစ်ခါတလေချော်သွားတာတွေရှိတယ်ဆိုတာ ရဲတွေအသိဆုံးပါ။ ချော်သွားတယ်ဆိုတာက နေရာမှားပြတာ၊ လူမှားပြတာ မဟုတ်ပါဘူး။ မသင်္ကာဖွယ်လူကိုလိုက်ရှာတဲ့အခါမှာ ဒီလူသွားဖူး၊ နေဖူးတဲ့နေရာတွေကို ခွေးတွေက အနံ့ခံပြီးလိုက်ရှာတာပါ။ဒီနေရာတွေမှာ မသင်္ကာသူကို မတွေ့ရတော့ပေမယ့် အရင် ဒီလူဟာ ဒီနေရာမှာနေသွားခဲ့ဖူးတယ်ဆိုတာကတော့မလွဲဘူး။အချိန်ကာလကွာခြားချက်ကြောင့် ချော်သွားတာပါပဲ။ ဒီလို အနံ့ခံကြည့်နိုင်တဲ့ အနံ့ခံအာရုထူးကတော့ ရဲခွေးတွေမှာ ရှိနေတာပါ။ သာမန်လမ်းပေါ်က ခွေးမဟုတ်ပါဘူး။ ရှာနေတဲ့သူ မနေဘူး၊ မရောက်ဘူးတဲ့နေရာကို မှားယွင်းပြီးပြတာမျိုးလည်း မဟုတ်ပါဘူး။ ရဲခွေး မခွဲခြားနိုင်တာကတော့ မသင်္ကာဖွယ်သူဟာ ဒီနေရာမှာနေသွား၊ ရောက်သွားတာဟာ အရင်တုံးကလား၊ အခုလောလောဆယ်လားဆိုတာကို မခွဲခြားနိုင်တာပါ။

ရဲခွေးအကြောင်း ပြောလက်စနဲ့ ကရာဇက်ကို ခွေးကိစ္စအကူအညီတောင်းလို့ ကရာဇက်က ကူညီခဲ့ရတာမျိုးလည်းရှိတယ်။

အစ္စရေးပြည် စိတ်ရောဂါကုဆေးရုံကြီးက ညွှန်ကြားရေးမှူး ဒေါက်တာဂျက်ကော့ဟာ ခွေးအလွန်ချစ်သူဖြစ်တယ်။ ခွေးမျိုးကောင်းတွေကို မွေးပြီး ခွေးကို တယုတယချစ်ခင်သူလည်း ဖြစ်တယ်။ ဒေါက်တာဂျက်ကော့ဟာ တစ်နေ့မှာ ဟော်လန်ပြည် ယူထရက်တက္ကသိုလ်ကိုရောက်လာတော့ ပါမောက္ခဒေါက်တာတင်ဟက်နဲ့ တွေ့ဆုံပြီး ပညာဖလှယ်ကြတယ်။ ဒေါက်တာတင်ဟက်ကလည်း အဆင်သင့်ရှိနေတဲ့ ကရာဇက်နဲ့ ဒေါက်တာဂျက်ကော့ကို မိတ်ဆက်ပေးလိုက်တယ်။

အစ္စရေးမှာရှိတဲ့ မိတ်ဆွေတွေက ဒေါက်တာဂျက်ကော့ရဲ့ စပင်နီယာယ်ခွေးအခိုးခံရလိမ့်မယ်လို့ သတိပေးဖူးတယ်။ ဒါကြောင့် သူ့ခွေး လုံခြုံမှုရှိ၊ မရှိကို ဒေါက်တာဂျက်ကော့က ကရာဇက်ကို အာရုံထူးနဲ့ကြည့်ပေးဖို့ အကူအညီတောင်းတယ်။

"ဟုတ်တယ်ဗျာ၊ ဒီခွေးအခိုးခံရလိမ့်မယ်။ ဒါပေမယ့် မပူပါနဲ့။ ဒေါက်တာဂျက်ကော့ အစ္စရေးပြန်ရောက်တဲ့အချိန်မှာ ခွေးပြန်ရမှာပါ"

လို့ ကရာဇက်က ဟောလိုက်တယ်။

ဒေါက်တာဂျက်ကော့ အစ္စရေးပြန်ရောက်တဲ့အခါ သူမရှိတုန်းမှာ ခွေးပျောက်သွားပြီး ဒေါက်တာဂျက်ကော့ပြန်ရောက်တဲ့အချိန်နဲ့ မရှေးမနှောင်းမှာပဲ ခွေးကလေး အိမ်ပြန်ရောက်လာတယ်လို့ ဒေါက်တာဂျက်ကော့က ဝန်ခံတယ်။ ကရာဇက်ရဲ့အစွမ်းကို သိပ်သဘောကျသွားတဲ့ ဒေါက်တာဂျက်ကော့ဟာ -

"အစ္စရေးမှာ ကရာဇက်လို အပ်ကျမပ်ချပြောနိုင်တဲ့စိတ်စွမ်းအင်ရှိသူကို ရှာဖွေပေမယ့်လည်း မတွေ့ပါဘူးဗျာ"

လို့ ဒေါက်တာဂျက်ကော့က ညည်းရှာတယ်။

အစ္စရေးတွေဟာ ဟိုးရှေးကတည်းက ဒီလို အနာဂတ်ကို ကြိုတင်ဟောပြောတာတွေကို ယုံကြည်လက်ခံထားကြတယ်။ အစ္စရေးနိုင်ငံရဲ့ပထမဆုံးဘုရင်ဧကရာဇ်ကြီးဆောလ်လက်ထက်ကစပြီး ယခုခေတ်အထိ ပျောက်ဆုံးနေတဲ့တိရစ္ဆာန်တွေကို အကြားအမြင်ဆရာတွေကရှာပေးလေ့ရှိတယ်။ အစ္စရေးဘာသာရေးကျမ်းဖြစ်တဲ့ ဆင်မြူရယ်ကျမ်းစာ အခန်း (၉) မှာ ဆောလ်ဆိုတဲ့လူငယ်တစ်ဦးအကြောင်း ဖော်ပြထားတယ်။ ဒီဆောလ်ဆိုတဲ့ လူငယ်ဟာနောင်အခါမှာ အစ္စရေးတို့ရဲ့ပထမဆုံးဘုရင်ဖြစ်လာမယ့်သူပါ။ ဆောလ်ဟာငယ်စဉ်ကတည်းက လိမ္မာရေးခြားရှိပြီးဘုရားတရား ကြည်ညိုကိုင်းရှိုင်းသူ ဖြစ်တယ်။

တစ်နေ့မှာ ဆောလ်တို့မိသားစုပိုင်တဲ့မြည်းတွေပျောက်သွားတော့ ဖခင်က ပျောက်ဆုံးနေတဲ့မြည်းတွေကို ရှာဖွေဖို့ ဆောလ်ကိုခိုင်းလိုက်တယ်။ ရွာနီးချုပ်စပ်နဲ့ နယ်အရပ်ရပ်ကို လိုက်ရှာရင်းမတွေ့တော့ ဆောလ်ရဲ့နောက်တော်ပါးက အကြားအမြင်ဆရာကြီး ဆင်မြူရယ်ဆီသွားပြီး ဗေဒင်နှင့်မေးရင် မကောင်းဘူးလားလို့ အကြံပေးလိုက်တယ်။

အကြားအမြင်မနောပေါက်ဆရာကြီးဆင်မြူရယ်ဆီရောက်တော့ ဆရာကြီးဆင်မြူရယ်က -

"မင်းတို့ရဲ့ ပျောက်နေတဲ့မြည်းတွေ အိမ်ပြန်ရောက်နေပါပြီကွာ။ ရှာမနေနဲ့တော့။ အိမ်ပြန်ကြ"

လို့ ဟောလိုက်တာ သွေးထွက်အောင်မှန်နေတယ်လို့ ကျမ်းဂန်မှာ မှတ်တမ်းတင်ထားတယ်။

အခုလည်း ဆောလ်ရဲ့အတ္ထုပ္ပတ္တိကို ဖတ်ထားတဲ့ ဒေါက်တာဂျက်ကော့က ကရာဇက်ရဲ့ဟောကိန်းဟာ ဘုရင်ကြီးဆောလ်ကို ဆရာကြီးဆင်မြူရယ်ဟောလိုက်တဲ့ဟောကိန်းနဲ့ တစ်ထပ်တည်းပါပဲလို့ ယုံကြည်သွားတယ်။

မနောသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# တင်တင်ဦး

(ပေါင်းတည်)

# သူတော်ကောင်းဆိုသည်မှာ

ပုထုဇဉ်လူသားတို့သည် မိမိကိုယ်ကို သူတော်ကောင်းတစ်ယောက်အဖြစ် ပတ်ဝန်းကျင်က ချီးမွမ်းပြောဆိုခံရလျှင် ကျေနပ်ပီတိဖြစ်တတ်ပါသည်။ မကောင်းမှုဒုစရိုက်လုပ်ငန်းလုပ်ကိုင်နေသူများ၊ အတ္တအလွန်ကြီးပြီး ကိုယ်ကျိုးကြည့်တတ်သူများပင်လျှင် သူတို့ကိုယ်သူတို့ မကောင်းသောသူဟူ၍ ထင်မှတ်ကြမည်မဟုတ်ပေ။ ပုထုဇဉ်ပေပဲကိုး။

❋

ငယ်ရွယ်စဉ် ကလေးဘဝအချိန်ကာလများ၌ မေမေပြောဆိုဆုံးမခဲ့သော ဆုံးမစကားများစွာအနက် အချို့သော ဆုံးမစကားများကို ကောင်းစွာ မှတ်မိနေပါသည်။

"လောကမှာ လူတစ်ယောက်နဲ့ ခင်မင်ရင်းနှီးလာပြီဆိုရင် သူ့ရဲ့စိတ်နေသဘောထား ဘယ်လိုရှိတယ်ဆိုတာ လေ့လာပါ။ စိတ်ကောင်းလေးရှိပြီး ကိုယ်ချင်းစာတဲ့စိတ်က များမယ်ဆိုပါတော့။ အဲဒီလူဟာ ကောင်းတဲ့ဘဝက လာပြီး ကောင်းတဲ့ဘဝကိုသွားမှာပဲ။

မိမိကိုယ်ကိုလည်း ပြန်ဆန်းစစ်ကြည့်ပါ။ သူတော်ကောင်းများ ချီးမွမ်းခံရမယ့် အပြုအမူ၊ မိမိရဲ့ကိုယ်စောင့်နတ်က ချစ်ချစ်ခင်ခင်စောင့်ရှောက်ပေးချင်အောင် ကောင်းသောစိတ်ထားရှိ မရှိပါ။ အထူးသဖြင့် ကိုယ်စောင့်နတ်က မလွှဲသာလို့သာ စောင့်ရှောက်နေတဲ့သူ မဖြစ်ပါစေနဲ့ သားတို့၊ သမီးတို့"

ဟု ဆုံးမတတ်ပါသည်။

ထို့ပြင် စိတ်ပေါင်းကိုယ်ခွာသင့်သူ၊ ကိုယ်ပေါင်းစိတ်ခွာသင့်သူ၊ စိတ်ရောကိုယ်ပါ ဝေးဝေးနေသင့်သူ၊ စိတ်ရောကိုယ်ပါ ယုံကြည်စိတ်ချ ချစ်ခင်ရမည့်သူမျိုးကိုလည်း မေမေ့ဆုံးမစကားများတွင် ပါဝင်ခဲ့ပါသည်။

တစ်ခါတစ်ရံ ရန်ဖြစ်သူအချင်းချင်း အော်ဟစ်ဆဲဆိုနေသည်ကို မြင်ရကြားရပါက -

"တွေ့လား မေမေ့သားနဲ့သမီးတို့။ သူတို့မှာ ဒေါသမီးတွေတောက်လောင်နေကြတယ်။ ကိုယ့်ပြိုင်ဘက်ကိုနိုင်လိုတဲ့စိတ်၊ နစ်နာစေလိုတဲ့စိတ်နဲ့ ပြောဆိုနေတာမှန်ပေမယ့် ဒီလိုယုတ်ညံ့တဲ့စကားလုံးတွေ ကိုယ့်ပါးစပ်ထဲထည့်ငုံပြီးမှထွေးထုတ်လိုက်သလိုပါပဲ။ ကိုယ်သာအရင်နစ်နာတာပေါ့ကွယ်"

ဟုလည်း အေးဆေးစွာ ရှင်းပြတတ်ပါသည်။

ထိုအချိန်မှစ၍ ကျွန်မတို့မိသားစုဝင်များမှာ သိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်သည့် အကျင့်ကောင်းလေးများ စွဲမြဲလာပါသည်။

ဖေဖေ အလွန်စိတ်တိုလာလျှင် ပြောဆိုတတ်သောစကားမှာ -

"တော်တော်မိုက်တဲ့အကောင်ပဲ"

ဆိုသည့် စကားတစ်ခွန်းသာပြောလေ့ရှိပါသည်။

❋

ကိုလိုနီခေတ်အတွင်း မိုးတွင်းမဟုတ်သည့်ကာလ အချိန်အခါမဟုတ်သောမိုးရွာချခဲ့ပါသည်။ တဖွဲဖွဲရွာလျှင် ကိစ္စမရှိပါ။ မိုးတွင်းကဲ့သို့ သဲသဲမဲမဲရွာချလိုက်ရာ လူအများမှာ မိမိတို့နေအိမ်အတွင်းတွင်မိုးခိုနိုင်သော်လည်း တလင်း



www.burmeseclassic.com

www.burmeseclassic.com

များတွင် စုပုံထားသည့် စပါးပုံကြီးများမှာ မိုးရေများရွဲရွဲစိုသွားကြတော့သည်။
ခက်တော့ခက်နေပါပြီ။ စပါးရေစိုလျှင် နောက်ဆက်တွဲပြဿနာများစွာပေါ်လာချေတော့မည်။ အဆိုးဆုံးမှာ





www.burmeseclassic.com

www.burmeseclassic.com

လယ်သမားများမှာ သည်လိုမိုးများရွဲစိုနေသည့်စပါးများကို ရောင်း၍မရနိုင်တော့ပါ။ အခါမဟုတ်ရွာသည့်မိုးကြောင့် ရာသီဥတုအေးသလိုဖြစ်သွားသော်လည်း လယ်သမားကြီးများရင်ထဲမှာ ပူလောင်နေပါပေသည်။ စပါးစေ့ရအောင် ပင်ပန်းခံခဲ့လေသမျှ မိုးရေကြောင့် အစုအပုံလိုက်ပျက်စီးနေသော စပါးပုံများကိုကြည့်ကာ မည်သို့စီစဉ်ရမည်မသိဖြစ်နေပါတော့သည်။

ဤသို့ စိတ်ပူပန်မှုများဖြစ်နေကြသည့် လယ်သမားများအတွက် ကူညီမည့်သူတစ်ယောက် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသူမှာ ဦးဖိုးဆင့် ဖြစ်ပါသည်။ မေမေ၏ဖခင် ဖြစ်ပါသည်။

ဘိုးဘိုး ဦးဖိုးဆင့်သည် ကိုလိုနီခေတ်က ရန်ကုန်နှင့် ပြည်လမ်းတစ်လျှောက်ရှိမြို့ကြီးများတွင် တန်(၇၅)တန် ဆန်စက်ကြီးများ၊ (၁၃) လုံး ပိုင်ဆိုင်ပြီး အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မောရစ်သျှကျွန်းနိုင်ငံများတွင် ဆန်ကုမ္ပဏီကြီးများဖွင့်လှစ်ထားနိုင်သူ ဖြစ်ပါသည်။

ယခုလို အခက်အခဲ အကျပ်အတည်းများကို လေ့လာပြီး နည်းလမ်းတစ်ခုကို စဉ်းစားမိပါသည်။ ထိုနည်းလမ်းမှာ အောင်မြင်မည်၊ မအောင်မြင်မည် မသိနိုင်သော်လည်း ဘိုးဘိုးအနေဖြင့် စွန့်စားဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ဦးစွာ ရေစိုနေသည့် စပါးများကိုဝယ်ယူ၍ အသင့်ပြင်ထားသော ဆန်စက်ဝင်းအတွင်းရှိ ဖျာကြီးများပေါ်တွင် ဖြန့်ခင်းပြီးနေလှန်းပါသည်။ လယ်သမားကြီးများအတွက်လည်း လုံးဝဆုံးရှုံးမည် ထင်ရသော ရေစိုစပါးများကို သင့်တင့်သည့်ဈေးဖြင့် ဝယ်လိုက်သည့်အတွက် လယ်သမားများက ဘိုးဘိုးကို ကျေးဇူးတင်မဆုံးတော့ပေ။

တစ်နည်းအားဖြင့် လယ်သမားကြီးများ၏ မျက်ရည်ကို သုတ်ပေးလိုက်သည်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။ ရေစိုစပါးလှန်းရန် အလုပ်သမားများလိုအပ်နေရာ ၎င်းတို့မှာလည်း နေ့စဉ်ဝင်ငွေရပြီး ဝမ်းစာဖြေရှင်းနိုင်ခဲ့ပါသည်။

တီထွင်တည်ဆောက်ထားသော မီးပေါင်းဖိုကြီးများဖြင့် ရေစိုစပါးများခြောက်သွေ့သွားအောင်ပေါင်းလိုက်ပါသည်။ ထို့နောက် နေဖြင့်ခြောက်အောင် ထပ်လှန်းပါသည်။ နောက်ဆုံးအဆင့်သည် ထိုစပါးများကို သာမန်ဆန်ကြိတ်သလို ကြိတ်ခွဲလိုက်ပါသည်။

ဘိုးဘိုး၏ စိတ်ကူးအစီအစဉ်မှာ မမျှော်လင့်ဘဲ အောင်မြင်သွားပါသည်။ ကြိတ်ခွဲပြီးသားဆန်များမှာ ရိုးရိုးဆန်ထက် ပိုကောင်းမွန်နေကြောင်း လက်တွေ့သိလိုက်ရပါသည်။ ထိုဆန်ကို (Boil Rice) ပြုတ်ဆန်ဟု လူအများက ခေါ်ဝေါ်ကြပါသည်။ ပြည်ပသို့ တင်ပို့ပါသည်။ ထိုခေတ်က ဘိုးဘိုးကို ပြုတ်ဆန်ဘုရင်ဟု တင်စားခေါ်ဝေါ်ကြပါသည်။

စေတနာမှန်သော ကံတရားက လှပစွာ ပေါ်ထွက်ခဲ့သည်။ အမှိုက်က ရွှေဖြစ်သည့်အဖြစ်မျိုး ရောက်ရှိပါတော့သည်။

*

ဘိုးဘိုး ဦးဘိုးဆင့်၏ စိတ်နေသဘောထားကို ဖေဖေ၏ပြန်ပြောချက်အရ သိရှိလိုက်ရသော ဖြစ်စဉ်တစ်ခုကို ထပ်မံ တင်ပြလိုပါသည်။

ပေါင်းတည်မြို့ရှိ လေးကျွန်းစန္ဒာဆန်စက်ဝင်းတစ်ခုလုံးအတွင်း စပါးရောင်းချလိုသည့် လယ်သမားများ၊ ဝမ်းစာလာကြိတ်သူများ၊ စပါးပွဲစားများ၊ ဆန်စက်ဝန်ထမ်းများဖြင့် ဝင်းအတွင်းစည်ကားနေပါသည်။

ပူအိုက်သောရာသီဥတု ခံစားရသော်လည်း ကုက္ကိုပင်များ၊ မန်ကျည်းပင်များနှင့် အခြားအရိပ်ရအပင်ကြီးများ၏အရိပ်အာဝါသကြောင့် လေကလေးတဖြူးဖြူးနှင့်သက်သောင့်သက်သာရှိလှပါသည်။ အများအားဖြင့် လှည်းထောက်များထောက်ကာ နွားများကိုလဲလျက်အနားပေး၊ အစာကျွေး နားနေသူများလည်းရှိပါသည်။ အလျဉ်းသင့်သလိုစုဝေးနေကြကာ မိမိတို့စပါးချိန်တွယ်ရန်အချိန်၊ အလှည့်ရောက်မည့်အချိန်ကို စောင့်ဆိုင်းနေကြပါသည်။

ဆန်စက်ရုံးခန်းထဲတွင် ဘိုးဘိုးဦးဘိုးဆင့်တစ်ယောက် အလုပ်များနေပါသည်။

စာရင်းများတွက်ခြင်း၊ ငွေပေးငွေယူကိစ္စရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ဖခင်ဖြစ်သူ ဦးဘဦးနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိပါသည်။

ထိုအခိုက် စပါးပွဲစားတစ်ယောက်ရုံးခန်းထဲသို့ဝင်ရောက်လာပါသည်။

"သူဌေးခင်ဗျာ၊ ကျွန်တော်ပြောစရာကိစ္စရှိလို့ ဝင်ခွင့်ပြုပါ ခင်ဗျား"

ဘိုးဘိုးက စားပွဲရှေ့ရှိ ထိုင်ခုံမှာ ထိုင်ခိုင်းလိုက်ပါသည်။

"ဘာကိစ္စရှိပါသလဲ မောင်ရင်၊ ပြောပါ"

"သူဌေးကို ပြောချင်တာကတော့ ငွေသိပ်လိုအပ်နေတဲ့ လယ်သမားတစ်ယောက် ကျွန်တော်တွေ့ထားပါတယ်။ ငွေလိုနေတော့ ဈေးနှိမ်ပြီးဝယ်ရင်လည်း ရောင်းမယ့်သူပါ ခင်ဗျာ။ အဲဒါ သတင်းလာပို့တာပါ"

ရုံးခန်းပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ ကံအားလျော်စွာ နွားများဖြုတ်လျက် စုဝေးနားနေကြသည့် လယ်သမားမိသားစုတစ်စုကို မြင်လိုက်ရပါသည်။

"ပွဲစားကြီး၊ ခင်ဗျားပြောတဲ့သူတွေလား"

"ဟုတ်ပါတယ် ခင်ဗျား၊ အဲဒီလူ အုပ်စုပါပဲ"

ထိုအခါ ဘိုးဘိုးက ဖေဖေ့ကို လှမ်းပြောလိုက်ပါသည်။

"သား၊ အဲဒီ လယ်သမားကြီးကို ခေါ်လာခဲ့ပါကွယ်။ ဖေဖေနဲ့ တွေ့ရအောင်"

စပါးပွဲစားကြီး၏မျက်နှာမှာ ဝင်းလက်သွားပါသည်။ထိုလယ်သမားအုပ်စုဆီသို့ ဖေဖေ ရောက်သွားသောအခါ အိမ်ထောင်ဦးစီးဖြစ်ဟန်တူသော လယ်သမားကြီးက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပါသည်။

သူတို့ဝိုင်းထိုင်နေသည့် အခြေအနေကို ဖေဖေမြင်ရသောအခါ ထမင်းစားဝိုင်းလေးတစ်ခုတွင်ဝိုင်းထိုင်နေသည်ကို တွေ့ရပါသည်။

ဆန်ကြမ်းနှင့် ချက်ထားသော ထမင်းနီကြောင်ကြောင်ကို သံပန်းကန် အဟောင်းလေးထဲမှာ တွေ့လိုက်ရသည်။ ငါးပိရည်၊ တို့စရာပန်းကန်လေးများအလယ်မှာ ငါးဟင်းအနည်းငယ်ကို ပန်းကန်သေးသေးလေးထဲ မြင်လိုက်ရပါသည်။

ဖေဖေ့ရင်ထဲမှာ မကောင်းတော့ပါ။ စပါးဖြစ်အောင်၊ ဆန်ဖြစ်အောင် လုပ်နေရသူဖြစ်သော်လည်း ဆန်ကောင်းကောင်းတောင် မစားနိုင်ရှာပါလား။

"ဘကြီး၊ ကျွန်တော့်အဖေ ဘကြီးနဲ့ တွေ့ချင်တယ်ဆိုလို့ လာခေါ်တာပါ"

ထိုလယ်သမားကြီးက ရုံးခန်း ရှေ့သည်များအတွက် ချထားသော ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်း သဖြင့် ထိုင်ချလိုက်ပါသည်။

နေလောင်ခံထားရသော မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com

မှာ နွမ်းနယ်နေပုံရပါသည်။

ဘိုးဘိုးက -

"စပါးဈေးကိစ္စ ပြောချင်လို့ပါ။ ဘယ်ဈေးနဲ့ရောင်းနိုင်ပါသလဲ"

"သူဌေးသတ်မှတ်တဲ့ဈေးနဲ့ ရောင်းပါမယ် ခင်ဗျား"

ဖေဖေ့စိတ်ထဲတွင် -

ဩော်- ပင်ပင်ပန်းပန်း စိုက်ပျိုးရိတ်သိမ်းလာရသည့် ကိုယ့်ပစ္စည်းကိုပင် ရဲရဲဝံ့ဝံ့ ဈေးမဆိုနိုင်ပါလား။ ဘယ်လိုအခက်အခဲများရှိနေပါလိမ့်ဟု စဉ်းစားမိပါသည်။

"ဒီလိုဆိုရင် (---) ဈေးနဲ့ ရောင်းနိုင်ပါသလား"

ဘိုးဘိုးပေးသည့် စပါးဈေးနှုန်းကို ကြားလိုက်ရသော လယ်သမားကြီးသည် အလွန်အံ့ဩဝမ်းသာသွားပြီး နွမ်းနယ်နေပုံရသည့် မျက်နှာမှာ ကြည်လင်ဝင်းပသွားပါတော့သည်။

သူ လုံးဝ မမျှော်လင့်နိုင်အောင် စပါးဈေးကို လုံးဝမနှိမ်ဘဲ ဝယ်မည့်သဘောဖြစ်နေပါသည်။

"သည်ဈေးနဲ့ဆိုရင် ကျွန်တော် ရောင်းနိုင်ပါတယ် ခင်ဗျား"

"သား၊ စပါးချိန်တဲ့နေရာကို ခေါ်သွားပါကွယ်"

ဖေဖေ့အပြောအရဆိုလျှင် အလွန်ကျေးဇူးတင်သော ဝမ်းသာသောမျက်လုံးအစုံဖြင့် ဘိုးဘိုးကို လှမ်းကြည့်လိုက်သည့် လယ်သမားကြီး၏ မျက်နှာကိုလည်းကောင်း၊ မှန်းချက်နှင့် နှမ်းထွက်မကိုက်သောကြောင့် အံ့ဩသွားပုံရသည့် စပါးပွဲစား၏ ပြူးကြောင်ကြောင်မျက်လုံးများကိုလည်းကောင်း အမှတ်ထင်ထင်ရှိနေသည်ဟု ဆိုပါသည်။

ဤကဲ့သို့သောအဖြစ်အပျက်များမှာ ဘိုးဘိုး၏ စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်သော စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်သော စိတ်ဓာတ်၊ ညာတာသနားတတ်သော စိတ်ဓာတ်၊ ကတိတည်သော စိတ်ဓာတ်များကြောင့် လုပ်ငန်းနှင့်ဆက်သွယ်မှုရှိသူတိုင်းမှာ ဘိုးဘိုးကို ယုံကြည်လေးစားစွာ ဆက်ဆံကြပေသည်။ ၎င်းခေတ်က ဘိုးဘိုး၏ ကတိစကားတစ်ခွန်းသည် စာချုပ်ထက်ပင် ခိုင်လုံခဲ့ပါသည်။

✻

'အရိုပ်' ဟု ဆိုရာတွင် မေမေမှာကြားခဲ့သော စကားအချို့ကို သတိရမိပြန်ပါသည်။

'အရိပ်နေနေ၊ အခက်ချိုးချိုး' ဟူသောစကားမှာ ခဏနားခိုလိုက်ရသော သစ်ပင်၏ အရိပ်ကျေးဇူးကို သိတတ်အောင်ပြောခဲ့သောစကား ဖြစ်ပါသည်။

"ကျေးဇူးတင်တတ်တဲ့ စိတ်ကို တတ်နိုင်သမျှထားတတ်အောင် လေ့ကျင့်ကြရမယ်။ သက်မဲ့ဖြစ်ဖြစ်၊ သက်ရှိဖြစ်ဖြစ် ကိုယ့်ကိုအကျိုးပြုခဲ့မယ်ဆိုရင် အသေးအဖွဲကိစ္စပင်ဖြစ်စေ၊ အရေးကြီးတဲ့ကိစ္စဖြစ်စေ ကိုယ့်ကို ဖြေရှင်းပေးသူဆိုရင် ကိုယ်ကကျေးဇူးတင်တတ်ရမယ်"

ဟု မှာခဲ့ပါသည်။ ကျေးဇူးကန်းတတ်သောစိတ်မျိုးမဝင်အောင် သင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

✻

အစ်ကိုကြီး ဦးမောင်မောင်သန်း (စာရေးဆရာ မိုးနတ်ရှင်) သည် အိမ်မှာ တိုင်ကပ်နာရီအဝိုင်းလေးက ပြင်မရအောင်ပျက်သွားသောကြောင့် နာရီအဝိုင်းလေးတစ်ခု ဝယ်လာခဲ့ပါသည်။ နာရီအဟောင်းလေးမှာ နှစ်အတန်ကြာသုံးခဲ့သောကြောင့် ပျက်စီးခြင်း ဖြစ်ပါသည်။

နာရီအဟောင်းကို နံရံမှချွတ်ပြီး နာရီအသစ်ကို ပြောင်းချိတ်လိုက်ပါသည်။ ထို့နောက် နာရီအသစ်ဘူးလေးထဲမှာ နာရီအဟောင်းကို ထည့်ပါသည်။

ထို့နောက် အစ်ကိုက -

"မင်းကိုကျေးဇူးတင်ပါတယ်ကွာ။ သက်မဲ့ပစ္စည်းလေးဖြစ်ပေမယ့် မင်းတာဝန်ကျေခဲ့ပါတယ်"

ဟု ဆိုပါသည်။

ထိုစကားကို အနားမှာရှိနေသည့် ကျွန်မကြားရသောအခါ မသိမသာပြုံးမိပါသည်။

"ဩော် - မေမေ့စကားကို သူလည်း သတိရပေသကိုး"

ဟု မှတ်ချက်ချမိပါသည်။

ယခုဆိုလျှင် ကျွန်မအနေဖြင့် လှေစီးသည်ဖြစ်စေ၊ ကားစီးသည်ဖြစ်စေ၊ သက်မဲ့ပစ္စည်းလေးများ၊ လိုရာခရီးရောက်အောင် ပို့ဆောင်ပေးနေသော လူများကို ကျေးဇူးတင်လိုက်ပါသည်။

"သူတို့ ဝန်ဆောင်မှုကြောင့် လိုရာခရီးကိုရောက်ရခြင်း မဟုတ်ပါလား"

အချို့က ခပ်ကြောင်ကြောင်ပဲဟု ထင်လိုကထင်ပေလိမ့်မည်။ ကျွန်မအနေဖြင့် ယခုလို စိတ်ကူးလေးရှိရုံနှင့် သွားလာရာတွင် စိတ်အေးချမ်းကြည်လင်သလို ခံစားမိပါသည်။

✻

အချိန်ကာလများ ပြောင်းလဲရွေ့လျားနေသည့်အားလျော်စွာ လွတ်လပ်ရေးရပြီးစအချိန်ကိုရောက်ခဲ့ပါပြီ။ လွတ်လပ်ရေးရသောကြောင့် ဝမ်းသာရမည့်အစား အယူအဆတွေညီ ကွဲပြားမှုများကြောင့် တိုင်းပြည်မအေးချမ်းတော့ပါ။ ကိုယ်သာလျှင် မှန်ကန်သည် ဟူသော အယူအဆများကို စွဲကိုင်ရာမှ အချင်းချင်းမသင့်မတင့်ဖြစ်လာကြတော့သည်။ ၁၉၅၁- ၅၂ ခုနှစ်ခန့်က ဖြစ်ပါသည်။

ဖေဖေတို့လည်း ပေါင်းတည်မြို့မှာ နေထိုင်လျက်ရှိရာ တစ်နေ့သော နံနက်ပိုင်းတွင် လူငယ်တစ်ယောက် တိုက်ထဲသို့ ဝင်ရောက်လာပါသည်။

"အဘ ကျွန်တော်တို့ ဗိုလ်ကြီးက အဘကို ခဏကြွခဲ့ပါဦးလို့ ခေါ်လိုက်ပါတယ်ခင်ဗျား။ လိုက်ခဲ့စေချင်ပါတယ်"

အမှန်ဆိုရလျှင် လိုက်မသွားလိုပါ။ မေမေကစိတ်ပူသွားသည်။ မလိုက်လို့လည်းမဖြစ်သည့်အခြေအနေမို့ လိုက်ရတော့မည် ဖြစ်ပါသည်။ သို့နှင့် အပေါ်ထပ်ရှိ ဘုရားခန်းမှာ ဘုရားရှိခိုးပြီး သူတို့ခေါ်ဆောင်ရာစခန်းဆီသို့ လိုက်သွားရပါသည်။

သူတို့စခန်းသို့ရောက်သွားသောအခါ ဗိုလ်ကြီး ဆိုသူမှာ ဗိုလ်ကွန်းဇော် ဖြစ်ပါသည်။ ဖေဖေ့ကို အခြားတစ်ခန်းတစ်ခုကို ထပ်မံခေါ်သွားပြန်ပါသည်။

တဲအတွင်းသို့ရောက်သွားသောအခါ မြင်တွေ့လိုက်ရသည့် အခြေအနေကြောင့် ဖေဖေ အလွန်အံ့ဩသွားပါသည်။

တဲ၏ ထောင့်တစ်နေရာမှာ ယောကျ်ားကြီး (၅) ယောက်အား လက်ပြန်ကြိုးတုပ်လျက်ဒူးတုပ်ထိုင်နေသည်ကို တွေ့ရပါသည်။

"အန်ကယ်၊သူတို့ကိုသိပါသလား"

ဖေဖေ သူတို့တစ်ဦးချင်းစီကို လိုက်ကြည့်သည်။ တစ်ခါမျှမမြင်ဘူးပါ။ နေလောင်ထားသည့် အသားအရေမျိုးရှိသော တောသားကြီးများ ဖြစ်နေကြပါသည်။

"မသိပါဘူး မောင်ရင်ရယ်"

"သူတို့က ဘယ်သူတွေလဲ၊ အန်ကယ်နဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"သူတို့က အန်ကယ့်အိမ်ကို ဓားပြတိုက်ဖို့ ကြံစည်ခဲ့သူတွေပါ။ ညတုန်းက သူတို့အဖွဲ့ ရွာတော်ရှင်နတ်နန်းမှာ ဆုတောင်းပသနေတုန်း သူတို့ထောင်ထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့သေနတ်ထဲကတစ်လက် မြေကြီးပေါ် လဲကျပြီး ကျည်ထွက်သွားသံကို ကျွန်တော်တို့ ကြားလိုက်ရပါတယ်။ အဲဒီတော့ လိုက်ရှာတာပေါ့ဗျာ၊ မိတာပေါ့။ သူတို့ကို ဖမ်းပြီးစစ်ဆေးတော့မှ သူတို့အကြံအစည်ကို သိရတာပါ”

“ဒီကောင်တွေကို ဘယ်လိုလုပ်စေချင်ပါသလဲ။ အကုန်လုံး သတ်ပစ်လိုက်ရမလား”

ဖေဖေအတော်လန့်သွားပါသည်။ တကယ်လုပ်မည့်သူတွေမို့ ခပ်မြန်မြန်လေး အဖြေပေးလိုက်ရပါသည်။

“မသတ်လိုက်ပါနဲ့ကွယ်၊ သူတို့အန်ကယ့်ကို ဓားပြမတိုက်ရသေးတဲ့အတွက် လွှတ်လိုက်ပါ မောင်ရင်ရယ်”

ဗိုလ်ကွန်းဇော်က ၎င်းတို့ကိုလွှတ်ပေးလိုက်ပါသည်။

၁၉၄၄ ခုနှစ်ကုန်ခါနီး ပေါင်းတည်မြို့နယ်နှင့် (၃) မိုင်ကွာ ရန်ကုန်- ပြည်လမ်းမပေါ်တွင် ဝက်ပုတ်ရွာရှိပါသည်။ ဝက်ပုတ်ရွာ၏တောင်ဘက်ချောင်းနားရွာတွင် တော်လှန်ရေးရဲဘော်များရှိပါသည်။ လှည်းများဖြင့် ချောင်းနားရွာမှ တစ်ဆင့် တာပွန်မြို့ (နတ်တလင်းမြို့နှင့် (၅) မိုင်ကွာခန့်) ရှိ ဗိုလ်သီဟန်တပ်နှင့် သွားရောက် ပူးပေါင်းရန် ဖြစ်ပါသည်။

ပြည်ခရိုင် နတ်တလင်းမြို့မှ (၅) မိုင်ခန့်အကွာတွင် တာပွန်မြို့တည်ရှိပါသည်။ ဖေဖေ ဦးဘဦးမှ တာဝန်ယူပို့ဆောင်ပေးမည့် တော်လှန်ရေးရဲဘော်များတွင် ကိုစန်းယု၊ ဗိုလ်ကွန်းဇော် ကိုစံမောင် (ဝက်ပုတ်ရွာသူကြီး) (စာရေးဆရာရွှေတည်စံ) နှင့် အခြားရဲဘော်များ ပါဝင်ပါသည်။

၎င်းအချိန်က ဂျပန်ခေတ်ဖြစ်ပြီး ဂျပန်ကင်ပေတိုင်များက ပေါင်းတည်မြို့နှင့် ပြည်လမ်းတစ်လျှောက် တော်လှန်ရေးရဲဘော်များအား ပိုက်စိပ်တိုက်ရှာဖွေဖမ်းဆီးနေချိန် ဖြစ်ပါသည်။ ဖေဖေဦးဘဦး လိုက်ပါလျက် နွားလှည်း (၇)စီးတွင် လက်နက်များအား ကောက်ရိုးပုံဖြင့် ဖုံးအုပ်ပြီး ကင်ပေတိုင်ဂိတ်များဖြတ်ကျော်စေပါသည်။ ဦးဘဦးပိုင်ပစ္စည်းနှင့်လှည်းများဖြစ်ကြောင်း ရှာပြင်ရောက်သည်အထိ တာဝန်ခံ၍ ကင်းလွတ်နိုင်သည့် ကွင်းအတွင်းလမ်းများမှ ရဲဘော်များရော ဦးဘဦးပါ အသက်ဘေးမှလွတ်ခဲ့ပါသည်။

ယခုဖြစ်စဉ်အား မှတ်မိသိရှိသူ အစ်ကိုကြီး ဦးမောင်မောင်သန်း (စာရေးဆရာ မိုးနတ်ရှင်) ပြောပြပါသည်။ ထိုစဉ်အချိန်က ဗိုလ်ကွန်းဇော် မကွယ်လွန်မီထိ ဖေဖေ ဦးဘဦးနှင့် မေမေ ဒေါ်တင်လှအား အသက်သခင်ကျေးဇူးရှင်အဖြစ် ရောက်ရှိသည့်နေရာတိုင်းတွင် ရိုသေစွာကန်တော့လျက် ကျေးဇူးဆပ် စောင့်ရှောက်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် ဖခင် ဦးဘဦး ပုပ္ပားတောင်ကလပ် ဘိုးတော်ဘိုးမင်းခေါင်ထံမှအပြန် ပြည်မြို့သို့အရောက်တွင် လူငယ်တစ်ယောက် လာခေါ်၍ ပြည်မြို့ဗိုလ်တဲရှိ ရဲဘော်မြူခေါင်းဆောင် ဗိုလ်ကွန်းဇော်ကို တွေ့ရသည်။ ဖခင်ဦးဘဦးကို ရိုသေစွာ ထိုင်ကန်တော့၍ ပါလာသော ဖခင်၏အဝတ်ထည့်သည့်သားရေသေတ္တာမှ အဝတ်များထုတ်၍ ငွေစက္ကူအသစ်များ သူကိုယ်တိုင်ထည့်ပေးရာ ဖခင်က ငြင်းသည်။ နောက်ဆုံး ငါးသုံးလုံးစီးကရက်သံဘူးတစ်ခုသာယူ၍ အဲတူပါလာသော ပထမကျော်ဆရာဦးစိန်ခန့်၊ မြို့မဓာတ်ပုံတိုက်ပိုင်ရှင် ဦးမောင်မောင်ကြီး၊ ဘနှစ်ဘလောက်လုပ်ငန်းပိုင်ရှင် ဦးဘနှစ်၊ အရိုးမိုတို့နှင့်အတူ ရန်ကုန်သို့ ပြန်လာကြပါသည်။

ရန်ကုန်သို့ ရောက်သောအခါ ဘိုးတော် ဦးမင်းခေါင် ပေးအပ်လိုက်သော ယွန်းအုပ်ကြီးကို ဗုဒ္ဓဂယာပုံတော်သဏ္ဌာန်တည်သော စေတီထိပ်တွင် ဌာပနာ၍ ‘ဥက္ကလာဦးဘုရား’ ကို ဖခင်ဦးဘဦးက မ,တည်၍ (၇) ရက်သားသမီးများ ကုသိုလ်ပါဝင်စေလျက် တည်ခဲ့ပါသည်။

အိမ်ပြန်ရောက်သောအခါ မေမေ့ကို အကျိုးအကြောင်း ရှင်းပြရာတွင် မေမေက -

“ဘာဖြစ်လို့မယူခဲ့တာလဲ ကိုဘဦးရယ်”

ဟု ပြောရာ -

“ဒီပစ္စည်းတွေမှာ ပိုင်ရှင်ရှိတယ် မတင်လှ။ ငါမယူသင့်ဘူး”

ဟု ရှင်းပြခဲ့ပါသည်။

မေမေလည်း ကျေနပ်စွာ လက်ခံသဘောတူခဲ့ပါ သည်။

ထိုစကားလေးသည် ကျွန်မတို့မိသားစုတွင် အမှတ်ထင်ထင်ဖြစ်ရသော စကားစုလေးဖြစ်ပါသည်။ မှန်ပါသည်။ ပိုင်ရှင်က ကျေကျေနပ်နပ်မပေးသော သက်ရှိသက်မဲ့ပစ္စည်းမှန်သမျှ ပိုင်ဆိုင်လိုစိတ်မထားရန် သင်ခန်းစာရခဲ့ပါသည်။

※

ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုသိပြီး ဂါထာ၊ မန္တန်များကို ရွတ်ဆိုပွားများသူများသည်လည်း သူတော်ကောင်းစိတ်ရှိသူများ ဖြစ်ကြပါသည်။ ထိုဂုဏ်ကျေးဇူးများကို သိရှိနားလည် ဆည်းကပ်သူများအနေဖြင့် စိတ်ရောကိုယ်ပါ ချမ်းမြေ့ရွှင်လန်းကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြသည့် အကျိုးကျေးဇူးကို ခံစားရတတ်ပေသည်။

စိတ်နှလုံးကောင်းမွန်ပြီး ရုပ်ရည်ချောမောလှပသည့် ညီမငယ်တစ်ယောက်ရှိပါသည်။ ဘွဲ့ (၅) ခုကို ရရှိထားသော ပါမောက္ခ/ ဌာနမှူး ဆရာဝန်မကြီးအနေဖြင့် နိုင်ငံတော်ဆေးတက္ကသိုလ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါသည်။ ပါရမီဖြည့်ဖက်ကလည်း ဆရာဝန်ကြီးဖြစ်ပြီး တစ်ဦးတည်းသောသမီးကလေးမှာလည်း ဆရာဝန်ပင်ဖြစ်ပါသည်။ မိသားစုတစ်ခုလုံး ရတနာသုံးပါးနှင့် အခြားအစွမ်းထက်သောဂါထာတော်များကို အမြဲလိုလို ရွတ်ဖတ်ပူဇော်လေ့ရှိသူများ ဖြစ်ပေသည်။

ထိုမိသားစုသည် ရသေ့ကြီး ဦးခန္တီ ရွတ်ဆို ပူဇော်လေ့ရှိသော အရဟံဇယ ဂါထာတော်ကို အနက်အဓိပ္ပာယ်နှင့်တကွ နေ့စဉ် အခေါက်ရေ (၄၀) ခန့် ရွတ်ဖတ်ပူဇော်လေ့ရှိပါသည်။

ယခုတစ်လော သူမမှာ စိတ်ညစ်စရာတစ်ခုကို တွေ့ကြုံနေရပါသည်။ အစ်မကြီးဖြစ်သူက ခေတ္တအပ်နှံထားသော ရွှေဆွဲကြိုးတစ်ကုံးမှာ မည်သို့မျှ ရှာဖွေ၍ မတွေ့တော့ပါ။ တစ်အိမ်လုံး သေသေချာချာရှာသော်လည်း မတွေ့ပါ။ တစိမ်းလူများမရှိသောကြောင့် အထားမှားသည်က အသေအချာဖြစ်ပါသည်။

ထိုကိစ္စကို အစ်မဖြစ်သူ သိသွားလျှင်လည်း ဆူပူခြင်း၊ အပြစ်တင်ခြင်းများကို လုံးဝပြုလုပ်မည့်သူမဟုတ်မှန်း သိသော်လည်း ပြန်လည်တွေ့ချင်သည်က မှန်ကန်သည့် ဆန္ဒတစ်ခု ဖြစ်ပါသည်။

သို့နှင့် ဘုရားရှင်ခြေတော်ရင်းမှာ ဝပ်စင်းရှိခိုးကာ အရဟံဇယဂါထာတော်ကို ရွတ်ဆိုပူဇော်နေမိပါတော့သည်။

ထိုအချိန်တွင် ခင်ပွန်းဖြစ်သူက စတိုခန်းရှင်းရင်း အော်ပြောသံကြားလိုက်ရပါသည်။

“တွေ့ပြီ မသူဇာရေ။ ဆွဲကြိုးလေးက လောလောဆယ် မဝတ်သေးလို့ ဘေးဖယ်ထားတဲ့ အကျီကြားထဲမှာ ညပ်



www.burmeseclassic.com

www.burmeseclassic.com

နေတာ"

မိသားစုအားလုံး ဝမ်းသာအားရ စွာဖြင့် ဆွဲကြိုးလေးကို အစ်မကြီးထံ ပြန်လည်ပေးအပ်နိုင်ခဲ့ပါသည်။ ခက်ခဲသည်ဟုထင်ရသည့်ကိစ္စတစ်ခုမှာ လွယ်သွားပါသည်။

အံ့ဩစရာကောင်းလေစွ။ ညီမငယ်၏ နောက်ထပ်ဆန္ဒတစ်ခုမှာ နယ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့လိုခြင်း ဖြစ်ပါသည်။ သားအဖနှစ်ဦးက ရန်ကုန်မြို့မှာ၊ သူမက နယ်မြို့တစ်မြို့မှာဖြစ်၍ မိသားစုတစ်စုအတူပြန်လည်နေထိုင်လိုခြင်း ဖြစ်ပါသည်။

သို့ရာတွင် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်၍ ကုသိုလ်ကောင်းမှုများကိုသာ နေ့စဉ်ဆောင်ရွက်နေရပါသည်။ မကြာမီ ရန်ကုန်မြို့ ဆေးတက္ကသိုလ်သို့ ပြောင်းရွှေ့မိန့်ရရှိသဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ကောင်းမွန်သည့် တိုက်ဆိုင်မှုဟု ဆိုရပါမည်။

*

သာမန်လူများအနေဖြင့် ဉာဏ်မမီလောက်အောင် ထူးခြားဆန်းကြယ်သောဖြစ်စဉ်များရှိတတ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာ (၁၉၅၂ ခုနှစ်) က မန္တလေးမြို့သို့ အလည်သွားစဉ် ကွယ်လွန်ခဲ့ရှာသည့် မောင်လေး (မောင်ရဲထွဋ်) ကိုထွဋ်၏ ရန်ကုန်- မန္တလေးမီးရထားခရီးအတွင်း လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်သွားသည့် အဖြစ်အပျက်အား တင်ပြပါသည်။

မန္တလေးမြို့ ပြည်တော်ဝင်ဗိုလ်တဲမှာ တည်းခိုနေစဉ် ကွယ်လွန်ခဲ့ရသည့် မောင်လေး ကိုရဲထွဋ်ကို ထီးဆောင်းသုသာန်အတွင်းရှိ ပေါက်ပင်ကြီးခြေရင်းတွင် မြှုပ်နှံခဲ့ရပါသည်။ သေသေချာချာ စဉ်းစားကြည့်လျှင် ထိုဗိုလ်တဲအမည်မှာ အဓိပ္ပာယ်အလွန်ရှိပါသည်။ (၂၀၁၄၊ မတ်လ၊ သုရဿဝတီမဂ္ဂဇင်းတွင် ၎င်းဆောင်းပါးဖော်ပြပြီး)

ထိုစဉ်က မန္တလေးမြို့သို့ ဘုရားဖူးခရီးသွားကြရာ ဖေဖေ၏ မိတ်ဆွေဖြစ်သူ ဆန်ဝန်ထောက် ဦးဘသိန်းမိသားစုလည်း အတူတကွ ရထားသီးသန့်တွဲငှားပြီး ခရီးထွက်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ခန့်က ဖြစ်ပါသည်။

ဦးဘသိန်းမှာ ကြည့်မြင်တိုင်တွင် နေထိုင်ပြီး တပ်ကုန်းမြို့တွင် နေအိမ်တစ်လုံး ပိုင်ဆိုင်ပါသည်။ ထို့ကြောင့် တပ်ကုန်းမြို့မှာ တစ်ညအိပ်ပြီး နောက်တစ်ရက် မန္တလေးမြို့သို့ ရထားစီးလာစဉ် အလွန် ကြောက်စရာကောင်းလှသည့် ဖြစ်ရပ်တစ်ခု ခရီးသည်များအားလုံး ကြုံတွေ့ခဲ့ရပါသည်။

ဖြစ်စဉ်မှာ သောင်းကျန်းသူတို့သည် တပ်ကုန်းမြို့နှင့် ညောင်လွန့်ဘူတာအကြား ရထားလမ်းတစ်နေရာတွင် ဆွဲမိုင်းတစ်လုံးမြှုပ်ထားပြီး မီးရထားက ထိုမိုင်းဗုံးကို အရှိန်ဖြင့် ဖြတ်ကျော်စဉ် ကြိုးဆွဲလိုက်ရာ မိုင်းကြိုးမှာ ပြတ်တောက်သွားခဲ့ပါသည်။ မိုင်းမပေါက်ပါ။ ထို့ကြောင့် မီးရထားတစ်စီးလုံး သောင်းကျန်းသူများက သေနတ်ဖြင့် ပစ်ခတ်ပါသည်။

ရထားမှာလည်းရပ်သွားပါတော့သည်။

ချက်ချင်းဆိုသလို ရထားဘေးပတ်ဝန်းကျင်မှ သောင်းကျန်းသူများ၏ ဆဲဆိုအော်ဟစ်သံများနှင့်အတူ သေနတ်ဖြင့် တရစပ် ရထားကို ဆက်လက်ပစ်ခတ်ကြပါသည်။ လူအားလုံးမှာ ရထားကြမ်းပြင်ပေါ်မှာ ပြားပြားဝပ်မှောက်လျက်နေကြရပါသည်။

တွဲစောင့် စစ်သားများကလည်း ရှုပ်ရှုပ်ချွံချွံ ပြန်လည်ခုခံပစ်ခတ်ကြပါသည်။ ကျည်ဆန်များက ရထားကို ဖောက်ဝင်သွားလေရာ ထောက်. . . ထောက်. . . ထောက်. . . ထောက်. . ဟူသည့်အသံများက ဆူညံနေတော့သည်။

ခေါင်းတွဲမှ ဂါတ်ဗိုလ်တွဲအထိ စိတ်ရှိလက်ရှိ ပစ်ခတ်နေပုံရပါသည်။ အားလုံးမှာ ဝပ်နေကြသဖြင့် နံဘေးပတ်ဝန်းကျင်ကို မကြည့်အားကြပါ။

ဤသို့ ကြောက်မက်ဖွယ်ဖြစ်ရပ်များနှင့် ကြုံတွေ့နေသည့်အခိုက် မောင်လေး ကိုထွဋ်က မမျှော်လင့်သည့်လုပ်ရပ်ကို ပြုလုပ်ပါသည်။ ဝပ်နေသော မကြီးကို ဖက်တွယ်ကာ မတ်တတ်ရပ်ခိုင်းခြင်း ဖြစ်ပါသည်။

သည်လောက် ပစ်ခတ်နေသည့် အချိန်မှာ မတ်တတ်ရပ်ခိုင်းခြင်းမှာ သေမည့်မုချဖြစ်ပါသည်။ မရပ်သောအခါ ငိုကြွေးတော့သည်။ နောက်ဆုံး အစ်မကြီးလည်း သေချင်သေပါစေဟူသည့်စိတ်ဖြင့် ကလေးကိုချီကာ မတ်တတ်ရပ်ရပါသည်။ကလေးက လက်အုပ်ချီကာ ဘုရား၊ ဘုရား၊ ဘုရားဟု ရွတ်ဆိုနေတော့သည်။

ချက်ချင်းဆိုသလိုပင် သေနတ်သံများ ရပ်ဆိုင်းသွားတော့သည်။ မည်သည့်အသံမျှ မကြားရတော့ပါ။

တွဲစောင့်စစ်သားများ၏ ရဲစွမ်းသတ္တိကြောင့် အန္တရာယ်မှ လွတ်ကင်းကြရာ ရထားပေါ်မှ ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်မိကြသည်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်သူများလည်း ရှိပါသည်။ အဝေးကို လှမ်းမျှော်ကြည့်ရာ ခပ်လှမ်းလှမ်းရှိ ကားလမ်းတစ်နေရာမှာ ကားတစ်စီး ဓားပြတိုက်ခံနေသည်ကို မြင်တွေ့နေရပါသည်။

စစ်သားများက သွားကူညီရန် စီစဉ်ရာ ခရီးသွားများက မသွားရန် တောင်းပန်ကြသဖြင့် မသွားဘဲ ရထားကိုသာ လုံခြုံအောင် စောင့်ရှောက်ကြပါသည်။

ထို့နောက် ရထားကို နောက်ပြန်ဆုတ်ပြီး ကြိုးပြတ်သောကြောင့်မပေါက်ကွဲသည့် မိုင်းဗုံးကို ရဲဘော်များက မွှမွှကြနေသည်ကို တွေ့ရပါသည်။

ဒဏ်ရာရသူ၊ သေဆုံးသူများ ရှိ မရှိ သာစည်ဘူတာရောက်မှ သက်ဆိုင်ရာက စစ်ဆေးရာ သေဆုံးသူတစ်ဦးမှ မရှိ၊ ဒဏ်ရာရသူပင် လုံးဝမရှိသည်ကို တွေ့လိုက်ရသည်။ ထူးဆန်းသောဖြစ်ရပ်တစ်ခုဟု ဆိုနိုင်ပါသည်။ ၎င်းခေတ်က ရထားမှာ သာစည်မြို့တွင် ညအိပ်ရပ်နားရပါသည်။

သို့နှင့် နောက်တစ်နေ့မှ မန္တလေးသွားမည့်ရထားပြောင်းစီးပြီး အမရပူရမြို့အနီးသို့ ရထားဖြတ်သောအခါ မောင်လေးက 'ဒါတို့ပြည်ဒါတို့မြေ' ဟု ရွတ်ဆိုနေသည့်ကြည်လင်သောမျက်နှာ၊ သာယာသော အသံကလေးကို ယနေ့တိုင် အမှတ်ရနေပါတော့သည်။

ပါရမီ မရင့်ကျက်နိုင်သေးသော ကျွန်ုပ်မ အပါအဝင် လူသားတို့သည် သံသရာစက်ဝန်းအတွင်း လှည့်လည်လိုက်ပါ စီးမျောနေကြရသည့် အချိန်တိုအတွင်း မိမိကြောင့် သူတစ်ပါးစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် မလုပ်မိစေသလို မိမိသည်လည်း သူတစ်ပါးအတွက် ဝန်ထုပ်ဝန်ပိုးပိသူမဖြစ်အောင် နှလုံးသွင်းနေနိုင်မည်ဆိုပါက လူ့ဘောင်လောကတွင် ထိုက်သင့်အားလျော်စွာ စိတ်အေးချမ်းသာယာစွာဖြင့် နေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါတော့သည်။

ကျေးဇူးတင်လျက်

တင်တင်ဦး (ပေါင်းတည်)



www.burmeseclassic.com

www.burmeseclassic.com



# စိုးဝေ

## အန္တရာယ်တွေကြားမှ လွတ်မြောက်ခဲ့သူ

ကျွန်တော်သည် လွန်စွာဆင်းရဲ သောမိသားစုမှ မွေးဖွားလာသည်။ ကျွန်တော်တို့မိသားစု မည်မျှဆင်းရဲကြ သနည်းဆိုသော် မိဘနှစ်ပါးစလုံးမှာ ကျပန်းအလုပ်လုပ်ပြီး ဘဝဝမ်းစာရေး ကို ဖြေရှင်းနေရသည်။

ယင်းသို့ ကျပန်းအလုပ်မရရှိသည့် အချိန်တွင် တောထဲအလေ့ကျပေါက်နေ သော ဟင်းသီးဟင်းရွက်များကို ရှာဖွေ ခူးရောင်း၍တစ်ဖုံ၊ တောင်ယာစိုက်ခင်း ဟောင်းများ၊ မြေပဲသီးနှံခင်းအဟောင်း များကို မြပိုင်ရှင်ထံမှ တောင်းရမ်းယူပြီး ကောက်သင်းကောက်ခဲ့ရသည်။

ထို့ပြင် စပါးရိတ်သိမ်းချိန်များတွင် လယ်ပိုင်ရှင်များ ကြွင်းကျန်နေသော စပါးနှံအတိုအစများကို လိုက်လံကောက် ယူပြီး အိမ်ရှေ့မှာ မြေကျင်းတူးကာ အောက်မှ ပီနံအိတ်ခံကာ ဆန်ဖွပ်ယူ ရသည်။ ရရှိလာသော ဆန်နီစေ့များကို သာ ချက်ပြုတ်စားသောက်ကြရသည်။

ကျွန်တော်ငယ်စဉ် ကျောင်းနေ ရွယ်မှာလည်း ကျောင်းအပ်နှံစရိတ်ကို ပေးစရာငွေမရှိသောကြောင့် ကျောင်း အုပ်ကြီးထံ အသနားခံပြီး အကြိမ်ကြိမ်ခွဲ ပြီး ပေးသွင်းရသည်။

ထိုသို့ ကျောင်းပညာသင်ကြား နေစဉ် စတုတ္ထတန်းတွင် ပညာသင်ကြား နေချိန်တွင် ပထမဦးဆုံး အမှတ်တရ အဖြစ် မိဘများမှာ ယုံယုံကြည်ကြည် ကိုးကွယ်လာခဲ့သော ရှင်ဥပ္ပဂုတ္တမထေရ် မြတ်ကို တွေ့မြင်သိရှိရသည်။ ကျွန်တော် လည်း မိဘများနည်းတူ အိမ်မှာ ယုံယုံ ကြည်ကြည် ကိုးကွယ်ပူဇော်နေခဲ့သည်။

တစ်နေ့ ကျွန်တော့်မိဘနှစ်ပါး သည် ထင်းရောင်းစားနိုင်ရန် တောထဲ သို့ ထင်းခုတ်သွားရောက်ခဲ့ကြသည်။ ယင်းသို့ ခုတ်ယူရရှိလာသော ထင်းများ ကို အကြိမ်ကြိမ်သယ်ယူနေကြသည်။ ထင်းများကို အိမ်သို့ ခေါက်တုံ့ခေါက်ပြန် သယ်ယူနေသည်မှာ မိုးချုပ်နေသည့် အချိန်ထိတိုင် ဖြစ်သည်။

နောက်ဆုံးအခေါက်မှာ ပတ်ဝန်း ကျင်တစ်ခွင်လုံး အလင်းရောင်ပျောက် ကွယ်ကာ မှောင်မည်း၍ပင်နေသည်။ ထိုစဉ် မိခင်ကြီးသည် ထင်းစည်းများကို ခေါင်းပေါ်မှာ ရွက်တင်လျက် ရှေ့မှ လျှောက်ကာ အိမ်ဆီပြန်လာနေသည်။ ကျွန်တော့်၏ ဖခင်ကြီးမှာလည်း ဓား၊ ပုဆိန်တို့ကို ကိုင်ဆောင်လျက် လက်စ သတ်ပြီး ရှေ့ဆင့်နောက်ဆင့်ပြန်လာခဲ့ ကြသည်။

သို့ရာတွင် မိခင်ကြီးဖြစ်သူသည် ရှေ့မှ ခါတိုင်းလိုပြန်လာနေလျက် တော ထဲတွင် မည်သို့မည်ပုံလမ်းမှားသွားသည် မသိဘဲ လမ်းပျောက်ရှာလျက် စမ်းတ ဝါးဝါး မျက်စိလည်နေသည်။ ပတ်ဝန်း ကျင်မှာလည်း အမှောင်ပိတ်ဖုံးနေသော ကြောင့် တစ်ဦးကိုတစ်ဦး မတွေ့မြင်နိုင် ဘဲရှိနေသည်။ အဖေရွာပြန်ရောက်လာ သည့်တိုင် မိခင်ပြန်မရောက်သေးမှန်းသိ သောအခါ စိုးရိမ်ပူပန်မှုဖြစ်ပွားလာကြ သည်။

ထိုစဉ်က ကျွန်တော်၏အသက် အရွယ်မှာ (၅) နှစ်၊ (၆) နှစ်ခန့်သာရှိ သေးသဖြင့် အိမ်မှာထိုင်စောင့်နေခဲ့စဉ် မိခင်ကြီးကို မမြင်မတွေ့ရသောအခါ မိခင်ကြီးကို ငိုယိုတမ်းတပြီးငိုကြွေးနေရ သည်။

အဖေသည် မိခင်ကြီးနှင့်အတူတူ တောထဲထင်းသွားခုတ်နေကြရာမှ ခုတ် ပြီးသောထင်းများကို အိမ်ဆီ သယ် ဆောင်လာခိုက် လမ်းမှာ မိခင်ကြီး ပျောက်ဆုံးသွားသဖြင့် စိတ်ပူပန်မှုဖြစ် ပေါ်ကာ အိမ်နီးချင်းအဖော်တစ်ဦးနှင့် အတူ လက်နှိပ်ဓာတ်မီးယူလျက် ပြန်ရှာ ဖွေရန်စီစဉ်နေသည်။

တောထဲမသွားမီ အဖေသည် ဘုရားကျောင်းဆောင်ရှေ့မှာ ဘုရား ရှိခိုးပြီး ငါးပါးသီလဆောက်တည်ကာ ရှင်ဥပ္ပဂုတ္တမထေရ်မြတ်ကိုလည်း စောင့် ရှောက်ကူညီပေးပါရန် တိုင်တည်ပြီး အိမ်မှ တောထဲသို့ ပြန်လိုက်သွားသည်။ ကျွန်တော့်မှာ မိခင်ကြီးအတွက် စိုးရိမ် ပူပန်စိတ်ဖြစ်ပေါ်ကာ အဖေ့နည်းတူ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုရှိခိုးပြီး ရှင်ဥပ္ပဂုတ္တမထေရ်မြတ်ကိုလည်း ရိုရိုသေသေ ထိုင်ကန်တော့ကာ မိခင်ကြီးကို အမြန်ဆုံးပြန်တွေ့ပါစေဟု ဆုတောင်းနေခဲ့သည်။

မကြာမီ ကျွန်တော့်မိခင်ကြီးကို တောတွင်းတစ်နေရာမှာ လိုက်ရှာသူများက ပြန်လည် တွေ့ရှိခဲ့ကြလေသည်။ နောက်မှသိရှိရသည်မှာ မိခင်ကြီးကို တကြော်ကြော်အော်ခေါ်နေသောနေရာနှင့် မိခင်ကြီးကိုပြန်လည်တွေ့ရှိကြသောနေရာမှ အနည်းငယ်သာ ဝေးကွာသည်။ အော်ခေါ်မည်ဆိုလျှင် ပီပီသသကြားနိုင်သောနေရာ ဖြစ်ပါသည်။

အိမ်သို့ ဝမ်းသာပျော်ရွှင်စွာဖြင့် ပြန်လာကြသည်ကို မြင်တွေ့တော့မှ ကျွန်တော်လည်း ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် -

"အမေ၊ အမေ"

"သား"

ပျောက်ဆုံးနေသောမိခင်ကို ပြန်လည်တွေ့ရှိရ၍ အားရဝမ်းသာစွာဖြင့် ဟစ်အော်ခေါ်ကာ အမေ့ရင်ခွင်ထဲပြေးဝင်နေမိသည်။ မိခင်ကြီးမှာ တောထဲတွင် မျက်စိလည်လမ်းမှားနေသဖြင့် အခက်ကြုံနေရပုံကို ဆာလောင်မွတ်သိပ်လာသည့်ဝမ်းဗိုက်ထဲ ရေတစ်ခွက် မမောမပန်း သောက်ချလိုက်ပြီးနောက်-

"ကျွန်မဖြင့် တောထဲမှာ ကိုယ်သွားနေလာနေကျလမ်းခရီးပဲဆိုပြီး ထင်းစည်းလေး ခေါင်းပေါ်ရွက်လို့ အိမ်ဆီပြန်လာနေတယ်။ လမ်းမှာ မှောင်စပြုလာနေလို့ သွားနေကျလမ်းကို စမ်းတဝါးဝါးလျှောက်ရင်း မျက်စိလည်သွားတယ်။ တောထဲမှာ ဘယ်လိုပဲသွားသွား၊ ဒီနားတစ်ဝိုက်မှာပဲ တဝဲဝဲတလည်လည်ဖြစ်နေခဲ့တာပေါ့။ အိမ်မှာကျန်ရစ်ခဲ့တဲ့ လူမမည်ကလေးနှစ်ယောက်ကိုလည်း မျှော်နေကြတော့မှာပဲဆိုပြီး ခါတိုင်းလိုခြေလှမ်းမြန်မြန်လှမ်းနေပေမယ့် ယခင်ကလည်း ဒီလမ်းတွေဟာ မှားစရာမှမရှိတာ။ စစ်တပ်က ငါးမွေးမြူရေးကန်လုပ်ခဲ့တဲ့ရေကန်ကြီးနှစ်ကန်ဖက်ကို မျက်စိလည်လမ်းမှားရောက်သွားတယ်"

မိခင်ကြီးမှာ ဖြစ်ပျက်စဉ်ကို ပြောပြနေရာမှ မောသွားဟန်ဖြင့် ရေတစ်ကျိုက်မော့သောက်လိုက်ပြီးနောက် -

"ကျွန်မမှာ မိန်းမသားလည်းဖြစ်ပြန်၊ ညဘက်အချိန်အခါ မှောင်မည်း



www.burmeseclassic.com

www.burmeseclassic.com

မည်းထဲမှာ စိတ်အားငယ်နေတယ်။ ကျွန်မကိုလိုက်ရှာဖွေကြရင်လည်း တိတ်ဆိတ်နေတဲ့တောထဲမှာ ကြားနေမှာပဲဆိုပြီး နားစွင့်ထောင်နေမိတယ်။ အော်ခေါ်နေသံကိုများ တစ်ဖက်နေရာရောက်နေလို့ မကြားတာလားဆိုပြီး တစ်ဖက်ဆီပြန်လျှောက်လာပြန်တော့လည်း ရေကန်ကြီးနှစ်ကန်နားမှာပဲ တလည်လည်ပြန်ရောက်နေတယ်။ လူကလည်း ဟိုလျှောက်လိုက်ရ ဒီလျှောက်လိုက်ရနဲ့ ချာချာလည်နေခဲ့တော့ စိတ်မာတ်ကျလာတယ်။ လူကလည်း လမ်းလျှောက်ရလွန်းလို့ ပင်ပန်းနွမ်းနယ်နေပြီ။ နောက်ဆုံးဖြစ်ချင်ရာဖြစ်ပါစေတော့ဆိုပြီး ငါးကန်ပေါင်ပေါ်တက်ပြီး ရေကန်ထဲခုန်ချဖို့ဟန်ပြင်နေတုန်း. . ."

မိခင်ကြီးမှာ ဝမ်းနည်းအားငယ်စိတ်ဖြင့် ကျွန်တော်နှင့် အစ်မမျက်နှာများကို လှမ်းကြည့်နေလျက် -

"ခုန်ချလိုက်၊ ခုန်ချလိုက်ဆိုပြီး နားထဲမှာ လူများက အော်ပြောနေသံကို ကြားလာခဲ့ရလို့ ကန်ပေါင်ပေါ်ကနေ လှမ်းရှာဖွေကြည့်တော့ မမျှော်လင့်ဘဲ လရောင်အလင်းအောက်မှာ ရဟန်းတစ်ပါးကို ဖူးတွေ့လိုက်ရတယ်။ ထူးခြားနေတာက ရဟန်းတော်ရဲ့အောက်ပိုင်းသင်္ကန်းမှာ ရေများစိုနေတာကို မြင်တွေ့လိုက်ရလို့ အံ့ဩသွားခဲ့တယ်။

ရဟန်းတော်က သေသေချာချာ စူးစိုက်ကြည့်နေပြီး စကားအဆန်းတွေ ပြောလာတယ်။

'ဒကာမကြီး ဘာဖြစ်လို့များ အဖန်ငါးရာငါးကမ္ဘာကို မကြောက်မရွံ့ မိုက်ရူးရဲအလုပ်ကိုလုပ်ချင်ရတာလဲ။ ဘုန်းဘုန်းပြမယ့်လမ်းအတိုင်း ဒီကနေ လျှောက်သွားလိုက်ပါ။ လမ်းသွားနေရင်း ဘုရား၊ တရားကို မမေ့ဘဲ စိတ်နှလုံးသွင်းပြီး လျှောက်လှမ်းသွားစဉ်မှာ တတ်နိုင်သမျှ ဒါနတရားတွေကို ပြုကျင့်ပြီး မမှိတ်မသုန် စိတ်မှာရည်စူးပြီး ဟောဟိုရှေ့ကနေ တည့်တည့်လျှောက်သွားလိုက်ပါ။ အခက်အခဲအားလုံး အဆင်ပြေသွားမှာပါ'

လို့ ပြောဆို လမ်းညွှန်ပေးလိုက်လို့ စိတ်မာတ်ပြန်လည်တက်ကြွလာပြီး ကန်ပေါင်ပေါ်ကဆင်းလို့ ဆက်လျှောက်လာနေတယ်။ အနည်းငယ်အကြာမှာပဲ လိုက်လံရှာဖွေနေကြသူများရဲ့ အော်ခေါ်နေသံနဲ့ မီးတုတ်အလင်းရောင်များကို မြင်တွေ့ခဲ့ရတော့တယ်"

ဟု ပြောပြနေခဲ့သည်။

မိဘများသည် ထိုအချိန်မှစပြီး ဘာသာတရားအပေါ် ယုံကြည်သက်ဝင်လာကာ အလှူဒါနများကို တတ်နိုင်သမျှ ပြုလုပ်နေကြသည်။

ဖခင်ဖြစ်သူမှာ အပတ်စဉ်တိုင်း ရဟန်းသံဃာများကို ဆွမ်းလောင်းလှူခြင်း၊ တရားဓမ္မများရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ဆက်ကပ်ခြင်းများကို မပြတ်ဆောင်ရွက်နေသည်။

ယင်းသို့ ဘာသာတရာကိုင်းရှိုင်းတရားဓမ္မ ကျင့်ကြံပွားများ အားထုတ်နေကြပြီးနောက် (၂) နှစ်ခန့်လောက်အကြာမှာ စီးပွားရေးကျပ်တည်းမှုများ ယခင်ကလောက် မဆိုးရွားတော့ဘဲ အဆင်ပြေချောမွေ့လာခဲ့သည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ကျွန်တော် စီးပွားရေးတက္ကသိုလ်သို့တက်ရောက်ခဲ့စဉ်က ပထမနှစ် နှစ်ဝက်ခန့်တွင်ဖြစ်ပေါ်လာခြင်းဖြစ်၍ တိုက်ဆိုင်မှုလား၊ စိတ်ထဲမှ အမှန်တကယ် ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ပူဇော်ခဲ့မှုကြောင့်လား၊ မည်သည့်အကြောင်းကြောင့်ဆိုသည်ကို မသိပါ။

ကျွန်တော် ပထမနှစ် ကျောင်းတက်ခဲ့ရသဖြင့် မိဘနှစ်ပါးနှင့် မခွဲစဖူး ခွဲခွာနေရခြင်း၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟ မရှိဘဲ လှိုင်သာယာမြို့နယ်တွင် တစ်ကိုယ်တည်း အခန်းငှားနေထိုင်ရသည်။ ယခုလိုမိဘများနှင့်ခွဲခွာနေရခြင်းကြောင့် ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းအားငယ်စိတ်ဖြင့် အိမ်ပြန်ချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာနေသည်။

ဒါကြောင့် ပထမနှစ်ဝက်စာမေးပွဲနောက်ဆုံးနေ့တွင် နံနက်စောစောထပြီး အခန်းငှားထားသည့် အိပ်ခန်းထဲမှ ပစ္စည်းများကို သိမ်းဆည်းပြီး သေတ္တာထဲသော့ခတ်ကာ သိမ်းဆည်းထားလိုက်သည်။

ထိုစဉ်က အင်းစိန်စော်ဘွားကြီးကုန်းကားဝင်းသို့ နံနက် (၆) နာရီကတည်းက သွားရောက် ပစ္စည်းသေတ္တာအပ်ထားခဲ့သည်။ ကားမှာ နေ့လယ် (၁) နာရီမှ ကားဂိတ်ကနေ ထွက်ပါမည်။ သတ်မှတ်ထားသည့် အချိန်မှန်အတိုင်း ထွက်သည့် Express ကားကြီး ဖြစ်ပါသည်။

ထို့နောက် ကျွန်တော်ပစ္စည်းအပ်ထား လက်မှတ်ဖြတ်ပြီးသွားပြီမို့ စီးပွားရေးတက္ကသိုလ်သို့ ကျွန်တော့်စိတ်ထင်ပုံမှန်တစ်နာရီကျော်ကျော်ခန့်လောက် လိုင်းကားစီးသွားရသည်။ ကားမှာ နှစ်ဆင့်စီးမှ ကျောင်းသို့ရောက်ပါသည်။

ကျွန်တော်လည်း စာမေးပွဲကို ဖြေဆိုနိုင်ခဲ့ပြီး အခန်းထဲမှထွက်လာချိန်တွင် လက်ပတ်နာရီကို ကြည့်လိုက်သောအခါ နေ့လယ် (၁၂) နာရီထိုးရန် ငါးမိနစ်သာလိုပါသည်။ ကျောင်းမှ ကားဂိတ်ရှိရာသို့ (၁၀) မိနစ်ခန့် လမ်းလျှောက်သွားရသည်။ ကားဂိတ်ရောက်ချိန်တွင် နေ့လယ် (၁၂) နာရီ (၁၀) မိနစ်ခန့်ရှိနေသည်။ ကျွန်တော် စိုးရိမ်ပူပန်နေမိသည်မှာ ကျွန်တော် လက်မှတ်ဖြတ်ထားသောကားကိုမီမှအဆင်ပြေပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ကျွန်တော်တို့မြို့နှင့် ရန်ကုန်ကားခမှာ (၆၀၀) ကျပ်ရှိပြီး လက်မှတ်ဖြတ်ပြီး၍ ကျောင်းသွားပြီး ကျန်ကားခမှာ ငွေ (၂၀၀) ကျပ်သာ အိတ်ကပ်ထဲကျန်ရှိတော့သည်။

ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်ပူပန်စိတ်ဖြစ်ပေါ်နေကာ သမ္ဗုဒ္ဓေဂါထာတို့သာ အဆက်မပြတ် ရွတ်ဖတ်နေမိသည်။ အကြိမ်အရေအတွက် မည်မျှအကြိမ်ရွတ်ဖတ်နေမိသည်မသိပါ။ လောလောဆယ် လိုင်းကားမလာသောကြောင့် စိတ်ထင့်နေသည်။

ထိုစဉ်က ရွာသာကြီးဘက်မှ လိုင်းကားမှာ မထသကားအမှတ် (၂၀၉) နှင့် ပါရမီလိုင်းကား (၁၈၂) လိုင်းနှင့် ဒိုင်နာကားငယ်များသာရှိသည်။ ကားစီးရမည်ဆိုလျှင်လည်း နှစ်ဆင့်စီးမှ ရောက်နိုင်မည်။ လိုင်းကားရောက်လာပြန်တော့လည်း စာမေးပွဲရက်ဖြစ်နေ၍ မည်သို့မှ တက်မရဘဲ အလွန်အမင်းကျပ်သိပ်နေသည်။ ကားကျပ်နေ၍ လိုက်မရနိုင်ဖြစ်နေသည်။

ဤသို့ဖြင့် ကားစောင့်နေခဲ့သည်မှာ နာရီဝက်ခန့် ကြာသွားလေသည်။ ကျွန်တော့်မှာ စိတ်အကြံအိုက်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ သောကဗျာပါရများနေသည်။

သို့သော်လည်း စိတ်မာတ်မကျဘဲ သမ္ဗုဒ္ဓေဂါထာတော်ကိုသာ အဆက်မပြတ် တတွတ်တွတ်ရွတ်ဆိုနေမိသည်။ ကံအားလျော်စွာ နေ့လယ် (၁၂) နာ (၄၅) မိနစ်ခန့်လောက်မှ ကားစီး သဖြင့် လိုက်ပါလာခဲ့သည်။ သို့သော် ကားဂိတ်သို့ အချိန်မီရောက်နိုင်တော့ မည်မဟုတ်မှန်း စိတ်ထဲမှ အလိုလို ထားနေသည်။

www.burmeseclassic.com

သို့သော်လည်း စိတ်ထဲမှာဖြစ်ပေါ်နေသောသောကများကို ကင်းဝေးအောင် သမ္ဗုဒ္ဓေဂါထာတော်ကိုသာ မှန်မှန်ရွတ်ဖတ်ပူဇော်နေလျက်ရှိသည်။ ထို့နောက် စံပြဈေးမှာဆင်းပြီး နောက်လိုင်းကားပြောင်းစီးရသည်။ သည်နေရာမှာ ထူးခြားမှုတစ်ခုက စီးပွားရေးတက္ကသိုလ်ရှိရာ ရွာသာကြီးမှ စံပြဈေးသို့အသွားကားကို မည်မျှပင်မြန်မြန်မောင်းစေကာမူ ဖယ်ရီကားများ၊ လိုင်းကားများ ရှုပ်ထွေးနေချိန် ကားကို အနည်းဆုံး မိနစ် (၂၀) ကျော် မောင်းရသည်။

သို့သော် ကျွန်တော် စီးလာနေသောကားမှာ လမ်းတွင် လူတင်၊ လူချနှင့် ကားများ ရှုပ်ထွေးနေသည့်ကြားမှ (၁၅) မိနစ်ခန့်သာကြာမြင့်မည်ဟု ထင်ပါသည်။ စံပြဈေးမှာ နောက်ကားပြောင်းစီးရန် နာရီလှမ်းကြည့်သောအခါ နေ့လယ် (၁) နာရီခန့်လောက်ရှိနေသည်။

ဒါကြောင့် မည်သည့်နည်းနှင့်မျှ ကားမမီနိုင်တော့ကြောင်း သိနေလေသည်။ သို့သော်လည်း သမ္ဗုဒ္ဓေဂါထာကိုသာ ယုံယုံကြည်ကြည်နှင့် ဆက်လက်ရွတ်ဆိုနေဆဲရှိလေသည်။ ကျွန်တော် ကားဂိတ်သို့ရောက်ရှိလာချိန်တွင် နေ့လယ် (၁) နာရီကျော်ခန့် ဖြစ်နေသည်။ ကျွန်တော် ကားဂိတ်ထဲရောက်ရှိလာချိန် ကားဂိတ်နောက်ဘက်ဆီမှ -

"ဝူး . . . ဝူး"

"ဟာ - နိုးသွားပြီကွ"

ကားစက်သံနှင့်အတူ ကားဒရိုင်ဘာနှင့် စပယ်ယာတို့၏ ဝမ်းသာအားရ အော်ဟစ်ပြောဆိုနေသံကို ကြားလိုက်ရသည်။ နောက်မှသိရသည်မှာ Express ကားသစ်ကြီးကို နေ့လယ် (၁) နာရီထွက်ခွာချိန်တွင်ထွက်ရှိနိုင်ရန် နေ့လယ် (၁၂) နာရီခွဲလောက်ကတည်းမှ ဂိတ်ထိုးပြီးရပ်ထားခဲ့သည်။ နေ့လယ် (၁) နာရီထိုး၍ ခရီးသည်များ ကားပေါ်သို့ စုံညီစွာ တက်ရောက်နေရာယူပြီး ကားဘီးစလှိမ့်ရန် ကားစက်နှိုးလိုက်သည်။ ကားကြီးမှာ အကောင်းပကတိမှ ကားစက်နှိုးမရဘဲ ဗွေဖောက်လာသည်။ ကျွန်တော် ကားဂိတ်ထဲရောက်မှ ပထမဆုံး ကားစက်နှိုးသံကို ကြားလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဆန္ဒ ပြည့်ဝသွားခြင်းဖြစ်ပါသည်။

နောက်အမှတ်တရအဖြစ်အပျက်တစ်ခုမှာ ကျွန်တော် ဘွဲ့ရလာပြီး တပ်မတော်သို့ စစ်မှုထမ်းရန် ဝင်ရောက်သွားခဲ့သည်။ ဗိုလ်ဘဝဖြင့် ကရင်ပြည်နယ်ထဲတွင် တာဝန်ကျနေစဉ် ဖြစ်ပါသည်။ ကျွန်တော်တို့တပ်ရင်းမှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ကွပ်ကဲမှုလက်အောက်ခံတပ်ရင်းတစ်ရင်း ဖြစ်သည်။ ရှေ့တန်းစခန်းထိန်းနှင့် နယ်မြေစိုးမိုးရေးတာဝန်ကို လေးလထွက် တစ်လနားတာဝန်ကို ထမ်းဆောင်နေရသည်။

ထိုစဉ်က ကျွန်တော်သည် တပ်ခွဲမှူးတာဝန်ဖြင့် မာနယ်ပလောဒေသ ဆင်ဖြူတောင်စခန်းတွင် တာဝန်ထမ်းဆောင်နေရချိန် ဖြစ်သည်။ ယုံကြည်မှုနှင့် ကိုးကွယ်မှုကို မယုံကြည်ချင်နေပါမစော်ကား ဟူသော ဆိုရိုးစကားကို ကျွန်တော် လေးလေးနက်နက် ယုံကြည်လျက်ရှိပါသည်။

ဂျူနီယာဘဝတွင် စစ်ကြောင်း၌အရာရှိနှင့် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်စဉ်က မာနယ်ပလောစခန်းနားတွင် နှစ်ကြိမ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းစခန်းများအတွင်း ဆင်ဖြူတောင်စခန်းမှာ အစွန်ဆုံးနေရာနှင့် အမြင့်ဆုံးနေရာများ ဖြစ်ပါလေသည်။ ရိက္ခာမှာ ကျန်သည့်စားစရာမရှိတော့သဖြင့် စစ်သည်များမှာ ထမင်းနှင့် တောတွင်းအသီးအနှံများကိုသာ အဓိက မှီခိုစားနေရသည်။

ရိက္ခာဆန်မှာလည်း ပိုးထိုးဆန်နှင့်တွေ့လျှင် ဗိုက်သာတင်းသွားပြီး တင်းတိမ်မှုမရှိဘဲဖြစ်နေသည်။ ထမင်းစားနေစဉ်သာ ဗိုက်ဝသလို ထင်နေရသော်လည်း မကြာမီ ဆာလောင်မွတ်သိပ်လာပြန်သည်။

သို့ဖြစ်၍ ၎င်းစခန်းမှ အရာရှိများ၏ ဝဋ်ဒုက္ခမှာ ဆန်မလုံလောက်မှုခဏခဏကြုံနေရသည်။ ကျွန်တော် မှတ်မိသလောက် တစ်လလျှင် ကိုယ်တာအဖြစ် နောက်ထပ် ဆန်တစ်အိတ်လောက်အမြဲလိုနေသည်။

ထိုစဉ်က ရေး/ထောက်တာဝန်ခံဖြစ်သော ကျွန်တော့်ကို နောင်တော်စခန်းမှူးများမှ အမြဲတမ်း အကူအညီတောင်းလေ့ရှိသည်။ ဤသို့ဖြင့် ကျွန်တော် စီနီယာဗိုလ်ဖြစ်လာ၍ တပ်ခွဲမှူးတာဝန် ထမ်းဆောင်နေချိန်တွင် တိုက်ဆိုင်စွာဖြင့် ၎င်းစခန်းမှူးတာဝန်ကို ထမ်းဆောင်ရသည်။

တကယ်တော့ မကောင်းကျောင်းပို့ ဆိုသောစကားနှင့်အညီ ကျန်စခန်းများမှ ပြောဆိုဆုံးမရခက်သော စစ်သည်များကို ကျွန်တော့်စခန်းသို့ ပို့လာလေသည်။ ရှေ့တန်းအများစု၏ တူညီသောအချက်မှာ သောက်သုံးရန်ရေ အခက်အခဲဖြစ်ခြင်း ဖြစ်ပါသည်။ သို့သော် ကျန်စခန်းများထက် ကျွန်တော်တို့စခန်းက ပိုမိုခက်ခဲပါသည်။ စခန်းအရှေ့တောင်ဘက်ရှိ ကရင်ရွာထဲ ရေဆင်းခပ်ရန် အဆင်း၊ အတက် (၁)နာရီခွဲလောက်ကြာပါသည်။ သို့အတွက် မိုးတွင်းကာလတွင် မထောင်းတာလှသော်လည်း နွေအခါကာလမှာ လွန်စွာ ခက်ခဲသည်။ မိုးရွာနေချိန်တွင် ဝါးပိုးဝါးများခုတ်၍ အဆစ်များကိုဖွင့်ပြီး သိုလှောင်ရသည်။

သို့သော် ကြာကြာမခံဘဲ (၁)ပတ်၊ (၁၀) ရက်လောက်မှာ ပုပ်စော်နံနေသဖြင့် မကြာခဏလဲလှယ်ပေးရသည်။ တပ်စုတပ်စိတ်အလိုက် ဝါးကျည်တောက်များဖြင့် အစီအရီသိုလှောင်ထားကြရလေသည်။

အထက်မှာ ဖော်ပြခဲ့သည့်အတိုင်း ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ရှေ့တန်းစခန်းများတွင် တောပိုင်တောင်ပိုင်အဘိုးတို့ကို ပ,သသည့်အနေဖြင့် စင်ဆောက်လျက် ပူဇော်လေ့ရှိပါသည်။ ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့် ဟူသော စကားပုံအတိုင်း ကျွန်တော် စခန်းကို ရောက်သည့်အခါတိုင်း စခန်းတွင် လဲလှယ်ရန်ကိစ္စရပ်များကို စနစ်တကျ လက်ခံခဲ့ပြီး နောက်တစ်နေ့တွင် ထမင်းဖြူပေါ် သကြားဖြူးလျက် ဆေးလိပ်တိုဖြင့် နတ်စင်ရှေ့၌ -

မိမိတို့သည် တာဝန်ဝတ္တရားအရ အဘိုးတို့ပိုင်စိုးသောနယ်မြေမှာ စခန်းချပြီးနေထိုင်ရသည်။အကယ်၍ ပြောမှားဆိုမှားရှိခဲ့လျှင်သော် လည်းကောင်း၊ လုပ်မှားကိုင်မှားများရှိခဲ့လျှင်သော်လည်းကောင်း ခွင့်လွှတ်စောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံပါသည်။ ယင်းသို့ ရိုရိုသေသေမြှုမှုခဲ့သည့် အလေ့အထကြောင့်လားမသိ၊ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့် စခန်းတိုင်း ထူးထူးခြားခြား အဖြစ်ဆိုးများ မကြုံကြိုက်ခဲ့ရပေ။

ကျွန်တော်တို့ရှေ့တန်းစခန်းတွင် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် စခန်းပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ညနေဘက် တန်းစီပြီးသည်နှင့် ကျွန်တော် ကိုယ်တိုင်ဦးစီးပြီး စခန်းထဲရှိ ဓမ္မာရုံတွင် ဘုရားရှင်အား ဆီမီး၊ အမွှေးတိုင်ထွန်း၊ သောက်တော်ရေကပ်ပြီးနောက် စခန်းကင်းစောင့်တာဝန်မှလွဲ၍ အားလုံး ဘုရားရှိခိုးကန်တော့ပြီး အမျှအတန်းဝေ၊ မေတ္တာပို့လျက်ရှိကြသည်။

ယခုကဲ့သို့ နေ့စဉ် ဆောင်ရွက်ခဲ့

www.burmeseclassic.com

ခြင်းကြောင့်လားမသိ။ ယခင် တပ်ခွဲမှူး အဆက်ဆက်တွင် တောလည်အမဲလိုက်သည့်အခါ အနည်းဆုံးတစ်ပတ်တစ်ကြိမ် လောက်သာ တောဝက်၊ ချေ၊ တောင်ဆိတ်များရရှိခဲ့ဖူးသည်။ ကျွန်တော် စခန်းနှစ်ကြိမ်ထိုင်ရသည့်အခါမှာ တစ်ကြိမ်မှမရဘူးပေ။

သို့သော်လည်း ကျွန်တော့်စစ်သည်များသည် ရိက္ခာအတွက် အနည်းဆုံး ငါးခြောက်ငါးခြမ်း၊ ကြက်ဥများကိုစားခဲ့ရသည်။ တစ်ပတ်လုံးလုံး ရိက္ခာပြတ်လပ်မှုမရှိဘဲ ပြည့်စုံနေကြသည်။

ယခင် တပ်ခွဲမှူးများ၏ လက်စွဲတော် ချင်းတိုင်းရင်းသား မုဆိုးကျော်ဖြစ်သော တပ်ကြပ်ကြီးတစ်ဦးလည်း ကျွန်တော့်စခန်းမှာရှိနေသည်။ ယခင်အကြိမ် တောလည်သည့်အခါတိုင်း တောကောင်မရမရှိကြောင်း၊ တောကောင်များလည်း အမြဲလာရောက်တတ်ကြောင်း၊ ယခုကဲ့သို့ မိုး မှုစ်ပေါ်ချိန်၊ မိတ်လိုက်ချိန်တွင် စခန်းအနီးတစ်ဝိုက်မှာ သုတ်ကိုင်းထောင်ထားသော်လည်း ခြေရာသာတွေ့မြင်ရပြီး တောကောင်မတွေ့ရပေ။

တစ်ရက်တွင် ချေတစ်ကောင်အား ကိုက် (၅၀) ခန့်အကွာအဝေးတွင် တွေ့မြင်၍ သေနတ်ဖြင့် ချိန်ရွယ်ပစ်ခတ်လိုက်စဉ် ကျည်ဆန်မှာ အ,နေကြောင်း၊ သူ့အနေဖြင့် တောလည်မထွက်မီ ကျည်ဆန်များကို သေချာရွေးချယ်တိုက်ချွတ်ပြီးမှ ပစ်လေ့ရှိကြောင်း၊ ယခုလို ကျည်ဆန်မထွက်သည်မှာ မည်သည့်အကြောင်းကြောင့်ဖြစ်သွားသည်ကို မသိရကြောင်း ပြောဆိုခဲ့လေသည်။

၎င်းဆရာကြီးမှာ ခရစ်ယာန်တစ်ဦးဖြစ်သည်။ ကျွန်တော်ကတော့ ညနေတိုင်း ဘုရားရှိခိုး၊ အမျှဝေပေးနေသဖြင့် ယခုကဲ့သို့ဖြစ်နေကြောင်း ယုံကြည်နေသည်။ နောက်ဖြစ်ရပ်တစ်ခုမှာ ကျွန်တော် အထက်မှာဆိုခဲ့သည့်အတိုင်း မကောင်းကျောင်းပို့ခံရသော ကျွန်တော့်စခန်းသို့ တပ်ကြပ်တစ်ဦး ရောက်လာသည်။ ၎င်းကလည်း မုဆိုးကျော်တစ်ယောက်ဟု ဆိုလာပါသည်။

အမှန်တော့ ၎င်းတပ်ကြပ်ဆိုသူသည် ယခင်က ဗုဒ္ဓဘာသာဝင်အစစ်အမှန် ဖြစ်သည်။ နောက်ပိုင်း ခရစ်ယာန်ဘာသာဝင်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသွားသဖြင့် ခရစ်ယာန်ဘာသာဝင်သွားပြီး ဘာသာပြောင်းလဲသွားသည်။ နောက်ဆုံးမည်သည့်ဘာသာကိုမျှ မကိုးကွယ်တော့ဘဲ ဇာတ်ပျက်ဖြစ်သွားတော့သည်။

ကျွန်တော့်စခန်းသို့ ရောက်ပြီး မကြာမီ နှစ်ရက်ခြား၊ သုံးရက်ခြားဆိုသလို တောလည်လေ့ရှိသည်။ သူလည်း အထက်မှ ဆရာကြီးကဲ့သို့ပင် တောကောင်မရလာခဲ့ပေ။ ယင်းသို့ မိမိတောပစ်ထွက်သည့်အခါတိုင်း တောကောင်များ ရလာပါလျက် တစ်စုံတစ်ရာအနှောင့်အယှက်ရှိနေ၍များ တောကောင်အမဲမရလာခြင်းအပေါ် ဒေါပွနေလေသည်။

"ဗိုလ်ကြီး နှစ်ရက်၊ သုံးရက်လောက် ဘု ရားမရှိခိုးပါနဲ့လား။ ဗိုလ်ကြီးတို့က စခန်းထဲမှာ ဘုရားနေ့စဉ်ရှိခိုးနေကြတော့ ကျွန်တော် တောကောင်တွေပစ်မရဘူးဖြစ်နေတယ်"

တစ်ညနေပိုင်း ကျွန်တော်ထမင်းစားနေစဉ် ၎င်းတပ်ကြပ်ကြီးရောက်လာပြီး အထက်ပါအတိုင်း ပြောလာနေသည်။

ကျွန်တော်မှ -

"ဟာ - ဆရာကလည်း၊ ဘာသာရေးကို မလေးစားမယုံကြည်လို့ ကိုယ့်ဘာသာနေထိုင်လို့ရတယ်။ ခင်ဗျားကိုကျုပ်က စခန်းအတွက်ဆိုပြီး အမဲပစ်ခိုင်းနေလို့လား။ အခုဒီတိုင်းနေတော့ကော စခန်းမှာစားစရာမရှိပြတ်လပ်နေလို့လား။ အနည်းဆုံး ငါးခြောက်၊ ကြက်ဥတော့ စားနေရတာပဲ၊ မလိုပါဘူးကွာ"

ဟု ပြောလိုက်စဉ် ရခိုင်တိုင်းရင်းသားတပ်စုတပ်ကြပ်ကြီးကလည်း ဒေါသထွက်လာပြီးဝင်ပြောလိုက်သည်။

"ဟဲ့ကောင်- ဗိုလ်ကြီးကိုမင်းဘယ်လိုပြောလိုက်တာလဲ။ မင်းဘာသာ သားကောင်ပစ်ရတာ၊မရတာ တို့နဲ့မဆိုင်ဘူး။ ကိုယ်ယုံကြည်ရာ ဘာသာရေးကို လုပ်ဆောင်ရမှာက တို့လိုဗုဒ္ဓဘာသာဝင်တွေရဲ့ကိုးကွယ်မှုပဲ။ မင်းကတော့ ဘာသာတရားမရှိတဲ့ ဇာတ်ပျက်ကောင် မင်းကံကြီးထိုက်လိမ့်မယ် သွား၊ သွား"

ဟု ပြောပြီး အပြင်ကို မောင်းထုတ်လွှတ်လိုက်သည်။ နောက်သုံးရက်ခန့်အကြာတွင် ၎င်းစစ်သည်မှာ တောထဲ ဝါးခုတ်နေရင်း နင်းမိုင်းအဟောင်းတစ်လုံးပေါ် နင်းမိ၍ ခြေတစ်ဖက်ဖြတ်ပစ်လိုက်ရသည်။ ၎င်းမိုင်းနင်းမိသောနေရာမှာ ယမန်နေ့စောစောပိုင်းက အခြားစစ်သည်တစ်ဦး ဝါးခြမ်းများခွဲစိတ်နေသောနေရာ ဖြစ်သည်။

ယင်းကဲ့သို့ စိတ်မကောင်းစရာအခြေအနေရောက်သွားသဖြင့် နောက်ပိုင်း ယင်းဘက်အခြမ်းကို ကျွန်တော့်စခန်းမှ စစ်သည်များကို မဆင်းရန် တားမြစ်ထားခဲ့သည်။

နောက် (၁၅) ရက်ခန့်အကြာ တပ်မတော်မှ အရာရှိစစ်သည်အချို့ ၎င်းနေရာနှင့် ကိုက် (၅၀၀) ခန့်အကွာ မိုင်းဆွဲတိုက်ခိုက်ခံရပြီး ကျဆုံးဒဏ်ရာရသွားကြသည်။ ကျွန်တော်တို့တပ်ဖွဲ့ဝင်များမှာ စောစောက မိုင်းနင်းမိသောစစ်သည်တစ်ယောက်သာလျှင် ထိခိုက်ဒဏ်ရာရခဲ့ပြီး မည်သည့်အကြီးအကျယ်ထိခိုက်နာကျင်မှုမျိုး မကြုံတွေ့ခဲ့ရပေ။

ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်သည် ဘာသာတရားအပေါ်တွင် လေးလေးနက်နက်သက်ဝင်ယုံကြည်နေခြင်းကြောင့် နေ့စဉ် ဘုရားရှိခိုးခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်း၊ သက်ဆိုင်ရာတောပိုင်တောင်ပိုင်များအပေါ် ယုံယုံကြည်ကြည်လေးလေးစားစား ဆက်ဆံနေထိုင်ခဲ့ခြင်းကြောင့် မည်သည့်ဆိုးကျိုးမျှမရရှိခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သောကြောင့် ရတနာသုံးပါးနှင့် အမိ၊ အဖ၊ ဆရာသမားတို့မှလွဲ၍ မည်သည့်အယူဝါဒများကို ကိုးကွယ်မှု မရှိခဲ့ပါ။ သို့သော် မယုံကြည်ချင်နေပါ မစော်ကားနှင့် ဆိုသည့်စကားကိုတော့ လိုက်နာခဲ့သူ ဖြစ်သည်။

ကျွန်တော်၏ ခံယူချက်မှာ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များအားလုံးသည် ကွယ်လွန်ပြီးနောက်ပိုင်း ပရလောက နယ်တွင် မိမိတို့နှင့် သက်ဆိုင်သော နယ်မြေဒေသတွင် စောင့်ရှောက်ကူညီမှု များပေးနေသည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ မိမိယုံကြည်ရာကို ကိုးကွယ်ကြသော ဗုဒ္ဓဘာသာဝင် တိုင်းသည် နေ့စဉ်မပြတ်ပူဇော်ရမည်မှာ ဘုရား၊ တရား၊ သံဃာသာလျှင် ဖြစ် သည်။ မိမိတို့ယုံကြည်သည်ဖြစ်စေ၊ မယုံ ကြည်သည်ဖြစ်စေ ပရလောကနယ်ပယ် အသီးသီးမှာ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များ၏ အစောင့်အရှောက် သက်ဆိုင်ရာဒေသသို့ ရောက်လေတိုင်း ရိုးရာမပျက် စောင့်ရှောက်ကူညီစေ မေတ္တာပို့၊ အမျှဝေပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

(ဗိုလ်ကြီးမျိုးသန့်ထွေးသို့အမှ

စိုး



www.burmeseclassic.com

www.burmeseclassic.com




# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည်စိုး လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

TMR 007565 (0714)

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရပ်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အတတ်ခြင်း၊ ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ သမ်းသွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက် မူးဝေတတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း ဆီးဖြူခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသားအားနည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်းဆေး မှတ်ပုံတင်ထားသော **ပြည်စိုး** လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ **ပြည်စိုး** အမျိုးသားအားဆေးတို့ကို သုံးစွဲပြီး အကြောများပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာပျောက်ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

**ပြည်စိုး တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန**

**အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

# ''ကျားမနှစ်လျှင် အားသန်ရမည်''

ဖေ့းတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခမ်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ်၊ လက်ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ...ဆေးကုသက် (၄၅) နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းတွင်းအကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီးဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁)တို့က အကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည်စိုး** တိုင်းရင်းအထူးကုဆေးခန်း

**အမှတ် (၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊**

**ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**


www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့လာ (၆၃)

(ထားဝယ်)

# မောင်သန်းဆွေ

## တလိုင်းကျော် (တလိုင်းမင်းကျော်စွာ)

တလိုင်းကျော်ဟုခေါ်သည့် နတ်သည် မြန်မာရာဇဝင်ထဲမှ မင်းရဲကျော်စွာဖြစ်သည်ဟု နတ်လောကက ယုံကြည်ကြသည်။ တွံတေးအပိုင် 'လာကပုံ' ကျေးရွာရှိ ရှေးဟောင်း သမိုင်းဝင် မူလနန်းရင်း တလိုင်းကျော်နန်းတွင် မင်းရဲကျော်စွာ (ခေါ်) တလိုင်းကိုကြီးကျော်ရွှေနန်းတော်ဟု ဆိုင်းဘုတ်ရေးထိုးထားသည်။

မင်းရဲကျော်စွာသည် အင်းဝဘုရင်မင်းခေါင်ကြီး၏ သားတော် ဖြစ်သည်။ သက်တော် (၁၃) နှစ်အရွယ်ကပင် စစ်ဘုရင်ဖြစ်သည်။ (၂၆) နှစ်၌ ကံတော်ကုန်သည်အထိ စစ်ကစားခဲ့သည်။ မြန်မာ့စွယ်စုံကျမ်း၌ မင်းရဲကျော်စွာအကြောင်း မြန်မာနှစ် ၇၅၂-၇၇၈အခန်းတွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

မင်းရဲကျော်စွာသည် အင်းဝဘုရင်ပထမမင်းခေါင်နှင့် မိဖုရား ရှင်မိနောက်တို့တွင်မြင်သည့် သားတော်ဖြစ်၍ ၇၅၂ ခုနှစ်တွင် ဖွားမြင်သည်။ အလွန်ရဲရင့်စွမ်းသန်၍ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံးစစ်ဘုရင်ဟု ဆိုလောက်၏။ မင်းခေါင်သားတော် မင်းရဲကျော်စွာကားရာဇာဓိရာဇ်သားတော် ဗောလောကျန်းတောဘဝမှ မင်းမျက်ဖြင့်သတ်မည်အပြုတွင် နောက်ဘဝ၌ မြန်မာတို့ဝမ်း၌ဖြစ်၍ မွန်တို့ပြည်ကို ညှဉ်းဆဲရသည်ဖြစ်စေသော်ဟု ဆုတောင်းသည့်အတိုင်း ဝင်စားလာသူ ဖြစ်သော ဟူ၏။

သက္ကရာဇ် ၇၅၆ ခုနှစ်တွင် ရခိုင်ဘုရင် ထောရာကြီးသည် မြန်မာပိုင်ယော၊ ဆော၊ လောင်းရှည်တို့ကို ထိပါးလာ၏။ ထိုအခါ ဘုရင်မင်းခေါင်သည် သားတော် မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်၍ တပ် (၁၀) တပ်နှင့် ရခိုင်သို့ ချီစေ၏။

တိုက်ပွဲတွင် မင်းရဲကျော်စွာက ရခိုင်ဘုရင် ထောရာကြီး စီးသောဆင်ကို တိုက်မည်ဟု လွှတ်လေရာ ရခိုင်ဘုရင်လည်း မခံနိုင်သဖြင့် ဆင်မှ မြင်းသို့ ဆင်း၍ မြင်းတပ်နှင့်ခံသည်ကို အင်းဝမြင်းသည်တို့ ဝိုင်း၍တိုက်သည်တွင် ရခိုင်ကျလေ၏။ ထိုအခါ ရခိုင်စစ်သည်တို့ ပျက်၍ ပြေးကြရလေသည်။

သက္ကရာဇ် ၇၆၈ တွင် ဘုရင်မင်းခေါင်သည် မင်းရဲကျော်စွာကို ပုခန်းတရဖျားကြီးသမီး စောမင်းလှနှင့် စုံဖက်တော်မူ၍ အိမ်ရှေ့ပေးတော်မူသည်။

သက္ကရာဇ် ၇၂၂ ခုနှစ်တွင် ရခိုင်သံတွဲကို တိုက်ခိုက် အောင်မြင်ခဲ့ပြီးအင်းဝသို့ ပြန်ခဲ့သည်။ ခမည်းတော်က ဆုလာဘ်များစွာပေးသည်။

သက္ကရာဇ် ၇၇၄ ခုနှစ်တွင် သန္နိစော်ဘွားသံသည် အင်းဝသို့ ချီလာသည်ကို မင်းရဲကျော်စွာက ခုခံတိုက်ခိုက်သည်။ မင်းရဲကျော်စွာသည် ဆင်တော်ငချစ်ခိုင်ကိုစီး၍ စော်ဘွားဆင်နှင့်အတန်ကြာတွေ့ပြီးနောက် စော်ဘွားဆင်ပေါ်သို့ ခုန်တက်ပြီးလျှင် စော်ဘွားနှင့်တကွ ကုန်းလယ်၊ နောက်ပဲ့တို့ကိုပါခုတ်ချလိုက်သည်။ စော်ဘွားကျလျှင် ရှမ်းစစ်သည်တို့ ပျက်၍ပြေးလေ၏။

မော်တုံမော်ကယ်စား ရှမ်းတို့သည် မြေဒူးမြို့ကို ထိပါးလာသဖြင့် မင်းရဲကျော်စွာသည် သက္ကရာဇ် ၇၇၅ ခုနှစ်တွင် ချီတက်တိုက်ခိုက်အောင်မြင်တော်မူသည်။

သက္ကရာဇ် ၇၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်နေ့တွင် ရာဇာဓိရာဇ်သည် ဆင်မြင်းဗိုလ်ပါမှူးမတ်များနှင့် ကြီးကျယ်စွာ စစ်အင်ကျင်းနေသည့်အခိုက် မင်းရဲကျော်စွာသည် ဗိုလ်မင်းတပ်မင်းစစ်ကဲများက တိုင်တိုင်ပင်ပင်နှင့် သတိဝီရိယကြီးစွာ ပြုအပ်ကြောင်း လျှောက်သည်



www.burmeseclassic.com

www.burmeseclassic.com

ကို ကောင်းစွာ အရေးမယူဘဲ မှူးမတ်အချို့နှင့် သောက်စားမူးယစ်၍သာနေလေသည်။

ရာဇာဓိရာဇ်သည် အမတ်ဒိန်အား မင်းရဲကျော်စွာကို အမျက်ဒေါသထွက်စေရန် တပ်ကလိုက်၍ထွက်အောင်မြူချေဟု စေလိုက်၏။ အမတ်ဒိန်လည်း ဆင် (၅) စီး၊ လူ (၇၀၀)၊ (၈၀၀) ခန့်နှင့် မင်းရဲကျော်စွာတပ်အနီးသို့ လာရောက်၍ နေရာပြင်ဆင်အကွက်ချဟန်ပြုသည်ကို မင်းရဲကျော်စွာက မွန်တို့ကိုလုပ်ကြံရန် ငါတို့လာသည်။ ယခု သူတို့က ငါတို့တပ်ကိုရံမည်ပြုသည်။ အရံခံရမည်လောဟူ၍ အမျက်ထွက်ကာ ထွက်၍တိုက်တော့မည်ဟု မိန့်တော်မူသည်။ မှူးမတ်များက မှားကြောင်း သိသော်လည်း မလျှောက်ဝံ့တော့ချေ။

ဤသို့လျှင် မင်းရဲကျော်စွာသည် ဆင်တော်ငချစ်ခိုင်ကို အရက်ပို၍တိုက်၊ မိမိလည်း နေ့တိုင်းထက်လွန်၍သောက်ကာ တပ်မင်း၊ စစ်ကဲတို့ကို ဆင်၊ မြင်း အမြန်ပြင်ပြီးလျှင် လိုက်ခဲ့ဟူ၍သာ မှာပြီးနောက် စိတ်နောက်ကိုယ်ပါ ဆင်တော်ကိုစီး၍ ရှူးရှူးရှားရှားထွက်ချိခဲ့၏။

လိုက်လတ္တံ့သော နောက်ပါတပ်များတွင်လည်း မြေဒူးစားသည် မွန်တို့ထံမှ ဖမ်းဆီးရမိထားသော ဗကမတ်ဆင်ကိုစီးရာ ဆင်ခါ၍ ကျချေ၏။ ဗကမတ်လည်း မြေဒူးစားကျလျှင် တပ်တွင်းရှိသော ဆင်၊ မြင်း၊ လူသူတို့ကိုလိုက်လံ၍ ငေ့သတ်သဖြင့် ပရမ်းပတာပြုံပြုံကွဲကွဲရှိချေသည်။ ထို့ကြောင့်လည်း ရဲမက်တော်တို့သည် မင်းရဲကျော်စွာကို မမီနိုင်။ တန့်လျက်သာရှိနေခဲ့ရာ မင်းရဲကျော်စွာသည် ရှေ့သို့လွန်လာ၏။ ထိုအခါ ကလေးကျေးတောင်ညိုသည် မိမိတပ်သားများနှင့် အမီလိုက်ရန်ကြိုးစားရာ သူစီးသောဆင် မုန်ပြင်းနေ၍ နောက်မှ မြင်းကတောင်သံကိုကြားလျှင် နောက်ကိုပြန်၍ငေ့လေသဖြင့် အထွေးထွေးရှိကြ၍ ခြေသည်မြင်းသည်ကွဲသောကြောင့် မင်းရဲကျော်စွာကို မမီ။ တပ်တော်ပျက်လေသည်။

မင်းရဲကျော်စွာသည်ကား လောကြီးနေသဖြင့် မစည်းမရုံးဘဲ ပါတန်သမျှနောက်ပါတို့နှင့်သာတိုက်ပြီးလျှင် စည်တီး၍ ဆင်တော်ငချစ်ခိုင်ကို ချွန်းဖွင့်ကာ အတင်းတိုက်သွား၏။ မွန်တို့တပ် (၆) တပ်အနက် (၄)တပ်နှင့်နှင့်အစဉ်အတိုင်း ပျက်လေသည်။ နောက်ကတပ်ကို အတိုက်တွင် ဆင်တော်ပန်းလှသည်နှင့် နောက်က ဆင်ကူလည်း မမီလာသောကြောင့် ဆင်တော်ရပ်လေသည်။

ဤသို့ ဆင်တော်ကွဲ၍ ပန်းနေသည်ကို မြင်သော် ရာဇာဓိရာဇ်၏ သားတော် (၃) ပါး ကြီးမှူး၍ ဆင်အစီး (၃) ခန့်နှင့် အုံညီ၍တိုက်လေ၏။ ဆင်တော်ကို လှံချက်တစ်ရာလောက်ကျလျှင် နာကျင်လှသဖြင့် ဆင်တော်ခါသောကြောင့် ဆင်တော်ထက်က လျှောကျ၍ ပေါင်ကိုဆင်ထိချေ၏။ ရပ်တော်မမူနိုင်။ တွားသွားလျက် ရေကန်နား ဥနှဲပင်အောက်သို့ဝင်၍နေရလေသည်။

ဖမ်း၍မိလျှင် ရာဇာဓိရာဇ်က -

"မင်းသားသူငယ်ဖြစ်သသူကို ငါစိတ်နှလုံးအထူးမရှိ။ မောင်သည် အစားအစာ၊ ဆေးဝါးစားပါ။ ကျန်းမာလာလျှင် သည်တွင် နေလိုလည်း ငါ့သမီးတော်နှင့်စုံဖက်၍ အိမ်ရှေ့ပေးပါမည်။ အင်းဝသို့ ပြန်လိုလျှင်လည်း ကောင်းစွာပို့ပေးမည်။ ကျန်းမာအောင်သာ ဆေးဝါးကုသပါ"

ဟု မိန့်၍ ဆေးဝါးများပေးတော်မူ၏။

မင်းရဲကျော်စွာကား -

"ငါသည် ဟံသာဝတီမွန်ပြည်ကို မရဘဲ ငါမပြန်ဟု မိဌာန်ရင်းရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ယခု ငါ သို့စင်ဖြစ်ပြီးမှ သူ့ကျွန်မခံပြီ။ ငါ့အသက်ရှင်သော်ထက် သေသော်မြတ်၏။ ငါဆေးဝါးမစားပြီ။ ငါ့ကိုသတ်ရန်ကိုသာ စီရင်တော့"

ဟု ဆိုလျှင် ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာကို သေခါနီးတိုင်အောင်မှ စိတ်ကိုမလျှော့။ နောင်သော် ငါ့ကိုပင် ကြံပြန်ချိမ့်မည် ဟူ၍ ထိုညဥ့်တွင်ပင် လုပ်ကြံ၍ မိုးသောက်လျှင် ဆင်ထိတော်မူသောအနာသည်း၍ အနိစ္စရောက်သည်တွင် ကောင်းမွန်စွာ သင်္ဂြိုဟ်လေသည်။ ဤသို့လျှင် မင်းရဲကျော်စွာသည် သက္ကရာဇ် ၇၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်နေ့ညဥ့်တွင် အနိစ္စရောက်သည်။ ဘုရင်မင်းခေါင်သည် ဒလသို့ စုန်လာ၍ သားတော်၏အရိုးတို့ကို မွန်တို့မြှုပ်ထားရာမှ ဖော်ယူပြီးလျှင် ရွှေအိုးတွင်ထည့်ကာ.မထီးအ၀ (ယခု ပသီ၀) တွင်ချလေသည် ဟူ၏။

တွင်းသင်းမြန်မာရာဇ၀င်သစ်၊ ပတွဲစာမျက်နှာ (၃၂၄) တွင် -

ဘုရင်မင်းခေါင်လည်း ဒလသို့ ရောက်လျှင် သားတော်အရိုးကို ရာဇာဓိရာဇ် မြှုပ်ထားရာမှာ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ တပ်တာစည်းကြပ်လျက်ယူပြီးမှ ထီးဖြူအုပ်၍ မှူးတော်မတ်တော်တို့ကိုပူဇော်ကန်တော့စေမှ ရွှေအိုးတွင်ထည့်၍ ရွှေလှော်ကားနှင့် ပန်းမတည်အ၀မှာ ချလေ၏'

ဟု ရေးထားသည်ကို တွေ့ရပါသည်။

မြန်မာ့စွယ်စုံကျမ်း၌ -

'ရွှေအိုးတွင် ထည့်ကာ မထီးအ၀ (ယခု ပသီ၀) တွင် ချလေသည်' ဟု ရေးထားသဖြင့် တွင်းသင်းမြန်မာရာဇ၀င်သစ်နှင့် အနည်းငယ်ကွဲလွဲနေပါသည်။ 'မထီးအ၀'နှင့်'ပန်းမတည်အ၀' ဟူသော အမည်နှစ်ခုမှာ အနည်းငယ်ကွဲလွဲနေသော်လည်း ခပ်ဆင်ဆင်ပင်ဖြစ်၍ အတူတူဖြစ်မည်ဟု ထင်ရပါသည်။

မှန်နန်းမဟာရာဇ၀င်တော်ကြီး၊ ဒုတိယစာမျက်နှာ (၄၃) တွင် -

'မင်းရဲကျော်စွာ ဆုံးတော်မူပြီးညဥ့်တွင် အင်း၀မှာကုက္ကိုပင်စောင့်သောနတ်သည် ကိုယ်ထင်ပြ၍ မင်းရဲကျော်စွာ ဆုံးချေပြီ ဟူ၍ ဆိုသောဟူ၏။ တပ်မှူး၊ စစ်ကဲအပေါင်းတို့လည်း မင်းရဲကျော်စွာ မိုးသောက်တွင် ဆုံးတော်မူကြောင်းကို စာရေး၍ ပင်လယ်ကျေးသဃ်ရာဇာမွေးသော လင်းတလည်တွင် စာခွေစွပ်၍ လွှတ်လိုက်သည်။ အင်း၀သို့ သုံးချက်



မင်းရဲကျော်စွာ ကျဆုံးရာ ဥနဲပင်နေရာမှ စေတီတော်



တီးချိန်တွင်ရောက်လာ၍ ဘုန်းတော်ကြီးက ဘုရင်မင်းခေါင်ကိုဆက်သောဟူ၏'

ဟူသည့် ရေးသားချက်တစ်ခုကိုလည်း တွေ့ရသည်။ ဆိုလိုသည်က မင်းရဲကျော်စွာဆုံးကြောင်း ခမည်းတော်မင်းခေါင်သိရသည်မှာ ကုက္ကိုပင်စောင့်နတ်ပြောသောကြောင့် ဟူသောအဓိပ္ပာယ် ဖြစ်သည်။

စာရေးသူသည် မင်းရဲကျော်စွာကို မြှုပ်ထားရာနေရာသို့ သွားရောက်ကြည့်



www.burmeseclassic.com


www.burmeseclassic.com



တလိုင်းကျော့်နန်း



တလိုင်းကျော့်မယ်တော်(သားပိုက်မယ်တော်)



တလိုင်းကျော့်ကြီးဆင်



နန်းအဝင်မုခ်ဦးနှင့်လမ်း

နှစ် ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက်က သွားရောက်ခဲ့ပါသည်။ မိတ်ဆွေ ဦးမောင်မောင်ကြီး (မန္တလေး) က လိုက်ပို့ပါသည်။

ရန်ကုန်မှ ဘုရင့်နောင်တံတားကြီးကိုကျော်၍ လမ်းအတိုင်းသွားရပြီး အတန်ရောက်သောအခါ အဝိုင်းတစ်ခုတွင် ဘယ်ဘက်သို့ ချိုးလိုက်ရသည်။ တွံတေးသို့သွားရာလမ်း ဖြစ်၏။ တွံတေးတူးမြောင်းပေါ်မှ ကြိုးတံတားကိုဖြတ်၍ သွားရာ မကြာမီတွင် တွံတေးလမ်းခွဲသို့ ရောက်သည်။ ထိုလမ်းခွဲမှ တွံတေးသို့ ဆက်မသွားဘဲ ကော့မှူးဘက်သို့သွားရသည်။ ကော့မှူးသို့မရောက်ခင် တွံတေးမြို့နယ်ထဲတွင် လာကပုံရွာသို့ ရောက်သောအခါ ညာဘက်တွင် မုခ်ဦးကြီးဖြင့် 'မင်းရဲကျော်စွာခေါ် ရှေးဟောင်းသမိုင်းဝင် တလိုင်းကိုကြီးကျော် ရွှေနန်းတော်၊ နန်းရင်း' ဟု ရေးထားသော လမ်းကြားအတိုင်း ဝင်သွားရသည်။ အတန်ငယ်သွားသည်နှင့် ညာဘက်တွင် တိုင်လေးတိုင် အမိုးနှင့်ပလ္လင်ဖြင့်အဆောက်အအုံ တစ်ခုကိုတွေ့ရသည်။ ဘယ်ဘက်တွင်မူ တိုင်လေးတိုင်အမိုးဖြင့် ပြကတေ့ ဆင်အရွယ်အစား ဆင်ရုပ်ကြီးတစ်ရုပ်တွေ့ရသည်။ ထိုမှလွန်သော် တလိုင်းကျော်ကြီး၏နတ်နန်းကို တွေ့ရပါသည်။ သုံးထပ်လယ်ပေါ်ဖြင့် ဆောက်ထားသော နန်းကြီး ဖြစ်၏။ နန်းပလ္လင်ပေါ်တွင် ဆင်ပေါ်၌ တလိုင်းကျော် ဆင်စီးလျက်ရှိပြီး လက်၌ လှံကိုင်ထားသည့် ပုံတော်ကို မြင်ရသည်။ ဘယ်ဘက်၌မူ သားပိုက်မယ်တော်ဟု ဆိုလိုရာရောက်သည်။ ဘယ်ဘက်တွင်မူ တလိုင်းကျော်ကြီး၏ ပုံတော်ဟောင်းရှိသည်။ အလွန်ကြီးသည့် ဆင်ပေါ်တွင်ထိုင်လျက်ဖြစ်၏။ ၎င်းရှေ့ နန်းထဲတွင်ပင် တလိုင်းကျော်ကြီး၏ ဝေါတော်နှစ်ခုကို တွေ့ရသည်။ ပွဲတော်တွင် စီးပုံရသည်။

ထိုနန်း၏ နန်းထိန်းမှာ ဦးကျော်စွာဝင်း ဖြစ်သည်။ ယခုအခါ နန်းထိန်း ဦးကျော်စွာဝင်းသည် အသက် (၇၀) ရှိပြီဟု ဆိုသည်။ ဆိပ်ကမ်းအာဏာပိုင်၊ ငွေစာရင်းဌာန (အငြိမ်းစား) ဟု ဆို၏။ စာရေးသူတို့ ရောက်စဉ်က မရှိ၍ သူ၏ သမက်က လိုက်ပြပါသည်။ နန်း၏ အနောက်ဘက်တွင် ရွှေချထားသော စေတီနှစ်ဆူနှင့်ကျောက်စာများရှိသည်။ စေတီကြီးမှာ မင်းရဲကျော်စွာဘဝပြောင်းရာ ဥနှဲပင်နေရာဟောင်းတွင်တည်ထားသောစေတီဟု ဆိုသည်။ မူလဥနှဲပင်ကြီး မရှိသော်လည်း ယခုနန်းထိန်းက ဥနှဲပင် တစ်ပင် စိုက်ထားသည်။

ကျောက်စာမှာ -

'ရှေးဟောင်းသမိုင်းဝင် ဥနှဲပင်နေရာဟောင်း၊ ရွှေဥနှဲစေတီတော်သမိုင်း' ဟု ခေါင်းစဉ်ဖြင့် မင်းရဲကျော်စွာ၏ ဖြ

www.burmeseclassic.com



တလိုင်းမင်း ချီးရေတော်သုံးသည့်နန်း



မင်းရဲကျော်စွာ မြှုပ်နှံခဲ့ရာ အုတ်ပုံ

စဉ်ကို ရေးထားခြင်း ဖြစ်သည်။ အဆုံးပိုင်းတွင် -

'ဥနဲ့ပင်အောက်၌ ဆင်ထိသောအနာဖြင့် သွားတော်မမူနိုင်သော ဒို့အရှင်အား တွေ့ကာ မွန်တို့က အရှင်ခိုနားသည်ကို ထိုဥနဲ့ပင်အောက်၌ လာကပ် ပုန်းခိုသည်မှတ်၍ ဤအရပ်အား လာကပ်ပုန်းသည်ဟူ၍ လည်းကောင်း၊ ယခုအခေါ် လာကပုံ ဟူ၍ လည်းကောင်း အစွဲပြု၍ ခေါ်ဝေါ်ကြပါသည်။ ဤဥနဲ့ပင်အား အမှတ်ပြု၍ ဤအင်းဝမင်းခေါင်ကြီးမှ အမှတ်တရစေတီတည်သည်ကို ကာလကြာမြင့်ပြိုပျက်၍ မြေအောက်ရောက်ရှိသည်ကို တွေ့ရှိပါသဖြင့် ရှင်းလင်းပြုပြင်၍ နွယ်တော်ရင်းမြတ်စံနန်းကို စောင့်ထိန်းအပ်သော ဆရာဦးကျော်စွာဝင်း-ဒေါ်တင်တင်မြင့်၊ သမီး မသဲစုဖြိုးဝင်း၊ မရွှန်းလဲ့ဖြိုးဝင်း မိသားစုမှ ဦးဆောင်၍ ရွှေဥနဲ့စေတီတော် တည်ထား ကိုးကွယ်အပ်ပါသည်'

ဟု ရေးသားထားသည်။

### မှတ်ချက်

(ဒို့အရှင်သည် ဤသည်နေ့ ၇၇၈ ခု၊ တန်ခူးလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့်နတ်ပြည်စံ၍ ဒို့မြန်မာများက ပခန်းမြို့ကို အပိုင်စားရသဖြင့် ဦးမင်းကျော် (တလိုင်းကိုကြီးကျော်) ဟူ၍ ပူဇော်ပသကိုးကွယ်မှုပြုကြပါသည်။ ဆင်တော်ငချစ်ခိုင်သည် ဤနေရာတွင် ဘဝပြောင်း၍ တို့အရှင်ပါး၌ ခစားပါသည်) ဟု ရေးသား ဖော်ပြထားသည်။

### ရှင်းလင်းချက်

(သို့ဆိုက မင်းရဲကျော်စွာသည် ပခန်းမြို့စားကဲ့သို့ဖြစ်နေသည်။ သမိုင်းတွင်မူ မင်းရဲကျော်စွာကို ပခန်းတရဖျားကြီးသမီး စောမင်းလှနှင့် စုံဖက်တော်မူသည်) ဟူ၍ ပါသည်။

လိုက်ပို့သူ ဦးမောင်မောင်ကြီး၏ ပြောပြချက်အရ တန်ခူးလဆန်း ၄ ရက်တွင် ဤတလိုင်းကျော်နန်း၌ နတ်ပွဲရှိသည်ဟု ဆိုသည်။ ထိုနေ့တွင် စစ်ထွက်ပြီး ချီးရေတော်သုံးသည်ဟု ဆိုသည်။

စာရေးသူတို့ ဝင်လာစဉ်က ညာဘက်တွင် တိုင်လေးတိုင်အမိုးနှင့် ပလ္လင်ဖြင့် အဆောက်အအုံတစ်ခုကို တွေ့ရသည်ဟု ရေးသားခဲ့သည်။ ထိုအဆောက်အအုံရှိ ပလ္လင်ပေါ်တွင် တလိုင်းကျော်ကြီးချီးရေတော်သုံးခြင်း ဖြစ်သည်။ တန်ခူးလဆန်း ၄ ရက်တွင် ပွဲတော်ကျင်းပခြင်းမှာ သက္ကရာဇ် ၇၇၈ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့ညဉ့်၌ မင်းရဲကျော်စွာ နတ်ပြည်စံရ၍ဖြစ်ပုံရသည်။

တန်ဆောင်မုန်းလဆန်း ၇ ရက်မှ ၁၁ ရက်ထိသည် ကန်တော့ပွဲခံဖြစ်သည်။ တစ်ပြည်လုံးမှ သိုးဆောင်းဗောင်းဆင်းများလာကြသည်ဟုဆိုသည်။ (၉) ရက်နေ့တွင် ချီးရေတော်သုံးပြီး (၁၀) ရက်နေ့တွင် ဆင်ဖမ်းသည်။

အိမ်ကနားများ ကျင်းပလျှင် နေ့လယ်ဘက် အဆောင်ကိုင်တက်၍ ပခန်းမင်းကိုချော့ပြီးက တလိုင်းကျော်ကြီးကို ဆက်ချော့ရလေသည်။ ထိုတွင်လည်း တလိုင်းကျော်ချော့က ဆင်ဖမ်းသည်။ (တလိုင်းကျော်ချော့သည့်အခါ ဆိုင်းက တလိုင်း (မွန်) သံပင်တီး၍ စာရေးသူသည် တလိုင်းကျော်ဆိုသည့်နတ်ကို မွန်တိုင်းရင်းသားဟူ၍ပင် ထင်ခဲ့ပါသည်။ ယခုမှ တလိုင်းကျော်သည် မင်းရဲကျော်စွာဟု ဆိုလေရာ တွဲတေးအရပ်သည် ရှေးက မွန်အရပ်ပင် ဖြစ်သောကြောင့် မွန်အရပ်တွင် ဆုံးရသော မင်းရဲကျော်စွာကို တလိုင်းကျော်ဟု မွန်နတ်ပြုလိုက်ပုံရသည်။)

တလိုင်းကျော်ကြီးနန်းမှ တောလမ်းအတိုင်းအနည်းငယ်သွားလျှင် မင်းရဲကျော်စွာကို မြှုပ်နှံခဲ့ရာ အုတ်ပုံသို့ ရောက်သည်။ အုတ်ပုံသည် တောင်ကုန်းပေါ်တွင် ဖြစ်၏။ အုတ်ပုံအလွန်ကြီး၍ မသိက စေတီပျက်ဟူ၍ပင် ထင်ရသည်။ အမှန်မှာ ထိုအုတ်ပုံအောက်တွင် အလောင်းမရှိတော့ပါ။ ဘုရင်မင်းခေါင်က သားတော်အရိုးကို ရာဇာဓိရာဇ်မြှုပ်ထားရာမှ ဖော်ယူပြီး ရွှေအိုးတွင် ထည့်၍ ရွှေလှော်ကားနှင့် ပန်းမတည် အဝ သို့မဟုတ် မထီးအဝ (ယခု ပသီဝ) တွင် ရေချသည်ဟု တွင်းသင်းမြန်မာဇဝင်သစ်နှင့် မြန်မာစွယ်စုံကျမ်းတို့ ရေထားကြောင်း ဖော်ပြခဲ့ပြီးပြီ ဖြစ်သည်။ သို့ကြောင့် ယခုအုတ်ပုံသည် မင်းရဲကျော်စွာကို ရာဇာဓိရာဇ်က မြှုပ်ထားရာနေရာသာ ဖြစ်သည်ဟု ဆိုရမည်။

မောင်သန်းဆွေ (ထားဝယ်)

www.burmeseclassic.com

# မျိုးတင့်(ညောင်ဖလေးပင်)

# သင်္ဘောမညိုး(ခေါ်)ပန်းကညွတ်ပင်နှင့် ကုထုံးဆေးချက်များ

မြန်မာနိုင်ငံတွင် ဆီးချိုနှင့်သွေးချို သွေးတိုးရောဂါဖြစ်ပွားမှုသည် ရှေးယခင်ကာလများထက် သိသိသာသာမြင့်တက်လာနေသည်။ လူကြီး၊ လူငယ်မရွေး သွေးတိုးရောဂါ ဖြစ်တတ်သည်။ အထူးသဖြင့် အသက် (၄၀) ကျော်၊ (၅၀) အရွယ်များတွင် စတင်ဖြစ်ပွားလေ့ရှိသည်။ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါများနှင့် ဆက်စပ်လျက်ရှိပြီး ရောဂါရင့်လာပါက ကျောက်ကပ်ရောဂါ၊ လေဖြန်း၊ လေဖြတ်၊ လေငန်းရောဂါများ နောက်ဆက်တွဲလိုက်ပါလာကြသည်။

သွေးတိုး၊ ဆီးချိုရောဂါရလာသော အကြောင်းရင်းများကို လေ့လာကြည့်ပါလျှင် လူနေမှုဘဝနှင့် စားသောက်မှုပုံစံ ပြောင်းလဲလာသောကြောင့်ဖြစ်ကြောင်းတွေ့ရသည်။ မြန်မာ့တိုင်းရင်းဆေးပညာနှင့် စိစစ်ကြည့်လျှင် ပထဝီဓာတ်စာဖြစ်သည့် ချိုဆိမ့်အီသော အစာအာဟာရများကိုစားသုံးခြင်းပိုများလာသောကြောင့် ဖြစ်သည်။ လက်ဖက်ရည်ချိုသောက်သော ယဉ်ကျေးမှုသည် မြန်မာ့လူဘောင်နယ်ပယ်သို့ ကူးပြောင်းလာသည်မှာ အကြောင်းတစ်ရပ် ဖြစ်သည်။ ပထဝီဓာတ်စာဖြစ်သော ဒံပေါက်ထမင်း၊ ထောပတ်ထမင်း၊ နွားနို့၊ ကြက်ဥ၊ ဟောလစ်၊ လက်ဖက်ရည်ချို၊ မလိုင်၊ ထောပတ်၊ အုန်းသီးဆန်၊ မြေပဲဆန်စသော ချိုဆိမ့်အရသာ အစားအစာများကို စားသုံးရာမှ ရောဂါရကြသည်။ အငန်ဓာတ်များ လွန်ကဲစွာစားသုံးခြင်းနှင့် အခြားသော အကြောင်းအချက်များလည်း ပါဝင်ပါသည်။

ကောင်းမြတ်သောအရသာရှိသည့် အာဟာရများသည် မျှတမှုမရှိသောအခါ ပထဝီဓာတ်အားကောင်းလာသည်။ ဝါယောဓာတ်၊ အာပေါဓာတ်များ ယုတ်လျော့လာပြီး သွေးတိုး၊ ဆီးချိုဖြစ်လာကြသည်။ အာပေါဓာတ်မှာ ခန္ဓာကိုယ်တည်ဆောက်မှုတွင် အဓိကကျသည်။ သွေးသားလည်ပတ်ရေးစနစ်တစ်ခုလုံးနှင့် ကြွက်သားများလှုပ်ရှားမှုကို ဝါယောဓာတ်က တာဝန်ယူရသည်။ ထိုပုံစံများ ဟန်ချက်ပျက်ယွင်းလာသောကြောင့်တွင် ဆီးချို၊ သွေးတိုးရောဂါများ ဖြစ်လာရသည်။

ဆီးချို၊ သွေးတိုးရောဂါတို့ကို မြန်မာ့တိုင်းရင်းဆေးဆရာများနှင့် ဒေသခံကျေးလက်ပြည်သူတို့သည် ကုထုံးအမျိုးမျိုး၊ ဆေးပင်၊ ဆေးရွက်၊ ဆေးဥ၊ ဆေးမြစ်မျိုးမျိုးနှင့် ကုသခဲ့ကြသည်။ ဆေးမြီးတိုနည်းပေါင်းများစွာကိုလည်း စာနယ်ဇင်းများတွင် တင်ပြနေကြသည်။ မြန်မာ့တိုင်းရင်းဆေးကို မြတ်နိုးသူများ အကျိုးရှိ ပျောက်ကင်းခွင့်ရသူများလည်း ရှိနေပါသည်။ ထိုဆေးပင်များအနက် ရောဂါနှင့် တိုက်ရိုက်တွေ့ထိပျောက်ကင်းနိုင်သော ဆေးပင်တစ်မျိုးမှာ သင်္ဘောမညိုး (ခေါ်) ပန်းကညွတ်ပင် ဖြစ်သည်။

ဤဆေးပင်မှာ စာဖတ်သူတို့၏ လက်တစ်ကမ်းတွင် အလွယ်တကူ ရနိုင်ပါသည်။ ပန်းကညွတ်ပင်ကို ခရစ်နှစ် ၁၇၅၉ ခုတွင် ရုက္ခဗေဒပညာရှင် LINN ဆိုသူက စတင်တွေ့ရှိခဲ့သည်။ ရုက္ခဗေဒပညာရှင်များက VIN CAROCEA LINN ဟူ၍ ရုက္ခဗေဒအမည်မှည့်ခေါ်ခဲ့သည်။ အင်္ဂလိပ်ဝေါဟာရမှာ PERWINKLE ဖြစ်သည်။ ပန်းပင်လေးများမှာ ညှိုးနွမ်းခြင်းမရှိ နှစ်ပတ်လည်စိမ်းစိုဖူးပွင့်သည်။ အရွက်စိမ်းပုံမှာ အရည်ရွှမ်းရွှမ်းနှင့် ထူးခြားသည်။

## ပုံသဏ္ဌာန်


အရွက်မှာ ရေကညွတ်၏ အရွက်နှင့်တူသည်။ ရေကညွတ်က နူးညံ့သော်လည်း ပန်းကညွတ်က မာကျောသည်။ အရွက်များ ဘယ်၊ ညာစုံထွက်သည်။ အဖြူရောင်၊ မရန်းရောင်အပွင့်များပွင့်သည်။ ပင်စည်ရိုးတံမှာ ခဲတံလုံးခန့်ရှိသည်။ (၁) ပေခွဲမှ (၂) ပေအထိ မြင့်ကြသည်။

## ပေါက်ရောက်ရာဒေသ

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တွေ့ရသည်။ အအေးပိုင်း၊ သမပိုင်း၊



ပန်းအိုးနှင့်စိုက်ထားသော သင်္ဘောမညိုး (ခေါ်) ပန်းကညွတ်ပင်များ



သင်္ဘောမညိုး (ခေါ်) ပန်းကညွတ်ပွင့် အနီးကပ်မြင်ကွင်း




www.burmeseclassic.com

www.burmeseclassic.com



အလှစိုက်ထားသော သဘော်မညှိုး (ခေါ်) ပန်းကညွတ်ပင်များ



လမ်းဘေးပလက်ဖောင်း၌ရှင်သန်နေသော သဘော်မညှိုး (ခေါ်) ပန်းကညွတ်ပင်များ

အပူပိုင်းဒေသတိုင်းတွင် ဖြစ်ထွန်းသည်။ နေပူ၊ မိုးရွာ၊ အအေးလွန်ကဲခြင်းတို့ကို အန်တုနိုင်သည်။ အိမ်များတွင် အလှစိုက်သည်။ ပန်းခြံများ၊ လမ်းများတွင် အလှဆင်စိုက်ပျိုးလေ့ရှိသည်။ (ပုံများ ပူးတွဲတင်ပြထားပါသည်။)

သဘော်မညှိုးခေါ် ပန်းကညွတ်ပင်သည် ဆီးချို၊ သွေးချိုရောဂါများကို သာမက အခြားသောရောဂါများကိုပါ ပျောက်ကင်းနိုင်သည်။ ထိုရောဂါတို့ကို ပျောက်ကင်းစေနိုင်သော ကုထုံးဆေးများကို တင်ပြလိုက်ပါသည်။

**သွေးတိုး၊ ဆီးချိုနှင့်သွေးချိုရောဂါ ပျောက်ကင်းခြင်း**

ပန်းကညွတ်ပင်၏ ပဥ္စငါးပါးကို (၅) ကျပ်သားယူ၍ ရေစင်ကြယ်အောင် ဆေးရသည်။ ရေသန့် (၄၀) ကျပ်သား တစ်ပုလင်းစာခန့် မြေအိုးနှင့် ထက်ဝက်ခန်းအောင်ကျိုရသည်။ အလွန်ခါးသော ဆေးရည် ဖြစ်သည်။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် (၃)ကြိမ် သောက်ရသည်။ ဤသို့ သောက်သော် ရောဂါနုလျှင် (၇) ရက်၊ ရောဂါအလတ်ဖြစ်လျှင် (၁၄) ရက်၊ ရောဂါကြီးလျှင် (၂၁) ရက် သောက်ရသည်။ ရက်လတာရှည် ထိုဆေးရည်ကိုစွဲ၍သောက်လျှင် အမြစ်ပြတ်ပါသည်။

**သွေးကင်ဆာ**

ဤဆောင်းပါးစာမူကို ရေးသားနေစဉ် ဆေးပညာဗဟုသုတလိုက်စားပြီး မြန်မာဆေးမြီးတိုများကို မှတ်သားစုဆောင်းလေ့ရှိသော စာရေးသူ၏ မိတ်ဆွေကြီး ဦးအောင်ထွန်း (ပရဆေးဆိုင်) မဒေါက်ဈေးအတွင်းနေသူက သူ၏ ကိုယ်တွေ့ညွှန်ပြမှုနှင့် သွေးကင်ဆာရောဂါဆိုးကြီး ကုသပျောက်ကင်းခဲ့ပုံများကို ဆွေးနွေးတင်ပြလာပါသည်။ မဒေါက်၌ မိသားစု (၄)၊ (၅) စုမှ ရောဂါသည် (၄)၊ (၅) ဦးခန့် သဘော်မညှိုးကို ထန်းလျက်နှင့်ပြုတ်၍ မှန်မှန်မှီဝဲခဲ့ရာမှ ဆေးရုံ၌ ကုသမရခဲ့သော ဝေဒနာရှင်များ လုံးဝပျောက်ကင်းခွင့်ရခဲ့ပုံများကို ပြောပြခဲ့ပါသည်။ ထိုအချက်မှာ သွေးကင်ဆာရောဂါဆိုးကြီး ခံစားနေရသူတို့အတွက် ရေနစ်နေစဉ် ကောက်ရိုးတစ်မျှင် မဟုတ်ဘဲ အသက်ကယ်ဘောကွင်းတစ်ခုကဲ့သို့ ဖြစ်နိုင်သောကြောင့် စာရေးသူမှ စေတနာထား သတင်းစကား ရေးသား တင်ပြပေးပါသည်။

**အဆိပ်မတက်ခြင်း**

ပုရွက်ဆိတ်များ၊ နသံကောင်၊ နကျယ်ကောင် စသော အဆိပ်ရှိသော သတ္တဝါများကိုက်ခဲ့လျှင် အရွက်ကိုပွတ်ခြေ၍ အရည်နှင့် ဒဏ်ရာပေါ် လိမ်းကျံပေးသော် သက်သာ ပျောက်ကင်းပါသည်။

**ဝမ်းမီးကိုပြုပြင်ပေးခြင်း**

လူဝပြီးအစားအသောက်ပျက်သူ၊ လူပိန်ပြီး ပါစကတေဇောညံ့၍ ဝမ်းမီးမကောင်းသူတို့ အပင်၏အမြစ်နုကို စုဆောင်း၍ နေရိပ်တွင်သွေ့စေရသည်။ အမှုန့်ထောင်းပြီး ပျားရည်နှင့်တေ၍ (၂)ပဲသားခန့် ပုံမှန်စားလျှင် ပါစကဝမ်းမီးကောင်းလာသည်။ (၂) လအတွင်း ကျန်းမာရေးအထူးကောင်းမွန်လာနိုင်ပါသည်။

**မီးယပ်ရောဂါ**

အမျိုးသမီးများ ပါစကဝမ်းမီးညံ့ပြီး မီးယပ်သွေးလွန်ရောဂါဖြစ်လျှင် အထက်ဖော်ပြပါအတိုင်း ဆေးပင်ပဥ္စငါးပါးကို ပြုတ်ရည်လုပ်၍ သောက်သော် ပျောက်ကင်းသည်။

သဘော်မညှိုးခေါ် ကညွတ်ပင်ကို တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်များ ဦးဆောင်တည်ဆောက်ထားသည်။ ဝမ်းမီးပါစကဓာတ်ကို ကောင်းမွန်စွာပံ့ပိုးထောက်ကူနိုင်သော ဆေးစွမ်းကောင်းပင်မျိုး ဖြစ်သည်။ လက်တစ်ကမ်းတွင် အလွယ်တကူ ရနိုင်သော ကညွတ်ပန်းပင်ကလေးများကို ဖော်ပြပါ ဆေးညွှန်းများအတိုင်း အသုံးချကြလျှင် ဘေးထွက်ဆိုးကျိုးမရှိ ကောင်းကျိုးအတိ ရနိုင်ကြမည်ဖြစ်ကြောင်းကို စေတနာကောင်းနှင့် တင်ပြအပ်ပါသည်။

သက်ရှည်ကျန်းမာ၊
စိတ်ချမ်းသာကြပါစေ
မေတ္တာရှည်လျှက်

မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကိန်းရှိ -မရှိ၊ ငွေအစုအပုံလိုက် ဝင်နိုင်-မဝင်နိုင်၊
ပိုင် အိမ်ခြံမြေ၊ တိုက်တာ၊ ကားတို့ ပိုင်ဆိုင်ရမည့်အရွယ်၊
ကျော် နိုင်ငံကျော်မည့် စာပေ၊ ဂီတ၊ရုပ်ရှင်၊အနုပညာနှင့်
ကျိုးပေး-မပေး၊ဝတ္ထု၊ စာပေ၊ ကဗျာတို့ တွင် အရောင်းရ
တောင်းဆုံး (BEST SELLER)ဖြစ်နိုင်-မဖြစ်နိုင်၊ အကြီး ကျယ်ဆုံး၊
ငွေအကောင်းဆုံး၊ ရောင်းအား အမြင့်ဆုံး DEPARTMENT STORE
MPANY, HOTEL, LODGING HOUSE စသည့် လုပ်ငန်းတို့နှင့်
ကျိုးပေး-မပေး၊ အကျိုးတူ ပူးပေါင်းဖက်စပ်သည့် အစုစပ်
ယာနှင့် ပတ်သက်၍ အကျိုးပေး- မပေး၊ အလှဖန်တီးမှု
ငန်းဖွင့်ရန် အကျိုး ပေး-မပေး (BEAUTY SLOON) စိန်ရွှေ
နာ ရောင်းဝယ်ခြင်းနှင့် အကျိုး ပေး-မပေး၊ နိုင်ငံခြား
သော်သားဘဝနှင့် အကျိုးပေး-မပေး၊ ပြည်ပတွင် သွားရောက်
လုပ်လုပ်ကိုင်ရမည့် ကံပါ-မပါ၊ ရေကြောင်းသင်္ဘော ကုမ္ပဏီ၊
ကြောင်းကုမ္ပဏီတို့နှင့် အကျိုးပေး-မပေး၊သင့်ရင်သွေးတို့
င် ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ ပညာရှင်များ ဖြစ်နိုင်-
ဖြစ်နိုင်၊ ဆရာဝန် ဖြစ်လာပါက PAEDIATRIC, OBSTERRIC
D GYNECOLOGY, MEDICINE, SURGERY အစရှိ သည်တို့တွင်
သည့် ဘာသာရပ်နှင့် အကျိုး ပေး-မပေး၊ အင်ဂျင်နီယာ MECHANICAL,CIVIL, ARCHITECTURE, ELECTRONICS
ကြောင်းပညာ၊ လေကြောင်းနှင့်အာကာသပညာ အစရှိသည်တို့တွင် မည်သည့် ဘာသာရပ်နှင့် အကျိုးပေး-မပေး၊
သမီး ရတနာများ မွေးဖွားရာတွင် ဇာတာရှင်အတွက် အကောင်းမွန်ဆုံး အသင့်တော်ဆုံး၊ ခွဲစိတ်ရမည့် လ-ရက်-
-နာရီ-မိနစ်တို့ကို ရွေးချယ်ပေးခြင်း၊ သားသမီးများအတွက် ရာသက်ပန်အကျိုးပေးနိုင်မည့်အမည်၊ လုပ်ငန်းအမည်၊
ဏီအမည်၊ အိမ်ထောင်ကျမည့်အချိန်၊ အိမ်ထောင်ပြုရန် သင့်-မသင့်၊ အိမ်ထောင်ဖက် အရည်အချင်း၊ မည်သည့်နေ့-
-နာရီ-မိနစ်တွင် လက်ထပ်ရမည်ကို မင်္ဂလာအခါပေးခြင်း၊ အိမ်ခြံမြေ တိုက်တာကားများဝယ်ရန်၊ ရောင်းရန်၊
ာက်လုပ်ရန်အတွက် အခါပေးခြင်း၊ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အလုပ်အကိုင်၊ အရောင်းအဝယ်၊
အခင်းများအတွက် အထူးယတြာ (သံဟိတပညာ) နှင့် တွဲဖက်၍ သင့်တံကြမ္မာကို မြှင့်တင်ပေးလျက်ရှိပါသည်။
ညွှန်-



ဆရာဦးချမ်းမင်း(LL.B)
သိပ္ပံသင်္ချာအာစရိယ နက္ခတ္တဗေဒ
မြေအမှတ် (၃၀-၁၁)၊ ရွှေစဉ္စာလမ်းသွယ်၊
စံပယ်လမ်းမကြီး၊ ဝန်ထမ်းကြီးများရိပ်သာ၊
ရွှေပြည်သာမြို့။ Ph 09 8516520

မှတ်တိုင်ဆင်းပါ၊ မြေအမှတ် ၃၀ ၁၁ စံပယ်လမ်း( ဒုတိယမြောက်ဘယ်ဘက်လမ်းသွယ်-ရွှေစဉ္စာလမ်း) ဝန်ထမ်းကြီးများရိပ်သာ(V.I.P)
ည်သာမြို့။Ph 09 8516520ဆွေးနွေးချိန် -(ဥပုသ်နေ့မှအပ- နံနက် (၇) နာရီမှ (၃)နာရီအတွင်း)

**ဆရာချမ်းမင်း(LL.B)**

**ဘဝရှုခင်းအလင်းလက္ခဏာ–အမှတ် (၁)**

ဖြန့်ချိရေး
ပြည်သာစာပေ
တ်(၆/၁၀) ရပ်ကွက်၊ချင်းတွင်းလမ်း၊ရွှေပြည်သာမြို့။
၀၁- ၆၁၁၆၂၂ ၊ ၀၁- ၆၁၁၄၅၇

အမြို့မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အမည်နာမ

အသုံးများတဲ့ ခေါင်းစဉ်ကိုပဲသုံးလိုက်ပါတယ်။ ရှေးဟောင်းမူရင်းကတ်တွေမှာ အင်္ဂလိပ်က The Juggler၊ ပြင်သစ်က Le Bateleur၊ အီတလီက LI Bagatto စသည်ဖြင့်ခေါ်ကြပါတယ်။

ဒီအပြင် အောက်ဖော်ပြပါအမည်များကိုလည်း အသုံးပြုတတ်ပါတယ်။

- Minstrel
- Wizard
- Magus
- Mountebank
- Gypsy Master
- Pagat

တိုင်းပြည်အလိုက်၊ လူမျိုးဘာသာအလိုက်၊ အချိန်ကာလတွေအလိုက် အမျိုးမျိုးပြောင်းခေါ်ဝေါ်အသုံးပြုခဲ့ကြပါတယ်။ ဗဟုသုတအဖြစ်သိထားဖို့ပါ။ ထို့အတူပဲ အခြားသော ကတ်တိုင်းမှာ နာမည်အမျိုးမျိုးရှိပါတယ်။

အဆက်အစပ်ရှိတုန်းမှာ တစ်ခါတည်း ကတ် (၂၂) ခုရဲ့ အဓိကအမည်ကွဲ (၃) မျိုးကို ယှဉ်တွဲဖော်ပြလိုက်ပါတယ်။ နောက်ကတ်တွေရေးတဲ့အခါပြန်ပြောစရာမလိုတော့အောင် ပြည့်စုံစေဖို့ပါ။

## အကာနဲ့အနှစ်

ယုံးခြားချက်တစ်ခုက အင်္ဂလိပ်တို့၊ ပြင်သစ်တို့လို ရှေးရိုးခရစ်ယာန်တွေက အစွဲအလမ်းကြီးတယ်။ ခရစ်တော်ရဲ့ နောက်ဆုံးညစာစားပွဲမှာ လူ (၁၃) ယောက်ပါဝင်ခဲ့တာကို အကြောင်းပြုပြီး နံပါတ် (၁၃) ကို Unlucky number Death၊ အားလုံးကလည်း Unlucky အဖြစ်သတ်မှတ်ပြီး တချို့ကတ်တွေပေါ်မှာ နံပါတ် (၁၃) မရေးဘဲ ဒီအတိုင်းအလွတ်ထားတယ်။ Death စာလုံးကိုလည်း မရေးဘူး အလွတ်ထားတယ်။ ဒီအယူအဆတွေက မူရင်း Tarot ပညာနဲ့ ဘယ်လိုမှမပတ်သတ်ပါဘူး။ ခရစ်တော်မပေါ်မီ နှစ်ပေါင်းများစွာကတည်းက မူရင်း Tarot ပညာက ရှိနှင့်ပြီးသားပါ။ နိဒါန်းပိုင်းမှာ ကျွန်တော်တင်ပြခဲ့သလို တိုင်းနိုင်ငံများစွာ၊ လူမျိုး၊ ဘာသာများစွာတွေကို ဖြတ်သန်းစီးဆင်းခဲ့ရာလမ်းတစ်လျှောက်မှာ တွယ်ကပ်ငြိပြီးပါလာခဲ့တဲ့ လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူအဆတွေမျှသာ ဖြစ်ပါတယ်။ Tarot ပညာဟာ မည်သည့်လူမျိုး၊ မည်သည့်ဘာသာကမှ မပိုင်ပါဘူး။ ကမ္ဘာ့လူသားမျိုးနွယ်စုအားလုံးကို စောင့်ရှောက်နေတဲ့ ဂန္ဓာရီ-မဟာသူတော်စင်ကြီးများရဲ့ ပညာရပ်တွေမျှသာ ဖြစ်ပါတယ်။

အကာအောက်က အနှစ်ကို ကျွန်တော်တို့မြင်အောင်ကြည့်ရပါမယ်။ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးထဲက ဝါသနာရှင်၊ ပညာရှင်တွေ ရေးသားပြုစုထားတဲ့ ကျမ်းစာအုပ်ပေါင်းစုံကို ကျွန်တော်တို့ လေ့လာ သည်းပူးရပါမယ်။ ပုံစံဖွဲ့ဇာတ်လမ်းဆင်ပြီး တန်ဆာဆင်ထားတဲ့ အပြင်ယံအခွံတွေကိုခွာပြီး ပညာရဲ့ အနှစ်သာရ အမြုတေကို တွေ့အောင်ရှာ၊ မှန်ရာကိုအသုံးပြုနိုင်ဖို့ ကြိုးစားရပါမယ်။ မမိနှစ်သက်ရာ၊ အာရုံကျရာ အကြောင်းအရာတစ်ခုထဲမှာ စွဲလမ်းဆုပ်ကိုင် နှစ်မြုပ်နေဖို့ မဟုတ်ပါဘူး။ ပညာဆိုတာ ထာဝရရှင်သန်နေရပါမယ်။

ယခု ကျွန်တော် တင်ပြနေတာတွေဟာ အထက်က အကြိမ်ကြိမ်တင်ပြခဲ့သလို ကျွန်တော်ရဲ့ အတွေ့အကြုံနဲ့ ကျွန်တော်သဘောပေါက်နားလည်ပုံတွေကို လက်တွေ့နဲ့ယှဉ်တွဲပြီး တင်ပြမျှဝေခြင်းမျှသာ ဖြစ်ပါတယ်။ စာအုပ်တွေကို ဘာသာပြန်ဆိုပြနေတာ မဟုတ်ပါဘူး။

ဒါတွေရေးနေရင်းနဲ့ စဉ်းစားလာမိတာရှိတယ်။ ကျွန်တော့်ရည်ရွယ်ချက်က Tarot ပညာရဲ့-ဆိုလိုရင်း အနှစ်သာရကို မျှဝေဖို့ပါ။ အားလုံးအမှန်ကိုဖြစ်စေချင်လို့ပါ။ ဒါပေမယ့် သိစေချင်တာတွေများတော့ ပိုရှုပ်သွားမှာလည်းစိုးမိတယ်။ အရောင်ရဲ့အဓိပ္ပာယ်တွေကတစ်မျိုး၊ ရုပ်ပုံတွေကတစ်မျိုး၊ သင်္ကေတတွေကတစ်ဖုံ၊ နောက်ခံဇာတ်လမ်းတွေကလည်း စုံပါ့။ နောက်ပိုင်း ဆရာကြီးများရဲ့ ပြောင်းလဲပြင်ဆင်ထားခဲ့ပုံတွေကလည်း သိချင်စရာ၊ ဟီဘရူးစာကလည်းတစ်မှောင့်၊ ရာသီ ဂြိုဟ်တွေနဲ့မကင်း၊ သင်္ချာဝေဒနဲ့လည်းဆက်နွှယ်နေ။ စာဘူးတောင်းအသိုက်ကိုတစ်မျှင်ချင်းဆွဲထုတ်နေရသလိုမျိုး ကျွန်တော်ကိုယ်တိုင်တောင် ခံစားလာမိတယ်။

ဒီအချက်တွေသိပြီး လေ့လာနေရတာမဟုတ်ဘဲ လေ့လာရင်းနဲ့ သိလာရတာဆိုတော့ တင်ချိတည်း တစ်နေရာ





www.burmeseclassic.com

www.burmeseclassic.com

တည်းမှာ စုံအောင်ပြောပြရရင် ရှင်းလေ ချုပ်လေဖြစ်မှာစိုးပါတယ်။ သို့သော် သေချာတာတစ်ခုကတော့ Tarot ကားချပ်တစ်ခု ပါဝင်တဲ့ အရောင်၊ သင်္ကေတ၊ ရုပ်ပုံ၊ ရာဇဝင်၊ ဂဏန်း၊ ဂြိုဟ်အားလုံးဟာ အဲဒီကားချပ်ရဲ့တစ်မျိုးတည်းသော အဓိပ္ပာယ်အနှစ်သာရဆီကိုသာ အားလုံး ဦးတည်ကြပါတယ်။ ဦးတည်ချက်ကွဲလွဲမှုမရှိပါဘူး။

ဒါကြောင့် ယခုနံပါတ်(၁)Magician ကားချပ်မှာ တွေ့သင့်တွေးထိုက် သိသင့်သိထိုက်တာတွေကို စုံနိုင်သမျှ စုံအောင် နမူနာအဖြစ်တွေးပြပြီး နောက်ကတ်တွေမှာတော့ ကားချပ်ရဲ့ဆိုလိုရင်းကိုပဲ ရှင်းရှင်းလင်းလင်း ပေါ့ပေါ့ပါးပါး သွားတော့မယ်လို့ စဉ်းစားထားပါတယ်။

စာဖတ်သူများရဲ့ သဘောထားကိုလည်း သိပါရစေ။

**နေနဲ့လနဲ့နှစ်ပါးဆိုင်**

I.Magician ကားချပ်အကြောင်း စရအောင်။ ကျူမြိုးနဲ့ ရက်လုပ်ထားတဲ့ ဦးထုပ်ဆောင်းထားတယ်။ ဦးထုပ်ရဲ့



(တားရော့-သုတေသီ)

မိုးကောင်း

# ဆရာစိုး-ရွှေအာရုဏ်ဦး

## တားရော့ကားချပ်များအားလေ့လာခြင်း

(1. The Magician = မှက်လှည့်ဆရာ / မှော်ဆရာ)

www.burmeseclassic.com

www.burmeseclassic.com




အနားတွေက အင်္ဂလိပ်ဂဏန်း 8 ကို လှဲထားတဲ့ ပုံသင်္ကေတန်ဖော်ထားတယ်။ ဒီသင်္ကေတန်ကနေ = 0 နဲ့ လ= 0 (၂) ခုကို ပူးထားတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။ ယင်+ယန်၊ Yin + Yang သဘောရဲ့ အခြေခံလည်း ဖြစ်ပါတယ်။ အပူနဲ့ အအေး၊ အဖိုနဲ့ အမ၊ Positiveနဲ့ Nigative၊ စွမ်းအင်တစ်ခု စတင်မွေးဖွားခြင်း၊ ညီညွတ်မျှတစွာပေါင်းစပ်နိုင်ရန် ကြိုးစားခြင်းသဘောတွေပါဝင်ပါသည်။

ဘယ်လက်မှာ တုတ်ကိုကိုင်ပြီး အပေါ်ကို မြှောက်ထားတယ်။ တုတ် = သစ်ပင်/သစ်ကိုင်း = ဘဝရှင်သန်မှုကို ဆိုပါတယ်။ ယာလက်က အဝိုင်းပုံ သင်္ကေတန်ရှိတဲ့ပစ္စည်းကလေးတစ်ခုကိုင်ပြီး အောက်ဘက်ကိုညွှန်နေတယ်။ စားပွဲပေါ်မှာ တိုလီမိုလီပစ္စည်းလေးတွေရှိနေတယ်။ အရှုံးအဖြစ်နဲ့ ပခုံးပေါ်ထမ်းလာခဲ့တဲ့ အိတ်ကြီးထဲက ပစ္စည်းတွေဖြစ်ပါတယ်။ အိတ်ကြီးကို ဖွင့်ချလိုက်ပါပြီ။ ဒါပေမယ့် ထွက်ပေါ်လာတဲ့ ပစ္စည်းတွေကို ဘယ်လိုအသုံးချရမလဲဆိုတာကို သူမသိသေးပါဘူး။ သူဟာ မြေကြီးပေါ်မှာ ခြေ (၂) ဖက်ကို စွဲမြဲစွာချထားပါတယ်။ သူရပ်တည်ရာမြေပြင်မှာ မြက်ပင်လေး တစ်ပင်၊ နှစ်ပင်မှအပ ဘာမှမရှိသေးပါ။

သူ့ယာလက်မှာ ကိုင်ထားတဲ့ အဝိုင်းသင်္ကေတန်ပစ္စည်းလေးဟာ ပေါင်မုန့်အဝိုင်းကလေးတစ်ခုမျှသာ ဖြစ်ပါတယ်။စားသောက်နေထိုင်ရေး၊ အသက်ရှင်သန်ရေး၊ တိုးပွားစည်ပင်ရေးတို့ကို ရည်ရွယ်ပါတယ်။ (ကြယ် - ဒင်္ဂါးပြား မဟုတ်ပါ။ ဒီထက်လေးနက်ကျယ်ပြန့်တဲ့ ရည်ညွှန်းချက် ဖြစ်ပါတယ်။)

Magician ဟာ ဘာမှမရှိသေးတဲ့ ကမ္ဘာမြေပြင်/လူ့လောကကြီးကို စည်ပင်တိုးပွားဖို့ ဆောင်ရွက်ပေးချင်တယ်။ သူ့အသိပညာ၊ အတတ်ပညာတွေနဲ့ အကောင်အထည်မဖော်နိုင်၊ မစွမ်းဆောင်နိုင်သေးဘူး။ သူ့ဘေးကိုကြည့်ပြီး ကူညီထောက်မပေးနိုင်သူရှိမလားလို့မျှော်တယ်။ လက်ဝဲလက်ကို အထက်ဆီမြှောက်ပြီး မိမိထက်တတ်သိနားလည်သူ (ဆရာ/တန်ခိုးရှင်/အင်အားကြီးမားသူ) တွေထံ အကူအညီတောင်းတယ်။

'ညာဘက်က တစ်ဆုပ်ကြဲလို့ ဘယ်ဘက်က တစ်လှည်းဝင်' ဆိုတဲ့ စကားပုံရှိတယ်။ ညာ-ယာလက်က ပေးကမ်းဝေငှခြင်းသဘောကို ဆောင်ပါတယ်။ ဘယ်လက်ကရယူခြင်း၊ တောင်းခံခြင်းသဘောကိုဆောင်ပါတယ်။

အနှစ်ချုပ်ဆိုရရင် ခြောက်သွေ့နေတဲ့ ကမ္ဘာမြေပြင်/လူ့လောကကို စည်ပင်ဝဖြိုးတိုးတက်စေဖို့ မိမိမှာရှိထားတဲ့ပစ္စည်း၊ အတတ်ပညာ၊ အတွေးအခေါ်တွေနဲ့ ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ကြိုးစားတယ်။ ∞ Lemniseate (eternity) အဆုံးအစမရှိ ထာဝရတည်ရှိသောစွမ်းအင်၏သင်္ကေတ။ သူ့မှာ (∞) စွမ်းအားတွေရှိနေပေမယ့် အသုံးမချတတ်သေးဘူး။ အကူအညီလိုတယ်၊ လမ်းညွှန်ပြသသူလိုတယ်၊ ဆရာလိုတယ် ဆိုတဲ့သဘောကိုဆောင်ပါတယ်။

သူ့ခြေထောက်ချရာ ကမ္ဘာမြေပြင်ဟာ ခြောက်ကပ်နေရမယ်။ ဘယ်ဘက်ကိုမြှောက်ပြီး ညာလက်က အောက်ဘက်ကို ညွှန်ရမယ်။ ဒါမှ သင်္ကေတတွေမှန်ပါတယ်။ မြေပြင်ဟာ ပန်းပင်သစ်ပင်တွေနဲ့ ဝေဆာနေမယ်။ (ညာလက်ထောင်ပြီး ဘယ်လက်က အောက်ကိုချထားတယ်ဆိုရင် မူရင်းသင်္ကေတအသွင်သင်္ကေတန်တွေ မဟုတ်တော့ပါဘူး။)

ဒါကြောင့် အရောင်/ သင်္ကေတ၊ အသွင်သင်္ကေတန်တွေကိုကြည့်ပြီး အဓိပ္ပာယ်ကောက်ယူရတဲ့ ပညာဖြစ်တာမို့ ဘာမှပြုပြင်ပြောင်းလဲမှုမရှိသေးတဲ့ ရှေးဟောင်း၊ မူရင်းပုံကားချပ်တွေဟာ အရေးကြီးတယ်လို့ အစပိုင်းမှာ ပြောခဲ့တာပါ။

ပညာအစစ်အမှန်ကို လေ့လာလိုက်စားလိုသူတွေကိုသာ ပြောတာပါ။ ကတ်ကိုလှန်ပြီး အကောင်း/အဆိုးပြောရုံလောက် သုံးချင်သူတွေအတွက်တော့ ဘာပုံ/ဘာကတ်တွေပဲဖြစ်ဖြစ် မထူးခြားပါဘူး။ တားရှော့လို့ အမည်ခံကတ်ထုပ်ဆို ဘယ်အထုပ်ဖြစ်ဖြစ်ရမှာပါ။

**သက်တံပေါ်မှာ ကစားမယ်**

ဂဏန်း (၁) ဟာ နက္ခတ်ဗေဒင်ပညာမှာ တနင်္ဂနွေဂြိုဟ်ကို ကိုယ်စားပြုပါတယ်။စကြဝဠာရဲ့ဗဟို(နေစကြဝဠာ)၊

| | ENGLISH | FRENCH | ITALIAN |
|---|---|---|---|
| 1. | The Juggler | Le Bateleur | II Bagatto |
| 2. | The Lady Pope | La Papesse | La Papessa |
| 3. | The Empress | L'Imperatrice | La' Imperatrice |
| 4. | The Emperor | L'Empereur | L' Imperatore |
| 5. | The Pope | Le Pape | II Papa |
| 6. | The Lovers | L'Amoureaux | L'Amore |
| 7. | The Chariot | Le Chariot | La Carozza |
| 8. | The Justice | La Justice | La Guistizia |
| 9. | The Hermit | L'Hermite | L'Eremita |
| 10. | The Wheel of fortune | La Roue de Fortune | La Ruota |
| 11. | Strength | La Force | La Forza |
| 12. | The Hanging Man | Le Pendu | L'Impicato |
| 13. | (Untitle image) | | La Torre |
| 14. | Temperance | La Temperance | La Temperanza |
| 15. | The Devil | Le Diable | II Diavolo |
| 16. | The House of God | Le Maison Dieu | La Torre |
| 17. | The Star | L'etoile | Le Stelle |
| 18. | The Moon | La Lune | La Luna |
| 19. | The Sun | Le Soleil | II Sole |
| 20. | The Judgement | Le Jugement | II Guidizio |
| 21. | The World | Le Monde | II Mondo |
| 0. | The Fool | Le Mat | II Pazzo |



www.burmeseclassic.com

www.burmeseclassic.com

အစပြုခြင်း၊ အသက်၊ အပူ၊ အလင်းရောင်၊ အဖြူရောင်ဆောင်ထားတဲ့ရောင်စဉ်ခုနစ်သွယ်၊ တီထွင်ခြင်း၊ စည်းရုံးခြင်း၊ လှည့်ဖြားခြင်း၊ အရှိန် . . . စသည်ဖြင့်။

ဟီဘရူးအက္ခရာတွေရဲ့အစစာလုံး ALeoh= ℵ နဲ့လည်း သင်္ကေတန်တူပါတယ်။ ကောင်းကင်နဲ့ မြေကြီးကို ဆက်နွယ်ပေါင်းစပ် အကောင်အထည်ဖော်ခြင်း ဆိုတာတွေကို ညွှန်းဆိုပါတယ်။

(၁) ဂဏန်းဆိုတာ ဘာမှမရှိသေးတဲ့နေရာတစ်ခုမှာ တစ်စုံတစ်ရာသောခာတ်/ စွမ်းအင်/ ပစ္စည်းအရာတစ်ခု စတင်ပေါ်ပေါက်လာခြင်းကိုဆိုပါတယ်။ ဘာမှအသုံးမကျသေးပါ။ အခြားသောခာတ်သဘော/တစ်စုံတစ်ရာ ထပ်မံပေါ်ပေါက် ပေါင်းစပ်ထိတွေ့မှု မရှိမချင်း ဘာစွမ်းအင် ဘာအကျိုးမှ မပြုနိုင်သေးပါ။

ဒီကားချပ်ဟာ ဗုဒ္ဓဟူးဂြိုဟ် လွှမ်းမိုးတဲ့မေထုန်ရာသီ(Gemini)နဲ့ ဆက်နွယ်ပါသည်။ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ အသိဉာဏ်ပညာ/ စကားအပြောအဆို ဆိုးတဲ့ အဓိပ္ပာယ်တွေပါဝင်ပြီး ရာသီရုပ် (ကျား+မ) ပုံပြည့်စုံဖို့ အဖော်တစ်ဦးတော့လိုနေသေးတာအမှန်ပါ။ ဒါကြောင့် ဆက်နွယ်ရုံမျှသာရှိပါတယ်။ ပြီးပြည့်စုံတဲ့ အဓိပ္ပာယ်တော့ မဟုတ်သေးပါဘူး။ သို့သော် မေထုန်ရာသီရဲ့ ဒွေးဒေဟပြုလွယ်/ ပြင်လွယ်သဘော၊ ဝါယောရဲ့ လှုပ်ရှားတတ်သောထိုးဖောက်ဝင်ရောက်တတ်သောသဘောသဘောသဘာဝတွေ သက်ဝင်နေပါတယ်။

အရောင်အားဖြင့် ဉာဏ်ပညာကို ကိုယ်စားပြုတဲ့ အပြာရောင်၊ ယုံကြည်မှုရဲ့စွမ်းသတ္တိကို ကိုယ်စားပြုတဲ့ အနီရောင်တွေဟာ စိတ်ခံစားမှုဆိုတဲ့ အဝါရောင်နဲ့ရောထွေးပြီး စနစ်မကျစွာ အဝတ်အစားမှာ နေရာယူဖော်ပြထားပါတယ်။ ဖွံ့ဖြိုးစည်ပင်ခြင်းဆိုတဲ့ အစိမ်းရောင်ကတော့ ဦးထုပ်မှာ လွှမ်းမိုးထားပါတယ်။ ကားချပ်တစ်ခုလုံးကို အဝါရောင်နဲ့ ဝန်းရံဖုံးလွှမ်းထားပါတယ်။

အားလုံးသော ရည်ညွှန်းချက်တွေကို ပေါင်းစပ်လိုက်တဲ့အခါ လုပ်ငန်းတစ်ခုစတင်တော့မယ်သူ၊ တီထွင်ဖန်တီးချင်တဲ့သူ၊ သူ့မှာရှိထားပြီးသား/ရထားပြီးသားက ပညာရပ်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေတဲ့သူ၊ လမ်းသစ်ဖောက်ချင်သူ၊ အများအတွက်ဆောင်ရွက်ချင်သူ (မိမိအကျိုးလည်းပါ) အဖော်ကောင်းလိုနေသူ၊ ဆရာလိုနေသူ စသည့် အဓိပ္ပာယ်များ ပေါ်ပေါက်လာပါတယ်။ လက်ညှိုးထောင် - ကိုယ်ရောင်လင်းစေ!။

လက်တွေ့ ဟောကွက်နမူနာတွေနဲ့ ထင်ဟပ်ကြည့်ရအောင်။

**နမူနာ (၁)**

"အစ်ကို၊ ကျွန်တော့်လက်ရှိဘဝအခြေအနေလေးကို တားရော့နဲ့ ဟောပေးပါ။ ကျွန်တော် ဆုံးဖြတ်ချက်ချပြီး လုပ်ရမယ့်ကိစ္စလေးတွေအပေါ်မှာ နည်းနည်းဝေနေလို့"

ထုံးစံအတိုင်း ပြုဖွယ်ကိစ္စတွေကို ပြုပြီး တားရော့ကားချပ်ကို ရွေးချယ်ပြီး လှန်ကြည့်လိုက်တယ်။

The Magician.

"ညီလေး အခုသင်ယူလေ့လာပြီးဖြစ်တဲ့ပညာရပ်တွေကို အားမရဘူး ဖြစ်နေတယ်။ ဆရာတွေထံမှာ ပညာသင်ခဲ့ပေမယ့် ဆရာတွေရဲ့လမ်းကိုမလိုက်ဘဲ ကိုယ့်ပညာကိုယ့်အတွေးခေါ်နဲ့ ကိုယ်ပိုင်လမ်းဖောက်ချင်နေတယ်။ ညီလေးမှာလည်း ကိုယ်ဖြစ်လိုရာကို အကောင်အထည်ဖော်နိုင်မယ့် စွမ်းရည် (၄) ရှိပြီးသားဖြစ်တယ်။ ဆက်လုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာ ကြိုးစားပါ။ အောင်မြင်လာမှာပါ။ ဆရာမှန်နဲ့ ပညာမှန်ကို တွေ့အောင်ရှာဖို့တော့ လိုလိမ့်မယ်"

အဲဒီမေးခွန်းကို မေးခဲ့တဲ့သူကတော့ ယနေ့ ဗေဒင်ဟောခန်းဖွင့်လုပ်သက် (၅) နှစ်ခန့်ရှိခဲ့ပြီး လက်ရှိအောင်မြင်နေတဲ့ ဗေဒင်ဆရာတစ်ဦးပါ။ ဗေဒင်ဆိုင်မဖွင့်မီ၊ ဗေဒင်ဆရာမဖြစ်မီက ဟောခဲ့တဲ့ဟောချက်ကလေးပဲ ဖြစ်ပါတယ်။

**နမူနာ (၂)**

"ဆရာ၊ ကျွန်တော် ဌာနမှာရာထူးတိုးစာမေးပွဲ ဖြေထားတယ်။ အောင်မလား၊ ရာထူးတိုးမလား၊ နယ်ပြောင်း၊ မပြောင်းသိချင်ပါတယ်"

ပေါ်လာတဲ့ကတ်က -

The Magician.

"ညီလေး ရာထူးတိုးမယ်၊ အလုပ်ဌာနပြောင်းရမယ်။ အသစ်ဖွင့်တဲ့ ဌာနခွဲ၊ လုပ်ငန်းခွဲမှာ လုပ်ငန်းအသစ်တွေ လုပ်ရမယ်။ အစဦးပိုင်းမှာ နည်းနည်းတော့အခက်တွေ့မယ်။ လုပ်ရင်းနဲ့ ပညာရပြီးနောက်ပိုင်း အဆင်ပြေအောင်မြင်ပါလိမ့်မယ်"

"ဖြစ်နိုင်တယ်ဆရာ၊ ဟိုတစ်နေ့က ကျွန်တော်တို့ရဲ့ လူကြီးက ခေါ်မေးတယ်။ ကျွန်တော် ကျွမ်းကျင်တဲ့ဘာသာရပ်နဲ့ ပတ်သက်တဲ့ ဌာနခွဲတစ်ခု နယ်မှာဖွင့်ဖို့ရှိတယ်။ ကျွန်တော်က အိမ်ထောင်မရှိ လူလွတ်ဆိုတော့ သွားနိုင်၊ မသွားနိုင်။ ကျွန်တော်က သွားနိုင်ပါတယ်လို့ ဖြေလိုက်တယ်။ Resuit တော့ မထွက်သေးဘူး။ ပြင်ဆင်စရာတွေ ကြိုတင်ပြင်ဆင်ထားနိုင်အောင် ဆရာ့ကို မေးတာပါ။ နောက်မေးချင်တာတစ်ခုက . . .။

**နမူနာ (၃)**

"ဆရာ၊ သမီးက ဆေးတက္ကသိုလ် ဒုတိယနှစ်ပါ။ နောင်နှစ်တွေကျရင် အဓိကဘာသာရွေးရတော့မှာ။ သမီးက ရောဂါရှာဖွေရေးလိုလုပ်ငန်းမျိုးကိုလည်း လုပ်ချင်တယ်။ မျက်လုံးခွဲစိတ်အထူးကုလည်း ဖြစ်ချင်တယ်။ အဲဒါတွေထဲက သမီးနဲ့ ဘယ်ဘာသာရပ်နဲ့ အကျိုးပေးမလဲ။ ဘယ်ဘာသာရပ်ကို ရွေးရမလဲဆိုတာ၊ တားရော့နဲ့ဟောပေးပါ"

"သမီးမေးတဲ့ ဘာသာရပ်မျိုးတွေကို တားရော့နဲ့ခွဲပေးရမှာ။ တော်တော်လေးစဉ်းစားရလိမ့်မယ်။ တိုက်ရိုက်အဖြေရဖို့တော့ မလွယ်ဘူး။ သွယ်ဝိုက်ဆက်စပ်ပြီးတော့ အဓိပ္ပာယ်ဖော်ယူရမည်။ ကဲ - မေးကြည့်"

ထွက်ပေါ်လာတာက -

The Magician.

ကျွန်တော်စဉ်းစားတယ်။ Magician က စားပွဲပေါ်မှာရှိတဲ့ တုတ်တွေ၊ ဓားတွေ စတဲ့ ပစ္စည်းကိရိယာတွေကို အသုံးပြုနိုင်ဖို့ကြိုးစာသူ၊ ဂဏန်း (၁) က တနင်္ဂနွေဂြိုဟ်ကို ကိုယ်စားပြုတယ်။ ဆရာဝန်အဓိပ္ပာယ် အလင်း၊ မျက်စိဆိုတဲ့ ပရိယာယ်တွေပါတယ်။ ဒါတွေပေါင်းစပ်လိုက်တော့ -

"သမီးမျက်စိခွဲစိတ်ထူးကုဆရာဝန်ကြီးဖြစ်နိုင်ပါတယ်။ ရိုးရိုးမျက်စိခွဲစိတ်တင်မကဘူး၊ နောက်ဆုံးပေါ်နည်းပညာကိရိယာတွေကို အသုံးပြုရတဲ့ ဆရာဝန်ကြီးဖြစ်မှာပါ။ ကြိုးစားပါ"

*စေတနာရှိုးသားစွာဖြင့်*

ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်းစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

တိုင်ထိပ်ရဲ့ သင်္ဘောလေးတွေကို တင်ပြလိုက်တဲ့အထဲမှာ -

ဂြိုဟ်တစ်ခုရဲ့ သတ္တိတွေနဲ့ချည်း တင်ပြလိုက်တာ ဖြစ်ပါတယ်။ ဒီဂြိုဟ်တွေဟာ ဂြိုဟ်တစ်ခုနဲ့ဂြိုဟ်တစ်ခုပေါင်းဆုံလိုက်တာနဲ့ ဘယ်လိုကိန်းမျိုးဖြစ်လာတယ်ဆိုတာနဲ့ ပတ်သက်ပြီး တင်ပြပါဦးမယ်။

မတင်ပြခင်မှာ နေရာတစ်ခုရဲ့ 'အား'နဲ့ ပတ်သက်ပြီး တင်ပြချင်တာ ရှိနေပါသေးတယ်။ ဘယ်လိုမျိုးတွေလဲ ဆိုတာကတော့ -

သက်ရောက်တိုင်တစ်တိုင်ရဲ့ ပြဋ္ဌာန်းလို့ခေါ်တဲ့နေရာဟာ အရိုးဆုံး၊ အရှင်းဆုံးပြောရရင် 'ထွက်' ဆိုတဲ့ အထွက်နေရာပါပဲ။

အထွက်ရဲ့သဘောကိုက အဝင်မရှိတဲ့သဘောဖြစ်နေပါပြီ။

ပုံစံနဲ့ပြရရင် -

၁ ၂<br>
ပြ-(ထွက်) → ၀ ၁<br>
၆ ၀<br>
၅ ၆<br>
* ၄ ၅<br>
၃ ၄<br>
၂ ၃

ဗုဒ္ဓဟူးသမီးတစ်ယောက်ရဲ့ခင်ပွန်းဟာ ဘာမပြောညာမပြောအိမ်ကထွက်သွားတာမျိုး ကြုံရပါတယ်။

ကြည့်လိုက်တော့ သူ့ရဲ့အတွင်းမိတ်ဂြိုဟ် ဒန်းလှ (၇-၄) ဆိုတဲ့ အတွဲအရ ဗုဒ္ဓဟူးရဲ့မိတ်ဂြိုဟ် စနေဟာ ပြထဲရောက်ပြီး အထွက်ပြနေတာသွားတွေ့ရပါတယ်။ မှန်ပါတယ်၊ ဘယ်လိုအကြောင်းကြောင်းနဲ့ဖြစ်ဖြစ် ထွက်တာက ထွက်တာပါပဲ။ မဝင်ဘဲနဲ့ကို ထွက်တာပါ။

ဒီသက်ရောက်မှာပြထားတဲ့ ဗုဒ္ဓဟူးသမီးဆိုရင် သူ့မှာ ဘာအပြစ်ရှိလို့ရှိမှန်းတောင် သူမပြောတတ်တော့ပါဘူး။ သူ့ယောက်ျားဟာ သူ့ကို ထားခဲ့ပြီး အကြောင်းမဲ့ထွက်သွားလို့ အသိတွေက မေးရင်တောင် သူ့မှာကြိုးကြည့်ကြောင်ကြည့်နဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေရှာပါတယ်။

တစ်ပြိုင်တည်း သိထားရတာက သူဟာ အထည်ဆိုင်ဖွင့်ပါတယ်။ သူ့မှာ ကုန်သည်မိတ်ဆွေတွေလည်း များပါတယ်။ ခု - သူ့မိတ်ဆွေတွေက သူများဖောက်သည်တွေဖြစ်ကုန်ပြန်ပါတယ်။ ဒါလည်း အနီးစပ်ဆုံး မိတ်တွေထွက်ကုန်တဲ့ သဘောပါပဲ။ ပြီးတော့ အထည်စနေနံ ဆိုပြန်တော့လည်း ထွက်ဆိုတဲ့ နေရာမှာ ဖြစ်နေပြန်တော့ အကျိုးမပေးဘူးလား မသိပါဘူး။

ဒါပေမယ့် အတွေးအခေါ်နဲ့ ဖြည့်ကြည့်မယ်ဆိုရင်တော့ ဒီနေရာမျိုးဟာ အထွက်လည်း ဖြစ်တယ်။ အများနဲ့ သက်ဆိုင်တယ်ဆိုတဲ့ ကံတည်နေရာလည်း ဖြစ်တယ်။

ဒါဖြင့် အထည်ဟာ ရောင်းအားသွက်နေရမှာပေါ့။ ဒါ - ဖြစ်သင့်တယ်လေ။ အကျိုးမပေးဘူးလို့ သွားပြောရင် လွဲသွားမှာပေါ့။ ခုတော့ တကယ်အကျိုးမပေးဘူး။ ဘယ်လိုအကျိုးမပေးတာလဲ ဆိုတော့ မိတ်တွေ သူများဆီရောက်ကုန်တာ။

ရောက်တော့ အထည်က ရောင်းအားမရှိတော့ဘူး။ 'ပြ'ထဲမှာ ရောက်နေတဲ့ အထည်ကိန်းဟာ အကျိုးမပေးတော့ဘူး။ မိတ်ကံမကောင်းတော့ဘူး။ အဲဒါကြောင့် မရောင်းရတော့ဘူး။

နောက်တစ်ခါ တွေ့ရတာက -

၃ ၆<br>
ပြ (၂ ၅) ကား<br>
၁ ၄<br>
၀ ၃<br>
၆ ၂<br>
၅ ၁<br>
၄ ၀

ဒီလိုကံမျိုး တစ်ယောက်တွေ့ပါတယ်။ သူကကျတော့ ကားဝယ်လိုက်တာ။ ကားက 'ပြ'ထဲ ရောက်နေတဲ့နှစ်။ 'ပြ'ခွင်ဟာ လမ်းလည်းဖြစ်သလို အများနဲ့လည်းဆိုင်တဲ့နေရာ။ ပြီးတော့ အထွက်နေရာ။ အထွက်နေရာကနံကို အဝင်လုပ်တော့ အဲဒီကားဟာ ဘယ်လိုမှ

# မင်းပြည့်

# မပြောင်းလဲသောကိန်းများ

www.burmeseclassic.com

www.burmeseclassic.com

အကျိုးမပေးတော့ဘဲ ပျက်ပဲနေပါတော့တယ်။

ခဏခဏပျက်လွန်းတော့ ကားဝယ်တာ ဝပ်ရှော့ပြင်တဲ့လူအတွက် ဖြစ်နေပါပြီ။ ပြီးတော့ ကားကို ဟိုလူကတက်မောင်း၊ ဒီလူကတက်မောင်းနဲ့။ ကားဟာ တကယ့်ကိုပဲ အများနဲ့ဆိုင်နေပါတော့တယ်။

ကာယကံရှင် စနေသားအတွက် အကျိုးမရှိပါဘူး။ အထွက်ပြနေတဲ့နံကို အခင်လုပ်မှတော့ ဘယ်လာ အကျိုးပေးပါတော့မလဲ။

ဒါကြောင့် ဒီလိုနှစ်မျိုးမှာ ကားဝယ်ရင် သတိထားဝယ်ဖို့ ပညာတွေမှာ ပြထားတာ ဖြစ်ပါလိမ့်မယ်။

'မြ' ခွင်ဟာ 'မြ'ခွင်ပါပဲ။ အထွက်ဟာ အထွက်ပါပဲ။

အစ်ကိုတစ်ယောက် ကားဝယ်တော့ ဒီကိန်းပါ။ အစ်ကိုကလည်း စနေပါ။

"အစ်ကို မဝယ်နဲ့။ ကားက ခဏခဏ အပြင်ထွက်နေလိမ့်မယ်"

လို့ ပရိယာယ်မကြွယ်တဲ့ စကားသုံးခဲ့မိပါတယ်။

ထွက်ပါတယ်။ ဝပ်ရှော့ကို ခဏခဏရောက်နေပါတယ်။ ကိုယ့်အတွက်သုံးရတယ်ကို မရှိသလောက်ပါဘဲ။

နောက်တော့ အစ်ကိုက ဒါဘယ်လိုလုပ်ရင် ကောင်းနိုင်မလဲလို့မေးရတဲ့အထိ ဖြစ်လာပါတယ်။

"အစ်ကို၊ ရင်းနှီးတဲ့သူများတွေကိုတင်။ ဘုရားတွေလိုက်ပို့၊ ဖူးပစေ။ နှစ်ခါ၊ သုံးခါလောက် အဲလိုလုပ်လိုက်ရင် အစ်ကို့ကား အဆင်ပြေသွားနိုင်တယ်"

လို့ ပြောခဲ့ပါတယ်။

တကယ်လည်း ဒီလိုလုပ်လိုက်တော့ ကားလေးဟာ အပျက်အပြုနည်းသွားပါတယ်။ အဆင်ပြေလာပါတယ်။ ဒါလည်း 'မြ' ခွင်မှာ တနင်္လာနံရှိနေတော့ သူများအတွက်လုပ်လိုက်လို့ထင်





www.burmeseclassic.com

www.burmeseclassic.com

ပါရဲ့။ တခြားလူတွေတင် ဘုရားဖူးတွေ ပို့လိုက်တော့ ဒီကားလေးဟာ အများနဲ့ ဆိုင်သွားရုံတင် မကဘူး။ လမ်းမှာပဲများ သွားပါတယ်။

ဒီနောက်ပိုင်း အပျက်အပြုနည်း သွားပါတော့တယ်။ ဒါလောက်ဆို တော် သေးတယ်။ ခဏခဏပျက်လွန်းတော့ စိတ်ညစ်ရတာထက်စာရင် တော်သေး တယ်။ ဒါက ကားကိစ္စ။

ငွေကိစ္စ တွေ့သေးတယ်။

အဒေါ်တစ်ယောက်ရဲ့ကံမှာ ဒီလို မျိုးသွားတွေ့တော့ -

"အဒေါ်ရ၊ ငွေနံကတော့ 'ပြ'ခွင် မှာဗျ။ ဒါအများနဲ့ဆိုင်သွားနိုင်တယ်။ အဒေါ် သူများကို ပိုက်ဆံမချေးနဲ့"

လို့ သတိပေးလိုက်ပါတယ်။

မရပါဘူး။ တူအရွယ်၊သားအရွယ် ကပြောတယ်ဆိုပြီး သိပ်အလေးမထား တာပဲလား၊ မေ့သွားတာလား- ရှိမှာပေါ့ လေ။

ငွေချေးဖြစ်ရော။ အဒေါ့်ဆီက ငွေထွက်အောင ပြောတတ်တဲ့လူတွေက မဆိုးဘူး။ သူတို့ပြောတာကြားရရင် ကြားတဲ့လူက မပေးဘဲမနေနိုင်ဘူး၊ အဲဒီ လိုတော်တာ။

အဒေါ်လည်း ဘာခံနိုင်မှာလဲ၊ ချေးလိုက်တာပေါ့။ သူတို့ပြောတဲ့ (၃)လ နဲ့လည်းမရ။ (၁၀) လလည်း မရ။ ခု တစ်နှစ်ကျော်ပြီ မရသေးဘူး။ ဆုံး သလောက်ကိုဖြစ်နေပြီ။

ဘယ်ရမလဲ။ အဒေါ့်ကံမှာက ငွေ က 'ပြ'ခွင်ထဲမှာရှိတယ်။ အများပိုင်ပေါ့။ ငွေက ပြခွင်ရဲ့သဘောအတိုင်း အထွက် ပဲ ရှိတယ်။ အဝင်မရှိနိုင်ဘူး။ ဝင်လာ ရင်လည်းထွက်နေမှာပဲ။ အများနဲ့လည်း ဆိုင်၊ အထွက်နဲ့လည်း ဆိုင်တော့ သူ များဆီကို ထွက်သွားလိုက်တာ ပြန်ကို မဝင်တော့ဘူး။

၃ ၆<br>
ပြ (၂ ၅) ငွေနံ<br>
၁ ၄<br>
၀ ၃<br>
၆ ၂<br>
၅ ၁<br>
၄ ၀

အဒေါ်အပျိုကြီးက စနေကလည်း စနေဆိုတော့ ဒီကိန်းပါပဲ။ ခုန ကားဝယ် လို့အဆင်မပြေတဲ့ကိန်းပါပဲ။ သူ့ကျတော့ ကားလို သူများလိုက်ပို့လို့ မရဘူး။ ငွေ ကျတော့ သူများအတွက်လုပ်ပေးလို့ မရ ပြန်ဘူး။ 'တနင်္လာနဲ့ ကြာသပတေး' နှစ်ခု တွဲတဲ့ ပြခွင်ထဲကနံကို စဉ်းစားပြီး ကြက် ဖြူလေးတစ်ကောင်ကို ဘေးမဲ့လွှတ်ခိုင်း လိုက်ရင်ကောင်းမလားလို့ သူ့ကိုစဉ်းစား ပေးမိပါတယ်။

ကြက်ဖြူလွှတ်ပေးရင် ပြခွင်ဟာ သဘောအတိုင်းပဲလေ။ အထွက်မှာ ကြက်ဖြူလေးကို လွှတ်ပေးလိုက်တာပဲ။ ကြက်ဖြူလေးထွက်သွားတယ်ပေါ့။ ဒါ လေးကိုတော့ အဒေါ်အပျိုကြီးနဲ့ တွေ့မှ ပြောရဦးမယ်။ လွှတ်တာ၊ မလွှတ်တာ တော့ သူ့ကိစ္စ။

ဒါပေမယ့် အဒေါ်ကပ်စေးနှဲကြီး ကို မပြောလို့ မဖြစ်တာက 'ကြက်ဖြူ ဝယ်ရင် ဈေးမဆစ်ဖို့'။

သူက သူ့ပိုက်ဆံပြန်ရရင်ပြီးရော လွှတ်မှာ သေချာတယ်။ ပြောတော့ ပြောလိုက်ပါဦးမယ်။

အဲဒီလို တနင်္လာပြခွင်မှာ နောက် တစ်မျိုး တွေ့ပြန်တာက -

၃ ၀<br>
ပြ (၂ ၆) တနင်္လာသမီးထွက်သွား<br>
၁ ၅<br>
၀ ၄<br>
၆ ၃<br>
၅ ၂<br>
၄ ၁

သူငယ်ချင်း လွန်းနဒီရဲ့ အမေ ကိစ္စပါပဲ။

သူငယ်ချင်းရဲ့ကံမှာ 'ပြ'ခွင်မှာ တနင်္လာတွေ့တော့ -

"နင်နော်၊ သူငယ်ချင်းတွေကို ငွေ သွားမချေးနဲ့ဦး။ ဒီနှစ်မှာနင်လက်လွှယ် လို့မရဘူး။ လက်လွှယ်ရင် ငွေကအထွက် ပဲရှိတယ်၊ အဝင်မရှိဘူး"

လို့ ပြောတော့ သူငယ်ချင်းက-

"အေးပါဟာ၊ သူငယ်ချင်းအချင်း ချင်း စိတ်ပူပေးလို့ ကျေးဇူးတင်ပါတယ်"

ဆိုပြီး ပြောလို့ တစ်ပတ်လောက်ပဲ ရှိမယ်။ သူ့အဘွားက သူတို့အမေနဲ့ စကားများပြီး အိမ်ကဆင်းသွားလို့တဲ့ လာ ပြောတယ်။

"နင်ပြောတဲ့ငွေတော့မဟုတ်ဘူး။ အဘွားထွက်သွားပြီ"

အဘွားက တနင်္လာသမီးတဲ့။ ဖြစ် တာက သူတို့သားအမိချင်းတဲ့။ သူ့သမီး နဲ့ စကားများပြီး ဝါးခယ်မကို ပြန်သွားပြီ တဲ့။

အမှန်ပဲ ကိန်းကတော့ ထွက်မယ် ဆို ထွက်တာချည်းပဲ။ ဘယ်လိုမှတောင် စဉ်းစားစရာမလိုဘူး၊ တန်းနေတာပဲ။ ပြ ခွင်သတ္တိများဟာ မဝင်ဘဲနဲ့ ထွက်ချည်း နေလွန်းလို့ ပညာတွေကို တော်တော် လေး အံ့ဩမိပါရဲ့။

သူငယ်ချင်းက -

"ဟဲ့ - တနင်္လာနံထွက်မယ်ဆိုပြီး နင်ပြောပြီးတဲ့နောက်ပိုင်း အဘွားထွက် သွားတာ အဘွား တို့ဆီ ပြန်မလာတော့ ဘူးလား" တဲ့။

"မဟုတ်သေးပါဘူး။ ပြန်တော့ လာမှာပေါ့ဟာ။ ခုတော့ နင့်ကံမှာ တနင်္လာနံ ထွက်ကိုထွက်မယ်ဆိုတာရှိ တော့ နင့်အဘွားထွက်သွားတာပဲ ရှိပါ တယ်၊ ပြန်လာမှာပါ"

လို့ ပြောရသေးတယ်။

တကယ်တော့-

ဒီကိန်းတွေဆိုတာက ဖန်တီးယူ လို့ရတာ တစ်ခုမှမရှိပါဘူး။ သူ့လမ်း ကြောင်းတွေနဲ့သူရှိနေတဲ့ ပညာတွေပါ။ သတိထားလို့ပဲရမယ်။ သတိထားပြီး ရှောင်သင့်တာကို ရှောင်၊ ဆောင်သင့် တာကို ဆောင် ဒါပဲရမယ်။ ဆန့်ကျင် ဘက်သွားလုပ်လို့တော့မရဘူး။

အဝင်မရှိတဲ့ကိန်းကို ဝင်အောင် ဖန်တီးလိုက်ရင် အဝင်ဆိုးဖြစ်သွားနိုင် ပါတယ်။ မကောင်းသောဝင်ခြင်းပေါ့။

ဥပမာ လူတစ်ယောက်ကို ဝင် လာအောင် ဓာတ်ရိုက်ရော။ အဲဒီလူနံ ဟာ ဓာတ်ရိုက်ချင်သူရဲ့ကံမှာ အဝင် မတော်ဘူး။ အထွက်ပဲရှိတယ်ဆိုရင် အဲဒီလူဟာ ဝင်တော့ဝင်လာပါမယ်။ ဖျားနာပြီးရောက်လာတာမျိုး၊ ရန်ဖြစ်ပြီး ရောက်လာတာမျိုး အဲလိုအဝင်ပဲရှိလာ မယ်။ အကောင်းတော့ မဝင်နိုင်ဘူး။

ဒါဟာ -

အခု ပြချင်တဲ့ နေရာတစ်ခုရဲ့ အားပါပဲ။

'ပြ' ဌာနလို့ခေါ်တဲ့နေရာက အား ပါပဲ။

ဒါလေးကို အရိုးဆုံးနဲ့ အရှင်းဆုံး တင်ပြလိုက်တာ ဖြစ်ပါတယ်။

တင်ပြချက်တွေထဲမှာ လိုအပ် တာလေးတွေရှိနေဦးမှာပါ။

အဲဒီအတွက်လည်း ကြိုးစားသွား ပါဦးမယ်လို့။

မင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီ အေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေးတော့** ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၅၅၇၁။

www.burmeseclassic.com

www.burmeseclassic.com

"အနုလေး"

"လူလေးလုပ်ပါ"

"အေးအေး-လူလေး၊ လာ-သား လေးလာ"

ကောင်းဘွိုင်ဦးထုပ်ကို ဟန်ပါပါ ဆောင်းထားပြီး ဘာမှမမြင်ရလောက် အောင် မှောင်လွန်းသော နေကာမျက် မှန်ကြီးကို တပ်ထားသည့် ဖိုးဇော်ကြီး။ ကျွန်ုပ်လှမ်းခေါ်လိုက်သည်နှင့် ဧည့်သည် များက သူ့ကိုလှမ်းကြည့်ပြီး တခိခိဖြစ်နေ ကြတော့၏။ အကျီအကွက်လက်ရှည် အဖြူရောင်ကတော့ စမတ်ကျပါ၏။ သို့သော် ဂျင်းဘောင်းဘီကို ရှင်ခေါင်း တကိုဝတ်ထားသောကြောင့် လားမသိ ဗိုက်မှာပူပြီး ဘောင်းအိတ ကာတွန်းပုံ ပေါက်နေ၏။

"ဘယ်လိုပုံဖြစ်နေတာလဲ အဲဒါ"

"ဘာလဲ - သိပ်လှနေလို့ မနာလို ဖြစ်သွားပြီမို့လား"

သူ၏ စကားကြောင့် ဧည့်သည် များ ဝါးခနဲပွဲကျသွား၏။

ပြောရင်းနှင့် အခန်းဝအရောက်-

"ပေကြီး"

"ဖေဖေကြီးလုပ်ပါ"

ဧည့်သည်များ တဝါးဝါးတခိခိဖြစ် နေကြ၏။ ကျွန်ုပ်တို့နှစ်ယောက်ပြောနေ သည်ကို ကြားသည်နှင့် 'အဲဒါလေ ဦးဖိုး ဇော်ကြီး' ဟု တီးတိုးပြောရင်း ရယ်နေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြ၏။

ဖိုးဇော်ကြီးကလည်း ဧည့်သည်များကို ပြုံးပြနှုတ်ဆက်ရင်း ကျွန်ုပ်၏ လက်ထဲသို့ သတင်းစာနှင့် ဂျာနယ်ထည့်၏။ ထိုစဉ် ကျွန်ုပ်၏ရှေ့တွင် ထိုင်နေသော အသက်အစိတ်ခန့်ကလေးမလေးသည် ဦးဖိုးဇော်ကြီးနှင့် စကားပြောကြည့်ချင်သည်ဆို၍ -

"ဟော့ကောင် ဖိုးဇော်၊ ဒါ ငါ့ဆီကို ခင်ခင်မင်မင်လာကြတဲ့ ငါ့သားသမီးလေးတွေပဲ။ မင်းနဲ့စကားပြောချင်လို့တဲ့။ ပြောလိုက်ဦး"

"အေး၊ အေး - သမီး၊ ဦးက ဦးဖိုးဇော်ကြီးပါ"

"ဟုတ်ကဲ့ - သမီးတို့ခုမှမြင်ဖူးပေမယ့် ဦးဖိုးဇော်ကြီးကို သိနေတာ ကြာပါပြီရှင့်"

"အေး၊ အေး"

အမှန်မှာ ဖိုးဇော်ကြီးသည် စကားကို ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောတတ်။ ဤမျှလောက်သာပြောပြီးရပ်ရပ်နေတတ်၏။ သဘောကောင်းသော်လည်း စကားများများပြောလေ့မရှိ။

ထို့ကြောင့် ကျွန်ုပ်က -

"အေးအေး - ကဲကဲ - ဖိုးဇော်ကြီး မင်းသွားလိုရာ. . ."

"အေး အိုး - မင်းအဘကြီး၊ သွားချင်တဲ့နေရာ"

"အေး၊ အေး - သွားချင်တဲ့နေရာ ဆက်သွားပြီး သတင်းစာတွေ၊ ဂျာနယ်တွေသွားပေးလိုက်ဦး။ တော်ကြာနေ အရမ်းပူတော့မယ်။ ခုလည်း ကလေးတွေ မင်းကိုမြင်ပြီးပြီ။ မင်းကိုငါပြလိုက်ပေမယ့် ငါ့မှာ ဆန့်ကအိတ်လိုက်တွေ ရှိနေတော့ သူတို့ဆီက . . ."

"အေး၊ ဟင် - နင်ပြောကာမှ ငါကမျောက်ဖြစ်နေပါရောလား"

"ငါက မင်းကို မျောက်လို့ ပြောသေးလို့လား၊ မင်းကကော မျောက်နဲ့တူလို့လား၊ မင်းသာ မျောက်နဲ့တူရင်"

"ကဲပါ - တော်ပါတော့၊ နင်ပြောမှ ငါမျောက်ဖြစ်မှာ။ တစ်မျောက်တည်း မျောက်နေတာပဲ"

ဖိုးဇော်ကြီးသည် လက်နှစ်ဖက်ကို ကား၍ ခြေကားရားလက်ကားရားပုံစံ လုပ်ပြရင်း ပြောလိုက်သောကြောင့် ကလေးများ တဟားဟားဖြစ်နေကြပြန်၏။

"အေးအေး-ကဲကဲ-သွားတော့။ သြော် - ဖိုးဇော်၊ တို့နှစ်ယောက် လမ်းမလျှောက်တာကြာပြီ။ ဒီညနေ မင်းဆီ



ငါလာခဲ့မယ်"

"အေး - လာခဲ့လေ"

ထိုနေ့က ဧည့်သည်များလှ၏။ လူပေါင်းမည်၍မည်မျှများမှန်းပင် မသိတော့။ ညနေ (၃) နာရီထိုးမှ မနက်စာစားရ၏။

စားပြီး တစ်အောင့်တစ်နားနေလိုက်သည်နှင့် (၄) နာရီထိုးသွားပြီဖြစ်သောကြောင့် ဖိုးဇော်ကြီးနေထိုင်ရာ (၉) လမ်းဘက်သို့ လျှောက်သွားလိုက်တော့၏။

ခြံဝအရောက် -

"အန္ဒလေး"

"ပေကြီး"

"ဖေဖေကြီးလုပ်ပါ"

"မင်းကလည်း လူလေးလုပ်ပါ"

ကျွန်ုပ်တို့နှစ်ယောက် အလွန်ချစ်ကြပုံကိုသိနေသော ဖိုးဇော်ကြီး၏ ညီမလေးများမှာ တဝါးဝါးဖြစ်နေ၏။

"လာကွာ၊ လမ်းလျှောက်မယ်လေ"

"အေးလေ၊ ငါကစောင့်နေတာကြာပြီ"

"ငါလည်း (၃) နာရီမှ လူပြတ်လို့"

နှစ်ယောက်သား စကားတပြောပြောနှင့်လျှောက်ကြရင်း၊ လမ်းမှာတွေ့သည့်မိတ်ဆွေများကို နှုတ်ဆက်ရင်း ကုန်းဘောင်လမ်းနှင့် အင်းဝလမ်းဆုံနားရောက်လာ၏။

"ဘယ်ဘက်လျှောက်မလဲ"

"တို့ တစ်ခါမှမလျှောက်ဘူးတဲ့ ကုန်းဘောင်လမ်းအတိုင်း လျှောက်ကြတာပေါ့"

"အေး - ငါလည်း မရောက်ဘူးတာနဲ့အတော်ပဲ"

"စကားကိုကောင်းကောင်းမပြောဘူး"

"မင်းကကော"

တစ်ယောက်နှင့်တစ်ယောက်မျက်စောင်းချိတ်ကြရင်း ဆက်လျှောက်နေလိုက်ကြ၏။

"မင်းနဲ့လမ်းလျှောက်ရတာလေ"

"ဘာဖြစ်လဲ"

"လူတွေက ဟိုကကြည့်ဒီကကြည့်နဲ့၊ ငါ့များ နိုင်ငံကျော်မင်းသားလိုလိုဘာလိုလိုနဲ့လူတွေကြည့်ကြပုံပြောပါတယ်"

"ငါ့လည်းကြည့်တာပါပဲနော်"

"အေးရွာ၊ ဒါပေမယ့် မျက်လုံးတွေ မတူကြဘူး"

"ဘာကွာလို့လဲ"

"သြော် - မင်းကျ ဟာ-ဟိုဦးလေးကြီးဟာ မနက်ကျ ဂျာနယ်ပို့နေတာအကောင်း၊ ညနေညနေဆို ဘယ်လိုဖြစ်ပြီး စိတ်ဖောက်ဖောက်သွားရှာတာလဲ မသိဘူးဆိုတဲ့. . . ."

စကားမဆုံးခင် (၁၀) လမ်းထိပ်ဈေးဆိုင်ရှေ့နားတွင် ခြေထောက်ကြီးနှစ်ဖက်ကားရပ်လိုက်ပြီး ခါးကြီးထောက်၍ နှုတ်ခမ်းကြီးစူထားတော့၏။ မျက်လုံးကြီးက စွေသလိုလို။

"ဟော့ကောင်၊ ဘာလုပ်တာလဲဒါ။ ဟိုမှာ ဆိုင်ထဲက ကလေးတွေ ပွဲကျကုန်ပြီ၊ မရှက်ဘူးလား"

"နင်ဘာလို့ငါ့ပြောလဲ၊ ငါ့ပြောရင် ငါလုပ်မှာပဲ"

"အေးအေး - လာလာ၊ ဟိုဘက်နားကျမှ ငါ့ကိုမုန့်ဝယ်ကျွေး"

"အယ် - အမယ်-ဟိုဘက်နားကျ မုန့်ဝယ်ကျွေးမယ်ပြော"

"အေးအေး- ဝယ်ကျွေးမယ် လာ"

နှစ်ယောက်သား တောင်ပြောမြောက်ပြောနှင့် ကြောင်နှင့်ကြွက်ကာတွန်းအကြောင်းပြောလိုက်၊ မုဆိုးကျော်ဖိုးထော်ကာတွန်းအကြောင်းပြောလိုက်၊ မြိုင်ရာဇာတွတ်ပီအကြောင်းပြောလိုက်နှင့် ကေတုမတီလမ်းထိပ်နားဆီသို့ ရောက်လာတော့၏။

"မင်းဟာလေ၊ တကယ့်စာကြီးပေကြီးသမားပဲ။ ပြောလိုက်ရင် ကာတွန်းချည်းပဲ ငါ့လိုပဲ"

"ငါက ကာတွန်းဆို သိပ်သဘောကျတာ မင်းလည်းသိရက်သားနဲ့။ ကာတွန်းဖတ်ပြီး တဟားဟားရယ်နေရတာကို ငါအနှစ်သက်ဆုံးပဲ"

"အဲဒါများကွာ၊ ကာတွန်းဆွဲပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ငါဝါသနာပါတယ်ကွ။ဆွဲချင်တာပေါ့ မတတ်လို့"

(၁၆) လမ်းထိပ်နား မရောက်တရောက်တွင် လူတစ်ယောက်သည် ခပ်သုတ်သုတ်လျှောက်လာရင်း ကျွန်ုပ်၏ရှေ့မှာ ရပ်လိုက်၏။ ကျွန်ုပ်လည်း ဖျတ်ခနဲ သတိထားလိုက်၏။ ဖိုးဇော်ကြီးကပါ ခြေလှမ်းတုံ့ခနဲဖြစ်သွားပြီး ထိုသူကို ကြည့်နေ၏။

"ဆရာ"

"ဟင်"

"ကျွန်တော်လေ၊ ပြီးခဲ့တဲ့ နှစ်လလောက်က ဆရာ့ဆီလာတာလေ မှတ်မိလား"

"အင်း - မှတ်မိတယ်"

"ဆရာခိုင်းတဲ့အတိုင်း တစ်ပတ်တစ်ခါ နေလဘုရားမှာသွားပြီးဖယောင်းတိုင်ထွန်းတာလေ။ အဲဒါ ထမင်းဆိုင်ရောင်းအားတွေပြန်တက်သွားပြီ ဆရာ။ ခုဆို (၉) ကြိမ်ရှိသွားပြီ"

"ဟုတ်လား - အေး အေး၊ ဝမ်းသာတယ်"

"ကျွန်တော်အရင်းပြုတ်တော့မယ်ထင်တာလေ၊ ဆရာလုပ်ပေးလိုက်တာ အရင်းမပြုတ်တော့ဘူး ဆရာ။ ခုဆိုင်ပြန်ပြီးလည်ပတ်သွားပြီ။ ဆရာ့ကိုလာကန်တော့ပါဦးမယ်ခင်ဗျ"

"အံမယ်-မလိုဘူး၊ ရောင်းကောင်းရင်ပြီးရော လာမနေနဲ့။ ဒီလိုပဲ ခဏခဏသွားထွန်းနော်"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုသူသည် အလွန်ပီတိဖြစ်သောပြုံးခြင်းမျိုးဖြင့်ပြုံးနေရာမှ အားရပါးရရယ်နေ၏။ ကွမ်းကြောင့်ထင်ပါ၏။ သူ၏သွားများမှာ နီရဲပြီးကွမ်းချိုးများတက်နေသော်လည်း သူ၏ပြောဆိုပုံနှင့် စိတ်ထားမှာ ဖြူစင်လှ၏။

"ဆရာ၊ ခွင့်ပြုပါဦး"

"အေး၊ အေး - သွား၊ သွား"

"ကျွန်တော် ကေတုမတီလမ်းဘက်မှာ ကုန်ဝယ်ဖို့ လာစုံစမ်းတာပါ ဆရာ"

"အေး၊ အေး"

အားရပါးရပြောပြီးဆက်လျှောက်သွားသည့်ပုဂ္ဂိုလ်အား ဖိုးဇော်တစ်ချက်လှည့်ကြည့်လိုက်ပြီး -

"မင်းကို တော်တော်လေးစားတယ်နော်"

"ခင်ကြတာပါကွ"

"မင်းလုပ်ပေးလိုက်တာ ရောင်းကောင်းလို့တဲ့။ ခများမှာ တော်တော်ကိုဝမ်းသာနေရှာတယ်"

"သူကလည်း ဘုရား၊ တရားကြည်ညိုလို့ပါ"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရင်း ကျွန်ုပ်၏စိတ်ထဲတွင် အကြောင်းအရာကစ်ခုကို ဖျတ်ခနဲသတိရသွားတော့၏။

မနက်က ဖိုးဇော်ကြီးပြန်သွားပြီးမှလာကြသူများထဲတွင် ကျွန်ုပ်နှင့်အလွန်ခင်သော ရွှေပြည်သာဘက်မှ ကလေးမလေးညီအစ်မနှစ်ယောက်လာ၏။ နှစ်ယောက်သား မျက်ရည်တွေနှင့်။ သူတို့၏အဖေ နေမကောင်းဖြစ်နေကြောင်း၊ အစာပင်မဝင်ကြောင်းပြောကြရင်း ငိုကြ၏။ ဒီအဖေကြီးသာမရှိတော့လျှင် သူတို့နှစ်ယောက်ဘဝ အခြေအနေပြောင်းသွားနိုင်၏။ ပင်ပင်ပန်းပန်းအလုပ်မလုပ်ဘူးကြသူများဖြစ်၍ ကလေးများမှာ အားငယ်နေကြပုံရ၏။

ထိုသို့ နေမကောင်းဖြစ်နေသူ၏ခြေသည်း၊ လက်သည်းများကို ညှပ်၍ သူ၏ ပုဆိုးစုတ်ထဲထည့်ပြီး ရေမှာမျှောပစ်ရန် ကျွန်ုပ် အကြံပေးလိုက်ရ၏။ ညီအစ်မနှစ်ယောက် ဖခင်ကြီး၏ အင်္ကျီကို တစ်လှည့်စီ ပခုံးပေါ်တင်ခိုင်းပြီး ပရိမိတ္တဇာလသုတ် (၂၇) ခေါက်စီရွတ်ခိုင်းလိုက်၏။ ဈေးထဲမှ သတ်အံ့ဆဲဆဲကြက်တစ်ကောင်ကို ဈေးမဆစ်ဘဲ ဝယ်ခိုင်းလိုက်ပြီး သူတို့အဖေ၏ခြေရင်းတွင် နေ့ဝက်ခန့်ထား၊ အစာကျွေးပြီး ဘေးမဲ့လွှတ်ပေးရန်လည်းမှာလိုက်၏။

သူတို့အဖေသည် ကျွန်ုပ်၏ အစ်ကိုသဖွယ် သံယောဇဉ်ဖြစ်ရပြီး ကျွန်ုပ်ထံ မကြာမကြာအလည်ရောက်လာတတ်သူ ဖြစ်၏။

ထိုအကြောင်းကို ဖျတ်ခနဲသတိရသွားလိုက်ပြီး စိတ်ထဲတွင် ဝမ်းသာသလိုလိုနှင့် ရင်တလှပ်လှပ်ဖြစ်သွား၏။

ဟုတ်ပြီ - ခုန ဟိုလူပြောသွားတယ်။ အရင်းမပြုတ်တော့ဘူးတဲ့။ အရင်း။ ကျွန်ုပ်၏အတွေးထဲတွင် အရင်းဟူသော အသုံးအနှုန်းအား သစ်ပင်တစ်ပင်အဖြစ် အတွေးပေါက်သွား၏။ အရင်းလဲလျှင် အဖျားထင်းဖြစ်သည်ဟု ဆိုရိုးရှိကြ၏။ ယခု အရင်းမပြုတ်၊ အရင်းမပြုတ်ဘူးဆိုလျှင် အရင်းလဲစရာအကြောင်းမရှိ။ အရင်းမပြုတ်လျှင်၊ အရင်းမလဲလျှင် သစ်ပင်တစ်ပင်သည် ဆက်လက် ရှင်သန်နေမည် ဟူသောသဘော ဖြစ်၏။

ဒါဆို ဟိုကလေးနှစ်ယောက်အဖေ မသေနိုင်ဘူး။ အစာပြန်ဝင်လာမှာ သေချာတယ်။ သူတို့ဘဝမှာ သူတို့အဖေကြီးဟာ သူတို့ကို ရှင်သန်စေတဲ့၊ အကိုင်းအခက်တွေကို ဝေဆာရှင်သန်စေတဲ့ သစ်ပင်အရင်းကြီးလိုပဲ။ ဒီသစ်ပင်ကြီးရှင်သန်မှ၊ ဒါကြောင့် အရင်းမပြုတ်ဘူးဆိုတဲ့သဘောဟာ သူတို့အဖေမသေနိုင်ဘူး။ ဒါဆို နေကောင်းသွားလိမ့်မယ်ဟု အားရပါးရတွေးရင်း ပြုံးနေလိုက်မိ၏။

"ဘာတွေပြုံးနေတာလဲ ငါ့လည်းပြောဦးလေ။ ငါလိုက်ကြည့်တာတော့ နင်ပြုံးစရာအကြောင်း ဘာမှမတွေ့ပါလား"

"ဪ-အရင်းမှမပြုတ်တာကိုး"

"ဘာ"

"အေး-ဟိုဒင်း မင်းမသိပါဘူး၊ ငါ့အကြောင်းနဲ့ငါပါဟ"

"ဒါဆို သေချာပြီ။ နိမိတ်ကောင်းတစ်ခုခုမင်းတွေ့လိုက်ပြန်ပြီနဲ့တူတယ်"

"အေး - ဟုတ်တယ်ကွ။ လာကွာ ပြန်လှည့်ရအောင်"

"ဟင် - နင်ပဲငါ့ကိုမုန့်ဝယ်ကျွေးမယ်ဆို"

"အေးလေ-လမ်းထိပ်မှာနှစ်ဆယ်တန်သကြားလုံးတစ်လုံး ဝယ်ကျွေးမယ်လာ"

ဖိုးဇော်ကြီး ကုပ်ပုံ၍ တွန့်ခနဲဖြစ်သွားပြီး -

"ရတယ်၊ ဘာပဲစားရစားရ ငါ့ကျွေးရင်ပြီးရော"

နှစ်ယောက်သားပြန်လျှောက်လာကြ၏။ ဖိုးဇော်ကြီး စကားတပြောပြောနှင့် ဘေးမှအပြေးကပ်လျှောက်နေပုံရ၏။

"ဖြည်းဖြည်းလျှောက်ပါဟာ၊ ဘယ်လိုများဖြစ်နေတာလဲ။ ဝမ်းသာစရာများတွေ့ပြီဆိုရင်ဖြစ်ပြီ။ ဘာတွေ့လို့တွေ့လိုက်မှန်းလဲမသိဘူး။ ငါကြည့်နေတာတော့ ဘာမှထူးထူးခြားခြားမတွေ့ဘူး။ ကဲ-ဒုံးပျံကျနေတာပဲ၊ ဖြည်းဖြည်းလျှောက်ပါဟ"

"မင်းလိုက်တဲ့ခြေလှမ်းက လိပ်လိုဖြစ်နေတာကိုး"

*

ထိုနေ့လေးကို မှတ်မိနေပါသည်။

ဤသို့ သူတစ်ပါးအတွက် နိမိတ်ကောင်းမြင်ရလျှင် ကျွန်ုပ်မှာ ဝမ်းသာ၍ မဆုံးတော့။

ထို့ကြောင့် ထိုနေ့လေးကို မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

နေအိမ်မှ လွဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

**အမှတ်(၈၂)၊ ကုန်းဘောင်(၁၀) လမ်း**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။**

နေ၏။

ထိုနေ့လေးမှ ရေတွက်သော် သုံးပတ်ကျော်ခန့်အကြာ --

တက္ကစီကားလေးတစ်စီးရပ်လာ၍ လှမ်းကြည့်နေလိုက်၏။ ညနေစောင်းနေပြီဖြစ်သောကြောင့် ဘယ်သူများပါလိမ့်ဟူသောအတွေးနှင့်ကြည့်နေစဉ် -

"ဆရာ"

"ဗျာ - ဟာ အစ်ကို၊ ဟယ်-သမီးတို့ရောပါလား"

"ဟုတ်တယ် ဆရာ၊ လာချင်လွန်းလို့ ကားငှားပြီးတော့ကိုလာတာ"

"အစ်ကို နေမကောင်းဘူးဆိုလို့ ကျွန်တော်စိတ်တော်တော်မကောင်းဖြစ်ပြီး နားစွင့်နေတာ အစ်ကို"

"အဲဒါလေ ကြက်အရှင်ဘေးမဲ့လွှတ်ပြီးနောက်ပိုင်း စားချင်စိတ်တွေဖြစ်လာတယ်။ ဆေးတွေသောက်နေရင်းနဲ့ အားတွေတဖြည်းဖြည်းပြန်ပြည့်ပြည့်လာတယ်။ အဲဒီရက်က သွေးတိုးတွေ၊ ဆီးချိုတွေ အရမ်းတက်နေတာဆရာ။ ဘာမှကိုမစားချင်တော့တာ"

"ဪ"

"ဆရာခိုင်းတဲ့အတိုင်း သမီးတို့လည်း ခုထိမပြတ်ဘူး"

"အေး၊ အေး"

"နေလို့နည်းနည်းကောင်းလာတာနဲ့ ကဲ-သမီးတို့၊ ဆရာအဖေ့ကိုကယ်တာဒါပါပဲနဲ့ဆို နှစ်ခါရှိပြီ။ အဖေလည်း ပြန်ပြီးစားနိုင်သောက်နိုင်လာပြီ။ ဆရာ့ဆီသွားချင်တယ်၊ အဖေ့ကိုလိုက်ပို့ဆိုပြီး ထွက်လာကြတာ"

အစ်ကို့စကားကို နားထောင်နေရင်းမှ သမီးတို့ဘက်မျက်လုံးဝေ့ကြည့်လိုက်၏။ ကလေးများမှာ သူတို့ဖခင်ကြီးအတွက် ပီတိဖြစ်ရလွန်းသောအပြုံးလေးများကြားမှ မျက်လုံးလေးများအရည်တလဲ့လဲ့ဖြစ်ချင်နေကြပုံရလေ၏။ မျက်တောင်လေးများပုတ်ခတ်ပုတ်ခတ်နှင့်။

ကျွန်ုပ်သည်ပင်လျှင် ဤမျှဝမ်းသာနေလေရာ ကလေးတို့ဆို ပြောမဖြစ်အောင်ဝမ်းသာကြပေရော့မည်။

ဖိုးဇော်ကြီးနှင့် လမ်းလျှောက်ဖြစ်သည့်နေ့က ကျွန်ုပ်၏ရှေ့တည့်တည့်တွင်လာရပ်လိုက်သောသူကြောင့် ကျွန်ုပ်ရော ဖိုးဇော်ကြီးပါ သတိထားခဲ့မိသောအကြောင်းလေးကို ပြန်သတိရနေမိ၏။

မည်သူမျှ သူ့လို ထူးထူးခြားခြားရှေ့က လာရပ်၍ နှုတ်မဆက်ပါ။

သူသာလျှင် ထူးထူးခြားခြားရှေ့မှ ဝိတ်ရပ်ပြီး အရင်းမပြုတ်တော့ကြောင်းအားရပါးရပြောသွားခဲ့၏။ ထိုသို့ပြောသွားခဲ့သူကို ကျေးဇူးတင်နေမိပါသည်။

မှန်ပါသည်။

အရင်းမပြုတ်တော့ပါ။

အရင်းမလဲတော့ပါ။

ဆက်လက်ရှင်သန်နေပါပြီ။

ဒီညနေ -

ဖိုးဇော်ကြီးဆီသွားဦးမည်။

ကောင်းဘွိုင်ဦးထုပ်ကြီးကိုဆောင်း၍ ဘာမှမမြင်ရလောက်အောင် မှောင်လွန်းသော နေကာမျက်မှန်ကြီးကိုတပ်ထားပြီး ဂျင်းဘောင်းဘီကို ရင်ခေါင်းလောက်တက်ဝတ်တတ်သည့် ဖိုးဇော်ကြီးကို ချက်ချင်း သတိသွားရလိုက်၏။

ပြီးခဲ့သော သုံးပတ်ခန့်က နှစ်ယောက်သား လမ်းလျှောက်ကြရင်း နိမိတ်ကောက်ခဲ့ပုံကို ဖိုးဇော်ကြီး သိအောင် ပြောပြရဦးမည်။ ဖိုးဇော်ကြီးလည်း သိချင်နေပေလိမ့်မည်။

သူ့ကိုပြောပြရင်း လမ်းလျှောက်ရင်းနှင့် ဤတစ်ကြိမ်တွင်တော့ အာလူးပူရီဝယ်ကျွေးလိုက်ပါဦးမည်ဟုတွေးရင်းအားရပါးရ ပြုံးနေလိုက်မိလေတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com



## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး [illegible] ပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** -အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သောကြာနာမည်ရှိသော ဘုန်းကြီးကျောင်းသို့သွား၍ ကုဋီများကို (၃) ရက်ဆက် ပြီးရေဆေးပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပန်း (၅) မျိုးတို (၉) ရက်တိုင်တိုင် ဘုရားပူဇော်ပြီးမှ ဗုဒ္ဓဟူးနာမည်ရှင်များ နှင့်စပ်ပါ။
**ကားရောင်းလိုသူများ** - ကျိုက်ထီးရိုးဘုရားကြီးကို ရည်မှန်းပြီး သောက်တော်ရေကပ်ပါ။ ဆုတောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ သစ်သီး (၉) မျိုး ဆွမ်းတော်ကပ်ပါ။ နှစ်ကြိမ်ပြုလုပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - သီလရှင်ကြီးများကို ဆွမ်းဆန်တော်နှင့်ဆီနိုင်သလောက်လှူလိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - 'ကြာသပတေးနံ'ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တစ်နေကုန် အောင် သန့်ရှင်းရေးများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သောကြာနေ့ရောက်တိုင်း လမ်းခွေး (၂) ကောင်ကို ထမင်း၊ ဟင်း ကျွေးလိုက်ပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း 'ဖုဿ'ဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အပွင့်ဝန်းများဖြင့် ပူဇော်ထားပြီး ဂုဏ်တော်(၉)ပါးကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ရာဟုထောင့်ရှိ ရုပ်ပွားတော်တစ်ဆူဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - တစ်နေ့တည်း ဘုရား (၅) ဆူပြည့်အောင်လှည့်ပြီး ပန်း(၅)မျိုးစီကပ်လှူပူဇော်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့ အမည်ပါရှိသော ဘုရားစေတီတစ်ဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် ပန်း (၉) မျိုး ကပ်လှူပူဇော်ပြီး 'အရဟံသိဒ္ဓိ'စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားတစ်ဆူသို့သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ ပန်း ခြောက်များစွန့်ခြင်း စသော သန့်ရှင်းရေးကို တစ်နေကုန်ဆောင်ရွက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - နဂါးရုံဘုရားတစ်ဆူဆူ၏ရှေ့တွင် မေတ္တာသုတ်ကို သက်စေ့ရွတ်ဖတ်ပူဇော် ပါ။ (သို့) (၂၇) ခေါက်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောမိနှင့်။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ အာဟာရ တတ်အားသရွေ့ လှူပေးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနာမည်ရှင်နှင့်စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့် သူရွေး ပါစေ။

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်း (၃) မျိုးဖြင့် ပူဇော်ပြီး 'ဒိဝါတပတိ'ဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် လမ်းခွေး (၂) ကောင်ကို ညနေ(၆)နာရီမှာ ထမင်း၊ ဟင်းကျွေးပြီးမှ နောက်နေ့မှာ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သရော်ကင်ပွန်း နံ့သာရည်တို့ဖြင့် (၃)ရက်တိတိဆက်ဆေးပြီးမှ ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မိုးမလင်းခင် အိပ်ရာမှထ၍ ဘုရားရှင်အား မျက်နှာသစ်တော်ရေ သောက်တော်ရေများ ကပ်လှူပူဇော်ပြီး တစ်နာရီကြာအောင် ဂုဏ်တော်ရွတ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - တစ်နေ့တည်း ဘုရားသုံးဆူလှည့်လည်၍ ဘုရားတိုင်းတွင် ပန်း (၃) မျိုးစီ ပူဇော်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - 'သောကြာနံ'ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ပေးခြင်းများ တစ်နိုင်ဆောင်ရွက်ပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီးအညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - မွေးနေ့မှစ၍ အဓိဋ္ဌာန်တစ်ခုခု (၇)ရက်ဝင်လိုက်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ပျဉ်းမကိုင်းတစ်တောင်ခန့်ကို ကားနောက်ဘက်တစ်နေရာတွင် တင်ထားပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တစ်နေ့တည်း ဘုရား(၅)ဆူလှည့်၍ဖူးပြီး အိပ်ရာ (၅)ရက်ပြောင်းအိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တစ်နေကုန် သန့်ရှင်းရေးများ ပြုလုပ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - တနင်္လာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္လာထောင့်တွင် ပန်း(၉)မျိုး လှူလိုက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ငြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း 'ဖုဋ္ဌဿ'ဂါထာ(၇)ခေါက် ရွတ်မန်းပြီးမှ စားပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနေ့တွင် ကြာသပတေးနံထီဆိုင်မှာ (၅)ဂဏန်းများများပါအောင် ရွေးချယ်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး 'ဒိဝါတပတိ' ဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆွမ်းဆန်စိမ်းများ လောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှိအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မိုးမလင်းခင် အိပ်ရာမှထပြီး ဘုရားရှင်အား သောက်တော်ရေကပ်လှူခြင်း၊ မျက်နှာသစ်တော်ရေကပ်လှူခြင်းနှင့်အတူ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - တစ်နေ့တည်း ဘုရား(၃)ဆူလှည့်၍ ဘုရားတိုင်းတွင် ပန်း(၃)မျိုးစီ



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - 'တနင်္ဂနွေနံ'ဘွဲ့အမည်ရှိသော ဘုရားသို့သွား၍ တစ်နေကုန် သန့်ရှင်းရေးများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အနီရောင်၊ အနက်ရောင်အကျႌ မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနေ့ ညနေပိုင်းတွင် အိမ်မှထွက်ပါ။ သရဏဂုံကို (၁၀၈) ခေါက် ပီပီသသ ရွတ်ပါ။ ပြည့်သောနေရာ၌ တွေ့သော ထီဆိုင်မှာ ထီထိုးပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို နေ့စဉ်ပုတီး(၃)ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ တဟိ' အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျႌဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အလို●တော်ပြည့်ဘုရားပုံတော်ရှေ့တွင် အလင်းတိုင်၊ အမွှေးတိုင်များ ကပ်လှူပူဇော်ပြီး 'အရဟံသိဒ္ဓိ' ပုတီးပတ် သက်စေ့စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှာရှိသော စက်ပစ္စည်းအဟောင်း၊ အပျက်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အတိတ်ကအကြောင်းများ ပြန်ပြောပြီး မခံချင်အောင် မပြောပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသော၊ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ငွေကြေး၊ ဆေးဝါး နိုင်သလောက် လှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့် မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ကြီးများကို ဆွမ်းဆန်တော်များ လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျႌဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ကြာသပတေးနံ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ (၂) ကြိမ်ခန့်ပြုလုပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီး ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်လေးများ မဝတ်ပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသော ဒုက္ခိတများအား တတ်အားသရွေ့ ငွေကြေး၊ အာဟာရများ ပေးလှူပါ။
**ထီကံကောင်းလိုသူများ** - ထီဆိုင်ရှေ့တွင် ဖြတ်သွား၍ မင်္ဂလာရှိသောတီးလုံး (သို့) သီချင်းသံများကြားလျှင် ထိုဆိုင်၌ ဝင်ထိုးပါ။

> ယခုလတွင် -
> ကြာသပတေးစ-ဗုဒ္ဓဟူးပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အများထက်ပို၍ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
> ဥပမာ - ပန်းရုံ၊ ဘုန်းရဲ၊ မျိုးရှင်း



မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်ထန်း

# ကလေးများအတွက် မျက်မြှုဆိုက်ခြင်းကင်းဖို့ သူရဲ့လက်ဆောင်



"ဘာဖြစ်လာပြန်တာလဲ"

"အဟင့် သမီးကလေးကို အဟင့် (၃) နှစ်ပြည့်ရင် ပြန်ရတော့မယ်လို့ပြောနေတယ်။ သမီးဆိုတာ အဟင့် ရုတ်တရက် မူးတောင်လဲကျသွားပြီး အသက်ရှူတောင်ရပ်သွားသလိုပဲ။ အဲဒီနေ့ကစပြီး ထမင်းစားမဝင်တော့တာ အဟင့် တစ်ပတ်ရှိပြီ။ ခုလည်း ဝါဆိုမကျော်ဘူး ခြေတွေ၊ လက်တွေထိခိုက်ပြီး ဒုက္ခပေးတော့မယ်တဲ့ အဟင့်။ မဖြစ်ချင်ရင် သူတောင်းပန်ပေးမယ်၊ ပွဲဖိုး (၂) သိန်း လာလျှော့ပါတဲ့ အီး ဟီး ဟီး"

ပြောရင်း ချုံးပွဲချငိုနေသူကို ကြည့်နေလိုက်မိ၏။

လာပြန်ချေပြီ။

လူလိမ်လူညာများလုပ်လာကြပြန်ပြီ။

လူတစ်ဖက်သားကို ခြိမ်းခြောက်ပြောဆို လူတစ်ဖက်သား စိတ်ဆင်းရဲကြီးစွာဖြစ်မှ ထမင်းစားဝင်သူများ အလျှိုလျှိုပေါ် လာကြပြန်ပြီ။

ထိုသူတို့သည် မျက်မြှုဆိုက်လေဆရာကြိုက်လေဟူသောလူများ ဖြစ်ကြ၏။ သူတို့လိပ်ပြာကို သူတို့မရှက်ကြ။

မည်သည့်နှလုံးသားများနှင့် ဤသို့ စိတ်ဆင်းရဲအောင် ပြောဆိုနေကြသည် မသိ။ လူတစ်ဖက်သား မျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ သူတို့ရသောငွေသည် မည်မျှပူလောင်လှသည်ကို သူတို့မစဉ်းစား။

တစ်ဖက်သားမျက်ရည်မကျကျအောင်၊ စိတ်မဆင်းရဲဆင်းရဲအောင် ပြုလုပ်မှသာ သူတို့စားဝင်အိပ်ပျော်ကြ၏။

ထိုသူမျိုးများနှင့် အကြိမ်ပေါင်းများစွာ တွေ့ခဲ့၊ ဆုံခဲ့၊ ရင်ဆိုင်ခဲ့ဖူးပါသည်။

တစ်ခါက ကျွန်ုပ်မိတ်ဆွေတစ်ဦးအိမ်တွင် ပုဂ္ဂိုလ်တစ်ဦးရောက်နေသည်။ ထိုပုဂ္ဂိုလ်သည် အဟောအပြောအလွန်မှန်၏၊ ကျိန်စာတိုက်ရင်လည်း ကြောက်စရာကြီးဖြစ်၏ဟူသော ရှေ့မညီနောက်မညီစကားကြောင့် ကျွန်ုပ်သွားလေ့လာပါသည်။

လူပုံမှာ ညစ်ထပ်ထပ်ဖြစ်၏။ ရှေ့သွားညာဘက်ထောင့်အစွယ်ဘေးမှာ ကျိုးနေသောကြောင့် သူရယ်လျှင်ပေါင်းလောင်းဖြစ်နေ၏။ ထိုသူသည် လူမြင်လျှင် သေချာစိုက်ကြည့်ပြီး မျက်နှာကြီးမဲ့ရွဲ့၍ ခေါင်းတညိတ်ညိတ်လုပ်လေ့ရှိ၏။ ဘာမှန်းမသိ။ သူရှေ့တွင်ထိုင်နေရသောသူမှာ မဟုတ်တာများလုပ်လာသယောင်ယောင်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ မိတ်ဆွေမှာ လမ်းလျှောက်တတ်ခါစ ကလေးလေးတစ်ယောက်ရှိ၏။ ထိုသူသည် ကလေးလေးကို သေချာစိုက်ကြည့်လိုက်ပြီး -

"အင်း - မကြာခင်မှာ အော်ပရေရှင်းလုပ်ရတော့မှာပါလား"

ဟု ပြော၏။

မိတ်ဆွေသည် ယောက်ျားဖြစ်သော်လည်း မျက်နှာကွက်ခနဲပျက်သွားရှာ၏။ သူ့ဇနီးမှာ မျက်နှာများ၊ နှာခေါင်းများနီလာပြီး ကလေးကိုပြေးချီ၍ ငိုပါ



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။

ဟိုပုဂ္ဂိုလ်က အကဲခတ်နေ၏။ သူမျက်လုံးမှာ ဂနာမငြိမ်။ ကျွန်ုပ်ကိုပါ ဝေ့ကြည့်၏။ လက်တစ်ဖက်က ယပ်တောင်တဖျတ်ဖျတ်ခတ်နေပြီး ယပ်တောင်တစ်ချက်နှင့်တစ်ချက်ကြား လှမ်းလှမ်းကြည့်၏။ ကျွန်ုပ်က သူ့ကိုစူးစိုက်ကြည့်နေသော်လည်း ကျွန်ုပ်ကို ဝေ့သာကြည့်၏။ ဒဲ့မကြည့်။

"အေးကွယ်၊ စိတ်လည်းသိပ်မပူပါနဲ့။ ငါသာသနာပြုနေတဲ့နေရာမှာ၊ ခုဆောက်နေတဲ့ယောဂီဆွမ်းစားဆောင်ကြီးမှာ တတ်အားသရွေ့လှူလိုက်။ တစ်သိန်းဖြစ်ဖြစ်၊ နှစ်သိန်းဖြစ်ဖြစ်ပေါ့"

ဟု ဆို၏။ ဘယ်နေရာဟူ၍ မပြော။

မိတ်ဆွေအား လက်ကုတ်၍ -

"မေးကြည့်လိုက်ပါဦး။ အဲဒီဆွမ်းစားဆောင်ကြီး ဘယ်မှာဆောက်နေတာလဲလို့"

ဟု ပြောလိုက်သောအခါ မိတ်ဆွေသည် ကျွန်ုပ်ကို လက်ကာ၍ ခေါင်းခါပြ၏။

"ဒီပုဂ္ဂိုလ်မျိုးတွေက အဲဒီလိုမေးရင် မကြိုက်ဘူး။ သူတို့က ဟောချက်ချလိုက်ပြီဆိုရင် ကိုယ်ကဖြစ်အောင်လုပ်ဖို့ပဲရှိတယ်"

ဟု ပြော၏။

အလိုလိုနေရင်း ဘာကိုယုံနေမှန်းမသိ ယုံချင်သောကြောင့် ယုံစရာတစ်ကွက်တလေ တွေ့လိုတွေ့ငြား ကျွန်ုပ်လိုက်ရှာကြည့်မိ၏။ ဘာမှမတွေ့။

လူပုံက ဒူးထောင်ပေါင်ကား ခဏခဏပြောင်း၏။ ဂနာမငြိမ်။ လူကိုကြည့်လျှင် မျက်လုံးထောင့်ကပ်နှင့်။

"ဒါဖြင့် သူ့ကို ပိုက်ဆံပေးလိုက်မလို့လား"

ဟု မေးသောအခါ -

"ညီလေးကလည်း၊ သားသမီးအရေးလေ။ ဒီထက်အရေးကြီးတာ ဘယ်ရှိပါတော့မလဲ။ ငွေဆိုတာရှာလို့ရတယ်"

ဟု ပြော၏။

ကျွန်ုပ်မှာ မိတ်ဆွေ၏အိမ်ပေါ်ဖြစ်နေခြင်းကြောင့် ကလိကလိဖြစ်ပြီးပြန်ခဲ့လိုက်တော့၏။

သူပဲကံဆိုးချင်လို့လားမသိ။

ထိုစဉ်က မြောက်ဥက္ကလာပ သဇင်ရုံအနီးရှိ အိမ်တစ်အိမ်တွင် ထိုသူနှင့် ကျွန်ုပ် ထပ်ဆုံ၏။

ထိုအိမ်သည် ကျွန်ုပ်ကို အပ်စိုက်ဆရာ၊ အပ်စိုက်ဆရာဟု ခေါ်ပြီး အတော်လေးစား၏။ တရုတ်အပ်စိုက်ပညာကို သင်ယူနေစဉ်ကာလက ဖြစ်၏။

ပြောပြန်ပြီ။

အိမ်ရှင်၏ ချွေးမလေးကို လက်ညှိုးထိုးပြီး -

"ဟဲ့ - သမီး၊ နင့်ကလေးတစ်ခုခု ဖြစ်တော့မယ်။ သူ့ဘဝဟောင်းက လာပြီးအိပ်မက်မပေးကြဘူးလား၊ မပြောကြဘူးလား"

ဟု လုပ်ပြန်၏။

အိမ်ရှင်ချွေးမလေးသည် ထိုသူ့စကားကြားသည်နှင့် သူ့ရင်ဘတ်လေးကို သူ့လက်နှင့်ဖိပြီး -

"အမလေး - ဘုရား၊ ဘုရား"

ဟု ဖြစ်သွားရှာ၏။ ကလေးကို ဟိုကြည့်ဒီကြည့်ကြည့်လိုက်ပြီး ပြေးချီပြန်၏။ ပြီးမှ တရှုပ်ရှုပ်နှင့်။

ကျွန်ုပ်၏စိတ်ထဲတွင် ဘယ်လိုဖြစ်သွားမှန်းမသိ။

"ဒီမှာ ကျွန်တော့်ကို မှတ်မိလား"

ဟု မျက်နှာကို သေချာကြည့်၍ မေးလိုက်သောအခါ ထိုသူသည် ကျွန်ုပ်ကို ဆတ်ခနဲကြည့်၍ မျက်နှာမသိမသာပျက်သွားမှန်း ကျွန်ုပ်သိနေ၏။ သို့သော် ခပ်တည်တည်နှင့် -

"အေးကွယ်၊ တပည့်ဝေနေယျတွေကများတော့ မှတ်မိသလိုလို၊ မမှတ်မိသလိုလိုနဲ့"

BURMESE CLASSIC

ဟု ပြော၏။

"ကျွန်တော်က ခင်ဗျားတပည့် မဟုတ်ဘူး။ ခင်ဗျားနဲ့ဘာမှမပတ်သက်ဘူး။ ခင်ဗျား ဒီလိုပဲ ကလေးတွေကို ပြောပြောနေတာ ဒါပါနဲ့ဆို (၂) ခါ ရှိပြီ။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ကြုံတာ နှစ်ခါရှိပြီ"

ဟု ပြောလိုက်သည်နှင့် ကလေးငယ်၏ ဘွားအေသည် ကျွန်ုပ်အား ကြည့်လိုက်ပြီး -

"ဘယ့်နှယ်ကွယ် မင်းနှယ် ခင်ဗျားလုံးကျုပ်လုံးကြီးနဲ့ရိုင်းလိုက်တာ"

ဟု ပြောရင်း ကျွန်ုပ်ကို စက်ဆုပ်ရွံရှာသည့်မျက်နှာနှင့် ကြည့်နေ၏။

"မဟုတ်ဘူး ဒေါ်ဒေါ်၊ ကျွန်တော် မရိုင်းပါဘူး။ ဒေါ်ဒေါ် သားကို မေးကြည့်ပါ။ သူ ဒီလိုပဲ ကလေးတစ်ယောက်ကို ပြောခဲ့တာ ကလေးအမေဆို တက်မတတ်ပဲ။ ငွေတွေလည်း မနည်းဘူး ရသွားတယ်"

ဟု ပြောသော်လည်း သူငယ်ချင်း၏ အမေမှာ ကျွန်ုပ်ကို ကက်ကက်လန်ဖြစ်နေ၍ ပြန်ထွက်လာလိုက်ရတော့၏။

မကြာပါ။

ထိုသူသည် မြောက်ဥက္ကလာပထဲတွင် ပါးရိုက်ခံရကြောင်း ကြားရ၏။ ပါးရိုက်လိုက်သူမှာ သူ့ကလေးအား မကြာခင် သေတော့မည်၊ မသေချင်လျှင် ပိုက်ဆံ ဘယ်၍ဘယ်မျှ ပေးရမည်ဟု တောင်းသောကြောင့် သားသမီးကိုထိ၍ စိတ်မထိန်းနိုင်သောကြောင့် ပါးရိုက်လိုက်မှန်း သတင်းပြန့်သွား၏။ ကလေးအဖေက ပါးပိတ်ရိုက်လိုက်သည်နှင့် ထိုအိမ်ပေါ်မှပြေးဆင်းသွားကြောင်းလည်း ကြားလိုက်ရ၏။

သို့သော် -

ထိုသူပြောသွားသော ကလေးများမှာ အကုန်လုံးလိုလိုဖြစ်ကြ၏။ ဆေးရုံတက်သူတက်ရ၏။ ခြေလက်ကျိုးသူကျိုးကြ၏။ တစ်ခုမဟုတ်တစ်ခုဖြစ်ကြ၏။ သဇင်ရုံနားမှ သူငယ်ချင်း၏ ဇနီးအား ကျွန်ုပ်က -

"ကလေးခေါင်းကိုကိုင်ပြီး ၂၄ - ပစ္စည်းကို အနုလုံ၊ ပဋိလုံရွတ်။ အဲဒီလို အနုလုံ၊ ပဋိလုံမှ တစ်ခေါက်လို့မှတ်။ စုစုပေါင်း (၂၄)ခေါက်ရအောင်ရွတ်။ နည်းနည်းတော့ကြာလိမ့်မယ်။ စိတ်ရှည်လက်ရှည်ရွတ်။ ကလေးအိပ်နေချိန်မှာရွတ်၊ (၉) ရက်ပြည့်အောင် ရွတ်လိုက်။ အဲဒီလူပြောတာဘာမှမဖြစ်စေရဘူး"

ဟု ရဲရဲပြောခဲ့၏။

ထိုကလေး ဘာမှမဖြစ်ခဲ့ပါ။ သူငယ်ချင်းပင်လျှင် အံ့သြသွား၏။ သူ့အမေကြီးသည် နောင်တွင်မှ ကျွန်ုပ်အား 'သားဆရာ၊ သားဆရာ'နှင့် တကောက်ကောက်လိုက်လေတော့၏။ ကျွန်ုပ်က အပြုံးမပျက်ပါ။ ကျွန်ုပ်ကို မည်မျှပြောပြောအပြောခံပြီး ကလေးကိုကယ်ခဲ့နိုင်၍ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမဆုံးဖြစ်မိသည်တော့ အမှန်။

တစ်နေရာတွင်လည်း -

ထိုသို့ကြုံခဲ့ဖူး၏။ မင်္ဂလာဒုံနားမှ ရပ်ကွက်လေးတစ်ခုတွင်ဖြစ်၏။ ကလေးကို (၅) လအတွင်း ပြန်ခေါ်တော့မည်ဆို၍ ကလေးအဖေမှာ ရူးမတတ်ဖြစ်နေ၏။

ကျွန်ုပ်နှင့်ခင်သောအသိက စကားစပ်မိ၍ ထိုအကြောင်းကိုကြားသည်နှင့် ထိုအသိကိုခေါ်ပြီး လိုက်သွား၏။

ဟိုရောက်သည်နှင့် ကျွန်ုပ်အား အားကိုးတကြီး ပြေးဖက်ပြီး ချုံးပွဲချငိုလေတော့၏။ ကျွန်ုပ်က ဘာမှပူစရာမလို



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ ကလေးငယ်၏ ဦးခေါင်းကို ကလေးအိပ်မောကျချိန်တွင်ကိုင်၍ ၂၄-ပစ္စည်းကို အနုလုံ၊ ပဋိလုံသာ ရွတ်ပေးရန်လိုကြောင်း၊ နေ့စဉ် (၂၄) ကြိမ်ရွတ်ပေးရန်သာလိုကြောင်း၊ (၉) ရက်ရွတ်လျှင်ရပြီဖြစ်ကြောင်း ပြောလိုက်၏။

ပြန်ကြားရသည်မှာ -

ကလေးကို ပျစ်ပျစ်နှစ်နှစ်ပြောသွားသော အမျိုးသမီးမှာ အကောင်းသားကနေ လေတစ်ခြမ်းထိသွားကြောင်းပင် ဖြစ်တော့၏။

နောက်ပိုင်းတွင် ကလေးလေးများကို မှိုချိုးမျှစ်ချိုးပြောလေ့ရှိသော ထိုလူမျိုးများကို ဤနည်းနှင့်ပင်ကာဆီးခဲ့ရ၏။

ကလေးများ မည်မျှပင် အပြောခံရစေကာမူ ဤနည်းနှင့်ပင်လွတ်မြောက်သွားကြ၏။

ပြောကြသူများသာလျှင် တစ်မျိုးမဟုတ်တစ်မျိုး ပြန်ကြားရ၏။

နောက်ပိုင်းတွင် ကလေးများသာမက လူကြီးများကိုပါ ဒုက္ခရောက်တော့မည်။ ဆေးရုံရောက်တော့မည်။ ဘဝပျက်တော့မည်။ အမှုအခင်း၊ အချုပ်အနှောင်ဖြစ်တော့မည်ဟု ရမ်းသန်းပြောခံရလျှင် ထိုနည်းအတိုင်းရွတ်ခိုင်းလိုက်၏။

ရှင်းရှင်းဆိုရလျှင် ဘာမှမဖြစ်ကြတော့ပါ။

ထိုသို့ -

အကုသိုလ်စကားကို အရည်မရ အဖတ်မရပြောကြသူများရှိနေပါသေးသည်။

သူတို့၏ ဘေးဆိုးမှ လွတ်အောင်ရှောင်ပါ။

သူတို့သည် မကောင်းသောပါးစပ်ပုပ်နှင့် ပြောကျင့်ပါ ပြီးစီးနေ၍လားမသိ သူတို့သည် မဟုတ်တာပြောလျှင် တစ်နည်းမဟုတ်တစ်နည်းနှင့် ထိကုန်တတ်၏။ သူတို့ပါးစပ်က အကောင်းဘယ်တော့မှမထွက်။

မဟုတ်တာပြောလျှင် အကုန်ဖြစ်၏။

ဘာမပြောညာမပြောနှင့် လူကိုမြင်လိုက်သည်နှင့် -

"အိမ်မှာ အင်းမြှုပ်ထားတယ်။ အင်းနဲ့တိုက်ထားတယ်။ စီးပွားကျအောင်လုပ်ထားတယ်။ လူတွေတစ်ယောက်နဲ့ တစ်ယောက် မသင့်အောင်လုပ်ထားတယ်။ မျက်နှာတွေမကြည့်ချင်အောင်လုပ်ထားတယ်။ လင်မယားကွဲအောင်လုပ်ထားတယ်"

ဟု ဘာမှလက်တွေ့ပြ၍မရသော ခြိမ်းလုံးခြောက်လုံးများပြောပြီး ပိုက်ဆံမရမကတောင်းတတ်ကြ၏။ တချို့က သွယ်ဝိုက်တောင်း၏။ အမှန်တကယ်တောထဲတောင်ထဲသွားကျင့်ရမည်ဖြစ်၍ လမ်းစရိတ်တောင်းသလိုလိုဘာလိုလိုနှင့် လှည့်တောင်းတတ်၏။ သူတို့ကိုကြည့်လိုက်လျှင် အကျင့်ကျင့်သော ပုဂ္ဂိုလ်နှင့်မတူ။ ဂနာမငြိမ်မဟုတ်မဟတ်သောအနိဋ္ဌစကားများကိုသာ ပြောလေ့ရှိ၏။

သူတို့သည် အလွန်မှ လူရည်လည်၏။ အလွန်မှပါးနပ်၏။ လူတစ်ယောက်ကိုပြောလိုက်၍ မျက်နှာပျက်သွားသည်ထင်သည်နှင့် နင်းပြောတတ်၏။ ခပ်တည်တည်နေလျှင်ဆက်မပြော။

"စိတ်ကောင်းရှိတယ်။ အလှူအတန်းရက်ရောတယ်။ ကိုယ့်ထက်နိမ့်ပါးသူတွေကို ပေးကမ်းစွန့်ကြဲလိုစိတ်ရှိတယ်။ အတိတ်က သာသနာပြုလာတဲ့ ပုဂ္ဂိုလ်ဆိုတော့ ခုဘဝမှာလည်း အကြီးအကျယ်အလှူကြီးပေးရမယ်။ သာသနာပြုရမယ်"

ဟူသော စကားများကို တွင်တွင်သုံး၏။

"အစောင့်အရှောက်ကောင်းတွေနဲ့ပါလား။ တစ်ခုခုကြုံတော့မယ်ဆိုရင် အစောင့်အရှောက်တွေက သတိပေးရတယ်လို့ပြောနေပါလား။ စိတ်ထဲမှာထင့်သွားပြီဆိုရင် အဲဒါဆက်မသွားနဲ့တော့။ တစ်ခုခုဖြစ်ပြီ"

ဟူသောအကြိုက်လိုက်ပြောသည့် စကားမျိုးတွင်တွင်သုံး၏။

မျက်နှာများပျက်လိုက်သည်နှင့်-

"အင်း - ဘာပဲလုပ်လုပ် အတိုက်အခံနဲ့ချည်းပါပဲလား။ အိမ်ထဲမှာလည်း တစ်ယောက်တစ်ပေါက်နဲ့။ စိတ်သဘောထားချင်းတွေကနော် မတိုက်ဆိုင်လိုက်တာမှ။ မနာလိုသူတွေများအံ့ပါရဲ့။ ရှေ့တွင်တော့ မျက်နှာကြီးတွေကဖြီးလို့။ အင်း - အတွင်းလူတွေကိုပဲ သတိထား။ ဖြစ်ပြီပေါ့။ ဘယ်လိုလုပ်စုမိတော့မလဲ။ ဒါလောက် အတိုက်ခံထားရမှတော့ ငွေတွေဆိုများ ပြန့်ကျဲနေလိုက်တာ နှမြောစရာ"

ဟူသော အကောင်အထည်မရှိ ဝါးလုံးရှည်နှင့်ယမ်းသောစကားများကို တွင်တွင်သုံး၍ ခြောက်လှန့်ကာ ပိုက်ဆံတောင်းတော့၏။

လူတစ်ယောက် ရှိုးရိုးနေမကောင်းသည်နှင့် သူများလုပ်ထားတယ်ချည်းပြောတတ်၏။

လင်မယားမသင့်လျှင် သူများတိုက်ထားတယ်ချည်းပြောပြီး နီးစပ်ရာယောကျ္ာမ၊ ယောက်မ၊ မရီး၊ ခယ်မ၊ ယောက်ဖများကို အထင်အမြင်လွဲလောက်သည့်အသုံးအနှုန်းများသာသုံးတော့၏။ ရန်တိုက်တော့၏။

ဈေးရောင်းဈေးဝယ်မကောင်းလျှင် သူများလုပ်ထားပြီဟူသော စကားကို တွင်တွင်ပြော၏။

ဘာမှအကောင်အထည်ပြ၍မရသောစကားများကို မျက်နှာပြောင်ပြောင်နှင့်ပြောတတ်၏။

လူတွေကလည်း ကြံဖန်ယုံ၏။

ထိုသူတို့ကို ဘာမှစေ့စေ့စပ်စပ်မမေးရဲ။

ဒီပုဂ္ဂိုလ်မျိုးတွေက မေးရင်မကြိုက်ဘူး ဟူ၍ နှုတ်ဆိတ်တတ်၏။ သူကဘာမှိုလို့မေးရင်မကြိုက်ရတာတုံးဟု ကျွန်ုပ် အမြဲမေးတတ်၏။

မျက်လုံးမှိတ်ပြီး ခေါင်းညိတ်နေလျှင် -

"တွေ့လား၊ ဘိုးတော်က အကုန်သိတယ်။ မပြောချင်လို့"

ဟူသည်က ရှိသေး၏။

"ဒီလိုပုဂ္ဂိုလ်မျိုးက ဘယ်ဖွင့်ပြောပါ့မလဲ"

ဟု ကြံဖန်ချီးမွမ်းခန်းဖွင့်သူကဖွင့်၏။

လူတစ်ယောက်နှင့် တစ်ယောက်၏ မေတ္တာတရားကို ပြိုကွဲပျက်ပြားစေသော စကားများနှင့် ရန်တိုက်တတ်သူများ ဖြစ်ကြ၏။

သူတို့၏ မှင်သေသေဟိတ်ကို လူတွေက အလကားနေရင်း ရှိန်နေကြ၏။ ဘာကြောင့်မှန်းတော့ မသိ။

အလကားနေရင်း မပြောရဲမဆိုရဲနှင့်။

ထိုလူမျိုးတွေကများ တစ်ခုခုပြောလိုက်လျှင် ရယ်စရာမဟုတ်လည်း ပြုံးဖြီးဖြီးနှင့် အူတက်နေကြ၏။ ဘာမှန်းမသိ။

ထိုသူတို့နှင့်တွေ့လျှင် အလိုလိုနေရင်း ကိုယ့်ကိုယ်ကိုယ်ဘာမှမဟုတ်တော့သလို ခံယူကြပြီး ရမ်းသန်းအထင်ကြီးကြတော့၏။

ထို့ကြောင့် ထိုသူများလိမ်၍ရနေကြခြင်း ဖြစ်ပါသည်။

တစ်ခါက ကလေးမလေးတစ်ယောက်လာ၏။

"သမီးဇာတာကို ကြည့်ပေးပါဦး ဆရာ။ သုံးဆယ့်ငါးနှစ်မှာ အသက်ပြတ်

www.burmeseclassic.com

# လယ်ယာသုံးခိုင်းနွားများ အပူအပုပ်ကင်း၍ ကျန်းမာဝဖြိုး အားအင်တိုးစေနည်း

လယ်ယာမြေတွင် သခင်နှင့် ထွန်ယက်လှည်းဆွဲ လုပ်အားပေးရမြဲ ဖြစ်သော လယ်ယာသုံးခိုင်းနွားများသည် မိုးရွာ၊ နေပူ၊ နှင်းခါးရိုက်မရှောင်နိုင်ဘဲ လုပ်ကိုင်အသုံးပြုကြရပါသည်။ ထွန်ယက်နေစဉ် မိုးရွာလာခြင်း၊ နေအလွန်ပူလာခြင်း စသည်ဖြင့် ရုတ်တရက် ရာသီဥတုအပြောင်းအလဲဒဏ်လည်းခံစားကြရပါသည်။

သို့ဖြစ်ရာ ခိုင်းနွားများတွင် အပူဝပ်စုခြင်း၊ အအေးပတ်ဖွဲ့ရခြင်းတို့ ဖြစ်ပေါ်ပြီး ဝမ်းတွင်း၌ အပူအပုပ်များ ကိန်းအောင်းကာ ကျန်းမာဝဖြိုးအင်အားတိုးခြင်းမဖြစ်နိုင်တော့ဘဲ တဖြည်းဖြည်း ပိန်လှီဖျော့တော့ကာ လုပ်ငန်းခွင်တွင် သုံးမဖြစ်တော့သည့် အခြေအနေသို့ရောက်ရှိသွားရတတ်ပါသည်။

ထိုကဲ့သို့ မဖြစ်စေရန်အတွက် ခိုင်းနွားများတွင် ဝမ်းတွင်းအပူအပုပ်ကင်းစင်၍ ကျန်းမာဝဖြိုး အင်အားတိုးစေရန် လက်တွေ့ တောင်သူလယ်သမားများ သုံးနည်းလမ်းကို ရေးသား တင်ပြအပ်သည်။

ခိုင်းနွားများ ဝမ်းတွင်းအပူအပုပ်ကင်းစေရန်အတွက် -

ဩဇာရွက်စိမ်းစိမ်းစိုစို တစ်ပြည်သား ခူးယူပါ။ ဖုန်အမှိုက်ကင်းစေရန် ရေဆေးပြီး နုပ်နုပ်လှီးဖြတ်၍ မြက်ခြောက်၊ ကောက်ရိုး၊ ပဲမှော်တို့နှင့် ရောကျွေးပါ။ သို့သော် အချို့နွားသည် ဩဇာရွက်နံ့ကို မကြိုက်ဘဲ ဩဇာရွက်ပါလျှင် အစာမစားဘဲနေတတ်ပါသည်။ ထိုသို့သောနွားများအတွက် ဩဇာရွက်တစ်ပြည်သားကို ညက်စွာထောင်းပြီး အရည်ညှစ်ယူကာ ဝါးကျည်ထောက်တွင် ထည့်၍ ပါးစပ်ထဲသို့ နှာကြိုးကိုင်ကာ မော့တိုက်ပေးရပါမည်။ ဆီးပုပ်၊ ဝမ်းပုပ်၊ အပူအပုပ်များဆင်းပြီး ကျန်းမာစေပါသည်။

ကျန်းမာဝဖြိုး အားအင်တိုးစေရန်အတွက် -

ကြက်ဥ (၅) လုံးကို ဖောက်ပါ။ မီးဖိုချောင်သုံးဆား ဟင်းသောက်ဇွန်း (၃) ဇွန်း၊ နှမ်းဆီ (၃) ဇွန်း ကြွေဇလုံတွင် သမအောင် ရောခေါက်ပြီး ဝါးကျည်တောက်တွင် ထည့်ကာ တိုက်ပေးပါ။ တတ်နိုင်လျှင် တစ်ပတ်တစ်ကြိမ် တိုက်ပါ။ အနည်းဆုံး တစ်လတစ်ခေါက်တော့ ထိုသို့ ပြုလုပ်တိုက်ပေးပါ။ ထိုနွားသည် အဝမပျက်၊ အလှမပျက်၊ လုပ်ခွင်ဆက်ပါမည်။

အထက်ပါ နည်းလမ်းတို့သည် မြန်မာ့လယ်ယာခွင်တွင် လက်တွေ့အသုံးပြုနေသောနည်းများဖြစ်၍ အများသိ အသုံးပြုသင့်ပါ၍ ရေးသားအပ်ပါသည်။

နတ်မောင်မင်းသန့်နိုင်

BURMESE CLASSIC

ပြီဆို"

ဟု ပြောပြီး အံ့ကြိတ်၍ မျက်ရည်များလိမ့်ဆင်းလာ၏။ အသံထွက်၍မငို။

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သောအခါ လူတစ်ယောက်က (၃၅) နှစ်မှာ သေမည်။ မသေလျှင် (၄၀) မှာ ကျိုကျိုတက်ချမ်းသာမည်ဟု ပြောကြောင်း ပြောပြ၏။

"အေး- ဒါဆိုနင်မသေတော့ဘူး။ ဘာလို့လဲဆိုတော့ (၃၅) နှစ်မှာမသေလို့ (၄၀)ဆိုတာ ရှိနေရတာ။ (၃၅) နှစ်မှာ တကယ်သေရင် (၄၀) ဆိုတာလည်း ဖြစ်မလာနိုင်တော့ဘူး။ (၃၆) နှစ် ဆိုတာလည်း ရှိမှာမဟုတ်တော့ဘူး။ (၄၀)မှာ ကောင်းစားမယ်ဆိုမှတော့ (၃၅) နှစ်မှာ ဘယ်လိုလုပ်သေပါ့မလဲ"

ဟု ပြောလိုက်မှ ဝမ်းသာသွားရှာ၏။ ယခု (၄၂) နှစ်ပင် ရှိနေပါပြီ။

လူတစ်ယောက်၏ ကြောက်စိတ်ကို ရအောင်ပြုလုပ်တတ်ကြသူများ ဖြစ်ရာ အလွန်မှအကုသိုလ်များသူများ ဖြစ်၏။

သူတို့ကိုကြည့်လျှင် ဟိတ်ဟန်ကောင်းသော်လည်း ရုပ်မပေါ်။

အကြားအမြင်ရ ဘိုးတော်ဟု ဆိုသူနှင့် မိတ်ဆက်ပေး၍ တစ်ခါကဆုံခဲ့ဖူးပါသည်။ သူ့ကိုကြည့်ရသည်မှာ အတော်ငြိမ်သလိုရှိသော်လည်း မျက်စိမှာ ဂနာမငြိမ်။ ကျွန်ုပ်က သူငယ်ချင်းကို လက်တွေ့ပြချင်၍ ထမင်းဆိုင်တစ်ဆိုင်သို့ ထိုပုဂ္ဂိုလ်ကို ခေါ်သွားပြီး ဧည့်ခံ၏။

"ဘာရှိလဲ၊ သုံးထပ်သားရှိလား"

ဟု စတင်မှာလိုက်သည်နှင့် သူ့မျက်နှာကို သူငယ်ချင်းက ကွက်ခနဲလှမ်းကြည့်၏။ ထမင်းစားသောအခါ ဇွန်းသံ၊ ပန်းကန်သံတဂွမ်ဂွမ်နှင့်ပလုတ်ပလောင်းပြောလိုပြော၊ သူထမင်းစားနေသော ဇွန်းနှင့် အများသူငါစားနေသော ဟင်းပန်းကန်များကို ခပ်လိုခပ်။

သူငယ်ချင်းသည် ကျွန်ုပ်ကို လက်ကုတ်၍ ကောင်တာတွင် ပိုက်ဆံရှင်းပြီး ထိုပုဂ္ဂိုလ်အား လှည့်၍ပင်မကြည့်တော့ ဘာမပြောညာမပြောနှင့် အိမ်ပြန်သွားတော့၏။

သူငယ်ချင်း လူကဲခတ်လျှင်၏၊ စဉ်းစား၏ဟု ကျွန်ုပ်ချီးကျူးနေမိပါသည်။

မှန်ပါသည်။

ထိုသို့ အနိဋ္ဌစကားပြောလာသူများကို လိုက်လျောညီထွေမဆက်ဆံပါနှင့်။ သူတို့ပြောတိုင်းခေါင်းမညိတ်ပါနှင့်။ အကဲခတ်ပါဟု အကြံပြုချင်ပါသည်။

ယခုလ -

ပေးချင်လွန်းသော သူရဇ္ဇလက်ဆောင်ဖြစ်ပါသည်။

ဤအထိဖတ်ပြီးပြီဆိုလျှင် -

ကိုယ့်ကလေးကို ဘယ်လိုပါးစပ်မျိုးကြီးနှင့် ဘယ်လိုအနိဋ္ဌပြောပြော ဘာလုပ်ရမည်ကို ပြသခဲ့ပြီး ဖြစ်ပါသည်။

လုံးဝမကြောက်ပါနှင့်။

မစိုးရိမ်ပါနှင့်။

မကောင်းသောအနိဋ္ဌစကားပြောကြသူတော်တော်များများမှာ ခြေသလုံးအိမ်တိုင်များပါသည်။ ကြံ့ရာမှာနေတတ်ပါသည်။

ထိုသူတို့၏ နိမိတ်ဆိုးစကားများကို ၂၄-ပစ္စည်း အနုလုံ၊ ပဋိလုံရွတ်၍ ကာကွယ်လိုက်ပါ။ ဘာဂြိုဟ်ဆိုးမှမဝင်နိုင်တော့ပါဟု -

ဖြစ်နိုင်သည်များကိုသာပေးလေ့ရှိသော -

သူရဇ္ဇ၏ ထုံးစံအတိုင်း -

- နိမိတ်ဆိုးစကားများကြားမှ ကလေးများအတွက် သူရဇ္ဇလက်ဆောင်ပါးလိုက်ပါသည်။

ကလေးလေးများနိမိတ်ဆိုးစကားကြောင့် ထိခိုက်ခြင်းမှကင်းဝေးကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းသူ (B.Sc)



**ဇွန်လိုင်လ ၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉)ခါရွတ်ဆိုပါ။

**ဇွန်လိုင်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၃ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်မြောက်။ လာဘ်အရောင် အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဖြူ၊ အနီ။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြစ်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ခရမ်း၊ အနီ။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အဝါ၊ လိမ္မော်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါရွတ်ဆိုပါ။

**ဇွန်လိုင်လ ၈ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်း၊ ဖေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**ဇွန်လိုင်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူ၊ အညို။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ 'အရဟံ သိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

**ဇွန်လိုင်လ ၁၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အဖြူ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**ဇွန်လိုင်လ ၁၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ အညို။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၁၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ နံ့သာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၁၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လိုင်လ ၁၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုး

www.burmeseclassic.com

ပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၅ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီ၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်ကတောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၇ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အညိုရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၈ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က မီးခိုး၊ နုသာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၉ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၀ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၁ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၂ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဝါ၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူ၊ နုသာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၄ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီ၊ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၅ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၆ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**ဇူလိုင်လ ၂၇ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၈ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်း၊ အနီ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၉ ရက်၊ အင်္ဂါနေ့-**လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီ၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ဗေဒါရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်ဃှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃၁ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်သူ၊ အကြံပေးနိုင်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ-၁ဝဂါထာ၊ မဟာဝေဒဗ္ဗမန္တန်များကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ထီကံကောင်းနေပါသည်။ ထီထိုးရန် သတိရပါ။ ရပ်ဝေးမှာရှိသောလုပ်ငန်းများ ပြန်လည်ဦးမော့လာမည်။ လူမျိုးကွဲနှင့် အကျိုးပေးနေပါသည်။ လက်ဝတ်ရတနာ မမျှော်လင့်ဘဲဝင်လာမည်။ ခရီးယာယီပေါ်မည်။ စက်ပစ္စည်းအဟောင်းဝင်လာသော်လည်း ပြန်ပြင်နေရ၍ ငွေကုန်ကြေးကျများတတ်ပါသည်။ မိတ်ဆွေတချို့ကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ မိတ်ဆွေအချို့ကြောင့်ပင် စိတ်ချမ်းသာမှုရနေပြန်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးအနည်းငယ်သာယာလိုက်၊ အနည်းငယ် ကသိကအောက်ဖြစ်လိုက်နှင့်ရှိနေမည်။ ပညာရေးကံများကောင်းနေစေရန် အပျော်အပါးလျှော့ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို ကြဲ့သည့်နေရာတွင် မကြာခဏအစာကျွေးပါ။ ကျန်းမာရေးကောင်းလာမည်။ ထိုထိုးရန်အတွက် စနေနံထိဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ မွေးနေ့တွင်ကောင်းမှုကုသိုလ်များများလုပ်ပေးပါ။

ယတြာ ။ ။ ***နီးရာဘုရားစေတီတစ်ဆူဆူသို့ မကြာခဏလမ်းလျှောက်သွားပါ။ ဘုရားရောက်ရင် တံမြက်စည်းလှည်း၍ အမှိုက်ကောက်ပါ။***





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံဉာဏ်ပေးနိုင်မည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မသွားမဖြစ်သောခရီးတစ်ခုသွားရတတ်သည်။ ဝင်ငွေနှင့် ထွက်ငွေမမျှတဘဲဖြစ်နေတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ မမျှော်လင့်ဘဲ အဆောက်အအုံ၊ ယဉ်၊ ကား၊ လက်ဝတ်ရတနာဝင်ကိန်းရှိသည်။ မိတ်ကောင်းဆွေကောင်းများကူညီမည်။ ရာထူးနှင့်ဆိုင်သောစာမေးပွဲဖြေဆိုထားသူများ၊ အင်တာဗျူးဖြေထားသူများ မမျှော်လင့်ဘဲ အောင်မြင်တတ်သည်။ ကျန်းမာရေးကောင်းနေသော်လည်း အငှေ့အပေါင်းများနှင့် အသောက်အစားကိစ္စများ မလွန်ကဲပါစေနှင့်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ မွေးနေ့တွင် သီလတစ်ခုခု ဆောက်တည်နေထိုင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုပြုလုပ်ပေးပါ။ ကိုယ်နှင့်မတည့်သော အစားအသောက်များရှောင်ရပါမည်။ နှလုံးသားရေးရာကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး သစ္စာရှိပါ။ မျက်နှာမများပါနှင့်။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသောထီကားများတွင် မင်္ဂလာရှိသော တီးလုံးသံ၊ သီချင်းသံများဖွင့်ပြီး အနားရောက်လာပါက ဂဏန်းမရွေးဘဲ ချက်ချင်းပြေးထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *နံနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးအကူအညီပေးမည့်သူ၊ အကြံဉာဏ်ပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် နေရာတကာလိုက်ပြီး အပြစ်ပြောခြင်း၊ ဩဇာပေးခြင်းမျိုး ရှောင်လိုက်ပါ။ မိတ်ဟောင်း၊ မိတ်သစ်များ၏ကူညီထောက်ပံ့မှုများ ရရှိမည်။ လုပ်ငန်းကိုင်ငန်းများ ပြန်လည်ဦးမော့လာစေရန် မွေးနေ့တွင် အသားစားရှောင်ကြဉ်ပါ။ သီလဆောက်တည်နေထိုင်ပါ။ ကျင့်ကြံအားထုတ်မှုများဖြင့် အရာရာအဆင်ပြေလာပါလိမ့်မည်။ ပညာရေးကိစ္စများလျော့ရဲရဲဖြစ်နေတတ်ပါသည်။ စိတ်ပါရင် ကျက်လိုက်၊ စိတ်မပါရင် ပစ်ထားလိုက် မလုပ်ပါနှင့်။ ဆွဲ လုံ့လ၊ ဝီရိယဖြင့် အောင်မြင်မှုရရှိပါမည်။ ကျန်းမာရေးမကောင်းပါက အိပ်ရာပြောင်းအိပ်ပါ။ ခရီးတစ်ခုထွက်လိုက်ပါ။ ကောင်းလာပါလိမ့်မည်။ ခရီးယာယီပေါ်မည်။ စားသောက်ဖွယ်ရာပစ္စည်းများလက်ဆောင်ရခြင်း၊ မျှော်လင့်နေသောသတင်းကောင်းများကြားရခြင်း၊ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ရခြင်းများရှိနေမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေပါမည်။ ခိုလေးများကို ပဲကျွေးပါ။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသည့်ထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းခဲ့လိုက်ပါ။

ယတြာ ။ ။ *သတ်အုံ့ဆဲဆဲ ကြက်တစ်ကောင်ကိုဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးအကူအညီပေးမည့်သူ၊ အကြံအဉာဏ်ပေးမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်အကိုင်၊ အခွင့်အလမ်းများကောင်းမည်။ လုပ်ငန်းသစ်မစပါနှင့်။ လက်ရှိလုပ်ငန်းကိုပဲကြိုးစားပါ။ ခရီးထွက်ရန်စီစဉ်ပြီးမှ အဆင်မပြေဖြစ်ပြီး နောက်တစ်ကြိမ်စီစဉ်ရတတ်သည်။ ဝင်ငွေကောင်းလာမည်။ သို့သော် ငွေအချေးအငှားကိစ္စများတွင် ပြဿနာရှိတတ်သည်။ ကြားကအာမခံပြီးချေးမပေးပါနှင့်။ ကိုယ်ကစိုက်ပြီးပေးဆပ်ရတတ်သည်။ စက်ပစ္စည်းအတွက် စိတ်ညစ်ရတတ်သည်။ ရပ်ဝေးမှာရှိသော စက်ရုံ၊ လုပ်ငန်းများ ထစ်ငေါ့ပြီးမှ အောင်မြင်တတ်သည်။ လက်ဝတ်ရတနာဝင်လာလျှင် ပြဿနာအချို့ပါလာတတ်သည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေသော်လည်း ကြိုးစားမှုမပေါ့ပါနှင့်။ ထူးချွန်စွာအောင်မြင်ကိန်းရှိပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် စကားပြောမမာပါနှင့်။ နားလည်မှုများပေးပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ သာယာစေရန် ချစ်သူအပေါ် သစ္စာရှိပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစာများ လွန်ကဲစွာမစားပါနှင့်။ ထီထိုးရန်အတွက် ကြာသပတေးသားသမီးနှင့်စပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *ဆေးလှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံဉာဏ်များပေးမည့်သူများမှာ သောကြာသားသမီး၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအဟောင်းထုတ်လိုက်လျှင် အသစ်ပြန်ဝင်လာမည်။ ငွေနံကောင်းသည်။ မကြာခဏငွေဝင်လာမည်။ ဥပဒေနှင့် မကင်းသောလုပ်ငန်းများ၊ လောင်းကစားကိစ္စများကြောင့် စိတ်ညစ်ရတတ်၍ ဝေးဝေးရှောင်ပါ။ အမှုအခင်းဖြစ်နေသူများ၊ ရန်များတတ်သူများနှင့် တပူးတွဲတွဲမနေပါနှင့်။ ကျန်းမာရေးကောင်းနေမည်။ မိတ်ဆွေများထံမှ ကူညီထောက်ပံ့မှုများရမည်။ လက်ဝတ်ရတနာမမြဲသောကာလဖြစ်သည်။ သတင်းထူးများကြားရမည်။ လက်ဆောင်ပစ္စည်းများရရှိမည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ အာရုံကြောများမကြာခဏအနားပေးပါ။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာရမည်။ မင်္ဂလာကိစ္စများ စီစဉ်ဆောင်ရွက်ဖြစ်မည်။ မမျှော်လင့်သောအကြောင်းတရားများနှင့် မကြာခဏကြုံရတတ်သည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အထူးသတိထားဆောင်ရွက်ပါ။ အရှုပ်အရှင်းဖြစ်တတ်သည်။ စိတ်အခန့်မသင့်ခြင်းများဖြစ်လာလျှင် ရေလှူသောကုသိုလ်ပြုခြင်းဖြင့် အေးမြမှုကိုရယူပါ။ အိုးသစ်အိမ်သစ်တိုးချဲ့ဆောက်လုပ်ခြင်းမပြုပါနှင့်။ ထီထိုးရန်အတွက် သောကြာနံထီဆိုင်နှစ်ဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ *ရေသတ္တဝါလေးများကို မကြာခဏ အစာကျွေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ပညာရေး စသည့်ကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံး အကြံပြုပေးနိုင်သူ၊ အကူအညီပေးမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့်ဆိုင်သောရပ်ဝေးမှလုပ်ငန်းများ အကျိုးပေးပါသည်။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေထားသူများ ရွေးချယ်ခံရမည်။ လာဘ်လာဘအတွက် နေ့စဉ် ဒိဝါတပတိဂါထာ၊ မဟာဝေဒဗ္ဗမန္တန်၊ ရှင်သီဝလိ-၁၀ဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ထီကံကောင်းနေပါသည်။ လုပ်ငန်းများ မမျှော်လင့်ဘဲ အောင်မြင်မှုရရှိသွားမည်။ စကားပြောဆင်ခြင်ရမည့်ကာလဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းများ၏အခက်အခဲများကို တတ်အားသရွေ့ကူညီပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိမည်။ ကျန်းမာရေးကောင်းနေမည်။ ပညာရေးကံများကောင်းနေသော်လည်း ဖွဲ့လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အပေါင်းအဖော်များနှင့်အချိန်မဖြုန်းပါနှင့်။ စာချိန်စာ၊ ကစားချိန်ကစားပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ တစ်ဦးပေါ်တစ်ဦး သစ္စာရှိရန်လိုပါသည်။ မျက်နှာမများပါနှင့်။ စိတ်ချမ်းသာမှုရှိပါလိမ့်မည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်၊ ဗုဒ္ဓဟူးနံ ထီဆိုင်များတွင် (၁၊ ၇၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အသက်အရွယ်ကြီးရင့်သော အဘိုးအဘွားများကို ငွေကြေး၊ အာဟာရလှူပေးပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကို အကောင်းဆုံး ကူညီပေးနိုင်သူ၊ အကြံပေးနိုင်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အထူးသတိထားဆောင်ရွက်ရပါမည်။ မိတ်ဆွေများ၏အထင်အမြင် လွဲမှားခံရခြင်း မိသားစု၏ယုံကြည်မှုအားနည်းလာခြင်းများကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ မွေးနေ့တွင် အသားစားရှောင်ခြင်း၊ အလှူဒါနများတစ်နိုင်ပြုလုပ်ခြင်း၊ စာကလေးလွှတ်ခြင်း၊ ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဒုက္ခိတများကို တတ်နိုင်သမျှကူညီထောက်ပံ့ပေးခြင်းတို့ဖြင့် အညံ့များတဖြည်းဖြည်းလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ အကြောင်းကိစ္စရှိ၍ ခရီးထွက်ရပါက လမ်းခရီးတွင် ကြုံရင်ကြုံသလို အလှူဒါနလေးများ ပြုသွားပေးပါ။ မင်္ဂလာရှိသောကိစ္စများ များများဆောင်ရွက်ပါ။ ထင်မထားသောငွေများ အံ့သြဖွယ်ကောင်းအောင်ဝင်လာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိပါမည်။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှုပန်းတိုင်ရောက်ရှိမည်။ စက်ပစ္စည်းများမဝင်ပါစေနှင့်။ စိတ်ညစ်ရတတ်ပါသည်။ ထီထိုးမည်ဆိုပါက ကြာသပတေးသားသမီးတစ်ဦးနှင့် စပ်ထိုးပါ။ သူကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ခရီးဝေးသွားမည့် သံဃာတော်အရှင်သူမြတ်တစ်ပါးကို ဝတ္ထုငွေ ရှိသေစွာ လှူပေးပါ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ၊ ကုန်းဘောင်(၁၀)လမ်း ၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com